
တက္ကသိုလ်
ဝင်းကြွယ်
သိုင်းလောကပြက်လုံး
GRAPHIC DESIGN
THEE ZAR

ဝင်းကြွယ်-သိုင်းလောကပြက်လုံး

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၁၀၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၉၂၀၆၀၈
ထုတ်ဝေသူ - ဦးချစ်ညွှန့် (ဇင်ရတနာစာ
အမှတ် (၂၀၅)၊
မြို့သစ် (၄)လမ်း၊ အင်း
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဒေါ်ခင်ကြေ
ရတနာမဏ္ဍုပုံနှိပ်တိုက်
အမှတ် (၂၀၇)၊
ဝေယန္တာလမ်းမကြီး၊
သဃ်ိန်းကျွန်း။
အဖုံးပုံနှိပ်သူ - ဦးကျော်စိန်
(ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ် ၁၃၁၊ ၃၃ လမ်း။
စီစဉ်သူ - မောင်တင်ဌေး
မျက်နှာဖုံးပန်းချီ - သဲဇာ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၇၅၀ ကျပ်
ပထမအကြိမ် -စက်တင်ဘာလ၊ ၂၀၀၆။

တက္ကသိုလ်ဝင်းကြွယ်

သိုင်းလောကပြက်လုံး

(ပထမပိုင်း)

ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အနန္တော ၁ အနန္တ ငါးပါးအား
ဦးထိပ်ထားလျက်

ရွှေဟာသ်ာ

စာပေ

(ရွှေဟသ်ာစာပေ)
အမှတ်(၅)ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း
တာဝမွေ၊ ရန်ကုန်မြို့။

အခန်း(၁)

ဆယ့်နှစ်လဗိုင်း၊ ဆယ့်ငါးရက်နေ့။

ရှောင်လင်ကျောင်းတိုက်သည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

လင်းဟူစုန်း ဦးဆောင်သည့် သိုင်းလေကတစ်ခွင်မှ သိုင်းသမားများသည် ရှောင်လင်ကျောင်းတိုက်၏ ပရဝုဏ်ရှေ့သို့ စုဝေးလျက်ရှိသည်။

ယခင် သူရဲကောင်းတောင်တန်းတွင် စုဝေးရောက်ရှိခဲ့ဖူးသူများနှင့် ထိုနေရာတွင် ဆုံဆည်းမိကြ၏။ လင်းဟူစုန်းတို့လူစုများ စုပေါင်းလိုက်သည့်အခါ လူစုလူဝေးကြီးသည် အင်အားခြောက်ထောင်ကျော် ခုနစ်ထောင်ခန့်ပင် ရှိလာလေသည်။

လူစုလူဝေးကြီးအတွင်းမှ ဆိုင်းသံဗုံသံများ တည်ညံ့ ရှိနေ၏။ သို့သော် ရှောင်လင်ကျောင်းတိုက်သည် ငြိမ်ချက်သာကောင်းနေသည်။ လူရိပ်လူယောင်ပင် မမြင်ရချေ။

လင်းဟူစုန်းသည် ဆိုင်းသံဗုံသံများကို ရပ်ဆိုင်းခိုင်းလိုက်သည်။ အတွင်းအားဖြည့်ပြီး အော်ပြောလိုက်သည်။

"တပည့်တော် လင်းဟူစုန်းဟာ သိုင်းလောကတစ်ခွင်က မိတ်ဆွေအပေါင်းနဲ့အတူ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးကို လာရောက်ဝတ်ဖြည့်ပါတယ်၊ တပည့်တော်တို့ကို တွေ့ခွင့်ပြုပါဘုရား"

လင်းဟူစုန်း၏ အသံသည် အတွင်းအားဖြည့်သွင်းထားခြင်းကြောင့် ကျယ်လောင်စူးရှသည်။ ရှောင်လင်ကျောင်းတိုက်နေရာအနှံ့အပြားမှ လင်းဟူစုန်း၏ အော်ဟစ်ပြောဆိုသံကို ကြားနိုင်လေသည်။ သို့သော် တစ်စုံတစ်ယောက်မှ ပြန်လည်ချေပပြောဆိုသံကို လင်းဟူစုန်း မကြားရချေ။

လင်းဟူစုန်းသည် အတွင်းအား ထည့်ဖြည့်သွင်းပြီးနောက် တစ်ကြိမ်လှမ်းအော်ပြောပြန်သည်။ ရှောင်လင်ကျောင်းတိုက်သည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။ ပြန်လည်ပြောဆိုသံကို အလျဉ်းကြားရခြင်း မရှိချေ။

"အစ်ကိုကြီး ကျူချန်းကျူး၊ တွေ့ခွင့်တောင်းလွှာ သွားကမ်းပေးလိုက်ပါ"

ကျူချန်းကျူးသည် အသင့်ပါလာသော တွေ့ခွင့်တောင်းလွှာကို ထုတ်ယူပြီး တံခါးမကြီးကို ခေါက်လိုက်သည်။ မည်သည့်အသံမှ မကြားရသောကြောင့် ကျူချန်းကျူးသည် တံခါးရွက်ကို တွန်းကြည့်လိုက်သည်။ အတွင်းမှ မင်းတုန်းထိုးထားခြင်းမရှိ။ တံခါးပွင့်သွား၏။

အတွင်း၌ လူရိပ်လူယောင်ကို မတွေ့ရသောကြောင့် ကျူချန်းကျူးသည် အတွင်းသို့ ချဉ်းနင်းဝင်ရောက်ခြင်း မပြုဝံ့ချေ။

သို့ကြောင့် ကျူချန်းကျူးသည် လင်းဟူစုန်းထံသို့ ပြန်လှည့်လာခဲ့သတင်းပို့လေသည်။

လင်းဟူစုန်းသည် သိုင်းပညာမြင့်မားပြီး ဉာဏ်ကောင်းသူဖြစ်သော်လည်း အတွေ့အကြုံနည်းသူတစ်ယောက် ဖြစ်သည်။ ဤမျှများပြားသော လူစုလူဝေးကြီးကို ဦးဆောင်ဖူးခြင်း မရှိပေ။ မည်သို့ဆက်လက် လုပ်ဆောင်ရမည်ကို ကြံရာမရ ဖြစ်နေသည်။

ဤအချိန်တွင် ညဇီးကွက်က ဝင်ရောက် ပြောဆိုလိုက်သည်။

"ကျွန်တော်တို့ အထဲဝင်ကြည့်ရင် မကောင်းဘူးလား"

"ကောင်းသားပဲ"

"ဒါဆိုရင် ရှောင်လင်ကျောင်းတိုက်ကို မလေးမစားမပြုဖို့ ထိခိုက်ကျိုးပဲ့အောင် မလုပ်ဖို့၊ ငြိမ်သက်စွာနေကြဖို့တော့ အမိန့်ပေးထားမှ ဖြစ်မယ်"

ရှောင်လင်ကျောင်းတိုက်အဝင်ဝတွင် ညဇီးကွက်က လင်းဟူစုန်းကို သတိပေးလိုက်သည်။

"ဆရာ လင်းဟူစုန်း အစစအရာရာ သတိထားပါ၊ ဆင်ကွက်တစ်ခုခု လုပ်ထားတာလည်း ဖြစ်နိုင်တယ်"

လင်းဟူစုန်းသည် ညဇီးကွက်၏ စကားကြောင့် ...

"ကျောင်းထိုင်ဆရာတော်ကြီး ၃မ်းသိမ်းနဲ့ ဆရာတော်ကြီး ၃မ်းစင်းဟာ သိက္ခာသမာဓိရှိတဲ့ ဆရာတော်ကြီးတွေ ဖြစ်တယ်၊ ညဇီးကွက်ပြောဆို ဆင်ကွက်လုပ်ပြီး ကောက်ကျစ်ဉာဏ် သုံးမယ် မထင်ဘူး"

ထိုသို့ စဉ်းစားမိသော်လည်း လင်းဟူစုန်းသည် သတိဝီရိယကြီးစွာထားပြီး ရှောင်လင်ကျောင်းတိုက်ထဲသို့ တလှမ်းချင်း ဝင်ရောက်သွားသည်။

ဝင်းခြံတစ်ခုကို ကျော်လွန်ပြီး အနောက်ဘက်အဆောင် တစ်ခုသို့ သတိကြီးစွာ ဆက်လျှောက်သွား၏။ လင်းဟူစုန်းနှင့် ညီဇီးကွက်တို့၏ ခြေလှမ်းသည် ရုတ်ချည်းရပ်တန့်သွားပြီး အနောက်ဘက်သို့ လက်ဟန်ပြလိုက်သည်။ နောက်မှ လိုက်လာကြသော အဘိုးကြီးတို့တစ်တွေလည်း ရပ်တန့်သွားကြသည်။

ထိုအခန်းထဲမှ ညည်းညူသံသဲ့သဲ့ကို လင်းဟူစုန်း ထပ်မံကြားလိုက်ရ၏။ လင်းဟူစုန်းသည် တံခါးဘေးသို့ ချဉ်းကပ်သွား၏။ အကယ်၍ လက်နက်ပုန်းဖြင့် တိုက်ခိုက်ပါက တိမ်းရှောင်ပြီးသားဖြစ်ရန် ကြိုတင်ပြင်ဆင်ထား၏။ တံခါးကို အသာအယာတွန်းဖွင့်ပြီး တံခါးဘေးတွင် ကပ်နေလိုက်သည်။

ကြမ်းပြင်ပေါ်တွင် ရသေ့မကြီးနှစ်ပါး လဲနေ၏။ တစ်ပါးမှာ တံခါးပေါက်ဘက် မျက်နှာမူလျက် သေဆုံးနေသည့်လက္ခဏာပေါ်လွင်နေသည်။

သိမ့်ယိဆရာလေးပင် ဖြစ်သည်။

လင်းဟူစုန်းသည် အခန်းထဲသို့ လွှားခနဲခုန်ဝင်သွားသည်။ ကျူချွန်းကျူးသည် လင်းဟူစုန်းအား ရန်သူကို ဂရုစိုက်ရန် သတိပေးရင်း နောက်မှ လိုက်ပါလာသည်။ လင်းဟူစုန်းသည် ကျန်ရသေ့မကြီးတစ်ပါးကို လှမ်းကြည့်လိုက်သောခါ ဟင်စမ်းဂိုဏ်းချုပ် သိမ့်ရှန်ဆရာလေးပင် ဖြစ်နေသည်။

"ဆရာလေး သိမ့်ရှန်၊ ဆရာလေး သိမ့်ရှန်"

သိမ့်ရှန်ဆရာလေးသည် မျက်လုံးကို အားယူ၍ ဖွင့်ကြည့်သည်။ မျက်နှာတွင် ဝမ်းသာသည့်အရိပ်အယောင် ယှက်သန်းသွား၏။ ဆရာလေးသိမ့်ရှန်၏ နှုတ်ခမ်းနှစ်လွှာက တစ်စုံတစ်ရာကို ပြောလိုဟန် တလှုပ်လှုပ်တရွရွ ဖြစ်နေသည်။ ထို့ကြောင့် လင်းဟူစုန်းသည် သိမ့်ရှန်ဆရာလေးအနီးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ...

"ဆရာလေး ကျွန်တော် လင်းဟူစုန်းပါ"

သိမ့်ရှန်ဆရာလေးသည် ရုတ်တရက် စကားမပြောနိုင်သေးပဲ နှုတ်ခမ်းတလှုပ်လှုပ်ဖြစ်နေပြီးမှ ...

"အင်း ... ငါ့တောင်းဆိုချက်ကို လက်ခံပါ"

လင်းဟူစုန်းက လျင်မြန်စွာ ပြန်ပြောလိုက်၏။

"ဆရာလေး အမိန့်အတိုင်း မဖြစ်ဖြစ်အောင် တပည့်တော် ဆောင်ရွက်ပေးပါ့မယ်"

လင်းဟူစုန်း၏ အဖြေစကားကိုကြားရသောအခါ သိမ့်ရှန်ဆရာလေးသည် အားတက်ဝမ်းသာသွား၏။ သိမ့်ရှန်ဆရာလေးသည် ခဏကြာဆိုင်းပြီး အားယူကာ ပြောလိုက်သည်။

"မင်း ... မင်း ဟင်စမ်းအဖွဲ့.ဂိုဏ်းချုပ်နေရာ လက်ခံပါ"

သိမ့်ရှန်ဆရာလေးသည် အသက်ကို မောကြီးပန်းကြီး ရှူရှိုက်နေသည်။ လင်းဟူစုန်းက ရုတ်တရက် ထိတ်လန့်သွားပြီး ...

"ကျွန်တော်က အမျိုးသားတစ်ယောက်ဖြစ်နေတော့ ဘယ်လိုလုပ်ပြီး ဟင်စမ်းဂိုဏ်းချုပ်နေရာကို လက်ခံရပါ့မလဲ၊ မသင့်တော်ဘူးထင်တယ်၊ ဆရာလေး စိတ်ချပါ ဟင်စမ်းအဖွဲ့ အရေးကိစ္စ

ကြုံရင် ကျွန်တော့်အသက်ကိုစွန့်ပြီး အတတ်နိုင်ဆုံး အကူအညီ ပေးပါ့မယ်"

သိမ့်ရှုန်ဆရာလေးသည် အားယူပြီး အသံပြတ်တောင်း ပြတ်တောင်းနှင့် ပြန်လည်ပြောဆိုပြန်သည်။

"ငါ မင်းကို ဟင်စမ်းဂိုဏ်းချုပ်နေရာ လွှဲပြောင်းပေးတာကို မင်း ငြင်းဆန်လိုက်ရင် ငါ အသေဖြောင့်မှာ မဟုတ်ဘူး"

လင်းဟူစုန်းသည် အလွန် ဦးနှောက်ခြောက်သွားသည်။ အဖြေပေးတန် ခက်နေသည်။ သို့သော် သိမ့်ရှုန်ဆရာလေး၏ နောက်ဆုံးအချိန်သို့ ရောက်ရှိနေချိန်မို့ နှစ်သိမ့်ရမည်ဟု လင်းဟူစုန်း တွေးမိ၍ ...

"ဆရာလေး ပေးအပ်တဲ့တာဝန်ကို ကျွန်တော် လက်ခံပါ့မယ်"

သိမ့်ရှုန်ဆရာလေး၏ မျက်နှာအမူအရာမှာ ကျေနပ်နှစ်သိမ့်သွားသည်။

"ကျေး ... ဇူး ... တင်ပါတယ်"

"ဆရာလေးတို့နှစ်ပါးကို ဘယ်သူက ဘာဖြစ်လို့ ဒီလိုရက်ရက် ဒဏ်ရာရအောင် လုပ်ရတာလဲ၊ ကျွန်တော်"

လင်းဟူစုန်း၏ စကားမဆုံးလိုက်ရ။ သိမ့်ရှုန်ဆရာလေး၏ ဦးခေါင်းသည် ငိုက်စိုက်ကျသွားလေတော့သည်။

လင်းဟူစုန်းသည် သိမ့်ယိဆရာလေးထံသို့ ပြေးသွားပြီး စမ်းသပ်ကြည့်သည်။ သိမ့်ယိဆရာလေး၏ အသားမှာ အေးစက်နေပြီး သေဆုံးသည်မှာ ကြာပြီဖြစ်ကြောင်း တွက်ဆမိ၏။

"ဆရာလေး လင်းဟူစုန်း၊ ကျုပ်တို့သည် ဆရာလေးနှစ်ပါးအတွက် ရန်ကြွေးဆပ်တဲ့အနေနဲ့ ရှောင်လင်ကျောင်းတိုက်ကိုပါ မီးတိုက်ပစ်လိုက်ကြရအောင်"

အဘိုးကြီးက ဒေါသသံဖြင့် ပြောလိုက်၏။ လင်းဟူစုန်းသည်လည်း အလွန်ကြောက်ဝမ်းနည်းပြီး ဒေါသလည်းထွက်နေသောကြောင့် ပြန်ပြောလိုက်သည်။

"ကောင်းတယ်၊ ပြာကျအောင် မီးရှို့ပစ်လိုက်"

"မဖြစ်ဘူး မဖြစ်ဘူး၊ ရှောင်လင်ကျောင်းတိုက်ကို မီးရှို့လိုက်တာနဲ့ ဘယ်နေရာမှာ အချုပ်ခံရမှန်းမသိတဲ့ ဝါးစိမ်းနတ်ဒေဝီကို ငါ မီးဝါးမျိုသွားလိမ့်မယ်"

ညဇီးကွက်က ဝင်ရောက်တားဆီးလိုက်သည်။

ညဇီးကွက်၏ စကားကြောင့် လင်းဟူစုန်း ထိတ်လန့်သွားသည်။

"အစ်ကိုကြီးဇီးကွက် သတိပေးလို့ တော်တော့တယ်"

"ရှောင်လင်ကျောင်းတိုက်ဟာ အဆောက်အအုံ သိပ်များတော့ ကျွန်တော်တို့လေးငါးယောင်္ကျားနဲ့ ရှာလို့ မနှံ့စပ်နိုင်ဘူး၊ အကောင်းဆုံးကတော့ စိတ်ချရတဲ့ ညီအစ်ကိုတော်နှစ်ရာလောက်ကို ရွေးပြီး ဝိုင်းရှာခိုင်းရင် ကောင်းမယ်"

"ဟုတ်တယ် အစ်ကိုကြီးညဇီးကွက်ရဲ့အကြံဉာဏ် ကောင်းတယ်"

"ကောင်းပါပြီ"

ညဇီးကွက် လှည့်ထွက်သွားချိန်တွင် ကျူးချန်းကျူးက လှမ်းမှာပြန်သည်။

"အကောင်းဆုံးကတော့ နတ်မင်းသားခြောက်ပါးကို ကျောင်းတိုက်ထဲ မဝင်စေနဲ့"

လင်းဟူစုန်းသည် ဆရာလေးသိမ့်ရှန်နှင့် သိမ့်ယိတို့၏ ရုပ်ကလာပ်ကို ခုတင်ပေါ်သို့ မတင်ထားလိုက်သည်။ နောက် ဦးချကန်တော့သည်။ ဆရာလေးနှစ်ပါး၏ ခန္ဓာကိုယ်ကို စစ်ဆေးကြည့်သော်လည်း ဒဏ်ရာဒဏ်ချက် မတွေ့ရ။ အတွင်းဒဏ်ကြောင့် ဆုံးပါးခြင်း ဖြစ်သည်ဟုသာ ကောက်ချက်ချလိုက်သည်။

တခဏကြာသောအခါ ခြေသံများ ကြားရ၏။ ညဇီးကွက်သည် လူနှစ်ရာခန့် ရွှေးချယ်ကာ ကျောင်းတိုက်ထဲသို့ ဝင်ရောက်လာသည်။ စကားသံတစ်ခုကို ရုတ်ရက် ကြားလိုက်ရသောကြောင့် လင်းဟူစုန်း မျက်မှောင်ကြုတ်လိုက်မိသည်။

"လင်းဟူစုန်းက တို့ကို ပေးမဝင်ပေမဲ့ တို့ကတော့ ဝင်ကို ဝင်မယ်၊ ကဲ ... ဝင်တယ် ဘာဖြစ်လဲ၊ ဘာလုပ်ချင်လဲ"

ထိုစကား ပြောလိုက်သူမှာ နတ်မင်းသား ခြောက်ပါးထဲမှ ထောင်ကျီးရှန်ဖြစ်ကြောင်း သိလိုက်ရ၏။

နတ်မင်းသား ခြောက်ပါးသည် တစ်ယောက်နှစ်တစ်ယောက် အပြန်ပြန် အလှန်လှန် အငြင်းအခုန် လုပ်နေ၏။ ကျောင်းတိုက်ထဲသို့ ဝင်ရောက်လာသည့် လူနှစ်ရာမှာ ကျောက်တိုက် ကျောင်းဆောင်ခွဲများကို စတင်ရှာဖွေကြတော့သည်။

ကျူးချန်းကျူးသည် တံခါးကို အသာပြန်စေ့ထားလိုက်သည်။ ကျောင်းတိုက်များအတွင်း ဝင်ရောက်ရှာဖွေကြသူများသည် မည်သည့်အရာကိုမှ မတွေ့ရှိကြောင်း အော်ဟစ်ပြောဆိုသံများမှာ ရှောင်လင်ကျောက်တိုက်တစ်ခုလုံး သဲ့သဲ့ညံနေ၏။

နှစ်နာရီဝက်ခန့်ကြာသောအခါ ရှာဖွေခြင်းကိစ္စ ပြီးပြတ်သွားသည်။ သတိပြုမိသည်က ကျောင်းတိုက်ခွဲများအတွင်းရှိ ဘုန်းကြီးများသာမက ကျမ်းစာအုပ်များနှင့် ဆန်၊ ဆီ၊ ဆား၊ ငှက်ပျော၊ ကြက်သွန်စသည့် စားနပ်ရိက္ခာများပင် အလွန်ရှားမတွေ့ကြရချေ။ ထို့ကြောင့် မည်သည့်အရာကိုမှ မတွေ့ရကြောင်း ရှာဖွေကြသူများသည် လင်းဟူစုန်းအား လာရောက် သတင်းပို့ကြသည်။

လူအုပ်အကြားမှ တစ်ယောက်တစ်ပေါက် ပြောဆိုကြသံ အမျိုးမျိုး ထွက်ပေါ်နေသည်။

"သိုင်းလောကမှာ ကြီးမားပြီး အကျော်ကြားဆုံးဖြစ်တဲ့ ရှောင်လင်ဂိုဏ်း တောင်ထွက်ပြေးတိမ်းရှောင်သွားရတယ်ဆိုတော့ တို့ရဲ့အရှိန်အဝါကလည်း မသေးဘူး"

"ဟုတ်တယ် နောက်နောင်ဆိုရင် သိုင်းလောကမှာ တို့တတွေ ခုလို စုပေါင်းနေရင် ဘယ်ဂိုဏ်းမှ ယှဉ်နိုင်မှာ မဟုတ်ဘူး"

"ရှောင်လင်ဂိုဏ်းက တိမ်းရှောင်ထွက်ပြေးသွားကြတာက အကြောင်းမဟုတ်ဘူး၊ တို့လာကြတာက ဝါးစိမ်းနတ် ဒေဝီကို ကြိုဆိုဖို့ လာကြတာ၊ ရှောင်လင်ဂိုဏ်း ထွက်ပြေးတိမ်းရှောင်အောင် လုပ်ညှဉ်းလို ဖြစ်နေပြီ၊ ခုတော့ ဘာအရာရောက်လို့လဲ"

"ဒါစာတော့ လွယ်ပါတယ်၊ ပြောအောင်လုပ်ဖို့တာဝန်ကို ဂိုဏ်းချုပ် လန်းဟုန်ဟုမ့်က သူ့အစွမ်းအစနဲ့ တာဝန်ယူပါလိမ့်မယ်"

အဘိုးကြီး ဝင်ရောက်ပြောကြားလိုက်၏။

လင်းဟူစုန်းသည် အဘိုးကြီး၏စကားကို ကြိုက်နှစ်သက်ခြင်း မရှိချေ။ ထို့ကြောင့် ရှောင်လင်ကျောင်းဆရာတော်များအား ထိုသို့ မပြစ်မှားသင့်ကြောင်း လင်းဟူစုန်း သတိပေးလိုက်သည်။

လူအုပ်ကြားထဲမှ ဆာလောင်ပြီဟု ထုတ်ဖော်ပြောကြားသည့် အသံထွက်ပေါ်လာသည်။

"ဒါက ရှောင်လင်ကျောင်းတိုက်ဟာ တို့တတွေကို ရိက္ခာပြတ်အောင် တိုက်တဲ့တိုက်ချက်ပဲ"

ဝှမ်းပဲ့လျှိုက ပြောလိုက်သည်။

"ဘယ်လိုလုပ်ကြရင် ကောင်းမယ်လို့ ခင်ဗျား ယူဆသလဲ"

လင်းဟူစုန်းက ဝှမ်းပဲ့လျှိုကို လှမ်းမေးလိုက်၏။

"ကျွန်တော်တို့ကတော့ ရှောင်လင်ကျောင်းက ဘုန်းကြီးတွေရဲ့သတင်းကို ထောက်လှမ်းရင်း တောင်ခြေအောက်မှာ စားနပ်ရိက္ခာသွားရာကြရင် ကောင်းမယ်လို့ ယူဆပါတယ်"

"ဒီအကြံ မဆိုးဘူး၊ ခင်ဗျားပဲ ဦးဆောင်ပြီး ဖျတ်ဖျတ်လတ်လတ်ရှိမဲ့လူတွေကို ရွေးပါ၊ ပြီးတော့ ရှောင်လင်ဂိုဏ်းက ဘုန်းကြီးတွေ ဘယ်ရောက်ကုန်လဲဆိုတာကို သေသေချာချာ ထောက်လှမ်းရင်း စားနပ်ရိက္ခာဝယ်ခြမ်းပါ"

ဆောက်ဆုံး ပြောလိုက်သည့်စကားသံကို ကြားလိုက်ရသော အခါ လူအများသည် ငြိမ်သက်သွား၏။ လင်းဟူစုန်း၏ အမိန့်ကို ဆောင်ရွက်နေကြသည်။

"ကျွန်တော်တို့ မျှော်လင့်ထားသလို ဖြစ်မလာဘူး၊ တွက်ကိန်းတွေ လွဲချော်ကုန်ပြီ၊ အားလုံး စုပေါင်းပြီး ညှိနှိုင်းစဉ်းစားဆောင်ရွက်ရင် အကောင်းဆုံးပဲ"

လင်းဟူစုန်းက သူ့သဘောထားကို ထုတ်ဖော်ပြောကြားလိုက်လေသည်။

"ကျွန်တော့်အနေနဲ့ပြောရရင် ဝါးစိမ်းနတ် ဒေဝီကို ရှာတွေ့ဖို့ မလွယ်ပါဘူး၊ လူခွဲပြီး ရှာလိုက်ရင် ရှောင်လင်ဂိုဏ်းသားလေးငါးဆယ်လောက်တော့ တွေ့ရမှာပဲ၊ အဲဒီအခါကျမှ အနှံ့နှံ့နဲ့မရရင် အကြမ်းနည်းနဲ့ ဝါးစိမ်းနတ် ဒေဝီအကြောင်းမေးရင် ပိုပြီး မကောင်းဘူးလား"

ဝှမ်းပဲ့လျှိုက သူ့သဘောထားကို တင်ပြသည်။

"အစ်ကိုကြီး ဝှမ်းပဲ့လျှိုပြောတာ သိပ်မှန်တယ်၊ ရှောင်လင်ကျောင်းတိုက်က ဘုန်းကြီးတွေက ဒီကျောင်းတိုက်ကို ထာဝရစွန့်လွှတ်သွားမယ်တဲ့လား၊ တစ်ချိန်တော့ ပြန်လာရမှာပဲ"

ကျူချုန်းကျူးက ထောက်ခံဆွေးနွေးလိုက်သည်။

လူအုပ်ကြားထဲမှ အသံတစ်ခု ထွက်ပေါ်ခဲ့၏။

"မိတ်ဲ့ ရှောင်လင်ဂိုဏ်းသားတွေက အသက်အသေခံပြီး ဖွင့်မပြောရင်ကော"

ကျောင်းတိုင်ဆရာတော်ကြီး ဝှမ်းသိမ်းနှင့် ဆရာတော် ဝှမ်းစင်းတို့သည် မေတ္တာကရဏာ ကြီးမားသူများ ဖြစ်သည်။ ဆရာလေး သိမ့်ရှန်နှင့် သိမ့်ယိတို့သည် ဆရာတော်ကြီးများ၏ လက်ချက်ဖြင့် သေဆုံးခြင်း မဖြစ်နိုင်ကြောင်း လင်းဟူစုန်း အခိုင်အမာ ယူဆသည်။

"ငါက အမျိုးသမီးအဖွဲ့မှာ ဂိုဏ်းချုပ်လုပ်ရမယ်ဆိုတော့ ရယ်တော့ ရယ်စရာပါပဲ၊ ဒါပေမဲ့ ဆရာလေး သိမ့်ရှန်ကိုယ်တိုင် တောင်းဆိုလို့ ငါ လိုက်လျောပြီးပြီ။ အင်း ... ဘုရင်ဟာ ယောကျ်ားပဲ ဖြစ်သင့်တယ်၊ ဒါပေမဲ့ ဘုရင်မတွေလည်း ရှိဖူးတာပဲ၊ ဘာပဲဖြစ်ဖြစ် ငါ မေးထားတဲ့ ကတိအတိုင်း ငါ ဆောင်ရွက်ရမယ်၊ ဘယ်သူ ဘာပြောပြော မှုစရာမလိုပါဘူး"

ထိုအခိုက် ဝှမ်းပဲလျှိုသည် အပြေးအလွှား ရောက်ရှိလာသည်။ ပခုံးတွင် မြားတစ်စင်း စူးစင်လျက်ရှိ၏။ တုန်တုန်ရီရီနှင့် လင်းဟူစုန်းအား ...

"ဦးဆောင်ရန်သူတွေ တောင်ခြေရင်းမှာ စောင့်ကြပ်နေကြပါတယ်"

"ဘုန်းကြီးတွေလား"

"ဘုန်းကြီးတွေ မဟုတ်ဘူး၊ တောင်ခြေအောက်တောတင် မရောက်သေးဘူး၊ မြားနဲ့လိုက်ပစ်တော့ ကျွန်တော်တို့အဖွဲ့သား ခုနစ်ဆယ် ရှစ်ဆယ်လောက် ဒဏ်ရာရကြတယ်"

မြားဒဏ်ရာရသော မိမိအဖွဲ့သားများ တောင်ခြေအောက်မှ ပြန်လည်ပြေးတက်လာကြသည်ကို လင်းဟူစုန်း လှမ်းမြင်လိုက်သည်။

မြောက်ကျွန်းဝက်ဝံညီနောင်နှစ်ယောက်ထဲမှ ဝက်ဝံဖြူက အော်ပြောသည်။

"ငါ့နောက် ဘယ်သူလိုက်ပြီး တိုက်ကြမလဲ"

လူတစ်ထောင်ခန့်က ဝက်ဝံဖြူကို အားပေးကြသည်။ ဒီကြောင့် လင်းဟူစုန်းက လှမ်းအော်တားဆီးလိုက်သည်။

"စဉ်းစားပြီး အလုပ်လုပ်ရမယ်၊ ဒီအတိုင်း အော်ကို ဆင်းသွားရင် ကျွန်တော်တို့ဘက် အများကြီး ထိခိုက်မယ်၊ တော့ ဝါးစိမ်းနတ် ဒေဝိဟာ သူတို့ လက်ခုပ်ထဲ ရောက်နေတာ လည်း မေ့ထားလို့ မရဘူး"

"အစ်ကိုကြီး ညီဇီးကွက်၊ ကျွန်တော်တို့ ဘယ်ပုဘယ်နည်းနဲ့ ရန်သူကို ရင်ဆိုင်ရင် ကောင်းမယ်ဆိုတာ စဉ်းစားပါဦး"

လင်းဟူစုန်းသည် ဦးဆောင်မှုပိုင်းတွင် မကျွမ်းကျင်ကြောင်း ညီဇီးကွက် သိရသောကြောင့် လင်းဟူစုန်းကိုယ်စား ဝင်ရောက် အစီအစဉ်ချပေးသည်။

"အားလုံး ဦးဆောင်ရဲ့အမိန့်အတိုင်း နားထောင်ကြ၊ ကျွန်တော်တို့ ရှစ်အုပ်စု ခွဲမယ်၊ စစ်ကြောင်း ရှစ်ကြောင်းဖြန့်ပြီး ရန်သူကို တိုက်ခိုက်မယ်၊ တစ်ခုရှိတာက သတ်တာဖြတ်တာကို အတတ်နိုင်ဆုံး ရှောင်ရှားကြရမယ်"

လူစုလူဝေးကြီးကို ရှစ်စုခွဲလိုက်သည်။

လင်းဟူစုန်းသည် လိုအပ်ချက်ကို ဖြည့်စွက်ပြောသည်။

"မြောက်ဘက်ခြမ်းဟာ လမ်းမကြီးနဲ့ အနီးဆုံးဖြစ်တော့ ရန်သူအင်အား အများဆုံးရှိမယ်၊ အဘိုးကြီး၊ အစ်ကိုကြီး၊

ကျူချန်းကျူး၊ ညဇီးကွက်တို့က မြောက်ဘက်ခြမ်းကျတဲ့ စစ်ကြောင်းမှာ ပါဝင်ဦးစီးကြရမယ်”

“ကဲ ... အဖွဲ့ချုပ် လန်းဟုန်စုမ့် နောက်တော့မှ ပြန်တွေ့ကြမယ်ဟေ့”

“နောက်တော့မှ ပြန်တွေ့ကြတာပေါ့ လုပ်မနေနဲ့ ကျွန်မပါ တစ်ခါတည်း လိုက်မယ်၊ မြောက်ဘက်ခြမ်း စစ်ကြောင်းမှာ ပါဝင်တိုက်ခိုက်မယ်”

ညဇီးကွက်က ပြုံးပြီးပြောသည်။

“ဂိုဏ်းချုပ် လန်းဟုန်စုမ့်သာ ဝင်ပြီး အစွမ်းအစပြလိုက်ရင် ကျွန်တော်တို့အတွက်လည်း အထောက်အကူရတာပေါ့”

လင်းဟူစုန်း ဦးဆောင်သည့် လူအုပ်စုကြီးသည် စစ်ကြောင်း ရှစ်ကြောင်းခွဲကာ တောင်ခြေအောက်သို့ တဟုန်ထိုး ပြေးဆင်းသွားလေသည်။

တောင်ခြေအောက် မရောက်မီတွင် မောင်းသံတသူဌကို ကြားလိုက်ရ၏။

သစ်တောကြားမှ ပစ်လွှတ်လိုက်သည့်မြားများ လင်းဟူစုန်းတို့ထံသို့ ရောက်ရှိလာလေသည် လင်းဟူစုန်းသည် တကိုယ်တော် ဓားကိုးကွက်၏ လက်ချက်ပုန်းဖြိုခွင်းကွက် ဓားကွက်ကို အသုံးပြုပြီး မိမိထံသို့ ရောက်ရှိလာသော မြားများကို ဖျက်ထုတ်ရင်း မရပ်မနား ပြေးဆင်းသွားခဲ့သည်။ မိမိနောက်ဘက်မှ အမျိုးသမီး အော်သံတစ်ခုကို ကြားရသောကြောင့် လင်းဟူစုန်း လှည့်ကြည့်လိုက်သည်။ လန်းဟုန်စုမ့်၏ ဘယ်ဘက်ရင်နှင့် ဘယ်ပေါင်တွင်

မြား တစင်း စူးဝင်နေသောကြောင့် နောက်သို့ ပြန်လှည့်ပြီး လန်းဟုန်စုမ့်ကို မွေ့ချိလိုက်သည်။

“ငါ မင်းကို ကားထားပေးမယ်၊ လာ တောင်အောက်ကို အရောက်ဆင်းမယ်”

“ကျွန်မကို ဂရုစိုက်မနေပါနဲ့၊ ရှင် ... ရှင်သာ လွတ်အောင် ပြေးဆင်းပါ”

လင်းဟူစုန်းသည် လန်းဟုန်စုမ့်ကို မွေ့ချီ၍ တောင်ခြေသို့ ဘရစပ် ပြေးဆင်းခဲ့သည်။ ရုတ်တရက် ဓားကြီးတစ်ချောင်းနှင့် သံတုတ်တစ်ချောင်း ကိုင်ဆောင်သူနှစ်ယောက် ဘယ်ညာညှပ်ပြီး သမ်းမှ ဆီးကြိုတိုက်ခိုက်သည်။ သို့သော် လင်းဟူစုန်းသည် လူနှစ်ယောက်ကို ဖယ်ရှားပြီး တရစပ် ပြေးဆင်းသွား၏။ နောက်ဘက်မှ အဘိုးကြီး၏ အားခနဲအသံကို ကြားလိုက်ရပြန်၏။ လင်းဟူစုန်း လှည့်ကြည့်လိုက်သောအခါ ကျူချန်းကျူးနှင့် ညဇီးကွက်တို့သည် အဘိုးကြီးကို မွေ့ယူရန် ပြန်လည်ပြေးတက်သွားသည်ကို တွေ့လိုက်ရသည်။ တစ်ဆက်တည်းတွင် အမျိုးသမီး ဘစ်ဦး၏ အသံကို လင်းဟူစုန်း ကြားလိုက်ရ၏။

“လင်းဟူစုန်း ရှင်ဟာ ကြာလေလေ မဟုတ်လေလေပဲ”

မိမိနှင့် ရင်းနှီးပြီးသားအသံဖြစ်၍ လင်းဟူစုန်း ကမန်းကတန်း အသံလာရာဘက်သို့ လှမ်းကြည့်လိုက်၏။ လင်းဖင်းကျည်နှင့် သွဉ်လျက် ရပ်နေသော ယဲ့လင်းစမ်းအား တွေ့လိုက်သည်။

“ညီမလေး ကျန်းကျန်းမာမာပဲနော်၊ ညီတော် လင်းဖင်းကျည်လဲ ဒဏ်ရာပျောက်ကင်းပြီးကိုး”

"ဘယ်သူက ရှင့်ရဲ့ ညီတော် ညီမတော် ဟုတ်လို့လဲ၊ ရှင်က ဗရုတ်သုတ်ခ လူတွေကို စုဝေးပြီး ရှောင်လင်ကျောင်းကို လာတိုက်ခိုက်တယ်၊ ရှင် လူမှ ဟုတ်သေးရဲ့လား"

တောင်တန်းတခွင်သို့ လင်းဟူစုန်း လှမ်းကြည့်လိုက်၏။ မိမိ ဦးဆောင်ခဲ့သည့် အဖွဲ့သားများသည် ပြန့်ကျဲနေပြီး ပြေးသူပြေး၊ တိုက်သူတိုက်နှင့် ကစဉ့်ကလျား ဖြစ်နေ၍ အရေးမသာကြောင်း သိသာသည်။

"ရှင် ကျွန်မကို တကယ် တိုက်ခိုက်တော့မလို့လား"

"ငါက နင့်ကို တိုက်ခိုက်ဖို့ မဟုတ်ဘူး၊ တောင်ခြေအောက်ကိုဆင်းဖို့ အရေးကြီးနေတယ်"

"အခု စုန်းစမ်း၊ ထိုက်စမ်း၊ ချူးစမ်း၊ ဝှာစမ်းအဖွဲ့က အထွတ်အထိပ် ပုဂ္ဂိုလ်တွေအကုန် ရောက်နေပြီ၊ ပြီးတော့ ရှောင်လင်ကျောင်းတိုက်က ဖိတ်ခေါ်ထားတဲ့ လူစွမ်းကောင်းတော်တော်များများလည်း ရောက်နေပြီ။ ရှောင်လင်ကျောင်းတိုက်ရဲ့ တောင်ခြေရင်းမှာ သဲတံတိုင်းလို အခိုင်အမာ ဝိုင်းထားပြီးပြီ၊ ရှင် ဘယ်လိုမှ မထိုးဖောက်နိုင်ဘူး၊ အကောင်းဆုံးကတော့ အညှိုးခံလိုက်ပါ၊ ကျွန်မက ဖေဖေ့ကို တောင်းဆို"

စကားမဆုံးမီတွင် ယဲ့လင်းစမ်း၏ နောက်မှ လူတစ်ယောက် ရိပ်ခနဲ ယဲ့လင်းစမ်း၏ ရှေ့သို့ ရောက်ရှိလာပြီး အော်ပြောလိုက်သည်။

"လင်းဟူစုန်း မင်း ဓားကိုပစ်ချပြီး အညှိုးမခံချင်သေးဘူးလား"

ထိုလူသည် ဝှာစမ်းဂိုဏ်းချုပ် သမာဓိဓား ယဲ့ပို့ချင်ပင် ဖြစ်သည်။

လင်းဟူစုန်းသည် ဆရာဖြစ်သူကို မြင်လိုက်ရသောအခါ စိတ်ထဲတွင် ဟင်ခနဲ ဖြစ်သွားသည်။ မည်သို့မျှ ပြန်လည်ပြောဆိုခြင်း မပြုပဲ လက်တစ်ဖက်ဖြင့် လင်းဟုန်စုမ်ကို ပွေ့ထားပြီး ဆောင်ကုန်းပေါ်သို့ လှည့်ပြေးတော့သည်။

ယဲ့ပို့ချင်သည် နောက်မှ ပြေးလိုက်လာပြီး လင်းဟူစုန်း၏ နောက်ကျောကို ဓားချက်သုံးချက် ထိုးသွင်းလိုက်သည်။ လင်းဟူစုန်းက လင်ဟုန်စုမ်ကို ဖက်ပွေ့ထားသော်လည်း အတွင်းအား ပြည့်ဝနေသောကြောင့် ယဲ့ပို့ချင် လိုက်မမှီချေ။

ယဲ့ပို့ချင်သည် ဒေါသကြီးစွာထွက်ပြီး အသက်ပြင်းပြင်း ဘစ်ချက်ရှူသွင်းလိုက်၍ ခရမ်းရောင်ခြည် အတွင်းအားကို အပြိုးပြကာ လင်းဟူစုန်း၏ နောက်ကျောကို အမိအရ ထိုးသွင်းလိုက်ပြန်သည်။

ယဲ့ပို့ချင် ထိုးသွင်းလိုက်သည့်ဓားချက်သည် လေတိုးသံပြင်းထန်လွန်းသောကြောင့် ဤဓားချက်ကို လွတ်နိုင် မလွတ်နိုင်။ လင်းဟူစုန်း ဝေခွဲမရသည့်အချိန်တွင် ရုတ်တရက် ချွမ်ခနဲ အသံမြည်သွားသည်။ လင်းဟူစုန်း နောက်သို့ ပြန်လှည့်မကြည့်သော်လည်း လင်းဟုန်စုမ်က မိမိဆရာ၏ ဓားချက်ကို ခံဆောင်လိုက်ကြောင်း ရိပ်မိလိုက်သည်။

လင်းဟူစုန်းသည် ခြေဖျားထောက်၍ ရှေ့သို့ အလှမ်းဝေးစွာ ခုန်လွှားလိုက်ပြီးမှ နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

မိမိ၏ ရင်ဝသို့ ထိုးဝင်လာသော ယဲ့ပို့ချွင်၏ ဓားချက်ကို တစ်ပေ ပတ်လည်ခန့်ရှိ အဖြူရောင်အပြားတစ်ခုဖြင့် လင်းဟုန်စုမ်က တားဆီးခုခံလိုက်သည်ကို တွေ့လိုက်ရသည်။

ထိုအခိုက် ယဲ့ပို့ချွင်၏နောက်ကျောမှ အော်ပြောသံ ထွက်ပေါ်လာသည်။

"ဓားကို လွှတ်ချလိုက်စမ်း"

စကားဆုံးသည်နှင့် ယဲ့ပို့ချွင်၏ နောက်ကျောတွင် စူးရှ နာကျင်သွား၏။ ယဲ့ပို့ချွင်သည် မိမိ ဇောကြီးစွာ ဝင်လိုက်လာမိ ခြင်းအတွက် နောင်တရမိ၏။

ယဲ့ပို့ချွင် မည်သို့မှ မခုခံနိုင်ချိန်တွင် လူခုနစ်ယောက် ရှစ်ယောက်သည် ယဲ့ပို့ချွင်၏ သေကွင်းသေကွက် နေရာများသို့ ဓားဖြင့် ထောက်ထားပြီး ဖြစ်နေပြီဖြစ်သည်။

ညီဇီးကွက်က လှမ်းအော်ပြောလိုက်သည်။

"ဆရာ လင်းဟူစုန်း ကျွန်တော်တို့တစ်တွေ ထိုးဖောက်ပြီး မဆင်းနိုင်တော့ဘူး၊ ထိခိုက်ဒဏ်ရာရသူတွေ များနေပြီ၊ အကုန်နောက်ဆုတ်ပြီး အစီအစဉ် ပြန်ချမှ ဖြစ်မယ်"

တောင်တန်းတစ်ခုလုံးကို ကြည့်လိုက်လျှင် မိမိဘက်မှ အရေးနိမ့်သဖြင့် လင်းဟူစုန်းသည် အတွင်းအားဖြည့်သွင့်ပြီး လှမ်းအော် အမိန့်ပေးလိုက်သည်။

"ဦးဆောင်ရဲ့ အမိန့်အရ တိုက်ခိုက်နေသူအားလုံး ရှောင် လင်ကျောင်းတိုက်ကို ပြန်ဆုတ်ကြ"

လင်းဟူစုန်းက ယဲ့ပို့ချွင်ကို စကားပြောလိုက်၏။

"ဆရာ့ကို ပြစ်မှားမိတာ ခွင့်လွှတ်ပါ၊ ဆရာ ပြန်နိုင်ပါပြီ"

ထိုအချိန်တွင် ထိုက်စမ်းအဖွဲ့သားနှစ်ယောက်က လက်နက် ကိုယ်စီနှင့် ပြေးတက်လာသည်။ လင်းဟူစုန်းက လွှားခနဲ ခုန်ထွက် သွားပြီး ဓားကို ရှေ့ယမ်းထုတ်လိုက်သည်။ အဖွဲ့သားနှစ်ယောက်၏ ဝင်ကောက်ဝတ်မှာ လင်းဟူစုန်း၏ ဓားချက်ထိခံရ၍ ကိုင်ထား သည့်ဓားများ လွှတ်ကျကုန်သည်။ နောက်သို့ ကပျာကယာ ပြန်လှည့်ရင်း ပြေးလွှားလေတော့သည်။

အမိန့်သံကို ကြားရသောကြောင့် လင်းဟူစုန်း ဦးဆောင် သည့်အဖွဲ့သည် ရှောင်လင်ကျောင်းတိုက်သို့ ခုခံရင်း ဆုတ်ခွာခဲ့ ကြသည်။ ဆက်လိုက်လာသော ရန်သူများလည်း အကျအဆုံး များလေသည်။ တခဏအကြာတွင် မောင်းသံတဒုဒု ကြားရ၏။ ရန်သူဘက်မှာလည်း မိမိတို့လူစုကို တောင်ခြေသို့ ပြန်လည်ဆုတ် ခွာရန် အချက်ပေးခြင်း ဖြစ်သည်။

ရန်သူ၏ တိတ်တဆိတ် လာရောက်တိုက်ခိုက်မှုကို စိုးရိမ် ခဲသောကြောင့် ညီဇီးကွက်သည် လက်ရွေးစင် လူရှစ်ရာကို ခွဲခြားယူ၍ အရပ်လေးမျက်နှာတွင် လူခွဲပြီး စောင့်ကြပ်ခိုင်းထား၏။

"ဆရာ လင်းဟူစုန်းခင်ဗျား ကျွန်တော်တို့ ဖောက်ထွင်း ခဲထွက်နိုင်ပေမဲ့ အရေးပါတဲ့ ဂုဏ်းဂိုဏ်းချုပ်ကို ဓားစာခံအဖြစ် ပေးမိထားတယ်"

ညီဇီးကွက်စကားကြောင့် လင်းဟူစုန်းသည် ထိတ်လန့်အံ့သြ သွား၏။

"ဘာပြောတယ် ကျွန်တော့်ဆရာ ထွက်မသွားသေးလို့လား"

ညဇီးကွက်ကို ပြန်မေးရင်း ရုတ်တရက် ပတ်ဝန်းကျင်ကို မျက်စိကား ကြည့်လိုက်သောအခါ မိမိဆရာ ယဲ့ပို့ချွင်သည် လက်နှစ်ဖက် အောက်သို့ချ၍ ခေါင်းငိုက်စိုက်နှင့် ထိုင်နေသည်ကို လင်းဟူစုန်း တွေ့လိုက်သည်။ ဆရာ ယဲ့ပို့ချွင်သည် သွေးကြော ပိတ်ခံထားကြောင်း ထင်ရှားသည်။

"အစ်ကိုကြီး ညဇီးကွက်၊ ကျွန်တော့်ဆရာကို သွေးကြော ပြန်ဖွင့်ပေးလိုက်ပါ"

"ကျွန်တော်တို့ရဲ့ လက်ရှိအခြေအနေဟာ အလွန်အန္တရာယ် ကြီးမားနေတယ်၊ ဆရာက ဝှာစမ်းအဖွဲ့သား မဟုတ်တော့တာမို့ ဆရာတပည့်ဆိုတဲ့ အစွဲအလမ်းကို ဖျောက်ဖျက်ထားလိုက်ပါ"

ညဇီးကွက်က တီးတိုး ပြန်ပြီး ပြောလိုက်၏။

"တစ်ချိန်က ဆရာဖြစ်ဖူးတော့ တစ်သက်လုံးလည်း ဆရာပါပဲ၊ အစ်ကိုကြီး ညဇီးကွက် ကျွန်တော့် မျက်နှာကို ထောက်ထား ခြင်းအားဖြင့် ကျွန်တော့်ဆရာကို မပြစ်မှားပါနဲ့"

လင်းဟူစုန်း၏ စကားကို ကြားရသောအခါ ယဲ့ပို့ချွင်သည် ထို့ခနဲ တံထွေးထွေးလိုက်သည်။

"သတ်ချင်သတ် ဖြတ်ချင်ဖြတ်၊ ဘယ်သူက မင်းဆရာ မို့လို့လဲ"

"ဆရာ လင်းဟူစုန်း၊ ခင်ဗျားကသာ သူ့အပေါ်မှာ သစ္စာ မေတ္တာရှိပေမဲ့ သူကတော့ ခင်ဗျားအပေါ် သစ္စာမေတ္တာ လုံးလုံး ရှိတော့တာ မဟုတ်ဘူး၊ ကျွန်တော့် အမြင်အရ ပြောရရင် သူက ခင်ဗျားကို အဓိကထားပြီး လိုက်သတ်နေတာပဲ၊ ခု သူ့ကို

လွတ်လိုက်ရင် နောင်တစ်ချိန်မှာ ခင်ဗျား သူ့ကို တော်တော်သတိ တားဖို့လိုတယ်"

ကျူချန်းကျူးသည် မိမိ ထင်မြင်ချက်ကို ပြောလိုက်၏။

လင်းဟူစုန်း သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်၏။ မြေပြင်တွင်ကျနေသော မိမိဆရာ၏ ဓားကို ကောက်ယူကာ ဓားအိမ် ထဲသို့ ပြန်ထိုးထည့်ပေးလိုက်သည်။ လင်းဟူစုန်းက ညဇီးကွက်ကို ယဲ့ပို့ချွင်အား သွေးကြောပြန်ဖွင့်ပေးခိုင်းလိုက်သည်။ လင်းဟူစုန်းက တောင်းပန်စကားပြောပြီး ယဲ့ပို့ချွင်ကို ပြန်လွတ်လိုက်လေသည်။

တခဏကြာသောအခါ တောင်ခြေအောက်မှ မောင်းသံတဒူဒူ နှင့် ဗုံသံများကို ကြားလိုက်ရ၏။

ပြတ်တောင်းပြတ်တောင်းနှင့် မောင်းသံဗုံသံများကို အတော်ကြာကြာ ကြားခဲ့ရပြီး နောက်လူတစ်ရာကျော်ခန့် ညာသံ ပေးပြီး တောင်ပန်းပေါ်သို့ ပြေးတက်လာကြသည်။

အဘိုးကြီးနှင့် ကျူချန်းကျူးတို့တစ်တွေမှာ ဦးစီးဦးကိုင်ပြု၍ ပြန်လည်တိုက်ခိုက်ရန် ပြင်ထားလိုက်၏။ ထိုလူတစ်ရာကျော် ခန့်သည် တောင်ခြေအောက်သို့ ပြန်လည် ပြေးဆင်းသွားတော့ သည်။

သို့နှင့် မောင်းသံဗုံသံကြားရလိုက်၊ တောင်ခြေအောက်မှ လူအချို့ ပြေးလာလိုက်၊ လင်းဟူစုန်းတို့ဘက်မှ ပြန်လည်တိုက်ခိုက် ရန် ပြင်ဆင်လိုက်သောအခါ ရန်သူများ ပြေးဆင်းသွားလိုက်နှင့် ရှိနေခဲ့၏။ ဤသို့သော အပြုအမူကြောင့် ညဇီးကွက်က သူ့ထင်မြင် ချက်ကို ထုတ်ဖော်ပြောပြသည်။

လင်းဟူစုန်းသည် ဓားရှည်ဖြင့် ရှေ့သို့ ထိုးညွှန်ရင်း ...

"အားလုံး တိုက်ဖို့ပြင်ကြ"

အမိန့်ပေးသံဆုံးသည်နှင့် လင်းဟူစုန်းကိုယ်တိုင် ဦးဆောင်ကာ ရန်သူရှိရာသို့ ပြေးဆင်းသွားသည်။ လက်ရွေးစင် လူသုံးရာအနက်တွင် ညဇီးကွက်၊ ကျူချွန်းကျူး၊ ထန်းပက်ကွမ်း၊ မြောက်ကျွန်း ဝက်ဝံညီနောင်တွေလည်း ပါရှိကြ၏။ လင်းဟူစုန်း နောက်သို့ တဟုန်ထိုး လိုက်ပါသွားကြသည်။

တစ်မိုင်နည်းပါးခန့် တောင်ခြေအောက်သို့ ပြေးဆင်းခဲ့ကြသောလည်း ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ခြင်း မရှိချေ။ ကျူချွန်းကျူးက အချက်ပြ မီးရှူးမီးပန်းတစ်ခုကို ကောင်းကင်သို့ မစ်လွှတ်ပြီး ကျွန်ရှိသူများကို ထပ်မံ၍ တပ်လန့်လိုက်သည်။

ရုတ်တရက် လင်းဟူစုန်း၏ ခြေဖဝါးတစ်ဖက်သည် ချွန်ထက်သော အရာတစ်ခု စူးဝင်သွားသောကြောင့် သစ်ကိုင်းတစ်ခုပေါ်သို့ လွှားခနဲ ခုန်တက်သွား၏။

တစ်ဆက်တည်း ကျူချွန်းကျူး ညဇီးကွက်တို့တတွေ၏ ဆဲဆိုသံ၊ ညည်းညူသံများ ဆူညံသွားခဲ့သည်။ နောက်ထပ် ရောက်ရှိလာသော လူစုသည် ညှောင့်ထောင်ထားသည့် ထောင်ချောက်ထဲသို့ ကျရောက်ကုန်၏။

ထိုအခိုက် ဘေးရှိ သစ်တောအတွင်းမှ လုံရှည်ကိုင်ထားသော ရန်သူများ ပြေလွှားရောက်ရှိလာပြီး ထောင်ချောက်ကျင်းထဲရှိ လူများကို ထိုးနှက်တိုက်ခိုက်ကြသည်။ ငယ်သံပါအောင် အော်ဟစ်သံများဖြင့် ဆူညံသွားတော့သည်။

"ဆရာကြီး လင်းဟူစုန်း၊ ရန်သူဟာ ကျွန်တော်တို့ ကိုထိ[illegible] အနားမရနိုင်အောင် အနှောင့်အယှက်ပြုတဲ့ ပရိယာယ်ပဲ"

"ကျွန်တော်တော့ အကြံတစ်ခုရတယ်၊ ဒီလူတွေ ညဉ့်သန်းခေါင်မှာ ကျွန်တော်တို့ကိုလာပြီး အနှောင့်အယှက်ပေးလို့ ပြန်ဆင်းခဲ့ရင် ကျွန်တော်တို့က လက်ရွေးစင်သုံးရာလောက်နဲ့ တဟုန်ထိုးဆင်းပြီး လိုက်တိုက်ဖို့ကောင်းတယ်"

"အစ်ကိုကြီး ကျူချွန်းကျူး ပြောတဲ့အကြံအစည် မဆိုးဘူး အစ်ကိုကြီး ကျူချွန်းကျူးပဲ စိတ်ကြိုက်လူသုံးရာရွေးပါ၊ ကျွန်တော်တို့တဟုန်ထိုး တိုက်ခိုက်ရင် ဘာပြောပြော ရန်သူဟာ ကစဉ့်ကလျား ဖြစ်သွားမှာပဲ"

လင်းဟူစုန်းက ကျူချွန်ကျူး၏ အစီအစဉ်ကို ထောက်ခံလိုက်သည်။

လင်းဟူစုန်းတို့အဖွဲ့သည် ဆာလောင်မွတ်သိပ်သော်လည်း စားနပ်ရိက္ခာမရှိကြချေ။ သို့အတွက် နှင်းပွင့်များကိုစုစည်းပြီး ရေတစ်ပြေ သောက်လိုက်ကြရသည်။

လပြည့်ညသည် ဖြစ်သော်လည်း ဆီးနှင်းထန်သောကြောင့် လရောင်ကို အားမကိုးနိုင်ချေ။ ကျူချွန်းကျူးတို့တတွေ လက်ရွေးစင် လူသုံးရာကိုရွေးပြီး ရှောင်လင်ကျောင်းတိုက်ရှေ့တွင် တိတ်တဆိတ် စောင့်ဆိုင်းနေသည်။

ညဉ့်အလွန်နက်သောအခါ ကျဲချိုမှုတ်ပြီး အချက်ပေးသံများ ဆူညံစွာ ပေါ်ထွက်လာသည်။ လေးဖက်လေးတန်မှ ဆူညံစွာ အော်ဟစ်သံနှင့်အတူ ရန်သူသည် ညအမှောင်ကို အခွင့်ကောင်းယူကာ စီးနင်းတိုက်ခိုက်တော့မည်မှန်း လင်းဟူစုန်း ရိပ်စားမိ၏။

"အားလုံး တောင်ပေါ်ပြန်ဆုတ်ခွာဖို့ ဦးဆောင်အမိန့်ပေးပါ"

ညီဇီးကွက်က လှမ်းအော်ပြောလိုက်သည်။

"အားလုံး ရှောင်လင်ကျောင်းတိုက်ကို ပြန်ဆုတ်ခွာကြ"

လင်းဟူစုန်းက အော်ဟစ်အမိန့်ပေးပြီးနောက် သစ်ကိုင်းပေါ်မှ ခုန်ကူး၍ ထောင်ချောက်ကွင်းရှိရာသို့ သွားသည်။ ပြီးနောက် လင်းဟူစုန်းသည် ထောင်ချောက်တွင်မှ မိမိလူများကို တိုက်ခိုက်နေသည့် လွဲကိုင်ရန်သူများအား တရစပ် ထိုးနှက်လိုက်သည်။

ရန်သူများ ဆုတ်ခွာသွားသောအခါ ကျင်းထဲမှ လူလေးဆယ်ခန့် အပြင်သို့ ပြန်ခုတ်ထွက်နိုင်ပြီး ဆယ်ဦးခန့် ကျင်းထဲတွင် ကျဆုံးခဲ့ရ၏။

ရန်သူက ညောင်များ ထောင်ချောက်ကျင်းများ မည်မျှများပြားအောင် လုပ်ထားမှန်း မသိရသဖြင့် ရှောင်လင်ကျောင်းတိုက်သို့ ပြန်လည်ဆုတ်ခွာလာခဲ့ကြ၏။

ရှောင်လင်ကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိပြီး လင်းဟူစုန်းသည် မိမိလူစုများကို ပြန်လည်စစ်ဆေးကြည့်လိုက်သောအခါ လူဦးရေတစ်ဝက်ကျော်ကျော်သည် ညောင်စူးခံရပြီး ဒဏ်ရာရရှိနေကြောင်း တွေ့ရ၏။

ရန်သူသည် စည်းစနစ်တကျ ဝင်ခဲ့ပြီး သေနင်္ဂဗျူဟာမြောက်စွာ တိုက်ခိုက်လှုပ်ရှားကြောင်း သိရသဖြင့် အားလုံးထိတ်လန့်သွားမိသည်။

ညီဇီးကွက်က လင်းဟူစုန်း အင်္ဂျီစကို တစ်ချက်ဆွဲပြီး တီးတိုးပြောလိုက်သည်။

"ဆရာ လင်းဟူစုန်း ကျွန်တော်တို့တစ်တွေ ရုတ်တရက် ထိုးဖောက်ပြီး ပြန်ထွက်ခွာသွားဖို့ဟာ ဒီအတိုင်းဆိုရင် မလွယ်ဘူး၊ အထိအခိုက် အကျအဆုံး များမှာပဲ၊ ကျွန်တော်တို့ရဲ့ အဓိက ဦးတည်ချက်က ဝါးစိမ်းနတ် ဒေဝီကို ကယ်ထုတ်ဖို့ပဲ ဖြစ်တယ်၊ အဲဒီတာဝန်ကို ဆရာလင်းဟူစုန်း တစ်ယောက်တည်းပဲ ဘာဝန်ယူပါတော့"

ညီဇီးကွက်၏စကားကြောင့် လင်းဟူစုန်း အံ့အားသင့်သွား ရ၏။

"အစ်ကိုကြီး ညီဇီးကွက်၊ ခင်ဗျားစကားက ဘာအဓိပ္ပာယ်လဲ"

"ဆရာ လင်းဟူစုန်းက သစ္စာရှိပြီး ရဲဘော်ရဲလက် စိတ်ရှိတော့ ကျွန်တော်တို့အတူ ဒီတောင်ကုန်းပေါ်မှာ အသေခံမှာပဲ။ ကျွန်တော်တို့နဲ့ ရောပြီး ဆရာလင်းဟူစုန်း အသေခံလို့ မဖြစ်ဘူး၊ ဝါးစိမ်းနတ် ဒေဝီကို ကယ်ထုတ်နိုင်ဖို့ အစွမ်းအစရှိသူဟာ ဆရာလင်းဟူစုန်းတစ်ယောက်တည်းပဲ ရှိပါတယ်"

လင်းဟူစုန်း ဟားဟား ရယ်မောလိုက်သည်။

"လက်စသတ်တော့ အစ်ကိုကြီး ညီဇီးကွက်က ကျွန်တော့်ကို ကိုယ်လွတ်ရန်ထွက်ပြေးဖို့ သွယ်ဝိုက်ပြီး ပြောနေတာကိုး၊ မောက်ထပ် ဒီစကားမျိုး မပြောပါနဲ့၊ လောကကြီးမှာ လူဖြစ်လာရင် သေရမဲ့လူတွေချည်းပဲ၊ ကျွန်တော်တို့တတွေ တိုက်ခိုက်ရင်း သေဆုံးသွားတဲ့အချိန်မှာ ဝါးစိမ်းနတ်ဒေဝီဟာလည်း အနောင်အဖွဲ့ခံရပြီး

ညောင်စူးခံထားရ၍ နာကျင်စွာ ညည်းညူနေကြသူများသည် နတ်မင်းသားခြောက်ပါး၏ လှောင်ပြောင်ရယ်မောသံကြောင့် လွန်စွာ ဒေါသထွက်ကြလေသည်။ တချို့က ဆဲဆိုကြပြီး တချို့က မခံမရပ်နှင့် လက်နက်ဆွဲကိုင်ကြသည်အထိ ဖြစ်ကုန်ကြ၏။

ဤအဖြစ်အပျက်များကို မြင်ရသောအခါ ပြဿနာကြီးလာမည်စိုးသောကြောင့် လင်းဟူစုန်းက အော်ပြောလိုက်သည်။

"ဟာ ... ဒါက ဘာလဲ၊ အံ့ဩစရာကောင်းပါလား"

"ကြွက်ခြောက်ကောင်က ကြောင်တစ်ကောင်ကို ကိုက်ချီပြီး ဒီကနေ ထွက်ပြေးသွားတယ်"

ဤစကားကို ကြားရသောအခါ နတ်မင်းသားခြောက်ပါးသည် ဝမ်းသာအားရဖြစ်ကာ အချင်းချင်း ပြောကြ၏။

"ကြွက်က ကြောင်ကိုကိုက်တာ တို့ မတွေ့ဖူးသေးဘူး၊ သွားကြည့်ကြရအောင်၊ ဘယ်ဘက်ကို ထွက်သွားတာလဲ"

လင်းဟူစုန်းက လမ်းညွှန်ပြလိုက်ပြီး

"ဟိုဘက်ကို ထွက်ပြေးသွားကြတယ်"

"ဒီလောက် ထူးဆန်းတဲ့ကိစ္စမျိုး တစ်ခါမှ မမြင်ဖူးသေးဘူး၊ သွားကြည့်ကြရအောင်"

နတ်မင်းသား ခြောက်ပါးသည် လင်းဟူစုန်းကိုပါ ဆွဲခေါ်ပြီး ထွက်သွားကြတော့သည်။

လင်းဟူစုန်းသည် နတ်မင်းသားခြောက်ပါးနှင့် ညောင်စူးသူများနှင့် မသင့်မတင့်ဖြစ်ကြတော့မည်စိုးသောကြောင့် လက်ညှိုးဘည္ဇန်ညွှန်နှင့် အနောက်ဘက်သို့ ခေါ်ဆောင်လာခဲ့သည်။

[illegible] ဒီတော့ ကျွန်တော်တို့တစ်တွေ သေအတူ [illegible] ဆက်လက်တိုက်ပွဲဝင်ကြတာပေါ့"

[illegible]ဟူစုန်းအား ကိုယ်လွတ်ရုန်းခိုင်းရန် မဖြစ်နိုင်ကြောင်း [illegible]ကြောင့် ညဇီးကွက်သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိသည်။ ယနေ့ နှင်းထန်ပြီး မှောင်မိုက်ချိန်တွင် ကိုယ်လွတ်ရုန်းခပြေးပါက နောက်နေ့ မိုးသောက်ခဲ့လျှင် မည်သို့မျှ ထိုးဖောက်ပြေးရန် မလွယ်ကြောင်း ညဇီးကွက် တွက်ဆမိသည်။

ထို့အခိုက် တဝါးဝါး တဟားဟား ရယ်မောလိုက်သံကို ကြားလိုက်သည်။ သေရေးရှင်ရေးအတွက် အရေးကြီးနေချိန်တွင် ရယ်မောနေကြသည့် လူများမှာ နတ်မင်းသားခြောက်ပါးပင် ဖြစ်နေတော့သည်။

"လောကမှာ ဒီလောက်တုံးတဲ့ တုံးတွေ ရှိသေးတာပဲ၊ ခြေထောက်အကောင်းကို အဆိုးဖြစ်အောင် လုပ်ရတယ်လို့ ဆူးညောင့်ပေါ်များ သွားပြီး နင်းသေးတယ်၊ ဟား ... ဟား ... ဟား"

"တကယ်ထုံတဲ့အကောင်တွေလို့ ပြောလည်း ပြောစရာပဲ၊ ဒါပေမဲ့ ညောင့်ပေါ်တက်နင်းမိတာ မဟုတ်ဘူး၊ စဉ်းစားဉာဏ် မရှိကြတာ၊ ညောင့်ကပဲ မာသလား၊ ခြေထောက်ကပဲ မာသလား လို့ သွားစမ်းသပ်ကြည့်တာ ဖြစ်မယ်၊ ကဲ ... ခုတော့ ဘယ့်နယ့် ရှိစ၊ ခံလို့ကောင်းကြတယ် မဟုတ်လား"

နတ်မင်းသား ခြောက်ပါးသည် တဟားဟားနှင့် ရယ်မောကြပြန်သည်။

"ဟာ ... ဂူပေါက်ကြီးဟေ့ ကြွက်ဝင်သွားတယ်ဆိုတာ ဖြစ်နိုင်တယ်"

ထောင်ကန်းရှန်သည် ဝမ်းသာအားရစွာ အော်ပြောလိုက်သည်။

"ကြွက်ခြောက်ကောင်က ကြောင်ကိုချီသွားတဲ့ကို တွေ့ရဘာမယ်"

ထောင်ကန်းရှန်က ဦးဆောင်ပြီး လိုဏ်ဂူထဲသို့ ဝင်သွားလေသည်။ ကျန်ငါးယောက်သည်လည်း အလုအယက် လိုက်ဝင်သွား၏။ တခဏကြာသောအခါ နတ်မင်းသားခြောက်ပါးသည် ဒိုဏ်ဂူအပြင်ဘက်သို့ ပြန်လည်ပြေးထွက်လာကြ၏။

"အထဲမှာ မှောင်နေတယ်၊ ဘာကိုမှ မတွေ့ရဘူး"

စားပွဲတစ်လုံး၏ ခြေထောက်လေးချောင်းကို နတ်မင်းသားခြောက်က ရိုက်ချိုးပြီး မီးတုတ်လုပ်ကြသည်။ ပြီးနောက် ဂူထဲသို့ ပြန်ဝင်သွားကြပြန်သည်။

လင်းဟူစုန်းသည် မမျှော်လင့်ပဲ လိုဏ်ဂူပေါက်ကို တွေ့ရသောကြောင့် လိုဏ်ဂူသို့ လိုက်ဝင်သွားလေသည်။ တစ်နေရာသို့ ရောက်လာသောအခါ ရှေ့ဆုံးမှ သွားနေသော ထောင်ဂွာရှန်သည် တံတုတ်တစ်ခေါင်းဖြင့် အရိုက်ခံရသောကြောင့် ဘိမ်းရှောင်လိုက်ရသည်။ ထောင်ဂွာရှန်အား မထိလိုက်သော်လည်း နောက်မှ ကပ်လာသော ထောင်ကန်းရှန်၏ ရင်ဝကို ရိုက်မိသွား၏။

ဘုန်းကြီးတစ်ပါးက နံရံဘေးမှ ရုတ်တရက် ထွက်လာပြီး သံတုတ်ဖြင့် မိမိခေါင်းကို ရိုက်သည်ဟု ထောင်ဂွာရှန်က ယူဆသည်။

အနောက်ဘက်ဆောင်သို့ ရောက်ပြီး ကြွက်ကို မတွေ့ရသောအခါ ထောင်ကန်းရှန်က ဦးစွာ သက်ံမကင်း ဖြစ်လာသည်။

"မင်း လိမ်ပြောနေတာလား"

"အဲဒီထဲ ဝင်သွားတာ ကျွန်တော် ရိပ်ခနဲ မြင်လိုက်တယ်"

ထောင်းကန်းရှန်သည် တံခါးကို တွန်းဖွင့်လိုက်သည်။ ကျောင်းဆောင်အတွင်း၌ မှောင်နေသောကြောင့် မီးခတ်ပြီး မီးခွက်ထွန်းလိုက်၏။

ရုပ်ထုကြီးတစ်ခု နံရံကို မျက်နှာမူထားသည်ကို တွေ့ရသောအခါ နတ်မင်းသားခြောက်ပါးသည် တအံ့တသြ ဖြစ်သွား၏။

"အဲဒီ ရုပ်ထုကြီးဟာ အပြင်ဘက် မျက်နှာမူရမှာ။ ဘာဖြစ်လို့ နံရံကိုသွားပြီး မျက်နှာမူထားရတာလဲ၊ ဒါ လုံးဝ မသင့်လျော်ဘူး"

ထောင်ကန်းရှန်က ဝေဖန်လိုက်၏။

"ဟုတ်တယ် ဒါ လုံးဝ မသင့်လျော်ဘူး၊ အပြင်ဘက်ကို ပြန်လှည့်မှ ဖြစ်မယ်"

ထောင်ယဲ့ရှန်နှင့် ထောင်စုရှန်သည်လည်း ဝင်ရောက်ပြောဆို ပြန်သည်။

"မလုပ်ကြနဲ့၊ အဲဒါက မှော်ဆရာတော်ကြီးရဲ့ ရုပ်ပွားတော်ပဲ"

လင်းဟူစုန်းက လှမ်းအော်တားဆီးလိုက်သည်။ နတ်မင်းသားခြောက်ပါးသည် လုံးဝ ဂရုမထားကြချေ။ ရုပ်ထုကြီးမို့ အားကုန်ဆွဲလှည့်လိုက်ကာ တကျိကျိ အသံမြည်၍ သံပြားကြီးတစ်ချပ် အပေါ်သို့ တဖြည်းဖြည်း ကြွတတ်သွားသည်။

ေတ်တရက် မိမိ၏ ဘယ်ပခုံးသည် ထုံကျင်သွားပြီး မှောက်လျက်သဲကျသွားသည်။

လင်းဟူစုန်း ပြန်လည်သတိရချိန်တွင် မိမိအား အော်ခေါ်သည့် အသံသဲ့သဲ့ကို ကြားနေ၏။

"ဆရာလင်းဟူစုန်း ဆရာလင်းဟူစုန်း အထဲမှာလား"

လင်းဟူစုန်းက အသံပြန်ပေးလိုက်သည်။ သို့သော် မထနိုင်သဖြင့် ကြမ်းပြင်တွင် ဆက်မှောက်နေ၏။ ခြေသံအရင်းကြားပြီးမှ ညီးကွက်၏အသံကို ကြားရသည်။

ကျူချန်းကျူးသည် မီးတုတ်တစ်ခုကိုင်လျက် လင်းဟူစုန်းဘေးသို့ လျှောက်လာသည်။

"ရှေ့ကို ဆက်မလာနဲ့ ဒီမှာ ထောင်ချောက်ရှိတယ်"

တာ့မိုးဆရာတော်၏ ရုပ်ထုနောက်မှ လိုဏ်ဂူခေါင်းကို ဆွဲ့ရသောကြောင့် ဝင်လိုက်လာပြီး အော်မေးလိုက်ခြင်း ဖြစ်သည်။

"ရှေ့မတိုးနဲ့နော် အန္တရာယ်ရှိတယ်"

"ဟုတ်ကဲ့ ကျွန်တော် ကြာပွတ်နဲ့ ဆွဲထူပေးမယ်"

ကျူချန်းကျူးက ကြာပွတ်ကို ဇော့်ယမ်းပြီး လင်းဟူစုန်း၏ခြေထောက်ကိုရစ်ကာ တစ်ဦးစီ ဆွဲထုတ်ပေးသည်။ နတ်မင်းသားခြောက်ပါး ဒဏ်ရာရသွားခဲ့သော်လည်း မကြာမီ ပြန်လည်သတိရလာကြသည်။

"ဆရာလင်းဟူစုန်း ဘယ်လိုဖြစ်တာလဲ"

ကျူချန်းကျူး၏အမေးကြောင့် လင်းဟူစုန်းသည် အဖြစ်အပျက်ကို ပြောပြလိုက်လေသည်။

"တယ်လေ ဒီမှာပုန်းပြီး ချောင်းမြောင်းတိုက်ခိုက်တာကိုး"

ပြောပြောဆိုဆိုနှင့် နံရံဘေးသို့ ပြန်ကပ်သွားသော ဘုန်းကြီး၏လည်ကုတ်ကို ဖမ်းဆွဲလိုက်သည်။ ထိုအခိုက် နံရံတစ်ဘက်ဘေးမှ သံတုတ်တစ်ချောင်း ရောက်ရှိလာပြန်သည်။ သံတုတ်သည် မိမိဘယ်ဘက်နောက်နားဆီမှ လာခြင်းဖြစ်သောကြောင့် ထောင်ကန့်ရှန် ရှေ့သို့ ခုန်ထွက်လိုက်၏။ သံတုတ်တစ်ချောင်းက ထောင်ဟ်ရှန်၏ ခြေရင်းသို့ ရောက်ရှိသွားပြန်သည်။

လင်းဟူစုန်း အသေအချာ ကြည့်လိုက်သော် သံတုတ်နှင့် ထွက်ပြီး ရိုက်သည်မှာ စက်ကရိယာဖြင့် ပြုလုပ်ထားသည့် ဘုန်းကြီးရုပ်ထု ဖြစ်နေသည်။

ထောင်ဟ်ရှန်သည် လျင်မြန်စွာ ဓားထုတ်ပြီး တားဆီးလိုက်သောကြောင့် ထိုသံတုတ်နှင့်ထိ၍ ဓားကွေးသွား၏။ နောက်ထပ် သံတုတ်တစ်ခု ရောက်ရှိလာပြန်၏။ ထောင်ဟ်ရှန်သည် အားခန့် အော်ကာ လဲကျသွားလေသည်။

ထောင်ကန့်ရှန်နှင့် ထောင်ကျိရှန်သည်လည်း မားကိုယ်စီ ထုတ်ယူပြီး ခုခံတားဆီးကြသည်။ ဘုန်းကြီးရုပ်တုတစ်ခုက နံရံမှ ထွက်လာပြီး သံတုတ်ဖြင့် ရိုက်ပြန်သည်။ သံတုတ်ဖြင့်ရိုက်သည့် ရိုက်ချက်သည် ကွင်းဆက်ရှိပြီး ရှောင်တိမ်းနိုင်ရန် ခက်ခဲသည်။ နတ်မင်းသားခြောက်ပါးသည် ခုခံရင်း သံတုတ်ချက်မိပြီး လဲကျကုန်သည်။

လင်းဟူစုန်းသည် အန္တရာယ်ကြီးမားကြောင်း တွေ့ရ၍ နတ်မင်းသားခြောက်ပါးကို ကယ်ဆယ်ရန် ပြေးဝင်သွား၏။

"ဝါးစိမ်းနတ်ဒေဝီလည်း ဒီအထဲမှာ အချုပ်အနှောင်ခံထား ရတယ်ထင်တယ်၊ ကျွန်တော်တို့ ဒီသံဘုန်းကြီးရုပ်တွေကို ဘယ်လို ရှင်းထုတ်မလဲ"

"သံဘုန်းကြီးရုပ်တွေကို ရှင်းထုတ်တာများ ဘာခဲယဉ်းတာ မှတ်လို့"

"ဒီသံဘုန်းကြီးရုပ်တွေကို နတ်မင်းသားခြောက်ပါး ဘယ်လို ရှင်းထုတ်မယ်ဆိုတာ ကျွန်တော်တို့လည်း ကြည့်ရတာပေါ့၊ လုပ်ကြစမ်းပါဦး"

နတ်မင်းသားခြောက်ပါးသည် ညဇီးကွက်၏ စကားကို ကြားသော်လည်း သံဘုန်းကြီးရုပ်များ၏ ထုတ်ချက်မိတားသော ကြောင့် အဖြေမပေးရဲကြပဲ ငြိမ်နေသည်။

"ပိဿာချိန် သုံးလေးငါးဆယ်လေးတဲ့ ကျောက်တုံးတွေ သွားမလာခဲ့ကြ"

လင်းဟူစုန်း၏ စကားဆုံးသည်နှင့် ညဇီးကွက်နှင့် လူသုံး ယောက်သည် ပိဿာချိန်လေးဆယ်ခန့်ရှိသော ကျောက်တုံးသုံးတုံး ကို မလာခဲ့သည်။

လင်းဟူစုန်းသည် အတွင်းအားဖြည့်ပြီး ကျောက်တုံးကြီး တစ်တုံးကို လိုဏ်ဂူထဲသို့ လှိမ့်ချလိုက်သည်။ ကျောက်တုံးသည် ထောင်ချောက်ခလုတ်ထိမိသည်နှင့် နံရံနှစ်ဘက်မှ သံဘုန်းကြီးရုပ် များ ထွက်ပေါ်လာကြ၏။ ထိုသံဘုန်းကြီးများသည် သံတုတ်များ ဖြင့် အချက်ကျကျရိုက်ထုတ်ပြီး နောက်နံရံသို့ ပြန်ဝင်သွားကြ လေသည်။

သံဘုန်းကြီးရုပ်များရိုက်သည့် သိုင်းကွက်၏ ဟာကွက်ကို လင်းဟူစုန်း တွေ့ရသည်။ ထို့ကြောင့် ...

"လုံးချင်ရတနာဓားမြှောက်လို ဓားကောင်တစ်လက်လောက် ရရင် ကောင်းမယ်"

ထိုအဖြစ်အပျက်ကို ကြားရသောအခါ လူအတော်များများ သည် ရှေ့ဆင့်နောက်ဆင့် ညဇီးကွက်နောက်သို့ လိုက်ခဲ့ကြ၏။ လင်းဟူစုန်း၏စကားကို ကြားကြ၍ လူအုပ်ထဲမှ လူတစ်ယောက် က ရှေ့သို့ ထွက်လာသည်။

"ဆရာလင်းဟူစုန်း ကျွန်တော့် ဓားဟာ ရတနာဓားမြှောက် ပါ"

မြောက်ကျွန်းသားနှင့်တူသူ တစ်ယောက်က သူ့ဓားကို လင်းဟူစုန်းအား ကမ်းပေးလိုက်သည်။

လင်းဟူစုန်းက ထိုဓားကိုကြည့်လိုက်သောအခါ ၄င်္ဂါး ရောင်လဲ့လဲ့ရှိသဖြင့် ဓားကောင်းတစ်လက်ဟု မှန်းဆမိသည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရဲ့ ရတနာဓားမြှောက်ကို သုံးပြီး ကျွန်တော် ဘုန်းကြီးရုပ်တွေရဲ့လက်ကို ခုတ်ဖြတ်ဖို့ပဲ၊ ဘစ်စုံတစ်ခုဖြစ်ရင်လည်း သည်းခံပါ"

"ကျွန်တော်တို့က ဝါးစိမ်းနတ်ဒေဝီအတွက် အသက်တောင် ပွန့်ရမှာမို့ ဓားကို မနှမြောပါဘူး"

လင်းဟူစုန်း ခေါင်းညိတ်ပြပြီး ဓားကိုင်ကာ ရှေ့သို့ လျှောက်သွားသည်။ ပထမ ခလုတ်နင်းမိသည်နှင့် ဘုန်းကြီးရုတ် ဘစ်ရုပ် နံရံမှ ထွက်လာပြီး သံတုတ်ဖြင့် ရိုက်ချလိုက်သည်။

ကျွန်တော်တို့ကိစ္စ ပြီးပြီ။ တိုက်ခိုက်ဖို့ သတ်ဖြတ်ဖို့ မလိုတော့ဘူး၊ ကျွန်တော်တို့ ခုချိန်ကစပြီး လူစုခွဲကြမယ်၊ ခင်ဗျားတို့လည်း ဌာနေပြန်ကြပါ။ ဝါးစိမ်းနတ်ဒေဝီရဲ့ သတင်းကိုလည်း နားမျက်စိဖွင့်ပြီး ထောက်လှမ်းကြပါ။ ကျွန်တော့် အမိန့်ကို လူတိုင်းကြားသိနိုင်အောင် တဆင့်ဆင့် ပြောကြားလိုက်ကြပါ”

လင်းဟူစုန်း၏ စကားဆုံးသည်နှင့် ညဇီးကွက်နှင့် ကျူချန်းကျူးသည် လူစုလူဝေးကြီး ကြားသိနိုင်ရန် ထပ်ဆင့် ပြောလိုက်သည်။ လူစုများသည် လူအုပ်ခွဲပြီး ထွက်ခွာသွားကြလေသည်။

“ယဉ်ယဉ်ကို ရှာမတွေ့တာ ဆန်းတယ်၊ ဒီအတိုင်းဆိုရင် ရှောင်လင်ကျောင်းထိုင်ဆရာတော်တွေရဲ့ အနီးပါးမှာ ချုပ်နှောင်ထားတာပဲ ဖြစ်ရမယ်၊ ငါ ထပ်ရှာဖွေပြီး ကယ်တင်သင့်တယ်၊ တိတ်တဆိတ်ဝင်ရောက်ရမယ်ဆိုတော့ လူနည်းလေ ကောင်းလေပဲ”

ဤသို့ စဉ်းစားမိသောကြောင့် လင်းဟူစုန်းသည် မိမိလက်မှ ရတနာဓားမြတ်ကို ပိုင်ရှင်သို့ ပြန်လည်ပေးအပ်လိုက်သည်။ လန်းဟုန်စုမှ်၊ ကျူချန်းကျူး၊ ညဇီးကွက်နှင့် အဘိုးကြီးတို့ကိုလည်း လမ်းခွဲကြရန် နှုတ်ဆက်စကားပြောသည်။

“ဆရာလင်းဟူစုန်း အခု လမ်းခွဲကြတော့ ဘယ်ကိုသွားဖို့ အစီအစဉ်ရှိလဲ”

ကျူချန်းကျူးက မေးသည်။

“ကျွန်တော် လောလောဆယ် ပြောမပြနိုင်တာကို ခွင့်လွှတ်ကြပါ၊ နောင်တစ်ချိန်ကျတော့မှ ပြောပြပါ့မယ်”

လင်းဟူစုန်း စကားကြောင့် ကျန်ရှိနေသူတွေက ဆက်လက်၍ မေးမြန်းခြင်း မပြုတော့ပဲ နှုတ်ဆက်၍ အသီးသီး ထွက်ခွာသွားကြသည်။

လင်းဟူစုန်းသည် ထွက်ခွာသွားကြသောလူများ အလှမ်းဝေးသို့ ရောက်တော့မှ နောက်ကြောင်းသို့ ပြန်လှည့်လာသည်။ ကျောက်ဖျာကြီးနှစ်ခုအကြား ချုံနွယ်များ ပိတ်ဖုံးနေသော ဂူအပေါက်မှ လိုဏ်ဂူအတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။

လင်းဟူစုန်း လိုဏ်ဂူလမ်းကြောင်းအတိုင်း အပြေးအလွှားလာခြေ၏။ တဘုမိုးဆရာတော်၏။ ရုပ်ထုရှိရာသို့ ရောက်သောအခါ လူသံအနည်းငယ် ကြားရသဖြင့် လင်းဟူစုန်းသည် တဘုမိုးဆရာတော်ကြီး၏ ရုပ်ထုကို မူလအတိုင်း နံရံကို မျက်နှာမူထားလိုက်သည်။ ထို့ကြောင့် ဂူပေါက်သည် အလိုလို ပြန်ပိတ်သွားလေသည်။

“ယဉ်ယဉ်အကြောင်းကို သိရဖို့ တိတ်တဆိတ် ချောင်းနားထောင်မှ ဖြစ်မယ်”

ဤသို့ စဉ်းစားမိသောအခါ လင်းဟူစုန်းသည် မိမိအား ဂုမ်းစင်းဆရာတော်ကြီးက ရှောင်လင်ကျောင်းထိုင်ဆရာတော် ဂုမ်းသိမ့်၏ အဆောင်သို့ ခေါ်ဆောင်သွားဖူးသည်ကို ပြန်ပြောင်းတွေးမိသည်။ ကျောင်းထိုင်ဆရာတော်ကြီး၏ ကျောင်းဆောင်ကို ရှာဖွေရန် စိတ်ကူးမိ၏။ ထို့ကြောင့် လင်းဟူစုန်းသည် ဟာ့မိုးဆရာတော်ကြီး ရုပ်ထုထားရှိသည့်အဆောင်မှ အသာအယာပုန်းကွယ်ရင်း ပြေးထွက်ခဲ့သည်။

ဤစကားများကို ထောက်ထားခြင်းအားဖြင့် ရှောင်လင်ကျောင်းတိုက်မှ ဘုန်းကြီးတစ်ပါးနှင့် ရှောင်လင်ကျောင်းတိုက်မှ ခြံစောင့်ကြီးထားသဖြင့် ရောက်ရှိလာသော လူစွမ်းကောင်းများကားပြောဆိုနေကြခြင်း ဖြစ်မည်ဟု လင်းဟူစုန်း မှန်းဆမိသည်။

"တကယ်လို့ လျှို့ဝှက်လိုဏ်ခေါင်းရှိရင် ကျုပ် မသိပေမဲ့ ကျောင်းထိုင်ဆရာတော်ကတော့ သိမှာပေါ့၊ ဒီတော့ ကြိုတင် ဘာကွယ်မှု လုပ်ထားမှပဲ"

ဤစကားဆုံးသည်နှင့် လူတစ်ယောက်၏ ရယ်မောသံ ကြားလိုက်ရပြီး ...

"ဘယ်သူလဲ ထွက်ခဲ့စမ်း"

လင်းဟူစုန်းသည် မိမိကို မြင်သွားပြီဟု ထိတ်လန့်သွားခဲ့သည်။ ထိုအခိုက် တစ်ဖက်ကျောင်းဆောင်တစ်ခု၏ ဆိုင်းဘုတ်အောက်မှ လူတစ်ယောက်၏ တဟားဟား ရယ်မောသံ ထွက်ပေါ်လာသည်။

"ဟား ... ဟား ... ဟား ငါက အသက်ရှူတစ်ချက်ပြင်းသွားပြီး မြူမုန်ကလေး လွင့်သွားရုံနဲ့ မင်းတို့က သိသွားတယ်ဆိုတော့ အေး ... မင်းတို့ရဲ့အစွမ်းအစကလဲ မဆိုးပါဘူး"

အသံရှင်သည် ရှုန်းဝံ့ထျန်း ဖြစ်နေ၍ လင်းဟူစုန်း အံ့အားသင့်သည်သာ ဝမ်းလည်းသာ ဖြစ်နေ၏။ လင်းဟူစုန်းသည် ဆိုင်းဘုတ်အောက်မှ ခေါင်းပြူပြီး ကြည့်လိုက်သည်။ လူရိပ်နှစ်ခု လွှားခနဲ ခုန်ဆင်းလိုက်သည်ကို လင်းဟူစုန်းက တွေ့လိုက်၏။ လူကြီးမှ အလန့်တကြား အာမေဋိတ်သံများ ထွက်ပေါ်လာလေ၏။

ရှောင်လင်ကျောင်းတိုက်သည် ကျယ်ဝန်းလှပြီး အဆောက်အအုံသည် အလွန်များပြားလှသည်။

ထိုအခိုက် လူသံများ နီးကပ်လာသောကြောင့် အနီးရှိ ကျောင်းတိုက်တစ်ခုသို့ ခိုဝင်လိုက်ရ၏။ အေးရပ်ငြိမ်ဟု စာတန်းရေးထိုးထားသည့် ခေါင်းစည်းဆိုင်းဘုတ်ကြီးအောက်သို့ ခုန်တက်၍ ပုန်းခိုနေလိုက်သည်။

"ဒီလူတွေရဲ့ အစွမ်းအစ မဆိုးပါဘူး၊ ကျွန်တော်တို့ ဒီလောက် လုံလုံခြုံခြုံ ဝိုင်းထားတာတောင် ထွက်ပြေးလွတ်မြောက်သွားနိုင်တယ်"

နောက်ထပ် အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"ကြည့်ရတာ ရှောင်လင်ကျောင်းတိုက်က တောင်ခြေအောက်ကို အရောက်ဆင်းနိုင်တဲ့ လိုဏ်ခေါင်းရှိပုံ ရတယ်၊ မရှိရင် ဒီလူတွေ တိတ်တဆိတ် ဒီကနေ ထွက်ခွာသွားနိုင်စရာ အကြောင်းမရှိဘူး"

နောက်ထပ် အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"လျှို့ဝှက်လိုဏ်ခေါင်းတော့ မရှိနိုင်ဘူး၊ ကျုပ်က ရှောင်လင်ကျောင်းမှာ သက်နှံးဝတ်ခဲ့တာ နှစ်ပေါင်း တော်တော်ကြာပြီ၊ တစ်ခါမှ တောင်ခြေကိုရောက်နိုင်တဲ့ လျှို့ဝှက်ဥမင်လိုဏ်ခေါင်း ရှိတာ မကြားဖူးဘူး"

ပထမဆုံးအသံက ထွက်ပေါ်လာပြန်သည်။

"လျှို့ဝှက်လိုဏ်ခေါင်းဆိုတော့ တော်ရုံတန်ရုံလူ ဘယ်သိနိုင်ပါ့မလဲ"

"အိုး"

"ဟာ"

"ဟင်"

တစ်ယောက်က ထောင်ထောင်မောင်းမောင်းနှင့် လင့်ဝေါစိမ်ဖြစ်ပြီး ကျန်တစ်ယောက်မှာ ရှန်းဝံ့ကျန်းပင် ဖြစ်လေသည်။ လင့်ဝေါစိမ်နှင့် ရှန်းဝံ့ထျန်းတို့နှစ်ယောက် ထိုလူအုပ်ကြီးကြားထဲ ရောက်ရှိသွားသည့် အခိုက်အတန့်ကလေးအတွင်း လူငါးယောက်မှောက်လဲကာ သုံးယောက်ပက်လက်လန်သွားသည်။ ထိုလူရှစ်ယောက်သည် မလှုပ်မယှက် ငြိမ်သက်သွားသောကြောင့် အသက်ထွက်သွားကြပြီဖြစ်ကြောင်း လင်းဟူစုန်း ခန့်မှန်းမိ၏။

လင့်ဝေါစိမ် တစ်ချက်ပြုံးလိုက်ပြီး ...

"သမီး ဆင်းခဲ့တော့"

အနောက်ဘက်ခြမ်း ဆိုင်းဘုတ်တိုစ်ခုနောက်မှ လူရိပ်တစ်ခု ဆင်းလာသည်။ ထိုဆင်းလာသူသည် မိမိနှင့် ရက်ပေါင်းတာရှည်စွာ ခွဲခွာသွားသော ယဉ်ယဉ်ပင် ဖြစ်နေသည်။

လင်းဟူစုန်းသည်လည်း ဆိုင်းဘုတ်နောက်မှ ခုန်ထွက်ဆင်းလိုက်သည်။ ရုတ်တရက် လင့်ဝေါစိမ်က သူ့ဘက်သို့ လက်ခါပြသည်ကို လင်းဟူစုန်း တွေ့မြင်လိုက်ရ၍ ကိုယ်ရှိန်သတ်လိုက်၏။

နောက်ထပ် ခြေသံများကြားရပြီး လူအုပ်တစ်အုပ် ရောက်ရှိလာသည်။ လင်းဟူစုန်း သွားမြင်လိုက်ရပြန်သည်။ မိမိဆရာယဲ့ပို့ချင်နှင့် ဆရာတော်အပြင် ကျောင်းထိုင်ဆရာတော်ကြီး ဝှမ်းသိမ့်

လူစွမ်းကောင်း အမြောက်အမြား ပါဝင်နေ၏။ လင်းဟူစုန်းသည် ခြံဆဲတွင် ထိတ်လန့်သွားပြီး နောက်ထပ် ခေါင်းပြူမကြည့်ဝံ့တော့ပဲ ဆိုင်းဘုတ်နောက်တွင် ဆက်လက်ပုန်းနေ၏။

ကျောင်းထိုင်ဆရာတော် ဝှမ်းသိမ့်၏အသံ ထွက်ပေါ်လာသည်။

"ဒကာတို့သုံးဦးရဲ့ လက်ချက်က အလွန်ထက်မြက်ပါလား၊ ဒါယိကာမလေးလဲ ရှောင်လင်ကျောင်းတိုက်က ထွက်ခွာသွားပြီးမှ ဘာအကြောင်းနဲ့ ပြန်ရောက်နေတာလဲ"

"တပည့်တော် ပြန်ရောက်ရှိလာရတဲ့အကြောင်းကတော့ ဆရာတော်ရဲ့ သြဝါဒကို နာခံဖို့ပါပဲ"

"ဒါယိကာမလေး ပြောတဲ့စကားရဲ့ အနက်အဓိပ္ပာယ်ကို ကျုပ် သဘောမပေါက်ဘူး၊ ဒီဒကာကြီးနှစ်ယောက်ကတော့ သစ်ကနက်တောင်ထိပ်ရဲ့ မြင့်မားတဲ့ပုဂ္ဂိုလ်တွေပဲ ဖြစ်မယ်ထင်တယ်၊ အကြောင်းမတိုက်ဆိုင်လို့ ကျုပ်နဲ့ မဆုံခဲ့ရဖူးဘူး၊ ဒါပေမဲ့ ရှောင်လင်ကျောင်းတိုက်ကို ရောက်ရှိလာသူဆိုတော့ ဧည့်သည်ပဲဆိုပါစော့၊ ကဲ ... ထိုင်ပြီး စကားပြောကြပါ"

ဆရာတော်ကြီး၏ စကားကို ကြားရသောအခါ လင်းဟူစုန်းသည် ဆရာတော်ကြီးကို ကြည်ညိုသည်ထက် ကြည်ညိုလာမိ၏။

"ကျောင်းထိုင်ဆရာတော်ကြီးဟာ တကယ့်ကို သဘောထားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ပဲ၊ ရှောင်လင်ကျောင်းတိုက်ကို လာရောက်ဘိုက်ခိုက်ပြီး သူ့တပည့်တွေကို သတ်ဖြတ်သွားတဲ့ရန်သူကို မိတ်ဆွေ

လိုသောထားပြီး သိမ်သိမ်မွေ့မွေ့နဲ့ ဆက်ဆံပြောဆို နေနိုင်ပါလား"

လင်းဟူစုန်းက ဆရာတော်ကြီးကို စိတ်ထဲမှ ကြိတ်၍ ချီးမွမ်းနေမိချိန်တွင် ရှုန်းဝံ့ထျန်း၏ စကားသံ ထွက်ပေါ်လာ၏။

"ဒီပုဂ္ဂိုလ်ကြီးကတော့ သူရိန်မျက်နှာမူဂိုဏ်းက ဂိုဏ်းချုပ် လင့်ဝေါစိမ် ဖြစ်တယ်၊ တပည့်တော်ကတော့ ရှုန်းဝံ့ထျန်း ဖြစ်ပါတယ်"

အဆောင်ထဲရှိသူများသည် လင့်ဝေါစိမ်နှင့် ရှုန်ဝံ့ထျန်း၏ အမည်ကို ကြားဖူးရုံသာရှိပြီး မြင်ဖူးခြင်းမရှိချေ။ ရှုန်းဝံ့ထျန်းက မိမိတို့ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သော အခါ ယဲ့ပို့ချင်နှင့် အနီးအပါးရှိသူများသည် ထိတ်လန့်သွားကြသည်။ သို့သော် မိမိတို့ ထိတ်လန့်ခြင်းကို ဟန်ဆောင်ကာ ဖုံးကွယ်ထားကြ၏။

"လက်စသတ်တော့ ဂိုဏ်းချုပ်လင့်ဝေါစိမ်နဲ့ ဘယ်လက်ရုံးကြီးတို့ကိုး၊ ရှောင်လင်ကျောင်းတိုက်ကို ရောက်ရှိလာတာဟာ မဂ်လာပါ၊ ဒကာကြီးတို့နှစ်ယောက်က ဘယ်လိုဆန္ဒ ရှိကြပါသလဲ"

"တပည့်တော်က သိုင်းလောကမှာ တော်တော်ကြာကြာ ပျောက်ကွယ်သွားတော့ သိုင်းလောကနဲ့ မျက်ခြည်ပြတ်ခဲ့ပါတယ်၊ ခုရောက်နေကြတဲ့ နောက်ပေါက်ကလေးတွေက ဘယ်သူပါလဲ"

"ကျုပ်က ခု ဝူတန်းဂိုဏ်းချုပ်အဖြစ် တာဝန်ယူနေတယ်၊ လင့်ဝေါစိမ် သိုင်းလောကထဲက ပျောက်ကွယ်သွားပြီးမှ ကျုပ်က ဂိုဏ်းချုပ်ဖြစ်လာရတော့ နောက်ပေါက်ဆိုရင်လဲ ဆိုနိုင်ပါတယ်"

လင်းဟူစုန်းသည် ထိုအသံကို ကြားဖူးသယောင်ယောင် ရှိသောကြောင့် ခေါင်းပြုပြီး ကြည့်မိသည်။ ဝူတန်းတောင်ခြေတွင် ခြင်းစီးလာသည့် အဘိုးကြီးဖြစ်၍ လင်းဟူစုန်းသည် အားတက်မိပြီး တွေးတောလိုက်ပြန်သည်။

"သိုင်းလောကတစ်ခွင်မှာ ရှောင်လင်ကျောင်းတိုက်ဟာ အထွတ်အထိပ် ဖြစ်တယ်၊ ရှောင်လင်ကျောင်းတိုက်ကို ရင်ဘောင်တန်းနိုင်၏တာ ဝူတန်းအဖွဲ့ပဲ ရှိတယ်၊ ငါက ဝူတန်းဂိုဏ်းချုပ်ကိုတောင် ဓားရေးယှဉ်လို့ အနိုင်ရတယ်ဆိုတော့ ဂုဏ်ယူစရာပဲ"

ဤအချိန်တွင် လင့်ဝေါစိမ်၏ အသံထွက်ပေါ်လာပြန်သည်။

"ဒီဂိုဏ်းချုပ် လျှိုလိန်းရှန်နဲ့ ယခင် တစ်ချိန်တုန်းက ဆုံဖူးပါတယ်၊ ယခု ကျိုလိန်းရှန်းက ယခင်က လျှိုလိန်းရှန်းထက် ပြည်မြင့်မားလာပြီလို့ ထင်ပါတယ်"

လင်းဟူစုန်းသည် စုန်းစမ်းအဖွဲ့မှ ဂိုဏ်းချုပ် ကျိုလိန်းရှန်းပါ ရောက်ရှိနေကြောင်း ကြားသိရသောကြောင့် အံ့အားသင့်သွားပြန်၏။

"ဆရာကြီး လင့်ဝေါစိမ် သိုင်းလောကထဲ ပြန်ဝင်ရောက်လာတာ ဝမ်းသာစရာကောင်းပါတယ်၊ စုန်းစမ်းအဖွဲ့ရဲ့ သိုင်းပညာရပ်ကို ကျွန်တော် အသုံးမပြုရတာ ဆယ်နှစ်ကျော်တောင် ကြာသွားပြီ"

"ကျုပ် သိုင်းလောကထဲက ပျောက်သွားတာနဲ့ အစ်ကိုကြီး ကျိုလိန်းရှန်းနဲ့ လက်ဝါးချက်ချင်းဆိုင်မဲ့ လူတောင် မရှိတော့ဘူးဆိုတော့ အင်း ... တစ်နည်းအားဖြင့်ပြောရရင် ဂုဏ်ယူဝင့်ကြွားနေပေါ့"

"သိုင်းလောကမှာ ဆရာကြီး လင့်ဝေါစိမ်ကို ယှဉ်နိုင်သူ မရှိပါဘူး၊ ပြီးတော့ ဆရာတော်ကြီး ဝှမ်းသိမ့်နဲ့ ဂူတန်းဂိုဏ်းချုပ်လို သိက္ခာကြီးမြင့်သူတွေရှေ့မှောက်မှာ ဆရာကြီး လင့်ဝေါစိမ် ကျွန်တော့်ကို အကြောင်းရှာပြီး ဆုံးမမယ် မထင်ဘူးလေ"

"အင်း ... ကောင်းပါတယ်၊ နောင်တစ်ချိန်မှာ ပြန်တွေ့ကြရင် အစ်ကိုကြီး ကျိုလိန်းရှန်း ဆန်းစစ်တီထွင်ထားတဲ့ တိုက်ကွက် တိုကချက်ကလေးတွေကို စမ်းကြည့်ကြတာပေါ့"

"ဒါကတော့ ဆရာကြီး လင့်ဝေါစိမ် ဝါသနာ မကုန်သေးဘူး ဆိုရင် ကျွန်တော်လဲ လိုက်လျောရမှာပေါ့"

လင်းဟူစုန်း ကြားရသည့်စကားအရ ဆရာကြီး လင့်ဝေါစိမ်နှင့် စုန်းစမ်းဂိုဏ်းချုပ် ကျိုလိန်းရှန်းတို့နှစ်ယောက်သည် တစ်ချိန်က တွေ့ဆုံယှဉ်ပြိုင်ခဲ့ပြီး ဖြစ်သည်။ သို့သော် မည်သူက ရှုံးခဲ့ မည်သူက အနိုင်ရရှိသည်ကိုတော့ မဝေခွဲတတ်ချေ။

ဆရာတော်ကြီး ဝှမ်းစင်းက လင့်ဝေါစိမ်နှင့် ရောက်ရှိလာသူများကို မိတ်ဆက်ပေးလိုက်သည်။

"ဒါကတော့ ထိုက်စမ်းဂိုဏ်းချုပ် ထျန်းမင်း၊ ဒါကတော့ ဝှမ်းစင်းဂိုဏ်းချုပ် ယဲ့ပို့ချွင်၊ ဒါကတော့ အချိန်က အလွန်နာမည် ကျော်ခဲ့တဲ့ ယဲ့ပို့ချွင်ကတော် လင်းကျုံးချဲပဲ၊ ဒကာကြီး လင့်ဝေါစိမ်လဲ ကြားဖူးမှာပေါ့"

လင့်ဝေါစိမ် တဟားဟား ရယ်မောလိုက်ပြန်သည်။

"မှန်ပါ မိန်းမလူစွမ်းကောင်းဖြစ်တဲ့ လင်းကျုံးချဲကိုတော့ တပည့်တော် သိပါတယ်၊ ဘာလဲ ဂိုဏ်းချုပ် ယဲ့ပို့ချွင် ဟုတ်လား ကြားတောင် မကြားလိုက်မိပါဘူး"

"ကျွန်တော်က နောက်ပေါက်တစ်ယောက်ဖြစ်တော့ ကျွန်တော့်နာမည်ကို ဆရာကြီး လင့်ဝေါစိမ် ကြားဖူးမယ် မထင်ပါဘူး"

"ဒါထက် ဆရာကြီး ယဲ့ပို့ချွင်ခင်ဗျာ ကျုပ် လူတစ်ယောက်ကို ခံစမ်းကြည့်ချင်တယ်၊ သူ ဘယ်ရောက်နေမှန်း မသိဘူး၊ သိသမဲ့ သူ့ကို ဝှာစမ်းအဖွဲ့သား လို့တော့ သိရတာပဲ"

"ဆရာကြီး လင့်ဝေါစိမ် ဘယ်သူ့ကို ပြောတာလဲ"

"သစ္စာသမာဓိရှိပြီး သိုင်းပညာကောာ စိတ်ကူးစိတ်သန်းပါ လွန်းထက်မြက်တယ်၊ လူလောကမှာ ရှားပါးတဲ့ လူတစ်ယောက် ကြောင်တောင်ကန်းနေကြတဲ့လူတွေက သူ့အရည်အသွေးကို မြင်ကြဘူး၊ ပြီးတော့ သူ့ကိုလည်း မနာလိုကြဘူး၊ ကျုပ်ကတော့ သူ့ကို မြင်မြင်ချင်း ချစ်ခင်သွားတာနဲ့ ကျုပ်သမီးနဲ့တောင် ထပ်ဆက်ပေးဖို့ ရည်ရွယ်ထားတယ်"

လင့်ဝေါစိမ်၏စကားကြောင့် လင်းဟူစုန်း၏ နှလုံးခုန်သံ သည် အလွန်မြင့်မားတက်သွားလေသည်။

"ဒီသူငယ်က အရွယ်နဲ့မလိုက်အောင် သစ္စာမေတ္တာ ထားတတ်တယ်၊ သဘောထားလည်း ပြည့်ဝတယ်၊ ကျုပ်သမီး ရောင်လင်ကျောင်းတိုက်မှာ အချုပ်ခံနေရတာကြားတော့ သူဟာ သိုင်းလောကတစ်ခွင်က လူစွမ်းကောင်းတွေကို ထောင်နဲ့ချီ ခေါ်တယ်၊ ပြီးတော့ ကျုပ်သမီးကို ကြိုဆိုရအောင် ရောင်လင် ကျောင်းတိုက်ကို ရောက်လာခဲ့တယ်၊ ဒါပေမဲ့ မမျှော်လင့်ပဲ ကြုံတရက် ပျောက်ကွယ်သွားတော့ ယောကျ်မလောင်းဖြစ်တဲ့ ကျုပ်ဟာ စိတ်ပူလို့ ခင်ဗျားတို့ကို စုံစမ်းကြည့်တာပဲ"

ယဲ့ပို့ချင် ချက်ချင်း မျက်နှာပျက်သွား၏။

"ဆရာကြီး လင့်ဝေါစိမ်ပြောတဲ့လူဟာ ကျွန်တော်တို့ ဗုဒ္ဓစမ်းအဖွဲ့က နှင်ထုတ်ခံထားရတဲ့ လင်းဟူစုန်း မဟုတ်လား။ လင့်ဝေါစိမ်က တဟားဟား ရယ်မောလိုက်ပြန်သည်။

"ကျောက်မြက်ရတနာကောင်းကို ခင်ဗျားအမြင် လမ်းပေါ်က ကျောက်ခဲဆိုပြီး အမြင်လွဲနေတယ်၊ ခင်ဗျားက အမြင်ကျဉ်းမြောင်းလို့ တစ်မျိုးဖြစ်မေမဲ့ ကျုပ်အနေနဲ့ကတော့ သူ့ကို နှစ်သက်မြတ်နိုးတယ်"

"မိန်းမသားတစ်ယောက်အတွက်နဲ့ သိုင်းလောက မတည်ကြည် မမှန်ကန်တဲ့လူတွေကို စုဆောင်းပြီး ရှောင်လင်ကျောင်းတိုက်ကို လာပြစ်မှားတယ်၊ တကယ်လို့ စုန်းစမ်းဂိုဏ်းချုပ် အစ်ကိုကြီး ကျိုလိန်းရှန်းကသာ ကြုံတင်စီစဉ်ပြီး ထောင်ချောက် ဆင်မထားရင် သမိုင်းဝင်အဆောက်အအုံဖြစ်တဲ့ ရှောင်လင်ကျောင်းတိုက်ကြီးဟာ ပျက်စီးသွားမှာပဲ၊ တစ်သက်မဟုတ်ဘူး၊ ဆယ်သက်ပြန်သေတာတောင် ဒီအပြစ်က ဖြေနိုင်စရာမရှိဘူး"

ရှန်းဝံထျန်းသည် ယဲ့ပို့ချင်၏စကားကို မကျေနပ်သော်ကြောင့် ဝင်ရောက်ပြီး ...

"ဆရာယဲ့ပို့ချင် ခင်ဗျား မဟုတ်တာတွေ ပြောနေပြီ၊ ညီတော်လေး လင်းဟူစုန်းဟာ ရှောင်လင်ကျောင်းတိုက်ကို ဖျက်ဆီးရအောင် လာတာမဟုတ်ဘူး၊ သူလာတာ ဝါးစိမ်းနတ်ဒေဝီကြီးဆိုဖို့ သက်သက်ပဲ၊ ရှောင်လင်ကျောင်းတိုက်ကို လုံးဝ မထိခိုက်ရဘူးဆိုပြီး သူ ဦးစီးခဲ့တဲ့လူတွေကို သူ မှာကြားခဲ့တာ စုံစမ်

ကြည့်ရင် သိနိုင်တယ်၊ ရှောင်လင်ကျောင်းတိုက်မှာ သူတို့လူစုကြီး ဆင်နေနဲ့တစ်ည နေသွားခဲ့ကြပေမဲ့ ဆန်တစ်စေ့ စားမသွားဘူး၊ ဆေးတစ်ပေါက် သောက်မသွားဘူး"

"ဟုတ်ပါတယ် ဒကာလေး လင်းဟူစုန်း ဦးစီးခဲ့တဲ့ သိုင်းလောက လူစုလူဝေးကြီး ရောက်ရှိခဲ့တော့ အလွန် စိုးရိမ်သွားမိပါတယ်၊ ဒါပေမဲ့ အဆိုးအကောင်း ရောနှောတဲ့ ဒီလူစုကြီးဟာ ရှောင်လင်ကျောင်းတိုက်ကို ဘာတစ်ခုမှ ပျက်စီးအောင် လုပ်မသွားဘူးဟာ ဒကာလေး လင်းဟူစုန်း ကြပ်မတ်မှုကောင်းလို့ပဲ ဆိုလို့ရတယ်၊ ဒကာလေး လင်းဟူစုန်းကို နောင်တစ်ချိန်တွေ့ရင် ကျွန်းတင်စကား ပြောကြားရမယ်"

"ကျုပ် သဘောမပေါက်တာကတော့ ဟင်စမ်းအဖွဲ့ရဲ့ ဆရာလေး သိမ့်ရှန်နဲ့ သိမ့်ယိတို့နှစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး ရှောင်လင်ကျောင်းတိုက်ထဲမှာ အနိစ္စ ရောက်သွားရတယ်ဆိုတဲ့ အချက်ပါပဲ ဒကာကြီး"

"ဆရာတော်ကြီးက ဘယ်လိုအမိန့်ရှိလိုက်တာပါလဲ၊ ဆရာလေး သိမ့်ရှန်နှင့် သိမ့်ယိတို့ဟာ ရှောင်လင်ကျောင်းတိုက်ထဲမှာ ကျယ်လွန်အနိစ္စ ရောကလ်သွားပြီလို့ ပြောတာလား ဘုရား"

ယဉ်ယဉ်က အထိတ်တလန့် ပြန်လည်လျှောက်ထားလိုက်သည်။

"ဟုတ်တယ် ဆရာလေး သိမ့်ရှန်နဲ့ သိမ့်ယိတို့ဟာ ရှောင်လင်ကျောင်းတိုက်ထဲမှာ ကွယ်လွန်အနိစ္စရောက်နေတယ်၊ သူတို့အနိစ္စရောက်ချိန်ဟာ သိုင်းလောကက မိတ်ဆွေတွေက ရှောင်လင်

ကျောင်းတိုက်ကို စုစည်းပြီး ရောက်ရှိချိန် ဖြစ်တယ်၊ ရန်သူတွေကို မခုခံနိုင်လို့ ကွယ်လွန်သွားရတယ်လို့ပဲ ထင်ရတာပဲ"

"တပည့်တော်မ အံ့အားသင့်မိပါတယ်ဘုရား၊ ဒီဆရာလေးနှစ်ပါးရဲ့ လျှောက်ထားတောင်းပန်ချက်ကြောင့် ဆရာတော်ကြီးက တပည့်တော်မကို အချုပ်က လွှတ်လိုက်တယ်လို့ ဆရာလေးနှစ်ပါးနဲ့ တွေ့တဲ့အချိန်မှာ ပြောပြပါတယ်"

ယဉ်ယဉ်၏စကားကြောင့် လင်းဟူစုန်း တွေးတောစဉ်းစားမိသည်။

ယဉ်ယဉ်၏ အသံက ဆက်လက် ပေါ်ပေါက်လာပြန်သည်။

"ဆရာလေး နှစ်ပါးက တပည့်တော်မကို ခေါ်ဆောင်သွားပြီး ထွက်ခွာသွားကြပါတယ်၊ သုံးရက်လောက်ကြာပြီးတော့ သတင်းတစ်ခု ကြားရတာက ဆရာလင်းဟူစုန်းဟာ သိုင်းလောကတစ်ခွင်က လူစွမ်းကောင်းတွေစုပြီး တပည့်တော်မကို ရှောင်လင်ကျောင်းတိုက်ထဲမှာ လာရှာတယ်လို့ ကြားရပါတယ်၊ ဆရာလေးနှစ်ပါးကလဲ အလွန် စိုးစိမ်သွားကြပါတယ်၊ တို့တစ်တွေ လူစုပြီး အချိန်မီ တားဆီးနိုင်မှ ဖြစ်မယ်လို့ တပည့်တော်မကို ပြောပါတယ်၊ အဲဒီညမှာပဲ သိုင်းလောကက မိတ်ဆွေတစ်ယောက်နဲ့တွေ့တော့ ဆယ်နှစ်လ ဆယ့်ငါးရက်နေ့မှာ ရှောင်လင်ကျောင်းတိုက်မှာ စုရုံးကြမယ်ဆိုတာ ကြားသိရခဲ့ပါတယ်၊

ဆရာလေးနှစ်ပါးက တပည့်တော်မကို ဆရာလင်းဟူစုန်းရဲ့ အမြန်သွားတွေ့ဖို့ စေလွှတ်လို့ တပည့်တော်မ ခရီးထွက်သွားတဲ့

တယ်၊ ဆရာလေးနှစ်ပါးက ရှောင်လင်ကျောင်းတိုက်ကို အကာအကွယ်ပေးဖို့ တပည့်တော်မနဲ့လမ်းခွဲပြီး ရှောင်လင်ကျောင်းတိုက်ပြန်တက်ခဲ့ပါတယ် ဘုရား"

"သာဓု ... သာဓု ... သာဓု ... ရှောင်လင်ကျောင်းတိုက်မော်ကွားရှိတဲ့ ဆရာလေးနှစ်ပါးရဲ့ မေတ္တာစေတနာကို ကျေးဇူးတင်ပါတယ်၊ ရှောင်လင်ကျောင်းတိုက်မှာ အရေးကြုံတုန်း လာရောက်အကာအကွယ်ပေးကြတဲ့အတွက် အလွန်ပဲ ကျေးဇူးတင်ပါတယ်၊ သိုင်းလောကက ဆရာလေးနှစ်ပါး ပျောက်ကွယ်သွားတာကို အလွန် နမြောမိပါတယ်"

"တပည့်တော်မကလည်း ရန်သူ့ အဖမ်းအချုပ်ကို ခံလိုက်ရလို့ ဆရာလင်းဟူစုန်းနဲ့ လွဲကုန်ပါတယ်၊ ဖေဖေနဲ့ ဦးလေးရှန်းဝံ့ထျန်းတို့ အချိန်မီ ရောက်ရှိပြီး ကယ်ဆယ်လို့ လွတ်ခဲ့တာပါဘုရား၊ တပည့်တော်မကို ရှောင်လင်ကျောင်းတိုက်ကို ပြန်ရောက်ခဲ့ကာပါဘုရား၊ တပည့်တော်မတို့ ရှောင်လင်ကျောင်းတိုက်ကို ပြန်ရောက်ခဲ့တာ နာရီပိုင်းလောက်ပဲ ရှိပါသေးတယ်၊ တပည့်တော်မတို့ ပြန်ရောက်တော့ သိုင်းလောက မိတ်ဆွေတွေလဲ ထွက်ခွာသွားကြပြီ၊ ဆရာလေး သိမ့်ရှန်နဲ့ ဆရာလေး သိမ့်ယိတို့က ကွယ်လွန်အနိစ္စရောက်သွားကြောင်းကို ဆရာတော် ခု အမိန့်ရှိမှပဲ ကြားသိရပါတယ်၊

ဖေဖေနဲ့ ဦးလေးရှန်းဝံ့ထျန်းတို့က ဆရာလေးနှစ်ပါးနဲ့ အဆင်မပြေဖြစ်ရင်တောင် တပည့်တော်မက ဝင်ရောက်တားဆီးပါဘုရား"

အင်း ... အပြုအမူနဲ့ အပြောအဆိုဟာ လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တကို ပေါ်စေတတ်တာပဲ"

ရှန်းဝံ့ထူန်းနှင့် ရီစန်းဟိုင် အငြင်းအခုန်ဖြစ်နေကြစဉ် ဆရာတော်ကြီး ဝှမ်းသိမ့်က ကြားဝင်ပြီး ...

"ဟင်စမ်းအဖွဲ့က ဆရာလေးနှစ်ပါး ဘယ်သူ့လက်ချက်နဲ့ အသက်ထွက်သွားရတယ်ဆိုတာကို ဒကာလင်းဟူစုန်းနဲ့တွေ့ရင် မေးကြည့်ရမယ်၊ သူ သိနိုင်ပါမှာပါ၊ ဒကာကြီးတို့သုံးယောက်က ချောင်လင်ကျောင်းတိုက်ကို ရောက်ခဲ့ပြီး လူရှစ်ယောက်ကို ရက်ရက်စက်စက် သတ်လိုက်တဲ့ လိုရင်းချက်က ဘာလဲ"

"လင့်ဝေါစိမ်က ပြိုးရယ်လိုက်ပြီး ...

"တပည့်တော် သိုင်းလောကတစ်ခွင်မှာ သွားလာဝင်ထွက်နေတာ ဘယ်သူမှ မလေးမစား မပြုဝံ့ဘူး၊ အခု စော်ကားတဲ့သဘောနဲ့ အော်ပြီးရယ်တယ်၊ ဒါကြောင့် တပည့်တော်က ချောင်းမှန်းကန်မှန်းသိအောင် ဆုံးမလိုက်တာပါ"

"အော်ပြီး ရယ်ရုံကလေးနဲ့ သူ့အသက်ကို သတ်တာဟာ ကြမ်းကြုတ်ရက်စက်ရာ မကျဘူးလား ဒကာကြီး"

ရှန်းဝံ့ထူန်းက ရယ်မောလိုက်ပြန်သည်။

"ဆရာတော်ကြီးအနေနဲ့တော့ လွန်တယ်လို့ ယူဆရမှာပဲ၊ တပည့်တော် တောင်းပန်ပါတယ်၊ တပည့်တော်ရဲ့ သမီးလေးကို ဒဏ်မပေးတဲ့အတွက် တပည့်တော် ကျေးဇူးတင်ပါတယ်၊ ပြီးခဲ့တဲ့အဖြစ်ကိုတော့ ဆက်လက်ငြင်းခုန်မဲ့အစား ကျေးလိုက်တာ ကောင်းပါတယ်"

"အင်း ... တကာမလေး ပြောတဲ့စကားဟာ နည်းလမ်း
ပါတယ်"

"ကုမ္ပာဏီအဖွဲ့ရဲ့ အပြုအမူဟာ လူတကာနဲ့ မတူပါဘူး
သူများက ကျေးဇူးရှိရင် ကျေးဇူးပြန်ဆပ်တယ်၊ ကုမ္ပာဏီအဖွဲ့
ကတော့ ကျေးဇူးရှိရင် ကျေးစွပ်တယ်"

စိမ်းကားအဖွဲ့ချုပ် ရီစန်းဟိုင်က ကြားဝင်ပြောလိုက်သည်

"အဲ့ဩစ္ဆရာကောင်းပါတယ် စိမ်းကားဂိုဏ်းချုပ် ရီစန်း
က ဘယ်အချိန်က သူရိန်မျက်နှာမူဂိုဏ်းထဲဝင်ပြီး တပည့်ခံလို့
လို့လဲ"

ရှန်းဝံ့ထျန်းက ရီစန်းဟိုင်ကို မေး၏။ ရီစန်းဟိုင်သ
အလွန် ဒေါသထွက်သွားလေသည်။

"ဘယ်တုန်းက ကျုပ်ဟာ သူရိန်မျက်နှာမူဂိုဏ်းကို ဝင်တ
လို့ ပြောလို့လဲ"

"ခင်ဗျားပဲ ပြောတယ် မဟုတ်လား၊ သူရိန်မျက်
ဂိုဏ်းက ကျေးဇူးရှိရင် ကျေးစွပ်တယ်လို့၊ ခင်ဗျားက ကျေး
ရင် ကျေးစွပ်တဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာ သိုင်းလော
တစ်ခွင်မှာ လူတိုင်းသိပြီးသား ဖြစ်တယ်၊ ဒါကြောင့်မို့ ကျွန်တော်
အဖွဲ့သား အလိုလို ဖြစ်သွားတယ်၊ ကြိုဆိုပါတယ် ဟဲဟဲ

ရီစန်းဟိုင်သည် အလွန် ဒေါသထွက်သွား၏။

"ခင်ဗျား ပါးစပ်က အရမ်းမပြောနဲ့"

"ကျုပ်က ကြိုဆိုပါတယ်လို့ ကျေးဇူးတင်ဖို့ကောင်းတဲ့
ကို ပြောတာ၊ ခင်ဗျားက ခုလက်ငင်း ချက်ချင်း ကျေးစွပ်

ရီစန်းဟိုင် ဒေါသတကြီး ဖြတ်ပြောပြန်သည်။

"ခင်ဗျားက ... ခင်ဗျားက"

"ဒကာကြီးက ကျေးဇူးချင်တာကတော့ လွယ်ပါတယ် ဒါပေမဲ့ လူရွှစ်ယောက်က သေဆုံးနေတော့ ဒီကိစ္စကို ဘယ်လို ဖြေရှင်းမလဲ"

"ဒါကိုတော့ ဖြေရှင်းစရာတောင် မလိုပါဘူး၊ သူရိန်မျက်နှာ ဂိုဏ်းထဲမှာလည်း ဂိုဏ်းသားတွေ ရှိတာပဲ၊ သူတို့ အစွမ်းအ တယ်ဆိုရင် သူရိန်မျက်နှာမူ ဂိုဏ်းသားရွှစ်ယောက်ကို ရန်ကြေ ဆပ်ရုံပဲ ရှိပါတယ်"

"အသက်တစ်ချောင်းဟာ တန်းဖိုးရှိပါတယ်၊ ခု သေ သွားတဲ့ လူရွှစ်ယောက်ထဲမှာ ဒကာကြီး ရီစန်းဟိုင်ရဲ့ တပည် နှစ်ယောက်ပါသွားတယ်၊ ဒကာကြီး ရီစန်းဟိုင်ရဲ့ သဘော ဘယ်လိုရှိသလဲ"

"ဒီရွှစ်ယောက်ကိုသတ်တာ တပည့်တော် သတ်တာပါ၊ တပည့်တော်က လူများစုနဲ့ဝိုင်းပြီး ပြန်သတ်မယ်ဆိုတဲ့ သဘောလ ဘုရား"

"ဒီလိုလည်း မပြောချင်ပါဘူး၊ ဒကာကြီး သိုင်းလော ထဲကို ပြန်ဝင်တော့ လူတွေ ဒုက္ခတွေ့ကြရတယ်၊ ဒကာကြီးအနေ အကုသိုလ်အလုပ်တွေကို ဆက်လုပ်ဖို့ မကောင်းတော့ပါဘူ တရားအားထုတ်ပြီး ရှောင်လင်ကျောင်းတိုက်မှာပဲ အမြဲနေ မသင့်တော်ပေဘူးလား"

လင့်ဝေါစိမ်သည် ခေါင်းကို တဆိတ်ဆိတ်ညိတ်ပြီး တဖ ဟား ရယ်မောသည်။

"သိပ်ကောင်းပါတယ် ဘုရား၊ ဆရာတော်ကြီးရဲ့ စေတနာ မေတ္တာက အလွန် မွန်မြတ်ပါတယ်"

ဒကာမလေး ရှောင်လင်ကျောင်းတိုက်မှာနေစဉ်က ကျောင်း တိုက်က ကိုယ်တော်တွေကလည်း အရေးတယူ ရှိပါတယ်၊ အစားအသောက်ကအစ မချို့တဲ့ရပါဘူး၊ ဒကာမလေးကို ရှောင် လင်ကျောင်းတိုက်မှာ နေခိုင်းတာဟာ ရှောင်လင်အဖွဲ့က တပည့် လေးကို သတ်သွားလို့ မဟုတ်ပါဘူး၊ ရန်ကြွေးဆပ်တဲ့သဘော လည်း မဟုတ်ဘူး၊ ကျုပ်တို့က တရားအားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ရန်ငြိုးရန်ကြွေးတို့ဆိုတဲ့ ယုတ်ညံ့တဲ့စိတ်မျိုးတွေ လည်း မမွေးအပ်ဘူး၊ ဒကာမလေးရဲ့လက်ချက်နဲ့ သေသွားကြတဲ့ တပည့်လေးယောက်ဟာ သူကြမ္မာနဲ့သူ ဖြစ်လာတယ်လို့လည်း ယူဆလိုက်ပါတယ်၊ ဒကာမလေးဟာ အကုသိုလ်တွေများလို့ ကုသိုလ်မွားနိုင်အောင် ရှောင်လင်ကျောင်းတိုက်မှာ ထားရတာပါ"

"ဆရာတော်ကြီး တပည့်တော်ရဲ့သမီးကို ရှောင်လင်ကျောင်း တိုက်မှာ ချုပ်နှောင်ထားတာဟာ စေတနာ မေတ္တာအရ ဆိုပါတော့"

"ဟုတ်ပါတယ် ဒကာမလေးကိုယ်တိုင်က ဒကာလေး လင်းဟူစုန်းကို ကျောပိုးပြီး လာခဲ့တာပါ၊ ဒကာလေး လင်းဟူစုန်းရဲ့ အသက်ကို ကယ်ဆယ်ဖို့ လျှောက်တယ်၊ ပြီးတော့ သူ သတ်ခဲ့တဲ့ ကျုပ်တပည့်လေးယောက်ရဲ့အသက်ကို သူ့အသက်နဲ့ ပေးလျော် ပါတယ်လို့ လျှောက်တယ်၊ ကျုပ်က မလိုပါဘူးလို့ဆိုပြီး ရှောင်လင် ကျောင်းတိုက်မှာ တရားအားထုတ်နေဖို့ အမိန့်ချတယ်၊ ကျုပ်ရဲ့ အမိန့်မရပဲနဲ့ ရှောင်လင်ကျောင်းတိုက်က ထွက်ခွာမသွားဖို့ပြော

တော့ ဒကာမလေးကိုယ်တိုင် သဘောတူတယ်၊ ကျုပ်ပြောတာ ဟုတ်တယ်မဟုတ်လား ဒကာမလေး”

“တင့်ပါ့ဘုရား”

ဤစကားများကို ကြားရသောအခါ ယဉ်ယဉ်သည် မိမိ အသက်အတွက် သူ့အသက်ကိုပင် မငဲ့ကွက်ကြောင်း သိရသော ကြောင့် လင်းဟူစုန်း၏ ရင်ထဲတွင် နာကျင်စွာ လှုပ်ရှားသွားလေ တော့သည်။

“သြော် ... လက်စသတ်တော့ မေတ္တာတရား အလွန်ကြီးမား သကိုး၊ လင်းဟူစုန်းဆိုတဲ့ကောင်က လုံးဝ သိက္ခာမစောင့်စည်းတဲ့ လူတစ်ယောက်ပဲ၊ တစ်ချိန်က ချုစမ်းမြို့ရဲ့ ကျောက်စိမ်းစုဖိမ်ခန်းမှာ ပျော်ပါးနေတာကို ကျုပ်ကိုယ်တိုင် မြင်ခဲ့ရတယ်”

ရှန်းဝံ့ထျန်းက တဟားဟား ရယ်မောလိုက်သည်။

“ဂိုဏ်းချုပ် ရိစမ်းဟိုင်ကိုယ်တိုင် လူစွမ်းကောင်းလေး လင်းဟူစုန်းကို ကျောက်စိမ်းစုဖိမ်ခန်းမှာ မြင်ခဲ့ရတယ်ဆိုတာ သေချာရဲ့လား”

“မြင်လို့ မြင်တယ်ပြောတာပေါ့၊ ကျုပ် မျက်စိက ဒီလောက် မရှုန်းသေးပါဘူး”

“လက်စသတ်တော့ ခင်ဗျားလည်း ကျောက်စိမ်းစုဖိမ်နန်းရဲ့ ဖောက်သည်တစ်ဦးကိုး”

ရိစန်းဟိုင်သည် ဒေါသထွက်အောင် ဟစ်ဆဲရေးတိုင်းထွာ လိုက်သည်။ ရှန်းဝံ့ထျန်းကလည်းပြန်လည်ဆဲရေးတိုင်းထွာလိုက် သည်။

တည်ကြည်မှန်ကန်ပါသည်ဆိုသော သိုင်းလောကထဲမှ အဖွဲ့ များက ရိစန်းဟိုင်ကို မလိုမုန်းထားသူများဖြစ်သဖြင့် ရယ်မောကြ သည်။

“ဒကာကြီး လင့်ဝေါစိမ်၊ မင်းတို့သုံးယောက် ရှောင်လင် ကျောင်းတိုက်က ထွက်ခွာမသွားပဲ တရားအားထုတ်နေကြရင် ကောင်းပါတယ်၊ ဘယ်သူကမှ ရှုန်မမှုဖို့ ကျုပ်ကိုယ်တိုင် တာဝန် ယူပါတယ်၊ အားလုံးအတွက် ငြိမ်းအေးသွားမယ်၊ ရန်ငြိုးရန်စတွေ ကို ပပျောက်စေပြီး မိတ်ဆွေလို သဘောထားကြရင် ကောင်းမယ်”

“ဆရာတော်ကြီးရဲ့ စေတနာမေတ္တာကို တပည့်တော် လက်ခံ ဖို့ အလွန်ကောင်းပါတယ်ဘုရား”

“ဒကာကြီးက အကုသိုလ်စိတ်ကို စွန့်လွှတ်ပြီး သူတော် ကောင်းတရားကို ပွားများဖို့ စိတ်ပါလာပြီဆိုပါတော့”

“ဆရာတော်ကြီး ယူဆတာ မှားတော့မမှားပါဘူး ဒါပေမဲ့ တပည့်တော် ရှောင်လင်ကျောင်းတိုက်မှာ နေနိုင်ရင် ခြောက်နာရီ ထက် မပိုနိုင်ပါဘူး”

လက်စသတ်တော့ ဒကာကြီးက ကျုပ်ကို ရယ်မောစရာ လုပ်နေတာကိုး”

“ဒီသဘောမျိုး မဟုတ်ပါဘူး၊ လောကမှာ တပည့်တော် အထင်မသေးဝံ့တဲ့ လူသုံးဦးခွဲပဲ ရှိပါတယ်၊ အဲဒီသုံးဦးခွဲထဲမှာ ဆရာတော်တစ်ဦးလည်း ပါဝင်တယ်”

လင့်ဝေါစိမ်သည် တည်ကြည်လေးနက်စွာ ပြောလိုက်သော ကြောင့် လူတိုင်းက စိတ်ဝင်စားမိ၏။

"သာဓု ... သာဓု ... သာဓု"

"တပည့်တော် အထင်မသေးဝံ့တဲ့ ပုဂ္ဂိုလ်သုံးဦးခွဲကို ဆရာတော် သိချင်မယ်လို့ ထင်ပါတယ်"

လူအုပ်ကြီးကြားထဲမှ အသံတစ်သံ ထွက်ပေါ်လာခဲ့သည်။

"ဆရာကြီး လင့်ဝေါစိမ် လောကပေါ်မှာ ခင်ဗျား အထင်မသေးဝံ့တဲ့ ပုဂ္ဂိုလ်နှစ်ဦးခွဲက ဘယ်သူတွေလဲဗျ"

"ကျုပ်အနေနဲ့ လောကမှာ အမှုမဲ့ အမှတ်မဲ့ သဘောထားသင့်တဲ့လူနှစ်ယောက်မှာလည်း ခင်ဗျား မပါပါဘူး၊ တစ်ခုတော့ ရှိတယ်၊ နောက်ထပ် အနှစ်သုံးဆယ်လောက် သိုင်းပညာကို အပတ်တကုပ် ခင်ဗျား လေ့ကျင့်ပြီးတဲ့အချိန်မှာတော့ တစ္ဆေတဆောင်းလောက် အမှုထားလောက်တဲ့လူ ဖြစ်ကောင်းဖြစ်လာမယ်"

"ဒကာကြီးက ဘယ်သူဘယ်ဝါတွေကို အထင်မသေးဝံ့ဘူးလို့ ထုတ်ဖော်ပြမယ်ဆိုရင် ကြားသိရတာပေါ့လေ"

"ဆရာတော်ကြီးက သွေးကြော်ပြောင်း အတွင်းအားကျင့်စဉ်ကို အထွတ်အထိပ်ရောက်အောင် လေ့ကျင့်ခဲ့ပြီး ဖြစ်ပါတယ်၊ စိတ်သဘောနဲ့ မေတ္တာဂရုဏာပြည့်ဝပြီး တပည့်တော်လို မာန်မာနထောင်လွှားခြင်းမရှိပဲ တလူဖြစ်တဲ့အတွက် တပည့်တော် အထင်မသေးဝံ့ပါဘူး၊ ကြည်ညိုလေးစားပါတယ်"

"တပည့်တော် ဒုတိယ အထင်မသေးဝံ့တဲ့လူကတော့ လက်ရှိ သူရိန်မျက်နှာမူဂိုဏ်းရဲ့ ဂိုဏ်းချုပ် တုန်းဝမ်းပုပိုက်က တပည့်တော်ကဲ့သို့ အရည်အချင်းရှိပြီး တပည့်တော်ကိုတောင် ဂိုဏ်းချုပ်နေရာက ဖယ်ရှားပြီး မြေအောက်အချုပ်ခန်းထဲ သွင်းထား

နိုင်ခဲ့တယ်၊ တပည့်တော် အထင်မသေးဝံ့သလို သူ့ကို ချီးကျူးပါတယ်"

"အင်း ... ဒကာကြီးပြောတာ မှန်တယ်"

"တပည့်တော် တတိယ အထင်မသေးဝံ့ပဲ လေးစားရသူကတော့ ဂုဏ်စမ်းအဖွဲ့ရဲ့ ရှေးဆရာကြီးပါပဲ"

ဤစကားကို ကြားရသောအခါ လင်းကျုံးချဲသည် ဒေါသဆွက်သွားသည်။

"ဒါကတော့ သက်သက် ပြောင်းပြန်ပြောပြီး သရော်တာပဲ"

"ကျုပ် ချီးကျူးလေးစားတာကတော့ ဂုဏ်စမ်းအဖွဲ့ရဲ့ ရှေးဆရာကြီး ဖုန်းချင်းယန်ပဲ၊ သူ့ကိုပြောနေတာဟာ ဓားရေးကျွမ်းကျင်မှု သူ့ကို ကျုပ် ဘယ်လိုမှ မမှီနိုင်လို့ပဲ"

"ဘိုးတော် ဖုန်းချင်းယန်ဟာ ဓားရေးဦးစားပေးအဖွဲ့က ဖြစ်တယ်၊ ခင်ဗျားက အတွင်းအား ဦးစားပေးအဖွဲ့က ဖြစ်တယ်၊ ဆရာကြီး ဖုန်းချင်းယန်သာ လူလောကထဲမှာ ရှိနေသေးရင် ခင်ဗျားအဖို့ ဘယ်လိုလုပ်ပြီး ကုသိုလ်ထူးနိုင်မလဲ၊ ပြောစမ်းပါဦး"

ယဲ့ပို့ချွင်သည် လူအများရှေ့တွင် အစော်ကားခံလိုက်ရသောကြောင့် မျက်နှာဖြူဖပ်ဖြူရော့ ဖြစ်သွား၏။

"ကျွန်တော့်ပညာကလည်း နုပါသေးတယ်၊ တကယ်လို့ ဘိုးတော် ဖုန်းချင်းယန် ရှိသေးတယ်ဆိုရင် သူ့ရဲ့ ဩဝါဒကို ခံယူရမှာပေါ့၊ ဆရာကြီး လင့်ဝေါစိမ် ခင်ဗျားက သူ ဘယ်မှာရှိတယ်ဆိုတာကို တစ်ဆိတ်လောက် ပြောပြပါလား"

"ခင်ဗျားကိုတော့ ကျုပ် အမှုမဲ့ အမှတ်မဲ့ သဘောထားလို့ ဖြစ်ဘူး၊ ခင်ဗျားရဲ့ သိုင်းပညာကလည်း မြင့်မားသလောက် မြင့်မားပါတယ်၊ ပြီးတော့ အကြံလည်း ကြီးတယ်၊ ကျုပ်နဲ့ သဘောထားလေးတွေ ရှိတယ်၊ ခင်ဗျားက တောင်ငါးလုံးဂိုဏ်းချုပ်ရာထူးကို ရထားတယ်၊ ရှောင်လင်ကျောင်းဂိုဏ်းနဲ့ ဝူတန်းဂိုဏ်းကို ပခံချင်းယှဉ်နိုင်ဖို့ ကြိုးစားနေတယ်၊ ဒါပေမဲ့ ခိုးကြောင်ခိုးဝှက်နဲ့ ကောက်ကျစ်တာကတော့ လူစွမ်းကောင်း မပီသဘူး"

"ခင်ဗျားက ဝေ့လည်ကြောင်ပတ် စကားတွေပြောပြီး ညာသားပါပါနဲ့ လာရောက်ကူမဲ့လူကို စောင့်နေတဲ့သဘောလား"

"ခင်ဗျား ကြိုက်သလို ထင်နိုင်တယ်၊ ခင်ဗျားက ရှောင်လင်ကျောင်းတိုက်ကိုလာပြီး လူစွမ်းကောင်းတွေကို သတ်ဖြတ်ခဲ့တယ်၊ ကျုပ်တပည့်တွေကို ကျုပ်ရှေ့မှာသတ်ပြီး အော်အောပြန်ထွက်ခွာသွားလို့တော့ ဘယ်ဖြစ်မလဲ၊ ကျုပ် ကျိုလိန်းရှန်းက ဒီအတိုင်း ကြည့်မနေနိုင်ဘူး"

"ဆရာတော်ကြီး ဂွမ်းစင်း ဒါ ရှောင်လင်ကျောင်းတိုက်လား၊ ဒါမှမဟုတ်ရင် စုန်းစမ်းအဖွဲ့ချုပ် တည်နေရာလား"

"ဒကာကြီးက သိလျက်သားနဲ့ မေးတာပဲ၊ ဒါက ရှောင်လင်ကျောင်းတိုက်ပေါ့"

"ဒါဆိုရင် ဆရာတော်ကြီးက ဦးစီးဦးကိုင် ဖြစ်မလား၊ စုန်းစမ်းဂိုဏ်းချုပ် ကျိုလိန်းရှန်းက ဦးစီးဦးကိုင် ဖြစ်မလား"

ကျုပ်က ဦးစီးဦးကိုင်တော့ မှန်တယ်၊ ဒါပေမဲ့ အများက အကြံဉာဏ်ပေးတာကိုလည်း လက်ခံရမှာပဲ"

"ကျုပ် မပြောနိုင်ပါဘူး၊ သိလဲ ပြောမှာ မဟုတ်ဘူး၊ အကျင့်သီလနဲ့ သမာဓိရှိတဲ့သူရဲ့ဆန္ဒကို ဖြည်းစွမ်းရတာဟာ ကြောင်သူတော်တွေရဲ့ဆန္ဒကို ဖြည့်စွမ်းရတာထက် ပိုပြီး မွန်မြတ်တယ်"

ယဲ့ပို့ချင်းသည် နောက်ထပ် ပါးစပ်မဟဝံ့တော့ချေ။

"ကျုပ် အထင်မသေးတဲ့ စတုတ္ထပုဂ္ဂိုလ်ကတော့ ဝူတန်းဂိုဏ်းချုပ်ဖြစ်တဲ့ ခင်ဗျားပဲ၊ ခင်ဗျားရဲ့ ပုဂ္ဂိုလ်ကတော့ အထွတ်အထိပ်ကျတယ်၊ ပြီးတော့ ခင်ဗျားကိုယ်တိုင်ကလည်း ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းတယ်၊ သိုင်းလောကတစ်ခွင်မှာ အရှုပ်အထွေးတောမှာ ဝင်မပါဘူး၊ ဒါပေမဲ့ တပည့်သံဃာတွေကို ပညာပေးရာမှာ ညံ့ဖျင်းတယ်၊ ခင်ဗျားရဲ့ ဓားရေးက မြင့်မားတာတော့ မှန်တယ်၊ ဒါပေမဲ့ ကျုပ်ကိုတော့ မမှီဘူး၊ ဒါကြောင့် တစ်ဝက်လောက်ပဲ ချီးကျူးတယ်"

"ဆရာကြီး လင့်ဝေါစိမ်အနေနဲ့ တစ်ဝက်ချီးကျူးရင်လည်း မဂ်လာပါပဲ"

ဝူတန်းဂိုဏ်းချုပ်က ပြန်ပြောလိုက်သည်။

"အစ်ကိုကြီး ကျိုလိန်းရှန်း၊ ခင်ဗျားရဲ့ မျက်နှာထားက ပြိုးနေတယ်၊ ဝမ်းထဲမှာ တော်တော် ကသိကအောက်ဖြစ်နေတယ် ထင်တယ်၊ ခင်ဗျားက ချီးကျူးပြီး အထင်မသေးဝံ့တဲ့ သုံးဦးထဲမှာ မပါပေမဲ့ ကျုပ် အမှုမဲ့ အမှတ်မဲ့မထားတဲ့ လူသုံးယောက်ထဲမှာတော့ ခင်ဗျားက တစ်ယောက် အပါအဝင်ပဲ"

"ဒီလိုကြားရတာ ဝမ်းသာပါတယ်"

လင့်ဝေါစိမ်သည် ခေါင်းမော့ပြီး တဟားဟား ရယ်မော လိုက်သည်။

"ကျိုလိန်းရှန်း မင်းက တစ်ဦးချင်း မယှဉ်နိုင်မှန်းသိလို့ လူစုလူဝေးနဲ့ တိုက်ခိုက်တားဆီးတော့မယ် ဆိုပါတော့၊ ဒီမယ် ငါ လင့်ဝေါစိမ်ကို တားဆီးသမျှပြုနိုင်ရင် ငါလည်းကို ငါလိုးပြမယ်"

"ကျုပ်တို့က ခင်ဗျားတစ်ယောက်ကို မတားဆီးတာတောင် ခင်ဗျားသမီးရဲ့အသက်ကို ချွေယူနိုင်ဖို့ကတော့ သိပ်ခဲယဉ်းမယ် မထင်ပါဘူး"

"အင်း ... လူသတ်တဲ့ အလုပ်တွေကိုတော့ ရှောင်ရှာကြတာ အကောင်းဆုံးပါပဲ"

ဆရာတော်ကြီး ဝှမ်းစင်းက လူမသတ်ရန် ပြောသော်လည်း ကျိုလိန်းရှန်း၏ စကားကြောင့် လင်းဟူစုန်းသည် စိုးရိမ်ထိတ်လန့် သွားမိ၏။ အခု ရောက်ရှိနေကြသူများသည် ဂိုဏ်းချုပ်ချည်း မဟုတ်ကြသည့်တိုင် သိုင်းလောကမှ ပထမအဆင့် သိုင်းသမား ချည်း ဖြစ်နေသောကြောင့် လင့်ဝေါစိမ်အနေနှင့် ကိုယ်လွတ်ရန် ထွက်နိုင်သော်လည်း ယဉ်ယဉ်အနေနှင့် ရန်းမထွက်နိုင်ဟု လင်းဟူ စုန်း တွေးတောမိသည်။

"ဩော် ... ဒီလိုလား၊ သိပ်ကောင်းတာပေါ့၊ ကျိုလိန်းရှန်း မှာ သားတွေရှိတယ်၊ ယဲ့ပို့ချွင်မှာ သမီးရှိတယ်၊ ရိစန်းဟိုင်မှာ မယားကြီးအပြင် မယားငယ်လေးတွေ ရှိတယ်၊ ခွန်းလွန်းဂိုဏ်းချုပ် မှာလည်း မြေးချစ်ကလေးတစ်ယောက် ရှိတယ်၊ ချန်းမင်းရသော့ မှာလည်း သားသမီးမရှိပေမဲ့ တပည့်ချစ်ကလေးတွေ ရှိတယ်၊

ဆရာကြီး မိုးမှာလည်း မိအိုဖအို ရှိတယ်၊ ဘယ်လက်ရုံးကြီး ချုံဆုံးသွားရန် ခွန်စဏ္ဍားဂိုဏ်းချုပ်မှာတော့ စွဲလန်းတမ်းတစရာ အရာဝတ္ထုအတာ ဘာရှိသလဲ"

"ပြောသံကြားဖူးတာကတော့ ခွန်းစဏ္ဍားအဖွဲ့ထဲက ကြာဖြူကြာစိမ်းဟာ သားအရင်းမဟုတ်ဘူး၊ လက်အောက်ငယ်သား ဆိုတာ မံမှန်ဘူးတဲ့၊ သူ့သားအရင်းလို့ ကြားရပါတယ်"

"အေးလေ မှားသတ်မိလည်း ဘာတတ်နိုင်မှာလဲ၊ ခွန်းစဏ္ဍား အနေနဲ့သား သုံးလေးဆယ်လောက် ရှင်းပစ်လိုက်လဲ လိုချင်တဲ့ အကောင်တွေ ပါသွားနိုင်ပါတယ်"

တခဏကြာပြီးမှ ရှောင်လင်ကျောင်းထိုင်ဆရာတော် ဝှမ်းစင်းက တရားချပြီး ပြောသည်။

"ရန်ကို ရန်ချင်း တုန့်ပြန်နှင်းနေရင် ပြီးဆုံးနိုင်စရာ မရှိပါဘူး၊ ဒကာကြီး လင့်ဝေါစိမ် ဒကာကြီးရဲ့ သမီးလေးလည်း ဆားကင်းရန်ကွာ ရှိနေပြီ၊ ဒကာကြီးတို့သုံးဦး ရှောင်လင်ကျောင်း ဘက်မှာ ဆယ်နှစ်လောက် တရားအားထုတ်ဖို့ သင့်ပါတယ်"

"မဖြစ်ဘူး ဆရာတော်၊ တပည့်တော် စိတ်ထွက်လာရင် သားဆီးမရတဲ့ ရေကာတာလိုပဲ၊ ရိစန်းဟိုင်ရဲ့ မိန်းမချောချော ဆေး လေးယောက်ကိုလည်း သတ်ရမှာပဲ၊ ပြီးတော့ ယဲ့ပို့ချွင်ရဲ့ သမီးကိုလည်း လူ့ပြည်မှာ မထားနိုင်ဘူး"

လင့်ဝေါစိမ်၏ စကားကို ကြားရသောအခါ လင်းဟူစုန်း သည် ပြောသည့်အတိုင်း လုပမည့်လူစားဖြစ်ကြောင်း လင်းဟူစုန်း အောင်းစွာ သိသည်။

"ဆရာကြီး လင့်ဝေါစိမ် ကျွန်တော်တို့ အလောင်းအစား တစ်ခုလုပ်ရင် ကောင်းမယ်ထင်တယ်"

ဝူတန်းဂိုဏ်းချုပ် ချန်းရွိုးရသေ့ကက ပြောလိုက်သည်။ လင့်ဝေါစိမ်က ခေါင်းကို ခါယမ်းပြလိုက်၏။

"ကျုပ်က အလောင်းအစားနဲ့ ဘယ်တော့မှ အကျိုးပေးလေ့ မရှိဘူး၊ သူတို့ကို မလွယ်မေမဲ့ သူတို့ တွယ်တာမြတ်နိုးကြတဲ့ ဧနီး သားသမီးတွေကို သတ်ဖို့ကတော့ ငှက်ပျောသီး အခွံနဲ့ စားရသလို လွယ်ပါတယ်"

"သိုင်းပညာမတတ်တဲ့ မဆီမဆိုင်လူတွေကို သတ်ဖြတ်ရင် လူစွမ်းကောင်းရဲ့ အပြုအမူနဲ့ ကိုက်ညီပါ့မလား ဆရာကြီး လင့်ဝေါစိမ်"

ချန်းရွိုးရသေ့က မေးလိုက်သည်။

"လူစွမ်းကောင်းရဲ့ အပြုအမူနဲ့ မကိုက်ညီပေမဲ့ တစ်ဖက်လူရဲ့ နှလုံးသားကို တဆတ်ဆတ်ခါအောင် နာကျင်စေနိုင်ရင် ပြီးတာပါပဲ"

"ခင်ဗျားကိုယ်တိုင်က သမီးရှိတော့ သားမက်လောင်းဟာ သူများလက်ထဲ ရောက်သွားရင်ကော"

"ဒါတွေ ထည့်မစဉ်းစားနိုင်ဘူး၊ ကျုပ် သတ်ချင်တဲ့လူကို သတ်မယ်၊ နောက်ဆုံး ကျုပ်သမီးပေါ် သစ္စာဖောက်ရင် သမက်လောင်းကိုပါ ရှင်းပစ်ရမှာပဲ"

"ဒီလိုလုပ်ပါ၊ ကျုပ်တို့ကလည်း လူအင်အားကို အားကိုး အားထားပြုပြီး အနိုင်မယူနိုင်ဘူး၊ သိုင်းပညာအရ အရေးအတွက်

ညီညီ ယှဉ်ပြိုင်ကြရအောင်၊ သုံးပွဲပြိုင်မယ်၊ နှစ်ပွဲနိုင်ရင် အနိုင်သတ်မှတ်တာပေါ့"

"ဟုတ်တယ် ယှဉ်ပြိုင်တဲ့နေရာမှာ အရှုံးအနိုင်ပေါ်တာနဲ့ ပတ်သက်တာပေါ့၊ လူအသက်ကို မထိခိုက်တာ ကောင်းမယ်"

ဆရာတော် ဂုမ်းသိမ်းက ဝင်ပြောသည်။

"ကျုပ်တို့သုံးယောက် ရှုံးခဲ့ရင် ရှောင်လင်ကျောင်းတိုက်မှာ သစ်နှစ်တိုင်တိုင် နေရမယ်ဆိုပါတော့"

"ဟုတ်တယ် နိုင်ရင် ထွက်သွားနိုင်တယ်၊ သေသွားတဲ့ လူစစ်ယောက်အတွက်လည်း ဘယ်လိုမှ သဘောမထားတော့ဘူး"

ချန်းရွိုးရသေ့က လင့်ဝေါစိမ်၏ မေးခွန်းကို ပြန်ဖြေကြား လိုက်သည်။

"ဆရာတော်ကြီးက ဦးစီး ဖြစ်တယ်၊ ဒီတော့ ဆရာတော်ကြီး သေသင့်တိုင် မပါလို့ မဖြစ်ဘူး၊ ကျွန်တော်ကလည်း ဆယ်နှစ်ကျော် လေ့ကျင့်ဖြစ်ပေမဲ့ ဝမ်းဖြည်းချင်တယ်၊ နောက်တစ်ခါ ချန်းရွိုးရသေ့က အကြံပြု ပြောဆိုသူဖြစ်လို့ တတိယပွဲမှာ သူပဲ ပါဝင်ခဲ့ဖို့လိုမယ်"

လင့်ဝေါစိမ်၏ မေးခွန်းကို ကျိုလိန်းရှန်းက ဝင်ရောက်ပြော လိုက်သည်။

ယဉ်ယဉ်သည် အသက်နှစ်ဆယ်ပင် မပြည့်သေးသောကြောင့် ဆရာက ပုဂ္ဂိုလ်ကျော် သုံးယောက်ကို မည်သို့မည်မျှ မယှဉ်ကြောင်း လင့်ဝေါစိမ် ရှင်းတွေးမိ၏။ သုံးပွဲတစ်ပွဲမှာ မိမိဘက်မှ အနာပေါက် ရှုံးနေပြီ ဖြစ်သည်။

ဝမ်းသိမ်းဆရာတော်၊ ချန်းရွီးရသေ့၊ ကျိုလိန်းရှန်းတို့
သုံးယောက်သည် အဆင့်မြင့်သော ပုဂ္ဂိုလ်များ ဖြစ်သောကြောင့်
လင့်ဝေါစိမ်ကို တစ်ဦးချင်း ယှဉ်ပြိုင်နိုင်သူချည်း ဖြစ်သည်
ထို့ကြောင့် ဆရာတော်ကြီး ဝမ်းသိမ်း ဦးစီးသည့်အဖွဲ့မှ သုံးပွဲတွင်
နှစ်ပွဲအနိုင်ရရန် အလားအလာ ရှိနေသေးသည်။ သို့သော် လင့်
ဝေါစိမ်က အရေးနိမ့်ခဲ့လျှင် လွတ်မြောက်ထွက်ပြေးသွားမည်ကို
စိုးရိမ်ကြ၏။

လင့်ဝေါစိမ်က ခေါင်းကို ခါယမ်းပြလိုက်သည်။

"သုံးပွဲနှစ်ပွဲတွေ လုပ်မနေပါနဲ့၊ ကျုပ်တို့ တစ်ယောက်
ထွက်မယ်၊ အဲဒီတစ်ဖက်က တစ်ယောက်ထွက်၊ ပြတ်ပြတ်သားသား
ယှဉ်ပြိုင်ကြရအောင်"

"ဆရာကြီး လင့်ဝေါစိမ် ခင်ဗျား အရမ်းမတောင်းဆိုပါနဲ့
ကျုပ်တို့ဖက်က လူအင်အား သာနေတယ်၊ ဆရာတော်ကြီး
နှုတ်က တစ်ခွန်းဟလိုက်တာနဲ့ အဆင့်မြင့်တဲ့ ရှောင်လင်ကျောင်း
တိုက်ရဲ့ လက်ရွေးစင်သိုင်းသမားနှစ်ဆယ်သုံးဆယ် ရောက်လာ
တယ်ဆိုတာလည်း ထည့်တွက်ဦးမှာပေါ့"

"ခင်ဗျားတို့ တကယ်ပဲ အရှက်မရှိပါလား"

"အပြစ်ရှိတဲ့လူကိုသတ်တာ ကျုပ်တို့မှာ အပြစ်မရှိဘူး
အရှက်နဲ့လည်း မဆိုင်ဘူး"

"ခင်ဗျားတို့ ကျွဲနွားတွေ သတ်စားနေတာကော၊ ကျွဲ
တွေကကော ဘာအပြစ်ရှိလို့လဲ"

"ဒကာကြီး လင့်ဝေါစိမ်းရဲ့စကား မှန်ကန်ပါတယ်၊ ဒ
ကြီး တရားရဖို့ နီးစပ်နေပါပြီ"

"ဆရာတော်ကြီး သူ့ဆင်ကွက်ထဲကို မဝင်ပါနဲ့၊ သူပြောတဲ့
အခ်ိန်ပွဲယပဲဟာ သူ သတ်လိုက်တဲ့ လူရှစ်ယောက်ကို ကျွဲနွားတွေနဲ့
နှိုင်းနိုင်းရာ ရောက်ပါတယ်"

ကျိုလိန်းရှန်းက ဝင်ရောက်ပြောဆိုလိုက်ပြန်သည်။

"အသက်ရှိသူတိုင်းဟာ တကယ်တော့ သတ္တဝါတွေချည်းပဲ"

လင့်ဝေါစိမ် စကားအဆုံးတွင် ကျိုလိန်းရှန်းက မေးမြန်း
လိုက်သည်။

"ဆရာကြီး လင့်ဝေါစိမ်၊ ခင်ဗျား အလကား အချိန်ဆွဲ
နေတာပဲ၊ မယှဉ်ပြိုင်တော့ဘူးလား"

"မင်းနဲ့ငါ ယှဉ်ပြိုင်ကြမယ်"

လင့်ဝေါစိမ်၏စကားကို ကျိုလိန်းရှန်းက ဖြေကြားလိုက်
သည်။

"တို့ဘက်က သုံးပွဲမှာ နှစ်ပွဲအရေးနိမ်းရင် ရှောင်လင်
ကျောင်းတိုက်မှာ ဆယ်နှစ်နေမယ်"

လင့်ဝေါစိမ်၏ စကားကို ကြားရသောအခါ လူတိုင်း
မှင်သားသွားကြသည်။

"ကျုပ်ကတော့ ဆရာတော်ကြီး ဝမ်းသိမ့်နဲ့ ယှဉ်ပြိုင်မယ်၊
ဆယ်လက်ရုံးကြီး ရှန်းဝဲ့ထျန်းကတော့ ရိစန်းဟိုင်နဲ့ ယှဉ်ပြိုင်မယ်၊
ကျုပ်သမီးကတော့ အမျိုးသမီးတစ်ယောက်ဖြစ်တဲ့အတွက် ကျုပ်
သမီးနဲ့ယှဉ်ပြိုင်ဖို့ လင်းကျူးချဲကို စိမ်ခေါ်တယ်"

"ဒါတော့ **မဖြစ်နိုင်ဘူး၊ ကျွန်တော်တို့အဖွဲ့က ယှဉ်ပြိုင်မဲ့**
သူကို ကျွန်တော်တို့ဘက်ကပဲ ရွေးချယ်မယ်"

ကျိုလိန်းရှန်းက ပြောပြန်သည်။

"ကိုယ်ဘာသာကိုယ်ရွေးမှာပဲ ဖြစ်တော့မှာတဲ့လား"

လင့်ဝေါစိမ်က မေး၏။

"ဟုတ်တယ် ရှောင်လင်ဆရာတော်ရယ်၊ ကျွန်တော်ရယ် ပြီးတော့ ဝူတန်းဂိုဏ်းချုပ်တို့သုံးဦး ယှဉ်ပြိုင်မယ်"

"နေစမ်းပါဦး ကျိုလိန်းရှန်း၊ မင်းက ရှောင်လင်ဆရာတော်ကြီးနဲ့ ဝူတန်းဂိုဏ်းချုပ်တို့လို ပုဂ္ဂိုလ်နှစ်ဦးကို မင်းနဲ့ တစ်တန်စားတည်းတားလို့ရမယ် မှတ်နေလား၊ အရည်အချည်းနဲ့ ဂုဏ်သိက္ခာချင်းတူလို့လား"

လင့်ဝေါစိမ်၏ စကားကြောင့် ကျိုလိန်းရှန်း၏ မျက်နှာလည်း နီးမြန်းသွားလေသည်။

"ဆရာတော်ဘုရား တပည့်တော် လင့်ဝေါစိမ်က ရှောင်လင်ဂိုဏ်းရဲ့ အထွတ်အထိပ်ပညာရပ်ကို စူးစမ်းလေ့လာကြည့်ချင်ပါတယ်ဘုရား"

"သာဓု ... သာဓု ... သာဓု၊ ကျုပ် မလေ့ကျင့်ပဲ ပစ်ထားတာကြာပါပြီ၊ ဒကာကြီးကို ယှဉ်ပြိုင်ဖို့ မလွယ်ပါဘူး၊ ဒါပေမဲ့ တာဝန်မကင်းတော့ ဒကာကြီးရဲ့ လက်ရည်ကို ကြည့်ရတော့မှာပေါ့"

ကျိုလိန်းရှန်းသည် လင့်ဝေါစိမ်၏ သွေးကြောဖျက် သိုင်းပညာကို မိမိအနေနှင့် ယှဉ်ပြိုင်နိုင်တည်း ရှိုးရှိ မသေချာပေ။ လင့်ဝေါစိမ်က ရှောင်လင်ဆရာတော်ကြီးကို ပထမဦးဆုံး ယှဉ်ပြိုင်ရန် ဖိတ်ခေါ်လိုက်သောအခါ ကျိုလိန်းရှန်း ဝမ်းသာသွားသည်။

သိုင်းလောကတွင် ကုန်လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ခန့် ယနေ့တိုင် အေးအေးငြိမ်သက်ကာ ပြဿနာ မရှိခဲ့ချေ။ သခုကဲ့သို့ ယှဉ်ပြိုင်ခြင်းမျိုးလည်း မရှိခဲ့ပေ။ ရှောင်လင်ဆရာတော်ကြီးနှင့် ချန်းရွိုးရသေ့တို့သည်လည်း အဆင့်မြင့် သိုင်းသမားများအကြားတွင် ယခုကဲ့သို့ ယှဉ်ပြိုင်ခြင်းမျိုး မရှိကြပေ။ ထို့ကြောင့် သည်မျှ လက်ရည်ပြောင်မြောက် ထက်မြက်သည်ကိုလည်း မည်သူမှ မခြင်ခဲ့ဖူးချေ။

လင့်ဝေါစိမ်သည် ကျောင်းထိုင်ဆရာတော်ကြီးကို လက်အုပ်ချီ၍ ဂါရဝပြုလိုက်သည်။

"ဆရာတော်ကြီး စတင်နိုင်ပါပြီ"

ကျောင်းထိုင်ဆရာတော်ကြီးသည်လည်း ပြန်လည် အသိအမှတ်ပြုလိုက်သည်။

"ဒကာကြီး ရှေးဦးစွာ စနိုင်ပါတယ်"

လင့်ဝေါစိမ်သည် ပြောဆိုသည့်အတိုင်း ပြုလုပ်မည်စိုးသောကြောင့် ဆရာတော်ကြီးသည် စတင်တိုက်ခိုက်တော့သည်။ လင့်ဝေါစိမ်၏ ရှေ့သို့ လွှားခနဲ ရောက်ရှိလာပြီး လက်ဝါးရိုက်ချက် ဆုတ်လိုက်သည်။

"ဒကာကြီး လင့်ဝေါစိမ် လက်ဝါးချက်ရောက်ပြီ"

ဆရာတော်ကြီး၏ လက်ဝါးသည် ဟန်အနေနှင့် ရိုးစင်းသည်။ သို့သော် လက်ဝါးချက်က သွက်လက်လွန်းသည်။ လက်ဝါးချက်သည် ရှေ့နောက် အကူးအဆက် ကောင်းသည်၊ လက်ဝါးချက် ဘစ်ချက်မှန်စ်ချက်။ နှစ်ချက်မှ လေးချက်။ လေးချက်မှ ရှစ်ချက် ဆယ့်တစ်ချက်ဖြစ်ပေါ် ရိုက်ထုတ်လိုက်၏။

"တယ် ထက်မြက်တဲ့ လက်ဝါးချက်ပါပဲ၊ လက်ဝါးဆ
တစ်ထောင်ဆိုတဲ့ လက်ဝါးမျိုးပဲ"

လင့်ဝေစိမ်က ဆရာတော်ကြီး၏ လက်ဝါးချက်ကို ချီးမွ
ရင်း ရှောင်တိမ်းကာ လက်ဝါးနှစ်ချက် ပြန်ရိုက်ထုတ်လိုက်သည်

လင်းဟူစုန်းသည် ဓားရေးကျွမ်းကျင်သော်လည်း လက်
ချက်သိုင်းပညာကိုမူ မကျွမ်းကျင်ချေ။ သို့သော် ဆရာတော်ကြီးနှင့်
လင့်ဝေစိမ်တို့၏ အဆင့်အတန်းမြင့်သည့် လက်ဝါးချက်မျိုးကို
မတွေ့ဖူးသေးချေ။ ဆရာတော်ကြီး၏ လက်ဝါးချက်မှာမူ တင်းစ
၏။ သို့သော် လင့်ဝေစိမ်၏ လက်ဝါးချက် ရောက်ရှိလေတိုင်း
ဆရာတော်ကြီးက ချေဖျက်တားဆီးနိုင်သည်။ ဆရာတော်ကြီးနှင့်
လင့်ဝေစိမ်၏ပညာရပ်သည် တန်းတူလောက် ရှိမည်ဟုလည်း
ခန့်ခန်းမိသည်။ ဆရာတော်ကြီး၏ လက်ဝါးချက်က သွက်လက်
လျင်မြန်ပြီး ပြောင်းလဲချက် အလွန်များပြား၏။

ပွဲကြည့်ပရိတ်သတ်များသည် ဆရာတော်ကြီးနှင့် လင့်ဝေစိမ်
တို့၏ လက်ဝါးချက်ကို ချီးကျူးနေကြသည်။

တိုက်ခိုက်မှု အချိန်ကြာသည်နှင့်အမျှ ဆရာတော်ကြီးသည်
အသက်ကြီးပြီဖြစ်သဖြင့် ရေရှည်တွင် မတိုက်ခိုက်နိုင်ဟု လင့်ဝေစိမ်
ယူဆသည်။ ထို့ကြောင့် အတွင်းအားကို ဖိသုံးပြီး လက်ဝါးချက်
ကို ရိုက်ထုတ်ခဲ့၏။

လင့်ဝေစိမ်သည် လက်ဝါးချက်လေးချက်ကို ဆက်တိုက်
ရိုက်ထုတ်ပြီး ပြန်ရုတ်သောအခါတွင် ညာလက်မောင်းသည်
ထုံကျင်သွား၏။ အတွင်းအားကို စိုက်ထုတ်အသုံးမချနိုင်တော့ချေ။

သင့်ဝေစိမ်က မိမိ၏ အတွင်းအားသည် မိမိကို ပြန်လည်၍
အနှောင့်ယှက်ပြုဖြစ်ကြောင်း သိလိုက်သည်။ ဆက်လက်တိုက်ခိုက်လျှင်
အရေးနိမ်းစရာအကြောင်း ရှိသဖြင့် ထိတ်လန့်သွားမိ၏။

ရှောင်လင်ဆရာတော်က ဘယ်လက်ဝါးချက်တစ်ချက် ရိုက်
ထုတ်လိုက်ရာ လင့်ဝေစိမ်သည် ဘယ်လက်ဝါးဖြင့် ပြန်လည်ခုခံ
လိုက်သည်။ လက်ဝါးချက်ချင်း ဆိုင်မိသွားကြပြီး နှစ်ယောက်သား
နောက်သို့ ခုန်ဆုတ်သွားကြ၏။

လက်ဝါးချက်ချင်း ဆိုင်မိကြသော်လည်း မိမိသည် ဆရာ
ဘော်ကြီး၏ သွေးကြောနှင့် အတွင်းအားကို မည်သို့မျှ မဖျက်ဆီးနိုင်
ကြောင်း သိရသည်။ ဆရာတော်ကြီး၏ လက်ဝါးချက်က ပျော့
ပြောင်းသော်လည်း အတွင်းအား အပြည့်ပါရှိကြောင်း လင့်ဝေစိမ်
သိလိုက်၏။

ဆရာတော်ကြီးက ညာလက်ဝါးကို ရိုက်ထုတ်လိုက်ပြန်
သဖြင့် ညာလက်ဝါးချင်းဆိုင်မိကာ နှစ်ဦးစလုံး ဒယိမ်းဒယိုင်
ဖြစ်သွားကြသည်။ လင့်ဝေစိမ်သည် ခန္ဓာကိုယ်အတွင်း လှည့်ပတ်
သွားလာနေသောသွေးများ ရပ်ဆိုင်းသွားလေပြီလောဟု ခံစားမိ
လေသည်။

လင့်ဝေစိမ်သည် ရှောင်တိမ်းရင်း တိုင်တလုံးတွင် မှီရပ်
နေသော ရိုစန်းဟိုင်အနီးသို့ ရောက်ရှိသွားသည်။ တစ်စုံတစ်ခုကို
လင့်ဝေစိမ် စဉ်းစားမိ၍ ရုတ်တရက် ရိုစန်းဟိုင်၏ ရင်ဝအင်္ကျီ
ကို ဖမ်းဆွဲပြီး ငယ်ထိပ်ပေါ်သို့ လင့်ဝေစိမ်က လက်ဝါးချက်
တစ်ချက် ရိုက်ချလိုက်တော့သည်။ လျှပ်တပြက်အတွင်း ဖြစ်ခြင်း

ကြောင့် တိုက်ပွဲကြည့်နေသူအပေါင်းသည် ဟာခနဲ ဖြစ်သွားကြလေသည်။

ဆရာတော်ကြီးက သိန်းငှက်တစ်ကောင်၏ လျင်မြန်ခြင်းမျိုးဖြင့် လင့်ဝေါစိမ်၏အနီးသို့ ခုန်လွှားရောက်ရှိခဲ့ပြီး လင့်ဝေါစိမ်၏ နောက်စေ့သွေးကြောကွက်ကို လက်ဝါးနှစ်ချက်ဆင့်ကာ ရိုက်ချလိုက်လေသည်။

ဆရာတော်ကြီးသည် လင့်ဝေါစိမ်အား ဤသို့ ဝင်ရောက်တိုက်ခိုက်ရခြင်းသည် ရိုစန်းဟိုင်၏အသက်ကို ကယ်ဆယ်ရန်သာ ဖြစ်လေသည်။ သို့သော် လင့်ဝေါစိမ်သည် ရိုစန်းဟိုင် ငယ်အိပ်အား ရိုက်ချလိုက်သည့်လက်ကို လျင်မြန်စွာ ပြန်ရုတ်ပြီး ဆရာတော်ကြီး၏ ရင်ဝသွေးကြောနေရာသို့ လက်ချောင်းဖြင့် လှမ်းထောက်လိုက်သည်။ ရင်ဝသွေးကြောကွက်ကို မမျှော်လင့်ပဲ ထောင်မိသွားသောကြောင့် ဆရာတော်ကြီးသည် ပျော့ခွေကျသွားလေသည်။

ဆရာတော် လဲကျသွားသည်ကို မြင်သောအခါ လူတိုင်းက အထိတ်တလန့် ဖြစ်သွားကြ၏။ ထိုအခိုက် ကျိုလိန်းရှန်းက လင့်ဝေါစိမ်၏ နောက်ကျောသွေးကွက်ကြောကို လက်ဝါးဖြင့် ရိုက်ထုတ်လိုက်သည်။ သို့သော် လင့်ဝေါစိမ်က လက်နှင် ပြန်လည်တားဆီးခံဆောင်လိုက်နိုင်သည်။

"ဒါက ဒုတိယပွဲ ဆိုပါတော့"

လင့်ဝေါစိမ်၏ စကားဆုံးသည်နှင့် ကျိုလိန်းရှန်းက တရစပ် ဝင်တိုက်သည်။ လက်ဝါးဝှောင်း၊ လက်ဝါးချက်မျိုးစုံအောင်သုံးပြီး တိုက်ခိုက်နေသောကြောင့် တစ်မူထူးနေသည်။

ကျိုလိန်းရှန်းက ရှေးဦးစွာ အလစ်တိုက်ခိုက်ခဲ့တာကြောင့် လင့်ဝေါစိမ်သည် ခံစစ်အဖြစ် တိုက်နေရ၏။

လင့်ဝေါစိမ်သည် အနိုင်ရရှိသည်မှန်သော်လည်း ဆရာတော်ကြီး ဂုမ်သိမ်း၏ လက်ဝါးချက်ထိထားသောကြောင့် အတွင်းအား မစိုက်ထုတ်နိုင်ရံသာမက အသက်ရှူရပင် ကြပ်နေလေသည်။

ချန်းရွိုးရသေ့က ဆရာတော် ဂုမ်းသိမ့်ကို မွေ့ထူ၍ သက်ပြင်းကြီးတစ်ချက် ချလိုက်သည်။

"ဆရာတော်ကြီးက စိတ်ကောင်းနှလုံးကောင်း မွေးလိုက်တော့ တစ်ဖက်သားရဲ့ အကွက်ထဲ ဝင်သွားတာပေါ့"

"အင်း ... ဒကာကြီး လင့်ဝေါစိမ်ဟာ အလွန် ဉာဏ်ရည်ထက်မြက်တယ်၊ တကယ်တော့ ကျုပ်ရှုံးတာဟာ တရားကျပါတယ်"

လင့်ဝေါစိမ်သည် အတွင်းအား ထိကိုက်ပျက်ပြားနေသောကြောင့် တိုင်တစ်တိုင်ကို ကျောမှီပြီး ကျိုလိန်းရှန်း၏ တိုက်စစ်ကို ခုခံနေရလေသည်။ တိုက်ခိုက်မှုနည်းနေသည်ကို ရှန်းဝံ့ထျန်းတွေ့ရ၏။ ထို့ကြောင့် ရှန်းဝံ့ထျန်းက ကျိုလိန်းရှန်းအနီးသို့ ချဉ်းကပ်သွားပြီး ...

"ခင်ဗျားက အခွင့်အရေးချောင်းပြီး တိုက်ခိုက်တာဟာ အရှက်မရှိဘူးလား"

"ဆရာကြီး လင့်ဝေါစိမ်ကို ငါ အနိုင်တိုက်ပြီးရင် မင်းနဲ့ တစ်ပွဲတွေ့ကြသေးတာပေါ့"

ကျိုလိန်းရှန်းက ပြောပြောဆိုဆိုပင် နောက်ထပ် လက်ဝါးချက်များ ရိုက်ထုတ်လိုက်လေသည်။ ကျိုလိန်းရှန်း၏ လက်ဝါးချက်ကို လင့်ဝေါစိမ်က ပြန်လည်ခုခံလိုက်ပြီး ဒေါသတကြီး ပြောလိုက်သည်။

"မင်းလောက် အရည်အချင်းနဲ့ ငါ့လိုလူကို အနိုင်တိုက်နိုင်မတဲ့လား"

လင့်ဝေါစိမ် ရှန်းဝံ့ထျန်းကိုပါ လှမ်းပြော၏။

"နောင်တောင် **ရှန်းဝံ့**ထျန်း နောက်ဆုတ်လိုက်စမ်း"

ရှန်းဝံ့ထျန်းက အော်ဟစ်ပြီး နောက်သို့ ဆုတ်ခွာရင်း ကျိုလိန်းရှန်းကို လှမ်းကန်လိုက်သည်။

"ဒါက ဘာသဘောလဲ၊ **နှစ်**ယောက်နဲ့တစ်ယောက် တိုက်တာလား"

ကျိုလိန်းရှန်းက ပြောပြီး ခြေပြန်ကန်လိုက်သည်။

ရှန်းဝံ့ထျန်းက နောက်ဆုတ်ရင်း ခြေပြန်ဖြင့် ကန်သည်**ကို ကျိုလိန်းရှန်း**က တိမ်းရှောင်လိုက်သည်။ တစ်ဖန် ရှန်းဝံ့ထျန်းက ခြေဖြင့် ဟန်ပြကန်ရင်း ဆုတ်ခွာထွက်သွားသည်။ ဤအခိုက်အတန့် **အချိန်**ကလေးသည် လင့်ဝေါစိမ်အတွက် အလွန်အရေးကြီး**သော** **အချိန်** ဖြစ်နေသည်။

ထိုတိုတောင်းသော အချိန်လေးအတွင်း အသက်ကို ဝ**အောင်** **ရှူသွင်း**ပြီး အတွင်းအားကို ဖြည့်တင်းနိုင်ခဲ့၏။ လက်ဝါးချက်သုံးချက် ဆက်တိုက်ရိုက်ထုတ်လိုက်ရာ ကျိုလိန်းရှန်းသည် မျက်လုံးပြူးသွားလေသည်။

ယခင်တစ်ချိန်တွင် ကျိုလိန်းရှန်းနှင့် လင့်ဝေါစိမ်တို့သည် သုံ့ပြိုင်ခဲ့ဖူးခြင်း ဖြစ်သည်။

လင့်ဝေါစိမ် သာလျှင် အရေးသာပြီး ကျိုလိန်းရှန်းသည် လင့်ဝေါစိမ်ကို နိုင်ခြေမရှိခဲ့ပေ။

ယခု လင့်ဝေါစိမ်သည် ဆရာတော် ဝှမ်းသိမ့်နှင့်တိုက်စဉ်က ကဲ့သို့မဟုတ်ပဲ ကျိုလိန်းရှန်းနှင့် တိုက်ခိုက်သောအခါ အရှိန်အဟုန်ကို အပြည့်သုံးပြီး တိုက်ခိုက်လေသည်။

ကျိုလိန်းရှန်းသည်လည်း လက်ဝါးစောင်းအမျိုးမျိုး၊ လက်ဝါးစောင်းမှ လက်ဝါးချက်သို့ အမျိုးမျိုးပြောင်းပြီး တိုက်ခိုက်ခဲ့သည်။ ဤတိုက်ခိုက်မှုမှာ လျင်မြန်လွန်းသောကြောင့် လင်းဟူစုန်းပင် မျက်စိနောက်အောင် ဖြစ်နေတော့သည်။

လင်းဟူစုန်းသည် တိုက်ပွဲကို မသုံးသပ်နိုင်အောင် ဖြစ်နေသည်။ မိမိက လင့်ဝေါစိမ် အနိုင်ရမည်ဟု ထင်ထား၏။ ရှန်းဝံ့ထျန်းသည် မိမိထက် အတွေ့အကြုံ ဗဟုသုတကြွယ်ဝသူဖြစ်သောကြောင့် ရှန်းဝံ့ထျန်း၏ မျက်နှာကို ကြည့်ခြင်းဖြင့် ဤပွဲဘွင် လင့်ဝေါစိမ် အရေးမသာနိုင်ဟု တွေးမိ၏။

လင်းဟူစုန်းသည် သူ့ဆရာနှင့် ဆရာကတော်ကို လှမ်းကြည့်လိုက်သောအခါ ချန်ရွိုးရသေ့နှင့် ဆရာတော်ကြီး ဝှမ်းသိမ့်တို့ ဘေးတွင် ရပ်နေသည်။ တစ်ဖန် ထိုက်စမ်းဂိုဏ်းချုပ် ထျန်မင်းရသေ့၏ နောက်ဘက်တွင် ဆရာကြီးမိုး ရပ်နေသည်ကို တွေ့ရသောကြောင့် လင်းဟူစုန်း၏ နှလုံးသားသည် နွေးထွေးလိုက်လေသည်။

စိမ်းကားဂိုဏ်းချုပ် ရိစန်းဟိုင်သည် နံရံကို ကျောမှီထားပြီး လက်တစ်ဖက်မှာ ဓားရိုးကို ဆုပ်ကိုင်၍ ဒေါသထွက်နေပုံ ပေါ်သည်။ ရိစန်းဟိုင်၏ နောက်ဘက်တွင်မူ ဒွန်းစဏ္ဍာဂိုဏ်းချုပ် ကြွယ်ဟုန်ရပ်နေ၏။ ခွန်းလွန်းဂိုဏ်းချုပ် ကျင်စမ်းကျည်၏ တင်စားနာမည်က မိုးနဲ့မြေဓားတစ်လက်ဟူ၍ ဖြစ်သော်လည်း သူ့နောက်ကျောတွင် ဓားနှစ်လက် ထိုးထားသည်ကို လင်းဟူစုန်း တွေ့ရသည်။

အဆောင်ထဲရှိသော ပုဂ္ဂိုလ်များသည် သိုင်းပညာအဆင့် အလွန်မြင့်မားကြပြီး လင့်ဝေါစိမ်နှင့် ကျိုလိန်းရှန်းတို့နှစ်ဦး အကြိတ်အနယ် ဆင်နွှဲနေသည်ပွဲကို အားရဲစွာစိုက် ကြည့်ရှုနေကြလေသည်။

လင်းဟူစုန်းသည် မိမိ၏ဆရာ၊ ဆရာကတော်၊ ဂူတန်းဂိုဏ်းချုပ်၊ ရှောင်လင်ဆရာတော်၊ ဆရာမိုးကြီးတို့ မသိအောင် ပုန်းခိုနေခြင်းသည် မသင့်တော်ကြောင်း စဉ်းစားမိ၏။

လင်းဟူစုန်းသည် ယဉ်ယဉ်ကို ယခုရက်ပိုင်းတွင် ကယ်ဆယ်ရန် ကြိုးစားရင်း မိမိက ယဉ်ယဉ်ကို ချစ်မေတ္တာကြီးမားဟန်ပြခဲ့ခြင်းမှာ ယဉ်ယဉ်၏အရှက်ကို ဖုံးကွယ်ပေးခြင်းသာလျှင် ဖြစ်သည်။ ယဲ့လင်းစမ်းအား ချစ်ခဲ့သည့်အချစ်စိတ်နှင့် နှိုင်းယှဉ်သော် ယဉ်ယဉ်ကိုချစ်သည့် အချစ်သည် အကွာကြီးကွာနေသည်။ ယဉ်ယဉ်အပေါ်၌ မေတ္တာရှိသော်လည်း အားငယ်စိတ်များဝင်နေသဖြင့် ယဉ်ယဉ့်အပေါ် ယဲ့လင်းစမ်းကဲ့သို့ မေတ္တာသက်ဝင်ခြင်း မရှိပေ။

လင်းဟူစုန်းသည် ယဉ်ယဉ်အား ဝါးစိမ်းတောမှ မိမိအား စောင်းသင်ပေးသည့် အဘွားအိုဟု သိထားစဉ်က အလွန်ကြည်ညိုလေးစားခဲ့သည်။ သို့သော် ရက်ရက်စက်စက် သတ်ဖြတ်သည်ကို

မြင်ရသောအခါ လင်းဟူစုန်း၏စိတ်သည် တစ်မျိုးတစ်ဖုံ ပြောင်းသွား၏။ ယဉ်ယဉ်အား ထိတ်လန့်အံ့သြဖွယ်ရာ မိန်းကလေးတစ်ယောက်အဖြစ် ပြောင်းလဲမြင်ခဲ့သည်။ ယဉ်ယဉ်က မိမိကို နှစ်မေတ္တာထားရှိကြောင်း ကြားသိရသောအခါ လင်းဟူစုန်း၏ ဆိတ်လန့်မှုသည် အတန်ငယ် ပြေပျောက်ခဲ့၏။ မိမိကို ကျောပိုးပြီး ရှောင်လင်ကျောင်းသို့ ဆွဲးရောက်၍ ဆေးထုသပေးရန် အသက်ချင်းလဲဖယ်ကြောင်း ကြားသိရသောအခါ ယဉ်ယဉ်၏ ကျေးဇူးတရားကို မေ့မထားနိုင်တော့ချေ။

လင့်ဝေါစိမ်က မိမိကို သမက်ဟု ပြောင်ခေါ်နေသည်ကို ကြားရသောအခါတွင် လင်းဟူစုန်းသည် ဝမ်းသာမိသယောင် စိတ်ညစ်မိသယောင် ဖြစ်နေသည်။ ရုပ်ရည်အားဖြင့် နှိုင်းယှဉ်ကြည့်လိုက်သောအခါ ယဉ်ယဉ်သည် ယဲ့လင့်စမ်းထက် အဆများစွာ ပိုလှနေ၏။ လှပလွန်းသော ယဉ်ယဉ်သည် မိမိနှင့် မှုထိုက်ဘန်ဟုလည်း လင်းဟူစုန်း တွေးမိ၍ မျက်နှာလွဲပစ်လိုက်သည်။

ရှန်းဝံ့ထျန်းသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ဆားလျက် လင့်ဝေါစိမ်နှင့် ကျိုလိန်းရှန်း တိုက်ခိုက်နေသည်ကို မျက်လုံးပြူး၍ ကြည့်နေသည်။

လင့်ဝေါစိမ်က တစ်ချက်အော်ဟစ်ပြီး လက်ဝါးချက်နှစ်ချက် ခံထုတ်လိုက်သည်။ ကျိုလိန်းရှန်းသည်လည်း လက်ဝါးနှစ်ချက်ဖြင့် ပြန်လည်ဆီးခံလိုက်သည်။ ကျိုလိန်းရှန်းသည် နံရံကို ကောင်ဆောင့်မိသောကြောင့် လင်းဟူစုန်းပင်လျှင် ဆိုင်းဘုတ်နောက်မှ ကြက်ကျကျလုလု ဖြစ်သွားသည်။

ကျိုလိန်းရှန်းသည် ညာလက်ဝါးကို နောက်သို့ရုတ်
ဘယ်လက်ဝါးဖြင့် ခုခံဖြတ်ထုတ်လိုက်ပြီး ညာလက်ချောင်
နှစ်ချောင်းဖြင့် လင့်ဝေါစိမ်ကို လှမ်းထိုးလိုက်သည်။ လင့်ဝေါစိမ်
နောက်သို့ လျင်မြန်စွာ ဆုတ်ပေးလိုက်ရသည်။

"တော်တော်ထက်မြတ်တဲ့ အကွက်ပဲ၊ လက်စသတ်တော့
မိစ္ဆာရှင်းဓားရေးကျမ်းက ကျိုလိန်းရှန်းလက်ထဲ ရောက်နေတာကိုး"

ရှန်းဝံထျန်းက လှမ်းအော်ပြောလိုက်၏။

ယခု လင်းဟူစုန်းက ကျိုလိန်းရှန်း၏ တိုက်ချက်ကို အသေ
အချာ ပြန်စဉ်းစားသောအခါ ဓားကိုင်မထားသော်လည်း လက်ညှိုး
လက်ချောင်းများကို အကွက်ကျကျ အသုံးပြုတိုက်ခိုက်နေသည်မှာ
ဓားကွက်များပင် ဖြစ်နေ၏။ လင်းဟူစုန်း အထူးပင် အံ့သြသွား၏။

လင်းဟူစုန်းသည် တစ်ကိုယ်တော် ဓားကိုးကွက်ကို တတ်
ကျွမ်းလေ့ကျင့်ထားသောကြောင့် ကျိုလိန်းရှန်း၏ လက်ဝါးချက်
အဖြစ် အသုံးပြုနေသော ဓားကွက်များတွင် ဟာကွက်များစွာကို
တွေ့မြင်နေရသည်။ သို့သော် ထိုဟာကွက်ကို လွယ်လွယ်နှင့်
ဖြိုခွင်းချေဖျက်ရန်မလွယ်ကြောင်း လင်းဟူစုန်း သိသည်။

လင့်ဝေါစိမ်ကဲ့သို့ သိုင်းပညာ အလွန်မြင့်မားသူတစ်ယောက်
ပင်လျှင် ရုတ်တရက် ဟာကွက်ကို ရှာမရသော ဖြိုခွင်းချေဖျက်
ရန် နည်းလမ်းကိုလည်း ရှာမတွေ့ပဲ ဖြစ်နေသည်။

ကျိုလိန်းရှန်းသည် လက်ဝါးသိုင်းကို ဓားကွက်ဟန်ပြု၍
တိုက်ခိုက်နေခြင်း ဖြစ်သည်။ အပြောင်းအလဲသည် ဆန်းပြားများ
ပြားသည်။ ရှောင်လင်ကျောင်းထိုင်ဆရာတော်၊ ချန်းရှိုးရသေ့နှင့်

[illegible]ဟူန်းတို့သည်ပင်လျှင် ဤတိုက်ကွက်တိုက်ချက်များကို အမြင်
[illegible]နေလေသည်။

ကျိုလိန်းရှန်းနှင့် လင့်ဝေါစိမ်တို့သည် လက်ဝါးချင်းဆိုင်မိ
[illegible]သော်လည်း လင့်ဝေါစိမ်၏ သွေးကြောဖျက် သိုင်းပညာသည်
[illegible]လိန်းရှန်းကို မည်သို့မှမထိခိုက်ကြောင်း တွေ့ရသဖြင့် ပွဲကြည့်သူ
[illegible]များက အံ့အားသင့်နေကြသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက လင့်ဝေါစိမ်သည်
ကျိုလိန်းရှန်းနှင့် တိုက်ခိုက်ဖူးသည်။ သွေးကြောဖျက် သိုင်းပညာ
ကို အသုံးမပြုရပဲနှင့်ပင် အရေးသာခဲ့၏။ ယခု သွေးကြောဖျက်
သိုင်းပညာကို အသုံးပြုခဲ့၏။ သို့သော် သိုင်းကွက်နှစ်ရာကျော်သည်
အသို ကျိုလိန်းရှန်းကို မနိုင်သည့်အပြင် မိမိ၏ အတွင်းအားကို
[illegible]အသုံးချနိုင်ခြင်း မရှိတော့သောကြောင့် လင့်ဝေါစိမ်သည်
[illegible]တ်လန့်မိ၏။

ယခုသော် ကျိုလိန်းရှန်းနှင့် ဆက်လက်တိုက်ခိုက်နေရသော
ကြောင့် လင့်ဝေါစိမ်အနေနှင့် မည်သို့မှ မတတ်နိုင်ချေ။

ရုတ်တရက် ကျိုလိန်းရှန်း၏ နောက်ဘက်မှ လူနှစ်ဦး
[illegible]ကပေါ်လာသည်။ တစ်ဦးက ကျိုလိန်းရှန်းနှင့် ဆရာတူညီအစ်ကို
[illegible]ာတ်တစ်ယောက်ဖြစ်ပြီး ကျန်တစ်ဦးက ထိုက်စမ်းအဖွဲ့မှ ရသေ့
[illegible]စ်သည်။

လင့်ဝေါစိမ်သည် အကင်းပါးသူတစ်ယောက် ဖြစ်သော
ကြောင့် နောက်သို့ ခုန်ထွက်လိုက်ပြီး တဟားဟား ရယ်မောလိုက်
သည်။

"တစ်ဦးချင်း ယှဉ်ပြိုင်တိုက်ခိုက်မယ်လို့လည်း ပြောသော
တယ်၊ လက်စသတ်တော့ နောက်ပိုင်းကချောင်းပြီး အထောက်အ
ပေးနေကြတာကိုး၊ ဒီအတိုင်းဆိုရင် ဆက်မပြိုင်တော့ဘူး၊ နောက်
တွေ့.ရသေးတာပေါ့"

ဆက်လက်၍ ယှဉ်ပြိုင်တိုက်ခိုက်လျှင် မိမိအနေနှင့် အ
မသာနိုင်ဟု ကျိုလိန်းရှန်းက တွေးတောမိသည်။ ထို့ကြော
လင့်ဝေစိမ် ဆက်မပြိုင်ခြင်းကို ဝမ်းသာ၏။ သို့သော် မိ
အသာဒီးရကြောင်းကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြီး ဝင့်ကြွ
ခြင်း မပြုခဲ့ချေ။

"ခင်ဗျားကို ဘယ်သူက ကုမ္ပဏီကိုဏ်းသားတွေ ခေါ်လာ
ပါလို့ ပြောလို့လဲ၊ ခင်ဗျားအပြစ်နဲ့ ခင်ဗျားပဲ"

ဤသို့ပြောပြီး ကျိုလိန်းရှန်းသည် နောက်သို့ လှမ်းဆုတ်
သွားသည်။

ဤတိုက်ပွဲတွင် အရှုံးအနိုင် မပေါ်သေးသော်လည်း နှစ်ဦး
စလုံးသည် မိမိတို့ ပြန်လည်သုံးသပ်မိကြသည်။ ကျိုလိန်းရှန်းအ
နှင့် ဆက်လက်၍ တိုက်ခိုက်လျှင် မိမိ၏အခြေအနေမဟန်ဟု
မှန်းဆမိသလို လင့်ဝေစိမ်သည်လည်း ဆက်တိုက်ခိုက်လျှင် မိမိ
အရေးနိမ့်နိုင်ကြောင်း တွက်ဆမိသည်။

အချိန်အနည်းငယ်အတွင်း လင့်ဝေစိမ်သည် အသက်ရှူးနှုန်း
ပိုမိုကောင်းမွန်လာသည်။ သွေးလည်ပတ်မှု ကောင်းမွန်လာသည်
နှင့် တစ်ပြိုင်နက် လင့်ဝေစိမ်းသည် ကျိုလိန်းရှန်းကို မိုးသီးမိုး
ပေါက်ပမာ လက်ဝါးချက်များ ဆင့်ကာဆင့်ကာ ရိုက်ထုတ်သည်။

ကျိုလိန်းရှန်းသည် ဓားကို လက်ဝါးကွက်အဖြစ် အသုံးပြု
၍ ခုခံတားဆီး၏။ ညာလက်ကို ဓားအဖြစ်သုံးပြီး လင့်ဝေစိမ်၏
နံကြားသို့ ထိုးသွင်းလိုက်သည်။

ကျိုလိန်းရှန်းသည် အတွင်းအားကို အပြည့်သုံးပြီး လင့်ဝေ
စိမ်၏ နံကြားသို့ ထိုးသွင်းခြင်း ဖြစ်သည်။ လင့်ဝေစိမ်က
ကျိုလိန်းရှန်း၏ လက်ဝါးချက် ရောက်ရှိလာမည့် မိမိနံကြားကို
ဘကွက်အဖြစ် တမင် ဖွင့်ပေးလိုက်သည်။ လင့်ဝေစိမ်သည်
သွေးကြောဖျက် သိုင်းပညာအတွင်းအားကို ကျိုလိန်းရှန်း၏
လက်ဝါးချက်ရှိမည့်နေရာတွင် ကြိုတင်စုစည်းထားလိုက်သည်။

လင့်ဝေစိမ်က တမင် ထောင်ချောက်ဆင်ခြင်း ဖြစ်သည်။
ကျိုလိန်းရှန်းသည်လည်း မိမိ လက်ဝါးချက်ကို ထိုဟာကွက်ဆီသို့
ထိုးသွင်းလိုက်၏။ လက်ဝါးချက်ထိသံသည် ဖုတ်ခနဲမြည်သွား
သောကြောင့် အားလုံး အံ့အားသင့်သွားကြလေသည်။

လင့်ဝေစိမ်သည် သွေးကြောဖျက် သိုင်းပညာဖြင့် ကျိုလိန်း
ရှန်း၏ အတွင်းအားကို ဖျက်ဆီးလိုက်၏။ သို့သော် ကျိုလိန်း
ရှန်းက လက်ကို ပြန်ရုတ်ပြီး နောက်သို့ ဆုတ်ခွာသွား၍
လင့်ဝေစိမ်ကို ကြည့်နေလေသည်။ လင့်ဝေစိမ်သည် ဒယိမ်းဒယိုင်
ဖြစ်သွားပြီး ငြိမ်သက်စွာ ရပ်နေလေသည်။

"ဖေဖေ"

ယဉ်ယဉ်က လှမ်းအော်ခေါ်လိုက်ပြီး လင့်ဝေစိမ်ဆီသို့
ပြေးသွားသည်။ လင့်ဝေစိမ်၏ကိုယ်သည် အေးစက်နေ၏။ ရှန်းဝံ့
ဘုန်းကို လှမ်းအော်ခေါ်လိုက်သည်။

ရှန်းဝံ့ထျန်းသည်လည်း အကင်းပါးသူတစ်ယောက်ပီပီ ကျိုလိန်းရှန်း အတွင်းအား ယုတ်လျော့သွားကြောင်း သိလိုက်သည်။

အတွင်းအား ပြန်လည်ပြည့်ဝရန် ရက်ပေါင်းအနည်းငယ် လေ့ကျင့် ရန်လိုမှန်း ရှန်းဝံ့ထျန်း တွက်ဆမိ၏။ ထို့ကြောင့် ကျိုလိန်းရှန်းကို စိန်ခေါ်လိုက်သည်။

"ကဲ ... ဂိုဏ်းချုပ် ကျိုလိန်းရှန်းက ဂိုဏ်းချုပ် လင့်ဝေါစိမ်ကို တိုက်ခိုက်ပြီးရင် ကျုပ်နဲ့တိုက်မယ်လို့ ပြောတယ်၊ လာ တိုက်ကြရအောင်"

တိုက်ခိုက်ကြပါက ကျိုလိန်းရှန်းရှုံးပြီး အသက်ပင် သေနိုင်သည်ကို ချန်ရွိုးရသေ့ကပါ တွက်ဆမိသည်။ ထို့ကြောင့် ရှန်းဝံ့ထျန်း၏ အစီစဉ်ကို တားဆီးကန့်ကွက်လိုက်သည်။

"သုံးပွဲယှဉ်ပြိုင်ရာမှာ ကိုယ်ဘက်ကိုယ် စိတ်ကြိုက်ရေးခွင့်ရှိတာပဲ၊ ဂိုဏ်းချုပ် လင့်ဝေါစိမ်ကိုယ်တိုင် လက်ခံခဲ့တာပဲ မဟုတ်လား၊ ဂိုဏ်းချုပ် လင့်ဝေါစိမ်က လူစွမ်းကောင်းကြီးဆိုတော့ ကတိတည်မှာပေါ့"

ယဲ့ပို့ချွင်ကပါ ကြားဝင်ပြောလိုက်၏။ ရှန်းဝံ့ထျန်းက ရယ်မောပြီး ယဲ့ပို့ချွင်ကို လှမ်းပြောလိုက်သည်။

"ဆရာယဲ့ပို့ချွင် ခင်ဗျားဟာ စကားအရာမှာတော့ အလွန်ကြွယ်ဝတယ်၊ ဒါပေမဲ့ သမာဓိဆိုတဲ့ နာမည်နဲ့တော့ လုံးလုံးကို မထိုက်တန်ဘူး၊ ခင်ဗျား ခုလို ဝေ့လည်လည်ပြောနေတာ လူယုတ်လူညံ့တွေရဲ့ အမူအကျင့်ပဲ"

"ဦးဦး ရှန်းဝံ့ထျန်း"

ရှန်းဝံ့ထျန်းသည် လင့်ဝေါစိမ်ထံသို့ လွှားခနဲ ခုန်လွှား သွားပြီး သွေးလည်ပတ်မှုရှိအောင် ပြုလုပ်ပေးလိုက်သည်။ ထိုအခါ ကျမှ လင့်ဝေါစိမ်သည် အသက်ရှူမှန်လာပြီး ဟင်းခနဲအသံပြုပြီး စကားပြောနိုင်သည်။

"ဒီအကွက်ကို ငါ မစဉ်းစားမိလိုက်ဘူး၊ သိပ်ကောင်းတယ်ကဲ ... ဆက်ကြရအောင်"

ကျိုလိန်းရှန်းသည် ခေါင်းကို ခါယမ်းပြလိုက်သည်။ ယဲ့ပို့ချွင်သည်လည်း ကြားဝင်ပြောလိုက်ပြန်သည်။

"အရှုံးအနိုင် ပေါ်သွားပြီပဲ၊ ဘာဆခ်ပြိုင်ဖို့ လိုသေးတော့လို့လဲ၊ ခင်ဗျားကို အစ်ကိုကြီး ရှန်းဝံ့ထျန်းက သွေးကြောထိုးပိတ်လိုက်ပြီ မဟုတ်လား"

လင့်ဝေါစိမ်သည် ထွီခနဲ တံတွေးထွေးလိုက်သည်။

"ထားတော့ ဒီတစ်ပွဲတော့ ငါ ရှုံးသွားပြီလို့ သတ်မှတ်လိုက်စင်စစ် ကျိုလိန်းရှန်းသည် မိမိ ဆယ်နှစ်ကျော် ကြိုးစားပမ်းစားကျင့်ခဲ့သော စိမ့်အေးအတွင်းအားသိုင်းပညာရပ်ကို အစွန့်၍ အသုံးချတိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

လင့်ဝေါစိမ်၏ သွေးကြောဖျက်အတွင်းအားနှင့် ဆိုင်မိသွားတွင် မိမိ၏သွေးကြောများ ဖျက်စီးပြီး အတွင်းအားကုန်ဆုံးသွားနိုင်သည့် အန္တရာယ်ရှိလေသည်။ အတွင်းအားကုန်ချင်လည်း ကုန်စေတော့ဟုသဘောထားကာ နောက်ဆုံး ပွဲသိမ်းအဖြစ် ကျိုလိန်းရှန်းကို အားစိုက်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဤသို့ ရှန်းဝံထျန်းနှင့် ယဲ့ပို့ချင်တို့ စကားအချေအတင် ပြောဆိုနေကြစဉ် ကျိုလိန်းရှန်းသည် နံရံကိုမှီ၍ ရပ်နေရသည့် ကိုယ်ကို မနည်းဟန့်တားရပြီး ရန်သူနှင့် တိုက်ခိုက်နိုင်အား အလျဉ်းမရှိချေ။ ကျိုလိန်းရှန်း၏ အခြေအနေကို ချန်းရှိုးရသေ ကဲ့ ရိပ်မိသည်။ ထို့ကြောင့် ချန် ့ ်သည် ရှန်းဝံထျန်းအား ကျိုလိန်းရှန်းကိုယ်စား စိန်ခေါ်လိုက်၏။

"ဘယ်လက်ရုံးကြီးက သိုင်းလောကတစ်ခွင်မှာ မိုးရာဇာ ဆိုပြီး ကျော်ကြားလေတော့ အရည်အချင်းလည်း အထွတ်အထိပ် ကျမှာပါပဲ၊ ကျုပ်က မိုးရာဇာနဲ့ လက်ရည်စမ်းသပ်ရရင် ဂုဏ်ရှိ မယ်ထင်ပါတယ်"

ဝူတန်းဂိုဏ်းချုပ်သည် အရည်အချင်းနှင့် သိက္ခာမြင့်မားသူ ဖြစ်သောကြောင့် ရှန်းဝံထျန်းနှင့် ယခုကဲ့သို့ ယှဉ်ပြိုင်ခြင်းသည် ရှန်းဝံထျန်းအား လေးစားသည့်သဘော သက်ရောက်သည်။

"ရသေ့ကြီး ချန်းရှိုးကလည်း ယှဉ်ဘက်မရှိလောက်အောင် တော်တဲ့ ပုဂ္ဂိုလ်ပါပဲ၊ ရသေ့ကြီး အမိန့်အတိုင်းပေါ့၊ ခုလို ကျွန်တော့်ကို လေးစားသမှုပြုတော့လည်း အသက်စွန့်တဲ့ စွန့်ရ တာပေါ့"

ချန်းရှိုးရသေ့က ဂါဝရပြုပြီး နောက်သို့ ပြန်ဆုတ်သွားသည်။

"နေမိုးနောင်တော် ရှန်းဝံထျန်း နောက်သို့ ဆုတ်လိုက်စမ်း"

လင့်ဝေါစိမ်းက အော်ပြောရင်း ခါးမှ ဓားရှည်ကို ဆွဲထုတ်လိုက်သည်။ အားလုံး အံ့အားသင့်သွားကြသည်။ လင့်ဝေါစိမ်းသည် အထွတ်အထိပ် သိုင်းသမားနှစ်ဦးနှင့် နှစ်ပွဲဆင်နွှဲပြီး တတိယပွဲ

ဆက်လက်ဆင်နွှဲမည်ဆိုသောအခါ မအံ့သြပဲ မနေနိုင်ကြ ချေ။

ကျိုလိန်းရှန်းသည် မိမိ ဆယ်နှစ်ဆယ်မိုး အထူးအပင်အပန်းခံ ကျော့ကျင့်ခဲ့သည့် စိမ့်အေးအတွင်းအားကို အသုံးချပြီး ထိထိမိမိ ဆောက်ခိုက်နိုင်ခဲ့ပါမူ မည်ကဲ့သို့သော သိုင်းသမားပင်ဖြစ်စေ ဒဏ်ပြင်းစံဝက်ခန့် အချိန်အတွင်း အတွင်းအား ပြန်လည်မလေ့ကျင့်ပဲ အောက်တစ်ပွဲဆက်တိုက်ရုန် မတတ်နိုင်ဟု တစ်ထစ်ချ တွက်ဆ ထားသည်။

ယခု လင့်ဝေါစိမ်းက တစ်ခဏအတွင်း တတိယပွဲကို ဆင်နွှဲမည် ဆိုသောအခါ ကျိုလိန်းရှန်း အကြီးအကျယ် အံ့သြသွား သည်။

ချန်းရှိုးရသေ့က ပြုံးလိုက်ပြီး ...

"ဂိုဏ်ချုပ် လင့်ဝေါစိမ်ဟာ စည်းကမ်းရှိပါတယ်၊ ခင်ဗျား ကြိုက်ရာလူကို ရွေးချယ်ခွင့်ရှိပါတယ်၊ ဒါပေမဲ့ ကျုပ်ဘက်က အခွင့်အရေး အများကြီး သာနေပါတယ်"

"ကျုပ်အနေနဲ့ ဒုတိယပွဲအပြီးမှာ တတိယပွဲကို ဆက်ဆင်နွှဲ ရင် ဝူတန်းအဖွဲ့ချုပ်ရဲ့ ဓားရေးကို အထင်သေးရာ ရောက်မယ်၊ ဒီလိုတော့ မစော်ကားချင်ပါဘူး"

လင့်ဝေါစိမ်းစကားကို ပြင်းပြောလိုက်သဖြင့် ချန်းရှိုးရသေ့ သည်း ဝမ်းသာသွားသည်။

"ဂိုဏ်းချုပ်ကြီး လင့်ဝေါစိမ်ရဲ့စကားကို ကြားရတာ ဝမ်းသာ ပါတယ်"

"ရသေ့ကြီး ချန်းရွိုးတို့ဘက်က ခွန်အားသစ်ဖြစ်လေတော့
ကျုပ်ဘက်ကလဲ ခွန်အားသစ် ဖြစ်ရမယ်၊ ကဲ ... ညီတော်လေး
လင်းဟူစုန်း မင်း ဆင်းခဲ့တော့"

လင့်ဝေါစိမ်၏ စကားအဆုံးတွင် ရှိသမျှလူသည် လင့်ဝေါ
လှမ်းကြည့်ရာသို့ လိုက်ကြည့်ကြသည်။ လင်းဟူစုန်းသည် ဆ
လက်၍ ပုန်းအောင်းနေရန် မဖြစ်တော့သောကြောင့် အောက်သို့
ခုန်ဆင်းလိုက်သည်။ ဝှမ်းသိမ့်ဆရာတော်ကို လင်းဟူစုန်း ဦး
ကန်တော့လိုက်သည်။

"တပည့်တော် ရှောင်လင်ရတနာကျောင်းတိုက်ကို တံခါး
မားမရှိထင်သလို ဝင်ထွက်မိခဲ့တာကို ခွင့်လွှတ်ပါဘုရား"

ဆရာတော်ကြီး ဝှမ်းသိမ့်က တဟားဟား ရယ်မောလိုက်
သည်။

"ကျုပ်က ဘယ်သူများလဲလို့၊ လက်စသတ်တော့ ဒက
လေးကိုး၊ မင်းရဲ့အသက်ရှူသံနားထောင်ရတာ သိုင်းပညာ အတော်
မြင့်မား၊မှန်း သိသာပါတယ်၊ ကျုပ်က ကျုပ်တို့နားလောက်မှု
ရောက်နေတော့ ဘယ်သူများလဲလို့ စဉ်းစားနေတာ"

ဆရာတော်ကြီးစကားကြောင့် လင်းဟူစုန်း ထိတ်လန့်အံ့အား
သင့်စွာ စဉ်းစားလိုက်မိသည်။

"ငါ ရောက်နေတာ ဆရာတော်ကြီးတို့ သိနေကြတာကိုး"

"လင်းဟူစုန်း ဒီစာကို တစ်ဆိတ် ဖတ်ကြည့်စမ်းပါဦး"

"ဆိုင်းဘုတ်နောက်တွင် လူရှိသည်"

"တပည့်တော်တို့ ဆွဲချလိုက်မယ်"

"နေဦး သူ့အတွင်းအားကို တိုင်းတာကြည့်ရခြင်းအားဖြင့်
ရန်သူလား၊ မိတ်ဆွေလားဆိုတာ ခွဲခြားမရသေးဘူး"

ဆရာတော်ကြီး ဝှမ်းသိမ့်နှင့် ဒွန်းစဏ္ဍာဂိုဏ်းချုပ်တို့နှစ်ဦး
တိုင်ပေါ်တွင် လက်သည်းနှင့် ကုတ်ခြစ်ပြီး စာရေးစကားပြောကြ
ခြင်း ဖြစ်၏။

လင်းဟူစုန်း စိတ်ထဲမှ အလွန်ချီးမွမ်းမိ၏။

"ဂိုဏ်းချုပ်ကြီးတွေ ရောက်ရှိနေလေတော့ ကျွန်တော်က
စိတ်မလုံမလဲ ဖြစ်သွားတယ်၊ ဒါကြောင့် ချက်ချင်း ဆင်းလာလို့
မဖြစ်တော့တာပါ"

"စိတ်မလုံမလဲဖြစ်တာဆိုတော့ ရှောင်လင်ကျောင်းတိုက်က
ဘာပစ္စည်းခိုးဖို့ အကြံရှိနေလို့လဲ"

"ကျွန်တော်ဟာ အတင့်ရဲပေမဲ့ ခိုးဝှက်တဲ့အကျင့် မရှိပါ
ဘူး၊ ကျွန်တော်လာတာက ဂိုဏ်းချုပ် လင့်ဝေါစိမ်ရဲ့သမီးကို
ကယ်ဖို့ပါ"

"ကျွန်တော်အပေါ် ကျေးဇူးရှိထားတော့ ကျွန်တော့်ဘက်က
လည်း အရိုးကျေကျေ အရေခန်းခန်း ပြန်လည်ပြီး ကျေးဇူးဆပ်ရ
မှာပဲ"

"နမြောစရာကောင်းတယ်၊ အမျိုးကောင်းသားတစ်ယောက်
က ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ကိုယ့်ဘဝရဲ့
တက်လမ်းကို ဖျက်ဆီးပစ်ရတယ်လို့၊ နောင်တစ်ချိန်မှာ ဝှာစမ်း
ဂိုဏ်းချုပ်နေရာဟာ မင်းလက်ထဲကိုမရောက်လို့ ဘယ်သူ့လက်ထဲ
ရောက်ရမှာလဲ"

"ဗာစမ်းဂိုဏ်းချုပ်က ဘာများ ကြီးကျယ်လို့လဲ၊ ကျုပ် သေဆုံးသွားတဲ့နေ့မှာ သူရိန်မျက်နှာမူဂိုဏ်းရဲ့ ဂိုဏ်းချုပ်နေရာကို ကျူပ်သားမက် လက်ထဲ မအပ်လို့ ဘယ်သူ့လက်ထဲ အပ်ရမှာလဲ"

ဒွန်းစဏ္ဍာဂိုဏ်းချုပ်၏ စကားကို လင့်ဝေါစိမ်က ဝင်ရောက် ပြောဆိုလိုက်သည်။

"မ ... မ မဖြစ်ပါဘူး"

"ဟုန်ကလေး ဒါတွေ ပြောမနေနဲ့၊ ဂူတန်းဂိုဏ်းချုပ်ရဲ့ ထက်မြက်တဲ့ဓားရေးကို မင်း စမ်းကြည့်ပါဦး၊ ပျော့ပျောင်းမှု ကြားထဲက တင်းမာမှု ရှိပါတယ်၊ အကွက်လည်း စေ့တယ်၊ ဒါကြောင့် သတိဝီရိယထားပါ"

ဟုန်ကလေးဟု မိမိအား လင့်ဝေါစိမ်က ခေါ်နေကတည်းက သားမက်အဖြစ် နှလုံးပိုက်ထားပြီဖြစ်ကြောင်း လင်းဟူစုန်း သဘော ပေါက်သည်။ သို့သော် လူကြီးသူမကို ရိုသေသမှုပြုသောအားဖြင့် ချန်းရွိုးရသေ့ရှေ့တွင် ဒူးထောက်ချလိုက်သည်။ ချန်းရွိုးရသေ့ကလည်း လင်းဟူစုန်းကို ထူပြီး ပြန်ရပ်စေသည်။

"ညီတော်လေး ဘာဖြစ်လို့ ဦးချကန်တော့ရတာလဲ"

"ကျွန်တော်က ဆရာရသေ့ကြီးကို အလွန်ကြည်ညိုပါတယ်၊ ပြီးတော့ ရသေ့ကြီးရဲ့ဓားရေးကို ယှဉ်ပြိုင်ရမယ်ဆိုတော့ စိတ် မကောင်းဖြစ်မိလို့ပါ"

"ဒါပေမဲ့ ညီတော်လေးက ဒီလောက်လည်း လေးစားသမှု ပြုဖို့မလိုပါဘူး"

လင်းဟူစုန်းသည် လင့်ဝေါစိမ် ဘမ်းပေးသောဓားကို လှမ်းယူပြီး ဓားဦးကို မြေတွင်ထောက်၍ ရပ်နေလေသည်။

ချန်းရွိုးရသေ့ကြီးသည် ကောင်းကင်သို့ ခေါင်းမော်ကြည့်ကာ အတန်ကြာအောင် ငေးငိုင်နေလေသည်။ လင်းဟူစုန်း၏ ဓားကွက်ကို မည်သို့ ဖြိုခွင်းရမည်ကို အကြံထုတ် စဉ်းစားနေခြင်း ဖြစ်သည်။ ပွဲကြည့်လျက်ရှိနေသူများသည် ချန်းရွိုးရသေ့ကြီး၏ အမူအရာကို တအံ့တသြ ငေးကြည့်နေကြ၏။ ချန်းရွိုးရသေ့ကြီးသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး လင်းဟူစုန်းကို လှမ်းပြောလိုက်သည်။

"တတိယပွဲကို ယှဉ်ပြိုင်ဖို့ မလိုတော့ဘူး၊ ခင်ဗျားတို့ လေးယောက် ဒီတောင်ပေါ်က ဆင်းသွားနိုင်ပြီ"

ရသေ့ကြီး ချန်းရွိုး၏ စကားကို ကြားရသောအခါ အားလုံး အံ့အားသင့်သွားကြ၏။ ဒွန်းစဏ္ဍာဂိုဏ်းချုပ် ကြွယ်ဟူန်းက မကျေမနပ်နှင့် မေးလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်စလုံးက တိုက်မှ မတိုက်ရသေးပဲ"

"လွန်ခဲ့တဲ့ လဝက်လောက်မှာ ကျုပ် သူနဲ့ ဓားရေးယှဉ်ပြိုင်ပြီးပြီ၊ ဓားကွက်ပေါင်း သုံးရာကျော် ယှဉ်ပြိုင်ခဲ့ရတယ်၊ ပြီးတော့ ကျုပ် ရှုံးသွားတယ်၊ ဒါကြောင့်မို့ ဒီနေ့ နောက်ထပ် ယှဉ်ပြိုင်စရာအကြောင်းမရှိဘူး၊ ယှဉ်ပြိုင်ရင်လည်း နိုင်မှာမဟုတ်ဘူး"

"တကယ်ပဲ ယှဉ်ပြိုင်ပြီး အရေးနိမ့်ခဲ့တာလား"

ရသေ့ကြီး ချန်းရွိုးစကား၊ကို ကြား၍ ရှောင်လင်ဆရာတော်က မေးလိုက်သည်။

လင့်ဝေါစိမ်က လင်းဟူစုန်းနှင့် ယဉ်ယဉ်ကို လက်ဆွဲပြီး ဩက်သွားသောအခါ ယဲ့ပို့ချင် နောက်မှ လှမ်းခေါ်လိုက်သည်။

"နေဦး"

"ဘာဖြစ်လို့လဲ"

လင့်ဝေါစိမ်က ပြန်လည်မေးမြန်းလိုက်သည်။

"ရသေ့ကြီး ချန်းရှိုးက လူကြီးနဲ့ လူငယ်မို့လို့ မယှဉ်ချင်လို့ တမင်ရှောင်လိုက်တာ၊ လင်းဟူစုန်း ပြန်လာခဲ့၊ မင်းနဲ့ငါ ယှဉ်ဖြိုင်မယ်"

ယဲ့ပို့ချင်က မိမိကို စိမ်ခေါ်နေသောကြောင့် လင်းဟူစုန်းသည် အံ့အားသင့်ပြီး ထိတ်လန့်သွား၏။

"ဆရာ ကျွန်တော်က ဘယ်လိုလုပ်ပြီး ဆရာနဲ့"

"လူတိုင်းက မင်းဟာ ဘိုးတော် ဖုန်းချင်းယန်ရဲ့ ဓားရေးကို တတ်ကျွမ်းထားတယ်လို့ ပြောနေတယ်၊ ငါလည်း ယှဉ်နိုင်ချင် မှယှဉ်နိုင်မယ်၊ စုန်းစမ်းအဖွဲ့ရဲ့ ဓားရေးကိုပဲ မင်းက အသုံးချရင် ငါကိုယ်တိုင်က မင်းနဲ့ယှဉ်ဖို့ လိုအပ်တယ်၊ ငါက ရှောင်ရင် မသင့်တော်ဘူး၊ မင်းကို ငါက မသတ်နိုင်ရင် မင်းက ငါ့ကို သတ်မှာပဲ"

ယဲ့ပို့ချင်သည် စကားပြောရင်း ဒေါသထွက်လာပြီး ဓားရှည်ကို ဆွဲထုတ်လိုက်လေသည်။

"မင်းနဲ့ ငါ့အကြားမှာ ဆရာနဲ့ ဆရာတပည့်ဆိုတဲ့ မေတ္တာ စေတနာလည်း ကုန်ခန်းခဲ့ပြီ၊ ကဲ ... မင်း ဓားထုတ်စမ်း"

လင်းဟူစုန်းသည် နောက်သို့ တစ်လှမ်းဆုတ်လိုက်သည်။

"ဟုတ်ပါတယ် နော်တော်လေး လင်းဟူစုန်းဟာ ဆရာကြီး ဖုန်းချင်းယန်ရဲ့ ဓားရေးကို ကောင်းစွာ တတ်မြောက်ထားပါတယ်၊ တပည့်တော် သူ့ကို လုံးဝ မယှဉ်ပြိုင်နိုင်ပါဘူး"

ရသေ့ကြီး ချန်းရှိုးသည် စကားပြောပြီးသည်နှင့် နောက်သို့ လွှားခနဲခုန်၍ ဆုတ်သွားလေသည်။

"ရသေ့ကြီးရဲ့ အပြောအဆို ပွင့်လင်းရိုးသားတယ်၊ ဟိုတုန်းက တစ်ဝက်လောက်ပဲ လေးစားရက ခုဆိုရင် ဆယ်ပုံခုနစ်ပုံလောက် လေးစားမှု တိုးမြင့်သွားပြီ"

လင့်ဝေါစိမ်က ချန်းရှိုးရသေ့ကြီးအား လှမ်းပြောပြီး ဆရာတော်ကြီး ဝှမ်းသိမ့်ကို ကိုယ်ဟန်ဖြင့် ဂါရဝပြု နှုတ်ဆက်လိုက်သည်။

လင်းဟူစုန်းကလည်း ယဲ့ပို့ချင်၏ ရှေ့သို့ လျှောက်သွားပြီး ဒူးထောက်ချ၍ ကန်တော့သည်။ ယဲ့ပို့ချင်က အေးတိအေးစက် လေသံဖြင့် ပြန်ပြော၏။

"မင်း အပြုအမူကို ငါ မခံဝံ့ပါဘူး"

လင်းကျုံးချဲသည် နှလုံးသားထိခိုက်နာကျင်ပြီး မျက်ရည် စီးကျလာသည်။

လင့်ဝေါစိမ်းက လက်တစ်ဖက်ဖြင့် သမီးဖြစ်သူ ယဉ်ယဉ်ကို ဆွဲလိုက်ပြီး ကျန်လက်တစ်ဖက်ဖြင့် လင်းဟူစုန်းလက်ကို ဆွဲလိုက်သည်။

"ကဲ ... သွားကြစို့"

ဒွန်းစဏ္ဍားဂိဏ်းချုပ် ကြွယ်ဟုန်းနှင့် ထုက်စမ်းဂိဏ်းချုပ် ထျန်းမင်းရသေ့တို့သည် ငေးကြောင်ပြီး ကြည့်နေသည်။

"တပည့် မယှဉ်ပဲ့ပါဘူး"

ယဲ့ပို့ချင်သည် ကဲချေသည်ကြို့ ထင်ရှားပင်ပျို့ ဓားကွက်ဖြင့် လေဟပ်သံမြည်နေအောင် လင်းဟူစုန်းထံသို့ ထိုးထုတ်လိုက်သည်။ လင်းဟူစုန်းက ဓားမထုတ်သေးပဲ တိမ်းရှောင်ပေးလိုက်၏။

"မင်းက ငါ့ဓားချက်ကို ပြန်မခုခံပဲ ဓားလွတ်နဲ့ ရှောင်တိမ်းနေတယ်ဆိုတော့ လူကြီးကို ပမာမခန့်သဘော ဆိုပါတော့၊ ကဲ ဓားထုတ်စမ်း"

"ဟုတ်ကဲ့ မင်းက ပြန်တိုက်ဖို့ စိတ်မကူးပဲ အသေအချာ အဆုံးခံတော့မလို့လား"

လင့်ဝေါစိမ်က လှမ်းပြောလိုက်တော့မှ လင်းဟူစုန်းသည် ခါးကြားမှ ဓားရှည်ကို ဆွဲထုတ်လိုက်တော့သည်။

လင်းဟူစုန်းသည် အလွန်ဆုံးဖြတ်ရခက်နေသည်။ အနိုင်မတိုက်ပဲ အရှုံးပေးခဲ့လျှင် ယဉ်ယဉ်နှင့် လင့်ဝေါစိမ်၊ ရှန်းဝဲ့ထျန်းတို့သည် ရှောင်လင်ကျောင်းတိုက်တွင် ဆယ်နှစ်ခန့် ခြေချပ်မိနေမည်။ မိမိ အနိုင်တိုက်လျှင် မိမိ ကျေးမွေးစောင့်ရှောက်ခဲ့သည့်ဆရာ လူပုံအလယ်တွင် အရှက်ခွဲရာကျမည်။

ယဲ့ပို့ချင်သည် လင်းဟူစုန်းကို တရစပ် တိုက်ခိုက်ထိုးခုတ်သည်။ လင်းဟူစုန်းက တစ်ကိုယ်တော်ဓားကိုးကွက်၏ ထက်မြက်သောဓားရေးကို လုံးဝ အသုံးမချပေ။ မိမိဆရာ သင်ကြားပေးခဲ့သည့်အကွက်ဖြင့်သာ ခုခံခဲ့ရာ အကွက်နှစ်ဆယ် ကျော်သွားခဲ့သည်။ လင်းဟူစုန်းသည် ဓားရေးကျွမ်းကျင်ပြီး အတွင်းအားလည်း အလွန်မြင့်မားနေချိန်ဖြစ်သောကြောင့် ယဲ့ပို့ချင်၏ ထိုးစစ်ကို အလွယ်တကူ ချေဖျက်ခုခံနိုင်ခဲ့သည်။

လင်းဟူစုန်းသည် ပြန်လည်တိုက်ခိုက်ခြင်းမပြုပဲ ခုခံရုံသာ ခုခံနေသောကြောင့် ပွဲကြည့်ပရိသတ်အနေဖြင့် လင်းဟူစုန်းက မိမိဆရာကို ညှာတာနေကြောင်း သိသာသည်။ လင့်ဝေါစိမ်နှင့် ရှန်းဝဲ့ထျန်းတို့က တစ်ယောက်မျက်နှာ ကိုတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

ဤအတိုင်း တိုက်ခိုက်မှုမပြုပဲ ခုခံနေလျှင် လင်းဟူစုန်းနိုးမည်ကို လင့်ဝေါစိမ်နှင့် ရှန်းဝဲ့ထျန်းတို့က စိုးရိမ်နေကြလေသည်။

လင့်ဝေါစိမ်က သမီးဖြစ်သူကို ပြောလိုက်ပြန်သည်။

"သမီး ရှေ့မှာ သွားရပ်ပြလေ"

သို့သော် ယဉ်ယဉ်က သွားရပ်ခြင်းမပြုချေ။ ယဉ်ယဉ်က လင်းဟူစုန်းသည် ယဲ့ပို့ချင်ကို မိမိထက် ပိုမိုအလေးအနက်ထားရှိနေသဖြင့် မျက်ရည်တသွယ်သွယ် စီးကျပြီးသော်လည်း အကျိုးမရှိနိုင်ဟု ဆွေးထင်ယူဆထားသည်။ ထို့ကြောင့် ဖခင်ဖြစ်သူ၏ စကားအတိုင်း သိုက်နာပြုကျင့်ခြင်း မရှိချေ။

ယဉ်ယဉ်သည် အရှက်ကြီးရှက်၍ အလွန်မာနကြီးသည့် ဒေါသကလေးတစ်ယောက်ဖြစ်သောကြောင့် လင်းဟူစုန်းက အနိုင်တိုက်ပဲ အရှုံးပေးချင်လျှင်လည်း သဘောအတိုင်းသာ ရှိစေတော့ဟု စိတ်ဒုံးဒုံးချထားလိုက်လေသည်။

လင်းဟူစုန်းက မိမိဆရာ၏ ဓားကွက်ဓားချက်များအတွင်း ဟာကွက်များစွာကို တွေ့ရှိခဲ့သော်လည်း ပြန်လည်တိုက်ခိုက်ခြင်းမပြုပဲ ခုခံရုံသာ ခုခံနေသည်။

လင်းဟူစုန်းက ပြန်မတိုက်ကြောင်း သိရသောအခါ ယဲ့ပို့ချွင်သည် ဗာစမ်းအဖွဲ့၏ လက်ရွေးစင်ဓားကွက်များကို ခရမ်းရောင်ခြည်အတွင်းအား ဖြည့်သွင်းပြီး အသုံးချ တိုက်ခိုက်လေသည်။ ယဲ့ပို့ချွင်၏ တိုက်ခိုက်မှုအရှိန်သည် ကြာလေလေ မြင့်လေလေ ဖြစ်နေသည်။

ယဲ့ပို့ချွင်၏ ဆန်းပြားနက်ရှိုင်းသော ဓားကွက်များကို ပွဲကြည့်ပရိသတ်က ချီးမွမ်းကြသည်။ သို့သော် လင်းဟူစုန်းက ဓားချက်ဓားကွက်သိုင်းကို လွယ်လင့်တကူ ချေပဖျက်ဆီးပစ်နိုင်ကြောင်း တွေ့ရသောကြောင့် လင်းဟူစုန်းကို ပို၍ ချီးမွမ်းကြသည်။

တိုက်ပွဲသည် ကြာရှည်လေလေ ယဲ့ပို့ချွင်သည် ဒေါသဖြစ်လေလေပင်။

"ငါက သူ့ကို ထိခိုက်အောင် မတိုက်နိုင်ရင် ဂိုဏ်းချုပ်တစ်ယောက်အနေနဲ့ အကြီးအကျယ် သိက္ခာကျမယ်၊ ပြန်မတိုက်ပေမဲ့ ငါဘာသာငါ တိုက်ခိုက်ရင်း လက်လျော့သွားအောင် ဉာဏ်ဆင်ထားတာပဲ"

ဤသို့ တွေးတောမိသောကြောင့် ယဲ့ပို့ချွင်သည် ခရမ်းရောင်ခြည် အတွင်းအားဖြည့်ပြီး လင်းဟူစုန်းကို ခါးလည်ပိုင်းဖြတ်ချလိုက်သည်။ လင်းဟူစုန်းက ခုန်လွှားပြီး ရှောင်တိမ်းလိုက်သဖြင့် ယဲ့ပို့ချွင်၏ နောက်ကျောက်သို့ ရောက်ရှိသွား၏။ ယဲ့ပို့ချွင်သည် ဆတ်ခနဲလှည့်ပြီး လင်းဟူစုန်း၏ နောက်ကျောပြင်ကို ဓားဖြင့် ထိုးသွင်းလိုက်သည်။ ဓားချက် လျင်မြန်လွန်းသောကြောင့် ပွဲကြည့်ပရိသတ်သည် ဟာခနဲ ဖြစ်သွားသည်။

ယဲ့ပို့ချွင်သည် နောက်ကျောသို့ ဓားဖြင့် လှမ်းထိုးလိုက်ချိန်တွင် လင်းဟူစုန်းသည် မြေပြင်သို့ ခြေပြန်မကျသေးပဲ လေထဲတွင် ရှိနေသေးသည်။ ထို့ကြောင့် ရှောင်တိမ်းရန် အလွန်ခက်ခဲသည်။ ရှေ့တွင်းလည်း တိုင်မတ်ကြီးတစ်တိုင် ကာဆီးနေသောကြောင့် လင်းဟူစုန်းက ဘေးသို့ ခုန်ရှောင်လိုက်သည်။ ယဲ့ပို့ချွင်၏ ဓားသည် လင်းဟူစုန်း၏ ကျောပြင်ကို ထိုးဖောက်သွားရမည့် အစား တိုင်းတွင်းသို့ စူးဝင်သွားလေသည်။

လင်းဟူစုန်းကို မထိုးမိသောကြောင့် သြဘာပေးသံများ ကျက်ပေါ်လာသည်။ ယဲ့ပို့ချွင်သည် ပို၍ ဒေါသထွက်သွားသည်။ ယဲ့ပို့ချွင် အသုံးပြုလိုက်သော ဓားချက်သည် အသက်ရွေကွင်းဆက်အသုံးကွက်ဖြစ်ပြီး အလွန်ထက်မြက်နက်ရှိုင်းသည်။ ဓားရေးဦးစားပေးဂိုဏ်း၏ အထွတ်အထိပ်ဓားကွက်ကို ယဲ့ပို့ချွင် အသုံးပြုထိခိုက်လိုက်ခြင်း ဖြစ်သည်။

ဗာစမ်းအဖွဲ့တွင် ဓားရေးဦးစားပေးအဖွဲ့နှင့် အတွင်းအားဦးစားပေးအဖွဲ့ဟူ၍ နှစ်ဖွဲ့ကွဲစဉ်က ဤဓားကွက်ဖြင့် အတွင်းအားဦးစားပေးအဖွဲ့မှ လူအတော်များများ အသက်ဆုံးရှုံးခဲ့ဖူးသေးသည်။

အတွင်းအား ဦးစားပေးအဖွဲ့တွင် ဂိုဏ်းချုပ်တစ်ယောက်ဖြစ်သော ခင်ပွန်းသည် ယဲ့ပို့ချွင်က ယခုကဲ့သို့ ဓားရေးဦးစားပေးအဖွဲ့၏ ဓားကွက်ကို အသုံးပြီးပြီး တိုက်ခိုက်သည်ကို တွေ့ရသောအခါ လင်းကျူးခဲ့သည် ခင်ပွန်းသည်ကို အလွန် ဒေါသထွက်မိသည်။

လင်းကျူးချဲက့ စိတ်ထဲမှ ရေရွတ်ရင်း ဓားရိုးကို လက်ဖြ
ဆုပ်ကိုင်မိလိုက်သည်။

လင်းဟူစုန်းသည် တိုင်နောက်မှ ထွက်လာခြင်းမရှိသေ
ကြောင့် ယဲ့ပို့ချွင် ဝမ်းသာမိသည်။ သို့မဟုတ်ပါက မိမိသ
အရှက်ကွဲသည်ထက် ကွဲမည်ဟု ယဲ့ပို့ချွင် စဉ်းစားမိသည်
လင်းဟူစုန်းသည် တိုင်နောက်တွင်ကွယ်ကာ ခေါင်းကို ငိုက်စို
ချထားသည်။

"ဆရာ ကျွန်တော်က ဆရာကို ဘယ်ယုံခဲ့နိုင်ပါ့မလဲ"

"ဆရာတော်ကြီး သူတို့ဆရာတပည့် ယုဉ်ပြိုင်နေကြတာ
ခုထိ အနိုင်အရှုံး မပေါ်သေးဘူး၊ လင်းဟူစုန်းက သူ့ဆရာက
အလျော့ပေးနေတယ်ဆိုတာ မျက်စိမကန်းသူတိုင်း တွေ့မြင်နိုင်
တယ်၊ ဒီတော့ ဒီလိုလုပ်ပါ၊ သုံးပွဲယှဉ်ပြိုင်ရာမှာ အနိုင်အရှ
မပေါ်သေးဘူး၊ လင်းဟူစုန်းက သူ့ဆရာကိုမှတ်ယူပြီး တပည့်တော်
တို့ကို ထွက်ခွာသွားခွင့်ပြုပါ"

လင့်ဝေါစိမ်က ရှောင်လင်ကျောင်းတိုက်ဆရာတော်ကြီးကို
လှမ်းအော်လျှောက်ထားလိုက်သည်။ ဤစကားကို ကြားရသောအခါ
မှ လင်းကျူးချဲ၏ ရင်တွင်း၌ ဖိုကြွပ်နေသောအလုံးကြီး ကျဆင်း
သွားလေသည်။

"ဒကာကြီး လင့်ဆေစိမ် ဒီလို အကြံပြုတာ အတော်ကောင်း
ပါတယ်၊ နှစ်ဖက်နှစ်ဝလည်း မျက်နှာပျက်စရာ အကြောင်းမရှိ
တော့ဘူး"

ဆရာတော်ကြီး၏ ပြောစကားကြောင့် ကျူလိန်းရှန်းက
မကျေမနပ်နှင့် ဝင်ပြောပြန်သည်။

"လူတွေကို ဆက်ပြီး ဒုက္ခပေးဖို့ ဒီလေးယောက်ကို
သည်တို့က ဒီအတိုင်း လွှတ်ပေးလိုက်ရတော့မှာလား၊ သူတို့ရဲ့
က်တွေမှာ လူစွမ်းကောင်းတွေရဲ့သွေးတွေ အများကြီး စွန်းနေ
ာယ်၊ ယဲ့ပို့ချွင် ဒီလူတွေဘာ လွှတ်သွားရင် နောင်အခါမှာ
ဂျားက တုစမ်းဂိုဏ်းချုပ်ဆိုတာကော ဟုတ်နိုင်ပါဦးမလား"

ကျူလိန်းရှန်း၏စကားကို ကြားရပြန်သောအခါ ယဲ့ပို့ချွင်
သည် တိုင်မကြီး၌ စူးဝင်နေသော မိမိဓားကို နှုတ်ယူ၍ လင်းဟူစုန်း
ဆပ်မှီ တိုက်ခိုက်ပြန်သည်။

ယဲ့ပို့ချွင်က တိုက်ခိုက်လာသည်ကို ရှောင်တိမ်းခုခံရင်းနှင့်
င်းဟူစုန်းသည် တိုင်ရှေ့သို့ ပြန်လည်ရောက်ရှိလာပြန်သည်။
ယဲ့ပို့ချွင်၏ဓားချက်က အလွန်သွက်လက်လျင်မြန်သော်လည်း
င်းဟူစုန်းသည် ရှောင်တိမ်းနိုင်ခဲ့၏။ လင့်ဝေါစိမ်က ရယ်မော
ြီး လှမ်းပြောသည်။

"နောင်တော် ရှန်းဝံ့ထျန်း ဒီနေ့ တို့ ရှောင်လင်ကျောင်း
ိုက် ရောက်ခဲ့တာ မျက်စိပွင့် နှာပွင့် ဖြစ်သွားတယ်"

"ဟုတ်တယ် သိုင်းလောကက တကယ့် ဒိတ်ဒိတ်ကျဲကျဲတွေ
ချော်လင့်ပဲ လာစုဝေးမိတာပဲနော်"

"အဲဒီ ဒိတ်ဒိတ်ကျဲကျဲထဲမှာ တစ်ယောက်ကတော့ အထွတ်
ဆိတ် ကျဆုံးပဲ"

"ဂိုဏ်းချုပ်က ဘယ်သူ့ကို ဆိုလိုတာလဲ"

"အထွတ်အထိပ်အကျဆုံး ပညာကို သင်ယူလေ့ကျင့်ထား
သူကို ဆိုလိုတာပေါ့၊ ဒီလူ တတ်မြောက်လေ့ကျင့်ထားတဲ့
ညာကလည်း အံ့ဖွယ်တစ်ပါးပဲ"

"ဘယ်လိုပညာမို့လို့လဲ"

"ဒီလူ လေ့ကျင့်ထားတာကတော့ မျက်နှာပြောင်တိုက် ပညာပဲ၊ မျက်နှာခံနိုင်ရှိအောင် သံမဏိမျက်နှာဖြစ်အောင် လေ့ ထားတယ်"

"ကျွန်တော်ကတော့ တုတ်ပြီး ဓားပြီးရုံပဲ ရှိမယ်၊ ဒီ လေ့ကျင့်ထားတဲ့ ပညာရပ်ကတော့ ဘယ်လောက် ဝေဖန်ထ ဘယ်လောက် ရှုတ်ချရှုတ်ချ ခံနိုင်ရည်ရှိတဲ့ မျက်နှာမျိုး ဖြစ်အော လေ့ကျင့်ထားတဲ့ ပညာပဲ"

"ဂိုဏ်းချုပ်ကြီး ပြောမှပဲ ကျွန်တော် သိခွင့်ရတော့တ ဘယ်အဖွဲ့က တည်ထွင်တာပါလိမ့်"

"ဂုစမ်းဂိုဏ်းချုပ် ယဲ့ပို့ချွင်ကိုယ်ဂိုင် တည်ထွင်ပြီး ကျင့် နေတာလေ"

ယဲ့ပို့ချွင်မှာမူ လင့်ဝေါစိမ်တို့နှစ်ယောက်စကားကို အ ဂရုမပြုချေ။ ယဲ့ပို့ချွင်သည် ဂုစမ်းအဖွဲ့၏ ငမိုက်သား တရ ဓားကွက်ကို အသုံးချ၍ လင်းဟူစုန်းကို တိုက်ခိုက်ပြန်သ ပြီးနောက် ဆက်လက်၍ ကချေသည်ကြို ထင်ရှူးပင်ပျိုဓားက ကို အသုံးပြုပြန်၏။

လင်းဟူစုန်းက ယဲ့ပို့ချွင်၏ ဓားကွက်များကို လိုဏ်ဂူတွင် ကျောက်နံရံပေါ်မှ ဓားဖြိုခွင်းကွက်ကို အသုံးပြုပြီး လွယ်လင့်တ ချေဖျက်လိုက်သည်။

လင်းဟူစုန်း လိုဏ်ဂူတွင်းသို့ ရောက်ရှိခဲ့သော အဖြစ်အပျ ကို မသိသောကြောင့် လင့်ဝေါစိမ်နှင့် ရှန်းဝံထျန်းတို့နှစ်ယော သည် အံ့အားသင့်သွားသည်။

"လင်းဟူစုန်းဟာ ငါတို့အဖွဲ့ရဲ့ ဖြိုခွင်းကွက်ကို ဘယ်လို ပြီး တတ်ကျွမ်းနေပါလိမ့်"

လင့်ဝေါစိမ်ရော ရှန်းဝံထျန်းပါ ဤသို့ ပြိုင်တူတွေးတော သည်။

ယဲ့ပို့ချွင်သည် ဓားချက်နှစ်ချက်ဖြင့် ဆက်လက်တိုက်ခိုက် သည်။ လင်းဟူစုန်း နောက်သို့ နှစ်လှမ်းဆုတ်ပေးလိုက်ရ၏။

"ဆရာ"

ယဲ့ပို့ချွင်က ဆက်လက်၍ တဟုန်ထိုး တိုက်ခိုက်ပြန်သော ကြောင့် လင်းဟူစုန်းသည် နောက်သို့ ဆုတ်ပေးရပြန်သည်။

ယဲ့ပို့ချွင် အသုံးပြုတိုက်ခိုက်သည့် ဓားကွက်ကို လင်းဟူစုန်း သဘောကျသော်လျှင် ကောင်းကောင်းသိသည်။ ဤဓားကွက်သည် ကောင်တစ်ချိန်တွင် လင်မယားဖြစ်မည်ဟု မျှော်လင့်ခဲ့ဖူးသော သူလင်းစမ်းနှင့်အတူ ရေတံခွန်အောက်တွင် တီထွင်ခဲ့ကြသည့် ဓားကွက် ဖြစ်သည်။ စင်စစ် ချစ်ရည်တူနှစ်ကို့ယ်၍စဉ်က နှစ်ဦး အတူ တီထွင်ခဲ့ခြင်း ဖြစ်သည်။ ဤဓားကွက်ကို စုန်းလင်ဓားကွက် နှစ်ဦးသား နာမည်ပေးခဲ့ကြသည်။

ဤ စုန်းလင်ဓားကွက်ကို မိမိနှင့် ယဲ့လင်းစမ်းတို့နှစ်ဦးသာ သိကြသည်ဟု လင်းဟူစုန်း ယူဆထားသည်။ ဤဓားကွက် သည် ထက်မြက်မှုရှိလှသည်ဟု မဆိုသာသော်လည်း မိမိနှင့် သူလင်းစမ်း အကျစ်မှတ်တိုင်တစ်တိုင် စိုက်ထူခဲ့သည်။ ယခု ယဲ့ပို့ချွင်က ဤဓားကွက်ဖြင့် မိမိကို တိုက်ခိုက်လာသောအခါ လင်းဟူစုန်းသည် အံ့သြထိတ်လန့်ပြီး ဝမ်းလည်းနည်းမိသည်။ ကြောက်လည်း ကြောက်မိ၏။

သလင်သည် မိမိ၏ဇနီးနှင့်အတူ နဂါးစီးပြီး နတ်ပြည်သို့ တက်သွားသည်ဟု ဆိုသည်။

ယဲ့ပို့ချွင်သည် ဤပုံပြင်ကလေးကို ပြောပြပြီး ကိုယ်တိုင်ဘီထွင်ခဲ့သည့်ဓားကွက်ဖြင့် ယခုကဲ့သို့ တိုက်ခိုက်လာခြင်းသည် ဒုဒိစိတ်ကို ရှုပ်ထွေးအောင်ပြုခြင်းဖြစ်သည်ဟု လင်းဟူစုန်း ရိပ်စားမိသည်။

ယဲ့ပို့ချွင်က သိုင်းကွက်လေးကွက်ကိုသာ ထပ်ခါတလဲလဲ အသုံးပြုပြီး တိုက်ခိုက်ခဲ့သည်။ ဟုန်းလင်းဓားကွက်မှ ငမိုက်သားဘရားဓားကွက်ကို ကူးပြောင်းလိုက်၏။ ထိုဓားကွက်မှ ကချေသည်ကြိုထင်းရှူးပင်ပျို ဓားကွက်သို့ ကူးပြောင်းပြန်သည်။ တစ်ဖန်ဒုန်းလင်ဓားကွက်ကို ပြန်သုံးပြီး ရှောင်းစု နဂါးစီးဓားကွက်ကို ဆက်သုံးပြန်၏။

အဆင့်မြင့် သိုင်းသမားချင်း ယှဉ်ပြိုင်ကြရာတွင် အကွက်ဘစ်ထောင်ကျော် ယှဉ်ပြိုင်ပြီးသော်လည်း အကွက်ထပ်ခြင်း မရှိတတ်ဆ။ ယခု ယဲ့ပို့ချွင်က ဓားကွက်လေးကွက်ကိုသာ ဖင်ပြန်ခေါင်းပြန် အသုံးချရင်း လိုက်တိုက်နေသည်။

"ညြော် ... ဆရာက ပါးစပ်နဲ့ မပြောချင်လို့ ဓားကွက်နဲ့ ပြောနေပါလား၊ ငမိုက်သားတရားရ ဓားကွက်ကို သုံးတာကတော့ ငါ့ကို ဆုံးမတာပဲ၊ ကချေသည်ကြိုထင်းရှူးပင်ပျို ဓားကွက်ကို သုံးတာကတော့ ငါက အမှားကိုပြင်ရင် ဇာစမ်းကို ပြန်ရောက်မယ်၊ **ကြိုဆိုလက်ခံမဲ့သဘောပဲ၊ စုန်းလင်ဓားကွက်ကို သုံးတာက**တော့ ငါ့ကို ညီမလေးနဲ့ ပေးစားမဲ့သဘောပဲ၊ ရှောင်းစုနဂါးစီး

"ညီမလေးဟာ ငါ့အပေါ် သစ္စာမေတ္တာ လုံးဝခေါင်းပ
နေပြီပဲ၊ ဆရာက ဓားကွက်ကိုသုံးပြီး ငါ့ကို စိတ်အနှောင့်အယှ
ပေးဖို့ ရည်စူးတာပဲ၊ ဩးတော့ ငါ့ကို အသေသတ်မယ်နဲ့ တူတယ်

ဤသို့ စဉ်းစားမိသောအခါ လင်းဟူစုန်းသည် ခေါ
နောက်ကျိရှုပ်ထွေးလာ၏။

မိမိဆရာ၏ ဓားချက်များကို စိတ်ရှုပ်စွာနှင့် ခုခံချေဖျ
လိုက်သည်။ လင်းဟူစုန်း တစ်ခုခံကွက်ကို သုံးလာသောအ
ယဲ့ပို့ချွင်သည် ရှောင်းစုနဂါးမီးဓားကွက်ကို အသုံးပြုတိုက်ခို
ပြန်သည်။

ဤဓားကွက်သည် မိမိဆရာ ယဲ့ပို့ချွင်ကိုယ်တိုင် တီထွင်သ
ဓားကွက်ဖြစ်၏။ ယဲ့ပို့ချွင်သည် ဓားကွက်၏နောက်ကြော
ရာဇဝင်မုံပြင်တစ်ပုဒ် ပြောပြဖူးသည်ကိုလည်း လင်းဟူစုန်း ပြ
ပြောင်း အမှတ်ရမိသည်။

ပုံပြင်ကလေး၏ အနှစ်သာရမှာ သားမက်လောင်းရှိခြင်း
မင်္ဂလာကြိုဆိုသည့်သဘောပင် ဖြစ်သည်။ ချန်းချူးခေတ်တွ
ချင်မုကုန်းအမည်ရှိ ပုဂ္ဂိုလ်တစ်ဦး ရှိသည်။ ချင်မုကုန်းတွ
ပလွေမှုတ် အလွန်ကောင်းသည့် သမီးတစ်ယောက် ရှိသည်
တစ်နေ့တွင် ရှောင်းစုအမည်ရှိ လုလင်ပျိုတစ်ဦးသည် နဂါးစီး
ချင်မုကုန်း၏အိမ်သို့ ရောက်ရှိခဲ့၏။ ထိုလုလင်က ချင်မုကုန်း၏သမီ
အား ပလွေမှုတ်နည်းဆိုင်ရာ အထွတ်အထိပ် ပညာရပ်ကို သင်ကြား
ပေးခဲ့သည်။ ထိုလုလင်နှင့် သမီးဖြစ်သူကို ချင်မုကုန်းက
လက်ထပ်ထိမ်းမြားပေးခဲ့သည်။ လက်ထပ်ပြီးသောအခါ ရှောင်း

ဤသို့ အမျိုးမျိုး စိတ်ရှုပ်ထွေးစွာ စဉ်းစားနေရ၍ လင်းဟူစုန်း၏ ခုခံကွက် ဓားချက်များသည်လည်း စိတ်ကူးအရမဟုတ်တော့ပဲ ကြိုးသလို ခုခံနေသည်။

လင်းဟူစုန်းသည် အမျိုးမျိုး တွေးရောရင်း ကြိုရာ ဓားချက်ဒဏ်ခံ ခုခံနေရာမှ အမှတ်မထင်ပဲ တစ်ကိုယ်တော်ဓားထိုးကွက်ကို အသုံးချလိုက်မိခြင်းသည် မရည်ရွယ်ပဲလျက် ဆရာယဲ့ပို့ချင်၏ သွားလက်ကောက်ဝတ်ကို ဓားဦးဖြင့် လှမ်းထိုးမိသောကြောင့် မိမိကို ဒေါသမီး တောက်လောင်နေသော မျက်လုံးဖြင့် ကြည့်နေခြင်းဖြစ်သည်။ လင်းဟူစုန်းသည် လျင်မြန်စွာ ဒူးထောက်ချလိုက်သည်။

"ဆရာ ဆရာကို တပည့်ပြစ်မှားမိတဲ့အတွက် တပည့်ဆက်ပြီး အသက်ရှင်နေဖို့ မကောင်းတော့ပါဘူး"

ယဲ့ပို့ချင်သည် ခရမ်းရောင်ခြည် အတွင်းအား ကို ဖြည့်သွင်း၍ လင်းဟူစုန်း၏ ရင်ဝကို ခြေအစုံဖြင့် ခုန်လွှားကန်ပစ်လိုက်သည်။ ကန်ချက် အလွန်ပြင်းထန်သောကြောင့် လင်းဟူစုန်း၏ မျက်စိထဲတွင် အမှောင်ကျသွားလေတော့သည်။

○ + ○

ဓားကွက်ကလိုသုံးတာကတော့ သားမက်ကောင်းရလို့ ဝမ်းသာတယ် ဆိုတဲ့သဘောပဲ ဖြစ်မယ်"

ဤသို့ သိုင်းကွက်အဖြေထုတ်ရင်း ရုတ်တရက် လင်းဟူစုန်းသည် ယဲ့လင်းစမ်းက မိမိအပေါ် မေတ္တာပြောင်းသွားသည်ကို ပြန်အမှတ်မိသည်။

သို့သော် မိဘ၏သြဇာကို သမီးက မလွဲမသွေ လိုက်နာရသည့် အစဉ်အလာကို တွေးမိပြန်သောအခါ အားတက်မိပြန်သည်။

ထို့ကြောင့် ယဲ့ပို့ချင်၏ ဓားချက်များကို ခုခံနေရင်း လင်းဟူစုန်း၏ မျက်နှာ ဝင်းပသွားသည်။

လင်းဟူစုန်းသည် မိမိဆရာကို အရှုံးပေးတော့မည်ဟု ဆုံးဖြတ်ပြီးမှ အတွေးတစ်ခု ဝင်ဆာပြန်သည်။

"ငါက ဆရာကို အရှုံးပေးရရုံမကလို့ အသက်ပါ ပေးပေး အရေးမဟုတ်ပါဘူး၊ ဒါပေမဲ့ ယဉ်ယဉ်တို့တစ်တွေ ဆယ်နှစ်လောက် အချုပ်မိနေမယ်၊ ငါတစ်ယောက်တည်းရဲ့ စိတ်ပျော်ရွှင်မှုကို ငဲ့ကွက်ပြီး သူများ စိတ်ဆင်းရဲခံရရင် ငါဟာ တစ်ကိုယ်ကောင်းဆန်းတဲ့ လူတစ်ယောက် ဖြစ်မှာပဲ"

ဤသို့ တွေးမိပြန်သောအခါ လင်းဟူစုန်း၏ စိတ်သည် ထုံထိုင်းနောက်ကျိသွားပြီး အကြံအိုက်သွားပြန်သည်။ နောက်ကျောတွင် ချွေးစေးများ စီးကျလျက်ရှိသည်။

"ငါ့အသက်ကို ယဉ်ယဉ် ကယ်ခဲ့တဲ့ကျေးဇူးတရားကို ငါက ပြန်မထောက်ညာတော့ဘူးလား"

"ဩော် ... ခုထိ ရှင်က ဆရာခေါ်နေတုန်းပဲလား၊ ဒီလောက် ချက်နာပြောင်တိုက် အရှက်တရားကင်းမဲ့တဲ့လူကို ရှင်က ဆရာခေါ်နေသေးလား၊ ရှင်က ဒီလောက် သက်ညှာတာတဲ့ကြားက သူက ခြေပျဲနဲ့ ကန်ထုတ်ခဲ့သေးတယ်၊ ကောင်းတယ် သိပ်ကောင်းတယ် သူ ခြေထောက်ကျိုးသွားတာ နည်းတောင် နည်းသေးတယ်"

"ဘာ ... ငါ့ဆရာ ခြေထောက်ကျိုးသွားတယ် ဟုတ်လား"

"ဟုတ်တယ် ကံကောင်းလို့ သူ သေမသွားတာ၊ ဖေဖေ ပြောတယ် ရှင်က သွေးကြောဖျက်သိုင်းပညာကို သင့်ကြားတတ် မြောက်ထားပေမဲ့ အသုံးမချတတ်သေးလို့တဲ့"

"ငါက ဆရာ့လက်ကို ဓားနဲ့ထိုး၊ ဆရာ ခြေထောက်ကို လည်းချိုး"

လင်းဟူစုန်းက တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

"ရှင်က သိပ်ပြီး နောင်တရနေတယ် ဆိုပါတော့"

"သူက ရှင့်ကို အကြိမ်ကြိမ်သတ်ဖို့ ကြိုးစားတာကို မေ့ထားတော့မလား၊ ရှင့်လို လူစားမျိုးကိုသတ်ဖို့ မစွမ်းလို့သာပေါ့၊ တကယ်တော့ သူတို့ မကျွေးမွေးလို့ သူတောင်းစားဘဝနဲ့ ကြီးပြင်းလာခဲ့ရင်တောင် ခုလို အသက်ဘေးနဲ့ နီးမှာမဟုတ်ဘူး၊ တုစမ်းအဖွဲ့က နှင်ထုတ်ပြီး စွန့်ပစ်လိုက်ကတည်းက ဆရာနဲ့ တပည့်ဆိုတဲ့ စေတနာတွေ ကင်းမဲ့နေပြီ၊ ရှင် သူ့အတွက် ဘာမှစဉ်းစားဖို့ မလိုတော့ပါဘူး"

ယဉ်ယဉ်၏အသံသည် တဖြည်းဖြည်း တိမ်ဝင်သွားတော့သည်။

အခန်း(၂)

မည်မျှကြာသွားသည်တော့မသိ။

လင်းဟူစုန်း၏ ကိုယ်ခန္ဓာသည် အေးစိမ့်လာသည်။ လင်းဟူစုန်း မျက်စိကို အသာအယာ ဖွင့်ကြည့်လိုက်သည်။ ထိုအခိုက် ယဉ်ယဉ်၏ ကြည့်လင်အေးမြသော အသံက မိမိ၏နားဝသို့ ရောက်ရှိလာသည်။

"ဖေဖေ သူ သတိရလာပြီ"

လင်းဟူစုန်း မျက်စိကို ပြန်မှိတ်ထားလိုက်သည်။ လင့်ဝေါစိမ်၏အသံကို မကြားရချေ။ လင်းဟူစုန်းက နောက်တစ်ကြိမ် မျက်စိပြန်ဖွင့်ကြည့်သောအခါ ယဉ်ယဉ်၏ လှပသောမျက်နှာကလေးကို မြင်ရ၏။ ယဉ်ယဉ်သည် စိုးရိမ်တကြီး လင်းဟူစုန်းကို စူးစိုက်ကြည့်နေသည်။

လင်းဟူစုန်းသည် ပတ်ဝန်းကျင်ကို မျက်စိကစားပြီး ကြည့်လိုက်သည်။ ဂူကြီးတစ်ခုအတွင်းသို့ ရောက်ရှိနေပြီး ဂူဝတွင် မီးဖိုထား၏။

"ငါ့ဆရာနဲ့ ဆရာကတော်ကော"

"အစ်ကို အစ်ကိုတကယ်ပဲ နလုံးသားထဲကပါလို့ ပြောနေတာလား၊ ဒါမှမဟုတ် အလိုလိုက် ကြိုက်ဆောင်တဲ့အနေနဲ့ နှုတ်ဖျားက ပြောတာလား"

"ဒါက အကြိုက်ဆောင်ပြီး နှုတ်ဖျားက ပြောတာဆိုရင် ခိုးကြိုးပစ်ချခံရပြီး သေပါစေ"

ယဉ်ယဉ်သည် လင်းဟူစုန်း၏ ပါးစပ်ကို ပေါက်ဖြင့် ကပျာကယာ လှမ်းပိတ်လိုက်သည်။ လင်းဟူစုန်း၏ ရင်တွင် နွေးနွေးဆွေးထွေး ဖြစ်သွားသည်။

"ကျွန်မတို့တစ်တွေက သိုင်းလောကမှာ ဝင်ထွက်သွားလာနေတော့ သူများလက်ချက်နဲ့ သေဖို့များပါတယ်၊ ဒါပေမဲ့ အစ်ကိုက ကျွန်မကို သစ္စာမဖောက်ရင် ကျွန်မ ကျေနပ်ပါပြီ၊ မိုးကြိုးပစ်ချတာကိုလည်း အားမကိုးပါဘူး၊ အစ်ကို သစ္စာဖောက်ရင်တော့ ကျွန်မကိုယ်တိုင် ကျွန်မလက်နဲ့ အစ်ကို့ကို သတ်မှာပဲ"

ယဉ်ယဉ်၏ ပါးစပ်မှ မမျှော်လင့်သောစကားကို ကြားလိုက်ရသောကြောင့် လင်းဟူစုန်း ထိတ်လန့်သွားသည်။ တစ်ခဏကြာမှ ပြုံးလိုက်၏။

"ငါ့မှာ မင်းကယ်ခဲ့တဲ့အသက်ပဲ ရှိတော့တဲ့ဥစ္စာ၊ မင်းသာသတ်ချင်ရင် အချိန်မရွေး ရပါတယ်"

"လူတိုင်း လူတိုင်းက 'အစ်ကိုကို ထင်ရာစိုင်းတတ်တဲ့ ငမိုက်သားတဲ့'။ ငါက ဘယ်ကုန်းက မင်းအပေါ် ထင်ရာစိုင်းဖူးလို့လဲ၊ အင်း '... ခုလို ပြောပုံထောက်ရင် ငါလည်း ထင်ရာစိုင်းရတော့မှာပဲ"

"အစ်ကို အစ်ကိုက ကျွန်မအတွက် ဆရာ့ကို ပစ်မှားမိတာ ကျွန်မ ... ကျွန်မ"

ယဉ်ယဉ်သည် စကားကို အဆုံးမသတ်နိုင်ပဲ မျက်နှာနီမြန်းကာ ခေါင်းငုံ့ထားလိုက်လေသည်။ လင်းဟူစုန်းသည် ယဉ်ယဉ်စိတ်မကောင်းသည်ကို တွေ့ရသောအခါ မိမိပါ စိတ်မကောင်းဖြစ်သွားပြီး ယဉ်ယဉ်၏လက်ကို ဆုတ်ကိုင်လိုက်သည်။ ပြီးနောက် လင်းဟူစုန်းက သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်သည်။

"အစ်ကို ဘာဖြစ်လို့ သက်ပြင်းချရတာလဲ၊ ကျွန်မနဲ့တွေ့တာကို နောင်တရနေတာလား"

"မဟုတ်ပါဘူး၊ မင်းက အသက်စွန့်ပြီး ငါ့ကို ရှောင်လင့်ကျောင်းတိုက်ကို ကျောပိုးခေါ်သွားခဲ့တာပဲ၊ ဒီတော့ ငါလည်း အခွင့်အရေးကြုံတဲ့အခါ အရိုးကြေကြေ အရေခန်းခန်း ကျေးဇူးပြန်ဆပ်ရမှာပေါ့"

လင်းဟူစုန်းသည် ယဉ်ယဉ်အား ခင်မင်တွယ်တာမှုရှိသော်လည်း ယဲ့လင်းစမ်းလောက် သံယောဇဉ် မကြီးမားသည်မှာ အမှန်ပင်။ သို့သော် လင်းဟူစုန်းသည် မိမိ စကားကို ပြင်ပြောလိုက်သည်။

"ဒီလိုပါ ငါက စကားပြောမတတ်လို့ တစ်မျိုးထင်စရာဖြစ်သွားတာ၊ အမှန်မှာ ငါဆိုလိုချင်တာက အရိုးကြေကြေ အရေခန်းခန်း မသေတမ်း ကြင်ပါ့မယ်ဆိုတဲ့ သဘောပါ"

ယဉ်ယဉ်၏ မျက်နှာသည် ဝမ်းသာသည့်အသွင်သို့ ပြောင်းသွား၏။ မျက်လုံးသည်လည်း ရွှန်းလဲ့တောက်ပသွားသည်။

လင်းဟူစုန်းသည် ပြောပြောဆိုဆို ယဉ်ယဉ်၏ လက်နှစ်ဖက်ကို တအားဆုပ်ကိုင်လိုက်သည်။ ယဉ်ယဉ်က နောက်သို့ လွှားခနဲ ခုန်ဆုတ်သွား၏။

"ကျွန်မ နှလုံးသားက အစ်ကို့ကို ချစ်မြတ်နိုးတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ကျွန်မကို ကလေကချေသဘောမျိုး ထင်ရင်တော့ အစ်ကို မှားမယ်၊ စကားပြောရင် ကောင်းကောင်းမွန်မွန် ပြောပါ"

"မင်းကို ကလေကချေလို့ ဘယ်ထင်ဝံ့မှာလဲ၊ ဘွားဘွား ထင်လို့ လှည့်တောင် မကြည့်ရဲခဲ့ဘူး မဟုတ်လား"

ယဉ်ယဉ် ခေါသပြေပြီး ရယ်ချင်စိတ် ပေါက်မိသည်။ လင်းဟူစုန်းနှင့် လေးငါးပေခန့်အကွာတွင် ထိုင်ချလိုက်သည်။

"မင်းက မင်းကို ဒီလောက်တောင် လေးစားစေချင်ရင် တစ်သက်လုံး ဘွားဘွားလိုပဲ ဆက်ခေါ်သွားတော့မယ်"

"ကောင်းသားပဲ တော်တော်ကို လိမ်မာရေးခြားရှိတဲ့ ကလေးပဲ"

"ဘွာဘွား ကျွန်တော့်စိတ်ထဲမှာ ဟိုဒင်း ... ဟိုဒင်း"

"ခု ဘွားဘွား မခေါ်နဲ့ဦး၊ နောက် နှစ်ပေါင်းခြောက်ဆယ် ကျမှခေါ်"

"ခုအချိန်ကစပြီး နောက် နှစ်ပေါင်းခြောက်ဆယ်ကြာတဲ့ အထိခေါ်ရင် ကောင်းတာပေါ့"

"နှစ်ပေါင်းခြောက်ဆယ်ကြာအောင် ပေါင်းရရင်တော့ လောကနိဗ္ဗာန်ပါပဲ"

ယဉ်ယဉ်သည် ပါးစပ်မှပြောမထွက်ပဲ စိတ်ကူးနှင့် ရေရွတ်ခြင်း ဖြစ်သည်။ လင်းဟူစုန်းကလည်း ယဉ်ယဉ်ကို ငေးကြည့်နေရင်း အတွေးဝင်နေမိသည်။

"ဒီလောက် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ဟာ သိုင်းလောကမှာ အလွန် ထိန်းရကျောင်းရခက်တဲ့ လူတွေအပေါ် ဩဇာတိက္ကမ အတော်ရှိခဲ့တယ်၊ သူ နှုတ်ဖျားက စကားတစ်လုံးကို ဘယ်သူမှ မပယ်ရှားဝံ့ကြဘူး၊ ဘာကြောင့် သည်လိုဖြစ်တယ်ဆိုတာကို မေးကြည့်လိုက်ရင် သိပ်ကောင်းမှာပဲ"

"အစ်ကို ဘာငေးနေတာလဲ၊ ဘာစဉ်းစားနေတာလဲ၊ ပြောစရှိရင် ပြောပါ"

"အဘိုးကြီးတို့ ကျူချုန်းကျူးတို့တစ်တွေက ဘာဖြစ်လို့ ငါ့ကို ဒီလောက် ကြောက်ရွံ့ရိုသေနေကြလဲ၊ အဲဒီအချက်ကို ငါ စဉ်းစားလို့ မရဘူး"

"ကျွန်မလည်း ရိပ်မိပါတယ်၊ အဲဒီအကြောင်းတွေကို အစ်ကို ရှင်းရှင်းလင်းလင်း မသိရသေးရင် ကျွန်မကို တစ်မျိုးမြင်မယ်၊ သိပ်ရက်စက်တဲ့ မိန်းကလေးတစ်ယောက်လို့ အထင်ရောက်နေမယ်"

"မဟုတ်ပါဘူး၊ အစွမ်းအစ အလွန်ရှိတဲ့ နတ်ဒေဝီလို့ မြင်ပါတယ်"

"အစ်ကိုက စကားအကောင်းပြောရာကနေ ဖောက်လာပြန်ပြီနော်"

"မင်းကို ဘွားဘွားလို့ ခေါ်နေရတဲ့အချိန်တုန်းကတော့ ငါက ပြက်ချော်ချော် မပြောဝံ့ခဲ့ပါဘူး"

"ကျွန်မရဲ့ဖေဖေဟာ သူရိန်မျက်နှာမူဂိုဏ်းရဲ့ ဂိုဏ်ချုပ်ကြီးတော့ အစ်ကို သိပြီးပြီ။ တုန်းဝမ်းပုပိုက်ဟာ ဖေဖေ့ကို ရန်ပဲဆဲ ထည့်ထားလိုက်တာ ကျွန်မ မသိဘူး၊ သူက ဖေဖေ့ကို သွားပြီဆိုပြီး သတင်းလွှင့်ထားတယ်၊ ကျွန်မလည်း အဲဒီအချိန်မှာ သိပ်ငယ်သေးတော့ မသိဘူး၊ တုန်းဝမ်းပုပိုက်ဟာ ဆုတ်ကလည်း ထက်မြက်တယ်၊ စိတ်ကူးကလည်း အလွန်ကောင်းတယ်၊ ကျွန်မကို သိပ်အရေးပေးတယ်၊ ကျွန်မ ဖေဖေဟာ ဆာယ်ပဲ သေဆုံးသွားတယ်လို့ ကျွန်မရော ဘေးလူပါ ယုံကြည်သွားလို့ လုပ်တယ်၊ ဒီတော့ ဖေဖေမရှိတော့ပေမဲ့ သူရိန်မျက်နှာမူဂိုဏ်းမှာ ကျွန်မ အရိုန်အဝါက မသေးဘူးရှင့်"

"မင်းကို လာရောက်ကူညီကြတဲ့လူတွေဟာ သူရိန်မျက်နှာမူဂိုဏ်းက လူတွေလား"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ သူတို့ကို ဦးဆောင်တဲ့လူတွေကတော့ ခွန်းမကင်းတဲ့လူတွေဟာ ကျွန်မတို့ဂိုဏ်းရဲ့ အာရုံကြောဖျက်ဆေးလုံးကို သောက်ထားကြရတယ်"

"အဲဒီ အာရုံကြောဖျက်ဆေးလုံးကို သောက်ထားပြီးရင် ဆယ့်နှစ်ကြာတဲ့အခါ ဖြေဆေးကို ပြန်သောက်ရတယ်၊ ဦးဦးလေး ... ယောင်လို့ တုန်းဝမ်းပုပိုက်က အာရုံကြောဖျက်ဆေးလုံးကို ကျွေးထားပြီး စိတ်တိုင်းမကျရင် ဖြေဆေးမပေးတော့ဘူး၊ ဒီတော့ အဲဒီလူတွေ ကျွန်မဆီ ချဉ်းကပ်ပြီး ဖြေဆေးကို ဝယ်ကြရတယ်၊ ဖြေဆေးရဖို့ ကျွန်မကို လာကန်တော့ကြတယ်၊ ကျွန်မက ဖြေဆေးတောင်းပေးရမယ်၊ ဒီလိုနဲ့ ကြာလာတော့

"ဟွန်း ... ဒါဖြင့်ရင် တစ်သက်လုံးပဲ ဘွားဘွားလို့သာ ခေါ်"

"တစ်သက်လုံး ခေါ်မယ်၊ ဒါပေမဲ့ ဘွားဘွားလို့ မခေါ်ချင်ဘူး"

ယဉ်ယဉ်၏ မျက်နှာသည် ဝမ်းသာရိပ်သန်းသွားသော်လည်း ရုက်သွေးရောင် လွှမ်းသွားသည်။

ပြက်ချော်ချော် မကြိုက်ရင် ဟင်းထဲ ဆီမထည့်နဲ့၊ ဆီမပါတဲ့ ထမင်းစင်းကိုပဲ ငါ့ကိုကျွေး"

"ကျွန်မက ထမင်းဟင်း ချက်တတ်တာ မဟုတ်ဘူး၊ ဖားကလေးကင်တာတောင် တူးတယ်"

လင်းဟူစုန်းသည် ယဉ်ယဉ်၏စကားကြောင့် စမ်းချောင်းဘေးတွင် ဖားကင်စားကြသည့်အဖြစ်ကို ပြန်ပြောင်းတွေးမိပြီး ကြည်နူးမိ၏။

"အစ်ကို ကျွန်မ ချက်ကျွေးတဲ့ထမင်းကို စားရမှာ မကြောက်ရင်တော့ ကျွန်မ ချက်ကျွေးပါ့မယ်"

"တူးချင်တူး ခြစ်ချင်ခြစ်ပေါ့၊ မင်းချက်ကျွေးတာဆိုရင် ဘာပဲဖြစ်ဖြစ် စားရတာ အရသာရှိနေမှာပဲ"

"အစ်ကိုကတော့လေ ပေါက်ကရ လျှောက်ပြောနေရဲ့ ကျေနပ်တယ်ထင်ပါရဲ့၊ အစ်ကို ခုလို ရွှင်ရွှင်လန်းလန်း ရှိနေတာ မြင်ရရင် ကျွန်မ ကျေနပ်ဝမ်းသာလှပါပြီ"

နှစ်ယောက်သား မျက်လုံးချင်း ဆုံမိကြ၏။ အံ့တန်ကြာသည်အထိ မျက်စိမလွဲပဲ ကြည့်နေမိကြ၏။

ကျွန်ခကို လုံးဝ ဂရုမပြုဘူးတဲ့၊ ဒါပေမဲ့ နောက်ပိုင်းမှာ အစ်ကိုက
ကြီးကျယ်ကျယ်နဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်ပြလိုက်လေတော့
ယ်သူတွေ အာပဲပြောနေပြောနေ ကျွန်မက အစ်ကို့ကို စိတ်မဆိုး
ဘူးပါဘူး"

"မင်းက ငါ့ကို ရှောင်လင်ကျောင်းတိုက်ဆီ ကျောပိုးခေါ်ပြီး
ားတာလည်း ငါ မသိဘူး၊ ရှောင်လင်ကျောင်းတိုက်က ပြန်
ွက်လာပြီး ငါ အချုပ်ခံရတယ်၊ လွတ်လာတော့မှပဲ အကြောင်းစုံ
သိရတယ်၊ ဒါကြောင့်မို့ မင်းကိုကြိုဖို့ အရောက်နောက်ကျတာပါ"

"ရှောင်လင်ကျောင်းတိုက်မှာ ကျွန်မ ဒုက္ခမရောက်ပါဘူး၊
ားအေးဆေးဆေး နေရပါတယ်၊ တစ်နေ့တော့ ဆရာလေးနှစ်ပါး
ာက်လာပြီး ကျွန်မကို တွေ့တယ်၊ ဒီတော့မှ ရှောင်လင်ကျောင်းက
စ်ကို သွေးကြောပြောင်းသိုင်းပညာ သင်မပေးလိုက်ကြောင်း
ွန်မ သိရတယ်၊ ကျွန်မ စိတ်ဆိုးဒေါသ ထွက်မိတယ်၊ ဒါပေမဲ့
သိမ့်ရှုန်းဆရာလေးက စိတ်မပူဖို့ ပြောပြတယ်၊ အစ်ကို ကောင်း
ားပြီတဲ့၊ သူတို့ ကြွရောက်လာတာကလည်း အစ်ကို့ဆန္ဒအရ
ွန်မကို လွတ်ပေးဖို့ လာလျှောက်တယ်လို့ပဲ သိရတယ်"

"သူတို့ပြောပြမှ မင်းက ရှောင်လင်ကျောင်းထိုင်ဆရာတော်
ဲ့ စိတ်ဆိုးတာလား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဆရာတော်က ရှင်းပြတယ်၊
စ်ကိုက တပည့်အဖြစ် လက်မခံလို့ သင်မပေးတာတဲ့၊ ပြီးတော့
စ်ကို ပြန်ထွက်သွားချိန်မှာ ကျန်းကျန်းမာမာတောင် ဖြစ်နေပြီ
ဘဲလို့ ကျွန်မ စိတ်ပြေသွားတယ်၊ ကျွန်မက ဒါဖြင့်ရင် ဘာလို့

စိတ်ညစ်ညူး လာတာနဲ့ ကျွန်မရဲ့တူတော် ဝါးစိမ်းအဘိုးဆို
ခေါ်ပြီး လွတ်လွတ်လပ်လပ် အနားယူရအောင်ဆိုပြီး ခရီးထွ
သွားခဲ့တယ် ...

ကျွန်မ ခရီးထွက်မဲ့အကြောင်း တုန်းဝှမ်းပုပိုက်တစ်ယော
တည်းကိုပဲ ဖွင့်ပြောခဲ့တယ်၊ ဟော ... ဒါပေမဲ့ ဖြေဆေး
တောင်းသူတွေက ကျွန်မဆီကိုပဲ ရောက်လာကြတာချည်
တုန်းဝှမ်းပုပိုက်ဆီကပဲ သတင်းပေါက်ကြားပြီး ကျွန်မ ဘယ်
ရှိတယ်ဆိုပဟ သူတို့ သိလာကြတာ ဖြစ်မယ်၊ တုန်းဝှမ်းပုပို
က ကျွန်မ သက်မကင်း မဖြစ်ရလေအောင် ဖန်တီးတဲ့ လူ
ကွက်ပဲ ဆိုပါတော့"

လင်းဟူစုန်းသည် ဆားငန်သီးဂေဟာတွင် ကြားခဲ့ရသည့
အရံကြောဖျက် ဆေးလုံးအကြောင်းကို ပြန်လည်သတိရမိ

"ရှောင်လင်ကျောင်းတိုက်ကို စုဝေးရောက်ရှိလာကြ
လူအားလုံးကို ကျွန်မက ဖြေဆေးပေးခဲ့ဖူးတာ မဟုတ်ဘူး
လူစွမ်းကောင်းကြီး လင်းဟူစုန်းရဲ့ အရိုန်အဝါကြောင့် ရောက်ရှိလ
တာပါ"

ယဉ်ယဉ်က စကားအဆုံးတွင် ပါးစပ်ကို စေ့ပြီး ဖြုံး
လေသည်။

"မင်းက ငါနဲ့ ပေါင်းဖော်ခဲ့တာ ဒီပြင် ပညာမရခင်
ပြက်ချော်ချော်ပြောတတ်တဲ့ ပညာရပြီ"

"လူတွေက ပြောကြတယ်၊ အစ်ကိုက သိပ်ကို မေတ္တာပွား
တတ်တာတဲ့၊ ရောက်ရာအရပ်မှာ မေတ္တာပွားပြီး နေသတဲ့

ကျွန်မကို ပြန်မလွှတ်ပဲ ချုပ်ထားတာလဲလို့ ဆရာတော်ကိုလျှောက်
တော့ ချုပ်တဲ့သဘော မဟုတ်ပါဘူးတဲ့၊ အကုသိုလ် လျော့ပါးဖြစ်
တရားအားထုတ်နိုင်အောင်လို့ ဆိုပါတယ်"

"ဒါကတော့ မဟုတ်မဟုတ် ပြောတာပဲ၊ မင်းမှာ ဘယ်မှာ
အကုသိုလ်စိတ် ရှိလို့လဲ"

"ဒါကတော့ အစ်ကိုက တမင် မြှောက်ပြောတာပါ၊
ကျွန်မမှာ အကုသိုလ်စိတ်ရှိတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ အဲဒီ
စိတ်ထားမျိုးကို အစ်ကိုပေါ်မှာ ကျွန်မ မထားပါဘူး"

"အေး ... မင်းက ငါ့ကို အထူးအခွင့်အရေးထားတာ
ဝမ်းသာစရာပါပဲ"

"ဆရာလေးနှစ်ပါး ရောက်လာတော့ ဆရာတော်က ပြန်
လိုက်သွားခွင့် ပြုလိုက်တယ်၊ တောင်ခြေအောက်မှာ ထျန်းပတ်ကွမ်း
နဲ့တွေ့တော့ အစ်ကိုက လူတွေ ထောင်ပေါင်းများစွာစုရုံးပြီး
ရှောင်လင်ကျောင်းတိုက်ကို ဆယ့်နှစ်လပိုင်း ဆယ့်ငါးရက်နေ့မှာ
လာကြိုမယ်လို့ ကြားသိရပါတယ်၊ ဆရာလေးနှစ်ပါးက ရှောင်လင်
ကျောင်းတိုက်မှာ ထိခိုက်မှုပြုမှာစိုးလို့ ရှောင်လင်ကျောင်းမှာပြန်ပြီး
စောင့်တယ်၊ အဲဒီမှာ သိုင်းပညာမြင်မားတဲ့ ဆရာလေးနှစ်ပါး
အသက်ဆုံးရှုံးသွားရတော့တာပဲ"

စကားဆုံးသည့်အခါ ယဉ်ယဉ်သူညီ သက်ပြင်းရှည်ကြီး
တစ်ချက် ချလိုက်သည်။

"ဘယ်သူ့ လက်ချက်ဆိုတာ မင်းကော မသိဘူးလား၊
ငါတော့ ဘာဒဏ်ရာဒဏ်ချက်မှ မတွေ့ရဘူး"

"ရင်ညွှန့်မှာ အပ်ပေါက်လောက်ရှိတဲ့ အနီပြောက်ကလေး
တွေ့ရတယ်၊ အဆိပ်လူးအပ်နဲ့ ထိုးသတ်ခံရတာ ဖြစ်ပါတယ်"

"ဒါဆိုရင် ဟုတ်ပြီ၊ လက်နက်ပုန်းနဲ့သေရတာ မဟုတ်မှန်း
သာ သေချာတယ်၊ မျက်နှာဆိုင်တိုက်ခိုက်ပြီး သေဆုံးရတာကတော့
အမှန်ပဲ၊ ဒါပေမဲ့ ဘယ်သူ့လက်ရာ ဘယ်သူ့ လက်ချက်ဆိုတာ
ကို ခန့်မှန်းလို့မရဘူး"

"ဖေဖေကလည်း အစ်ကို ပြောသလိုပဲ ပြောပါတယ်၊ သဲလွန်
စရထားရင် ဘယ်သူ့လက်ချက်ဆိုတာ စုံစမ်းရခက်မှာ မဟုတ်
ပါဘူး"

လင်းဟူစုန်းသည် ဂူနံရံကို လက်ဖြင့် လှမ်းရိုက်လိုက်သည်။

"သိမ်းရှန်နဲ့ သိမ့်ယီ ဆရာလေးတို့အတွက် ရန်ကြွေး
ဆပ်ပေးရမယ်"

"ဒါပေါ့"

လင်းဟူစုန်းသည် တင်ပျဉ်ခွေထိုင်ကာ အတွင်းအား လည်
ပတ်မှု ပြုလုပ်ကြသည်။ ရင်ဘတ်ဒေသ လုံးဝနာကျင်ခြင်းမရှိတော့
ကြောင်း အံ့သြစွာ တွေ့ရ၏။

"အံ့သြစရာပဲ၊ ငါရထားတဲ့ ဒဏ်ရာတောင် ပျောက်နေပြီ"

"ဖေဖေပြောတော့ အစ်ကိုက သွေးကြောဖျက် သိုင်းပညာ
ကို လေ့ကျင့်ရင်း အတွင်းအား သိပ်မြင့်မားခဲ့တယ်တဲ့၊ ဒါကြောင့်
အပြင်းအထန် အကန်ခံရပေမဲ့ ဒဏ်ရာက မပြောပလောက်ဘူးတဲ့၊
ဖေဖေကိုယ်တိုင် အတွင်းအားနဲ့တောက်ပြီး အစ်ကို့ကို ကုသပေးခဲ့
တယ်၊ အစ်ကို့ဆရာ ခြေထောက်ကျိုးသွားတာကိုတော့ ဖေဖေ
မသည်း မစဉ်းစားတတ်အောင် ဖြစ်နေတယ်"

"ဆရာက အတွင်းအားနဲ့ကန်တော့ အတွင်းအားချင်းဆုံ
ပြီး ဆရာ ခြေကျိုးသွားတာပဲ နေမှာပေါ့"

"မဟုတ်ဘူး ဖေဖေပြောတော့ အစ်ကို့မှာ အတွင်းအား
မြင့်ပေမဲ့ တစ်ဖက်သားကို ထိခိုက်အောင် အသုံးမချတတ်သေး
ဘူးတဲ့"

လင်းဟူစုန်း ဘာမှ ပြောဆိုခြင်းမပြုတော့ပဲ ငေးငိုင်နေမိ
သည်။

ထိုအခိုက် ဂူဝမ္မထိုးဝင်လာသော အသံတစ်သံကို လင်းဟူစုန်း
ကြားလိုက်ရသည်။ ယဉ်ယဉ်ကတော့ မကြားနိုင်ချေ။ လင်းဟူစုန်း
အသေအချာ နားစွင့်ကြည့်နေပြန်သည်။ လင်းဟူစုန်း၏ ရုတ်တရက်
လှုပ်ရှားမှုကိုကြည့်ပြီး ယဉ်ယဉ်က လှမ်းမေးလိုက်သည်။

"ဘာသံကြားလို့လဲ အစ်ကို"

"အသက်ရှူသံတစ်ခု ကြားရတယ်၊ ဘယ်သူမှန်း မသိဘူး
မင်းအဖေကော"

"ဖေဖေနဲ့ ဦးဦး ရှန်းဝံ့ထျန်းတို့က လမ်းလျှောက်မယ်
ဆိုပြီး ထွက်သွားကြတာပဲ"

"တို့ ထွက်ကြည့်ကြရအောင်"

ယဉ်ယဉ်နှင့် လင်းဟူစုန်းသည် ဂူအပြင်သို့ ထွက်ခဲ့ကြ
သည်။ နှင်းပြင်ပေါ်တွင် ခြေရာများ ထင်ကျန်နေသည်။ ထိုခြေရာ
အတိုင်း လျှောက်ရပြီးနောက် နှင်းပြင်ပေါ်တွင် လင့်ဝေါစိမ်နှင့်
ရှန်းဝံ့ထျန်းတို့နှစ်ယောက်သည် ပခုံးချင်းယှဉ်ကာ မတုန်မလှုပ်
ရပ်နေကြသည်။ လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ ထိတ်လန့်အံ့သြ
သွား၏။

"ဖေဖေ"

ယဉ်ယဉ်သည် အော်ခေါ်ရင်း လင့်ဝေါစိမ်၏လက်တစ်ဖက်
ကို ဆွဲလိုက်သည်။ ယဉ်ယဉ်သည် ကြက်သီးထအောင်ပင် အေးစိမ့်
သွားသဖြင့် ထိတ်လန့်တကြား မေးလိုက်သည်။

"ဖေဖေ ဘယ်လိုဖြစ်တာလဲ"

ယဉ်ယဉ် ကတုန်ကရင်ဖြစ်ကာ ခိုက်ခိုက်တုန်အောင် ချမ်းနေ
သည်။ မည်သို့ပင်ဖြစ်စေ လင်းဟူစုန်း သဘောမပေါက်မိချေ။
ရှန်းဝံ့ထျန်း၏ အသက်ရှူ ပုံမှန်ရှုနည်းကို ဂရုတစိုက် ကြည့်မိတော့
ရှန်းဝံ့ထျန်းသည် မိမိအတွင်းအားဖြင့် လင့်ဝေါစိမ်ကို အအေး
ဒဏ်မှ ခုခံတွန်းလှန်ပေးနေသည်။

ကျိုလိန်းရှန်း၏ စိမ်အေးအတွင်းအားနှင့် ဆိုင်မိသောကြောင့်
လင့်ဝေါစိမ်သည် မိမိ သွေးကြောဖျက်သိုင်းပညာဖြင့် တန်ပြန်
ခံစားရခြင်း ဖြစ်သည်။ ကျိုလိန်းရှန်း၏ အေးစိမ့်အတွင်းအားဖြင့်
တန်ပြန်ခံစားရခြင်း ဖြစ်သည်။ လင့်ဝေါစိမ်၏ သွေးကြောအတွင်း
သို့ ဝင်ရောက်မွှေနှောက် ဒုက္ခပေး နေခဲ့သည်။

လင်းဟူစုန်းသည် သဘောပေါက်သွားသည်နှင့် လျင်မြန်စွာ
အားမကူတွဲထားလိုက်ဝည်။ လက်ချင်းတွဲမိသည့်အခါ မိမိကိုယ်
ခန္ဓာ တစ်ခုလုံး အေးစိမ့်သွားကြောင်း လင်းဟူစုန်း ခံစားလိုက်
ရ၏။

လင်းဟူစုန်းသည် မြေအောက်အချုပ်ခန်းရောက်စဉ်က
သံကုတင်ထက်မှ ဖတ်ရှုခဲ့သော ဘဉာရပ်နှင့် မိမိကိုယ်ခန္ဓာအတွင်း
သို့ စိမ့်ဝင်လာသော အအေးဓာတ်ကို ခုခံတားဆီးနိုင်သည်။

"ညီမ ဘာဖြစ်လို့ ဒီလောက် ဒေါသကြီးနေတာလဲ၊ ငါ့ကားကို အေးအေးဆေးဆေး နားထောင်ဦးလေ"

လင်းဟူစုန်း၏ မျက်စိသည် နှင်းများဖုံးထား၍ မမြင်ရသော်လည်း နားကြားနေသည်။ အသံမှာ မိမိဆရာ ယဲ့ပို့ချင်၏အသံဖြစ်သည်။ ရှေ့မြင်းက မရပ်သောကြောင့် နောက်မှ လှမ်းအော်ခြင်း ဖြစ်သည်။

ဆရာနှင့် ဆရာကတော်တို့သည် အလွန် သင့်မြတ်ကြ၏။ သခင်္ကဏ္ဍသို့ စိတ်ဆိုးမာန်ဆိုးနှင့် စကားပြောဆိုသံကို ကြားသောအခါ လင်းဟူစုန်း မတွေးတတ်တော့ချေ။ မြင်းနှစ်စီးသည် ဟီသံကြားရသည်။

လင်းကျုံးချဲသည် မြင်းဇက်ကြိုးကို တုန့်ဆွဲပြီး ရပ်လိုက်၏။

"ကြည့်စမ်း ညီမ နှင်းပြင်ကြီးမှာ ဘယ်သူက နှင်းတွေနဲ့ သူရုပ်ပေးရုပ် လာလုပ်ထားလည်း မသိဘူး၊ တကယ် လူရုပ်တွေ အတိုင်းပဲနော်"

လင်းကျုံးချဲ ပြန်လည်ပြောဆိုခြင်း မရှိချေ။

"သုံးရုပ်ကတော့ ယောကျ်ားရုပ်ပဲ၊ ကျန်တစ်ရုပ်ကတော့ မိန်းမရုပ်နဲ့တူတယ်"

"ကျွန်မအဖို့ သိပ်ထူးခြားပုံ မပေါ်ဘူး"

လင်းကျုံးချဲက ထိုသို့ပြောပြီးသည်နှင့် ထွက်ခွာမည် ပြုသည်။

"ညီမ အေးအေးဆေးဆေး ဆွေးနွေးကြရင် မကောင်းဘူးလား"

လေးယောက်သား လက်ချင်းယှက်ကာ မတုန်မလှုပ် ရပ်နေခဲ့ကြသည်။ ဆီးနှင်းများက သည်းထန်စွာ အဆက်မပြတ် ကျဆင်းလာနေသည်။ ထို့ကြောင့် မကြာမီအချိန်လေးအတွင်း သူတို့လေးဦး၏ ကိုယ်ပေါ်သို့ နှင်းလွှာထူက သိုင်းခြုံသွားသည်။ ဆပ်မှ ခြေဖျားတိုင်အောင် နှင်းများ ဖုံးအုပ်သွားလေသည်။ လူကိုယ်ခန္ဓာနှင့် ထိတွေ့ချိန်တွင် အရည်ပျော် ဆင်းသွားမည့်အစား ခဲသွားသည်။ လင်းဟူစုန်းက အံ့အားသင့်စွာ ကောက်ချက်ချသည်။

"အင်း ... စိမ့်အေးအဲတွင်းအားဟာ ကိုယ်ထဲရောက်ပြီး ကိုယ်ငွေ့မရှိတော့လို့ နှင်းတွေတောင် အရည်မပျော်ပဲ ခဲသွားကြတာကိုး"

မိုးတစ်စစ လင်းစပြုလာသည်။ သို့သော် ဆီးနှင်းများမူ ထန်မြဲထန်နေ၏။

လင်းဟူစုန်းသည် ယဉ်ယဉ်မှာ မိန်းမသားဖြစ်သောကြောင့် အအေးဒဏ်ကို ကြာရှည်စွာ ခံနိုင်ရည်မရှိမည်ကို တွေးပူမိသည်။ မိမိ ပါဝင်ကာ ပေါင်းစည်းခုခံထားသဖြင့် စိတ်သက်သာရာ အနည်းငယ်ရသွား၏။

တစ်စစ အလင်းရောင်ပြုလာသော်လည်း လေဦးသားမည်သည့်အရာကိုမှ မမြင်ရတော့ချေ။

ရုတ်တရက် အရှေ့မြောက်ဘက်မှ မြင်းခွာသံများ ကြားရသည်။ စကားသံများ ပေါ်လာသည်ကို လေးဦးစလုံး ကြားကြသည်။

"တကယ်လို့ ကျိုလိန်းရှန်း လုပ်ကြံတာ ဟုတ်ရိုးမှန်ရင် ရင် သိုင်းလောက လူစွမ်းကောင်းတွေ ဖိတ်ကြားပြီး ဆရာလေးနှစ်ပါးအတွက် ရန်ကြွေးပေးဆပ်ဆုံးစေ့"

ယဲ့ပို့ချင်က သက်ပြင်းချလိုက်သည်။

"မလွယ်ဘူး ညီမ၊ သက်သေလည်း မရှိဘူး၊ ပြီးတော့ အင်အားချင်းလည်း သိပ်ကွာနေတယ်"

"အင်းအားမမျှတာ ဘာအကြောင်းလဲ၊ ရှောင်လင်ဆရာဆောင်နဲ့ ချန်းရွိုးရသေ့ကို ဖိတ်ကြားပြီး ဆုံးဖြတ်ခိုင်းရင် သူ့ဘက်တော်နိုင်မှာလဲ"

"အေး ... ရှောင်လင်ဆရာတော်နဲ့ ချန်းရွိုးရသေ့ကို မဖိတ်ကြားခင် တို့နှစ်ယောက်လည်း ဆရာလေးနှစ်ပါးလို ဖြစ်သွားမယ်"

"သိုင်းသမားလုပ်နေပြီး ရှေ့စိုးရိမ် နောက်စိုးရိမ်ဖြစ်နေရင် သိုင်းသမားလုပ်နေဖို့ မကောင်းဘူး"

"တို့သေတာ ရှင်တာ အရေးမကြီးဘူး၊ ကျိုလိန်းရှန်းက သူမသိအောင် ချောင်းမြောင်းလုပ်ပြမှာ၊ တို့နှစ်ယောက် သေသွားရင် ဂုစမ်းအဖွဲ့သားတွေဟာ ကျိုလိန်းရှန်းရဲ့ လက်ခုပ်ထဲကရေဖြစ်မှာပဲ၊ ဦးဆောင်ခုခံနိုင်မဲ့လူ ရှိမှာမဟုတ်ဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် သေမီးလေးစမ်းအတွက်တော့ ထည့်စဉ်းစားရမှာပဲ"

"ဒါတွေ ထားပါတော့၊ ဘာဖြစ်လို့ လင်းဖင်းကျည်ရဲ့ ဒဏ်ရာရှင်းဓားရေးကျမ်းကို ရှင်က ကျိုလိန်းရှန်းကို လက်ဆင့်ကမ်းပေးရတာလဲ၊ ဒါ သူခိုးဓားရိုးကမ်းတာနဲ့ မတူဘူးလား"

"ကျွန်မ ဂုစမ်းကို ပြန်တော့မယ်၊ ရှင်က ကျိုလိန်းရှန်းရဲ့ အကြိုက်ကို ဆောင်ချင်သူဆိုတော့ စုန်းစမ်းကို ဆက်လိုက်သွားပေါ့"

"ငါက ဘာလို့ အကြိုက်ဆောင်ရမလဲ၊ ဘာလို့ စုန်းစမ်းကို အည့ဲခံရမှာလဲ"

"ရှင် ဂုစမ်းဂိုဏ်းချုပ်ဆိုပြီး ဘာဖြစ်လို့ သူ့စကားနားထောင်ပြီး သူခိုင်းစေတဲ့အတိုင်း လိုက်လုပ်နေရတာလဲ၊ ဂုစမ်းရဲ့ကိစ္စမှာ သူ ဝင်ပါစရာ မလိုဘူး၊ တောင်ငါးလုံး သွေးစည်းအဖွဲ့ဟာ သွေးစည်းတာပဲ ရှိတယ်၊ ဆရာက ရှင့်ကို ဂိုဏ်းချုပ်တာဝန်လွှဲပြောင်းပေးတုန်းက ဘယ်လို မိန့်ကြားခဲ့လဲ"

"ဆရာက ဂုစမ်းအဖွဲ့ တောက်ပြောင်ထွန်းလင်းလာအောင် လုပ်ဖို့ မှာကြားခဲ့တာပေါ့"

"ရှင်က ဂုစမ်းကို စုန်းစမ်းနဲ့ ပေါင်းဖွဲ့လိုက်ရင် ကိုယ့် ဆရာကိုယ် ပြစ်မှားစော်ကားရာ မရောက်ဘူးလား၊ ဆိုရိုးစကားလည်းရှိသားနဲ့၊ ကြက်ပါးစပ်ဖြစ်တာ ကောင်းတယ်၊ နွားဖင်ဖြစ်ပြီး ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်တဲ့အဖွဲ့ပဲ၊ ရှင်က ဘာလို့ သူများကို မှီတွယ်အားထားနေချင်ရတာလဲ"

"ညီမ တို့နဲ့ ဟင်စမ်းအဖွဲ့က ဆရာလေးနှစ်ယောက်နဲ့ အရည်အချင်းယှဉ်ကြည့်ရင် ဘယ်လိုနေမယ်ထင်သလဲ"

"ဒါတော့ မယှဉ်မှ မယှဉ်ဖူးပဲ၊ ဘယ်ပြောတတ်မလဲ"

"ငါ့ထင်တော့ တို့နဲ့ ကွာဟမှု မရှိဘူးလို့ ထင်တာပဲ၊ ဆရာလေးနှစ်ပါး အနိစ္စရောက်သွားတာဟာ ကျိုလိန်းရှန်းရဲ့ လက်ချက်ပဲလို့ ထင်တယ်"

"ဒါကတော့ အယုံသွင်းတာပါ၊ သိုင်းလောကတစ်ခွင်မှာ လူတိုင်းလိုချင်ကြတဲ့ဆရာကို သူ့ကို ပေးလိုက်တော့ နောက်နောင် ကိုယ်လုပ်ချင်တာ လုပ်လို့လွယ်မယ်"

"မနေ့က စုန်းကလေးနဲ့ တိုက်တုန်းက ငမိုက်သားတရားရှိ ဓားကွက်၊ ကချေသည်ကြိုထင်းရှူးပင်ဖျိုဓားကွက်၊ ရှောင်စုန်ဂါးဓား ကွက်ကို အသုံးချာတာကကော ဘာသဘော့လဲ"

ယဲ့ပို့ချွင်သည် တဟားဟား ရယ်မောလိုက်သည်။

"ဒီကောင်လေးက တို့ကိုယ်တိုင် ကျွေးမွေးသွန်သင်လာတာ မဟုတ်လား၊ သူ့အနှားတွေ သူမြင်ပြီး နောင်ရတရင် ဝှာစမ်းအဖွဲ့မှာ ပြန်လက်ခံဖို့ပေါ့"

"တကယ်လို့ စုန်းကလေးက ပြုပြင်ခဲ့ရင် ဝှာစမ်းအဖွဲ့မှာ ပြန်လက်ခံပြီး စမ်းကလေးနဲ့ လက်ထပ်ထိမ်းမြားပေးမယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ် အဲဒီသဘောပဲ"

"သူက ကုမ္ဘာဏ်ဂိုဏ်းချုပ်ရဲ့ သမီးလေးကို စွဲလမ်းတပ်မက် နေတယ် မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ကြောက်ရွံ့ရိုသေတာပဲ ရှိတယ်၊ စမ်းကလေး ပေါ်ထားတဲ့ မေတ္တာနဲ့ ဘီလူမလေးအပေါ်ထားတဲ့ မေတ္တာဟာ သိပ်ကွာတယ်၊ ဒါကို ညီမ သဘောမပေါက်ဘူးလား"

"ရှင်ပြောချင်တာက စုန်းကလေးက စမ်းကလေးအပေါ် မေတ္တာသက်ဝင်တုန်းပဲ ဆိုပါတော့"

"သက်ဝင်ရုံတင် ဘယ်ကမလဲ၊ အသည်းစွဲအောင်ကို ချစ်တယ်၊ မနေ့က အဲဒီဓားကွက်တွေ ငါ သုံးတော့ သူမျက်နှာမှာ အမ်းသာတဲ့အရိပ်အယောင် ပေါ်နေတာ မမြင်မိဘူးလား"

"အဲဒီအကြောင်းသိလို့ ရှင်က သမီးကို ငါးစာအဖြစ်သုံး ပြီး စုန်းကလေးက အရှုံးပေးအောင် တမင် အကွက်ဆင်ကာ ပေးတာဘူးလား"

"ငါ့အပြုအမူကို ညီမကမှ သဘောမပေါက်ရင် ဘေးလူအဖို့ ဘာစရာတောင် မလိုတော့ဘူး၊ ငါတစ်ယောက်တည်းရဲ့ အနိုင် အရှုံးဟာ အရေးမဟုတ်ဘူး၊ ဝှာစမ်းအဖွဲ့ထဲ ပြန်ဝင်နိုင်အောင် လုပ်နိုင်ရင် တစချက်ခုတ် လေးချက်ပြတ် ဖြစ်နိုင်ရတယ်"

"ဘာလဲ တစ်ချက်ခုတ် လေးချက်ပြတ်ဆိုတာ"

"ချင်းယန်ရဲ့ အထွတ်အထိပ် ဓားရေးကို တတ်ကျွမ်းခဲ့သလဲ သိဘူး၊ သူသာ အဖွဲ့ထဲပြန်ဝင်ခဲ့ရင် ဝှာစမ်းအဖွဲ့လည်း ထွဲန်းပြောင် သာမယ်၊ ကျိုလိန်းရှန်းလည်း ကျန်တဲ့အဖွဲ့တွေကို ဝါးမျိုဖို့ရာ အခက်အခဲတွေ့မယ်၊ ကုမ္ဘာဏ်ဂိုဏ်းအနေနဲ့လည်း အားထားရာ တစ်ဦး မဲ့သွားမယ်"

"စတုတ္ထအချက်ကကော"

"သူက ငယ်စဉ်ကတည်းက တို့က ကျွေးမွေးခဲ့တဲ့သူလည်း ဖြစ်တယ်၊ တို့မှာလည်း သားယောကျ်ားလေး မရှိဘူး၊ သူကနောင်တော် ပြန်ရောက်လာရင် တို့ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြတာပေါ့"

ဤစကားကို ကြားရသောအခါ လင်းဟူစုန်းသည် စိတ်နှလုံး သာလှုပ်မိ၏။ အားရဝမ်းသာဖြစ်မိ၍ ဆရာနှင့် ဆရာကတော်ကို ဝမ်းခေါ်လိုက်၏။

ရုတ်တရက် ယဉ်ယဉ်က မိမိလက်ကို ဖျစ်ညှစ်ထားလို့
သည်။

"စမ်းကလေးနဲ့ စုန်းကလေးတို့လည်း တစ်ယောက်
တစ်ယောက် မေတ္တာသက်ဝင်နေကြပြီ၊ ရှင်က အတင်းအ
ခွဲလိုက်ရင် စမ်းကလေး တစ်သက်လုံး ရင်ကွဲရတော့မှာပေါ့"

"ဒါကတော့ ကိုယ့်သမီး ကောင်းစားဖို့ လုပ်တာပဲ"

"သမီးကောင်းစားဖို့ ဟုတ်လား၊ သူလည်း ကောင်းကော
မွန်မွန် နေတာပဲ၊ စမ်းကလေးမှာ ဘာအပြစ် ရှိနေလို့လဲ"

"စမ်းကလေးက ဘယ်လောက်ပဲကြိုးစားကြိုးစား ဒီတစ်သ
လင်းဟူစုန်းကို ဘယ်လိုမှ ယှဉ်လို့မရနိုင်ဘူး"

"သိုင်းပညာ မြင့်မားတိုင်း လင်ကောင်းသားကောင်း
ရှင် ယူဆထားသလား၊ စုန်းကလေး ဖာစမ်းအဖွဲ့ထဲ ပြန်ရောက်
ကျွန်မလည်း သိပ်မျှော်လင့်တောင့်တမိပါတယ်၊ ဒါပေမဲ့ စုန်း
လေးက မေတ္တာမပြန်တော့ သမီးကလေး တစ်သက်လုံး စိတ်ဒုက္ခ
ရောက်ရမှာ မကြည့်ရက်ဘူး"

ယဲ့ပို့ချင် သက်ပြင်းကြီး ချလိုက်ပြန်၏။

"ရှင့်ခြေထောက်ကော သက်သာလား"

"အတွင်းဒဏ်မဟုတ်တော့ တစ်လနှစ်လးဆိုရင် ပျောက်
သွားမှာပဲ၊ ကောင်လေးကို ရှုံးခဲ့တဲ့နောက်တော့ လူရှေ့သူရှေ့မှာ
မျက်နှာပြဖို့တောင် မကောင်းတော့ဘူး"

မည်သည်စကားသံမျှ ထပ်မံ မကြားရတော့ချေ။ တခဏ
ကြာပြီးနောက် နှစ်ယောက်သား မြင်းစီးထွက်သွားကြတော့သည်။

ဆရာနှင့် ဆရာကတော်၏ စကားများကို ကြားရသောအခါ
ငင်းဟူစုန်းသည် စိတ်ရှုပ်ထွေးသွားလေသည်။ အတွင်းအား
ဆုံးရှုံးမှု မေလျော်သွား၏။ ထို့ကြောင့် အံ့အားရှိန်က သွေး
ကြောထဲ ရုတ်တရက် စိမ့်ဝင်လာပြီး အသုံးမပြုနိုင်တော့ပေ။

ဘယ်လက်မောင်းတစ်လျှောက်လုံး ထုံကျင်သွား၏။ တစ်ဖန်
ယာက်မောင်းမှ ခါး၊ ခါးမှ ဘယ်ခြေဖျားအထိ ထုံကျင်သွားလေ
သည်။

ထိုအခိုက် လင်းဟူစုန်း အော်မိလုလုချိန်တွင် မြင်းခွာသံ
ကြားလိုက်ရပြန်သည်။ မြင်းနှစ်စီး ဒုန်းစိုင်းရောက်ရှိလာပြန်သည်။

"မြင်းခွာတွေ တွေ့ရတယ်၊ ဖေဖေနဲ့မေမေ သည်မှာဆုံမိ
ကြပြီ ထင်တယ်"

"ဆရာ့ ခြေထောက်မှာ ဒဏ်ရာရှိတော့ တစ်ခုခုဖြစ်မှာ
စိုးရိမ်တယ်၊ တို့ ဆက်လိုက်သွားကြရအောင်"

ယဲ့လင်းစမ်းနှင့် လင်းဖင်းကျည်တို့၏ အသံပင် ဖြစ်သည်။

"လင်းဖင်းကျည် ဟိုမှာ ကြည့်စမ်း နှင်းနဲ့ လူရုပ်လေးရုပ်
ပေါ်ထားတယ်၊ လေးယောက်သား လက်တွဲပြီး ရပ်နေတာ
ဆီပဲကြည့်လို့ကောင်းတယ်နော်"

"ဒီအနီးတစ်ဝိုက်မှာ လူနေအိမ်ခြေလည်း မမြင်ပါဘူး၊
ဘယ်သူက နှင်းလူရုပ် လာလုပ်ထားတာလဲ"

ယဲ့လင်းစမ်းက သဘောကျစွာ ရယ်လိုက်သည်။

"ဘိုနှစ်ယောက် နှင်းလူရုပ်နှစ်ရုပ်လောက် ထပ်လုပ်ကြရ
အောင်"

ယဲ့လင်းစမ်းက ပြောပြီးသည်နှင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

"ဆရာနဲ့ ဆရာကတော်ကို အရင်သွားရှာရင် ကောင်းမယ်"

"နင်ဟာလေ သူများ စိတ်ပျော်အောင်လုပ်တိုင်း အနှောင့်အယှက်စကား ပြောဖို့ပဲ၊ ဖေဖေ ခြေထောက်မှာ ဒဏ်ရာရထားပေမဲ့ ဘယ်သူက စော်ကားဝံ့မှာလဲ၊ သူတို့ သိုင်းလောကတစ်ခွင်မှာ ကျော်ကြားခဲ့တဲ့အချိန်မှာ နင်တောင် လူလောကထဲ မရောက်သေးဘူး"

"နင်ပြောတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဆရာက ဆရာကတော်ကို ရှာမတွေ့ရင် စိတ်ပူနေမယ်"

"ကောင်းပြီလေ နှင့်စကားအတိုင်း နားထောင်မယ်၊ ဒါပေမဲ့ နှင်းလူရုပ်ပေါ်မှာတော့ စာသားတွေ ရေးသွားကြရအောင်"

ယဲ့လင်းစမ်းသည် ပြောပြောဆိုဆို ဓားဆွဲထုတ်လိုက်သည်။ လင်းဟူစုန်းတို့ကိုယ်ပေါ်ရှိ နှင်းထုပေါ်တွင် ရေးခြစ်နေသည်။

"ဓားနဲ့များ ထိုးသွားရင်တော့ ဒုက္ခပဲ၊ ဒုက္ခပဲ"

ယဲ့လင်းစမ်းသည် ဓားဖျားကလေးဖြင့် လင်းဟူစုန်းတို့ကိုယ်ပေါ်ရှိ နှင်းထုပေါ်တွင် ရေးခြစ်နေသည်။

"ကဲ ... နင်လည်း လာရေးလေဟာ"

"လင်းဖင်းကျည်ကပါ ဓားများဖြင့် ရေးခြစ်လိုက်သည်။ မည်သည့်စာသားတွေ ရေးခြစ်နေမှန်းမသိ။ တစ်အောင့်ကြာမှ စကားသံ ထွက်ပေါ်လာသည်။

"အေး ... တို့နှစ်ယောက် သဘောချင်း ကိုက်ညီတယ်"

အတန်ကြာအောင် တိတ်ဆိတ်နေပြန်သည်။ မည်သို့သဘောထားဖြစ်သည်ကို လင်းဟူစုန်း သိလိုက်သည်။ လင်းဟူစုန်းက အလှမ်းဝေးလွန်းသောကြောင့် ယဲ့လင်းစုန်းနှင့် လင်းဖင်းကျည်တို့ ဆိုယောက်၏ သိုင်းပညာများ အဆင့်မြင့်မားမှုမရှိ၍ ကြားနိုင်ခြင်း မရှိချေ။ လင်းဟူစုန်းမှာမူ မြင်းဆယ်စီးကျော်မည်ဟု နှုံ့မှန်းမိသည်။

အတန်ကြာမှ ယဲ့လင်းစမ်း အလန့်တကြား ပြောကြားလိုက်သည့်အသံကို ကြားရသည်။

"ဟာ ... လူတွေ လာနေကြပြီ"

ယဲ့လင်းစမ်း၏ စကားဆုံးသည်နှင့် လေခွင်းသံနှင့်အတူ မြင်းနှစ်စင်း ရောက်ရှိလာ၏။ မြေကြီးပေါ်မှ အသံနှစ်သံ ဆက်တိုက်ပေါ်လာ၏။ မြင်းနှစ်ကောင် နင်းပြင်ပေါ်သို့ လဲကြသည့်အသံဟု လင်းဟူစုန်း မှန်းဆလိုက်သည်။

လူဆယ်ယောက်ကျော်၏ တစ်ပြိုင်နက် ဟားတိုက်ရယ်မောသံ ထွက်ပေါ်လာသည်။ တစ်ယောက်က ရယ်မောရင်း ရှေ့သို့ ထိုးလာ၏။ ယဲ့လင်းစမ်းသည် နောက်သို့ ဆုတ်ရှောင်သွားသည်။

"ဆရာတို့လာသူမှာ အရယ်မရပ်ပဲ ...

"ညီတော်လေးနဲ့ နှမတော်လေး တစ်ယောက်ပါကလား၊ ဆယ်အဖွဲ့ကလဲ"

"ကျွန်တော်က ဗာစမ်းအဖွဲ့က လင်းဖင်းကျည်၊ သူကတော့ ခင်မတော် ယဲ့လင်းစမ်းပဲ၊ ခင်ဗျားတို့က အကြောင်းမရှိပဲ ဘာဖြစ်လို့ မြင်းတွေကို ပစ်သတ်လိုက်ရတာလဲ"

ထိုလူက ဟားတိုက်ရယ်မောလိုက်ပြန်သည်။

"ဂုစမ်းတပည့်လား၊ အင်း ... ကိုယ်တပည့်ရဲ့ ဓားရော ယှဉ်ပြိုင်လို့ ရှုံးသွားတဲ့ သမာဓိဓား ယဲ့ပို့ချင်ရဲ့အဖွဲ့ ထင်ပါရဲ့"

"ရှင်နဲ့ ဘာဆိုင်သလဲ၊ ဘာလို့ မြင်းကို ပစ်သတ်ရတာလဲ"

ယဲ့လင်းစမ်းက ဒေါသတကြီး အော်မေးလိုက်သည်။

ထိုလူက ခနဲ့တဲ့တဲ့ လှောင်ပြောင်ရယ်မောပြီး ...

"ဒီလောက် စွာပုံထောက်တော့ ယဲ့ပို့ချင်ရဲ့ မယားငယ်လေးပဲ ထင်တယ်"

"ဘေးမှ ပါလာသော သူများကပါ ဝိုင်းရယ်ကြတာပေါ့"

"ခင်ဗျားတို့က အသက်လဲကြီးပြီ၊ ဝါလည်းရင့်တယ်၊ စကားပြောတာ ဆင်ခြင်ဖို့ကောင်းတယ်၊ ဟော့ဟော့ရမ်းရမ်း မပြောပါနဲ့၊ ဒါက ကျွန်တော့်ဆရာရဲ့သမီး"

ထိုလူက တဟားဟားနှင့် ရယ်မောပြန်သည်။

"အစ်ကိုကြီး ကြားရတဲ့စကားနဲ့ လူတွေ့တော့ ဘာကြောင့် မကိုက်ညီတာလဲ"

"အေး ပြောသံကြားဖူးတာကတော့ ယဲ့ပို့ချင်ရဲ့သမီးဟာ အလွန်လှပတယ်ဆိုပဲ၊ သူတို့အဖွဲ့ထဲက အချောအလှလေးတွေထဲမှာ အလှဘုရင်မလေးတဲ့၊ ခုကျတော့ သူတို့ပြော ဒီလောက်လည်း မဟုတ်ပါလား ဟဲဟဲဟဲ"

ဝိုင်းပြီး ရယ်မောကြပြန်သည်။

တစ်ဖက်သား၏ စော်ကားသောစကားကြောင့် လင်းဖင်းကျည်နှင့် ယဲ့လင်းစမ်းတို့သည် ဒေါသထွက်သွားကြသည်။ လင်းဟူးသည်လည်း လင်းဖင်းကျည်နည်းတူ အသားတဆတ်ဆတ်နှင့်အောင်ပင် ဒေါသထွက်လေသည်။

"ခင်ဗျားတို့က နှမချင်းမစာနာပဲ လူတွေ့မကြားဝံ့တဲ့စကားတွေလတော့ ဆုံးမရတော့မှာပေါ့"

လင်းဖင်းကျည်၏ စကားဆုံးသည်နှင့် ထိုလူစုသည် တဟားဟားနှင့် လှောင်ပြောင်ရယ်မောလိုက်ပြန်သည်။

"ဟော့ ... မင်းတို့သွားကြစမ်း၊ ဒီနှစ်ကောင်ဟာ ခိုးကြောင်ခိုးဝှက်နဲ့ နှင်းလူရုပ်တွေပေါ် ဘာစာတွေ ရေးထားသလဲသေသေချာသွားကြည့်ကြရအောင်"

လင်းဖင်းကျည်သည် မိမိတို့ကို ခိုးကြောင်ခိုးဝှက်ဟု အသုံးပြုနှုန်း ခံလိုက်ရသောကြောင့် စိတ်ကို မထိန်းနိုင်တော့ပဲ ဓားရှည်ကို ဆွဲ လှမ်းထိုးလိုက်သည်။ လက်နက်ချင်းဖိသံနှင့် မြင်းပေါ်မှ လူနှစ်ယောက် ခုန်ဆင်းလိုက်သံကို လင်းဟူစုန်း ကြားလိုက်သည်။ လင်းစမ်းသည် ဝိုင်းလာသော လူစုကို ပြန်လည်တိုက်ခိုက်နေပြီ။

လူခုနစ်ယောက် ရှစ်ယောက်၏ အော်ပြောသံသည်လည်း ဆူညံပြိုင်နက် ထွက်ပေါ်လာသည်။

"ငါတော့ ဒီမိန်းကလေးနဲ့ပဲ ယှဉ်ချင်တယ်"

"ဟော့ အလုအယက် မတိုက်နဲ့၊ တစ်ယောက်ပြီးတစ်ယောက်လည့်ကျ တိုက်ရမှာပေါ့"

နာကျင်စွာဖြင့် ဒေါသတကြီး အော်လိုက်သော
တစ်ယောက်၏အသံကြောင့် ထိုသူမှာ ဓားချက်ထိသွားကြော
လင်းဟူစုန်း ခန့်မှန်းလိုက်သည်။

"ဒီကောင်မ တော်တောရက်စက်ပါလား၊ စူးလောင်
မင်းအတွက် ငါ ရန်ကြွေးဆပ်ပေးမယ်"

လက်လက်ချင်းထိတွေ့သံများ ဆူညံသွား၏။ ရုတ်တရ
လင်းဖင်းကျည်သည် အရှောင်အတိမ်းအနည်းငယ် နောက်ကျသွ
၍ ဒဏ်ရာရသွားသည်။

လူအုပ်ကြားထဲမှ အသံပြတ်ပြတ်ဖြင့် အော်ပြောသံတစ်သ
ထွက်ပေါ်လာသည်။

"ဒီကောင်ကို သတ်ပစ်လိုက်ပါလား"

"မသတ်နဲ့၊ အရှင်ဖမ်းကြ၊ ယဲ့ပို့ချင်ရဲ့ ရွှေသားမက်
အရှင်ဖမ်းထားနိုင်မှ တို့စကားကို သူ နားမထောင်လို့ မဖြစ်
ဘူး"

ထိုအချိန်၌ပင် လင်းဟူစုန်း၏ ကိုယ်ပေါ်သို့ လူတစ်ယော
ယိမ်းယိုင်ရောက်ရှိလာပြီး မှီတွယ်လိုက်၏။ အသံကို နားစွင့်ခြင်
ဖြင့် မှီထားသူမှာ ယဲ့လင်းစမ်းဖြစ်ပြီး အလောတကြီး အသက်
နေရသည်။ လူအုပ်ကြားမှ အသံတစ်သံ ထွက်ပေါ်လာပြန်
"နင့်ကို ဖမ်းလို့မရဘူးများ မှတ်နေလား"

"အင့်ခနဲ အသံတစ်သံ ထွက်လာသည်။ လက်နက်ချ
ထိသံ မကြားရတော့ချေ။ လင်းဟူစုန်းကို မှီတွယ်ထား
ယဲ့လင်းစမ်းအား ဆွဲခေါ်သွားကြသည်။

"လွတ်စမ်း ... လွတ်နော်၊ လွတ်"

ဝိုင်းဝန်းရယ်မောကြပြန်သည်။

ဗျစ်ခနဲ အင်္ကျီစုတ်ပြဲသွားသည့်အသံကို လင်းဟူစုန်း ကြား
လိုက်သည်။ လင်းဟူစုန်းသည် ယဲ့လင်းစမ်းအား ဤသို့ စော်ကား
ခဲ့ကြသည်ကို မခံနိုင်၍ အတွင်းအား အထောက်အကူပြုပေးနေ
သည်ကို သတိမမူနိုင်တော့ချေ။ အတင်းရုန်းထွက်ခဲ့လေသည်။

ညာလက်သည် ဓားရှည်ကိုဆွဲထုတ်ပြီး ဘယ်လက်ဖြင့်
ကိုနှာပေါ်မှ နှင်းခဲများကို သပ်ချလိုက်သည်။ သို့သော် ဘယ်လက်
သည် မြှောက်မရပဲ ဖြစ်နေ၏။ ညာလက်ဖြင့်သာ မျက်စိဝန်း
တွင်ရှိ နှင်းခဲများကို ခွာချလိုက်သည်။ အနီးအနား ပတ်ဝန်းကျင်ရှိ
လူများကိုဓားရှည်ဖြင့် ဆက်တိုက်ထိုးသွင်းလိုက်၏။ ရန်သူ
အားလုံးလောက် လည်မျိုသို့ တန်းဝင်သွားလေသည်။

လင်းဟူစုန်းသည် နောက်ကျောဘက်မှ တိုက်ခိုက်လာသည့်
လူများကို ဓားနှစ်ချက် ဆက်ထိုးလိုက်ပြန်သည်။ နောက်ထပ်
လူအားလုံးလောက် လဲကျသွားသည်။

လူအုပ်ဆီသို့ လင်းဟူစုန်းလှမ်းကြည့်လိုက်သည်။ လူဆိုး
အားလုံးလောက်မှာ ယဲ့လင်းစမ်းအား လက်ပြန်ချုပ်ထား၏။ ရန်သူ
အားလုံးလောက်က လင်းဟူစုန်းအား ဝင်ရောက်တိုက်ခိုက်လာလျင်
ကာကွယ်ဟားဆီးရန် အသင့်ပြင်ထား၏။

လင်းဟူစုန်းက အသင့်ပြင်ထားသော ထိုရန်သူ၏ ချိုင်းကြား
ဘောက်သို့ ဓားဖြင့် သွက်လက်စွာ ထိုးသွင်းလိုက်ပြီး နောက်သို့
ဆက်ပြန်ထိုးသွင်းလိုက်သဖြင့် ပြေးဝင်လာသော လူဆိုးနှစ်ယောက်
လုံးသို့ ဓားစူးဝင်သွားပြန်သည်။

လင်းဟူစုန်းသည် ယဲ့လင်းစမ်းဆီသို့ ခုန်ကူးသွားရာ ကျန်ရှန်သူတစ်ယောက်ကို ဓားဖျားဖြင့် ခတ်ထုတ်လိုက်၏။ ထို့သည် အားခနဲ တစ်ချက်သာအော်နိုင်ပြီး ငြိမ်သက်သွား၏။

တိုတောင်းလှသော အချိန်အတွင်း လူကိုးယောက်သုတ်သင်ပစ်လိုက်သောကြောင့် ကျန်လူရှစ်ယောက်သည် လင်းဟူစုန်းကို ကြောင်ကြည့်နေလေသည်။

ဦးစီးလာသူသည် သံကုန်အော်ဟစ်၍ လင်းဟူစုန်းကို ငယ်ထိပ်ပေါ်သို့ ရိုက်ချလိုက်သည်။ လင်းဟူစုန်းက လျင်မြန်စွာ ရှောင်ပေးလိုက်၏။ တစ်ချိန်တည်းတွင် ထိုလူ၏ မျက်လုံးသံဒိုင်းကြားမှ ဓားဖျားဖြင့် ထိုးသွင်းလိုက်ပြန်သည်။ ထိုလူသည် ငယ်သံပါအောင် အော်ဟစ်ရင်း နောက်သို့ ခုန်ဆုတ်သွားသည်။

လင်းဟူစုန်းသည် နောက်သို့ပြန်လှည့်ပြီး ဝိုင်းဓား၊ ထွက်ဓား ထိုးဓား သုံးချက်ကို တဆက်တည်း အသုံးပြုလိုက်ပြန်သောအ နောက်ထပ် လူဆိုးသုံးဦး လဲကျသွားသည်။

ကျန်ရှိသော ရန်သူနှစ်ယောက်သည်လည်း ပျာယာခတ် ထွက်ပြေးကြသည်။ လင်းဟူစုန်းသည် တစ်ယောက်၏ နောက် ပြေးလိုက်သွားပြီး လက်ရှိန်အပြည့်ဖြင့် ပစ်လွှတ်လိုက်သည် တစ်ယောက်တည်းသာကျန်သည့် ရန်သူနောက်သို့ လင်းဟူ ပြေးလိုက်သွားပြန်သည်။ ခပ်စောစောပိုင်းတွင် ရန်သူကို ဓား ပစ်လိုက်သောကြောင့် လင်းဟူစုန်းထံတွင် ဓားမရှိတော့ ထို့ကြောင့် လက်ချောင်းများကို ဓားအဖြစ် အသုံးချကာ ထိုလူ

နောက်ကျောကို ထိုးသွင်းလိုက်လေသည်။ ထိုလူသည် နောက်ကျောင် နာကျင်သွား၏။ သို့သော် လက်ပြန်ဓားဖြင့် ပြန်လည်ခုတ်လိုက် သောကြောင့် လင်းဟူစုန်း နောက်သို့ ကမန်းကတန်း ခုန်လွှား ဆုတ်ပေးလိုက်ရသည်။ လင်းဟူစုန်းသည် ဓားရေးသာ ကျွမ်းကျင် သည်။ လက်သိုင်းတွင် ထူးချွန်သူ မဟုတ်သောကြောင့် ထိုလူအား ဆက်လက်တိုက်ခိုက်ရန် မဖြစ်နိုင်မှန်း သိသည်။

လင်းဟူစုန်းသည် ယဲ့လင်းစမ်းထံသို့ ပြေးလွှားလာသည်။ ယဲ့လင်းစမ်းသည် ဓားရှည်တစ်လက် ကောက်ယူလိုက်သည်။

"အစ်ကိုကြီး ရော့"

ယဲ့လင်းစမ်းသည် လင်းဟူစုန်းကို ဓားကမ်းပေးလိုက်သည်။ လင်းဟူစုန်း၏ လက်ထဲသို့ ဓားရောက်သည့်အချိန်တွင် ထိုလူက ဓားမောက်ဖြင့် ခုတ်ချလိုက်သည့် အချိန်ဖြစ်သည်။ သို့သော် လင်းဟူစုန်း၏ ဓားဦးသည် လျှပ်ပြက်သည်ထက်ပင် မြန်သွားသဖြင့် ထိုလူ၏လည်မျိုသို့ ထောက်ထားပြီး ဖြစ်နေသည်။

"မင်းက ငါ့ညီမကို စော်ကားခဲ့တော့ ခွင့်လွှတ်ဖို့ မကောင်း ဆာဘူး၊ ဒါနဲ့ လူရုပ်တွေပေါ်မှာ ဘာစာသားတွေ ရေးထားခဲ့တယ် ဆိုတာကို ပြန်ရွတ်ပြစမ်း"

ထိုလူက အသံဟုန်ယင်္ကျောဖြင့် ပြန်ရွတ်ပြသည်။

"သံသာလေကမ်းတိုင် တူပြိုင်လေကူးမယ် တို့နှစ်ဦး ရွယ်စူးဘယ်"

ထိုလူ၏ စကားကို ကြားရသောအခါ လင်းဟူစုန်း သည်လည်း ရေရွတ်လိုက်သည်။

ဆတ်ကနဲ ဆောင့်ဆွဲကာ အနောက်မြောက်ဘက်သို့ ဒုန်းစိုင်းထွက်သွားတော့သည်။ ယဉ်ယဉ်တို့ သုံးဦးစလုံး နင်းများကိုဖယ်ရှားပြီး လင်းဟူစုန်းကို စိုက်ကြည့်နေ၏။ ထိုအဖြစ်ကို တွေ့ရသဖြင့် လင်းဟူစုန်း ဝမ်းသာသွား၏။

"ဂိုဏ်းချုပ်ကြီး ကျွန်တော် ခွဲထွက်သွားတာ ဒုက္ခပေးသလို ဖြစ်ပါဘူးနော်"

"အေး ... ငါ့ကိုတော့ ဒုက္ခမပေးပါဘူး၊ ဒါပေမဲ့ မင်းကိုယ်နှင်း ဒုက္ခပေးနေတယ်၊ မင်းရဲ့ဘယ်လက် ဘယ်လိုနေတယ်ဆိုတာ သတိထားမိတယ် မဟုတ်လား"

"သွေးလည်ပတ်မှု မမှန်သလိုဖြစ်ပြီး လှုပ်ရှားလို့လည်း ရတော့ဘူး"

လင့်ဝေစိမ်းသည် မျက်မှောင်တစ်ချက် ကုတ်သွားသည်။

"ဒီကိစ္စနဲ့ပတ်သက်လို့ ဦးနောက်ခြောက်စရာ ဖြစ်နေပြီ၊ ဒါပေမဲ့ တဖြည်းဖြည်း နည်းလမ်းရှာရတာပေါ့လေ၊ မင်း ယဲ့ပို့ချင်းမီး အသက်ကိုကယ်လိုက်ပြီ။ ရှန်းဝံ့ထျန်း တပည့် လူလောင်စမ်းဘာ ကြာလေ ယုတ်မာလေလေပါလား၊ ဘာဖြစ်လို့ ဒီလောက်သတ်ညှဉ်တဲ့အလုပ်မျိုး လုပ်ရတာလဲ မသိဘူး"

"သူတို့ပြောတဲ့ စကားအရ ဒီနှစ်ယောက်ကို သစ်ကနက်ဘောင်ထိပ်ကို ဖမ်းဆီးသွားချင်တဲ့သဘော ရှိပါတယ်"

"တုန်းဝမ်းပုပိုက်ရဲ့ သဘောပဲဖြစ်မယ်၊ ဒီကြောင်သူတော်ညှဉ့်ချင်နဲ့ ဘယ်လိုကြောင့် ဆက်သွယ်မိကြသလဲ မသိဘူး"

လင်းဟူစုန်းက အလောင်းများကို လက်ညှိုးထိုးပြီး ...

စကားဆုံးသည်နှင့် လင်းဟူစုန်း၏ မားဦးသည် ထိုလူ၏ လည်မျိုထဲသို့ နှစ်ဝင်သွားလေသည်။ လင်းဟူစုန်း နောက်သို့ လှည့်ကြည့်လိုက်သောအခါ ယဲ့လင်းစမ်းက လင်းဖင်းကျည်ကို ထူပေးနေသည်။ လင်းဖင်းကျည်က လက်အုပ်ချီ ဂါရဝပြုပြီး ပြောသည်။

"အသက်ကယ်တဲ့အတွက် ကျေးဇူးကို မမေ့ပါဘူး"

"ကြုံကြိုက်လို့ ကူညီတာပါ မပြောပလောက်ပါဘူး၊ မင်းရဲ့ ဒဏ်ရာ ပြင်းထန်သလား"

"နည်းနည်းပါးပါးလောက်ပါပဲ"

လင်းဟူစုန်းက မြင်းခွာရာများကို လက်ညှိုးထိုးညွှန်ပြပြီး ...

"ဆရာနဲ့ ဆရာကတော် ဟိုဘက်ကို ထွက်သွားကြတယ်"

"ဟုတ်ကဲ့"

ယဲ့လင်းစမ်းသည် ရန်သူ၏ မြင်းနှစ်ကောင်ကို ဆွဲခေါ်ပြီး မြင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။ လင်းဖင်းကျည် နှစ်ယောက်သည် လင်းဟူစုန်း၏ နံဘေးမှမြင်းစီးပြီး ထွက်ခွာသွားသည်။ သို့သော် ယဲ့လင်းစမ်းသည် မြင်းဇက်ကြိုးကို တစ်ချက်ဆွဲလိုက်ပြီး လင်းဟူစုန်းဘက်သို့ လှည့်ကြည့်လိုက်သည်။ လင်းဟူစုန်းကလည်း ခေါင်းမော့ကြည့်လိုက်သောကြောင့် အကြည့်ချင်းဆုံသွားကြသည်။

"ကျွန် ... ကျွန်မ ... ကျွန်မ"

ယဲ့လင်းစမ်းသည် စကားကို ဆက်မပြောထွက်ပဲ ဝမ်းနည်းသည့် အရိပ်လက္ခဏာနှင့် ကြည့်နေသည်။ ပြီးနောက် မြင်းကို

"အဲဒါတွေက တုန်းဝမ်းပုဗိုက်ရဲ့ ငယ်သားတွေလား"

"ဟိုတုန်းက ငါ့ရဲ့ လက်အောက်ငယ်သားတွေပေါ့"

"ဖေဖေ သူ့လက် ဘယ်လိုဖြစ်သွားတာလဲဟင်"

"သမီး မပူပါနဲ့၊ ဖေဖေ သွေးကြောထဲကို ဝင်မွေနှောက်တဲ့ အဆိပ်အသေးဓာတ်တွေကို ပျောက်ကင်းအောင် ငါသားမက်လောင်းက ဝိုင်းကူပြီး ကုသပေးလို့ ဖြစ်သွားတာပါ၊ သူ့လက် ပြန်ကောင်းဖို့ ဖေဖေ တာဝန်ပဲပေါ့"

ယဉ်ယဉ်သည် လင့်ဝေါစိမ် စကားကို ဝိုင်ဝိုင်နိုင်နိုင် သုံးနှုန်းခြင်းနှင့် ပတ်သက်ပြီး မကျေမနပ် ဖြစ်နေသည်။

"ဒီလို ပိုင်စိုးပိုင်နင်း မပြောပါနဲ့ဦး၊ အစ်ကို လင်းဟူစုန်းဟာ ဂုဏ်စမ်းဂိုဏ်းချုပ်သမီးနဲ့ အတူကြီးပြင်းလာတယ်၊ ယဲ့လင်းစမ်း အပေါ် ဘယ်လောက် မေတ္တာစေတနာ ကြီးမားတယ်ဆိုတာ သူ့ရဲ့မျက်နှာနဲ့ အပြုအမူတွေကြည့်ပြီး ဖေဖေ သဘောမပေါက်သေးဘူးလား"

"ကြောင်သူတော်ရဲ့ သမီးက ငါ့သမီးနဲ့ ယှဉ်လို့ရမယ်တဲ့လား ပြောစမ်း၊ ပြီးတော့ အဲဒီမိန်းကလေးလည်း သူ့စိတ်ကြိုက် တွေ့နေပြီပဲ၊ ဒီလို မေတ္တာမတည်တဲ့ မိန်းကလေး တစ်ယောက်နဲ့ပတ်သက်တဲ့ ငယ်ငယ်ကအကြောင်းတွေကို စွဲလမ်းမှု မထားစမ်းနဲ့"

"အစ်ကို လင်းဟူစုန်းက လူစုလူဝေးကြီးကို ဦးစီးပြီး ကျွန်မအတွက် ရှောင်လင်ကျောင်းကို မွေနှောက်ခဲ့ပြီးပြီ၊ ပြီးတော့ ကျွန်မကြောင့် ဂုဏ်စမ်းအဖွဲ့ကို ပြန်မမှီုရတော့ဘူး၊ ဒီနှစ်ချက်ထဲနဲ့ ကျွန်မ ကျေနပ်ပါပြီ၊ ကျန်တာတွေကို ထားပါတော့၊ ကျွန်မရဲ့ စိတ်ထဲမှာ ဘယ်လိုမှ သဘောမထားတော့ပါဘူး"

ယဉ်ယဉ်သည် အလွန်အရှက်ကြီးပြီး မာနကြီးသည်။ သို့သော် လင်းဟူစုန်းကို တမ်းတမ်းတတ စွဲလမ်းလျက်ရှိသည်။ ဤကိစ္စနှင့်ပတ်သက်၍ လတ်တလော အဆင်မပြေနိုင်။ သို့သော် နောင်တစ်ချိန်တွင် ရှုန်းဝံ့ထျန်းမှတစ်ဆင့် လင်းဟူစုန်းအား နားချမည်။

"အေး ... တစ်သက်တာ အရေးကိစ္စဆိုတော့ ဖြည်းဖြည်းစဉ်းစားတာ မမှားဘူး၊ ခု သူ့လက် ပြန်ကောင်းမဲ့နည်းလမ်းကို အရင်လုပ်ကြရအောင်"

လင့်ဝေါစိမ်သည် လင်းဟူစုန်းကို ခပ်လှမ်းလှမ်းသို့ ခေါ်သွားသည်။

ပြီးနောက် သွေးလည်ပတ်မှု ပြန်ကောင်းမွန်စေရန် လေ့ကျင့်ရမည့် နည်းနာများကို ခရေစေ့တွင်းကျ သင်ကြားပြောဆိုလိုက်သည်။

"လောကြီးလို့မဖြစ်ဘူး တစ်ပတ်လောက်တော့ အချိန်ယူပြီး လေ့ကျင့်ရမယ်၊ ကဲ ... မင်းက ငါ့သွေးကြောထဲရောက်နေတဲ့ အေးစိမ့်အဆိပ်ကို ဝိုင်းကူထုတ်ပေးတဲ့ ကျေးဇူးကြွေး မရှိတော့ဘူး"

လင့်ဝေါစိမ်သည် လင်းဟူစုန်းကိုပြောပြီး ရှုန်းဝံ့ထျန်းနှင့် ယဉ်ယဉ်ဘက်သို့ လှည့်ကာ ...

"ဟိုတစ်ချိန်က သူရိန်မျက်နှာမူ ဂိုဏ်းထဲဝင်ဖို့ ပြောတုန်းက စုန်းကလေး ငြင်းခဲ့တယ်၊ ဒီတစ်ကြိမ်ငြင်းမယ် မထင်တော့ဘူး"

လင်းဟူစုန်းသည် လင့်ဝေါစိမ်၏ စကားကို ပြန်လည် ဖြေကြားခြင်း မပြုချေ။

"မင်းက သွေးကြောဖျက် သိုင်းပညာကြီးကို သင်ကြားတတ်မြောက်တာပဲ ရှိသေးတယ်၊ မင်းရဲ့သွေးကြော ဖောက်ပြန်လာချိန်မှာ လေ့ကျင့်ရမဲ့နည်းလမ်းကို မင်း မသိသေးဘူး၊ အဲဒီ ဖောက်ပြန်လာချိန်မှာ သေချင်လောက်အောင် ဖြစ်တာကို မင်း နားမလည်ဘူး၊ ဒီနည်းလမ်း သင်ကြားပြသပေးဖို့ဟာ မင်း သူရိန်မျက်နှာမူ ဂိုဏ်းထဲဝင်မှပဲ ဖြစ်မယ်၊ ကုန်ကုန်ပြောမယ် မင်း ဂိုဏ်းထဲမဝင်ပဲ ငါ့သမီးနဲ့ ညားနေရင်တောင် ငါ့သမီး ဘယ်လောက်ပဲ အပြစ်တင်တင် ငါ အမှုမထားဘူး၊ ခု ငါ့မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိတယ်၊ တုန်းဂမ်းပုဝိုက်ကို သွားတွေ့စရာရှိတယ်၊ မင်းကော လိုက်မလား"

"ဂိုဏ်းချုပ်ကြီး ကျွန်တော့်ကို အပြစ်မတင်ပါနဲ့၊ ကျွန်တော် သူရိန်မျက်နှာမူဂိုဏ်းကို ဘယ်တော့မှမဝင်ဘူး"

"ဘာဖြစ်လို့လဲ မင်းက သူရိန်မျက်နှာမူဂိုဏ်းကို အထင်သေးလို့လား"

"သူရိန်မျက်နှာမူဂိုဏ်းသားတွေ သိပ်ယုတ်မာတယ်၊ ဒါကြောင့် ကျွန်တော် ဂိုဏ်းထဲဝင်ဖို့ စိတ်မကူးဘူး၊ ကျွန်တော် ဘယ်လောက်ပဲ ယုတ်ညံ့ယုတ်ညံ့ ယုတ်မာကဲ့အလုပ်ကို လျှောက်ပါတယ်၊ နောက်တစ်ကြောင်းကလည်း သိမ့်ရှန်ဆရာလေးဟာ ဟင်စမ်းဂိုဏ်းချုပ် တာဝန်ထမ်းဆောင်ဖို့ ဆုံးခါနီးမှာပဲ မှာသွားပါတယ်၊ ပေးအပ်တဲ့တာဝန်ကို ကျွန်တော် လက်ခံခဲ့ပြီးပြီ"

သူရိန်မျက်နှာမူဂိုဏ်းထဲသို့ လင်းဟူစုန်း မဝင်သည်မှာ အဆန်းမဖြစ်သော်လည်း ဟင်စမ်းဂိုဏ်းချုပ် တာဝန်ထမ်းဆောင်ရန်

လက်ခံပြီးကြောင်း ကြားရသောအခါ လင့်ဝေါစိမ်သည် အံ့သြသွားသည်။

"ဟား ဟား ဟား၊ မင်း ... မင်း ... မင်းက ရသေ့မလေးတွေရဲ့ ဂိုဏ်းချုပ်လုပ်မလို့လား"

"သိမ့်ရှန်ဆရာလေးဟာ အသေမဖြောင့်ဘူး ဆိုတာနဲ့ ကျွန်တော် လက်ခံလိုက်တယ်၊ ကျွန်တော့်အတွက်နဲ့ သူ အသက်ဆုံးရှုံးသွားရတာပါ၊ လူတိုင်း ကဲ့ရဲ့စရာဖြစ်မှန်းသိပေမဲ့ ကျွန်တော် ကတိပေးလိုက်တယ်၊ ငြင်းပယ်လို့လည်း မသင့်ဘူး"

"ဖေဖေ၊ ဆရာလေး သိမ့်ရှန်နဲ့ ဆရာလေး သိမ့်ယိဟာ သမီးအတွက် အသက်ဆုံးရှုံးရတာပါ ဖေဖေ"

လင့်ဝေါစိမ်သည်လည်း ဟားတိုက်ရယ်မောရာက အရယ်ရပ်လိုက်သည်။

"မင်းက သူများ တောင်းဆိုချက်အရ ဒီတာဝန်ကို ထမ်းရွက်ရမယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"အေး ... ဆိုးတော့မဆိုးပါဘူး၊ ငါက လူဆန်းကြီး တစ်ယောက်ပဲ၊ မင်းကတော့ လူဆန်းကလေး တစ်ယောက်ပါ၊ လောကမှာ သူတစ်ပါး တအုတသြ ဖြစ်လောက်တဲ့ကိစ္စမျိုးကို လုပ်မှလဲ လူသိရှင်ကြား ဖြစ်တာကွ၊ မင်းက ခုချက်ချင်းပဲ ဟင်စမ်းကို သွားတော့မလို့လား"

"ကျွန်တော် ရှောင်လင်ကျောင်းတိုက်ကို အရင်သွားလိုက်ဦးမယ်"

"ဟုတ်ပြီ မင်းက ဆရာလေးနှစ်ပါးရဲ့ အလောင်းကို ဟင်စမ်း အရောက်ပြန်သွားမယ်ဆိုတဲ့ သဘောကိုး"

လင့်ဝေါစိမ်သည် ယဉ်ယဉ်ဘက်သို့ လှည့်ပြီး ...

"သမီး နင်ကော လင်းဟူစုန်း နောက်ကို လိုက်သွားမှာလား"

"ဟင့်အင်း ဖေဖေ့ နောက်ကိုပဲလိုက်မယ်"

"အေး ... သူ့နောက်လိုက်သွားရင် ရသေ့မ လုပ်နေရဦးမယ်"

လင့်ဝေါစိမ်သည် ပြောပြီး တဟားဟားရယ်သည်။

"ဂိုဏ်းချုပ်ကြီး၊ အစ်ကိုကြီး ရှန်းဝံ့ထျန်း၊ ယဉ်ယဉ် နောက်မှ ပြန်ဆုံကြပါစို့နော်"

လင်းဟူစုန်းက နှုတ်ဆက်စကားပြောပြီး ထွက်သွားတော့သည်။ ဆယ်လှမ်းခန့်လှမ်းပြီး ရုတ်တရက်ပြန်လှည့်ပြီး ...

"ဂိုဏ်းချုပ်ကြီးတို့ သစ်ကနက်တောင်ထိပ်ကို ဘယ်အချိန်သွားကြမလဲ"

"တို့ကိစ္စကို အပြင်လူပူဖို့ မလိုပါဘူး"

လင်းဟူစုန်းသည် မြေပြင်ပေါ်မှ ဓားရှည်တစ်ချောင်းကို ကောက်ယူ၍ ထွက်ခွာသွားတော့သည်။

ရှောင်လင်ကျောင်းတိုက်သို့ လင်းဟူစုန်း ရောက်ခဲ့၏။

ရှောင်လင်ကျောင်းတိုက်သည် တိတ်ဆိတ်နေသည်။

ဧည့်လက်ခံ ဘုန်းကြီးတစ်ပါးက လင်းဟူစုန်းကို ထွက်တွေ့၏။ လင်းဟူစုန်းသည် ဆရာလေးနှစ်ပါး၏ ရုပ်ကလာပ်ကို

ဟင်စမ်းသို့ ပြန်သယ်သွားလိုကြောင်း လျှောက်ထားလိုက်သည်။

ဧည့်လက်ခံဘုန်းကြီးက ကျောင်းတိုက်တွင်းဝင်သွားပြီး တခဏအကြာတွင် ပြန်ထွက်လာသည်။

"ဒကာလေး ဆရာလေးနှစ်ပါး၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ဖို့ပြင်ပြီ၊ ဆရာလေးနှစ်ပါး ကောင်းရာသုဂတိလားဖို့လည်း ကျောင်းရှိကိုယ်တော်တွေ မေတ္တာပို့သ အမျှပေးဝေပါတယ်၊ ဆရာလေးနှစ်ပါး၏ အရိုးပြာအိုးကို ဟင်စမ်းအရောက် တာဝန်ယူပြီး ပို့ဆောင်ပေးလိုက်မယ်လို့ ဆရာတော်ကြီးက အမိန့်ရှိလိုက်တယ်"

လင်းဟူစုန်းသည် ကျောင်းတိုက်ထဲဝင်ပြီး ဆရာလေးနှစ်ပါး၏ အရိုးပြာကို ရိုရိုသေသေ ဦးချကန်တော့သည်။

လင်းဟူစုန်းသည် စိတ်ထဲမှ အဓိဋ္ဌာန်တစ်ရပ်ကို ချမှတ်လိုက်သည်။

ကျောင်းထိုင် ဆရာတော်ကြီးအား တွေ့ဆုံ ပူးမြော်ခွင့် ဆောင်းသော်လည်း မရရှိသောကြောင့် လင်းဟူစုန်းသည် ဧည့်လက်ခံကိုယ်တော်ကို နှုတ်ဆက်၍ ရှောင်လင်ကျောင်းတိုက်မှ ထွက်ခွာခဲ့သည်။

ရှောင်လင်ကျောင်းတိုက်၏ တောင်ခြေတွင် လင်းဟူစုန်း တစ်ညတာ အနားယူသည်။ နောက်နေ့နံနက်တွင် မြောက်ဘက်သို့ ခရီးနှင်ခဲ့၏။ လမ်းခရီးတွင် မြင်းတစ်ကောင်ဝယ်ကာ ခရီးနှင်ခဲ့သည်။

ဘယ်လက်မောင်း ထုံကျင်နေပြီး လှုပ်ရှားမရသောကြောင့် လင်းဟူစုန်း ခရီးပြင်း မနှင်နိုင်ချေ။ လင်းဟူစုန်းသည် ခရီးလမ်း

အခန်း(၃)

နှစ်သစ်ကူးမည့် အခါသမယ။

အိမ်တိုင်းအိမ်တိုင်းတွင် လူစုံတက်စုံ သန့်ရှင်းရေး ပြုလုပ်နေကြသည့်အချိန်။

တာစမ်းတောင်၏ နှစ်သစ်ကူး အကြိုနေ့ရက်များကို လင်းဟူနှင်း ပြန်ပြောင်းတမ်းတ လွမ်းဆွတ်မိသည်။

"အခုလို နှစ်သစ်ကူး အကြိုရက်မျိုးမှာ ဆရာကတော်ကဉီးစီးပြီး ညီတော်၊ နမတော်တွေနဲ့ သန့်ရှင်းရေး လုပ်ကြတဲ့ဟယ်၊ ဟော်စရာ သိပ်ကောင်းတဲ့အချိန်ပဲ၊ ခုတော့ ဒီလောကမှာ ငါ ဘယ်ရာမှဲ့ တစ်ကောင်ကြွက် ဖြစ်နေပါကလား"

ဤသို့တွေးပြီး လင်းဟူစုန်း ရင်ထဲတွင်မချိအောင် နာကျင်စွာ ခံစားလိုက်ရသည်။

လင်းဟူစုန်းသည် အရက်ဆိုင်တစ်ဆိုင် တွေ့သောကြောင့် အရက်ဝင်သောက်သည်။ အထီးကျန်ဘဝကို တစိမ့်စိမ့်တွေးပြီး ဆွေးနေမိသည်။

တစ်လျှောက်၌ လင့်ဆေါစိမ် သင်ကြားသည့်အတိုင်း သွေးလည်ပတ်မှုကျင့်စဉ်ကို ပြုကျင့်ခဲ့သည်။

ဆယ်ရက်မြောက်သောနေ့တွင် သွေးလှည့်ပတ်မှု ပြန်လည်ကောင်းမွန်လာပြီး လင်းဟူစုန်း၏ ဘယ်လက်သည် ပြန်လည်လှုပ်ရှားနိုင်လေသည်။ ထို့ကြောင့် လင်းဟူစုန်းသည် ခရီးပြင်နှင်နိုင်ခဲ့သည်။

○+○

ထိုအခိုက် လှေကားထစ်မှ ခြေသံပြင်းပြင်းနှင့် အတူစကား ပြောသံများသည် လင်းဟူစုန်း အတွေးထဲသို့ အံမှတ်မထင် ဝင်ရောက်လာသည်။

"ရေသိပ်ငတ်တော့ ဒီဆိုင်မှာ အရက်ဝင်သောက်လိုက်ရရင် ရေငတ်ပြေမှာပဲ၊ မဆိုးဘူးမှတ်လား"

"ရေမသောက်ပဲ အရက်သောက်တော့ကော ဆိုးမယ် တဲ့လား"

"အရက်သောက်တာ သောက်တာပဲ၊ ရေငတ်တာငတ် တာပဲ၊ အရက်နဲ့ရေကို ရောထွေးပြီး မပြောစမ်းပါနဲ့"

"ရေငတ်လို့ အရက်သောက်ရင် ရေပိုငတ်တော့မှာပေါ့ မဆီမဆိုင် လျှောက်ပြောတာပဲ"

လင်းဟူစုန်းသည် ခြေသံနှင့် စကားသံအရ အသံရှင်သည် နတ်မင်းသားခြောက်ပါးမှန်း တန်းသိလိုက်သဖြင့် ဝမ်းသာသွား မိသည်။

"အစ်ကို နတ်မင်းသားခြောက်ပါး အရက်သောက်ရအောင် အမြန်တက်ခဲ့ကြ"

"ငါ သူ့ကို အရင်တွေ့တာနော်"

"ငါ သူ့ကို အရင်မမ်းမိတာဟေ့"

"ငါ အရင်ဦးဆုံး အသံထွက်လို့ ငါ့ အသံကိုကြားတာ"

"ငါ အရက်သောက်ရအောင် မပြောရင် သူ့ကို ဘယ်လိုလုပ် တွေ့မှာလဲ"

လင်းဟူစုန်း နတ်မင်းသားခြောက်ပါးကို ရင်မော ကြည့်ရင်း ...

"ခင်ဗျားတို့ခြောက်ယောက် ဘယ်လိုဖြစ်ကြတာလဲ"

ထောင်ဝဂ္ဂရှန်သည် ပြတင်းပေါက်သို့ ပြေးသွားပြီး ညှာမ်းအော်ပြောလိုက်သည်။

"ရသေ့မလေး၊ ရသေ့မလတ်၊ ရသေ့မကြီး၊ ငါ ထောင်ဝဂ္ဂ ရှန်းက လင်းဟူစုန်းကို တွေ့ပြီ၊ ငွေဒင်္ဂါးတစ်ထောင် ခုမြန်မြန် သာပေးစမ်း"

ထောင်ကျိုရှန်သည်လည်း ပြတင်းပေါက်ဆီသို့ အပြေး သွား ရောက်ရှိသွားပြန်သည်။

"ငါ အရင်ဦးဆုံးတွေ့တာ ငွေဒင်္ဂါးမြန်မြန် ငါ့လာပေး"

ထောင်ကျိုရှန်နှင့် ထောင်စုရှန်က လင်းဟူစုန်းကို ဖမ်းထား ကြသည်။ ဒီနှစ်ယောက်သည်လည်း သူအရင်တွေ့သည် ငါအရင် တွေ့သည်နှင့် ငြင်းခုန်နေကြသည်။

ထိုအချိန်တွင် လမ်းပေါ်မှ အမျိုးသမီး တစ်ယောက်အသံ ထွက်ပေါ်လာသည်။

"လူစွမ်းကောင်းကြီး လင်းဟူစုန်းကို ကကယ်ကွေ့ပြီလား"

"လင်းဟူစုန်းကို ငါ အရင်တွေ့တာ ငွေဒင်္ဂါး အမြန်ယူ သာခဲ့"

ထောင်စုရှန် အသံကုန် အော်ပြောသည်။

"ငွေဒင်္ဂါးပေးမှ လူကိုအပ်မယ်"

ထောင်ကန့်ရှန်က ပြောပြန်သည်။

"ဟုတ်တယ် ရသေ့မလေးတွေ ပြောတဲ့အတိုင်း ငွေမပါရင် လင်းဟူစုန်းကို ဝှက်ထားရမှာပဲ"

ထောင်ကျိရှန်သည် ထောင်ကန့်ရှင်၏ စကားကို ထောက်
ပြောဆိုလိုက်သည်။

နတ်မင်းသားခြောက်ပါး အခြေအတင် ပြောနေကြ
လေကားမှ ခြေသံများကို ကြားရ၏။ ယိဟို၊ စင့်ဝေါ၊ ချင်းကျွ
တို့တစ်တွေ လင်းဟူစုန်းဆီသို့ လာနေကြ၏။ တစ်ဆက်တည်းတွ
ကျန်ရသေ့မများလည်း နောက်မှ လိုက်လာကြသည်။

"ဟေ့ ... ဒဂိုးတစ်ထောင်မအပ်ရင် ရှင်းရှင်းပဲနေ
လွှကို မအော်နိုင်ဘူး"

"အစ်ကိုကြီး နတ်မင်းသားခြောက်ပါး၊ ခင်ဗျားတို့
ငွေဒင်္ဂါးတစ်ထောင် မရမကတောင်းနေတာ ဘာသဘော
သြော် ... သိပြီ သိပြီ၊ ကျွန်တော် ခန့်မှန်းလို့ရပြီ၊ ကျွန်တော်
ခင်ဗျားတို့က ရှာတွေ့ခ ငွေဒင်္ဂါးတစ်ထောင် တောင်းနေကြ
မဟုတ်လား"

"ဒါပေါ့ တို့က ဈေးမြှင့်ထားတာ၊ ဒါပေမဲ့ သူတို့
ဈေးမဆစ်တာ ဟုတ်တယ် မဟုတ်လား"

ထောင်ကန့်ရှန်က ယိဟိုကို လှမ်းမေးလိုက်၏။

"ဟုတ်ပါတယ် ခု အစ်ကိုကြီး လင်းဟူစုန်းကို ရှာတွေ့
ဆိုတော့ ဟင်စမ်းအဖွဲ့က ငွေဒင်္ဂါးတစ်ထောင် ပေးရတော့မှာ
ယိဟို၏ စကားဆုံးသည်နှင့် နတ်မင်းသားခြောက်ပါး
သူ့ထက်ငါဦးအောင် လက်ဝါးဖြန့်ကြသည်။

"ကျွန်မတို့က တရားအားထုတ် နေကြသူတွေဆို
ခုလို ခရီးထွက်လာချိန်မှာ ဒီလောက် ငွေများများစားစား ဘ
ပါ့မလဲ၊ ဟင်စမ်းကို လိုက်ယူမှဖြစ်မှာပေါ့"

"နင်တို့က ဒီတိုင်းဆိုရင် ကတိမဖျက်ဘူးပေါ့နော်"

ယိဟိုမှာ နတ်မင်းသားခြောက်ပါးသည် ငွေဒင်္ဂါးတစ်ထောင်
တကူးတကွ လိုက်ယူမည်မထင်၍ ထိုသို့ ပြောလိုက်မိခြင်း
ဖြစ်သည်။

သို့သော် မထင်မှတ်ပဲ လိုက်ကြမည် ပြောလာသောကြောင့်
ယိဟို၏ တွက်ကိန်းလွဲချော်သွားသည်။

"အစ်ကိုကြီး နတ်မင်းသားခြောက်ပါး၊ ငွေဒင်္ဂါးတစ်ထောင်နဲ့
ကျွန်တော့်ကို ရောင်းစားပြီး ချမ်းသာကြတာကို ကျွန်တော်
မြင်သာပါတယ်"

နတ်မင်းသားခြောက်ပါးက လင်းဟူစုန်းအား လက်အုပ်
ချီ၍ ဂါရဝပြုလိုက်ကြသည်။

"အေး ... မင်းကြောင့် တို့ ဒီငွေရတာ"

ဆိုင်တွင်းသို့ ဝင်ရောက်လာသည့် ယိဟိုနှင့် ရဲသေ့မကလေး
များသည် လင်းဟူစုန်းအား ဦးချဂါရဝပြုကြသည်။

လင်းဟူစုန်း ထိတ်လန့်အံ့သြသွားပြီး ...

"ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

တပည့်မ ယိဟိုနဲ့ ဟင်စမ်း အဖွဲ့သူတွေက ဂိုဏ်းချုပ်ကြီးကို
လေးစားသမှု ပြုတာပါ"

"ကဲ ... အားလုံး အေးအေးဆေးဆေး စကားပြောကြ"

ထို့ကြောင့် နတ်မင်းသားခြောက်ပါးသည် တခြား စားပွဲ
တစ်လုံးတွင် သွားရောက်စုထိုင်ကာ အစားအစာနှင့်အရက်ကို
အယူစားသောက်၍ ဆက်လက်ငြင်းခုန် နေကြလေသည်။

ဟင်စမ်း အဖွဲ့သူများသည် လင်းဟူစုန်းကို တွေ့သော
သိမ့်ရှန်နှင့်သိမ့်ယီ ဆရာလေးတို့နှစ်ပါး အနီစွရောက်သ
အကြောင်းကို ပြန်လည်တွေးမိ၍ ဝမ်းနည်းစွာ မျက်ရည်တသွင်း
စီးကျလေသည်။

"ဟိုရက်မှာ အစ်ကိုကြီး လင်းဟူစုန်းက ကမ်းတက်အ
သောက်ပြီး လှေပေါ်ပြန်မရောက်ပဲ ချုံစမ်းဂိုဏ်းချုပ် ဦးမင်းဆ
ကြီးမိုး ရောက်ရှိလာတယ်၊ သူက အစ်ကိုကြီး လင်းဟူစုန်း
အဲ ... မှားလို့၊ ဂိုဏ်းချုပ်ကြီးက သိမ့်ရှန်တို့သွားတဲ့ ရှောင်လ
ကျောင်းတိုက်ကို လိုက်သွားတယ်လို့ လာပြောပြတယ်၊ ကျွန်မ
တတွေလည်း တိုင်ပင်ပြီး ရှောင်လင်ကျောင်းတိုက်ကို လိုက်
ကြတယ်၊ လမ်းခုလတ်မှာ သိုင်းသမားတွေ ပြောကြ
ကျွန်မတို့ ကြားရပါတယ်၊ ဂိုဏ်းချုပ်ကြီးက သိုင်းသမားများစွာ
ဦးဆောင်ပြီး ရှောင်လင်ကျောင်းတိုက်ကို ဝင်ရောက်တော့ ရှောင်လ
ကျောင်းထိုင်ဆရာတော်နဲ့ ဘုန်းတော်ကြီးတွေ ရှောင်တိမ်းသွားကြ
တယ်လို့ သိရပါတယ်"

"အဲဒီ လူအုပ်ထဲမှာ အဘိုးကြီးဆိုတဲ့လူက ကြီးဒေါ်သိမ့်ရှ
တို့ ရှောင်လင်ကျောင်းတိုက်မှာ သူတစ်ပါး လက်ချက်ကြောင့်
အသက်ဆုံးလုလု ဖြစ်နေချိန်မှာ အစ်ကိုကြီး အဲ ... ဂိုဏ်းချုပ်
ရောက်သွားတယ်လို့ ဆိုပါတယ်၊ ဂိုဏ်းချုပ်တာဝန်ကို ထမ်းဆောင်
ဖို့ မိန့်မှာတာကို အစ်ကိုကြီး အဲ ... ဂိုဏ်းချုပ်က လက်ခံလိုက်တယ်
ဆိုတဲ့ သတင်းကို ကျွန်မနဲ့ ဟင်စမ်းအဖွဲ့သူတွေ ကြားကြရပါ
တယ်"

"သိမ့်ရှန်ဆရာလေးက ဂိုဏ်းချုပ်တာဝန် ထမ်းဆောင်ဖို့
တာဝန်ပေးအပ်တာ မှန်တယ်၊ ငါကလည်း အမျိုးသား ယောကျ်ား
တစ်ယောက် ဖြစ်နေတယ်၊ ပြီးတော့ သိုင်းလောကမှာ အလွန်
အမည်ပျက်နေသူ တစ်ယောက်ဖြစ်လို့ ဒီတာဝန်ကိုမယူဖို့ စဉ်းစား
ပါသေးတယ်၊ ဒါပေမဲ့ သိမ့်ရှန်ဆရာလေးက အသေဖြောင့်မှာ
ဟုတ်တာကြောင့် ဘယ့်နယ်မှ မတတ်နိုင်တော့ဘူး"

"ကျွန်မ ကျွန်မတို့တစ်တွေ ရှင့်ကို ဟင်စမ်း ဦးဆောင်
ဂိုဏ်းချုပ်လုပ်ဖို့ အားလုံး မျှော်လင့်တောင့်တပါတယ်"

ယီဟိုက ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ဟာ ကျွန်မတို့ရဲ့အသက်ကို
ကယ်ဆယ်ခဲ့တာ အကြိမ်ကြိမ်အဖန်ဖန်ပါပဲ၊ ဟင်စမ်း အဖွဲ့သူ
တွေလည်း ဂိုဏ်းချုပ်ကို တည်ကြည်ပြီး သမာဓိရှိတာ သိပြီးဖြစ်
ပါတယ်၊ ပြီးတော့လည်း ကျွန်မတို့ ဟင်စမ်းအဖွဲ့မှာ ယောကျ်ား
သားက ဂိုဏ်းချုပ်မလုပ်ရဘူးဆိုတဲ့ စည်းမျဉ်းမရှိပါဘူး"

စင့်ဝေါကလည်း ပြောပြန်သည်။

"ကြီးဒေါ်တို့ အနီစွရောက်သွားတော့ ကျွန်မတို့တစ်တွေ
ဝမ်းနည်းပြီး စိတ်အားငယ်ကြရပါတယ်၊ ခုလို ဂိုဏ်းချုပ်ဦးမင်းက
လာရောက်ပြီး ထိန်းသိမ်းပေးမယ်ဆိုရင် ဟင်စမ်းအဖွဲ့ဟာ
ဂါးအစည်းပြေသလို မပြေပဲ ကြီးဒေါ်တွေကို လုပ်ကြံသူကိုလည်း
ရန်ကြွေးပြန်ဆပ်နိုင်ပါတယ်"

လင်းဟူစုန်းက ခေါင်းညိတ်လိုက်သည်။

"ဆရာလေးတို့ရဲ့ ရန်ကြွေးကို ပြန်ပေးဆပ်ဖို့ တာဝန်ကို
ငါ ထမ်းဆောင်မှာပါ"

"ဦးမင်းက ဗာစမ်းအဖွဲ့က အပယ်ခံရပေမဲ့ ဟင်စမ်းအဖွဲ့မှာ ဂိုဏ်းချုပ်လုပ်ရတော့ မျက်နှာလည်း ငယ်စရာမရှိပါဘူး၊ ပခုံးချင်း ယှဉ်နိုင်ပါတယ်၊ နောင်ကို ဂိုဏ်းချုပ်ကြီးအနေနဲ့ ယဲ့ပို့ချွင်ကို ဆရာလို့တောင် ခေါ်စရာအကြောင်း မရှိတော့ပါဘူး၊ အစ်ကိုကြီး ယဲ့ပို့ချွင်လို့ ခပ်စာညတည် ခေါ်ဒေါ်ဆက်ဆံခွင့် ရှိပါပြီ"

လင်းဟူစုန်း နားထောင်ပြီး မချိပြုံး ပြုံးလိုက်သည်။

"ကျွန်မတို့က ရှောင်လင်ကျောင်းတိုက်ကို လိုက်သွားတော့ ဂိုဏ်းချုပ်ဆရာကြီးမိုးနဲ့ ထပ်တွေ့ပါတယ်၊ ဆရာကြီးမိုးက ဂိုဏ်းချုပ်က ရှောင်လင်ကျောင်းတိုက်မှာ မရှိတော့ဘူးတဲ့၊ အမြန်တွေ့အောင် ရှာကြဖို့ ကျွန်မတို့ကို အကြံပေးပါတယ်"

စင့်ဝေါ်က ပြန်ပြောသည်။

"ဦးမင်း ဆရာကြီးမိုးက ဂိုဏ်းချုပ်ကို အမြန်တွေ့အောင် ရှာဖို့ အရေးကြီးတယ်တဲ့၊ ကုမ္ဘာဏ်ဂိုဏ်းထဲ ရောက်သွားရင် ဟင်စမ်းအဖွဲ့ရဲ့ ဂိုဏ်းချုပ်ကောင်းတစ်ယောက် ဆုံးရှုံးရံမကဘူး၊ ရန်သူတစ်ယောက် တိုးမယ်လို့ ဆိုပါတယ်"

ချင်းကျွမ်း၏ စကားဆုံးသောအခါ စင့်ဝေါ်က ချင်းကျွမ်းကို မျက်စောင်းတစ်ချက်ထိုးပြီး ...

"ညီမလေးကလည်း ပြောချင်ရာ စွပ်ပြောနေတာပဲ၊ ဂိုဏ်းချုပ်က ကုမ္ဘာဏ်အဖွဲ့ထဲ ဝင်မယ်တဲ့လား"

"အစ်မတော် ပြောတာဟုတ်ပါတယ်၊ ဒါပေမဲ့ ဦးမင်းဆရာကြီးမိုး ပြောပြတာကို ကျွန်မက ပြန်ပြောပြတာပါ"

ချင်းကျွမ်း၏ စကားကြောင့် လင်းဟူစုန်းသည် စဉ်းစားတွေးတောမိလိုက်သည်။

"ဦးမင်းဆရာကြီးမိုးက တယ်လည်း ကွက်ကျော်မြင်တာပဲ"

ဤသို့ တွေးတောပြီး လင်းဟူစုန်းသည် ယီဟိုကို စကား ဆက်ပြောသည်။

"ဒါကြောင့် မင်းတို့တစ်တွေက ငွေဒင်္ဂါးတစ်ထောင် ဆုငွေ ပေး**မယ်**ဆိုပြီး လင်းဟူစုန်းကို လိုက်ဖမ်းခိုင်းတာ ဆိုပါတော့"

"လူတိုင်းက ဂိုဏ်းချုပ်ဦးမင်းဆရာကြီးမိုး ပြောတဲ့စကား အတိုင်း **ခုနစ်ယောက်** အုပ်စုခွဲပြီး ဂိုဏ်းချုပ်ကို လိုက်ရှာကြဖို့ သဘောတူပြီး **လူစုခွဲ**ရှာကြပါတယ်၊ ကံကောင်းထောက်မပြီး နတ်မင်းသားခြောက်ပါးနဲ့ သွားဆုံလို့ ငွေဒင်္ဂါးတစ်ထောင်ရရင် ရှာပေးမယ်ပြောတာနဲ့ ကျွန်မတို့ကလည်း သဘောတူလိုက်ပါတယ်၊ ဘစ်ထောင်မဟုတ်ဘူး တစ်သောင်းဆိုရင်လည်း ပေးဖို့ဝန်မလေးပါဘူး"

စင့်ဝေါ်က ပြောလိုက်သည်။ လင်းဟူစုန်းက ပြုံးရယ် လိုက်ပြီး ...

"ဘါကြောင့် မင်းတို့ရဲ့ ဂိုဏ်းချုပ် ဖြစ်သွားရင် ဒီပြင်ပညာတော့ သင်ပေးချင်မှ သင်ဖေးနိုင်မယ်၊ ဒါပေမဲ့ ဝိသမလောဘသမားတွေ ဆီက အလှူငွေ ကောက်ခံနည်းကိုတော့ သင်ပေးနိုင်မှာ မုချပဲ"

လင်းဟူစုန်း၏ စကားကို ကြားရသောအခါ ဟင်စမ်း အဖွဲ့သူများသည် မျက်ရည်များကြားမှ ပြုံးမိကြလေသည်။

"စိတ်မပူကြပါနဲ့ ဇါကလည်း ကတိပေးပြီးဆိုတော့ ဂိုဏ်းချုပ်တာဝန်ကို ထမ်းဆောင်ပါ့မယ်၊ စားသောက်ကြပြီး ဟင်စမ်းတောင်ကို ပြန်တာပေါ့"

ယိဟိုက ပြန်ပြောလိုက်သည်။

"ဂိုဏ်းချုပ်ဦးမင်းတွေ ဘာတွေ လုပ်မနေနဲ့၊ ငါ့ကို ဂိုဏ်းချုပ် အစ်ကိုကြီးလို့ပဲ ခေါ်ကြရမယ်"

အသက်အရွယ်ကြီးသော တပည့်မကြီးများ ဖြစ်ကြသည့် ယိဟို၊ ယိကျင်း၊ ယိဝန်တို့ တစ်တွေက ခေါင်းချင်းဆိုင် တိုင်ပင်ပြီး လင်းဟူစုန်းကို ပြန်လည်တင်ပြကြသည်။

"ဂိုဏ်းချုပ် အမိန့်အတိုင်း လိုက်နာကြပါမယ်"

"အေး ... ဒီလိုမှ သင့်တော်မယ်"

ဤသို့ ပြောဆိုပြီး လင်းဟူစုန်းနှင့် ဟင်စမ်း တပည့်များသည် ဟင်စမ်းတောင်ပေါ်သို့ တက်ရောက်သွားကြသည်။ နေ့ဝက်ခန့် ကြာသောအခါ ဟင်စမ်းတောင်ပေါ်သို့ ရောက်ခဲ့ကြ၏။

ဟင်စမ်း အဖွဲ့ချုပ်တွင် အထင်ကရ ကျောင်းဆောင်အဖြစ် ကြီးကြီးမားမား ခန့်ခန့်ထည်ထည် တစ်ဆောင်မှ မတွေ့ရချေ။ ကျောင်းဆောင်ငယ်ကလေး သုံးဆယ်ကျော်မျှ တွေ့ရ၏။ ဟင်စမ်း တပည့်မကလေးများသည် ဤကျောင်းဆောင်ငယ် ကလေးများ၌ပင် ခိုလှုံနေကြခြင်းဖြစ်ကြောင်း ခန့်မှန်းရသည်။ ဟင်စမ်း အဖွဲ့သည်လည်း သိုင်းလောကတစ်ခွင်တွင် ထင်ရှားသော အဖွဲ့ကြီးတစ်ဖွဲ့ပင်ဖြစ်ရာ အဆောက်အဦး ကြီးကြီးမားမား မတွေ့ရသောကြောင့် လင်းဟူစုန်း အံ့အားသင့်သွား၏။ ရှောင်လင်ကျောင်းတိုက်မှ ကျောင်းဆောင်များနှင့် နှိုင်းစာလျှင် ဆင်နှင့်ကြွက်တမျှ ခြားနားသည်။

စားသောက်ပြီးကြသောအခါ လင်းဟူစုန်းနှင့် အဖွဲ့သည် ဟင်စမ်းသို့ ဆက်လက်၍ ထွက်ခွာခဲ့ကြသည်။

ဟင်စမ်း အဖွဲ့သူများက တောင်ခြေမှ ဆီးကြိုကြသည်။ လူအုပ်ကြီးကြားထဲတွင် မြင်ရသော ယိနင်၏ မျက်နှာသည် အလွန်နွမ်းလျနေသည်ဟု လင်းဟူစုန်း ထင်မိလေသည်။

"ညီမလေး ယိနင်၊ ခုတလော ကျန်းမာရေး မကောင်းဘူးလား"

ယိနင်၏ မျက်နှာသည် ချက်ချင်း နီသွားကြောင်းကို လင်းဟူစုန်း သတိထားမိသည်။

"ဘာမှမဖြစ်ပါဘူး ရှင်က ဂိုဏ်းချုပ်ကြီး ဖြစ်ပြီဆိုတော့ ကျွန်မကို ညီမလေးလို့ခေါ်ဖို့ မသင့်တော့ပါဘူး"

ယိနင်၏ စကားကြောင့် လင်းဟူစုန်းသည် တစ်လမ်းလုံး မိမိအား ဂိုဏ်းချုပ်ဟုတစ်မျိုး၊ ဦးမင်းဟုတစ်ဖုံ အမျိုးမျိုးပြောင်းလဲ ခေါ်ခဲ့ကြသည်ကို ပြန်လည်သတိပြုမိသည်။ ထို့ကြောင့် မိမိဆန္ဒကို ထုတ်ဖော်ပြောကြားသည့် အနေနှင့် အသံကျယ်လောင်စွာ အော်ပြောလိုက်သည်။

"ဂိုဏ်းချုပ်ဟောင်းရဲ့ အမိန့်အတိုင်း ငါ ဟင်စမ်းအဖွဲ့ရဲ့ ဂိုဏ်းချုပ်သစ် တာဝန်ကို ထမ်းဆောင်ရမှာပဲ၊ ဒါပေမဲ့ ငါ့စကား တစ်ခွန်းကို လက်ခံနိုင်ကြမှ ငါက ဂိုဏ်းချုပ်အဖြစ် အတိအလင်း လက်ခံမယ်"

"ဂိုဏ်းချုပ် မိန့်မှာတဲ့စကားကို တပည့်တွေက မလိုက်နာနိုင်စရာ အကြောင်းမရှိပါဘူး"

ခန်းမဆောင်လေး တစ်ခုအတွင်း၌ ကွမ်ယင်မယ်တော်၏ ရုပ်ထုကို လင်းဟူစုန်း ကန်တော့ပြီးသောအခါ လင်းဟူစုန်းအား ယိဆောင်ဂိုဏ်းချုပ်ဟောင်း သိမ့်ရှန်၏ အဆောင်သို့ လိုက်ပို့သည်။

ဂိုဏ်းချုပ်ဟောင်း သိမ့်ရှန်၏ အဆောင်လေးအတွင်း၌ ဘုရားကျမ်းစာ အချို့နှင့် တရားအားထုတ်ရာတွင် လိုအပ်သော ပစ္စည်းပစ္စယ အချို့မှလွဲ၍ ကျန်အသုံးအဆောင် ပစ္စည်းများမရှိချေ။

ပတ်ပတ်လည်တွင် မိန်းမသားများ နေထိုင်သည့် အဆောင်ကလေးများ ဝန်းရံနေသောကြောင့် လင်းဟူစုန်းသည် ထိုအဆောင်၌ နေထိုင်ရန် မသင့်တော်ဟု စဉ်းစားမိသည်။ မိမိအပြင် နတ်မင်းသားခြောက်ပါး ဤနေရာ၌ နေထိုင်ရန် လုံးဝ မသင့်လျော်သဖြင့် လင်းဟူစုန်းက ယိဆောင်ကို လှမ်းမေးသည်။

"ငါက ယောကျ်ားသား **ဖြစ်တယ်၊ ပြီးတော့** နတ်မင်းသားခြောက်ပါးလည်း ပါတယ်၊ **အနီးတစ်ဝိုက်မှာ မိန်း**မသားတွေချည်းဆိုတော့ နေဖို့မသင့်တော်ဘူး၊ တခြား **ခပ်လှမ်း**လှမ်းမှာကော နေဖို့သင့်တော်တဲ့အဆောင် မရှိတော့ဘူးလား"

"ဟုတ်ကဲ့ **အနောက်တောင်ထိပ်**မှာတော့ တပည့်မတွေရဲ့ မိဘတွေ လာရောက်တဲ့**အခါ**မှာ တည်းခိုတဲ့ အဆောင်သုံးဆောင် ရှိပါသေးတယ်၊ ဂိုဏ်းချုပ် သွားကြည့်လို့ မကြိုက်ရင်လည်း သီးခြား ထပ်ဆောက်ပေးပါ့မယ်"

"ဟာ ... ဒါဆိုရင် တော်ပါပြီ၊ နောက်ထပ် အဆောင်သစ် ဆောက်လုပ်နေစရာ မလိုတော့ပါဘူး"

လင်းဟူစုန်း ဝမ်းသာအားရစွာ ပြောလိုက်သည်။ ယိဆောင်ခေါ်ဆောင်သွားသဖြင့် လင်းဟူစုန်းသည် အနောက်တောင်ထိပ်ပေါ်ရှိ ဧည့်ရိပ်သာဆောင်သို့ ရောက်ခဲ့သည်။

"ဟင် ... ခုမှသတိရတယ်၊ နတ်မင်းသားခြောက်ပါးကော ဘယ်ရောက်နေလဲ"

"သူတို့ကစ်တွေ နောက်ဘက်မှာ အရက်သောက်နေကြတယ်"

"ဒီတောင်ပေါ်**မှာ** အရက်ရနိုင်လို့လား"

"အရက်မှ **အကောင်း**ဆုံးအရက်ကို ရနိုင်တယ်၊ ဒါကသိမလေး ယိနှင်က **ဂိုဏ်းချုပ် ဒီ**နေရာကိုရောက်တော့ အရက်မရှိရင် ကြာရှည် တာဝန်**ထမ်း**ရွက်**နိုင်**မှာ မဟုတ်ဘူးလို့ပြောတာနဲ့ တောင်ခြေအောက်မှာ **ဆယ်အိုး**သွားဝယ်ခဲ့ပါတယ်"

လင်းဟူစုန်းသည် ယိဆောင်၏ စကားကြောင့် အားတဲ့အားနာ ဖြစ်သွားသည်။

"တပည့်မတွေက ဆင်းတောင်ဆင်းရဲနဲ့ အလှူခံထွက်ရှာပြီး ခြိုးခြံစားသောက်နေကြတယ်၊ ဒီလိုရှာဖွေရတဲ့ငွေနဲ့ ငါ့အတွက် ဖြန်းတီးတာဟာ မသင့်တော်ဘူး"

"ဟိုရက်က လူအရည်ခွဲဆုတ်ဆိက အလှူခံလာတဲ့ငွေတွေ အများကြီး ကျန်ပါသေးတယ်၊ ဒီငွေနဲ့ ဂိုဏ်းချုပ် အရက်သောက်မယ်ဆိုရင် နောက်ဆယ်နှစ်တောင် ကုန်နိုင်မှာ မဟုတ်ပါဘူး"

သိမ့်ရှန်ဆရာလေးတို့၏ အရိုးပြာကို ယူဆောင်ရန်နှင့် ခွဲခြားပြန်ဆပ်ရန်ကို ဆွေးနွေးတိုင်ပင်ကြသည်။

"ဂိုဏ်းချုပ်အစ်ကိုကြီးက ဂိုဏ်းချုပ်တာဝန်ကို လွှဲပြောင်းလက်ခံတဲ့ပွဲ ကျင်းပဖို့လိုပါတယ်၊ ပြီးတော့ တောင်ငါးလုံးသွေးစည်းအဖွဲ့ကို အကြောင်းကြားပြီး တောင်ငါးလုံးရဲ့ဂိုဏ်းချုပ် ဘကြီးတော်ကျိုလိန်းရှန်းကိုလည်း တင်ပြသင့်ပါတယ်"

ယိချိန်း တင်ပြဆွေးနွေးလိုက်သည်။ ယိဟိုသည် ယိချိန်း၏ စကားကို ကြားရသောအခါ ဒေါသထွက်မိသည်။

"ထို ... ငါတို့ ကြီးဒေါနှစ်ပါးဟာ စုန်းစမ်းအဖွဲ့ရဲ့ လက်ချက်နဲ့ အနီစွရောက်သွားရတာ ဘာဖြစ်လို့ သူတို့ကို အကြောင်းကြားစရာ လိုသေးသလဲ"

"ထုံးတမ်းစဉ်လာနဲ့ လူမှုရေးအရတော့ ဒီအတိုင်းပဲ လုပ်ရမှာပေါ့၊ ကျွန်မတို့ရဲ့ဆရာ ကြီးဒေါနှစ်ပါး ထိုသူတို့ တကယ်သတ်တာဆိုရင် နောင်တစ်ချိန်မှာ သွားရောက်ချေမှုန်းကြတာပေါ့"

ယိချိန်းက ယိဟို၏စကားကို ပြန်လည်ချေပလိုက်သည်။

"ညီမတော် ယိချိန်းပြောတာ နည်းလမ်းကျတယ်၊ သိပ်ပြီးခမ်းခမ်းနားနား လုပ်စရာမလိုဘူး၊ ကိုယ့်အဖွဲ့နဲ့ကိုယ် အကျဉ်းချုံးပြီး လက်ခံပွဲလေး လုပ်လိုက်ရင် တော်ပါပြီ"

လင်းဟူစုန်း ငယ်စဉ်က ဆရာယဲ့ပို့ချွင်၏ ဂိုဏ်းချုပ်တာဝန် လက်ခံပွဲ အခမ်းအနားကို သိုင်းလောကတစ်ခွင်မှ လူအမြောက်အများ ရောက်ရှိလာသည်ကို မြင်ဖူးသည်။

ယိချိန်းသည် ပြက္ခဒိန်စာရွက်ကို လှန်ကြည့်ပြီး ပြောသည်။

"နှစ်လပိုင်း ဆယ့်ခြောက်ရက်နေ့၊ သုံးလပိုင်း ရှစ်ရက်နဲ့ သုံးလပိုင်း နှစ်ဆယ့်ခုနစ်ရက်တွေဟာ ဂိုဏ်းချုပ်တာဝန် လက်ခံပွဲ

ကျင်းပဖို့သင့်တော်တဲ့ ရက်ကောင်းရက်မြတ်တွေ ဖြစ်ပါတယ်၊ ဂိုဏ်းချုပ်အစ်ကိုကြီး ကြိုက်နှစ်သက်ရာ တစ်ရက်ကို ရွေးချယ်ပါ"

လင်းဟူစုန်းသည် ရက်ရာဇာနှင့် ပြဿဒါးရက်များ ရွေးမနေဘော့ပေ။ ကိစ္စတစ်ခု အမြန်ပြီးပြတ်သွားရန်သာ အာသီသရှိသည်။ ထို့ကြောင့် နှစ်လပိုင်း ဆယ့်ခြောက်ရက်နေ့ကို ရွေးချယ်လိုက်သည်။

လင်းဟူစုန်းသည် ဟင်စမ်း တပည့်မများကို အုပ်စုခွဲပြီး ဘာဝန်ပေးသည်။ တချို့ကို ရှောင်လင်ကျောင်းတိုက်မှ သိမ့်ရှန်နှင့် သိမ့်ယိ ဆရာလေးနှစ်ပါး၏ အရိုးပြာကို ကြိုဆိုယူဆောင်ရန် ဆွတ်သည်။ မိမိက ဟင်စမ်းဂိုဏ်းချုပ် တာဝန်ခံယူပွဲ မင်္ဂလာကို ခမ်းတနား ကျင်းပမည် မဟုတ်သောကြောင့် သိုင်းလောကတစ်ခွင်မှအဖွဲ့များကို ကြွရောက်ရန် မဖိတ်ကြားဖို့ တချို့ တပည့်များကို အတန်တန် မှာကြားသည်။

"ငါက ဟင်စမ်းဂိုဏ်းချုပ် ဖြစ်ပြီဆိုတော့ ဟင်စမ်းဓားကွက်ကို အခြေခံကျကျ သိဖို့ကောင်းတယ်"

နောက်ဆုံးတွင် ဟင်စမ်းအဖွဲ့ ဝါရင့်တပည့်မကြီးများဖြစ်ကြသော ယိဟိုနှင့်ယိချိန်းအား ဓားရေးယှဉ်ပြိုင် လေ့ကျင့်ခိုင်းပြီး လေ့လာဆန်းစစ်ကြည့်သည်။

လင်းဟူစုန်းသည် တစ်ကိုယ်တော် ဓားကိုးကွက် သင်ကြားဘတ်မြောက်ပြီးသည့်နောက် ဓားကွက်တိုင်း၏ ဟာကွက်ကြည့်တတ်မြင်တတ်လာသည်။ ယခု ဟင်စမ်းအဖွဲ့၏ ဓားကွက်ကို မြင်ရသောအခါ အကွက်စေ့ကြောင်း တွေ့ရသည့်အပြင် တိုက်ခိုက်

မှုထက် ခုခံမှုကို ဦးစားပေးသည့် ဓားရေးဖြစ်သည်။ သို့သော် ခုခံကွက် စေ့စပ်လုံခြုံသလို တိုက်ခိုက်မှုသည်လည်း မထင်မှတ် လောက်အောင် ဆန်းပြားလေးနက်သည်။ တင်းမာမှု မရှိသောကြောင့် အမျိုးသမီးများနှင့် သင့်လျော်သည့် ဓားကွက် ဖြစ်သည်။

သိမ့်ကျင့်၊ သိမ့်ရှန်၊ သိမ့်ယိ ဆရာလေးသုံးပါး၏ တိုက်ခိုက် ကွက်များကို လင်းဟူစုန်း မြင်ဖူးသည်။ ဆရာလေးသုံးပါး၏ အတွင်းအားသည် အလွန်ပြည့်ဝသဖြင့် ဓားကွက်၊ ဓားချက် များလည်း ထိရောက်သည်။ ယခု ဟင်စမ်း တပည့်မများသည် အတွင်းအား ပြည့်ဝမှုမရှိသဖြင့် ဓားကွက်ဓားချက်များသည် အားရကျေနပ်ဖွယ် မရှိချေ။

"ဟင်စမ်းအဖွဲ့ရဲ့ ဓားကွက်တစ်မျိုး ရှိသေးတယ်၊ ဆရာလေး သုံးပါးက မင်းတို့တစ်တွေကို သင်ကြားခဲ့ဖူးလား မသိဘူး"

လင်းဟူစုန်းသည် ယိဟိုး၏ လက်ထဲမှဓား ရှည်ကို လှမ်းယူ လိုက်သည်။ ပြီးနောက် လိုဏ်ဂူတွင်းရှိ ကျောက်နံရံထက်တွင် မိမိ တွေ့မြင်ခဲ့သော ဟင်စမ်းအဖွဲ့၏ ဓားကွက်များကို တပည့်များ လေ့လာအတုယူနိုင်ရန် လင်းဟူစုန်းက တစ်ကွက်ချင်း လေ့ကျင့် ပြလိုက်သည်။

လင်းဟူစုန်း လေ့ကျင့်ပြသော ဓားကွက်များသည် အလွန် ဆန်းပြားနက်ရှိုင်းသောကြောင့် တပည့်များသည် အထူးအားထား တက်ခဲ့ကြသည်။ လင်းဟူစုန်း ဓားကွက်တစ်ကွက်ပြတိုင်း သြဘာ ပေးကြသည်။

လေ့ကျင့်မှု ပြီးဆုံးသွားသောအခါ တပည့်များသည် သြဘာပေးပြီး လင်းဟူစုန်းကို ဦးချဂါရဝပြုကြလေသည်။

"ဂိုဏ်းချုပ်အစ်ကိုကြီး ပြသွားတဲ့သိုင်းဟန်ဟာ ဟင်စမ်း အဖွဲ့ရဲ့ဓားသိုင်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ တစ်ခါမှ မြင်ဖူးပါဘူး၊ အစ်ကိုကြီး ဘယ်က တတ်ကျွမ်းခဲ့ပါသလဲ၊ ကျွန်မတို့ကို သင်ပေးနိုင်မလား"

ယိဟိုက မေးမြန်းလိုက်သည်။

"ငါ လိုဏ်ဂူတစ်ခုထဲက တွေ့လာခဲ့တာပဲ၊ မင်းတို့ သင်ယူချင်ရင် သင်ကြားပေးရတာပေါ့"

ဟင်စမ်း တပည့်များသည် အလွန်ဝမ်းသာသွားပြီး ကျေးဇူး တင်ကြောင်း ပြောကြသည်။

လင်းဟူစုန်းသည် ဓားကွက်သုံးကွက်၏ အခြေခံနှင့် သဘော တရားကို သေချာရှင်းလင်း ပြောကြားသည်။ တပည့်များအား လေ့ကျင့်ခိုင်းပြီး စေ့စေ့စပ်စပ် ဝေဖန်ပြုပြင်ပေးသည်။

ဓားကွက်သုံးကွက်သာ ဖြစ်သော်လည်း ဤဓားကွက်သည် အလွန်မှ ကျယ်ပြန့်နက်ရှိုင်း၏။ အရည်အချင်း မြင့်မားသော တပည့်မကြီးများပင်လျှင် ခုနစ်ရက်၊ ရှစ်ရက်ကြာအောင် လေ့ကျင့် သင်ကြားပြီးမှ ဤဓားကွက်၏ မူရင်းသော့ချက်ကို ရိပ်မိသဘော ပေါက်နိုင်သည်။

စင့်ဝေါ်၊ ယိနင်နှင့် ချင်းကျွမ်းတို့ တစ်တွေမှာမူ တော်တော် နဲ့ သဘောမပေါက်နိုင်ကြချေ။ ဤဓားကွက်ကို ကိုးရက်၊ ဆယ်ရက်ခန့် လေ့ကျင့်ပြီးမှ နောက်ထပ် ဓားကွက်နှစ်ကွက်ကို လင်းဟူစုန်း သင်ကြားပေးသည်။

လိုဏ်ဂူထဲမှ လင်းဟူစုန်း လေ့ကျင့်ခဲ့သည့် မားကွက်မျ
များများစားစား မဟုတ်သော်လည်း တစ်လကျော် နှစ်လနီးပါး
ကြာမှ ဟင်စမ်း တပည့်များကို ပြီးစီးပြည့်စုံအောင် သင်ကြားနိ
လေသည်။

စေလွှတ်လိုက်သော တပည့်မအချို့ ပြန်လည် ရောက်ရှိလ
ကြသည်။ မိန်းမသားများကြားတွင် ယောကျ်ားတစ်ယောက်အ
ဂိုဏ်းချုပ်နေရာတွင် တင်ထားခြင်းကို စော်ကားသူက စော်ကားပြီ
ကဲ့ရဲ့ယုတ်ညံသူက ပြုရ၊ ခန့်သူက ခန့်လွှတ်လိုက်ခြင်း ဖြစ်မည်ဟု
လင်းဟူစုန်း တွက်ဆမိသည်။

ယိဆောင်းနှင့် ယိဝန်တို့နှစ်ယောက် ပြန်လည်ရောက်ရှိခြင်း
မရှိသေး။ ယိဆောင်းနှင့် ယိဝန်သည် အစစအရာရာ ချင့်ချိ
တိုင်းဆပြီး လုပ်တတ်သူများ ဖြစ်သောကြောင့် လင်းဟူစုန်းက
ဟာစမ်းအဖွဲ့သို့ တမင်ရွေးပြီး စေလွှတ်ခြင်းဖြစ်သည်။ စင်စ
ဟာစမ်းအဖွဲ့နှင့် ဟင်စမ်းအဖွဲ့သည် အနီးကပ်ဆုံး တည်ရှိကြသည်
ယိဆောင်နှင့် ယိဝန်သည် အခြားအဖွဲ့များထက်စော၍ ဟင်စမ်း
ပြန်လည် ရောက်ရှိဖို့ကောင်းသည်။ ဂိုဏ်းချုပ်က တာဝန်လက်ခံ
အခမ်းအနား ကျင်းပရန် အလွန်နီးကပ်သည့်တိုင် ထိုနှစ်ဦး
ပြန်လည် မရောက်ရှိသေးချေ။ ထို့ကြောင့် လင်းဟူစုန်းသည်
ယိကွမ်းနှင့် ယိမိန်းတို့ကို ထပ်မံ၍ စေလွှတ်လိုက်ပြန်သည်။

ဟင်စမ်း အဖွဲ့သူများသည် မင်္ဂလာအခါအတွက် ကိုယ်
အလုပ်များနေကြ၏။ အချို့က သန့်ရှင်းရေး ကိစ္စရပ်များ
လုပ်ဆောင်နေကြပြီး၊ အချို့က လင်းဟူစုန်းအတွက် အခမ်းအ
ဝတ်စုံသစ်တစ်စုံကို ချုပ်လုပ်ပေးကြသည်။

နှစ်လပိုင်း ယဲ့ခြောက်ရက်နေ့ နံနက်သို့ ရောက်ခဲ့၏။
ဆိုစဉ် ဆူညံသော လူသံသူသံများကို ရုတ်တရက် ကြားလိုက်ရ၏။

လူသံသူသံများကို နားထောင်ခြင်းအားဖြင့် ဟင်စမ်းတောင်
ပေါ်သို့ လူပေါင်း ရာနှင့်ထောင်နှင့်ချီ၍ တက်လာကြောင်း
လင်းဟူစုန်း ခန့်မှန်းမိသည်။ ပထမဦးဆုံး ရောက်လာသူက
သမ်းအော်ပြောလိုက်၏။

"နောင်တော် လင်းဟူစုန်း၊ ဒီနေ့ဟာ မင်္ဂလာနေ့ရက်ပါပဲ"

လင်းဟူစုန်း လှမ်းကြည့်လိုက်သောအခါ စကားပြော
သူသည် အဘိုးကြီးပင် ဖြစ်၏။ အဘိုးကြီးနောက်တွင် ညီဇီးကွက်
ကျူချန်းကျူး၊ ဝှမ်းပဲ့လျှို၊ ယိုစန့် ဝက်ဝံညီနောင်တို့လည်း
ပါလာသည်ကို တွေ့ရသည်။ လင်းဟူစုန်း အံ့အားလည်း
သင့် ဝမ်းလည်းသာဖြစ်ကာ အပြေးအလွှား ဆီးကြိုသည်။ ဤလူ
စုသည် ရှောင်လင်ကျောင်းသို့ သွားရာတွင် လက်တွဲခဲ့ကြသည့်
သဖော်ရင်ဖက်မယား ဖြစ်ကြပြီး လင်းဟူစုန်းအား ဖက်လဲ့တကင်း
နှာဆက်ကြသည်။

"ဝါးစိမ်းနတ်ဒေဝီကို နောင်တော် ကယ်ဆယ်ခဲ့ကာကို
ကြားရလို့ လူတိုင်း ချီးမွမ်းကြတယ်၊ ဝမ်းလည်းသာကြတယ်၊
နောင်တော်က ဟင်စမ်းအဖွဲ့ချုပ်တာဝန်ကို ထမ်းရွက်တဲ့သတင်း
သည် သိုင်းလောကတစ်ခွင်မှာ ပျံ့နှံ့နေပါတယ်၊ ဒီတော့ ကျွန်တော်
တို့စတွေ မဖြစ်မနေ လာခဲ့တာပါပ
အဘိုးကြီးက ထုတ်ဖော်ပြောကြားလိုက်သည်။ ဤပုဂ္ဂိုလ်
သည် ကြမ်းကြမ်းတမ်းတမ်း ရှိသော်လည်း ပွင့်ပွင့်လင်းလင်း

သက်ပွန်းတတီး ဆက်ဆံနေသည်မှာ မသင့်လျော်ဟု ဟင်စမ်းဘပည့်မအချို့က ယူဆမိကြသည်။ သို့သော် မည်သူမှ မပြောဝံ့သောကြောင့် အဆင်ပြေသလို ဆက်ဆံပြောဆို နေကြရလေသည်။

နေ့ခင်းအချိန် ဟင်စမ်းတောင်ပေါ်သို့ ည့်ပရိသတ်သည် ဘက်လာမစဲ တသဲသဲ ဖြစ်နေသည်။ လူပေါင်းများစွာ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ ခေါက်ဆွဲနှင့် အရက်များကို အလျှံပယ် တောင်ထိပ်ပေါ်သို့ ထမ်းတင်ခဲ့ကြသည်။

မိမိ ဂိုဏ်းချုပ်ဖြစ်လာသည်နှင့် တောင်ပေါ်တွင် ကြက်၊ ဘဲ၊ ဝက်တို့ကို သတ်ပြီး အရက်သေစာ သောက်သုံးမည်ဆိုပါက မသင့်တော်ကြောင်း လင်းဟူစုန်း တွေးတောရိပ်စားမိသည်။ သို့ကြောင့် တောင်ပေါ်တွင် အသက်မသတ်ရန်နှင့် တောင်ခါးပန်းသို့ ဆင်းပြီး ချက်ပြုတ်ကြရန် ပြောဆိုလိုက်သည်။

ထိုလူစုသည် တောင်ခါးပန်းသို့ဆင်းပြီး သားသတ်၊ ချက်ပြုတ်သော်လည်း ညီနှံ၊ အရက်နံ့များကြောင့် ဟင်စမ်းဘပည့်မများသည် နာခေါင်းတရှုံ့ရှုံ့ ဖြစ်နေကြ၏။

ချက်ပြုတ်စားသောက် ပြီးသောအခါ ထိုလူအုပ်ကြီးသည် တောင်ထိပ်ပေါ်သို့ ပြန်လာက်လာပြီး လွင်တီးခေါင်ပြင်တွင် စုဝေးနေကြ၏။ လင်းဟူစုန်းသည် ထိုလူအုပ်ကြီးကို ည့်ခံစကားပြောနေစဉ် တောင်အောက်မှ ဆိုင်းသံဗုံသံ တညံညံဖြင့် နောက်ထပ်လူများ တက်လာပြန်၏။

နောက်ထပ် တက်ရောက်လာသည့် လူစုကို ဝတ်စုံနက်ဘက်ဆင်ထားသည့် လူနှစ်ယောက် ဦးဆောင်လာသည်။ ဘယ်ဘက်

ရှိသောသူများ ဖြစ်ကြသည်။ လင်းဟူစုန်းနှင့်လာ[illegible] စိတ်သဘောချင်း တိုက်ဆိုင်ကြသည်။

လင်းဟူစုန်းသည် ဟင်စမ်းတောင်ပေါ် ရောက်သည့်နေ့မှ စ၍ အပြောအဆို အနေအထိုင်မှအစ ပြောင်းလဲပြင်ဆင်ခဲ့သည်။ မိန်းမသားများနှင့်သာ ဆက်ဆံပြောဆို နေရသောကြောင့် ပွင့်လင်းချင်တိုင်း မပွင့်လင်းနိုင်ချေ။ ယခုကဲ့သို့ စိတ်တူသဘောတူ အပေါင်းအဖော်များကို ပြန်တွေ့ရသောအခါ လင်းဟူစုန်းသည်လည်း ယွန်စွာဝမ်းမြောက်မိသဖြင့် ပြန်လည်၍ ဖက်လဲတကင်နှုတ်ဆက်သည်။

"ကျုပ်တို့တစ်တွေဟာ လူကြမ်းတွေ၊ ဒါကြောင့် ဟင်စမ်းအဖွဲ့ ည့်ခံဖို့မသင့်လျော်လို့ ကိုယ့်ရိက္ခာကိုယ် ထမ်းလာခဲ့ကြတယ်"

ဝမ်းပဲ့လျှို၏ စကားကို ကြားရသောအခါ လင်းဟူစုန်းသည် အလွန်ဝမ်းသာသွားသည်။

"ကျွန်တော်တို့က အချင်းချင်းပဲဗျာ၊ သူစိမ်းတွေမှမဟုတ်တာ နောင်တော် လင်းဟူစုန်းရဲ့ တပည့်မလေးတွေကို ည့်ခံခိုင်းနေစရာ မလိုဘူး၊ ကိုယ်တိုင် ည့်ခံနည်းကို ကျင့်သုံးကြတာပေါ့"

ဟင်စမ်း တပည့်မများသည် ဤမျှ များပြားသော ည့်သည်တော်များ ရောက်ရှိလာခြင်းအတွက် ဝမ်းသာကြသူများ ရှိသလို မဆီလျော်ကြောင့်း တွေးသူက တွေးမိကြသည်။ ရောက်ရှိလာသည့် ည့်သည်များသည် လူပေါင်းစုံ ပါဝင်နေသည်။ နာမည်ကြီး လူကောင်းရှိသလို လူဆိုး၊ ဓားပြကြီးများလည်း ပါဝင်၏။ ထိုလူစုကို မိမိတို့ ဂိုဏ်းချုပ်က ခါးချင်းဖက်ပြီး လက်ချင်းယှက်

မှ ဝတ်စုံနက် ဝတ်ဆင်ထားသည့် အဘိုးအိုက အသံကျယ်လောင်စွာ လှမ်းပြောသည်။

"သူရိန်မျက်နှာမူ ဂိုဏ်းချုပ်ကြီး တုန်းဝှမ်းပုပိုက်က ဘယ်သွား ထွန်းလင်း လက်ရုံးနှစ်ဆူကို စေလွှတ်ပြီး လူစွမ်းကောင်းကြီး ဟင်စမ်းဂိုဏ်းချုပ် ရာထူးလက်ခံဖဲ့ မင်္ဂလာကို မင်္ဂလာ ပြုခိုင်းလိုက်ပါတယ်၊ ဟင်စမ်းအဖွဲ့ ထွန်းလင်းပြောင်မြောက်ပြီး ဂိုဏ်းချုပ် လင်းဟူစုန်းလည်း သိုင်းလောကတစ်ခွင်မှာ ဝင့်ကြွားနိုင်ပါစေလို့ ဆုမွန်ကောင်း ပါးလိုက်ပါတယ်"

"ဟာ ... ဟာ ... အို"

ဤစကားကို ကြားလိုက်ရသောအခါ လူအုပ်ကြီးသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး တအံ့တသြရှိ၏။ ရောက်ရှိလာသည့် လူအုပ်သည် မတည်ကြည် မမှန်ကန်သောသူဟု သမုတ်ခံထား ရသူများ ဖြစ်သည့်အပြင် သူရိန်မျက်နှာမူဂိုဏ်းနှင့်လည်း အဆက် အသွယ် မကင်းသူများ ပါရှိလေသည်။ အချို့သောသူတို့သည် တုန်းဝှမ်းပုပိုက်၏ နာမည်ကို ကြားရသည်နှင့် အထိတ်တလန့် ဖြစ်ပြီး တအံ့တသြနှင့် တိုးတိုးတိတ်တိတ် စေဖန်ပြောဆိုကြကုန်၏။

ဘယ်ဘက်မှ အဘိုးအို၏ နာမည်မှာ ကျပုဖြစ်၍ ညာဘက်မှ အဘိုးအို၏ နာမည်မှာ စန့်ကွမ်းရင် ဖြစ်သည်။ အဘိုးအို နှစ်ယောက် သည် တုန်းဝှမ်းပုပိုက်၏ ဘယ်ညာလက်ရုံး နှစ်ဦးဖြစ်သည်။ လူအုပ်ထဲမှ တစ်ဝက်ကျော်သည့် သူတို့နှစ်ဦးကို သိသောကြောင့် ထရပ်ပြီး အဘိုးအိုနှစ်ယောက်ကို ခရီးဦး ကြိုဆိုကြသည်။

လင်းဟူစုန်းသည် လူမှုရေးအရ ကြိုဆိုလိုက်သည်။

ကျပု၏ မျက်နှာမှာ ဝါထိန်နေပြီး နားထင်သည် ဖောင်းကြွ နေ၏။ စန့်ကွမ်းရင်၏ မျက်လုံးသည် စူးရှတောက်ပြောင်လှသည်။ ဤကြောင့် အဘိုးအို နှစ်ယောက်စလုံးသည် အတွင်းအား ပြည့်ဝ မှုရှိသူများဖြစ်ကြောင်း သိသာထင်ရှား၏။

"ဂိုဏ်းချုပ် တုန်းဝှမ်းပုပိုက် ပါးလိုက်တဲ့ လက်ဆောင်ကို ဂိုဏ်းချုပ် လင်းဟူစုန်း လက်ခံစေချင်ပါတယ်"

အဘိုးအို ကျပု စကားပြောပြီးသည်နှင့် လက်ဟန်ပြ လိုက်သည်။ လူတစ်ရာကျော် သေတ္တာကြီး အလုံးလေးဆယ်ခန့် သမ်းလျက် တောင်ထိပ်ပေါ် တက်ခဲ့ကြသည်။

"ဒီအထိလာရောက်ပြီး မင်္ဂလာပြုတာကိုပဲ ကျွန်တော် အတော်ဝမ်းသာလှပါပြီ၊ လက်ဆောင်ကိုတော့ လက်မခံပါရစေနဲ့၊ ကျွန်တော်တို့ ဟင်စမ်းအဖွဲ့ဟာ တရားကျင့်ကြံနေတဲ့သူတွေ ဖြစ်တဲ့အတွက် ထည်ထည်ဝါဝါ အသုံးအဆောင်တွေကို သုံးဆောင်ရေး မရှိပါဘူး၊ ဒီအကြောင်းကြောင့် လက်ဆောင်ကို လက်မခံနိုင်ဘာကိုလည်း ဂိုဏ်းချုပ် တုန်းဝှမ်းပုပိုက် ကို ပြန်လည် ပြောပြစေလိုပါတယ်"

"ဂိုဏ်းချုပ် လင်းဟူစုန်းသာ ဒီလက်ဆောင်ကို လက်မခံဘူးဆိုရင် ကျွန်တော်တို့ ညီအစ်ကိုတော်တွေ အခက်အခဲ တွေ့ရတွေ့ရတော့မှာပဲ"

ကျပု၏ စကားကြောင့် လင်းဟူစုန်း ချင့်ချင့်ချိန်ချိန် စဉ်းစားတွေးတောကြည့်သည်။

"ဟင်စမ်းအဖွဲ့ဟာ တည်ကြည်တယ်၊ ကုမ္ပဏီအဖွဲ့နဲ့ဆိုတာ ဒဲ့ဒါးတစ်လမ်း သံတစ်လမ်းပဲ"

ဤသို့ စဉ်းစားပြီး လင်းဟူစုန်းက ပြန်ပြောသည်။

"နောင်တော်ကြီးတို့ နှစ်ယောက်က လုက်ဆောင်ပစ္စည်းတွေ ပြန်ယူသွားပါ၊ ဂိုဏ်းချုပ် တုန်းဝမ်းပုပိုက်ကို ကျွန်တော် လက်ခံရတဲ့ အကြောင်းရင်းကို ရှင်းပြစေလိုပါတယ်၊ တကယ်လို့ ခင်ဗျားတို့က ထားခဲ့မယ်ဆိုရင်လည်း ကျွန်တော် လူလွတ်ကြီး ခင်ဗျားတို့ ဂိုဏ်းချုပ်ဆီကို ဒီပစ္စည်းတွေ ပြန်အပို့ခိုင်းရမှာပဲ"

ကျပု ပြုံးလိုက်ပြီး ပြန်ပြောသည်။

"ဒီသေတ္တာ အလုံးလေးဆယ်ထဲမှာ ဘယ်လိုပစ္စည်း ပါရှိတယ်ဆိုတာကော ဂိုဏ်းချုပ် လင်းဟူစုန်း သိပါရဲ့လား"

စကားဆုံးသည်နှင့် ကျပုသည် လင်းဟူစုန်း၏ အနီးသို့ချဉ်းကပ်သွားပြီး တီးတိုးပြောပြသည်။

"ဒီပစ္စည်းတွေဟာ ဝါးစိမ်းနက်ဒေဝီ သစ်ကနက် ဟောင်ထိုးမှာနေတုန်းက နေ့တိုင်းသုံးစွဲတဲ့ အသုံးအဆောင် ပစ္စည်းတွေပါဗျ၊ ဝါးစိမ်းနက်ဒေဝီ သုံးစွဲနိုင်အောင် ဂိုဏ်းချုပ် တုန်းဝမ်းပုပိုက် စေလွှတ် အပို့ခိုင်းလိုက်တာပါ၊ တချို့ သေတ္တာထဲမှာ ဝါးစိမ်းနက်ဒေဝီနဲ့ ဂိုဏ်းချုပ် လင်းဟူစုန်းတို့ နှစ်ယောက်အတွက် ရောနေတယ် ပစ္စည်းတွေ ရောထွေးနေတော့ ဆွဲထုတ်လို့ မလွယ်ပါဘူး၊ လူစွမ်းကောင်းကြီး လင်းဟူစုန်းအနေနဲ့ အားနာရမဲ့ လက်ဆောင်ပစ္စည်းတွေ မဟုတ်ပါဘူး"

ကျပုသည် စကားပြောပြီး အားရပါးရ ရယ်မောလိုက်လေသည်။ လင်းဟူစုန်းသည် ပွင့်လင်းသူ တစ်ဦးပီပီ ကျပုက ဤသို့ ပွင့်ပွင့်လင်းလင်း ပြောဆိုလာသောကြောင့် စေတနာ

ရှု့ထားပြီးပေးသည်ဟု ယူဆကာ ကျေးဇူးတင်စကားပြောပြီး လက်ဆောင်ပစ္စည်းများကို လက်ခံလိုက်သည်။

တစ်ချိန်တည်းတွင် ဟင်စမ်း အဖွဲ့သူတစ်ဦးက ဂူတန်း ဂိုဏ်းချုပ်ကြီးကိုယ်တိုင် မင်္ဂလာပြုရန် ရောက်ရှိကြောင်း သတင်းပို့သဖြင့် လင်းဟူစုန်း အံ့အားသင့်သွားပြီး ကိုယ်တိုင် ပြေးလွှားသွားပြီး ကြိုဆိုသည်။ ချန်းရွိး ရသေ့သည် နောက်ပါ တပည့်ရှစ်ပါးနှင့် တောင်ထိပ်ပေါ်သို့ တက်လာနေသည်။ လင်းဟူစုန်း ခါးညွှတ် ဂါရဝပြုပြီး ကျေးဇူးတင်စကား ပြောကြားသည်။

"ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ကြွရောက်ပြီး ချီးမြှင့်တဲ့အတွက် ကျွန်တော် လင်းဟူစုန်း အလွန်ဝမ်းသာပြီး ကျေးဇူးတင်ပါတယ်"

နောင်တော်လေးက ဟင်စမ်းဂိုဏ်းချုပ်အဖြစ် လက်ခံလိုက်ဘာကို ကြားရတော့ ကျုပ်လည်း အတော်ဝမ်းသာပါတယ်၊ ပြီးတော့ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးတို့လည်း ကြွရောက်ချီးမြှင့်ကြမယ်လို့ ကြားရတယ်၊ ခုလောက်ဆို ရောက်တောင် ရောက်ပြီ ထင်ပါတယ်"

လင်းဟူစုန်းသည် ချန်းရွိးရသေ့၏ စကားကို ကြားရသောအခါ ပိုမို အံ့အားသင့်သွားသည်။ ဤအချိန်တွင်ပင် ဆရာတော်ကြီး နှစ်ပါး ဟင်စမ်း တောင်ထိပ်ပေါ်သို့ တက်လာနေသည်။ တစ်ပါးမှာ ကျောင်းထိုင်ဆရာတော် ဝမ်းသိမ့်ဖြစ်၍ ကျန်တစ်ပါးသည် ဆရာတော် ဝမ်းစင်း ဖြစ်လေသည်။

တောင်ထိပ်ပေါ်သို့ မရောက်မီ ဆရာတော် ဝမ်းသိမ့်က လှမ်းပြီးပြောသည်။

"ဂိုဏ်းချုပ်ရသေ့ကြီး ချန်းရွိုးက ခြေလှမ်းတော်တော် သွက်တာပဲ၊ ကျုပ်တို့ထက်မောပြီး ရောက်နေတာကို့"

လင်းဟူစုန်းသည် ဆရာတော်နှစ်ပါးအား ကပျာကယာ အပြေးအလွှား သွားရောက်ကြိုဆိုသည်။

"ဆရာတော်ကြီး နှစ်ပါးကိုယ်တိုင် ကြွရောက်လာတော့ တပည့်တော် လင်းဟူစုန်း အလွန်အားနာပါတယ် ဘုရား"

ဆရာတော်ကြီးက ဝမ်းစင်းက ပြုံးပြီးပြောသည်။

"ဒကာလေးက ရှောင်လင်ကျောင်းကို သုံးခေါက်ရောက်ခဲ့တော့ ကျုပ်တို့လည်း တွဲပြန်တဲ့အနေနဲ့ မင်္ဂလာပွဲကို လာရောက်ချီးမြှင့်တာပေါ့"

လင်းဟူစုန်းက ဆရာတော်ကြီးနှစ်ပါးနှင့် ဝူတန်းအဖွဲ့ ရသေ့များကို တောင်ထိပ်ပေါ်သို့ ပင့်ဖိတ်ခဲ့သည်။ သိုင်းလောကတွင် အကြီးမားဆုံး ဂိုဏ်းကြီးနှစ်ဂိုဏ်းဖြစ်သော ရေဟောင်လင်ဂိုဏ်းချုပ် ကျောင်းထိုင်ဆရာတော်နှင့် ဝူတန်းဂိုဏ်းချုပ် ချန်းရွိုး ရသေ့တို့ ကိုယ်တိုင် ကြွရောက်လာကြသည့်အတွက် ဧည့်ပရိသတ်များ အလွန်အံ့သြကုန်ကြသည်။

ကျုပ်နှင့် စန့်ကွမ်းရင်တို့ နှစ်ယောက်သည် သားသို့ရောင်ခွာ၍ ရပ်လိုက်သည်။

ဆရာတော်နှစ်ပါးနှင့် ဝူတန်းဂိုဏ်းချုပ်ကို မတွေ့ယောင်ဆောင်ကာ နေလိုက်ကြ၏။

လင်းဟူစုန်းသည် ရှောင်လင်ဆရာတော် နှစ်ပါးနှင့် ချန်းရွိုး ရသေ့တို့ကို အထူးသိုးသန့် နေရာချပေးထားသည်။

ဧည့်သည်တော်များ ဆက်လက်ပြီး တဖွဖွရောက်မစဲဖြစ်နေသည်။ ခွန်လွန်အဖွဲ့၊ ထျန်ချန်းအဖွဲ့၊ ဝေါမေအဖွဲ့၊ ခုန်းတုံအဖွဲ့၊ ဒုန့်ဇဏ္ဍားအဖွဲ့ အစရှိသော အဖွဲ့ပေါင်းစုံမှ ဂိုဏ်းချုပ်များ၏ သက်ဆောင်ပစ္စည်း အမျိုးမျိုးကို ကိုယ်စား လာရောက်ချီးမြှင့်ကြသူများ ရောက်ရှိလာကြပြန်သည်။

ဤသို့ သိုင်းလောကတစ်ခွင်မှ ဂိုဏ်းကြီးဂိုဏ်းငယ် အသွယ်သွယ်က လူကိုယ်တိုင်သော်လည်းကောင်း၊ လက်ဆောင်ပစ္စည်းသော်လည်းကောင်း ရောက်ရှိလာသော်လည်း စုန်းစမ်း၊ ထိုက်စမ်း၊ ဘစမ်းနှင့် ချုံးစမ်းအဖွဲ့မှ လူလည်းမလာ၊ လက်ဆောင်ပစ္စည်းလည်း မရောက်ရှိခဲ့သည်ကို လင်းဟူစုန်း သတိထားမိသည်။

ထိုအခိုက် မင်္ဂလာအခါရောက်ပြီ ဖြစ်သောကြောင့် အခမ်းအနား စတင်သည့် အထိမ်းအမှတ်ဖြင့် ဖောက်ခွဲလိုက်သည့် ခဲယမ်းမီးကျောက် ပေါက်ကွဲသံကြီးသုံးချက် မြည်ဟီးသွားတော့သည်။

လင်းဟူစုန်းသည် ကြွရောက်လာသော ဧည့်ပရိသတ် များကို သွယ်လည်၍ ဂါရဝပြုလိုက်၏။

"ကျွန်တော် လင်းဟူစုန်းက ဂိုဏ်းချုပ်ဟောင်း ဆရာလေးဒိမ့်ရှန်ရဲ့ အမိန့်အရ ဟင်စမ်းအဖွဲ့ ဂိုဏ်းချုပ်သစ်တာဝန်ကို သမ်းဆောင်ရခြင်း ဖြစ်ပါတယ်၊ ခုလို တာဝန်ထမ်းဆောင်ရတာကို အထင်မသေးပဲ တလေးတစားနှင့် ကြွရောက်ချီးမြှင့် ကြတဲ့အတွက် ဟင်စမ်းအဖွဲ့ရဲ့ကိုယ်စား ကျွန်တော် လင်းဟူစုန်းက ဂုဏ်ယူမိပြီး ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်"

"ဟင်စမ်းအဖွဲ့ရဲ့ အံ့မိုက ရှောင်ကြဉ်ရမဲ့ အချက်ကြီးလေးချက်မှာ ပထမအချက်– အပြစ်မဲ့သူကို မသတ်ဖြတ်ရ၊ ဒုတိယအချက်– အကြောင်းမဲ့ သူတစ်ပါးကို မစော်ကားရ၊ တတိယအချက်– အထက်လူကြီးကို အာမခံရ၊ စတုတ္ထအချက်– တည်ကြည်ခန်ကန်မှု မရှိသူနှင့် မပေါင်းဖော်ရ၊ အဲဒီ လေးချက်ကို ဟင်စမ်းချုပ်တိုင်း လိုက်နာရပါတယ်၊ ဂိုဏ်းချုပ် အစ်ကိုကြီးလည်း လိုက်နာရပါတယ်၊ ဟင်စမ်း အဖွဲ့သူတွေလည်း အချက်လေးချက်ကို ဘာသွေမတိမ်း လိုက်နာကြရပါမယ်"

ယိချိန်း၏ စကားဆုံးသွားသောအခါ လင်းဟူစုန်း တွေဝေသွားသည်။

"ပထမ ရှောင်ရမဲ့အချက် သုံးချက်ကတော့ ထားပါတော့၊ စတုတ္ထ ရှောင်ရမဲ့အချက်က တည်ကြည်မှုနှင့်ကန်မှု မရှိသူတွေနဲ့ မပေါင်းဖော်ရဆိုတော့ ခက်တာပဲ၊ ခု ရောက်လာကြတဲ့ လူတွေဆဲမှာ မတည်ကြည်သူး၊ မမှန်ကန်ဘူးဆိုပြီး သတ်မှတ်ထားတဲ့ လူတွေ တစ်ဝက်ကျော်ကျော် ပါနေတယ်၊ ခက်တာပဲ"

လင်းဟူစုန်း တွေးငေးနေစဉ်ပင် ယိချိန်း၏ စကားသံက ဆွဲပေါ်လာပြန်သည်။

"ဂိုဏ်းချုပ်အစ်ကိုကြီး ဟိုဘက်အဆောင်ထဲကို ကြွရောက်ပြီး ဟင်စမ်းအဖွဲ့ရဲ့ အဆက်ဆက်သော ဂိုဏ်းချုပ်တွေရဲ့ပုံတွေကို ပြန်မျှော်ကန်တော့ရပါမယ်"

"ကောင်းပြီ"

လင်းဟူစုန်းက ခြေလှမ်းတော့မည့်အချိန်တွင် ရုတ်တရက် ကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာခဲ့သည်။

ဤအချိန်တွင် လင်းကွင်းသံ တည်ညံနှင့် ဟင်စမ်းတပည့်မကလေးများသည် လေးတန်း တန်းစီ၍ ထွက်လာကြသည်။ ယိဟို၊ ယိချိန်း၊ ယိကျင်း၊ ယိကို ဝါရင့်တပည့်မကြီး လေးယောက်က အတန်းလေးတန်း၏ အလယ်မှထွက်ခဲ့ကြပြီး လင်းဟူစုန်း၏ ရှေ့သို့ ရောက်ရှိလာသည်။ ယိဟိုတို့ လေးယောက်သည် လင်းဟူစုန်းကို ဦးညွှတ်ဂါရဝပြုပြီး ယိဟိုက ...

"ဟင်စမ်းအဖွဲ့ဂိုဏ်းတည် ဂိုဏ်းချုပ်ရဲ့ ပစ္စည်းလေးပါး ရှိပါတယ်၊ ထုံးတမ်းစဉ်လာအရ ဂိုဏ်းချုပ်သစ်ကို ပေးအပ်ရမြို့ဂို ဂိုဏ်းချုပ်အစ်ကိုကြီး လင်းဟူစုန်း လက်ခံပါ"

"ကောင်းပြီ"

လင်းဟူစုန်းသည် တပည့်မလေးဦး၏ လက်ထဲမှ ပစ္စည်းလေးပါးဆိုသည်ကို လှမ်းကြည့်လိုက်သည်။ တစ်ယောက်၏ လက်ထဲတွင် ဘုရားကျမ်းစာအုပ်ဖြစ်ပြီး ကျန်တစ်ယောက်၏ လက်ထဲတွင် ဓားတိုတစ်လက် ဖြစ်သည်။ ကျန်နှစ်ဦး၏ လက်ထဲတွင်လည်း ပုတီးတစ်ကုံးနှင့် ငါးပါးစပ် သစ်သားကုတ်ကလေးကို ကိုင်ဆောင်ထား၏။

လင်းဟူစုန်းသည် ဘုရားကျမ်းစာအုပ်နှင့် ဓားတိုကို အလွယ်တကူ လှမ်းယူဖြစ်သော်လည်း သစ်သားငါးရုပ်နှင့် ပုတီးကိုမူ ငေးကြောင်ကြည့်နေမိသည်။ နောက်ဆုံးတွင် လင်းဟူစုန်း လှမ်းယူလိုက်သည်။

ယိချိန်းသည် လိပ်ထားသော စက္ကူလိပ် တစ်လိပ်ကိုဖြေ၍ ဟင်စမ်းအဖွဲ့၏ အရေးအကြီးဆုံး ရှောင်ရန်အချက် လေးချက်အား ဖတ်ကြားပြသည်။

"လင်းဟူစုန်းက ဟင်စမ်းအဖွဲ့ရဲ့ ဂိုဏ်းချုပ်နေရာကို မယူရ၊ တောင်ငါးလုံး သွေးစည်းအဖွဲ့ရဲ့ဂိုဏ်းချုပ် ကျိုလိန်းရှန်းကို အမိန့်တော်"

လူငါးယောက်သည် အလံငါးခုကို ကိုင်ဆောင်ကာ ရွှေ့ပြောင်းတက်လာသည်။ လင်းဟူစုန်း၏ ရှေ့ပေငါးဆယ်ခန့်အကွာတွင် ထိုလူငါးယောက် ရပ်လိုက်ကြ၏။ ထိုလူငါးယောက်ကို ဦးဆောင်လာသူမှာ အခြားမဟုတ်။ အသက်ငါးဆယ်ခန့်ရှိပြီး ပုပုဝဝနှင့် မျက်နှာဝါထိန်နေသော လင်းဟိုဖြစ်မှန်း လင်းဟူစုန်း မှတ်မိသည်။ စုန်းစမ်းအဖွဲ့တွင် နာမည်အလွန်ကြီးသူ တစ်ယောက်ဖြစ်ပြီး မိမိနှင့်လည်း ဟိုနှစ်တွင် တိုက်ခိုက်ဖူးသည်။ ထိုသူ၏ လက်ငါးတည့်တည့်သို့ မိမိ၏ ဓားဦးဖြင့် ထိုးသွင်းခဲ့ကြောင်း လင်းဟူစုန်း စဉ်းစားလည်အမှတ်ရမိသည်။

"ဟင်စမ်းအဖွဲ့ဟာ တောင်ငါးလုံး သွေးစည်းအဖွဲ့ဝင်ဖြစ်တဲ့အတွက် ဂိုဏ်းချုပ် ကျိုလိန်းရှန်းရဲ့ အမိန့်ကို နာခံရမယ်"

လင်းဟူစုန်းက ခပ်ထေ့ထေ့ ပြုံးလိုက်ပြီး ...

"ဟင်း ... ကျုပ် လင်းဟူစုန်းက ဟင်စမ်းဂိုဏ်းချုပ်ဖြစ်လာမှတော့ တောင်ငါးလုံး သွေးစည်းအဖွဲ့ထဲ ပါသင့်မပါသင့်ဘူးဆိုတာ ချင့်ချိန်တိုင်းထွာပြီး ဆုံးဖြတ်နိုင်မယ်"

ဆက်လက်၍ ဗာစမ်း၊ ထိုက်စမ်း၊ စုန်းစမ်း၊ ချူစမ်း အဖွဲ့များမှ အဖွဲ့သားများ အများအပြား ပြေးလွှားရောက်ရှိလာပြန်သည်။ ဗာစမ်းအဖွဲ့မှ ပါရှိလာသူများသည် မိမိ၏ ညီတော် နှမတော်များဖြစ်၍ အားလုံးနှင့် လင်းဟူစုန်း သိကျွမ်းသည်။ ကျန်သုံးဖွဲ့မှ

ဂိုလ်တော်တော် များများကိုလည်း လင်းဟူစုန်း မြင်ဖူးသိဖူးသည်။ ခေါက်လာသူများသည် လေးတန်းတန်းပြီး လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသည်။

"ဟင်စမ်းအဖွဲ့ရဲ့ ဂိုဏ်းချုပ်ဟာ ထာဝရ ရသေ့မပဲ ဖြစ်ရမယ်၊ ယောကျ်ားသားဖြစ်တဲ့ လင်းဟူစုန်းက ဟင်စမ်းအဖွဲ့ကို ဦးစီးရင် ဟင်စမ်းအဖွဲ့ရဲ့ အစဉ်အလာကောင်းတွေ အားလုံးပျက်စီးကုန်မယ်"

လင်းဟိုက အလံကိုမြှောက်တင်ပြီး ပြောသည်။

"စည်းကမ်းဆိုတာ လူကလုပ်တာ၊ လူပြင်ရင် စည်းကမ်းသည်း ပြောင်းသွားမှာပဲ၊ ကျုပ်တို့အဖွဲ့ရဲ့ အတွင်းရေးကိစ္စမှာ ဘားလူဝင်ရှုပ်စရာ အကြောင်းမရှိဘူး"

လင်းဟူစုန်း၏ ပြတ်သားသော စကားကြောင့် လူအုပ်ကြီးမှ တစ်ယောက်တစ်ပေါက် အော်ဟစ်ဆဲဆိုသံများ ပေါ်ထွက်လာသည်။

"ဟင်စမ်းအဖွဲ့ရဲ့ အတွင်းရေးကိစ္စပဲ စုန်းစမ်းအဖွဲ့နဲ့ ဘာဆိုင်သလဲ"

"ဒီစုန်းစမ်းအဖွဲ့ဟာ တစ်မိုးလုံး ဖျောက်ဆိုပ်ဖြစ်နေတယ်၊ နေရာတကာ သူတို့ချည်း ဝင်ရှုပ်နေတယ်"

"နင့်အမေလင် သွားကြစမ်း၊ တောင်အောက်ကို မြန်မြန်ပြန်ပြေးဆင်းသွားကြစမ်း"

"ဘာ ... တောင်ငါးလုံးသွေးစည်းအဖွဲ့ရဲ့ ဂိုဏ်းချုပ်လဲ၊ ခွေးအီးလောက်တောင် တန်ဖိုးမရှိတဲ့ဂိုဏ်းချုပ် သွားကြစမ်း"

လင်းဟို့သည် လင်းဟူစုန်းကို စေ့စေ့ကြည့်၍ မေးလိုက်သည်။

"ဒီလို ပါးစပ်က အယုတ်တမာစကားတွေ ထွက်နေတဲ့ လူတွေ ဒီတောင်ထိပ်ပေါ်ကို ဘာလာလုပ်တာလဲ"

"ကျုပ်ရဲ့ မင်္ဂလာပွဲကို လာရောက်အားပေးဖဲ့ ကျုပ်မိတ်ဆွေတွေပေါ့"

"ဟင်စမ်းအဖွဲ့ရဲ့ ရှောင်ကြဉ်ရမဲ့ စတုတ္ထအချက်က ဘယ်လိုရှိလဲ"

"ဩော် ... ဟင်စမ်းအဖွဲ့ရဲ့ ရှောင်ကြဉ်ရမဲ့ စတုတ္ထအချက်ကတော့ မတည်ကြည် မမှန်ကန်တဲ့သူကို မပေါင်းဖော်ရဘူးတဲ့၊ ဥပမာဆိုရင် ခင်ဗျားလိုလူကို မပေါင်းအပ်ဘူးလို့ ဆိုလိုတာပါ"

လင်းဟူစုန်း၏ စကားအဆုံးတွင် လူအုပ်ကြားမှ လှောင်ပြောင်ရွှတ်ချ ရယ်မောသံများ ထွက်ပေါ်လာသည်။

လင်းဟို့သည် ဆရာတော်ကြီး ဝမ်းသိမ့်နှင့် ဝုတန်းဂိုဏ်းချုပ်ချန်းရွိး ရဿေကြီးတို့ဘက်သို့ လှည့်ပြီးပြောပြန်သည်။

"ဆရာတော်ကြီးနဲ့ ရဿေကြီးတို့တော့ သိုင်းလောကတစ်ခွင်မှာ အထွတ်အထိပ်ကျတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါတယ်၊ လူတိုင်းလည်း ကြည်ညိုလေးစားကြပါတယ်၊ လင်းဟူစုန်းဟာ မတည်ကြည် မမှန်ကန်တဲ့လူတွေကို ဟင်စမ်းတောင်ပေါ် ဖိတ်ခေါ်ပြီးနေတာဟာ ဟင်စမ်းအဖွဲ့ရဲ့ ရှောင်ကြဉ်ရမဲ့ စည်းကမ်းချက်ကို အကြီးအကျယ် ဖောက်ဖျက်ရာ ရောက်နေပါတယ်၊ ဟင်စမ်းအဖွဲ့ထိန်းသိမ်းလာတဲ့ ရှေးအစဉ်အလာကောင်းတွေကို ဖျက်ဆီးရာ

ရောက်နေတာကို ဆရာတော်ကြီးတွေနဲ့ ရဿေကြီးတို့ ဒီအတိုင်းကြည့်နေတော့မှာလား"

ရှောင်လင် ဆရာတော်ကြီးသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"ဒါ ... ဒါကတော့"

ရှောင်လင်ဆရာတော်ကြီး စကားလုံးများအဖြစ် ထွက်ရှိလာပဲ လည်ချောင်းဝတွင်ပင် ပျောက်ကွယ်သွားကုန်သည်။

"ဒီနေရာကို ရောက်ရှိလာကြတဲ့ လူတွေဟာ တည်ကြည်နှံကန်သူတွေ မဟုတ်ဘူးဆိုတာ မှန်တယ်၊ တစ်ဘက်ကကြည့်ပြန်ရင်လည်း ဒကာလေး လင်းဟူစုန်းအနေနဲ့ သူ့မင်္ဂလာပွဲကို ကြွရောက်ချီးမြှင့်တဲ့ လူတွေကို ဘယ်လိုလုပ်ပြီး မောင်းထုတ်လို့ ဖြစ်ပါ့မလဲ"

ဆရာတော်ကြီးက ဤသို့ စိတ်ထဲမှ ရေရွတ်နေမိသည်။ ဘေအခိုက် အမျိုးသမီး အသံတစ်သံ ထွက်ပေါ်လာသည်။

"သူရိန်မျက်နှာမူဂိုဏ်းရဲ့ ဝါးစိမ်းနတ်ဒေဝီလည်း တောင်ပေါ်ကလာနေပါတယ်"

လင်းဟူစုန်း အတိုင်းမသိ ဝမ်းသာသွားသည်။

"ယဉ်ယဉ် လာပြီ"

ပါးစပ်က ရေရွတ်ရင်း လင်းဟူစုန်းသည် ကမန်းကတန်း ခြေလှမ်းကြီးဆိုသည်။ လူနှစ်ယောက်က ဝေါကိုထမ်းလာပြီး ခြေလှမ်းသွက်သွက်နှင့် လှမ်းတက်လာနေသည်။ ဝေါနောက်မှ အစိမ်းရောင် ဝတ်ဆင်ထားသော ရဲရွေတော်လေးဦး ပါရှိသည်။

လင်းဟို့က အသံကျယ်စွာ လှမ်းပြောပြန်သည်။

"ကုမ္ပဏီအဖွဲ့ရဲ့ ထိပ်သီးတွေတောင် ရောက်နေပြီဆိုတော့ မတည်ကြည် မမှန်ကန်တဲ့သူတွေနဲ့ ပေါင်းဖော်နေတယ်ဆိုတာ ငြင်းစရာ မလိုတော့ဘူး"

ယဉ်ယဉ် တောင်ပေါ်တက်လာသောအခါ လူအုပ်ထဲရှိ လူအတော်များများသည် ယဉ်ယဉ်ကို အပြေးအလွှား ကြိုဆိုကြသည်။ စုန်းစမ်းအဖွဲ့သားများသည် အခန့်မသင့်၍ တိုက်ခိုက်ရလျှင် ယဉ်သို့မှ ယုဉ်နိုင်စရာ အကြောင်းမရှိကြောင်း ရိပ်စားမိလိုက်သည်။

လူအုပ်ကြီးသည် ယဉ်ယဉ်ကို ထိမ်းဆောင်လာသည့် ဝေါကို နောက်မှ လိုက်ပါလာကြသည်။ ဝေါကို ကာရံထားသည့် အစိမ်းရောင် ကန့်လန့်ကာကို လှစ်ဟလိုက်သည်။ အစိမ်းရောင် ဝတ်ဆင်ထားသည့် ယဉ်ယဉ်သည် ဝေါအတွင်းမှ ဆင်းလာသည်။

"ဝါးစိမ်းနတ်ဒေဝီ ကြွရောက်လာပြီ"

လူအုပ်ကြားမှ အော်ပြောသံ ထွက်ပေါ်လာသည်။ အချို့က ယဉ်ယဉ်ကို ခါးညွှတ်ပြီး ဂါရဝပြုကြသည်။ အချို့က အံ့အားသင့်ကြည့်နေကြသည်။

"မင်းလည်း ရောက်လာတာကိုး"

"အစ်ကို့ရဲ့ ကြိုးမြွတ်တဲ့ မင်္ဂလာအခါမှာ ကျွန်မ မလာရင် ဘယ်သင့်တော်ပါ့မလဲ"

ယဉ်ယဉ်သည် လင်းဟူစုန်းကိုပြောပြီး ပတ်ပတ်လည်ကို အကဲခတ်ကြည့်လိုက်သည်။ ရောင်လင်ဆရာတော်ကြီး နှစ်ပါးနှင့်

သွေးကြီး ချန်းရှီးတို့ကို တွေ့ရသောကြောင့် ရိသေကိုင်းရှိုင်းသောအားဖြင့် ဦးညွှတ်ဂါရဝပြုလိုက်၏။ ဆရာတော်နှစ်ပါးနှင့် ချန်းရှီးသွေးသည်လည်း ယဉ်ယဉ်ကို တုံ့ပြန်အသိအမှတ် ပြုလိုက်ကြသည်။

"လင်းဟူစုန်းနဲ့ ဘယ်လောက်ပဲ ချစ်ခင်ရင်းနှီးရင်းနှီး ဒီလိုအချိန်မှာ ဒီကလေးမ ရောက်လာဖို့ မသင့်တော်ဘူး၊ ပိုပြီး ဆိုးကျိုးစရာ ဖြစ်တာပဲ"

ရှောင်လင်ဆရာတော်နှင့် ချန်းရှီး ရသေ့တို့က ဤသို့ ပြောကြစဉ်းစားနေချိန်တွင် လင်းဟို့က အသံကျယ်လောင်စွာ အော်မေးလိုက်သည်။

"ဒီအမျိုးသမီးဟာ ကုမ္ပဏီအဖွဲ့ရဲ့ အရေးကြီးတဲ့သူ ဆင်ယောက် မဟုတ်လား ဗြောစမ်း"

"ဟုတ်တော့ ဘာဖြစ်သလဲ"

လင်းဟူစုန်းက ပြန်ပြီးမေးလိုက်သည်။

"ဟင်စမ်းအဖွဲ့ရဲ့ ရှောင်ကြဉ်ရမဲ့ စတုတ္ထ စည်းကမ်းချက်နဲ့ ကိုက်ညီဘူး၊ ဒီပုဂ္ဂိုလ်တွေကို အဆက်အသွယ် မဖြတ်ရင် စစ်းအဖွဲ့မှာ ဂိုဏ်းချုပ်လုပ်လို့ မရနိုင်ဘူး"

"ဂိုဏ်းချုပ်လုပ်ရတာတွေ မလုပ်ရတာတွေကို ကျုပ်က သိပ်ဘဲကောင် မဟုတ်ဘူး"

လင်းဟူစုန်း၏ စကားကြောင့် ယဉ်ယဉ်သည် ...

"ဩော် ... ငါ့အတွက် သူ ဘာကိုမှ မမျှပါလား"

ဤသို့ စိတ်ထဲမှ ကောက်ချက်ချပြီး လင်းဟူစုန်းကို မေးလိုက်သည်။

"နေပါဦး အဲဒီလူဟာ ဘာမို့လို့ ဟင်စမ်းအဖွဲ့ရဲ့ အတွင်းရေး
ကိစ္စမှာ ဝင်ရှုပ်နေရတာလဲ"

"မသိပါဘူး၊ သူ ပြောပုံကတော့ စုန်းစမ်းအဖွဲ့ကလူ
တောင်ငါးလုံး သွေးစည်းအဖွဲ့ရဲ့ဂိုဏ်းချုပ် ကျိုလိန်းရှန်းရဲ့ အလံ
ယူလာတယ်၊ သူယူလာတဲ့ ကျိုလိန်းရှန်းရဲ့ အလံလေးဟာက်
မပြောနဲ့ ကျိုလိန်းရှန်း ကိုယ်တိုင်ရောက်လာပြီး ဟင်စမ်းအဖွဲ့
ကိစ္စမှာ ဝင်ရှုပ်ရင်တောင် မရဘူး"

ယဉ်ယဉ်က ခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ အစ်ကို၊ ပြီးတော့ ကြည့်ရတာ သူတို့ ကိုင်ဆောင်
ထားတာဟာ တောင်ငါးလုံး သွေးစည်းဂိုဏ်းချုပ်ရဲ့ အလံအစစ်
ဖြစ်ကိုမဖြစ်နိုင်ဘူး၊ သက်သက် လာလိမ်နေတာ"

ယဉ်ယဉ်၏ ဆည်းလည်းသံကဲ့သို့ ကြည်လင်ချိုသာသော
အသံကိုကြားရ၍ လင်းဟူစုန်း စိတ်ထဲတွင် ကြည်နူးစွာ ခံစား
လိုက်ရသည်။

ထိုအခိုက် ယဉ်ယဉ်၏ ကိုယ်ခန္ဓာသည် ရိပ်ကနဲ လှုပ်ရှား
သွားပြီး လင်းဟို့၏ရှေ့သို့ ရောက်ရှိသွား၍ လက်ထဲမှစားကလေး
ရင်ဝဆီသို့ တန်းဝင်သွားသည်။

ကြည့်နေသူ အားလုံးသည် ဟာကနဲ ဖြစ်သွားကာ အံ့
တကြား ဖြစ်ကုန်၏။

ဤမျှ ချောမောနုငယ်သည့် မိန်းကလေး တစ်ယောက်သာ
ဤသို့ သွက်လက်စွာ လှုပ်ရှားတိုက်ခိုက်လိမ့်မည်ဟု လင်း
ထင်မှတ်မထားခဲ့ချေ။ လင်းဟို့ အထိတ်တလန့် တိမ်းရှောင်

လိုက်သည်။ သို့သော် ယဉ်ယဉ်၏ ဓားဦးသည် လင်းဟို့ကို
ဆိုးသတ်ခြင်းမဟုတ်ပဲ လင်းဟို့ လက်ထဲမှအလံကို ဆွဲယူသွား
ခြင်းသာ ဖြစ်သည်။

ယဉ်ယဉ်သည် တဆက်တည်း သွက်လက်စွာ လှုပ်ရှား
လိုက်သည်။

နောက်ထပ် ဓားချက်လေးချက် ထိုးခုတ်လိုက်ပြီး သည်နှင့်
ကျန်လူလေးဦးလက်မှ အလံလေးခုသည်လည်း ယဉ်ယဉ် ထံသို့
ရောက်ရှိသွားသည်။ ယဉ်ယဉ်၏ လှုပ်ရှားမှုမှာ ရိုးစင်းပြီး လှုပ်ရှား
မှုသည် တစ်ခုနှင့်တစ်ခု တထေရာတည်း တူညီသော်လည်း
အလွန်တရာ သွက်လက်လျင်မြန်လွန်းလှသည်။

"အလို ... အလံတွေက အတုအပတွေပါလား၊ ဘယ်မှာ
ဟောင်ငါးလုံးအလံ ဟုတ်လို့လဲ၊ ရတနာငါးသွယ်ဂိုဏ်းရဲ့ အလံ
တွေပဲ"

ယဉ်ယဉ်သည် လင်းဟူစုန်းကို ပြောပြရင်း လူအုပ်ကြီးကို
ဆိုအလံများ ဖြန့်ပြလိုက်သည်။ အလံကလေးများပေါ်တွင် မြွေစိမ်း
ခွပ်၊ ကင်းရုပ်၊ တောပင့်ကူရုပ်၊ ကင်းမြီးကောက်ရုပ်၊ ဖားပြုတ်
ခွပ်များ ပါရှိပြီး ရတနာငါးသွယ်ဂိုဏ်း၏ အလံကလေးများ
ဖြစ်နေသည်။

လင်းဟို့တို့တစ်တွေ အံ့အားသင့်ပြီး စကားမပြောနိုင်ပဲ
ကြောင်တောင်တောင် ဖြစ်နေမိကြ၏။ လူအုပ်ကြီးသည်လည်း
ဘစ်ယောက်တစ်ပေါက် ဆဲဆိုရေရွတ်ကြသည်။ လင့်ဟိုသည်
ဘစ်ကိုယ်လုံး ဖြန်းကနဲ ပူထူသွားသည်။

"ဒီလို မျက်လှည့်ပြသလို အလံကိုလုယူပြီး လဲလို့ဘယ်ရ
လဲ၊ တို့အဖွဲ့ရဲ့အလံကို ပြန်ပေး"

ယဉ်ယဉ်သည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ရှင်က ရုတနာငါးသွယ်အလံကို လိုချင်ရင် ဂိုဏ်းချုပ်
သန်းဟုန်စုမှ်ဆီမှာ အသနားခံပြီး တောင်းပါလား"

"ဆရာတော်ကြီးနဲ့ ရသေ့ကြီးတာ သီလ သမာဓိရှိတဲ့
ဂိုဏ်းတွေ ဖြစ်ပါတယ်၊ ဒီကိစ္စကို ကြည့်မနေပဲ ရှင်းလင်းပေးစေ
ချင်ပါတယ်"

လင်းဟို့က ရှောင်လင်ဆရာတော်ကြီးနှင့် ရသေ့ကြီး ချန်းမိုး
ဘို့ကို အကူအညီ တောင်းဆိုလိုက်သည်။

"ဒါကတော့ အင်း ... ဒါကတော့ မတည်ကြည် မမှန်ကန်
သူကို မပေါင်းဖော်ရဘူးဆိုပေမဲ့ မိမိရဲ့ မင်္ဂလာပွဲကို ကြွရောက်
အားပေးတဲ့သူကို နှင်လွှတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒကာလေး
လင်းဟူစုန်း အနေနဲ့ ရိုင်းလွန်းရာကျမယ်"

လင်းဟို့သည် လူအုပ်ကြားမှ ထောင်ထောင်မောင်းမောင်း
သူတစ်ယောက်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး မေးပြန်သည်။

"သူတို့လည်း လင်းဟူစုန်းရဲ့ မိတ်ဆွေတွေပဲလား"

အားလုံးက လင်းဟို့ လက်ညှိုးညွှန်ရာသို့ လှမ်းကြည့်လိုက်
ကြသောအခါ မုဒိမ်းသမားဟု လူအများ သိထားကြသော
ခိုင်တစ်သောင်းကို တစ်ကိုယ်တည်း ခရီးနှင်သူ ထျန်းပက်ကွမ်းကို
အသံကျယ်လောင်စွာ မေးလိုက်သည်။

"ထျန်းပက်ကွမ်း မင်းက ဟင်စမ်းတောင်ပေါ် ဘာလာလုပ်
ဘာလဲ"

အဘိုးကြီးတို့လူစုသည် လက်ခုပ်တီးပြီး ယဉ်ယဉ်ကို ဩဘာ
ပေးလိုက်ကြသည်။ စင်စစ် ယဉ်ယဉ်သည် တောင်ငါးလုံးဂိုဏ်းချုပ်
၏ အလံကို ဓားဖြင့် ထိုးချိုက်လုယူပြီး လျှပ်တပြက်အတွင်း
ရုတနာငါးသွယ်ဂိုဏ်း၏ အလံနှင့် လဲလှယ်လိုက်သည်။ ထိုလျင်မြန်
သော လှုပ်ရှားမှုကို အဘိုးကြီးများ လူစုမှ်လွဲ၍ မည်သူမှ မမြင်
လိုက်ချေ။

ယဉ်ယဉ်၏ ကြည်လင် ချိုသာသောအသံ ပေါ်လာ ပြန်
သည်။

"ဂိုဏ်းချုပ် လန်းဟုန်စုမ်"

ယဉ်ယဉ်၏ လှမ်းခေါ်သံနှင့်အတူ လူအုပ်ထဲမှ မြောင်လူး
တို့၏ အဝတ်အစားကို ဝတ်ဆင်ထားသော မိန်းမချောလေးတစ်ဦး
ထွက်လာသည်။

"ဝါးစိမ်းနတ်ဒေဝီ ဘာမိန့်ကြားချင်လို့လဲ"

"ရှင့်အဖွဲ့ရဲ့ အလံက ဘာဖြစ်လို့ စုန်းစမ်းအဖွဲ့ရဲ့ လက်ဆေး
ကို ရောက်နေတာလဲ"

"ဩော် ... စုန်းစမ်းအဖွဲ့သားတွေက ကျွန်မရဲ့ တပည့်
လေးတွေကို မိတ်ဆွေဖွဲ့ပြီး လိမ်ညာခိုးယူသွားတာ နေမှာပေါ့"

"လက်စသတ်တော့ ဒီလိုကိုး၊ ဒီအလံငါးခုကို ရှင့်လက်ဆေး
ကို ပြန်အပ်ရမှာပဲ"

ယဉ်ယဉ်က အလံငါးခုကို ကမ်းပေးလိုက်သောကြောင့်
လန်းဟုန်စုမ် လှမ်းယူလိုက်သည်။

လင်းဟို့က ဆဲဆိုရေရွတ်ပြီး ...

ဝမ်းသိမ့် ဆရာတော်ကြီးသည် ယဉ်ယဉ်၏ စကားကြောင့် ဝမ်းသာသွားသည်။

"ဒကာကြီး ထျန်းပက်ကွမ်းဟာ ဟင်စမ်း အဖွဲ့ထဲဝင်သွားပြီး ဟင်စမ်းအဖွဲ့ရဲ့ စည်းကမ်းချက်အတိုင်း လိုက်နာမယ်ဆိုရင် သိုင်းလောက တစ်ခွင်အတွက် ကောင်းမြတ်တဲ့ အကျိုးတရား ဖြစ်နိုင်တယ် မဟုတ်ပါလား ဘုရား"

ဝမ်းသိမ့် ဆရာတော်ကြီးသည် ယဉ်ယဉ်၏ စကားကြောင့် ဝမ်းသာသွားသည်။

"ဒကာကြီး ထျန်းပက်ကွမ်းဟာ ဟင်စမ်းအဖွဲ့ထဲ ဝင်သွားပြီး ဟင်စမ်းအဖွဲ့ရဲ့ စည်းကမ်းချက်အတိုင်း လိုက်နာမယ်ဆိုရင် သိုင်းလောက တစ်ခွင်အတွက် ကောင်းမြတ်တဲ့ အကျိုးတရား ဖြစ်နိုင်ပါတယ်"

ယဉ်ယဉ်သည် လူအုပ်ဘက်သို့လှည့်ပြီး ကြည်လင်ပြတ်သားသော အသံဖြင့် ပြောလိုက်သည်။

"လူတိုင်း သိပြီးသားပါ၊ ကျွန်မတို့တစ်တွေ ဒီနေ့ရက်ကို ရောက်ရှိခဲ့ကြတဲ့ ပထမအကြောင်းက ဂိုဏ်းချုပ် လင်းဟူစုန်းရဲ့ မင်္ဂလာအခါကို ကြိုဆိုတဲ့ သဘောပါပဲ၊ နောက်တစ်ကြောင်းကတော့ ဂိုဏ်းချုပ် လင်းဟူစုန်းက ခွင့်ပြုမယ်ဆိုရင် ကျွန်မတို့တစ်တွေကို ဟင်စမ်း အဖွဲ့သူ အဖွဲ့သားများအဖြစ် သိမ်းသွင်းဖို့တင်ပြရန် ဖြစ်ပါတယ်၊ ကျွန်မတို့တစ်တွေသာ ဟင်စမ်း အဖွဲ့သူအဖွဲ့သား အဖြစ် ရောက်ရှိရင် မတည်ကြည် မမှန်ကန်ဆိုတဲ့ စွပ်စွဲပြောဆို ချက်လည်း မရှိနိုင်တော့ပါဘူး"

"ငါက ငါ့ဆရာကို လာကန်တော့တာပဲ၊ မင်းနဲ့ ဘာဆိုင်လို့လဲ"

ထျန်းပက်ကွမ်းသည် ပြောပြောဆိုဆိုနှင့် ယိနင် ရှေ့သို့ လျှောက်သွားပြီး ဒူးထောက်ချ၍ ဦးချကန်တော့လိုက်သည်။

"ဆရာ၊ တပည့် ဆရာ့ကို ကန်တော့ဖို့ ရောက်လာပါတယ်"

ထျန်းပက်ကွမ်း၏ မမျှော်လင့်သော အပြုအမူကြောင့် ယိနင်၏ မျက်နှာသည် ရှက်သွေးရောင် လွှမ်းသွားပြီး နှိမြန်းသွား၏။

"ငှင် ... ရှင် ... ရှင်"

ထျန်းပက်ကွမ်းလိုလူက ငယ်ရွယ်နုနယ်သော ရဲသေမလေး တစ်ပါးအား ဦးချကန်တော့သည်ကို မြင်ရသောအခါ အကြောင်း မသိသူများက တအံ့တသြ ဖြစ်ကြလေသည်။

လင်းဟူစုန်း ကိုယ်တိုင်လည်း မတွေးတတ်အောင် ဖြစ်သွားသည်။

"ဟိုတစ်ချိန်က ပြက်ရယ်စရာ လုပ်ခဲ့တာပဲ၊ ခု ဘာဖြစ်လို့ သူက တကယ်ဦးချ ကန်တော့နေတာပါလိမ့်"

လင်းဟူစုန်း တွေးတောနေခိုက် ယဉ်ယဉ်က ပြုံးပြီးပြော လိုက်သည်။

"ဆရာကြီး ထျန်းပက်ကွမ်းက အမှားကို ပြန်ပြင်လိုစိတ် ရှိပုံရတယ်၊ ဆရာသစ်ရှာပြီး တပည့်ခံတာဟာ ကောင်းပါတယ်၊ ဆရာတော်ကြီး ဝမ်းသိမ့် ဘုရား၊ အမှားကိုမြင်လို့ အမှန်ပြင်ရင် ဒုစရိုက်သမားတောင် လူကောင်းသူကောင်း ဖြစ်နိုင်တယ် မဟုတ်လား ဘုရား"

လင်းဟူစုန်း၏ စကားကို ကြားရသောအခါ ဝှမ်းသိမ့် ဆရာတော်ကလည်း ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြောသည်။

"ဒါ ... ကောင်းပါတယ်၊ ဒီလူတွေ ဟင်စမ်းအဖွဲ့ထဲဝင်ပြီး ဟင်စမ်းရဲ့ စည်းကမ်းချက်အတိုင်း လိုက်နာသွားရင် သိုင်းလောက အတွက် အလွန်မင်္ဂလာရှိတဲ့ အကျိုးတရား တစ်ရပ်ပါပဲ"

ဝှမ်းသိမ့် ဆရာတော်ကြီး ကိုယ်တိုင်က ဤသို့ ထုတ်ဖော်ပြောနေသောကြောင့် လင်းဟို့၏ ပထမလိုရင်းချက် ပျက်ပြယ်သွားသည်။

ထို့ကြောင့် ဒုတိယလိုရင်းချက်ကို အသံစူးစူးရှရှနှင့် ထုတ်ဖော်ပြောကြားပြန်သည်။

"တောင်ငါးလုံး သွေးစည်းအဖွဲ့ဝင် အဖွဲ့သားတိုင်း စုန်းစမ်း တောင်ပေါ်သို့ မပျက်မကွက် ရောက်ရှိကြရမယ်"

"တောင်ငါးလုံး သွေးစည်းအဖွဲ့ကို တစ်ဖွဲ့တည်း ပေါင်းမယ် ဆိုတာ ဘယ်သူရဲ့ သဘောလဲ"

လင်းဟူစုန်းက လင်းဟို့ကို မေးလိုက်သည်။

"စုန်းစမ်း၊ တူစမ်း၊ ထိုက်စမ်း၊ ချန်းစမ်း လေးဖွဲ့စလုံး သဘောတူပြီးသား ဖြစ်တယ်၊ ဟင်စမ်း အဖွဲ့တစ်ဖွဲ့တည်း သဘောမတူရင်တော့ ဟင်း ... ဟင်း၊ ဟင်စမ်းအဖွဲ့ရဲ့ ကံကြမ္မာဟာ ကောင်းမှာမဟုတ်ဘူး ဟင်း ... ဟင်း"

လင်းဟို့က စကားအဆုံးတွင် ခနဲ့သံနှင့်ရယ်ပြီး လှည့်ထွက်သွားသည်။ သို့သော် လန်းဟုန်စုမ်သည်လည်း ချီးသာသော ခနဲ့သံဖြင့် ရယ်၍ လှမ်းပြောလိုက်သည်။

ယဉ်ယဉ်၏ စကားကို ကြားသောအခါ လင်းဟူစုန်းသည် ယဉ်ယဉ်ကို လေးစားမိသည်။ မိမိ ဂိုဏ်းချုပ်လက်ခံပွဲ မင်္ဂလာပြုမည့်နေ့တွင် အခက်အခဲကြီးတစ်ရပ်နှင့် မုချ ရင်ဆိုင်ရမည်ကို ယဉ်ယဉ်က ကြိုတင်သိနှင့်သဖြင့် ကြိုတင်စီစဉ်ထားခြင်း ဖြစ်သည်။ ယဉ်ယဉ် သြဇောသောင်းသူများကို ဖိတ်ကြားရောက်ရှိစေခြင်း ဖြစ်ကြောင်း လင်းဟူစုန်း ရိပ်မိလိုက်သည်။ ယဉ်ယဉ်၏ ဖြတ်ထိုးဉာဏ်၊ တွေးခေါ်စဉ်းစားဉာဏ် ထက်မြက်သည်ကို တွေ့ရသည့် အခါ ယဉ်ယဉ့်အပေါ် ပိုမိုချစ်ခင် မြတ်နိုးမိသည်။

လင်းဟူစုန်းက ယိဟိုကို လှမ်းမေးလိုက်သည်။

"ညီမလေး ယိဟို၊ တို့ ဟင်စမ်းအဖွဲ့မှာ ယောကျ်ားတပည့်ကို လက်မခံရဘူးဆိုတဲ့ စည်းမျဉ်း ဥပဒေသတ်မှတ်ချက် ရှိလား"

"ယောကျ်ားတပည့် လက်မခံရဘူးဆိုတဲ့ သတ်မှတ်ချက် မရှိပါဘူး၊ ဒါပေမဲ့ ဒါပေမဲ့"

ယိဟိုသည် လင်းဟူစုန်း၏ ဆိုလိုရင်းကို သဘောမပေါက်ချေ။ ဤမျှ များပြားသော ယောကျ်ားသားများကို အဖွဲ့သားအဖြစ် လက်ခံရန် မသင့်တော်ချေ။ ထို့ကြောင့် လင်းဟူစုန်းသည် ယောကျ်ားတပည့် လက်ခံရန် စိတ်ထဲတွင် မလိုလားချေ။

"ခင်ဗျားတို့တစ်တွေ ဟင်စမ်း အဖွဲ့ထဲဝင်တာကို ကြိုဆိုပါတယ်၊ ဆရာကန်တော့ပွဲတွေ ဘာတွေ လုပ်စရာ မလိုပါဘူး၊ ဒါပေမဲ့ ဟင်စမ်းအဖွဲ့ရဲ့ အဖွဲ့ခွဲတစ်ခုအဖြစ် ဖန်တီးရမယ်၊ ထုံးယွမ်တောင် ချောက်ဘက်မှာ နေရာတစ်နေရာ ရှိတယ်၊ အဲဒီနေရာကို အဖွဲ့ခွဲအဖြစ် ထားလိုက်ရင် ဖြစ်နိုင်ပါတယ်"

"ဟွန့်ဟွန့် ... ဆရာကြီး လင်းဟို့၊ ရှင်က အလံတွေ ပျောက်ဆုံးသွားတော့ ဂိုဏ်းချုပ် ကျိုလိန်းရှန်းကို ဘယ်လိုလုပ် စကားပြန်မလဲ၊ ကျွန်မကပဲ ပြန်ပေးမှသင့်တော်မယ် ထင်တယ်"

လန်းဟုန်စုမ့်သည် လက်တစ်ချက် ဂွေ့ယမ်းလိုက်သဖြင့် အလံကလေးတစ်ခုသည် ဝှစ်ခနဲမြည်ကာ အရှိန်အဟုန်နှင့် လင်းဟို့ထံသို့ လွင့်ပျံရောက်ရှိလာသည်။ အလံတိုင်ကလေးသည် အရှိန်အဟုန်နှင့် လည်မျိုသို့ တိုးဝင်လာသောကြောင့် လင်းဟို့က လက်နှစ်ဘက်ဖြင့် ကပျာကယာ ဆုပ်ဖမ်းလိုက်၏။ သို့သော် ရုတ်တရက် အားကနဲ အော်ဟစ်လိုက်ပြီး ကမန်းကတန်း အလံကို လွှတ်ချလိုက်ရ၏။ လင်းဟို့သည် မိမိ လက်ဝါးနှစ်ဘက်ကို လျင်မြန်စွာ ကြည့်လိုက်သောအခါ ခရမ်းရောင်သန်းပြီး မီးလောင်သည့်နှယ် ခံစားရ၏။ အဆိပ်သင့်သွားကြောင်း ချက်ချင်း သိရှိလိုက်သည်။

လန်းဟုန်စုမ့်က ရယ်မောပြီး ...

"ရှင် ဂိုဏ်းချုပ် လင်းဟူစုန်းကို ခွင့်လွှတ်ဖို့ တောင်းပန်ရင် ကျွန်မက ဖြေဆေးပေးမယ်၊ နို့မို့ရင် ရှင့် လက်နှစ်ဘက်ဟာ မကြာခင် ပုပ်ဆွေးသွားလိမ့်မယ်"

ရတနာဂါးသွယ်ဂိုဏ်းသည် အဆိပ်ကို အသုံးချရာတွင် သူမတူအောင် ကျော်ကြားကြောင်း လင်းဟို့ ကိုယ်တိုင် သိထားပြီးဖြစ်သည်။ ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ လင်းဟူစုန်းအား လှမ်းပြောလိုက်သည်။

"ဂိုဏ်းချုပ် လင်းဟူစုန်း ခင်ဗျား ခင်ဗျား"

လန်းဟုန်စုမ့်က တခစ်ခစ် ရယ်မောလိုက်ပြီး ...

"မြန်မြန်တောင်းပန်လေ၊ ဘာဖြစ်လို့ ခင်ဗျား ခင်ဗျားဆိုပြီး ရှေ့မဆက်သေးတာလဲ"

"ဂိုဏ်းချုပ် လင်းဟူစုန်း၊ ကျွန်တော် ခင်ဗျားကို ပြစ်မှားမိတာ တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ဖြေဆေး ဖြေဆေးလေး ပေးပါဦး"

လင်းဟူစုန်းက ပြုံးလိုက်ပြီး ...

"ဂိုဏ်းချုပ် လန်ဟုန်စုမ့်၊ ကြည့်ရတာ သနားဖို့ကောင်းပါတယ်၊ ဖြေဆေး ပေးလိုက်ပါ"

လန်းဟုန်စုမ့် ပြုံးလိုက်ပြီး သူ့နံဘေးရှိ မြောင်အမျိုးသမီး တစ်ယောက်အား လက်ဟန်ပြလိုက်သည်။ မြောင်အမျိုးသမီး ကလေးက အိတ်ထဲမှ စက္ကူဖြင့်ထုပ်ထားသော အထုပ်ကလေး တစ်ထုပ်ကို လင်းဟို့ထံ ပစ်ပေးလိုက်သည်။ လင်းဟို့သည် အထုပ်ကလေးကို အငမ်းမရ အမိအရ ဖမ်းယူလိုက်သည်။ တသောသော လှောင်ပြောင်ရယ်မော နေကြသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

လင်းဟို့သည် ဂရုမစိုက် မနေရဲတော့ပေ။ တောင်အောက်သို့ ပြေးဆင်းသွားလေသည်။

လင်းဟို့ ပြေးထွက်သွားပြီးနောက် သူ ဦးဆောင်လာခဲ့သူများလည်း မနေရဲတော့ပဲ တောင်အောက်ကို အပြေးအလွှား လိုက်ဆင်းသွားကြလေသည်။ လင်းဟူစုန်း လူအုပ်ဘက်သို့လှည့်ပြီး စကားပြောသည်။

"ဒကာလေး လင်းဟူစုန်း၊ ကျုပ်နဲ့ ရသေ့ကြီးက ဒကာလေးကို ပြောချင်တဲ့ စကားရှိတယ်၊ ဒါပေမဲ့ ဒီစကားတွေ မမြှန့်သွင့်စေချင်ဘူး"

ဆရာတော်ကြီးနှင့် ဝူတန်းအဖွဲ့ချုပ်ကိုယ်တိုင် ကြွရောက်ပြီး ဤစကားကို ဆိုလာသောကြောင့် လျှို့ဝှက်စကားဖြစ်ကြောင်း လင်းဟူစုန်း ရိပ်စားမိသည်။ ထို့ကြောင့် စားသောက်ပြီးသွားသောအခါ လင်းဟူစုန်းသည် ယီချိန်း၊ ယိဟိုတို့အားခေါ်ပြီး စိတ်ချလုံခြုံသည့်နေရာကို မေးမြန်းသည်။

ဧည့်ပရိသတ်များအား ဧည့်ဝတ်ကျေပွန်စေရန် မှာကြား၍ လင်းဟူစုန်းသည် ဆရာတော်ကြီး ဝှမ်းသိမ့်၊ ရသေ့ကြီး ချန်ရှိးဘို့နှင့်အတူ ယိဟို ညွှန်ပြသည့် စိတ်ချရသောနေရာသို့ ထွက်ခွာခဲ့သည်။

သုံးဦးသား ကိုယ်ဖော့သိုင်းဗဟုသုတဖြင့် တောင်ပေါ်သို့ တက်ခဲ့သည်။ တောင်ထိပ်ပေါ်တွင် အဆောင်နှစ်ဆောင်ရှိ၍ အထပ်သုံးထပ်ရှိသည်။ ဤအဆောင်နှစ်ဆောင်သည် အလွန်မြင့်လွန်းသောတောင်ထိပ်ပေါ်တွင် ဆောက်လုပ်ထားသောကြောင့် တိမ်လွှာထဲသို့ပင် တိုးဝင်နေသည်ဟု တွေးထင်စရာ ဖြစ်နေသည်။

ကျောင်းဆောင် နှစ်ဆောင်ကြားတွင် အသူရာနက်ရှိုင်းသောတောင်ချောက်ကြီးတစ်ခု ပိုင်းခြားထားသည်။ တောင်ချောက်ကြီးနှစ်ခုကို သဘာဝ ပေါင်းကူးတံတားကလေးဖြင့် ကူးဖြတ်ရသည်။

တောင်ချောက်၏ တစ်ဘက်ကျောင်းဆောင်တွင် သန့်ရှင်းရေးနှင့် ထိန်းသိမ်းရေး တာဝန်ယူထားသော အဘွားအိုတစ်ယောက်

"ခင်ဗျားတို့တစ်တွေကို ဟင်စမ်း အဖွဲ့သားအဖြစ် လက်ခံလိုက်တယ်၊ ဒါပေမဲ့ ဟင်စမ်းအဖွဲ့ရဲ့ စည်းကမ်းကိုတော့ ကြပ်တည်းစွာ လိုက်နာကြရမယ်၊ အသက်သတ်လွတ် စားရမယ်၊ အရက်ရှောင်ရမယ်လို့ မဆိုလိုဘူး၊ ဒါပေမဲ့ သတ်မှတ်ထားတဲ့ နေရာမှာပဲ စားသောက်ကြရမယ်၊ စားသောက်ပြီးရင် ဒီတောင်ထိပ်ကို တက်လာခွင့် မရှိတော့ဘူး၊ ဒီစည်းကမ်းချက်ကို ကျွန်တော်ကိုယ်တိုင်လည်း လိုက်နာမယ်၊ ခင်ဗျားတို့လည်း လိုက်နာကြရမယ်"

ဝှမ်းစမ်း ဆရာတော်ကြီးက လက်အုပ်ချီပြီး ...

"သာဓု သာဓု သာဓု၊ ဒီလို ဟရားကျင့်ကြံတဲ့ ဝန်းကျင်မှာ ဒီလို ရှောင်ကြဉ်တာဟာ အသင့်မြတ်ဆုံးပါပဲ"

"ကောင်းပြီ အခု ဂိုဏ်းချုပ်တာဝန်ကို ကျွန်တော် လက်ခံပြီးပြီ၊ ရောက်ရှိလာသူတွေလည်း ဆာရောပေါ့၊ အသားငါး စားချင်သူတွေက ကိုယ့်နေရာကိုယ် သွားစားကြ၊ ကျွန်တော်က ရှောင်လင်ဆရာတော်နဲ့အတူ ဝူတန်းဂိုဏ်းချုပ် ရသေ့ကြီးနဲ့ အသက်သတ်လွတ် စားဦးမယ်၊ နက်ဖြန်ကျမှ ခင်ဗျားတို့ရဲ့ ဆန္ဒအရ အရက်သောက်မယ်"

လင်းဟူစုန်းသည် ဟင်စမ်း တပည့်မများအား ရောက်ရှိလာသည့် ဧည့်ပရိသတ်များကို နေရာချထားပေးရန် ညွှန်ကြားပြီးနောက် ဆရာတော်ကြီးနှစ်ပါးနှင့် ဝူတန်းအဖွဲ့ ရသေ့များနှင့်အတူ အသက်သတ်လွတ် စားသောက်လေသည်။

စားသောက်ရင်း ဝှမ်းသိမ့် ဆရာတော်က ...

နေထိုင်လျက်ရှိ၏။ အဘွားအိုသည် မျက်လုံးပြူးကျယ်စွာဖြင့် စိုက်ကြည့်ပြီး ဂါရုဝပြုခြင်း အလျင်းမရှိချေ။ ယခင်ရက်က ယိဟိုနှင့်အတူ ဤအဘွားအိုကို တွေ့ဖူးခဲ့သည်။ ထိုစဉ်က အဘွားအိုသည် ဆွဲအနားမကြား ဖြစ်နေကြောင်း ယိဟိုထံမှတစ်ဆင့် လင်းဟူစုန်သိထားသည်။ ထို့ကြောင့် အဘွားကြီးအား အလေးဂရုမပြုတော့ပဲ တစ်ဘက်ဆောင်သို့ ပေါင်းကူးတံတားမှ ကူးခဲ့ကြ၏။

ဤတောင်ချောက်ကြီးသည် သမိုင်းဝင် တောင်ချောက်ကြီး တစ်ခုဖြစ်သည်။ ဘုရင်မင်းမြတ်၏ အမိန့်တော်အရ စစ်သည်ထောင်သောင်းများစွာဖြင့် ကူးခဲ့ခြင်းဖြစ်ကြောင်း ရသေ့ကြီး ချန်းရွိုးက ပြန်လည်ပြောပြသည်။

"လူစွမ်းကောင်းတစ်ယောက် အစောင့်အကြပ်ထားရုံနဲ့ လူတစ်သောင်း ဖြတ်မကူးနိုင်ဘူးဆိုတဲ့ နေရာဟာ ဒီနေရာပဲ။ တစ်ခေတ်တစ်ခါက ဗိုလ်ချုပ်ကြီး ယမ်းလောင်လိန်ကုန်း ဒီနေရာမှာ စောင့်ကြပ်ခဲ့လို့ တိုင်းတစ်ပါး ရန်သူတွေ ဖြတ်မကျော်နိုင်ခဲ့ဘူး"

သဘာဝ ပေါင်းကူးတံတားသည် အလွန်မြင့်လွန်းသော တောင်ထိပ်ပေါ်တွင် တည်ရှိ၏။ အောက်တွင် အသူရာနက်ရှိုင်းသော ချောက်ကြီး ရှိနေသောကြောင့် သာမန်လူတစ်ယောက် အနေဖြင့် သဘာဝ ပေါင်းကူးတံတား၏ တစ်ဘက်သို့ ဖြတ်ကူးဝံ့နိုင်စရာ အကြောင်းမရှိချေ။ မှုန်ပြပြကလေးသာ မြင်နိုင်သော တောင်ချောက်ကို ကြည့်မြင်ရရုံဖြင့် စိတ်ချောက်ချားသွားနိုင်သည်။ သို့သော် ဆရာတော်ကြီး ဝမ်းသိမ့်၊ ရသေ့ကြီး ချန်းရွိုးနှင့် လင်းဟူစုန်တို့

ဦးသည် သိုင်းပညာ မြင့်မားသူများဖြစ်သဖြင့် သဘာဝ ပေါင်းကူးတံတားကို အခက်အခဲမရှိ ဖြတ်ကျော်ခဲ့သည်။

"ဒကာလေး လင်းဟူစုန်၊ စုန်းစမ်းအဖွဲ့က ဆရာလင်းတို့ဒေါ်နဲ့ လူတွေကို ဦးဆောင်ပြီး ရောက်ရှိလာတာ အဘယ်အတွက်ကြောင့်လဲ"

"တပည့်တော်ကို ဟင်စမ်းဂိုဏ်းချုပ်အဖြစ် လက်ခံတာကိုလိုလားတာကြောင့် ဖြစ်ပါတယ်"

"ဘာဖြစ်လို့ တောင်ငါးလုံးဂိုဏ်းချုပ် ကျိုလိန်ရှန်းက ဒကာလေးကို ဟင်စမ်းအဖွဲ့ဂိုဏ်းချုပ် ပေးမလုပ်စေချင်ရတာလဲ"

"တပည့်တော်ကြောင့် ရှောင်လင်ကျောင်းတိုက်မှာတုန်းက သူတို့လိုလားချက် အထမမြောက်ခဲ့လို့ တပည့်တော်ကို မုန်းတီးရွံရှာတာလည်း တစ်ကြောင်း၊ ပြီးတော့ သူက တောင်ငါးလုံးသွေးစည်းအဖွဲ့ကို တစ်ဖွဲ့တည်း ပေါင်းစည်းဖွဲ့ဖို့ စိုင်းပြင်းခဲ့တယ်၊ တပည့်တော်က ဝင်ရောက်ပြီး ဆူးညောင့်ခလုပ်လို လုပ်ခဲ့တာ တစ်ကြောင်းကြောင့် ဖြစ်ပါတယ်"

"တောင်ငါးလုံး သွေးစည်းအဖွဲ့ကို တစ်ဖွဲ့ထဲဖြစ်အောင် ကျိုလိန်ရှန်က စိုင်းပြင်းတာကို ဒကာလေးက ဘာအတွက်ကြောင့်လို ဝင်နှောက်ယှက်ခဲ့ဖူးလို့လဲ"

"စုန်းစမ်းအဖွဲ့က ကုမ္ပဏီဂိုဏ်း ဟန်ဆောင်ပြီး ဆရာလေးဒေါ်မှ်ကျင့်ကို ခိုးကြောင်ခိုးဝှက် ဝိုင်းဝန်းတိုက်ခိုက်ပြီး လုပ်ကြံခဲ့တာဟာ အလွန်ယုတ်ညံ့တဲ့ အပြုအမူ ဖြစ်မါတယ်၊ တပည့်တော်လည်း အကြောင်းအားလျော်စွာ သွားတွေ့ဆုံတာနဲ့ ဟင်စမ်း

အဖွဲ့ဘက်ကနေ ပါဝင်တိုက်ခိုက်ခဲ့ပါတယ်၊ တောင်ငါးလုံး
တစ်ဖွဲ့တည်းဖွဲ့တာ ကောင်းပါတယ်၊ ဒါပေမဲ့ ကျိုလိန်းရှန်း
ခိုးကြောင်ခိုးဝှက်နဲ့ ဟင်စမ်းအဖွဲ့ကို မျိုးပြုတ်အောင် လုပ်ကြ
ကတော့ မသင့်တော်ပါဘူး ဘုရား”

“ဒကာလေး လင်းဟူစုန်း ယူဆတာတွေဟာ အမှန်တရား
တွေပဲ၊ ကျိုလိန်းရှန်းဟာ အလွန်အကြဲကြီးတယ်၊ သိုင်းလောက
တစ်ခွင်မှာ သူဟာ ထိပ်ဆုံးနေရာက နေချင်တယ်၊ ဒါပေမဲ့ ဘု
သြဇာမတည်တော့ ခိုးကြောင်ခိုးဝှက်နဲ့ အကောက်ကြံတာ
ဖြစ်တယ်”

ချန်းရွိး ရသေ့ကြီးက လင်းဟူစုန်း၏ စကားကို ထောက်ခံ
ပြောဆိုလိုက်သည်။

ဆရာတော်ကြီး ဝှမ်းသိမ့်က သက်ပြင်းရှည်ကြီး တစ်ချက်
ချလိုက်ပြီး ...

“တောင်ငါးလုံးရဲ့ဂိုဏ်းချုပ် ကျိုလိန်းရှန်းဟာ သိုင်းပညာ
အရည်အသွေးလည်း မြင့်မားတယ်၊ ပြီးတော့ စိတ်ကူးစိတ်သန်း
လည်း ထက်မြက်ပါတယ်၊ တောင်ငါးလုံး သွေးစည်းအဖွဲ့ထဲမှာ
သူ့ကို ပခုံးချင်း ယှဉ်နိုင်သူကို ကျုပ် တစ်ယောက်မှ မမြင်ဖူး
သေးဘူး၊ ဒါပေမဲ့ ဝူတန်းအဖွဲ့နဲ့ ရှောင်လင်အဖွဲ့လို အဖွဲ့ကြီး
တွေကို ကျော်လွှားနိုင်ဖို့ဆိုတာ မလွယ်ပါဘူး၊ ဒီနေရာမှာတော့
သူ့စိတ်ကူး လွဲချော်နေတယ်”

“မှန်ပါတယ် ဘုရား၊ ရှောင်လင်အဖွဲ့ဟာ သိုင်းလော
ထဲက လူတွေကို ပေါက်ဖွားသန့်စင်ပေးစေတဲ့ ရင်းမြစ်ဆိုတ

ဆင်ရှားပါတယ်၊ သိုင်းလောကရဲ့ ဦးသျှောင်လို့ သတ်မှတ်သင့်
တယ်၊ ရှောင်လင်အဖွဲ့ထက် အနည်းငယ် နိမ့်ကျတာကတော့
ဘပည့်တော်တို့ ဝူတန်းအဖွဲ့ပါပဲ၊ အစဉ်လိုက် ပြောရမယ်ဆိုရင်
နှန်းလွန်အဖွဲ့၊ ဝေါမေအဖွဲ့၊ ခုန်းတုံ့အဖွဲ့တို့လည်း ရှိသေး
တယ်”

ရသေ့ကြီး ချန်းရွိးသည် ရှောင်လင်ဆရာတော်ကြီး၏
ကောင်းကို ထောက်ခံပြောဆိုရင်း ခေတ္တရပ်နားပြီး ဆက်ပြော
သည်။

“ညီတော်လေး လင်းဟူစုန်း သိုင်းလောကထဲမှာ အဖွဲ့တစ်ဖွဲ့
သည်ထောင်တယ်ဆိုတာ ချက်ချင်းလက်ငင်း ဖြစ်လာဖို့ မလွယ်ဘူး၊
ကျိုးစေ့ကြပြီး အပင်စိုက်သလို စိုက်ရတာ၊ နှစ်ပေါင်း ကြာမြင့်စွာက
ကျွးလူစွမ်းကောင်းကြီးတွေ အစဉ်တစိုက် ကြိုးပမ်းကြလို့ ဖြစ်ထွန်း
လာတာ ဖြစ်တယ်၊ သိုင်းပညာ သင်တော့လည်း ဒီအတိုင်းပဲ၊
ဖြတ်လမ်းက လိုက်ချင်လို့မရဘူး၊ အရှိန်ယူရတယ်၊ အချိန်ကို
ဆောင့်ရတယ်၊ ဘယ်အဖွဲ့ကိုပဲကြည့်ကြည့် အသက်အရွယ် ကြီးရင့်
ပြီးမှ အဆင့်မြင့်သိုင်းသမား ဖြစ်ကြတာချည်းပဲ၊ တောင်ငါးလုံး
သွေးစည်းအဖွဲ့ရယ်လို့ သိုင်းလောကမှာ ဖြစ်ပေါ်လာတာ ဘာကြာ
သေးတာမှတ်လို့၊ ရာစုနှစ် တစ်စုအတွင်းပဲ ရှိသေးတယ်၊
ဘယ်လောက်ပဲ တိုးတက်မှု အရှိန်အဟုန် မြန်ဆန်တယ်ပြောပြော
နှန်းလွန်၊ ဝေါမေ၊ ခုန်းတုံ့အဖွဲ့တို့ကိုတောင် လုံးဝ လိုက်မမီသေးဘူး၊
ရှောင်လင်တို့ ဝူတန်းတို့ ဆိုတာကိုတော့ ထည့်တောင်စဉ်းစားဖို့
မလောင်းသေးဘူး”

လင်းဟူစုန်းသည် ချန်းရွိး ရသေ့ကြီး၏ စကား
ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။ ချန်းရွိး ရသေ့ကြီး
ဆက်ပြောပြန်သည်။

"ဘယ်အဖွဲ့မှာမဆို တစ်ဦးကောင်း တစ်ယောက်ကောင်း
ဆိုတာတော့ ပေါ်ထွန်းတတ်မြဲပါပဲ၊ ဒါပေမဲ့ အဲဒီ တစ်ဦးကောင်း
တစ်ယောက်ကောင်းရဲ့နဲ့ ကျန်အဖွဲ့တွေကို လွှမ်းမိုးနိုင်မယ်တဲ့လား
ဝေးပါသေးတယ်၊ ကျိုလိန်းရှန်း တောင်ငါးလုံး သွေးစည်းအဖွဲ့
ဂိုဏ်းချုပ်ဖြစ်ကတည်းက ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး
ကြွပြီး ဟောကိန်းထုတ်ဖူးတယ်၊ သိုင်းလောကတစ်ခွင်မှာ ပြဿ
တွေ များတော့မှာပဲတဲ့၊ ခုနှစ်ပိုင်းမှာဖြစ်ခဲ့တဲ့ အဖြစ်တွေ
ပြန်ကြည့်ရင် ဆရာတော်ကြီးရဲ့ ကြိုတင်ဟောကိန်းအတိုင်း ဖြစ်တ
ဆိုတာ ထင်ရှားတယ်၊ ပညာရှိတို့ တွေးကြည့်တာ ပြေးကြည့်တာ
ထက်တောင် သွေးထွက်အောင် မှန်ပါသေးတယ်၊ ညီ
လင်းဟူစုန်း"

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးက ကြားဖြတ်
သာဓုသုံးကြိမ် ခေါ်လိုက်သည်။

"ကျိုလိန်းရှန်းဟာ တောင်ငါးလုံး သွေးစည်းအဖွဲ့မှ ဂိုဏ်း
နေရာရအောင် ကြိုးပမ်းခဲ့တာဟာ ပထမခြေလှမ်းပဲ ဖြစ်တ
ဒုတိယခြေလှမ်းကတော့ တောင်ငါးလုံး သွေးစည်းအဖွဲ့တွေ
ဖျက်သိမ်းပြီး တစ်ဖွဲ့တည်းဖွဲ့ဖို့ပဲ၊ အဲဒီအဖွဲ့ကြီးမှာ သူက ဂိုဏ်း
ကြီးနေရာရအောင် ကြိုးစားမယ်၊ ဒီအဆင့် အောင်မြင်သွ
အင်အားမွေးပြီး ရှောင်လင်အဖွဲ့၊ ဝူတန်းအဖွဲ့တို့ကို ရင်ဆော
တန်းပြီး ပခုံးချင်းယှဉ်မယ်၊ ဒါကတော့ ကျိုလိန်းရှန်းရဲ့ ဒုတိ

ခြေလှမ်းပဲ၊ ပြီးရင် ခွန်းလွန်အဖွဲ့၊ ဝေါမေအဖွဲ့၊ ခုန်တုံအဖွဲ့နဲ့
မြန်းကားအဖွဲ့တို့က မြွေက ဖားကိုမျိုသလို ဝါးမျိုဖို့ပဲ၊ ဒါကတော့
တတိယခြေလှမ်း ဖြစ်ဘယ်"

"ပြီးမှ ရှောင်လင်အဖွဲ့နဲ့ ဝူတန်းအဖွဲ့ကြီးကို သူက
ဦးဆောင်ပြီး ကုမ္ပဏီအဖွဲ့ကို ဖြိုခွင်းမယ် ဆိုပါတော့၊ ဒါကတော့
ကျိုလိန်းရှန်း ရည်စူးထားတဲ့ စတုတ္ထ ခြေလှမ်းပါပဲ"

ချန်းရွိး ရသေ့ကြီး၏ စကားကို ကြားရသောအခါ လင်းဟူ
စုန်းသည် ကျောထဲစိမ့်သွားမိသည်။

"ဒီလောက် ခက်ခဲရှုပ်ထွေးတဲ့ အလုပ်ကြီးကို မလွယ်မှန်း
သိလျက်နဲ့ သူက ဘာဖြစ်လို့ ကိုယ်စိတ်နှစ်ပါး အပင်ပန်းခံပြီး
ရတာလဲ မသိဘူး"

လင်းဟူစုန်းက ပြောလိုက်သည်။

"ညီတော်လေး လင်းဟူစုန်း၊ စိန်ကဲ ကျောက်ကဲထက်
သူကဲကို ခတ်ရတာ ပိုခက်တယ်၊ လူ့စိတ်ဆိုတာကလည်း
ဘာတော်ဆန်းတယ်၊ အဲဒီ မဖြစ်နိုင်မှန်းသိတဲ့ ကိစ္စတွေကိုပဲ
လက်တဲ့စမ်းကြည့်ချင်တဲ့ လူမျိုးလည်း ရှိသေးတယ်၊ ကျိုလိန်းရှန်း
ကုမ္ပဏီအဖွဲ့ကို ရှင်းလင်းပစ်နိုင်ရင် သိုင်းလောကမှာ ဘုန်းမီးနေလ
ဘာက်ပမှာ အမှန်ပဲ၊ အဲဒီအချိန်ကျရင်တော့ ရှောင်လင်အဖွဲ့နဲ့
ဝူတန်းအဖွဲ့ကို စိုးမိုးချယ်လှယ်ဖို့ ဆိုတာလည်း ကျိုလိန်းရှန်းအတွက်
ခက်ခဲတော့ဘူး"

"ဒါဖြင့် ကျိုလိန်းရှန်းက သိုင်းလောကတစ်ခွင်မှာ ရှိရှိသမျှ
အဖွဲ့တွေက သူ့ကို မော်ဖူးအောင်၊ သူ့ဩဇာကို လိုက်နာအောင်
ဆောင်ရွက်ချင်တဲ့ သဘောမျိုးပဲကိုး"

လင်းဟူစုန်းကလည်း ကောက်ချက်ချလိုက်သည်။ ချန်ဒ
ရသော့က တဟားဟား ရယ်မောပြီး ...

"ဟုတ်တာပေါ့ အဲဒီ အခြေအနေမှာ သူက သိုင်းလောက
ဦးသွောင်ဖြစ်ပြီလေ၊ အဲဒီကနေ ဘုရင်ဇကရာဇ် ဖြစ်ချင်ဦးမှာ
ကျိုလိန်းရှန်းရဲ့ စိတ်ဓာတ်က ဘာနဲ့သွားတူသလဲဆိုတော့ ဆင်း
မျိုချင်တဲ့ မြွေနဲ့တူတယ်၊ သူ့လောဘဟာ ဘယ်တော့မှ အတော
သတ်နိုင်မှာကို မဟုတ်ဘူး"

"လူ့လောကမှာ လူဖြစ်ရတဲ့ အချိန်ကာလ တိုတောင်
ပါတယ်၊ ကျိုလိန်းရှန်းဟာ ဘာဖြစ်လို့ ဒီလောက်တောင် အခြ
ကြီးပြီး ကြိုးပမ်းတာလဲ မသိဘူး၊ ကုမ္ပဏီအဖွဲ့ကို သုတ်သင်ပြ
ရှောင်လင်အဖွဲ့နဲ့ ဝူတန်းအဖွဲ့ကို သူ့ သြဇာတည်ဖို့ဆိုတာ
လူ့အသက်တွေ အများကြီး သေဆုံးရမှာပဲ"

လင်းဟူစုန်းက ကျိုလိန်းရှန်း၏ အကြံကို စိုးမှိမိသမြှ
ပြောလိုက်သည်။

"ဒါပေါ့၊ ခု တို့သုံးဦး ဒီမှာဆုံကြတာဟာ အဲဒီကိစ္စကြောင့်
ကျိုလိန်းရှန်းရဲ့ အပြုအမူ အကြံအစည်ကို တားဆီးရမယ်"

"ကျန်တော်ကတော့ အတွေ့အကြုံနည်းပြီး ငယ်ရွယ်သူ
ဖြစ်တော့ ဆရာရသော့ကြီးနဲ့ ရှောင်လင်ဆရာတော်ကြီးတို့ရဲ့ သြဝါဒ
အတိုင်း လိုက်နာဖို့ အသင့်ပါပဲ"

"ဝါးစိမ်းနတ်ဒေဝီကို သွားကယ်တုန်းက ရှောင်လင်ကျောင်း
တိုက်ကို လုံးဝ မထိခိုက်အောင် ညီတော်လေး ထိန်းသိမ်းခဲ့လို့
ဆရာတော်ကြီးကလည်း ညီတော်လေးကို အလွန် ကျေးဇူးတင်နေ
ပါတယ်"

"ကျွန်တော်ကလည်း မသင့်တော်တာတွေ လုပ်ခဲ့မိတဲ့
အတွက် စိတ်မကောင်းပါဘူး"

"ညီတော်လေး ရှောင်လင်ကျောင်းတိုက်က ထွက်ခွာသွား
ာနဲ့ ကျိုလိန်းရှန်းတို့ လူစုလည်း လိုက်ထွက်သွားကြတာပဲ၊
ကတော့ ရှောင်လင်ကျောင်းတိုက်မှာ ခုနစ်ရက်လောက် နေရ
းတယ်၊ ဆရာတော်နဲ့ တိုင်ပင်ဆွေးနွေးကြတယ်၊ ကျိုလိန်းရှန်းရဲ့
အပြုအမူနဲ့ အကြံအစည်တွေဟာ စိုးရိမ်စရာ ဖြစ်နေတာကို
သဘောပေါက်ကြတယ်၊ နောက်တော့ ညီတော်လေးက ဟင်စမ်း
အဖွဲ့ရဲ့ ဂိုဏ်းချုပ်တာဝန်ကို လက်ခံလိုက်တယ်ကြားရလို့ တို့ကိုယ်
ိုင် လာခဲ့ကြတာပဲ၊ တခြား အကြောင်းကတော့ ကျိုလိန်းရှန်းရဲ့
ကိစ္စကို ဆွေးနွေးတိုင်ပင်ကြရအောင် ဖြစ်တယ်"

"ဝူတန်းဂိုဏ်းချုပ်နဲ့ ရှောင်လင်ဆရာတော်ကြီး တပည့်
ဘော်ကို ခင်မင်မှုနဲ့ အထင်ကြီးမှု ထားရှိတဲ့အတွက် ဝမ်းသာဂုဏ်ယူ
ပါတယ်"

ချန်ရှိ ရသော့ကြီးက ဆက်လက်၍ ပြောဆိုလိုက်ပြန်သည်။

"အင်း ... လင်းဟို့ ပြောပုံအရ သုံးလပိုင်း ဆယ့်ငါးရက်
နဲ့မှာ တောင်ငါးလုံး သွေးစည်းအဖွဲ့ဝင်တွေကို စုန်းစမ်းအဖွဲ့မှာ
စုရုံးစေပြီး တစ်ဖွဲ့တည်း ပေါင်းဖွဲ့မယ်ဆိုတဲ့ သဘောပဲ၊ တို့
ဥာဏ်စားကြည့်ရတာကတော့ ချုစမ်းအဖွဲ့ ဆရာကြီးမိုးရဲ့ စိတ်က
အသိရခက်ခဲတယ်၊ ဆရာကြီးမိုးကတော့ လွယ်လွယ်ကူကူနဲ့
ခေါင်းညိတ်မယ် မထင်ဘူး၊ ပြီးတော့ ထိုက်စမ်းအဖွဲ့ရဲ့ ထျန်းမင်
ရသော့ကလည်း စိတ်ထန်တယ်၊ အလျှော့ပေးမှာ မဟုတ်ဘူး၊

ဒါပေမဲ့ ဟင်စမ်းအဖွဲ့ကို ဝါးမျိုပစ်ဖို့ ကျိုလိန်းရှန်းက အပိုင်တွ
ထားပုံရတယ်၊ ဒါပေမဲ့ သိမ့်ရှန် ဆရာလေးကလည်း ရှေ့
နောက်ရေးကို တိုင်းဆကြည့်တတ်သူဖြစ်တော့ ညီတော်လေး
ဂိုဏ်းချုပ်တာဝန် လွှဲလိုက်တယ်၊ ဒီတော့ အခြေအနေ တစ်
တစ်ပုံ ပြောင်းလဲသွားတဲ့ယ်"

"သိမ့်ရှန် ဆရာလေးဟာ အနီစွရောက်ခါနီးမှာ ဟင်
အဖွဲ့ရဲ့ ဂိုဏ်းချုပ်နေရာကို ယောကျ်ားသား ထားရှိရိုးမ
အစဉ်အလာကို ပုံသေကားချ မကျင့်သုံးတော့ပဲ ဒကာလေး
လက်ထဲကို ဂိုဏ်းချုပ်တာဝန်ကို အပ်နှင်းသွားတယ်၊ ဒီတော့
ကျိုလိန်းရှန်း ထင်သလိုပြုနိုင်ဖို့ တယ်မလွယ်တော့ဘူး၊ တောင်ဆေး
လုံးက စည်းရုံးပြီး သဘောမတူရင် ကျိုလိန်းရှန်းရဲ့ အကြံအစည်ဟာ
ဘယ်လိုမှ အထမြောက်စရာ အကြောင်းမရှိဘူး"

"တပည့်တော် လေ့လာမိသလောက်တော့ ထိုက်စ
ဂုာစမ်း၊ ချဲစမ်း အဖွဲ့သုံးဖွဲ့ဟာ ကျိုလိန်းရှန်းရဲ့ အကြပ်ကိုင်ခြင်း
ခံနေရပြီ ထင်မါတယ်"

ချန်းရွိး ရယ့်က ခေါင်းကို တဆတ်ဆတ်ညိတ်၏။

"ဟုတ်တယ် ပြောရရင် ညီတော်လေးရဲ့ဆရာ ယဲ့ပို့ချင်ရဲ့
ပြိုမှုလှုပ်ရှားမှုကို ရှောင်လင်ဆရာတော်ကြီးရော ငါပါ သဘော
မပေါက်နိုင်အောင် ဖြစ်နေတယ်၊ ပြောသံကြားရတာတော့ ဖုထေ
သယ်ယူပို့ဆောင်ရေးက လူငယ်တစ်ယောက်ကို တပည့်အဖြစ်
သိမ်းပိုက်ထားတယ် ဆိုတာပဲ၊ ဟုတ်သလား"

"ဟုတ်ပါတယ် ညီတော် လင်းဖင်းကျည်ပါပဲ"

"အဲဒီ ဖုထေး သယ်ယူပို့ဆောင်ရေးမှာ ဘိုးစဉ်ဘောင်ဆက်
နာမည်ကြီးခဲ့တဲ့ မိစ္ဆာရှင်း ဓားရေးကျမ်းကို စုန်းစမ်းအဖွဲ့မှ
လုယူသွားပုံနှင့် မိစ္ဆိက အသက်စွန့်ပြီး ပြန်လည်တိုက်ခိုက် ရယူ
ခဲ့ပြီး သတိမေ့မျောသွားပုံတို့ကို အကြောင်းစုံ ပြန်ရှင်းပြလိုက်သည်။

ချန်းရွိး ရသေ့ကြီးသည် ခေတ္တ တွေးတောပြီး ...

"မင်း ဆရာက မိစ္ဆာရှင်း ဓားရေးကျမ်းကို မင်း ညီတော်
လင်းဖင်းကျည်ကို ပေးလိုက်ရမှာပဲပေါ့"

"ဖြစ်သင့်တာကတော့ အဲဒီအတိုင်းပဲ၊ ဒါပေမဲ့ တပည့်တော်ရဲ့
ဆရာ့သမီးက တပည့်တော်ဆီမှာ အတင်းတောင်းဆိုနေတယ်၊
အဲဒါကို စဉ်းစားစရာ ဖြစ်နေပါတယ်၊ ပြီးတော့ ကျိုလိန်းရှန်းနဲ့
ဆရာ လင့်ဝေါစိမ်တို့ ယှဉ်ပြိုင်တိုက်ခိုက်ကြတုန်းက ကျိုလိန်းရှန်းက
လက်ချောင်းတွေကို ဓားအဖြစ် အသုံးချပြီး ဓားကွက်ဆန်ဆန်
တိုက်ခိုက်ခုခံခဲ့တုန်းက ရှန်းဝုံထျန်းက ကျိုလိန်းရှန်းကို မိစ္ဆာရှင်း
ဓားကွက် အသုံးပြုတယ်လို့ အော်ပြောပါတယ်၊ တပည့်တော်ကတော့
ဝါနုသူဖြစ်လို့ သူပြောတာ ဟုတ်မဟုတ် မဝေခွဲတတ်ပါဘူး၊
ဆရာတော်ကြီးနဲ့ ရသေ့ကြီးတို့က ခွဲပြစေလိုပါတယ်"

ချန်းရွိး ရသေ့ကြီးသည် ရှောင်လင်ဆရာတော်ကြီးကို
တစ်ချက်လှမ်းကြည့်ပြီး လျှောက်ထားသည်။

"ဆရာတော်ကြီး ဒီကိစ္စနဲ့ပတ်သက်လို့ ညီတော်လေး
လင်းဟူစုန်းက ရှင်းလင်းပြဖို့ ကောင်းပါတယ် ဘုရား"

"ဒကာလေး လင်းဟူစုန်းက ပန်းနေကြာ စွယ်စုံသိုင်းကျမ်း
ဆိုတာကို ကြားဖူးသလား"

"တင်ပါ့ဘုရား၊ ဒါပေမဲ့ ဆရာ သေသေချာချာ ပြောမပြဖူးပါဘူး"

"သိုင်းအဖွဲ့က ညီအစ်ကိုအချင်းချင်း သဘောထားကွဲပြီး သတ်ကြတာကို ပြောမပြချင်လို့ ဖြစ်မှာပေါ့၊ ဗာစမ်းအဖွဲ့မှာ ခားရေးအဓိကနဲ့ အတွင်းအားအဓိက ကွဲကြတာက ပန်းနေကြာ စွယ်စုံ သိုင်းကျမ်းပေါ်မှာ အကြောင်းခံထားတယ် ဒကာလေး၊ ပန်းနေကြာ စွယ်စုံသိုင်းကျမ်းကို ရေးသားပြုစုတာကတော့ လင်မယား နှစ်ယောက်လို့ သိုင်းလောကတစ်ခွင်မှာ ပြောဆိုနေကြတာပဲ ဒကာလေး"

"**အဲဒီ** လင်မယားရဲ့ အတ္ထုပ္ပတ္တိကိုလည်း တိတိကျကျ သိကြသူ မရှိတော့ပါဘူး၊ အဲဒီ အတ္ထုပ္ပတ္တိဟာ အချို့ပြောတော့ ဒကာရဲ့ နာမည်ထဲမှာ နေကြာဆိုတဲ့ **အဓိပ္ပာယ်ပါတယ်တဲ့**၊ ဒကာမရဲ့နာမည် မန်းဆိုတဲ့ အဓိပ္ပာယ်ပါတယ်တဲ့၊ သူတို့နှစ်ယောက် ပေါင်းစပ်တိထွင်တာဖြစ်လို့ ပန်းနေကြာ စွယ်စုံကျမ်းဆိုပြီး အမည်တွင်တာလို့ ဆိုကြတာပဲ၊ ဒါကတော့ သိလို့ပြောတာလား၊ မှန်းဆပြီး ပြောတာလား မပြောတတ်ဘူး"

"အဲဒီ လင်မယားနှစ်ယောက်ဟာ အလွန်ချစ်ခင် ကြင်နာသတဲ့၊ သိုင်းပညာလည်း အလွန်အဆင့်မြင့်သတဲ့၊ နောက်တော့ ဘယ်လိုအကြောင်းကြောင့် ကွဲသွားကြတယ် မသိဘူး၊ လင်မယား ကွဲတော့ နှစ်ယောက်အတူတကွ ရေးသားပြုစုထားတဲ့ **ပန်းနေကြာ** စွယ်စုံကျမ်းကို တစ်ယောက်တစ်ဂက်စီ ပိုင်းယူသွားကြ**တယ်**လို့ ကြားရတယ်၊ တချို့ကတော့ တစ်အုပ်က အဖိုကျမ်း၊ တစ်အုပ်ကတော့ အမကျမ်းလို့ ခေါ်ကြတယ်"

"တပည့်တော်ရဲ့ဆရာ ပြောသံကြားဖူးပါ**တယ်၊ ပန်းနေကြာ** စွယ်စုံသိုင်းကျမ်းဟာ သိုင်းလောကမှာ အထွတ်အထိပ်အကျဆုံး လောက်သာ ကြားဖူးပါတယ်၊ ဂိုဏ်းချုပ် လင့်ဝေါစိမ် ပြော**ဖူး** တာကိုလည်း တပည့်တော် ကြားဖူးပါတယ်၊ ဂိုဏ်းချုပ် လင့်**ဝေါ** စိမ်လည်း ပန်းနေကြာ **စွယ်စုံသိုင်းကျမ်းကို** တုန်ဒုမ်းပုဂိုဏ်**းကို** လက်ဆင့်ကမ်းလိုက်တယ်လို့လည်း ပြောကြားဖူးပါတယ်၊ တပည့်တော် သိရသလောက် ကုမ္ဘာဏ်ဂိုဏ်းထဲ ရောက်နေပြီ ထင်ပါတယ်"

ဆရာတော်ကြီး ဂုမ်းသိမ့် ခေါင်းကို ခါယမ်းပြလိုက်သည်။

"အဲဒါကတော့ အပြည့်အစုံ မဖြစ်နိုင်ဘူး၊ စုံမှာလည်း မဟုတ်ဘူး"

"တင်ပါ့ဘုရား"

ဂုမ်းသိမ့် ဆရာတော်ကြီးသည် ကောင်းကင်တွင် တရွေ့ရွေ့ ပြေးလွှားနေသော မိုးတိမ်များကို ငေးကြည့်နေပြီး ပြောသည်။

"ဒကာလေးတို့ ဗာစမ်းအဖွဲ့မှာ ဓားရေးဦးစားပေးဂိုဏ်းနဲ့ အတွင်းအား ဦးစားပေးဂိုဏ်း ကွဲကြတယ်၊ ဘာအတွက်ကြောင့်လဲ"

"တပည့်တော် ဧကာင်းကောင်းမသိပါဘူး ဘုရား၊ ဆရာတော် အမိန့်ရှိပါ"

"ဗာစမ်းအဖွဲ့မှာ ရှေးဆရာကြီးတွေ နှစ်ဂိုဏ်းကွဲပြီး **အချင်းချင်း** သတ်ဖြတ်ကြတာကိုတော့ ဒကာလေး **ကြားဖူးမှာပေါ့**"

"ဟုတ်တယ် ဒကာလေး၊ ကံမကောင်း အကြောင်းမလှချင်တော့ ကျုပ်နဲ့ ပူတန်းဂိုဏ်းချုပ် ရသေ့ကြီးတို့တောင် တွေ့မြင်ချင်ပါလျက်နဲ့ အဲဒီသိုင်းကျမ်းကို ခုထိ မမြင်ဖူးသေးဘူး၊ တွေ့များတွေ့နိုင်ခွင့်ရရင် အဲဒီသိုင်းပညာရဲ့ နက်ရှိုင်းမှုကို သိနိုင်မှာပဲ"

ဆရာတော်ကြီး၏ စကားကို ကြားရသောအခါ ရသေ့ကြီး ချန်းရွိုးက ပြုံးသည်။

"ဆရာတော်ကြီးကလည်း တပ်မက်မောစိတ် ရှိနေတာကိုး၊ တကယ်တော့ မတွေ့တာပဲ ခပ်ကောင်းကောင်း ဖြစ်ပါတယ်၊ တွေ့ရလို့ အပတ်တကုတ် ကြိုးစားအားထုတ်နေမိရင် တရားကျင့်ကြံမှုပိုင်းမှာ လျော့နည်းသွားမှာ အမှန်ပါပဲ၊ ဒါကြောင့် မတွေ့တာပဲကောင်းပါတယ် ဆရာတော်"

"ဒကာ ရသေ့ကြီးပြောတာ သိပ်မှန်တယ်၊ ကျုပ်ကလည်း ဘာလို့ တောင့်တမိတယ် မပြောတတ်ဘူး"

ဆရာတော်ကြီးသည် သက်ပြင်းရှည်ကြီး တစ်ချက်ချပြီး လင်းဟူစုန်းကို စကားလှမ်းပြောပြန်သည်။

"ပြောသံကြားရဖူးတာကတော့ ဖိုကျမ်းနဲ့မကျမ်းဟာ လုံးလုံးဆန့်ကျင်တယ်တဲ့၊ တာစမ်းအဖွဲ့က ဆရာတူ ညီအစ်ကိုနှစ်ယောက်ဟာ ဖူးထျန်ကို အလည်အပတ် ရောက်ခဲ့ပြီး အဲဒီ ပန်းနေကြာစွယ်စုံကျမ်းကို ဖတ်ရှုသွားကြတယ်တဲ့"

ဤမျှ နက်နဲနက်ရှိုင်းသည့် သိုင်းပညာကျမ်းကို ကျကျနနသိမ်းဆည်းထားမှာ အမှန်ပင်။ တာစမ်းအဖွဲ့က ဆရာတူ ညီအစ်ကို တိတ်တဆိတ် ခိုးဖတ်ခြင်းသာဖြစ်မည်ဟု လင်းဟူစုန်း တွေးတော

"လက်စသတ်တော့ ပန်းနေကြာ စွယ်စုံသိုင်းကျမ်းမှာ အဖိုကျမ်း၊ အမကျမ်းဆိုပြီး နှစ်ကျမ်းရှိတာကိုး၊ ဆရာတော်ကြီး မိန့်ကြားလို့သာ တပည့်တော် သိခွင့်ရတာပါ ဘုရား"

"တချို့ကလည်း ဖိုကျမ်း၊ မကျမ်းဆိုပြီး ခေါ်တယ်၊ တချို့ကလည်း မိုးကျမ်းနဲ့မြေကျမ်းဆိုပြီး ခေါ်ပြန်တယ်၊ တချို့ကျတော့လည်း နေကျမ်း၊ လကျမ်းဆိုပြီး ခေါ်တယ်၊ အမှန်တော့ နာမည်တွေကို စာအုပ်ပေါ်ရေးထားလို့ မဟုတ်ဘူး၊ လူတွေက စိတ်ထင်သလို ခေါ်နေကြတာပါ၊ နှစ်ပေါင်းနှစ်ရာ ကျော်လွန်ခဲ့ပေမဲ့ ဒီသိုင်းပညာကို တတ်မြောက်တဲ့သူ မပေါ်ထွန်းခဲ့ဘူး၊ နောက်နှစ်ပေါင်း တစ်ရာကျော်ကြာမှ ကံအားလျော်စွာ ဖိုကျမ်းရော၊ မကျမ်းပါ ရှောင်လင်ကျောင်းတိုက်ခွဲကို ရောက်ခဲ့တယ်"

"ဖုကျင့်မြို့ ဖူးထျန်နယ်က ရှောင်လင်ကျောင်းတိုက်ခွဲကျောင်းထိုင်ဆရာတော် ဟုန်းယဲ့ဆီကို ရောက်ရှိသွားတာ ဖြစ်တယ်၊ ဆရာတော် ဟုန်းယဲ့ဟာ အလွန်ဉာဏ်ကောင်းတယ်၊ သိုင်းပညာလည်း အလွန်မြင့်မားသူ ဖြစ်တယ်၊ ဒီတော့ ဆရာတော်က ပန်းနေကြာ စွယ်စုံကျမ်းကို တတ်ကျွမ်းဖို့ မခဲယဉ်းဘူး ထင်တာပဲ၊ ဒါပေမဲ့ ဆရာတော်ရဲ့ တပည့်တွေ သတင်းလွှင့်တာကတော့ အဲဒီ သိုင်းပညာကို ဆရာတော်လည်း မတတ်ကျွမ်းခဲ့ဘူးတဲ့"

"ဉာဏ်ပညာရော၊ သိုင်းပညာပါ အဆင့်မြင့်မားတဲ့ ဟုန်းယဲ့ဆရာတော်တောင် မတတ်ကျွမ်းဘူးဆိုတော့ ပန်းနေကြာ စွယ်စုံသိုင်းဟာ အလွန်နက်ရှိုင်းတယ် ထင်ပါတယ် ဆရာတော်"

ဆရာတော်ကြီး ဂုမ်းသိမ့်က လင်းဟူစုန်း၏ စကားကို ခေါင်းညိတ်ပြီး ဖြေသည်။

မိသည်။ ဆရာတော်ကြီးက တရားဘောင်ဝင်နေ၍ ပြောမကောင်း၍ ထုတ်ဖော်ပြောမထွက်ခြင်း ဖြစ်မည်ဟုလည်း လင်းဟူစုန်တွက်ဆမိသည်။

"အဲဒီတုန်းက နှစ်ယောက်စလုံး ကျမ်းတစ်ကျမ်းစီကို ကသောကမျော ခွဲပြီးကြည့်ရတာတဲ့၊ တွာစမ်းကို ပြန်ရောက်တော့ တစ်ယောက်တစ်မျိုး ကိုယ်မြင်ခဲ့တာပဲ လေ့ကျင့်ကြတယ်လို့ ဆိုတယ်၊ နှစ်ယောက်သား ညှိနှိုင်းဆွေးနွေးတိုင်း အငြင်းအခုန်ဖြစ်ကြရတယ်တဲ့၊ နောက်တော့ တစ်ယောက်တစ်မျိုး လေ့ကျင့်ကြရင်းက လုံးဝ သဘောကွဲလွဲပြီး မားရေးအဓိကဂိုဏ်းနဲ့ အတွင်းအား အဓိကဂိုဏ်းဆိုပြီး ကွဲသွားကြတယ်လို့ ကြားသိရတယ် ဒကာလေး၊ ညီအစ်ကိုချင်းလည်း စိတ်ဝမ်းကွဲပြီး ရန်ငြိုးရန်စတွေ ဖြစ်ကုန်ရောတဲ့"

"အဲဒီ ရှေးဆရာကြီး နှစ်ယောက်ဟာ ဝင်းရှောင်နဲ့ စူးကျီဖုန်းတို့ နှစ်ယောက်ဖြစ်တယ်ထင်တယ် ဆရာတော်"

ဝင်းရှောင်သည် တွာစမ်းအဖွဲ့၏ အဟွင်းအား အဓိကသမားဖြစ်ပြီး စူးကျီဖုန်းသည် မားရေး အဓိကသမား ဖြစ်နေလေသည်။

"ဟုတ်တယ် ဒကာလေး၊ ဝင်းရှောင်နဲ့ စူးကျီဖုန်းတို့ပဲ ဖြစ်တယ်၊ ဆရာတော် ဟုန်းယဲ့ ခွင့်ပြုချက်မရပဲ ပန်းနေကြွေ စွယ်စုံကျမ်း လေ့ကျင့်တော့ ဆရာကော်က ဘေးဒုက္ခဖြစ်မှာစိုးတယ်၊ ဒီတော့ တပည့်တစ်ဦးဖြစ်တဲ့ သုယွမ် ဆရာတော်ကို စေလွှတ်ပြီး ဒကာနှစ်ဦးကို ဆက်လက်မလေ့ကျင့်ဖို့ ပြောခိုင်းလိုက်တယ်"

"တပည့်တော်တို့ရဲ့ ဘိုးတော် ဝင်းရှောင်နဲ့ စူးကျီဖုန်းက ဆရာတော် ဟုန်းယဲ့ရဲ့ အမိန့်ကို မနာခံကြဘူး ထင်ပါတယ်"

"ဆရာတော်ကလည်း သူတို့နှစ်ဦးကို အပြစ်မဆိုပါဘူး၊ သိုင်းပညာ သင်ဖူးသူတိုင်း ဒီလို အထွတ်အထိပ် ပညာမျိုးတွေ့ရင် သဲကြီးမဲကြီး မလေ့ကျင့်ပဲ ဘယ်နေမလဲ၊ တော်ရုံတန်ရုံပုဂ္ဂိုလ် မဟုတ်ပါနဲ့ ဆရာတော် စေလွှတ်လိုက်တဲ့ တပည့်ဖြစ်သူ သုယွမ်ဘောင် တွာစမ်းကို စေလွှတ်မို့လို့ ပြဿနာ တက်ပါရောတဲ့"

"အဲဒီ ဆရာတော်ကို တပည့်တော်တို့ ဘိုးတော်နှစ်ဦးက မလေးမစားပြုလို့လား ဘုရား"

ဝမ်းသိမ့် ဆရာတော်ကြီးက ခေါင်းခါပြသည်။

"ဝင်းရှောင်နဲ့ စူးကျီဖုန်းတို့ နှစ်ယောက်စလုံးက သုယွမ် တွာစမ်းကိုရောက်တော့ အလွန်လေးစား ကြည်ညိုကြသတဲ့၊ ပန်းနေကြွာ **စွယ်စုံကျမ်း**ကို ခိုးဖတ်ပြီး ခိုးကျင့်ခဲ့တာကိုလည်း ဝန်ခံကြတယ်**တဲ့၊ နှစ်ယောက်**သား ဟောင်းပန်ကြပြီး သူတို့ သဘောမပေါက်ကြတဲ့ **အချက်ကို**တောင် ဆရာတော် သုယွမ်ကို မေးကြမြန်းကြပြီး ပြဿနိုင်းတယ်တဲ့၊ သုယွမ်ကလည်း သူတို့နှစ်ဦးစလုံးကို တစ်ယောက်စီ ရေးရွတ်ခိုင်းပြီး စိတ်ထဲက အရမ္မတ်ထားနိုင်တယ်လို့ ဆိုတယ်၊ သုယွမ် ဆရာတော်က ဝင်းရှောင်နဲ့ စူးကျီဖုန်း မေးတာတွေကို သေသေချာချာ မသိပေမဲ့ ထင်ယောင်ထိုးဝါးနဲ့ ဖြေခဲ့တယ်လို့လည်း ကြားရတာပဲ"

"ဒါဖြင့် ဆရာတော် သုယွမ်က သူတို့နှစ်ယောက်ထဲက တစ်ဆင့် ပန်းနေကြွာ **စွယ်စုံကျမ်း**ကို သိရတယ်ဆိုပါတော့ ဘုရား"

ဦးကျမ်းကို လိုချင်လို့ပဲ၊ ဂုဘစမ်းအဖွဲ့က အင်အားနည်းတော့ ဦးစမ်း၊ စုန်းစမ်း၊ ချဲစမ်း၊ ဟုံစမ်း အဖွဲ့တွေကို သွေးစည်းညီဖို့ ကမန်းလှမ်းတယ်၊ အဲဒါကြောင့် တောင်ငါးလုံး သွေးစည်းအဖွဲ့ဆိုပြီး ဖြစ်လာတယ်၊ ပထမဆုံး တိုက်ခိုက်ကြတာကတော့ ဂုဘစမ်း တောင်ခြေမှာပဲ၊ ကုမ္ဘာဏ်အဖွဲ့က အင်အားနည်းတော့ အရေးမသာဘူး၊ ထွက်ပြေးကြရတယ်"

"နောက်ငါးနှစ်ကြာတော့ ကုမ္ဘာဏ်ဦးစီး ဆယ်ယောက်က ဘိယအခေါက် ရောက်လာပြန်တယ်၊ ဒီတစ်ကြိမ် လာကြတာကတော့ တောင်ငါးလုံး သွေးစည်းအဖွဲ့ ဓားကွက်တွေကို တစ်ကွက်ကျန် ဖြိုခွင်းနိုင်မဲ့နည်းလမ်းကို ရှာကြပြီး လာတာဖြစ်တယ်"

"ဟာ"

လင်းဟူစုန်းသည် လိုဏ်ဂူထဲရှိ ကျောက်နံရံပေါ်မှ တောင်ငါးလုံး သွေးစည်းအဖွဲ့ကို ဖြိုခွင်းကွက်များအား ပြန်တွေးမိသောကြောင့် ခဏနဲ့ တအံ့တသြ ရေရွတ်မိလိုက်သည်။

"ဘယ်လိုဖြစ်သွားလို့လဲ ဒကာလေး"

"ဆရာတော်ကြီး စကားပြောနေတာကို အနှောင့်အယှက် ပေးမိတာ တောင်းပန်ပါတယ် ဘုရား"

"ကုမ္ဘာဏ်ဦးစီး ဆယ်ယောက်က ကြိုတင်ပြင်ဆင်ပြီး ဖြစ်တယ်၊ တောင်ငါးလုံး သွေးစည်းအဖွဲ့ရဲ့ အထွတ်အထိပ် ဓားကွက်တွေကို ဆန်းစစ်တွေးချင့်ပြီး ဖြိုခွင်းနိုင်ဖို့ လေ့ကျင့်ခဲ့တယ်၊ ဒါကြောင့် ဒီတစ်ကြိမ်မှာတော့ တောင်ငါးလုံး သွေးစည်းအဖွဲ့ဟာ အဖြိုခွင်းခံရတယ်၊ ကုမ္ဘာဏ်ဦးစီး ဆယ်ယောက်ရဲ့ လက်ထဲကို

"ဟုတ်တယ် သူတို့နှစ်ယောက် သိရတာလည်း မနုလင်တော့ အဲဒီအချိန်ကစပြီး ဆရာတော် သုယွမ်ဟာ ဖူထျန်းကို ပြန်မတွေ့တော့ဘူးတဲ့"

လင်းဟူစုန်းသည် အံ့အားသင့်သွားသည်။

"ဆရာတော် သူ ဘယ်ကိုရောက်သွားလို့လဲ"

"အဲဒီအချိန်ကတော့ သူ ဘယ်ကိုရောက်တယ်လို့ ဘယ်သူမှ မပြောနိုင်ဘူးပေါ့၊ ဟုန်းယဲ့ ဆရာတော်ဆီကို စာတစ်စောင်ရေးသားပေးပို့လိုက်တယ်တဲ့၊ စာထဲမှာ သူ့စိတ်ကိုသူ မနိုင်တော့လို့ လူထွက်တော့မှာဖြစ်လို့ ဆရာတော်ကို လာရောက် မဖူးမျှော်ခဲ့ဖြစ်နေတယ် ဆိုတဲ့အကြောင်း ပါရှိတယ်တဲ့"

ဆရာတော်ကြီး၏ စကားကြောင့် လင်းဟူစုန်း ပိုပြီး အံ့အားသင့်သွားရပြန်သည်။

"ဂုဘစမ်းအဖွဲ့နဲ့ ဆရာတော် ဟုန်းယဲ့လည်း ဒီကိစ္စအတွက် စိတ်ခုကြတယ်၊ ပြီးတော့ ဂုဘစမ်းအဖွဲ့က ပန်းနေကြာသိုင်းကို ခိုင်းကျင့်တယ်ဆိုတာလည်း သိုင်းလောကတစ်ခွင်မှာ သတင်းပြန့်နှံ့သွားတယ်၊ နောက်တော့ ဂုဘစမ်းအဖွဲ့ကို ကုမ္ဘာဏ်ဂိုဏ်းက ဦးစီးဆယ်ယောက် ရောက်လာပြီး တိုက်ခိုက်တယ်"

"တပည့်တော် ကုမ္ဘာဏ်ဦးစီးဆယ်ယောက် ရောက်ရှိတိုက်ခိုက်တာကို မကြားရဖူးပါဘူး"

"အင်း ... အချိန်ကာလကို တွက်ချက်ကြည့်ရင် ဒကာလေးရဲ့ ဆရာ ယဲ့ပို့ချွင်တောင် လူ့လောကထဲ မရောက်သေးဘူး၊ ကုမ္ဘာဏ်ဦးစီး ဆယ်ယောက်လာပြီး တိုက်ခိုက်တာလည်း အဲဒီ ပန်းနေကြာ

လင်းဟူစုန်းသည် လိုဏ်ဂူတွင်းတွင် တွေ့မြင်ခဲ့ရသည့် ဖြစ်အပျက် အကြောင်းရပ်တွေကို ပြန်လည် ပြောပြလိုက်သည်။

"ရဲတင်းသမားဟာ တောင်နံရံကို ဖြိုခွင်းတာ ကိုက်တစ်ရာပါးလောက်တောင် ရောက်နေပုံရတယ်၊ ဖောက်ထွင်းထွက်နိုင်ဖို့ တစ်ပေနီးပါးလောက် အလိုမှာ သေဆုံးသွားတာမို့ သူ့ရဲ့ အင်အားကို တော်တော် ချီးမွမ်းစရာ ကောင်းပါတယ်၊ ပြီးတော့ သူလောက် ကြိုးပမ်းပြီးမှ ကံဆိုးသွားတဲ့အတွက် စိတ်မကောင်းစရာပဲ"

"အင်း ... ရဲတင်းကိုင်တဲ့လူဟာ ဒါဆိုရင် ကုမ္ဘာဏ်ဦးစီးဆယ်ယောက်ထဲက ခွန်အားအလွန်ကြီးတဲ့ နတ်ဘီလူး ဖန့်စုန်းပဲ ဖြစ်ရမယ်"

ဆရာတော်ကြီး ဝှမ်းသိမ့်က သူ့ ထင်မြင်ချက်ကို တိုက်ရိုက် ပြောလိုက်သည်။

"ကျောက်ဟို့ဆိုတဲ့လူရဲ့ တင်စားနာမည်ဟာ မိုးပုံနတ်ဘီလူး ဖြစ်ရမယ်၊ သူ အသုံးပြုတဲ့ လက်နက်က မိုးကြိုးစူး မဟုတ်လား"

"တပည့်တော် မခေါ်တတ်ဘူး၊ တပည့်တော်ဟာ မိုးကြိုးကားကြီးနဲ့ အစူးအခက်တွေ ပတ်ပတ်လည်တဲ့ သုံးမြောင့်ဓားမျိုးတော့ တွေ့ခဲ့ရပါတယ်၊ ဂူစမ်းရဲ့ ဓားကွက်ကို ဖြိုခွင်းသူကတော့ ကျန်းစင့်ယင်နဲ့ ကျန်းစင့်ဖုန်းတို့ ဖြစ်ကြပါတယ်၊ ဂူစမ်း ဓားကွက်တွေကို အကုန်ဖြိုခွင်းခဲ့သည်လို့ ရေးထွင်းထားပါတယ်"

ပန်းနေကြာသိုင်းကျမ်းလည်း ရောက်သွားတယ်တဲ့၊ ဒါပေမဲ့ ကုမ္ဘာဏ်ဦးစီး ဆယ်ယောက်လည်း ဂူစမ်းကနေ ပြန်မဆင်းနိုင်တော့ဘူးလို့ ဆိုတယ်၊ တိုက်ပွဲက အတော်ပြင်းထန်တဲ့ သဘောပဲ"

လင်းဟူစုန်းသည် လိုဏ်ဂူတွင်း၌ တွေ့ရသည့် အရိုးစုများကို ပြန်လည် သတိရမိသည်။

ကုမ္ဘာဏ်ဦးစီးများ၏ အရိုးစုများ ဖြစ်မည်ဟုလည်း ကောက်ချက်ချမိ၏။

"ညီတော်လေးရဲ့ ဆရာက အဲဒီအကြောင်းတွေ ပြောခဲ့ဖူးလား"

ချန်းရွိး ရုတ်သေက မေးလိုက်သည်။

"မပြောဖူးပါဘူး၊ ဒါပေမဲ့ ကျွန်တော်က လိုဏ်ဂူတွင်းမှာ အရိုးစုတွေ တွေ့ခဲ့ရတယ်၊ ပြီးတော့ ကျောက်နံရံပေါ်မှာလည်း စာသားတွေ ရေးထွင်းထားတာကို ဖတ်ခဲ့ရပါတယ်"

"ဟုတ်လား၊ စာသားတွေကကော ဘာတွေလဲ"

"ယုတ်ညံ့သည်၊ ရွက်ဖွယ်ကောင်းသည်၊ အံ့ရည်အချင်နိမ့်သည်၊ သတ္တိမရှိ၊ ဖန့်၊ စုန်း၊ ကျောက်၊ ဟို့၊ ဟင်စမ်းအဖွဲ့ရဲ့ ဓားရေးကို ဖြိုခွင်းခဲ့တာ ဒီနေရာမှာပဲ စသည်ဖြင့် တောင်ငါးလုံးအဖွဲ့ကို ဆဲရေးတိုင်းထွာတဲ့ စာသားတွေပါ"

"ဂူစမ်းအဖွဲ့က ဒီစာကြောင်းတွေ ခုထိ ဘာဖြစ်လို့ မဖျက်သေးတာလဲဆိုတာ အံ့သြစရာပဲ"

"ဒါက ကျွန်တော် တစ်ယောက်သာ အမှတ်မထင် သွားတွေ့တာ ဖြစ်ပါတယ်၊ တခြားလူ ဘယ်သူမှ သိပုံမရပါဘူး"

"ဒါဆိုရင်တော့ မှားစရာအကြောင်း မရှိတော့ဘူး ဒကာလေး၊ တစ်ယောက်က ရွှေမျောက် နတ်ဘီလူး ကျန်းစင့်ဖုံးပဲ၊ နောက်တစ်ယောက်ကတော့ မျောက်ဝံဖြူ နတ်ဘီလူး ကျန်းစင့်ယင် ဖြစ်တယ်၊ ပြောသံကြားဖူးတာတော့ သူတို့ ညီအစ်ကိုနှစ်ယောက် အသုံးပြုတာက ကြေးတုတ်နဲ့သံတုတ်လို့ ဆိုတယ်"

"မှန်ပါတယ်၊ ဂွာစမ်းအဖွဲ့ကို ဖြိုခွင်းတာဟာ ကုတ်သိုင်း ဖြစ်ပါတယ်၊ မထင်မှတ်အောင်ကို ဆန်းပြားပါတယ်"

"ဒကာလေး ပြောပုံကို ထောက်ဆကြည့်ရင် ကုန္ဒာဏ်ဦးစီး ဆယ်ယောက်ကို တောင်ငါးလုံး သွေးစည်းအဖွဲ့က လိုဏ်ဂူထဲ မျှားခေါ်ပြီး ပြန်မထွက်နိုင်အောင် ပိတ်ထားလိုက်တယ်နဲ့ တူတယ်"

"တပည့်တော်လည်း ဒီလိုပဲ တွက်ဆမိပါတယ်၊ မခံမရပ် နိုင်လွန်းလို့ ကျောက်နံရံပေါ်မှာ စာတွေထွင်းခဲ့ပြီး တောင်ငါးလုံး သွေးစည်းအဖွဲ့ကို ဖြိုခွင်းတဲ့ သိုင်းကွက်တွေကို နောင်လာနောက်သား တွေ မြင်နိုင်အောင် ရေးထွင်းထားခဲ့တဲ့ သဘောပဲ ထင်ပါတယ်၊ အရိုးစုတွေဘေးမှာ တောင်ငါးလုံး သွေးစည်းအဖွဲ့ရဲ့ မားရှယ် တွေလည်း တွေ့ရပါတယ်"

ဆရာတော်ကြီး ဝှမ်းသိမ့်သည် တခဏကြာ တွေးတောစဉ်းစားပြီး ဆက်ပြောသည်။

"ဒါကတော့ စဉ်းစားရကြပ်ကြပ်ပဲ၊ ကုမ္ဘာဏ်ဦးစီး ဆယ် ယောက်ကို တောင်ငါးလုံး သွေးစည်းအဖွဲ့ဝင်တွေဆီက လှယူ ထားတာလားမှ မပြောတတ်တာ၊ ဒကာလေးက ဘယ်သူ့ကို ပြောမပြဘူးလား"

"လိုဏ်ဂူထဲမှာ တွေ့ခဲ့တာတွေကို တပည့်တော် ဆရာနဲ့ ဆရာကတော်ကိုတောင် ပြန်မပြောရသေးပါဘူး"

"ဒါဖြင့် ညီတော်လေးရဲ့ အထွတ်အထိပ် ဓားကွက်တွေက ခကျာက်နံရံပေါ်က သင်ယူရရှိတာလား"

ချန်းခွီး ရသေ့ကြီးက ဝင်မေးလိုက်သည်။

"မဟုတ်ပါဘူး ဆရာ ယဲ့ပို့ချင် သင်ပေးတာနဲ့ ဆရာကြီး ဖုန်းချင်းယန် သင်ကြားပေးတဲ့ ဓားကွက်ပါ"

"ချန်းခွီး ရသေ့၊ ဝှမ်းသိမ့် ဆရာတော်ကြီးနှင့် လင်းဟူစုန်းတို့ စကားပြောခဲ့ကြသည်မှာ နေပင်စောင်းနေပြီ။

"ဦးစီးဆယ်ယောက်ဟာ အသက်ဆုံးသွားကြပေမဲ့ ဂွာစမ်း အဖွဲ့ ညီအစ်ကိုတော်နှစ်ယောက် ပြန်ပြီးရေးသားခဲ့တဲ့ ပန်းနေကြာ သိုင်းကျမ်းစာအုပ်ကတော့ အလုခံလိုက်ကြရတယ်၊ ဒီတော့ ဂိုဏ်းချုပ် လင့်ဝေါစိမ်က တုန်းဝှမ်းပုပိုက်ကို လက်ဆင့်ကမ်းလိုက် တယ်ဆိုတာ အဲဒီ ပြန်ပြုစုထားတဲ့ စာအုပ်ပဲ ဖြစ်မယ်၊ ပြည့်စုံမှာ မဟုတ်ဘူး၊ လင်ယန်းထူ သိသလောက်တောင် မစုံလင်ဘူး"

ဆရာတော်ကြီး၏ စကားအဆုံးတွင် ချန်းခွီး ရသေ့ကြီးက ဖြည့်စွက်ပြောဆိုပြန်သည်။

လင်ယန်းထူဟာ ဖုဝေး သယ်ယူပို့ဆောင်ရေးကို စတည် ထောင်တဲ့လူပဲ၊ မကောင်းတဲ့ မိစ္ဆာကောင်တွေကို ခုနစ်ဆယ့်နှစ်ကွက် မိစ္ဆာရှင်း ဓားသိုင်းနဲ့ ရှင်းလင်းခဲ့တဲ့သူ ဖြစ်တယ်"

ချန်းခွီး ရသေ့ကြီး၏ စကားကို လင်းဟူစုန်း သဘော မပေါက်နိုင်ချေ။

ဘယ်၊ ဒီတော့ ဒကာလေး လင်းဟူစုန်းကို သဘောပေါက်အောင် ရှင်းပြလိုက်ပါဦး"

"တပည့်တော်ကတော့ ဆရာတော်ကြီးနဲ့ အကြောင်းသိမို့ပါ၊ ဒို့ပြင်လူဆိုရင် တမင်ခနဲ့ပြောတယ်လို့ ထင်စရာဖြစ်မယ်၊ ဓားရေးမှာ ဘပည့်တော် အထွတ်အထိပ် မဟုတ်တော့ပါဘူး၊ လူစွမ်းကောင်းလေး လင်းဟူစုန်းသာ အထွတ်အထိပ် ဖြစ်ပါတယ်"

ချန်းရွိး ရသေ့က ပြုံး၍ပြောလိုက်သည်။

"လူစွမ်းကောင်းလေး လင်းဟူစုန်းက ဓားရေးကောင်းပေမဲ့ ရသေ့ကြီးလောက် ဓားရေး ဗဟုသုတ မများပါဘူး၊ ကိုယ့်အချင်းချင်း တွေ့ပဲ အားနာစရာ မလိုပါဘူး"

ချန်းရွိး ရသေ့ကြီးသည် သက်ပြင်းတစ်ချက်ချပြီး ပြောလိုက်သည်။

"စင်စစ် တပည့်တော် သိကျွမ်းတဲ့ ဓားရေး ဗဟုသုတဆိုတာ ကလည်း သမုဒ္ဒရာ ရေပြင်ကျယ်ထဲက ရေစက်ကလေး တစ်ပေါက် လောက်ပါပဲ"

ဆရာတော်ကြီးကို ပြောပြီးနောက် ချန်းရွိး ရသေ့ကြီးသည် လင်းဟူစုန်းဘက် လှည့်ပြောပြန်သည်။

"ခု မိစ္ဆာရှင်း ဓားရေးဟာ လင်ယန်းထူ လက်ထက်က ဓားရေးနဲ့ အများကြီးကွာသွားပြီး လင်းကျင်နန်း လက်ထက်မှာ ဓားရေး အလွန်ညံ့ဖျင်းသွားပါပြီ၊ လင်ယန်းထူ လက်ထက်မှာ တုန်းက စန်းရှမြို့နယ် အနောက်ကြောမှာ လင်ယန်းထူရဲ့ ဓားရေး

"ဆရာကြီး လင်ယန်းထူကကော နေကြာသိုင် တတ်
လား"

"သူက စောစောတုန်းက ကျုပ် ပြောခဲ့တဲ့ သုယွမ် ဆ
တော် ဆိုတာပါပဲ"

လင်းဟူစုန်းသည် ထိ ်းနှင့် အံ့အားသင့်သွား၏။

"လတ်စသတ်တော့ ဒီလိုကိုး"

"ဟုတ်တယ် ရဟန်းဘဝကနေ လူပြန်ထွက်လိုက်
မူလက သူ့ နာမည်အတိုင်း လင်ယန်းထူ ဖြစ်သွားတာပေါ့"

"သုယွမ် ဆရာတော်ကြီးက ညီတော် လင်းဖင်းကျည်
ဘိုးတော်ဆိုတာ ခုမှပဲ တပည့်တော် သဘောပေါက်ပါတော့တယ်

"ဟုတ်ပါတယ် လူဝတ်လဲပြီး ဖုဝေး သယ်ယူပို့ဆော
ရေးကို ထူထောင်တာပဲ၊ ဘုရားတရား အလုပ်ကို အချိန်ပြ
မလုပ်နိုင်တော့ပေမဲ့ စိတ်သဘောထား ဖြူစင်တယ်၊ လူချစ်လူ
လည်း များပါတယ်"

"ဆရာကြီး လင်ယန်းထူက တပည့်တော်တို့ ဂုာစမ်းအဖွဲ့
ရှေးဆရာကြီး ဝင်းရှောင်နဲ့ စူးကျိဖုန်းဆီက နေကြာသိုင်း သ
တရားကို ရသွားပြီး နောက်ဆုံး မိစ္ဆာရှင်းဓားရေး တစ်ဖြစ်လဲသွ
တာလား ဘုရား၊ တပည့်တော် ကြည့်ခဲ့တဲ့ မိစ္ဆာရှင်း ဓား
ကတော့ အထွတ်အထိပ် မကျပါဘူး"

ဂုမ်းသိမ့် ဆရာတော်ကြီးက ချန်းရွိး ရသေ့ကြီးကို ကြည့်ပြီး

"ဂူတန်းဂိုဏ်းချုပ် ရသေ့ကြီးက ဓားရေးမှာ ကျုပ်ထ
သာတယ်၊ အထွတ်အထိပ်လဲ ကျတယ်၊ ဗဟုသုတလည်း ကြွယ်

"တပည့်တော်အထင် လင်ယန်းထူဟာ ရှောင်လင်ဆရာတော်ရဲ့ တပည့်ဖြစ်လို့ မူလကတည်းက ဓားရေးထက်မြက်ပြီးသားဖြစ်ဟန်တူပါတယ်၊ သူ့ရဲ့ မိစ္ဆာရှင်းဓားရေးဆိုတာလည်း ရှောင်လင်ဆရာဖောက်ရဲ့ ဓားကွက်တွေကို အနည်းအကျဉ်း ပြုပြင်ထားတာနေမှာပဲ"

"ငါလည်း ညီတော်လေး ပြောတဲ့အတိုင်း စဉ်းစားခဲ့ကြဖူးတယ်၊ မိစ္ဆာရှင်းဓားရေးဟာ ရှောင်လင်ဓားရေးနဲ့ မတူဘူး၊ တခြားစီပဲ၊ မြင်တာနဲ့သိတယ်၊ လုယက်ချင်သူတွေ များနေတဲ့အထဲမှာ စိမ်းကားဂိုဏ်းချုပ် ဂျပု မျက်နှာပြောင်တိုက်ပြီး အရင်ဦးအောင်ယူတယ်၊ ဒါပေမဲ့ ရီစန်းဟိုင်ဟာ ဦးနှောက်အရာမှာ ယဲ့ပို့ချွင်ကို မမီဘူး၊ ယဲ့ပို့ချွင်က ဘေးကနေ အသာလက်ပိုက်ကြည့်ရင်း အကြံထုတ်နေတော့ ရီစန်းဟိုင် သူ့ကို မမီတော့ဘူး"

လင်းဟူစုန်း၏ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ရသေ့ကြီး ရသေ့ကြီး ဘယ်လိုပြောလိုက်တာပါလဲ"

"ဒီလိုပါ ညီတော်လေး၊ လင်းဖင်းကျည်ကို ယဲ့ပို့ချွင်က တပည့်အဖြစ် လက်ခံသိမ်းပိုက်လိုက်တော့ မိစ္ဆာရှင်းဓားရေးကျမ်းလည်း သူ့ဆီ အလိုအလျောက် ရောက်သွားပေတော့တာပဲပေါ့၊ ပြီးတော့ ယဲ့ပို့ချွင်က သူ့သမီးလေးကို လင်းဖင်းကျည်နဲ့ ထိမ်းမြားပေးတော့မယ်လို့ ပြောသံကြားရပါတယ်၊ ဟုတ်လား တကယ်ကောင်းတဲ့ စီတ်ကူးပါပဲ"

လင်းဟူစုန်းသည် ရသေ့ကြီး၏ စကားကို စိတ်ဆိုးမိသော်လည်း ပြန်လည်စဉ်းစား ကြည့်သောအခါ ရသေ့ကြီး၏

ဟာ ပထမပဲ၊ စိမ်းကားအဖွဲ့ချုပ်တောင် လင်ယန်းထူရဲ့ ဓားရောင်ဆုံးရှုံးခဲ့ရဖူးတယ်၊ အဲဒီ သိုင်းကျမ်းကို တွေ့ခွင့်ရရင် မိစ္ဆာရှင်းဓားကျမ်း ဟုတ်မဟုတ် အကဲခတ်နိုင်မယ်"

"ညီတော် လင်းဖင်းကျည်ရဲ့ မိဘတွေဆုံးပါးပြီး အိုးပျက်အိမ်ပျက် ဖြစ်ခဲ့ရတာလည်း ဒီသဘောပါပဲ"

"ဟုတ်တယ် လင်းကျင်နန်းဟာ လင်ယန်းထူရဲ့ အထွတ်အထိပ် သိုင်းပညာကို မသင်ကြားခဲ့ရဘူးလို့လည်း လူတိုင်း ပြောနေကြတယ်၊ ပြီးတော့ အဲဒီ ဓားရေးကျမ်းအစုံသာ လင်ယန်းထူလုက်ထဲရောက်ခဲ့ရင် သူမတူအောင် ထူးခြားအောင် လေ့ကျင့်နိုင်မယ်လို့လည်း လူတိုင်းက ဝေဖန်မိကြတယ်"

"ညီတော်လေး နှစ်ပေါင်းတစ်ရာအတွင်း ခုပါတော့ လင်ယန်းထူလို ဓားရေးမှာ ထိပ်ဆုံးရောက်တဲ့ သိုင်းသမားတွေ ရှောင်လင်အဖွဲ့ထဲမှာလည်း ထွန်းပေါ်ခဲ့ဘူးတာပဲ၊ ဝူတန်းမှာလည်း ရှိဖူးတယ်၊ ဝေါမေအဖွဲ့၊ ခွန်းလွန်အဖွဲ့၊ နောက်ဆုံး တောင်ငါးထူးအဖွဲ့ထဲမှာလည်း ပေါ်ပေါက်ခဲ့ဘူးပါတယ်၊ ဒီဓားရေး ဘယ်လောက်ပဲ ထက်မြက်ထက်မြက် ဘယ်သူမှ ဖုဝေးမှာ သွားသင်ချင်စိတ် မရှိဘူး၊ ခု အလုအယက် လိုချင်နေကြတာကတော့ ကိုယ့်မျိုးဆက်ရဲ့ ဓားရေးက ကျော်ကြားခဲ့ပါလျက်နဲ့ လင်းကျင်နန်းကမှ ဓားရောင်ညံ့ဖျင်းသွားတာကိုး၊ ဘယ်လိုဖြစ်နေလဲဆိုတော့ သုံးနှစ်သားအရွယ်လေး တစ်ယောက်ကို လည်မှာရွေတုံးကြီး ချိတ်ဆွဲပေးထားပြီး လူစည်ကားတဲ့ဈေးထဲ လမ်းလျှောက်ခိုင်းထားသလို ဖြစ်နေလို့ပဲ၊ လူတိုင်းက လိုချင်ကြရော"

စကားသည် ဟုတ်မှန်နိုင်စရာရှိကြောင်း ရေးတေးတေး မြင်လာသည်။ လောင်းသက်လို့နှင့် ယဲ့လင်စမ်းအား ဖျက်ချီးသို့စေလွှတ်ပြီး အရက်ဆိုင် ဖွင့်ခိုင်းခဲ့ဖူးသည်။ ထိုစဉ်က သဘောမပေါက်ခဲ့သော်လည်း ယခုမှ ဆရာ ယဲ့ပို့ချင်သည် မိစ္ဆာရှင်းစားရေးနှင့် ပတ်သက်၍ အကြံအစည် တစ်ခုခုရှိကြောင်းကို ဆက်စပ်တွေးမိသည်။

လင်းဟူစုန်း၏ မျက်နှာအမူအရာ အမျိုးမျိုး ပြောင်းလဲလှုက်ရှိသည်။

လင်းဟူစုန်းသည် ဆရာ့အပေါ် အလွန်တွယ်တာကြောင်း ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ချန်းရှီး ရသေ့ကြီးတို့ အကဲခတ်မိကြ၏။

"ဒီစကားတွေကို ကျုပ်နဲ့ရသေ့ကြီးက အလကားစိတ်ကူးနဲ့ မှန်းဆပြီး ပြောနေတာပါ၊ တကယ်တော့ ဒကာလေးရဲ့ဆရာက တည်ကြည်မှန်ကန်သူ တစ်ယောက်ဖြစ်တာကြောင့် သိုင်းလော့က တစ်ခွင်မှာ သမာဓိစားဆိုတဲ့ဘွဲ့တောင် ရရှိခဲ့တာပဲ၊ ကျုပ်တို့ စိတ်ကူးနဲ့ပြောကြတာ ဟုတ်ချင်မှဟုတ်မှာပါ"

ရှောင်လင်ဆရာတော်ကြီးက ချန်းရှီး ရသေ့ကြီး၏ စကားကို လင်းဟူစုန်း စိတ်ထဲတွင် ကျေရာကျကြောင်း ဖြေပြောလိုက်သည်။ ချန်းရှီး ရသေ့ကြီးမှာမူ ပြုံးနေလေသည်။ လင်းဟူစုန်း၏ ဦးနှောက်သည် အတွေးများစွာဖြင့် ရှုပ်ထွေးနေ၏။ သို့သော် ချန်းရှီး ရသေ့ကြီး၏ စကားသည် ဟုတ်မှန်နိုင်ကြောင်း လင်းဟူစုန်း တွက်ဆမိသည်။

"ရှောင်လင်ကျောင်းတိုက်မှာ ဂိုဏ်းချုပ် လင့်ဝေါစိမ်နဲ့ ကျိုလိန်းရှန်းတို့ ယှဉ်ပြိုင်ကြတုန်းက အစ်ကိုကြီး ရှန်းဝဲ့ထျန်း အော်ပြောတာကို ကြားခဲ့ရပါတယ်၊ ကျိုလိန်းရှန်း အသုံးပြုတာက မိစ္ဆာရှင်းစားရေး ဖြစ်တယ်ဆိုတာ ဟုတ်မဟုတ် တပည့်တော်ကို ဝေခွဲပြစေလိုပါတယ်"

ချန်းရှီး ရသေ့ကြီးက ခေါင်းခါယမ်းပြလိုက်သည်။

"ငါလည်း စဉ်းစားလို့ မရသေးဘူး၊ ကျိုလိန်းရှန်းဟာ ညီတော်လေးရဲ့ဆရာကို အကြပ်ကိုင်ပြီး မိစ္ဆာရှင်းစားရေးကျမ်းကို ရယူချင်တာလည်း ဖြစ်နိုင်တယ်၊ ပြီးတော့ နှစ်ယောက်တိုင်ပင် ညှိနှိုင်းပူးပေါင်း လေ့ကျင့်တာလည်း ဖြစ်နိုင်တယ်၊ လက်ချောင်းတွေကို ဓားအဖြစ် အသုံးပြုပြီး တိုက်ခိုက်တော့ မိစ္ဆာရှင်းစားကွက် ဟုတ်မဟုတ်ဆိုတာလည်း အဆုံးအဖြတ် ပေးဖို့မလွယ်ဘူး"

"ညီတော် လင်းဖင်းကျည် အသုံးပြုတဲ့ မိစ္ဆာရှင်းစားရေးကို တပည့်တော် အကုန်မြင်ဖူးပါတယ်၊ ကျိုလိန်းရှန်း အသုံးပြုတဲ့ အကွက်နဲ့ တော်တော်များများ ဆင်ဆင်တူပါတယ်၊ အချို့အကွက် တွေကျပြန်တော့ လုံးဝ လွဲချော်ပါတယ်"

ဤသို့ ပြောဆိုပြီးနောက် လင်းဟူစုန်းသည် လင်းကျင်နန်း မသေမီက သားဖြစ်သူ လင်းဖင်းကျည်ကို ပြောခိုင်းသည့် အကြောင်းကို ပြန်လည် ရှင်းပြလိုက်သည်။

"ညီတော် လင်းဖင်းကျည်ရဲ့ဖခင် လင်းကျင်နန်းကတော့ လူတစ်ယောက်ကို အတောင် အဆင်သေးတတ်ပါတယ်၊ မိစ္ဆာရှင်းစားရေးကျမ်းကို တပည့်တော် ခိုးကြည့်မှာစိုးတာကြောင့် ကြည့်မိရင် အန္တရာယ် အလွန်ကြီးမားတယ်လို့ ခြိမ်းခြောက်သွားတယ်"

ဒကာလေးရဲ့ ဆရာ့ဆီမှာ နည်းနည်းပါးပါး ရှိတယ်၊ ကျိုလိန်းရှန်းလက်ထဲမှာလည်း နည်းနည်းပါးပါး ရှိတယ်၊ စုံစုံလင်လင် မရှိနိုင်တာ အမှန်ပဲ၊ ကျိုလိန်းရှန်းက ကုမ္ပာဏ်ဂိုဏ်းအဖွဲ့ကို အပြတ်ရှင်းပြီး ရှောင်လင်အဖွဲ့ကိုလည်း အနိုင်ယူနိုင်ဖို့ ကြိုးစားမယ်၊ ပြီးတော့ ပန်းနေကြာ စွယ်စုံကျမ်းကို အပြည့်အစုံရရှိအောင် ကြိုးပမ်းမယ်ဆိုရင် သိုင်းလောကမှာ ပြဿနာများတော့မှာပဲ”

“ဆရာတော်ကြီးနဲ့ ရသေ့ကြီးက အသိအမြင် ကြွယ်ဝကြပါတယ်၊ ရှောင်လင်ကျောင်းမှာ ကျိုလိန်းရှန်း သုံးသွားတာဟာ ပန်းနေကြာသိုင်း ဟုတ်လား”

ဝှမ်းသိမ့် ဆရာတော်ကြီးသည် ချန်ရှိး ရသေ့ကြီးအား တစ်ချက်လှမ်းကြည့်ပြီး ...

“ရသေ့ကြီးရဲ့ အယူအဆကကော ဘယ်လိုရှိသလဲ”

“ဆရာတော်ကြီးနဲ့ တပည့်တော်က ပန်းနေကြာ စွယ်စုံကျမ်းကို တစ်ခါမှ မတွေ့ဖူးတော့ မှန်းဆဖို့ခက်ပါတယ်၊ မှန်းဆပြီး ပြောရရင်တော့ ကျိုလိန်းရှန်းဟာ အဲဒီနေ့က အသုံးပြုသွားတဲ့ သိုင်းကွက်ကို သူကိုယ်တိုင် တီထွင်နိုင်မှာ မဟုတ်ပါဘူး”

“ဟုတ်ပါတယ် ရသေ့ကြီး”

“ကျိုလိန်းရှန်းက မိစ္ဆာရှင်း ဓားရေးကျမ်းကို ရထားတယ်ပဲဖြစ်ဖြစ်၊ ပန်းနေကြာ သိုင်းပညာကို တတ်ထားတယ်ပဲဖြစ်ဖြစ် အမြင့်ဆုံးအဆင့်ကို မရောက်သေးပါဘူး၊ ဒီတော့ ဆယ့်ငါးရက်နေ့ ကျရင် တောင်ငါးလုံး သွေးစည်းအဖွဲ့ကို ဖျက်သိမ်းပြီး ဂိုဏ်းကြီး တစ်ဂိုဏ်းအဖြစ် ပေါင်းစည်းဖို့ ရည်ရွယ်ထားတယ်၊ စုန်းစမ်း

“ညီတော်လေး သူ့သားကို ဘယ်လိုပြောဖို့မှာသွားလဲ”

“ဦးလေး လင်းကျင်နန်းဟာ စိမ်းကားအဖွဲ့နဲ့ မြောက်ကျွန်းခါးကုန်းတို့ရဲ့ လက်ချက်ကြောင့် အသက်ငွေ့ငွေ့ ရှိတော့တဲ့အချိန်မှာ တပည့်တော်နဲ့ သွားဆုံမိပါတယ်၊ ဖုကျိုးမြို့ နေမူလမ်းကြားထဲက ဘိုးစဉ်ဘောင်ဆက်ရဲ့ပစ္စည်းကို ကောင်းမွန်စွာ ထိန်းသိမ်းဖို့ လင်းဖင်းကျည်ကို ပြောခိုင်းတာပါ၊ အဓိကတော့ သက်နန်းပေါ်မှာ ရေးထားတဲ့ မိစ္ဆာရှင်းဓားရေးပါပဲ၊ ခုမှ တပည့်တော် သဘောပေါက်တယ်၊ လင်ယန်းထူက မူလက ဘုန်းကြီးဆိုတော့ ဓားရေးကို သက်နန်းပေါ်မှာ ရေးသွားတာပဲ ဖြစ်မယ်”

“ညီတော်လေး ယူဆတာ ဖြစ်နိုင်တယ်၊ ဝင်းရှောင်နဲ့ စူးကျိဖုန်းတို့ နှစ်ယောက်ဆီက သူ တစ်ဆင့်ကြားရတဲ့အချိန်မှာ သူက ဘုန်းကြီးဆိုတော့ သက်နန်းပေါ်မှာ ရေးမှတ်ထားခဲ့တာ ဖြစ်မယ်”

“ကြားရတာ ရယ်စရာကောင်းပါတယ်၊ ဦးလေး လင်းကျင်နန်းမှာ သွားတာတော့ အဲဒီပစ္စည်းကို ဖွင့်ကြည့်ရင် အလွန်အန္တရာယ်ကြီးမားတယ်တဲ့၊ သူတို့ သိုင်းပညာကိုလည်း တပည့်တော် အပိုင်စီးမှာစိုးလို့ ထင်ဖါတယ်”

“ညီတော်လေး လင်းဖင်းကျည်ကို ပြန်ပြောလိုက်သလား”

“ကတိပေးပြီးတဲ့နောက် တပည့်တော် တစ်ခွန်းမကျန် ပြန်ပြောလိုက်ပါတယ်”

“ဒကာလေး အမှန်တော့ ပန်းနေကြာ စွယ်စုံကျမ်းဟာ ခုချိန်မှာ ကုမ္ပာဏ်ဂိုဏ်းထဲမှာ အနည်းအကျဉ်း ရှိတယ်၊ ပြီးတော့

"ရသေ့ကြီးပြောတာ ဟုတ်ပါတယ်၊ စာပဲညှဉ်တော် ကိုယ်တိုင်ကာ အရက်အလွန်ကြိုက်ပြီး စည်းကမ်းလည်း မကောင်းတော့ သူများကို ထိန်းချုပ်ဖို့ သိပ်လွယ်မှာ မဟုတ်ဘူး"

"စည်းကမ်း မကောင်းတာကမှ အများကြီး တော်လိမ့်ဦးမယ်၊ လောဘကြီးတဲ့သူ ဂိုဏ်းချုပ်ဖြစ်မှ ပိုဆိုးမယ်၊ ညီတော်လေးဘောင်ငါးလုံး ဂိုဏ်းချုပ်ဖြစ်ရင် ကုမ္ပဏီအဖွဲ့ကို တိုက်မှာမဟုတ်ဘူး၊ ရှောင်လင်နဲ့ ဝူတန်း အဖွဲ့တွေကိုလည်း ဝါးမျိုဖို့စဉ်းစားမှာ မဟုတ်ဘူး"

"ကျုပ်လည်း ဝူတန်းဂိုဏ်းချုပ် ရသေ့ကြီးနဲ့ တစ်သဘောတည်းပါပဲ ဒကာလေး၊ အများရဲ့ အကျိုးအတွက်လည်း ဖြစ်တယ်၊ ကိုယ့်ရဲ့ အကျိုးစီးပွားကို ကာကွယ် စောင့်ထိန်းရာလည်း ကျပါဘယ်"

"ငါတို့ ဒီကိုလာကြတဲ့ ပထမအချက်ဟာ ညီတော်လေးရဲ့ မင်္ဂလာ အခမ်းအနားအတွက်ပဲ၊ ဒုတိယ အချက်ကတော့ ဘည်ကြည်တဲ့အဖွဲ့ရော မတည်ကြည်တဲ့အဖွဲ့ရော ဆိုပါတော့၊ အဲဒီလူတွေရဲ့ ကောင်းကျိုးအတွက် ညီတော်လေးကို အကြပ်တောင်းဆိုဖို့ပါပဲ"

ရသေ့ကြီး၏ စကားအဆုံးတွင် ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးက သာဓုသုံးကြိမ် ခေါ်လိုက်၏။

"ဒကာလေးက လာသည့်ကိစ္စကို လက်မခံရင် သိုင်းလောကမှာ **ဘယ်လောက်** ပြဿနာကြီးကျယ်ဦးမယ် မပြောတတ်ဘူး"

လင်းဟူစုန်းက တခဏ **တွေး**တောပြီး ပြန်ပြောသည်။

တောင်ပေါ်ကို ဖိတ်ထားတယ်၊ ဂိုဏ်းချုပ်အဖြစ် တစ်ယောက်ယောက်ကို ရွေးချယ်ဖို့ အစီအစဉ်ရှိတယ်၊ ဒကာလေး ဘယ်လို သဘာရလဲ"

"ရွေးချယ်စရာ အကြောင်းမရှိတော့ပါဘူး၊ ဂိုဏ်းချုပ်နေရာကို ကျုိလိန်းရှန်းပဲ ယူတော့မှာပေါ့"

"ဒကာလေး လင်းဟူစုန်း မင်ြင်းဆန်တော့ဘူးလား"

"အားလုံးက သဘောတူပြီး တပည့်တော် တစ်ယောက်ပဲ ငြင်းဆန်ရင်လည်း အချည်းအနှီးပေါ့"

"တောင်ငါးလုံး သွေးစည်းအဖွဲ့ကို ဖျက်သိမ်းပြီး တစ်ဖွဲ့တည်း ပြန်ဖွဲ့ရင် ဂိုဏ်းချုပ်တစ်ဦးဦးတော့ ရွေးချယ်ရမှာပဲ၊ ဒီတော့မှ ကျန်အဖွဲ့တွေလည်း သဘောတူနိုင်မယ်၊ ဒကာလေး လင်းဟူစုန်း ကြိုးစားရင် ကျုိလိန်းရှန်းကို အနိုင်ရပြီး ဂိုဏ်းချုပ်ဖြစ်လာနိုင်စရာ ရှိပါတယ်"

ဝှမ်းသိမ့် ဆရာတော်ကြီး၏ စကားကို ကြားရသည်တွင် လင်းဟူစုန်းသည် ငေးကြောင်နေမိသည်။

"ဆရာတော်ကြီးနဲ့ငါ ဆွေးနွေးပြီးကြပြီ၊ ညီတော်လေးဟာ စိတ်သဘောထား ဖြောင့်မတ်တယ်၊ ပကာသနလည်း မမက်မောဘူး၊ တစ်ခုပဲ ပြောစရာရှိတယ်၊ ညီတော်လေး တောင်ငါးလုံး ဂိုဏ်းချုပ် ဖြစ်လာရင် စည်းကမ်း သိပ်တင်းကြပ်ဖို့လိုမယ်၊ နို့မို့ရင် သိုင်းလောကရဲ့ ကောင်းကျိုးကို သယ်ပိုးနိုင်မှာ မဟုတ်ဘူး"

လင်းဟူစုန်းက သဘောကျစွာ ရယ်လိုက်သည်။

"ကြည့်မနေနိုင်ပါဘူး"

"ပြီးတော့ ညီတော်လေးရဲ့ ဝှာစမ်းအဖွဲ့က ဆရာ၊ ဆရာကတော်နဲ့ ညီတော်၊ နှမတော်တွေကို ကျိုလိန်းရှန်း ရက်စက်ချင်တိုင်း ရက်စက်တာကို မျက်စိဒေါက်ထောက်ပြီး ကြည့်နေတော့မှာလား"

လင်းဟူစုန်းသည် နောက်သို့ နှစ်လမ်းဆုတ်လိုက်ပြီး ဆရာတော်ကြီးနှင့် ရသေ့ကြီးတို့ကို လက်အုပ်ချီ၍ ဂါရဝပြုလိုက်သည်။

"တပည့်တော် သဘောပေါက်ပါပြီ"

"နောက်လ ဆယ့်ငါးရက်နေ့မှာ ကျုပ်နဲ့ ဝူတုန်းဂိုဏ်းချုပ် ရသေ့ကြီးက နောက်ပါတပည့်တွေခေါ်ပြီး ဒကာလေး လင်းဟူစုန်းကို လာရောက် အားပေးသမူပြုပါ့မယ်"

"ဟုတ်တယ် စုန်းစမ်းအဖွဲ့က မတော်မတရားပြုရင် ဆရာတော်ကြီးနဲ့ ငါနဲ့ တားဆီးမှုပြုရမှာပဲ"

လင်းဟူစုန်းသည် ဝမ်းသာအားရစွာ စိတ်ထဲမှ ရေရွတ်မိ၏။

"ကဲ ... ပြန်ကြပါစို့၊ ဂိုဏ်းချုပ်အသစ် ရတ်တရက် ပျောက်သွားတော့ လူတိုင်း တွေးစရာ ဖြစ်နေကြတော့မယ်"

ချန်းရှီး ရသေ့ကြီး၊ ရှောင်လင်ဆရာတော်ကြီးနှင့် လင်းဟူစုန်း ထိုင်ရာက ထလိုက်၏။ သုံးဦးသား လှမ်းထွက်လာသည်။ ဆယ်လှမ်းမျှ မပြည့်သေးမီတွင် ရပ်တန့်သွားသည်။

"ဘယ်သူလဲ ပြောစမ်း"

သဘာဝပေါင်း ကူးတံတား၏ တစ်ဘက်တွင် အသက်ရှူသံကို ကြားလိုက်ရသောကြောင့် လင်းဟူစုန်း လှမ်းအော်မေးလိုက်ခြင်း ဖြစ်သည်။ ပေါင်းကူးတံတား၏ တစ်ဘက်ရှိ

"ဆရာတော်ကြီးတို့ အမိန့်ရှိတာကို တပည့်တော် မပယ်ရှားဆံ့ပါဘူး၊ ဒါပေမဲ့တပည့်တော်က အသက်ငယ်ပါတယ်၊ အတွေ့အကြုံလည်း နည်းမါတယ်၊ ဟင်စမ်းဂိုဏ်းချုပ် လုပ်တာတောင် ပြောစရာဖြစ်နေပါပြီ၊ တောင်ငါးလုံး ဂိုဏ်းချုပ်လုပ်ဖို့ စိတ်လည်းမကူးဝံ့ပါဘူး၊ တစ်ခုရှိပါတယ် ဆယ့်ငါးရက်နေ့ကျရင် ကျိုလိန်းရှန်း ဂိုဏ်းချုပ်မဖြစ်အောင် တပည့်တော် သွားရောက်နှောင့်ယှက်နိုင်ပါတယ်၊ တပည့်တော် ကောင်းအောင်သာ မတတ်နိုင်ပဲရှိမယ်၊ ကဖျက်ယဖျက် လုပ်တဲ့နေရာမှာတော့ ထူးခွန်ပါတယ် ဘုရား"

"ဂိုဏ်းချုပ်တာဝန်ကို ညီတော်လေး ရှောင်ဖို့မကောင်းဘူး၊ တောင်ငါးလုံးက တစ်ဖွဲ့တည်းဖွဲ့လိုက်လို့ ကျိုလိန်းရှန်း ဂိုဏ်းချုပ်ဖြစ်သွားမယ်ဆိုရင် ညီတော်လေးရဲ့ ဟင်စမ်း တပည့်သားတွေရဲ့ ကံကြမ္မာဟာ တွေးဝံ့စရာမရှိဘူး၊ ညီတော်လေး တစ်ယောက်က အလွတ်ရှန်းနိုင်တယ်ထားတော့ တပည့်မတွေအတွက်ကတော့ ရင်လေးစရာပဲ"

လင်းဟူစုန်းသည် သက်ပြင်းကြီးတစ်ချက် ချလိုက်သည်။

"တပည့်တော် ဘယ်လိုလုပ်သင့်သလဲ"

"ညီတော်လေးက ခေါင်းမရှောင်ဖို့ပဲ၊ ခေါင်းရှောင်လိုက်ရင် ညီတော်လေးရဲ့ တပည့်တွေ တိမ်းရှောင်နိုင်မှာ မဟုတ်ဘူး၊ ပြီးတော့ သိမ့်ရှန် ဆရာလေးက ဒီလောက်များပြားတဲ့ တပည့်မတွေကို ညီတော်လေးကို စိတ်ချလို့ ပုံအပ်သွားတာကို ညီတော်လေးက ကျိုလိန်းရှန်း လက်ထဲကို ဝကွက်ပြီး အပ်တော့မှာလား၊ လည်စင်းပြီး ခံကြတာကို ကြည့်နေနိုင်ပါ့မလား"

ကျောင်းဆောင်အတွင်းမှ အသံတစ်သံ ထွက်ပေါ်လာ
ခဲ့သည်။

"အဆိပ်ရည်ရဲ့ အစွမ်းအစ အာနိသင်ကိုတော့ မြင်တဲ့
အတိုင်းပဲ၊ ကိုယ်ခန္ဓာပေါ် ထိမှန်ရင် ဘယ်လိုဖြစ်သွားမယ်ထင်လဲ"

ပြန်ဝသည်လည်း လင်းဟူစုန်းတို့ သုံးဦးအား ချိန်ရွယ်
ဆားသည်။ လင်းဟူစုန်းတို့သည် ပေါင်းကူးတံတားပေါ်၌ ဖြစ်နေ
သောကြောင့် ရှောင်တိမ်းရန် မလွယ်ကူပေ"

"ဂိုဏ်းချုပ် တုန်းဝမ်းပုပိုက် ပေးပို့ခိုင်းလိုက်တဲ့လက်ဆောင်
အတော်ကောင်းတယ်နော်၊ ဆရာ လင်းဟူစုန်း အရှုံးပေးလိုက်တာပဲ
ကောင်းမယ်ထင်တယ်"

အဆောင်တွင်းမှ ဦးကျပု၏ ကျယ်လောင်သော အော်ပြော
သံကြောင့် လင်းဟူစုန်းက တဟားဟား ရယ်မောလိုက်သည်။

"ရှောင်လင်ကျောင်းတိုက် ဆရာတော်ကြီးနဲ့ ဝူတန်းအဖွဲ့
ဂိုဏ်းချုပ်တို့ ကြွရောက်ပြီး စကားပြောနေတဲ့အချိန်မှာ ယုတ်ညံ့တဲ့
လူတွေ ရောက်လာလိမ့်မယ်လို့ မမျှော်လင့်မိဘူး၊ ဒီအခြေအနေ
ဆိုက်ရောက်လာတော့မှ အရှုံးမပေးလို့တော့ ဖြစ်နိုင်ပါ့ဦးမလား"

"ဂိုဏ်းချုပ် တုန်းဝမ်းပုပိုက်ဟာ ရှေးဆရာကြီးတွေကို
လေးစားရှိသေပါတယ်၊ နောက်ပေါက်ကိုလည်း လေးစားတာပါပဲ၊
အထူးသဖြင့် တက်လူကို ပိုပြီးအားပေး လေးစားပါတယ်၊
ဦးတော့ ဝါးစိမ်းနတ်ဒေဝီဟာ ဂိုဏ်းချုပ် တုန်းဝမ်းပုပိုက်နဲ့
ဘယ်စဉ်ကတည်းက အတူနေခဲ့တော့ ပတ်သက်ရာ ပတ်သက်
ကြောင်းလည်းရှိနေတဲ့ ဆရာလေး လင်းဟူစုန်းကို တို့တစ်တွေ
ဆင်သလို မပြုစုဝံ့ပါဘူး"

ကျောင်းဆောင်ထဲ၌ လူအများ ပုန်းအောင်းနေကြကြောင်း သုံးဦး
စလုံး ရိပ်စားမိလိုက်ကြသည်။

တဒုံးဒုံး တဒိုင်းဒိုင်း အသံများမြည်ကာ ကျောင်းဆောင်၏
ပြတင်းတံခါးများ ရုတ်တရက် ပွင့်ထွက်သွားသည်။ လင်းဟူစုန်း
တို့အား မြားနှင့်ပစ်ခွင်းရန် ချိန်ရွယ်ထားဟန်။

ဆရာတော်ကြီး ဝှမ်းသိမ့်၊ ချန်းရွှီး ရသေ့ကြီးနှင့် လင်းဟူစုန်း
တို့သည် အထွတ်အထိပ် သိုင်းသမားများ ဖြစ်သောကြောင့်
မြားဖြင့်ပစ်ခွင်းခြင်းကို အလေးမထားကြချေ။ သို့သော် ပေါင်းကူး
တံတားပေါ်တွင် ဖြစ်နေသောကြောင့် ရှောင်တိမ်းရန် မလွယ်ကူချေ
သုံးဦးစလုံးတွင် လက်နက်ဆို၍ အပ်တိုတစ်ချောင်းပင် ပါလာခြင်း
မရှိပေ။

လင်းဟူစုန်းသည် ရှေ့ဆုံးသို့သွားပြီး ဆရာတော်ကြီးနှင့်
ရသေ့ကြီးတို့ကို ကာကွယ်ထားလိုက်သည်။

"ဘာဖြစ်လို့ ပြောင်မတိုက်ဝံ့တာလဲ"

ထိုအခိုက် လူတစ်ယောက် အော်ဟစ်အမိန့်ပေးသံ ထွက်ပေါ်
လာသည်။

ညီမြဲမဲအရောင်ရှိသည့် အရည်များ ပန်းထွက်လာသည်၊
ငါးပုပ်နံ့ နံသောကြောင့် သုံးဦးသား အော့အန်ချင်စိတ် ဖြစ်လာသည်။

ထိုအရည်များ ကျရောက်ရာ နေရာများတွင် လောင်ကျွမ်း
ဆွေးရိသွားသည်။ လင်းဟူစုန်းတို့ သုံးဦးသား မျက်နှာပျက်သွား
ကြ၏။ မိမိတို့အား ထိအောင်ပက်ခြင်း မဟုတ်သဖြင့် တော်သေး
သည်ဟု စိတ်ထဲမှ ရေရွတ်မိသည်။

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ဂူတန်းအရှိ ဂိုဏ်းချုပ်တို့သည် အလစ်ကို ချောင်းမြောင်းနေကြသော်လည်း လက်နက်ပုန်းနှင့် ခုခံရန်ခက်ခဲသော အဆိပ်ရည် ဖြစ်နေသောကြောင့် ငြိမ်သက်နေလိုက်ကြရသည်။

"ဂိုဏ်းချုပ် တုန်းဝမ်းပုပိုက် အမိန့်ချမှတ်လိုက်ပါတယ်။ ရှောင်လင် ကျောင်းထိုင်ဆရာတော်၊ ဂူတန်းဂိုဏ်းချုပ် ရသေ့ကြီး ဆရာလေး လင်းဟူစုန်းတို့ကို တစ်ပါတည်း ဖိတ်ကြားခေါ်ဆောင်လာရမယ်တဲ့၊ ခုလို တစ်နေရာထဲမှာ သုံးဦးစလုံး တွေ့လိုက်ရတော့ အဆင်ပြေတာပေါ့၊ ခုချက်ချင်းပဲ သစ်ကနက်တောင်ထိပ် လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

လင်ဟူစုန်း တဟားဟား ရယ်မောလိုက်ရင်း အကြည့်ထုတ်လျက် ရှိသည်။ ကျုပ်က ထပ်မံ လှမ်းအော်ပြောလိုက်သည်။

"ပုဂ္ဂိုလ်သုံးဦးရဲ့ သိုင်းပညာက အလွန်မြင့်မားပါတယ်။ လမ်းခုလတ်ရောက်မှ ကမောက်ကမဖြစ်ပြီး ကျုပ်အနေနဲ့ တာဝန်မကျေပွန်ရာကျမှာလည်း စိုးတယ်၊ ဒါကြောင့် သုံးဦးစလုံးရဲ့ ညာလက်တစ်ဘက်စီကိုတော့ ဒုးယူသိမ်းဆည်း ထားလိုက်ချင်တယ်"

"ဘာပြောတယ် ညာဘက်လက် သုံးခုကိုဒုးမယ် ဟုတ်လား၊ ဘာသဘောလဲ"

လင်းဟုစုန်းက ပြန်မေးလိုက်သည်။

"ဟုတ်တယ် ညာဘက်လက် သုံးချောင်းကို ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် ဖြတ်ပေးလိုက်ရင် အကောင်းဆုံးပဲ၊ ကျုပ်လည်း စိတ်အေးသွားရမယ်"

လင်းဟူစုန်းက တဟားဟား ရယ်မောလိုက်ပြန်သည်။

"တုန်းဝမ်းပုပိုက်က ဒီသုံးဦးကို အသေအလဲ ကြောက်ရွံ့ပြီး အားမကိုင်နိုင်အောင် လက်ဖြတ်ခိုင်းတာကိုး၊ သူ့အတွက် စိတ်အေးအောင် ဖန်တီးတာဆိုပါတော့"

"ခင်ဗျားလို အစွမ်းအစရှိတဲ့ လူတစ်ယောက်ဟာ လင့်ဝေါစိမ်းတွက် အသုံးမကျတော့ဘူးဆိုရင် တအားပေါ့လေ၊ ကျောင်းထိုင်ဆရာတော်ကြီးနဲ့ ချန်းရှိး ရသေ့ကြီး အသက်ကိုစွန့်မလား၊ ဒါမှမဟုတ် လက်တစ်ဘက်ကို စွန့်မလား"

ဦးကျုပက အော်ပြောလိုက်သည်။

"တုန်းဝမ်းပုပိုက်က ငါ့လက်တစ်ဘက်ကို ဒုးချင်တယ်ဆိုရင် ဖြစ်ရမှာပေါ့"

ချန်းရှိး ရသေ့ကြီးက ပြန်ပြောလိုက်သည်။

ချန်းရှိး ရသေ့ကြီး၏ စကားဆုံးသည်နှင့် ပြတင်းပေါက်မှ သုံးခန် အရာတစ်ခု လွင့်လာသည်။ လင်းဟူစုန်း ရှောင်ဆုံးမှပဲနေသဖြင့် လွင့်လာသောအရာကို ဖမ်းဆုပ်လိုက်သည်။ လက်ထဲရောက်လာသောအရာကို လင်းဟူစုန်း ကြည့်လိုက်သောအခါ အလွန်အသွားထက်သော စက်ဝိုင်းကွင်း ဖြစ်နေ၏။ ခုခံတိုက်ခိုက်ရန် အသုံးချနိုင်သည့် လက်နက်တစ်ခုအဖြစ် အသုံးချနိုင်စရာရှိချေ။ သို့သော် လက်မောင်းကို ခုတ်ဖြတ်ရာတွင် အသုံးကျသည်။

"ကဲ .... လက်ကိုဖြတ်နိုင်ဖို့ ပစ္စည်းရပြီ၊ ထွေထွေထူးထူးဘဲ့စားမနေနဲ့၊ စစ်ကူကိုလည်း မျှော်လင့်မနေနဲ့ မစောင့်နိုင်ဘူး၊ ဘစ်နှစ်သုံး ရေတွက်မယ်၊ သုံးဆိုတာနဲ့ လက်ကိုဖြတ်ပြီး ဖြစ်ရမယ်ဘစ်"

"ဒါကတော့ နင် ဖယ်စမ်း"

"ဦးလေး ကျပု၊ ဂိုဏ်းချုပ် တုန်းဝမ်းပုပိုက်က ကျွန်မရဲ့ ကိုယ်စား လက်ဆောင်ပေးခိုင်းလိုက်တာကို ဘာဖြစ်လို့ ကျိုလိန်းရှန်းရဲ့ လာဘ်ထိုးတာကို လက်ခံပြီး ဟင်စမ်းကို လာစော်ကားရတာလဲ"

"ဘယ်သူက ကျိုလိန်းရှန်း လာဘ်ထိုးတာကို လက်ခံလို့လဲ၊ ဂိုဏ်းချုပ် တုန်းဝမ်းပုပိုက်ရဲ့ အမိန့်အရ လင်းဟူစုန်းကို ခေါ်သွားဖို့ပဲ"

"ရှင် လိမ်ညာမနေနဲ့၊ ဂိုဏ်းချုပ်ရဲ့ သစ်ကနက်အမိန့်တော် ဒီမှာပါတယ်၊ လာဘ်ထိုးယူပြီး အမိန့်ကိုဖီဆန်လို့ ဦးကျပုကို တွေ့ရာနေရာမှာ သတ်ဖို့နဲ့ ချုပ်ငြိမ်းမြင့်မယ်ဆိုတဲ့ ကသစ်နက် အမိန့်တော် ဒီမှာထွက်လာပြီ"

ယဉ်ယဉ်သည် ပြောပြောဆိုဆို သစ်ကနက် အမိန့်ကြေငြာတစ်ခုကို မြှောက်တောင်ပြလိုက်သည်။ ဦးကျပုသည် အလွန် ဒေါသထွက်သွားပြီး နောက်ပါအဖွဲ့သားများကို အမိန့်ပေးလိုက်သည်။

"အဆိပ်ရည် လွတ်စမ်း"

"လူမှားနေပြီ၊ ဂိုဏ်းချုပ်က သတ်မိန့်တုတ်လိုက်တာ ရှင့်ကို ကျွန်မကို မဟုတ်ဘူး"

"နင်သာ ဂိုဏ်းချုပ်ကို ကာပြန်တာ"

"ဦးလေးတော်စန့်ကွမ်းရင် ဂိုဏ်းချုပ်အမိန့်အရ ဦးကျပုကို ဖမ်းပါတော့"

လင်းဟူစုန်းသည် ဆရာတော်ကြီးနှင့် ရသေ့ကြီးတို့အား တီးတိုးပြောလိုက်သည်။

"တပည့်တော် တစ်ဟုန်ထိုး ပြေးထွက်သွားမယ်၊ နောက်က လိုက်ခဲ့ကြပါ"

"ညီတော်လေး အဝ ်မရဲနဲ့"

"နှစ်"

လင်းဟူစုန်းသည် လက်တွင်ကိုင်ထားသော စက်ဝိုင်းကွင်းကို မြှောက်တင်ရင်း စဉ်းစားလိုက်သည်။

"ရှောင်လင် ဆရာတော်ကြီးနဲ့ ရသေ့ကြီးဟာ ဟင်စမ်း အဖွဲ့ရဲ့ ဥည့်သည်တော်တွေပဲ၊ သူတို့တစ်တွေ မဲ့တစ်ပေါက် စွန်းထင်းဖို့ မကောင်းဘူး၊ ငါ အသက်စွန့်မယ်"

ကျပုက သုံးဟု အော်လိုက်ချိန်တွင်ပင် ကြည်လင်ပြတ်သား သော မိန်းမသံတစ်သံ ထွက်ပေါ်လာသည်။

"နေဦး"

အစိမ်းရောင်ဝတ်စုံနှင့် အမျိုးသမီးတစ်ယောက် လင်းဟူစုန်း ရှေ့သို့ လွှားခနဲ ရောက်ရှိလာပြီး မားမားမတ်မတ် ရပ်လိုက်သည်။ ရောက်ရှိခဲ့သူမှာ ယဉ်ယဉ်ပင် ဖြစ်လေသည်။

"ယဉ်ယဉ် နောက်ကိုဆုတ်"

ယဉ်ယဉ်က နောက်ဘက်သို့ လက်ပြန်ဖြင့် ခါယမ်းပြလိုက်ပြီး ကျပုကို လှမ်းပြောလိုက်သည်။

"ဦးလေး ကျပု၊ ဦးလေးရဲ့ အမည်သတင်းဟာ သိုင်းလောက တစ်ခွင်မှာ ဟိုးဟိုးကျော်ခဲ့သူးနဲ့ ဘာလို့ ယုတ်ယုတ်ညံ့ညံ့ ကြံစည်ရတာလဲ"

လင်းဟူစုန်းသည် ကျောင်းဆောင်တွင်း၌ တွေ့ရသော ဖယောင်းတိုင် တင်ထွန်းသည့် အောက်ခံကြေးတိုင်ကို ဆွဲယူလိုက်သည်။ ကြေးတိုင်ကို ဓားသဖွယ် အသုံးချလိုက်သောကြောင့် လျှပ်တပြက်အတွင်း လင်းဟူစုန်းသည် ရန်သူ ခုနစ်ယောက်၊ ရှစ်ယောက်ကို ဖြိုလဲပစ်လိုက်၏။ နောက်ထပ် ရောက်လာသော ရန်သူကို ကြေးတိုင်ဖြင့် ထိုးသွင်းလိုက်ပြန်သည်။

ဦးကျပုသည် သေတ္တာအလုံးလေးဆယ်ကို သေတ္တာတစ်လုံးလျှင် လူနှစ်ယောက် ထမ်းစေသဖြင့် စုစုပေါင်း နောက်ပါ အဖွဲ့သား ရှစ်ဆယ်ပါ၏။ ထိုလူများသည် ဂိုဏ်းအပေါ် သစ္စာရှိရုံမှလွဲပြီး သိုင်းပညာ အဆင့်မြင့်မားခြင်း မရှိချေ။

သေတ္တာတွင်း၌ ထည့်ယူခဲ့သော အဆိပ်ရည်ဖြင့် လင်းဟူစုန်းတို့ကို တိုက်ခိုက်ရန် ရည်ရွယ်ထားသော်လည်း အခြေအနေပြောင်းလဲသွားကုန်သည်။ ရောင်လင်ဆရာတော်ကြီး၊ ချန်းရွိုးရသေ့ကြီးနှင့် လင်းဟူစုန်းတို့၏ သွက်လက်စွာ လှုပ်ရှားမှုကြောင့် ကုမ္ပဏီဂိုဏ်းသား နှစ်ဆယ်ခန့်ကို တိုတောင်းသော အချိန်အတွင်း ရှင်းလင်းသွား၏။

ဦးကျပုသည် သံကလောင်တံတစ်စုံ ကိုင်ဆောင်ထားပြီး ယဉ်ယဉ်မှာ ဓားရှည်တစ်ချောင်းနှင့် ဓားတိုတစ်ချောင်း ကိုင်ထား၍ နှစ်ယောက်သား အကြိတ်အနယ် တိုက်ခိုက်နေကြသည်။ လင်းဟူစုန်းသည် ယဉ်ယဉ်နှင့် ရက်ပေါင်းအတော်ကြာအောင် နေခဲ့သော်လည်း ယဉ်ယဉ်၏ တိုက်ခိုက်မှု အစွမ်းအစကို မမြင်ဖူးချေ၊ ယခု ယဉ်ယဉ်၏ တိုက်ခိုက်မှုသည် အံ့အားသင့်စရာကောင်းလောက်

ဘယ်လက်ရုံးနှင့် ညာလက်ရုံး ဆိုရာတွင် ဘယ်လက်ရုံးက အဆင့်ပိုမြင့်သည်။ ဦးကျပုသည် ဘယ်လက်ရုံးဖြစ်ပြီး စန့်ကွမ်းရင်သည် ညာလက်ရုံးဖြစ်သောကြောင့် အဆင့်ပိုနိမ့်သည်။ တစ်ဘဏ်တွင်လည်း ဝါးစိမ်းနတ်ဒေဝီအား တုန်းဝမ်းပုပိုက်သည် အလွန်အရေးပေးဖူးသောကြောင့် ရှိန်နေသည်။ ထို့ကြောင့် စန့်ကွမ်းရင်သည် မည်သူ၏ အမိန့်ဩဇာကို နာခံရမည်မသိပဲ ဇေဝေဝါဖြစ်နေလေသည်။ ကျန်ကမ္ဘာဏ် အဖွဲ့များသည်လည်း စန့်ကွမ်းရင် အတိုင်း ဖြစ်နေလေသည်။

ဤသို့ အခြေအနေဖြစ်နေစဉ် ကျောင်းဆောင်တွင်းမှ မီးထလောင်သည်ကို ရုတ်တရက် တွေ့မြင်လိုက်ကြရသည်။

"ဦးကျပု ရှင် တော်တော် ရက်စက်တတ်ပါလား၊ ကိုယ့်အဖွဲ့သား အချင်းချင်း မီးလောင်တိုက်သွင်းပြီး သတ်ဖို့ကြံစည်ရလား"

ယဉ်ယဉ် လှမ်းအော်ပြောလိုက်သည်။

"နင် မဟုတ်တာတွေ မစွပ်စွဲနဲ့"

"မီးကို အရမန်ဝိုင်းပြီး ငြိမ်းကြစမ်း"

ယဉ်ယဉ်က လှမ်းအော်အမိန့်ပေးလိုက်သည်။ လင်းဟူစုန်းတို့သုံးဦးသားသည် အရည်အချင်းမြင့်မားသော သိုင်းသမားများဖြစ်သောကြောင့် ယဉ်ယဉ် ဖန်တီးပေးလိုက်သော အခွင့်အခါကောင်းများကို အမိအရ အသုံးချလိုက်သည်။ တစ်ဟုန်ထိုး ကျောင်းဆောင်၏ ပြတင်းပေါက်မှ ကျောင်းဆောင်တွင်းသို့ လွှားခနဲ ပြေးဝင်သွားကြ၏။ အဆိပ်ရည် ပက်ဖြန်းခြင်းခံရမည့် ဘေးအန္တရာယ်မှ သီသီလေး ကျော်လွှားနိုင်ခဲ့ကြသည်။

ကျပုသည် ဆရာတော်ကြီး၏ ပေါင်ခွဆီသို့ ခွးဖြင့်ပစ်တိုက်လိုက်သည်။

ဤတိုက်ချက်သည် အလွန်ယုတ်ညံ့သည့် တိုက်ခိုက်မှုဖြစ်သောကြောင့် ဆရာတော်ကြီးသည် ကိုယ်ကိုယိမ်း၍ ကျပုကို မြောက်တင်ကာ လက်ဆန့်ထုတ်လိုက်သည်။

ကျပု၏ ကိုယ်ခန္ဓာသည် လေထဲသို့ပျံဝဲပြီး ပြတင်းပေါက်အပြင်ဘက်သို့ လွင့်ထွက်သွားသည်။ ကျပုသည် ငယ်သံပါအောင် အော်ဟစ်ရင်း တောင်ချောက်ထဲသို့ ကျသွားသည်။

ကျပု၏အော်သံ တဖြည်းဖြည်း ဝေးသွားပြီး လုံးဝပျောက်ကွယ်သွားလေတော့သည်။

လင်းဟူစုန်းက ယဉ်ယဉ်ကို ပြုံးပြီးကြည့်လိုက်သည်။

"ယဉ်ယဉ် မင်း ကယ်ပေးလို့သာပေါ့"

"အချိန်မီ ရောက်လာနိုင်ပေလို့ပေါ့၊ အားလုံးက မီးကို ဝိုင်းငြိမ်းသတ်ကြပါ"

ယဉ်ယဉ်သည် မီးကို ဝိုင်းငြိမ်းသတ်ရန် အော်ပြောရင်း စန့်ကွမ်းရင်ဆီ လှည့်ပြီး စကားပြောလိုက်ပြန်သည်။

"ဦးလေး စန့်ကွမ်းရင်၊ ဦးကျပုဟာ အမိန့်ကို မနာခံလို့ခုလိုဖြစ်ရတယ်၊ ဦးလေး စန့်ကွမ်းရင်ကတော့ ကျွန်မ စကားကို လက်ခံမယ်လို့ ယူဆပါတယ်၊ ကျွန်မ စကားကို လက်ခံရင် ဦးလေး စန့်ကွမ်းရင် အတွက်ရော နောက်ပါတွေအတွက်ပါ ကျွန်မ တာဝန်ယူပါတယ်"

"ဒါတော့ ကတိတည်မှဖြစ်မယ်"

အောင်ပင် မြန်ဆန်သွက်လက်ပြီး အစိမ်းရောင်အရိပ်သည် လေတွင်လွင့်နေသလို ထင်ရ၏။

ဦးကျပု ကိုင်ဆောင်ထားသော သံကလောင်သည် အလွန်အလေးချိန်စီးပြီး လက်ရှိန်လည်း ပြင်းထန်ပုံရသည်။ ယဉ်ယဉ်က မိမိ၏ဓားနှင့် ဦးကျပု၏ သံကလောင်တံ မထိတွေ့မိစေရန် ရှောင်တိမ်းနေရသည်။ ဦးကျပု၏ ကလောင်တံသည် ယဉ်ယဉ်၏ သေကွင်းသေကွက်များကို တရစပ် တိုးဝင်နေ၏။

"မိစ္ဆာကောင် လက်နက်ချတော့"

ရှောင်လင်ဆရာတော်ကြီးက လှမ်းအော်ပြောလိုက်သည်။

ဦးကျပု သံကလောင်တံ တစ်စုံကို ယဉ်ယဉ်၏ လည်မျိုသို့ ထိုးသွင်းလိုက်သည်။ ရုတ်တရက် လင်းဟူစုန်းသည် ဦးကျပု၏ အနီးသို့ လွှားခနဲ ရောက်ရှိသွား၏။ လင်းဟူစုန်း ကြေးတိုင်ဖြင့် ဦးကျပု၏ လက်ကောက်ဝတ်ကို ဆတ်ခနဲ ဆတ်ခနဲ ထိုးလိုက်သောကြောင့် ဦးကျပု လက်မှ သံကလောင်တံ တစ်စုံသည် လွတ်ထွက်သွားတော့သည်။ လင်းဟူစုန်း အချိန်မီ ရောက်ရှိသွား၍သာ တော်တော့သည်။

ဦးကျပုသည် သိုင်းပညာမြင့်မားပြီး မာန်ထောင်သူတစ်ယောက် ဖြစ်သောကြောင့် လက်နက်မရှိတော့သော်လည်း အညံ့မခံပေ။ ကျပုက လင်းဟူစုန်းထံသို့ ခုန်ဝင်ပြီး ဘယ်ညာ လက်ဝါးချက် ရိုက်ထုတ်လိုက်သည်။ ထိုအခိုက် ဝှမ်းသိမ့် ဆရာတော်ကြီး လွှားခနဲ ရောက်ရှိလာပြီး ကျပု၏ လက်နှစ်ဘက်ကို ဖမ်းချုပ်လိုက်သည်။

စန့်ကွမ်းရင်သည် ယဉ်ယဉ်၏ စကားကို ကြားရသောအခါ ခေါင်းကိုငုံ့ထားသည်။

"ဦးလေး စန့်ကွမ်းရင်၊ ဒီကနေ ရှေ့ကို ကျွန်မတို့ဘက်က ရပ်တည်မလား၊ တုန်းဝမ်းပုပိုက်ဘက်က ရပ်တည်မလား"

စန့်ကွမ်းရင်သည် တုန်းဝမ်းပုပိုက်ကို အာမခံဝံ့သောကြောင့် ဆုံးဖြတ်ရ ခက်နေတော့သည်။

"သူရိန်မျက်နှာမူဂိုဏ်းထဲက ဦးစီးဆယ်ယောက် ရှိတဲ့အနက် ခြောက်ယောက်က ကျွန်မ ဖေဖေရဲ့ အာရုံကြောဖျက်ဆေးလုံးကို သောက်သုံးပြီးသား ဖြစ်ကြပြီ၊ ဦးလေး စန့်ကွမ်းရင်ကော တစ်လုံး သောက်မလား မသောက်ဘူးလား ဖြေပါ"

စကားဆုံးသည်နှင့် ယဉ်ယဉ်၏ လက်ဝါးပေါ်သို့ နီရဲသော အရောင်ရှိသည့် ဆေးလုံးကလေးတစ်လုံး ရောက်လာပြီး လက်ဝါးပေါ်တွင် ချာချာလည်နေသည်။

"ဦးစီးဆယ်ဦးထဲက ခြောက်ဦး"

"ဟုတ်တယ် ရှင်က ကျွန်မ ဖေဖေနဲ့ လက်ပွန်းတတီး မနေခဲ့ရဖူးတော့ ရှင့်ကို ကာပြန်တဲ့အထဲမှာ မထည့်ဘူး၊ ကျွန်မ စကားကို နားထောင်ရင် တာဝန်ယူတယ်"

စန့်ကွမ်းရင် ချီတုံချတုံ ဖြစ်နေပြီး စဉ်းစား တွေးတော သည်။

"ဆယ်ဦးထဲက ခြောက်ဦးတောင် အညံ့ခံပြီးပြီးတဲ့၊ ခုနေ ငါ အညံ့မခံရင် အသက်ဆုံးရှုံးရတော့မယ်၊ အများက မိုးခါးရေ သောက်မှတော့ ငါလည်း"

"စိတ်ချပါ ကျွန်မ ကျိန်ဆိုပြီးပြောပါ့မယ်၊ ကျွန်မတို့ဂိုဏ်းမှာ ဦးထိပ်ထားပြီး ကိုးကွယ်တဲ့နတ်မင်းကို ကျွန်မ တိုင်တည်ပါတယ်၊ ဦးလေး စန့်ကွမ်းရင်က ကျွန်မ စကားကို နာခံသရွေ့ ကျွန်မလည်း ကတိတည်ပါမယ်၊ ကျွန်မဘက်က ကတိပျက်ခဲ့သော် ကျွန်မ၏ ဦးနှောက် ပျက်စီးပါစေသော်"

ယဉ်ယဉ်၏ ကျိန်တွယ်ပြောဆိုချက်သည် ဟေးလူအဖို့ မည်သို့မှအသုံးမကျသော်လည်း ကုမ္ဘာဂျာဂိုဏ်းဝင်များအဖို့ အလွန် အရေးပါသည့် ကျိန်ဆိုချက် ဖြစ်လေသည်။ စန့်ကွမ်းရင်သည် ယဉ်ယဉ်၏ ကျိန်ဆိုချက်ကြောင့် နောက်ပါငယ်သားများကို ခေါ်ဆောင်ကာ တောင်ထိပ်ပေါ်မှ အေးအေးဆေးဆေး ဆင်းသွားလေသည်။

လင်းဟူစုန်း တို့တစ်တွေသည်လည်း တောင်ထိပ်ပေါ်မှ ကျောင်းဆောင်များရှိရာသို့ ဆင်းခဲ့ကြသည်။ အောက်တွင် အဘိုးကြီး ညီဇီးကွက်နှင့် ကျူချန်းကျူး တို့တစ်တွေ အဆင်သင့် စောင့်ဆိုင်း နေသည်။

"ယဉ်ယဉ်၊ ကျပုတို့က ခုလို ခိုးကြောင်ခိုးဝှက် အဆင်သင့် စောင့်ဆိုင်းနေပြီး တိုက်ခိုက်မှာကို ဘယ်လိုလုပ်သိသလဲ"

"တုန်းဝမ်းပုပိုက်က ရှင့်ကို လက်ဆောင်ကောင်းပေးမယ် တဲ့လား၊ ကျွန်မ သံသယဖြစ်နေတုန်း ကျပုက ရှင်တို့ကို ချောင်းမြောင်းနေတာကိုတွေ့လို့ ပိုသံသယ ဖြစ်မိတယ်၊ ဒါနဲ့ အဘိုးကြီးတို့တစ်တွေကို စုရုံးပြီးလိုက်ခဲ့တော့ ထင်တဲ့အတိုင်း ဖြစ်နေတော့တာပဲ"

ဟင်စမ်းတောင်ပေါ်သို့ ယှဉ်တွဲပြီး တက်လာကြစဉ် ယဉ်ယဉ်၏ ကြည်လင်ချိုသာသော အသံဖြင့် လင်းဟူစုန်းအား ပြောလိုက်သည်။

"အစ်ကို တွေ့တယ်မဟုတ်လား၊ တုန်းဝမ်းပုပိုက် သိပ်ရက်စက်တယ်၊ လူမဆန်ဘူး၊ ဒီလိုလူစားကို ဖယ်ရှားဖို့ ဖေဖေနဲ့ ဦးလေး ရှန်းဝံ့ထျန်းက တပည့်လက်သားဟောင်းတွေကို ပြန်ပြီး စည်းရုံးတာ အတော်လေး အောမြင်ခဲ့ပါပြီ၊ လက်မခံသူတွေကတော့ သူတို့တရား သူတို့ စီရင်သွားကြတာပဲ၊ ခု ရှင့်ကို လူစေလွှတ်ပြီး လုပ်ကြံခိုင်းတာဟာ တုန်းဝမ်းပုပိုက်ရဲ့ တကယ့်တိန်တန်းကျဘိုက်ချက်ပဲ၊ ဖေဖေနဲ့ ဦးလေး ရှန်းဝံ့ထျန်း အတွက်တော့ မပူရတော့ဘူး၊ အသွားအလာ အနေအထိုင် ပိရိတယ်၊ ဒါပေမဲ့ ရှင် ရှင်"

ယဉ်ယဉ်သည် စကားကို အဆုံးမသတ်နိုင်ပဲ မျက်နှာရှက်သွေးရောင် လွှမ်းသွားပြီး မျက်နှာလွှဲလိုက်သည်။

ဤအချိန်သည် နေဝင်ချိန်ဖြစ်၍ လေတဖြူးဖြူး တိုက်ခတ်နေသောကြောင့် ယဉ်ယဉ်၏ နူးညံ့ပျော့ပြောင်းသော ပိတုန်းမရောင် ကေသာသည် လှပသော မျက်နှာပေါ်သို့ ဝဲကျနေသည်။ ယဉ်ယဉ်၏ ပါးပြင်နှစ်ဘက်သည် ပန်းနုရောင် လွှမ်းနွေ၏။ လင်းဟူစုန်းသည် ယဉ်ယဉ် မျက်နှာကိုကြည့်ရင်း ရင်ထဲတွင် နွေးထွေးသွား၏။

"သူ ငါ့ကို ချစ်မြတ်နိုးတာ သိုင်းလောကတစ်ခွင်လုံး သိနေပြီ၊ တုန်းဝမ်းပုပိုက်တောင် ငါ့ကိုဖမ်းပြီး သူနဲ့သူ့အဖေကို အကြပ်ကိုင်မလို့ အကြံထုတ်နေတယ်၊ အသက်စွန့်ပြီး သူ

ဤသို့ စဉ်းစားပြီး စန့်ကွမ်းရင်သည် ယဉ်ယဉ်၏ လက်ထဲမှ ဆေးလုံးကလေးကို လှမ်းယူလိုက်ပြီး မျိုချလိုက်လေတော့သည်။ ပြီးနောက် ယဉ်ယဉ်ကို ဂါရဝပြုပြီး ပြောသည်။

"အသက်ကို ချမ်းသာပေးတာ ကျေးဇူးတင်ပါတယ်၊ နောက်နောင် ဝါးစိမ်းနတ်ဒေဝီ စေခိုင်းချင်ရာ စေခိုင်းပါ"

"ဒီအတိုင်းဆိုရင် ရှင့် ငယ်သားတွေလည်းပဲ ရှင့်သဘော အတိုင်းပဲပေါ့"

ယဉ်ယဉ်သည် စန့်ကွမ်းရင်၏ တပည့်ငယ်သားများကို လှမ်းကြည့်လိုက်သည်။

တပည့် ငယ်သားများသည်လည်း ဒူးထောက်လိုက်ပြီး ယဉ်ယဉ်ကို ဦးချကန်တော့လိုက်ကြသည်။

"ကျွန်တော်တို့ကိုလည်း ဝါးစိမ်းနတ်ဒေဝီ စေခိုင်းချင်သလို စေခိုင်းနိုင်ပါတယ်၊ ကျွန်တော်တို့ မငြင်းဆန်ပါဘူး"

မီးငြိမ်းသတ်ပြီး ပြန်လည်ရောက်ရှိလာသူများက စန့်ကွမ်းရင်နှင့် ငယ်သားများအည့်ခံကြောင်း တွေ့ရသောကြောင့် အံ့အားသင့်နေကြသည်။

အခြေအနေ ငြိမ်သက်အားဆေး သွားသောအခါ ဆရာတော်ကြီး ဝမ်းသိမ့်နှင့် ချန်ရွိး ရသေ့ကြီးတို့အုပ်စုသည် ဟင်စမ်းအဖွဲ့မှ ထွက်ခွာရန် လင်းဟူစုန်းကို နှုတ်ဆက်လိုက်ကြသည်။ လင်းဟူစုန်းသည် တောင်အောက်သို့ ခရီးအတော် လှမ်းသည်အထိ ယဉ်ယဉ်နှင့် အဖွဲ့ကို နှုတ်ဆက်ခွဲခွာပြီးနောက် လင်းဟူစုန်းသည် ယဉ်ယဉ်နှင့် တောင်ပေါ်သို့ ပြန်တက်ခဲ့၏။

"မင်း ဒီလိုပြောဖော်ရတာ ဝမ်းသာပါတယ်၊ ဒါပေမဲ့ ရသေ့မတွေကို ဦးဆောင်နေရတဲ့ ဂိုဏ်းချုပ်ဆိုတော့ ငါ့စိတ်ထဲမှာ ဘစ်မျိုးကြီးပဲ"

"ဒါပေမဲ့ ခုဆိုရင် ရာထောင်လောက်ရှိတဲ့လူတွေ ဝှာစမ်း အဖွဲ့ တပည့်သားတွေ ဖြစ်လာပြီ၊ ရှင်းရှင်းပြောရရင် ဝှာစမ်း၊ ဆိုက်စမ်း၊ ချဲစမ်း အဖွဲ့တွေတောင် ဟင်စမ်းအဖွဲ့ရဲ့ အင်အားကို မမီတော့ဘူး၊ စုန်းစမ်း တစ်ဖွဲ့တည်းသာ မီချင်မီမယ်"

"ဟုတ်တယ် ဒီအတွက် ငါ ကျေးဇူးတင်စကားတောင် ပြောဖို့မေ့နေတယ်"

"ဘာများ ကျေးဇူးတင်ဖို့ လိုသေးလို့လဲ"

"သြော် ... ရသေ့မလေးတွေချည်း ဦးဆောင်နေရတဲ့ ဂိုဏ်းချုပ်ကနေ ယောကျ်ားတွေကိုပါ ဦးဆောင်ရတဲ့ ဂိုဏ်းချုပ် ဘဝရောက်အောင် မင်းက ကြဆောင်ပေးခဲ့တယ်၊ မဟုတ်လား၊ ဝါးစိမ်းနတ်ဒေဝရဲ့ အမိန့်သြဇာ အရှိန်အဝါကြောင့် ဟင်စမ်း တောင်ပေါ်ကို အဖွဲ့သားတွေ အများအပြား ရောက်ရှိခဲ့တယ် မဟုတ်လား၊ ဒီလောက် အထိန်းရ အသိမ်းရခက်နေတဲ့ လူတွေကို ငါ့ သြဇာဘယ်သောင်းနှိုင်ပါ့မလဲ၊ ဝါးစိမ်းနတ်ဒေဝကြောင့်သာ ပေါ့"

ယဉ်ယဉ်က ပြုံးစစနှင့် ...

"ကျွန်မ တစ်ဦးတည်းရဲ့သြဇာလို့ မပြောနိုင်ပါဘူး၊ ရှိုင်က ရှောင်လင်ကျောင်းကို ဦးဆောင်ပြီး သွားဖူးတော့ ရှင့် အစွမ်းအစကို သိပြီး လေးစားချစ်ခင်စိတ် ရှိကြသူတွေလည်းပါပါတယ်"

ဝင်ကယ်ပေလို့၊ ငါ့တစ်သက်မှာ ငါ့ကို ဒီလောက်ချစ်မြတ်နိုးတဲ့ ဇနီးကောင်း တစ်ယောက်ရရင် သိပ်ကုသိုလ်ထူးတယ်၊ တခြား ဘာမှမက်မောစရာ မရှိတော့ပါဘူး"

လင်းဟူစုန်းသည် ဤသို့ တွေးတောရင်း ယဉ်ယဉ် ခါးကို လက်နှစ်ဖက်နှင့် လှမ်းဖက်လိုက်သည်။ သို့သော် ယဉ်ယဉ်က ခစ်ခနဲ တစ်ချက်ရယ်မောရင်း ကိုယ်ကို တိမ်းရှောင်လိုက် သောကြောင့် ဖမ်းမမိလိုက်ချေ။

"ဂိုဏ်းချုပ်တစ်ယောကျ်ဖြစ်ပြီး ဒီလောက်တောင် စောင့်စည်းမှု နည်းပါးရလား"

"ဂိုဏ်းချုပ်ဆိုပေမဲ့ ငါ့ဂိုဏ်းချုပ်က လောကတစ်ခွင်မှာ ပြက်လုံးထုတ်စရာ ဖြစ်နေတော့ စောင့်စည်းနေလို့ ဘာများ အကြောင်းထူးမှာမို့လဲ"

"အစ်ကို ဘာဖြစ်လို့ ဒီလိုပြောရတာလဲ၊ ရှောင်လင် ဆရာ တော်ကြီးနဲ့ ဂူတန်းဂိုဏ်းချုပ် ကိုယ်တိုင်တောင် တလေးတစားနဲ့ ရောက်ရှိပြီး မင်္ဂလာပြုခဲ့ကြတာပဲ၊ ကိုယ့်ဆရာ စွန့်ပယ်တာကို လုံးဝ ခေါင်းထဲမှာ မထားစမ်းပါနဲ့၊ အားငယ်စရာ မဟုတ်ပါဘူး"

လင်းဟူစုန်းသည် သက်ပြင်းရှည်ကြီး တစ်ချက်ချ လိုက်သည်။

"အစ်ကိုက ဟင်စမ်းအဖွဲ့ရဲ့ ဂိုဏ်းချုပ်တောင် ဖြစ်လာပြီ ဟင်စမ်းအဖွဲ့ထက် ဘယ်လိုမှ ပိုပြီးမကြီးကျယ်တဲ့ ဝှာစမ်းအဖွဲ့ရဲ့ တပည့်လက်သားထက်စာရင် အများကြီး ဂုဏ်သိက္ခာမြင့်လာ ပါတယ် အစ်ကို"

"ဒါကတော့ လွယ်ပါတယ်၊ ဝါးစိမ်းနတ်ဒေဝိကသာ အမိန့်ဘစ်ရပ် ချလိုက်ရင် သူတို့ ဘယ်လောက်အတင့်ရဲချင်ရဲချင် ငြိမ်နေရမှာပေါ့"

"ကောင်းပြီလေ ဒါဆိုရင် ကျွန်မ ဖေဖေနဲ့ ဦးရှုန်းဝံ့ထျန်း အစား ကျွန်မပဲ ရှင့်ကို ကျေးဇူးတင်စကား ပြောရမှာပေါ့"

"မင်းနဲ့ငါရဲ့ အကြားမှာ ကျေးဇူးတင်စကားကို ပြောဖို့ လိုသေးလို့လား ယဉ်ယဉ်ရယ်"

နှစ်ယောက်သား စကားတပြောပြောနှင့် တောင်ပေါ်သို့ ပြန်ရောက်လာခဲ့ကြသည်။

လင်းဟူစုန်းသည် တပည့်မများကိုခေါ်ပြီး သိုင်းပညာကို အဆက်မပြတ် လေ့ကျင့်သင်ကြားနေရန်နှင့် မိမိ ခရီးသွားစရာ ရှိကြောင်း မှာကြားသည်။ ယဉ်ယဉ်သည်လည်း သူ့လူစုကို ပြတ်ပြတ်သားသား ခြိမ်းခြောက်လိုက်သည်။

"ရှင်တို့ စည်းကမ်းနည်းလမ်းအတိုင်း နေထိုင်ကြပါ၊ ခြေဆော့လက်ဆော့ဖို့ စိတ်မကူးနဲ့၊ ဘယ်ခြေကိုအရင်လှမ်းရင် ညာခြေကို အရင်ဖြတ်မယ်၊ ကိုယ်နေရာမှာပဲ ကိုယ်နေကြပါ"

လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် စကားတပြောပြောနှင့် တက်ခဲ့ရာ တောင်ထိပ်နှင့်နီးလာ၏။ တောင်ပေါ်မှ ရယ်မောသံကြား ရ၍ ယဉ်ယဉ်က ရပ်တန့်လိုက်သည်။

"အစ်ကို ကျွန်မတို့ ခေတ္တခွဲကြဦးစို့၊ ဖေဖေ ကိစ္စထွေ ပြီးပြတ်တော့မှ ပြန်ဆုံကြတာပေါ့၊ ကျွန်မ လာခဲ့ပါမယ်"

ယဉ်ယဉ် စကားကြောင့် လင်းဟူစုန်း ရင်ထဲ၌ ဝေဒနာ တစ်ရပ်ကို ခံစားလိုက်ရသည်။ ယဉ်ယဉ် ခွဲခွာမသွားရန် စိတ်ထဲမှ ကြိတ်၍ ဆုတောင်းလိုက်သည်။

"မင်း သစ်ကနက်တောင်ထိပ်ကို သွားတော့မလို့လား"

"ဟုတ်တယ်"

"ငါလည်း မင်းနဲ့အတူ လိုက်ခဲ့မှာပေါ့"

ယဉ်ယဉ်၏ မျက်လုံးအစုံသည် ရွှန်းစိုတောက်ပသွား၏။ သို့သော် ယဉ်ယဉ် ခေါင်းကို ခါယမ်းပြလိုက်သည်။

"ငါ လိုက်ခဲ့တာကို မင်း သဘောမတူဘူးလား"

"အစ်ကိုက ဒီနေ့မှ ဂိုဏ်းချုပ်ဖြစ်တော့ ကျွန်မတို့ သူရိန် မျက်နှာမူဂိုဏ်းအတွက် လိုက်ပါသွားမယ်ဆိုရင် မသင့်တော်ဘူး ပေါ့"

"တုန်ဂမ်းပုပိုက်နဲ့တွေ့ရင် အလွန်အန္တရာယ် ကြီးမားပါတယ်၊ အန္တရာယ်ကြားထဲကိုလွတ်ဖို့ ငါ ဘယ်စိတ်ချနိုင်ပါ့မလဲ"

"ဟင်စမ်းအဖွဲ့မှာ မိန်းမသားတွေချည်းပဲ၊ ရှင် မရှိတဲ့နောက် ဝိုင်းမှာ နောက်ထပ် လက်ခံထားတဲ့ တပည့်ယောကျ်ားတွေက အရှုပ်အထွေးလုပ်မှာကို ရှင် မစိုးရိမ်မိဘူးလား"

ယဉ်ယဉ်နှင့် လင်းဟူစုန်းတို့သည် စားသောက်ရင်း စကားပြောနေကြသည်။ မီးရောင်မှိန်မှိန်လေး အောက်တွင် ယဉ်ယဉ်၏ မျက်နှာလေးသည် တစ်မျိုးကြည့်ကောင်းသည်ဟု လင်းဟူစုန်း ထင်မိ၏။

"မင်းဖေဖေက ရှောင်လင်ကျောင်းတိုက်မှာ ပြောဖူးတာကို သွားသတိရတယ်၊ သူ အထင်မသေးဝံ့တဲ့ လူသုံးယောက်ထဲမှာ ဘုန်းဝမ်းပုပိုက်လည်း တစ်ယောက်အပါပဲ၊ ဉာဏ်လည်း အလွန်သက်မြက်တယ်၊ သိုင်းပညာလည်း အလွန်မြင့်မားတယ်လို့ ပြောတာ မဟုတ်လား"

"ဉာဏ်ထက်မြက်တာတော့ မှန်ပါတယ်၊ သိုင်းပညာတယ်လောက် ထက်မြက်တယ်ဆိုတာတော့ ကျွန်မလည်း မမြင်ဖူးဘူး၊ နောက်ပိုင်းမှာ သူ့ကို တွေ့ရဖို့ တော်တော်ခက်လာတယ်"

"မင်းက လိုယန်းမြို့ ဝါးစိမ်းတောထဲမှာ သွားနေတော့ အတွေ့ရကျဲသွားမှာပေါ့"

"အဲဒါကြောင့် မဟုတ်ဘူး၊ ကျွန်မက တစ်နှစ်တစ်ခေါက် သစ်ကနက်တောင်ထိပ်ကို ပြန်နေကျပဲ၊ ဒါပေမဲ့ ပြန်တိုင်းမတွေ့ရဘူး"

"ဒါကတော့ အဆင့်အတန်း မြင့်သွားတော့လည်း အနေအထိုင်ကအစ လိုက်ပြောင်းသွားရမှာပေါ့"

"ကျွန်မ မှန်းဆကြည့်တာတော့ ပန်းနေကြာ စွယ်စုံသိုင်းကို ဆက်ချင့်နေတာမို့ ဂိုဏ်းရဲ့ကိစ္စ အဝဝကိုတောင် လျစ်လျူရှုသွားတယ် ထင်တာပဲ"

နောက်တစ်နေ့နံနက်ခင်း။

လင်းဟူစုန်းသည် ဟင်စမ်းတောင်ကို ကျောခိုင်းထွက်ခဲ့သည်။ သစ်ကနက်တောင်ထိပ်သို့ ဦးတည်လာကြသည်။

ယဉ်ယဉ် စန့်ကွမ်းရင်နှင့်အဖွဲ့သည်လည်း လင်းဟူစုန်းနှင့် လိုက်ပါလာခဲ့ကြသည်။ လင်းဟူစုန်းတို့သည် တို့ပေါ်မြို့နယ်တွင် ရှိသော သစ်ကနက်တောင်ထိပ်သို့ ဦးတည်ကာ ဟင်စမ်းတောင်၏ အနောက်ဘူးစူးသို့ ခရီးနှင်ခဲ့ကြသည်။

လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့သည် လှည်းပေါ်မှလိုက်ခဲ့ကြပြီး ပေါင်းမိုးကာကို တစ်ချိန် ချထားလေသည်။ ထို့ကြောင့် ဘေးလူမြင်ပြီး ရိပ်မိနိုင်ရာအကြောင်း မရှိချေ။

ထိုနေ့ညတွင် ဖင်းသိမ်းကျိုးသို့ ရောက်ရှိခဲ့ကြ၏။ တည်းခိုစားသောက်ဆိုင်တစ်ဆိုင်တွင် လင်းဟူစုန်းတို့ ဝင်ရောက်အနားယူကြသည်။ ကုမ္ဘာဏ်ဂိုဏ်း တည်နေရာနှင့် မဝေးတော့ချေ။ ထို့ကြောင့် ဖင်းသိမ်းကျိုးတွင် ကုမ္ဘာဏ်ဂိုဏ်းသားများ ဥဒဟို သွားလာနေကြကြောင်း သိရ၏။

စန့်ကွမ်းရင်ပါရှိသောကြောင့် လင်းဟူစုန်းတို့အဖွဲ့ လုံခြုံမှုရှိသည်။ စန့်ကွမ်းရင်သည် မိမိ၏ စိတ်အချရဆုံးသော တပည့်လေးဦးကို စားသောက်ဆိုင် တည်းခိုဆောင်ရှေ့တွင် အစောင့်အကြပ် ချထားလေသည်။

"တော်ကြာ မင်းဖေဖေအတိုင်း ဖြစ်ဦးမယ်၊ ကိုယ့်တာဝန်ကို ကိုယ်မသိအောင် ပန်းနေကြာသိုင်းပဲ ဖိကျင့်နေရင် မင်းဖေဖေနဲ့ ဘာထူးတော့မှာလဲ"

"တုန်းဝမ်းပုပိုက်က ယန်းလျင်ထိန်ဆိုတဲ့ လူငယ်တစ်ယောက်ကို ဂိုဏ်းကိစ္စအဝဝကို စီစဉ်ဖို့ လွှဲအပ်ထားတယ်၊ အဲဒီ ယန်းလျင်ထိန် ဆိုတဲ့လူကို သြဇာအပြည့်အဝ ပေးထားပေမဲ့ ဒီလူက တုန်းဝမ်းပုပိုက်ရဲ့ နေရာကိုရရှိဖို့ ဘယ်လိုမှ အားထုတ်မဲ့လူ မဟုတ်ဘူး၊ အားထုတ်စရာလည်း မလိုဘူး၊ သူ့စိတ်တိုင်းကျ သူ ထင်ရာစိုင်းနေတာပဲ"

"ဒီနာမည်ကို ငါ တစ်ခါမှ မကြားဖူးပါလား"

ယဉ်ယဉ်၏ မျက်နှာသည် ရှက်သွေးရောင်သန်းပြီး နှိမြှန်းသွားသည်။

"ပြောရရင် ရှက်ဖို့ကောင်းတယ်၊ ပါးစပ်တောင် သနပါတယ်၊ ဂိုဏ်းထဲက လူတွေလည်း ထုတ်ဖော် မပြောကြဘူး၊ ဒီတော့ ဂိုဏ်းပြင်ကလူတွေက ဘယ်လိုလုပ် သိနိုင်မှာလဲ"

လင်းဟူစုန်းသည် ယဉ်ယဉ်၏စကားကြောင့် အံ့အားသင့်သွားသည်။

"ငါ့ကိုတော အဖြစ်သနစ်တွေကို ပြောစမ်းပါဦး"

"ယန်းလျန်ထိန်ဆိုတာက အသက်နှစ်ဆယ်လောက်ပဲ ရှိဦးမယ်၊ သိုင်းပညာအရည်အချင်းလည်း မရှိဘူး၊ လုပ်ရည်ကိုင်ရည်လည်း လုံးဝ မရှိဘူး၊ တုန်းဝမ်းပုပိုက် သြဇာအပြည့်အဝပေးထားတော့ ပြောဖို့တောင် မကောင်းဘူး"

ယဉ်ယဉ်သည် မျက်နှာနီရဲသွားပြီး တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။

"ဩော် ... ငါ သဘောပေါက်ပြီ၊ လက်စသတ်တော့ ဘုန်းဝမ်းပုပိုက်က မိန်းမရှာကိုး၊ ယန်းလျန်တိန်က သူ့ရဲ့ ကြင်ဖက်ပဲ၊ ဒီလောက်တောင် အစွမ်းထက်တဲ့ ယောကျ်ားကြီးတစ်ယောက်က ဘယ်လိုဖြစ်သွားတာလဲ"

"ပြောမနေပါနဲ့တော့ အဲဒီ ယန်းလျန်ထိန်ကြောင့်တော့ သူရိန်မျက်နှာမူဂိုဏ်း ပျက်စီးရတော့မှာပဲ၊ အစစအရာရာ သူ့ကို သြဇာအပြည့် ပေးထားပြီး ခြယ်လှယ်ခွင့်ပြုထားတယ်၊ ဒီလူကို သတ်ပစ်ဖို့တောင် ကောင်းပါတယ်"

ရုတ်တရက် ပြတင်းအပြင်ဘက်မှ အသံတစ်သံ တွက်ပေါ်လာသည်။

"ဒီကောင်ကို သတ်ဖို့မကောင်းဘူး၊ ကျေးဇူးတင်ဖို့ကောင်းတာ"

လင့်ဝေါစိမ်၏အသံ ဖြစ်သည်။ ယဉ်ယဉ်က ဝမ်းသာအားရ စွာ လှမ်းခေါ်လိုက်သည်။

"ဖေဖေ"

လင့်ဝေါစိမ်နှင့် ရှန်းဝဲထျန်းတို့သည် စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့ကြ၏။ နှစ်ယောက်စလုံး လက်သမား၀တ်စုမှ ၀တ်ဆင်ထားကြ၏။

ခမောက်နက်ကြီးကို မျက်နှာဖုံးအောင် ငိုက်စိုက်ချပြီး ဆောင်းထားကြလေသည်။

လင်းဟူစုန်းက ခရီးဦးကြိုပြုပြီး နောက်ထပ် အရက်နှင့် စားသောက်ဖွယ်ရာများကို မှာယူလိုက်ပြန်သည်။

"နောင်တော် ရှန်းဝံ့ထျန်းက ဂိုဏ်းထဲကလူတွေကို ပြန်စည်းရုံးတော့ မထင်မှတ်ပဲ ရုစ်ဆယ်ရာခိုင်နှုန်းလောက်ကို ကိုယ့်လူဖြစ်လာတယ်၊ ဒါက ယန်းလျန်ထိန် ထင်ရာစိုင်းပြီး အစွမ်းအစရှိတဲ့ ကိုယ့်အဖွဲ့သားတွေကို ပြန်ထဲနိုင်းချုပ်နိုင်လို့ပေါ့၊ ဒီတော့ သူ့ကိုတောင် ကျေးဇူးတင်ရဦးမယ်"

"ဖေဖေ ပြောတာ မှန်တယ်၊ ဒါထက် ကျွန်မတို့ရောက်နေတာကို ဖေဖေတို့ ဘယ်လိုလုပ်ပြီး သိလဲ"

"သိတာပေါ့၊ နောင်တော် ရှန်းဝံ့ထျန်းနဲ့ စန့်ကွမ်းရင်တို့ တွေ့ဆုံခဲ့ပြီးမှ သမီးနဲ့တွေ့တာ၊ သမီးနဲ့တွေ့ပြီးမှ သူ အည့်ခံခဲ့တာ"

"ဦးဦး ရှန်းဝံ့ထျန်းက သူ့ကို ထိခိုက်အောင် မလုပ်ခဲ့ဘူးလို့ ထင်ပါတယ်"

"နောင်တော် ရှန်းဝံ့ထျန်းဟာ စန့်ကွမ်းရင်ကို ထိခိုက်အောင် လုပ်ဖို့ လွယ်တာမဟုတ်ဘူး"

ထိုအခိုက် အပြင်ဘက်က လေချွန်သံ ကြားလိုက်သည်။ ညအချိန်ဖြစ်သောကြောင့် လေချွန်သံသည် ကြက်သီးထစရာပင် ကောင်းနေတော့သည်။

"ကျွန်မတို့ရောက်နေတာကိုပဲ တုန်းဒုမ်းပုပို့က် သိသွားပြီလား မဆိုနိုင်ဘူး"

ယဉ်ယဉ်သည် သူ့ထင်မြင်ချက်ကို ထုတ်ဖော်ပြောပြီး လင်းဟူစုန်းဘက်သို့လှည့်၍ လေချွန်သံအကြောင်းကို ရှင်းပြ၏။

"ဒီလေချွန်သံဟာ ကျွန်မတို့ဂိုဏ်းကို သစ္စာဖောက်တဲ့လူကို အမိဖမ်းဖို့ အသေသတ်ဖို့ အချက်ပေးတဲ့ လေချွန်သံပဲ"

တစ်ခဏအကြာတွင် မြင်းခွာသံများ ကြားရ၏။ မြင်းစီးလာသော လူတစ်ယောက်၏ စကားပြောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဂိုဏ်းချုပ်ရဲ့အမိန့် မိုးကြိုးတောင်ဦးစီး ထုံးပိုင်ရှိဟာ ဂိုဏ်းကို သစ္စာဖောက်လို့ သတ်မိန့်ချလိုက်တယ်၊ ဖမ်းဆီးလို့ရရင် ဖမ်းဆီး၊ ခုခံရင် သတ်ပစ်နိုင်တယ်"

မြင်းခွာသံများသည် တဖြည်းဖြည်း ဝေးသွားပြီး ပျောက်ကွယ်သွားလေတော့သည်။

"ဘကြီးထုံးက ကျွန်မတို့ကိုကူညီဖို့ လက်ခံလိုက်ပြီနဲ့တူတယ်"

ယဉ်ယဉ်က ပြောလိုက်သည်။

"သတင်းပြန့်လွင့်တာ တယ်မြန်ပါလား၊ ထုံးပိုင်ရှိနဲ့ တို့နဲ့ တွေ့တာနဲ့ ချက်ချင်း သတင်းက ဟိုကိုရောက်သွားတော့တယ်"

"ဟုတ်တယ် ဒီလူဟာ တုန်းဒုမ်းပုပို့က်အပေါ် အလွန်သစ္စာရှိပါတယ်၊ နေ့တစ်ဝက်လောက် အမျိုးမျိုး ဖျောင်းဖျစည်းရုံးတာလည်း လက်မခံဘူး၊ ခင်ဗျားတို့ သတ်ချင်သတ်၊ ကျုပ် သူ့ကို ပြောပြဖို့ တစ်သက်လုံး စိတ်မကူးဘူးတဲ့၊ ကျုပ်ကို မိတ်ဆွေတွေကို ရောင်းစားတဲ့လူလို့ထင်ရင် မှားမယ်တဲ့၊ အဲဒီလို လူကို ခု သစ္စာဖောက်ဆဉ်ပီး ဖမ်းမိန့်သတ်မိန့်ထုတ်ပြီး"

စန့်ကွမ်းရင်ကိုခေါ်ပြီး ဆွေနွေးကြဖို့ကောင်းတယ် ဂိဏ်းချုပ်ကြီး

လင့်ဝေါစိမ်က 'ခေါင်းညိတ်ဖြေလိုက်သည်။

ရှန်းဝံ့ထျန်း ထွက်သွားပြီး တခဏအကြာတွင် စန့်ကွမ်းရင်ပါ အခန်းထဲသို့ ဝင်ရောက်လာသည်။

"တပည့်လက်သား စန့်ကွမ်းရင်က ဂိဏ်းချုပ်ကို လေးမြတ်စွာ ဂါရဝပြုပါတယ်၊ ဂိဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပြီး ဘုန်းမီးနေလ တောက်ပပါစေ"

စန့်ကွမ်းရင်၏ မြှောက်ပင့်ပြောဆိုသံကို ကြားရသောကြောင့် လင့်ဝေါစိမ်သည် ရယ်ချင်မိသည်။ အံ့အားလည်း သင့်သွားမိသည်။ လင့်ဝေါစိမ် သိထားသော စန့်ကွမ်းရင်သည် စကားပြောတည်တံ့၍ မြှောက်ပင့်ပြောဆိုတတ်သူ မဟုတ်ချေ။ ယခု သူကိုယ်တိုင် ကြားနေရသောကြောင့် အံ့အားသင့်မိ၏။

"ခင်ဗျားက အလွန်စိတ်ထားတည်ကြည်တဲ့ လူတစ်ယောက် ဖြစ်လျက်နဲ့ ဘာလို့ ဒီလို အလွန်အကျွံ ရိုသေလေးစားလွန်းတဲ့ စကားမျိုးတွေ အပိုပြောနေရတာလဲ"

စန့်ကွမ်းရင်သည် လင့်ဝေါစိမ်း၏စကားကြောင့် ကြောင်တက်တက် ဖြစ်သွားသည်။

"ဖေဖေ ဖေဖေကို ဦးလေး စန့်ကွမ်းရင်က ဂိဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ၊ ဘုန်းမီးနေလ တောက်ပါစေဆိုပြီး ကောင်းချီးထောပနာပြုတဲ့ စကားတွေကြားရလို့ အံ့သြနေတာ မဟုတ်လား ဖေဖေ"

"ဒီလိုဆိုရင် ဒီပုဂ္ဂိုလ်ဟာ အလွန် မိတ်ဆွေကောင်း ပီသတာပေါ့နော်"

လင်းဟူစုန်းက ထုံးပိုင်ရှု့ကို ချီးမွမ်းမိ၏။

"သူက ကျွန်မတို့ဘက်လည်းမပါပဲနဲ့ ဘာလို့ ဖမ်းကြတာလဲ"

"အဲဒါကြောင့် ပြောနေတာပေါ့၊ တုန်းဂမ်းပုပိုက်ရဲ့ သြော်ကို အံဟိုကောင်က အရမ်းမဲ့ အလွဲသုံးစားလုပ်ပြီး ထင်ရာစိုင်းနေတာ၊ တကယ်တော့ ထုံးပိုင်ရှု့လို သစ္စာရှိတဲ့သူတစ်ယောက် ရှာရဖို့ အလွန်ရှားပါးတယ်"

ရှန်းဝံ့ထျန်း၏ စကားအဆုံးတွင် လင့်ဝေါစိမ်က လက်ဖျစ်တစ်ချက်တီးပြီး ...

"ထုံးပိုင်ရှု့လိုလူနဲ့ တုန်ဂမ်းပုပိုက် မေတ္တာပျက်ကြတာက တို့အတွက် အောင်ပွဲပဲ၊ အင်း ... အရက်တစ်ခွက်စီ သောက်ကြရအောင်"

လင့်ဝေါစိမ်တို့တစ်တွေသည် ဝမ်းသာသည့် အထိမ်းအမှတ်နှင့် အရက်တစ်ခွက်စီ သောက်ကြသည်။

"ဘကြီးထုံးက ကျွန်မတို့ဂိဏ်းမှာ သမ္ဘာရင့် ပုဂ္ဂိုလ်တစ်ဦးပဲ၊ ဂိဏ်းရဲ့ ကောင်းရာကောင်းကျိုးတွေ အများကြီး သည်ပိုးခဲ့တယ်၊ တုန်ဂမ်းပုပိုက်နဲ့လည်း အလွန်ခင်မင်ရင်းနှီးတယ်၊ တော်တော်တန်တန် မှားတာတောင် ခွင့်လွှတ်ဖို့ကောင်းတယ်"

"ထုံးပိုင်ရှု့အတွက် ဖမ်းဖို့သတ်ဖို့ စိုင်းပြင်းနေကြချိန်မှာ တို့ တောင်ထိပ်ပေါ်တက်ဖို့ အခွင့်အကောင်းတစ်ရပ်ပဲ"

"အေးလေ အဲဒါကြောင့်ပေါ့"

"ဒါကတော့ တုန်းဝမ်းပုပိုကိက သူ့အကျင့်အတိုင်း ဒီလိုပဲ ရေရွတ်ပြောဆိုခိုင်းတော့ ဦးလေး စန့်ကွမ်းရင် နှုတ်ကျိုးပြီး အကျင့်ပါသွားတာပါ ဖေဖေ"

လင့်ဝေါစိမ် ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"လက်စသတ်တော့ ဒီလိုကိုး၊ သက်တော်ရာကျော် ရှည်ပါစေဆိုတာလည်း ကောင်းပါတယ်၊ ဘုန်းမီးနေလ တောက်ပပါစေလို့ ဆုတောင်းတာလည်း ကောင်းပါတယ်၊ ဒါပေမဲ့ ဒီလိုပြောတိုင်း ဖြစ်သွားသတဲ့လား၊ နောင်တော် စန့်ကွမ်းရင် ခုချိန် တောင်ထိပ်ပေါ်တက်ကြရင် အခွင့်မသာဘူးလား၊ ပြောစမ်းပါဦး"

"ဂိုဏ်းချုပ်ကြီး အမိန့်တော်အမြတ်အတိုင်းပါပဲ၊ ဂိုဏ်းချုပ်ကြီး သိုင်းလောကတစ်ခွင်မှာ သက်တော်ရာကျော်ရှည်ပြီး ဘုန်းမီးနေလတောက်ပဖို့အတွက် ကျွန်တော်တို့က ကြံတိုင်းအောင် ဆောင်တိုင်းမြောက်အောင် သက်စွန့်ကြိုးပမ်း ထမ်းရွက်ပါ့မယ်"

လင့်ဝေါစိမ်သည် စန့်ကွမ်းရင် လို ရင်းကို တိုက်ရိုက်မဖြေကြားပဲ မိမိအား အမွှမ်းတင်သည့်စကားများဖြင့် အစချီနေပြန်သည်ကို ကြားရသောအခါ စဉ်းစားတွေးတောမိသည်။

"ဒီစန့်ကွမ်းရင်ဟာ ဟိုတုန်းက စကားပြောရာကအစ တည်ကြည်ဖြောင့်မှန်ပြီး ပြတ်သားတိကျတယ်လို့ ကြားရတယ်၊ ခုတော့ ယုတ်ညံ့သူတွေ ပြောဆိုသလို ဖြစ်နေပါလား၊ ဟိုတုန်းက ငါ ကြားခဲ့တာတွေများ မှားနေရော့လား"

"ဖေဖေ တောင်ထိပ်ပေါ်ကို တက်ချင်ရင် ဦးလေးစန့်ကွမ်းရင်ပြောတဲ့စကားတွေဟာ စကားဝှက်ပဲ၊ ပထမ ရုပ်ဖျက်ရမယ်၊ ပြီးတော့ အဲဒီ စကားဝှက် ရေရွတ်နိုင်ရမယ်"

"ဘာ ... အဲဒါ သစ်ကနက် စကားဝှက် ဟုတ်လား"

"ဟုတ်တယ် ဦးလေး စန့်ကွမ်းရင်ပြောတဲ့ ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ၊ သိုင်းလောကတစ်ခွင်မှာ ဘုန်းမီးနေလ တောက်ပပါစေဆိုတဲ့စကားတွေကို များများပြောဖို့ လိုတယ်၊ ဖေဖေ ရှိတုန်းက သစ်ကနက်တောင်ထိပ်နဲ့ ခု သစ်ကနက်တောင်ထိပ်ဟာ အများကြီး ကွာခြားသွားပြီ၊ ယန်းလျင်ထိန်က ဒီစကားတွေကို တမင်ထွင်ပြီး ရွတ်ဆိုခိုင်းခဲ့တယ်၊ အဲဒီစကားမျိုး မပြောဆိုရင် ကာပြန်ရာ ပြစ်မှားရာကျမယ်"

"နင်ကကော တုန်းဝမ်းပုပိုက်ကိုတွေ့ရင် အဲဒီစကားမျိုးတွေ ပြောခဲ့တာပဲလား"

"အခြေအနေအရပြောလို့တော့ ဘယ်ဖြစ်မလဲ ဖေဖေ၊ ဒါပေမဲ့ ဒီစကားပြောရင် မျက်နှာတောင် မထားတတ်ပါဘူး"

"နောင်တော် စန့်ကွမ်းရင် နောင်ကို ဒီစကားမျိုးတွေ ပြောဖို့ မလိုတော့ဘူး"

"ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီး သိုင်းလောကတစ်ခွင်မှာ ဘုန်းမီးနေလတောက်ပပြီး အသက်ရှည်ပါစေ၊ သူရိန်မျက်နှာမူဂိုဏ်းအခွန့်ရှည်ပါစေ"

စန့်ကွမ်းရင် ရွေတ်လိုက်သည့်စကားသံကြောင့် ယဉ်ယဉ်သည် မရယ်မိသောလည်း ပြုံးမိသည်။

"အကောင်းကတော့ လင်းဟူစုန်းကို ဒဏ်ရာအပြင်းအထန် ရတဲ့ သဘောမျိုး ဖြစ်အောင်လုပ်ရမယ်၊ ပတ်တီးစီးပြီး သွေးသုတ် လိမ်းထားရမယ်၊ ပြီးတော့ ထမ်းစင်ပေါ်တင်ပြီး ထမ်းစင်အောက်မှာ လက်နက်တွေလည်း ဖုက်ယူသွားနိုင်တယ်"

ရှန်းဝံ့ထျန်းလည်းဝင်ရောက်ဆွေးနွေးကြ၏။

"သိပ်ကောင်း သိပ်ကောင်း"

လင့်ဝေါစိမ်းက ဝမ်းသာအားရ ရေရွတ်ပြောလိုက်သည်။

ထိုအချိန် လမ်းမပေါ်မှ မြင်းခွာသံကြားရပြီး လူတစ်ယောက်၏ အော်ပြောသံကို လင့်ဝေါစိမ်တို့တစ်တွေ ကြားလိုက်ရသည်။

"မိုးကြိုးတောင်ရှင်ကို ဖမ်းမိပြီ"

ယဉ်ယဉ်သည် လင်းဟူစုန်းလက်ကိုဆွဲပြီး တံခါးပေါက်မှ အပြင်သို့ ချောင်းကြည့်လိုက်သည်။ ထောင်ထောင်မောင်းမောင်း အဘိုးအိုတစ်ဦး လက်ပြန်ကြိုးတုပ်နှောင်ပြီး လူအများက ဖမ်းဆီးခေါင်ဆောင်လာသည်။ အဘိုးအို၏ မျက်လုံးအစုံသည် ဒေါသကြောင့် ဝင်းဝင်းတောက်နေ၍ မျက်နှာတွင် သွေးများ ပေစွန်းနေသည်။

စန့်ကွမ်းရင်သည် လိုအပ်သော ပစ္စည်းများကို ရှာဖွေယူလာသည်။ လင်းဟူစုန်းကို လက်ပတ်တီးစီး၍ လည်တွင် သိုင်းထားလိုက်သည်။ ပြီးနောက် ဆိတ်သွေးဖြင့် တစ်ကိုယ်လုံး ပေကျံအောင် သုတ်လိမ်းလိုက်ပြန်သည်။

လင့်ဝေါစိမ်နှင့် ရှန်းဝံ့ထျန်းသည် ကုမ္ပဏီဂိုဏ်းသားတို့၏ ဝတ်စုံပြောင်းဝတ်ပြီး ယဉ်ယဉ်သည်လည်း ကုမ္ပဏီဂိုဏ်းသား

"တို့တစ်တွေ တောင်ထိပ်ကို ဘယ်လိုတက်ရင် ကောင်းမယ်ဆိုတာ ပြောစမ်းပါဦး"

"ဂိုဏ်းချုပ်ကြီး သိုင်းလောကတစ်ခွင်မှာ ဘုန်းမီးနေလတောက်ပပြီး သက်တော်ရာကျော် ရှည်ပါစေ"

လင့်ဝေါစိမ်သည် စန့်ကွမ်းရင် ရေရွတ်သံကို ကြားရပြန်သောကြောင့် သက်ပြင်းရှည်ကြီးချပြီး ဖြတ်မေးလိုက်သည်။

"နောင်တော် လင်းဟူစုန်းကို ဖမ်းဆီးဖို့ အမိန့်ချတော့ ဘယ်လိုချသလဲ"

"လင်းဟူစုန်းကို ဖမ်းဆီးနိုင်ခဲ့ရင် ကြီးကြီးကျယ်ကျယ် ဆုချမယ်၊ ဖမ်းဆီးခေါ်ဆောင်မလာရင်တော့ ကိုယ့်ခေါင်းကိုယ် ပြန်ဖြတ်လာလို့ မှာလိုက်ပါတယ်"

"သိပ်ကောင်းတယ်၊ ဒါဆိုရင် လင်းဟူစုန်းကိုဖမ်းဆီးပြီး ဆုသွားယူကြတာပေါ့"

စန့်ကွမ်းရင် ယောင်ရမ်း၍ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

"လူစွမ်းကောင်းလေး လင်းဟူစုန်းဟာ ဂိုဏ်းချုပ်ချစ်မြတ်နိုးသူတစ်ယောက်ဖြစ်လို့ ကျွန်တော် မပြစ်မှားဝံ့ပါဘူး"

"သဘောက ဒီလိုပါ၊ လင်းဟူစုန်းကို ဖမ်းဆီးနိုင်ခဲ့တဲ့ သဘောနဲ့ တက်သွားရင် တုန်ဝှမ်းပုပိုက်က ခင်ဗျားကို လက်တွေ့ ဆုံရမှာပေါ့"

"ဟုတ်တယ် ဖေဖေ၊ ဒီအကြံ ကောင်းတယ်၊ ကျွန်မတို့လေးဦးက ဦးလေးစန့်ကွမ်းရင်ရဲ့ နောက်လိုက်ငယ်သားသဘောနဲ့ လိုက်ပါလာကြတာပေါ့"

တစ်ယောက်၏ အဝတ်အစားကို ပြောင်းလဲဝတ်ဆင်လိုက်သည်။ နောက် မျက်နှာကို အိုးမဲသုတ်လိမ်းကြ၍ ရုပ်ဖျက်ကြသည်။ အစစပြင်ဆင်ပြီးသောအခါ သစ်ကနက်တောင်ထိပ်သို့ ခရီးဆက်ခဲ့ကြ၏။

"ဖမ်းသိမ်းကျိနယ်ကို ရောက်ခဲ့ပြီး အနောက်မြောက်စူးစူးသို့ မိုင်နှစ်ဆယ်ခန့် ဆက်လျှောက်ခဲ့ကြသည့် စွေးစွေးနီသော တောင်ထိပ်ကြီးကို လှမ်းမြင်ကြရသည်။ ရှည်လျားသော မြစ်ကွေ့တစ်နုတ်ွင် ရေဝဲကန်တော့ထိုးနေသည့် မျောက်ဝံကမ်းခြေသို့ လင့်ဝေါစိမ်တို့လူစု ရောက်ရှိခဲ့၏။

မျောက်ဝံကမ်းခြေမှ မြောက်စူးစူးသို့ ဆက်လျှောက်ကြသော အခါ တောင်ကြားလမ်းတစ်ခုသို့ ရောက်လာသည်။ ကောင်ကြားလမ်းကလေးသည် ငါးပေခန့်ကျယ်ဝန်းပြီး တစ်လမ်းလုံး ကုမ္ဘာဏ်ဂိုဏ်းသားတွေ စောင့်ကြပ်နေသည်။ စန့်ကွမ်းရင်ကို တွေ့ရသော အခါ ကုမ္ဘာဏ်ဂိုဏ်းသားများက တလေးတစား ဂါရဝပြုကြ၏။

တောင်ကြားလမ်းပြတ်ကလေးသုံးခုကို ဖြတ်သန်းခဲ့ရပြီး နောက် ကမ်းခြေတစ်ခုသို့ ရောက်ခဲ့လေသည်။ စန့်ကွမ်းရင်သည် အချက်ပေးမြားကို ကောင်းကင်ပေါ်သို့ ပစ်လွှတ်လိုက်၏။ တခဏအကြာတွင် သမ္ဘာန်သုံးစီးကမ်းသို့ ကပ်လာခဲ့ကြသည်။

စန့်ကွမ်းရင်သာ မရှိခဲ့ပါမူ ကုမ္ဘာဏ်အဖွဲ့၏ ဤနေရာသို့ ရောက်ရှိနိုင်ရန် မလွယ်ကူချေ။

တစ်ဖက်ကမ်းသို့ ရောက်ရှိသောအခါ အလွန်မြင့်မားမတ်စောက်သော တောင်စောက်ကို တွေ့မြင်ကြရသည်။

ရှန်းဝံထျန်းနှင့် လင့်ဝေါစိမ်သည် ထမ်းစင်ကို ထမ်းထားကြပြီး ယဉ်ယဉ်က ဓားနှစ်လက်ဖြင့် စောင့်ကြပ်သည့်သဘောမျိုး လိုက်ပါလာကြသည်။

ကုမ္ဘာဏ်ဂိုဏ်းချုပ် တည်ရာဌာနသို့ ရောက်ရှိချိန်တွင် မိုးမလင်းသေးချေ။ စန့်ကွမ်းရင်က အစောင့်အကြပ်တစ်ယောက်ကို အမြန်စေလွှတ်ပြီး သတင်းပို့ခိုင်းလိုက်သည်။ တခဏအကြာတွင် ငွေခြူသံကြားရ၍ စန့်ကွမ်းရင် ထရပ်လိုက်သည်။ ယဉ်ယဉ်က လင့်ဝေါစိမ့်ကို လက်ဆွဲအချက်ပြ၍ ထရပ်ခိုင်းလိုက်သည်။

အစောင့်ဂိုဏ်းသားများသည် တုတ်တုတ်မျှမလှုပ်ပဲ ငြိမ်သက်နေကြ၏။ ငွေခြူသံသည် တောင်အောက်သို့ ရောဂ်မှပင် အစောင့်အကြပ်များသည် အသက်ဝင် လှုပ်ရှားကြလေသည်။

အဝါရောင် ဝတ်စုံဝတ်ဆင်ထားသည့် ကုမ္ဘာဏ်ဂိုဏ်းသားတစ်ဦး ရောက်ရှိလာပြီး အမိန့်စာကို ဖတ်ကြားလိုက်သည်။

ဂိုဏ်းချုပ် တုန်ဝမ်းပုပိုက် အမိန့်တော် ...

ကျပုနဲ့ စန့်ကွမ်းရင်တို့ အမိန့်အတိုင်း ဆောင်ရွက်ပြီး အောက်မြင်စွာ ပြန်လည်ရောက်ရှိလာခဲ့သဖြင့် ဖမ်းဆီးခေါ်ဆောင်လာသူနှင့်တစ်ကွ တောင်ထိပ်ပေါ်သို့ တက်ခဲ့ရန် အမိန့်ချမှတ်လိုက်သည်။

စန့်ကွမ်းရင်သည် ဦးညွှတ်၍ ဂါရဝပြုလိုက်ပြီး ထုံးစံအတိုင်း ရေရွတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပြီး သိုင်းလောက တစ်ခွင်မှာ ဘုန်းမီးနေလ တောက်ပပါစေ"

လင်းဟူစုန်းလည်း ထမ်းစင်ပေါ်မှ ရယ်ချင်မိ၏။ ဇာတ်တိုက်ထားသော ဇာတ်စင်ပေါ်မှ ပြကွင်းပြကွက်တစ်ခုပမာ တူနေတော့သည်။

ဖြတ်သန်းခဲ့ရသည့် နေရာတိုင်းတွင် မေးမြန်းစစ်ဆေးခြင်းခံရသော်လည်း စန့်ကွမ်းရင်နှင့် ဝါးစိမ်းနက် ဒေဝီတို့ ဖြေကြားနိုင်သောကြောင့် အခက်အခဲမရှိချေ။ တောင်ထိပ်ပေါ်မှ အလွန်ကြီးမားသည့် ဝါးခြမ်းကြီးတစ်လုံး တဖြည်းဖြည်း လျောဆင်းခဲ့သည်။ စန့်ကွမ်းရင်က လှမ်းအော်ပြီး အမိန့်ပေးလိုက်သည်။

"ဟေ့ ... ဖမ်းလာတဲ့လူကို ခြင်းထဲ ထည့်ကြစမ်း"

လင့်ဝေါစိမ်နှင့် ရှန်းဝံ့ထျာန်းတို့နှစ်ယောက် ထမ်းစင်ကို ထမ်း၍ ခြင်းတောင်းကြီးထဲသို့ ဝင်လိုက်ကြသည်။ ယဉ်ယဉ်နှင့် စန့်ကွမ်းရင်တို့လည်း လိုက်ဝင်လိုက်ကြသည။

တောင်ထိပ်ပေါ်မှ ဘီးကြီးဖြင့် လှိမ့်ဆွဲတင်ဟုန်ရှိပြီး ခြင်းကြီးသည် ဖြည်းဖြင်းချင်း မြင့်တက်သွားသည်။ ခြင်းကြီးသည် တော်တော်နှင့် မရပ်နိုင်သောကြောင့် သစ်ကနက်တောင်ထိပ်သည် အလွန်မြင့်မားကြောင်း လင်းဟူစုန်း ရိပ်စားမိလိုက်သည်။ လင်းဟူစုန်းသည် မသိမသာ တောင်အောက်သို့ လှမ်းကြည့်သော်လည်း မှောင်နေသောကြောင့် သဲသဲကွဲကွဲ မမြင်နိုင်ချေ။

ဝါးခြင်းကြီးသည် တစ်ဆင့်ရောက် တစ်ခါနားရပြီး သုံးဆင့်နားပြီးမှ စတုတ္ထအဆင့်သည် တောင်ထိပ်ပေါ်သို့ ရောက်သွား၏။ လင်းဟူစုန်းတို့ တောင်ထိပ်ပေါ်သို့ ရောက်သည့်အချိန်တွင် မိုးလင်းနေပေပြီ။ ခြင်းကြီးကိုဆွဲတင်ရန် စက်သီးကဲ့သို့ တပ်ဆင်ထားသည်ကို တွေ့ရသည်။

"ထွန်းလင်း ညာလက်ရုံး စန့်ကွမ်းရင်က ဂိုဏ်းချုပ်အမိန့်အရ လာရောက်တွေ့ဆုံပါတယ်"

ရှန်းဝံ့ထျန်းက လှမ်းအော်ပြောလိုက်သည်။

ညာဘက်တွင် ကမ်းစခန်းမှာ အစောင့် လေးယောက် ထွက်လာပြီး စစ်ဆေးမေးမြန်းသည်။ စစ်ဆေးမေးမြန်းပြီးနောက် ကျောက်ခင်းလမ်းကလေးအတိုင်း လင်းဟူစုန်းတို့ကို ခေါ်ဆောင်သွားကြသည်။ ကျောက်ခင်းလမ်းဆုံးသောအခါ အရမ်းရောင့်ဝတ်စုံဝတ်ထားသော ကိုယ်ရံတော်ဟု ထင်ရသူနှစ်ယောက်သည် လင်းဟူစုန်းတို့အဖွဲ့ကို အနောက်ဘက်ဆောင်သို့ ဆက်လက်ခေါ်ဆောင်သွားပြန်သည်။

"ခင်ဗျားတို့ ဒီမှာစော့်နေ"

"ကောင်းပြီ"

စန့်ကွမ်းရင်သည် လေးစားရိုသေသည့်သဘောဖြင့် လက်နှစ်ဖက်ကိုချုပြီး ရပ်နေသည်။ ထို့ကြောင့် ကျန်လူများလည်း သူ့အတိုင်း လိုက်ပြီး ရပ်နေကြ၏။ လင်းဟူစုန်းသည် အခြေအနေကို မစဉ်းစားတတ်အောင် ဖြစ်နေသည်။ စန့်ကွမ်းရင်သည် ညာလက်ရုံးဘုဆိုသော်လည်း သစ်ကနက်တောင်ထိပ်တွင်သူ့အား အမှုမထားသူ မရှိသလောက် ဖြစ်နေသည်။ အတန်ကြာမှ ခြေသံကြားရသည်။ အတွင်းအား ပြည့်ဝမှုရှိကြောင်း လင်းဟူစုန်း သိလိုက်ရ၏။

ထယ်ထယ်ဝါဝါ ဝတ်စားထားသော အသက်သုံးဆယ်အောက်ရှိ လူတစ်ယောက် လင်းဟူစုန်းရှိရာသို့ ရောက်လာပြီး ...

"ညာလက်ရုံးကြီး လင်းဟူစုန်းကို ဖမ်းမိခဲ့ဟဲ့အတွက် ဂိုဏ်းချုပ်က အလွန်အားရနေတယ်"

"ထုံးပိုင်ရှဲဟာ ဂိုဏ်းချုပ် သူ့အပေါ် ကောင်းရက်နဲ့ ယောက်ဘက်တယ်၊ စကားပြောရင်လည်း ဘယ်တော့မှ အောက်က မနေချင်ဘူး၊ ခု ဂိုဏ်းချုပ်ကို ကာပြန်ဖို့ လင့်ဝေါစိမ်နဲ့သွားပြီး အပေါင်းအသင်းလုပ်နေတယ်"

"ဟာ ... သူက ဂိုဏ်းကို သစ္စာမရှိပဲ လင့်ဝေါစိမ်နဲ့တောင်သွားပြီး အဆက်သွယ် လုပ်သလား"

စန့်ကွမ်းရင်သည် ဤစကားကို မပြောမဖြစ် ပြောလိုက်ရသော်လည်း အလွန် ထိတ်လန့်သွားမိ၏။ မျက်နှာလည်း ဖုံးဖိမရအောင်ပင် ပျက်နေတော့သည်။

"ညာလက်ရုံးကြီး ကြည့်ရတာ ထိတ်လန့်ကြောက်ရွံ့နေတဲ့ပုံပဲ၊ ဘာဖြစ်လို့ ဒီလောက် ထိတ်လန့်နေရတာလဲ၊ လင့်ဝေါစိမ်က ခေါင်းသုံးလုံးနဲ့ လက်ခြောက်ချောင်းပါတဲ့လူလည်း မဟုတ်ပါဘူး၊ တစ်ချိန်တုန်းက ကျုပ်တို့ဂိုဏ်းချုပ်က သူ့ကို လက်ခုပ်ထဲက ရေလို သဘောထားခဲ့တာပါပဲ၊ သစ္စာရှိလို့ ခုတစ်ခါ သူ ပြန်လာခဲ့ရင်တော့ ကြက်သတ်သလို သတ်လိုက်ရုံပေါ့"

"ဟုတ်ပါတယ် ထုံးပိုင်းရှဲ့က သူနဲ့ ဘယ်လိုများ ချိတ်ဆက်မိလို့လဲ"

"လင့်ဝေါစိမ်နဲ့ တိတ်တဆိတ်ချိန်းပြီး စည်းဝါးရိုက်တယ်လေ၊ မေးကြည့်တော့ သူနဲ့တွေ့တယ် ဆိုတာကို မငြင်းကွယ်ဘူး"

"သူက ဝန်ခံသွားပြီလား၊ ဒါဆိုရင် မတရားစွပ်စွဲတာလို ဘယ်ပြောရတော့မလဲ"

"ဒါကတော့ ဂိုဏ်းချုပ်ကြီးရဲ့ဘုန်းကံနဲ့ ဥစ္စာယန်းနဲ့ စီစဉ်ညွှန်ကြားမှုအရ ဖမ်းမိခြင်းပါပဲ"

ယန်းလျှန်ထိန်သည် လင်းဟူစုန်းကို မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ဒီမင်းသမရှင်ကောင်က လင်းဟူစုန်းဆိုတာကော သေချာရဲ့လား"

"သူက ဟင်စမ်းဂိုဏ်းချုပ် ရာထူးကို လက်ခံခဲ့ခဲ့သူဖြစ်တော့ သေချာပါတယ်၊ ဘက်လက်ရုံးကြီး ကျုပ်ရဲ့လက်ချက်နဲ့ အရေးကြီးတဲ့ သွေးကြောကွက်ကိုလည်း အထိုးခံလိုက်ရပါတယ်၊ ပြီးတော့ ကျုပ်ရဲ့ လက်ဝါးနှစ်ချက် ထိပြန်တော့ မခံနိုင်တော့ဘူး"

ဝါးစိမ်းနတ်ဒေဝီရဲ့ အသည်းစွဲတဲ့လူကို ခုလို ရိုက်နှက်ဖမ်းဆီးလာတော့ နောင်တစ်ချိန် ရန်ကြွေးဆပ်မှာကို သတိထားရမယ်နော်"

"ဂိုဏ်းချုပ်ရဲ့အမိန့်ကို ဆောင်ရွက်တဲ့နေရာမှာ အသက်ကို စွန့်ရဖို့ အဆင်သင့်ပါပဲ"

"ခင်ဗျားက ဂိုဏ်းချုပ်အပေါ် သစ္စာရှိတာကို ကျွန်တော် တင်ပြပေးပါ့မယ်၊ ဂိုဏ်းချုပ်က ခင်ဗျားကို ဆုချမှာ သေချာပါတယ်၊ မိုးကြိုးဆောင်ရှင်က ဂိုဏ်းချုပ်ကို သစ္စာဖောက်တဲ့ သတင်းကော ခင်ဗျား ကြားပြီးပြီလား"

"သေသေချာချာ မသိရသေးပါဘူး၊ သိရတော့မှပဲ စီစဉ်ဆောင်ရွက်မယ်လို့ စဉ်းစားနေပါတယ်"

ယန်းလျှန်ထိန်သည် ထိုင်ခုံတစ်ခုပေါ် ထိုင်ချလိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျုပ်က တာဝန်ထမ်းဆောင်ပြီးတော့ ဂိုဏ်းချုပ်ရဲ့ ရွှေမျက်နှာကို ဖူးချင်တယ်၊ ခုလို ပင်ပန်းလာချိန်မှာ ဂိုဏ်းချုပ်ရဲ့ ရွှေမျက်နှာကို ဖူးလိုက်ရရင် အားအင်ပြည့်သွားမှာပဲ"

"ဂိုဏ်းချုပ်က အလုပ်သိပ်များနေတော့ တွေ့ဖို့မလွယ်သေးဘူး"

စန့်ကွမ်းရင်သည် အိတ်ထဲသို့ လက်ထိုးနှိုက်ပြီး ပုလဲဆယ်လုံးကျော်ကို နှိုက်ယူသည်။

"ဒါက ရိုသေလေးစားမှုအရ ပေးတဲ့လက်ဆောင်ပါ၊ ဂိုဏ်းချုပ်ရဲ့ ရွှေမျက်နှာကို ကြည့်မြင်ရရင် အလွန်အားအင်ပြည့်ဖြိုးသွားမှာပါ"

ယန်းလျန်ထိန်သည် ပုလဲလုံးဆယ်ရှစ်လုံးကို လှမ်းယူပြီးမှ စကားဆက်ပြောသည်။

"ညာလက်ရုံးကြီး တာဝန်ကျပွန်တဲ့အကြောင်း ဂိုဏ်းချုပ်အပေါ် သစ္စာရှိတဲ့အကြောင်းတော့ ကျုပ်က ဂိုဏ်းချုပ်ကို အစဉ်အမြဲ ပြောပြပါတယ်၊ ထွန်းလင်းညာလက်ရုံးကြီးကနေ ထွန်းလင်းဘယ်လက်ရုံးကြီးနေရာ တိုးမြှင့်တာဖို့လည်း ပြောပေးပါ့မယ်"

စန့်ကွမ်းရင်သည် ယန်းလျန်ထိန်ကို အထပ်ထပ် အပြန်ပြန် ကါရဝပြုလိုက်ပြီး ...

"ဒီကျေးဇူးတွေကို ဘယ်အခါမှ မေ့ပျောက်နိုင်မှာ မဟုတ်ပါဘူး"

"ကဲ ... ခင်ဗျားတို့ ဒီက စောင့်နေ၊ တကယ်လို့ ဂိုဏ်းချုပ် အားတယ်ဆိုရင် ကံကောင်းထောက်မရင်ပေါ့လေ ခင်ဗျားနဲ့တွေ့ရအောင် စီစဉ်ပေးမယ်"

"ဟုတ်တယ် လင့်ဝေါစိမ်က သူ့ကို အထင်မသေးတဲ့အပြင် ယဉ်ယဉ်ကျေးကျေး စကားပြောလို့ သူ ပြန်ပြောတာဟာ ဘာအပြစ်ရှိသလဲတဲ့၊ လင့်ဝေါစိမ်ဟာ သိုင်းလောကထဲ ပြန်ရောက်လာတဲ့နောက် ဂိုဏ်းချုပ်ကို အနှောင့်အယှက်ပေးမယ်ဆိုတာကို သူမသိဘူးလား၊ အဲဒါကိုပြော ဘ လင့်ဝေါစိမ်က သစ္စာမရှိတာ မဟုတ်ဘူးတဲ့၊ ကျုပ်တို့ဂိုဏ်းချုပ်က သစ္စာမရှိတာ ဆိုပြီး ဖြောတယ်"

"ဒါတော့ ဘယ်ဟုတ်မလဲ၊ ကျုပ်တို့ဂိုဏ်းချုပ်လောက် သစ္စာရှိပြီး တပည့်လက်သားနဲ့ မိတ်ဆွေတွေအပေါ် ကောင်းတာရှားပါးတယ်၊ မိတ်ဆွေတွေအပေါ်လည်း တကယ် စိတ်ကောင်းထားတာပဲ"

စန့်ကွမ်းရင်သည် တုန်ဖမ်းပုဝိုက်အား ရည်ညွှန်းပြီး ဖြောသလိုလိုနှင့် လင့်ဝေါစိမ်ကို ရည်ညွှန်း၍ ပြောနေခြင်း ဖြစ်သည်။

"ကျုပ်ကတော့ ဂိုဏ်းချုပ်ရဲ့ကျေးဇူးသစ္စာကို စောင့်သိရှိသေရမှာပဲ၊ မကောင်းတဲ့လူတွေကိုတော့ မျက်နှာသာမပေးနိုင်ဘူး"

စန့်ကွမ်းရင်က မသိမသာနှင့် ယန်းလျန်ထိန်ကို ပုတ်ခတ်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

"ကောင်းတယ် ကျုပ်တို့ဂိုဏ်းထဲမှာ ညာလက်ရုံးကြီးလို ဂိုဏ်းချုပ်ရဲ့ကျေးဇူးသစ္စာကို စောင့်သိလေးစားသူတွေရှိရင် သိပ်ကောင်းမယ်၊ ကဲ ... ခရီးပန်းလာမှာပေါ့၊ တောင်ခြေကို ပြန်ဆင်းပြီး အနားသွားယူတော့"

စန့်ကွမ်းရင်သည် တစ်ချက်ကြောင်သွားသည်။

သံတံခါးသုံးခုကို ကျော်လွန်ပြီးနောက် ခုံရှည်ကြီးတစ်ခု ချထားရာသို့ ရောက်ခဲ့ကြသည်။ စန့်ကွမ်းရင်က ဦးဆောင်ပြီး ဝင်သွားသည်။ လှုံရှည်နှစ်ချောင်းသည် ဘယ်ညာမှ ရောက်ရှိခဲ့ပြီး စန်းကွမ်းရင်၏လည်မျိုး၊ ရင်ဝ၊ ခါး၊ ကျောစသည့် သွေးကြောကွက်နေရာများသို့ ရောက်ရှိပြီး တေ့ထားလိုက်သည်။ လင်းဟူစုန်း အလွန် အံ့အားသင့်သွား၏။ လင်းဟူစုန်းသည် မိမိအောက်မှ ဓားရှည်ကို အမှတ်မထင် ကိုင်မိလျက်သား ဖြစ်သွားသည်။

"လက်အောက်တပည့်သား စန့်ကွမ်းရင်က အမိန့်တော်အရ ဂိုဏ်းချုပ်ကို လာရောက်ဖူးမျှော်တာပါ"

"တွေ့ဆုံခွင့်ပြုတယ်"

ခန်းမဆောင်ကြီးထဲမှ လှမ်းအော်ပြောသံ ထွက်လာတော့မှပင် ဝမ်းတွင်းရင်ကို တေ့ထောက်ထားသည့် လှံများအား ပြန်ရုပ်သိမ်းသွားကြလေသည်။

ခန်းမဆောင်ကြီးသည် ပေသုံးရာကျော် ရှည်လျားပြီး ခန်းမဆောင်ကြီး၏အဆုံး၌ ထိုင်ခုံရှည်ကြီးပေါ်တွင် အဘိုးအိုတစ်ဦး ခန့်ငြားထယ်ဝါစွာ ထိုင်နေသည်။

ခန်းမဆောင်ကြီးက ရှည်လျားသော်လည်း ပြတင်းပေါက်မရှိချေ။ မီးထွန်းထားသော်လည်း ထိန်လင်းခြင်းမရှိသောကြောင့် တုန်ဂမ်းပုပိုက်၏မျက်နှာကို လင်းဟူစုန်း ပီပီသသ မမြင်ရချေ။

စန့်ကွမ်းရင်သည် ဒူးထောက်ချလိုက်သည်။

"ဂိုဏ်းချုပ်ကြီးကို ထွန်းလင်း ညာလက်ရုံး စန့်ကွမ်းရင် လာရောက်ကန်တော့ဦးချပါတယ်"

ယန်းလျန်ထိန်သည် ထိုင်ရာမှထပြီး အနောက်ဘက်သို့ ဝင်သွားသည်။ စန့်ကွမ်းရင်သည်လည်း ဂါရဝပြု၍ နောက်သို့ ဆုတ်လှမ်းလိုက်၏။

အတန်ကြာ စောင့်ရပြီးနောက် ခရမ်းရောင်ဝတ်လူ တစ်ယောက် ထွက်လာသည်

"ဂိုဏ်းချုပ်ကြီး အမိန့်တော်၊ ညာလက်ရုံးကြီး စန့်ကွမ်းရင် ဖမ်းလာတဲ့လူကိုပါ တစ်ပါတည်းခေါ်ပြီး ဂိုဏ်းချုပ်ကို လာရောက် တွေ့ဆုံပါ"

စန့်ကွမ်းရင်သည် ဂိုဏ်းချုပ်အမိန့်ကို ပြောကြားသူ၏ နောက်မှ လိုက်သွားသည်။ လင့်ဝေါစိမ်၊ ရှန်းဝံ့ထျန်းတို့သည်လည်း ထမ်းစင်ထမ်း၍ ဝင်လိုက်သွားပြီး ယဉ်ယဉ်က နောက်မှ လိုက်ပါသွားသည်။

လမ်းတစ်လျှောက်လုံး သူရဲကောင်းနှစ်ယောက် တစ်နေရာ မျက်နှာချင်းဆိုင်ရပ်ပြီး တစ်ယောက်နှင့်တစ်ယောက် လက်မြှောက်ကာ ဓားရှည်ကို ကြက်ခြေသဏ္ဌာန်ယှက်တင် ကိုင်ဆောင်ထား၏။ ဓားရောင်တဝင့်ဝင့်အောက်မှ ခေါင်းလျှိုပြီး ဝင်ရောက်ခဲ့ကြရလေသည်။

သူရဲကောင်းများ စောင့်ကြပ်နေသည့် သံတံခါးကြီးသုံးခု တိုင်တိုင် ဖြတ်သန်းလာခဲ့ရသည်။ လင့်ဝေါစိမ်နှင့် ရှန်းဝံ့ထျန်းတို့သည် တိုက်ပွဲများစွာ ဆင်နွှဲခဲ့ပြီးဖြစ်၍ ဓားသွားလှံသွားဆိုသည်မှာ အဆန်းမဟုတ်တော့သော်လည်း ယခုကဲ့သို့ ခေါင်းလျှိုသွားရသောအခါ စိတ်ထဲတွင် မကျေနပ်ကြချေ။

အဘိုးအိုအား ဘေးတွင်ရှိစာ ခရမ်းရောင်ဝတ်စုံနှင့်လူ တစ်ယောက်က လှမ်းအော်ပြီး

"မင်း လက်အောက်တပည့်သားတွေက ဂိုဏ်းချုပ်ရှေ့မှာ ဘာလို့ ဒူးမထောက်ကြတာလဲ"

လင့်ဝေါစိမ်သည် ဒေါသကို ချုပ်တည်းပြီး ဒူးထောက်ချလိုက်၏။ ရှန်းဝုံထျန်းနှင့် ယဉ်ယဉ်တို့ပါ ဒူးထောက်ချလိုက်သည်။

"လက်ထောက်တပည့် စန့်ကွမ်းရင်က ဂိုဏ်းချုပ်ကြီးကို ဖူးမျှော်ကန်တော့ခွင့်ရတာဟာ ဘိုးစဉ်ဘောင်ဆက် ရှစ်ဆက်ရဲ့ ကုသိုလ်ကောင်းမှုကြောင့်ဖြစ်ပြီး အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သွားပါတယ်၊ ဒါကြောင့် နောက်ပါတပည့်လက်သားတွေကို ဒူးထောက်ခိုင်းဖို့ မပြောမိတာကို ခွင့်လွှတ်ပါ"

"ဘယ်လက်ရုံးကြီး ကျပုက ဘယ်လိုတိုက်ခိုက်ရင်း ကျဆုံးသွားတယ်ဆိုတာကို တင်ပြပါ"

အဘိုးအို၏ ဘေးတွင်ရှိနေသော ယန်းလျန်ထိန်က လှမ်းပြောလိုက်သည်။

"ဘယ်လက်ရုံးကြီး ကျပုဟာ ကျွန်တော်နဲ့အတူ ဂိုဏ်းချုပ်ကြီးရဲ့ ပေးအပ်တဲ့တာဝန်ဝတ္တရားကို ပြောင်ပြောင်မြောက်မြောက် စွမ်းစွမ်းတမံ ထမ်းဆောင်ရင်း"

လင်းဟူစုန်းသည် စန့်ကွမ်းရင်၏ကို အလွန်စိတ်ပျက်သွားမိသည်။ စန့်ကွမ်းရင်၏ စကားကို ဆက်လက်နားထောင်ချင်စိတ်မရှိတော့ချေ။

"ဒီလူကြည့်ရတာ တည်ကြည်ဖြောင့်မတ်ပုံရှိသားနဲ့ စကားပြောရာကျတော့ ရွက်ဖို့ကောင်းတယ်"

ရုတ်တရက် အနောက်ဘက်မှ လူတစ်ယောက်၏အသံကျယ်လောင်စွာ လှမ်းပြောသံ ထွက်ပေါ်လာသည်။

"နောင်တော် တုန်းဝမ်းပုပိုက၊ မင်းက လူတွေလွတ်ပြီး ငါ့ကို တကယ် ဖမ်းခိုင်းသလား"

အဘိုးအိုတစ်ယောက်၏အသံ ဖြစ်သည်။ အသက်အရွယ်ကြီးရင့်သော်လည်း အားအင်ပြည့်ဝ၍ အသံသြဇာနှင့်လည်း ပြည့်စုံသည်။

ထိုအဘိုးအိုသည် မိုးကြိုးဆောင်ရှင်ပင် ဖြစ်သည်။

"ထုံးပိုင်ရှဲ့ ခင်ဗျား ဒီနေရာမျိုးမှာ အော်ကြီးဟစ်ကျယ်လာပြောသင့်သလား၊ ဂိုဏ်းချုပ်ရှေ့မှောက်မှာ ဘာလို့ ဒူးမထောက်တာလဲ"

ယန်းလျန်ထိန်က ဒေါသတကြီး လှမ်းပြောလိုက်သည်။

ထုံးပိုင်းရှဲ့သည် ခေါင်းမော့ပြီးတဟားဟား ရယ်မောလိုက်သည်။

"ငါ တုန်းဝမ်းပုပိုက်နဲ့ လက်ပွန်းတတီး ရှိကြချိန်မှာ မင်းက လူလောကထဲကိုတောင် မရောက်သေးဘူး၊ ငါနဲ့ တုန်းဝမ်းပုပိုက်မင်းက ငါတို့ကို သေအတူရှင်မကွာ တိုက်ခိုက်ခဲ့ချိန်မှာ မင်း လူမဖြစ်သေးဘူး၊ မင်းက ငါ့ကို ဘာပြောစရာလိုသလဲ"

အဘိုးအို ထုံးပိုင်ရှဲ့၏ မျက်နှာစတွင် သွေးများ ပေကျံနေပြီး ခြေနှင့်လက်တွင် သံကြိုးဖြင့် တုပ်နှောင်ထားသည်။ ထုံးပိုင်

ရှဲ့က အလွန်ဒေါသထွက်စွာဖြင့် ယန်းလျန်ထိန် စူးရှတောက်ပသော မျက်လုံးဖြင့် ပြူးကျယ်စွာ ကြည့်နေလေသည်။

"ဂိုဏ်းချုပ်ရှေ့တော်မှောက်မှာ ဒီလောက်တောင် ရိုင်းစိုင်းရသလား၊ သစ္စာဖောက် လင့်ဝေါစိမ်နဲ့ အချိတ်အဆက်လုပ်တာ အပြစ်ရှိတယ်ဆိုတာ သိတယ်မဟုတ်လား"

"လင့်ဝေါစိမ်ဟာ တစ်ချိန်က ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ပဲ၊ အခြေအနေအရ သူ့ကို ဒီနေရာက ဖမ်းရှားလိုက်ရတာ၊ နောက်တော် တုန်ဂှမ်းပုပိုက်မင်း စကားတစ်ခွန်းတော့ ပြောစမ်းပါ၊ သူက မင်းကို သစ္စာမဲ့ဖူးသလား"

"တကယ်တော့ သူ့အကြောင်းနဲ့သူ ဒီက ထွက်ခွာသွားတာပဲ၊ ဒါပေမဲ့ ပြန်လာတဲ့အခါ ရိုးသားမှုရှိရင် ရှောင်လင်ကျောင်းတိုက်ကို သွားစရာမလိုဘူး၊ ဝူတန်းဂိုဏ်းနဲ့လည်း တွေ့ဆုံစရာ အကြောင်း မရှိဘူး၊ ဂိုဏ်းကို ပြန်မလာတာကိုက ဂိုဏ်းကို ကာပြန်တာပဲ၊ အမိန့်မနာခံတာပဲ"

ထုံပိုင်ရှဲ့သည် ယန်းလျန်ထိန်၏ စကားအဆုံးတွင် တဟားဟားနှင့် ရယ်မောလိုက်သည်။

"နောက်တော် တုန်ဂှမ်းပုပိုက်း မင်းလဲ လင့်ဝေါစိမ် အကြောင်းကို ပြောပြလိုက်စမ်းပါ၊ လင့်ဝေါစိမ်ဟာ မင်းထက် သိုင်းပညာ သမ္ဘာရင့်တယ်ဆိုတာ မင်း မငြင်းနိုင်ပါဘူး၊ ဟုတ်တယ် မဟုတ်လား"

တုန်ဂှမ်းပုပိုက်က စကားတစ်ခွန်းမှ မပြောပဲ ယန်းလျန်ထိန်ကပင် ဆက်လက်ပြောကြားပြန်သည်။

"ဂိုဏ်းချုပ်က မျက်နှာသာပေးမှန်းသိတော့ အရေးမယူဘူးဆိုပြီး ခင်ဗျား ယောက်တက်လာတယ်၊ ခင်ဗျား ပြစ်မှားခဲ့တဲ့ ပြစ်ချက်ကို ဝန်ခံပါ၊ နက်ဖြန်နံနက်မှာ ဂိုဏ်းသားတွေရှေ့မှောက်မှာ မတော်တရော်လုပ်မိတာတွေကို ပြန်လည်ဖော်ထုတ်ပြီး ပြောကြားရမယ်၊ အဲဒီတော့မှ ဂိုဏ်းချုပ်က ခင်ဗျားကို အသက်ချမ်းသာခွင့် ပေးနိုင်မယ်၊ မဟုတ်ရင်တော့ ရှေ့ကို ဘာတွေဖြစ်မယ်ဆိုတာ ခင်ဗျားဘာသာ တွေးကြည့်လို့ရပါတယ်"

ထုံပိုင်ရှဲ့သည် တဟားဟား ရယ်မောလိုက်ပြန်သည်။

"ငါ့အသက်က ရှစ်ဆယ်ရှိပြီ၊ လူလောကမှာ ကြာကြာဆက်နေဖို့လဲ စိတ်မကူးတော့ပါဘူး၊ ရှေ့ ဘာတွေဖြစ်မယ်ဆိုတာ့လည်း တွေးကြည့်စရာ မလိုဘူး"

"ဟေ့ ခေါ်လာခဲ့ကြစမ်း"

ခရမ်းရောင်ဝတ်စုံနှင့် လူဆယ်ယောက်ကျော်သည် ခန်းမကြီးထဲသို့ လူတစ်ဆယ်ကျော်ကို ဖမ်းဆီး ခေါ်ဆောင်လာသည်။ ယောကျ်ား၊ မိန်းမ၊ ကလေး အစုံပါဝင်သည့် မိသားစုတစ်စုဖြစ်သည်။

ဖမ်းဆီးလာသူများကို တွေ့ရသည်နှင့် ထုံပိုင်ရှဲ့၏ မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ယန်းလျန်ထိန် ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရတယ်၊ တစ်ယောက်မှာ အပြစ်ရှိတယ်ဆိုရင် တစ်ယောက်နဲ့ပဲ ဆိုင်တယ်၊ သားတွေ မြေးတွေပါ ဖမ်းဆီးလာတာတာက ဘာသဘောလဲ၊ ခြေမမကောင်း ခြေမ၊ လက်မမကောင်း လက်မပေါ့"

"သူက မင်းနဲ့ ဘာတော်သလဲ"

ယန်းလျန်ထိန်က ဆယ်နှစ်အရွယ် ကလေးငယ်ကို ထုံးပိုင်ရှဲ့အား လက်ညှိုးထိုးညွှန်ပြရင်း မေးလိုက်သည်။

"ကျွန်တော့် ဘိုးဘိုးပါ"

"တရနာစည်းကမ်းကို ဖောက်ဖျက်တော့ သူ့ကို ဘယ်လို လုပ်သင့်သလဲ၊ မင်း ပြောစမ်း"

"ဘိုးဘိုး မှားပါတယ်"

"ခင်ဗျားရဲ့ ဆယ်နှစ်အရွယ်မြေးကလေးကတောင် သိနေတယ်၊ ခင်ဗျားရဲ့ဦးနှောက်က ဘယ်လိုဖြစ်နေလဲ"

"ဟေ့ ... ငါက လင့်ဝေါစိမ်နဲ့ ရှုန်းဝဲ့ထျန်းကို စကားပြောတာဟာ အပြစ်မရှိဘူး၊ ငါက တစ်ဆိုရင် တစ်ပဲ၊ နှစ်ဆိုရင်နှစ်ပဲ၊ ဗူးဆိုရင် ဖယုံသီးတဲ့ကောင် မဟုတ်ဘူး"

ထုံးပိုင်ရှဲ့သည် မိမိ၏ မိသာစုကိုလှမ်းကြည့်ပြီး မျက်နှာအမူအရာရော စကားသံပါ တုံဖြည်းဖြည်း ပြောင်းသွားလေသည်။

"အမှားကို ဝန်ခံပြီး အမှန်ပြင်ရင်တော့ ခင်ဗျားအတွက် ပြဿနာ မရှိနိုင်ဘူး"

"ငါ မမှားတော့ မမှားဘူးလို့ပဲ ပြောရမယ်၊ ငါ့ဂိဏ်းကိုလည်း ကာပြန်ဖို့ စိတ်မကူးဘူး၊ သစ္စာဖောက်ဖို့ဆိုတာ စဉ်းတောင် မစဉ်းစားဘူး"

"အေးလေ ခင်ဗျားက မမှားဘူးဆိုရင် ကျုပ်လည်း မကယ်နိုင်တော့ဘူး၊ ဟေ့ ... သူ့မိသားစုတွေကို ခေါ်သွားကြ၊ ဒီနေ့ကစပြီး ထမင်းတစ်စေ့ ရေတစ်ပေါက် မကျွေးရဘူး၊ သွားကြတော့"

ထုံးပိုင်ရှဲ့၏အသံသည် အတွင်းအားပြည့်ဝသောကြောင့် ခန်းမဆောင်ကြီးတစ်ခုလုံး ဟိန်းထွက်သွားတော့သည်။ ထိုင်နေသော တုန်းဝမ်းပုပိုက်၏ကိုယ်ခန္ဓာပင် တုန်လှုပ်သွား၏။

"အင်း တုန်းဝမ်းပုပိုက်က ထုံးပိုင်ရှဲ့အပေါ်က ကရုဏာသက်တဲ့သဘောပဲ"

လင်းဟူစုန်းက စိတ်ထဲမှ ကောက်ချက်ချလိုက်သည်။ ထုံးပိုင်ရှဲ့သည် ထွီခနဲ တံထွေးတစ်ချက် ထွေးလိုက်သည်။

"ထုံးပိုင်ရှဲ့ရဲ့ သားမြေးတစ်စု နားထောင်၊ ဂိုဏ်းချုပ်ရဲ့ ရတနာစည်းကမ်းကို ဘယ်သူ ရွှတ်ပြန်ဝင်သလဲ၊ ပြောစမ်း"

ဆယ်နှစ်ဝန်းကျင်ရှိ ကလေးတစ်ယောက်က ထပြီး ရွှတ်ဖတ်ပြလိုက်သည်။

"ရန်သူကိုတွေ့ရင် ရက်စက်ရမယ်၊ ကျူးခုတ်ရင် ကျူငုတ် မကျန်ရဘူး၊ တစ်မျိုးလုံး ကြီးငယ်မကျန် သတ်ပစ်ရမယ်"

"အေး ... သိပ်ကောင်းတယ်၊ ကလေးကတောင် ရတနာစည်းကမ်းချက်ကို ရွှတ်ဖတ်နိုင်တယ်၊ ရတနာစည်းကမ်း ဆယ်ချက်လုံးကို မင်း ရွှတ်ဖတ်နိုင်သလား"

"ကျွန်တော် ရွှတ်ဖတ်နိုင်ပါတယ်၊ တစ်နေ့မပျက် ရွှတ်ပါတယ်၊ မရွှတ်ပဲ ထမင်းစားမဝင်ပါဘူး၊ အိပ်လည်း မပျော်ပါဘူး၊ ရတနာစည်းကမ်းချက်ကို ရွှတ်ဖတ်တော့မှ သိုင်းပညာ လေ့ကျင့်ရာမှာလည်း စိတ်ပါလက်ပါ ရှိပါတယ်"

"မင်းကို ဘယ်သူက သင်ပေးထားတာလဲ"

"ကျွန်တော်ဖေဖေ သင်ပေးတာပါ"

လူတိုင်းက တုန်းဝမ်းပုပိုက် မည်သို့ ပြန်လည်ပြောဆိုမည်ကို စိတ်ဝင်စား မျှော်လင့်နားထောင်နေကြသည်။ သို့သော် တုန်းဝမ်းပုပိုက်သည် စကားတစ်ခွန်းမှ ပြောဖော်မရပဲ ငြိမ်သက်မြဲ ငြိမ်သက်နေလေသည်။

"နောင်တော် တုန်းဝမ်းပုပိုက်၊ နောင်ကော်ကို မတွေ့မြင်ရတာ နှစ်တွေလတွေ ကြာပြီ၊ နောင်တောင်က ပန်းနေကြာစွယ်စုံသိုင်းကျမ်းကို အပတ်တကုတ် လေ့ကျင့်နေတယ်ထင်တယ်၊ ဒါပေမဲ့ မင်း ဒီအတိုင်း ပစ်ထားရင်တော့ တို့ သူရိန်မျက်နှာမူဂိုဏ်းကြီးဟာ မကြာခင် ပြိုကွဲသွားရတော့မယ်၊ မင်း ဘယ်တစ်ခုမှ မသိသေးဘူးလား"

တုန်းဝမ်းပုပိုက်ထံမှ မည်သို့သော အသံမှ မကြားရချေ။

"မင်းကိုယ်တိုင် ဒူးထောက်ခိုင်းရုံမကလို့ ချက်ချင်း ထသတ်ပစ်လိုက်တာတောင် ငါ ကျေနပ်ပါတယ်၊ ဒါပေမဲ့ နှစ်ပေါင်းအတော်ကြာအောင် အခွန့်ရှည်ကြာခဲ့တဲ့ဂိုဏ်းကြီးဟာ မင်းလက်ထက်ကျမှပဲ ပျက်စီးသွားမှာကို ငါ မလိုလားဘူး၊ သိုင်းလောကတစ်ခွင်မှာ ပြောစရာဖြစ်မယ်"

"မဆိုင်တာတွေ ပြောမနေစမ်းပါနဲ့၊ ဒူးထောက်စမ်း"

ခရမ်းရောင်ဝတ်စုံဝတ်လူနှစ်ယောက် ထုံးပိုင်ရှဲ့၏ ဒူးကောက်ကွေးကို ကန်လှဲရန် နောက်ပါးသို့ ရောက်ရှိလာခဲ့ကြသည်။ သို့သော် ထုံးပိုင်ရှဲ့က ခြေပြန်တစ်ချက် ကန်လိုက်သည်နှင့် ထိုလူနှစ်ယောက်သည် အမယ်လေးဟု အော်ဟစ်ပြီး နှစ်ယောက်စလုံး ခွေလဲ၍ သွေးများ အန်ကုန်သည်။

ခရမ်းရောင်ဝတ်စုံ ဝတ်ထားသူများက ထုံးပိုင်ရှဲ့၏ မိသားစုကို ဆွဲခေါ်သားတော့သည်။ ထုံးပိုင်ရှဲ့က တစ်ချက်လှမ်းအော်လိုက်၏။

"နေကြဦး"

"ထုံးပိုင်ရှဲ့က ယန်းလျန်ထိန်ဘက်သို့ လှမ်းကြည့်လိုက်ပြီး ...

"ကောင်းပြီး ငါ မှားတယ်လို့ ဝန်ခံတယ်၊ ဂိုဏ်းချုပ်ကိုလည်း ချမ်းသာခွင့်ပေးဖို့ တောင်းပန်တယ်"

ယန်းလျန်ထိန်က ခနဲပြုံး ပြုံးလိုက်ပြီး ...

"ခင်ဗျား စောစောက ပြောခဲ့တယ်မဟုတ်လား၊ ဂိုဏ်းချုပ်နဲ့ ခင်ဗျားနဲ့ သေဖော်ရှင်ဖက် ဖြစ်ကြချိန်မှာ ကျုပ်က လူတောင် မဖြစ်သေးဘူးလို့"

"ဟုတ်တယ် ဒါလည်း မှားတယ်"

"မှားတယ်ပြောရုံနဲ့ ဘယ်လွယ်လွယ်ပြီးပါ့မလဲ၊ ဘာလို့ ခုထိ ဒူးမထောက်သေးတာလဲ"

"ငါနဲ့ နောင်တော် တုန်းဝမ်းပုပိုက်ဟာ သွေးသောက်ညီအစ်ကို ပြုထားခဲ့ကြတယ်၊ သေအတူရှင်မကွာအတူလို့ မှတ်ယူထားကြတယ်၊ နောင်တောင် တုန်းဝမ်းပုပိုက်၊ အစ်ကိုကြီးကို ဒီလို စော်ကားခံနေရတာ ဒီအတိုင်း ကြည့်နေတော့မှာလား၊ မင်းပါးစပ်က တစ်ခွန်းပဲပြောပါ၊ ဒူးထောက်စေချင်ရင်လည်း ဒူးထောက်ပါ့မယ်၊ နောက်ဆုံး မင်းက သတ်ချင်ရင်တောင် လည်းစင်းပေးမယ်၊ ဒါ မျက်တောင်တစ်ချက်မခတ်ဘူး၊ မင့်းသဘောကို ထုတ်ပြောစေချင်ပါတယ်"

သည်လည်း ခန်းမဆောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြခြင်း မရှိချေ။ ကုမ္ပာဏီဂိုဏ်းချုပ်၏ အမိန့်မရပဲ ခန်းမဆောင်ထဲဝင်ရောက်ပါက သေဒဏ်ချမှတ်ခံရသည်ကို သိထားကြသည်။ ထို့ကြောင့် အခြေအနေကို စောင့်ဆိုင်းကြည့်ရှုနေကြလေသည်။

တုန်ဂမ်းပုပို့က်သည် ထရပ်လိုက်ပြီး နောက်ဘက်သို့ လျှောက်ထွက်သွားသည်။

"နောင်တော် တုန်ဂမ်းပုပို့က် နေပါဦး"

ထုံးပိုင်ရှုသည် စိတ်လောတကြီး ရှေ့သို့ ခုန်လိုက်သောကြောင့် ခြေထောက်တွင် ချည်ထားသည့် သံကြိုးနှင့်တုပ်ပြီး မှောက်လျက်သား လဲသွားသည်။ သို့သော် ကိုယ်ကို လှိမ့်ထုတ်လိုက်သောကြောင့် တုန်ဂမ်းပုပို့က်နှင့် မလှမ်းမကမ်းသို့ ရောက်ရှိသွားလေတော့သည်။

"အတင့်ရဲတဲ့ ဖောက်ပြန်ရေးသမား ဂိုဏ်းချုပ်ကို လုပ်ကြံမလို့လား"

ယန်းလျန်ထိန် လှမ်းမေးလိုက်သည်။

လင့်ဝေါစိမ်သည် စကားမပြောတော့ပဲ ထုံထုံထိုင်းထိုင်း ဖြစ်နေသည့် တုန်ဂမ်းပုဗိုက်ကိုကြည့်ရင်း စဉ်းစားရခက်နေသည်။ ထို့ကြောင့် အိတ်ထဲမှ ကြေးပြားကလေး သုံးပြားကို နှိုက်ယူထုတ်လိုက်ပြီး တုန်ဂမ်းပုပို့က်ထံသို့ ပစ်လွှတ်လိုက်သည်။

"လူပ်ရှားကြတော့"

"ယဉ်ယဉ်က လှမ်းအော်ပြောလိုက်၏။ လင်းဟူစုန်းသည် ထမ်းစင်အောက်မှ လက်နက်များကိုယူကာ လင့်ဝေါစိမ်၊

"နောင်တောင် တုန်ဂမ်းပုပို့က်က သိုင်းပညာ လေ့ကျင့်မှားပြီး စကားမပြောနိုင်တာလား၊ မင်း စကားပြောသံကို မကြားရတာ သုံးနှစ်ကျော်ပြီ၊ ဂိုဏ်းထဲကလူတွေလည်း သက််မကင်း ဖြစ်နေကြပြီ၊ ပြောစမ်းပါဦး၊ မင်း ဘာဖြစ်လို့လဲ"

"ဘယ်သူ သက််မကင်း ဖြစ်လို့လဲ"

"ဂိုဏ်းချုပ်ဟာ သူများလက်ချက်ကြောင့် စကားမပြောနိုင်တော့ဘူးလို့ လူတိုင်း ပြောနေကြတယ်၊ ခုလို ဘာဖြစ်လို့ စကားမပြောရတာလဲ"

"ခင်ဗျားလိုဂိုဏ်းကို ကာပြန်တဲ့လူတစ်ယောက် ဂိုဏ်းချုပ်ရဲ့ ရွှေနှုတ်ဖျားက စကားပြောမယ်တဲ့လား၊ ဟေ့ ... သူ့ကို ခေါ်သွားကြစမ်း"

ယန်းလျန်ထိန်၏ အမိန့်ပေးသံကြောင့် ခရမ်းရောင်ဝတ်လူရုစ်ယောက်က ထုံးပိုင်ရှုအနီးသို့ တိုးကပ်သွားကြသည်။

"နောင်တော် တုန်ဂမ်းပုပို့က် မင်း ပြောပြစမ်း၊ မင်းကို ဘယ်သူ လုပ်ကြံကြတာလဲဆိုတာ ငါ သိချင်တယ်"

စကားဆုံးသည်နှင့် ထုံးပိုင်ရှုသည် လက်ဖျံယမ်းထုတ်လိုက်သောကြောင့် လက်တွင် ချည်ထားသော သံကြိုးသည် လေတွင် ဝဲဝဲသွားသည်။ တစ်ဆက်တည်းတွင် ထုံးပိုင်ရှုသည် တုန်ဂမ်းပုပို့က်၏ အရှေ့နားသို့ ခုန်လွှားရောက်ရှိသွားလေသည်။

"သူ့ကို ဝိုင်းပြီး ဖမ်းကြစမ်း"

ကိုယ်ရံတော်ရှစ်ဦးသည် ထုံးပိုင်ရှုအနီးသို့ မကပ်ဝံ့ဝံ့ ဖြစ်နေသည်။ ခန်းမဆောင်၏ အပြင်ဘက်တွင်ရှိသော သူရဲကောင်းများ

ရှန်းဝံ့ထျန်းနှင့် ယဉ်ယဉ်တို့ကို ပစ်ပေးလိုက်၏။ လင်းဟူစုန်းကိုယ်တိုင်လည်း ဓားတစ်လက် ကိုင်ဆောင်ထားသည်။

လင့်ဝေါစိမ်သည် တုန်းဂမ်းပုပိုက်နှင့် အလှမ်းမဝေးလွန်းသောကြောင့် ပစ်လွှတ်လိုက်သော ကြေးပြားဝိုင်းကလေးသည် အရှိန်ကုန်လုလုချိန်တွင် တုန် ်းပုပိုက်၏ နဖူးပြင်တည့်တည့်ကို ထိမှန်သည်။

လင့်ဝေါစိမ်က တဟားဟား ရယ်မောလိုက်သည်။

"လက်စသတ်တော့ ဒီကောင်က တုန်းဂမ်းပုပိုက် အတုကိုး"

ရှန်းဝံ့ထျန်းက လက်ထဲမှ ကြာပွတ်ပျော့ဖြင့် တွေ့ယမ်းထုတ်လိုက်ရာ ယန်းလျန်ထိန်၏ ခြေထောက်ကို ရစ်ပတ်မိသည်။ တုန့်ဆွဲလိုက်သောအခါ ယန်းလျန်ထိန်သည် ကြမ်းပြင်ပေါ်သို့ မှောက်လျက် လဲသွားလေသည်။

တုန်းဂမ်းပုပိုက်အတုသည် နဖူးကို လက်ဖြင့်ဖိပြီး ထွက်ပြေးသည်။ သို့သော် လင်းဟူစုန်း လွှားခနဲခုန်ထွက်သွားပြီး ဓားရှည်ဖြင့် ထောက်ထိုးရင်း ...

"ရပ်စမ်း"

တုန်းဂမ်းပုပိုက်အတုသည် ဓားရှည်ကို လွတ်အောင်မရှောင်နိုင်သောကြောင့် လင်းဟူစုန်း ဓားဦးကို ပြန်ရုပ်လိုက်ရသည်။ တစ်ဆက်တည်း လင့်ဝေါစိမ်က လွှားခနဲ ရောက်ရှိလာ၏။ တုန်းဂမ်းပုပိုက်အတု၏ လည်ကုပ်အကျီစကို ဆုပ်ကိုင်လျက် လှမ်းအော်ပြောလိုက်သည်။

"အားလုံး နားထောင်ကြစမ်း၊ ဒီကောင်က တုန်းဂမ်းပုပိုက် အတုပဲ၊ တို့ရဲ့ သူရိန်မျက်နှာမူဂိုဏ်းကြီးကို ဖျက်ဆီးမဲ့ကောင်၊ သူ့မျက်နှာကို သေသေချာချာ ကြည့်ထားကြစမ်း"

လင့်ဝေါစိမ်၏စကားကြောင့် ထိုလူကို လူတိုင်းက ဝိုင်းကြည့်ကြသည်။ ရုပ်မှာ တုန်းဂမ်းပုပိုက်နှင့် တစ်ထေရာတည်း ဖြစ်သော်လည်း ရဲရင့်တည်ကြည်ဟန်မရှိပဲ ကုပ်ချောင်းချောင်း ဖြစ်နေသည်။

"ပြောစမ်း မင်းနာမည် ဘယ်လိုခေါ်လဲ၊ ဘယ်လိုလဲ မင်းခေါင်းကို ဖြတ်ပစ်လိုက်ရမလား"

တုန်းဂမ်းပုပိုက်အတုသည် အသားတဆတ်ဆတ်တုန်ကာ အကြောက်လွန်နေသည်။

"ကျွန်တော် ... ကျွန်တော်"

တုန်းဂမ်းပုပိုက်အတုသည် ရှေ့ဆက်မပြောနိုင်ပဲ စကားထစ်ငေါ့နေသည်။

ရှန်းဝံ့ထျန်းသည် ယန်းလျန်ထိန်၏ သွေးကြောများကို ထိုးပိတ်လိုက်လေသည်။

"ပြောစမ်း အဲဒီကောင့်နာမည် ဘယ်လိုခေါ်သလဲ"

"ခင်ဗျား ဂိုဏ်းက ထုတ်ပယ်ပစ်လိုက်တဲ့ ရှန်းဝံ့ထျန်းကိုး၊ ခင်ဗျားမှာ ဘာမေးခွင့် ရှိလို့လဲ၊ သစ်ကနက်တောင်ထိပ်ကိုကော တက်လာခွင့်ရှိသေးလို့လား"

"ငါလာတာက အကောင်းလာတာ မဟုတ်ဘူး၊ မင်းလိုယုတ်ညံ့တဲ့ကောင်ကို ရှင်းလင်းရအောင်လာတာ"

စကားဆုံးသည်နှင့် ရှန်းဝံ့ထျန်းသည် ယန်းလျန်ထိန်၏ ခြေတစ်ဖက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ရာ သွင်သွင် ကျိုးသွားလေတော့သည်။ ယန်းလျိန်ထိန်သည် သိုင်းပညာ မမြင့်မားသော်လည်း သတ္တိခေသူ မဟုတ်ပေ။ ထို့ကြောင့် အသံမထွက်ပဲ ငြိမ်သက်နေသည်။

"ခင်ဗျား ကျုပ်ကို မနှိပ်စက်နဲ့၊ သတ်ချင်ရင် တစ်ခါတည်း သတ်ပစ်၊ နှိပ်စက်တာဟာ လူစွမ်းကောင်းအပြုအမူ မဟုတ်ဘူး"

"မင်းကို လွယ်လွယ်နဲ့သတ်လို့ ဘယ်ဖြစ်မလဲ"

ပြောပြီးသည်နှင့် လက်ဝါးစောင်းဖြင့် ခုတ်လိုက်ပြန်သောကြောင့် ကျန်ခြေထောက်တစ်ဖက် ကျိုးသွားပြန်လေသည်။

"မင်းက အောင့်ခံနိုင်သားပဲ၊ ယောကျ်ားပီသတယ်၊ မင်းကို ဆက်ပြီး ငါ မညှဉ်းပမ်းတော့ဘူး"

ရှန်းဝံ့ထျန်းသည် တုန်းဝမ်းပုပိုက်အတုဘက်သို့ လှည့်ပြီး လက်သီးဖြင့် ညင်ညင်သာသာ တစ်ချက်ထိုးလိုက်သည်။ အား တစ်ချက်အော်ပြီး ...

"ကျွန်တော် ... ကျွန်တော် ပေါင်း"

"မင်းရဲ့မျိုးနွယ်နာမည်က ပေါင်းဆိုပါတော့"

"ဟုတ်ပါတယ် ပေါင်းပါ"

တုန်းဝမ်းပုပိုက်အတုသည် ကြောက်လန့်ပြီး ချေးရောသေးပါ ထွက်တော့သည်။

"အချိန်ဆွဲနေလို့ မဖြစ်ဘူး၊ တုန်းဝမ်းပုပိုက်အစစ်ကိုရှာဖို့ အရေးကြီးတယ်"

လင့်ဝေါစိမ်သည် တုန်းဝမ်းပုပိုက်ကို မြှောက်တင်ပြလိုက်သည်။

"တွေ့တယ် မဟုတ်လား၊ ဒါ တုန်းဝမ်းပုပိုက်အတုပဲ၊ အစစ်အမှန်ကို ထုတ်ဖော်ဖို့ တို့လာခဲ့ကြတာ၊ ဒီကောင်က တို့ ဂိုဏ်းကို ပြိုကွဲအောင် ဖျက်ဆီးနေတဲ့ လူယုတ်မာ၊ ငါကတော့ ဂိုဏ်းချုပ်ဟောင်း လင့်ဝေါစိမ်းပဲ၊ ငါ့ကို မှတ်မိကြရဲ့လား"

လင့်ဝေါစိမ် ဂိုဏ်းချုပ်အဖြစ် ထမ်းရွက်စဉ် ယခု စောင့်ကြပ်နေသည့် သူရဲကောင်းများ မရှိသေးသောကြောင့် မသိကြချေ။ သို့သော် အားလုံး အံ့အားသင့်ပြီး ကြက်သေသေနေကြသည်။

စန့်ကွမ်းရင်က အသံကျယ်လောင်စွာ လှမ်းအော်လိုက်သည်။

"ဂိုဏ်းချုပ် တုန်းဝမ်းပုပိုက်ဟာ ငါ့အထင် ယန်းလျန်ထိန်ရဲ့ လက်ချက်နဲ့ အသက်ထွက်သွားတာ ကြာပြီထင်တယ်၊ ခု ဂိုဏ်းချုပ်ကြီး လင့်ဝေါစိမ်ဟာ တို့ရဲ့ ဂိုဏ်းချုပ်ဟောင်း ဖြစ်တယ်၊ သူ့အမိန့်ကို ဆက်လက်ပြီး နားခံကြရမယ်၊ ဂိုဏ်းချုပ်ကြီး လင့်ဝေါစိမ် သက်တော်ရာကျော်ရှည်ပြီး သိုင်းလောကတစ်ခွင်မှာ ဘုန်းမီးနေလ တောက်ပပါစေ"

သူရဲကောင်း လူငယ်များသည် လင့်ဝေါစိမ်အား မြင်ဖူးခြင်း မရှိသော်လည်း ထွန်းလင်းညာလက်ရုံးကြီး စန့်ကွမ်းရင်ကိုယ်တိုင် ဦးချကန်တော့ပြီး အမိန့်နာခံရန် ညွှန်ကြားသောကြောင့် သံသယကင်းသွားကြသည်။

ယန်းလျန်ထိန်မှာ ခြေနှစ်ဖက်ကျိုးပြီး ကြမ်းပြင်ပေါ် ပစ်ချခံရသောကြောင့် ငြိမ်သက်နေ၏။

သူရဲကောင်းများသည် စန့်ကွမ်းရင်၏ အပြုအမူကိုလိုက်၍ ဒူးထောက်ချပြီး လင့်ဝေါစိမ်ကို ဂါရဝပြုသည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ၊ သိုင်းလောကတစ်ခွင်မှာ ဘုန်းမီးနေလ တောက်ပပါစေ"

လင့်ဝေါစိမ်သည် အလွန် နှစ်တောင်းအားရဖြစ်မိသောကြောင့် တဟားဟားနှင့် ရယ်မောလိုက်သည်။

"မင်းတို့တစ်တွေ သစ်ကနက်တောင်ထိပ်ကို လူအဝင် ထွက် မရှိအောင် သွားပြီး စောင့်ကြပ်ကြပါ"

သူရဲကောင်း လူငယ်များသည် လင့်ဝေါစိမ်၏အမိန့်ကို နာခံလျက် အစောင့်တာဝန် ထမ်းဆောင်ရန် အသီးသီး ထွက်ခွာသွားကြသည်။

✪ + ✪

တတက္ကသိုလ်ဝင်းကြွယ်

အတွဲ (၁) ပြီး၏။

ဝင်းကြွယ်-သိုင်းလောကပြက်လုံး

စာရွက်ပြုချက်အမှတ် - ၅၀၁၀၁၀၀၆၀၈

ချက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၉၂၀၆၀၈

ထုတ်ဝေသူ - ဦးချစ်ညွန့် (ဇင်ရတနာစာပေ)
အမှတ် (၂၀၅)၊
မြို့သစ် (၄)လမ်း၊ အင်းစိန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဒေါ်ခင်ကြွေ
ရတနာမဏ္ဍုံပုံနှိပ်တိုက်
အမှတ် (၂၀၇)၊
ဝေယန္တာလမ်းမကြီး၊
သဃ်နိုးကျွန်း။

အဖုံးပုံနှိပ်သူ - ဦးကျော်စိန်
(ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ် ၁၃၁၊ ၃၃ လမ်း။

စီစဉ်သူ - မောင်တင်ဌေး

ချက်နှာဖုံးပန်းချီ - သဲဇာ

အုပ်ရေ - ၅၀၀

ဈေးနှုန်း - ၇၅၀ ကျပ်

ပထမအကြိမ် - စက်တင်ဘာလ၊ ၂၀၀၆။

တက္ကသိုလ်ဝင်းကြွယ်

သိုင်းလောကပြက်လုံး

(ဒုတိယပိုင်း)

ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အနန္တော ၁ အနန္တ ငါးပါးအား
ဦးထိပ်ထားလျက်

ရွှေဟင်္သာ စာပေ

(ရွှေဟင်္သာစာပေ)
အမှတ်(၅)ဘယသုဒ္ဓိလမ်း၊ ကျောက်မြောင်း
တာမွေ၊ ရန်ကုန်မြို့။

အခန်း(၁)

ခရမ်းရောင်ဝတ်စုံ ဝတ်ထားသော ကိုယ်ရံတော်တစ်ယောက်ကို ရှုန်းဝံ့ထျန်းက ထုံးပိုင်ရှု့၏ ခြေထိပ်လက်ထိပ်များအား ဖြေပေးရန် ခိုင်းလိုက်သည်။

ထုံးပိုင်ရှု့က ယန်ထိန်ကို ကြည့်ပြီး မျက်ရည်စီးကျနေသည်။ ထို့နောက် ယန်းလျန်ထိန်အား မကျေမနပ် အော်မေးသည်။

"မင်းတို့ ငါ့ နောင်တော် တုန်းဂှမ်းပုပိုက်ကို ရှင်းပစ်လိုက်ပြီပေါ့ ဟုတ်လား"

ယန်းလျန်းထိန်သည် မျက်စိအစုံကို မှုတ်ထားပြီး မကြားယောင်ဖြုနေသည်။

ထုံးပိုင်ရှု့သည် မျက်ရည်စက်လက် ကျဆင်းနေသည်။

"ငါ့နောင်တော် တုန်းဂှမ်းပုပိုက် ဘယ်လိုဖြစ်တယ် ဆိုတာကို ပြောစမ်း"

"လက်ရှိန်မပြင်းစေနဲ့"

ရှုန်းဝံ့ထျန်းက ထုံးပိုင်ရှု့ကို လှမ်းအော်သိပေးလိုက်သည်။ သို့သော် ယန်းလျန်ထိန်သည် ထုံပိုင်ရှု့၏ လက်ဝါးချက်နှစ်ချက် ထိပြီး သတိမေ့မြောသွားလေတော့သည်။

"မင်းတို့ထဲက ဘယ်သူ တုန်းဝမ်းပုပိုက်ရှိတဲ့နေရာကို သိလဲ ပြောစမ်း။ ငါ ဆုချမယ်"

လင့်ဝေါစိမ်သည် ခရမ်းရောင်ဝတ်စုံနှင့် ကိုယ်ရံတော်တစ်ယောက်ကို မေးလိုက်သည်။ လင့်ဝေါစိမ် သုံးကြိမ်တိုင်တိုင် မေးသော်လည်း ပြန်လည်ဖြေကြားသူ မရှိချေ။

ခန်းမဆောင်ထဲရှိ ကိုယ်ရံတော်များ လင့်ဒေါစိမ် အကဲခတ်ကြည့်သည်။ အချို့ ကြောက်လန့်နေပုံရပြီး အချို့မှာ မရိုးသားသည့်အသွင် ပေါ်နေသည်။ လင့်ဝေါစိမ်သည် ဒေါသထွက်ပြီး စိတ်ရှုပ်ထွေးနေသောကြောင့် ကိုယ်ရံတော်များကို ခြိမ်းခြောက်လိုက်သည်။

"မင်းတို့ တန်းလျန်ထိန်နဲ့ တစ်ဖွဲ့တည်းပဲ။ တုန်းဝှန်းပုပိုက်ကို တိတ်တဆိတ် သတ်ဖြတ်ပြီး ဂိုဏ်းကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်သူတွေ။ ကိုယ့်ဂိုဏ်းသားညီအစ်ကိုအချင်းချင်း လှည့်စားနေကြတယ်။ ကိုင်းသည်တော့ မင်းတို့အားလုံး တစ်ယောက်မကျန် အကုန်သတ်ပစ်ရမယ်"

ကျန်ကိုယ်ရံတော်များသည် လင့်ဝေါစိမ်ကို အလွန်ကြောက်ပြီး နောက်သို့ ဆုတ်သွားကြသည်။

လင့်ဝေါစိမ်က အကျည်းတန်သော အပြုံးကို ပြုံးရင်း ...

"ဘာလဲ ထွက်ပြေးမယ် စိတ်ကူးကြလား။ မင်းတို့ မိုးမြေဆုံးအောင် ပြေးနိုင်လို့လား"

လင့်ဝေါစိမ်သည် စောစောတုန်းက ထုံးဝိုင်ရှဲ့ကို ချည်နှောင်ထားခဲ့သော သံကြိုးကို ကောက်ယူ၍ ဝှေ့ယမ်းလိုက်၏။ ကိုယ်ရံတော်ခုနစ်ဦးခန့် လဲကျငြိမ်သက်သွားပြန်သည်။ လင့်ဝေါစိမ်သည်

ကြောက်မက်ဖွယ်ကောင်းသော အသံနက်ကြီးနှင့် တဟားဟားရယ်မောလိုက်၏။

"မင်းတို့အားလုံး တစ်ယောက်မှ အသက်ရှင်မယ် မမှတ်နဲ့"

ယဉ်ယဉ်သည် ဖခင်၏ အပြုအမူကြမ်းကြုတ်ရက်စက်လွန်း၍ ဆက်မလုပ်ရန် တောင်းပန်သည့်ဟန်ဖြင့် ဝေါစိမ်၏ လကမောင်းကို ပြေးဖက်ထားလိုက်သည်။ ထိုအခိုက် ကိုယ်ရံတော်တစ်ဦး ရှေ့သို့ ထွက်၍ ဒူးထောက်ချလိုက်သည်။

"ဂိုဏ်းချုပ်ကြီးကို မကွယ်မဝှက် ပြောပါ့မယ်၊ ဂိုဏ်းချုပ် တုန်းဝှမ်းပုပိုက် ရှိပါသေးတယ်"

"ရှိသေးတယ် ဟုတ်လား"

လင့်ဝေါစိမ်သည် ဝမ်းသာအားရနှင့် တိုကိုယ်ရံတော်၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ရင်း ...

"သူ တကယ်မသေသေးဘူးလား"

"အား ..."

လင့်ဝေါစိမ်သည် ဝမ်းသာအားရနှင့် ထိုကိုယ်ရံတော်၏ သွေးကြောတွက်ကို ဆုပ်ညှစ်မိ၍ မေ့မြော်သွားတော့သည်။

"ဟေ့ ... တုန်းဝှမ်ပုပိုက် ရှိသေးရင် ပြောကြစမ်း၊ ဘယ်မှာရှိလဲ။ မပြောရင် အားလုံးကို သတ်ပစ်မယ်"

ကိုယ်ရံတော်တစ်ယောက် ဒူးထောက်ချလိုက်ပြီး တုန်တုန်ယင်ယင်နှင့်ပြောသည်။

"ဂိုဏ်းချုပ်ကြီးကို တင်ပြပါတယ်၊ သူရှိတဲ့နေရာကို တခြားလူ ဘယ်သူမှ သိခွင့်မရှိပါဘူး။ ယန်းလျန်ထိန်တစ်ယောက်ပဲ သိပါတယ်၊ သူ့ကို သတိရအောင်လုပ်ပြီး မေးရင် သိနိုင်ပါတယ်"

"ဟေ့ ... ရေအေးအေး အမြန်သွားယူလာ"

တစ်ခဏအတွင်း ယန်းလျန်ထန်သည် သတိပြန်လည်ရရှိလာသည်။

"မင်း ယောကျ်ားပီသတယ်၊ ဒါကြောင့် မင်းကို ငါလေးစားတယ်၊ ဆက်ပြီး ညှဉ်းပန်းချင်ဘူး။ သစ်ကုန်းတောင်ထိပ်ရဲ့ ဝင်ပေါက်ထွက်ပေါက်တွေကို ပိတ်ဆို့ထားပြီးပြီး တုန်းဂမ်ပုပိုက်ဟာ သည်တောင်ပေါ်ကနေ ဘယ်လိုမှ ထွက်ပြေးနိုင်စရာမရှိတော့ဘူး။ မင်းတို့ သူ ရှိတဲ့နေရာ လိုက်ပို့။ ယောကျ်ားပီပီ ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့"

ရှန်းဝံ့ထျန်းက အေးအေးဆေးဆေး ပြောလိုက်သည်။

"ဂိုဏ်းချုပ်တုန်းဂမ်ပုပိုက်ကို ခင်ဗျားတို့ ဘယ်လိုမှ ထိခိုက်အောင် မပြုနိုင်ဘူး။ သူက ပညာကုန်လေ့ကျင့်တက်မြောက်ထားပြီးပြီ။ ခင်ဗျားတို့က သူနဲ့ မျက်နှာချင်းဆိုင် တွေ့ချင်တာကို ကျုပ် သဘောကျတယ်၊ ခေါ်သွားပေးမယ်"

ယန်းလျန်ထိန် အေးအေးဆေးဆေး ပြန်လည်ပြောဆိုသည်။

"ကဲ ... နောင်တော် စန်ကွမ်းရင် ခင်ဗျားနဲ့ ကျုပ်နဲ့ အပင်ပန်းခံပြီး ဒီကောင်ကို ထမ်းစင်နဲ့ ထမ်းသွားကြရအောင်။ တုန်းဂမ်ပုပိုက်ဆီ သွားကြမယ်"

ရှန်ဝံ့ထျန်းသည် ပြောပြောဆိုဆို ယန်းလျန်ထိန်ကို ထမ်းစင်ပေါ် ပွေ့တင်လိုက်သည်။ ပြီးနောက် စန့်ကွမ်းရင်နှင့် နှစ်ယောက်သား ထမ်းစင်ကို ထမ်း၍ ယန်းလျိန်ထိန် ညွှန်ကြားသည့်အတိုင်း လျှောက်လာကြသည်။ လင့်ဝေါစိမ်၊ လင်းဟုစုန်း၊ ထုံပိုင်ရှု့နှင့် ယဉ်ယဉ်တို့သည်လည်း နောက်မှ လိုက်ပါခဲ့ကြ၏။

ဥယျာဉ်ကြီးအဆုံးတွင် ကျောက်နံရံတစ်ခုသို့ ရောက်ခဲ့ကြပြန်သည်။

"အဲဒီ ကျောက်နံရံကို တွန်းလိုက်"

တန်းလျန်ထိန် ပြောသည့်အတိုင်း ကျောက်နံရံကို တွန်းလိုက်သောအခါ ကျောက်နံရံသည် အရှင်ဖြစ်ပြီး ပွင့်သွားသည်။ကျောက်နံရံ ပွင့်ဟသွားပြီးနောက် သံတံခါးကြီးတစ်ခုကို တွေ့မြင်ရသည်။

"ရော့ ... အဲဒါနဲ့ဖွင့်"

ယန်းလျန်ထိန်က သော့တစ်ချောင်း တုတ်ပေးလိုက်သောကြောင့် သံတံခါးသော့ကို ဖွင့်လိုက်သည်။ သံတံခါးမှ ဝင်လာသော လိုဏ်ဂူကြီးတစ်ခုသို့ ရောက်ရှိကြသည်။ မြေအောက်လိုဏ်ခေါင်းအတွင်း အဆစ်အကွေ့များစွာကို လွန်ခဲ့ပြီးနောက် အလင်းရောင်ကို တွေ့မြင်ကြရပြန်သည်။ သင်းကြိုင်သည့် ပန်းရနံ့ပေါင်းစုံမွှေးပျံ့နေသည့်ပြင် ကြည်လင်အေးမြသော လေအေးလေသန့်များ တဖြူးဖြူး တိုက်နေ၏။

လိုဏ်ခေါင်းမှ ထွက်ခဲ့သောအခါ ပန်းဥယျာဉ်ကြီးတစ်ခုအတွင်းသို့ လင်းဟုစုန်းတို့ လူစု ရောက်ရှိခဲ့သည်။ ပန်းဥယျာဉ်ကြီးသည် ပန်းပေါင်းစုံဖြင့် ဝေဆာကာ အလွန်သာသာယာယာရှိလှ၏။ ပန်းများ ဖူးပွင့်ပုံသည် နတ်မင်းသမီးအပေါင်း ယိမ်းယိုင်ကနေသလို ကျက်သရေရှိလှ၏။ ပန်းဥယျာဉ်အတွင်းရှိ ရေကန်တွင် ဟသ်ာမောင်နှံများ ရေကူးဆော့ကစားမြူးတူးနေကြသည်။

"ဟင် ... ဒီကောင်က ငါထင်သလိုမှ မဟုတ်ဘဲ၊ တော်တော်ကို လောကစည်းစိမ် ခံစားတတ်တဲ့အကောင်ပဲ။ ငါကတော့ သူပါ အချုပ်ခံနေရပြီထင်နေတာ၊ ထွီ"

လင့်ဝေါစိမ်သည် စိတ်ထဲမှ ရေရွတ်၍ တံတွေး 'ဗျစ်'ခနဲ ထွေးပစ်လိုက်သည်။

နတ်အုံနတ်နန်းသဖွယ် လှပခမ်းနားစွာ ခြယ်သထားသော အခန်းတစ်ခုအတွင်းသို့ လင်းဟူစုန်းတို့လူစု ဝင်ရောက်ခဲ့ကြရပြန်သည်။ အခန်းဝသို့ ရောက်သည်နှင့် မွေးပျံ့သည့် ရနံ့က လွင့်ပျံ့ရောက်ရှိလာပြန်သည်။ အခန်း၏ နံရံတွင် လှပသည့် ပန်းချီကား ချပ်များနှင့် ပန်းထိုးသည့်အခါတွင် အသုံးပြုသည့် ကြိမ်ကွင်းများ ချိတ်ဆွဲထား၏။

အခန်း၏ အမြင့်အဆင့်နှင့် အမွှေးနံ့တို့ကြောင့် လင်းဟူစုန်း စဉ်းစားတွေးတောမိသည်။

"အင်း ... ဒါ မိန်းကလေးအနေတဲ့ အခန်းပဲ။ မွေးနံ့ကလည်း တထောင်းထောင်းနဲ့။ လက်စသတ်တော့ ဂိုဏ်းချုပ်တုန်းဂမ်ပုပိုက်ဟာ တာဝန်တွေကို သည်ကောင်နဲ့ လွှဲထားပြီး မိန်းမတွေနဲ့ ဒီမှာ လာအပျော်ကျူးနေတာကိုး"

လင်းဟူစုန်း စဉ်းစားနေခိုက် အခန်းတွင်းမှ အသံတစ်သံ ထွက်ပေါ်လာသည်။

"မောင်လေး ... ဘယ်က လူတွေကို ခေါ်လာခဲ့ပြန်တာလဲ"

အသံသည် ယောကျ်ားသံလည်း မပီသ၊ မိန်းမသံလည်း မဆိုသာချေ။ ယန်းလျန်ထိန်က 'ဟင်'ခနဲ အသံတစ်ချက်ပြုပြီး ပြောလိုက်သည်။

"မိတ်ဆွေဟောင်းတွေပေါ့။ မတွေ့လို့မဖြစ်ဘူး အတင်းပြောတာနဲ့ ခေါ်လာခဲ့ရတယ်"

"ဘာဖြစ်လို့ သူတို့ကို ခေါ်လာခဲ့ရတာလဲ။ မင်းတစ်ယောက် ကလွဲရင် ငါ ဘယ်သူနဲ့မှ တွေ့ချင်တာမမှတ်ဘူး"

အဆုံးသတ်စကားသည် ညုတုတု ခွဲပျစ်ပျစ်သံဖြစ်၏။ ဆွဲဆောင်မှု လုံးဝမရှိချေ။

လင်းဟူစုန်းမှ လွှဲ၍ ကျန်လူများသည် တုန်ဂမ်းပုပိုက်နှင့် နှစ်ကြာမြင့်စွာရင်းရင်းနှီးနှီး နီးနီးကပ်ကပ် နေခဲ့ကြဖူးသူချည်း ဖြစ်သည်။ ယောကျ်ားသားတစ်ယောက်က မိန်းမသားဝတ်စုံဝတ်၍ မိန်းမသားတစ်ယောက်အဖြစ် ဇာတ်ခုံပေါ်တွင် သရုပ်ဆောင်စရာ ငြေပသည့်အသံမျိုးဖြစ်သည်။ ယန်းလျန်ထိန်မှလွှဲ၍ ကျန်လူများသည် မျက်လုံး မျက်ဆန် ပြူးကြသည်။ မည်သို့ဖြစ်ကုန်ကြသနည်း။

ယန်းလျန်ထိန်သည် သက်ပြင်းရှည်ကြီးတစ်ချက်ချပြီး ပြောပြန်သည်။

"ခေါ်မလာလို့ မဖြစ်ဘူး။ မခေါ်လာရင် ကျွန်တော် သတ်ခံရမယ်။ သည်နေရာကို ကျွန်တော် တစ်ယောက်ပဲသိတယ်။ ဒါကြောင့် ကျွန်တော် အသေဖြောင့်မှာ မဟုတ်လို့ ခေါ်လာခဲ့ရတာ"

"အို ... ဖြစ်ရလေ မောင်လေးရယ်။ ဘယ်သူက အတင့်ရဲပြီး မင်းကို စော်ကားဝံ့သလဲ မောင်လေး။ သူတို့ကို အခန်းထဲခေါ်လာခဲ့စမ်း"

အားလုံး အခန်းတွင်းသို့ ရောက်သောအခါ ပိုမိုအံ့အားသင့်သွားကြသည်။ အခန်း၏ အပြင်အဆင်သည် မိန်းကလေးတစ်ယောက်၏ အိပ်ခန်းအတိုင်းပင်ဖြစ်သည်။ အလှပြင်သည့် မှန်တင်ခုံရှေ့တွင် စွေးစွေးနီသော အရောင်ရှိသည့် ဝတ်စုံကို ဝတ်ထားသည့်

"ဂိုဏ်းချုပ်ကြီး လင့်ဝေါစိမ်ကိုး။ ဂိုဏ်းချုပ်ကြီး ရောက်လာမယ်လို့ ထင်သားပဲ။ ယန်းလျန်ထိန် မောင်လေး ... မောင်လေး သူတို့ လက်ချက်နဲ့ ဒဏ်ရာရလာတာလားဟင်"

တုန်းဝှမ်းပုပိုက်သည် ယန်းလျန်ထိန်း၏ ဘေးသို့ လျှောက်သွားပြီး ပွေ့ချီလိုက်သည်။ နောက် လှပသေသပ်စွာခင်းထားသည့် နှစ်ယောက်အိပ်ခုတင်ထက်တွင် ယန်းလျန်ထိန်ကို အသာအယာချထားလိုက်သည်။ခုတင်ပေါ်မှ ခြင်ထောင်ကအစ အလွန်လှပစွာ ပန်းကွက်များ ထိုးထားသည်။ အမွေးနုံသည်လည်း တထောင်းထောင်းထနေဖေလသည်။

တုန်းဝှမ်းပုပိုက်သည် အလွန်သနားကရုဏာသက်သည့် မျက်လုံးများဖြင့် ယန်းလျန်ထိန်ကို ကြည့်ရင်း ပါးစပ်မှလည်း ဘဖွဖွ မေးနေသည်။

"တော်တော်နာနေသလားဟင်၊ သိပ်နာနေသလား မောင်လေး။ ညော် ... ခြေထောက်တင်ကျိုးတာပါ။ အရေးမဟုတ်ပါဘူး၊ ငါ ခုချက်ချင်း ပြန်ပြီးဆက်ပေးလိုက်ပါ့မယ်"

တုန်းဝှမ်းပုပိုက်သည် ပြောပြောဆိုဆို ယန်းကျန်ထန်း၏ ဒိန်ပန်နှင့် ခြေအိပ်များကို စိတ်ရှည်လက်ရှည် ညင်ညင်သာသာ ချွတ်ပေးလိုက်သည်။

ယောကျ်ားဆိုးတစ်ယောက်ကို အနွံအတာခံပြီး ပြုစုရသည့် ကြင်ယာတစ်ယောက်နှင့် တူနေလေသည်။

လင့်ဝေါစိမ်တို့တစ်တွေသည် ယန်းလျန်ထိန်အား တုန်းဝှမ်းပုပိုက်က တယုတယ ပြုစုနေသည်ကို ကြည့်ပြီး ရယ်ချင်မိကြသည်။

လူတစ်ယောက် ထိုင်နေသည်။ ညာလက်တွင် ပန်းထိုးအပ်ကို ကိုင်ထားပြီး ဘယ်လက်တွင် ပန်းထိုးကွင်းကို ကိုင်ထားသည်။ လင့်ဝေါစိမ်တို့အားလုံး အံ့သြ၍ ကြက်သေသေနေ၏။

ပန်းထိုးအပ်နှင့် ပန်းထိုးကွင်းကို ကိုင်ထားသည့် လူသည် အခန်းတွင်းသို့ လူအများအပြား ဝင်ရောက်လာသည့်အတွက် အံ့အားတသင့် ပြန်ကြည့်နေလေသည်။

လင်းဟူစုန်းမှလွဲ၍ လင့်ဝေါစိမ်တို့သည် လူကို မြင်သည်နှင့် တုန်းဝှမ်းပုပိုက်မှန်း သိကြ၏။ သို့သော် ယခုမြင်ရသော တုန်းဝှမ်းပုပိုက်သည် ယခင်တစ်ချိန်က မြင်ခဲ့သည့် တုန်းဝှမ်းပုပိုက်နှင့် ကွာခြားလွန်းမက ကွာခြားလွန်းလှ၏။ ယခု တုန်းဝှမ်းပုပိုက်သည် ယခင်တစ်ချိန်ကဲ့သို့ မုတ်ဆိုးမွေး၊ နူတ်ခမ်းမွေး လုံးဝ မရှိတော့သည်သာမက မျက်နှာကို ပေါင်ဒါ၊ ပါးနီ၊ နူတ်ခမ်းနီများဖြင့် ခြယ်သထားလေသည်။ ဝတ်ထားသည့် အဝတ်အစားသည်လည်း မိန်းကလေးမကျ ယောကျ်ားလေးမကျ ဖြစ်နေပြန်၏။

သိုင်းလောကတစ်ခွင် အလွန်ကျော်ကြားခဲ့သော တိတ်တိတ်ကြီ ပုဂ္ဂိုလ်တစ်ဦးက မှန်တင်ခုံရှေ့တွင် ပန်းထိုးအပ်ကိုင်နေသည်ကို မျက်မြင်မဟုတ်လျှင် မည်သူမျှ ယုံကြည်ကြမည် မဟုတ်ချေ။

သို့သော် တုန်းဝှမ်းပုပိုက်အား ယခုကဲ့သို့ တွေ့မြင်လိုက်ရသောအခါ ဒေါသရှိန် လျော့ပါးသွား၏။

"တုန်းဝှမ်းပုပိုက် မင်း ရူးသွားပြီလား"

တုန်းဝှမ်းပုပိုက်သည် လင့်ဝေါစိမ်၏ မေးခွန်းကို မိန်းမသံစူးစူးအသံမျိုးဖြင့် ပြန်လည်တုံ့ပြန်သည်။

"သိပ်သိတာပေါ့။ သူက ငါ့အပေါ် သိပ်ကောင်းတယ် သိပ်လိုက်လျောတယ်။ ဂိုဏ်းကိစ္စတွေကို စိတ်မဝင်စားတော့လို့ သူ့ကိုပဲ လွှဲထားလိုက်တယ်။ ငါ့အစား သူက ဆောင်ရွက်ပေးနေတော့ ကောင်းတာပေါ့"

ထုံးပိုင်ရှဉ့်သည် ယန်းလျန်ထိန်ကို လက်ညှိုးထိုးညွှန်ရင်း...

"ဒီကောင် ငါ့ကို သတ်ဖို့လုပ်နေတာကော မင်း မသိဘူးလား"

"ဟင့်အင်း ... မသိဘူး။ သူက သတ်မယ်ဆိုတော့ ခင်ဗျား မကောင်းလို့ပဲ ဖြစ်မှာပေါ့။ သူ့ဆန္ဒကို ခင်ဗျားက ဘာလို့ မလိုက်လျောတာလဲ"

"သူက ငါ့ကို သတ်မယ်ဆိုရင် မင်းက သဘောတူတယ်ဆိုပါတော့"

"သူ စိတ်တိုင်းကျဖြစ်ရမှာပေါ့။ သည်လောကမှာ သူတစ်ယောက်ပဲ ငါ့အပေါ်မှာ မေတ္တာထားတယ်။ ငါလည်း သူတစ်ယောက်တည်းကိုပဲ မေတ္တာထားနိုင်တယ်။ ခင်ဗျားနဲ့ တစ်ချိန်က သေအတူ ရှင်မကွာနေခဲ့ကြတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ခင်ဗျားက သူ့ကို အပြစ်မရှာသင့်ဘူး"

တုန်းဝှမ်းပုပိုက် ပြောစကားကြောင့် ထုံးပိုင်ရှဉ့်၏ မျက်နှာသည် သွေးရောင်သမ်းသွား၏။

"ငါက မင်းစိတ်ဖောက်ပြီး ရူးသွားပြီထင်နေတာ။ လက်စသတ်တော့ ရူးတာမှ မဟုတ်ဘဲ၊ တစ်ချိန်က တစ်ယောက်နဲ့ ဘစ်ယောက် အသက်ပေးပြီး သေဖော်ရှင်ဖက် ဖြစ်ခဲ့တာလည်း မင်းသိနေသားပဲ"

သို့သော် ယန်းလျန်ထိန်က ဒေါသထွက်ပြီး တုန်းဝှမ်းပုပိုက်ကို အော်ပြောလိုက်သည်။

"ရန်သူကို ရှေ့မှာထားပြီး ဒီလိုပြုစုနေရလား။ ရန်သူကို အပြတ် သုတ်သင်ပြီးမှ ကြင်နာတယ်ဆိုပြီးမှ အဓိပ္ပါယ် ရှိသေးတယ်"

"အေး အေး ... စိတ်မရှိပါနဲ့ဟယ်။ မင်းခြေထောက်ဒဏ်ရာကို ကြည့်ရတာ ရင်နာလှတယ်ကွယ်"

တုန်းဝှမ်းပုပိုက်သည် ဂိုဏ်းချုပ်တစ်ယောက်ဖြစ်ပြီး မိန်းမလို ဝတ်ဆားထားရုံမျှမက ယန်းလျန်ထိန် ဒေါသထွက်နေသည်ကို နှစ်သိမ့်နေသေးသည်။ အားလုံး အံ့အားသင့်သည်ထက် အံ့အားသင့်နေကြသည်။

ထုံးပိုင်ရှဉ့်သည် ဆက်လက်၍ မမျိုသိပ်နိုင်တော့ဘဲ ရှေ့သို့ လှမ်းထွက်လိုက်သည်။

"နောင်တော် မင်း ဘယ်လိုဖြစ်နေသလဲ"

တုန်းဝှမ်းပုပိုက်၏ မျက်နှာထားသည် တစ်မုဟုတ်ချင်း တင်းမာသွားသည်။

"သူ့ကို အနာတရဖြစ်အောင်လုပ်တဲ့အထဲမှာ ခင်ဗျား ပါလား"

"နောင်တော် မင်းက ဘာဖြစ်လို့ ယန်းလျန်ထိန်ကို ထင်သလို လွတ်ထားရတာလဲ။ သူက မင်းနဲ့ တစ်ထေရာတည်းတူတဲ့ လူတစ်ယောက်ကို မင်းဆိုပြီး ပုံမှားရိုက်တယ်။ တစ်ချက်လွတ် အမိန့်တွေထုတ်ပြီး ကိုယ့် ဂိုဏ်းသူဂိုဏ်းသားတွေအပေါ် ရက်ရက်စက်စက် အကောက်ကြံတယ်။ ဒါတွေ မင်း မသိလို့လား"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမဲ့ သူ့ကို ပြစ်မှားတာ ခင်ဗျား သိပ်မှားတယ်။ သူ့ကို မပြစ်မှားရဘူး"

"ငါ သူ့ကို ပြစ်မှားပြီးပြီ။ ဘာမှ မတတ်နိုင်တော့ဘူး။ ကဲ ... မင်း ဘာလုပ်ချင်သလဲ။ သူက ငါ့ကို သတ်မလို့။ ဒါပေမဲ့ ထင်သလို ဖြစ်မလာလို့"

တုန်းဝမ်းပုပိုက်သည် ယန်းလျန်ထိန်၏ ဆံပင်ကို အသာ အယာပွတ်သပ်ပေးရင်းမေးသည်။

"မောင်လေး ... သူ့ကို မင်း သတ်မလို့လားဟင် ပြောလေ"

"သတ်မှာဖြင့် မြန်မြန်သတ်စမ်း။ အလကား အချိန်ဆွဲပြီး လာမေးနေသေးတယ်"

တုန်းဝမ်းပုပိုက်က ဆတ်ခနဲ တစ်ချက်ပြုံးလိုက်ပြီး ထုံးပိုင်ရှဲ့ကို မျက်နှာချင်းဆိုင်လိုက်သည်။

"အစ်ကိုကြီးထုံး သည်နေ့တော့ မေတ္တာပျက်ကြရတော့မှာပဲ။ အပြစ်မဆိုပါနဲ့"

တုန်းဝမ်းပုပိုက်သည် ရက်စက်သော အပြုံးမျိုးကို ပြုံးလိုက်ပြီး သက်ပြင်းတစ်ချက်ချ၍ပြောသည်။

"အင်း ... တကယ်ခက်ခဲတဲ့ ပြဿနာပဲ။ တစ်ချိန်တုန်းက ထိုက်ဟန်စမ်းတောင်မှာ လူတုန်းကျားလို့ တင်စားခေါ်ရတဲ့ ရန်သူခုနစ်ယောက်က ကျွန်တော့်ကို ဝိုင်းတိုက်ကြတယ်။ အဲဒီ အချိန်တုန်းက ကျွန်တော် သိုင်းပညာလည်း အောင်မြင်မှု မရှိသေးဘူး။ ပြီးတော့ ညာလက်ထဲမှာ ဒဏ်ရာရထားတယ်။ အဲသည် အခိုက်အတန့်ကလေးအတွင်းမှာ ကျွန်တော် အသက်ဆုံးရှုံးသွားနိုင်

ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာပဲ အစ်ကိုကြီး ရောက်လာပြီး ကယ်တယ်။ အစ်ကိုကြီး ရောက်လာပြီး မကယ်တင်ရင် ကျွန်တော့် အသက်ဟာ အဲဒီတုန်းကပဲ ထွက်သွားမှာပါ"

"မင်းက ဒီကိစ္စဟောင်းတွေကို ပြန်ပြောင်းသတိရဖော်ရသေးသကိုး"

"ဘယ်သတိရမပဲနေမလဲ အစ်ကိုကြီးထုံး။ ကျွန်တော် ဂိုဏ်းချုပ်လင့်ဝေါစိမ်ကို မေ့ဆေးပေးတာကို မီးပြင်အဆောင်ရှင် လို့ကူသတ် သိသွား တယ်လေ။ ကျွန်တော် စိတ်မအေးနိုင်ဖြစ်နေတော့ အစ်ကိုကြီးထုံးက သူ့ကို နှုတ်ပိတ် လိုက်တယ်။ ဒီတော့မှ ကျွန်တော် စိတ်ရှင်းလင်း သွားတယ် အစ်ကိုကြီးက ကျွန်တော့်ပေါ် ဒီလောက်တောင် ကောင်းခဲ့သူပါ"

"အေး တစ်ချိန်က ငါ ဦးနှောက်မကောင်းလို့ ထင်ရာတွေ စွပ်လုပ်မိတာ"

"ဦးနှောက်မကောင်းလို့ မဟုတ်ပါဘူး။ အစ်ကိုကြီးက ကျွန်တော့်အပေါ် မေတ္တာနက်ရှိုင်းလွန်းလို့ပါ။ ကျွန်တော် ကောင်းစားတာကို အစ်ကိုကြီး မြင်ချင်တယ်။ အစ်ကိုကြီးနဲ့ သိကျွမ်းတုန်းက ကျွန်တော့် အသက်က ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်။ ကျွန်တော်တို့ မိသားစုက ဆင်းဆင်းရဲရဲစိုတော့ အစ်ကိုကြီးကပဲ စောင်မကြည့်ရှုခဲ့တယ်။ ကျွန်တော့် မိဘတွေ ဆုံးတုန်းက သင်္ဂြိုဟ်ပေးခဲ့တယ်လေ"

ထုံးပိုင်ရှဲ့က လက်ဟန်ဖြင့် တားဆီးလိုက်၏။

"ကုန်လွန်ခဲ့တဲ့ အတိတ်ကို ဖော်ပြနေကို့ အဝိုပဲ။ ဘာအကြောင်းထူးမှာမို့လဲ"

"မပြောလို့မဖြစ်ဘူး။ ကျွန်တော်က အတိတ်က အစ်ကို ကြီးရဲ့ ကျေးဇူးတရားတွေကို မသိလို့ မဟုတ်ပါဘူး။ ဒါပေမဲ့ အစ်ကိုကြီးက ကျွန်တော် ချစ်မြတ်နိုးသူကို ပြစ်မှားခဲ့တယ်။ သူက အစ်ကိုကြီးရဲ့ အသက်ကို ချွေစေချင်တယ်ဆိုတော့ ကျွန်တော် သူ့ဆန္ဒကို လိုက်လျောရမှာပဲ"

"တော်ပြီ ... တော်ပြီ"

ထုံးပိုင်ရှဲ့ ဒေါမာန်ဖြင့် ပြန်ပြောလိုက်သည်။ ရုတ်တရက် တုန်းဝမ်းပုပိုက်က လှုပ်ရှားလိုက်သည်နှင့် ချွင်ခနဲ အသံမြည်ကာ ထုံးပိုင်ရှဲ့၏ ဓားရှည် ကြမ်းပြင်ပေါ်သို့ လွတ်ကျသွား၏။ ထုံပိုင်ရှဲ့၏ ခန္ဓာကိုယ်ကြီး ယိမ်းယိုင်သွားပြီး ကြမ်းပြင်ပေါ်သို့ မှောက်လျက်သား လဲကျသွားပြီး ငြိမ်သက်သွားတော့၏။

အဖြစ်အပျက် မြန်ဆန်လွန်းသည်။ တုန်းဝမ်းပုပိုက်သည် ပန်းထိုးအပ်နှင့် ထုံးပိုင်ရှဲ့ကို လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။ လင့်ဝေါစိမ်တို့ကဲ့သို့ သိုင်းပညာအဆင့်အလွန်မြင့်မား သည့် လူသာလျှင် တုန်းဝမ်းပုပိုက်၏ တိုက်ချက်တိုက်ကွက်ကို ကောင်းစွာ မြင်နိုင်လေသည်။ ထုံးပိုင်ရှဲ့၏ မျက်လုံး၊ နားထင်၊ နှာခေါင်းနှင့် နှုတ်ခမ်းကြား သွေးကြောများသို့ ပန်းထိုးအပ် လွှင့်ပျံစူးဝင်သွားခြင်း ဖြစ်လေသည်။

အခန်းတွင်း၌ အပ်ကျသံပင် ကြားရလောက်အောင် တိတ် ဆိတ်သွားသည်။

ရောက်ရှိနေသူတိုင်းသည် တုန်းဝမ်းပုပိုက်၏ သိုင်းပညာ မြင့်မားကြောင်းကို သိသူများဖြစ်သည်။ သို့သော် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ ပန်းထိုးအပ်ကလေးဖြင့် ထုံးပိုင်ရှဲ့ကဲ့သို့

သော သမ္ဘာရင့် သိုင်းသမားတစ်ယောက်၏ သေကွင်းသေကွက် ကို တိထိမိမိ ထိုးနိုင်မည်လို့ မထင်မှတ်ကြပေ။ ဤမျှအထိ သည်သူမျှ မတွက်ဆမိချေ။

တုန်းဝမ်းပုပိုက်သည် ကျေးဇူးတရားကို ဖော်ပြရင်း ယခု ကဲ့သို့ ရက်ရက်စက်စက် တိုက်ခိုက်ခြင်းက ပိုပြီး အံ့သြစရာကောင်း နေသည်။

လင့်ဝေါစိမ်သည် ဓားရှည်ကို ဓားအိမ်မှ ဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်သည်။

"တုန်းဝမ်းပုပိုက်က ပန်းနေကြာစွယ်စုံသိုင်းပညာကို အောင် ခြင်တဲ့အထိ လေ့ကျင့်ခဲ့တာကို ငါ ဝမ်းသာပါတယ်"

"ဒါလည်း ဂိုဏ်းချုပ် လင့်ဝေါစိမ့်က ကျွန်တော့်ကို ချီးမြှင့် လို့ပါ။ ကျွန်တော်သည် ကျေးဇူးတရားကို ဘယ်တော့မှ မမေ့ပါဘူး"

လင့်ဝေါစိမ်က ခနဲ့ပြုံးပြုံးရယ်လိုက်သည်။

"ဩော် ... ဟုတ်လား။ ဒါကြောင့် မင်းက စီးဝူကန်ကြီး အောက်က မြေတိုက်ထဲမှာ သွားပို့ထားတယ်ဆိုပါတော့"

"ကျွန်တော်က ခင်ဗျားရဲ့ အသက်ကို အန္တရာယ်မပြုခဲ့ပါ ဘူး။ ဟုတ်တယ် မဟုတ်လား။ ကျွန်တော် ပါးစပ်က တစ်ခွန်း နှစ်ခွန်းလောက် ဟလိုက်ရုံနဲ့ ဆားငန်သီးဂေဟာက လူတွေ ခင်ဗျားကို အစာရေစာ ဖြတ်တောက်လိုက်မယ်။ ခင်ဗျား ခံနိုင်ရည် ရှိလှ အလွန်ဆုံး တစ်ပတ်ပေါ့"

"မင်း ပြောပုံဟာ မင်းရဲ့ သဘောထားက ငါ့အပေါ် မဆိုး ဘူးဆိုပါတော့"

ခဲ့တယ်။ နောက်ပိုင်း ပန်းနေကြာ စွယ်စုံသိုင်းကို လေ့ကျင့်လိုက်တော့ လူ့သဘော လူ့မနောကို သဘောပေါက်ခဲ့တယ်။ ကျွန်တော် ဘယ်လို ပေါက်မြောက် အောင်မြင်ပြီး ဘယ်လို သေဆုံးနိုင်တာကအစ တွက်နိုင်ခဲ့တယ်”

မိန်းမမကျ ယောကျ်ားမကျ အဝတ်အစားများကို ဝတ်ထားပြီး မိန်းကလေးတစ်ယောက်နယ် မှုန်နဲ့သာခြယ်သထား၍ အသံစူးစူးဖြင့် ပြောနေပုံမှာ ထူးခြားနေသည်။

တုန်းဂမ်းပုပိုက်သည် ယဉ်ယဉ်ဘက်သို့ မျက်နှာမူလိုက်သည်။

“တူမလေး သည်နှစ်ပိုင်းတွေမှာ ငါ နင့်အပေါ် ဘယ်လို သဘောထားခဲ့သလဲ။ အတော်စိတ်ကောင်းထားခဲ့တယ်လို့ ပြောနိုင်ပါတယ်။ ငါ နင့်ကို အတော်လည်း အားကျမိတယ်။ လူလောကထဲကို မိန်းမသားတစ်ယောက်အဖြစ်နဲ့ နင် ရောက်ခဲ့ပေမဲ့ တန်ဖိုးမဲ့တဲ့ ယောကျ်ားတွေထက် နင်က အများကြီး မြတ်တယ်။ အများကြီး ထက်မြက်တယ်။ ယောကျ်ားတွေအပေါ် နှင့်ဩဇာညောင်းတယ်၊ ငါ နင့်နဲ့သာ နေရာချင်းပြောင်းလို့ရရင် ပြောင်းလိုက်ချင်တယ်”

“ခင်ဗျားက ဝါးစိမ်းနတ်ဒေဝီကို အားကျမိတာထားတော့၊ ဒါပေမဲ့ သရဲမကျ တစ္ဆေမကျရုပ်မျိုးနဲ့ နေရာချင်းလဲရင် ကျွန်တော်က မေတ္တာရှိဖို့နေနေသာသာ ...”

လင်းဟူစုန်း၏ ရဲရင့်ပြတ်သားသော စကားကြောင့် လင့်ဝေါစိမ်တို့တစ်တွေ ထိတ်လန့်အံသကြသွားကြသည်။

“မင်းက ဘယ်သူလဲ။ ငါ့ကို သည်လို ပြောဝံ့သလား။ ဘယ်အတင့်ရဲပါလား”

“ဟုတ်ပါတယ်။ ကျွန်တော်က ခင်ဗျားကို ဆီးဂူကန်မှာ အနားသွားယူရစေချင်တဲ့သဘောပါ။ ဆိုးရိုးစကားတောင် ရှိသေးတယ်မဟုတ်လား။ ကောင်းကင်မှါ နိဗ္ဗာန်၊ မြေမြင်မှာ ဆီးဂူဆိုတာလေ။ ဆီးဂူရဲ့ ရာသီဥတုနဲ့ ရှုမျှော်ခင်းတွေ ဘယ်လောက်ကောင်းတယ်ဆိုတာ လူတိုင်း သိကြပါတယ်။ အထူးသဖြင့် ခင်ဗျားကို ပို့ထားတဲ့ ဆားငန်သီးဂေဟာတစ်ဝိုက်ဟာ ပိုပြီးတောင် ရှုခင်းရှုကွက်ကောင်းပါသေးတယ်”

လင့်ဝေါစိမ်သည် တဟားဟား ရယ်မောလိုက်သည်။

“လက်စသတ်တော့ မင်းက ငါ့ကို စီးဂူကန်ကြီးအောက်မှာ သွားအနားယူခိုင်းတာကိုး။ အင်း ... အဖြစ်က ငါ့ကပဲ မင်းကို ကျေးဇူးပြန်တင်ဖို့ကောင်းနေပြီ”

“ဂိုဏ်းချုပ်ကြီး ကျွန်တော့်အပေါ် ကောင်းခဲ့တဲ့ ကျေးဇူးတွေကို ကျွန်တော် မမေ့ပါဘူး။ ကျွန်တော်တို့ သူရိန်မျက်နှာမူဂိုဏ်းထဲမှာဆိုရင် ကျွန်တော်ဟာ မူလက မိုးကြိုးဆောင်က တတိယတန်းနေရာမှာ ရှိသူပါ။ ဂိုဏ်းချုပ်ကြီး ကျွန်တော့်ကို ဖေးမမြှောက်စားခဲ့ပါတယ်။ ပြီးတော့ ပန်းနေကြာစွယ်စုံသိုင်း ကျင့်စဉ်လည်း ပေးခဲ့ပါတယ်။ နောင်တစ်ချိန် ဂိုဏ်းချုပ်ကြီးက ဂိုဏ်းချုပ်နေရာကို ပခုံးလွဲပေးမယ်ဆိုတဲ့ သဘောထားကိုလည်း ကျွန်တော် သိရပါတယ်”

“ကျွန်တော် ဂိုဏ်းချုပ်ဖြစ်လာတော့ ဂိုဏ်းအတွက် ကောင်းရာကောင်းကြောင်းတွေ အများကြီးလုပ်ဖို့ စိတ်ကူးထားပါတယ်။ လူတိုင်းအပေါ်လည်း စိတ်ကောင်းစေတနာကောင်း ထားပါတယ်။ ဂိုဏ်းသားတွေကို ကျွန်တော့်ကို အမွန်းတင်ခေါ်ကြဖို့ သွန်သင်

လင်းဟူစုန်းသည် သတ္တိကောင်းပြီး ပွင့်လင်းပြတ်သားသူ တစ်ယောက်ပီပီ တုန်ဝှမ်းပုပိုက်ကို လုံးဝ ဂရုမစိုက်ဘဲ ဆက်ပြောသည်။

"ယောကျ်ားလည်းကောင်းတယ်။ မိန်းမလည်း သူ့နေရာနဲ့ သူ ကောင်းတယ်။ ကျုပ် အမြင်ကတ်ဆုံးကတော့ ခင်ဗျားလို ယောကျ်ားမဟုတ် မိန်းမဟုတ်လူစားမျိုးပဲ"

"ဟေ့ ... ငါ မင်းကို မေးနေတာဖြေစမ်း။ မင်းက ဘယ် သူလဲ"

"လင်းဟူစုန်းဆိုတာ ကျုပ်ပဲ"

"ဟာ ... မင်းက လင်းဟူစုန်းကိုး အတော်ပဲ၊ မင်းကို ငါ တွေ့ချင်နေတာကြာပြီ။ ဝါးစိမ်းနတ်ဒေဝီလေးက အသက်ချင်း ဖလှယ်ရလောက်အောင် ချစ်မြတ်နိုးခံရတဲ့ မင်းကို ငါ တွေ့ဖူးချင် နေတယ်။ ခုတော့လည်း မင်းက သူလိုငါလိုတစ်ယောက်ပါပဲ လား။ ငါ ရွေးတဲ့လူနဲ့တောင် စီနဲ့ရေလို ကွာတယ်"

လင်းဟူစုန်းသည် တဟားဟား ရယ်မောလိုက်သည်။

"ကျုပ်က ယန်းလျန်ထိန်လောက် ရုပ်မဖြောင့်တာကတော့ အမှန်ပဲ။ ဒါပေမဲ့ ကျုပ် မေတ္တာတရား နက်ရှိုင်းတယ်။ ခိုင်မြဲ တယ်။ ယန်းလျန်ထိန်ကတော့ အလွန်မျက်နှာများသူတစ်ယောက် ပဲ"

"ခွေးတိရစ္ဆာန်လေး ... မင်း ... ဘာပြောတယ်"

စကားမဆုံးမီတွင် တုန်ဝှမ်းပုပိုက်သည် လင်းဟူစုန်းထံ သို့ ခုန်ဝင်ပြီး လက်ထဲတွင် ကိုင်ထားသည့် ပန်းထိုးအပ်ဖြင့် တိုက်ခိုက်တော့သည်။

လင်းဟူစုန်း၏ ဓားချက်သည် အလွန်လျင်မြန်သော်လည်း တုန်ဝှမ်းပုပိုက်သည် လင်ဟူစုန်းထက် လျင်မြန်၏။ လင်းဟူစုန်း၏ နားထင်သို့ ပန်းထိုးအပ်ဖြင့် ထိုးပြီးနောက် ဓားရှည်ကိုပါ ခပ်ထုတ်လိုက်သည်။

အရှန်သင့်ပြင်ဆင်ပြီး နောက်ဆက်တွဲဓားချက် လွဲချော်သွား ရုံမျှမက လင်းဟူစုန်း၏ နားထင်ကိုပင် အပ်ချက်ထိသွားသော ကြောင့် မြင်ရသူအားလုံး အံ့အားသင့်သွားကြသည်။ လင်းဟူစုန်း ကိုယ်တိုင်လည်း မိမိ သက်တမ့်းတစ်လျှောက်တွင် ဤမျှ လျင်မြန်သော ခုခံကွက်နှင့် တိုက်ချက်ကို မမြင်ဖူးသေးချေ။ ထို့ကြောင့် အကွက်မှားပြီး အနည်းငယ် သတိပေါ့ရုံနှင့် အသက်ထွက်နိုင် ကြောင်း လင်းဟူစုန်း သိသွားသည်။ ထို့ကြောင့် အထွတ်အထိပ် ကျသော ဓားချက်လေးချက်ကို တစ်ဆက်တည်း ထိုးထုတ်လိုက် သည်။

"တယ်မြန်တဲ့ ဓားချက်ပဲ"

တုန်ဝှမ်းပုပိုက်သည် လင်းဟူစုန်း၏ ဓားချက်ကို ချီးမွမ်း လိုက်ရင်း ဓားချက်လေးချက်ကို ရှောင်တိမ်းဖယ်ရှားလိုက်သည်။ တစ်ဆက်တည်းတွင် လင်းဟူစုန်း၏ ဘယ်လက်က ထုံကျင်သွား ပြီး ချွန်မြသည့်အရာတစ်ခုက မိမိ၏ မျက်ခုံးသို့ လာရောက်စူး မိကြောင်း လင်းဟူစုန်း သိလိုက်သည်။ လင်းဟူစုန်း ပြန်လည် ခံရန် မကြိုးစားတော့ဘဲ တုန်ဝှမ်းပုပိုက်၏ မျက်လုံးတည့်တည့် နေရာသို့ ဓားရှည်ကို လက်ရှိန်ဖြင့် ထိုးထုတ်လိုက်သည်။

ဤတိုက်ချက်သည် သူသေ ကိုယ်သေ တိုက်ချက်ဖြစ် သည်။

လင်းဟူစုန်းက အတင်းအဓမ္မ ဝင်ရောက်တိုက်ခိုက်လိုက်သော ကြောင့် တုန်းဝှမ်းပုပိုက်၏ တိုက်ချက်သည် ရင်းသို့ မရောက်ဘဲ လင့်ဝေါစိမ် အသက်အန္တရာယ်မှ လွတ်မြောက်သွား၏။

လေးဦးသား တုန်းဝှမ်းပုပိုက်ကို ဝိုင်းဝန်းတိုက်ခိုက်သော်လည်း အရေးမသာရုံမျှမက လေးဦးစလုံး အပ်ချက်ထိမှန်ကြ၏။ တိုက်ပွဲခြေအနေကို ကြည့်ပြီး ယဉ်ယဉ် စိုးရိမ်နေ၏။

ထို့ကြောင့် ယန်းလျန်ထိန်ဆိ ယဉ်ယဉ် လျှောက်သွားပြီး ပခုံးကို ဓားဦးနှင့် ထိုးလိုက်သည်။ ယန်းလျန်ထိန်သည် ရုတ်တရက် အားခနဲ တစ်ချက်အော်လိုက်သည်။ ယဉ်ယဉ် နောက်ထပ် ပေါင်ပေါ်သို့ ခုတ်ချပြန်သောအခါ ယန်းလျန်ထိန်သည် ယဉ်ယဉ်၏ အကြံကို ရိပ်မိသောကြောင့် လုံးဝမအော်ဘဲ ကြိတ်မှိတ်ခံနေ၏။

"အော်စမ်း ... မအော်ရင် လက်ချောင်းတွေကို ခုတ်ပစ်မယ်"

ယဉ်ယဉ်က ပြောပြောဆိုဆို ဓားဖြင့် ထိုးဆွသော်လည်း ယန်းလျန်ထိန်သည် အသံမထွက်ဘဲ ကြိတ်မှိတ်ခံနေလေသည်။ သို့သော် ပထမဆုံး ယန်းလျန်ထိန် အော်လိုက်သည့်အသံသည် တုန်းဝှမ်းပုပိုက်၏ နားထဲသို့ ရောက်သွားပြီး နားတွင်စွဲနေသည်။ ယန်းလျန်ထိန်ကို ယဉ်ယဉ်က စက်လက်နှိပ်စက်နေကြောင်း တုန်းဝှမ်းပုပိုက် ရိပ်မိသည်။

"ခွေးကောင်မလေး"

တုန်းဝှမ်းပုပိုက်သည် ရုတ်တရက် ယဉ်ယဉ်ထံသို့ ခုန်လွှား ရောက်ရှိသွား၍ ပန်းထိုးအပ်နှင့် ရိပ်ခနဲ ထိုးလိုက်သည်။ လင့်ဝေါစိမ်နှင့် လင်းဟူစုန်းက တုန်းဝှမ်းပုပိုက်၏ နောက်ကျောကို

သို့သော်လည်း လင်းဟူစုန်း၏ ဘယ်မျက်ခုံးတွင် ထုံကျင်နေ၏။ တုန်းဝှမ်းပုပိုက်သည်လည်း နောက်သို့ ခုန်ဆုတ်သွားသည်။

တုန်းဝှမ်းပုပိုက်၏ လက်ထဲမှာ ပန်းထိုးအပ်သည် လင်းဟူစုန်း၏ မျက်လုံးဆီသို့ ဦးတည်သော်လည်း လင်းဟူစုန်း၏ ထက်မြက်သော ဓားချက်ကြောင့် တိမ်းချောင်ပြီး မျက်ခုံးကို စူးမိသွားခြင်းဖြစ်သည်။ ဆက်လက်၍ တုန်းဝှမ်းပုပိုက် မတိုက်ခိုက်စေရန် လင်းဟူစုန်းသည် တရစပ် တိုက်စစ်ဆင်နေ၏။

လင်းဟူစုန်းသည် အထွတ်အထိပ်ကျသော ဓားကွက်များဖြင့် တိုက်ခိုက်ခဲ့သော်လည်း တုန်းဝှမ်းပုပိုက်အား အရေးမသာနိုင်ချေ။ ထို့ကြောင့် လင့်ဝေါစိမ်သည် ဓားရှည်ကိုင်ပြီး ရှန်းဝံ့ထန်းလည်း ကြာပွတ်ကို ကိုင်၍ တိုက်ပွဲဝင်တိုက်ခိုက်လေတော့သည်။

လင်းဟူစုန်း၏ ဓားရေးသည် အလွန်အဆင့်မြင့်သည့်အပြင် ဓားချက်များ အလွန်သွက်လက်လျင်မြန်သည်။ သို့သော် ဓားသွားဓားဖျား၏ ဦးတည်ချက်သည် တုန်းဝှမ်းပုပိုက်နှင့် သီသီကလေး လွဲချော်ထွက်သွားသည်ချည်းဖြစ်သည်။ ဤသို့ တိုက်ခိုက်ရင်း ရှန်းဝံ့ကျန်း၏ 'အား'ခနဲအော်သံ ထွက်ပေါ်လာ၏။ တစ်ဆက်တည်းတွင် လင်းဟူစုန်းပါ 'အင်း'ခနဲ အသံထွက်၍ နှစ်ယောက်စလုံး တုန်းဝှမ်းပုပိုက်၏ အပ်ချက် စူးမိသွားသည်။

လင့်ဝေါစိမ်သည် သွေးကြောဖျက်သိုင်းပညာကြီးကို အောင်မြင်စွာ လေ့ကျင့်နိုင်ခဲ့သော်လည်း တုန်းဝှမ်းပုပိုက် အနီးသို့ ကပ်ရန်မလွယ်ချေ။ တိုအခိုက် တုန်းဝှမ်းပုပိုက်၏ အပ်ချက်တစ်ချက်သည် လင့်ဝေါစိမ်၏ လည်မျိုသို့ တိုးမိသည်။ သို့သော်

ဓားရှည်ဖြင့် ပစ်ထိုးလိုက်သည်။ ရှန်းဝဲကျန်းသည်လည်း ယန်းလျန်တိန်၏ လည်မျိုသို့ ကြာပွတ်ဖြင့် ပတ်ဆွဲလိုက်သည်။

လင့်ဝေါစိမ်နှင့် လင်းဟူစုန်းတို့နှစ်ယောက်၏ ဓားဦးသည် တုန်းဝှမ်းပုပိုက်၏ နောက်ကျောဆီသို့ ထိုးဝင်သွား၏။ တုန်းဝှမ်းပုပိုက်သည် ယန်းလျန်ထိန်ပေါ်သို့ မှောက်ထိုးလဲကျသွားလေတော့သည်။

လင့်ဝေါစိမ်က တုန်းဝှမ်းပုပိုက်၏ လည်မျိုးကို ဓားဖြင့် ထောက်ပြီး ...

တုန်းဝှမ်းပုပိုက်၏ လည်ဂုတ်ကို ဓားဖြင့် ထောက်ပြီး ...

"တုန်းဝှမ်းပုပိုက် မင်း သည်နေ့တော့ ငါ့လက်ချက်နဲ့ အရေးနိမ့်ရပြီ မဟုတ်လား"

ထိုအချိန်တွင် ယဉ်ယဉ်သည် အကြောက်မပြေသေးဘဲ ကိုယ်ခန္ဓာ ယိမ်းယိုင်နေသေးသည်။ မျက်နှာမှ သွေးများ စီးကျနေသည်။ သို့သော် ယဉ်ယဉ်သည် မိမိဒဏ်ရာကို အမှုမထားဘဲ လင်းဟူစုန်းထံသို့ ချဉ်းကပ်သွားပြီး မျက်နှာပေါ်မှ သွေးများကို သုတ်ပေးသည်။

"ရှင်လည်း ဒဏ်ရာရတယ်နော်"

တုန်းဝှမ်းပုပိုက်သည် နောက်ကျောသို့ ဓားနှစ်လက်ဆိုင် အတိုးခံရသည့်ကြားက မိမိ ဒဏ်ရာထက် ယန်းလျန်ထိန်အတွက် စိတ်မကောင်းကြီးစွာ ဖြစ်နေသည်။

"မင်းတို့ သူ့ကို နှိပ်စက်တာ ရင်နာဖို့တယ်ကောင်းပါလား"

တုန်းဝှမ်းပုပိုက် နှစ်သိမ့်စကားပြောနေသည်ကြားက ယန်းလျန်ထိန်သည် ဒေါသတကြီး ပြန်ပြောလိုက်သည်။

"ခါတိုင်း ခင်ဗျားကြီးရဲ့ သိုင်းပညာကို ဘယ်သူမှ မမီဘူး။ ခုတော့ ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့ မနိုင်ရတာလဲ"

"ငါ ... ငါ"

"ဘာလုပ်နေတာလဲ"

"ငါလည်း ပညာကုန်သုံးတာပဲ။ ဒါပေမဲ့ ... ဒါပေမဲ့ သူလည်း ပညာသိပ်မြင့်မားတယ်"

တုန်းဝှမ်းပုပိုက်သည် စကားဆုံးသည်နှင့် ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားသည်။ လင်ဝေါစိမ် စိတ်မချသေး၍ တုန်းဝှမ်းပုပိုက်၏ ဘယ်လက်ကြောကို ဓားချက်တစ်ချက် ခုတ်ချလိုက်သေးသည်။

"ဂိုဏ်းချုပ်လင့်ဝေါစိမ် ... ခင်ဗျား အနိုင်ရပါပြီ၊ ကျွန်တော် ရှုံးပါပြီ"

"ဒါဆိုရင် တုန်းဝှမ်းပုပိုက်ဆိုတဲ့ အရှေ့ကျွန်း အရှုံးမရှိလို့ အဓိပ္ပာယ်ရတဲ့ မင်းရဲ့ နာမည်ကို ကျိန်းသေရှုံးရမယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ်လွင်အောင် တုန်းဝှမ်းပုပိုက်လို့ ပြင်ဆင်ပြောင်းလဲလိုက်တော့"

တုန်းဝှမ်းပုပိုက်က ခေါင်းကို ခါယမ်းလိုက်သည်။

"တုန်းဝှမ်းပုပိုက်ကို ဝှမ်းဝှမ်းပီပိုက်လို့ ပြင်နေစရာမရလို တော့ပါဘူး။ ရှုံးပြီဆိုကတည်းက လူ့လောကမှာ ကျွန်တော်ရှိတော့မှာ မဟုတ်တော့ဘူး။ ဒါပေမဲ့ တစ်ယောက်ချင်း ယှဉ်ပြိုင်ရင် ခင်ဗျားက ကျွန်တော့်ကို မနိုင်ပါဘူး"

"အေး ... မင်းပြောရာ မှန်တယ်။ မင်းရဲ့ သိုင်းပညာဟာ ငါ့ထက် အများကြီး မြင့်မားသွားပြီ"

လင့်ဝေါစိမ်၏ စကားကို ကြားသည်နှင့် တုန်ဂမ်းပုပိုက် ကိုယ်ခန္ဓာသည် ရုတ်တရက် လင့်ဝေါစိမ်ထံသို့ ခုန်တက်လာပြီး ပန်းထိုးအပ်ဖြင့် ထိုးလိုက်သည်။ သေလုသေခင်လူတစ်ယောက်က ဤသို့ ထခုန်ပြီး တိုက်နိုင်စရာမရှိဟု လင့်ဝေါစိမ်သာမက အားလုံးက တွက်ဆထားသည်။ လင့်ဝေါစိမ်သည် သိုင်းပညာ မြင့်မားသူတစ်ယောက်ဖြစ်သောကြောင့် သတိဝိရိယ အမြဲရှိ၏။ ခံဖြင့် ကပျာကယာ လှမ်းထိုးလိုက်သည်။ ထို့ကြောင့် တုန်ဂမ်းပုပိုက် အပ်ဖြင့် မထိုးမိမီတွင် လဲကျသွား၏။ သို့သော် တုန်ဂမ်းပုပိုက်သည် လဲကျနေရာမှ ပန်းထိုးအပ်ကို လက်ဖြင့် တောက်တုတ်လိုက်ရာ လင့်ဝေါစိမ်၏ ညာမျက်လုံးထဲသို့ တန်းဝင်သွားသည်။

ထိုအခိုက် တုန်ဂမ်းပုပိုက်၏ ကိုယ်ထဲသို့လည်း လင့်ဝေါစိမ်၏ ဓားဦး တိုးဝင်သွားနိုင်ပြီး လင့်ဝေါစိမ် နောက်သို့ ကမန်းကတန်း ခုန်ဆုတ်လိုက်သည်။

လင့်ဝေါစိမ်သည် မိမိဌာနေဟောင်းသို့ ပြန်လည်ရောက်ရှိပြီ ဖြစ်သော်လည်း ညာမျက်လုံးတစ်ဖက် ဆုံးရှုံးခဲ့ရသောကြောင့် ဝမ်းသာဝမ်းနည်း မဝေခွဲတတ်အောင် ဖြစ်နေသည်။ သို့သော် သူ၏ မူလအကျင့်အတိုင်း တဟားဟား ရယ်မောလိုက်သည်။ လင့်ဝေါစိမ်၏ ရယ်သံသည် ဒေါသသံနှောနေကြောင်း အားလုံး ရိပ်စားမိသည်။

"ဂိုဏ်းချုပ်ကြီးရဲ့ မင်္ဂလာရှိတဲ့နေ့ပါ။ ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပြီး သိုင်းလောကတစ်ခွင် ဘုန်းမီးနေလ

"ဟုတ်ပါတယ်။ လေးယောက်ဝိုင်းတိုက်ခိုက်တာတောင် မမီပါဘူး။ ခင်ဗျားက ယန်းလျန်ထိန်ဆီ အာရုံရောက်သွားလို့ ခုလိုဖြစ်တာပါ။ အရှုံးမရှိဆိုတဲ့ နာမည်နဲ့ လိုက်ဖက်ပါပေတယ်။ ကျွန်တော် ခင်ဗျားရဲ့ ပညာကို ချီးကျူးပါတယ်"

"အေး ... မင်းတို့ နှစ်ဦးစလုံး ဒီလို ပြောဖော်ရတာ ငါ ကျေနပ်ပြီ။ ဒီလို ပွင့်ပွင့်လင်းလင်း ပြောတာ ယောကျ်ားပီသပါတယ်။ ငါ ပန်းနေကြာစွယ်စုံသိုင်းကို လေ့ကျင်းထားတော့ သည်ကျင့်စဉ်ဟာ တဖြည်းဖြည်း လေ့ကယင့်မှုအရှိန် ရလာတာနဲ့ အမျှ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ ကျွတ်ထွက်ပြီး ငါ့အသံပါ ပြောင်းလဲခဲ့တယ်။ ငါ့ စိတ်သဏောထားတွေ ပြောင်းလဲသွားတယ်။ ဆန့်ကျင်ဘက်လိင်စွဲလမ်းမှု မရှိတော့ဘူး၊ ယန်းလျန်ထိန်လို လိင်တူတစ်ယောက် အပေါ်မှာပဲ တွယ်တာ စွဲလမ်းခဲ့တော့တယ်"

ပန်းနေကြာစွယ်စုံသိုင်းကျင့်စဉ်ကို ငါ လေ့ကျင့်ခဲ့တာ ကောင်းကျိုးပေးသလား။ ဆိုးကျိုးပေးသလားဆိုတာ ငါ ခုထိ မဝေခွဲတတ်သေးဘူး။ ဂိုဏ်းချုပ်လင့်ဝေါစိမ် ကျွန်တော် မနေရတော့ပါဘူး။ ကျွန်တော် ခင်ဗျားကို အချက်တစ်ချက် တောင်းဆိုချင်ပါတယ်။ လိုက်လျောပါ"

"ဘာအချက်လဲ"

"ယန်းလျန်ထိန်ရဲ့ အသက်ကို ချမ်းသာပေးလိုက်ပါ။ တောင်အောက်ဆင်းခွင့်ပြုလိုက်ရင် တော်ပြီ"

"ဟင်း ... ငါက ဒီကောင်ကို အစိတ်စိတ် အမြွာမြွာ လုပ်ထိုက်ရမှ ကျေနပ်နိုင်မယ်"

တောက်ပပါစေ။ သူရိန်မျက်နှာမူဂိုဏ်းကြီးလည်း သိုင်လောက တစ်ခွင်မှာ အခွန့်ရှည်ပြီး နေလိုလလို တောက်ပပါစေ"

စန့်ကွမ်းရင်၏ စကားကြောင့် လင့်ဝေါစိမ် ရယ်လည်း ရယ်ချင်မိ၏။ တစ်ချိန်တည်းတွင် ကလော်ဆဲချင်စိတ်လည်း ဖြစ်မိပြီး ...

"ဘာလဲ အခွန့်ရှည်ပါစေ ဟုတ်လား၊ ဘာလဲ ဘုန်းမီးနေလ တောက်ပါစေ။ အေးလေ ... သူ ပြောတဲ့အတိုင်း ဖြစ်လာမယ်ဆို ရင်တော့ ကောင်းသားပဲ"

ဤသို့ စဉ်းစားပြီး လင့်ဝေါစိမ်သည် တဟားဟား ရယ်မော ပြန်သည်။

လင့်ဝေါစိမ်သည် မျက်စိတစ်ဖက် အဆုံးခံပြီး ပြန်လည် တိုက်ယူရသည့် မိမိ၏ နေရာဟောင်းကို တန်ဖိုးထားသည်။

သွေးကြောကွက်နေရာသို့ အပ်ဖြင့် အထိုးခံရရာမှ ရုန်းပဲ့ထန်း သည် တစ်ကိုယ်လုံး ထုံကျင်လျက်ရှိသည်။ အတန်ကြာအောင် တင်ပျဉ်ခွေထိုင်ကာ အတွင်းအားဖြင့် ကုသသည်။ နှစ်နာရီခန့် ကြာလျှင် ပြန်လည်လှုပ်ရှားနိုင်သောကြောင့် ထရပ်၍ပြောသည်။

"ဂိုဏ်းချုပ်အတွက် မင်္ဂလာနေ့ပါ"

"အေး... ငါ့နေရာ ငါပြန်ရောက်တာဟာ နောင်တော့်ကျေးဇူး အကြီးဆုံးပါ။ စုန်းကလေး မင်းရဲ့ကျေးဇူးလည်း မနည်းပါဘူး"

"ဒါပေမဲ့ ယဉ်ယဉ်က ယန်းလျန်ထိန်ကို အကျပ်မကိုင်ရင် တုန်ဂမ်းပုပိုက်ကို အနိုင်တိုက်ဖို့ ကျွန်တော်လည်း မတတ် နိုင်ပါဘူး"

ယဉ်ယဉ်သည် လည်းဟူစုန်းကို လက်ပြပြီး စားဆီးလိုက် သည်။

"ဆက်ပြောမနေပါနဲ့တော့။ ဒီလူဟာ လူမဟုတ်တော့ဘူး၊ ဘီလူးဖြစ်နေပြီ။ ကျွန်မ ငယ်ငယ်တုန်းက သူက ကျောပိုးခေါ် သွားပြီး တောင်တန်းတွေပေါ်မှာ သစ်သီးတွေ ခူးဆွတ်ပြီး ကျွန်မကို တယုတယ ကျွေးခဲ့တယ်။ ခုအဖြစ်နဲ့ နှိုင်းစာရင် ယုံနိုင်စရာတောင် မရှိဘူး"

လင့်ဝေါစိမ်သည် တုန်ဂမ်းပုပိုက်၏ အိတ်အတွင်းသို့ လက်ထိုးနှိုက်ပြီး ရှာဖွေရာ ဟောင်းနွမ်းနေသည့် စာအုပ်လေးတစ် အုပ် ထွက်လာသည်။

"ဒါက ပန်းနေကြာစွယ်စုံသိုင်းကျမ်းပါ။ ဒီပညာကို လေ့ကျင့်ရင် သင်းကွပ်ပစ်ရတယ်။ ငါသည်လောက်တော့ မမိုက် ဘူး။ ဒါပေမဲ့ ဒီပညာဟာ တကယ် အထွတ်အထိပ် ကျတဲ့ ပညာပါပဲ။ ကံကောင်းထောက်မလို့ ငါက သွေးကြောဖျက်သိုင်း ပညာကို လေ့ကျင့်မိပြီး သူ့ကို ဒီသိုင်းကျမ်းကျင့်စဉ် ပေးမိလိုက် တယ်"

လင့်ဝေါစိမ်က ပြောရင်း တုန်ဂမ်းပုပိုက်၏ အလောင်း ကို ခြေဖြင့် လှမ်းကန်လိုက်သည်။

"မင်းလို ဉာဏ်များပြီး အလွန်လောဘကြီးတဲ့ကောင်ကို ငါ ပန်းနေကြာစွယ်စုံကြမ်း ပေးခဲ့တာ သိပ်မှန်တယ်"

လင့်ဝေါစိမ်၏ စကားကြောင့် လင့်ဝေါစိမ်သည် ပန်းနေ ကြာစွယ်စုံသိုင်းကျမ်းကျင့်စဉ်အား ကုန်ဂမ်းပုပိုက်ကို ပေးခဲ့ခြင်း

သည် စိတ်ရင်းစေတနာကောင်းဖြင့် ပေးခဲ့ခြင်းမဟုတ်သည်မှာ သေချာသည်။

လင်ဝေါစိမ်သည် ပန်းနေကြာစွယ်စုံသိုင်းကျမ်းကို ဖျစ်ညှစ်လိုက်ရာ အမွှာမွှာဖြစ်သွားပြီး လေထဲတွင် လွင့်ကုန်သည်။

ယဉ်ယဉ်သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်လေသည်။

"လူကို ဒုက္ခဖြစ်စေတဲ့ ဒီလို ပစ္စည်းမျိုးကို ခုလိုတစ်ခါတည်း ဖျက်ဆီးပစ်လိုက်တာ အမှန်ဆုံးပဲ"

"ယဉ်ယဉ် ငါ ပန်းနေကြာစွယ်စုံသိုင်းကျမ်းကို လေ့ကျင့်မှာ မင်း စိုးရိမ်နေတယ် မဟုတ်လား"

"ထွီ ... ရှင်ဟာလေ ... စကားပြောရင်း ဖောက်ဖောက်လာတယ်"

ယဉ်ယဉ်က လင့်ဝေါစိမ်၊ စွန့်ကွမ်းရင်တို့၏ ဒဏ်ရာများကို ဆေးထည့်ပေးသည်။

မိမိ မျက်နှာပေါ်သို့လည်း အပ်ချက်တစ်ချက် အထိုးခံရသောကြောင့် အမာရွတ် ထင်ကျန်ရစ်မည်စိုးပြီး ယဉ်ယဉ် စိတ်မကောင်းဖြစ်နေသည်။ မျက်နှာမကောင်းဖြစ်နေသော ယဉ်ယဉ်အနီးသို့ လင်းဟူစုန်း ချဉ်းကပ်သွားပြီး တီးတိုး ပြောလိုက်လေသည်။

"မင်းက ကောင်းခြောက်ဆယ့်လေးရပ်နဲ့ မျက်နှာမှာ ဒီဒဏ်ရာလေးရတာ ဘာမှစရာလိုသေးလဲ။ ယတြာတောင် ကျသေးတယ်"

လင်းဟူစုန်း အားပေးနှစ်သိမ့်ပြောဆိုလာသောကြောင့် ယဉ်ယဉ်သည် စိတ်မကောင်းမဖြစ်တော့ဘဲ ပြုံးယောင်သမ်းလာသည်။

လင့်ဝေါစိမ် ဦးဆောင်ပြီး တုန်ဒုမ်းပုပိုက်၏ အခန်းတွင်းမှ ဆွက်ခဲ့ကြသည်။

ခန်းမဆောင်ကြီးသို့ ပြန်ရောက်သောအခါ လင့်ဝေါစိမ်သည် သစ်ကနက်ဓောင်ထိပ်တွင်ရှိသော အဆောင်ရှင်များကို ခေါ်၍တွေ့ဆုံသည်။

လင့်ဝေါစိမ်က ခန်းမဆောင်ကြီးကို ကြည့်ပြီး စန့်ကွမ်းရင်ကို မေးလိုက်သည်။

"ဒါက ဘာခန်းမဆောင်လဲ"

"လူနတ်သာခုခေါ်ဆောင် ဖြစ်ပါတယ်။ ဂိုဏ်းချုပ်ရဲ့အထွတ်အထိပ်ကျပြီး အကျိုးကျေးဇူးပြုမှုတွေကို အမွှန်းတင်ဖော်ကျူးနေရာပဲ"

လင့်ဝေါစိမ်သည် တဟားဟား ရယ်မောသည်။

"အင်း ... နာမည်ပေးထားတာတော့ မဆိုးဘူး။ နာမည်နဲ့လိုက်အောင် လုပ်နိုင်ရင်တော့လည်း သိပ်ကောင်းပါတယ်"

"စုန်းကလေး ... ခဏ"

လင်းဟူစုန်းသည် လင့်ဝေါစိမ် အနီးသို့ လျှောက်သွားသည်။

လင့်ဝေါစိမ်သည် သူ ထိုင်နေသော ခုံကြီးကို လက်ဖြင့်တ်ပြီး ...

"စုန်းကလေး ဒီနေရာဟာ နောင်တစ်ချိန်မှာ မင်းထိုင်ရမဲ့ နေရာပါပဲ ... ဟား ဟား ဟား"

"ဂိုဏ်းချုပ်ကြီး ကျွန်တော့်အပေါ် ယဉ်ယဉ်ရဲ့ ကျေးဇူးတွေ ရှိတယ်။ ဘာပဲခိုင်းခိုင်း ကျွန်တော် ဦးလည်မသုန် ဆောင်ရွက်ပေးချင်ပါတယ်။ ဒါပေမဲ့ သိမ့်ရှန်ဆရာလေးရဲ့ တောင်းဆိုချက်ကို လက်ခံပြီးဖြစ်နေလို့ ကျွန်တော် သူရိန်မျက်နှာမူဂိုဏ်းထဲဝင်ဖို့ လက်မခံနိုင်ပါဘူး"

"ဒီလောကမှာ ငါ့စကားကို နားမထောင်တဲ့လူ ဘယ်လို ဖြစ်မယ်ဆိုတာ မင်း သိသလား"

ယဉ်ယဉ်သည် ဖခင် ဒေါသလွန်ကဲနေကြောင်း သိသောကြောင့် လင်းဟူစုန်း၏ လက်ကို မိမိရရ ဆုပ်ကိုင်ထားလိုက်တော့သည်။

"ဖေဖေ ကိုယ့်နေရာကိုယ် ပြန်ရောက်တဲ့နေ့ဟာ မင်္ဂလာရှိတဲ့နေ့ပဲ။ ဒီပြင်ကိစ္စကို အသာထားစမ်းပါ။ သူ ဂိုဏ်းထဲဝင်ဖို့ ဖြည်းဖြည်းပြောလည်း ရတာပဲ"

လင့်ဝေါစိမ်က မျက်စိတစ်ဆုံးဖြင့် ယဉ်ယဉ်ကို မျက်စောင်းထိုးကြည့်လိုက်သည်။

"ယဉ်ယဉ် ... နင်က ဖအေ မလိုတော့ဘူး ဆိုတဲ့ သဘောလား"

"ဂိုဏ်းချုပ် လင်းဟူစုန်းဟာ လူငယ်တစ်ယောက်ဖြစ်တော့ စိတ်ဓာတ်ပြင်းထန်တယ်။ ဖြည်းဖြည်း ဖျောင်းဖျပြီး ပြောရင် ရပါတယ်"

ရှန်းဝံ့ထန်းသည်လည်း လင့်ဝေါစိမ် ဒေါသထွက်နေမှန်း သိ၍ ဒေါသပြေစေရန် ဝင်ပြောသည်။ ရုတ်တရက် လူဆယ်ယောက်ခန့် ရေရွတ်ပြောဆိုသံများကို လင့်ဝေါစိမ် ကြားလိုက်သည်။

"ဂိုဏ်းချုပ် သက်တော်ရာကျော်ရှည်ပါစေ။ ဘုန်းမီးနေလတောက်ပပါစေ။ သိုင်းလောကတစ်ခွင်မှာ သူရိန်မျက်နှာမူဂိုဏ်းဓွန့်ရှည်ပါစေ"

"အထဲကို ဝင်လာကြ"

"နောက်ကို ဒီအပြုအမူမျိုး လုပ်စရာမလိုဘူး။ ဒူးထောက်စရာမလိုဘူး။ ပါးစပ်လည်း ခုလို ရေရွတ်ဖို့မလိုဘူး"

လင့်ဝေါစိမ်၏ စကားများသည် လည်ချောင်းအပြင်ဘက်သို့ ထွက်ပေါ်လာခြင်းမဟုတ်။ မူလက ထိုသို့ ပြောရန် ရည်ရွယ်ပြီး ထရပ်လိုက်သော်လည်း မပြောဖြစ်တော့ချေ။

"လက်အောက်ငယ်သားက အထက်ပုဂ္ဂိုလ်ကို လေးစားမှုရှိလေ ကောင်းလေလေပဲ"

ဤသို့ ပြန်လည်စွေးတောမိသောကြောင့် လင့်ဝေါစမ်သည် ပြောရန်ရည်ရွယ်သော စကားကို မပြောတော့ဘဲ ထိုင်ချလိုက်သည်။

များမကြာခင်တွင် နောက်ထပ်လူအုပ်တစ်အုပ် ထပ်မံရောက်ရှိလာပြန်သည်။ ပထမရောက်ခဲ့သူများနည်းတူ ရေရွတ်၍ လင့်ဝေါစိမ်၏ ရှေ့တွင် ဒူးထောက်ချလိုက်သည်။ လင့်ဝေါစိမ်သည် တစ်ကြိမ်တွင် ခေါင်းညိတ်ရုံသာ ညိတ်ပြီး ထရပ်ခြင်း မပြုတော့ချေ။

"ကျွန်မတို့ တောင်ခြေအောက်ကို ဆင်းလည်ပတ်ကြရအောင်"

ယဉ်ယဉ်သည် မိမိနှင့် လင့်ဝေါစိမ့် စိတ်အခန့်မသင့်ဖြစ်မည်ကို စိုးရိမ်သဖြင့် ဤသို့ တောင်ခြေသို့ ခေါ်ခြင်းဖြစ်ကြောင်း လင်းဟူစုန်း ရိပ်စားမိသည်။

"ကောင်းတာပေါ့။ နင့်အဖေ ကြည့်ရတာ စိတ်ဆိုးလာရင် ငါ့ကိုပါ ခေါင်းဖြတ်မယ်ထင်တယ်"

နှစ်ယောက်သား ခန်းမဆောင်ကြီးအပြင်ဘက်သို့ ထွက်ခဲ့ပြီးနောက် ဝါးခြင်းကြီးတွင်းသို့ ဝင်ပြီး တောင်ခြေအောက်သို့ စက်သီးဖြင့် ဆင်းလာသည်။

"ငါ သစ်ကနက်တောင်ထိပ်ကို ရောက်ခဲ့တာဟာ အိမ်မက်ဆိုကြီးတစ်ခု မြင်ခဲ့တယ်လို့ မှတ်ထင်လိုက်တော့မယ်။ နောက်နောင် ငါ သစ်ကနက်တောင်ထိပ်ကို ဘယ်တော့မှ မလာတော့ဘူး။"

လင်းဟူစုန်းက စိတ်ထဲမှ ရေရွတ်မိသည်။ လင်းဟူစုန်း ငေးငေးငိုင်ငိုင် ဖြစ်နေသဖြင့် ယဉ်ယဉ်က လှမ်းမေးသည်။

"အစ်ကို ဘာတွေစဉ်းစားနေတာလဲဟင်"

"မင်း ငါနဲ့ တစ်ခါတည်း လိုက်ခဲ့မယ် မဟုတ်လား"

"ကျွန်မတို့ ... ကျွန်မတို့မှ"

"မင်း ဘာပြောချင်တာလဲ"

"ကျွန်မတို့ လက်မထပ်ကြသေးဘဲ အစ်ကို့နောက် လိုက်ခဲ့လို့ ဘယ်ဖြစ်ဦးမှာလဲ အစ်ကိုရယ်"

"ဟိုတစ်ခါတုန်းက မင်း ငါနဲ့ လိုက်ခဲ့ဖူးသားပဲ"

"ဟိုတစ်ချိန်ကနဲ့ ခုနဲ့ ဘယ်တူတော့မှာလဲ အစ်ကို။ ဖေဖေက ခုမှ သိပ်ပြီး စိတ်ကြီးနေတယ်။ ကျွန်မ ဖေဖေ့ကို ဖျောင်းဖျပါ့မယ်၊ ကျွန်မ သူ့အနီးအပါးမှာ ရှိဖို့လိုတယ်။ နောက်နောင် အစ်ကိုနဲ့ ကျွန်မ အတူပေါင်းဖက်ရမဲ့အချိန်တွေ အများကြီး ရှိပါသေးတယ် အစ်ကို"

ယဉ်ယဉ်၏ အသံသည် တဖြည်းဖြည်း တိုးသွားကာ တိမ်ဝင်သွား၏။

ယဉ်ယဉ်သည် စိတ်ထိခိုက်စွာ ခံစားနေရကြောင်း လင်းဟူစုန်း ရိပ်မိသည်။

"အစ်ကို ... အစ်ကို ... ခုဒီအတိုင်းပဲ ထွက်သွားတော့မလို့လားဟင်"

"သုံးလပိုင်း ဆယ့်ငါးရက်နေ့မှာ ကျိုလိန်းလျှံက စုန်းစမ်းတောင်မှာ တောင်ငါးလုံး သွေးစည်းအဖွဲ့တွေကို စုရုံးဖို့ ခေါ်ထားတယ်။ ကျိုလိန်းရှန်က တောင်ငါးလုံးသွေးစည်းအဖွဲ့ကို ဖျက်သိမ်းပြီး တော်ငါးလုံးအဖွဲ့ရယ်လို့ ပြင်ဖွဲ့ဖို့ ကြိုးစားပြင်နေတယ်။ ပြီးတော့ သူက ဂိုဏ်းချုပ်လုပ်ဖို့လည်း ကြံရွယ်ထားတယ်။ သူ့အကြံအတိုင်း လောကတစ်ခွင်က လူစွမ်းကောင်းတွေကို မကောင်းကြံတာ ဖြစ်လို့ ငါ အချိန်မီရောက်ဖို့ အလွန် အရေးကြီးတယ်"

"အစ်ကို ... ကျိုလိန်းရှန်က အစ်ကို့ကို ဓားရေးယှဉ်နိုင်စရာအကြောင်း မရှိဘူး။ ဒါပေမဲ့ ကောက်ကျစ်ဉာဏ်ကျတော့ အစ်ကိုက သူ့ကို မမီဘူး။ သတိထားဖို့လိုမယ်"

"စိတ်ချပါ"

"အမှန်တော့ ကျွန်မပါ အစ်ကိုနဲ့အတူ လိုက်ဖို့ကောင်းပါတယ်၊ ဒါပေမဲ့ စုန်းစမ်းတောင်ကို ရောက်သွားရင် ကျွန်မက ကုမ္ပဏီအဖွဲ့သား ဖြစ်နေတော့ အစ်ကိုနာမည် ထိခိုက်မယ်။ ပြောစရာဖြစ်မယ်။ အစ်ကိုက တောင်ငါးလုံးအဖွဲ့ဖွဲ့ပြီးလို့ ဂိုဏ်းချုပ်ဖြစ်လာရင် ဘယ်သူမှ မပြောဝံ့တော့ပါဘူး"

လင်းဟူစုန်းသည် ယဉ်ယဉ်၏ လက်နှစ်ဖက်ကို ဖမ်းဆုပ်လိုက်သည်။

"ခုထိ မင်းက ငါ့စိတ်သဘောကို အပြည့်အဝ သဘောမပေါက်နိုင်သေးဘူးလား။ ပြီးတော့ ယုံကြည်မှုကော အပြည့်အဝ မရှိသေးဘူးလား။

"အစ်ကို့အပေါ် အပြည့်အဝ ယုံကြည်မှုရှိပါတယ်။ ကျွန်မ အနေနဲ့ ထင်မြင်ယူဆထားတာကတော့ လူတစ်ယောက်ဟာ သိုင်းပညာလေ့ကျင့်လို့ အဆင့်မြင့်လာလေလေ စိတ်ဓာတ်ပြောင်းလဲမှု ဖြစ်လာလေလေပဲ။ ဖြစ်တဲ့လူတိုင်း မသိပေမဲ့ ဘေးလူကတော့ သိတယ်။ တုန်ဝမ်းပုပိုက်လည်း သည်အတိုင်းပဲ၊ ဖေဖေလည်း သည်အတိုင်းပဲဖြစ်မှာ ကျွန်မ စိုးရိမ်မိတယ်"

"မင်း ဖေဖေက ပန်းနေကြာသိုင်းမှ မကျင့်တော့တာ"

"ကျွန်မ ပြောတာက သိုင်းပညာကိုပြောတာ မဟုတ်ပါဘူး၊ လူတစ်ယောက်ရဲ့ စိတ်ဖောက်ပြန်ပြောင်းလဲတတ်တာကို ပြောတာပါ။ ဖေဖေက သည်နေရာပြန်ရောက်တော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး စိတ်ကြီးဝင်မှာစိုးလို့ပါ"

"မင်း ဖေဖေအတွက် စိုးရိမ်ရင်စိုးရမ်ပါ။ ငါ့ကို စိတ်ချပါ။ ဘယ်တော့မှ မစိုးရိမ်နဲ့။ ဘယ်ဘဝရောက်ရောက် ဘယ်လို အခြေအနေရောက်ရောက် ငါကတော့ သည်တိုင်း သည်တိုင်းပဲ။ နောင်လည်း ပြောင်းလဲမှာ မဟုတ်ဘူး"

"မပြောင်းလဲရင် အကောင်းဆုံးပါရှင်"

"ကဲ .... သွားမယ်နော်။ စုန်းစမ်းကိစ္စ ပြီးသွားရင် ငါ ပြန်လာတွေ့မယ်။ အဲသည်အချိန်ကျရင် တစ်သက်လုံး မခွဲကြတော့ဘူးနော်"

ယဉ်ယဉ်၏ မျက်လုံးအစုံသည် ရွှန်းလဲ့တောက်ပနေ၏။

"အစ်ကို ထာဝရအောင်ပွဲဆင်နိုင်ပါစေလို့ ကျွန်မ အမြဲဆုတောင်းပါ့မယ်"

လင်းစူစုန်းသည် တောင်ခြေတွင် တွေ့ရသော မြင်းတစ်ကောင်ပေါ်သို့ လွှားခနဲ ခုန်တက်၍ ဟင်စမ်းသို့ ခရီးပြင်းနှင်ခဲ့လေသည်။

❋ ❋ ❋

အခန်း(၂)

ဟင်စမ်းအဖွဲ့သူများက လင်းဟူစုန်းအား သောင်းသောင်းဖျဖျ ကြိုဆိုကြ၏။

လင်းဟူစုန်းက မိမိ မရှိခိုက် ဟင်စမ်းအဖွဲ့၏ အခြေအနေကို မေးမြန်းသည်။

"ဂိုဏ်းချုပ်ကြီးကို တင်ပြပါတယ်။ ကျွန်တော်တို့ ဟင်စမ်းအဖွဲ့သားတွေ တစ်ယောက်မှ ဟင်စမ်းတောင်ထိပ်ကို မတက်ကြပါဘူး။ စည်းကမ်းရှိရှိနေပြီး နေ့စဉ်နေ့တိုင်း သိုင်းပညာလေ့ကျင့်ကြပါတယ်"

ကျိုချန်းကျူးက အခြအနေကို တင်ပြသည်။

"ဒါဆိုရင် သိပ်ကောင်းတယ်"

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီး သူတို့တစ်တွေ တောင်အောက်မှာပဲ နေကြပါတယ်၊ ဒါပေမဲ့ စည်းကမ်းရှိရှိ နေတာတော့ ဟုတ်မယ်မထင်ဘူး"

ယိယိုက ပြုံးပြီး ပြန်ပြော၏။

"ဘာဖြစ်လို့လဲ"

"နေ့ရောညပါ ထုံးယွင်ထောင်ချောက်မှာ ဆူညံတဲ့ အသံတွေကို ကျွန်မတို့ တောင်ထိပ်က ဗဟိုကျောင်းဆောင်ကတောင် ကြားရပါတယ်"

လင်းဟူစုန်းသည် တဟားဟား ရယ်မောလိုက်လေသည်။

"ဒီမိတ်ဆွေတွေက တစ်ချက်လေးလောက် အသံမထွက်ဘဲ နေဖို့ဆိုတာ ဘယ်လိုမှ မလွယ်တဲ့ကိစ္စပဲ"

လင်းဟူစုန်းသည် သုံးလပိုင်း ဆယ့်ငါးရက်နေ့ ရောက်ရန် ရက်မည်မျှလိုသေးသည်ကို တွက်ကြည့်သော် အလွန်နီးကပ်နေပြီဖြစ်သဖြင့် အဖွဲ့သားများအား ...

"ကျွန်တော် ဂိုဏ်းချုပ်တာဝန်ယူတဲ့ နေ့မှာ လင်းဟိုက သုံးလပိုင်း ဆယ့်ငါးရက်နေ့ကျရင် တောင်ငါးလုံး ဩဇာစည်းအဖွဲ့ဝင်တိုင်း စုန်းစမ်းတောင်မှာ စုရုံးရောက်ရှိဖို့ ပြောတာ ကြားကြတယ်မဟုတ်လား"

"ကြားသားပဲ၊ အရေးလုပ်စရာမလိုဘူး။ ဂိုဏ်းချုပ်ကြီးကျုပ်တို့ကိုလည်း ဟင်စမ်းအဖွဲ့ရဲ့ အမိန့်တော်အလံတစ်ခုလောက် ပေးပါ။ ဟင်စမ်းအဖွဲ့ကို သွားပြီး စုန်းစမ်းတောင်ကို လာဖို့ ဆင့်ခေါ်လိုက်မယ်"

တောင်ကန်းရှင်က ပြောလိုက်သည်။

"သူတို့မလာရင်ကော"

တောင်ကန်းရှန်က ဆင်ခြေတက်လိုက်၏။

"မလာရင် ဘာလုပ်မလဲဆိုတာ ပြောစမ်း"

တောင်ကန်းရှန်က ပြန်ပြီး မေးလိုက်သည်။

"လေးစိပ်လေးမြွာ ဖြဆုတ်ရုံပေါ့"

လင်းဟူစုန်းသည် ယိနင် ပြန်ထူးသံကြားမှပင် စိတ်အေးသွားသည်။

"နင်တို့ ဘာအကြောင်းထူးမှ မဖြစ်ဘူးနော်"

"အကုန်ကောင်းကောင်းမွန်မွန်ပါပဲ"

"အစ်ကိုကြီးရဲ့ မိတ်ဆွေတွေ မနေ့ညက အရက်တွေ ဘယ်လောက်သောက်ကြလဲ မသိဘူး။ ခုအချိန်အထိ တစ်ယောက်မှ မနိုးကြသေးဘူး"

အချိန်ကို ကြည့်လိုက်သောအခါ နေအတော်မြင့်နေပြီ။

"တစ်ယောက်မှကို မထကြသေးဘူးလား"

"မထကြသေးဘူး"

ယိချိန်း၏ စကားအဆုံးတွင် လင်းဟူစုန်းက ပြုံးပြီး ...

"အဲ့ဩလောက်တဲ့လူတွေပဲ"

မိမိ အဖွဲ့သားများ စတည်းချသည့် ဇရပ်ပျက်ကြီးဘက်သို့ လှမ်းကြည့်လိုက်သောအခါ တိတ်တိတ်ဆိတ်ငြိမ်သက်နေသည်။

လင်းဟူစုန်းသည် ဇရပ်တဲခါးကြီး၏ တဲခါးရွက်ကို တွန်းဖွင့်ဝင်လိုက်သည်။ လင်းဟူစုန်း အံ့အားသင့်သွားသည်။ ဇရပ်အတွင်း၌ လူသူတစ်ယောက်မှ မရှိချေ။ စားပွဲပေါ်တွင် စာရွက်တစ်ရွက်ကို တွေ့ရသဖြင့် လင်းဟူစုန်းက ကောက်ယူဖတ်ရှုလိုက်သည်။

"ဆရာလေး လင်းဟူစုန်း ... ကျွန်တော်တို့တစ်တွေ ဂိုဏ်းချုပ်လင့်ဝေါစိမ်၏ သစ်ကနက်အမိန့်တော်ရလို့ သစ်ကနက်တောင်ထိပ်ကို ချက်ချင်းထွက်ခွာသွားကြပါတယ်။ ရုတ်တရက် ခွဲခွာသွားရလို့ ခွင့်မတောင်း နှုတ်မဆက်သွားရတဲ့အတွက် တောင်းပန်ပါတယ်"

လင်းဟူစုန်း၏ စကားကို ကြားရသောအခါ ထုံးယွင်တောင်ချောက်တွင် ပျင်းနေကြသည့် ဟင်စမ်းအဖွဲ့သားများသည် လက်ခုပ်တီးသြဘာပေးကြသည်။

"စုန်းစမ်းအဖွဲ့ကို ရောက်တဲ့အချိန်ကစပြီး ပါးစပ်ကို မလျှော့နဲ့။ ဟင်စမ်းအဖွဲ့က အရက်သောက်တဲ့နေရာမှာ ဘယ်လောက်နာမည်ကျော်တယ်ဆိုတာကို အစွမ်းပြကြရမယ်"

လင်းဟူစုန်းသည် ထိုနေ့ည၌ ထုံးယွင်တောင်ချောက်တွင် အဖွဲ့သားများနှင့်အတူ သောက်စားသည်။ မနက်ဖြန် နံနက်ချိန်တွင် ခရီးထွက်ကြရမည်ဟု ကြားထားသော်လည်း လင်းဟူစုန်းအိပ်ရာမှ နိုးသောအခါ နေ့တစ်ဝက်ကျိုးနေလေပြီ။ ထို့ကြောင့် ခရီးမဆက်တော့ဘဲ တစ်ရက်ဆိုင်းလိုက်သည်။

နောက်တစ်နေ့နံနက်စောစောတွင် လင်းဟူစုန်း ဦးဆောင်သော ဟင်စမ်းအဖွဲ့သူ အဖွဲ့သားများသည် စုန်းစမ်းသို့ ခရီးထွက်ခဲ့ကြသည်။ တစ်ရက်ပြီးတစ်ရက် ခရီးဆက်ခဲ့ကြရာတွင် တစ်နေ့တွင် ဝှမ်းဟိုမြစ်ကြီးနံဘေးသို့ ရောက်ရှိပြီး စခန်းချ တစ်ညတာ တည်းခိုကြသည်။

အရက်သောက်များသွားပြီး လင်းဟူစုန်း အိပ်ပျော်သွား၏။ နံနက်အိပ်ရာမှ နိုးချိန်တွင် ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ထို့ကြောင့် လင်းဟူစုန်းသည် ဝတ်ရုံကို ခြုံပြီး မိမိ အိပ်စက်သော ဇရပ်တဲခါးကို လျင်မြန်စွာဖွင့်ကြည့်လိုက်သည်။

"ယိနင်၊ ယိချိန်း၊ နင်တို့တွေ ဘယ်ရောက်နေကြသလဲ"

"အစ်ကိုကြီး ဘာကိစ္စလဲ"

ညဧီးကွက်၊ ကျချန်းကျူးနှင့် အဘိုးကြီးတို့အပြင် အခြားသော ပုဂ္ဂိုလ်များ စာအဆုံးတွင် လက်မှတ်ရေးထိုးထားကြသည်။ စာဖတ်ပြီးနောက် လင်းဟူစုန်း တွေးမိသည်။

"ငါ့အပြုအမူကို ဂိုဏ်းချုပ်ကြီးလင့်ဝေါစိမ် ကျေနပ်ပုံမပေါ်ဘူး။ ဘာဖြစ်လို့ ဒီလောက်လူတွေအများကြီးကို သစ်ကနက်အမိန့်နဲ့ ချက်ချင်း ဆင့်ခေါ်ရတာပါလိမ့်"

ယိယို၊ ယိချိန်းနှင့် ယိနင်တို့တစ်တွေလည်း ဇရပ်ပေါ်တွင် လူတစ်ယောက်မျှ မတွေ့သောအခါ အံ့အားသင့်သွားကြလေသည်။

"အစ်ကိုကြီး ဒီလူတွေ ထွက်သွားကြတာ ခပ်ကောင်းကောင်းပဲ၊ မဟုတ်ရင် တမမနဲ့ နေနေရတယ်"

ယိဟိုက သူ့ထင်မြင်ချက်ကို ပြောလိုက်သည်။

"ဂိုဏ်းချုပ်လင့်ဝေါစိမ်က အရေးတကြီး ကိစ္စရှိလို့ ခေါ်ယူလိုက်တာဖြစ်မယ်"

ယိချိန်းကလည်း ထင်မြင်ချက်ပေးသည်။

"တောင်ငါးလုံးသွေးစင်းအဖွဲ့ ဖျက်ပြီး တောင်ငါးလုံးဖွဲ့တဲ့ စုန်းစမ်းတောင်ကို သည်လူတွေကို မလာတာအကောင်းဆုံးပါပဲ၊ မဟုတ်ရင် ဂိုဏ်းချုပ်နေရာလုပွဲမှာ သူတို့ကြောင့် သူများကဲ့ရဲ့စရာဖြစ်မယ်"

စင့်ဝေါသည် သူ့သဘောထားကို ထုတ်ဖော်ပြလိုက်သည်။ ထိုအခိုက် တစ်နေရာမှ တဒုန်းဒုန်း တဒိုင်းဒိုင်းအသံ ကြားရသောကြောင့် လင်းဟူစုန်းနှင့် ယိဟိုတို့တစ်တွေ အပြေးအလွှား ရောက်ရှိသွားကြသည်။

လင်းဟူစုန်း အခန်းထဲ ပြေးဝင်သွားပြီး အပေါ်ဆုံးမှ ဆောင်ကန်းရှုန်ကို မချ အောက်သို့ချလိုက်သည်။ ပြီးနောက် တစ်ယောက်ပြီးတစ်ယောက် မချလိုက်သည်။ နတ်မင်းသားခြောက်ပါးသည် အဘိုးကြီးကျချန်းကျူးနှင့် ညဧီးကွက်တို့လူစုကို ခဲ့မှန်အောင် ဆဲဆိုကြိမ်းမောင်းနေလေသည်။

နတ်မင်းသားခြောက်ပါးအား ကျချန်ကျူးတို့တစ်တွေ အနှောင့်အယှက်မပေးနိုင်ရန် ဖန်တီးခဲ့သည်။ ထို့ကြောင့် ပိတ်ထားသော သွေးကြောကွက်များကို ပြန်လည်ဖွင့်ပေးလိုက်၏။ သွေးကြောကွက်များ ပြန်ပွင့်သွားသည်နှင့် နတ်မင်းသားခြောက်ပါးသည် သူ့ကြောင့်ဖြစ်ရသည်၊ ငါ့ကြောင့်ဖြစ်ရသည်ဟု ငြင်းခုန်ကြတော့သည်။

ထိုအခိုက် အမျိုးသားမီးတစ်ယောက်၏ အသံတစ်သံ ကြားရ၏။ လှည့်ကြည့်လိုက်ရာ ယိနင် ဖြစ်နေ၏။

"အစ်ကိုကြီး လင်းဟူစုန်း စိတ်မချမ်းမသာဖြစ်နေလို့လားဗျ"

ယိနင်သည် ကရုဏာသက်သော မျက်လုံးများဖြင့် လင်းဟူစုန်းကိုကြည့်နေသည်။ လင်းဟူစုန်း ခေါင်းကို ခါယမ်းပြလိုက်သည်။

"ဒီမိတ်ဆွေတွေ ရုတ်တရက် ခွဲခွာသွားတော့ စိတ်မကောင်းဖြစ်မိလို့ပါ"

"ဒီလူတွေက ငါးစိမ်းနတ်ဒေဝီကို သိပ်လေးစားကြတဲ့လူတွေဖြစ်တယ်။ သူတို့ ခုလို ရုတ်တရက် ထွက်သွားကြတော့ ငါးစိမ်းနတ်ဒေဝီက သူတို့ကို စိတ်ဆိုးမှာ မကြောက်ဘူးလား အစ်ကိုကြီး လင်းဟူစုန်း"

"ဝါးစိမ်းနတ်ဒေဝီရဲ့ အဖေက ဂိုဏ်းချုပ်နေရာ ပြန်ရသွားပြီ။ ဒီလူတွေကို အာရုံကြောပျက်ဆေးလုံးကျွေးထားတော့ သူတို့ ဝါးစိမ်းနတ်ဒေဝီ အဖေရဲ့ အမိန့်ကို မဖီဆန်ဝံ့ကြဘူး"

"ကျွန်မ ရှင့်ကို စကားတစ်ခွန်းလောက် မေးချင်တယ်။ မေ့လို့ကော ဖြစ်မလားဟင်"

ယိနင်သည် အသံကို နှိပ်ချလိုက်ပြီးပြောသည်။

"မေးလေ၊ ဘာမေးချင်လို့လဲ"

"ရှင်က ဝါးစိမ်းနတ်ဒေဝီနဲ့ ယဲ့လင်စမ်း ဘယ်သူ့ကို ပိုပြီး နှစ်သက်သလဲဟင်"

လင်းဟူစုန်း မည်သို့မျှ မျှော်လင့်မထားသော မေးခွန်းကြောင့် ရုတ်တရက် တွေဝေသွားသည်။ ယိနင်၏ မျက်နှာသည် ရှက်ကိုး ရှက်ကန်း ဖြစ်သွားသည်။

"နင် ဘာဖြစ်လို့ မေးတာလဲ"

"မမယိယဲ့နဲ့ ယိချိန်းတို့ နှစ်ယောက်က ကျွန်မကို ခိုင်းလို့ပါ"

တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ဘာလို့ သည် အကြောင်းကို မေးခိုင်းရတာလဲ"

"ဂူးစမ်းကို သွားအကြောင်းကြားတုန်းက ရုတ်တရက် ပြန်မလွတ်ဘဲ ချုပ်နှောင်ခံရတယ်"

"ဟာ ... ဟုတ်တာပေါ့၊ ခုမှပဲ ငါ အမှတ်ရတော့ သူတို့လည်း မပြောကြဘူး။ ငါ့လည်း မေ့နေတယ်။ သူတို့ ပြန်နောက် ကျတာဟာ အချုပ်အနှောင်ခံရတာကိုး။ နင့်ကို ဘယ်သူ ပြောပြတာလဲ"

ယိနင်၏ မျက်နှာသည် ရှက်သွေးရောင်လွှမ်းသွားကြသည်။

"ထျန်း ... ထျန်း ... ထျန်းပက်ကွမ်းပြောတာ"

"နင့်တပည့်"

"ဟုတ်ပါတယ်ရှင်၊ သစ်ကနက်တောင်ကို သွားတုန်း ကွန်မတို့က သူ့ကို ဂူစမ်းကို လွှတ်ပြီး သွားထောက်လှမ်းခိုင်းတယ်"

"အေး ... ကောင်းတယ်၊ သူ့ရဲ့ ကိုယ်ဖော်ပညာက အဆွတ်အထိပ်ကျတော့ သူ့ကို စေလွှတ်တာကောင်းတယ်"

"ဟုတ်ကဲ့၊ ကျွန်မလည်း အစ်ကိုကြီး လင်းဟူစုန်း စိတ်ဆိုးမှာဆိုးတာနဲ့ ဂူစမ်းအဖွဲ့ကို တစ်စုံတစ်ရာ ပြဿနာမရှာဖို့ မှာခဲ့ပါတယ်။ အစ်မတော်နှစ်ယောက်တို့ကိုလည်း ဘယ်လိုမှ မသွှဉ်းပန်းပါဘူးတဲ့။ ပြီးတော့ ထျိန်းပက်ကွမ်းက ပြောပြတယ်။ အစ်ကိုကြီးရဲ့ ဆရာက သမက်ရပြီး မင်္ဂလာပွဲကျင်းပနေတာနဲ့ ကြုံခဲ့ ..."

ယိနင်သည် လင်းဟူစုန်း၏ မျက်နှာထား ရုတ်ချည်း ခြောင်းလဲသွားသောကြောင့် စကားကို ဆက်မပြောနိုင်ဘဲ ရပ်ဆိုင်းခဲ့သည်။

"ဘာ ... ဘာလဲ နင် ဆက်ပြီး ပြောစမ်းပါဦး"

"အစ်ကိုကြီး ဝမ်းမနည်းဖို့ မမယိဟိုနဲ့ ယိချိန်းက ပြောခိုင်းတာပါ။ ဝါးစိမ်းနတ်ဒေဝီဟာ သူရိန်မျက်နှာမူဂိုဏ်းကလူဖို့ ခြေစရာပဲ ရှိပါတယ်။ သိုင်းပညာရော ရုပ်ရည်ရော ယဲ့လင်စမ်းထက် အများကြီးသာပြီး ဆီနဲ့ရေလို ကွာတယ်တဲ့"

"ငါ ... ငါ ဝမ်းမနည်းပါဘူး၊ တကယ်ဆိုရင် ကိုယ့်ဆရာရဲ့ သမီးက ဒုလို တင့်တောင်းတင့်တယ်နဲ့ လက်ထပ်မင်္ဂလာပြုတာကို ငါ ဝမ်းသာတောင်သာရဦးမယ်"

လင်းဟူစုန်းသည် အတတ်နိုင်ဆုံး အသံကို ထိန်းပြီးပြောသော်လည်း ထိန်းမရဘဲ တုန်ယင်နေသည်။

"ကျွန်မတို့ ဟင်စမ်းအဖွဲ့ထဲကိုပဲ မဖိတ်ကြားတာ၊ ဟင်စမ်းအဖွဲ့ကို အရေးမထားတဲ့သဘောလည်းဖြစ်မယ်။ ပြီးတော့ ရန်သူလို သဘောထားတာလည်း ဖြစ်နိုင်တယ်"

လင်းဟူစုန်း ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ...

"ယီဆောင်နဲ့ ယီဟိုက စေတနာနဲ့သွားပြီး ဖိတ်တာပဲ။ သူ မလာချင်လည်း ရတာပဲ၊ ဘာဖြစ်လို့ သွားဖိတ်တဲ့လူကို ချုပ်နှောင်ထားရတာတဲ့လဲ"

"မမယိုဟိုနဲ့ ယီချိန်းတို့က ပြောပါတယ်။ သူတို့ လုပ်ပုံနည်းလမ်း မကျဘူးတဲ့။ စုန်းစမ်းတောင်ပေါ် ရောက်ရင် လူအများရှေ့မှောက်မှာ မထောက်မညှာ ဖွင့်ပြောသင့်တယ်တဲ့။ ပြီးတော့ မမယီဆောင်တို့ကို ပြန်လွှတ်ပေးဖို့ တောင်းဆိုသင့်တယ်ကဲ့"

လင်းဟူစုန်း အမူအရာပျက်နေသောကြောင့် ယိနင်သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"အစ်ကိုကြီး အစစအရာရာ ကိုယ့်ကိုယ်ကိုယ် သတိဝီရိယထားပါရှင်"

ပြောပြီးသည်နှင့် ယိနင်သည် ချာခနဲ လှည့်ထွက်သွားတော့သည်။ လင်းဟူစုန်း လှမ်းခေါ်လိုက်သည်။

"ညီမ ယိနင်"

ယိနင်က လင်းဟူစုန်းကို ပြန်လှည့်ကြည့်၏။

"ငါ ... ငါ့ရဲ့ ဆရာတူညီမ အိမ်ထောင်ပြုလိုက်တာယ်သူပါလိမ့်။ ဟို ... ဟိုဒင်း"

"ဟုတ်ပါတယ် ဟိုလင်းဖင်းကြည်ဆိုတဲ့ လူပါပဲ"

ဟိနင်သည် လင်းဟူစုန်း၏ အနီးသို့ ပြန်လျှောက်ခဲ့ပြီး ဖြေပြောသည်။

"အစ်ကိုကြီး ယဲ့ဟင်စမ်းဟာ စိတ်ကူးစတ်သန်း သိပ်လွဲတယ်၊ လင်းဖင်ကျည်က အစ်ကိုကြီးကို သာနိုင်တဲ့အကွက်တစ်ကွက်လေးမှ မရှိဘူးလို့ လည်း မမယိဟိုနဲ့ ယိချိန်းတို့ ပြောပါတယ်"

"မမယိဟိုနဲ့ ယိချိန်းတို့ကပြောပါတယ်။ အဲဒီချိန်မှာ အစ်ကိုကြီးရဲ့ ဘေးမှာ ဝါးစိမ်းနတ်ဒေဝီ ရှိခဲ့ရင် သိပ်ကောင်းမှာပဲဟဲ့။ အစ်ကိုကြီး ကိုယ့်ပေါ် သံယောဇဉ်မရှိတဲ့ ယဲ့လင်စမ်းအတွက် အစ်ကိုကြီးရဲ့ စိတ်ကို မညှဉ်ပန်းပါနဲ့တော့။ မမယိဟိုနဲ့ ယိချိန်းဘို့တစ်တွေက အဲဒီအကြောင်း ကျွန်မကို ပြောခိုင်းတယ်"

ယိနင်၏ စကားကို ကြားရသောအခါ လင်းဟူစုန်းသည် ခေါင်းငိုက်စိုက်ချရင်း ...

"သူတို့တစ်တွေက ငါ့အပေါ် အလွန်စေတနာကြီးမားကြတယ်၊ အဘိုးကြီး ကျူချိန်းကျူး၊ ညဇီးကွက်တို့ လမ်းတစ်လျှောက်လုံး ငါနဲ့ အဖော်ပြုပြီး ငါကြိုက်တဲ့ အရက်ကို မပြတ်အောင် တိုက်ကျွေးခဲ့တယ်။ ဒါလည်း ယိဟိုနဲ့ ယိချိန်းတို့တစ်တွေက ငါ စိတ်ပျော်အောင် ကျူချန်းကျူးတို့နဲ့ အပေးအယူလုပ်ထားကြတာဖြစ်မယ်"

"ကျွန်မ ... ကျွန်မအစ်ကိုကြီး ဝမ်းနည်းနေတာ မကြည့်ရက်ဘူး"

"ငါ ... ငါ ဝမ်းမနည်းရပါလား"

ယိနင်က ငိုကြွေးသောကြောင့် လင်းဟူစုန်းသည် စိတ်ကို တင်း၍ တဟားဟား ရယ်မောလိုက်သည်။ သို့သော် လင်းဟူစုန်း၏ ရယ်မောသံသည် ခြောက်ကပ်ကပ်နိုင်ပြီး ကြေကွဲမှုကို လွှမ်းမိုးပြနေလေသည်။

မိမိ၏ မျက်လုံးနှင့် မျက်ရိပ်မျက်တောင်ကို ကြည့်ပြီး မိမိ ငိုထားကြောင်း ဟင်စမ်းတပည့်မများ သိသွားကြမည်ကို လင်းဟူစုန်း စိုးရိမ်သည်။ ထို့ကြောင့် အမှောင်သမ်းမှ တင်းခိုစခန်းသို့ လင်းဟူစုန်း ပြန်လာခဲ့၏။ လင်းဟူစုန်း ပျောက်ချင်းမလှ ပျောက်နေ၍ အဖွဲ့သူများ ပျာလောင်ခတ်ပြီး ရှာဖွေနေကြသည်။ တပည့်များသည် လင်းဟူစုန်း ပြန်ရောက်လာသဖြင့် ဝမ်းသာသွားကြသည်။

ဟင်စမ်းတပည့်မများသည် ဂိုဏ်းချုပ်လင်းဟူစုန်း ရုတ်တရက် ပျောက်သွားသောကြောင့် အားတင်းပြီး လူစုခွဲ၍ ရှာဖွေကြသည်။ လင်းဟူစုန်း ပြန်လည်ရောက်ရှိလာပြီဆိုသည့် သတင်းကို ကြားရတော့မှ ဟင်းစမ်းတပည့်မတွေ အားတက်သွားကြ၏။

❄ ❄ ❄

တောင်ငါးလုံးအဖွဲ့ ဂိုဏ်းချုပ်ရွေးချယ်ရန် နှစ်ရက်သာ လိုသောကြောင့် နောက်နေ့မိုးမသောက်မီတွင် ခရီးဆက်ခဲ့ကြသည်။ ယိနင့် စုန်းစမ်းတောင်အဖွဲ့သားများသည် လင်းဟူစုန်းကို တလေးတစား ကြိုဆိုကြသည်။ တောင်ပေါ်သို့ တက်ရာလမ်းတစ်လျှောက် ခေတ္တအပန်းဖြေသည့် နေရာများတွင် စုန်းစမ်းအဖွဲ့သားများ အရေးတယူ ဧည့်ခံကြသည်။

တောင်ထိပ်ပေါ်သို့ ဆက်လက်တက်ကြသည်။ ရုတ်တရက် နောက်ဘက်မှ အော်သံကို ကြားလိုက်ရသည်။ အသံမှာ အသက်ကြီးရင့်သူတစ်ယောက်၏ အသံဖြစ်သည်။

"ယိနင် ... ယိနင်"

"ဟင် ဖေဖေ ... ဖေဖေ"

လင်းဟူစုန်း လှည့်ကြည့်လိုက်သောအခါ မရှောင်ကိုယ်တော်ကြီး အပြေးအလွှား တက်လာနေ၏။ မရှောင်ကိုယ်တော်၏ အပါးတွင် ဘုန်းကြီးတစ်ပါး အတူပါလာသည်။ မရှောင်ကိုယ်တော်ကြီးသည် တစ်ခဏလေးတွင် ဟင်စမ်းအဖွဲ့အနီးသို့ ရောက်လာကာ အသံကျယ်လောင်စွာဖြင့် ...

"ဟကောင်၊ မင်းက အတွင်းဒဏ်ပြင်းပြင်းထန်ထန် ရတာတောင် မသေသေးဘဲကိုး"

"ကိုယ်တော်ကြီးရဲ့ ကျေးဇူးကို အထောက်အကူရလို့ဒီလောက် အသက်ရှည်နေနိုင်တာပါ။"

လင်းဟူစုန်းသည် မရှောင်ကိုယ်တော်ကြီး၏ နံဘေးမှာ ဘုန်းကြီးကို လှမ်းကြည့်လိုက်သည်။

"ထျန်းပက်ကွမ်းကိုး။ တကယ် ဘုန်းကြီးဝတ်လိုက်တာလား"

ထျန်းပက်ကွမ်းသည် လင်းဟူစုန်း အမေးကို ပြန်မဖြေသေးဘဲ ယိနင်အား ဦးစွာ ဂါရဝပြုလိုက်၏။ မရှောင်ကိုယ်တော်ကြီးက အားရဝမ်းသာစွာ ဆက်ပြောသည်။

"တကယ်ဘုန်းကြီးအစစ်ဟေ့။ အတုအယောင်မထင်နဲ့"

"ဘုန်းတော်ဆရာ မရှောင်ကိုယ်တော်ကြီးက ငါ့ဘွဲ့ကို မရှောင်မဖြစ်လို့ ဘွဲ့ပေးထားတယ်"

ထျန်းပက်ကွမ်း၏ စကားကို ကြားရသောအခါ ယိနင်သည် အံ့အားသင့်သွားသည်။

"ဘုန်းကြီးဘွဲ့ထဲမှာ ဒီလို ဘွဲ့မျိုးပေးတာ မကြားဖူးသေးပါဘူး၊ တစ်မျိုးကြီးပဲ"

"နင် ဘာနားလည်လို့လဲ။ ဘွဲ့ပေးတာ ဘယ်လိုပေးရမယ်ဆိုပြီး သတ်မှတ်ချက် မရှိဘူး။ ကိုက်ညီဆီလျော်ဖို့ပဲ လိုတယ်"

မရှောင်ကိုယ်တော်ကြီးသည် ယိနင်ကို ရှင်းပြလိုက်သည်။

"ဖေဖေ သူ့ကို တပည့်အဖြစ် လက်ခံထားလိုက်ပြီဆိုပါတော့"

"မဟုတ်ပါဘူး၊ သူက နင့်တပည့်ပဲ။ ငါကိုတော့ ဘိုးတော်ဆရာဆိုပြီး ခေါ်ရမယ်။ သူက လူဝတ်နဲ့ဆိုရင် မလွယ်ဘူး။ ရသေ့မလေးတွေထောင် ရှောင်ချင်တဲ့ကောင် မဟုတ်ဘူး။ ဒါကြောင့် ငါ ဘုန်းကြီးအဝတ်ခိုင်းထားတာ"

"ဖေဖေ သူ့ကို နားဝင်အောင်ပြောပြီး ဘုန်းကြီးဝတ်ခိုင်းတာလား။ ဒါမှမဟုတ်ရင် အမွေဝတ်ခိုင်းတာလား"

"သူ သဘောမပါဘဲနဲ့ ဘယ်အတင်းလုပ်လို့ဖြစ်မလဲ။ ဒီတော့ ဟန်ကျသွားပြီး ဘွဲ့ကလည်း မရှောင်မဖြစ်ဆိုတော့ ရှောင်ကိုရှောင်ရတော့မယ်ပေါ့"

မရှောင်ကိုယ်တော်ကြီး၏ စကားကြောင့် ယိနင်၏ မျက်နှာသည် ရုတ်သွေးလွမ်းသွားလေတော့သည်။ ထျန်းပက်ကွမ်းသည် ခြိန်းမလိုက်စားသူဖြစ်သည်။ မိန်းမလိုက်စားခြင်းကို ရှောင်ရန်ရည်ရွယ်ပြီး 'မရှောင်မဖြစ်'ဘွဲ့ကို ပေးထားလိုက်သည်။

"ငါ့ဘွဲ့ကတော့ မရှောင်ဘဲ။ ထျန်းပက်ကွမ်းရဲ့ ဘွဲ့ကတော့ မရှောင်မဖြစ်။ ဒီတော့ သူကြိုက်တာတွေအားလုံး မရှောင်မဖြစ် ရှောင်ကိုရှောင်ရမယ်"

မရှောင်ကိုယ်တော်ကြီးက အော်ကြီးဟစ်ကျယ် ပြောပြန်သည်။ ရုတ်တရက် အော်မေးသံတစ်သံ ထွက်ပေါ်လာသည်။

"မရှောင်ရဲ့ တပည့်က မရှောင်မဖြစ်တဲ့။ နောက်ထပ်တပည့်တစ်ယောက်ရရင်ကော ဘာဘွဲ့ပေးမလဲ"

အသံလာရာသို့ အားလုံးက လှမ်းကြည့်လိုက်သောအခါ မေးလာသူသည် ထောင်ကျိုးရှုန် ဖြစ်နေလေသည်။

"မရှောင်မဖြစ်ဆိုတော့ မရှောင်လို့ကို မဖြစ်ဘူးလို့ ဆိုလိုတာကွ"

ထောင်ကျိုးရှုန်က သူ့ထံမြင်ချက်ကို ပြောပြန်သည်။ ဘာမင်းသားခြောက်ပါး ဝင်ရောက်ပြောဆိုလာပြီဖြစ်သောကြောင့် ဦးရင်းကို ရောက်တော့မည်မဟုတ်မှန်း လင်းဟူစုန်း သိသည်။

"အဲဒီဘုန်းကြီးဟာ ဘိုးတော်ဆရာ မရှောင်ကိုယ်တော်ကြီးပေါ့။ နေ့ခင်းကတည်းက ငါ မိန်းကလေးရဲ့ အရိပ်အခြည်နဲ့ အိပ်ခန်းကို သွားပြီး လေ့လာထားတာ။ မရှောင်ကိုယ်တော် သွားလို့ အိမ်ရှင်နဲ့ စည်းဝါးရိက်ပြီး အိပ်ခန်းထဲ ဝင်နေတယ်"

"ဟင် ... ဒီတော့ ပြဿနာ ဖြစ်ရောပေါ့"

"ပြဿနာဖြစ်ရုံတင် ဘယ်ကမလဲ။ ငါ့ တစ်သက်မှာ အဲဒီညလောက် ဒုက္ခရောက်တာ မရှိတော့ဘူး"

"မရှောင်ကိုယ်တော်ကြီးက မသေမရှင်ပြုရောလား"

"မင်းထင်တာ တစ်ခုမှ မဟုတ်ဘူး"

ထျန်းပက်ကွမ်းသည်

ရှေ့နောက်ဝန်းကျင် လူရိပ်လူခြည်ကို အကဲခတ်ကြည့်လိုက်သည်။

အနီးပါးတွင် လူသူမရှိတော့မှ ထျန်းပက်ကွမ်း စကားဆက်ပြောသည်။

"ငါ မင်းကို မကွယ်မဝှက် ပြောပါ့မယ်။ ဘေးလူကြားနဲ့တော့ ရှက်စရာကောင်းတယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကောင်းတဲ့အဖြစ်ပဲ"

"ပြောဖို့မကောင်းရင်လည်း မပြောပါနဲ့။ သိုင်းသမားဆိုတာ သူတစ်ပါး မကြားစေချင်တာကို ရှောင်ကြဉ်ရတယ်။ ဒါပေမဲ့ မရှောင်ကိုယ်တော်ရဲ့ တန်ဖိုးရှိတဲ့ စကားကြောင့် ခုလို ခြွင်းလဲသွားတာ အံ့သြစရာပဲ"

"ဘိုးတော်ဆရာက မင်းကို အကြောင်းစုံ ပြောပြဖို့ မှာထားတယ်"

တို့ကြောင့် ထျန်းပက်ကွမ်း၏ လက်ကို ဆွဲကာ တစ်နေရာသို့ ရှောင်ထွက်သွား၏။

"ကိုယ်တော် မရှောင်မဖြစ်။ အဖြစ်အပျက်အားလုံး တပည့်တော်ကို လင်းစမ်းပါဦး"

"မင်းနဲ့ တစ်ခါအလောင်းအစား လုပ်ကြတုန်းက ငါ့ရှုံးရင် ဆရာလေး ဟိနင်ကို တပည့်ခံရမယ်လို့ ပြောတယ်မဟုတ်လား"

"အဲဒါက ယိနင်ကို အနှောင့်အယှက် မပေးအောင်ဆိုပြီး တမင်ဥာဏ်ဆင်ပြောတာပဲ။ တကယ်တပည့်ခံစရာမလိုပါဘူး"

"ဟိုရက်က တုစမ်းတောင်က ဆင်းပြီးကတည်းက ဘိုးတော်ဆရာရဲ့ အမိန့်ကို နာခံလိုက်ရတယ်။ အဲဒီတုန်းက ငါ ပြောမပြချင်သေးလို့"

"လက်စသတ်တော့ ကိုယ်တော်မရှောင်မဖြစ်က မရှောင်ကိုယ်တော်ကြီးနဲ့ အဆက်အသွယ်ရှိနေတာ ကြာပြီကိုး"

"ကြာပြီရယ်လို့ မဟုတ်ပါဘူး။ မင်းနဲ့ ဟူနန်မှာ လမ်းခွဲသွားပြီးတော့ အင်း ... ပြန်ပြောရမှာ ရှက်ဖို့တောင် ကောင်းသေးတယ်။ မူလ ငါ့အကျင့်အတိုင်း ဆိုပါတော့။ တစ်ညမှာ ချမ်းသာတဲ့ အမျိုးကောင်းသမီးရဲ့ အိပ်ခန်းကို တက်ပြီး လက်နဲ့ စမ်းလိုက်တော့ ထိပ်ဖြောင်ကြီးကို သွားစမ်းမိရော"

"ဟာ ... မယ်သီလရင် ဖြစ်နေလို့လား"

"မဟုတ်ဘူး၊ ဘုန်းကြီးဖြစ်နေလို့"

"ဘုန်းကြီးက မိန်းကလေးအခန်းထဲ ဘယ်လုပ် ရောက်နေတာလဲ"

"ဒါဆိုရင် ပြောလို့ဖြစ်ရင် ပြောပေါ့။ ဒါပေမဲ့ တပည့်တော် နှုတ်လုံပါ့မယ်"

"ကျေးဇူးတင်ပါတယ်။ ငါ အသုံးပြုတဲ့ လက်နက်ပုန်းကို မင်းသိလား"

"တစ်ခါမှ သုံးတာမမြင်ဖူးလို့ မသိဘူး"

မရှောင်မဖြစ် ကိုယ်တော်က အိတ်ထဲမှ လက်ပစ်မြား တစ်လက် ထုတ်ပြသည်။

"ငါက အသုံးချဖို့ မလိုလို့ သိမ်းထားတာ"

အရှည်ငါးလက်မခန့်ရှိပြီး သံနှင့် ပြုလုပ်ထားသော အလေး စီးသည့် မြားကလေးတစ်လက်ဖြစ်၏။

"အဲဒီက ငါ ဘိုးတော်ဘုရားရဲ့ ခေါင်းပြောင်ကြီးကို စမ်းမိတာနဲ့ မှားပြီမှန်း သိလိုက်တယ်။ ဒါပေမဲ့ ငါ့ဝမ်းဗိုက်မှာ ထုံကျင်သွားပြီး သွေးကြောအပိတ်ခံလိုက်ရတယ်။ ပြီးတော့ မီးခွက်ထွန်းပြီး မေးတယ်။ သေချင်သလား၊ နေချင်လားတဲ့။ နှိပ်စက်ခံရမှာထက်စာရင် သေတာပဲ ကောင်းတယ်လို့ စိတ်ကူးမိတာနဲ့ ငါက မနေချင်တော့ဘူး။ သေချင်တယ်လို့ ပြောလိုက်တယ်၊ ဘာဖြစ်လို့ သေချင်ရတာလဲတဲ့။ ငါကလည်း သတိဝိရိယနည်းလို့ ဒီလိုဖြစ်ခဲ့ပြီး နောက် လူ့လောကမှ ဆက်နေဖို့ မသင့်တော်ဘူးလို့ ပြန်ဖြေလိုက်တယ် ...

"မင်းက မင်း သတိဝိရိယနည်းလို့ ငါ့လက်ချက်မိတာဆိုပြီး မကျေနပ်ရင် ကြည့်ကြသေးတာပေါ့ဆိုပြီး ငါ့သွေးကြောကို ပြန်ဖြေပေးတယ်။ ငါ ထိုင်ခုံတစ်လုံးမှာ ထိုင်ပြီး ဘာအမိန့်တော် ချမှတ်ချင်လဲလို့ မေးလိုက်တယ်။ ဒီတော့ သူကပြောတယ်။

မင်းက ဓားပါလျက်နဲ့ ဘာလို့ ပြန်မခုတ်တာလဲ၊ ပြီးတော့ ခြေနှစ်ဖက်ပါရဲ့နဲ့ ဘာလို့ ထွက်မပြေးဘဲ ထိုင်နေရတာလဲတဲ့။ ငါက ယောကျ်ားပီသလို့ အသည်းမကြောင်ဘူးဆိုပြီး ပြန်ပြောလိုက်တယ်။ ယောကျ်ားပီသတယ်ဆိုရင် ငါ့သမီးကို ဘာဖြစ်လို့ ဆရာမတင်တာလဲ။ ဗာစမ်းကကောင် မင်းနဲ့ အရက်ဆိုင်မှာ လောင်းကြေးစားကြေး ယှဉ်ပြိုင်နေတုန်း ငါ ပြတင်းပေါက်ဘေးမှာ ရှိတယ်။ မင်း ရှုံသွားတယ်။ ဘာလို့ ကတိမတည်တာလဲတဲ့။

"ဒါနဲ့ ဆရာလေးယီနင်ဟာ ကိုယ်တော်ရဲ့ သမီးလားလို့ မေးတော့ ဟုတ်သတဲ့။ တယ်ထူးဆန်းပါလားဆိုလိုက်တော့ ဘာမှ မထူးဆန်းပါဘူးတဲ့။ ငါက အလောင်းအစားကို ပျော်စေပျက်စေ ဆိုပြီး လုပ်တာပါ။ ဆရာလေးယီနင်ကို မပစ်မှားရင် ပြီးတာပဲဆိုတော့ မဖြစ်ဘူး။ မင်း ကတိအတိုင်း တပည့်ခံရမယ်လို့ ဘိုးတော်ဘုရားက ပြောတော့ ငါလည်း စိတ်ရှုပ်လာတာနဲ့ တိမ်လွှာသုံးဆင့်ကိုယ်ဖော့ပညာကို သုံးပြီး ပြတင်းပေါက်ကနေ ခုန်ဆင်းပြီး ထွက်ပြေးတယ်။ ငါ့ရဲ့ ကိုယ်ဖော့ပညာဟာ ဆရာဘိုးတော်နဲ့ တွေ့တော့မှ အသုံးမကျမှန်းသိတယ်။ ငါ့ကို သူ သိသွားတယ်။ နောက်ထပ် ထွက်ပြေးလို့ မလွယ်ဘူး။ မတတ်သာတဲ့အဆုံး ငါ လက်နက်ထုတ်သုံးတယ်။ မြားနဲ့ ပစ်တယ်"

"ဘိုးတော်ဆရာရဲ့ သိုင်းပညာဟာ မထင်မှတ်အောင်ကို မြင့်မားတယ်။ ငါ့ မြားကိုလည်း ဖမ်းယူလိုက်တယ်။ မင်းကို မသတ်ဘူး။ မိန်းမတွေကို ဖျက်ဆီးခဲ့တဲ့အတွက် မျက်လုံးကို ဖောက်ထုတ်ပြီး ခြေနှစ်ဖက်ကို ဖြတ်မယ်တဲ့။ ငါက မညှဉ်းဆဲပါနဲ့။ သတ်ချင်လည်း သတ်ပစ်လိုက်လို့ပြောတယ်။ နောက်တော့ ငါ့သမီး

ရဲ့ တပည့်ဖြစ်နေတော့ မင်းကို သတ်ရင် မသင့်ဘူး။ နောက် နောင် မင်း ဒီလို လျှောက်မလုပ်နိုင်အောင် ငါ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ အေး ... စိတ်ကူးရပြီလို့ ပြောပြီး ငါ့သွေးကြောကို ထိုးပိတ်လိုက်ပြန်တယ် ...

ပြီးတော့ ငါ့ရဲ့ ယောကျ်ားအင်္ဂါကိုလည်း ငါမြားနဲ့ပဲ ပြန်ထိုးသွင်းတော့တာပဲ။ ဒါမှ မင်း နောက်ထပ် မိန်းကလေးတွေကို မဖျက်စီးနိုင်မှာတဲ့ ... ကဲ။ မင်းပဲ ဆက်စဉ်းစားကြည့်တော့လေ"

ထျန်းပက်ကွမ်း၏ စကားကြောင့် လင်းဟူစုန်းသည် ရယ်ချင်သွား၏။ သည်ကိုယ်တော်ကြီးရဲ့ စိတ်ကူးဆန်းပြားပါကလားဟု စိတ်ထဲမှ ကျိတ်ကာ ချီးကျူးမိသည်။

လင်းဟူစုန်းသည် မအောင့်နိုင်တော့ဘဲ တဟားဟားနှင့် ရယ်မောလိုက်တော့သည်။

"ကိုယ်တော်ကြီး မရှောင်မဖြစ် ... တပည့်တော် ရယ်မိတာကို စိတ်မရှိပါနဲ့"

"ငါ ဘယ်လိုမှ သဘောမထားပါဘူး။ နောက်တော့ ငါ အနာစိမ်းဒဏ်ကြေဆေးလိမ်းပြီး တည်းခိုခန်းတစ်ခုမှာ တည်းခိုရင်း ဆေးဝါးကုသနေရတယ်။ သူက သူ့သမီးကို သိပ်သံယောဇဉ်ကြီးတယ်၊ နောက်တော့ ငါ့ကို ဓာတမ်းတောင်သွားခိုင်းတယ်။ မင်းကို ခေါ်သွားဖို့ ပြန်လွှတ်ကြတာပဲ။

ယခုမှ မရှောင်ကိုယ်တော်ကြီး၏ ညွှန်ကြားချက်ကြောင့် ထျန်းပက်ကွမ်းက မိမိကို မရမက လာရောက်ခေါ်ရကြောင်း လင်းဟူစုန်း သိရသည်။

လင်းဟူစုန်းသည် ယိုနင်က မိမိအပေါ် မေတ္တာထားကြောင်း ရိပ်မိသော်လည်း မိမိဘာသာနေသည်။ ဟင်စမ်းအဖွဲ့တွင် ဂိုဏ်းချုပ်ဖြစ်လာသော်အခါ အစစအရာရာ ပို၍ သတိထားရပြန်သည်။

"ဘိုးတော်ဆရာက ငါ့ကို ညှဉ်းဆဲ့ပေမဲ့ စိတ်ကောင်းတော့ရှိတယ်။ သူ့သမီးအတွက် သံယောဇဉ်သိပ်ကြီးတယ်၊ သူ့အတွက် ငါ့ကို စေခိုင်းရလို့ အထွတ်အထိပ်ပညာလည်း သင်ပေးမယ်ပြောတယ်။ နောက်တော့ မင်း ဟင်စမ်းဂိုဏ်းချုပ် ဖြစ်နေပြီလို့ သတင်းကြားရတယ်။ ဒီတော့ ဘိုးတော်ဆရာက ငါ့ကို ဟင်စမ်းအဖွဲ့သားအဖြစ် ခံယူဖို့ အမိန့်ချတယ်။ ဒါပေမဲ့ ငါက မုဒိမ်းသမားလို့ လူတိုင်းသိထားတော့ ဘိုးတော်ဆရာက စိတ်ကူးတစ်ခုရပြီး ငါ့ကို သက်နှံဆီးပေးလိုက်တာပဲ။ ပြီးတော့ ဘွဲ့ကိုလည်း မရှောင်မဖြစ်ဆိုပြီး ပေးလိုက်တယ်။ ဒီလိုနဲ့ ငါ ဘုန်းကြီး ဖြစ်သွားရတာ။

"ဘိုးတော်ဆရာ ငါ့ကို မေးတယ်။ မင်းရဲ့ ဆရာဟာ လောကမှာ အချောဆုံးမဟုတ်ဘူးလားတဲ့။ ငါက လောကမှာ အချောဆုံးလို့ မဆိုနိုင်တောင် အလွန်ချောမောပါတယ်ပြောလို့ ငါ့ကို ထိုးတယ်။ ပါးစပ်ကတောင် သွေးယိုကျတယ်။ အချောဆုံးမဟုတ်ရင် မင်းက ဘာဖြစ်လို့ ကြဲစည်သေးသလဲတဲ့။ ဘိုးတော်ဘုရားရဲ့ သမီးတပည့်တော်ရဲ့ ဆရာဟာ လောကမှာ အချောဆုံးပါဘုရားဆိုတော့မှပဲ တဟားဟားရယ်ပြီး မင်းပြောတာ သိပ်ကောင်းပါတယ်တဲ့"

"ပြီးတော့ ဘိုးတော်ဆရာက ငါ မင်းကို ဆရာခေါ်ရမယ်ဆိုပြီး အမိန့်ချထားတယ်။ ဒီတော့ ခက်မနေဘူးလား။ လင်းဟူစုန်းကြောင့် မင်းဆရာတစ်ယောက်ရတာတဲ့"

"ကိုယ်တော်ကြီး မရှောင်မဖြစ်ဟာ သူ့သမီးကို ချစ်လွန်းလို့ ပြောတာပါ။ ဘယ်လိုမှ စိတ်ထဲမှာ မထားပါနဲ့"

"ပြီးတော့ ကုမ္ပဏီဂိုင်းချုပ်ရဲ့ သမီးက မင်းကို မြူဆွယ်ဖြားယောင်းလို့ မင်းက လူတွေအများကြီးကို ဦးစီးပြီး ရှောင်လင်ကျောင်းတိုက်ကို သွားတိုက်တာတဲ့။ မဟုတ်မှန်းသိပေမဲ့ ငါကတော့ ဘိုးတော်ဆရာကို ထောက်ခံရတာပဲ"

လင်းဟူစုန်း တစ်ချက်ပြုံးလိုက်ပြန်သည်။

"တပည့်တော် သဘောပေါက်ပါတယ်"

"ဝါးစိမ်းနတ်ဒေဝီကို မင်း မသိအောင် သတ်ပစ်လိုက်ရင် ကိစ္စရှင်းသွားမယ်တဲ့။ ငါက ထိတ်လန့်သွားပြီး မလုပ်သင့်ကြောင်း ပြောတယ်။ လုပ်သင့်တာတွေ မလုပ်သင့်တာတွေ လာမပြောနဲ့တဲ့။ ဝါးစိမ်းနတ်ဒေဝီကို ယူရင် ငါ့သမီး အချောင်မယားငယ်ဖြစ်မယ်တဲ့။ ငါက ဘိုးတော်ဆရာ သမီးဟာ ဘာလို့ သူများအောက်ကျခံရမှာလဲမေးတော့ မင်း မသိပါဘူးတဲ့။ ငါ့သမီး လင်းဟူစုန်းကို မရရင် တဖြည်းဖြည်း လုံးဝပါးပြီး သေပဲတဲ့၊ ငါ့သမီးက တစ်နေ့တခြား ပိုပိန်လာတာဟာ လင်းဟူစုန်း မရှုပ်မရှင်းလုပ်နေလို့ပဲ ဖြစ်ရမယ်တဲ့"

"ဒီစကား မလွန်လွန်းဘူးလား၊ ကိုယ်တော် မရှောင်မဖြစ်"

"ငါလည်း အခြေအနေအရ သူ့စိတ်ကြိုက်အတိုင်း ပြောရတယ်။ မပြောလို့ မဖြစ်တော့ဘူးလေ။ အဲသည်လို ပြောလိုက်တော့မှ ငါ့ကို ပြန်လွှတ်ချတယ်"

ထိုအခိုက် စုန်းစမ်းအဖွဲ့သားများ လင်းဟူစုန်းထံသို့ ရောက်လာသည်။ လင်းဟူစုန်းကို ဂါဝရပြုလိုက်သည်။

"ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီး၊ ဝူတန်းဂိုဏ်းချုပ်၊ ခွန်းလွန်းဂိုဏ်းချုပ်၊ ချုံးတုံ့ဂိုဏ်းချုပ်၊ ဝေါမေဂိုဏ်းချုပ်၊ စိမ်းကားဂိုဏ်းချုပ်တို့လည်း အသင့် ရောက်ရှိနေပါပြီ။ တောင်ပေါ်မှာ ဂိုဏ်းချုပ် လင်းဟူစုန်းကို နှုတ်ဆက်ဖို့ အသင့် စောင့်နေကြပါတယ်"

စကားပြောသံချိုသာဟန်ရှိသော်လည်း မျက်နှာထားများမှာ မာန်ထောင်လျက်ရှိသည်။

စုန်းစမ်းအဖွဲ့သား၏ ဆိုလိုရင်းကို လင်းဟူစုန်းက သဘောပေါက်သဖြင့် ပြုံးလိုက်လေသည်။

ဆက်လက်၍ လျှောက်လာခဲ့ကြရာ အလွန်တရာ နက်ရှိုင်းသော တောင်ချောက်ကြီးတစ်ခုကို တွေ့ရသည်။ စုန်းစမ်းအဖွဲ့သားတစ်ဦးကတော့ ချောက် မည်မျှနက်ရှိုင်းသည်ကို ပြသလိုသောကြောင့် ခဲလုံးတစ်လုံးကို ကောက်ယူ၍ တောင်ချောက်အောက်သို့ ပစ်ချလိုက်သည်။

"တကာကြီး စုန်းစမ်းတောင်ကို ဒီနေ့ ရောက်လာကြတဲ့ သူတွေ တော်တော်များများမှာပဲနော်"

ကိုယ်တော်မရှောင်မဖြစ်က မေးလိုက်သည်။

"မမှားဘူး။ မရှိဘူးဆိုရင်တောင် နှစ်ထောင်ကျော်တော့ ရှိမယ်"

"ဒါဖြင့် လူတိုင်း ခဲတစ်လုံးစီ ပစ်ချလိုက်ရင် ဒီတောင်ချောကကြီး ပြန်ပြည့်သွားမှာပဲပေါ့"

မရှောင်မဖြစ်ကိုယ်တော်၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ရိပ်စားမိသောကြောင့် စုန်းစမ်းအဖွဲ့သားများ ငြိမ်နေလိုက်ကြသည်။

တောင်ခိုးဝေပြီး မြူဆိုင်းနေသည်။ ဓားရှည်ကိုယ်စီနှင့် လူဆယ်ဦးခန့် စောင့်ကြပ်နေသည့် နေရာသို့ ရောက်ခဲ့ကြလေသည်။

"လင်းဟူစုန်း ဘယ်အချိန်လောက် ဒီကို ရောက်မလဲ။ သီရင် ကျွန်တော်တို့ မျက်ကန်းတွေကို ပြောပြပါ"

စောင့်ကြပ်နေသည့် လူဆယ်ယောက်သည် မျက်နှာထား ခက်ထန်ပြီး မျက်လုံးများ ကန်းနေသည်။ မျက်ကန်းဆယ်ယောက်မှ တစ်ယောက်က ထုတ်ဖော်ပြောလိုက်သည်။

"ကျွန်တော် လင်းဟူစုန်း ရောက်လာပါပြီ။ ခင်ဗျားတို့ လိုရင်းချက် ဘယ်လိုရှိလဲ"

လင်းဟူစုန်း၏ အသံကို ကြားသည်နှင့် ထိုမျက်ကန်းဆယ်ယောက်သည် တိုက်ခိုက်မည့်ဟန် ပြင်လိုက်သည်။

"မင်းတို့ကို ဒုက္ခပေးခဲ့လို့ ခုအသက်စွန့် အသေအကြေ တိုက်မလို့"

မြေနေရာအနေအထားသည် အလွန်အန္တရာယ်ကြီးကြောင်း လင်းဟူစုန်း သိရသည်။

"မျက်မြင်တွေက စုန်းစမ်းအဖွဲ့ဝင်တွေလား"

"ကျွန်တော်တို့အဖွဲ့က မဟုတ်ပါဘူး။ ဘယ်လိုရန်ငြိုး ရှိလို့ လာစောင့်နေကြမှန်း မသိဘူး။ မျက်စိမမြင်ပေမဲ့ လူချင်း ဖက်လုံးရင် ချောက်ဆဲကျပြီး ကိစ္စချောကုန်နိုင်တယ်"

လင်းဟူစုန်း၏ မေးခွန်းကို စုန်းစမ်းအဖွဲ့သားတစ်ဦးက ဖြေသော်လည်း ခြိမ်းခြောက်သည့်သဘော ပါရှိနေ၏။

"သူ့အမေလင်၊ ဖယ်စမ်း၊ ငါ ရှင်းပစ်လိုက်မယ်"

အသံရှင်သည် မရှောင်ကိုယ်တော်ကြီး ဖြစ်သည်။ ရှေ့သို့ လှမ်းတက်၍ စုန်းစမ်းအဖွဲ့သားကို ဖမ်းပြီး မျက်မမြင်များကြားသို့ တွန်းပို့ပေးလိုက်သည်။ မျက်မမြင်များသည် ဟုန်းစမ်းအဖွဲ့သားကို ဓားဖြင့် ဝိုင်းခုတ်ကြသည်။

"အချင်းချင်း မခုတ်နဲ့"

မျက်မမြင်များ ခုတ်ထစ်ရင်း ရှုပ်ထွေးနေစဉ် မရှောင်သည် နောက်ထပ် စုန်းစမ်းအဖွဲ့သား နှစ်ယောက်ကို ဖမ်းဆီးလိုက်ပြန်၏။

"မင်းတို့ မျက်ကန်းတွေကို လမ်းရှင်းမပေးရင် ငါ မင်းတို့ကို ချောက်ထဲ ပစ်ချလိုက်မယ်"

စကားဆုံးသည်နှင့် မရှောင်ကိုယ်တော်သည် စုန်းစမ်းအဖွဲ့သားနှစ်ယောက်ကို လွှင့်ပစ်လိုက်ရာ စုန်းစမ်းအဖွဲ့သားနှစ်ယောက်သည် ငယ်သံပါအောင် အော်ဟစ်ရင်း တောင်ချောက်ထဲသို့ ကျသွားလေတော့သည်။

ထိုစုန်းစမ်းအဖွဲ့သား ကြောက်လန့်တကြား ထွက်ပြေးသည်။ မျက်မမြင်များက အသံကြားရာနောက်သို့ မှန်းပြီး လိုက်ကြသည်။

"လင်းဟူစုန်း မင်း ဘယ်ပြေးမလဲ လိုက်ကြဟေ့"

မျက်မမြင်များမှာ ယခင် ယဲ့ပိုချွင်နှင့်အတူ ဘုန်းကြီးကျောင်းကြီးတွင် တိုက်ခဲ့သူများဖြစ်သည်။ လင်းဟူစုန်း ရန်သူဆယ်ဂါးယောက်၏ မျက်လုံးတို့ကို ထိုးဖောက်ခဲ့သောကြောင့် ရန်ကြွေးရန် လာရောက်စောင့်နေခြင်းဖြစ်သည်။ မရှောင်ကိုယ်တော်ကြီးကြောင့် မျက်ကန်းများ အရှုပ်ရှုပ်အထွေးထွေး ဖြစ်ကုန်၏။

လမ်းပွင့်သွားသောကြောင့် လင်းဟူစုန်းနှင့် ဟင်စမ်းအဖွဲ့သား များသည် တောင်ကြားလမ်းအတိုင်း တောင်ပေါ်သို့ တက်ခဲ့သည်။

တစ်နေရာတွင် ကွင်းပြင်ကြီးထဲတွင် လူများစွာ စုဝေးနေသည်။ စုန်းစမ်းအဖွဲ့သားများသည် ရောက်ရှိလာသည့် ဧည့်ပရိသတ်များကို ကြိုဆိုဧည့်ခံနေကြ၏။

ကျိုလိန်းရှန်သည် လင်းဟူစုန်း ဟင်စမ်း ဂိုဏ်းချုပ်ဖြစ်သည့် အတွက် ဝမ်းသာကြောင်း နှုတ်မှ ထုတ်ဖော်ပြောနေသည်။ သို့သော် မျက်နှာမူအရာမှာမူ နှစ်သက်ဟန်မရှိကြောင်း ပေါ်လွင်ထင်ရှားနေသည်။

"တူတော်မောင်ဟာ ဟင်စမ်းအဖွဲ့ရဲ့ ရာဇဝင်မှာ မရှိဖူးတာကို လုပ်နိုင်တဲ့အတွက် အလွန်ချီးကျူးဖို့ကောင်းပါတယ်"

ကျိုလိန်းရှန်၏ စကားသည် အမျိုးသမီးသာ ဂိုဏ်းချုပ်လုပ်ရသော အစဉ်အလာရှိသော ဟင်စမ်းအဖွဲ့တွင် ယောကျ်ားတစ်ဦးက ဂိုဏ်းချုပ် လုပ်ခြင်းကို လှောင်ပြောင်သရော်သည့် သဘောဖြင့် ပြောခြင်းဖြစ်၏။ ထိုအဖြစ်ကို လင်းဟူစုန်း ရိပ်မိသည်။

"ကျွန်တော့်ကို သိမ့်ရှန်ဆရာလေး မရောက်ခင် တာဝန်ပေးလို့ လက်ခံလိုက်ရတာပါ။ သိမ့်ရှင်ဆရာလေးအတွက် ရန်ကြွေးဆပ်ပြီးတာနဲ့ သင့်တော်သူတစ်ယောက်ကို ရွေးချယ်ပြီး ဂိုဏ်းချုပ်နေရာပေးဖို့ အစီအစဉ်ရှိပါတယ်"

ကျိုလိန်းရှန်သည် ပါးနပ်သည့် လူပီပီ မည်သို့မျှ မဖြစ်ဟန်ဖြင့် အခြားထွေရာလေးပါး လှည့်ပြောသည်။

ထိုအချိန်တွင် စုန်းစမ်းအဖွဲ့သားတစ်ယောက်က ကျိုလိန်းရှန်ရှေ့သို့ အပြေးအလွှား ရောက်လာပြီး ဂါရဝပြု၍ ပြောသည်။

"ဆရာ့အတွက် မင်္ဂလာပါပဲ။ ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးနဲ့ ဂူတန်းအဖွဲ့ဂိုဏ်းချုပ်တို့ နောက်ပါ တပည့်တွေနဲ့ အတူ ရောက်ရှိလာနေပါတယ်"

"ဒီလို အားနာသမှုနဲ့ ကြွရောက်လာတာ တို့အနေနဲ့ ပြန်အားနာဖို့ကောင်းတယ်။ အမြန်သွားရောက်ကြိုဆိုပါ"

ရှောင်လင်ကျောင်းထိုင်ဆရာတော်နှင့် ဂူတန်းဂိုဏ်းချုပ်တို့ကိုယ်တိုင် ကြွရောက်ခဲ့ကြသည့်အကြောင်းကို ကြားရသောအခါ လူအများသည် ကျိုလိန်းရှန်၏ နောက်ပါးသို့ လိုက်သွားကြသည်။ သမ်းတစ်ခုသို့ ရောက်သောအခါ လူတစ်အုပ်နှင့် ပက်ပင်းတိုးသည်။ ယဲ့ပို့ချင်နှင့် ဂုာစမ်းအဖွဲ့သားများ ဖြစ်နေသည်။

လင်းဟူစုန်းသည် ယဲ့ပို့ချင်၏ ရှေ့သို့ ပြေးသွားပြီး ဒူးထောက်ထိုင်ချလိုက်သည်။ ယဲ့ပို့ချင်က ကိုယ်ကို ဘေးသို့ ဘိမ်းငဲ့လိုက်ပြီး အေးတိအေးစက်လေသံဖြင့် ...

"ဂိုဏ်းချုပ်လင်ဟူစုန်း ဘာဖြစ်လို့ ဒီလို ပြုမူရတာလဲ၊ ခလိုပါဘူး။ လူတွေ တစ်မျိုးထင်နေမယ်"

လင်ကျုံးချဲ၏ မျက်နှာ နီးမြန်းသွားပြီး ...

"မင်းက ဟင်စမ်းအဖွဲ့မှာ ဂိုဏ်းချုပ်ဖြစ်သွားပြီဆိုတော့ ဟာဟော့ရမ်းရမ်း မပြုတော့ရင် နာမည်ပျက်စာရင်းလည်း မရှိတော့ဘူး"

"သူ ဟော့ဟော့ရမ်းရမ်း ပြုဖို့ကတော့ အနောက်အရပ်က အသွက်တော့မှပဲ ဖြစ်မယ်"

လင်ကျုံးချဲ၏ စကားကို ယဲ့ပို့ချင် ကြားဖြတ်ပြောလိုက်သည်။

"ဒီနေ့ ဘကြီးတော် ကျူလိန်းရှန်က တောင်ငးလုံးအဖွဲ့ ဆိုပြီး တစ်ဖွဲ့ပြန်ဖွဲ့ ဆိုတော့ ဆရာ ဘယ်လို သဘောထားရှိပါသလဲ"

လင်းဟူစုန်းသည် ဆရာဟု ခေါ်ချင်သော်လည်း မခေါ်ဝံ့ဝံ့ဖြစ်ကာ လိုရင်းချက်ကို ဆက်လက်မေးမြန်းလိုက်သည်။

"မင်းကော ဘယ်လိုသဘောရှိလဲ"

"တပည့် ... တပည့်"

တပည့်ဆိုတဲ့ စကားကို မသုံးနှုန်းနဲ့တော့။ မင်း ဟိုယခင် အချိန်က အပြစ်တွေကို ပြန်သတိရရင်တော့ ဒါက ... ဒါက"

ယဲ့ပို့ချွင် မျက်နှာ ပြုံးယောင်သမ်းနေသည့်မို့ လင်းဟူစုန်း အားတက်မိသည်။

လင်းဟူစုန်းသည် မိမိအား ဝှာစမ်းအဖွဲ့မှ နှင်ထုတ်ခံရပြီး သင့်နောက်ပိုင်းတွင် ယဲ့ပို့ချွင်နှင့် အကြိမ်ကြိမ် အခါခါ ဆုံခဲ့ဖူးသည်။ ဤသို့ မျက်နှာထား မချိခဲ့ဖူးလသောကြောင့် အထူးဝမ်းသာမိ၏။

"ခင်ဗျားတို့ လိုရင်းချက်အတိုင်း ဘယ်လိုဖြစ်ဖြစ် လိုက်နာပါ့မယ်"

"ငါ့မှာ ဘာလိုရင်းချက်မှ မရှိဘူး။ မင်းကို ဝှာစမ်းအဖွဲ့မှာ ဆက်နေခွင့်မပေးတာ အကြောင်းရှိတယ်။ မင်းက သိုင်းလောကရဲ့ ကြီးမားတဲ့ ဖြစ်မှုကြီးကို ကျူးလွန်ထားခဲ့တယ်။ ဒီတော့ ငါနဲ့ မင်းဆရာကတော့ ကြည်နေလို့မဖြစ်ဘူး။ သိုင်းလောကခွင်မှာ ပြောစရာဖြစ်လို့ မင်းကို ငဲ့ကွက်မနေနိုင်ဘူး၊ ဒါပေမဲ့ ငယ်စဉ်တောင်ကျေးကလေးဘဝက မင်းကို ကျွေးမွေးစောင့်ရှောက်

ခဲ့တော့ သားအဖနဲ့မခြား ရှိခဲ့တယ်။ အများရဲ့ သဘောဆန္ဒ မလွန်ဆန်နိုင်လို့ မင်းကို ဝှာစမ်းအဖွဲ့မှာ လက်မခံရဲတာပဲ"

ယဲ့ပို့ချွင်သည် လင်းဟူစုန်း၏ ပခုံးကို လက်ဖြင့် အသာအယာ ပုတ်ပြီး နှစ်သိမ့်လိုက်သည်။

လင်းဟူစုန်းသည် ယဲ့လင်စမ်းကို လှမ်းကြည့်လိုက်သောခါ ဆင်ယင်ထုံးဖွဲ့မှုက ပြောင်းလဲနေပြီ။ ယဲ့လင်စမ်းအား အိမ်ဆောင်ရှင်တစ်ယောက်အသွင် မြင်လိုက်ရသောကြောင့် လင်ဟူစုန်း နှလုံးသားသည် ပိုမိုနာကျင်သွားလေသည်။ အမှတ်မထင် ယဲ့လင်စမ်းနှင့် မျက်လုံးချင်း ဆုံမိ၏။ ယဲ့လင်စမ်းသည် ရုတ်ကိုး ကားကန်းဖြစ်ပြီး ခေါင်းငုံ့ချလိုက်သည်။ လင်းဟူစုန်း၏ နှလုံးသားကို ဘုဖြင့် ထုနှက်ခံရသည့်နယ် ခံစားရပြီး မူးမေ့မတတ် ဖြစ်သွားသည်။ လင်းဟူစုန်း မျက်လုံးကို မှေးမှိတ်ထားလိုက်သည်။ စိတ်တည်ငြိမ်မှုရအောင် အတွင်းအားနှင့် ကြိုးစားထိန်းနေ၏။

"ဂိုဏ်းချုပ်လင်းဟူစုန်း ဒကာလေးက ခရီးဝေးပြီး အရင်းရောက်နေပါလား။ ကျုပ်တို့က နီးလျက်နဲ့ ခုမှ ရောက်ကြတယ်"

အသံရှင်ကို တရင်းတနှီး ရှိလှ၍ လင်းဟူစုန်း မျက်လုံးကြည့်လိုက်၏။ ရှောင်လင်ကျောင်းဆရာတော်ကြီး ဖြစ်နေသည်။ လင်းဟူစုန်း ကပျာကယာ ဆရာတော်ကြီးအား ဦးချကန်တော့သည်။

"သိပ်ပြီး ရိုးသေလေးစားပြီး ဦးချကန်တော့ပွဲလုပ်နေဖို့ လိုပါဘူး။ ဒီလိုသာ တစ်ချိန်လုံး ဦးချကန်တော့ပြီး ဂါရဝပြုရင် တောင်ငါးလုံး သွေးစည်းရေးကိစ္စဟာ တစ်ရက်မပြောနဲ့ ခဏရက်လည်း ပြီးပြတ်မှာ မဟုတ်ဘူး"

ကျိုလိန်းရှန်၏ စကားကြောင့် လမ်းဟူစုန်း ရင်ထဲတွင် အောင့်သက်သက် ဖြစ်သွားသည်။

ဂိုဏ်းချုပ်များကို ကျိုလိန်းရှန် ကိုယ်တိုင် ညှဉ်ခဲ့ပြီး ကျန်ညှဉ်သည်တော်များအား စုန့်စမ်းအဖွဲ့သားများက ညှဉ်ခဲ့ကြသည်။ ဝင်းခြံကြီးတစ်ခုဆီသို့ လင်းဟူစုန်း ရောက်လာသည်။ တိုနေရာ၌ လူစုလူဝေးကြီးနှင့် ကျပ်ညပ်နေ၏။ လူစုကြီးမှာ မကျေမနပ်နှင့် အမျိုးမျိုး အပြစ်တင်စကားပြောကြားသည်။

"တောင်ထိပ်ပေါ်မှာ လွင်ပြင်ကျယ်ကြီး ရှိတယ်။ နောက်ထပ် ပေတစ်ရာကျော်လောက် တက်လိုက်ရင် အဲသည်လွင်ပြင်ကျယ်ကြီးဟာ ရှေးဘုရင်မင်းမြတ်တွေ ကောင်းမှုပြုပြီး အနုမောဒနာခေါ်တဲ့ လွင်ပြင်ဖြစ်ပါတယ်။ အဲသည်ကို ဖိတ်ကြားသင့်မသင့် ကျွန်တော် ချိန်ဆနေရလို့ပါ"

ကျိုလိန်းရှန်သည် ထိုလွင်ပြင်ကြီး၏ ခန်းနားကြီးကျယ်ပုံကို သမိုင်းကြောင်းနှင့်တကွ ရှင်းလင်းပြောပြနေသည်။

"ကျိုလိန်းရှန်ရဲ့ အတွင်းစိတ်ကတော့ ကြွရောက်လာတဲ့ ဧည့်ပရိသတ်တွေကို လွင်ပြင်ကြီးဆီ ဖိတ်ချင်တယ်။ ဒါပေမဲ့ တမင် ဟန်ဆောင်နေတာပဲ။ ရှောင်လင်ဆရာတော်ကြီးနဲ့ ဝူတန်းဂိုဏ်းချုပ်အမိန့်ရှိဖူးသလို တောင်ငါးလုံးအဖွဲ့မှာ ဂိုဏ်းချုပ် လုပ်ပြီး ကုမ္ပဏီဂိုဏ်းကို သုတ်သင်မယ်။ ပြီးရင် ရှောင်လင်နဲ့ ဝူတန်းဂိုဏ်းတို့ကိုပါ နှိမ်နင်းမယ်ဆိုတာ မှန်လိမ့်မယ်။ သည်လူက တုန့်ဝမ်းပုပိုက်နဲ့ မခြားဘူး"

လင်းဟူစုန်း ထိုသို့ စဉ်းစားတွေးတောမိသည်။ ထိုအခိုက် အော်ဟစ်ပြောဆိုသံများ စီစီညံညံ ထွက်လာသည်။

"အဲသည် လွင်ပြင်ကို သွားကြရအောင်"

ဝင်းခြံအပြင်ဘက်တွင်ရှိသော လူများက ဆိုင်းနေတော့ဘဲ တောင်ထွက်ခွာသွားကြတော့သည်။ မတတ်သာ၍ ကျိုလိန်းရှန်သည် ဧည့်ပရိသတ်များကို လွင်ပြင်ကြီးဆီသို့ ဦးဆောင်ခဲ့ကြသည်။ ကျိုလိန်းရှန် ပြောသည့်အတိုင်း ကြီးမားသော ကျောက်တုံးကြီးများဖြင့် ဆောက်လုပ်ထားသည့် ရှေးဟောင်းအစောက်အအုံများကို တောင်ထိပ်ပေါ်တွင် တွေ့ရသည်။ ရှေးဘုရင်မင်းမြတ်အဆက်ဆက်က တည်ဆောက်ခဲ့သည်ဟုလည်း ကျိုလိန်းရှန်က ဝင်နှင့်တကွ ရှင်းပြနေ၏။

စုန်းစမ်းတောင်မှ လှမ်းမြင်ရသည့် တောင်များကို လူအများက အမျိုးမျိုး ထင်မြင်ချက်ပေးနေကြသည်။

"အဲဒါ ဝက်ဝံကြီးတောင်ထိပ်ပဲ"

"ဟိုဘက်အစွန်ကတော့ ဝက်ဝံလေးတောင်ထိပ်ပဲ"

"ကျုပ် ရှောင်လင်ကျောင်းတိုက်ကို ရောက်ဖူးပါတယ်။ ဒီပေမဲ့ ရှောင်လင်ကျောင်းတိုက်ရှိတဲ့ တောင်ဟာ သည်တောင်ခြေငုံးလေးလောက်ပဲ ရှိတယ်"

အဘိုးအိုတစ်ယောက်က ပြောပြီး တဟားဟား ရယ်မောသည်။ လင်းဟူစုန်းသည် ထိုအဘိုးအိုကို လှမ်းကြည့်မိပြန်သည်။

"အင်း ... ကျိုလိန်းရှန်က တမင်စည်းဝါးရိုက်ထားပြီး ဒိတ်ကြီးဟန်ကြီး လုပ်ဖို့စဉ်းစားထားတာကိုး"

ကျိုလိန်းရှန်သည် ရှေးဘုရင်မင်းမြတ်များ တည်ဆောက်ထားခဲ့သည်ဆိုသော စင်မြင့်ကြီးဆီသို့ ကြွရောက်ရန် ဖိတ်ခေါ်နေသေးသည်။

"တို့ သည်ကိုလာတာ မင်္ဂလာပွဲကို လာကြည့်တာပဲ။ အသက်အရွယ်လည်း ကြီးပြီဆိုတော့ စင်မြင့်ပေါ်တက်ဖို့ အကြောင်းမရှိပါဘူး။ လူတွေရှေ့ ရယ်စရာဖြစ်မယ်"

"ကျောင်းထိုင်ဆရာတော်ကြီးက သည်လို မိန့်ကြားတာဟာ တပည့်တော်ကို သူစိမ်းသဘောမျိုး ထားရှိရာ ရောက်ပါတယ် ဘုရား"

"ဧည့်သည်တော်တွေ သည်လောက်များပြားနေတော့ ဂိုဏ်းချုပ်ကျိုလိန်းရှန်လည်း အားရတယ်လို့ မရှိပါဘူး။ ဆရာတော်ကြီးနဲ့ ကျုပ်အဘိုးအိုအတွက် အချိန်ကုန်မခံပါနဲ့"

ဝူတန်းဂိုဏ်းချုပ် ချုံးခွီးရသေ့ကြီးက ပြောလိုက်၏။

"ဒါဆိုရင်လည်း အမိန့်တော်အတိုင်းပါပဲ"

"မိတ်ဆွေအပေါင်းအသင်းရောင်းရင်းတို့ခင်ဗျား၊ ခုလို ကြွရောက်ချီးမြှင့်တာကို ကျွန်တော် ကျေးဇူးတင်ဝမ်းသာပါတယ်၊ အဓိရည်ရွယ်ချက်ကတော့ တောင်ငါးလုံးသွေးစင်းအဖွဲ့ဆိုတာကို ဖျက်သိမ်းပြီး တောင်ငါးလုံးအဖွဲ့ရယ်လို့ တစ်တွဲတည်း ပေါင်းစည်းမယ်ဆိုတာ ကြွရောက်လာသူ အပေါင်း သိကြပြီး ဖြစ်ပါလိမ့်မယ်"

ကျိုလိန်းရှန်၏ စကားအဆုံးတွင် စင်မြင့်အောက်ရှိ လူအုပ်များမှာ တစ်ယောက်တစ်ပေါက်နှင့် ဆူညံစွာ ပေါ်ထွက်လာသည်။

"ကောင်းပါတယ်။ မင်္ဂလာကိစ္စပါပဲ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ တောင်ငါးလုံးသွေးစည်းအဖွဲ့ဆိုတာ ညီအစ်ကိုဓမ္မာင်နှမတွေပါပဲ။ ဒါပေမဲ့ သိုင်းလောကဘစ်ခွင်ရဲ့ နောက်နောင်ပေါ်ပေါက်လာမဲ့ကိစ္စတွေကြောင့် အများရဲ့ သဘောကို လက်ခံပြီး တောင်ငါးလုံးသွေးစည်းအဖွဲ့ကို ဖျက်သိမ်းဘာပါ။ ဒါကြောင့် တောင်ငါးလုံးအဖွဲ့ဆိုပြီး ဖွဲ့စည်းရတာပါ"

ထိုအခိုက် စင်မြင့်အောက် လူအုပ်ကြားထဲမှ အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"ဂိုဏ်းချုပ် ကျိုလိန်းရှန်က ဘယ်သူ့ရဲ့ သဘောကို လက်ခံထားလို့ သည်လိုကြေပနေတာလဲ။ ကျုပ် ဆရာကြီးမိုးတောင်လုံးဝမသိပါလား"

လူတိုင်းက ချုံးစမ်းအဖွဲ့သည် တောင်ငါးလုံးအဖွဲ့ဖွဲ့ခြင်းကို သဘောမတူကြောင်း သိလိုက်ကြရသည်။

"ဒီလိုရှိပါတယ်။ ကျွန်တော့် စကားထဲမှာ သိုင်းလောကဘစ်ခွင်မှာ နောက်နောင်ပေါ်ပေါက်လာမဲ့ ကိစ္စကြောင့်ဆိုတာ ပါပါတယ်။ တောင်ငါးလုံးသွေးစည်းအဖွဲ့ဝင်အချင်းချင်း မသင့်မတင့်ဖြစ်ကြတာကို မလိုလားတာလည်း ပါပါတယ်။ ဒီလို မသင့်မတင့်နဲ့ ပြဿနာဖြစ်တာတွေလည်း ရှိဖူးပါတယ်။ ဥပမာ ကျွန်တော့် ဆရာတူညီအစ်ကို ဟွေ့ဟင်းဆိုပါတော့။ ချုံးစမ်းမြို့ပြင်မှာ မရှုမလှ အသတ်ခံခဲ့ရတယ်။ ပြောသံကြားရတာကတော့ ချုံးစမ်းအဖွဲ့ဆရာကြီးမိုးရဲ့ လက်ချက်လို့ဆိုတာ ဟုတ်မဟုတ်တော့ ကျွန်တော် သသိပါဘူး"

ကျိုလိန်းရှန်၏ စကားကြောင့် ဆရာကြီးမိုး တစ်ချက်တွေဝေသွားသည်။

"အင်း ... ငါ သတ်တုန်းက လင်းဟူစုန်းရယ်၊ ဟင်စမ်းတပည့်မလေးတစ်တောက်ရယ်။ ပြီးတော့ ချိုယန်ရဲ့ မြေးကလွေး

ရယ် ဒီသုံးယောက်ပဲရှိတယ်။ တစ်ယောက်ယောက်က နှုတ်မလုံဘဲ ပေါက်ကြားသွားပြီထင်တယ်”

ဆရာကြီးမိုး ထိုသို့ ငေးငိုင်သွားသည်ကို ရာပေါင်းများစွာသော လူတွေက ဆရာကြီးမိုးကို လှမ်းကြည့်ကြသည်။

“ဒါကတော့ ကောလာဟလသတင်းပါ။ ကျုပ်လို အစွမ်းအစမရှိတဲ့ လူက စုန်းစမ်းအဖွဲ့ရဲ့ ဒီတ်ဒီတ်ကျဲပုဂ္ဂိုလ်တစ်ယောက်ကို သတ်ဖြတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး”

ကျိုလိန်းရှင်က ပြုံးပြီး ပြောလိုက်သည်။

“မျက်နှာချင်းဆိုင် ဖြောင့်ကျကျတိုက်ခိုက်ရင်တော့ ဆရာကြီးမိုးက ကျွန်တော့် ညီတော်ကို သတ်နိုင်စရာအကြောင်း မရှိပါဘူး။ အဲဒီတုန်းက ညီတော် ဟွေ့ပင်းကို ဝိုင်းပြီး တိုက်ခိုက်ကြတာတဲ့။ ဆရာကြီးမိုးလည်းပါတယ်။ ဗာစမ်းအဖွဲ့သား တစ်ယောက်လည်းပါတယ်။ ကုမ္ဘာန်ဦးစီးချိယန်နဲ့ မြေကလေးလည်းပါတယ်တဲ့”

“ဒီနေ့ဟာ ကျွန်တော်တို့ တောင်ငါးလုံးအဖွဲ့ရဲ့ မင်္ဂလာနေ့ပါပဲ။ တောင်ငါးလုံးအဖွဲ့တွေဟာ ရာစုနှစ်နဲ့ချီပြီး သိုင်းလောကထဲမှာ တည်ရှိခဲ့တာပါ။ ဒီငါးဖွဲ့ကို တောင်ငါးလုံးအဖွဲ့ ဆိုပြီး တစ်ဖွဲ့တည်း ပေါင်းစည်းနိုင်ရင် မင်္ဂလာပါပဲ။ ဆရာကြီးမိုး ခင်ဗျားက ဂိုဏ်းတစ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်ပါတယ်။ သွေးစည်းဖို့ အရေးကြီးပါတယ်ဆိုတာ ဆရာကြီးမိုးလည်း သိမှာပါပဲ။ ကိုယ်ရေးကိုယ်တာ ရန်ငြိုးတွေဟာ အသေးအမွှားပါပဲ။ တောင်ငါးလုံးအတွက် အကျိုးရှိရာရှိကြောင်း လုပ်နိုင်ရင် ကိုယ်ရေးကိုယ်တာ ရန်ငြိုးကျွန်တော်တို့ လစ်လျူရှုနိုင်ပါတယ်”

“ညီတော်မောင် ဟွေ့ပင်းက ကျွန်တော့်ညီဖြစ်ပေမဲ့ ဘောင်ငါးလုံးအဖွဲ့ဖွဲ့ပြီးရင် ဆရာကြီးမိုးလည်း ကျွန်တော်တို့နဲ့ သီအစ်ကိုတော် ဖြစ်သွားတာပါပဲ။ သေတဲ့လူက သေသွားပြီမို့ ကျွန်တော်တို့ ကျန်ရှိသူအချင်းချင်း ရန်ငြိုးသိပြီး သတ်ဖြတ်တာကို မပြုသင့်တော့ပါဘူး”

ကျိုလိန်းရှန်စကားကို လိမ္မာပါးနပ်စွာပြောရင်း ဆရာကြီးခိုးအား မသိမသာ ခြိမ်းခြောက်နေသည်။

ဆရာကြီးမိုးသည် ဟင်းခနဲ အသံတစ်ချက် ပြုလိုက်လေ၏။

သို့သော် ဆောင်ငါးလုံးဖွဲ့ခြင်းကို သဘောတူမတူ အကြောင်းမပြန်ချေ။

ကျိုလိန်းရှန်သည် အမှုအရာပြောင်းလဲခြင်း မရှိသော်လည်း တစ်ချက်ရယ်မောလိုက်ကာ ...

“ချုံစမ်း အဖွဲ့ရဲ့ အစ်ကိုကြီးမိုးကတော့ လုံးဝသဘောမတူဘူးဆိုတဲ့ လေသံမျိုးမထွက်ပါဘူး။ အစ်ကိုကြီးထျန်းမင်းရသေ့ရဲ့ သဘောကကော ဘယ်လိုရှိသလဲ”

ထျန်းမင်းရသေ့သည် လူအုပ်ကြားမှ ထရပ်လိုက်ပြီး အသံကျယ်လောင်စွာဖြင့် ပြောလိုက်သည်။

“ထိုက်စမ်းအဖွဲ့ဟာ ဂိုဏ်းတည်ဘိုးတော် တုန်းလိန်ထက် ကစပြီးတည်ခဲ့တာ နှစ်ပေါင်းနှစ်ရာနီးပါး ရှိသွားပါပြီ။ ကျုပ်အသုံးမကျလို့ ကျုပ်ရဲ့ ထိုက်စမ်းဂိုဏ်းကို ထွန်းပြောင်အောင် မလုပ်နိုင်ပေမဲ့ ကျုပ် လက်ထပ်ကျမှ ထိုက်စမ်းအဖွဲ့ ပျောက်ပျက်သွားရမယ်ဆိုတော့ မလွယ်တဲ့ ကိစ္စပဲ”

ထျန်းမင်းရသေ့ စကားဆုံးသည်နှင့် မုတ်ဆိတ်ဖြူနှင့် ရသေ့တစ်ဦးက ထရပ်လိုက်ပြီး ပြောသည်။

"တူတော်မောင် ပြောတာလွဲချော်နေပြီ။ ထိုက်စမ်းအဖွဲ့မှာ လူ လေးရာကျော်ရှိတယ်။ မင်းတစ်ယောက်တည်းရဲ့ ကိုယ်ရေးကိုယ်တာကို ကြည့်ပြီး တားဆီးဟန့်တားကန့်ကွက်တာ မသင့်တော်ဘူး"

မုတ်ဆိတ်ဖြူနှင့် ရသေ့အိုကြီးမှာ ထျန်းမင်းရသေ့၏ ဦးရီးတော် ယိကျီးပင်ဖြစ်သည်။

"ဦးမင်း ဘယ်လိုစကားမျိုး ပြောလိုက်တာလဲ၊ ထိုက်စမ်းဂိုဏ်းချုပ်အဖြစ် လက်ခံလိုက်တဲ့ အချိန်စကပြီး ကျွန်တော် ဘယ်တုန်းက ကိုယ်ရေးကိုယ်တာကိစ္စကို ရှေ့တန်းတင်ဖူးဖို့လည်း၊ ခုပြောနေရတာက ထိုက်စမ်းအဖွဲ့ဟာ ကျွန်တော့် လက်ထက်ကျမှ တိမ်မြုပ်ပျောက်ကွယ်သွားရမှာမို့ ရှက်လို့ပြောနေတာ။ ကိုယ်ရေးကိုယ်တာ ... ကိုယ်ရေးကိုယ်တာဆိုပြီး ပုံချပြောလို့ မသင့်တော်ဘူး"

"မင်းစကားကို လှပအောင် ပြောနေတာပါ။ တကယ်တော့ မင်းဂိုဏ်းချုပ်နေရာက စွန့်လွှတ်ရမှာစိုးရိမ်နေတယ်"

"ကျွန်တော်က ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စကို ထည့်တွက်ပြီးပြောနေတယ်လို့ ခင်ဗျား ဆိုလိုတာလား"

ထျန်းမင်းရသေ့သည် ပြောပြောဆိုဆိုနှင့် နက်မှောင်နေသော ဓားတစ်ချောင်းကို ဆွဲထုတ်လိုက်သည်။ နောက်ဒေါသတကြီးနှင့် လှမ်းအော်ပြောလိုက်သည်။

"ခုချိန်ကစပြီး ဂိုဏ်းချုပ်အဖြစ် ကျုပ် မလုပ်တော့ဘူး။ ဘရားခံလည်း အဖြစ်မခံနိုင်ဘူး။ ခင်ဗျား လုပ်ချင်ရင်လုပ်"

ထျန်းမင်း လက်တွင် ကိုင်ဆောင်ထားသော နက်မှောင်နေသည့် ဓားကလေးသည် ဂိုဏ်းတည်ဘိုးတော် တုန်းလိန်၏ လက်နက်အသုံးအဆောင်ဖြစ်၏။ ဂိုဏ်းချုပ်ပြောင်းတိုင်း ဤဓားကို လက်ဆင့်ကမ်းရသည့် အစဉ်အလာရှိသည်။

"ကဲ ... ဒါဖြင့် ငါ့ကို ပေးစမ်း"

ယိကျီးရသေ့ကြီးသည် ထျန်းမင်းရှိရာသို့ လွှဲခနဲ ခုန်လွှားရောက်ရှိသွားသည်။ တိုဓားကလေးကို လုယူလိုက်သည်။ လက်ထဲမှ ဓားကို ဤသို့ အဆောတလျင် လုတူသွားမည်ကို ထျန်းမင်းလုံးဝ မျှော်လင့်ထားခြင်း မရှိချေ။ မထင်မှတ်ဘဲ အလုခံလိုက်ရသောကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဓားရှည်ကို ဆွဲထုတ်လိုက်လေတော့သည်။

ယိကျီးရသေ့သည် နောက်သို့ လွှားခနဲ ခုန်ဆုတ်သွားသည်။ ရသေ့နှစ်ဦးက ယိကျီးအား ကာရန်ပေးရန် ဓားရှည်ကိုယ်စီ ကိုင်လျက် ရောက်ရှိလာကြသည်။

"ထျန်းမင်း မင်းလက်အောက်ငယ်သား ဖြစ်သွားပြီ၊ အထက်လူကြီးကို ပြစ်မှားရင် ထိုက်စမ်းအဖွဲ့ရဲ့ စည်းကမ်းက ဘယ်လိုရှိတယ်ဆိုတာ မင်း အသိပဲ မဟုတ်လား"

ထျန်းမင်းအား ခုခံရန် အသင့်ပြင်ထားသည့် ရသေ့နှစ်ဦးက လှမ်းပြောလိုက်သည်။ ရသေ့တစ်ဦးက ယင်းယိကျီးဖြစ်၍ ကျန်တစ်ဦးက ယိစင်းကျီဖြစ်ပြီး နှစ်ဦးစလုံးသည် ထျန်းမင်းရသေ့၏ ဦးမင်းများဖြစ်ကြ၏။

"ဆရာဦးမင်းနှစ်ပါးစလုံး မျက်မြင်ပဲ။ ယိကျိုးရသေ့ ဘယ်လိုပြုမူသွားတယ်ဆိုတာ မမြင်ဘူးလား"

ယိရင်းကျိက ပြောလိုက်သည်။

"ယိကျိုးဟာ မင်းရဲ့ ဂိုဏ်းချုပ် ဖြစ်သွားပြီ။ ခုအခြေအနေမှာ မင်းက ဓားရေး လုံရေးနဲ့ အာခံတာဟာ ဂိုဏ်းကို သစ္စာဖောက်လိုက်တာပဲ"

ယိစင်းကျိကလည်း ပြောပြန်သည်။

"ဂိုဏ်းချုပ်နေရာကို ဒီလိုပဲ လွယ်လွယ်ကူကူနဲ့ လွှဲပေးလို့ ရတယ်တဲ့လား။ မဖြစ်ဘူး ဒီခွေးမသားနဲ့မဖြစ်ဘူး။ ဂိုဏ်းချုပ်မလုပ်ချင်ဘူးလို့ ပြောတာဟာ ရုတ်တရက် ဒေါသထွက်ပြီးပြောမိတာ"

"စဉ်းစားစမ်းပါဦး။ မင်းက ဒီလိုစကားမျိုးပြောကတည်းက ဂိုဏ်းချုပ်လုပ်ဖို့ ထိုက်တန်သေးရဲ့လား"

ထိုက်စမ်းအဖွဲ့ထဲမှ လူတစ်ယောက်က ထရပ်လိုက်ပြီး လှမ်းအော်ပြောလိုက်သည်။

"ကျွန်တော်တို့ဆရာက ထိုက်စမ်းဂိုဏ်းချုပ်လုပ်ခဲ့တာ ကြာပြီ။ ဦးမင်းတို့တစ်တွေက ထိုက်စမ်းဂိုဏ်း ဘယ်လိုပြုမူကြတာလဲ"

အသံရှင်သည် ထျန်းမင်းရသေ့၏ ဒုတိယတပည့်ကြီး ဖြစ်သည့် ကျန်စုရသေ့ပင်ဖြစ်သည်။ လူအုပ်ကြားမှ နောက်တစ်ယောက် ထရပ်ပြီး အသံကျယ်စွာဖြင့် ပြောပြန်သည်။

"အစ်ကိုကြီး ထျန်းမင်းက ဂိုဏ်းချုပ်တာဝန်ကို ကျွန်တော့် ဆရာအပ်နှင်းပေးလိုက်တာ ကြွရောက်လာတဲ့ ဧည့်ပရိသတ်အမြင်ပါပဲ။ ဂိုဏ်းချုပ်တာဝန်ကို သူ မလုပ်ချင်တော့ဘူးလို့ ပြောတာလည်း အားလုံးကြားကြပါတယ်"

လူအုပ်ကြားမှ အော်ဟစ်သံ၊ ဆူညံသံများက ဆက်တိုက် ဆွက်ပေါ်လာလေသည်။

"ဂိုဏ်းချုပ်သစ် တက်နေရာယူ"

ယိကျိုးရသေ့သည် ဓားနက်ကလေးကို ခေါင်းပေါ်တင်ပြီး အသံကျယ်စွာ လူအုပ်ဆီသို့ လှမ်းပြောသည်။

"ဒီဓားဟာ ဂိုဏ်းတည်ဘိုးတော် တုန်းလိန်ရဲ့ တာဝန်ပေးအပ်တဲ့ဓားပဲ။ ဂိုဏ်းတည်ဘိုးတော် တုန်းလိန်ကိုယ်တိုင် ရောက်ရှိလာတယ်လို့ သဘောထားရမယ်။ ထိုက်စမ်းအဖွဲ့ရဲ့ အမိန့်တော်အားလုံး စည်းကမ်းနည်းလမ်းအတိုင်း လိုက်နာကြရမယ်"

ယိကျိုး၏ စကားအဆုံးတွင် လူအုပ်ကြားမှ တစ်ယောက်တစ်ပေါက် ပြောသံများ ပေါ်လာပြန်သည်။

"ဂိုဏ်းချုပ်ကြီးပြောရတာ မှန်ပါတယ်"

"ထျန်းမင်းဟာ ဂိုဏ်းချုပ်ကို ကာပြန်တဲ့အတွက် ဖမ်းချုပ်ပြီး စည်းကမ်းအတိုင်း အရေးယူရမယ်"

ဤအဖြစ်မျိုးကို တွေ့မြင်ရသည့် လင်းဟူစုန်းမှာ ယိကျိုးသည် ကျိုလိန်းရှန်နှင့်ကျိတ်ပြီး ဇာတ်တိုက်ထားခြင်းသာ ဖြစ်မည်ဟု တွက်ဆမိသည်။ ထျန်းမင်းသည် ဒေါသအလွန်ကြီးသောကြောင့် စကားပြောမှားပြီး တစ်ဖက်လူဆင်ကွက်ထဲ တန်းဝင်သွားပြီဖြစ်ရာ ဒေါသတကြီး စိတ်ဆိုးနေရုံမှ မည်သို့မျှ မတတ်နိုင်တော့ချေ။

"ငါ့ဆရာက အခြေအနေကို သုံးသပ်နေတာပဲ ဖြစ်ရမယ်၊ ငါ့ဆရာ ဘယ်လိုအစီအစဉ်ချမလဲ ဆိုတာ ကြည့်ပြီး ငါလည်း သူ့အစီအစဉ်အတိုင်း လုပ်ရုံပဲ"

ယိကျီးသည် ဘယ်လက်ကို ဇွေ့ယမ်း၍ အချက်ပြလိုက်သည်။

ထိုက်စမ်းအဖွဲ့သားများသည် ရုတ်တရက် မျှော်နှဲ့သွားပြီး ငါးဆယ်ခန့်သာရှိသော ထျန်းမင်း၏ လူများကို ဝိုင်းထားလိုက်ကြလေသည်။

"ဒါက ဘာသဘောလဲ။ ခင်ဗျားတို့က ကျုပ်တို့နဲ့ တိုက်မယ်ဆိုတဲ့သဘောပေါ့ ဟုတ်လား"

ထျန်းမင်း လှမ်းမေးလိုက်သည်။

"ထိုက်စမ်းဂိုဏ်းချုပ်အမိန့်တော် ထျန်းမင်း နာခံပါ။ ဘိုးတော်တုန်းလိန်ရဲ့ သံဓားမြတ်အမိန့်တော်ကို ထျန်းမင်း နာခံမလား မနာခံဘူးလား"

ယိကျီး လှမ်းအော်မေးသည်။

"ထွီ ... ခင်ဗျားကို ဘယ်သူက ဂိုဏ်းချုပ်ခန့်လို့လဲ"

"ထျန်းမင်းရဲ့ တပည့်တွေ နားထောင်ကြ။ မင်းတို့နဲ့ မူပတ်သက်တဲ့ကိစ္စ ဖြစ်တယ်။ လက်နက်ကို ပစ်ချပြီး အမိန့်ကို နာခံရင် အပြစ်မယူဘူး။ မဟုတ်ရင်တော့ အရေးယူရမယ်"

အဝိုင်းအဝန်း ခံထားရသူများမှ ကျန်စု၏ ကျယ်လောင်စွာ ပြန်အော်ပြောသံ ထွက်ပေါ်လာပြန်သည်။

"ခင်ဗျားက ထိုက်စမ်းအဖွဲ့သိုင်းလောကက မပျောက်ကွယ်စေရပါဘူးလို့ ဘိုးတော်တုန်းလိန်းရဲ့ သံဓားမြတ်ကို ကိုင်ဆောင်ပြီး ကတိသစ္စာပြုရင်တော့ ဖြစ်နိုင်ပါတယ်။ ခုလို ထိုက်စမ်းတစ်ဖွဲ့လုံး ပျောက်ပျက်အောင် လုပ်ကြတာ ခင်ဗျား သေတာတောင် နောက်ကြောင်းရာဇဝင်မကောင်းနိုင်တော့ဘူး"

"မင်းတို့ ဝါရင့်ပုဂ္ဂိုလ်ကို ဒီလိုမစော်ကားနဲ့။ တောင်ငါးလုံးအဖွဲ့ဆိုကတည်းက ထိုက်စမ်းလည်းပါနေပြီ။ ဘာကောင်းစရာရှိလဲ"

ယိရင်းကျိုက လှမ်းပြောလိုက်သည်။

"ခင်ဗျားတို့ရဲ့ ဉာဏ်နဲ့ဉာဏ်နက်တွေပဲ။ ကျုိးလိန်ရှန်နဲ့ ပေါင်းပြီး လုပ်ကြတာ။ ဘာပဲဖြစ်ဖြစ် စုန်းစမ်းအဖွဲ့ရဲ့ အမိန့်သြဇာအောက်မှာ မနေနိုင်ဘူး၊ အသက်စွန့်မယ်"

ထျန်းမင်းရသေ့ အော်ပြောပြန်သည်။

"မင်းတို့ ဘိုးတော်တုန်းလိန်ရဲ့ သံဓားမြတ်အမိန့်ကို မနာခံရင်တော့ မရှုမလှ ဒုက္ခတွေ့မယ်"

ထျန်းမင်းရသေ့က သူ့တပည့်များအား အော်ဟစ်၍ အမိန့်ပေးလိုက်သည်။

ထျန်းမင်း၏ တပည့်များသည် လူနည်းစုဖြစ်သော်လည်း ရဲရဲတောက်များ ဖြစ်ကြသည်။ အသေအကြော ပြန်လည်တိုက်ခိုက်ကြရန် ဟန်ပြင်ထားသည်။ ယိကျီးရသေ့သည် လူပါးဖြစ်သည်။ မိမိဘက်မှ လူများစုဖြစ်သော်လည်း အကယ်၍ တိုက်ခိုက်ခဲ့ပါက ရောက်ရှိနေသော ရာပေါင်းများစွာသော လူစွမ်းကောင်းများသည်လည်း ကြည့်နေကြမည်မဟုတ်ကြောင်း သိသည်။ ဤကြောင်း ယိကျီးနှင့် ယိရင်းကျီတို့နှစ်ဦးသည် မျက်နှာချင်းဆိုင်ကာ ကြံရာမရ ဖြစ်နေကြသည်။

"ကျုပ်က သိုင်းလောကတစ်ခွင်မှာ နေရာအနှံ့ ရောက်ခဲ့ဖြူးပြီ။ လူစွမ်းကောင်းတွေကို မြင်ဖူးပေါင်းမနည်းတော့ဘူး။ ဒါပေမဲ့ ထွေးပြီးသား တံတွေးကို ပြန်မျိုချင်တဲ့ လူစွမ်းကောင်းကျိုးတော့ ကျုပ် ရောက်ရာနေရာမှာ မတွေ့ဖူးသေးပါဘူး"

"ခင်ဗျားကိုယ်တိုင်ပဲ ဂိုဏ်းချုပ်တာဝန်ကို လွှဲပြောင်းပေးလိုက်ပြီး တစ်ခါမပေးချင်ဘူးဆိုတော့ ခင်ဗျား ထျန်းမင်းဆိုတဲ့ နာမည်ကို ပြောင်းပစ်လိုက်ဖို့ကောင်းနေပြီ"

စကားဆုံးသည်နှင့် ပင်နီဝတ်ထားသော လူသည် လူအုပ်ထဲသို့ ခုန်လွှားဝင်ရောက်သွားတော့သည်။ ပြီးနောက် ရုတ်တရက် ဘယ်လက်ကို လှုပ်ရှားလိုက်ပြီး ထျန်းမင်း၏ ခေါင်းပေါ်သို့ ခမောက်နှင့် ခုတ်ချလိုက်သည်။

ထျန်းမင်းက မခုခံတော့ဘဲ ထိုလူ၏ ရင်ဝသို့ ဓားရှည်ဖြင့် ထိုးသွင်းလိုက်လေသည်။

ထိုလူက ခုန်ပျံကျော်လွှားသွားပြီး ထျန်းမင်း၏ နောက်ကျောတွင် ခြေဖြန့်ကျသွား၏။ ထျန်းမင်း၏ နောက်ကျောကို ခြေပုံဖြင့် ပြန်တိုက်ခြင်းတို့သည် လျင်မြန်လွန်းပြီး လှပဆန်းကြယ်သောကြောင့် လူအပ်ကြားမှ အဆင့်မြင့်သိုင်းသမားများက တိုလူ၏ သိုင်းပညာကို မချီးကျူးဘဲ မနေနိုင်ကြ။

ထျန်းမင်းသည် ဤအကွက်မျိုးဖြင့် တိုက်ခိုက်ခံရမည်ကို လုံးဝ မမျှော်လင့်ထားပေ။ နောက်ကျေသွေးကြောကွက်နေရာကို အကန်ခံလိုက်ရသည်။ တိုသွေးကြောကွက်မှာ သွေးကြောပိတ်ခံလိုက်သည်။ ထျန်းမင်း၏ တပည့်များက ထိုလူကို ဓားဖြင့် ဝိုင်းဝန်းထိုးနှက်တိုက်ခိုက်ကြ၏။ တိုလူက ထျန်းမင်း၏ ကုပ်ကို ဆွဲကာ ဒိုင်းအဖြစ် အကာအကွယ်ပြုသောကြောင့် ထျန်းမင်း၏ တပည့်များသည် ဆက်လက်မတိုက်ဝံ့ကြချေ။

"မင်းတို့ နောက်ထပ်တိုက်ရင် ထျန်းမင်းရသေ့ရဲ့ ခေါင်းကို ငါ ဖြတ်ယူလိုက်မယ်"

ပြောပြီးသည်နှင့် တိုလူသည် ထျန်းမင်း၏ ဆံပင်ကို ဆုပ်ဆွဲယူလိုက်သည်။

"ဒါ ဘာလုပ်တာလဲ။ လူစွမ်းကောင်း အပြုအမူ မဟုတ်ဘူး"

ထိုလူက ဘယ်လက်ကို မြှောက်တင်လိုက်ပြီး ထျန်းမင်း၏ ပါးကို ဖျောင်းခနဲမြည်အောင် ရိုက်ချလိုက်လေသည်။

"ငါ့ကို စော်ကားရင် ဒီလိုပဲ ခံရမယ်"

လူရှေ့သူရှေ့တွင် မိမိတို့ဆရာကို စော်ကားနေသော်လည်း ခဲမိတို့၏ ဆရာက သူများလက်ခုပ်ထဲ ရောက်နေသောကြောင့် ထျန်းမင်း၏ တပည့်များသည် ဓားဖြင့် ဝိုင်းတိုးချင်သော်လည်း မတတ်သာချေ။ ထျန်းမင်း၏ တပည့်တစ်ဦးက အော်ဆဲသည်။

"ခွေးမျိုး၊ ခွေးတိရစ္ဆာန်"

ထိုလူက ထျန်းမင်း၏ နားရင်းကို တစ်ချက်ရိုက်လိုက်ပြန်သည်။

"မင်း သင်ထားတဲ့ တပည့်တွေက လူပုံအလယ်မှာ ကြားမကောင်းအောင်ပြောတယ်။ တပည့်မကောင်း ဆရာ့ခေါင်း ... ကဲ"

ထျန်းမင်း၏ ပါးစပ်မှ သွေးများ အန်ထွက်လာသည်။ ထိုလူက ထျန်းမင်းကို ကိုင်ပေါက်ပစ်ရန် ကြံစည်ပြန်သည်။ ထျန်းမင်းသည် တိုလူဘက်သို့ လှည့်လိုက်ပြီး ပါးစပ်ထဲမှ သွေးများဖြင့် ပစ်ထွေးလိုက်သောကြောင့် တိုလူ၏ မျက်နှာနှင့် ခေါင်းဘွင် သွေးများ ပေကျံကုန်သည်။ တစ်ချိန်တည်းတွင် ထျန်းမင်းက လက်နှစ်ဖက်ကို အားစိုက်ထုတ်၍ ထိုလူ၏ လယ်ကုပ်ကို ဆုပ်ဖမ်းလိုက်သည်။ ထိုလူ၏ ကျောရိုးသည် ထျန်းမင်း၏ လက်

ချက်မကြောင့် ကျိုးသွားတော့သည်။ ထျန်မင်း အားကုန်လှုပ်ရှား လိုက်ပြန်သောအခါ ထိုလူသည် ဆယ်ပေးခန့် လွင့်စဉ်ထွက်သွား ပြီး ဆန့်ငင်ဆန့်ငင်ဖြစ်ကာ ငြိမ်သက်သွားလေတော့၏။

ထျန်းမင်းသည် ထောင်ထောင်မောင်းမောင်း လူတစ်ယောက် ဖြစ်၍ တစ်ကိုယ်လုံး သွေးများ ပေကျံနေကာ မျက်နှာထားမှာ ကြောက်မက်ဖွယ်ရာ ကောင်းနေလေသည်။ ဆက်လက်၍ သွေး များ အန်လိုက်ပြန်သည်။ ပြီးနောက် မြေပြင်ပေါ်သို့ ထိုးလဲကာ အသက်ထွက်သွားလေတော့သည်။

"ဂိုဏ်းချုပ် ကျိုးလိန်းရှန်။ ခင်ဗျားက အရှေ့ပင်လယ်ဆိုး ညီနောင်လူမျိုးကို အသုံးချပြီး ထျန်းမင်းရသေ့ကို သတ်ဖြတ်ခိုင်း တာဟာ မလွန်လွန်းဘူးလား"

အသံလာရာသို့ ကြည့်လိုက်သောအခါ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် အဘိုးအိုသည် ခေါက်ဆွဲထမ်းရောင်းရင်း သိုင်းလောကတစ်ခွင်တွင် ဝင်ထွက်နေသူသည် ဟိုစန်းချိုဖြစ်၏။

ထျန်းမင်း၏ တပည့်များသည် ခေါက်ဆွဲသည်သိုင်းသမား အဘိုးအို ဟိုစန်းချို ပြောတော့မှပင် အရှေ့ပင်လယ်ဆိုးညီနောင်က မိမိတို့ဆရာကို လုပ်ကြံခြင်းဖြစ်ကြောင်း သိရလေသည်။

"ခင်ဗျား ဒီစကားပြောတာ ရယ်စရာကောင်းနေပါတယ်။ ဒီပုဂ္ဂိုလ်ကို ကျွန်တော် အခုမှ မြင်ဖူးတာပါ။ ဒီတော့ ကျွန်တော် စေခိုင်းပြီး လုပ်ကြံတာ ဘယ်ဖြစ်နိုင်ပါ့မလဲ"

ကျိုလိန်းရှန် ပြောလိုက်သည်။

''ဂိုဏ်းချုပ်ကျိုးလိန်ရှင်က ဆိုးညီနောင်ကို မသိဘူးဆိုရင် ထားပါတော့၊ ဆိုးညီနောင်ရဲ့ ဆရာသမားဖြစ်တဲ့ မျက်နှာပြားဆိုး

ကြီးဟယ်နဲ့ အပေါင်းအသင်းလုပ်တာကတော့ ရိုးရိုးသားသား မဖြစ်နိုင် ဘူး"

"နောင်တော်ကြီး ယိကျီး၊ နောင်တော်ကြီးက ထိုက်စန်း အဖွဲ့ရဲ့ ဂိုဏ်းချုပ်ဖြစ်ပါပြီ။ တောင်ငါးလုံး တစ်ဖွဲ့တည်းဖွဲ့ဖို့ ဘယ်လိုသဘောရပါသလဲ"

"တောင်ငါးလုံး အဖွဲ့ဖွဲ့ရတဲ့ ရည်ရွယ်ချက်က အလွန် ကောင်းမြတ်ပါတယ်။ ကျုပ်က ထျန်းမင်းလို ကိုယ်ကျိုးလောက် ဘကြည့်တတ်သူ မဟုတ်တော့ တောင်ငါးလုံးအဖွဲ့ဖွဲ့သာကို သဘောတူပါတယ်။ ကျုပ်နဲ့ ထိုက်စန်းတစ်ဖွဲ့လုံး ဂိုဏ်းချုပ်ကျိုးလိန် ရဲ့ လက်အောက်မှာ စီစဉ်သမျှကို လိုက်နာပါ့မယ်။ ဘေးလူ ကန့်ကွက်ချင်ရင် ထိုက်စန်းအဖွဲ့နဲ့ အရင်ရှင်းကြ"

ကျန် ထိုက်စန်းအဖွဲ့သားများသည် အသံဟိန်းနေအောင် အော်ဟစ် ထောက်ခံလိုက်ကြလေသည်။

"ထိုက်စန်းဂိုဏ်းချုပ်ရဲ့ သဘောထားကို ထိုက်စန်းတစ်ဖွဲ့ လုံး ထောက်ခံပါတယ်။ ကန့်ကွက်သူရှိရင် အဲဒီလူတွေနဲ့ အသေ အကြေ စာရင်းရှင်းမယ်"

"တောင်ငါးလုံး သွေးစင်းအဖွဲ့ထဲက ချုံစမ်းအဖွဲ့လည်း သဘောတူပြီ။ စုန်စမ်းအဖွဲ့လည်း သဘောတူပြီ။ တကယ်တော့ အကျိုးရှိမဲ့အလုပ်ကို လုပ်ကြတာဖြစ်လို့ သဘောမတူစရာအကြောင်း ရှိပါဘူး။ ဒီတောင်ငါးလုံးသွေးစည်းအဖွဲ့ဝင်ငါးဖွဲ့ ရှိတဲ့အနက်မှာ သုံးဖွဲ့သဘောထားကို ပြတ်ပြတ်သားသား သိရပါပြီ"

"ဝှာစမ်းအဖွဲ့နဲ့ ဟင်စမ်းအဖွဲ့ရဲ့ သဘောထားပဲလို့တော့ ဘယ်။ ဟင်စမ်းအဖွဲ့ရဲ့ ဂိုဏ်းချုပ်ဟောင်း ဆရာလေးသိမ့်ရှန်က

တောင် ငါးလုံးတစ်ဖွဲ့,ဖွဲ့ဖို့ကိစ္စကို ကျွန်တော့်ကို ကြိမ်ဖန်များစွာ လှုံ့ဆော်ခဲ့ဖူးပါတယ်။ ပြီးတော့ ဆရာလေးသိမ့်ကျင်နဲ့ သိမ့်ယိတို့ကလည်း တဖွဖွ တိုက်တွန်းခဲ့ဖူးပါတယ်”

ကျိုးလိန်ရှန်၏ စကားအဆုံးတွင် လူအုပ်ကြားမှ ကြည်လင်ပြတ်သားသော မိန်းမအသံတစ်သံ ထွက်ပေါ်လာသည်။

“ဂိုဏ်းချုပ်ကျိုလိန်းရှန် ပြောတာ တလွဲတချော်ဖြစ်နေပြီး ကြီးတော်တို့ အနိစ္စမရောက်မီမှာ တောင်ငါးလုံးအဖွဲ့ဖွဲ့ဖို့ အလွန်စိတ်နာကြည်းခဲ့တယ်။ အလွန်ဆန့်ကျင် ပြောဆိုခဲ့ဖူးပါတယ်။ ခုချိန်မှာ ကြီးတော်တို့ကို ဒီနေရာမျိုးမှာ ရှိစမ်းစေချင်ပါတယ်။ ဘာကယ်တော့ ကြီးတော်တို့ဟာ တောင်ငါးလုံးအဖွဲ့ ဖွဲ့ရေးကို လက်မခံဘဲ ငြင်းဆန်ခဲ့တာကြောင့် သူတစ်ပါး လုပ်ကြံလို့ ကွယ်လွန်အနိစ္စရောက်ရတာပါ။ ဂိုဏ်းချုပ်ကျိုးလိန်ရှင်က ကြီးတော်ရဲ့ ဆန္ဒကို ဘာဖြစ်လို့ ဖြောင်းပြန်ပြောဆိုရပါသလဲ”

အသံရှင်သည် အသက်ငယ်ရွယ်ပြီး ရုပ်ရည်ချောမောသည့် ဟင်စမ်းတပည့်မကလေး စင့်ဝေါဖြစ်သည်။

“ဆရာလေး သိမ့်ရှန်အနေနဲ့ တောင်ငါးလုံးဖွဲ့စည်းရေးကို ငြင်းစရာအကြောင်း မရှိပါဘူး။ ဆရာလေး သိမ့်ရှန်က သိုင်းပညာအလွန်ထက်မြက်တယ်။ ဉာဏ်ကောင်းပြီး အစွမ်းအစအလွန်ရှိတယ်။ တောင်ငါးလုံးအဖွဲ့ဖွဲ့စည်းပြီးတဲ့အချိန်မှ သူ့ကို ဂိုဏ်းချုပ်နေရာထားဖို့ ရည်စူးထားပြီးသားပါ။ သူကလွဲပြီး ဘယ်သူမှ ဂိုဏ်းချုပ်ဖြစ်စရာအကြောင်း မရှိဘူး။ ဒါပေမဲ့ စိတ်မကောင်းစရာအကြောင်းဖန်လာတော့ ဆရာလေး သိမ့်ရှန်ဟာ ရှောင်လင်ကျောင်းတိုက်မှာ မသမာသူလက်ချက်နဲ့ လုပ်ကြံခံလိုက်ရခြင်းပါပဲ”

ကျိုးလိန်ရှန်သည် ခေတ္တဆိုင်းငံ့ပြီး ဆက်၍ ပြောပြန်သည်။

“တစ်ချိန်က ဆရာလေးသုံးပါးနဲ့ ကျွန်တော် အချိန်ယူပြီး ဖွဲ့ခဲ့ဖူးပါတယ်။ ကျွန်တော်က တောင်ငါးလုံးအဖွဲ့ဖွဲ့စည်းခဲ့ချိန်မှာ ဆရာလေး သိမ့်ရှန်ကို ဂိုဏ်းချုပ်တာဝန် ထမ်းဆောင်စေချင်ပေမဲ့ ဆရာလေးသိမ့်ရှန်က လက်မခံဘဲ ငြင်းပယ်ခဲ့ပါတယ်။ ဒါပေမဲ့ ဆရာလေးက သိုင်းပညာ အလွန်မြင့်မားပြီး သိုင်းလောကတစ်ခွင်မှာ လူတိုင်း လေးစားရတဲ့လူဖြစ်လို့ ကျွန်တော် အတင်းတိုက်တွန်းလို့ ဆရာလေး သိမ့်ရှန်က သက်ပြင်းချကြီးချပြီး လက်ခံခဲ့ပါတယ်။ နှမြောစရာကောင်းတာက ဆရာလေး သိမ့်ရှန်ဟာ ရှောင်လင်ကျောင်းတိုက်မှာ မသမာသူရဲ့ လက်ချက်နဲ့ အသက်ဆုံးရှုံးသွားကြရပါတယ်”

“ဂိုဏ်းချုပ်ကျိုးလိန်ရှန် ပြောတာ မှားနေပြီဗျ။ သိမ့်ရှန်ဆရာလေးက ကျုပ်ကို အခါခါ ပြောဖူးတယ်။ သူက တောင်ငါးလုံးအဖွဲ့ဂိုဏ်းအဖြစ် ခင်ဗျားကိုပဲ တင်မယ်တဲ့”

အသံရှင်ကို လှမ်းကြည့်လိုက်သောအခါ ဟင်စမ်းအဖွဲ့ဝင်တစ်ယောက်ဟုသာ သိကြပြီး မည်သူမည်ဝါ ဖြစ်သည်ကိုတော့ သိသူတစ်ကမဝေခွဲတတ်ချေ။

“နောင်တော်ကြီးရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ။ ခုချိန်တုန်းက သိမ့်ရှန်ဆရာလေး ပြောခဲ့တာ ဟုတ်ပါတယ်။ ဒါပေမဲ့ သူသာရှိရင် ကျွန်တော့်က သူ့ကို ဦးစားပေးရမှာပါ”

ဟင်စမ်းအဖွဲ့မှ စကားပြောသူသည် ထောင်ကန်းရှန် ဖြစ်သည်။ ထောင်ကန်းရှန်သည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး နောက်သို့ဆုတ်နေသိန်ရှန် မေးသည်ကို ဖြန်လည်ဖြေကြားသည်။

"ကျုပ်နာမည်ကတော့ ထောင်ကန်းရှင်ပဲ။ ဒီငါးယောင်ကတော့ ကျုပ်ရဲ့ ညီတွေပေါ့"

ထောင်ကန်းရှင်သည် နတ်မင်းသားငါးပါးအား လက်ညှိုးညွှန်ပြပြီး ပြောလိုက်သည်။

"နာမည်ဂုဏ်သတင်းကို ကြားဖူးတာကြာပါပြီ။ ခုလို လူကိုမျှတိုင် မြင်တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်"

"ခင်ဗျားက ကျုပ်တို့ရဲ့ နာမည်ဂုဏ်သတင်းကို ကြားဖူးတာ ကြာပြီဆိုတော့ ဘာကို ကြားတာလဲ။ သိုင်းပညာမြင့်မားတဲ့သတင်းကို ကြားတာလား။ ဒါမှမဟုတ်ရင် အသိဉာဏ်ထက်မြက်တဲ့သတင်းကို ကြားရတာလား"

"ဘာတွေ ပြောနေတာပါလိမ့်။ အူကြောင်ကြောင် အကောင်တွေပါလား။ ဘာပဲဖြစ်ဖြစ်လေ၊ ငါ့ဘက်က ရပ်တည်ပြီး ငါ့ထောက်ခံဖေးမပြီး ပြောကြသူတွေ ဖြစ်မှာပဲ"

ဤသို့ စဉ်းစားတွေးတောပြီးနောက် ကျိုးလိန်ရှန်က နတ်မင်းသားနှစ်ပါးကို ပြန်ပြောသည်။

"ခင်ဗျားတို့ ခြောက်ဦးစလုံးဟာ သိုင်းပညာလည်း မြင့်မားပါတယ်။ ဉာဏ်ပညာလည်း ထက်မြက်ပါတယ်။ ဒါကြောင့် လေးစား ရိုသေပါတယ်"

"အင်း ... ကျုပ်တို့ သိုင်းပညာထက်မြက်တာတော့ တကယ်ဖါပဲ။ ဒါပေမဲ့ တစ်ယောက်ချင်းတော့ ခင်ဗျားကို ယှဉ်နိုင်ချင်မှ ယှဉ်နိုင်မယ်။ ဒါတော့ တာဝန်မယူဘူး။ ဒါပေမဲ့ ကျုပ်တို့ ညီအစ်ကိုခြောက်ယောက်ပေါင်းမိရင် လောင်းကျော်ပြိုလိုသာ မှတ်ပေတော့။ ခင်ဗျားလိုလူလည်း မတတ်နိုင်တော့ဘူး"

ထောင်ကန်းရှန်က ထရပ်ပြီး ပြောပြန်၏။

"တစ်ဦးချင်း ယှဉ်ရင် သိုင်းပညာက ခင်ဗျားကို မမီပေမဲ့ အသိဉာဏ်နဲ့ ဉာဏ်ရည်ဉာဏ်သွေးကတော့ ခင်ဗျားထက် အများကြီးသာတယ်"

ထောင်ဂုဏ်ရှန်ကလည်း ပြောပြန်သည်။

ကျိုးလိန်ရှန်သည် မျက်မှောင်ကုပ်ပြီး နတ်မင်းသားခြောက်ပါးကို ကြည့်လိုက်သည်။

"ကျုပ် ပြောတဲ့စကားထဲမှာ အမှားပါတယ် ထင်လို့လား။ မပါပါဘူး။ တစ်ချိန်တုန်းက သိမ့်ရှန်ဆရာလေးကိုယ်တိုင် ဗြောင်ဆုတ်ဖော်ချီးမွမ်းဖူးတယ်"

"ဆရာလေးသိမ့်ရှန်၊ သိမ့်ကျင်နဲ့ သိမ့်ယိတို့က အားလပ်လို့ ကျုပ်တို့နဲ့ ဝိုင်းဖွဲ့ပြီး စကားပြောကြတယ်။ သိမ့်ရိဆရာလေးက ဘာပြောသလဲဆိုတော့ တောင်ငါးလုံးအဖွဲ့ မဖွဲ့ဖြစ်ရင် မတတ်နိုင်ဘူး။ ဖွဲ့များဖွဲ့ဖြစ်ရင် ကျိုးလိန်ရှန်ကိုပဲ ဂိုဏ်းချုပ်တာဝန် အပ်နှင်းရမှာပဲတဲ့။ ဖွဲ့များဖွဲ့ဖြစ်ရင် မတတ်နိုင်ဘူး၊ ဖွဲ့များဖွဲ့ဖြစ်ရင် ကျိုးလိန်ရှန်ကိုပဲ ဂိုဏ်းချုပ်တာဝန်အပ်နှင်းရမှာပဲ။ သည်အတိုင်းပြောတယ်။ ခင်ဗျားယုံတယ် မဟုတ်လား"

"ခင်ဗျား သိပ်လည်း အလောတကြီး ဝမ်းမသာနဲ့ဦး။ စကားဆုံးအောင် နားထောင်။ ဆရာလေးသိမ့်ရှန်က ဘာဆက်ပြောသလဲဆိုတော့ သိုင်းလောကတစ်ခွင်က လူစွမ်းကောင်းတွေကို အကဲခတ်ကြည့်ပြီးပြီတဲ့။ ကျိုလိန်းရှန်ဟာ တောင်ငါးလုံးဂိုဏ်းချုပ် ဖြစ်မယ်ဆိုရင် ဖြစ်ထိုက်တယ်တဲ့။ ဒါပေမဲ့ ကျိုလိန်းရှန်ဟာ အလွန်သဘောထား နုငယ်သူတစ်ယောက် ဖြစ်တာကြောင့် သူ

သာ တောင်ငါးလုံးဂိုဏ်းချုပ်ဖြစ်ရင် ခွင့်လွှတ်မှု၊ သည်းခံမှုမရှိတော့ ငါ့တပည့်မလေးတွေ ဒုက္ခရောက်ကုန်မယ်တဲ့"

"သဘောထားလည်း ကြီးတယ်၊ သိုင်းပညာလည်း မြင့်မားတယ်၊ အစွမ်းအစလည်း အလွန်ရှိတယ်။ အဲသည်လူစွမ်းကောင်း ခြောက်ယောက်သာ တောင်ငါးလုံးဂိုဏ်းချုပ် လုပ်သင့်တယ်လို့ သိမ့်ရှန်ဆရာလေးက မှတ်ချက်ချဖူးတယ်"

ထောင်းကန်းရှန်က ဝင်ပြောလိုက်ပြန်သည်။

ကျိုလိန်းရှန်သည် ဟင်းခနဲတစ်ချက် အသံပြုပြီး မေးလိုက်သည်။

"ဘယ်က လူစွမ်းကောင်း ခြောက်ယောက်လဲ"

"သိမ့်ရှန်ဆရာလေး ချီးမွမ်းတာကို လက်မခံချင်ပါဘူး။ ချီးမွမ်းတဲ့ လူစွမ်းကောင်းခြောက်ယောက် ဆိုတာ ကျုပ်တို့ညီအစ်ကိုခြောက်ယောက်ပဲ ဖြစ်ပါတယ်"

ထောင်ဇာရှန်က ပြောလိုက်သည်။

"အဲဒီတုန်းက သိမ့်ရှန်ဆရာလေး ကျုပ်တို့ ညီအစ်ကို ခြောက်ယောက်ကို အမွမ်းတင်ပြောသံ ကြားတော့ ဆရာလေး သိမ့်ယိကတောင် လက်ခုပ်လက်ဝါးတီးပြီး ဩဘာပေး ထောက်ခံသေးတယ်။ နောင်တော် သိမ့်ယိ ဆရာလေးပြောတဲ့ စကားကို မှတ်မိသေးတယ် မဟုတ်လား"

ထောင်ကျီးရှန်က ပြောလိုက်ပြန်သည်။

"ကောင်းကောင်း မှတ်မိတာပေါ့။ ဆရာလေး သိမ့်ယိက ဩဘာပေးပြီး နတ်မင်းသားခြောက်ပါးဟာ ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးနဲ့ ယှဉ်ရင် အလှမ်းကွာဝေးတယ်။ ဂူတန်းဂိုဏ်းချုပ် ချုံးရွှီးရသေ့ကြီးနဲ့ ယှဉ်ရင်လည်း မမီသေးဘူး။ ဒါပေမဲ့ ဟောင်ငါးလုံး သွေးစည်းအဖွဲ့ထဲမှာတော့ သူတို့ကို ဘယ်သူမှ မယှဉ်နိုင်ဘူးတဲ့။ ပြီးတော့ ဆရာလေးသိမ့်ကျင့်လည်း ပြောတယ်။ ဩမလေး သိမ့်ရှန်ရဲ့ သိုင်းပညာနဲ့ အသိဉာဏ်က နတ်မင်းသားခြောက်ပါးထက်တော့ မည့်ဘူး။ ဒါပေမဲ့ မိန်းမသားဖြစ်လို့သည်လောက် များပြားတဲ့ လူတွေကို ဦးဆောင်ဖို့ မသင့်တော်ဖူးဘဲ့။ နတ်မင်းသားခြောက်ပါးနဲ့ပဲ သင့်တော်တယ်လို့ ဆိုတယ်"

လင်းဟူစုန်းသည် ရယ်ချင်စိတ်ကို မနည်းချုပ်တည်းထားရ၏။

နတ်မင်းသား ခြောက်ပါးသည် ကျိုလိန်းရှန်အား တမင်အနှောင့်အယှက် ပေးနေမှန်း သိသည်။ နတ်မင်းသား ခြောက်ပါး၏ အပြုအမူကို စုန်းစမ်းအဖွဲ့သားများနှင့် ကျိုလိန်းရှန်ကြိုတင်စည်ရုံးထားသည့် လူများမှလွဲ၍ ကျန်လူများသည် နှစ်သက်သဘောကျကြသည်။

အမြင်ကျယ်သော ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ဂူတန်းဂိုဏ်းချုပ်တို့မှာမူ ကျိုလိန်းရှန်၏ လက်ဝါးကြီးအုပ်လိုသော လောဘကို သိထားပြီး ဖြစ်သောကြောင့် နတ်မင်းသားခြောက်ပါးက ဤသို့ ကပေါက်တီ ကပေါက်ချာ ပြောနေခြင်းကို စိတ်ထဲမှ အားပေးမိ၏။

ရုတ်တရက် လူအုပ်ထဲမှာ ခက်ထန်သော အသံတစ်သံ ပေါ်ထွက်လာခဲ့သည်။

"ဘီလူးခြောက်ကောင် ဟင်စမ်းအဖွဲ့ရဲ့ သိမ့်ရှန်ဆရာလေး ပြောခဲ့တာကို ဘယ်သူကြားခဲ့တာလဲ"

"ဒါကတော့ ဟင်စမ်းအဖွဲ့က တပည့်ကလေးတွေ အကုန်ကြားတယ်။ ညာနေတာ မဟုတ်ဘူး။ ကလေးမ စင့်ဝေါ် ဟုတ်တယ မဟုတ်လား ပြောပြလိုက်စမ်း"

ထောင်ကန်းရှန်က ပြောလိုက်ပြန်သည်။

စင့်ဝေါ်သည် ရယ်ချင်သော်လည်း စိတ်ကိုထိန်း၍ ထရပ်ပြီး ...

"မမှားဘူး။ ကျွန်မတို့ ဆရာတွေက တောင်ငါးလုံးအဖွဲ့ တစ်ဖွဲ့ထဲ ဖွဲ့ဖို့ကို သဘောတူတယ်လို့ ဂိုဏ်းချုပ် ကျိုလိန်းရှန် ပြောခဲ့တာကိုကော ဘယ်သူ ကြားခဲ့လဲ။ ဟင်စမ်းအဖွဲ့က အစ်မတော်တွေ ကျွန်မတို့ကြီးဒေါ်တို့က အဲသည်လို ပြောတာ ကြားဖူးသလား"

"တစ်ခါမှ မကြားရဖူးဘူး"

ဟင်စမ်း တပည့်မများက ဝိုင်းအော်ဖြေကြ၏။

လူကြားထဲက အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"အဲဒါဂိုဏ်းချုပ်ကျိုလိန်းရှန် လိမ်ညာပြောတာ ဖြစ်ရမယ်"

"ဂိုဏ်းချုပ် ကျိုလိန်းရှန်နဲ့ နှိုင်းစာမယ်ဆိုရင် ကျွန်မတို့ ဆရာတွေက နတ်မင်းသားခြောက်ပါးကိုပဲ ပိုပြီး အားထားမှုရှိမှာ အမှန်ပဲ။ ကျွန်မတို့က ငယ်စဉ်ကဟည်းက ဆရာနဲ့အတူတူနေပြီး ကြီးပြင်းလာရတာ ကျွန်မတို့ ဆရာ့စိတ်ဓာတ်ကို ကျွန်မတို့ ထက်ပိုပြီး သိနိုင်သူ မရှိဘူး"

ဟင်စမ်း တပည့်တစ်ဦး ထရပ်ပြီး ပြောသည်။

"ကဲ ... ကြားကြရတဲ့ အတိုင်းပဲ။ ကျုပ်တို့ မုသားမသုံးဘူး။ သိမ့်ရှန် ဆရာလေးက ပြောတယ်။ တောင်ငါးလုံးအဖွဲ့ဖွဲ့ရင် နတ်မင်းသားခြောက်ပါးကို ဦးဆောင်မခိုင်းရင် ဘယ်သူ့ကို ဦးဆောင်ခိုင်းမလဲတဲ့။ ဆရာလေးသိမ့်ကျင်ရော၊ ဆရာလေးသိမ့်ယီကပါ ဆရာလေးသိမ့်ရှန် ပြောတာကို သဘောတူကြတယ်"

"ဟုတ်တာပေါ့။ သိမ့်ကျင့်ဆရာလေးကတောင် ပြောသေးတယ်။ ထိုက်စမ်း၊ စုန်စမ်း၊ ချူးစမ်း၊ ဝှာစမ်း၊ ဟင်စမ်း တစ်ဖွဲ့တည်း ဖြစ်သွားရင် ကျိုလိန်းရှန်က သိကြားမင်းမှ မဟုတ်ဘဲ။ ဘယ်လိုလုပ်ပြီး ဟိုခုန် သည်လွှား မလုပ်ရဘဲ ဘာတန်ခိုးနဲ့ အုပ်ချုပ်နိုင်မှတဲ့လဲ။ ဒီတော့ နတ်မင်းသားငါးပါးက တစ်ယောက်တစ်ဖွဲ့စီ ခွဲနေပြီး ကျန်တစ်ပါးက ငါးပါးကို ပြန်ဦးစီးတာဟာ အကောင်းဆုံးပဲတင့။ ဆရာလေး သိမ့်ယီကတောင် အစ်မတော်က စိတ်ကူးကောင်းတယ်ဆိုပြီး ပြောသေးတယ်။ ပြီးတော့ နတ်မင်းသား ခြောက်ပါးရဲ့ မိဘတွေကိုတောင် ချီးမွမ်းခန်း ဖွင့်သေးတယ်။ တောင်ငါးလုံး တစ်ဖွဲ့တည်းဖွဲ့မှာကို ကြိုသိလို့ အုပ်ချုပ်နိုင်အောင် မွေးထားပေးသလို ဖြစ်နေတယ်တဲ့။ ငါးယောက်ထက်လည်း မအောက်ဘူး။ ခြောက်ယောက်ထက်လည်း မပိုဘူး။ အံကိုက်နေတာပဲတဲ့"

ဤစကားများကို ကြားရသောသူအားလုံး မရယ်ဘဲ မနေနိုင်ကြချေ။ တောင်ထိပ်တစ်ခုလုံး တဟားဟား ရယ်မောသံ ဆူညံနေကြသည်။

ကျိုလိန်းရှန်သည် တောင်ငါးလုံးအဖွဲ့ကို ဖွဲ့စည်းရာတွင် တည်တည်ကြည်ကြည် လေးလေးနက်နက် ရှိစေချင်သော်လည်း နတ်မင်းသားခြောက်ပါးကြောင့် လိုလားချက်သို့ မရောက်တော့ဘဲ ရှိနေသည်။ ထို့ကြောင့် စိတ်ထဲမှ ကြိုးဝါးလိုက်သည်။

"ကိစ္စပြီးပြတ်သွားရင်တော့ မင်းတို့ခြောက်ယောက် အရှင်မထားတော့ဘူး။ ငါနဲ့တွေ့မယ်"

ကျိုလိန်းရှန်သည် ဤသို့ ကြိုးဝါးဖြီးနောက် မိမိအား အရှက်ကွဲ အကျိုးနည်းအောင် ပြုနေသည့် နတ်မင်းသားခြောက်ပါး၏ အန္တရာယ်ကို ရှင်းလင်းရန် လင်းဟူစုန်းအား လှမ်းပြီးမေး၏။

"ဟင်စမ်းဂိုဏ်းချုပ် ခြောက်ယောက်က ဘယ်လိုလူတွေလဲ။ ဟင်စမ်းအဖွဲ့ရဲ့ သဘောထားကို ဆုံးဖြတ်ပိုင်ခွင့်ရှိလို့လား"

"ကျုပ်တို့ လူစွမ်းကောင်း ခြောက်ယောက်လား။ ဟင်စမ်းဂိုဏ်းချုပ် လုပ်ချင်ရင် လွယ်တယ်။ မလုပ်ချင်လို့။ မလုပ်ချင်တာလည်း ခင်ဗျားလို အိုကြီးအိုမတစ်ယောက်နဲ့ တန်းတူညီညီ ဆက်ဆံရမှာစိုးလို့ပဲ"

"ဟုတ်တယ်။ သူ့လိုလူနဲ့တစ်တန်းတည်း ဆက်ဆံရရင် သိက္ခာမရှိဘူး။ ဒါကြောင့် ဟင်စမ်းဂိုဏ်းချုပ်ကို တမင် လင်ဟူစုန်းကို လုပ်ခိုင်းလိုက်ရတာ"

"လင်းဟူစုန်း ... မင်းက ဂိုဏ်းချုပ်တစ်ယောက် လုပ်နေပြီး ကိုယ့်ဂိုဏ်းသားတွေက လူရွှေ့သူရွှေ့မှာ စည်းမဲ့ကမ်းမဲ့ ပြောဆိုနေတာကို ထိန်းသိမ်းမှု မရှိဘဲ ကြည့်နေတော့မှာလား"

"ဒီနောင်တော် နတ်မင်းသား ခြောက်ပါးဟာ ရိုးသားဖြောင့်မတ်ပါတယ်။ မသမာသူ တစ်ယောက်ယောက်က ပြောဆိုတာနဲ့စာရင် စိတ်ချယုံကြည်ရပါတယ်"

လင်းဟူစုန်း၏ စကားကြောင့် ကျိုလိန်းရှန်သည် "ဟင့်" ခနဲ တစ်ချက် အသံပြုလိုက်၏။

"ဒါဖြင့် တောင်ငါးလုံး ဖွဲ့စည်းမဲ့ကိစ္စကို ဟင်စမ်းအဖွဲ့က လက်မခံဘူး ဆိုပါတော့"

ဟင်ဟူစုန်းက ခေါင်းကို ခါယမ်းပြလိုက်သည်။

"လက်ခံ မခံဘူးဆိုတာ ကျွန်တော် မဆုံးဖြတ်ရသေးပါဘူး။ ကျွန်တော်က ဗာစမ်းအဖွဲ့သားတစ်ယောက် ဖြစ်ခဲ့ဖူးတော့ ကျွန်တော့်ဆရာနဲ့ တစ်သဘောတည်း ရှိပါလိမ့်မယ်"

"ဒါဖြင့် ဗာစမ်းဂိုဏ်းချုပ် ပြောသမျှ မင်း လက်ခံမယ်ဆိုပါတော့"

"ဟုတ်ပါတယ်၊ ဟင်စမ်းအဖွဲ့နဲ့ ဗာစမ်းအဖွဲ့ဟာ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ပါတယ်"

ကျိုလိန်းရှန်သည် ဗာစမ်းအဖွဲ့သို့ လှမ်းကြည့်လိုက်ပြီး ...

"ဗာစမ်းဂိုဏ်းချုပ်ဆရာကြီး ယဲ့ပို့ချွင်၊ ဂိုဏ်းချုပ် လင်းဟူစုန်းက ခင်ဗျားရဲ့ ကျေးဇူးကို မမေ့ပျောက်တာဟာ ဝမ်းသာစရာပါပဲ။ ဂိုဏ်းချုပ်လင်းဟူစုန်းက ခင်ဗျားနဲ့ တစ်စိတ်တစ်ဝမ်းတည်းလို့ ပြောနေတယ်။ ဆရာကြီးယဲ့ပို့ချွင်ရဲ့ သဘောထားကကော ဘယ်လိုရှိပါသလဲ"

"ဂိုဏ်းချုပ်ကျိုလိန်းရှန် မေးလာတော့ ကျွန်တော့်အနေနဲ့ စဉ်းစားစရာ ဖြစ်လာတယ်။ အကောင်းဆုံး နည်းလမ်းတစ်ခုကို ကျွန်တော် တွေးမိတယ်"

ဤစကားကို ကြားရသောအခါ ပရိသတ်က ယဲ့ပို့ချွင်ကို ဝိုင်းပြုံကြည့်ကြ၏။

"ကျွန်တော်တို့ ဗာစမ်းအဖွဲ့ကို တည်ထောင်ခဲ့တာကလည်း နှစ်ပေါင်းတစ်ရာ ကျော်ပါပြီ။ အတွင်းအား ဦးစားပေးဂိုဏ်းနှင့်

ရှောင်လင်ဆရာတော်ကြီးက သာဓုသုံးကြိမ်ခေါ်လိုက်ပြီး...

"တကာကြီးယဲ့ပို့ချွင် ဒီစကားမျိုး ပြောတာ သင့်တင့်လျော်ကန်ပါတယ်။ သိုင်းလောကတစ်ခွင်မှာ သွေးထွက်သံယိုမှုနည်းစေတဲ့ သဘောပါပဲ"

"တင်ပါ့။ တပည့်တော်သိသလောက် ရှောင်လင်ကျောင်းဘိုက်ဟာ သိုင်းလောကတစ်ခွင်မှာ အကြီးမားဆုံး အဖွဲ့ကြီးပါ။ ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးလည်း သီလ သမာဓိရှိတဲ့ အတွက် သိုင်းလောကဂိုဏ်းအသီးသီးက ဆရာတော်ကြီးကို ကြည့်သိုလေးစားကပါတယ်။ ဆရာတော်ကြီး အမိန့်ရှိသလို လိုက်နာဆောင်ရွက်ကြမဲ့ အဖွဲ့တွေချည်း ဖြစ်တယ်ဆိုတာ တပည့်တော် သဘောပေါက်ပါတယ်။ ယနေ့အခြေအနေမှာ သိုင်းလောကတစ်ခွင်က ဂိုဏ်းတွေ အဖွဲ့တွေ မှိုလိုပေါက်နေပါတယ်။ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ချောင်းမြောင်းလုပ်ကြံမှုတွေလည်း နေ့စဉ်ရက်ဆက် ဖြစ်ပေါ်နေပါတယ်။ နောက်နောင် ဒီပြဿနာမျိုး ဆက်လက်မပေါ်ပေါက်အောင် ဘယ်ပုံဘယ်နည်း တားဆီးရမယ်ဆိုတာ တပည့်တော် စဉ်းစားနေခဲ့တာ ကြာပါပြီ။ ဒါပေမဲ့ မနေ့တစ်နေ့ကမှ ဘပည့်တော် အဖြေကို စဉ်းစားလို့ ရပါတယ်။ သိုင်းလောကတစ်ခွင်မှာ စည်းလုံးမှုမရှိဘဲ ဂိုဏ်းစိတ် အဖွဲ့စိတ်တွေ မွေးနေလို့ ဘိုက်ခိုက်သတ်ဖြတ်နေကြတာပါ။ တပည့်တော်ရဲ့ အယူအဆကို ဘပည့်တော် အတည်မပြုသေးပါဘူး။ ခုကြွရောက်လာကြတဲ့ ခိတ်ဆွေတွေ သွန်သင်ညွှန်ပြတာကို ခံယူချင်ပါသေးတယ်"

ယဲ့ပို့ချွင်က ခေတ္တစကားဖြတ်ထားလိုက်သောကြောင့် လူအုပ်ကြားမှ တောင်းဆိုသံအမျိုးမျိုး ထွက်ပေါ်လာသည်။

ဓားရေဦးစားပေးဂိုဏ်းဆိုပြီး ဂိုဏ်းကွဲခဲ့ရတာကို သိရှိပြီး ဖြစ်ပါလိမ့်မယ်။ ကိုယ့်ဂိုဏ်းအဖွဲ့ ညီအစ်ကိုတော် အချင်းချင်း သတ်ကြဖြတ်ကြတာကို ပြန်တွေးမိတော့ ကျွန်တော် ခုထိစိတ်မကောင်းဖြစ်နေပါတယ်"

"အဲဒါကို အကြောင်းပြုပြီး ကျွန်တော့်အဖို့ စဉ်းစားစရာဖြစ်နေပါတယ်။ သိုင်းလောကမှာ ဂိုဏ်းစိတ် အဖွဲ့စိတ်တွေမွေးပြီး သတ်ကြဖြတ်ကြ ဖြစ်ပျူးတော့ နောင်လည်း ဒီလိုဖြစ်မှာတွေးပူမိတယ်။ လူတိုင်းဟာ ဂိုဏ်းစိတ် အဖွဲ့စိတ်တွေ မမွေးဘဲ သွေးချင်းသားချင်းတွေလို သဘောထားနိုင်ရင် အကောင်းဆုံးပဲ။ မှဆိုးမတွေ နည်းသွားမယ်။ မိမဲ့ဘမဲ့ ကလေးတွေလည်း နည်းသွားမယ်"

လူအုပ်ကြားမှ လက်ခုပ် သြဘာသံများ ထွက်ပေါ်လာခဲ့သည်။

"ဗာစမ်းဂိုဏ်းချုပ် ယဲ့ပို့ချွင် ပြောတာ အမှန်ပဲ။ နည်းလမ်းကျတယ်။ ဒါကြောင့်လည်း ဒီပုဂ္ဂိုလ်ကို သမာဓိဓား ဆိုပြီးတင်စားကြတာပဲ"

လူအများက ယဲ့ပို့ချွင်ကို ဤသို့မှတ်ချက်ချလိုက်ကြ၏။ ယဲ့ပို့ချွင် စကားဆက်ပြောလိုက်သည်။

"သိုင်းအဖွဲ့တွေကို ပြန်ကြည့်ပါ။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူဘူး။ ပညာချင်းလည်း မတူဘူး။ မတူရုံတင်မကဘူး ဆန့်ကျင်ဘက်တောင် ဖြစ်ပါသေးတယ်။ ဒီတော့ သိုင်းအဖွဲ့တွေမှန်သရွေ့ကို စုပေါင်းပြီး ဂိုဏ်းစိတ် အဖွဲ့စိတ် ဖျောက်ဖို့ လက်တွေ့မှာ ဘယ်လိုမှ မလွယ်နိုင်တဲ့ ကိစ္စမျိုးမပဲ"

"ဆရာကြီးယဲ့ပို့ချွင် ဆက်ပြောပါ"

လူအများက သြဘာပေးကြပြန်သောကြောင့် ယဲ့ပို့ချွင်သည် လူသံစဲအောင်စောင့်ပြီး စကားဆက်လိုက်ပြန်သည်။

"ဒီလိုတွေးတောစဉ်းစားကြည့်တော့ ကျွန်တော် အဓိက အချက်နှစ်ချက်ပဲ သွားတွေ့တယ်။ တစ်ချက်ကတော့ ဆန္ဒစောလို့၊ နောက်တစ်ချက်ကတော့ အချိန်ကာလ အတိုင်းအတာကို စောင့်နိုင်ဖို့မှာ စိတ်မရှည်ကြလို့၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ခွဲခြားတာဟာ မလိုလားအပ်တဲ့ ကိစ္စပဲ၊ ကောင်းကျိုးကိုဆောင်ရွက်ရမှာလည်း ဆန္ဒစောနေရင် မဖြစ်ထွန်းနိုင်ဘူး။ လက်ရှိသိုင်းလောကတစ်ခွင်ကို ပြန်ကြည့်ပါ။ ကြီးမားတဲ့ဂိုဏ်းတွေ ရာနဲ့ချီပြီးရှိတယ်၊ ဘာပဲပြောပြော လူတိုင်းဟာ ကိုယ့်အဖွဲ့၊ ကိုယ့်ဂိုဏ်းကိုတော့ တွယ်တာစိတ် ရှိကြတာချည်းပဲ၊ ကိုယ့်အဖွဲ့ ကိုယ့်ဂိုဏ်းကို စွန့်ခွာဖို့ဆိုတာ လူတိုင်း စဉ်းစားမှာ မဟုတ်တဲ့ကိစ္စပဲ"

"ဆရာကြီးယဲ့ပို့ချွင် ခင်ဗျားရဲ့အမြင်က တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ပေါင်းစည်းဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ ဆိုလိုတာလား။ ဒီလိုဆိုရင်တော့ လူတိုင်း စိတ်ဓာတ်ကျကုန်မယ်"

ယဲ့ပို့ချွင်က ခေါင်းခါယမ်းပြီး ...။

"ကျွန်တော် ပြောနေတာက ဖြစ်ဖို့ခဲယဉ်းတယ်။ ခဲယဉ်းတဲ့အကြောင်းက ဆန္ဒကစောလို့၊ ပြီးတော့ အချိန်ကာလအပြောင်းအလဲကို မစောင့်နိုင်လို့၊ သည်သဘောပါ။ ဥပမာ ... နှစ်ပေါင်းငါးဆယ်ဆိုရင် ဘာလို့ မဖြစ်နိုင်စရာ အကြောင်းရှိမလဲ"

"အင်း ... ဆရာကြီး ယဲ့ပို့ချွင် ပြောသလိုဆိုရင် နှစ်ပေါင်းငါးဆယ်ကြာရင် ကျုပ်တို့တစ်တွေလည်း အရိုးတောင်ဆွေးရောပေါ့"

"ကျွန်တော်တို့ရဲ့ အဓိက ဦးတည်ချက်က အောင်ပန်းဆွတ်ခူးဖို့ပဲ ဖြစ်ရမယ်။ ဆိုရိုးစကားလည်း ရှိပါတယ်။ ရှေးလူကြီးတွေက အပင်ကိုစိုက်၊ နောင်လာနောက်သားတွေ အရိပ်ကိုခိုဆိုတာ။ ကျွန်တော်တို့ ကြိုးစားလို့ အသီးအပွင့်ကို မရရှိ မခံစားရတဲ့တိုင် အောင် နောင်လာနောက်သားတွေ ရိုခံစားရမယ်ဆိုရင် ကျေနပ်စရာကောင်းပါပြီ။ အချည်းအနှီးတော့ မဖြစ်တန်ကောင်းပါဘူး။ ရှင်းအောင်ပြောရရင် နှစ်အနည်းငယ်အတွင်း အင်း ... အလွန်ဆုံး ရှစ်နှစ် ဆယ်နှစ်ကြာမှ အောင်မြင်မှုရမှာ။ လူအများကိုညှိပြီး အကျိုးဆောင်ရမဲ့ ကိစ္စကိုး"

"အင်း ... ရှစ်နှစ် ဆယ်နှစ်အတွင်းတော့လည်း မဆိုးပါဘူး။ လူအများကိုညှိပြီး အကျိုးဆောင်ရမည့်ကိစ္စ ဆိုတာကို ပိုရှင်းအောင် ပြောစမ်းပါဦး"

ယဲ့ပို့ချွင်က ပြုံးလိုက်ပြီး ...

"ခုဂိုဏ်းချုပ်ကျိုလိန်းရှန်ရဲ့ အပြုအမူဟာ သိုင်းလောကတစ်ခွင်မှာ ကောင်းတဲ့အပြုအမူပါပဲ။ ဒါပေမဲ့ ရတ်တရက် သိုင်းလောကတစ်ခွင်က ဂိုဏ်းတွေကို ပျောက်ပျက်သွားအောင် လုပ်ဖို့ဆိုတာ မလွယ်ပါဘူး။ ပြီးတော့ စောစောက ကျွန်တော်ပြောသလို တစ်ဂိုဏ်းနဲ့ တစ်ဂိုဏ်းက သိုင်းပညာချင်း မတူလို့ ပေါင်းစည်းဖွဲ့ဖို့ဆိုတာ မလွယ်ပါဘူး။ တကယ်လို့သာ အောင်မြင်ခဲ့ရင် တောင်ငါးလုံးအဖွဲ့ဟာ သိုင်းလောကတစ်ခွင်မှာ စံနမူနာပြ ဖြစ်မှာပဲ"

လင်းဟူစုန်းသည် ယဲ့ပို့ချွင်၏ စကားကြောင့် ထိတ်လန့်သွားမိသည်။

ဤသို့ စဉ်းစားရင်း လင်းဟူစုန်းသည် ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ဂူတန်းဂိုဏ်းချုပ်ရသေ့ကြီး ချုံးရွှီးတို့ ဘက်သို့ လှမ်းကြည့်လိုက်သည်။

နှစ်ဦးစလုံးက ခေါင်းကိုခါယမ်းပြသည်ကို လင်းဟူစုန်း တွေ့မြင်လိုက်ရသည်။

"ရှင်းရှင်းပြောရရင် စုန်းစမ်းအဖွဲ့က တောင်ငါးလုံးအဖွဲ့ ဆိုပြီး တစ်ဖွဲ့တည်းဖွဲ့ဖို့ စိုင်းပြင်းတာမှာ အများရဲ့ဆန္ဒကို လိုက်လျောလိုက်တာပါပဲ။ အများစုပေါင်း ပါဝင်ရင် တောင်ငါးလုံးအဖွဲ့ဟာ ပိုပြီး အင်အားတောင့်တင်းမယ်။ ခုဆရာကြီးယဲ့ပို့ ချွင် ရှင်းလိုက်တော့ အကျိုးတရားတွေ ပိုပြီး ရှင်းရှင်းလင်းလင်း မြင်ရပါတယ်"

"တောင်ငါးလုံး ပေါင်းစည်းဖွဲ့လိုက်ရင် အင်အားကြီးမားလာမှာ အမှန်ပဲ။ ဒါပေမဲ့ အဓိက ဦးတည်ချက်ကတော့ သိုင်းလောက,က တခြားအဖွဲ့တွေကို တိုက်ခိုက်ဖို့ မဟုတ်ပါဘူး။ သိုင်းလောကမိတ်ဆွေတွေ အချင်းချင်း သွေးစည်းညီညွတ်ရေးကို ပဲ ဦးတည်မှာပါ။ ဒါကြောင့် တောင်ငါးလုံး ဖွဲ့စည်းတာဟာ စိုးရိမ်စရာ မရှိပါဘူး"

"ဒါဆိုရင် ဂုာစမ်းအဖွဲ့က တောင်ငါးလုံး တစ်ဖွဲ့တည်း ဖွဲ့စည်းတာကို သဘောတူတယ် ဆိုပါတော့"

ကျိုလိန်းရှန်က မေးလိုက်သည်။

"ဟုတ်ပါတယ်"

ကျိုလိန်းရှန်၏ မေးခွန်းကို ဖြေကြားပြီးနောက် ယဲ့ပို့ချွင်သည် လင်းဟူစုန်းကို လှမ်းကြည့်ပြီး ဆက်ပြောပြန်သည်။

"ဟင်စမ်းဂိုဏ်းချုပ်ဟာ တစ်ချိန်တုန်း ဂုာစမ်းအဖွဲ့သားတစ်ယောက် ဖြစ်ပါတယ်။ ဆရာတပည့် ဖြစ်ခဲ့တဲ့ သက်တမ်းလည်း နှစ်ပေါင်းနှစ်ဆယ်ကျော်လောက် ရှိခဲ့ပါတယ်။ ဂုာစမ်းအဖွဲ့က နှင်ထုတ်ခံရပေမဲ့ သူ့အနေနဲ့ ဂုာစမ်းအဖွဲ့ကို မမေ့ပျောက်နိုင်သေးတဲ့ စိတ်ဓာတ်မျိုး ရှိနေပါသေးတယ်။ နောက်တစ်ချိန်မှာ ဂုာစမ်းအဖွဲ့သားအဖြစ် ပြန်ဝင်ရောက်နိုင်ဖို့ မျှော်လင့်ထားပုံရပါတယ်။ ကျွန်တော်တို့ တောင်ငါးလုံးအဖွဲ့ဆိုပြီး ပြန်ဖွဲ့လိုက်တဲ့ အခါ လက်ခံတယ်ပဲဖြစ်ဖြစ်၊ လက်မခံတယ်ပဲဖြစ်ဖြစ် အတူတူပါပဲ"

ယဲ့ပို့ချွင်၏ စကားကြောင့် လင်းဟူစုန်းသည် ရင်ထဲတွင် လှုပ်ရှားသွားသည်။

"ဆရာက ငါ့ကို ဂုာစမ်းအဖွဲ့မှာတောင် ပြန်လက်ခံမဲ့သဘောပဲ။ ဆရာ ဆရာကတော်တို့နဲ့ ပြန်နေရရင် မဆိုးပါဘူး။ ဆရာ့စကားအရ တောင်ငါးလုံးအဖွဲ့ ဖွဲ့တာဟာ သိုင်းလောကတစ်ခွင် ကောင်းကျိုးကို သယ်ပိုးဖို့ ဖြစ်တယ်တဲ့။ ပြီးတော့ ဂုာစမ်း၊ ချုံးစမ်း၊ ဟင်စမ်း သုံးဖွဲ့ပေါင်းစည်းလိုက်ရင် ကျိုလိန်းရှန်ရဲ့ လိုအင်ဆန္ဒ ဘယ်နည်းနဲ့မှ ပြည့်ဝစရာ အကြောင်းမရှိတော့ဘူး"

လင်းဟူစုန်း ဤသို့တွေးတောနေစဉ် ကျိုလိန်းရှန်၏ စကားသံ ထွက်ပေါ်လာပြန်သည်။

"ဆရာကြီး ယဲ့ပို့ချွင်နဲ့ ဂိုဏ်းချုပ် လင်းဟူစုန်းတို့ သည်နေ့သည်နေရာမှာ ပြန်လည်တွေ့ဆုံ သင့်မြတ်သွားကြတာ ဝမ်းသာစရာ ကောင်းပါတယ်။ မင်္ဂလာပါပဲ"

"ဟင်စမ်းအဖွဲ့ထဲမှာ သိုင်းပညာမြင့်မားပြီး အတွေ့အကြုံရင့်ကျက်သူဟာ နတ်မင်းသားခြောက်ပါးပဲ ဖြစ်တယ်ဆိုတာ ကြွရောကလာကြတဲ့ ညီသည်တွေတောင် မကပါဘူး။ သိုင်းသမားအားလုံး သိပြီးဖြစ်ပါတယ်။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဟုတ်ပါတယ်"

လူအုပ်ကြီးက တစ်ခဲနက် ထောက်ခံလိုက်ကြ၏။

"လောကမှာ လူတိုင်းဟာ သိသင့်သိထိုက်ကာတွေကို သိကြတာချည်းပါပဲ။ အသိဉာဏ်ပညာ အလွန်ကြွယ်ဝပြီး သိုင်းပညာလည်း အလွန်မြင့်မားတဲ့ လူစွမ်းကောင်းခြောက်ဦးဟာ ဘယ်သူဘယ်တာ ဖြစ်တယ်ဆိုတာကို ကြွရောက်လာသူများ သိကြပါရဲ့လား"

ထောင်ဝှာရှန်း ဆက်လက်ပြီး မေးသည်။

လူနှစ်ရာကျော် သုံးရာခန့်၏ ရယ်မောသံသည် လွင်ပြင်ကြီးတစ်ခွင်လုံးသို့ လွှမ်မိုးသွားလေသည်။

"ခင်ဗျားတို့ နတ်မင်းသားခြောက်ပါးကလွဲရင် ဘယ်သူရှိဦးမှာလဲ"

လူအုပ်ကြီးမှ ထောက်ခံချက်ကို ကြားရသောအခါ ထောင်ကန်းရှန်က ထပြီး ...

"ကဲ ... ကြားကြတဲ့ အတိုင်းပါပဲ။ ဟင်စမ်းအဖွဲ့ရဲ့ ဂိုဏ်းချုပ်နေရာကို အများရဲ့သဘောအရ နတ်မင်းသားခြောက်ပါးသာသက်မခံရင် မသင့်တော်တဲ့ အခြေအနေကို ဆောက်ရောက်နေပါပြီ"

လူအများက ရယ်မောကြသော်လည်း စုန်းစမ်းအဖွဲ့သားဘစ်ယောက်က လှမ်းအော်ပြီး ပြောလိုက်သည်။

လူအုပ်ကြားမှ ဩဘာသံများ ဆူညံသွား၏။

"ဒီအစီအစဉ်ကို လုံးဝလက်မခံနိုင်ဘူး။ နှစ်လည်း မနှစ်သက်ဘူး"

ထောင်ကျီးရှန်က အော်ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

ထောင်ကန်းရှန်က မေးလိုက်သည်။

"ဟင်စမ်းဂိုဏ်းချုပ်ဟာ တို့ညီအစ်ကိုတော် ခြောက်ယောက်ပဲ ဖြစ်ထိုက်တယ် မဟုတ်ဘူးလား"

"ဟုတ်တယ် ... ဟုတ်တယ်"

ကျန်ညီအစ်ကိုငါးဦးက ထောက်ခံကြ၏။

"တို့က အားနာမှုအရ လင်းဟူစုန်းကို လက်လျှော့ပေးလိုက်တာ။ ဒါပေမဲ့ တို့ စည်းကမ်းချက်တစ်ခု တောင်းဆိုထားတာရှိသေးတယ်။ လင်းဟူစုန်းက ဂိုဏ်းချုပ်ဖြစ်ပေမဲ့ ဆရာလေးသိမ့်ရှန်၊ သိမ့်ကျင့်နဲ့ သိမ့်ဟိတို့အတွက် ရန်ကြွေးကို ပြန်ပြီးပေးဆပ်ရမယ်။ မဆပ်နိုင်ရင် ဂိုဏ်းချုပ်လူပ်လို့ မဖြစ်ဘူး မဟုတ်လား"

"ဟုတ်တယ်၊ သိပ်ဟုတ်တယ်"

နတ်မင်းသားခြောက်ပါးသည် စုန်းစမ်းဂိုဏ်းချုပ် ကျိုလိန်းရှန်ကို စိတ်အနှောင့်အယှက် ဖြစ်အောင် ပြောဆိုနေမှန်း ရိပ်မိသည်။

လင်းဟူစုန်းသည် ဆရာယဲ့ပို့ချွင် ကိုယ်တိုင် တောင်ငါးလုံးဖွဲ့စည်းရောက်သဘောတူလိုက်သောကြောင့် မိမိ၏ဆန္ဒကို ပြင်ဆင်ရန် အခက်အခဲ တွေ့နေလေသည်။ ယခု နတ်မင်းသားခြောက်ပါး အတိုင်အဖောက်နှင့် ပြောဆိုမေးမြန်းနေကြခြင်းသည် လင်းဟူစုန်း ကိုယ်စား ဖြေရှင်းပေးရာ ရောက်နေ၏။

"ဟေ့ ... မင်းတို့ခြောက်ကောင် ဘာလာနောင့်ယှက်နေတာလဲ။ စုန်းစမ်းတောင်အောက်ကို ဆင်းသွားကြစမ်း"

"ဟ ... ဒါက ဘယ်လိုသဘောလဲ။ ကြွပါ ကြွပါဆိုပြီး ဖိတ်တုန်းကလည်း မင်းတို့ စုန်းစမ်းအဖွဲ့ပဲ။ ခုရောက်လာတော့ ပြန်နှင်လွှတ်တယ်။ တို့ကလည်း မင်းတို့ ဘယ်လောက် ဆင်ကြဲကြဲတယ်ဆိုတာ လာကြည့်တာ။ နတိုင်းဆိုရင်တော့ ရှင်းနေပါပြီ။ မင်းတို့ပဲ ဦးစီးလုပ်ချင်တယ်။ မင်းတို့ပဲ ဂိုဏ်းချုပ်လုပ်ချင်တယ်။ ကြိုက်သလိုသာ လုပ်တော့။ တို့ ဟင်စမ်းအဖွဲ့ကတော့ အရေးလည်းမထားဘူး။ ကဲ ... ဟင်စမ်းအဖွဲ့ ပြန်ကြမယ်"

"ဟင်စမ်းအဖွဲ့ရဲ့ ရောင်းရင်းတွေ ပြောစရာ၊ ဆွေးနွေးစရာရှိရင် အေးအေးဆေးဆေး ဆွေးနွေးပြောဆိုဖို့ ဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီလောက် အလောတကြီး ထပြန်ရတာလဲ"

"ခင်ဗျားရဲ့ တပည့်တွေပဲ ကျုပ်တို့တစ်တွေကို တောင်အောက်ကို ဆင်းဆိုပြီး နှင်ချတာပဲ။ ကျုပ်တို့ သဘောနဲ့ကျုပ်တို့ ထပြန်တာမှ မဟုတ်ပဲ"

ထောင်ကန်းရှုန် လှမ်းအော်ပြောသည်။

ကျိုလိန်းရှုန်သည် လင်းဟူစုန်း ဘက်သို့လှည့်ပြီး ...

"ဂိုဏ်းချုပ် လင်းဟူစုန်း ကျုပ်တို့သိုင်းသမားဆိုတာ စကား ပြောပြီးရင် ပြောတဲ့အတိုင်း ဖြစ်ရတယ်။ စောစောကတော့ ဂုာစမ်းအဖွဲ့နဲ့ တစ်စိတ်တည်း တစ်ဝမ်းတည်းဆို။ ခု အဲဒီအတိုင်း မဟုတ်တော့ဘူးလား"

လင်းဟူစုန်းသည် ဆရာယဲ့ပို့ချွင်ကို လှမ်းကြည့်လိုက်သည်။ ယဲ့ပို့ချွင် ခေါင်းညိတ်ပြလိုက်သည်။ သို့သော ချူးရှီးနှင့် ဆရာတော်

ကြီးကို လှည့်ကြည့်လိုက်သောအခါ လင်းဟူစုန်းကို ဆရာတော်ကြီးနှင့် ချူးရှီးရသေ့ကြီးတို့က ခေါင်းခါယမ်းပြကြ၏။ ဤအချိန်ဘွင် ယဲ့ပို့ချွင်က ထရပ်ပြီး ...

"စုန်းကလေး မင်းနဲ့ငါဟာ ဆရာတပည့်သာ ဆိုတယ် ဘကယ်တော့ သားအဖနဲ့ မခြားဘူး။ ပြီးတော့ မင်းရဲ့ဆရာကတော်လည်း မင်းအပေါ် သိပ်ပြီး သံယောဇဉ်ကြီးမားတယ်။ ခုအချိန်ကစပြီး ရှေ့လျှောက် တို့တစ်တွေ သင့်သင့်မြတ်မြတ် ဖြစ်ကတာကို မင်း မလိုလားဘူးလား"

ယဲ့ပို့ချွင်၏ စကားကြောင့် လင်းဟူစုန်း၏ နှလုံးသားသည် ဆတ်ဆတ်ခါသွားသည်။ နောက်ထပ် တစ်စုံတစ်ရာ တွေးဝေစဉ်းဘားမနေတော့ပဲ ...

"ဆရာနဲ့ ဆရာကတော်က ကျွန်တော့်ကို မျှော်လင့်အားထားနေတာ့ ကျွန်တော်လည်း ဆရာရဲ့ဆန္ဒကို မငြင်းဆန်လိုပါဘူး"

လင်းဟူစုန်း ခေတ္တဆိုင်းလိုက်ပြီး ...

"ဒါပေမဲ့ ဆရာလေးသိမ့်ရှုန်၊ ဆရာလေးသိမ့်ကျင့်နဲ့ ဆရာဆေးသိမ်းယီတို့ရဲ့ ရန်ကြွေးကို ကျွန်တော် ဘယ်လိုလုပ် ပြန်ဆပ်ရမလဲ"

"စုန်းကလေး ... ဆရာသိမ့်ရှုန်၊ သိမ့်ကျင့်နဲ့ သိမ်းယီတို့သမာသူရဲ့ လုပ်ကြံမှုကြောင့် အသက်ဆုံးရှုံးရတာမို့ သိုင်းလောကဘစ်ခွင်က သိုင်းသမားတိုင်း ရင်နာလို့ မဆုံးဘူး။ ဟင်စမ်းအဖွဲ့သာ တောင်ငါးလုံးအထဲ ပါဝင်လိုက်ရင် ဟင်စမ်းအဖွဲ့ရဲ့ အရေးဦးစီးဟာလည်း ငါ့ကိစ္စ ဖြစ်သွားမှာပေါ့။ ခုချိန်မှာ ဆရာလေးသုံး

ပါးကို လုပ်ကြံတဲ့ မသမာသူကို ဖော်ထုတ်ဖို့ အရေးကြီးတယ်။ ဒါပေမဲ့ တောင်ငါးလုံးဖွဲ့ဖို့ကိစ္စလည်း ရှိနေတယ်”

“တောင်ငါးလုံးဖွဲ့ပြီးသွားရင် ခုကြွရောက်လာကြတဲ့ သိုင်းလောကက လူစွမ်းကောင်းတွေကိုလည်း အကူအညီ တောင်းရမယ်။ ဆရာလေးသုံးပါးကို လုပ်ကြံသွားတဲ့ မသမာသူကို ချေမှုန်းမယ်။ မသမာသူဟာ ဘယ်လောက်ပဲ သိုင်းပညာမြင့်မားမြင့်မား တို့တစ်တွေ ဝိုင်းဝန်းချေမှုန်းရင် အမှုန့်ဖြစ်သွားမယ်။ စကားကုန် ပြောရရင် မသမာသူဟာ တောင်ငါးလုံးအဖွဲ့ထဲက ဒိတ်ဒိတ်ကြဲပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေစေဦးတော့ မှုစရာမလိုဘူး”

“ဆရာကြီးယဲ့ပို့ချင် ပြောတာ မှန်ပါတယ်။ ဆရာယဲ့ပို့ချင် ဦးဆောင်ပြီး ဆရာလေးသုံးပါး၏ ရန်ကြွေးကို ဆပ်ပေးမယ်ဆိုရင်တော့ အလွန်ကျေးဇူးတင်ရမှာပါ”

“ကျုပ်က တာဝန်ယူပြီးတဲ့ နောက်တော့ တာဝန်ယူတဲ့အတိုင်း ဖြစ်စေရမှာပေါ့။ သုံးနှစ်အတွင်းမှာ ဆရာလေးသုံးပါးကို လုပ်ကြံတဲ့လူကို ဖော်ထုတ်ပြီး ရန်ကြွေးပြန်ဆပ်မပေးနိုင်ရင် ကျုပ် ယဲ့ပို့ချင်ဟာ လူယုတ်မာတစ်ယောက် ဆိုပြီး သိုင်းလောက တစ်ခွင်ကလူတွေ ယူဆကြပေတော့။”

ယဲ့ပို့ချင်၏ စကားကို ဟင်စမ်းအဖွဲ့သူများက လက်ခုပ်လက်ဝါးတီးပြီး တစ်ခဲနက် ထောက်ခံကြပြန်သည်။

လင်းယူစုန်းသည် ယဲ့ပို့ချင်၏ စကားကြောင့် အလေးအနက် စဉ်းစားကြည့်သည်။

“ငါ့မှာ ဆရာလေးသုံးပါး၏ ရန်ကြွေးဆပ်ရမဲ့ တာဝန်ရှိတယ်။ လူတိုင်းကလည်း ဆရာလေးသုံးပါးကို လုပ်ကြံတာ ကျိ

လိန်းရှန် ဖြစ်တယ်လို့ ထင်မြင်ယူဆနေကြတယ်။ ငါ ကျိလိန်းရှန်ကို မေးရင်လည်း သူငြင်းမှာပဲ။ ဆရာသည်စကားပြောပုံထောက်တော့ ဘယ်သူတယ်ဝါက ဆရာလေးသုံးပါးကို လုပ်ကြံတယ်ဆိုတာ ဆရာ သိထားပုံရတယ်”

“ဒီအစီအစဉ်အတိုင်း ဆိုရင် ကောင်းပါတယ်။ လက်မခံနိုင်စရာ အကြောင်းမရှိပါဘူး။ သိမ့်ရှန်ဆရာလေးသုံးပါးကို လုပ်ကြံတဲ့ မသမာသူကို ဖော်ထုတ်ရမယ်။ အဒီအချိန်မှာ အဲသည် ပုဂ္ဂိုလ်ဟာ တောင်ငါးလုံးအဖွဲ့ထဲက မြင့်မားတဲ့ပုဂ္ဂိုလ် ဖြစ်နေပစေချမ်းသာမပေးဘဲ သုတ်သင်မှာပဲ။ ဒါကို ဂိုဏ်းချုပ် ကျိလိန်းရှန် လက်ခံနိုင်မလား”

ကျိလိန်းရှန်သည် အေးစက်စက် လေသံဖြင့် ...

“ဒီစကားကို ဘာများ လက်မခံနိုင်စရာ ရှိလို့လဲ”

“ကြွရောက်လာကြတဲ့ သိုင်းလောက လူစွမ်းကောင်းတွေကြားကြတဲ့အတိုင်းပါပဲ။ ဟင်စမ်းအဖွဲ့ရဲ့ ဆရာလေးသုံးပါးကို မသိမာတဲ့နည်းနဲ့ သတ်ဖြတ်တဲ့သူကို ဖော်ထုတ်နိုင်ခဲ့ရင်၊ ဒါမှမဟုတ် တပည့်တွေကို စေလွှတ်ပြီး လုပ်ကြံခိုင်းတဲ့လူကို ဖော်ထုတ်နိုင်ခဲ့ရင် အဲဒီလုပ်ကြံစေခိုင်းသူဟာ တောင်ငါးလုံးအဖွဲ့မှာ ဘယ်လောက် အဆင့်မြင့်မားတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သူ့ကို သုတ်သင်ရှင်းလင်းဖို့ ကျွန်တော် တောင်းဆိုပါတယ်”

လူအုပ်ကြီး၏ တစ်ဝက်မျှသော လူများက လင်းဟူစုန်း၏ စကားကို တခဲနက် ထောက်ခံကြလေသည်။

“တောင်ငါးလုံးအဖွဲ့မှာ အရှေ့ကျွန်းမှာ ထိုက်စမ်း၊ မြောက်ကျွန်းမှာ ဟင်စမ်း၊ တောင်ကျွန်းမှာ ချုံးစမ်း၊ အနောက်ကျွန်းမှာ

ဝှာစမ်း၊ အလယ်ကျွန်းမှာ စုန်းစမ်း ဆိုပြီးရှိတယ်။ တောင်ငါးလုံးအဖွဲ့ဆိုပြီး ခုချိန်ကစပြီး အတည်ပြုလိုက်ပြီ။ တောင်ငါးလုံးအဖွဲ့ဆိုပြီး အဖွဲ့သစ် ဖြစ်ပေါ်ခဲ့ပြီးတဲ့နောက် ထိုက်စမ်း၊ ဝှာစမ်း၊ ဟင်စမ်း၊ ချုံးစမ်း၊ စုန်းစမ်းရယ်လို့ ခေါ်ပြောစရာ အကြောင်းမရှိတော့ဘူး။ တောင်ငါးလုံးအဖွဲ့ရဲ့ လက်အောက်မှာပဲ တစ်သွေးတစ်သံတစ်မိန့်တည်း ဖြစ်ရပါမယ်"

ကျိုလိန်းရှန်သည် စကားပြောပြီးသည်နှင့် ဘယ်လက်ကို ရုတ်တရက် ဒေ့ယမ်းထုတ်လိုက်သည်။ ဗျောက်အိုးဖောက်သံများ ဆူညံသွားတော့သည်။

"တောင်ငါးလုံးအဖွဲ့ရယ်လို့ ဖွဲ့ပြီးသွားတော့ နတ်မင်းသားခြောက်ပါးအနေနဲ့ ကန့်ကွက်စရာ အကြောင်းမရှိတော့ပါဘူး။ ဒါပေမဲ့ ဂိုဏ်းချုပ် ရွေးချယ်ပို့တော့ လိုတယ်လို့ ပြောချင်တယ်"

ထောင်ကန်းရှန်က ထရပ်ပြီး ပြောလိုက်သည်။ ထောင်ကန်းရှန်၏ စကားသည် သင့်တော်မှန်ကန်သည်။

"ဟုတ်တယ်၊ ဘယ်အဖွဲ့ ဘယ်ဂိုဏ်းမှာပဲဖြစ်ဖြစ် ဦးစီးဆိုတာ ရှိစမြဲပဲ။ တောင်ငါးလုံး အဖွဲ့မှာလည်း ဦးစီးဆိုတာ ရှိရမယ်။ လူအများစုက နတ်မင်းသားရဲ့ အစွမ်းအစကို အားထားယုံကြည်နေကြတော့ နတ်မင်းသား ခြောက်ပါးလည်း တောင်ငါးလုံးအဖွဲ့ရဲ့ ဦးစီးတာဝန်ကို ငြင်းပယ်ဖို့တော့ မကောင်းတော့ဘူး"

ထောင်ကန်းရှန် ပြောလိုက်သည်။

"စောစောက ဆရာကြီး ယဲ့ပို့ချွင် ပြောခဲ့တဲ့ တောင်ငါးလုံးအဖွဲ့ ဖွဲ့တာဟာ ကိုယ်ကျိုးအတွက် မဟုတ်ဘဲ သိုင်းလောကတစ်ခွင်ရဲ့ ကောင်းကျိုးဖြစ်တယ် ဆိုတဲ့ စကားဟာ သိပ်မှန်ပါ

ဘယ်။ ဒီတော့ ခုကြွရောက်လာကြတဲ့ လူများစုရဲ့ ဆန္ဒအတိုင်း ကျုပ်တို့ညီအစ်ကို ခြောက်ယောက်၌ ဦးစီးတာဝန်ကို ထမ်းရွက်ရမှာပဲ"

ထောင်ကျီးရှန် ဝင်ပြောလိုက်ပြန်သည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ လူတိုင်းက ကျုပ်တို့တစ်တွေကို အားကိုးနေကြတော့ ကျုပ်တို့ သည်တိုင်း ထိုင်နေလို့ ဘယ်ဖြစ်မလဲ။ လူအများရဲ့ အကျိုးဆောင်တဲ့ အနေနဲ့ တောင်ငါးလုံးဘဝန်ကို အများရဲ့ဆန္ဒအရ လက်ခံသင့်တယ်"

ထောင်ယဲ့ရှန် ဝင်ရောက်ပြောသည်။

ထိုအခိုက် စုန်းစမ်းအဖွဲ့မှ အဘိုးအိုတစ်ယောက်က ထရပ်ပြီး အော်ပြောလိုက်ပြန်သည်။

"မင်းတို့လို ရွားရွားပေါပေါ အကောင်ခြောက်ကောင်ကို ဘယ်သူက တောင်ငါးလုံးဂိုဏ်းချုပ်နေနတာ တင်မြောက်လို့လဲ။ ပြောစမ်းပါဦး။ အရှက်မရှိကြတော့ဘူးလား"

နောက်တစ်ယောက်က အော်ပြောပြန်သည်။

"ဒီနေ့ဟာ မင်္ဂလာရှိတဲ့ နေ့မို့ပေါ့၊ မဟုတ်ရင် မင်းတို့ ခြောက်ကောင် ခြေပြတ်ပြီ"

"ဂိုဏ်းချုပ် လင်းဟူစုန်း အရှုးခြောက်ကောင် ဒီလို ဝင်နောက်နေတာကို ခင်ဗျား မထိန်းတော့ဘူးလား"

စကားသံများ စဲသွားသောအခါ ထောင်ဝှာရှန်က ထရပ်ပြီး ပြောသည်။

"သြော် ... လင်းဟူစုန်းက တောင်ငါးလုံးအဖွဲ့ရဲ့ ဂိုဏ်းချုပ် ဖြစ်သွားပြီကိုး။ မင်းက ဂိုဏ်းချုပ်လင်းဟူစုန်း ဆိုတော့

တောင်ငါးလုံးဂိုဏ်းချုပ်အနေနဲ့ တလေးတစား ခေါ်လိုက်တာပဲ ဖြစ်မယ်။ ကောင်းတယ်။ ခုနက ကျိုလိန်းရှန် ပြောသွားဖြီးပြီ။ ခုအချိန်ကစပြီး တောင်ငါးလုံးအဖွဲ့ပဲ ရှိတော့တယ်တဲ့။ သည်တော့ ဂိုဏ်ချုပ်ဆိုတာ တောင်ငါးလုံးဂိုဏ်းချုပ်လို့ ဆိုလိုတာပဲဖြစ်တယ်"

"လင်းဟူစုန်းဟာ သိုင်းပညာအနေနဲ့ တိုညီအစ်ကိုခြောက်ယောက်ထက် နည်းနည်းလေးတော့ နိမ့်တယ်။ ဒါပေမဲ့ သူ့ကို တောင်ငါးလုံးဂိုဏ်းချုပ်နေရာမှာ ခုလို သတ်မှတ်ရွေးချယ်တာ ဆီလျော်ပါတယ်"

ထောင်စုရှနန်က ထပြောပြန်သည်။

"စုန်းစမ်းအဖွဲ့က လင်းဟူစုန်းကို တောင်ငါးလုံးဂိုဏ်းချုပ် အဖြစ် ခုလို တင်မြှောက်တာကို ကြွရောက်လာကြသူတွေက ဘယ်လိုသဘောရသလဲ"

အမျိုးသမီး အသံများက ထောက်ခံကြောင်း တခဲနက်ပေါ် ထွက်လာသည်။

ထို့ကြောင့် စုန်းစမ်းအဖွဲ့မှ အဘိုးအိုသည် မျက်နှာနီမြန်းပြီး ဒေါသထွက်နေလေသည်။

"မင်းတို့ အဓိပ္ပာယ်ကောက် မှားနေပြီ။ ငါပြောတာ အဲဒီအဓိပ္ပာယ် မဟုတ်ဘူး"

"ခင်ဗျားက အဲဒီအဓိပ္ပာယ် မဟုတ်ဘူး ဆိုတော့ တောင်ငါးလုံးအဖွဲ့ရဲ့ ဂိုဏ်းချုပ်ဟာ လင်းဟူစုန်း မဟုတ်ဘဲ ကျုပ်တို့ နတ်မင်းသားခြောက်ပါးပဲ ဖြစ်တယ်လို့ ဆိုလိုတာပါ ဖြစ်ရမယ်"

"ဒါပေါ့။ ခင်ဗျားတို့ပဲ သဘောတူထားတာပဲ။ ဘာပဲဖြစ် ဖြစ် အကောင်းဆုံးကတော့ တို့တစ်တွေ တစ်နှစ် ခြောက်လ

ဆယ်တော့ ဂိုဏ်းချုပ်လုပ်ရမယ်။ ဒါမှ လူဖြစ်ရကျိုးနပ်မယ်။ ဦးတော့မှ သင့်တော်သူ တစ်ယောက်ယောက်ရှာပြီး လွှဲပေးရင် ကောင်းမယ်"

ထောင်ကန်းရှန်၏ စကားအဆုံးဝယ် ထောင်ကျိုးရှန်က ငြင်ရောက်ပြောဆိုပြန်သည်။ ထောင်ကန်းရှန်၏ စကားကို ကျန်နတ်မင်းသားငါးပါးက တစ်ယောက်တစ်ပေါက်နှင့် ထောက်ခံကြပြန်သည်။

"ခင်ဗျားတို့ ခြောက်ဦး စကားပြောတာ များပြီ။ စုန်းစမ်းတောင်ပေါ် ရောက်နေတဲ့ လူတွေရဲ့ ပြောစကားကို နားမထောင်ဘာ အကြောင်းမဟုတ်ဘူး။ ဒါပေမဲ့ တခြားပြောချင်သူတွေရှိရင်သည်း ပြောခွင့်ပေးဖို့ ကောင်းတယ်"

ကျိုလိန်းရှန်က ပြောလိုက်သည်။

"ကောင်းတယ်။ ဖြစ်ပါတယ်။ နောက်ထပ် ပါးစပ်လေသည်ချင်သူရဟိရင် ကျုပ်တို့ လက်ခံရမှာပေါ့"

အတန်ကြာ ငြိမ်သက်တိတ်ဆိတ်သွားပြီးမှ စုန်းစမ်းအဖွဲ့မှ အဘိုးအိုတစ်ယောက်က ထရပ်ပြီး ...

"လူစွမ်းကောင်း အပေါင်းတို့ခင်ဗျာ၊ ရှေးကြောင်ကြောင်သူခြောက်ဦး ပြောဆိုတာကို အရေးထားနေစရာ မလိုပါဘူး"

"ဒီလူ လေလည်တာ မဆိုးဘူး"

နတ်မင်းသား ခြောက်ပါးက ဝိုင်းဟားလိုက်ကြပြန်တော့သည်။

"တောင်ငါးလုံး သွေးစည်းအဖွဲ့ဟာ နဂိုကတည်းက သွေးစည်းခဲ့ပြီး ဖြစ်ပါတယ်။ သွေးစည်းအဖွဲ့မှာဆိုရင် ဂိုဏ်းချုပ်

ကျိုလိန်းရှန်ပဲ ဂိုဏ်းချုပ်ဦးသျှောင် အဖြစ် တာဝန်ယူခဲ့တဲ့ အစဉ်အလာ ရှိပါတယ်။ ခုတစ်ခါ ဂိုဏ်းချုပ် ကျိုလိန်းရှန်ကပဲ တောင်ငါးလုံးအဖွဲ့ဆိုပြီး အဖွဲ့ငါးဖွဲ့ကို တစ်ဖွဲ့တည်း ပေါင်းစည်းလိုက်တယ်။ ဂိုဏ်းချုပ်ကျိုလိန်းရှန်ပဲ တောင်ငါးလုံးအဖွဲ့ရဲ့ ဂိုဏ်းချုပ် တာဝန်ကို ဆက်လက် ထမ်းဆောင်သွားသင့်တယ်။ တခြားတစ်ယောက်ယောက်ကို ဂိုဏ်းချုပ်တာဝန် လွှဲပြောင်းပေးအပ်ဖို့ အကြောင်း မရှိပါဘူး"

"မှားပြီ။ ခင်ဗျားတို့ ပြောတာ မှားနေပြီ။ မဟုတ်တဲ့ဟာတွေ လျှောက်လေလည်နေတာပဲ။ ငါးဖွဲ့ကို တစ်ဖွဲ့တည်းဖြစ်အောင် ပြင်ဖွဲ့တယ် ဆိုကတည်းက ပထမဦးဆောင်တဲ့လူကို မနှစ်သက်လို့ပဲပေါ့"

ထောင်ဂုရှန်က ပြောလိုက်သည်။

"ဟုတ်တယ်။ သူပြောတာ သိပ်မှန်တယ်။ သူပြောတဲ့အတိုင်းပါပဲ။ တောင်ငါးလုံးအဖွဲ့မှာ ကျိုလိန်းရှန်ပဲ ဆက်ပြီး ဂိုဏ်းချုပ်လုပ်ရမယ်ဆိုရင် ဘာဖြစ်လို့ ပြင်ဖွဲ့နေစရာ လိုသေးလို့လဲ။ နဂိုအတိုင်း ထားပါတော့လား"

ထောင်စုရှန် ပြောပြန်သည်။

"ကျိုလိန်းရှန်က တောင်ငါးလုံး သွေးစည်းအဖွဲ့မှာ ဂိုဏ်းချုပ်ဦးသျှောင် လုပ်နေရာက ခုလို ပြုင်ဖွဲ့လိုက်တော့ ဘယ်နည်းနဲ့မှ ကျိုလိန်းရှန်ဟာ ဂိုဏ်းချုပ်မလုပ်သင့်တော့ဘူး"

ထောင်ကျိုးရှန်က ပြောလိုက်ပြန်သည်။

"ကျုပ်အမြင်ကတော့ တောင်ငါးလုံးဂိုဏ်းချုပ်ကို လူတိုင်းတစ်နေ့စီ လှည့်သွားရင် ကောင်းမယ်။ ဒီနေ့ တစ်ယောက်လုပ်။

နောက်နေ့ တစ်ယောက်လုပ်။ ဒီလိုဆိုရင် ဘယ်သူမှလဲ မနာဘူး။ ဘယ်သူမှလဲ မသာတော့ဘူး"

ထောင်စုရှန်က သူ့သဘောထားကို ပြောလိုက်ပြန်သည်။

"ကောင်းတယ်။ ဒီနည်းလမ်း မဆိုးဘူး။ ဒီနည်းလမ်းကို ချင့်သုံးမယ်ဆိုရင် အသက်အငယ်ဆုံးကနေ ငယ်စဉ် ကြီးလိုက် အထက်ကို တက်လာရမယ်။ ဒီတော့ ဟင်စမ်းအဖွဲ့ရဲ့ ချင်းကျွမ်းကို ဒီနေ့ကစပြီး တောင်ငါးလုံးဂိုဏ်းချုပ်တာဝန် အပ်နှင်းတာ အသင့်တော်ဆုံးပဲ"

စုန်းစမ်းအဖွဲ့ကို မနှစ်မြို့သည့် လူစုလူဝေးကြီးပါ တစ်ခဲနက် ထောက်ခံလိုက်ကြ၏။

"ကောင်းတယ်၊ အဲဒီအတိုင်းလုပ်၊ ဒါမှတရားမယ်"

"ကြိုက်ပြီ ... ကြိုက်ပြီ"

"ဟုတ်တယ် ... ဟုတ်တယ်"

"မှန်တယ် ... မှန်တယ်"

လူအုပ်ကြီးက တစ်ယောက် တစ်ပေါက် အော်ဟစ်ထောက်ခံနေကြသောကြောင့် အခြေအနေသည် တစ်စစ ရှုပ်ထွေးကုန်သည်။ ထိုအချိန်တွင် ထိုက်စမ်းအဖွဲ့မှ ရသေ့တစ်ဦး၏ ကျယ်လောင်စူးရှသော အော်ပြောသံက ဆက်ပေါ်လာခဲ့သည်။

"တောင်ငါးလုံးအဖွဲ့ရဲ့ ဂိုဏ်းချုပ်နေရာကို သိက္ခာသမာဓိတဲ့ လူတစ်ယောက်ယောက်ကို တင်မြှောက်မှပဲဖြစ်မယ်။ တွေ့ကရာစ်သောင်း တင်မြှောက်လို့ ဖြစ်တာမဟုတ်ဘူး။ ထုံးစံလည်းမရှိဘူး"

ထိုက်စမ်းရသေ့၏ အသံသည် လူအုပ်၏အသံကိုပင် ထိုးဖောက်သွားသည်။

"ကောင်းတယ်။ သိက္ခာသမာဓိရှိတဲ့ စကားကို ပြောကြစေ တမ်းဆိုရင် သိုင်းလောကတစ်ခွင်မှာ နတ်မင်းသားခြောက်ပါး က လွဲလို့ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးပဲ ရှိတော့ တယ်"

ထောင်ကျိရှန်က ထိုက်စမ်းရသေ့၏ စကားကို ချေပပြော ဆိုလိုက်သောကြောင့် လူအုပ်ကြီးက ကျယ်လောင်စွာ ဟားတိုက် ရယ်မောလိုက်ကြသည်။

"ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဝှမ်းသိမ်းထက် သိက္ခာသမာဓိရှိတဲ့လူ ရှိသေးလို့လား၊ ပြောစမ်းပါဦး"

ထောင်ကန်းရှန် ပြောလိုက်ပြန်သည်။

"ကဲ မပြောနိုင်ပုံထောက်တော့ ရှောင်လင်ဆရာတော်ကြီး ဝှမ်းသိမ်းဟာ သိက္ခာသမာဓိ အရှိဆုံး ဆိုတာ ထင်ရှားနေပြီ။ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးကို လူတိုင်းလည်း ကြည် ညိုတယ်။ ဒီတော့ တောင်ငါးလုံးအဖွဲ့ကို ရှောင်လင်ဆရာတော် ကြီး ဦးဆောင်တာဟာ အသင့်တော်ဆုံးပဲ"

စုန်းစမ်းနှင့် ထိုက်စမ်းအဖွဲ့သားများ၏ အော်ဟစ် ပြောဆို သံများ ထွက်ပေါ်လာပြန်သည်။

"ဆရာတော်ကြီး ဝှမ်းသိမ်းက ရှောင်လင်အဖွဲ့ရဲ့ ဦးစီး ဖြစ်တယ်။ တောင်ငါးလုံးအဖွဲ့နဲ့ ဘာဆိုင်လို့လဲ"

"ခုနက ရသေ့အိုကြီး ပြောတုန်းကတော့ တောင်ငါးလုံး ဂိုဏ်းချုပ်နေရာကို သိက္ခာသမာဓိရှိတဲ့ လူကိုပဲ တင်မြှောက်ရ မယ်ဆို။ ကျုပ်လည်း အတော့်ကို စဉ်းစားနေရတယ်။ သိုင်းလောက တစ်ခွင်မှာ သိက္ခာသမာဓိရှိတဲ့ နေရာမှာ ရှောင်လင်ကျောင်းထိုင်

ဆရာတော်ကြီးကိုမီသူ မရှိဘူး။ ကျုပ်တို့ ဆရာတော်ကြီးနဲ့ ယှဉ် ဒို့မရပါဘူး။ ဆရာတော်ကြီးက သိက္ခာသမာဓိ မရှိဘူးလို့ ဘယ် သူပြောခဲ့သလဲ"

ထောင်ကန်းရှန် ချေပပြောဆိုပြန်သည်။

"ဆရာတော်ကြီး ဝှမ်းသိမ်းဟာ ရှောင်လင်အဖွဲ့ကြီးကို ဦးဆောင်လာတာ ကြာပြီ။ တောင်ငါးလုံးအဖွဲ့လေးကို ဦးမဆောင် နိုင်စာ အကြောင်းမရှိဘူး။ ဘယ်လိုလူက ယုတ်ညံ့တဲ့စိတ်ထားနဲ့ အတင့်ရဲပြီး ဆရာတော်ကြီးကို တောင်ငါးလုံးဂိုဏ်းချုပ်နေရာနဲ့ ထိုက်တန်ဘူးလို့ ပြောခဲ့သလဲ"

ထောင်ကန်းရှန် ဝင်ပြောပြန်သည်။

ယီကျီးရသေ့ကြီးသည် မျက်မှောင်ကုတ်ပြီး ...

"ဆရာတော်ကြီး ဝှမ်းသိမ်းဟာ သိက္ခာသမာဓိ ရှိပါတယ်။ လူတိုင်းကလည်း ကြည်ညိုပါတယ်။ ဒါကို မငြင်းပါဘူး။ ဒါပေမဲ့ တောင်ငါးလုံးဂိုဏ်းချုပ်ဟာ တောင်ငါးလုံး အဖွဲ့ထဲကပဲ ဖြစ်ရ မယ်။ ဆရာတော်ကြီး ဝှမ်းသိမ်းက တကယ်တော့ ဧည့်သည်တော် ဘဝမျိုးသာ ဖြစ်တယ်။ ဆရာတော်ကြီးကို ဆွဲထည့်ဖို့မလို ဘူး"

"ခင်ဗျား ဆိုလိုချင်တာက ရှောင်လင်နဲ့ တောင်ငါးလုံးနဲ့ မပတ်သက်ဘူး ဆိုပါတော့"

ထောင်ကန်းရှန်က ယီကျီးရသေ့ကို မေးလိုက်သည်။

"ဟုတ်တယ်"

"အဲဒါ ဟုတ်ကိုမဟုတ်ဘူး။ ရှောင်လင်နဲ့ တောင်ငါးလုံးနဲ့ မပတ်သက်ဘူး ဆိုရင် မှားနေပြီ။ ပတ်သက်ကို ပတ်သက်ရမယ်"

"ခင်ဗျား သက်သက်ကပ်ဖဲ့ပြောနေတာပဲ။ တောင်ငါးလုံး ဆိုကတည်းက ငါးဖွဲ့ပဲ ရှိတယ်။ ရှောင်လင် မပါဘူး"

"မှားပြန်ပြီ၊ မှားပြန်ပြီ။ စောစောကပဲ ကျိုလိန်းရှန် ပြောသွားတယ်။ တောင်ငါးလုံး အဖွဲ့ဆိုတာ တစ်ဖွဲ့တည်းပဲ ရှိတော့တယ်တဲ့။ ငါးဖွဲ့မရှိဘူး။ ခင်ဗျားတို့က ခုထိ ကိုယ့်အဖွဲ့ကိုယ် စိတ်စွဲနေတုန်းပဲလား။ ဖျက်သိမ်းပြီးမှ လူအများရှေ့ ပြန်ထူထောင်ဦးမလို့လား"

"ဟုတ်တယ်၊ ခုပဲဖျက်၊ ခုပဲရေး၊ ဘယ်လိုလူစားမှန်းလဲ မသိဘူး။ သိက္ခာမရှိကြတဲ့ လူတွေပဲ"

ထောင်ဇာရှန်နဲ့ ထောင်စုရှန်းတို့ နှစ်ယောက် ပြောလိုက်သောကြောင့် လူအများက ဝိုင်းရယ်ကြသည်။

ယခုကဲ့သို့ ညီအစ်ကိုခြောက်ဦးစလုံး စိတ်တူကိုယ်တူ ပေါင်းစည်းလိုက်သောအခါ လူတစ်ယောက်၏ မှားကွက်ကို တစ်ယောက်က ပြန်လည်ချေပရန် အလွန်လွယ်ကူပေသည်။ ထို့ကြောင့် ယိကျီးရသေ့၏ မျက်နှာသည် အရောင်အမျိုးမျိုး ပြောင်းပြီး အလွန်ဒေါသ ထွက်နေသည်။

"တောင်ငါးလုံး အဖွဲ့ထဲမှာ ခင်ဗျားတို့လို လူခြောက်ယောက် ပါဝင်လာတာဟာ တောင်ငါးလုံးအဖွဲ့အတွက် အကုသိုလ်ပဲ"

"ဘာ ... ခင်ဗျားက တောင်ငါးလုံးအဖွဲ့အတွက် အကုသိုလ်ဝင်တယ် ဟုတ်လား။ ဘာလဲ ... တောင်ငါးလုံး အဖွဲ့သား မလုပ်ချင်တော့ဘူးလား"

ထောင်ဇာရှန်က ယိကျီးရသေ့ကို မေးလိုက်သည်။

"တောင်ငါးလုံးအဖွဲ့ ဖွဲ့ချိန်မှာ တောင်ငါးလုံး အဖွဲ့အတွက် အကုသိုလ်ဝင်တယ်လို့ ပြောတာဟာ စော်ကားတာပဲ။ တောင်ငါးလုံးအဖွဲ့ ခုလို စုပေါင်းဖွဲ့တာဟာ အင်အားကြီးမားဖို့ ဖြစ်ဘယ်။ အင်အားကြီးမားလာရင် သိုင်းလောကတစ်ခွင်မှာ အဖွဲ့ကြီးတွေဖြစ်တဲ့ ရှောင်လင်အဖွဲ့တို့နဲ့ ရင်ဘောင်တန်းနိုင်မယ်။ တောင်ငါးလုံးအဖွဲ့ အင်အားကြီးမားပြီး သိုင်းလောကတစ်ခွင်မှာ ကျော်ကြားအောင် ဆောင်ရွက်နေတဲ့ ခုလိုအချိန်မျိုးမှာ ခင်ဗျားက တောင်ငါးလုံးအတွက် အကုသိုလ် ဝင်တယ်ဆိုတော့ တောင်ငါးလုံးအဖွဲ့ရဲ့ ရည်ရွယ်ချက်ကို သက်သက် စော်ကားတာပဲ။ ယိကျီးရသေ့ကြီးက ခုလို မဂ်လာအချိန်မှာ ဘာလို့ အမင်္ဂလာစကား ပြောရတုန်းလဲ"

ထောင်စုရှန်က ဝင်ပြောလိုက်ပြန်သည်။

"ယိကျီးသေ့ကြီး ... ခင်ဗျားဟာ လူကောင်းမဟုတ်ဘူး။ တောင်ငါးလုံးအဖွဲ့ ဆိုပြီး ငါးဖွဲ့ပေါင်းပစ်ပြီးပြီ။ ဒါပေမဲ့ သူက သူ့ထိုက်စမ်းအဖွဲ့ကို စိတ်စွဲတုန်းပဲ။ သည်လို စိတ်ထားမျိုးထားရင် တောင်ငါးလုံးအဖွဲ့ဝင်အဖြစ် လက်ခံဖို့ မကောင်းဘူး။ ကျန်ဘဲ့လူတွေပါ စိတ်ဝမ်းကွဲနိုင်တယ်"

ယိကျီးရသေ့ကြီးသည် မိမိစကားပြော မှားသွားကြောင်း ရိပ်စားမိသောကြောင့် ဆက်လက်၍ မပြောတော့ဘဲ ဒေါသဖြစ်နေသော်လည်း ငြိမ်နေလိုက်သည်။

"ကျုပ်မြင်တာကတော့ ရှောင်လင်နဲ့ စုန်းစမ်းဟာ ပတ်သက်မှုရှိတယ်။ ဆက်စပ်နေတယ်။ ယိကျီးရသေ့ကြီးက မပတ်သက်ဘူး ပြောသွားတာ အံ့သြစရာပဲ"

ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ရှောင်လင်ဆရာတော်ကြီးက ဂိုဏ်းချုပ်လုပ်တော့ကော ဘာကြောင့် မသင့်တော်ရမှာလဲ။ ရှောင်လင်ဆရာတော်ကြီးဟာ တောင်ငါးလုံးအဖွဲ့ဝင် မဟုတ်ပေမဲ့ ဂိုဏ်းချုပ်လုပ်မယ်ဆိုရင် လူအများစုကတော့ လက်ခံကြမှာပါဗဲ့"

ထောင်ကန်းရှန် ပြောဆိုလိုက်ပြန်သည်။

"သိပ်မှန်တာပေါ့။ ဆရာတော်ကြီး ဝှမ်းသိမ်းထက် ဆောင်ငါးလုံးဂိုဏ်းချုပ်လုပ်ဖို့ သင့်တော်သူကို ကျုပ်ရှာလို့မတွေ့သေးဘူး။ ကျုပ်တို့ နတ်မင်းသား ခြောက်ပါးက ဆရာတော်ကြီး ဝှမ်းသိမ်းကို တောင်ငါးလုံးဂိုဏ်းချုပ် နေရာအတွက် အဆိုပြုတယ်။ ကန့်ကွက်မဲ့လူ ရှိပါသလား"

ထောင်ကန်းရှန်က အော်မေးလိုက်သည်။ လူအများက ငြိမ်သက်နေကြသည်။

"မလိုလားတဲ့လူရှိရင် ထွက်ခဲ့စမ်း။ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးက ကျုပ်တို့ထက် အဆင့်အတန်း မြင့်တယ်။ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနဲ့ မယှဉ်နဲ့ဦး၊ ကျုပ်တို့နဲ့ နတ်မင်းသား ခြောက်ပါးနဲ့ အရင်ယှဉ်ကြည့်။ ပြီးမှ ဝူတန်းဂိုဏ်းချုပ်ရသေ့ကြီး ချုံးရှိုးနဲ့ ယှဉ်ကြည့်ဦး"

ထောင်ဂုဂရန် အော်ဟစ်စိန်ခေါ်လိုက်သည်။

"နောင်တော် ဘာဖြစ်လို့ ဝူတန်းဂိုဏ်းချုပ်နဲ့ ယှဉ်ခိုင်းရတာလဲ"

ထောင်ကျီးရှန်က မေးလိုက်သည်။

"ဟာ ရှောင်လင်နဲ့ ဝူတန်းဟာ သိုင်းလောကမှာ အကြီးမားဆုံးအဖွဲ့ဝင်တွေပဲ။ ဖြစ်တယ်။ အထွတ်အထိပ်လည်း ဖြစ်တယ်။

ထောင်ကန်းရှန်က ဆွေးလိုက်ပြန်သည်။

"ပြော ... မင်းတို့ပဲ ပြောကြတော့။ ဟုတ်တာတွေ မဟုတ်တာတွေ ရှင်းလင်းပြနေရာ မလိုတော့ဘူး"

"အေး ... စဉ်းစားတယ် ဆိုတာ နည်းလမ်းတကျ ရှိရတယ်။ ပြောချင်ရာ ပြောလို့မဖြစ်ဘူး။ ရှောင်လင်က ဘယ်တောင့်၁ တည်ရှိပြီး စုန်းစမ်းက ဘယ်တောင်မှာ တည်ရှိသလဲ"

ထောင်ကန်းရှန်က မေးလိုက်သည်။

ရှောင်ဟင်ဟာ စောင်စုစမ်းတောင်မှာ ရှိတယ်။ စုန်းစမ်းအဖွဲ့က စောင်စုစမ်းရဲ့ နံဘေးမှာ မှီကပ်နေတယ်။ ဒီလိုဆက်စပ်နေပြီးတော့ မပတ်သက်ဘူးလို့ ပြောရသေးလား"

ထောင်ရှာရှန်းက ထပ်ပြောလိုက်သည်။

"စောစောက ဆရာကြီး ယဲ့ပို့ချွင် ပြောသွားတယ်။ သိုင်းလောကဂိုဏ်းအဖွဲ့တွေ ဖျက်သိမ်းပြီး ပေါင်းစည်းလိုက်ရင် စိတ်ဝမ်းမကွဲတော့ဘူး။ ဂိုဏ်းစိတ် အဖွဲ့စိတ် မရှိတော့ဘူး။ ဒီတော့ တိုက်ခိုက်သတ်ဖြတ်တာတွေလည်း နည်းသွားမယ်တဲ့။ ခုတစ်ခါ ယိကျီးရသေ့က လျှောက်ပြောနေပြန်ပြီ။ ရှောင်လင်နဲ့ ဝူတန်းဂိုဏ်းဟာ တောင်ငါးလုံးနဲ့ ဘာမှမဆိုမဆိုင်ဘူးတဲ့။ ဒီစကား က စိတ်ဝမ်းကွဲစေတဲ့ စကားပဲ။ ဆရာကြီးယဲ့ပို့ချွင်၊ ခင်ဗျားစောစောက တမင်လေလည်သွားတာလား"

"ဆရာတော်ကြီး ဝှမ်းသိမ်းဟာ သိက္ခာသမာဓိရှိပြီး လူတိုင်း ကြည်ညိုလေးစားကြတယ်။ ဆရာယဲ့ပို့ချွင် ပြောသလို သိုင်းလောကတစ်ခွင်က သိုင်းအဖွဲ့တွေ ဂိုဏ်းတွေ ပေါင်းပစ်ရင် ကောင်းတယ်တဲ့။ ခု တောင်ငါးလုံးနဲ့ ရှောင်လင်ပေါင်းရင်ကော

"ခင်ဗျားပြောပုံက တော်သားပဲ။ ခင်ဗျားက လူသတ်မဲ့စီတ်ဖြူးပြီး ကျုပ်တို့ညီအစ်ကို ခြောက်ယောက်ကို သတ်မယ်ဆိုပါဘာ"

ထောင်ကန်းရှန်၏ စကားဆုံးသွားသော်လည်း ယိကျီးရသေ့သည် တစ်စုံတစ်ရာ ပြန်မပြောဘဲ ငြိမ်သက်နေသည်။

"တောင်ငါးလုံး ပေါင်းစည်းမယ်ကြံတုန်း ခင်ဗျားတို့ ဆိုက်စမ်းအဖွဲ့က ညီအစ်ကိုအချင်းချင်း သတ်ဖြတ်ကြပြီးပြီ။ ခုဘစ်ခါ ခင်ဗျားပဲ ဟင်းစမ်းအဖွဲ့ရဲ့ ထိပ်သီးခြောက်ယောက်ကို သတ်ဦးမယ်ဆိုတော့ နောက်နောင် တောင်ငါးလုံးအဖွဲ့ဟာ သွေးစည်းညီညွတ်မှု ရှိနိုင်ပါဦးမလား။ အင်း ... သဲသဲယဖြစ်စရာပဲ"

ထောင်ကျီးရှန်က ပြောလိုက်သည်။ တစ်ဆက်တည်း ထောင်ဂုရှန်ပါ ပြောလိုက်သည်။

"ဟုတ်တယ်၊ စဉ်းစားစရာပဲ"

"တောင်ငါးလုံးအဖွဲ့ရဲ့ အနာဂတ်အကျိုးကို မျှော်ကိုးပြီး ကျုပ်တို့က ပြောနေတာ။ သိုင်းလောက,က ပုဂ္ဂိုလ်တွေလည်း လက်ခံကြတယ်။ သဘောကျကြတယ်"

ထောင်ယဲ့ရှန်က ပြောလိုက်ပြန်သည်။

"မင်းတို့ ပါးစပ်ကကော စကားကောင်း ထွက်လို့လား:"

ယိကျီးရသေ့ ကြားဖြတ်ပြောလိုက်သည်။

"တောင်ငါးလုံးဂိုဏ်းချုပ်နေရာကို ဘယ်သူ ဘယ်ဝါရတယ် ဆိုတာ ကျုပ်တို့မမှုဘူး။ ကျုပ်တို့က သိုင်းလောကရဲ့ ကောင်းကျိုးဆိုးကျိုးကို မျှော်ကိုးပြီး လူတိုင်းကြည်ညိုလေးစားရတဲ့ ပုဂ္ဂိုလ်ကို ရွေးချယ်ပြီး တင်မြှောက်တာ။ ခင်ဗျားကတော့ ကိုယ့်ဆန္ဒနဲ့

ပြီးတော့ ဆရာတော်ကြီးနဲ့ ဂူတန်းဂိုဏ်းချုပ်ဟာ ပတ်သက်ရာ ပတ်သက်ကြောင်း ရှိတယ်။ ရှောင်လင်ဆရာတော်ကြီးကို တိုက်ခိုက်ဖို့ ကြံနေမှတော့ ချုံးရှိုးရသေ့ကြီးက လက်ပိုက်ကြည့်နေမယ်တဲ့လား"

"ဟုတ်တယ်၊ ဟုတ်တယ်။ ဂူတန်းဂိုဏ်းချုပ်နဲ့ တိုက်ပြီးရင် ကျုပ်တို့နှတ်မင်းသားခြောက်ပါးနဲ့ ထပ်ပြီးတိုက်ရမယ်"

ထောင်စုရှန် ပြောလိုက်သည်။

"ဟင် ... ပထမ တို့နဲ့ယှဉ်ပြိုင်ရမယ် မဟုတ်လား။ ဂူတန်းနဲ့ ယှဉ်ပြိုင်လို့ နှတ်မင်းသားခြောက်ပါးက အရေးနိမ့်တော့မှ ဂူတန်းဂိုဏ်းချုပ်နဲ့ ယှဉ်ရမှာ မဟုတ်ဘူးလား။ ဘာပဲဖြစ်ဖြစ် နှတ်မင်းသားခြောက်ပါးက နောက်ဆုံးအဖွဲ့ကို အသေအကြေ တိုက်ခိုက်ရင်း မကျေနပ်ပွဲ နွံရမှာပဲပေါ့"

ယိကျီးရသေ့သည် ဒေါသကို ဆက်လက်မမျိုသိပ်နိုင်တော့ သောကြောင့် လွှားခနဲ ရှေ့သို့ခုန်ထွက်ခဲ့သည်။

"ဘီလူးခြောက်ကောင် ကျုပ် မကျေနပ်ဘူး။ ပြောနေရင် ကြာတယ်။ ခုပဲ တိုက်ချင်တယ်"

"ကျုပ်တို့တစ်တွေက တောင်ငါးလုံးအဖွဲ့သားချင်း ဆိုတော့ တိုက်ဖို့ကောင်းပါ့မလား။ ကိုယ့်ညီအစ်ကို အချင်းချင်း တိုက်ရာ မကျဘူးလား။ ဇာတ်တူသားစားသလို ဖြစ်မနေဘူးလား"

ထောင်ကျီးရှန် ပြန်ပြောလိုက်သည်။

"မင်းတို့ချည်းပဲ လျှောက်ပြောနေတယ်။ မင်းတို့ခြောက်ကောင် တောင်ငါးလုံးအဖွဲ့က ပျောက်သွားရင် ကောင်းမယ်။ မျက်စိရှင်း နားရှင်းသွားမယ်"

"ရပ်စမ်း။ နောက်ထပ် တစ်လှမ်းတိုးရင် ငါ့အလွန်မဟုတ်တော့ဘူး။ ငဲ့ညှာမှာ မဟုတ်တော့ဘူး"

"ဩော် ... မင်းက ဘယ်တုန်းက ငဲ့ညှာဖူးလို့လဲ။ ရှေ့ကို မတိုးရအောင် စုန်းစမ်းတောင်ကို မင်းတစ်ယောက်တည်း ပိုင် ဘယ်များ မှတ်နေသလား။ တိုးတော့ကော မင်းက ဘာလုပ်ဝံ့သလဲ ... ကဲ ..."

ယိကျိုးရသေ့၏ အရုပ်ဆိုးသော မျက်နှာထားသည် ညိုပုပ်သွား၏။ ထောင်ဂှာရှန်း၏ ရင်ညွန့်ဆီသို့ ဓားဖြင့်လှမ်းထိုးလိုက်သည်။ သို့သော် ထောင်ဂှာရှန်း တိမ်းရှောင်လိုက်နိုင်သည်။

"ခွေးကောင် ... မင်း ဘာလုပ်တာလဲ"

ယိကျိုးရသေ့သည် ထိုက်စမ်းအဖွဲ့၏ အထွတ်အထိပ်ဓား ကွက်များဖြင့် ထမ်မံတိုက်ခိုက်ပြန်သည်။ ထောင်ဂှာရှန်းက ဓား ချက်ကို တိမ်းရှောင်၍ စကားပြောရင်း ရှေ့သို့ဆက်လက်တိုးကပ်သွားသည်။ မိမိ၏ဓားကို ဆွဲမထုတ်နိုင်မီတွင်ပင် ယိကျိုးရသေ့၏ ဓားဦးက ထောင်ဂှာရှန်း၏ ဘယ်ပခုံးထဲသို့ စူးဝင်သွားတော့သည်။

အဖြစ်အပျက် မြန်ဆန်လွန်းပြီး ယိကျိုးရသေ့၏ဓားသည် လွှင့်ပျံထွက်သွား၍ ယိကျိုးရသေ့၏ ကိုယ်ခန္ဓာသည် လေထဲသို့ မြောက်တက်သွားသည်။ နတ်မင်းသား လေးပါးသည် ယိကျိုးရသေ့ကို ဖမ်းချုပ်ပြီးနောက် လေထဲတွင် မြောက်တင်ထားပြီး ဖြစ်နေလေသည်။

ထိုအခိုက်အဝါရောင် အရိပ်တစ်ခု ရုတ်တရက် ရောက်ရှိလာပြီး ဓားရောင်တစ်ချက် ဝင်းခနဲ ဖြစ်သွားသည်။ ထောင်ကျိုး

ကိုယ်ကျိုးလေးလောက်ကိုပဲ ကွက်ပြီးကြည့်တယ်။ ခင်ဗျားက သူများလာဘ်ထိုးတဲ့ ငွေဒင်္ဂါးသုံးထောင်နဲ့ မိန်းမချောလေး လေးယောက်မျက်နှာကို ထောက်နေရပေသကိုး"

ထောင်ဂှာရှန်း၏ မဟုတ်မမှန်သော စကားကြောင့် ယိကျိုးရသေ့သည် အသားတဆတ်ဆတ် တုန်အောင်ပင် ဒေါသထွက်လေသည်။

"မင်းတို့စကားပြောတာ လွန်ပြီ။ ဘယ်သူက ငွေဒင်္ဂါးသုံးထောင်နဲ့ မိန်းမချောလေး လေးယောက်ကို လာဘ်ထိုးလဲ၊ ပြောစမ်း"

"ဩော် ... အရေအတွက်ကတော့ နည်းနည်းပါးပါး လွဲမှားချင်လည်း မှားမှာပေါ့။ သုံးထောင်မကပဲ လေးထောင် ခြောက်ထောင် ဖြစ်နိုင်တယ်။ လေးယောက်မကဘဲ ငါးယောက် ခြောက်ယောက်လည်း ဖြစ်နိုင်တယ်။ ဘယ်သူက ခင်ဗျားကို လာဘ်ထိုးတယ်ဆိုတာ ခင်ဗျား အသိဆုံးပါပဲ"

ထောင်ဂှာရှန်း၏ စကားဆုံးသည်နှင့် ယိကျိုးရသေ့သည် ဓားရှည်ကို ဆွဲထုတ်လိုက်လေတော့သည်။

"မင်း နောက်ထပ်စကားပြောရင် သွေးထွက်သံယို မူဖြစ်အောင် ငါ လုပ်ရတော့မယ်"

ထောင်ဂှာရှနန်းက ယိကျိုးရသေ့ရှေ့သို့ လျှောက်သွားသည်။

"မင်းတို့က ကျန်းမင်းရသေ့ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြီးပြီ။ ခုတစ်ခါ ငါ့ကို သတ်ဦးမယ် ဆိုပါတော့။ ကြည့်ကြသေးတာပေါ့လေ။ ကဲ ... သတ္တိရှိရင် စမ်းကြည့်စမ်း"

ပြောရင်းနှင့် ထောင်ဂှာရှန်းသည် ယိကျိုးရသေ့ဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။

ရှန်၏ ခေါင်းပေါ်သို့ အဝါရောင်ဝတ်စုံဝတ် လူတစ်ယောက်က ဓားဖြင့် ခုတ်ချခြင်း ဖြစ်လေသည်။ သို့သော် ထောင်ဂုာရှန်းက ကြိုကင်တားဆီးလိုက်နိုင်သောကြောင့် ထောင်ကျီးရှန်၏ ခေါင်းပေါ်သို့ ခုတ်ချသည့် ဓားချက်သည် ထောင်ကန်းရှန်၏ ရင်ဝသို့ တိုးရောက်သွားပြန်သည်။ ထောင်ဂုာရှန်း ဓားရှည်ကို ဆွဲထုတ်ပြီး ထိုဓားချက်ကို ချေဖျက်ဖယ်ရှားလိုက်သည်။ ဓားဖြင့် ဝင်ရောက် ခုတ်ထစ်သူမှာ ကျိုလိန်းရှန်ပင် ဖြစ်သည်။

ကျိုလိန်းရှန်သည် နတ်မင်းသားခြောက်ပါးက မိမိ၏ အထွတ်အထိပ် ဓားကွက်နှစ်ကွက်ကို ခုခံချေဖျက်နိုင်သည်ကို တွေ့ရသောအခါ ထိတ်လန့်အံ့သြသွားမိသည်။ ယိကျီးရသေ့အား အသက်ကယ်လိုသော်လည်း လူအများရှေ့မှောက်တွင် အရေးနိမ့်ခဲ့လျှင် ပရိသတ် ဝိုင်းကဲ့ရဲ့စရာ ဖြစ်မည်။ ထို့ကြောင့် နောက်သို့ ပြန်ဆုတ်လိုက်သည်။

ထိုအချိန်တွင် ယိကျီးရသေ့သည် ငယ်သဲပါအောင် အော်ရင်း ကိုယ်ခန္ဓာသည် လွင့်စဉ်သွား၏။ ကျောက်ဖျာကြီးတစ်ခုနှင့် သွားရောက် ထိတွေ့ကာ ငြိမ်သက်သွားလေတော့သည်။

ထောင်ကျီးရှန်သည် ကျိုလိန်းရှန်ကို ရင်ဆိုင်လိုက်လေသည်။

"ခင်ဗျားက ယိကျီးရသေ့ကို ငွေသုံးထောင်နဲ့ မိန်းမချောလေး လေးယောက် လာဘ်ထိုးပြီး တောင်ငါးလုံးအဖွဲ့ ဂိုဏ်းချုပ်ဖြစ်ဖို့ ဝိုင်းကူခိုင်းတယ်။ ကျုပ်တို့သိသွားလို့ ဖော်ပြောတော့ ခင်ဗျားက သူ့ကို အသက်ရှင်မနေစေချင်တော့ဘူး မဟုတ်လား။ ဒါကြောင့် ယိကျီးရသေ့ကို ခင်ဗျား သေအောင်သတ်တာပေါ့"

"ဟုတ်တယ်၊ ခင်ဗျား ဝင်ပါလို့ ယိကျီးရသေ့ သေရတာ။ ဘာငါးလုံးအဖွဲ့ ဖွဲ့တဲ့အချိန်ဟာ မင်္ဂလာအချိန်ပဲ။ ဘယ်သူက သုသတ်ချင်ပါ့မလဲ။ ကျုပ်တို့က သူ့ကိုဖမ်းချုပ်ပြီး လေထဲမှာ ခွဲခြမ်းတင်ထားခဲ့တာဟာ သက်သက်ကျီစားတာပဲ"

ထောင်စုရှန်က ပြောလိုက်သည်။

"ယိကျီးက ကျုပ်ကို အသတ်တာ။ ဒါပေမဲ့ ကျုပ်တို့ညီအစ်ကိုတော်တွေက သူ့ကို ကျီစားရုံ ကျီစားတာ။ ခင်ဗျားဝင်မပါရင် သူ သေစရာ အကြောင်းမရှိဘူး"

ထောင်ဂုာရှန် အပြစ်တင်စကား ပြောပြန်၏။

ထောင်ယဲ့ရှန်သည် ယိကျီးရသေ့၏ ကိုယ်ခန္ဓာကို သယ်ဆောင်လာပြီး ကျိုလိန်းရှန်၏ ရှေ့သို့ ပစ်ချပေးလိုက်ပြီး ...

"ကျိုလိန်းရှန် ... ခင်ဗျား တော်တော်ယုတ်မာတဲ့လူပဲ။ ခင်ဗျားကြောင့် ယိကျီးရသေ့ ခုလိုသေရတာ"

"ခင်ဗျားက သူ့ကို နှုတ်ပိတ်ချင်ရင် ဓားနဲ့ဗြောင်ခုတ်သတ်လိုက်ရင်လည်း ပြီးတာပဲ။ ဒီလို ကောက်ကျစ်ဉာဏ်သုံးတာ မကောင်းဘူး"

ထောင်ကန်းရှန်လည်း အပြစ်တင်စကား ပြောပြန်၏။

"တောင်ငါးလုံးအဖွဲ့ ဖွဲ့ပြီးသွားပြီဆိုတော့ ညီအစ်ကိုတွေ ခြစ်သွားပြီ။ မပြေလည်တာရှိလည်း ညှိနှိုင်းဆွေးနွေးရင် ရတာပဲ။ သည်လို ကောက်ကျစ်ဉာဏ်သုံးပြီး အချင်းချင်း စိတ်ဝမ်းကွဲအောင် ဆွပေးတာ မကောင်းဘူး"

ထောင်ကန်းရှန်က ပြောသည်။ ထိုအခိုက်တွင် စုန်းစမ်းအဖွဲ့ထဲမှ အသက်ကြီးသူတစ်ယောက် ထွက်လာသည်။

လင်းဟူစုန်းသည် နတ်မင်းသားခြောက်ပါး ရှိရာသို့လျှောက်လှမ်းသွား၏။ အလွန်တိုးညင်းပြီး အတွင်းအား မြင့်မားသူများသာလျှင် ကြားနိုင်သည့် စကားသံကို လင်းဟူစုန်း ရုတ်တရက် ကြားလိုက်သည်။ အသံမှာ ကြည်လင်ချိုသာလှသည်။ လင်းဟူစုန်း နားထဲတွင် စွဲနေသည်။

"**အစ်ကို** ကျွန်မကို ရှာနေတာလား"

လင်းဟူစုန်းသည် ထိုအသံကို ကြားရသောကြောင့် ဝမ်းသာသွားသည်။ ယဉ်ယဉ်၏ အသံဖြစ်မှန်း သိသောကြောင့် အသံလာရာသို့ လင်းဟူစုန်း ကြည့်လိုက်သည်။ မုတ်ဆိတ်ကျင့်ယဉ်နှင့် ဝဝဖြိုးဖြိုး လူတစ်ယောက် ကျောက်နံရံကိုမှီကာ ဦးခေါင်းကို ကုတ်နေသည်ကို တွေ့ရသည်။

ဟုန်းစမ်းတောင်ပေါ်သို့ ရောက်လာကြသည့် ဧည့်ပရိသတ်သည် ထောင်နှင့်ချီ၍ ရှိသောကြောင့် ထိုမုတ်ဆိတ်ကျင့်ယဉ်နှင့်သူကို မည်သူမျှ သတိမထားမိ။

ထိုလူက ပြုံးပြလိုက်သောကြောင့် လင်းဟူစုန်းသည် အနီးသို့ **ချဉ်းကပ်သွား**သည်။

"**ဒီအနား**ကို **သိပ်**မကပ်နဲ့။ လူတွေ ရိပ်မိကုန်မယ်"

ယဉ်ယဉ်က ပါးစပ်လှုပ်ရုံကလေး လှုပ်ပြောလိုက်သည်။ အသံမှာ တိုးညင်းလှသည်။ သာမန်လူတစ်ယောက် **မည်သို့မျှ** ကြားနိုင်သော်လည်း **အတွင်းအား** ပြည့်ဝမြင့်မားသည့် **လင်းဟူစုန်းမှာမူ** ကြားနိုင်သည်။

လင်းဟူစုန်း ခြေလှမ်းကို ရုတ်တရက် ရပ်တန့်လိုက်သည်။

"**မင်း**တို့ဘိလူးခြောက်ကောင်ပဲ **လူသတ်မယ်**လုပ်လို့ ဂိုဏ်းချုပ်က တမင်ဝင်ကယ်တာ။ ဘာမဟုတ်**မဟပ် စွပ်စွဲနေ**ရတာလဲ"

"ကျုပ်တို့က ယိကျိုးရသေ့ကို **ကျိုးယဲ**တဲ့သဘောနဲ့ **ကိုယ်**ခေါင်းပေါ်မှာ ရွက်ထားတာ။ သူက **သေစေချင်**လို့ ဓားနဲ့**ဝင်ခုတ်**တာ မဟုတ်လို့ ဘာလဲ"

ထောင်ကျိုးရှန် ပြန်လည်**ချေပသည်**။

"ယောက်ျားပီပီ ဝန်ခံပြောရင် **ကောင်း**မယ်။ **ယိကျိုး**ကို သူက သေစေချင်နေတာ။ ယိကျိုးက **သူဝင်နှောင့်ယှက်**လို့ **ကြောက်**လန့်ပြီး ခုန်ထွက်သွားတော့ ကျောက်**ဖျာနဲ့ သွားစောင့်မိတာပဲ**"

ထောင်ယဲ့ရှန် ကြားဝင်ပြောပြန်သည်။

"**စကား**လည်း မတည်ကြည်၊ သစ္စာသမာဓိလည်း **မရှိဘဲနဲ့** ကောက်ကျစ်ဉာဏ်သုံးတဲ့သူက တောင်ငါးလုံးဂိုဏ်းချုပ် လုပ်ချင်သေးလား။ ကျိုလိန်းရှန်ရယ် စိတ်ကူးမယဉ်စမ်းပါနဲ့"

ထောင်ဂုရှန် ပြောလိုက်ပြန်၏။

ကျိုလိန်းရှန်သည် ယိကျိုးရသေ့ အသက်ဆုံးမည်စိုး၍ ဝင်ရောက်ကယ်ဆယ်ခြင်းသာ ဖြစ်၏။ နတ်မင်းသား ခြောက်ပါးသာလျှင် တစ်ဦးနှင့်တစ်ဦး စကားအပေးအယူပြုကာ ပြောဆိုနေကြခြင်း ဖြစ်သည်။ ထိုအဖြစ်ကို လင်းဟူစုန်း ရိပ်မိသည်။

နတ်မင်းသား**ခြောက်ပါး**သည် စကားအပေးအယူပြုပြီး ဤသို့ပြောဆိုနေခြင်းသည် တစ်ဦးတစ်ယောက်က နတ်မင်းသားခြောက်ပါး**အား** ညွှန်ကြားသွန်သင်ခြင်း ရှိရမည်။ ထောင်ဂုရှန်၏ ပခုံးတွင် ရရှိသော ဒဏ်ရာကို နတ်မင်းသားများက ဝိုင်းဝန်းဆေးထည့်ပေးနေသည်။

"လက်စသတ်တော့ ယဉ်ယဉ်ကိုး။ သူ့အဖေရဲ့ လေသံလိုင်းလွှင့် သိုင်းပညာကို သင်ကြားထားတယ်နဲ့ တူတယ်။ ပြီးတော့ နတ်မင်းသားခြောက်ပါးကို အမျိုးမျိုးပြောဆိုခိုင်းတာလည်း သူပဲ ဖြစ်ရမယ်"

ဤသို့ တွေးတောစဉ်းစားမိ၍ လင်းဟူစုန်းက ယဉ်ယဉ်ကို မေးလိုက်သည်။

"ငါက နတ်မင်းသား ခြောက်ပါးလို့ပဲ သိတယ်။ ခုမှ ခုနစ်ပါး ဖြစ်နေမှန်း သိရတော့တယ်။ ဟုတ်တယ် မဟုတ်လား"

လင်းဟူစုန်း၏ စကားကို ကြားရသောသူများ သဘောမပေါက်ဘဲ ဝိုင်းကြည့်ကြသည်။ ယဉ်ယဉ်က လေသံလိုင်းလွှင့် ပညာဖြင့် လင်းဟူစုန်းသာ ကြားနိုင်ရန် တီးတိုးပြောလိုက်သည်။

"ဘာလို့ လူတွေကြားနိုင်အောင် မေးနေတာလဲ။ ကျိုလိန်းရှန် ခုလို စိတ်ရှုပ်ထွေးပြီး ကယောက်ငယက် ဖြစ်နေချိန်မှာ ဂိုဏ်းချုပ်နေရာကို ရှင် အရယူဖို့ အကောင်းဆုံးပဲ"

ယဉ်ယဉ်၏ ဆန္ဒအတိုင်း လင်းဟူစုန်းသည် ယဉ်ယဉ်ထံ ပါးမှ ဆွဲကာခွဲ၏။

"ဆရာတော်ကြီး ဝှမ်းသိမ်းလို သိုင်းပညာ မြင့်မားပြီး သိက္ခာသမာဓိရှိတဲ့ ပုဂ္ဂိုလ်ကိုတောင် ဂိုဏ်းချုပ်နေရာ မပေးချင်ဘူး ဆိုရင် ကျိုလိန်းရှန်လို သစ္စာသမာဓိ မရှိတဲ့ လူကိုလည်း ဘယ်နည်းနဲ့မှ တောင်ငါးလုံးဂိုဏ်းချုပ် နေရာမှာ ထားဖို့မသင့်တော်ဘူး။ တစ်နည်းပဲ ရှိတော့တယ်၊ ဓားရေးမြင့်မားတဲ့ လူငယ်တစ်ယောက်ယောက်ကို တောင်ငါးလုံးဂိုဏ်းချုပ် ခန့်ရုံပဲ။ မကျေနပ်ရင် ငါ့ကို အရင်မြီးစမ်းကြည့်"

ထောင်ကန်းရှန်က ကျယ်လောင်စွာ အော်ပြောလိုက်သည်။

"လူငယ်ထဲကဆိုရင်တော့ လူစွမ်းကောင်းလေး လင်းဟူစုန်းပဲ ရှိတယ်၊ ဓားရေးလည်း မြင့်မားယ်။ ဇာစမ်းအဖွဲ့သားလည်း ဖြစ်ဖူးတယ်။ ဟင်စမ်းဂိုဏ်းချုပ်လည်း ဖြစ်တယ်။ ချုံးစမ်းအဖွဲ့ရဲ့ ဆရာကြီးမိုးနဲ့လည်း အပေးအယူ မျှတယ်။ တောင်ငါးလုံးမှာသုံးလုံးက ကန့်ကွက်စရာ ရှိဘူး။ ဂိုဏ်းချုပ်နေရာကို ခန့်ထားရင် သူ့ပဲ ခန့်ထားဖို့ ကောင်းတယ်"

ထောက်ကန်းရှန် ပြောပြန်သည်။

"ထိုက်စမ်းအဖွဲ့က ပုဂ္ဂိုလ်တွေဟာ ဦးနှောက်မရှိတဲ့ ပုဂ္ဂိုလ်ဘွမ မဟုတ်တာပဲ။ သူတို့လည်း ကန့်ကွက်မှာ မဟုတ်ဘူး"

ထောင်ကျိုးရှန် ဝင်ပြောလိုက်ပြန်သည်။

"ကျိုလိန်းရှန် ... ခင်ဗျားကော ကျေနပ်ပါ့မလား။ မကျေနပ်ရင် လင်းဟူစုန်းနဲ့ ယှဉ်ကြည့်လိုက်ပေါ့။ နိုင်တဲ့လူ ဂိုဏ်းချုပ်လုပ်တာ အကောင်းဆုံးပဲ"

ထောင်ပဲ့ရှန်း ကြားဖြတ် ပြောလိုက်သည်။

လူစုလူဝေးကြီးသည် ယှဉ်ပြိုင်တိုက်ခိုက်မှုကို ကြည့်လိုကြသည်။ ယခုကဲ့သို့ ယှဉ်ပြိုင်တိုက်ခိုက်ခြင်းဖြင့် ဂိုဏ်းချုပ်ရွေးချယ်ခံ နတ်မင်းသား ခြောက်ပါးက ပြောကြားသောအခါ တခဲနက် သဘောပေးပြီး ထောက်ခံကြလေသည်။

မိမိကို ထောက်ခံမည့် အသံများကို ကြားရသောကြောင့် လင်းဟူစုန်းသည် ...

"ကျိုလိန်းရှန်သာ တောင်ငါးလုံးအဖွဲ့ဂိုဏ်းချုပ် ဖြစ်ရင် သိုင်းလောကတစ်ခွင်မှာ ကောင်းကျိုးထက် ဆိုးကျိုးပိုရှိနိုင်တယ်။

ဒါကြောင့် ဆရာတော်ကြီး ဝမ်းသိမ်းနဲ့ ချုံးရွှီရသေ့ကြီးလည်း ကျိုလိန်းရှန်ဂိုဏ်းချုပ် မဖြစ်အောင် တားဆီးနှောင့်ယှက်ဖို့ ကုတ်တောင်းလို့ ငါပေးခဲ့တယ်။ ကျိုလိန်းရှန် ဂိုဏ်းချုပ်မဖြစ်ဘဲ ငါ့ဆရာဖြစ်ရင် ကောင်းတယ်။ ငါ့ဆရာကလွဲပြီး တောင်ငါးလုံးဂိုဏ်းချုပ် လုပ်ထိုက်သူ မရှိဘူး"

ဤသို့ စဉ်းစားတွေးတောမိသောကြောင့် လင်းဟူစုန်းသည် အသံကျယ်လောင်စွာ လှမ်းအော်ပြောလိုက်သည်။

"စဉ်းစားဉာဏ် ရှိသူတိုင်း တောင်ငါးလုံးဂိုဏ်းချုပ် နေရာဟာ ဆရာယဲ့ပို့ချင်နဲ့ပဲ ထိုက်တန်တယ် ဆိုတာ တွေးမိပါလိမ့်မယ်။ နောက်ထပ် ဆရာယဲ့ပို့ချင်နဲ့ ယှဉ်ဘက်မရှိနိုင်ပါဘူး။ ဆရာယဲ့ပို့ချင်ဟာ သိုင်းပညာ အဆင့်မြင့်မားပြီး စိတ်နေစိတ်ထားတည်ကြည်လို့ သမာဓိစားဆိုပြီး သိုင်းလောကတစ်ခွင်မှာ ကျော်ကြားခဲ့တာကို လူတိုင်းအသိ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာယဲ့ပို့ ဂိုဏ်းချုပ် တင်မြှောက်ဖို့ ကျွန်တော် အဆိုပြုပါတယ်"

ဗာစမ်းအဖွဲ့သားများ လက်ခုပ်တီးသြဘာ ပေးကြသည်။

"ဆရာကြီး ယဲ့ပို့ချင်နဲ့ သည်နေရာဟာ သင့်တော်ပါတယ်။ ဒါပေမဲ့ ဂိုဏ်းချုပ် ကျိုလိန်းရှန်နဲ့ ယှဉ်ရင် တစ်ဆင့် နိမ့်နေတယ်"

ဟုန်းစမီးအပျို့မှ အော်ပြောကြပြန်သည်။

နောက်ထပ် အော်ဟစ်ပြောဆိုသံများ လူအုပ်ကြားထဲမှ ထွက်ပေါ်လာပြန်သည်။

"တောင်ငါးလုံးဂိုဏ်းချုပ် နေရာဟာ ဂိုဏ်းချုပ် ကျိုလိန်းရှန်နဲ့ပဲ သင့်လျော်ဆုံးပဲ။ ပြီးတော့မှ ဆရာကြီး ယဲ့ပို့ချင်၊ ဆရာကြီးမိုး

ကွန်းကောင်းလေး လင်းဟူစုန်း ဆိုပါတော့။ နောက်ထပ် ငါရှိနဲ့ ယိရင်းကျီရသေ့တို့ တာဝန်ခွဲ ထမ်းဆောင်ရင်လည်း ရပါတယ်"

လင်းဟူစုန်းသည် အခြေအနေကို သုံးသပ်ကြည့်ပြီး ...

"ဒီနေ့ အခြေအနေကို ကြည့်ရတာကတော့ ကျိုလိန်းရှန် အပြတ်မှုရှင်းပစ်နိုင်ရင် ငါ့ဆရာ တောင်ငါးလုံးဂိုဏ်းချုပ်ဖြစ်ဖို့ ဘယ်မလွယ်ဘူး"

လင်းဟူစုန်းသည် ဤသို့ စဉ်းစားမိ၍ မားရှည်ကို ဆွဲထုတ်လိုက်သည်။

"ဆရာကြီးကျိုလိန်းရှန် ... ခုရောက်ရှိနေတဲ့ သိုင်းလောကတစ်ခွင်က လူစွမ်းကောင်းတွေဟာ သိုင်းပညာယှဉ်ပြိုင်ပြီးမှ ဂိုဏ်းချုပ်နေရာကို ရယူဖို့ တောင်းဆိုနေကြပါတယ်။ သည်တော့ ဒဏ်ချာနဲ့ ကျွန်တော်နဲ့ မားရေးဖလှယ်ကြည့်ကြရအောင်"

ထိုသို့ပြောရင်း လင်းဟူစုန်း တွေးတောမိပြန်သည်။

ကျိုလိန်းရှန်ဟာ အေးစိမ့်အတွင်းအားသိုင်း လေ့ကျင့်ထားသော့ မားရေးယှဉ်တာ အကောင်းဆုံးပဲ"

လင်းဟူစုန်းသည် မားရှည်ကို လေခွင်းသံမြည်အောင် ဆွဲယမ်းပြီး မားရေးပြနေသည်။

"ဆရာကြီးကျိုလိန်းရှန် ကျွန်တော်တို့ တောင်ငါးလုံးအဖွဲ့ဟာ မားရေကျွမ်းကျင်ကြတော့ မားရေးယှဉ်ပြိုင်တာဟာ နည်းလမ်းကျဆုံးပါပဲ"

လူအုပ်ကြားမှ အော်ဟစ်ပြောဆိုသံများ ဟိုမှ သည်မှ ထွက်ပေါ်လာသည်။

"လူစွမ်းကောင်းလေး လင်းဟူစုန်း ပြတ်သားတယ်။ ဟုတ်တယ်၊ ဓားရေးယှဉ်ပြိုင်တာ အမှန်ဆုံးပဲ"

"နိုင်တဲ့လူက ဆရာ၊ ရှုံးတဲ့သူက တပည့်ဆိုတာ မှန်ကန်တဲ့နည်းလမ်းပါပဲ"

"ဆရာကြီးကျိုလိန်းရှန် ယှဉ်လေဗျာ။ ဘာငေးနေတာလဲ၊ ရှုံးမှာကို ကြောက်နေရလား"

"စကားပြောနေကြတာ တစ်နေ့ပဲ ကုန်တော့မယ်။ ယှဉ်ပြိုင်ဖို့ ကောင်းပြီ"

"တောင်ငါးလုံးဂိုဏ်းချုပ် နေရာကို သိုင်းပညာနဲ့ ယှဉ်ပြိုင်ရယူဖို့ လူတိုင်း တောင်းဆိုနေပါတယ်။ ဒီတော့ ဒီနည်း လမ်းက လွဲပြီး ဒီပြင်နည်းလမ်း မရှိတော့ပါဘူး"

အသံရှင်သည် ယဲ့ပို့ချွင် ဖြစ်နေသည်။

"ဟုတ်တယ်။ ဆရာကြီး ယဲ့ပို့ချွင် ပြောတာ မှန်တယ်၊ ဓားရေးယှဉ်ပြိုင်ပြီး တောင်ငါးလုံးဂိုဏ်းချုပ် နေရာကို ရယူတာဟာ နည်းလမ်းအကျဆုံးပဲ"

လူအုပ်ကြားမှ ယဲ့ပို့ချွင်ကို ထောက်ခံပြောဆိုသံများ ထွက်ပေါ်လာပြန်သည်။

"သိုင်းပညာ ယှဉ်ပြိုင်ပြီး ဂိုဏ်းချုပ်ရွေးရတဲ့ အဓိပ္ပာယ်က တစ်မျိုးပါ။ ကျွန်တော်တို့ တောင်ငါးလုံးအဖွဲ့ဆိုပြီး ဖွဲ့တာဟာ သံယောဇဉ်းစည်းမှုကို ပြတာပါပဲ။ ဒီတော့ ယှဉ်ပြိုင်တဲ့ နေရာမှာ အသေအကြေ ယှဉ်ပြိုင်စရာ မလိုပါဘူး။ အရှုံးအနိုင် ပေါ်တာနဲ့ ရပ်လိုက်ရင် ပြီးတာပါပဲ။ ဒီလို ယှဉ်ပြိုင်ရင် ကျွန်တော်တို့ တောင်ငါးလုံးအဖွဲ့ ဖွဲ့ရခြင်းရဲ့ ရည်ရွယ်ချက်ကိုလည်း မထိခိုက်နိုင်ပါဘူး"

လူတိုင်းက ယဲ့ပို့ချွင်၏ အယူအဆကို နှစ်သက်သဘောကြ၏။ လူတစ်ယောက်၏ အသံ ထွက်ပေါ်ခဲ့ပြန်သည်။

"အရှုံးအနိုင် ပေါ်တာနဲ့ရပ်၊ ဟုတ်လား။ ပြောသလောက်လွယ်ပါဘူး။ ဓားတွေလှံတွေက မျက်စိပါတာမှ မဟုတ်ဘဲ။ တစ်ခုခုတယ်။ ထိခိုက်ခဲ့ရင် ကိုယ့်ကံကြမ္မာကိုပဲ ကိုယ်အပြစ်တင်ရုံပေါ့"

"အိုး ... သေမှာ နာမှာ စိုးရင် ကိုယ့်အိမ်မှာ ကိုယ်နေပြီး ကိုယ့်ကလေးကို ပြန်ထိန်းနေရုံပေါ့။ ဘာဖြစ်လို့ တောင်ငါးလုံးဂိုဏ်းချုပ် အချောင်လုပ်ချင်ရတာလဲ"

တစ်ယောက်တစ်မျိုး အမျိုးမျိုး ဝေဖန်ပြောဆိုနေကြသောကြောင့် ယဲ့ပို့ချွင်သည် စကားဆက်လိုက်ပြန်သည်။

"ပြောလိုက်ကြတာတွေ မှန်ပါတယ်။ ဒါပေမဲ့ တစ်ဦးနဲ့တစ်ဦး မေတ္တာမပျက်ပြယ်ဖို့ အရေးကြီးပါတယ်။ ကျွန်တော့်အယူအဆကို အများဝေဖန်ဆန်းစစ်ဖို့ ပြောရမယ် ဆိုရင် ..."

ယဲ့ပို့ချွင်၏ စကားမဆုံးမီတွင်ပင် လူအုပ်ကြားမှ အော်ဟစ်ပြောဆိုသံများ ထွက်ပေါ်ခဲ့ပြန်သည်။

"တိုက်မှာဖြင့်လည်း တိုက်၊ ခင်ဗျား စကားသိပ်ရှည်ရှည်ဝေးဝေး ပြောမနေနဲ့"

"အာမနေနဲ့ အာမနေနဲ့ ယှဉ်ပြိုင်တော့"

တချို့ကလည်း ကြမ်းကြမ်းတမ်းတမ်း တိုင်းထွာဆဲဆိုကြသည်။ ယဲ့ပို့ချွင်သည် အသံကိုမြှင့်ပြီး အော်ပြောလိုက်သည်။

"ဂိုဏ်းချုပ်နေရာကို ယှဉ်ပြိုင်တိုက်ခိုက်ပြီးမှ ယူတာသဘောပါတယ်။ သဘာဝလည်း ကျပါတယ်။ ဒါပေမဲ့ စည်းကမ်းဘဲမှတ်ချက်တစ်ခုတော့ ချမှတ်ထားဖို့လိုတယ်"

အော်ဟစ်ဆဲဆိုသံများ ငြိမ်သက်သွားကြ၏။

"ခု ယှဉ်ပြိုင်မှာက တောင်ငါးလုံးကိုဏ်းချုပ် နေရာအတွက်ပဲ ဖြစ်ပါတယ်။ တောင်ငါးလုံးအဖွဲ့နဲ့ပဲ သက်ဆိုင်ပါတယ်။ ဘေးလူတွေ ပညာမြင်မားပေမဲ့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိပါဘူး။ သိုင်းလောကရဲ့ ဂိုဏ်းချုပ် ဦးသျှောင်ရွေးပွဲ မဟုတ်ပါဘူး"

"မှန်တယ်။ တောင်ငါးလုံး အဖွဲ့သားတွေပဲ ယှဉ်ပြိုင်ရမယ်"

"ဘယ်လို ယှဉ်ပြိုင်မှ လို့ကိုမထိခိုက်ဘဲ ရှိမယ်ဆိုတဲ့ အချက်ကို ထည့်တွက်ရပါမယ်။ အထူးသဖြင့် ကိုယ့်အဖွဲ့သားချင်း သွေးစည်းမှု မပျက်ဖို့ မေတ္တာမပျက်ဖို့ အရေးကြီးတယ်။ ဆရာကြီး ကျိုလိန်းရှန်က ဒီအကြောင်းအချက်တွေပေါ် မူတည်စဉ်းစားလို့ ရတာကို ကြေညာဖို့ ကျွန်တော် အဆိုပြုပါတယ်"

ကျိုလိန်းရှန်သည် ယဲ့ပို့ချင်ကို လှမ်းကြည့်လိုက်သည်။

"ဓားရေး၊ လုံရေးနဲ့ ယှဉ်ပြိုင်မှတော့ လူကိုမထိခိုက်ဘူး၊ ဒဏ်ရာမရဖို့၊ အသက်မဆုံးရှုံးဖို့ ဆိုတာ ဘယ်လွယ်မှာလဲ။ ဆရာကြီး ယဲ့ပို့ချင် စဉ်းစားလို့ရရင် တစ်ဆိတ်လောက် တင်ပြစမ်းပါဦး"

"ကျွန်တော့်သဘောကတော့ ရှောင်လင်ကျောင်းတိုက် ဆရာတော်ကြီးနဲ့ ဝူတန်းဂိုဏ်းချုပ် ချုံးရှိုးရသေ့ကြီး၊ ဒွန်းစန္ဒာဂိုဏ်းချုပ်ကြီးတို့ကို အနိုင်အရှုံးကို အကဲဖြတ်ပေးဖို့ ဒိုင်လူကြီးအဖြစ် ထားချင်တယ်။ ဒီလိုမှ မဟုတ်ဘဲ အဆက်မပြတ် တိုက်ခိုက်နေရင် အသက်ဆုံးတဲ့အထိ ဖြစ်ကုန်နိုင်တယ်"

ဆရာတော်ကြီးဝမ်းသိမ်းသည် ယဲ့ပို့ချင်၏ စကားကိုကြားရ၍ သာဓုသုံးကြိမ် ခေါ်လိုက်သည်။

"မှန်တယ်။ အရှုံးအနိုင်ပေါ်တာနဲ့ ရပ်ရင် ကောင်းတယ်။ ဘစ်ဦးအပေါ်တစ်ဦး ထားရှိအပ်တဲ့ မေတ္တာကို ဖော်ပြရာလည်းရောက်ပါတယ်။ ဒကာကြီးကျိုလိန်းရှန်ရဲ့ သဘောကကော ဘယ်လိုရှိပါသလဲ"

"မူလရည်ရွယ်ထားတာကတော့ တောင်ငါးလုံးအဖွဲ့ထဲက ယှဉ်ပြိုင်စေချင်တဲ့သူကို စိတ်ကြိုက်ရွေးထုတ်ပြီး ယှဉ်ပြိုင်ခိုင်းဖို့ပါပဲ။ လူအများအပြား တိုက်မယ်ဆိုရင်တော့ အန္တရာယ်လည်းကြီးမားတယ်။ ပြီးတော့ သည်နေ့ပဲ ပြီးပြတ်စရာ အကြောင်းမရှိဘူး။ နက်ဖြန်လည်း ပြီးပြတ်မှာ မဟုတ်ဘူး။ ဘယ်တော့မှ ပြီးပြတ်မယ်ဆိုတာ ခန့်မှန်းတွက်ဆလို့ ရမှာမဟုတ်ပါဘူး"

ထိုအခိုက် လူအုပ်ကြားမှ အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"ကျွန်တော် ကြားနေရ မြင်နေရတာတွေ နားငြီးလှပြီ။ သူတွေက ဂိုဏ်းချုပ်နေရာရဖို့ အလုအယက် ဖြစ်နေကြတယ်။ ဒါပဲ ပြောဆိုနေကြတာ အချိန်တော်တော်ညောင်းပါပြီ"

အသံရှင်မှာ ဝှာစမ်းအဖွဲ့မဟ လင်းဖင်းကျည်ပင် ဖြစ်တော့သည်။

"ဒါကတော့ ဒါဝမ်းဂိုဏ်းချုပ်ရဲ့သမက်ပဲ"

လူစုများ၏ ပြောဆိုဝေဖန်သံကို ကြားရသောအခါ လင်းဂူစုန်းသည် အံ့အားသင့်သွားသည်။

"ညီတော်လင်းဖင်းကျည်ဟာ အလွန်စည်းကမ်းကောင်းပြီး ခုမှ ဘယ်လိုဖြစ်ပြီး လူအများရှေ့မှောက်မှာ ဂရုမစိုက်သည့်ကောင်းမျိုး ဝင်ပြောရတာလဲ"

လင်းဟူစုန်း အံ့အားသင့်နေ၏။ ထိုက်စမ်းအဖွဲ့မှ ရဲသေ
ယိရင်းကျီသည် ရှေ့သို့ ဒေါသတကြီး ခုန်ထွက်လာသည်။

"ဆရာကြီးယဲ့ပို့ချင် ... ခင်ဗျားသင်ကြားထားတဲ့ တပည့်
လိမ္မာ သမက်လေးက လူကြီးသူကြီးတွေကို ခုလို မရိုမသေတြေ
တာဟာ သင့်တော်သလား"

အမျိုးသမီးတစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

"သူက ဘာများ မရိုမသေ ပြောလို့လဲ"

အသံရှင် အမျိုးသမီးကို ဝိုင်းကြည့်လိုက်ပြန်သည်။ အသံ
ရှင်သည် ခေါင်းတွင် ပန်းတစ်ပွင့် ပန်ထားသည့် ယဲ့ပို့ချင်၏သမီး
ယဲ့လင်စမ်း ဖြစ်၏။ ယဲ့လင်စမ်းသည် နောက်ကျောတွင် ဓားရှည်
တစ်လက် လွယ်ထားပြီး ညာလက်မှာ ဓားရှည်ကို ဆွဲကိုင်ရင်း
ပြောလိုက်သည်။

"ကျွန်မ ထိုက်စမ်းအဖွဲ့က ရသေ့ကြီးရဲ့ မြင့်မားတဲ့
ပညာရပ်ကို ထိုက်စမ်းအဖွဲ့ရဲ့ ဓားကွက်နဲ့ပဲ ပညာစမ်းကြည့်ချင်
ပါတယ်"

ယိရင်းကျီသည် ဂုဝမ်းအဖွဲ့ကိုဏ်းချုပ် ယဲ့ပို့ချင်၏သမီး
ဖြစ်နေသည်ကတစ်ကြောင်း၊ ယဲ့ပို့ချင်သည် ကျိုလိန်းရှန်၏ တောင်
ငါးလုံးအဖွဲ့ ဖွဲ့စည်းရေးတွင် ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့
သည်က တစ်ကြောင်း၊ ယဲ့လင်စမ်းအား မပြစ်မှားဝံ့ချေ။ ထို့ကြောင့်
မျက်နှာအမှုအရာ ပြင်လိုက်ပြီး ...

"ကလေးမရဲ့ လက်ထပ်ထိမ်းမြားမင်္ဂလာပွဲကို လာရောက်
ပြီး မင်္ဂလာအရက်တစ်ခွက် မသောက်သုံးလို့ စိတ်ဆိုးနေတာလား။

ဂုဝ်းတို့ ဂုဝစမ်းရဲ့ ထက်မြက်တဲ့ ဓားရေးကို ငါက အမြဲချီးမွမ်း
ဝတယ်။ ခု ဂုဝစမ်းအဖွဲ့သူတစ်ယောက်က ထိုက်စမ်းအဖွဲ့ကို
ထိုက်စမ်းအဖွဲ့ရဲ့ ဓားရေးနဲ့ ယှဉ်ပြိုင်မယ် ဟုတ်လား။ ဒီနေ့မှပဲ
ကြားဖူးတော့တယ်"

ယဲ့လင်စမ်း၏ မျက်နှာထား တင်းမာသွားသည်။

"ကျွန်မဖေဖေက တောင်ငါးလုံးကိုဏ်းချုပ်လုပ်ဖို့ တောင်
ငါးလုံးရဲ့ ဓားကွက်မှန်သရွေ့ကို မလေ့လာထားလို့ ဘယ်ဖြစ်ပါ့
မလဲ။ တကယ်လို့ ဂုဝစမ်းအဖွဲ့ရဲ့ ဓားကွက်တစ်မျိုးတည်းနဲ့
ကျွန်မ တောင်လေးလုံးကိုဏ်းချုပ်တွေကို အနိုင်ရရင်တောင် တောင်
ငါးလုံးကိုဏ်းချုပ်လုပ်ဖို့ မသင့်တော်ဘူး"

ယဲ့လင်စမ်း၏ စကားကို ကြားရသောအခါ လူအုပ်ကြား
ထဲမှ မကျေနပ်သံများ တစ်ယောက်တစ်ပေါက် ထွက်ပေါ်ခဲ့သည်။

"ဆရာကြီးယဲ့ပို့ချင် တစ်ယောက်တည်း ထိုက်စမ်းဓားကွက်၊
ဂုဝစမ်းဓားကွက်၊ ချုစမ်းဓားကွက်၊ စုန်းစမ်းဓားကွက်တွေကို
ကောင်းကျွမ်းထားတယ်လို့ ပြောချင်တာလား"

"ကျုပ်သမီး ငယ်သေးတော့ သူ့စိတ်ထဲ ထင်ရာတွေ စွပ်
ပြောနေတာပါ။ အမှန်လို့ မယူဆပါနဲ့။ တစ်လွဲမထင်ကြပါနဲ့"

ယဲ့ပို့ချင် ယဲ့လင်စမ်း၏ စကားကို ဖြေဆိုလိုက်သည်။

"ဘကြီးတော် ကျိုလိန်းရှန်က တကယ်လို့ တောင်ငါးလုံး
ကွေးစည်းအဖွဲ့တွေရဲ့ ဓားကွက်ကို အသုံးချပြီး တောင်ငါးလုံး
ကွေးစည်းအဖွဲ့တွေကို အနိုင်တိုက်နိုင်မယ် ဆိုရင် တိုက်ပါ။
ဒီမှ မဟုတ်ရင် စုန်းစမ်းအဖွဲ့ရဲ့ ဓားကွက်နဲ့ပဲ ကျန်လေးဖွဲ့ကို

အနိုင်တိုက်မယ် ဆိုရင်တော့ စုန်းစမ်းအဖွဲ့ရဲ့ ဓားရေးက မြင့်မ
တယ်လို့ ပြောနိုင်တယ်"

ထို့ကြောင့် ကျိုလိန်းရှန်ကလည်း စဉ်းစားသည်။

"ဒီကလေးမလေးပြောပုံက တောင်ငါးလုံးအဖွဲ့ထဲက အ
တိုင်းရဲ့ ဓားကွက်တွေကို တတ်ကျွမ်းမှပဲ တောင်ငါးလုံးဂို
ချုပ် လုပ်သင့်တယ်ဆိုတဲ့ သဘောပါလား။ ဒီအတိုင်း ဆို
ယဲ့ပို့ချွင်ဟာ တောင်ငါးလုံးအဖွဲ့ ဂိုဏ်းချုပ်ဖြစ်ဖို့ လုံးဝမျှော်
ရည်စွယ်ထားတဲ့ သဘောပဲ"

ထိုအခိုက် ယိရင်းကျီ၏ စကားသံက ထွက်ပေါ်
သည်။

"အင်း ... ဒီအတိုင်း ဆိုရင်တော့ ဆရာကြီးယဲ့ပို့ချွင်
တောင်ငါးလုံးအဖွဲ့ရဲ့ ဓားရေးတွေကို တတ်ကျွမ်းထားတဲ့ သဘော
ရာဇဝင်မှာတော့ မရှိသေးပါဘူး။ ကျုပ်က ကလေးမရဲ့ ထိုက်စွမ်း
ကွက်ကို စမ်းသပ်ကြည့်ရသေးတာပေါ့"

"ကောင်းပါတယ်၊ ကျွန်မလည်း ကြိုဆိုပါတယ်"

ယဲ့လင်စမ်းသည် ပြောပြောဆိုဆို ဓားရှည်ကို ဆွဲထုတ်
လိုက်သည်။ ယိရင်းကျီသည် ယဲ့လင်စမ်းက ဓားကို ဦးစွာဆွဲထုတ်
လိုက်သည်ကို မြင်သောအခါ ဒေါသထွက်မိသည်။

"ကလေးမလေးက တယ်ခက်တာပဲ။ ရသေ့ကြီး ယိရင်းက
လို ထိုက်စမ်းအဖွဲ့က အထွတ်အထိပ် တစ်ယောက်ကို ထိုက်စ
ဓားကွက်နဲ့ ယှဉ်မယ်ဆိုတော့ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရ
ရောက်ပေမှာပေါ့"

ယဲ့ပို့ချွင်က ရေရွတ်သလို ပြောလိုက်သည်။ ယိရင်းကျီ
လှမ်းကြည့်လိုက်သောအခါ ယဲ့ပို့ချွင်၏ မျက်နှာထားမှာ ပြောဆို
သည့် စကားနှင့် မကိုက်ညီဘဲ အားပေးအားမြှောက်ပြုသည့်
မျက်နှာမျိုး ဖြစ်နေ၏။

ယဲ့လင်စမ်းသည် ညာလက်မှ ဓားရှည်ကို အောက်သို့ ထိုး
စိုက်ချထားပြီး ဘယ်လက်မှ လက်ချောင်းကလေးတွေကို ချိုးပြီး
ရေတွက်နေသည်။

"ဒီကလေးမ လက်ချိုးရေတွက်နေပုံထောက်တော့ သူက
'ရင်းမြစ်ဖွေရှာဓားကွက်'ကို တတ်ကျွမ်းထားတဲ့ပုံပဲ။ ထိုက်စမ်း
အဖွဲ့ရဲ့ အထွတ်အထိပ်ဆုံးကျတဲ့ ဓားကွက်ပဲ။ ရန်သူအတွက်ကို
ကြိုတင်တွက်ဆပြီး တိုက်စစ်ဆင်တဲ့ ဓားကွက်ဖြစ်တယ်။ ငါတောင်
ဆရာပြောသံ ကြားဖူးရုံပဲ ရှိသေးတယ်။ သူက ဘယ်လိုလုပ်ပြီး
ထိုက်စမ်းရဲ့ အထွတ်အထိပ် ဓားကွက်ကို တက်နေရပါလိမ့်"

ဤသို့ တွေးတောမိ၍ ယိရင်းကျီသည် ချွေးပြန်သွားသည်။

"ဒါပေမဲ့ ငါက ဝါရင့်တယ်။ ဓားချက်သွက်သွက်သုံးရင်
ဓားကွက်ကို သူ ကြိုတွက်နိုင်ဖို့ မလွယ်ပါဘူး"

ဤသို့ ပြန်လည်တွေးမိပြီးနောက် ယိရင်းကျီသည် ညာဘက်
သို့ လွှားခနဲခုန်တက်လိုက်ပြီး ရုတ်တရက် ပြန်လှည့်၍ ထိုက်စမ်း
အဖွဲ့၏ "သမင်လည်ပြန်ဓားကွက်"ဖြင့် ထိုးနှက်တိုက်ခိုက်လိုက်
သည်။

ယိရင်းကျီသည် ဓားကွက်တစ်မျိုးပြောင်းပြီး တိုက်ခိုက်ပြန်
သည်။ ယခင် တစ်ချိန်က ထိုက်စမ်းအဖွဲ့၏ အဆင့်မြင့်မားသော

သိုင်းပုဂ္ဂိုလ်တစ်ဦးက ထိုက်စမ်းတောင်၏ အကွေ့အချိုးများကို စဉ်းစားရင်း တည်ထွင်ထားခဲ့သည်။ "ဆယ့်ရှစ်ကွေ့ ဓားကွက်" ဖြစ်သည်။

ဓားဝင် ဓားထွက်နှင့် ခြေကွက် အကူးအပြောင်းကို ထိုက်စမ်းတောင်၏ အချိုးအကွေ့အတိုင်း ရှိပြီး ထိုက်စမ်းအဖွဲ့၏ အထွတ်အထိပ် ဓားကွက်တစ်ကွက် ဖြစ်သည်။

ယီရင်းကျီသည် ထိုက်စမ်းအဖွဲ့၏ "ဆယ့်ရှစ်ကွေ့ဓားချက်" ဖြင့် ယဲ့လင်စမ်းအား တိုက်ခိုက်သည်။ သို့သော် ယဲ့လင်စမ်း အသုံးပြုသော ဓားကွက်သည် ထိုက်စမ်းအဖွဲ့၏ အထွတ်အထိပ် အကျဆုံးဓားကွက် ဖြစ်နေသောကြောင့် ယီရင်းကျီ အရေးမသာချေ။

"ဆယ့်ရှစ်ကွေ့ဓားကွက်" အဆုံးတွင် ယဲ့လင်စမ်းသည် ဓားချက်လေးချက်ဖြင့် ယီရင်းကျီကို ဖိတိုက်လိုက်သည်။

"ဟာ ... အမတ်ကြီးငါးပါးဓားကွက်ပါလား"

ယီရင်းကျီသည် ပါးစပ်မှ အသံထွက်အောင် ရေရွတ်မိရင်း ဆုတ်ရှောင်ပေးလိုက်ရသည်။ ဤ"အမတ်ကြီးငါးပါးဓားကွက်" ကိုလည်း မိမိဆရာ ပြောပြဖူး၍ ယီရင်းကျီ သိကျွမ်းရုံသာ သိကျွမ်းပြီး လေ့ကျင့်တတ်ကျွမ်းခြင်း မရှိချေ။ ယဲ့လင်စမ်းက နောက်ထပ် ဓားချက်သုံးချက် ဆက်တိုက်ထိုးထုတ်လိုက်သည်နှင့် ယီရင်းကျီ၏ ညာရင်ဝသို့ ဓားချက်ထိပြီး ဒူးထောက်လျက်သား လဲကျသွား၏။ ယီရင်းကျီ၏ ဓားသည် ကျောက်ဖျာကို ထိမိပြီး ထက်ပိုင်းကျိုးသွားလေသည်။

ယဲ့လင်စမ်းက "ခစ်" ခနဲ အသံတစ်ချက်ထွက်၍ ရုယ်လိုက်ပြီး ဓားရှည်ကို နောက်ကျောရှိ ဓားအိမ်တွင်းသို့ ပြန်ထိုးသွင်းသိမ်းလိုက်သည်။ ပရိသတ်က တခဲနက် သြဘာပေးလိုက်ကြသည်။

ကျီလိန်းရှန်နှင့် သိုင်းပညာ မြင့်မားသူများက တစ်ဦးမျက်နှာတစ်ဦး လှည့်ကြည့်မိရင်း အံ့သြနေကြသည်။ ကျီလိန်းရှန်တွေးတောမိ၏။

"ဒီကလေးမ ပြောတဲ့အတိုင်း ထိုက်စမ်းဓားကွက်နဲ့ပဲ အနိုင်ယူသွားတာပဲ။ ဓားကွက်ဟာ ဆန်းပြားနက်ရှိုင်းတယ်။ ဒါပေမဲ့ ကလေးမက လေ့ကျင့်မှု လိုသေးတယ်။ သိုင်းပညာအခြေခံ မပြည့်ဝလို့ ဓားကွက်မြင့်မားပေမဲ့ လိုသေးတယ်။ ယဲ့ပို့ချင်က လူမသိအောင် တိတ်တဆိတ် သင်ထားတာပဲ ဖြစ်မယ်။ တကယ်လို့သာ ယဲ့ပို့ချင် ကိုယ်တိုင်သည် ဓားကွက်ကို အသုံးပြုမယ်ဆိုရင် သိပ်ကြောက်ဖို့ ကောင်းမှာပဲ"

လင်းဟူစုန်းသည် ယဲ့လင်စမ်းနှင့် ယီကျိုးရသေ့ ယှဉ်ပြိုင်နေကြသည်ကို တမေ့တမော ကြည့်နေမိသည်။ ရုတ်တရက် နောက်ကျောဘက်မှ လေသံသဲ့သဲ့ကို ကြားရသည်။

"ဆရာလင်းဟူစုန်း ဒီဓားကွက်ကို ဆရာသင်ပေးထားဘာလား"

မေးသူသည် "မရှောင်မဖြစ်" ထျန်းပက်ကွမ်း ဖြစ်နေ၏။

"တစ်ချိန်က ငါနဲ့တိုက်ခိုက်ကြတုန်းက မင်း အသုံးပြုခဲ့ဘဲ့ ဓားကွက်နဲ့ တော်တော်ဆင်တယ်။ ဒါပေမဲ့ အဲသည့်အချိန်ဘုန်း မင်း သည်လောက်တောင် ကျွမ်းကျင်မှု မရှိသေးဘူး"

"ဘကြီးတော် ဆရာကြီးမိုးရှင့် တူမတော်ကို ငဲ့ညှာပါ။ တူမတော်က ချုံးစမ်းအဖွဲ့ရဲ့ ဓားကွက်ကို အနည်းအကျဉ်း လေ့ကျင့်သင်ကြားထားဖူးရုံပါပဲ။ လိုအပ်ချက်တွေကို ဘကြီးတော် ဆရာကြီးမိုး ဖြည့်စွက်ပေးပါ"

"ဒီနေ့ ဆရာကြီးယဲ့ပို့ချင်ကို ကျုပ် ဆရာကြီးမိုးက သွန်သင်ပြသခိုင်းရမဲ့ နေ့ပဲ"

ဆရာကြီးမိုးက ယဲ့ပို့ချင်ကို စိန်ခေါ်သော်လည်း ယဲ့လင်စမ်းက အစားထိုး ဝင်ရောက်ခဲ့သည်။

"မင်းရဲ့ အရည်အသွေးလည်း မဆိုးပါဘူး"

"တူမတော်က ဘကြီးတော်ကို မယှဉ်ပြိုင်နိုင်ပါဘူး။ ဖေဖေနဲ့ ဆိုရင်တော့ ဟုတ်တုတ်တုတ် ရှိသေးတယ်"

"ရပါတယ်၊ ဖြစ်ပါတယ်"

ဆရာကြီးမိုးသည် စကားဆုံးသည်နှင့် ဓားကို ဇွဲယမ်းဆတ်လိုက်ရာ လေခွင်းသံမြည်ပြီး ဓားရောင်သည် "ဝင်း"ခနဲ "လက်"ခနဲ ဖြစ်သွား၏။ ဤအဖြစ်ကြောင့် ယဲ့လင်စမ်းသည် ဘန်လှုပ်ချောက်ချား သွားသည်။

"သူက ငါ့ကို ငဲ့ညှာပေလို့။ တကယ်ဆိုရင် ဒီဓားတစ်ချက်နဲ့ပဲ ငါ့အသက်ကို ချွေယူလိုက်နိုင်ပြီ။ ဒါပေမဲ့ ဝါရင့်သူကသူကို ညှာရမှာပဲ၊ လူရှေ့သူရှေ့မှာ ငါ့ကို ပိုးစိုးပက်စက်ဖြစ်အောင်တော့ တိုက်ခိုက်မှာ မဟုတ်ဘူး"

ဤသို့ စဉ်းစားမိသည်နှင့် ယဲ့လင်စင်းသည် ခုခံရှောင်ရှားခြင်းထက် တိုက်ခိုက်မှုကို ဦးစားပေးပြီး အတင်းအဓမ္မဝင်

လင်းဟူစုန်းသည် "မရှောင်မဖြစ်" ထျန်ပက်ကွမ်း မေးသည်ကို ပြန်မဖြေမိချေ။ လင်းဟူစုန်း၏ ဦးနှောက်သည် အတွေးများစွာဖြင့် ချာချာလည်နေသည်။

"ညီမလေး အသုံးပြုသွားတာ သန့်စင်တော်တောင်ထိပ် လိုဏ်ဂူထဲက ထိုက်စမ်းအဖွဲ့ရဲ့ အထွတ်အထိပ် ဓားကွက်ပဲ။ ငါက လိုဏ်ဂူပေါက်ကို ပြန်ပိတ်ထားခဲ့တာပဲ။ သူ ဘယ်လိုလုပ်တွေ့ပြီး ဘယ်လိုသိခဲ့တာပါလိမ့်။ အေးလေ ... ငါတောင် ကြဲကြဲဖန်ဖန် သွားတွေ့သေးတာပဲ။ သူတွေ့တာလည်း မဆန်းပါဘူး"

ထိုစဉ် ပိန်ပိန်ပါးပါး အဘိုးအိုတစ်ယောက်သည် လူအုပ်ကြားထဲမှ ထိုးထွက်လာသည်။

"ဆရာကြီး ယဲ့ပို့ချင်က တောင်ငါးလုံးအဖွဲ့ရဲ့ ဓားကွက်တွေကို အကုန်တတ်ကျွမ်းထားတယ်ဆိုတာ သိုင်းလောကတစ်ခွင်မှာ ကြိုတောင့်ကြိုခဲပါပဲ။ ကျုပ်တစ်သက်မှာ ဓားရေးကို အထူးစူးစမ်းခဲ့တာတောင် ဒီလောက် စုံလင်အောင် သဘောမပေါက်နိုင်ဘူး။ ဒီနေ့တော့ ဆရာကြီးယဲ့ပို့ချင်ဆီက လိုအပ်ချက်ထေးတွေ သင်ယူရတာပေါ့"

အသံရှင်သည် ချုံးစမ်းဂိုဏ်းချုပ် ဆရာကြီးမိုးပင် ဖြစ်သည်။

ဆရာကြီးမိုးသည် ဘယ်လက်တွင် ကိုင်ထားသော ဆီရောင်ဝင်းနေသည့် တယောကြားမှ ပါးလွှာသည့် ဓားတစ်ချောင်း ခွာထုတ်လိုက်သည်။

ယဲ့လင်စမ်းသည် ဆရာကြီးမိုးအား ဂါရဝပြုပြီး ...

ရောက်တိုက်ခိုက်လေတော့သည်။ ဆရာကြီးမိုး၏ နဖူးနှင့် ဝမ်းဗိုက်ဆီသို့ ယဲ့လင်စမ်း၏ ဓားချက်နှစ်ချက် ဆင့်တိုက် ထိုးတိုက် တိုက်ခိုက်ရာ ဆရာကြီးမိုးသည် အလွန်အမင်း အံ့အားသင့်သွားလေသည်။

"ငါတို့ ချူးစမ်းအဖွဲ့ရဲ့ အထွတ်အထိပ် ဓားကွက်ပါလား။ ဒီကောင်မလေး ဘယ်လိုလုပ်ပြီး တတ်ကျွမ်းထားပါလိမ့်"

ဆရာကြီးမိုး ဤသို့ စဉ်းစားနေခိုက် ယဲ့လင်စမ်းသည် ချူးစမ်းအဖွဲ့၏ အထွတ်အထိပ်ကွက်များဖြင့် တရစပ် တိုက်ခိုက်ခဲ့သည်။

ဆရာကြီးမိုးသည် ယဲ့လင်စမ်း၏ ဓားကွက်များကို ခက်ခက်ခဲခဲ ချေဖျက်ဖယ်ရှားရင်း နောက်သို့ ဆုတ်ပေးနေရသည်။ ဤသို့ နောက်သို့ဆုတ်ရှောင်ရင်း ဆရာကြီးမိုးသည် ဓားကိုတွေ့ယမ်း၍ အကာအကွယ် ပြုရုံမှလွဲပြီး ပြန်လည်တိုက်ခိုက်မှု မပြုချေ။

ချူးစမ်းအဖွဲ့၏ ဓားရေးသည် အဓိက အရေးကြီးသည်မှာ အပြောင်းအလဲ မြန်ဆန်ရုံး သွက်လက်ရခြင်းပင် ဖြစ်သည်။ ဆရာကြီးမိုး အနေနှင့် ချူးစမ်းအဖွဲ့၏ ဓားရေးကို ပိုင်နိုင်ကျွမ်းကျင်ပြီးသား ဖြစ်သည်။ သို့ရာတွင် ဆရာကြီးမိုးသည် တိုက်စစ်မဆင်ဘဲ ယဲ့လင်စမ်း၏ တိုက်စစ်ကို ခံစစ်ဖြင့် ခုခံရင်း နောက်သို့ ဆုတ်ရှောင်သွားခဲ့၏။

ယဲ့လင်စမ်းမှာ မိမိဖခင်သည် တောင်ငါးလုံး၏ ဓားကွက်များကို တတ်ကျွမ်းသည်ဟု လူပုံအလယ်တွင် ထုတ်ဖော်ဖြောကြား

ခဲ့သည်။ ထိုက်စမ်းအဖွဲ့မှ ယိကျိရသေ့ကိုလည်း ထိုက်စမ်းအဖွဲ့၏ အထွတ်အထိပ် ဓားကွက်ဖြင့် ယဲ့လင်စမ်းကို အနိုင်ယူခဲ့သည်။ ထို့ကြောင့် မိမိ၏ ချူးစမ်းဓားကွက်ကို ယဲ့ပို့ချင်က တကယ်ပင် တတ်ကျွမ်း မကျွမ်း သိလိုသဖြင့် ယခုကဲ့သို့ "စိန်ခေါ်ခဲ့ခြင်းဖြစ်၏။

ယဲ့လင်စမ်းသည် ချူးစမ်းအဖွဲ့၏ အထွတ်အထိပ်ကျသော ဓားကွက်များကို တတ်ကျွမ်းသော်လည်း လေ့ကျင့်မှု လိုသေးကြောင်း ယဲ့လင်စမ်းသာ မဟုတ်ဘဲ ယဲ့ပို့ချင်သာ ဤဓားကွက်ကို အသုံးပြုခဲ့လျှင် တကယ်ပင် ခုခံရန် မလွယ်ကူကြောင်းကို ဆရာကြီးမိုး ရိပ်စားမိသည်။ တစ်ဖက်တွင် ယဲ့လင်စမ်းအား ခြောက်သည့်သဘောဖြင့် တိုက်စစ်ကို မသုံးဘဲ ယဲ့လင်စမ်း၏ အံထွတ်အထိပ် ဓားကွက်များဖြင့် တိုက်စစ်ဆင်သည်ကို ခုခံရင်း ဆရာကြီးမိုးက ဆုတ်ခွာပေးခြင်းဖြစ်သည်။

ဆရာကြီးမိုးက ဓားချက်များကို ချေဖျက်ရင်း နောက်ဆုတ်သွားစဉ်တွင် ယဲ့လင်စမ်း၏ ခြေလှမ်းပါ နှေးကွေးသွားလေသည်။ ဆက်လက်၍ တိုက်ခိုက်ရမည့် တိုက်ကွက်ကို ယဲ့လင်စမ်း စဉ်းစားရ ခက်နေသည်။ ထိုအဖြစ်ကို ဆရာကြီးမိုး ရိပ်မိ၏။ ဤအခွင့်အရေးကို အရယူပြီး ဆရာကြီးမိုးသည် ယဲ့လင်စမ်းဘဲသို့ ခုန်ဝင်ခဲ့သည်။

ဆရာကြီးမိုးက စိတ်ကြိုက်အတွေ့ဆုံး ဓားကွက်သုံးချက်ဖြင့် ဝိုက်ခိုက်သောကြောင့် ဓားရောင်ဖွေးသွားပြီး ယဲ့လင်စမ်းသည် နောက်သို့ အပြတ်ဆုတ်ပေးရတော့သည်။

ကြောင့် ဖြစ်သည်။ တစ်ဆက်တည်းတွင် ယဲ့လင်စမ်းသည် ကျန်းလက်တွင် ကိုင်ထားသော ကျောက်တုံးကို လက်ပြန်ဖြင့် ပစ်လိုက်သည်။

ယဲ့လင်စမ်း၏ လှုပ်ရှားမှုက တစ်ဆက်တည်းဖြစ်၍ အလွန်လျင်မြန်သွက်လက်သောကြောင့် ဆရာကြီးမိုး ကြောင်နေချိန်တွင် ဆရာကြီးမိုး၏ ညာရင်ညွန့်သို့ ကျောက်တုံး ထိမှန်ကာ အရိုးကျိုးသွားလေသည်။

ဆရာကြီးမိုး၏ ပါးစပ်မှ သွေးများ အန်ထွက်လာသည်။ ဆရာကြီးမိုးသည် ယဲ့လင်စမ်းအား အနိုင်ရရှိသော်လည်း ငဲ့ညှာသောကြောင့် အထိနာသွားသည်။ သို့သော် ... ယဲ့လင်စမ်း၏ လက်ပြန်ဖြင့် ကျောက်တုံးကို ပစ်လွှတ်ခြင်းသည် ဆန်းပြားပြီး ညာဘားပါသည်ဟု ပရိသတ် ချီးမွမ်းကြသည်။

ယဲ့လင်စမ်းသည် လိုဏ်ဂူအကွင်းရှိ ကျောက်နံရံတွင် ရေးဆွဲထားသော ကုမ္ဘာနဉီးစီးက ရှစ်မြောင့်တူနှစ်လက်ကို ကိုင်ဆောင်၍ ချုစမ်းအဖွဲ့သား ဖြိုခွင်းသည့် တိုက်ကွက်အတိုင်း အသုံးပြုသွားခြင်း ဖြစ်သည်။ ယဲ့လင်စမ်းသည် ကျောက်တုံး နှစ်တုံးကို ရဟစ်မြောင့်တူအဖြစ် ကိုင်ဆောင်အသုံးပြုသွားကြောင်း သင်ရှားသည်။

ယဲ့ဝိုချွင်သည် လွှားခနဲ ရောက်ရှိခဲ့ပြီး ယဲ့လင်စမ်း၏ပါးကို ဖြောင်းခနဲမြည်အောင် ရိုက်ချလိုက်သည်။

"ဘကြီးမိုးက တမင်ငဲ့ညှာတာကို နင် ဘာဖြစ်လို့ ရမ်းကားတာလဲ"

ယဲ့လင်စမ်းသည် ဝါနုပြီး ဆရာကြီးမိုးက ဝါရင့်သောကြောင်သာလျှင် ပရိသတ် လက်ခုပ်တီးကာ ဩဘာပေးကြခြင်း ဖြစ်သည်။

ယဲ့လင်စမ်း ယခုတစ်ကြိမ် အသုံးပြုသွားသည့် ဓားကွက်ကို ကြည့်ရခြင်းဖြင့် လင်းဟူစုန်းသည် ယဲ့လင်စမ်း လိုဏ်ဂူတွင်းမှ ဓားကွက်ကို အသုံးပြုခြင်းဖြစ်ကြောင်း အသေချာ သိလိုက်ရ၏။

ယဲ့လင်စမ်းသည် သန့်စင်သော တောင်ထိပ်မှ လိုဏ်ဂူတွင်းသို့ မည်ကဲ့သို့ ရောက်သွားခဲ့ကောင်းကို လင်းဟူစုန်း မတွေးတတ်အောင် ဖြစ်နေသည်။ ဤအချိန်တွင် မုတ်ဆိတ်နှင့် လူတစ်ယောက် လင်းဟူစုနန်း၏ နံဘေးသို့ တဖြည်းဖြည်း ချဉ်းကပ်လာပြီး ဓလေသံတိုးတိုးဖြင့် မေးလိုက်သည်။

"ရှင် ဘာစဉ်းစားနေတာလဲ"

"ဝါ ... ဝါ ... ဝါ"

ထိုအခိုက် "အား" ခနဲ အော်သံထွက်ပေါ်လာသည်။ ယဲ့လင်စမ်း၏ လက်ထဲမှ ဓားလည်း ကောင်းကင်ပေါ်သို့ လွင့်စဉ်သွားကာ ခြေချော်ပြီး လဲကျသွားသည်။ ဆရာကြီးမိုး၏ ဓားဖျားက ယဲ့လင်စမ်း၏ ဘယ်ပခုံးသို့ လှမ်းထောက်ထားသည်။

"တူမလေး ပြန်ထ၊ မကြောက်နဲ့"

ရုတ်တရက်၊ "ဖတ်" ခနဲ အသံတစ်ချက် မြည်သွားပြီး ဆရာကြီးမိုး၏ ဓားသည် နှစ်ပိုင်းကျိုးထွက်သွားသည်။ ယဲ့လင်စမ်း လဲအကျတွင် လျင်မြန်စွာ အနီးရှိ ကျောက်တုံးနှစ်တုံးကို ကောက်ယူ၍ ဆရာကြီးမိုး၏ ပျံးလွှားသောဓားကို ထုလိုက်သော

အခန်း(၃)

ယဲ့ဝိုချွင်သည် ယဲ့လင်စမ်းအား ဒေါသမပြေသေးသော အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။ ယဲ့လင်စမ်း၏ ပါးတစ်ခြမ်း ကယောင်ကိုင်းနေပြီး မျက်ရည်သွယ်သွယ် ကျဆင်းနေသော်သည် မာန်အပြည့်ရှိ၏။ လင်းဟူစုန်းသည် ယဲ့လင်စမ်း၏ စိတ်နေသဘောထားကို ကောင်းစွာသိသည်။

"ညီမလေးက ငယ်စိတ် မပျောက်သေးဘူး။ သူများထက်ဘချင်တယ်။ ဘယ်သူနဲ့ပဲ တိုက်ခိုက်ရ တိုက်ခိုက်ရ အနိုင်ရမှ။ ဒီဆိ စိတ်သဘောထား မပြောင်းလဲသေးပါလား။ ဘာပဲဖြစ်ဖြစ် ဒူပုံလယ်မှာ ခုလို ပါးတစ်ဖက် ရောင်ကိုင်းအောင် အရိုက်ခံရတာ့ ညီတော် လင်းဖင်းကျည်က နှစ်သိမ့်ဖို့ ကောင်းတယ်။ ဘာဒဲ့ သည်အတိုင်း ကြည့်နေရတာလဲ"

ယဲ့လင်စမ်းသည် မျက်ရည်သွယ်သွယ် စီးကျနေသည်ကို မြင်ရသဖြင့် လင်းဟူစုန်း စိတ်မကောင်း ဖြစ်မိသည်။

"ညီ ... ညီမလေး"

လင်းဟူစုန်းက နူတ်မှ ရေရွတ်မိရင်း ဆက်လျှောက်သွားသည်။ လူအများ ရှေ့မှောက်တွင် ဖခင်၏ ပါးရိုက်ခြင်းကို ခံ

ပြောပြီးသည်နှင့် ယဲ့ဝိုချွင်သည် ဆရာကြီးမိုးဘက်သို့ လှည့်လိုက်သည်။

"အစ်ကိုကြီးမိုး ... ကလေးမလေး မိုက်မှားတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ်"

ဆရာကြီးမိုးသည် မချိုဖြူး ပြုံးလိုက်သည်။

"ဖခင်ထူးတော့ သမီးလည်း ထူးတာပါပဲ"

စကားဆုံးသည်နှင့် ဆရာကြီးမိုးသည် သွေးအန်ပြန်သည် ဟုန်းစမ်းအဖွဲ့သားများ အပြေးအလွှား ရောက်ရှိလာပြီး ဆရာကြီးမိုးကို ထူမ,၍ ခေါ်ဆောင်သွားကြသည်။

❄ ❄ ❄

ရသောကြောင့် ယဲ့လင်းစမ်း အလွန်ရှက်ပြီး ဝမ်းနည်းနေမည်မှန်း လင်းဟူစုန်း သိသည်။

"ငါညီမလေးနဲ့ တစ်ပွဲလောက် ယှဉ်ပြိုင်ပြီး အရှုံးပေးလိုက်ရင် ညီမလေး သိပ်ဂျော်မယ်။ ဘယ်တော့မဆို အနိုင်ရမှ ကျေနပ်တဲ့ ညီမလေးကို ငါ စိန်ခေါ်ပြီး အရှုံးပေးရင် သူ ဘယ်လောက် ဂျော်လိုက်မလဲ၊ တစ်ခုတော့ ရှိတယ်။ ငါက အရှုံးပေးတာကို လူမသိအောင် ပိပိရိရိကလေး လုပ်မှဖြစ်မယ်။ ညီမလေးရဲ့ စိတ်ဂျော်ရွှင်မှုကို အကောင်းဆုံး ဖြည့်စွမ်းဖို့သည် နည်းလမ်းဟာ အကောင်းဆုံးပဲ"

လင်းဟူစုန်းသည် တွေးတောရင်း လျှောက်လှမ်းသွား သည်။

"ဆရာကြီးယဲ့ပို့ချင်ရဲ့ သိုင်းပညာက ပြိုင်ဘက်ကင်း ဖြစ်တယ်။ ဒါကြောင့် ဆရာကြီးယဲ့ပို့ချင်ရဲ့ သမီးကလည်း သိုင်းပညာ အကျော်အမော် တစ်ယောက်ပါပဲ။ တကယ် အထွတ်အထိပ်ရဲ့ ပုဂ္ဂိုလ်ကွေကိုတောင် အနိုင်တိုက်ခိုက်နိုင်တယ်။ သည်တော့ သိုင်းပညာ မြင့်မားကြောင်း ပြောစရာ မလိုတော့ဘူး"

လင်းဟူစုန်း၏ စကားကြောင့် ယဲလင်းစမ်းကလည်း အော် ပြောလိုက်သည်။

"ဟုတ်တယ် ... တစ်ပွဲတစ်လမ်း စမ်းကြတာပေါ့"

ယဲ့လင်းစမ်းသည် လင်းဟူစုန်းအား ဓားရှည်ဖြင့် စတင် ထိုးနှက်လိုက်သည်။ ဟင်းစမ်းအဖွဲ့သူများ ကြောက်လန့်တကြား အော်ဟစ်လိုက်သည့် အသံများ ဆူညံသွား၏။ ယဲ့လင်စမ်းသည် လင်းဟူစုန်းအား ဟင်စမ်းအဖွဲ့၏ ဓားကွက်ဖြင့် စတင်တိုက်ခိုက်

ခြင်း ဖြစ်သည်။ ယဲ့လင်စမ်း အသုံးပြုသည့် ဓားကွက်သည် လင်းဟူစုန်း ကိုယ်တိုင် ဟင်စမ်းတပည့်များအား သင်ကြားပေးခဲ့သည့် အထွတ်အထိပ်ဓားကွက် ဖြစ်လေသည်။

ယဲ့လင်စမ်းသည် လိုဏ်ဂူအတွင်း ကျောက်နံရံတွင် ထွင်းထားသည့် ဟင်စမ်းအဖွဲ့၏ အထွတ်အထိပ်ဓားကွက်ကို အသုံးပြုပြီး ယှဉ်ပြိုင်သည်။ လင်းဟူစုန်းက တစ်ကိုယ်တော်ဓားကွက်ကို လေ့ကျင့်သင်ကြားပေါက်ပြီးသည့် နောက်ပိုင်းတွင် မည်သည့် ဓားကွက်၏ ဟာကွက်ကိုမဆို ကြည့်တတ်သည်။ တကယ်၍ လင်းဟူစုန်းသာ ယဲ့လင်စမ်း၏ အသက်ကို ချေလိုသော် စက္ကန့်မှ မိနစ်သို့ မကူးမီတွင်ပင် ချေယူနိုင်သည်။

လင်ဟူစုန်း၏ စိတ်အာရုံသည် ဝေးလံသော အတိတ်ဆီသို့ ရောက်ရှိသွားသည်။ ဂုစမ်းတောင်ထိပ်တွင် ယဲ့လင်စမ်းနှင့် အတူ ဓားရေးလေ့ကျင့်ခဲ့ကြသည့် အဖြစ်ဟောင်းများကို တရေးရေး ပြန်မြင်ယောင်မိ၏။ ထိုအဖြစ်ကို ပြန်မြင်ယောင်နေ၍ ယခု ယဲ့လင်စမ်းနှင့်အတူ ဓားရေးလေ့ကျင့်နေပြန်သည်ဟု တွေးထင်နေ၏။ ဤသို့စဉ်းစားရင်း လင်းဟူစုနန်းသည် လဲ့ယင်စမ်း၏ တိုက်ချက်များကို အလိုက်သင့် ကျေဖျက်ဖယ်ရှားနေ၏။

လင်းဟူစုန်းနှင့် ယဲ့လင်စမ်းသည် ဟင်စမ်းမားဟွန်းဖြင့် ယှဉ်ပြိုင်နေကြရာမှ တဖြည်းဖြည်းနှင့် တစ်ချိန်က ရေတံခွန်အောက်တွင် သူတို့နှစ်ဦး ချစ်ကြည်နူးစွာ တည်ထွင်ခဲ့ကြသည့် ဓားကွက်ကို အသုံးပြုမိလျက်သား ဖြစ်သွားကြသည်။ သူတို့နှစ်ဦး ပေါင်းစပ်တည်ထွင်ခဲ့သည့် ဓားကွက်သည် အကွက်လှသော်လည်း အစွမ်းအစ မရှိသည့် ဓားကွက်ဖြစ်သည်။ သို့သော် တစ်ချိန်က

ဤမောင်းကွက်ကို နှစ်ယောက်သား စိတ်တူသဘောတူ ထွင်ခဲ့ကြပြီး အပျော်ကြီး ပျော်ခဲ့ကြဖူးသည်။

ဤမောင်းကွက်များကို အသုံးပြု၍ ယှဉ်ပြိုင်နေနမိရာမှ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိရင်း နှစ်ဦးသား မျက်နှာနီမြန်းသွားကြသည်။

လင်းဟူစုန်း "ချစ်နှင်းမြူမှုံမောင်းကွက်"ကို အသုံးပြုလိုက်သည်။ လင်းဟူစုန်းက မောင်းကွက်ကို စတင်အသုံးပြုလိုက်သည်နှင့် ယဲ့လင်စမ်းကလည်း "ချစ်မိုးနှောင်းမောင်းကွက်"ကို ပြန်လည် အသုံးပြုလိုက်သည်။ ဤမောင်းကွက်နှစ်ကွက်စလုံးသည် မိမိတို့နှစ်ဦးသာလျှင်သိသော အတူတကွ တည်ထွင်ထားသည့် မောင်းကွက်များ ဖြစ်လေသည်။

ဤကဲ့သို့ တစ်ချိန်ကအတိုင်း မောင်းရေးလေ့ကျင့် ယှဉ်ပြိုင်နေမိစဉ်တွင် လင်းဟူစုန်း၏ စိတ်အစဉ်သည် ဗာဝမ်းတောင်တွင် နေခဲ့သည့် ရက်များသို့ ပြန်လည်ရောက်ရှိနေသည်။ ကြည်နူးမှုကိုလည်း လင်းဟူစုန်း ရင်ဝယ် တသိမ့်သိမ့် ခံစားရသည်။

ယဲ့လင်စမ်းကလည်း မိမိတွင် ကြင်ဖက်ရှိနေပြီကို မေ့နေသည့်အလား မျက်နှာမှာ အပြုံးရိပ်လွှမ်းနေသည်။ နှစ်ဦးစလုံးသည် ပတ်ဝန်းကျင်ကို မေ့လျော့ကာ အတိတ်၏ ကြည်နူးဖွယ်ရာ နေ့ရက်များသို့ ပြန်လည်ရောက်ရှိမှန်းမသိ ရောက်ရှိသွားကြသည်။

လင်းဟူစုန်းနှင့် ယဲ့လင်စမ်းတို့သည် မည်သည့်မောင်းကွက်မျိုးဆို အပြန်အလှန် အသုံးချနေကြောင်း မည်သူမျှ မသိကြချေ။ သူတို့နှစ်ဦး မောင်းရေးယှဉ်ပြိုင်နေကြခြင်းက မောင်းရေးလေ့ကျင့်နေ

ခြင်းမျိုးနှင့် တူနေသည်။ တစ်ခါတစ်ရံတွင် မောင်းရေးလေ့ကျင့်ခြင်းနှင့်ပင် မတူတော့ဘဲ မောင်းဟန်အလှပြနေသည်နှင့် တူနေပြန်တော့သည်။

ရုတ်တရက် ခနဲ့သည့် အသံတစ်သံ ထွက်ပေါ်လာသည်။ ဆိုအသံရှင်မှာ ယဲ့လင်စမ်း၏ ခင်ပွန်းသည် လင်းဖင်းကျည်၏ အသံပင် ဖြစ်၏။ ထို့ကြောင့် ရုတ်တရက် ယဲလင်စမ်း ထိတ်သန့်သွားလေသည်။

"ငါ အစ်ကိုကြီးကို ဒီလိုမောင်းဟန်ပြပြီး ချစ်ကြည်နူးနေဖို့ ကောင်းတော့ဘူး"

ဤသို့ တွေးမိပြီးနောက် ယဲ့လင်စမ်းသည် မောင်းရှည်ကို ဒေါက်ဆွဲလိုက်ပြီး အောက်မှ အထက်သို့ ပြန်လှန်ထိုးတင်လိုက်သည်။ ဤမောင်းကွက်သည် ဗာစမ်းအဖွဲ့၏ "ကညာစင်ဆယ့်ကိုးကွက်" မောင်းချက်ဖြစ်သည်။

လင်းဖင်းကျည်၏ ခနဲ့သံကို လင်းဟူစုန်း ကြားလိုက်သည်။ ရုတ်တရက် ယဲ့လင်စမ်း၏ မောင်းကွက်သည် ချက်ချင်းပြောင်းသွားခဲ့ခြင်း မရှိတော့ပေ။ ထက်မြက်သည့် မောင်းကွက်ကို ယဲ့လင်စမ်း အသုံးပြုလိုက်ကြောင်း လင်းဟူစုန်း သတိထားမိသည်။ ဤအချိန်တွင် လင်းဟူစုန်း၏ စိတ်အစဉ်သည် ရှုပ်တွေးနေသောကြောင့် မိမိထံသို့ တိုးဝင်လာသည့် မောင်းချက်ကို တိမ်းရှောင်ရင်း အလျဉ်းသင့်သလို ချေဖျက်ထုတ်လိုက်သည်။ လင်းဟူစုန်းသည် ယဲ့လင်စမ်း၏ မောင်းရွက်ကို လက်ဖြင့်တောက်ထုတ်မိသွက်သား ဖြစ်သွားသည်။ ယဲ့လင်စမ်းသည် မောင်းကိုမြစွာဆုပ်ကိုင်မထားနိုင်တော့ဘဲ မောင်းသည် ကောင်းကင်သို့ လွင့်တက်သွား

ဤကဲ့သို့ လျှပ်တစ်ပြက်အတွင်း အမှတ်မထင် ဖြစ်သွားသည့် အဖြစ်အပျက်ကြောင့် ပွဲကြည့်ပရိသတ်သည် ထိတ်လန့်အံ့သြသွားကြ၏။ ယဲ့လင်စမ်း ကိုယ်တိုင်လည်း အလွန် ထိတ်လန့်အံ့သြသွားသည်။

"ရှင် ... အစ်ကိုကြီး ... ရှင်"

မုတ်ဆိတ်နှင့် ရုပ်ဖျက်ထားသော ယဉ်ယဉ်သည် အပြေးအလွှား ရောက်ရှိခဲ့ပြီး မားကိုဆွဲနုတ်၍ လင်းဟူစုန်းကို ပွေ့ချီကာ လူအုပ်ကြားထဲမှ တိုးထွက်သွားသည်။ ဟင်စမ်းတပည့်မလေးများလည်း လင်းဟူစုန်းအား ပွေ့ချီသွားသော မုတ်ဆိတ်နှင့်လူနောက်သို့ ပြေးလိုက်ကြသည်။

ယဲ့လင်စမ်းသည် လင်းဟူစုန်းကို ဆေးထည့်ပေးနေသည့် နေရာသို့ အပြေးအလွှား ရောက်သွားသည်။ သို့သော ဟင်းစမ်းအဖွဲ့သူနှစ်ဦးက မားရှည်ကိုယ်စီ ဆွဲထုတ်လိုက်ပြီး ယဲ့လင်စမ်းအား အနီးအပါးသို့ မကပ်နိုင်ရန် တားဆီးလိုက်ကြ၏။

"ရှင် တော်တော်ယုတ်မာတဲ့ မိန်းမ"

ယဲ့လင်စမ်းသည် မည်သို့မျှ ပြန်လည်ချေပ ပြောဆိုခြင်း မပြုနိုင်အောင် ကြောင်နေ၏။

ထိုအခိုက် ယဲ့ပို့ချင်၏ ရယ်မောပြီး ပြောလိုက်သည့်အသံက ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။

"သမီးက ခုလို တိုက်စမ်းအဖွဲ့၊ ချူးစမ်းအဖွဲ့၊ ဟင်စမ်းအဖွဲ့တို့ရဲ့ ဂိုဏ်းချုပ်သုံးယောက်ကို ထိုက်စမ်း၊ ချူးစမ်း၊ ဟင်းစမ်း မားကွက်တွေနဲ့ အနိုင်ယှဉ်ပြိုင်နိုင်တဲ့ ကိစ္စဟာ တကယ်ကို မလွယ်တဲ့ ကိစ္စပါပဲ"

လေသည်။ ဤသို့ မားကိုတောက်ထုတ်မိပြီးမှ မှားသွားပြီထု လင်းဟူစုန်း နောင်တရလိုက်သည်။

"ဒုက္ခပဲ"

ယဲ့လင်းစမ်း၏ ပြိုးယောင်ရှိခဲ့သော မျက်နှာသည် ညိုဝိုစ် သွားပြီး တဖြည်းဖြည်း ညှို့ကျသွား၏။

လင်းဟူစုန်းသည် သန့်စင်တော်တောင်ထိပ်တွင် ယဲ့လင်စမ်းနှင့် မားရေးယှဉ်ပြိုင်စဉ်က ဖြစ်ဖူးသည့် ဖြစ်ရပ်ကို ပြန်သတိရမိသည်။ တိုက်ကွက် တိုက်ချက်သည် ယခုနှင့် မည်သို့မျှ ခြားနားခြင်း မရှိပေ။ ထိုစဉ်က ယဲ့လင်စမ်း အလွန်နှစ်သက်သော မားတစ်ချောင်းတောင် ချောက်ကမ်းပါးအောက်ကျပြီး ရင်ထုမနာ ဖြစ်ခဲ့ဖူးသည်။ ယခုလည်း ထိုစဉ်က အဖြစ်မျိုးနှင့် ကြုံပြန်ပြီတု လင်းဟူစုန် တွေးမိ၍ စိတ်မကောင်း ဖြစ်သွား၏။

စင်စစ် လင်းဟူစုန်းမှာ ယဲ့လင်စမ်းကို ယခုတစ်ကြိမ် စိန်ခေါ်ခြင်းသည် အနိုင်တိုက်ရန် မဟုတ်ဘဲ အရှုံးပေးရန်သက်သက် ဖြစ်၏။ ယဲ့လင်စမ်း၏ မားသာ ကောင်းကင်ယံမှ မြေသို့ပြန် အကျတွင် လင်းဟူစုန်းက ရှောင်ဟန်တိမ်းဟန်ပြုရင်း ...

"ဟင် ... စမ်းအဖွဲ့ရဲ့ အထွတ်ထိပ် အကျဆုံး မားကွက် ပါလား"

အော်ဟစ်ချီးမွမ်းရင်း လင်းဟူစုန်းသည် မားအောက်သို့ ရိပ်ခနဲ ရောက်ရှိသွားသည်။ အရှိန်အဟုန်နှင့် လွှင့်တက်သွားရာမှ ပြန်ကျလာသော ယဲ့လင်စမ်း၏ မားသည် လင်းဟူစုန်း၏ ညာလက်ပြင်သို့ စူးစိုက်ဝင်သွားသည်။ လင်းဟူစုန်းသည် မြေပြင်သို့ ထိုးလဲကျသွားပြီး ပြန်မထနိုင်တော့ချေ။

ဒွန်းစန္ဒာဂိုဏ်းချုပ်၏ စကားကို မည်သူမျှ ကန့်ကွက်ပြောဆိုခြင်း မရှိဘဲ ငြိမ်သက်နေလေသည်။

အတန်ကြာမှ ကျိလိန်းရှန်၏ အသံ ထွက်ပေါ်ခဲ့သည်။

"မိန်းကလေး ယဲ့လင်စမ်းက အဖွဲ့သုံးဖွဲ့ရဲ့ ဓားကွက်နဲ့ အဖွဲ့သုံးဖွဲ့ကို အနိုင် တိုက်ခိုက်နိုင်တာ ချီးမွမ်းစရာပါပဲ။ အဲ ... ငါ့ရဲ့ စုန်းစမ်းအဖွဲ့ ဓားကွက်ကို အနိုင်ယှဉ်နိုင်ရင်တော့ တောင်ငါးလုံးဂိုဏ်းချုပ် နေရာကို တို့စုန်းစမ်းတစ်ဖွဲ့လုံးက ကျေကျေနပ်နပ်နဲ့ လက်ကမ်းပေးလိုက်ရုံပေါ့"

ကျိလိန်းရှန်သည် ပြောရင်းနှင့် ဓားရေးယှဉ်ပြိုင်ကြသည့် ကွက်လပ်ဆီသို့ လျှောက်လှမ်းသွားသည်။ ကျိလိန်းရှန်က မိမိ၏ အစွမ်းအစကို ပြလိုသောအားဖြင့် အတွင်းအားကို ဖြည့်သွင်းပြီး ဓားအိမ်ကို ခါလိုက်သည်နှင့် ဓားရှည်သည် ဓားအိမ်တွင်းမှ ခုန်ထွက်လာ၏။

"ဘကြီးတော်ကို ကျွန်မ ဘယ်နည်းနဲ့မှ မယှဉ်ဝံ့ပါဘူး။ ကျွန်မက စုန်းစမ်းအဖွဲ့ရဲ့ ဓားကွက် ဆယ့်သုံးကွက်လောက်ပဲသိတော့ ဓားကွက် ဆယ့်သုံးကွက်ပြီးရင် ဘကြီးတော်ဆီမှာ ဆက်လက်ပြီး ပညာယူရပါမယ်"

ယဲ့လင်စမ်း၏ စကားကို ကြားရသောအခါ ကျိလိန်းရှန်သည် ဟားတိုက်ရယ်လိုက်ချင်သည်။ တစ်ချိန်တည်းတွင် ဒေါသလည်း အလွန်ထွက်မိသည်။ ထို့ကြောင့် ကျိလိန်းရှန် စိတ်ထဲမှ ကြိုးဝါးလိုက်သည်။

"မင်းက လူအများရှေ့မှောက်မှာ ငါ့ကို ဓားကွက်ဆယ့်သုံးကွက်အထိ ယှဉ်နိုင်တယ်လို့ ကြွေးကြော်လိုက်တဲ့ သဘောပေါ့။

ယဲ့ပို့ချင်သည် မိမိသမီးကို မသိမသာ အမွှန်းတင်စကားပြောသော်လည်း ပွဲကြည့်ပရိသတ်သည် တကယ်ပင် ယဲ့လင်းစမ်းက လင်းဟူဟုန်ကို အနိုင်တိုက်ခိုက်နိုင်ခြင်း ဟုတ်မဟုတ် မသေချာခဲ့တတ်ချေ။ လင်းဟူစုန်းက လှုက်ဖြင့်တောက်ထုတ်လိုက်သောကြောင့် ယဲလင်စမ်း၏ ဓားရှည်သည် ကောင်းကင်ယံသို့ လွှင့်တက်သွားသည်ကို ပွဲကြည့်ပရိသတ် မြင်သည်။ တစ်ဖန် ထိုဓားရှည်ဖြင့်ပင် လင်းဟူစုန်းသည် အသက်ဘေးအန္တရာယ် စိုးရိမ်ရသည့် အခြေအနေ ဖြစ်အောင် ဒဏ်ရာပြင်းထန်စွာ ရသွားသည်ကိုလည်း ပရိသတ်မျက်မြင်ပင်။

ယဲ့လင်စမ်းသည် သွေးအလိမ်းလိမ်းဖြင့် မြေပြင်တွင် ကျနေသော ဓားရှည်ကို ပြန်ကောက်ယူလိုက်သည်။ သွေးများပေကျံနေသော ဓားရှည်ကိုကြည့်ကာ ယဲ့လင်စမ်း ငိုင်သွား၏။

"သူ မသေရင်တော့ ငါက ... ငါက"

ယဲ့လင်စမ်းသည် ဆက်လက်၍ မစဉ်းစားချင်တော့အောင် စိတ်ပျပ်ထွေးသွားသည်။ ယဲ့လင်စမ်း၏ မျက်နှာက သွေးဆုတ်ဖြူရော်သွားသည်။

ဒွန်းစန္ဒာဂိုဏ်းချုပ်၏ အသံနက်ကြီးဖြင့် အော်ပြောလိုက်သံ ထွက်ပေါ်လာသည်။ စုန်းစမ်းတောင် တစ်ခုလုံး ဟိန်းထွက်သွား၏။

"ဂုဏ်စမ်းဂိုဏ်းချုပ် ဆရာကြီးယဲ့ပို့ချင်ဟာ တောင်ငါးလုံးရဲ့ ဓားရေးကို အထူးလေ့လာထားပုံ ရပါတယ်။ လေ့လာထားရုံတင် မကဘူး အထူးတတ်ကျွမ်းကြောင်းလည်း ထင်ရှားပါတယ်။ ကျွန်တော် အကြံပြုပြောရမယ်ဆိုရင် တောင်ငါးလုံးဂိုဏ်းချုပ်နေရာဟာ ဆရာကြီးယဲ့ပို့ချင်သာ အထိုက်တန်ဆုံး ဖြစ်ပါတယ်"

ကူးယဉ်ပြီး ဘကြီးတော်တို့ရဲ့ စုန်းစမ်းအဖွဲ့ မားကွက်ခို ဆယ့်သုံးကွက်အထိ ခုခံနိုင်မလား ဆိုပြီး ပြောခဲ့တာပါ"

ကျိုလိန်းရှန်သည် ခနဲ့သံတစ်ချက် ပြုလိုက်ပြီး စိတ်ထဲမှ ကြိုးဝါးလိုက်သည်။

"မင်းလို ကလေးမက ငါ့မားကွက် ဆယ့်သုံးကွက်မပြောနဲ့ သုံးကွက် မင်း ခုခံနိုင်ရင်ကို ငါ ရှက်ဖို့ကောင်းပြီ"

ကျိုလိန်းရှန်သည် မားကို အသင့်အနေအထား ပြောင်းကိုင်လိုက်သည်။

"ကဲ ... စတင် တိုက်ခိုက်နိုင်ပြီ"

ကျိုလိန်းရှန်၏ မားကိုင်ပုံက အစ အမြင်ဆန်းပြားနေသည်။ ပွဲကြည့်သူတိုင်း အံ့သြစွာ တွေ့ရသည်။ မည်သို့သော မားကွက်မျိုး သုံးမည်ကို မခန့်မှန်းနိုင်တော့ချေ။ ထို့ကြောင့် ယဲ့လင်စမ်း ထိတ်လန့်တုန်လှုပ်သွားမိသည်။

"ဟင် ... ဖေဖေ သင်ပေးတဲ့ မားကွက်တဲမှာ သည်လိုမားဟန်လည်း မပါပါလား။ ဘကြီးတော် ကျိုလိန်းရှန်က အထွတ်အထိပ်ပုဂ္ဂိုလ်တစ်ဦးဖြစ်တော့ ဘယ်လိုမားကွက်မျိုး သုံးမှာပါလိမ့်။ ဒါပေမဲ့ စမိတဲ့နောက်တော့ ကြောက်ရွံ့နေလို့ အပိုပါပဲ"

ထို့ကြောင့် မားရိုးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်ပြီး စုန်းစမ်းအဖွဲ့၏ "တောင်တော်ဦးမားကွက်"ကို ယဲ့လင်စမ်းက စတင်အသုံးပြုလိုက်သည်။

"အင်း ... ဒီလိုတော့လည်း ကလေးမက သိတတ်ရိုသေမှု ရှိသားပဲ။ ဒီလို သိတတ်ရိုသေမှု ရှိရင်တော့ ငါကလည်း သက်ညှာရမှာပေါ့"

တယ်လည်း မိုက်ရိုက်ပါကလား။ တွေ့ကြသေးတာပေါ့။ ငါ့မားကွက် တစ်ကွက် နှစ်ကွက်လောက်ကို မင်း ရှောင်နိုင်ရင် အရည်အသွေး မည့်ပါဘူး"

"ဖေဖေက ပြောပါတယ်။ ဘကြီးတော်ဟာ စုန်းစမ်းအဖွဲ့ရဲ့ အထွတ်အထိပ် အကျဆုံး ပုဂ္ဂိုလ်ပဲတဲ့။ ဒါကို ဘယ်သူမှလဲ မငြင်းနိုင်ပါဘူး။ ဒါပေမဲ့ ဘကြီးတော်ဟာ တောင်ငါးလုံးအဖွဲ့ထဲမှာတော့ အထွတ်အထိပ် အကျဆုံး ပုဂ္ဂိုလ်လို့ မပြောနိုင်ဘူးတဲ့။ ဘကြီးတော်ဟာ တောင်ငါးလုံးဂိုဏ်းချုပ်နေရာနဲ့ သင့်တော်သူတစ်ဦးလို့ ပြောနိုင်ပေမဲ့ ဖေဖေ့လို တောင်ငါးလုံးသွေးစည်းအဖွဲ့တွေရဲ့ မားကွက်တွေကို လေ့လာတတ်ကျမ်းမှု မရှိဘူးလို့ ဆိုပါတယ်"

"ကျွန်မက ဖေဖေ သင်ကြားပေးတဲ့ စုန်းစမ်းအဖွဲ့ရဲ့ မားကွက်ဆယ့်သုံးကွက်ကို တတ်မြောက်ထားတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ကျွမ်းကျင်မှုတော့ လိုပါသေးတယ်။ ဒါကြောင့် ဖေဖေက ပြောပါတယ်။ သမီးက စုန်းစမ်းအဖွဲ့ရဲ့ မားကွက်နဲ့ ဘကြီးတော်၏ သုံးကွက်လောက် ခုခံနိုင်ရင် ချီးမွမ်းစရာ ဖြစ်ပြီ။ ဒါပေမဲ့ သုံးကွက်မပြောနဲ့ ဒုတိယအကွက်ကို သမီး ခုခံနိုင်ရင် တော်လှပြီတဲ့"

"ဒါဆိုရင် မင်းက ငါ့ရဲ့မားကွက် သုံးကွက်ကို ခုခံနိုင်ရင် ဆရာကြီး ယဲ့ပို့ချင်ရဲ့ ချီးမွမ်းလောက်တဲ့သမီး ဖြစ်ပြီဆိုပါတော့"

"ကျွန်မက စုန်းစမ်းအဖွဲ့ရဲ့ မားကွက်ကို တတ်ရုံတတ်ပြီး လေ့ကျင့်မှု လိုပါသေးတယ်။ ဒါကြောင့် သုံးကွက်အထိ ခုခံနိုင်ရင် တော်လှပြီလို့ ဖေဖေက ပြောတာပါ။ ကျွန်မဘာသာ စိတ်

ကျိုလိန်းရှန်က ဤသို့ တွေးမိသည့် တစ်ခဏတွင်ပင် ရုတ်တရက် ဓားရောင် ဝင်းလက်သွားပြီး ယဲ့လင်စမ်း၏ ဓားချက် တစ်ချက်သည် မိမိထံ ရောက်ရှိခဲ့သည်ကို တွေ့လိုက်ရသည်။ ကျိုလိန်းရှန်သည် စုန်းစမ်းအဖွဲ့၏ ဓားကွက်များကို ကြေကြေညက်ညက် တတ်ကျွမ်းလေ့လာထားခဲ့သူ တစ်ယောက် ဖြစ်သော်လည်း ယဲ့လင်စမ်း အသုံးပြုလိုက်သော ဓားကွက်ကို ရုတ်တရက် ဝေခွဲမရချေ။

ယဲလင်စမ်း အသုံးပြုလိုက်သော ဓားကွက်သည် စုန်းစမ်းအဖွဲ့၏ "ကမ္ဘာဦးလူနဂါးဓားကွက်" ယောင်ယောင် "နှစ်ရောင်ထပ် ဓားကွက်" ယောင်ယောင် ဖြစ်နေ၏။

ဤဓားကွက်သည် ထက်မြက် ဆန်းပြားလှသော်လည်း ယဲ့လင်စမ်းမှာ အခြေခံနှသူဖြစ်သောကြောင့် ထိထိရောက်ရောက် အသုံးမချနိုင်ချေ။ ထို့ကြောင့် အလေးဂရုမပြုဘဲ ပေါ့ပေါ့တန်တန်ပင် သဘောထားကာ အရိပ်အခြေ စောင့်ကြည့်နေသည်။ ယဲ့လင်စမ်း၏ ဓားချက်သည် မိမိ၏ ကိုယ်ခန္ဓာအနီးကို ခြောက်လက်ခန့်အကွာ ရောက်ရှိလာပါက လက်ချောင်းများဖြင့်တောက် တိုက်ခိုက်နိုင်သည်ဟုလည်း ကျိုလိန်းရှန်က တွက်ဆထားပြီးဖြစ်သည်။

ယဲ့လင်စမ်း၏ ဓားချက်က ကျိုလိန်းရှန်နှင့် တစ်ပေခန့် အကွာခန့်တွင် တစ်ကွက်ပြီး တစ်ကွက် အကွက်ပြောင်းသွားသည်။ ကျိုလိန်းရှန်သည်လည်း ဆန်းပြားသော ဓားကွင်ပြောင်လဲမှုများကို စောင့်ကြည့်နေသည်။ ကျိုလိန်းရှန်က လဲ့ယင်စမ်း အသုံးပြုသွားသော ပြောင်းလဲမှု ဆန်းပြားနက်ရှိုင်းသည့် ဓားကွက်ကို သုံးသပ်ရင်း စိတ်ထဲမှကျိတ်၍ ချီးမွမ်းမိ၏။

ဓားကွက်မှာ အထွတ်အထိပ်ကျပြီး အပြောင်းအလဲ ဆန်းပြားသော်လည်း ယဲ့လင်စမ်း၏ အခြေခံပညာနှသေးသောကြောင့် ကျိုလိန်းရှန် အနေနှင့် အမှုမထားခြင်း ဖြစ်သည်။ ယဲ့လင်စမ်း ကလည်း အယောင်ပြ တိုက်ချက်များဖြင့် တိုက်ခိုက်ရင်း ကျိုလိန်းရှန်နှင့် တစ်ပေခန့် အကွာတွင် ဓားကွက်ကို ရုတ်တရက် ပြောင်းလဲသွားတတ်သည်။

ယဲ့လင်စမ်းသည် စုန်းစမ်းအဖွဲ့၏ အထွတ်အထိပ်ဓားကွက် ဆယ့်သုံးကွက်သာလျှင် တတ်ကျွမ်းထားသောကြောင့် ဆယ့်သုံးကွက်ပြည့်သည်နှင့် ပထမ အသုံးပြုသည့် အကွက်ကို ပြန်၍အသုံးချသည်။ ယဲ့လင်စမ်း၏ ဓားကွက်အပြောင်းအလဲကို ဆန်းစစ်လေ့လာနေသော ကျိုလိန်းရှန်သည် ရုတ်တရက် ယဲ့လင်စမ်းမှာ စောစောပိုင်းက ကစားသွားသော ကစားကွက်ကို အသစ်တစ်ဖန် ပြန်စသည်ကို မြင်ရသောအခါ ထိတ်လန့်သွားသည်။

"ကလေးမက ဓားကွက်ဆယ့်သုံးကွက်တောင် အသုံးပြုသွားပြီးပြီ။ ငါ့ အသုံးမကျရာ ရောက်တော့မယ်"

ဤသို့ စဉ်းစားမိသည်နှင့် ဓားများကို ဘယ်လက်ချောင်းသုံးချောင်းဖြင့် ပြောင်းပြန်ကိုင်ဆောင်ထားခဲ့ရာမှ ညာလက်ဖြင့် ဓားရိုးကို ပြောင်းကိုင်လိုက်သည်။

"ဘကြီးတော် ... ကျွန်မ ဓားကွက် ဘယ်နှကွက် အသုံးပြုနိုင်ပါသလဲရှင်"

ကျိုလိန်းရှန်သည် မျက်စိကို မှေးလိုက်ပြီး ...

"မင်းမဆိုးပါဘူး။ မင်း အသုံးပြုသွားတာ ဓားကွက်ဆယ့်သုံးကွက်ပဲ။ မလွယ်ပါဘူး"

ယဲ့လင်စမ်း၍ ဦးညွှတ်ဂါရဝပြုပြီး ပြောသည်။

"ဘကြီးတော်က ကျွန်မကို သက်ညှာလို့သာ ခုလိုဆဖန်သုံးကွက် အသုံးပြုနိုင်တာပါ"

ထိုအခိုက် စုန်းစမ်းအဖွဲ့သား တစ်ယောက်၏ အော်ဟစ်သံ ထွက်ပေါ်လာသည်။

"ဂိုဏ်းချုပ်ကြီး ကျိုလိန်းရှန်ရဲ့ မြင်းမားနက်ရှိုင်းတဲ့ ဓားရေးကို ကြွရောက်လာကြတဲ့ မိတ်ဆွေတွေ အမြင်ပါပဲ။ဆရာကြီး ယဲ့ပို့ချင်ရဲ့ ဓားကွက်ကို အစွမ်းအစ ကုန်တဲ့အထိ စောင့်ကြည့်နေခဲ့ပါတယ်။ ပြီးမှ တစ်ကွက်တည်းနဲ့ အနိုင်လက်စွမ်းပြလိုက်တယ်။ သိုင်းပညာသဘောမှာ အကွက်များတာထက် ကျွမ်းကျင်ပိုင်နိုင်မှုကသော ပဓာနဖြစ်ကြောင်း ထင်ရှားပါတယ်"

စုန်းစမ်းအဖွဲ့သား အဘိုးအိုက အသံကျယ်စွာ လှမ်းအော်ပြီး ပြောပြန်သည်။

"ဒီတော့ တောင်ငါးလုံးဂိုဏ်းချုပ် နေရာကို ဂိုဏ်းချုပ် ကျိုလိန်းရှန်နဲ့ပဲ ထိုက်တန်ပါတယ်။ တကယ်လို့ ကိုယ့်ကိုယ်ကိုယ် ဂိုဏ်းချုပ်နေရာနဲ့ ထိုက်တန်တယ်လို့ ထင်သူရှိရင် ထွက်လာယှဉ်ပြိုင်နိုင်ပါတယ်။ ကျုပ်ရဲ့အဆိုကို ကန့်ကွက်ချင်သူရှိရင်လည်း ဂိုဏ်းချုပ်ကျိုလိန်းရှန်နဲ့ ယှဉ်ပြိုင်နိုင်ပါတယ်"

စုန်းစမ်းအဖွဲ့သား အဘိုးအိုက အသံကျယ်လောင်စွာဖြင့် နှစ်ကြိမ်တိုင်တိုင် အော်ပြောလိုက်သည်။ ဤအချိန်တွင် နတ်မင်းသားခြောက်ပါးနှင့် ဟင်စမ်းတပည့်မကလေးများသည် လင်းဟူစုန်း၏ ဒဏ်ရာကို ပြုစုနေသည်။ ထို့ကြောင့် ထိုသို့ပြောဆိုနေခြင်းကို ဘာမျှမလုပ်နိုင်ပဲ မည်သို့မျှ မတတ်နိုင်ချေ။ အဘိုးအို

ဖြစ် ရုပ်ဖျက်ထားသော ယဉ်ယဉ်သည်လည်း လင်းဟူစုန်းအတွက် ကရုဏာသက်ပြီး အားမလို အားမရ ဖြစ်ရုံမှအပ မည်သို့မျှ မတတ်နိုင်ချေ။

စုန်းစမ်းအဖွဲ့ အဘိုးအို၏ အသံက ဆက်လက်ထွက်ပေါ်လာပြန်သည်။

"တစ်ဦးတစ်ယောက်မှ ထွက်ရောက်ယှဉ်ပြိုင်ခြင်း၊ ငြင်းဆိုခြင်း မရှိပုံထောက်တော့ တောင်ငါးလုံးဂိုဏ်းချုပ် နေရာမှာ ဂိုဏ်းချုပ် ကျိုလိန်းရှန်ကို တင်မြှောက်တာကို တောင်ငါးလုံးအဖွဲ့သားတွေကို သဘောတူကြောင်း ထင်ရှားပါတယ်။ ဂိုဏ်းချုပ် ကျိုလိန်းရှန်က သိုင်းပညာမှာ အထွတ်အထိပ် ကျရုံမက သိက္ခာသမာဓိလည်း ပြည့်ဝသူ ဖြစ်တဲ့အတွက် သည်တာဝန်ကို မငြင်းဆန်ဘဲ လက်ခံဖို့ ကောင်းပါတယ်ခင်ဗျား"

လက်ခုပ်တီး သြဘာပေးသည့် အသံများ ဆူညံသွားသည်။ လက်ခုပ်တီး သြဘာပေးကြသူများသည် စုန်းစမ်းအဖွဲ့သားများဟု ဖြစ်ကြပြီး ကြိုတင်၍ ဇာတ်တိုက်ထားသည့်သဘောရှိ၏။

ကျိုလိန်းရှန်အား ဂိုဏ်းချုပ်တာဝန် ဆောင်ရွက် လူအုပ်ကြားမှ အော်ပြောထောက်ခံသူများဖြင့် ဆူညံနေသည်။

"ဂိုဏ်းချုပ်ကြီး ကျိုလိန်းရှန်၊ စင်မြင့်ပေါ် ကြွတော်မူပါ"

လူအုပ်ကြားမှ စုန်းစမ်းအဖွဲ့သားများက လှမ်းအော်ပြောကြသည်။ ကျိုလိန်းရှန်သည် စိတ်မပါသည့်ဟန်ဖြင့် ပတ်ပတ်လည်သို့ ဂါဝရပြုပြန်၍ ပြောသည်။

"မိတ်ဆွေ အများရဲ့ လိုလိုလားလား တောင်းဆိုမှုကိုဦးတော် လိုက်လျောပါ့မယ်"

ရုတ်တရက် စင်မြင့်အောက်မှ ယဲ့လင်စမ်း၏ ကြည်လင်ပြတ်သားသောအသံ ထွက်ပေါ်ခဲ့သည်။

"ဘကြီးတော်က ကျွန်မလို အညတြလေး တစ်ယောက်ရဲ့ဝေးကို အပိုင်းပိုင်း ချိုးပြနိုင်ရဲ့နဲ့ တောင်ငါးလုံးဂိုဏ်းချုပ် လုပ်သင့်ပြီလို့ ယူဆနေပါသလား"

"ဒါကတော့ အများရဲ့ သဘောဆန္ဒနဲ့ ကိုက်ညီမှုရှိပါတယ်။ သိုင်းပညာယှဉ်ပြိုင်ပြီး ဂိုဏ်းချုပ်နေရာရယူဖို့ အများကပဲ ဆန္ဒပြုပေးခဲ့တယ်။ ခုလည်းအများရဲ့ ဆန္ဒအရ ဂိုဏ်းချုပ်တာဝန်ကိုလက်ခံရခြင်းဖြစ်တယ်။ တူမလေးက ငါ့ဝေးရှည်ကို အပိုင်းပိုင်း ချိုးနိုင်ရင်လည်း တူမလေး ဂိုဏ်းချုပ်နေရာ တင်မြှောက်ကြမှာပါပဲ"

"ကျွန်မက ဘကြီးတော်ကို ယှဉ်ပြိုင်နိုင်ဖို့ဆိုတာ မလွယ်တဲ့ကိစ္စပါ၊ ဒါပေမဲ့ တောင်ငါးလုံးအဖွဲ့ထဲမှာ ဘကြီးတော်ရဲ့နောက်ထပ် ယှဉ်ပြိုင်နိုင်သူ မရှိတော့ဘူးလို့ မပြောနိုင်ပါဘူး"

ကျိုလိန်ရှန်းသည် တောင်ငါးလုံးအဖွဲ့တွင် လင်းဟူစုန်း တစ်ယောက်တည်းကို မားရေးနှင့် ယှဉ်ပြိုင်ရန် စိတ်မချဖြစ်သည်။ ယခု လင်းဟူစုန်းက ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီ ဖြစ်သောကြောင့် စိတ်ချယုံကြည်ပြီး ပြန်ပြောသည်။

"တောင်ငါးလုံးအဖွဲ့ထဲက ငါ့ကို ယှဉ်နိုင်တဲ့လူဟာ ဘယ်သူလဲ၊ မင့်အဖေလား၊ မင့်အဖေလား၊ မင့်ခင်ပွန်းလား"

"ကျွန်မ ခင်ပွန်းသည်ကတော့ ဘကြီးတော်ထက် အများကြီး ဝါနုပါတယ်။ ကျွန်မအမေဟာ ဘကြီးတော်နဲ့ သိုင်းပညာမှာ တန်းတူလောက် ရှိမယ်။ ကျွန်မအဖေကတော့ ဘကြီးတော်ထက် သာလွန်ပါတယ်"

"ဆရာကြီးယဲ့ပို့ချင်၊ ခင်ဗျားရဲ့ သမီးကတော့ ခင်ဗျားရဲ့ သိုင်းပညာကို အလွန်မြင့်တင်ထားတာပဲ"

"ကလေးမလေးက မဆင်မခြင် ပြောတာ အစ်ကိုကြီး ကျိုလိန်းရှန် ဇွေမယူပါနဲ့။ ကျွန်တော့်သိုင်းပညာက ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနဲ့ ဝူတန်းဂိုဏ်းချုပ်လို ပုဂ္ဂိုလ်ကြီးတွေနဲ့ နှိုင်းစာရင် အလွန်ကွာခြားနေပါတယ်"

ယဲ့ပို့ချွင်၏ စကားကြောင့် ကျိုလိန်းရှန်၏မျက်နှာ "ကွက်" ပျက်သားသည်။ ယဲ့ပို့ချွင်သည် ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးနှင့် ဝူတန်းဂိုဏ်းချုပ်တို့ကိုသာ ဖော်ပြောပြီး မိမိအမည်ချန်လှပ်ထားခြင်းက မိမိထက် သိုင်းပညာမနိမ့်ကြောင်း ဖော်ပြောသည်နှင့် အတူတူပင်။ ဤသို့ ယဲ့ပို့ချွင် ဆိုလိုကြောင်း လူတိုင်းကလည်း သဘောပေါက်သည်။

"ဂိုဏ်းချုပ်ကျိုလိန်းရှန်နဲ့ ယှဉ်ရင်ကော ဘယ်လိုရှိလဲ" စုန်းစမ်းအဖွဲ့မှ အဘိုးအိုက ယဲ့ပို့ချွင်ကို လှမ်းမေးလိုက်၏။

ကျွန်တော်က အစ်ကိုကြီး ကျိုလိန်းရှန်နဲ့ ပေါင်းဖော်ခဲ့တာကြာပါပြီ။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန် လေးစားမှု ထားကြပါသည်။ စုန်းစန်းအဖွဲ့မှာလည်း အထွတ်အထိပ် မားရေးရှိသလို တော်တို့ ဝှာစမ်းအဖွဲ့မှာလည်းပဲ အထွတ်အထိပ် မားရေးရှိတယ်။ ဒါပေမဲ့ ကျွန်တော်ရဲ့ အစ်ကိုကြီး ကျိုလိန်းရှန်ဟာ ဒီခါမှ မားရေးမယှဉ်ပြိုင်ဖူးတော့ အစ်ကိုကြီး ဟန်ထျန်းစိန်ရဲ့ ခွန်းကို ကျွန်တော် မပြေတတ်ပါဘူး"

"ဆရာကြီး ယဲ့ပို့ချွင်ရဲ့ လေသံက ဂိုဏ်းချုပ် ကျိုးလိန်ရှန်ကိုတောင် မြင့်သယောင်ယောင် သဘောမျိုး ရှိတယ်"

"လူပုဂ္ဂိုလ်အနေနဲ့လည်း ကျုပ် ကြားဖူးတာကတော်ယောက်
ားလို့ ဆိုကြတာပါပဲ။ သိုင်းလောကတစ်ခွင်မှာ အရှစ်မှာ ထွက်
ကြားခဲ့တဲ့ နာမည်ဖြစ်ပါတယ်။ ဒါပေမဲ့ ဓားရေး
သက်မြက်တာလောက်ပဲ ကြားရဖူးပြီး မမြင်ဖူးသေးနားခံနေတာ
သိုင်းလောက လူစွမ်းကောင်းတွေ ရှေ့မှောက်မှာ အရှုံးလား"
အစ်ကိုကြီး ယဲ့ပို့ချွင်က လက်စွမ်းလက်စလေး ပြယ် ဆိုတာလည်း
ဘယ်။ ကြွရောက်လာတဲ့ လူတွေလည်း အမြင်ကပ်ဖွယ် ရမှာတဲ့လား"

ကျိုလိန်းရှန်၏ စကားကို ကြားရသောအသွားသေးလည်း၊
ခ တစ်ယောက်တစ်ပေါက် အော်ပြောသံများ ဆူ
လာပြန်သည်။

"စင်မြင့်ပေါ်တက်ပြီး ယှဉ်ပြိုင်ပါလား၊ သည်လိုသာလည်း
ပြောနေရင် ဘာလူစွမ်းကောင်း ပီသတော့မှာလဲ၊ ကြာ်သည်။
မြန်မြန်လုပ်"

"တက်လေ ... မြန်မြန်၊ ဘာလို့ဆိုင်းနေတာလဲ"

"မြန်မြန်တက်၊ အချိန်ဆွဲမနေနဲ့"

လူအုပ်ကြားမှ ရွှတ်ချပြောဆိုသည့် စကားသံများ ထွက်
ပေါ်လာခဲ့သော်လည်း ယဲ့ပို့ချွင်သည် စိတ်အေး လက်အေးပင်
လက်ပိုက်ထားလိုက်သည်။

ကျိုလိန်းရှန်သည် ယဲ့ပို့ချွင်ကို မုချနိုင်မည်ဟု အပိုင်တွက်
ထားပုံရသည်။ ယဲ့ပို့ချွင်၏ နာမည်သည် သိုင်းလောကတစ်ခွင်
တွင် ကျော်ကြားခဲ့သော်လည်း ရှောင်လင်ကျောင်းတိုက်တွင်
လင်းဟူစုန်းအား ခြေပျံဖြင့် လှမ်းကန်ခဲ့စဉ်က ခြေသလုံးရိုး ကျိုး
သွားခဲ့၏။ ထိုဖြစ်ရပ်မျိုးသည် မြင်မားသော သိုင်းသမားကောင်း

ဆိုလိုသည်မှာ ယဲ့ပို့ချွင်သည် ကျိုလိန်းရှန်ထက် အတွင်
အား ပိုမိုသာလွန်သည်ကို သွယ်ဝိုက်ပြောလိုက်ခြင်း ဖြစ်သည်

ယဲ့ပို့ချွင်သည် ဟန်ထျန်းဖိန်၏ စကားကို အရေးမထား
ဘဲ ဆက်ပြောသည်။

"သိုင်းပညာ ယှဉ်ပြိုင်ကြတယ်ဆိုတာ ရှေးရာဝေင်ဟောင်
တွေမှာလည်း ရှိခဲ့တာပါပဲ။ ဒါပေမဲ့ ကျွန်တော်က အစ်ကိုကြီး
ကျိုလိန်းရှန်ဆီမှာ စူးစမ်းအဖွဲ့ရဲ့ ဓားရေးကို သင်ယူဖို့ မူလ
တည်းက ကြိုးစားချက်ရှိတယ်။ ဒီနေ့ကတော့ တောင်ငါးလုံး
အဖွဲ့ ဂိုဏ်းချုပ်တာဝန် အပ်နှင်းတဲ့ နေ့ကောင်းနေ့မြတ် ဖြစ်
လို့ ကျွန်တော်ရဲ့ ကြိုးစားယဉ်ကျက်အတိုင်း မပြုသင်ဘူးလို့ ယူဆ
တယ်"

"အစ်ကိုကြီး ယဲ့ပို့ချွင်က ကျုပ်ဆီက စုန်းစမ်းအဖွဲ့ ဓ
ရေးကို သင်ယူစရာ မလိုပါဘူး။ ကျုပ်လက်ထဲက ဓားကိုသ
အရယူပါ။ ကျုပ်က တောင်ငါးလုံးဂိုဏ်းချုပ်နေရာက ဖယ်ရှ
ပေးပါ့မယ်"

ယဲ့ပို့ချွင်က လက်မထောင်ကာ ခါယမ်းပြီး ပြောသည်

"သိုင်းပညာမြင့်မားပေမဲ့ လူပုဂ္ဂိုလ်အနေနဲ့ သိက္ခာသမာ
မြင့်မားချင်မှ မြင့်မားမယ်။ ပြီးတော့လည်း အစ်ကိုကြီး ကျိုလိန်
ရှန်ကို ကျွန်တော်က အနိုင်ဘိုက်နိုင်ပေမဲ့ တောင်ငါးလုံးအဖွဲ့ဝင်
က တချို့ မြင့်မားတဲ့ ပုဂ္ဂိုလ်တွေကို မုချအနိုင်တိုင်နိုင်မယ်လို့
ပြောလို့မရပါဘူး"

ယဲ့ပို့ချွင်၏ စကားသည် ကျိုလိန်းရှန်အား မသိမသာ
ထိပါးပုတ်ခတ်နေခြင်း ဖြစ်၏။

အနေနဲ့ မဖြစ်သင့် မဖြစ်အပ်သော ဖြစ်ရပ်ဟု ကျိုလိန်းရှု
ဆိုသည်။ ထိုစဉ်ကစပြီး ကျိုလိန်းရှန်သည် ယဲ့ပို့ချွင်ကို အစ
အား ပိုမိုသည်။

ယဲ့ပို့သည်လူဟာ သိပ်ဉာဏ်များတယ်။ လူရှေ့ သူရှေ့
ဘဲ ဆက်ပြေးခိုင်အောင်တော့ ငါ လုပ်ထားမှ၊ သည်လိုမှ မရ

"သိုင်းပျောင်ငါးလုံးအဖွဲ့ထဲမှာ သည်လူ ငါ့ကို ပြဿနာ
တွေ့မှာလည်း ဒီ
ကျိုလိန်းရှန်ဆီမှာတွဲမိသောကြောင့် ကျိုလိန်းရှန်သည် ယဲ့ပို့ချွင်ကို
တည်းက ကြိုယှဉ်ပြိုင်ရန် ဖိတ်ခေါ်လိုက်သည်။
အဖွဲ့ ဂိုဏ်းတိုင်းက ခင်ဗျားကို စင်မြင့်ပေါ်တက်ပြီး လက်ဖွဲ့
လို့ ကျွန်ုပ်တာကို လိုလားနေကြတယ်။ အများရဲ့ဆန္ဒကို လိုက်
တယ်" ကောင်းပါတယ်"

"အစ်ကိုကြီးကျိုလိန်းရှန်က ဒီလို ပြောလာတော့ ကျွန်တော်
နေည်း အများရဲ့ဆန္ဒကို လိုက်နာရတော့မှာပေါ့"

ယဲ့ပို့ချွင်သည် အေးတိအေးစက်နှင့် လေ့ကားထစ်များကို
တစ်ထစ်ချင်းနှင်းပြီး စင်မြင့်ပေါ် လှမ်းတက်သွားသည်။

"ဒီနေ့ အများရဲ့ လိုအင်ဆန္ဒနဲ့ အစ်ကိုကြီး ကျိုလိန်းရှန်
ရဲ့ ဆန္ဒကို လိုက်လျောတဲ့ အနေနဲ့ ကျွန်တော်က အစ်ကိုကြီး
ကျိုလိန်းရှန်ကို ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ယှဉ်
ပြိုင်ကြတဲ့အခါမှာ အရှုံးအနိုင် ပေါ်တာနဲ့ ရပ်ဆိုင်းလိုက်ကြရင်
မကောင်းဘူးလား"

"ကျုပ်ကလည်း အစ်ကိုကြီး ယဲ့ပို့ချွင်ကို ထိခိုက်အနာတရ
မဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားယှဉ်ပြိုင်မှာပါ"

စင်မြင့်အောက်မှ ဟုန်စမ်းအဖွဲ့သားများ၏ တစ်ယောက်
ဘစ်ပေါက် အော်ဟစ်ပြောဆိုသံများ ကျယ်လောင်စူးရှစွာ ထွက်
ပေါ်ပြန်သည်။

"မယှဉ်ပြိုင်တော့ဘဲ မယှဉ်ပြိုင်ရသေးဘူး အသနားခံနေတာ
အရင်ကိုး။ မယှဉ်ပြိုင်ဘဲ နေတာက ပိုမကောင်းဘူးလား"

"ခားမှာ မျက်စိမပါဘူး၊ သေမယ် ရှင်မယ် ဆိုတာလည်း
ဘယ်သူကမှ တာဝန်မယူနိုင်ဘူး။ တာဝန်ယူလို့ကော ရမှာတဲ့လား"

"ကြောက်ရွံ့နေမှတော့ စင်မြင့်ပေါ် တက်သွားသေးလည်း၊
ပြန်ဆင်းခဲ့ပါတော့လား။ အချိန်မီသေးတယ်"

"ကြောက်နေရင် ဆင်းခဲ့စမ်း၊ ရှုပ်တယ်"

ယဲ့ပို့ချွင်သည် စကားသံ အမျိုးမျိုးကို ကြားရသော်လည်း
ပရိသတ်ကြီး ငြိမ်သက်အောင် စောင့်ဆိုင်းပြီး ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်။ ဗာစမ်းအဖွဲ့သားတွေ အားလုံး နားထောင်
ကြ။ အစ်ကိုကြီးကျိုလိန်းရှန်က မတော်တစ လက်လွန်သွားလို့
ငါခံရရင် ဘယ်လိုမှ သဘောမထားရဘူး၊ ရန်ငြိုးမလိုရဘူး၊ ခု
ယှဉ်ပြိုင်ကြတယ် ဆိုပေမဲ့ တို့ညီအစ်ကို သိုင်းပညာဖလှယ်ကြ
ခြင်းမျိုးပဲ ဖြစ်တယ်"

"အစ်ကိုကြီး ယဲ့ပို့ချွင်မှာ သည်လိုစိတ်ထားမျိုး ရှိတာကို
သိရလို့ ချီးကျူးပါတယ်"

ယဲ့ပို့ချွင်သည် လူအုပ်ဘက်သို့ လှည့်ပြောပြန်သည်။

"ကျွန်တော်တို့ ခုလို ကြိုးကြိုးစားစား လုပ်နေတာဟာ
တောင်ငါးလုံးအဖွဲ့ ဖွဲ့စည်းဖို့ ဖြစ်တယ်။ တောင်ငါးလုံးအဖွဲ့သား
တိုင်းဟာ ညီအစ်ကို မောင်နမတွေ ဖြစ်မယ်၊ ဂိုဏ်းစိတ်၊ အဖွဲ့

စိတ် မထားဘဲ တစ်ဦးနဲ့တစ်ဦး ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ဆက်ဆံဖို့ အရေးကြီးပါတယ်။ ဒီတော့မှလည်း ကျွန်တော်တို့ ဖွဲ့စည်းတဲ့ တောင်ငါးလုံးအဖွဲ့ရဲ့ ဦးတည်ချက်နဲ့ ကိုက်ညီပါမယ်။ လူအများရဲ့ ကောင်းကျိုးကို ဆောင်ရွက်ရာ ရောက်မယ်သည်လိုမှ မဟုတ်ရင် ကျွန်တော်တို့ တောင်ငါးလုံး အဖွဲ့ရဲ့ ဦးတည်ချက်နဲ့ မကိုက်ညီပဲရှိမယ်”

ယဲ့ပို့ချွင်၏ စကားကို ကြားရသောအခါ ကျိုလိန်းရှန်ထ တွေးတောမိသည်။

“ဒီလူပရိသတ်ရဲ့ တောင်းဆိုချက်ကြောင့် စင်မြင့်ပေါ် တို့ မလွှဲမရှောင်သာ တက်ရောက်လာခဲ့ရတာကိုး။ တကယ်တော့ ဘင့်ရဲ့ ဓားချက်ကို တော်တော်ကို ကြောက်ရွံ့နေပုံရတယ်”

ယဲ့ပို့ချွင်သည် ပရိသတ်ဘက်သို့လှည့်၍ စကားပြောဆိုပြီး နောက် ဓားရှည်ကို ဖြည်းဖြည်းချင်း စွဲထုတ်လိုက်သည်။

ယဲ့ပို့ချွင်၏ စင်မြင့်ပေါ်သို့ တက်သွားဟန်၊ စကားပြောဟန်၊ ဓားဆွဲထုတ်ဟန်ကိုကြည့်၍ ယဲ့ပို့ချွင်သည် ကျိုလိန်းရှန်အား မည်သို့မျှ နိုင်ရန်အကြောင်းမရှိဟု ပရိသတ်က ယူဆကြသည်။

ဤအချိန်တွင် ယဉ်ယဉ်နှင့် ဟင်စမ်းပည့်မများသည် လင်ဟူစုန်းအား မေတ္တာကရုဏာ ကြီးစွာဖြင့် ပြုစုနေကြသည်။

ယဲ့ပို့ချွင်နှင့် ကျိုလိန်းရှန်တို့သည်လည်း စင်မြင့်ထက်တွင် ပေနှစ်ဆယ်ခန့် ခွာရပ်ပြီး တစ်ယောက် အရိပ်အခြည်ကို တစ်ယောက် စောင့်ကြည့်နေကြသည်။

ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေလေသည်။ မှန်တိုင်းမကျမီ ငြိမ်သက်ခြင်းမျိုး ...

လင်းဟူစုန်း၏ နားတွင်းသို့ ဂါထာရွတ်သံ ဝင်ရောက်လာသည်။

လင်းဟူစုန်းသည် ထျန်းပက်ကွမ်း၏ လက်ချက်ကြောင့် ဒဏ်ရာရခဲ့စဉ်က ဤသို့ ရွတ်ဖတ်သရဇ္ဈာယ်နေသူမှာ ယိနင်ပင် ဖြစ်သည့် အသံမျိုးကို ကြားရဖူးသည်။ ယခုလည်း ကြားရပြန်သောကြောင့် မျက်စိဖွင့်မကြည့်ဘဲ ရွတ်ဖတ်သရဇ္ဈာယ်နေသူမှာ ယိနင်ပင် ဖြစ်မည်ဟု ဝိုပ်အပ်သိသည်။

ကျိုလိန်းရှန်နှင့် ယဲ့ပို့ချွင်တို့သည် တစ်ဦးနှင့်တစ်ဦး အားတုံ့အားနာစကား ပြောကြပြီး ကျိုလိန်းရှန်က ဘယ်လက်ကို အပြင်သို့ ဆန့်ထုတ်လိုက်၍ ညာလက်ကဓားဖြင့် ခုတ်ဖြတ်ဟန် ပြုလိုက်သည်။ ကျိုလိန်းရှန် အသုံးပြုလိုက်သော ဓားကွက်သည် ဟုန်းစမ်းအဖွဲ့၏ “ဘွင်းလွင်းဓားကွက်”ပင် ဖြစ်သည်။ ဤဓားကွက်သည် တစ်ဖက်သားအား ဟန်ရေးပြစရာ မလိုဘဲ ဘွင်းလွင်းတိုက်ခိုက်ရန် ဖော်ညွှန်းသည့်ဓားကွက် ဖြစ်သည်။

ဟောလူအနေနှင့် မသိသော်လည်း ဤဓားကွက်ကို ကျိုလိန်းရှန် အသုံးပြုလိုက်သည်နှင့် ယဲ့ပို့ချွင်က သဘောပေါက်သွားသည်။ ယဲ့ပို့ချွင်သည် အသက်ပြင်းပြင်းတစ်ချက် ရှူရှိုက်လိုက်ပြီး ဓားရှည်ဖြင့် တန်းတန်းမတ်မတ် လှမ်းထိုးလိုက်သည်။ သို့သော် လမ်းခုလတ်တွင် ယဲ့ပို့ချင်၏ ဓားဦးသည် ဦးတည်ချက် ပြောင်းသွားကာ ဟုန်းစမ်းအဖွဲ့၏ “တောင်ခိုးဝေမြူခြေဆိုင်းဆိုင်းဓားကွက်”ကို အသုံးပြုလိုက်၏။ ယဲ့ပို့ချွင်၏ ဓားဦးသည် အပေါ်သို့ ထောင်တက်ပြီး ဦးတည်ချက် မည်သို့ရှိမည်ကို ဝေခွဲရန်ခဲယဉ်းလှသည်။

ယဲ့ပို့ချင်၏ မျက်နှာပေါ်တွင် ခရမ်းရောင်ခြည်တစ်ချက် ပေါ်ခဲ့ပြီး ကျိုလိန်းရှန်၏ လက်ဖါးချက်ကို ယဲ့ပို့ချင်က လက်ဝါးချက်ဖြင့် ခံဆောင်ရင်း ကိုယ်ကို တိမ်းရှောင်ပေးလိုက်သည်။

"ဒီလက်ဝါးချက်က စုန်းစမ်းအဖွဲ့ရဲ့ မူရင်းလက်ဝါးချက်မှ ဟုတ်ပါရဲ့လား ဗျာ"

"ဒါကတော့ တောင်ငါးလုံး အဖွဲ့သားတွေ သိုင်းပညာ တိုးတက်မြင့်မားစေဖို့ ကျွပ်ကိုယ်တိုင် တည်ထွင်ထားတဲ့ လက်ဝါးချက် သိုင်းပညာ ဆိုပါတော့"

"ဒီလိုလား၊ ဒါဖြင့်လည်း အစ်ကိုကြီး ကျိုလိန်းရှန်ဆီမှာ ပညာရဦးမှာပေါ့"

"ဒါပေါ့"

ကျိုလိန်းရှန်သည် လက်ဝါးချက်ချင်း ဆိုင်နေသော်လည်း ယဲ့ပို့ချင်က တင်းခံနိုင်သည်ကို တွေ့ရသဖြင့် ...

"သူက ငါ့ရဲ့အားစိမ့်အတွင်းအားပါတဲ့ လက်ဝါးချက်ကို တောင် ခံနိုင်ရည်ရှိနေတာကိုး။ စကားပြောတာတောင် တုန်တုန်ယင်ယင် မဖြစ်သေးတော့ ဒီလူ့ အတွင်းအားနဲ့ သိုင်းပညာရပ်ဟာ ငါထင်သလောက် မနိမ့်ဘူး"

တွေးတောရင်း ကျိုလိန်းရှန်သည် ဓားချက်များ မပြတ်ထိုးနှက်ခတ်ရင်း ဓားချက်များအကြားမှ လက်ဝါးချက်ကိုညှပ်ပြီး အသုံးချသည်။ ယဲ့ပို့ချင်သည်လည်း ပြန်လည်၍ ကျိုလိန်းရှန်၏ ဓားချက်ကို ချေဖျက်ရင်း လက်ဝါးချက်ချင်းလည်း ဆိုင်လိုက်သည်။

ဤတစ်ကြိမ်တွင် ယဲ့ပို့ချင်သည် တိမ်ရှောင်ခြင်း မပြုတော့ဘဲ ဓားရှည်ကို ဝိုက်ဆွဲကာ ကျိုလိန်းရှန်၏ခါးကို ဖြတ်ခုတ်ချ

ကျိုလိန်းရှန်သည်လည်း ဓားကို မြှောက်တင်ကာ အပေါ်စီးမှ ခုတ်ချလိုက်သည်။ ဓားကွက်သည် ဟုန်းစမ်းအဖွဲ့၏ ဓားကွက်မဟုတ်ကြောင်း လူတိုင်းသိသည်။ ဓားကွက်သည် "ဗာဝမ်းတောင်ဖြိုဓားကွက်"ဖြစ်ပြီး ရိုးစင်း၍ သိုင်းလောကတစ်ခွင်မှ သိုင်းသမားတိုင်း တတ်ကျွမ်းနားလည်သော ဓားကွက်ဖြစ်နေသည်။

ယဲ့ပို့ချင်သည် ထိုဓားချက်ကို စိတ်အေးလက်အေးဖြင့် တိမ်းရှောင်လိုက်သည်။ ကျိုလိန်းရှန် ကိုယ်တိုင်လည်း သတိပြုမိ၏။

"သူလူက တော်တော် ခေါင်းအေးအေး ထားနိုင်တယ်။ စောစောက ငါ ဘွင်းလွင်းဓားကွက်ကို သုံးတယ်။ ပြီးတော့ ... ဗာစမ်းတောင်ဖြိုဓားကွက်ကို သုံးတယ်၊ ငါ့သဘောလားကို သူသိလောက်ပြီ။ ဒါပေမဲ့ ခုထိ စိတ်အေးလက်အေးရှိတော့ စိုးရိမ်စရာကောင်းတဲ့ ပြိုင်ဘက်တစ်ယောက်ပဲ"

ကျိုလိန်းရှန်က ဤသို့တွေးတောမိ၍ စုန်းစမ်းအဖွဲ့၏ လက်ရွေးစင်ဓားကွက်ဖြစ်သည့် "မိုးယဲချိုကျောက်စိမ်းနဂါး"ဓားကွက်ကို အသုံးပြု၍ ဆက်လက်တိုက်ခိုက်သည်။ ကျိုလိန်းရှန်၏ ဓားချက်သည် အမည်နာမနှင့် လိုက်လျောညီထွေရှိသည်။ ကျိုလိန်းရှန်၏ ဓားသည် ကွေ့ကောက် သယောင်ယောင်၊ ဖြောင့်စင်း သယောင်ယောင်နှင့် အသက်ဝင်လာသည်။ နဂါးမိုးယဲသို့တက်သည့်နှယ် တလှုပ်လှုပ် တရွရွ ရှိနေလေသည်။ ထို့ကြောင့် လူအုပ်ကြားမှ လက်ခုပ်တီးပြီး ဩဘာပေးသံများ ထွက်ပေါ်လာခဲ့၏။

လိုက်သည်။ ကျိုလိန်းရှန်သည် ဓားရှည်ဖြင့် ပြန်ခုခံရင်း ဘယ်လက်ဝါးကို အတွင်းအား အပြည့်ဖြည့်သွင်းပြီး ယဲ့ပို့ချွင်၏ နောက်ကျောကို ရိုက်နှက်ချလိုက်သည်။ ယဲ့ပို့ချွင်သည် ကိုယ်ခန္ဓာကို ချက်ချင်းပြန်လှည့်ပြီး ကျိုလိန်းရှန်၏ လက်ဝါးချက်ကို လက်ဝါးချက်ချင်း ဆိုင်လိုက်ပြန်သည်။

ပြီးနောက် ယဲ့ပို့ချွင်သည် လွှားခနဲ ခုန်ထွက်သွားလေသည်။

ကျိုလိန်းရှန်က နောက်မှ လှမ်းအော်ဆဲဆိုသည်။

"ခွေးသူခိုး ... အရှက်မရှိတဲ့ကောင်"

ကျိုလိန်းရှန်က အရေးသာပြီး ယဲ့ပို့ချွင် အရေးနိမ့်နေချိန်တွင် ဤသို့ ကျိုလိန်းရှန် ဒေါသတကြီး လှမ်းအော်ဆဲလိုက်ခြင်းကို ပွဲကြည့်ပရိသတ်က သဘောမပေါက်မိပေ။

စင်စစ် တတိယအကြိမ် လက်ဝါးချက်ချင်း ဆိုင်မိချိန်တွင် ကျိုလိန်းရှန်၏ လက်ဝါးသည် ဆစ်ခနဲ စူးရှနာကျင်သွားသည်။ ကျိုလိန်းရှန်က မိမိလက်ဝါးကို ပြန်ကြည့်လိုက်သောအခါ လက်ဝါးတွင် အပ်ပေါက်ရာကလေး တစ်ခုကို မြင်ရကြီး သွေးစို့နေ၏။ သွေးရောင်က ညိုမည်းနေသောကြောင့် အဆိပ်အပ်ဖြင့် အထိုးခံလိုက်ရခြင်း ဖြစ်သည်ကို သိလိုက်၏။ အဆိပ်မပျံ့နှံ့စေရန် ညာလက်ညှိုးဖြင့် ဘယ်လက်မောင်းသွေးကြောကို ကပျာကရာ လှမ်းထောက်လိုက်ပြီး အော်ဆဲလိုက်သည်။

"အဆိပ်အပ် စူးမိပြီးတဲ့ နောက်တော့ ငါ ဒီအကောင်ကို အချိန်ဆွဲပြီး တိုက်နေဖို့ အခြေအနေ မပေးတော့ဘူး။ အမြန်ဆုံး ရှင်းပစ်မှပဲ ဖြစ်တော့မယ်"

ကျိုလိန်းရှန်သည် ဤသို့ တွေးတောပြီးနောက် မိုးသီးမိုးပေါက်ကဲ့သို့သော ဓားချက်များဖြင့် ယဲ့ပို့ချွင်အား ဓားမိုးရွာတော့သည်။ ယဲ့ပို့ချွင်သည်လည်း တိုက်ပွဲစချိန်ကကဲ့သို့ ခံစစ်ကိုမသုံးတော့ဘဲ ထိုးစစ်ကို အခြေပြုလာသည်။ ယဲ့ပို့ချွင်၏ ဓားချက်များသည် အလွန်သွက်လက်ပြီး ရက်စက်လေသည်။

ပညာယှဉ်ပြိုင်ခြင်းမျိုး မဟုတ်တော့ဘဲ အသေအကြေ အသက်စွန့်ပြီး တိုက်ခိုက်လာကြသည်။ ဤအဖြစ်ကို မြင်ရသော အခါ ဝှမ်းသိမ်းဆရာတော်ကြီးက ရေရွတ်လိုက်သည်။

"စောစောတုန်းက ယှဉ်ပြိုင်နေကြတာ အကောင်းသားနဲ့ ဘာဖြစ်လို့ ဒီလို သူသေသေ ကိုယ်သေသေ တိုက်ခိုက်လာကြရတာလဲ၊ မသင့်တော်ပေဘူး"

တစ်ကွက်ပြီး တစ်ကွက် အကွက်ပေါင်းများစွာ ကျော်လွန်ခဲ့သော်လည်း ကျိုလိန်းရှန်သည် ယဲ့ပို့ချွင်ကို အနိုင်မတိုက်နိုင်ချေ။ ထို့ကြောင့် ကျိုလိန်းရှန်သည် အရှိန်အဟုန်မြှင့်ပြီး တရစပ် ထိုးနှက် တိုက်ခိုက်တော့သည်။

ယဲ့ပို့ချွင်က ရုတ်တရက် ဓားကွက်ပြောင်းပြီး တိုက်ခိုက်သည်။ ယဲ့ပို့ချွင်၏ ဓားချက်သည် ရှေ့ထိုးထုတ်တော့မယောင်ယောင်နှင့် နောက်သို့ ပြန်ရုပ်သွားတတ်၏။ ဓားကွက်သည်အကွက်ဆန်း ဖြစ်နေသောကြောင့် သိုင်းလောက လူစွမ်းကောင်းများပင် လျှင် ယဲ့ပို့ချွင် မည်သို့သော ဓားကွက်မျိုးကို အသုံးပြုနေသည်ကို မဝေဖန်တတ်တော့ချေ။

ကျိုလိန်းရှန်သည် ယဲ့ပို့ချွင်၏ ဓားကွက်ကို ကြည့်ပြီး စိတ်ထဲမှ ရေရွတ်လိုက်သည်။

မိစ္ဆာရှင်းဓားရေးကျမ်းကို ငါခိုးဖက်အပိုင်စီးထားတယ်လို့ ဆရာယူဆခဲ့တယ်။ ခုတော့ ဆရာကိုယ်တိုင်က မိစ္ဆာရှင်းဓားကွက်ကို သုံးနေတယ်။ ပြီးတော့ ကျိုလိန်းရှန်လည်း ဒီအတိုင်းပဲ သူတို့နှစ်ယောက်စလုံး မိစ္ဆာရှင်းဓားကွက်ကို ဆရာတူညီအစ်ကိုနဲ့မခြားအသုံးပြုပြီး ယှဉ်ပြိုင်နေကြပါလား"

လင်းဟူစုန်းသည် "တစ်ကိုယ်တော်ဓားကိုးကွက်" ကို လေ့ကျင့်တတ်မြောက်ပြီးသည့်နောက် ဓားကွက် ဓားချက်တိုင်း၏ ဘကွက် ဗျော့ကွက်ကို "ထင်း" ခနဲ "ရှင်း" ခနဲ မြင်အောင်ကြည့်ဘတ်သည်။ ယခု ဆရာယဲ့ပို့ချွင်၏ ဓားကွက် ဓားရက်များတွင် ဘကွက်များစွာ ရှိသည်ကို လင်းဟူစုန်း တွေ့မြင်နေရသည်။ ဆို့ကြောင့် လင်းဟူစုန်းက ဆရာ့အတွက အားမလို အားမရဖြစ်ရင်း စိုးရိမ်နေမိ၏။

စင်အောက်မှ ဟုန်းစမ်း အဖွဲ့သားများက မိမိတို့ဆရာ ကျိုလိန်းရှန် အရေးသာနေကြောင်း တွေ့ရသဖြင့် တစ်ခဲနက် အော်ဟစ်ပြီး သြဘာပေးကြသည်။

ကျိုလိန်းရှန်သည် အတွင်းအားဖြည့်၍ လက်ရည်အပြည့်ဖြင့် ဓားချက်တစ်ချက် ပက်တင်လိုက်ရာ ဓားဓားချင်းထိသံမြည်ပြီး ယဲ့ပို့ချွင်၏ ဓားသံသည် ကောင်းကင်သို့ လွင့်တက်သွားတော့သည်။

ဟုန်းစမ်းအဖွဲ့သားများ၏ အော်ဟစ်သြဘာပေးသည့်အသံသည် မိုးကြိုးပစ်သံတမျှ ဟိန်းထွက်သွားလေသည်။

ယဲ့ပို့ချွင်သည် "ရိပ်" ခနဲ အနောက်ဘက်ခြမ်းသို့ ရောင်ဆွဲလိုက်သည်။ ပြီးနောက် သွက်လက်လျင်မြန်စွာ ကျိုလိန်းရှန်

"အင်း .... ထင်တဲ့အတိုင်းပဲ၊ နောက်ဆုံးတော့ မင်းက ဒီမိစ္ဆာရှင်းဓားကွက်နဲ့ပဲ တိုက်ခိုက်တာပဲ။ ဒီပြင်လူကိုတော့ ရချင်ရမယ်၊ ငါ့ကိုတော့ မရဘူးမှတ်"

ထိုအချိန်တွင် လင်းဟူစုန်းသည် ဒဏ်ရာကို ပတ်တီးစီးပြီးဖြစ်၍ မုတ်ဆိတ်ဖြူ အဘိုးအို သဖွယ် ရုပ်ဖျက်ထားသော ယဉ်ယဉ်၏ ကိုယ်ခန္ဓာကိုမှိရင်း စင်မြင့်ပေါ်မှ တိုက်ကွင်း တိုက်ကွက်များကို ကြည့်ရှုနေလေသည်။

လင်းဟူစုန်းသည် ဆရာက ဓားကွက်ပြောင်းလဲပြီး တိုက်ခိုက်နေသည်ကို တွေ့ရ၏၊ မိမိဆရာ၏ ဓားကွက်သည် အလွန်သွက်လက်လျင်မြန်ပြီး ဆန်းပြားနေသည်။ ဇာစမ်းဓားကွက်မဟုတ်မှန်း သိရသောကြောင့် အထူးအံ့အားသင့်မိသည်။

ကျိုလိန်းရှန်၏ ဓားကွက်ကို မြင်ဖူးသလိုလို ရှိနေသည်။ သို့သော် လင်းဟူစုန်းသည် ရုတ်တရက် ရှောင်လင်ကျောင်းတိုက်တွင် ကျိုလိန်းရှန်သည် ဤဓားကွက်ဖြင့် လက်ကိုဓားသဖွယ်အသုံးပြု၍ လင်ဝေါစိမ်အား တိုက်ခိုက်ဖူးသည်ကို ချက်ချင်း ပြန်လည်အမှတ်ရမိသည်။ ထိုစဉ်က ရှန်ဝဲ့ထျန်းက "မိစ္ဆာရှင်းဓားကွက်" ဟု အော်ဟစ်ခဲ့သည်။ ဓားကွက်သည် တကယ်ပင် မိစ္ဆာရှင်းဓားကွက် ဖြစ်နေသလော။ လင်းဟူစုန်းအဖို့ စဉ်းစားစရာ ဖြစ်လာ၏။

"ဆရာက ငါကို ယဉ်ယဉ်နဲ့ ပေါင်းသင်းလို့ဆိုပြီး ဇာစမ်းအဖွဲ့က နှုတ်ထုတ်ခဲ့တယ်၊ အရှင်းစစ်ကြည့်ထိုက်ရင် မိစ္ဆာရှင်းဓားရေးကျမ်းကို ငါအပိုင်စီးပြီး ခိုးလေ့ကျင့်လို့သာ ဓားရေးမှာ တစ်ဟုန်ထိုး ကျွမ်းကျင်လာတယ်လို့ အထင်လွဲခဲ့တာကြောင့် ဖြစ်မယ်။

ကွက်ဖြင့် ကာရံနေလေသည်။ ထိုအချိန်တွင် ယဲ့ပို့ချွင်သည် နောက်သို့ "လွှား" ခနနဲ့ ခုန်လွှားပြီး ဆုတ်ခွာသွားသည်။

ကျိုလိန်းရှန်သည် အဘယ်ကြောင့်နေရာမရွေ့ဘဲ ဓားကို ခုယမ်းနေသည်ကို ပွဲကြည့်ပရိသတ် သဘောမပေါက်ဘဲ ရှိနေခဲ့ကတွင် ကျိုလိန်းရှန်၏ မျက်စိအစုံမှ မျက်ရည်စီးကျသလို သွေးများစီးကျလာသည်ကို လူအများ တွေ့လိုက်ကြရသည်။

"ဟာ ... သူ မျက်လုံးကန်းသွားပြီ"

လူအုပ်ကြီးကြားမှ အော်ပြောသံ ထွက်ပေါ်လာသည်။

"ဟေ့... ယဲ့ပို့ချွင် ခွေးကောင်၊ မင်း မျိုးစစ်တယ်ဆိုရင် ငါ့သားပြီး တိုက်လှည့်။ ဘာလို့ ဆက်မတိုက်ဘဲ ရောင်ပြေးနေရတာလဲ"

ကျိုလိန်းရှန်က ဒေါသတကြီး လှမ်းအော်သည်။

ကျိုလိန်းရှန်၏ အသံသည် ပထမတွင် ဒေါသသံမျှလောက်သာ ဖြစ်သည်။ နောက်ပိုင်းတွင် နာကြည်းခြင်း၊ ယူကျုံးမရခြင်းများ ရောယှက်နေသည်။ ကျိုလိန်းရှန်က ဆက်လက်အော်ဟစ်နေသော်လည်း ယဲ့ပို့ချွင်သည် စင်မြင့်ထောင့် တစ်နေရာတွင် အေးအေးဆေးဆေး ရပ်ကာ ဖြိုးနေလေသည်။

ယဲ့ပို့ချင်၏ လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်မှုကြောင့် ကျိုလိန်းရှန်၏ မျက်လုံးအစုံ ကန်းသွားပြီ။ ကျိုလိန်းရှန် မျက်လုံးကန်းသွား၍ လူတိုင်း အံ့အားသင့်ကြသည်။

လင်းဟူစုန်းသည် တစ်သက်လုံး ဆရာကို ရိုကျိုး၍ ချစ်ခြင်တန်းခဲ့သော်လည်း ဤနေ့ ဤအချိန်မှာစပြီး အထင်သေးပြီး ခန်းတီးစိတ်ပင် ဝင်လာတော့သည်။ ရင်ထဲ ထိခိုက်နာကျင်သောကြောင့် လင်းဟူစုန်း ပင်ထိုင်လျက်သား ကျသွားသည်။

အား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်သည်။ တစ်ဆက်တည်း ကျိုလိန်းရှန်က အော်ဟစ်လိုက်သည်ကိုလည်း ကြားလိုက်ကြရ၏။

"ဒါ ... ဒါ ... ဒါက ..."

ကျိုလိန်းရှန်သည် ဓားကို ဇွေ့ယမ်း ကာကွယ်နေသည်။ အားလုံးက အာရုံစူးစိုက်ပြီး ကြည့်နေကြသောကြောင့် ခပ်စောစောက ကောင်းကင်သို့ လွင့်တက်သွားသည့် ဟဲ့ပို့ချွင်၏ ဓားက စင်ပေါ်သို့ ပြန်လည်ကျရောက်လာသည်ကို မည်သူမျှ အမှုမထားမိချေ။

ယဲ့ပို့ချွင်က ကျိုလိန်းရှန်ကို ဝင်ရောက် တိုက်ခိုက်သည်။ တိုက်ကွက် တိုက်ချက်ကို မြင်ရသောအခါ ယဉ်ယဉ်သည် နှုတ်မှ ယောင်ယမ်းပြီး ရေရွတ်လိုက်မိသည်။

"တုန်းဂှမ်းပုပိုက် ... တုန်းဂှမ်းပုပိုက်"

ယဉ်ယဉ်၏ ရေရွတ်သံကြောင့် လင်းဟူစုန်းသည်လည်း မိမိဆရာ ယဲ့ပို့ချွင်၏ တိုက်ကွက်ကို သဘောပေါက်သွားသည်။ သစ်ကနက်တောင်ထိပ်တွင် တုန်းဂှမ်းပုပိုက်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့စဉ်က တုန်းဂှမ်းပုပိုက် သုံးသွားသည့်အကွက်နှင့် ယခုဆရာအသုံးပြုသွားသော တိုက်ကွက်သည် ထပ်တူထပ်မျှ ဖြစ်နေသည်။ လင်းဟူစုန်းသည် ဒဏ်ရာကို မေ့သွားပြီး ရုတ်တရက် အံ့အားသင့်ပြီး ထရပ်မိလိုက်သဖြင့် ဒဏ်ရာနေရာတွင် နာကျင်သွားသည်။

ကျိုလိန်းရှန်သည် ရုတ်တရက် အသံနက်ကြီးဖြင့် အော်ဟစ်လိုက်ပြီး နေရာမရွေ့ဘဲ မိမိကိုယ်ကို အထွတ်အထိပ် ဓား

ယဉ်ယဉ်နှင့် ယိနိုင်သည် လင်းဟူစုန်းအား ကပျာကရာ ပြုံ၍ဝှေးထူလိုက်ကြသည်။

"ဘယ်လို ဖြစ်သွားလို့လဲ"

"ဘာ ... ဘာမှ မဖြစ်ပါဘူး"

စင်မြင့်ပေါ်မှ ကျိုလိန်းရှန်၏ အော်ပြောသံ အဆက်မပြတ် ထွက်ပေါ်နေပြန်သည်။

"ဟော့ ... ယဲ့ပို့ချွင်၊ မင်း မျိုးစစ်ရင် ငါ့နားကို လာကြည့်စမ်း"

စုန်းစမ်းအဖွဲ့မှ အဘိုးအို ဟန်းထျန်းဖိန်က စုန်းစမ်းအဖွဲ့သား များကို အမိန့်ပေးလိုက်သည်။

"မင်းတို့ဂိုဏ်းချုပ် ကျိုလိန်းရှန်ကို သွားတွဲပြီး ခေါ်ဆင်းခဲ့ကြ"

စုန်းစမ်းအဖွဲ့သား နှစ်ယောက်သည် စင်မြင့်ပေါ်သို့ အပြေးအလွှား ရောက်ရှိသွားကြသည်။

"ဆရာ ...၊ ကျွန်တော်တို့ အောက်ကို ဆင်းကြရအောင်"

ကျိုလိန်းရှန်က မကျေမနပ်နှင့် အော်ပြောပြန်သည်။

"ယဲ့ပို့ချွင် ... မင်း မကပ်ဝံ့တော့ဘူးလား"

ဟုန်းစမ်းအဖွဲ့သားက ကျိုလိန်းရှန်အား လက်လှမ်းပြီး ကိုင်လိုက်သည်နှင့် ကျိုလိန်းရှန်၏ ဓားရှည်သည် "ဝင်း" ခနဲနှစ် ချက်လက်သွားပြီး ဟုန်းစမ်းတပည့်နှစ်ယောက် ခွေလဲသွားတော့ သည်။

စင်မြင့်အောက်မှ လူအများက အလန့်တကြား အော်ဟစ် မိကြသည်။ ယဲ့ပို့ချွင်သည် ကျိုလိန်းရှန်၏ အနီးသို့ တဖြည်းဖြည်း ချင်း ချဉ်းကပ်သွားပြီး ...

"ဒီအခြေနေမျိုး ရောက်နေတာတောင် အစ်ကိုကြီး ကျိုလိန်းရှန်က တောင်ငါးလုံးဂိုဏ်းချုပ် နေရာကို လိုချင်သေး သဲ့လား"

ကျိုလိန်းရှန်သည် အားမာန်တက်နေသော စိတ်ဓာတ်ကို ချွေ့ကျပစ်လိုက်သည်။ မိမိ၏ ရည်မှန်းချက်ပန်းတိုင်သို့ မည် သို့မျှ မရောက်နိုင်တော့ပဲ မိမိကြိုးပမ်းသမျှသော အသိုးအပွင့်များ ကို တစ်ပါးသူလက်ထဲသို့ လွှဲအပ်ရတော့မည်။ ထိုသို့တွေးမိသဖြင့် ကျိုလိန်းရှန်၏ စိတ်ဓာတ် အကြီးအကျယ် ကျဆင်းသွားသည်။

ယဲ့ပို့ချွင်က "ခရမ်းရောင်ခြည် အတွင်းအား" ဖြည့်သွင်း ပြီး ကျိုလိန်းရှန်ကို စောင့်ကြည့်နေစဉ် ကျိုလိန်းရှန်က ရုတ်တရက် သွေးများအန်ထွက်လာသောကြောင့် ယဲ့ပို့ချွင်၏ ခေါင်းနှင့် မျက်နှာ ကို သွေးများ ပေကျံကုန်သည်။

မျက်ကန်းဘဝဖြင့် မိမိ၏ဆန္ဒများကို မဖြည့်စွမ်းနိုင်တော့ ကြောင်း တွေးမိသဖြင့် ကျိုလိန်းရှန်သည် ဦးခေါင်းကိုမော့ပြီး ဒေါသကျယ်စွာ ရယ်မောလိုက်သည်။ ပြီးနောက် စင်မြင့်ပေါ်မှ ခုန်းတဝါးဝါးနှင့် ဆင်းလာသည်။

"ဆရာ ... ကျွန်တော်တို့အားလုံး ယဲ့ပို့ချွင်ကို ဝိုင်းခုတ် သင့်ပစ်မယ်"

ကျိုလိန်းရှန်က အသံကျယ်စွာ ပြန်ပြောသည်။

"ယောကျ်ားပီပီ ကတိတည်ရမယ်။ သိုင်းပညာယှဉ်ပြိုင်ပြီး ဒုတ်ချုပ်နေရာရဖို့ ငါ့ပညာက ဆရာကြီး ယဲ့ပို့ချွင်ကို မမီဘူး။ မောက်ထပ် ထွေထွေထူးထူး ပြောမနေကြနဲ့။ ဆရာကြီးယဲ့ပို့ချွင် ကိုသာ တောင်ငါးလုံးဂိုဏ်းချုပ်အဖြစ် ကတင်ကြပေတော့"

"ဟင် ... ဘယ်သူက မျက်ကန်းဖြစ်ချင်သလဲ။ မျက်ကန်းဖြစ်ချင်ရင် စင်မြင့်ပေါ်တက်ပြီး ဆရာကြီးယဲ့ပို့ချင်ကို အထိုးဖောက်ခိုင်းပါ"

လူအများ၏ အော်ဟစ်ပြောဆိုသံများ ငြိမ်သွားတော့မှ ယွဲ့.ပို့ချင်က ချောင်းတစ်ချက်ဟန့်ပြီး ...

"လူတိုင်း ... လူတိုင်းက ကျွန်တော့်အပေါ် မေတ္တာစေတနာ အပြည့်ထားပြီး တောင်းဆိုနေလေတော့ ကျွန်တော်ခေါင်းမရောင် လိုတော့ပါဘူး။ ဒီတော့ တောင်ငါးလုံးအဖွဲ့ကို ဖွဲ့စည်းပြီးနောက် ပြင်ဆင်လုပ်ဆောင်စရာလေးတွေ ရှိပါတယ်။ ကျွန်တော် ယွဲ့.ပို့ချင်က ဦးစီးမှူးတာဝန်ကိုသာ ထမ်းဆောင်ပါမယ်။ ချုံးစမ်းအဖွဲ့ရဲ့ ကိစ္စအဝဝကို ဆရာကြီးမိုးကပဲ ဆက်လက်တာဝန်ယူပါ။ ဟင်စမ်းအဖွဲ့ကိုလည်း လင်းဟူစုန်းကပဲ ဆက်လက်ဦးစီးပါ။ ထိုက်စမ်းအဖွဲ့ကိုတော့ ယရိုင်ကိုနဲ့ ယိစင်းကျီ ရသေ့ကြီးနှစ်ပါးကပဲ ဆက်လက်ထိန်းသိမ်းပါ။ စုန်းစမ်းအဖွဲ့မှာတော့ အစ်ကိုကြီး ကျိုလိန်းရှန်က မျက်လုံးနှစ်ဖက် ကွယ်သွားပြီဖြစ်လို့ စဉ်းစားစရာဖြစ်နေတယ်"

ယွဲ့.ပို့ချင်သည် တစ်ခဏမျှ ဆိုင်းငံ့ပြီးနောက် စုန်းစမ်းအဖွဲ့သို့ လှမ်းပြောလိုက်သည်။

"ကျွန်တော့် သဘောကတော့ စုန်းစမ်းအဖွဲ့ကို ယန်းကျန်းဖိန်နဲ့ အစ်ကိုကြီး ကျိုလိန်းရှန်တို့ နှစ်ဦးပေါင်းပြီး ဦးစီးသွား ရင် သင့်တော်မယ် ထင်တာပဲ"

ယွဲ့.ပို့ချင်သည် မိမိတို့ဂိုဏ်းချုပ် ကျိုလိန်းရှန်အား မျက်လုံးထိုးဖောက်သဖြင့် စုန်းစမ်းအဖွဲ့က မကျေနပ်ကြသော်လည်း

ကျိုလိန်းရှန်သည် မျက်စိထိုးဖောက်ခံရခါစတွင် ဒေါသအလွန်ထွက်ပြီး အဓမ္မအသေအကြေ တိုက်ခိုက်ရန် စိတ်ကူးခဲ့သည်။ သို့သော် ခေါင်းအေးအေးနှင့် ပြန်စဉ်းစားမိ၍ သိုင်းသမားဂိုဏ်းချုပ်တစ်ယောက်၏ သိက္ခာကို စောင့်ထိန်းကာ ဤသို့ပြောလိုက်ခြင်းဖြစ်လေသည်။

လူတိုင်းက ကျိုလိန်းရှန်၏ စိတ်ဓာတ်ကို ချီးကျူးမိကြသည်။

လူအုပ်ကြားမှ အော်ဟစ်ပြောဆိုသံများ ဆူညံစွာထွက်ပေါ်လာခဲ့ပြန်သည်။

"ဆရာကြီး ယွဲ့.ပို့ချင်သာ တောင်ငါးလုံးဂိုဏ်းချုပ်နေရာနဲ့ အသင့်တော်ဆုံးပါ"

"ဆရာကြီး ယွဲ့.ပို့ချင်ကလွဲရင် သည်နေရာကို ဘယ်လိုလူနဲ့မှ မထိုက်တန်ဘူး"

အထူးသဖြင့် ဝှာဝမ်းအဖွဲ့သားများက အားပါးတရအော်ဟစ်ပြောဆိုနေကြသည်။

ယွဲ့.ပို့ချင်သည် အင်္ကျီလက်မောင်းဖြင့် ပေကျံနေသောချွေးများကို သုတ်လိမ်းပြီး စင်မြင့်ဘေးသို့ လျှောက်ခဲ့သည်။

"မူလက အစကိုကြီး ကျိုလိန်းရှန်နဲ့ သိုင်းပညာဖလှယ်ဖို့လောက်ပဲ ကျွန်တော် ရွယ်ရူးပါတယ်။ ဒါပေမဲ့ အစ်ကိုကြီး ကျိုလိန်းရှန်ရဲ့ သိုင်းပညာရပ်က မြင့်လွန်းတော့ ကျွန်တော်ကိုယ်တိုင် ကာကွယ်ရင်း ခုလို ဖြစ်သွားရတာ စိတ်မကောင်းပါဘူး"

"ခင်ဗျားက အသေမသတ်တာပဲ တော်လှပြီ"

"မကျေနပ်သေးလို့ ဆရာကြီးယဲ့ပို့ချင်နဲ့ ယှဉ်ပြိုင်ချင်တဲ့လူ ရှိရင် စင်မြင့်ပေါ်သို့ ကြွရောက်နိုင်ပါတယ်"

"ဆရာတော်ကြီးရဲ့ စေတနာ မေတ္တာကို တပည့်တော် ကျေးဇူးတင်ပါတယ် ဘုရား"

ပြီးနောက လင်းဟူစုန်း၏ ရှေ့သို့ ဆက်လက်လျှောက်သွား၏။

"စုန်းကလေး... မင်းရဲ့ဒဏ်ရာ အရေးမကြီးဘူးလို့ ထင်ပါ့တယ်"

လင်းဟူစုန်းသည် ဂုာစမ်းအဖွဲ့မှ အနှောင်ထုတ်ခံခဲ့ရပြီး နောက် ယခုကဲ့သို့ စုန်းကလေးဟု ခေါ်ခြင်းသည် ပထမဆုံး အကြိမ် ဖြစ်လေသည်။ ယခင်အချိန်သာ ဆိုပါက အလွန်ဝမ်းသာ အားရမိမည် ဖြစ်သော်လည်း ယခု စိတ်ထဲတွင် "ထင့်"ခနဲဖြစ် သွားသည်။

"အရေး... အရေး... မကြီးပါဘူး"

"မင်း ဂုာစမ်းကို ပြန်လိုက်ခဲ့ပြီး ဒဏ်ရာကို အေးအေးဆေးဆေး ကုသနိုင်ပါတယ်။ ဆရာကတော်နဲ့လည်း နီးနီးနားနား နေရတော့ ပိုမကောင်းဘူးလား"

ယွဲ့ပို့ချင်သည် ယခင်တစ်ချိန်ကသာ ဤစကားမျိုးပြောခဲ့လျှင် လင်းဟူစုန်း အလွန်ကျေးဇူးတင်ပြီး ဝမ်းမြောက်ဝမ်းသာ လက်ခံမိမည်။ သို့သော် ယခုအချိန်တွင် နောက်ကျောထဲက စိမ့်ခနဲဖြစ်ကာ ကြောက်ရွံ့စိတ် ဖြစ်မိပေါ်နေမိသည်။

"ဘယ်လို သဘောရသလဲ"

"ဟင်းစမ်းအဖွဲ့ရဲ့ အနာစိမ်းဒဏ်ကြောဆေးလည်း အလွန်ကောင်းပါတယ်။ ဒဏ်ရာပျောက်တော့မှ ဆရာနဲ့ ဆရာကတော်ကို လာကန်တော့ပါမယ်"

စုန်းစမ်းအဖွဲ့မှ ဝါရင့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ယန်းထျန်းဖိုနှင့် ဆက်လက် တာဝန်အပ်နှင်းသောကြောင့် စီတာ်ကျေနပ်သွားကြောင်း သည်။

"ခုဆိုရင် တောင်ငါးလုံး တစ်ဖွဲ့တည်း ဖြစ်သွားပြီ ကျွန်တော်တို့တစ်တွေ ဥ ၈်ကိုမောင်နှမစိတ် မွေးရမယ်။ တ စိတ်တစ်ဝမ်းတည်း သဘောရှိရမယ်။ ကျွန်တော်က တောင်ငါ လုံးအဖွဲ့ကို ဦးဆောင်ရပေမဲ့ အရည်အသွေး ပြည့်ဝတယ်ဆို ကျွန်တော့်ကိုယ် ကျွန်တော် မယူဆပါဘူး။ ညီတော် နောင်တ တွေနဲ့ အစစအရာရာ တိုင်ပင်ညှိနှိုင်းပြီး ဆောင်ရွက်သွားမှာ ပါတယ်။ ခု မိုးလည်းချုပ်ပါပြီ။ ကြွရောက်လာကြတဲ့ ဧည့်ပရိသတ် တွေလည်း ဆာလှရောပေါ့။ တောင်ငါးလုံးအဖွဲ့ရဲ့ စုန်းစမ်းဂေဟ ကိုဆင်ပြီး စားသောက်ကြပါစို့"

ရောက်ရှိနေကြသည့် ဧည့်သည်တော်များသည် အလွန် ဝမ်းသာကြပြီး တောင်ပေါ်လွင်ပြင်မှ တော်အောက်သို့ ဆင်းသွား ကြလေတော့သည်။

ယွဲ့ပို့ချင်က စင်မြင့်ထက်မှ ဆင်းလာသောအခါ ဂုမ်းသိန် ဆရာတော်ကြီးနှင့် ရယ့ကြီးချူးရှီးတို့နှစ်ယောက်က ယွဲ့ပို့ချင် အား မဂ်လာစကား ပြောကြသည်။

"တကာကြီး ယွဲ့ပို့ချင်၊ ကျုပ်အမြင်ကို ပြောရရင် စုန်းစမ်း အဖွဲ့သားတွေက ကျေနပ်မယ် မထင်ဘူး။ လူ့ရဲ့စိတ်ဆိုတာ ကြီတင်ခန့်မှန်းရ ခက်တယ်။ ဒီတော့ တကာကြီးက စုန့်စမ်းတောင် မှာနေခိုက် အစစ သတိဝီရိယထားဖို့တော့ လိုလိမ့်မယ်"

ယွဲ့ပို့ချင်က ဦးညွတ်ဂါရဝပြုလိုက်သည်။

ယွဲ့ပို့ချင်သည် လင်းဟူစုန်း၏ မျက်နှာကို စူးစူးစိမ်းစိမ်း တစ်ချက်ကြည့်လိုက်သည်။

"ကောင်းပါတယ်၊ မင်း စိတ်အေးလက်အေးနဲ့ အနားယူပါဦး၊ ဒုစရိုက်ကို မင်း အစောဆုံးရောက်ဖို့ ငါ မျှော်လင့်ပါတယ်"

လင်းဟူစုန်းက ထရော်၍ ဂါရဝပြုလိုက်သည်။ ယွဲ့ပို့ချင်သည် လင်းဟူစုန်းကို တယုတယ ဖေးထူပေးလိုက်၏။

"မင်းရဲ့ ညီမလေးကတော့ ခါတိုင်းလိုပဲ။ ဘာမှပြောင်းလဲမှု မရှိဘူး။ ဘယ်အရာမျိုးမဆို စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် မရှိသေးဘူး။ ဘာပဲပြောပြော သေကွင်း သေကွက်ကို မသိလို့သာ တော်သေးတာပေါ့"

စကားဆုံးသည်နှင့် ယွဲ့ပို့ချင်သည် ထွက်သွားသည်။ ရာပေါင်းများစွာသော နည့်ပရိသတ်များက ယွဲ့ပို့ချင်အား စောင့်ဆိုင်းနေကြသည်။ ယွဲ့ပို့ချင်နှင့်အတူ တောင်အောက်သို့ ဆင်းလိုက်သွားကြလေသည်။

ယွဲ့ပို့ချင် ထွက်သွားသောအခါ အမျိုးသမီးအသံတစ်သံ ထွက်ပေါ်ခဲ့သည်။

"ကြောင်သူတော်ကြီး"

အသံရှင်သည် ဟင်စမ်းအဖွဲ့သူတစ်ယောက် ဖြစ်မှန်း သိသော်လည်း မည်သူ မည်ဝါမှန်း လင်းဟူစုန်း သတိမထားမိချေ။ သို့သော် ဤသို့ ခေါ်ဝေါ်လိုက်ခြင်းကို လင်းဟူစုန်းက မှန်ကန်ကြောင်း စိတ်ထဲမှ ထောက်ခံလိုက်သည်။

လင်းဟူစုန်း၏ တစ်သက်တာတွင် ဆရာယွဲ့ပို့ချင်အား အကြည်ညိုဆုံး ဖြစ်သည်။ မိမိက ကြည်ညိုလေးစားပြီး ချစ်ခင်

ခြင်တန်ခဲ့သော ဆရာယွဲ့ပို့ချင်သည် ဟန်ဆောင်ထားသော မျက်နှာဖုံးကို ချွတ်ချလိုက်သောအခါ အလွန်သစ္စာသမာဓိ ကင်းမဲ့ပြီး ကြောက်မက်ဖွယ်ရာ လူတစ်ယောက် ဖြစ်နေ၏။ ဆရာအား အနှစ်နှစ်အလလက ချစ်ခင်လေးစားလာသော စိတ်များသည် တစ်မှုတ်ချင်း ပျောက်ပျက်သွားတော့၏။ ယွဲ့ပို့ချင်အား မုန်းတီးစိတ် ဖြစ်လာတော့သည်။

❄ ❄ ❄

"အစ်ကိုကြီး လင်.ဟူစုန်း၊ စိတ်အေးလက်အေး အနားယူပါနော်"

ယိချိန်းသည် စကားပြောရင်း မုတ်ဆိတ်နှင့် အဘိုးအိုကို လှမ်းကြည့်လိုက်သည်။ လင်းဟူစုန်းက မုတ်ဆိတ်နှင့် အဘိုးအို၏ ရင်ခွင်တွင်မှိကာ နားနေသည်။

လင်းဟူစုန်းက ပြုံးလိုက်ပြီး ...

"နင် လှမ်းကြည့်လိုက်တဲ့သူက အစ်မကြီးဟ"

ယဉ်ယဉ်သည် ရှက်စိတ်မွန်သွား၏။ ရုတ်တရက် ယဉ်ယဉ်က နောက်သို့ ရှောင်ခွာလိုက်သောအခါ လင်းဟူစုန်း၏ ကိုယ်ခန္ဓာသည် လန်ကျသွားသည်။ ဘေးတွင်ရှိသော ယိနင်သည် လင်းဟူစုန်း၏ ဘယ်ပခုံးကို ကမန်းကတန်း ဖေးထူထားလိုက်သည်။

ဟိနင်သည် လင်းဟူစုန်း အပေါ် ချစ်မေတ္တာ အလွန်ကြီးမားကြောင်း ယိဟိုနှင့် ယိချိန်းတို့က ရှေးယခင်ကပင် သိရှိခဲ့သည်။

သို့သော် လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့၏ ချစ်ခရီးလမ်းကြောင်းက ပိုပြီး အဆင်ပြေသွားသည်။ ရှောင်လင်ကျောင်းတိုက်သို့ လူအများကို ဦးစီးပြီး ယဉ်ယဉ်ကို သွားရောက်ကယ်ဆယ်ခြင်းဖြင့် လင်းဟူစုန်း၏ မေတ္တာတရား ကြီးမားကြောင်းကို ပြဆိုခဲ့ပြီးဖြစ်သည်။ ယခု မုတ်ဆိတ်နှင့် အဘိုးအိုသည် သူရှိန်မျက်နှာမူဂိုဏ်းမှ ဝါစိမ်းနက်ဒေဝီဖြစ်ကြောင်း သိရသောအခါ ယိယိုတို့တစ်တွေသည် လွန်စွာဝမ်းသာကြပြီး အံ့အားသင့်သွားကြသည်။

အခန်း(၄)

မိုးစုတ်စုတ် ချုပ်ခဲ့ပြီ။

စုန်းစမ်းတောင်ထိပ် လွင်ပြင်တွင် လင်းဟူစုန်းနှင့် ဟင်စမ်း အဖွဲ့သူသားလျှင် ရှိကြသည်။

"အစ်ကိုကြီး ကျွန်မတို့ တောင်အောက်ကို ဆင်းကြ လား"

ဟု လင်းဟူစုန်း၏ ဆန္ဒကို မေးမြန်းသည်။

"တို့ ဒီတောင်ထိပ်မှာပဲ ညအိပ်ကြရင် မကောင်းဘူးလား"

လင်းဟူစုန်း၏ စကားကို ကြားရသောအခါ ဟင်စမ်း တပည့်မများသည် ဝမ်းသာသွားကြသည်။ လင်းဟူစုန်းသည် ယဲ့ပို့ချင်နှင့် စေးစေးနေချင်သည်။ ယဲ့ပို့ချင်၏ အနီးသို့ မချဉ်းကပ်ရဲ၊ မျက်နှာကိုပင် ကြည့်ချင်မြင်ချင်စိတ် မရှိတော့ချေ။

သိမ်ရှုန်နှင့် သိမ့်ယီ ဆရာလေးတို့ ရန်သူအဝိုင်းခံရစဉ်က ပုကျိုးမြို့တွင် ယဲ့ပို့ချင်အား အကူအညီ တောင်းသောအခါ ခေါင်းရှောင်ခဲ့သည်ကို ဟင်စမ်းတပည့်မကလေးများ မေ့မရနိုင် သေးချေ။ တောင်ငါးလုံးသွေးစည်းအဖွဲ့ချင်း ဖြစ်ပါသည်။ မည်သို့ သလို နေခဲ့သည်ကို ယခုတိုင် မကျေနပ်နိုင်ချေ။

ဟင်စမ်းအဖွဲ့သည် သိုင်းလောကတစ်ခွင်တွင် ကျင်လည်ခဲ့သော်လည်း ရပ်တကာ ရွာတကာ အရောက်အပေါက် နည်းသည်။ ထို့အပြင် သူရိန် မျက်နှာမူဂိုဏ်းနှင့်လည်း မည်သည့်အခါမှ ရန်ငြိုးရန်စ မရှိဖူးပေ။ ထို့အပြင် ဝါစိမ်းနနတ်ဒေဝီသည် နောင်တစ်ချိန်တွင် မိမိတို့ဂိုဏ်းချုပ်၏ ကြင်ယာတော်ဖြစ်မည်ကို သိထားကြသောကြောင့် ယဉ်ယဉ်ကို ဟင်စမ်းတပည့်မများ လှိုက်လှိုက်လဲလဲ ခင်မင်ကြသည်။

လင်းဟူစုန်းသည် ဒဏ်ရာရထားပြီး နွမ်းလျနေသောကြောင့် မကြာမီ အိပ်ပျော်သွားလေသည်။

သန်းခေါင်ယံ အချိန်ခန့်တွင် အလှမ်းဝေးသော နေရာမှ မိန်းမသံတစ်သံကို လင်းဟူစုန်း ရုတ်တရက် ကြားရပြီး အိပ်ရာမှ လန့်နိုးခဲ့သည်။ လင်းဟူစုန်းသည် အတွင်းအား ပြည့်ဝသူဖြစ်၍ နားအလွန်ပါးသည်။ အတန်ငယ် အလှမ်းဝေးသော နေရာမှ စကားသံကို အတိုင်းသား ကြားရသည်။ လှမ်းမေးသည့် မိန်းမသံသည် ဟင်စမ်းအဖွဲ့မှ ကင်းတာဝန်ကျသည့် တပည့်တစ်ဦးဖြစ်၏။

"တောင်ငါးလုံးအဖွဲ့သား အချင်းချင်းပါပဲ။ ဗာဝမ်းဆရာကြီး ယဲ့ပို့ချွင်ရဲ့ တပည့်တစ်ယောက် ဖြစ်ပါတယ်"

ယောကျ်ားသံသည် ညီတော် လင်းဖင်းကျည်၏ အသံဖြစ်၏။

"ညအချိန်မတော် သည်ကို ဘာလာလုပ်တာလဲ"

"ကျွန်တော်က လူတစ်ယောက်နဲ့ ချိန်းပြီး လာခဲ့တာပါ။ အစ်မတော် နှမတော်တွေရှိမှန်း မသိလို့ အားနာမိပါတယ်"

လင်းဖင်းကျည်၏ စကားသံက ယဉ်ကျေးပြီး ညင်သာသည်။ ဘစ်ဖန် နောက်ထပ် အသက်ကြီးပုံရသော လူတစ်ယောက်၏ အသံကို ကြားရပြန်သည်။

"ဟေ့ကောင်လေး လင်းဖင်းကျည်၊ မင်းက တောင်ငါးလုံး အဖွဲ့သားအချင်းချင်း ပူပေါင်းပြီး လူအင်အားကို အားကိုးပြီး ငါ့ကို အနိုင်ယူမလို့ ဆိုပါတော့"

အသက်ကြီးပုံရသူမှာ စိမ်းကားဂိုဏ်းချုပ် ရီစန်းဟိုင်၏ အသံပင် ဖြစ်နေ၏။

"လက်စသတ်တော့ ညီတော် လင်းဖင်းကျည်က သူ့မိဘတွေကို သတ်သွားတဲ့ ရန်ကျွေးကို ပြန်ဆပ်ဖို့ ရီစန်းဟိုင်ကို ချိန်းဆိုခေါ်ဆောင်ခဲ့တာကိုး"

လင်းဟူစုန်း စဉ်းစားမိချိန်တွင် လင်းဖင်းကျည်၏ အသံက ထွက်ပေါ်ခဲ့ပြန်သည်။

"ဟင်စမ်းအဖွဲ့က အစမတော် နှမတော်တွေ သည်မှာရှိတာကို ကြိုတင်သိထားတာ အားနာစရာ ဖြစ်နေပြီ။ ကဲ ... ခင်ဗျားနဲ့ ကျုပ် စာစနေရာမှာ သွားစာရင်းရှင်းမယ်"

ရီစန်းဟိုင်က ရယ်လိုက်သည်။

"မင်းက စကားလှအောင် ပြောမနေစမ်းနဲ့။ ဒီလို ယောကျ်ားမရှိရင် ဒီလိုသမက်လည်း ရှိမှာပဲ။ ပြောစရာရှိတာကို ပြတ်ပြတ်သားသား ပြောစမ်း"

"ခင်ဗျား သည်နေ့ကစ ရှေ့လျှောက် ခေါင်းချပြီး အိပ်စက်ဖို့ဆိုတာ မစဉ်းစားနဲ့တော့။ ခင်ဗျားရဲ့ စိမ်းကားအဖွဲ့သားတွေ စုန်းစမ်းတောင်ပေါ် ရောက်လာတာ စုစုပေါင်း နှစ်ဆယ့်လေး

ယောက် ရှိတယ်။ ဘာလို့ တခြားလူတွေကို ဖျောက်ပြီး သုံးယောက်ပဲ ခေါ်ခဲ့တာလဲ"

ရီစန်းစိုင်က တဟားဟား ရယ်မောလိုက်၏။

"မင်းက ဓားဆွဲထုတ်ပြီး ယှဉ်ကြည့်ချင်တယ်ဆိုရင် "မိစ္ဆာရှင်းဓားရေး"က ဘယ်လောက် အဆင့်မြင့်တယ် ဆိုတာ ကြည့်ကြသေးတာပေါ့"

လင်းဟူစုန်းသည် ထိုလူနှစ်ယောက်ကို မြင်သာသောနေရာတွင် ရပ်ကြည့်နေသည်။ ဒဏ်ရာပြင်းထန်စွာ ရထားသောကြောင့် **တာရည်မရပ်နိုင်ဘဲ** ထိုင်ချလိုက်သည်။ လရောင်အောက်တွင် **လင်းဖင်းကျည်နှင့် ရီစန်းဟိုင်**သည် ပေသုံးဆယ်ခန့် ခွာရပ်နေပြီး **တစ်ယောက်မျက်နှာကို** တစ်ယောက် ကြည့်နေကြသည်။

ထိုအခိုက် ဟိနန်သည် လင်းဟူစုန်း **အနီးသို့** လျှောက်လာကာ **အနီး**တွင် ထိုင်ချလိုက်သည်။

"**တစ်ချိန်က** ချူးစမ်းမှာ ငါ ဒဏ်ရာရတုန်းက ဂျပုလေး ရီစန်းဟိုင် ငါ့ကို အသေသတ်ဖို့ကြံတယ်။ **အဲ**သည်တုန်းက ညီတော်လင်းဖင်းကျည် ငါ့ခေါင်းကို ရီစန်းဟိုင်ရဲ့ လက်ဝါးချက်နဲ့ ရိုက်မချဖြစ်တာ။ ရိုက်သာ ရိုက်ချဖြစ်ရင် ခုလောက်ရှိ ငါသေတာကြာပြီ။ လင်းဖင်းကျည်က ရီစန်းဟိုင်ကို သိုင်းပညာ မြင့်မားတဲ့ ပုဂ္ဂိုလ်**တစ်**ယောက်ကို ယှဉ်နိုင်ဖို့ မလွယ်သေးဘူး။ လင်းဖင်းကျည် ဘယ်လောက်ပဲ တိုးတက်တယ် ပြောပြော **ရီစန်**ဟိုင်ကို အနိုင်တိုင်နိုင်မှာ မဟုတ်ဘူး။ **အင်း** ... ဆရာနဲ့ ဆရာကတော့ က သူ့နောက်မှာများ ကျောထောက်နောက်ခံသဘောမျိုး ပြုပေး

သလား မသိဘူး။ ဆရာ ဆရာကတော်သာ မရှိရင် ငါသည်အတိုင်း ကြည့်မနေသင့်ဘူး"

လင်းဟူစုန်း တွေးတောနေစဉ်တွင် ရီစန်းဟိုင်၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"**မင်း** လူဆန်ရင်တော့ တစ်ယောက်ချင်းယှဉ်ပေါ့။ ဒါမှ မဟုတ် ငါ့စိမ်းကားအဖွဲ့ချုပ်ကိုလာပြီး ယှဉ်ပြိုင်ချင်တယ် ဆိုရင်လည်း အချိန်မရွေးဘူး။ ဒါမှလည်း ယောကျ်ားပီသရာ ရောက်မယ်။ ခုလို ရသေ့မလေးတွေကို စောင့်ခိုင်းထားပြီး ခိုးကြောင်ခိုးဝှက် ဝိုင်းဝန်းလုပ်ကြဖို့ ကြိုးစားကြံစည်တာဟာ အင်မတန် အောက်တန်းကျပြီး **အင်**မတန် ရှက်ဖို့ကောင်းတယ်"

ယိယိုက ဆက်လက်၍ **မျိုသိပ်**မထားနိုင်တော့ဘဲ **လှမ်း**အော်ပြောလိုက်သည်။

"ဟေ့ ... လင်းဖင်းကျည် ရန်ပြိုးရှိရင် ကိုယ့်ဘာသာကိုယ် ခုပါလား။ ဘာဖြစ်လို့ ဟင်စမ်းအဖွဲ့နဲ့ လာပတ်သက်ပြီး မရှုပ်ရှင်း လုပ်ရတာလဲ။ ဂျပုနဲ့ ရှင်တို့ဘာသာ ယှဉ်ပြိုင်ရုံမကလို့ အသေသတ်ကြလည်း ကျွန်မတို့နဲ့ မဆိုင်ဘူး။ ပွဲကြည့်ပရိသတ်သက်သက်ပဲ ရှိမယ်။ သေမှာကြောက်ရင် ဓားဝေးမှာ သွားတိုက်ကြ။ ဟင်**စမ်း**အဖွဲ့**ကို** မဆီမဆိုင် ဆွဲထည့်စရာ **မလိုဘူး**"

ယိယိုသည် ယဲ့လင်စမ်း**၏ ခင်ပွန်း**သည်**ဖြစ်မှန်း**သိသောကြောင့် **လင်းဖင်း**ကျည်ကိုပါ **မုန်းတီး**နေလေသည်။

ရီစန်းဟိုင်သည် ကျိုလိန်းရှန်နှင့် **အဆက်အသွယ်** ကောင်းသည်။ ထို့ကြောင့် ကျိုလိန်းရဟန် စာသုံးစောင်တိတိ ရေးဆွဲပို့သဖြင့် ရီစန်းဟိုင်သည် စုန်းစမ်းတောင်ပေါ်သို့ ရောက်ရှိခဲ့

ရီစန်းဟိုင်သည် ကင်စမ်းအဖွဲ့၏ အခြေအနေကို သုံးသပ်ကြည့်သည်။ ဟင်စမ်းအဖွဲ့သည် စိမ်းကားအဖွဲ့ထက် ခေးရေးမြင့်မားကြောင်း ရီစန်းဟိုင် သိသည်။ သို့သော် သိမ့်ရှန်၊ သိမ့်ကျင့်နှင့် သိမ်ယီ ဆရာလေးတို့ အနိစ္စရောက်ခဲ့ပြီ။ လင်းဟူစုန်းလည်း ဒဏ်ရာပြင်းထန်စွာ ရထားကြောင်း ရီစန်းဟိုင် သိသည်။ ကျန်ဟင်စမ်း တပည့်မများသည် ခေးရေးထက်မြက်မှု မရှိသော်လည်း သုံးဦးတစ်စု ပေါင်းစည်းတိုက်ခိုက်လာလျှင် အထွတ်အထိပ်သိုင်းသမားတစ်ယောက်ကို ယှဉ်ပြိုင်နိုင်သည်။

"မင်းတို့တစ်တွေ နှစ်ဖက်စလုံးကို အထောက်အကူမပြုတာ အကောင်းဆုံးပဲ။ ဂျာစမ်းခေးရေးနဲ့ ဝှာစမ်းအဖွဲ့ရဲ့ ခေးရေး ဘယ်လိုခြားနားတယ် ဆိုတာ ဘေးကနေ ကြည့်ပေါ့။ ယဲ့ပို့ချွင်က ကျိုလိန်းရှန်ကို ကံကောင်းထောက်မလို့ အနိုင်ရပြီး တောင်ငါးလုံးဂိုဏ်းချုပ် ဖြစ်ပေမဲ့ တောင်ငါးလုံးအဖွဲ့မှာ သူ့ခေးရေးက အမြင့်ဆုံးလို့ မပြောနိုင်ဘူး။ ငါ့အနေနဲ့ ဗြောရရင် ဟင်စမ်းအဖွဲ့ရဲ့ခေးရေးဟာ ဝှာစမ်းထက် အများကြီးသာတယ်။ ယဲ့ပို့ချွင်ဟာ တောင်ငါးလုံးအဖွဲ့ထဲမှာ ခေးရေးက အမြင့်ဆုံးလို့ မပြောနိုင်ဘူး။ ငါ့အနေနဲ့ ပြောရရင် ဟင်စမ်းအဖွဲ့ရဲ့ ခေးရေးဟာ ဝှာစမ်းထက် အများကြီးသာတယ်။ ယဲ့ပို့ချွင်ဟာ တောင်ငါးလုံးအဖွဲ့ထဲမှာ ခေးရေးအမြင့်ဆုံး ပုဂ္ဂိုလ်လို့ပဲ သတ်မှတ်ထားဦး။ သိုင်းလောကသဲက တခြားဖွဲ့တွေက ပုဂ္ဂိုလ်တွေထက် မြင့်မားတယ်လို့တော့ မပြောနိုင်ဘူး"

ရီစမ်းဟိုင်က ဤစကားမျိုးပြောရသည့်အကြောင်းရင်းမှာ တစ်ကြောင်းက သွေးထိုးပေးလိုရုံဖြစ်ပြီး ကျန်တစ်ကြောင်း

ခြင်း ဖြစ်သည်။ ကျိုလိန်းရှန် ကိုယ်တိုင်က တောင်ငါးလုံးအဖွဲ့တွင် ဂိုဏ်းချုပ်နေရာ ရမည်ဟု သေချာပေါက် ယုံကြည်ထားသည်။ ထို့ကြောင့် ရီစန်းဟိုင်သည် ဝှာဝမ်းအဖွဲ့နှင့် ပြဿနာဖြစ်ဖူးသည်ကိုပင် အမှုမထားဘဲ ရောက်ရှိခဲ့ခြင်းပင်။ ယခုမျှော်မှန်းထားသလို မဖြစ်ဘဲ အခြေအနေက ပြောင်းပြန်ဖြစ်သွားသောကြောင့် ရီစန်းဟိုင် မည်သို့မျှ မတတ်နိုင်တော့ချေ။

ရီစန်းဟိုင်သည် အစစ သေချာစေ့စပ်သူတစ်ယောက် ဖြစ်သည်။ မိမိ၏ နောက်ပါတပည့်များကိုပါ ခေါ်ဆောင်ခဲ့သည်။ လင်းဖင်းကျည်၏ နောက်လှမ်းလှမ်းမှခွာ၍ တောင်ပေါ်ပြန်တက်ခဲ့ရင်း လင်းဖင်းကျည်က လူအင်အားနှင့် တိုက်ခိုက်ရန် ရည်ရွယ်ချက် ရှိမရှိ စူးစမ်းခဲ့သည်။

ရီစန်းဟိုင်သည် လင်းဖင်းကျည် တစ်ယောက်တည်း ဖြစ်မှန်း သေချာသိရသဖြင့် မိမိတပည့်နှစ်ယောက်ကိုသာ ခေါ်ဆောင်ပြီး တောင်ထိပ်ပေါ် တက်ခဲ့သည်။ ကျန်တပည့်များကို တောင်ခါးလယ်တွင် ဖြန့်နေစေပြီး နောက်ထပ် လင်းဖင်းကျည်ဘက်မှ လူတက်ရောက်လာခဲ့လျှင် ယှဉ်ပြိုင်ချေမှုန်းရန် မှာကြားထားခဲ့သည်။

တောင်ထိပ်လွင်ပြင်သို့ ရောက်သောအခါ ဟင်စမ်းအဖွဲ့သူများ အိပ်နေသည်ကို တွေ့သောအခါ လင်းဖင်းကျည် အံ့အားသင့်သွားသည်။ ရီစန်းစိုင်သည်လည်း ဟင်းစမ်းအဖွဲ့သူများကို ကြည့်ပြီး စဉ်းစားမိသည်။

"ငါ ဒီနေ့တော့ လူငယ်တစ်ယောက်ရဲ့ ဆင်ကွက်ထဲမှာ တိုးဝင်မိပြီ။ အတတ်နိုင်ဆုံး ကိုယ်လွတ်ရုန်းထွက်ဖို့ပဲ ရှိတော့တယ်"

မှာ ဝှာစမ်းအဖွဲ့အနေနှင့် လင်းဖင်းကျည်ဘက်မှ ပါဝင်တိုက်ခိုက်ခြင်း မပြုရန် စည်းရုံးလိုရ ဖြစ်သည်။

"ရှင်ဆိုနှစ်ယောက် တိုက်ချင်လည်း မြန်မြန်တိုက်ပါ။ ညနက်သန်းခေါင်ကြီး သူများအိပ်စက်ချိန်မှာ အလိုက်ကန်းဆိုး မသိဘူး"

ယိယို စိတ်တိုတိုနှင့် ပြောလိုက်သည်။ ဤစကားကို ကြားရသည့်အခါ ရီစမ်းဟိုင် အလွန်ဒေါသထွက်သွားသည်။ ရီစန်းဟိုင်သည် လူပုစိတ်တိုတစ်ယောက် ဖြစ်ပြီး သိုင်းလောက တစ်ခွင်တွင် မိမိကသာ အတော်ဆုံးဟု ကိုယ့်ကိုယ်ကိုယ် အလွန်အထင်ကြီးသူဖြစ်သည်။ ဝါနသူများက မိမိအား တလေးတစား ပြောဆိုဆက်ဆံမှသာ ဘဝင်ကျတတ်သော အကျင့်ရှိသည့် ရီစမ်းဟိုင်သည် ယိုဟိုအား ဒေါသထွက်သော်လည်း အခြေအနေအရ သည်းခံနေရသည်။

လင်းဖင်းကျည်သည် ရှေ့သို့ နှစ်လှမ်း လှမ်းထွက်လာသည်။

"ရီစမ်းဟိုင် ... ခင်ဗျားက ကျွန်တော်တို့ ဘိုးစဉ်ဘောင် ဆက်ရဲ့ မိစ္ဆာရှင်းစားရေးကျမ်းကို လိုချင်လို့ ကျုပ်မိဘနှစ်ပါးကို သတ်ခဲ့တယ်။ ဖူဝေးအပွဲသား မြောက်မြားစွာကို သတ်ခဲ့တယ်။ သည်နေ့ အဲသည်ရန်ကြွေးကို ကျုပ် ပြန်ဆပ်ရမယ်"

ရီစမ်းဟိုင် အလွန်ဒေါသထွက်သွားသည်။

"ငါ့သားလည်း မင်းရဲ့လက်ချက်ကြောင့် အသက်ထွက်သွားရတာပဲ။ မင်းက ငါ့ကို မရှာရင်တောင် ငါက မင်းကိုရှာပြီး အပိုင်းပိုင်း စင်းပစ်မလို့ပဲ။ မင်းက ဝှာစမ်းအဖွဲ့ထဲဝင်ပြီး ယုံပို့ချင်ကို အားကိုးအားထားပြုရုံနဲ့ လွတ်နိုင်မယ် ထင်လို့လား"

စကားဆုံးသည်နှင့် ရီစမ်းဟိုင်သည် ဓားရှည်ကို ဓားအိမ်ဘွင်းမှ "ဆတ်"ခနဲ ဆွဲထုတ်လိုက်သည်။

လင်းဖင်းကျည်သည် ဓားကို ဆွဲထုတ်ခြင်း မပြုဘဲ ရှေ့သို့ ဆက်လက်လျှောက်လှမ်း တိုးသွားသည်။ ရီစမ်းဟိုင်နှင့် ဆယ်ပေခွာခန့် ရောက်တော့မှ ရုပ်တုံပြီး ဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် ရီစမ်းဟိုင်ကို စူးစိုက်ကြည့်နေသည်။

လင်းဖင်းကျည်က ဓားဆွဲထုတ်ခြင်း မပြုသည်ကို မြင်ရသော အခါ ရီစမ်းဟိုင်က ...

"ဒီကောင်လေးက သူ့ကိုယ်သူ အလွန်စိတ်ချယုံကြည်ပေါလား။ ငါက 'နဂါးပွက်ဓား'ကို သုံးရင် ဓားကိုတော့ပြီး အောက်ကို ပြန်ထိုးချလိုက်ရုံနဲ့ သူ့လည်မျိုနဲ့ ဝမ်းဗိုက်ထဲကို ငါ့ဓား ဝင်မွှေသွားမယ်။ ဒါပေမဲ့ သူက သိုင်းသမားပေါက်စလေးတစ်ယောက် ဖြစ်နေတော့ ငါ သည်လို ဦးအောင်တိုက်ခိုက်ဖို့ ဆီလျော်ဘူး"

ဤသို့ စဉ်းစားမိပြီး ရီစမ်းဟိုင် အော်ပြောလိုက်သည်။

"မင်း ဓားကို ဆွဲမထုတ်သေးဘူးလား"

ရီစမ်းဟိုင်သည် တိုက်ခိုက်ရန် အသင့်ပြင်ဆင်ထားသည်။ လင်းဖင်းကျည်က ဓားရိုးကို လက်ဖြင့်ကိုင်လိုက်သည်နှင့် ရီစမ်းဟိုင်က နဂါးပွက်ဓားကွက်ဖြင့် လင်းဖင်းကျည်၏ လည်မျိုနှင့် ဝမ်းဗိုက်ကို အပိုင်တိုက်ခိုက်ရန် ကြံရွယ်ထားသည်။

ရီစမ်းဟိုင်၏ ဓားဖျားက အဆက်မပြတ် တလှုပ်လှုပ် တုန်ခွေရှိနေသည်။ ရီစမ်းဟိုင်၏ အပြုအမူကို လင်းဟူစုန်းက အော်ဟစ်သတိပေးလိုက်သည်။

"ညီတော် လင်းဖင်းကျည်၊ သူက မင်းရဲ့ဝမ်းဗိုက်ကို ထိုးတော့မယ်"

လင်းဖင်းကျည်က "ဟင့်"ခနဲ ခနဲ့သံတစ်ချက်ပြုပြီး ယုန်တစ်ကောင် ခုန်နည်းဖြင့် ရီစမ်းဟိုင်ဆီသို့ ခုန်ဝင်သွားသည်။ လူချင်းက တစ်ပေခန့်သာ ကွာတော့သည်။

လင်းဖင်းကျည် ခုန်လွှားထွက်သွားပုံက မြန်ဆန်လွန်းသောကြောင့် ရုတ်တရက် ရီစမ်းဟိုင်ပင် ကြောင်သွား၏။ လင်းဖင်းကျည်သည် ရီစမ်းဟိုင်၏ နောက်ကျောဘက်သို့ "ရိပ်"ခနဲရောက်ရှိသွား၏။

ရီစမ်းဟိုင်၏ဓား မလှုပ်ရှားမီတွင် ဘယ်လက်မှာ ရီစမ်းဟိုင်၏ ဘယ်ပခုံးကို ဖမ်းဆွဲ၍ ညာလက်က ရီစမ်းဟိုင်၏ ညာလက်မောင်း တစ်ခုလုံး ထုံကျင်သွားပြီး အားယုတ်ကာ လက်နဲ့ဓားရှည်ပင် လွတ်ကျလုလု ဖြစ်သွားသည်။

လင်းဖင်းကျည် လှုပ်ရှားတိုက်ခိုက်ပုံသည် အလွန်အမင်းဆန်းပြားပြီး ယဲ့ပို့ချင်က ကျိုလိန်းရှန်အား တိုက်ခိုက်ပုံနှင့် တစ်ထေရာတည်း တူညီနေသောကြောင့် ယဉ်ယဉ်နှင့် လင်းဟူစုန်းသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြရင်း ပြိုင်တူရေရွတ်မိသည်။

"တုန်းဂမ်းပုပိုက် ... တုန်းဂမ်းပုပိုက်"

လင်းဖင်းကျည် အသုံးပြုသည် တိုက်ချက်သည် သစ်ကနက်တောင်ထိပ်တွင် တုန်းဂမ်းပုပိုက် အသုံးပြုတိုက်ခိုက်သည့် တိုက်ချက်အတိုင်းပင်။ လင်းဟူစုန်းနှင့် ယဉ်ယဉ် အထူးတုန်လှုပ်အံ့သြသွား၏။

လင်းဖင်းကျည်၏ ညာ့လက်ဝါးက လက်ရှိန်ထပ်တိုးခြင်း မပြုသော်လည်း လရောင်အောက်တွင် ရီစမ်းဟိုင်၏ မျက်နှာမှာမူ အလွန်ကြောက်ရွံ့နေပုံရကြောင်း ထင်ရှားနေသည်။ လင်းဖင်းကျည်သည် အလွန်စိတ်ကျေနပ် နှစ်သက်မိပြီး ရန်သူကို လက်ဝါးချက် တစ်ချက်တည်းနှင့် အသေသတ်ပါက ရန်ကြွေးချေလိုသည့် လိုရင်းချက်ကို မရောက်နိုင်ဟု စဉ်းစားမိသည်။ ထို့ကြောင့် ရီစမ်းဟိုင်ကို ဝေဒနာခံစားစေပြီးမှ သေစေလိုသဖြင့် လက်ဝါးတစ်ချက်တည်းနှင့် အသက်မချွေလို။ ဤအချိန်တွင် အလှမ်းဝေးသောနေရာမှ ယဲ့လင်စမ်း အသံက ပေါ်လာခဲ့၏။

"အစ်ကို ... ဒီနေ့ သူ့ကို ချမ်းသာပေးလိုက်ပါလို့ ဖေဖေက မှာလိုက်တယ်"

ယဲ့လင်စမ်းသည် လှမ်းအော်ရင်း အပြေးအလွှား ရောက်ရှိလာသည်။ လင်းဖင်းကျည်နှင့် ရီစမ်းဟိုင်တို့ နှစ်ယောက်သား ပူးပူးကပ်ကပ် ရှိနေသည်ကို မြင်လိုက်ရသဖြင့် ယဲ့လင်စမ်း ရင်ထဲတွင် ထိတ်သွားသည်။

"ဆရာကြီး ရီစမ်းဟိုင်သည် ဧည့်သည်တော်အဖြစ် ရောက်ရှိလာတာ ဖြစ်တယ်တဲ့။ သူ့ကို ရန်မရှာသင့်ဘူးလို့ ဖေဖေက ပြောလိုက်တယ်"

လင်းဖင်းကျည်သည် "ဟင်း"ခနဲ တစ်ချက်အသံပြုလိုက်ပြီး ရီစမ်းဟိုင်၏ သွေးကြောကွက်ပေါ်သို့ ဖိတင်ထားသည့် လက်ရှိန်ကို မြှင့်လိုက်၏။ ရီစမ်းဟိုင်၏ ခန္ဓာကိုယ်တစ်ခုလုံး ထုံကျင်သွားသည်။ သို့သော်လည်း လင်းဖင်းကျည်၏ အတွင်းအားသည် သာမန်မျှသာလျှင် ဖြစ်သဖြင့် ရီစမ်းဟိုင် စိတ်သက်သာ

ရာ ရသွားသည်။ လင်းဖင်းကျည်၏ အတွင်းအား မြင့်မားလွှင်အကြောင်းမဟုတ်။ ယခုကဲ့သို့ သာမန်မျှသာရှိသော အတွင်းအားဖြင့် မိမိ၏ သွေးကြောကွကကို ဖိသတ်ပါက ချက်ချင်းသေသွားလျှင် အကြောင်းမဟုတ်ဘဲ မသေမရှင် ဖြစ်နေမည်ကို ရိစမ်းဟိုင်စိုးရိမ်မိသည်။

"ဒီနေ့ ဘယ်လိုပဲဖြစ်ဖြစ် သူ့အသက်ကို ချမ်းသာပေးခဲ့ဖေဖေ မှာလိုက်တယ်။ ရှင်က ရန်ကြွေးဆပ်ချင်ရင် နောက်တစ်ခါမှ ဆပ်ပါ။ သူ ဘယ်လိုမှ ပြေးနိုင်စရာ မရှိပါဘူး"

လင်းဖင်းကျည်သည် ဘယ်လက်ကို မြှောက်တင်လိုက်ပြီး ရိစမ်းဟိုင်၏ ပါးနှစ်ဖက်ကို ဖြောင်းခနဲမြည်အောင် ရိုက်လိုက်သည်။

လင်းဖင်းကျည်သည် ရိစမ်းဟိုင်အား ပါးရိုက်ပြီးနောက် ကျယ်လောင်ရည်လျားစွာ ရယ်မောရင်း ခုန်ထွက်သွားသည်။ ပြီးနောက် ရိစမ်းဟိုင်အား စူးစူးစိုက်စိုက် တစ်ချက်လှည့်ကြည့်ပြီး ထွက်သွားလေတော့သည်။

ရိစမ်းဟိုင်သည် ဒေါသထွက်လွန်း၍ ရှေ့သို့ တလှမ်းလှမ်း ထွက်မိလိုက်သေးသည်။ ပြီးမှ မိမိ၏ တပည့်များရှေ့တွင် အရေးနိမ့်ခဲ့ပြီး ယခုကဲ့သို့ ထပ်မံတိုက်ခိုက်ပါက ဂိုဏ်းချုပ်တစ်ဦး၏ သိက္ခာကို ထိခိုက်နိုင်သည်ဟု တွေးမိသဖြင့် ဒုတိယမြောက်ခြေလှမ်းကို လှမ်းပြီးသည်နှင့် ရိစမ်းဟိုင်၏ ခြေလှမ်းတုံ့သွားသည်။

လင်းဖင်းကျည်က ဇနီးဖြစ်သူကို ဂရုမပြုဘဲ ရုတ်တရက် ထွက်သွားသောကြောင့် ယဲ့လင်စမ်း၏ မျက်နှာသည် ညိုမည်းသွား၏။ ယဲ့လင်စမ်းသည် လင်းဟူစုန်းကို မြင်လိုက်သောကြောင့် အနီးသို့ ချဉ်းကပ်ရောက်ရှိသွားသည်။

"အစ်ကိုကြီး ... ရှင် ... ရှင့်ဒဏ်ရာ ပြင်းထန်သလား"

လင်းဟူစုန်းသည် ယဲ့လင်စမ်းအား မြင်လိုက်သည်နှင့် နှလုံးခုန် မြန်သွားသည်။

"ငါ ... ငါ ..."

"ရှင် ... စိတ်ချပါ။ သူ သေဖို့မလွယ်ပါဘူး"

ယိဟိုက ဝင်ပြောလိုက်သည်။

ယဲ့လင်စမ်းက ယိဟို ပြောသည့် စကားကို မကြားယောင်ဖြ၍ လင်းဟူစုန်းကို စူးစူးစိုက်စိုက်ကြည့်ပြီး လေသံတိုးတိုးဖြင့် ပြောသည်။

"ကျွန်မလက်ထဲကဓား လွတ်သွားတာ ကျွန်မ ... ကျွန်မ ရှင့်ကို ထိခိုက်စေချင်လို့ လုပ်တာ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ ငါသိပါတယ်"

လင်းဟူစုန်းသည် အလွန်ဉာဏ်ကောင်းပြီး နှုတ်သွက်သူ တစ်ယောက် ဖြစ်သည်။ သို့သော် ... မိမိ၏ဆရာတူ ညီမငယ်နှင့် တွေ့သည့်အခါ နှုတ်ဆွံ့အသွားသည်။

"ရှင့်ဒဏ်ရာ ပြင်းထန်ပုံရတယ်။ ကျွန်မ စိတ်မကောင်းပါဘူး။ ကျွန်မကို အပြစ်မဆိုပါနဲ့"

"ကျွန်မ သွားတော့မယ်"

"နင် ... နင် ... သွားတော့မလို့လား"

လင်းဟူစုန်း၏ လေသံက ကြေကွဲဆို့နင့်နေပုံရသည်။ ယဲ့လင်စမ်းသည် ဖြည်းဖြည်းချင်း လျှောက်သွားပြီး တောင်ကမ်းပါးအောက်သို့ ဆင်းရမည့်နေရာသို့ ရောက်သောအခါ ရပ်တန့်လိုက်သည်။

ယဉ်ယဉ်သည် လင်းဟူစုန်း တကယ်ပင် နာကျင်စွာ သည်းညည်းသည်ဟုထင်ပြီး ကရဏာသက်စွာ ချဉ်းကပ်လာပြီး မေးလိုက်သည်။

"ဒဏ်ရာက သိပ်နာလို့လား ဟင်"

လင်းဟူစုန်းသည် ယဉ်ယဉ်၏လက်ကို ဖမ်းဆွဲထားလိုက်သည်။ ယဉ်ယဉ်က လူအများရှေ့တွင်မို့ ရုန်းသော်လည်း လင်းဟူစုန်း၏ဒဏ်ရာ နာကျင်မည်ကို စိုးရိမ်သောကြောင့် ယဉ်ယဉ် မရုန်းဘဲ ငြိမ်သက်နေလိုက်၏။ လင်းဟူစုန်းသည် ယဉ်ယဉ်လက်ကို ကိုင်ထားရင်း ထိုနေရာတွင်ပင် အိပ်ပျော်သွားလေသည်။

လင်းဟူစုန်း အိပ်ရာမှ နိုးချိန်တွင် မိုးလင်းနေပေပြီ။ ယဉ်ယဉ်သည် မိမိလက်ကို ဆုပ်ကိုင်ထားခြင်းကို ရုန်းဖယ်ခြင်း မပြုသေးချေ။ လင်းဟူစုန်းအား ယဉ်ယဉ်က ချိုသာသော မျက်နှာပြုံးဖြင့် ကြည့်နေသည်။ လင်းဟူစုန်း အိပ်ရာမှ နိုးတော့မှ ယဉ်ယဉ်သည် မိမိလက်ကို ဆွဲရုပ်လိုက်သည်။

"တို့ ဟင်းစမ်းကို ပြန်ကြစို့"

"မရောင်မဖြစ်"ကိုယ်တော် ထျန်းပက်ကွမ်းသည် သစ်တို သစ်စများဖြင့် လင်းဟူစုန်း အတွက် ထမ်းစင်ကို အားချင်းပြုလိုက်သည်။ ပြီးနောက် လင်းဟူစုန်းအား ထမ်းစင်ပေါ်တွင်တင်ကာ မဲရောင်ကိုယ်တော်ကြီးနှင့် မရောင်မဖြစ် ကိုယ်တော်တို့က ထမ်းစင်ကိုထမ်းပြီး စုန်းစမ်းတောင်ထိပ်မှ ဆင်းခဲ့၏။

စုန်းစမ်းအဖွဲ့၏ ဗဟိုဂေဟာရှေ့သို့ လင်းဟူစုန်းတို့ ရောက်သောအခါ ယဲ့ပို့ချင်သည် ပြုံးရွှင်သော မျက်နှာဖြင့် ကြိုဆိုပြီး နှုတ်ဆက်စကား ဆိုသည်။

"အစ်ကိုကြီး ဗာစမ်းအဖွဲ့ကို စေလွှတ်လိုက်တဲ့ အစ်မတော် နှစ်ဦးကို မရိုမသေ ပြုခဲ့တာကို အားနာဖို့ ကောင်းတယ်လို့ ဖေဖေ ပြောတယ်။ ကျွန်မတို့ ဗာစမ်းကို ပြန်ရောက်ရောက်ချင်း အစ်မတော် နှစ်ယောက်ကို တောင်းပန်ပြီး ပြန်လွှတ်လိုက်ပါ့မယ်"

"သိပ်ကောင်းတာပေါ့"

ယဲ့လင်စမ်း တောင်အောက်ဆင့်သို့ ဆင်းသွားသည်ကို လင်းဟူစုန်း ငေးကြည့်နေမိသည်။ တစ်ချိန်က သန့်စင်တော် တောင်ထိပ်တွင် မိမိအား ထမင်းလာပို့ပြီး ပြန်ဆင်းသွားသည့် မြင်ကွင်းကို လင်းဟူစုန်း ပြန်လည်မြင်ယောင်မိသည်။

ယိဟိုက ...

"ဟွန့် ... ဒီမိန်းကလေးမျိုးက ဘာများကောင်းကျိုးပေး လို့လဲ။ သစ္စာမရှိဘူး။ စိတ်အပြောင်းအလဲ မြန်ဆန်တယ်။ ကျွန်မတို့ရဲ့ ဝါးစိမ်းနတ်ဒေဝီနဲ့ နှိုင်းယှဉ်လိုက်ရင် ဝါးစိမ်းနတ်ဒေဝီရဲ့ ဖိနပ်ကို ချွတ်ခိုင်းဖို့တောင် မထိုက်ဘူး"

ဤစကားကိုကြားမှ လင်းဟူစုန်းသည် မိမိ၏နံဘေးတွင် ယဉ်ယဉ် ရှိနေကြောင်း သတိရပြီး ရင်တုန်ပန်းတုန် ဖြစ်သွားသည်။ ယဉ်ယဉ်ကို ကြည့်လိုက်သောအခါ ယဉ်ယဉ်သည် ကျောခိုင်းပြီး အိပနေသည်ကို တွေ့ရသဖြင့် လင်းဟူစုန်းက စိတ်ထဲမှာ ကျိတ်၍ ဆုတောင်းမိသည်။

"ယဉ်ယဉ် တကယ်ပဲ အိပ်ပျော်နေပါစေ"

ယဉ်ယဉ် စိတ်ထိခိုက်နေပါက အာရုံပြောင်းလဲသွားရန် လင်းဟူစုန်းသည် လေသံတိုးတိုးဖြင့် "ဟင်း"ခနဲ ညည်းညူသံ တစ်ချက် ပြုလိုက်သည်။

"ငါက တောင်ငါးလုံးဂိုဏ်းချုပ် ဖြစ်လာတော့ အားကိုးရခဲ့လူ သိပ်ရှိတာ မဟုတ်ဘူး။ မင်းရဲ့ အထောက်အကူကို အများကြီးလိုတယ်"

လင်းဟူစုန်း ကြိုးစားပြီး ဖြိုးလိုက်သည်။

တောင်ခြေအောက်သို့ ရောက်သောအခါ လှည်းများဌားကြပြီး လင်းဟူစုန်းကို လှည်းထက်တွင် အိပ်စက်စေသည်။ ယဉ်ယဉ်သည် လင်းဟူစုန်း၏ နံဘေးတွင် ထိုင်စောင့်သည်။

မှောင်ရီပျိုးချိန်တွင် မွာကလေးတစ်ခုသို့ ရောက်ရှိခဲ့ကြသည်။

ထမင်းဆိုင်လေး တစ်ဆိုင်သို့ တွေ့ရပြီး လူအများ စည်ကားနေသည့် အနီးသို့ ရောက်သောအခါတွင် ရီစမ်းဟိုင် ဦးစီးသော စိမ်းကားအဖွဲ့သားများ ဖြစ်ကြောင်း သိရသည်။

ရီစမ်းဟိုင်သည် ဟင်စမ်းအဖွဲ့ကို မြင်သောအခါ မျက်နှာ "ကွက်"ခနဲ့ ပျက်သွားပြီး မမြင်ယောင်ပြု၍ မျက်နှာလွဲလိုက်သည်။

ဆိုင်ကလေး၏ အနီးဝန်းကျင်တွင်ပင် အနားယူပြီး ရေနွေးကြမ်းသာ မှာယူသောက်သုံးကြသည်။

ရေနွေးကြမ်းအိုး မဆူမီတွင် မြင်းခွာသံ ကြားရသည်။

ဖုန်မှုန့်များကြားမှာ မြင်းနှစ်စီး ဒုန်းစိုင်းရောက်ရှိလာခဲ့သည်။ မြင်းစီးရောက်လာသူများမှာ လင်းဖင်းကျည်နှင့် ယဲ့လင်စမ်းတို့ စုံတွဲပင် ဖြစ်လေသည်။

"ရီစမ်းဟိုင် ... ကျုပ် ခင်ဗျားကို လွတ်ငြိမ်းခွင့်ပေးမှာ မဟုတ်ဘူးဆိုတာ သိလျက်နဲ့ ဘာလို့ ထွက်မပြေးသေးတာလဲ"

လင်းဖင်းကျည်ကို လင်းဟူစုန်းက လှမ်းပြီး နှုတ်ဆက်သည်။ ယဉ်ယဉ်က လှည်းပေါင်းမိုးကိုကာသော တင်းတိမ်ကို လှစ်ဟကြည့်လိုက်သည်။

"ညီတော်လင်းဖင်းကျည်တို့လည်း ရောက်ရှိလာတာပဲကိုး"

ရီစမ်းဟိုင်သည် ရေနွေးကြမ်း ထိုင်သောက်နေရင်းက ထိုင်ရာမှမထဘဲ လင်းဖင်းကျည်ကို ပြန်ပြောလိုက်သည်။

"မင်း ငါ့ဆီကိုလာပြီး အသက်ကိုစွန့်လွှတ်နိုင်အောင် ငါ စောင့်စားနေတာပဲ"

"ကောင်းတယ် ... ကောင်းတယ်"

လင်းဖင်းကျည်သည် ဓားရှည်ကို ဆွဲထုတ်၍ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းပြီး ဆိုင်ကလေးထဲသို့ ရောက်ရှိသွားသည်။ လက်ပြန်ဓားချက်တစ်ချက် ထိုးထုတ်လိုက်ပြီးနောက် မြင်းပေါ်သို့ "လွှား"ခနဲ့ ပြန်ခုန်တက်လိုက်၏။ လင်းဖင်းကျည်သည် ယဲ့လင်စမ်းနှင့် ဘေးချင်းယှဉ်ကာ မြင်းကို ဒုန်းစိုင်းထွက်သွားတော့သည်။

ဆိုင်ထဲတွင် စိမ်းကားအဖွဲ့သားတစယောက်၏ ရင်ဝသို့ ဓားချက်ထိပြီး ခွေလဲကျသွားသည်။

လင်းဖင်းကျည်၏ ဓားချက်မှာ သွက်လက်လွန်းပြီး အတွေးရခက်သည်။ ဓားကိုဆွဲထုတ်ပြီး မြင်းပေါ်မှ လင်းဖင်းကျည် ဆင်းလိုက်ကတည်းက ရီစမ်းဟိုင်ကို တိုက်ခိုက်ရန်ဖြစ်သည်။ သို့သော် ... လင်းဖင်းကျည်ကဲ့သို့ အတွင်းအား မပြည့်ဝသူ တစ်ယောက်ကို ဂရုမစိုက်သည့် သဘောမျိုးဖြင့် ရီစမ်းဟိုင်သည် ရေနွေးကြမ်းပင် အသောက်မပျက်ချေ။ လင်းဖင်းကျည် လာရောက်မတိုက်ခိုက်မှာကိုပင် ရီစမ်းဟိုင် စိုးရိမ်နေခဲ့သည်။

ဟုန်းစမ်းတောင်ထိပ်လွင်ပြင်တွင် ဟင်းစမ်းအဖွဲ့သူများ ရှေ့မှောက်၌ မိမိ အစော်ကားခံရခြင်းကို လက်တုံ့ပြန်ရန် ရီစမ်းဟိုင် မျှော်လင့်ထားသည်။ ထို့ကြောင့် ရီစမ်းဟိုင်သည် ရေနွေးကြမ်း အသောက်မပျက်သော်လည်း လင်းဖင်းကျည်အား ပြတ်ပြတ်သားသား တိုက်ခိုက်ရန် အကြံထုတ်ထားပြီး ဖြစ်လေသည်။

သို့သော် အခြေအနေသည် ရီစမ်းဟိုင် တွက်ကိန်းချထားသကဲ့သို့ မဖြစ်ခဲ့ချေ။ လင်းဖင်းကျည်သည် "လွှား"ခနဲ မြင်းပေါ်မှ ခုန်ဆင်းခဲ့ပြီး အဖွဲ့သားတစ်ယောက်ကို "ဆတ်"ခနဲ ဓားချက်တစ်ချက် ထိုးသွင်း၍ မြင်းပေါ်သို့ "လွှား"ခနဲ ပြန်ခုန်တက်ကာ မြင်းကို ဒုန်းစိုင်းထွက်သွားသည်။ ခုခံတိုက်ခိုက်ရန် အခွင့်အရေးပင် မရလိုက်ချေ။ ရီစမ်းဟိုင်သည် ဆိုင်အပြင်သို့ ခုန်လွှားထွက်ခဲ့သော်လည်း မြင်းနှစ်စီးသည် အလှမ်းဝေးသို့ ရောက်နေလေပြီး၊

ရီစမ်းဟုင်သည် ဒေါသအလွန်ထွက်နေပြီး ဟင်းစမ်းအဖွဲ့ဘက်သို့လှည့်၍ မဲတော့လေသည်။

"တိရစ္ဆာန်မလေးတွေ၊ ဟိုတိရစ္ဆာန်လေး ရောက်လာမယ် မှန်းသိလို့ အားပေးအားမြှောက်ပြုဖို့ လာကြည့်နေကြတာ မဟုတ်ဘူးလား၊ ကဲ ... ငါ့ကို ယှဉ်ပြိုင်ချင်တဲ့သူရှိရင် ထွက်စမ်း"

ဟင်စမ်းအဖွဲ့တွင် ယိဟိုသည် စိတ်မြန်လက်မြန်တစ်ယောက် ဖြစ်သောကြောင့် ချက်ချင်းပင် ပြန်ပြောသည်။

"ထွက်ဆိုလည်း ထွက်တာပေါ့၊ ဘယ်သူက ရှင့်ကို ကြောက်နေရမှာလဲ"

"ဟိဟို ... သူပြောတာကို ဂရုစိုက်နေဖို့ မလိုပါဘူး"

လင်းဟူစုန်းက ယိဟိုကို လှမ်းပြောသည်။

ယဉ်ယဉ်က အတွင်းအားကို ဖြည့်သွင်း၍ နတ်မင်းသားခြောက်ပါးအား ကြားနိုင်ရုံ ပြောကြားလိုက်သည်။

ထောင်ကျီးရှန်၊ ထောင်ကန်းရှန်၊ ထောင်ကျန်းရှန်နှင့် ထောင်ယဲ့ရှန်းတို့ လေးယောက် "လွှား"ခနဲ ခုန်ထွက်သွားပြီး ဆိုင်ရှေ့တွင် ချည်နှောင်ထားသော ရီစမ်းဟိုင် စီးသည့် မြင်းထံသို့ ရောက်သွားသည်။

ရှည်လျားသော မြင်းဟီသံ ထွက်ပေါ်ခဲ့ပြီး နတ်မင်းသားလေးပါး၏ လက်ထဲတွင် မြင်း၏ခြေလက်လေးချောင်း တစ်ချောင်းစီ ပါလာတော့သည်။

နတ်မင်းသားခြောက်ပါး၏ အစွမ်းအစကို မြင်လိုက်ရသော အခါ ရီစမ်းဟိုင်နှင့် စိမ်းကားအဖွဲ့သားများသည် ထိတ်လန့်ကြောက်ရွံ့သွားတော့၏။

"အဘိုးကြီး ရီစမ်းဟိုင်၊ လင်းဖင်းကျည်က ရှင်နဲ့ ရန်ကြေးရှိတယ်။ ကျွန်မတို့က ဘယ်ဘက်ကိုမှ မလိုက်ဘူး။ ကျွန်မတို့ကို စာရင်းထဲ ဆွဲမထည့်နဲ့။ ကျွန်မတို့ ရှင်တို့ကို မယှဉ်သေးဘူး၊ အကောင်းဆုံးဟာ အားမွေးထားဖို့ပဲ"

ယဉ်ယဉ်က လှမ်းပြောလိုက်သည်။

ရီစမ်းဟိုင်သည် ဆွဲထုတ်ထားသောဓားကို ဓားအိမ်တွင်းသို့ ပြန်ထည့်လိုက်သည်။

"ကောင်းပြီ၊ ကိုယ့်လမ်းကိုယ် သွားကြတာပဲ ကောင်းတယ်၊ မင်းတို့ အရင်သွားကြပါ"

"ဒါကတော့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ ကျွန်မတို့က ရှင်တို့နောက်ကို တကောက်ကောက် လိုက်နေရမှာ"

ဒါသ အလွန်ထွက်သောကြောင့် လက်တုန်ယင်နေသည်ဟု တွေးထင်နေကြသည်။

ယဉ်ယဉ်သည် ဆိုင်နှင့်လှမ်းသော လှည်းပေါ်တွင် ရှိသည်။ ခဲနှံးမဝတ် ဝတ်စားထားပြီး ဟင်စမ်းအဖွဲ့သူများနှင့် ရောထွေးနေသောကြောင့် ယဉ်ယဉ်အား မည်သူမည်ဝါဖြစ်မှန်ကောင်း မသိကြချေ။

လင်းဟူစုန်းသည် လင်းဖင်းကျည် အသုံးချသွားသည့် ခါးကွကို တရေးရေး ထင်ယောင်မြင်ယောင်ရင်း ပြန်စဉ်းစားကြည့်သည်။

သစ်ကနက်တောင်ထိပ်တွင် တုန်းဂုနန်းပုပိုက် အသုံးချသွားသည့် အကွက်နှင့် တစ်ထေရာတည်း တူသလို၊ ဆရာယဲပို့ချင်က ကျိုလိန်းရှန်၏ မျက်လုံးနှစ်ဖက်ကို ထိုးဖောက်သွားသည့် တိုက်ခက်နှင့်လည်း တူနေသည်။

လင်းဟူစုန်း အဖြေရှာတွေ့သည်။ မိစ္ဆာရှင်းခားပင် ဖြစ်ခဲ့သည်။

"မိစ္ဆာရှင်း ... မိစ္ဆာရှင်း ... ဘာမိစ္ဆာရှင်းလဲ၊ စင်စစ်အားဖြင့် ပညာရပ်ကိုက မိစ္ဆာပညာဖြစ်သည်။ အင်း ... ဒီပညာကို ယှဉ်နိုင်ဖို့ လောကမှာ ဘိုးတော်ဖုန်းချင်းယန် တစ်ယောက်တည်းပဲ ဘတ်နိုင်မယ် ထင်တယ်၊ ငါ ဒဏ်ရာပျောက်ကင်းရင်တော့ ဘိုးတော်ဖုန်းချင်းယဲန်ကို သွားကန်တော့ပြီး နောက်ထပ် အဆင့်မြင့်ပညာကို သင်ကြားပေးဖို့ တောင်းပန်မယ်။ ဟုတ်ပြီ ... မိစ္ဆာရှင်းခားကွက်၊ ဟိုတစ်ရက်က ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီး ဖွဲ့မိသိမိ ရှင်းပြခဲ့သားပဲ၊ နာမည်သာ လွဲနေတာ ပညာကတော့ အတူတူပဲ"

ရီစမ်းဟိုင် မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ"

"လင်းဖင်းကျည်ရဲ့ ခားရေးက သိပ်ပြီးဆန်းကြားတော့ ကျွန်မတို့က သူ့ခားကွက်ကို ထုပ်ကြည့်ချင်သေးတယ်"

ယဉ်ယဉ် ပြောလိုက်သည့် စကားသည် လင်းဟူစုန်းဆန္ဒနှင့် ထပ်တူထပ်မျှ ဖြစ်သည်။ လင်းဖင်းကျည်၏ ခားကွက်ကို တစ်ကိုယ်တော် ခားကိုးကွက်ဖြင့် ဖြိုခွင်းရန်ပင် ခက်ခဲသည်။ ထို့ကြောင့် လင်းဟူစုန်း သေသေချာချာ ထပ်ကြည့်ချင်သေးသည်။

"ဒီကောင်လေးရဲ့ ခားကွက်ကို ကြည့်ချင်တာနဲ့ ဘာဖြစ်လို့ ငါတို့နောက်ကို တကောက်ကောက် လိုက်ရမှာလဲ"

လင်းဖင်းကျည်သည် စိတ်ကားအဖွဲ့သားတစ်ယောက်ကို သတ်ရုံနှင့် မပြီးဘဲ ဆက်လက်၍ ရန်ကြွေးဆပ်ဦးမည်ကို ဆိုလို ကြောင်း ရီစမ်းဟိုင် နားလည်မိသည်။

"အေးလေ ... ဒီကောင်လေး ငါ့အရှက်ကို ခွဲသွားတာနှစ်ခါရှိပြီ။ ငါ့ခားချက်နဲ့ အသက်ထွက်အောင် လုပ်ပြလိုက်ရမှပဲ ငါလည်း ငါ့သိက္ခာကို ပြန်ဆည်နိုင်မယ်"

ဤသို့ စဉ်းစားပြီး ရီစမ်းဟိုင်သည် ရေနွေးပန်းကန်ထဲသို့ ရေနွေးကြမ်းထည့်သည်။ လက်က တုန်ယင်နေသောကြောင့် ရေနွေးကြမ်းပန်းကန်နှင့် ရေနွေးခရားထိသံသည် မပြတ်မြည်နေလေသည်။ စောစောက လင်းဖင်းကျည် ခားထုတ်ပြီး တိုက်မည်ပြုစဉ်တွင် လက်တုန်ခြင်း၊ ချောက်ချားခြင်း မရှိခဲ့ပါဘဲလျက် ယခုစိတ်ချောက်ချား၍ လက်တုန်နေသည်ကို ရီစမ်းဟိုင် မစဉ်းစားတတ်တော့ချေ။ ရီစမ်းဟိုင်၏ တပည့်များမှာမူ မိမိတို့ဆရာသည်

ဤသို့ စဉ်းစားတွေးတောရင်း ရုတ်တရက် စုတ်သတ်သံ တစ်ချက် ပြုလိုက်မိသည်။ လှည်းဘီးနားတွင် ရပ်နေသော ယိနင်က လင်းဟူစုန်းကို လှမ်းမေး၏။

"အစ်ကိုကြီး ရေနွေးကြမ်း ထပ်သောက်ချင်လို့လား"

"မဟုတ်ပါဘဘူး၊ ဝါးစိမ်းနတ်ဒေဝီကို ခဏလောက် သွားခေါ်ခဲ့ပေးစမ်းပါ"

တစ်ခဏအကြာတွင် ယဉ်ယဉ် ရောက်လာသည်။

"ဘာကိစ္စလဲ"

"ငါ တစ်ခုစဉ်းစားမိတယ်၊ နင့်အဖေက ပန်းနေကြာစွယ်ခုံ သိုင်းကျမ်းကို တုန်းဂမ်းပုပိုက် လက်ထဲ ဆင့်ကမ်းခဲ့တယ်လို့ ပြောတယ် မဟုတ်လား၊ ငါက မင်းအဖေ ကျင့်တဲ့ သွေးကြော ကွက်သိုင်းပညာလောက် အဆင့်အတန်းမမြင့်လို့သာ တုန်းဂမ်းပုပိုက်ကို အဲဒီ သိုင်းပညာကျမ်း ပေးခဲ့တယ် ထင်ခဲ့တာ၊ ဒါပေမဲ့"

"ဟုတ်ပါတယ်၊ နောက်ဆုံးတော့ ဖေဖေတောင် တုန်းဂမ်း ပုပိုက်ကို မယှဉ်နိုင်တော့ဘဘူး"

"ဒါပေါ့၊ နင့်အဖေပြောတဲ့ စကားထဲမှာ ဒီလောက် အစွမ်းအစရှိမယ်မှန်းလည်း မသိခဲ့ဘူးလေ။ ပြီးတော့ အန္တရာယ်လည်း ကြီးမားတယ်လို့ ဆိုတယ်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဖေဖေက မလေ့ကျင့်ဖူးတော့ အစွမ်းအစ ဒီလောက် ထက်မယ်လို့လည်း မသိဘူး"

"နင့်အဖေပြောတဲ့ အထဲမှာ လေ့ကျင့်လို့ မဖြစ်ဘူး။ လေ့ကျင့်လို့ မဖြစ်ဘူး ဆိုတာလည်း ပါသေးတယ်လေ၊ အဲဒါ ဘာကို ဆိုလိုတာလဲ"

ယဉ်ယဉ်၏ မျက်နှာသည် ရုတ်သွေးရောင်လွှမ်းပြီး နီမြန်းသွားလေသည်။

"ရှင်ကော တကယ် ကြားမိလို့လား။ ပြီးတော့ တုန်းဂမ်းပုပိုက် ခုလိုဖြစ်ဖြစ်သွားတော့ ဘာကောင်းကျိုး ရှိတော့လဲ"

လင်းဟူစုန်းသည် ဆရာယဲပို့ချင် ကိုယ်တိုင်လည်း တုန်းဂမ်းပုပိုက်၏ လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်နေပြီဖြစ်မှန်း သိလိုက်သည်။

"ရှင် စိတ်အေးအေးနဲ့ နားနေစမ်းပါ၊ တောစဉ်းစား တောင်စဉ်းစား စဉ်းစားမနေပါနဲ့၊ ကျွန်မလည်း အိပ်ငိုက်တယ်၊ သွားအိပ်တော့မယ်"

ပြောပြီး ယဉ်ယဉ်သည် "ချာ"ခနဲလှည့်ထွက်သွားတော့သည်။ လရောင်အောက်တွင် ယဉ်ယဉ်၏ မျက်နှာသည် တစ်မျိုးကြည့်၍ ကောင်းနေ၏။ ယဉ်ယဉ်သည် ခပ်လှမ်းလှမ်းသို့ ရောက်ဦးမှ နောက်သို့ ပြန်လှည့်၍ ပြောသည်။

"ရှင့်ညီတော် လင်းဖင်းကျည်ရဲ့ အကျိုးက ပန်းကွက်တွေ သိပ်များတာပဲနော်"

တစ်ခဏကြာသောအခါ မြင်းခွာသံ ကြားရပြီး လင်းဖင်းကျည်နှင့် ယဲ့လင်းစမ်းတို့ နှစ်ယောက် မြင်းကိုယ်စီနှင့် ရောက်လာပြန်သည်။

"ရီစမ်းဟိုင် ... ခင်ဗျားက ဒဲ့ခွာရှင်းဓားရေးကို ခိုးပြီးသင်ချင်လို့ ကျုပ်မိဘတွေကို လုပ်ကြံခဲ့တာ မဟုတ်လား၊ တွေ့ရမယ်၊ ဒဲ့ခွာရှင်းဓားကွက်ကို ခင်ဗျားကို ကျုပ်တစ်ထွက်ချင်း ပြသပေးမယ် ဒိတ်ချ"

လင်းဖင်းကျည်သည် စကားပြောပြီးသည်နှင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ လင်းဖင်းကျည်က စိမ်းကား အဖွဲ့ထဲသို့ ခုန်လွှားဝင်ရောက်သွားသောကြောင့် ရီစမ်းဟိုင်က လှမ်းအော်သတိပေးလိုက်သည်နှင့် စိမ်းကားအဖွဲ့သား လေးယောက်သည် လင်းဖင်းကျည်ကို ဝိုင်းထားလိုက်ကြသည်။

အဖွဲ့သား နှစ်ယောက်က ရှေ့မှနေ၍ လင်းဖင်းကျည်၏ ဘယ်ညာရင်ဝသို့ ဓားဖြင့် ထိုးသည်။ နောက်မှ နှစ်ယောက်က ခါးလယ်မှ ဖြတ်ပိုင်းခုတ်လိုက်၏။

ထောင်ဒုာရှန်းနှင့် ထောင်စုရှန်းက လှမ်းအော်သတိပေးလိုက်သည်။

"ကောင်လေး ... သတိထား"

လင်းဖင်းကျည်သည် ဓားကိုပင် ဆွဲထုတ်မနေတော့ဘဲ လက်ကို ရှေ့သို့ ဆန့်ထုတ်ပြီး သွက်လက်စွာ လှုပ်ရှားလိုက်သည်။

ငယ်သံပါအောင် အော်ဟစ်သံများ ကြားရပြီးနောက် ဓားဖြင့် တိုးဝင်ခဲ့သူ နှစ်ယောက်က ခုတ်ပိုင်းသူများ၏ ဓားချက်ထိသွားသည်။ တစ်ပြိုင်နက် အချိန်အတွင်း ခုတ်ပိုင်းသည့် လူများမှာမူ ဓားဖြင့်ထိုးသူ၏ ဓားချက်ထိ၍ လဲကျသွားသည်။

လင်းဖင်းကျည်မှာမူ "လွှား"ခနဲ ခုန်လွှားလွတ်ထွက်သွားလေသည်။

"အဲဒါက မိစ္ဆာရှင်းဓားရေးရဲ့ ဒုတိယကွက်နဲ့ တတိယကွက်ပဲ၊ မြင်တယ် မဟုတ်လား"

စကားဆုံးသည်နှင့် လင်းပင်းကျည်သည် မြင်းပေါ်သို့ "လွှား"ခနဲ ခုန်တက်သွားပြီး မြင်းကို ဒုန်းစိုင်းထွက်သွားသည်။

"အဲဒါက မိစ္ဆာရှင်းဓားရေးရဲ့ ဒုတိယကွက်နှင့် တတိယကွက်"

စိမ်းကားအဖွဲ့သားများက လိုက်ဝံ့ဝံ့ မလိုက်ဝံ့ဝံ့ ဖြစ်နေပြီး နောက်ဆုံးတွင် လိုက်မမီတော့ချေ။

ရီစမ်းဟိုင်သည် လရောင်အောက်တွင် အလောင်းများကို ကြည့်နေသည်။

လင်းဟူစုန်းသည် စိမ်းကားဂိုဏ်းချုပ်ကတော်ဖြစ်သည့် စမ်းဟိုင်က မိမိတပည့်ငယ်သားများအား လင်းဖင်းကျည် သုတ်သင်သွားသည်ကို မည်သို့မျှ မတုံ့ပြန်နိုင်ဘဲ ကျန်ရစ်ရသည့်အဖြစ်အား တရားကျမိ၏။

ခေတ္တနားပြီး ညတွင်းချင်းဖင် ခရီးဆက်ကြ၏။ စိမ်းကားအဖွဲ့လည်း ခရီးနှင်သွားကြပြီ။

မိုးစင်စင်လင်းလာပြီ။

တစ်နေရာသို့ ရောက်သောအခါ စိမ်းကားအဖွဲ့သည် ထမင်းဆိုင်တစ်ဆိုင်တွင် စတည်းချနေကြသည်ကို တွေ့ရသည်။ ဟင်စမ်းအဖွဲ့သည်လည်း စိမ်းကားအဖွဲ့နှင့် မျက်နှာချင်းဆိုင် ထမင်းဆိုင်တွင် ဝင်ရောက်စားသောက်ကြ၏။

နေမွန်းတည့်ချိန်တွင် မြင်းခွာသံ ကြားရ၍ လင်းဖင်းကျည်ဦးဒနိုးမောင်နှံ မြင်းကိုယ်စီဖြင့် ရောက်ရှိလာပြန်သည်။

လင်းဖင်းကျည်သည် စိမ်းကားအဖွဲ့အနီးသို့ရောက်မှ မြင်းကိုကြိုးကို သတ်လိုက်သည်။ ရီစမ်းဟိုင်က လက်ဝှေ့ယမ်းပြောင်သော်လည်း စိမ်းကားအဖွဲ့သားများသည် ကစင့်ကလျားလွှတ်ပြေးကြ၏။

ခံသော်လည်း မဆုတ်မနှာသည့်အပြင် သဲကြီးမဲကြီး တိုက်ခိုက်လေ တော့သည်။

လက်တစ်ဖက် ပြတ်သွားသူသည် ယဲ့လင်စမ်းကို အသေ အကြေ အသက်စွန့် တိုက်ခိုက်သည်။ မျက်နှာအမူအရာသည်လည်း တောရိုင်းတိရစ္ဆာန်တစ်ကောင်ပမာ ကြောက်မက်ဖွယ်ရာ ကောင်းနေတော့သည်။

ယဲ့လင်စမ်းသည် နောက်သို့ တဖြည်းဖြည်း ဆုတ်ပေးရပြီး ချောင်းစပ်သို့ ခြေချော်ကျသွားတော့၏။

လင်းဟူစုန်းက ထိတ်လန့်သွားပြီး လှမ်းအော်လိုက်သည်။

"အရှက်ကို မရှိကြဘူး"

"ဟိုရက်တုန်းက ကျွန်မကို ဟုန်းဂွမ်းပုပိုက်ကို ကျင့်သုံးခဲ့တဲ့ နည်းလမ်းအတိုင်း ကျင့်သုံးနေတာပဲနော်"

ယဉ်ယဉ် ပြောကြားသည့်အတိုင်း မှန်ကန်နေ၏။

လက်မောင်းတစ်ဖက် ပြတ်သူသည် ကိုယ်ကို မြေပေါ်လှဲ ချလိုက်ပြီး လိမ့်သွားကာ ယဲ့လင်စမ်း၏ ခြေသလုံးကို အသေခံ၍ စင်ဖက်ထားသောကြောင့် ယဲ့လင်စမ်းက ထိတ်လန့်တကြား လှမ်းအော်သည်။

"အစ်ကို ... အစ်ကို ... တို့ကို လာကူပါဦး"

ယဲ့လင်စမ်းအတွက် သေရေးရှင်ရေးဖြစ်နေချိန်တွင် လင်းဖင်းကျည်သည် ရီစမ်းဟိုင်အား စိမ်ပြေနပြေ လက်စွမ်းပြနေသည်။

"ဂျပုလေးရီစမ်းဟိုင်က မိစ္ဆာရှင်းစားရေးကို မြင်ချင်နေတော့ တစ်ကွက်ပြီးတစ်ကွက် ပြမယ်၊ မမြင်ရရင် အသေဖြောင့်မှာမဟုတ်ဘူး"

"ဂျပုလေး ရီစမ်းဟိုင် ခင်ဗျား ပြေးလို့ကော လွတ်မယ် တဲ့လား"

လင်းဖင်းကျည်သည် ခြေနှစ်ဖက်ဖြင့် မြင်းကိုညှပ်ရိုက်၍ ရီစမ်းဟိုင်ထံသို့ မြင်းနှင့်တကွ ချဉ်းကပ်သွားသည်။

ရီစမ်းဟိုင်က ရုတ်တရက် ဓားဖြင့်လှမ်းထိုးသည်။ လင်းဖင်းကျည်သည်လည်း ဓားဆွဲထုတ်ပြီး ခုခံလိုက်၏။

ရီစမ်းဟိုင်သည် အသက်ခြောက်ဆယ်အရွယ် ရှိပြီဖြစ်သော်လည်း သွက်လက်လျင်မြန်လွန်းသည်။

ရီစမ်းဟိုင်က တိုက်စစ်ကို ဦးစားပေးပြီး တိုက်ခိုက်သည်။

လင်းဖင်းကျည်မှာ ယခုမှ ရီစန်းဟိုင်၏ သဘောထားကို နားလည်သဘောပေါက်မိသည်။

လင်းဖင်းကျည် မြင်းပေါ်မှ ဆင်းခဲ့လျှင် ဝိုင်းရံတိုက်ခိုက်မည်ဆိုသည့် သဘောပင်။

လင်းဟူစုန်းသည် လင်းဖင်းကျည်၏ ဓားကွက်ကို အသေအချာကြည့်သည်။ ပြောင်းလဲမှု အလွန်ဆန်းပြားသည်ကို တွေ့ရသည်။

လင်းဖင်းကျည်နှင့် ရီစမ်းဟိုင်တို့ တိုက်ခိုက်နေကြသည်ကို ကြည့်နေရာမှ လင်းဟူစုန်း၏ မျက်လုံးသည် ယဲလင်စမ်းရှိရာသို့ ရောက်ရှိသွားသည်။

လင်းဟူစုန်းမှာ ယဲ့လင်စမ်း အတွက် စိုးရိမ်မိသည်။ ထို အခိုက် ယဲ့လင်စမ်း၏ ဆန်းပြားသော ဓားချက်သည် စိမ်းကားအဖွဲ့သားတစ်ယောက်၏ ဘယ်ပခုံးကို ဖြတ်ချလိုက်၏။ စိမ်းကားအဖွဲ့သားများက ဆုတ်ခွာသွားကြမည်ဟု လင်းဟူစုန်း မျှော်လင့်

လင်းဖင်းကျည်က ပါးစပ်မှ ပြောဆိုရင်း ဆန်းပြားသော ဓားချက်များဖြင့် တိုက်ခိုက်လျက်ရှိသည်။

တိုက်ခိုက်ချိန် ကြာလာလေလေ ရီစမ်းဟိုင်သည် အင်အား နိမ့်လေလေ ရှိနေသည်။

သို့သော် လင်းဖင်းကျည်သည် ယဲ့လင်စမ်း အော်ဟစ် အကူအညီ တောင်းသည်ကို လားလားမျှ မမူချေ။

နေရောင်အောက်တွင် မြင်ရသည့် လင်းဖင်းကျည်၏ မျက်နှာသည် အားမာန်တက်ပြီး ဝမ်းသာသည့် အရိပ်အယောင် ယှက်သန်းနေသည်။

လင်းဖင်းကျည်သည် ကြောင်က ကြွက်ကို ဆော့ကစားသည့်ပုံမျိုးဖြင့် ရီစမ်းဟိုင် အစွမ်းအစ ပြုနေလေသည်။

မိဘရန်ကြွေးကို ကျေကျေနပ်နပ် ဆပ်ရန်သာ အဓိကထား နေပုံရသည်။

"အစ်ကို ... အစ်ကို ... အမြန်လာစမ်းပါ"

ယဲ့လင်စမ်းသည် သေရေးရှင်ရေးအတွက် အရေးကြီးနေသောကြောင့် အော်ခေါ်ပြန်သည်။

"အေး ... အး ... တင်းခံထားလိုက်ဦး၊ ဂျပုလေးကို မိစ္ဆာရှင်းဓားကွက် ပြလိုက်ဦးမယ်"

လင်းဖင်းကျည်၏ စကားမှာ ပေါ့ပျက်ပျက်နိုင်ပြီး ဇနီးဖြစ်သူ၏ သေရေးရှင်ရေးကို အလေးအနက် မထားသည်မှာ ထင်ရှားလှသည်။

လင်းဟူစုန်းသည် လင်းဖင်းကျည်၏ ဓားကွက်များကို ကြည့်ရာမှ ယဲ့လင်စမ်း ထံသို့ ရောက်ရှိသွားပြန်သည်။

ယဲ့လင်စမ်းအတွက် သေရေး ရှင်ရေး ဖြစ်နေသည်ဖို့ ဆက်လက်၍ မျှိမသိပ်နိုင်တော့ဘဲ လင်းဟူစုန်းက လှမ်းအော် ပြောလိုက်သည်။

"ယိဟိုနဲ့ ယိချန်း၊ နင်တို့နှစ်ယောက် သွားကယ်ဆယ်လိုက်ပါ၊ သူ မခုခံနိုင်တော့ဘူး"

"ကျွန်မတို့က နှစ်ဖက်နှစ်ဝ ဘယ်ဘက်ကိုမှ မလိုက်ဘူးလို့ မတိမေးထားတယ်။ ဝင်ကူလို့ မသင့်တော်ဘူး"

ယိချင်းက ပြန်ပြောလိုက်သည်။ သိုင်းလောကတစ်ခွင်တွင် ကတိသစ္စာသည်သာ အရေးအကြီးဆုံး ဖြစ်သည်။ ကတိသစ္စာ မတည်လျှင် ဟင်စမ်းအဖွဲ့သည် သိုင်းလောကတစ်ခွင်တွင် လူတိုင်း စက်ဆုပ်ရွံရှာသည့်အဖွဲ့ ဖြစ်သွားနိုင်သည်။

ထို့ကြောင့် ယိချန်း ပြန်ချေပသည့် စကားသည် နည်းလမ်းကျလှသည်။

မည်သို့ပြုရမည်ကို မကြံတတ်အောင် ဖြစ်နေသောကြောင့် လင်းဟူစုန်း ရေရွတ်မိသည်။

"ဒါက ... ဒါက ..."

ယဉ်ယဉ်က လွှားခနဲ ခုန်ထွက်သွားပြီး လခြမ်းပုံ ဓားကောက်ကို ဆွဲထုတ်၍ အသံကျယ်လောင်စွာ အော်ပြောလိုက်သည်။

"ရှင်တို့ ရှင်းရှင်းလင်းလင်း ဖြစ်အောင်ကြည့်။ ကျွန်မက သူရိန်မျက်နှာမူဂိုဏ်းချုပ်ရဲ့သမီးပဲ။ ယောက်ျားခြောက်ယောက်က မိန်းမသားတစ်ယောက်ကို ဝိုင်းဝန်းတိုက်ခိုက်ကြတာဟာ မတရားဘူး။ ဒီတော့ ကျွန်မ ဝင်ပါရတော့မယ်"

လင်းဟူစုန်းသည် အလွန်ဝမ်းသာသွားသည်။

ခြေကို အသေအလဲ ဖက်ထားသည့်လူကို ခြေဖြင့် ကျုံးကန်လိုက်ပြီး ယဲ့လင်စမ်းကို ကမ်းပေါ်သို့ ဆွဲတင်လိုက်သည်။

ယဲ့လင်စမ်း၏ တစ်ကိုယ်လုံး ရေစွဲစွဲစိုပြီး သွေးများလည်း ပေကျန်နေလေသည်။ ဤအချိန်တွင် လင်းဖင်းကျည်၏ အော်ပြောသံက ထွက်ပေါ်ခဲ့ပြန်သည်။

"ဒါက ဆရာဖို့ ဘိုးစဉ်ဘော်ဆက်ရဲ့ မိစ္ဆာရှင်းဓားကွက် စစ်စစ်ပဲ။ သေသေချာချာကြည့်"

လင်းဖင်းကျည်၏ ဓားချက်သည် စိမ်းကားအဖွဲ့သားနှစ်ဦး၏ မျက်လုံးနှစ်လုံးကြားသို့ ရွှေ့ဝင်သွားပြီး ထိုးလဲကျသွားလေသည်။

လင်းဖင်းကျည်သည် မြင်းကို ဦးလှည့်ပြီး ယဲ့လင်စမ်းနှင့် ယဉ်ယဉ်ရှိရာသို့ ရောက်ရှိလာ၏။

"ကဲ ... မြင်းပေါ်တက်"

ယဲ့လင်စမ်းသည် လင်းဖင်းကျည်အား မုန်းတီးစက်ဆုပ်သွားသည်။ သေကာမှ သေရော လင်းဖင်းကျင်၏ နောက်သို့ မလိုက်တော့ရန် ဆုံးဖြတ်လိုက်၏။

"နင် ... နင် ... နင့်ဘာသာနင် သွားတော့"

"နင်ကော"

"ငါ့ကို ဂရုစိုက်နေစရာ ဇလိုတော့ဘူး"

လင်းဖင်းကျည်သည် စင်စစ် အဖွဲ့သူများဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး နောက်ခြေနှစ်ဖက်ဖြင့် မြင်းကို "ဆတ်ခနဲ" ကန်၍ ဒုန်းစိုင်းပြီး ထွက်သွားလေတော့သည်။

လင်းဖင်းကျည်သည် ကြင်စဉ်း ဇနီးတစ်ယောက်အပေါ် ဤသို့ စိမ်းစိမ်းကားကား ပြုရက်မည်ကို လင်းဟူစုန်း မထင်မိ

စိမ်းကားအဖွဲ့သား ခြောက်ယောက်သည် ယဉ်ယဉ်၏ စကားကိုလည်း အမှုမထားချေ။ ယဲ့လင်စမ်းကိုသာ သဲသဲမဲမဲ တိုက်ခိုက်နေလေသည်။

ယဲ့လင်စမ်းသည် ချောင်းရေစပ်မှ ချောင်းထဲကျသွားခြင်း ဘယ်ပခုံးသည်လည်း ထုံကျင်သွား၏။ ဘယ်ပခုံးတွင် ဓားချက် ထိသွားလေသည်။

လက်မောင်းတစ်ဖက် ပြတ်သူသည် ယဲ့လင်စမ်း၏ ခြေတစ်ဖက်ကို အတင်းအကျပ် ဖက်ထားသည်။ ယဲ့လင်စမ်းက ဓား ဖြင့် ခုတ်ချသော်လည်း အသေခံ၍ မလွတ်စတမ်း ဖက်ထားတော့သည်။

ထိုကြောင့် ယဲ့လင်စမ်းသည် မိမိ အသက်ဆုံးရှုံးရတော့မည်မို့ လင်းဖင်းကျည်ကို လှမ်းကြည့်လိုက်သည်။

လင်းဖင်းကျည်သည် အေးအေးဆေးဆေးပင် ဓားကွက်ကို တစ်ကွက်ချင်း အလှပြ တိုက်ပြနေသည့်အတွက် ယဲ့လင်စမ်း ဒေါသထွက်ပြီး ရင်နင့်အောင်လည်း ခံစားလိုက်ရသည်။ ယဲ့လင်စမ်းသည် လင်းဖင်းကျည်ကို အလွန်မကျေနပ်ဖြစ်ပြီး စိတ်နာကြည်းမိသည်။ မူးမေ့လဲကျလုလု ဖြစ်သွား၏။

ဤအချိန်တွင် ရုတ်တရက် စိမ်းကားအဖွဲ့သားနှစ်ယောက်၏ ဓားရှည်နှစ်လက်သည် လွင့်ထွက်သွားပြီး ချောင်းထဲသို့ "ဒိုင်" ခနဲ အသံနှင့်တကွ လွင့်ကျသွားသည်။

ယဲ့လင်စမ်း ထိုးလဲကျလုလု နေချိန်တွင်ပင် ယဉ်ယဉ်သည် နောက်ထပ် စိမ်းကားအဖွဲ့သား သုံးယောက်ကို ထိခိုက်အနာတရ ဖြစ်အောင် တိုက်ခိုက်လိုက်သည်။ ယဉ်ယဉ်သည် ယဲ့လင်စမ်း၏

ချေ။ လင်းဖင်းကျည်၏ အပြုအမူကို လင်းဟူစုန်း ဒေါသထွက်မိသည်။

ယဲ့လင်စမ်းသည် မျက်ရည်စီးကျနေရာမှ စိတ်ကို မချုပ်တည်းနိုင်တော့သည့်အလား ချုံးပွဲချ ငိုကြွေးလေတော့သည်။

"ကျွန်မ ... ကျွန်မကို ရှင် ဘာဖြစ်လို့ အသက်ကယ်လိုက်ရတာလဲ"

"ကျွန်မ သဘောနဲ့ ကျွန်မ ကယ်ဆယ်တာ မဟုတ်ပါဘူး။ ရှင့်ရဲ့အစ်ကိုကြီးက ကယ်ဆယ်ခိုင်းလို့"

ယဉ်ယဉ်၏ စကားကို ကြားရသောအခါ ယဲ့လင်စမ်းသည် ရင်နင့်အောင် ခံစားလိုက်ရဖြန်သည်။

"ရှင် ကျွန်မကို မြင်းတစ်စီးလောက် ငှားပါလား"

"ရနိုင်ပါတယ်"

ယဉ်ယဉ်သည် ဖြောပြောဆိုဆို မြင်းတစ်ကောင်ကို သွားဆွဲခေါ်လာခဲ့သည်။

"ကျေးဇူးအများကြီး တင်ပါတယ်။ ရှင် ... ရှင်က သိပ်ကုသိုလ်ကံ ကောင်းပါတယ်"

စကားဆုံးသည်နှင့် ယဲ့လင်စမ်းသည် မြင်းပေါ်သို့ "လွှား" ခနဲ့ ခုန်တက်လိုက်ပြီး လင်းဖင်းကျည် ထွက်သွားသည့်ဘက်နှင့် ဆန့်ကျင်သောဘက်သို့ မြင်းကို ဒုန်းစိုင်းထွက်သွားတော့သည်။ ယဲ့လင်စမ်း ထွက်သွားသည်မှာ ဟုန်းစမ်းတောင်သို့ အပြန်လမ်း ဖြစ်သည်။

ရီစမ်းဟိုင်သည် ယဲ့လင်စမ်း မိမိဘေးမှ ဖြတ်ကျော်သွားသည်ကိုပင် အမှုမထားဘဲ တွေးနေသည်။

"ဒီမှာ တစ်ညဆက်ကြာရင် ခွေးတိရစ္ဆာန်လေး ငါ့အဖွဲ့သားတွေကို တစ်ယောက်ပြီးတစ်ယောက် အသက်ချွေပြီး ငါ့ကို အဖော်မရှိအောင် လုပ်တော့မယ်နဲ့တူတယ်။ ပြီးတော့မှ ငါ့ကို အနိုင်အထက်ပြုမဲ့ သဘောပဲ"

လင်းဟူစုန်းသည် ဤအခင်းကို ဆက်လက်မကြည့်ချင်တော့သောကြောင့် ဟင်စမ်းအဖွဲ့ကို အမိန့်ပေးလိုက်သည်။

"ခရီးဆက်ကြစို့"

မြင်းလှည်းသမားသည်လည်း မြင်းကိုမောင်းနှင်ကာ ခရီးဆက်တော့သည်။ လင်းဟူစုန်းသည် ယဲ့လင်စမ်း အတွက် စိုးရိမ်နေမိ၏။

"ညီမလေးက ဒဏ်ရာလည်း ရထားတယ်။ အဖော်လည်း မပါ။ ဒုက္ခပါပဲ"

လင်းဟူစုန်းသည် ထိုသို့တွေးတော စိုးရိမ်နေစဉ် ယိနင်က လှမ်းပြောလိုက်သည်။

"သူက သူ့မိဘရှိတဲ့ စုန်းစမ်းကို ပြန်တော့ အန္တရာယ်ကင်းနိုင်ပါတယ်။ အစ်ကိုကြီး တွေးပြီး စိတ်ပူမနေပါနဲ့"

"အင်း ... ဟုတ်ပါတယ်"

ပြန်ဖြေရင်း လင်းဟူစုန်း တစ်ဖန် စဉ်းစားမိပြန်၏။

"ညီမလေး ယိနင်ဟာ ငါ့ကို သိပ်သတိထားတယ်၊ ငါ့ကို သိပ်စာနာပါလား၊ ငါ ဘာပဲစဉ်းစား စဉ်းစား သူကြိုသိနေသလိုပဲ၊ သိပ်အလိုက်သိတယ်"

လင်းဟူစုန်းနှင့် ဟင်စမ်းအဖွဲ့သည် နောက်နေ့မွန်းတည့်ချိန်တွင် ထမင်းဆိုင်တစ်ဆိုင်သို့ ရောက်လာပြန်သည်။

"ဟဲ ဟဲ ဟဲ ... မင်းတို့က ငါ့ကို မတိုက်ချင်ပေမဲ့ ငါက တော့ တိုက်ရမှာပဲ၊ ထုံးစံအတိုင်း မင်းတို့အသက်ကို နုတ်ယူရဦး မှာပါပဲ"

လင်းဖင်းကျည်သည် မြင်းပေါ်မှ "လွှား"ခနဲ ခုန်ဆင်းလိုက်ပြီး မြင်း၏ တင်ပါးကို လက်ဝါးဖြင့် အသာပုတ်လွှတ်လိုက်သော ကြောင့် မြင်းသည် ထွက်ခွာသွားတော့သည်။

တဲအတွင်း၌ တွေ့ရသော လွတ်နေသည့် စားပွဲတစ်လုံးနှင့် ထိုင်ခုံတစ်ခုဆီသို့ လျှောက်သွားပြီး လင်းဖင်းကျည်က အေးအေး ဆေးဆေး ထိုင်လိုက်သည်။ လင်းဖင်းကျည် ရောက်ရှိခဲ့သည်နှင့် မျှေးကြိုင်သည့်ရနံ့ကို လူတိုင်းရှူရှိုက်မိကြ၏။

လင်းဖင်းကျည်သည် ဦးထုပ်တစ်လုံးကို ကျကျနနစောင်း ထားသည်။ ဦးထုပ်တွင် ကျောက်စိမ်းဘစ်လုံး မြုပ်ထားသည်ကို လင်းဟူစုန်း သတိထားမိ၏။ လက်တွင်လည်း ပတ္တမြားလက်စွပ် တစ်ကွင်းကို ဝတ်ထား၏။ ဖိနပ်ဖျားတွင် ပုလဲတစ်လုံးစီ စီထား သည်။ လင်းဖင်းကျည်သည် သိုင်းလောကတွင် ဝင်ထွက်နေသော သိုင်းသမားတစ်ယောက်နှင့် လုံးဝမတူဘဲ တကယ့်သူဌေးသားတစ် ယောက်နှင့် တူနေလေသည်။

လင်းဖင်းကျည်က ပိုးပဝါတစ်ထည်ကို ထုတ်ယူလိုက်ပြီး ချောမောလှပသည့် မိမိမျက်နှာကို ချွေးသုတ်လိုက်သည်။

လင်းဖင်းကျည်၏ အပြုအမူသည် ဓာတ်စင်ပေါ်တွင် ဓာတ် မင်းသမီးတစ်ယောက်နှင့် တူနေလေသည်။ လင်းဖင်းကျည်က လင်းဟူစုန်းကို လှမ်းနူတ်ဆက်သည်။

"အစ်ကိုကြီး လင်းဟူစုန်း ... မင်္ဂလာပါ"

ထမင်းဆိုင်ဟု ဆိုသော်လည်း လမ်းဘေးတွင် တဲထိုးပြီး ထိုင်ခုံချထားသည့် လမ်းဘေးဆိုင်သာ ဖြစ်သည်။

ဟင်စမ်းအဖွဲ့သူများက များပြားသောကြောင့် ထမင်းဆိုင် တွင် ထမင်းပင် မလောက်ငှတော့ပေ။ သို့သော် ဟင်စမ်းအဖွဲ့တွင် ရိက္ခာပါလာသောကြောင့် ဖြည့်စွက်၍ ချက်ပြုတ်ကြသည်။

ဟင်စမ်းအဖွဲ့သူများသည် ချက်ပြုတ်သူက ချက်ပြုတ်၍ စားသောက်သူက စားသောက်နေကြသည်။ လင်းဟူစုန်းမှာ တစ် ကိုယ်တည်း ငေးမောတွေးတောနေလေသည်။

"ညီမလေးများ ပြန်လိုက်လာမလား"

ထိုအခိုက်တွင် ဖုန်တထောင်းထောင်း ထသည်ကို တွေ့ရ ပြီး ရိစန်းဟိုင်နှင့် စိမ်းကားအဖွဲ့သားများ ရောက်ရှိလာခဲ့ကြ သည်။

စိမ်းကားအဖွဲ့သည် ထမင်းဆိုင်တွင် ထမင်းမရှိတော့သော ကြောင့် ထမင်းဆိုင်ဘေးတွင် စခန်းချကာ စားသောက်ရန် ချက် ပြုတ်ကြရ၏။

စိမ်းကားအဖွဲ့ ရောက်ပြီး မကြာမီတွင် မြင်းခွာသံကြားရ ဖြန်သည်။ လင်းဖင်းကျည်သည် မြင်းကို ဒုန်းစိုင်း၍ ရောက်လာ ပြီး ထမင်းဆိုင်ရှေ့တွင် မြင်းဇက်ကို သစ်လိုက်သည်။

လင်းဖင်းကျည်သည် ထည်ဝါခန့်ညားစွာ ဝတ်စားထားပြီး စိမ်းကားအဖွဲ့ဘက်သို့ တစ်ချက်လေးမျှ လှမ်းကြည့်ခြင်းမရှိချေ။

စိမ်းကားအဖွဲ့သည်လည်း လင်းဖင်းကျည်ကို မကြည့်ဘဲ မသိယောင် ပြုနေကြသည်။

လင်းဖင်းကျည်က တဟားဟား ရယ်မောလိုက်သည်။

"အေး ... မင်္ဂလာပါ"

လင်းဖင်းကျည်သည် ရိစန်းဟိုင်၏ ရှေ့တွင် ရေနွေးပန်းကန်ထဲသို့ ရေနွေးငှဲ့ထည့်ပေးနေသည့် စိမ်းကားအဖွဲ့သား တစ်ယောက်ကို တွေ့လိုက်သောအခါ အလွန်ဒေါသထွက်သွားသည်။

"မင်းက ရိလင်းဟောင် မဟုတ်လား၊ ဟိုတစ်ခိုန်က ငါ့မိဘကို သတ်တဲ့အထဲမှာ မင်းလည်း ပါတယ်။ မင်း ပြဿဒ ရောက်သွားတာတောင် ငါ မှတ်မိတယ်"

"ငါက ရိလင်းဟောင်ပဲ၊ မင်း ဘာလုပ်ချင်လဲ"

ရိလင်းဟောင်၏ အသံမှာ ကြမ်းတမ်းသယောင်ယောင် ရှိသော်လည်း တုန်ယင်နေသည်။

"စိမ်းကားအဖွဲ့ထဲက အထွတ်အထိပ် လူစွမ်းကောင်းဆိုတဲ့ လေးယောက်ထဲမှာ မင်းက တတိယမြောက်ပဲ၊ ဒါပေမဲ့ မင်းနဲ့ လူစွမ်းကောင်းဆိုတဲ့ ဂုဏ်ထူးနဲ့ လားလားမှ မထိုက်တန်ဘူး၊ လူရယ်စရာ ဖြစ်မနေဘူးလား"

စိမ်းကားအဖွဲ့တွင် အထွတ်အထိပ် လူစွမ်းကောင်း လေးယောက်ဟု တင်စားထားသည့် "ယင်း၊ ရှုံး၊ ဟောင်၊ ကျ" လေးဦးရှိသည်။

ထိုလင်ယင်း၊ ဟုန်းလင်းရှုံး၊ ရိလင်းဟောင်၊ လျှိုလင်ကျဲတို့ လေးယောက်ဖြစ်ပြီး "နတ်မူးပျံအရက်ဆိုင်"တွင် လင်းဟူစုန်း၏ လက်ချက်ကြောင့် အသက်စွန့်သွားရပြီဖြစ်သည်။

"အစ်ကိုကြီး လင်းဟူစုန်းက မင်းတို့လေးကောင်ကို တိရစ္ဆာန်လေးကောင်တဲ့၊ တိရစ္ဆာန်ဆိုတာ မြင့်တင့်ထားတာ၊ ငါ့အနေနဲ့ဆိုရင် တိရစ္ဆာန်လောက်တောင် တန်ဖိုးမထားချင်ဘူး"

ရိလင်းဟောင်သည် ဒေါသအလွန်ထွက်သွား၏။ သို့သော်ဘာကို ဆွဲမထုတ်ဝံ့ပေ။

ထိုအခိုက် မြင်းခွာသံ ပေါ်လာပြန်ပြီး မြင်းနှစ်စီး ထမင်းဆိုင်ထဲရှေ့သို့ ရောက်လာပြီး ရပ်တံ့သွားသည်။

ရှေ့မြင်းပေါ်မှလူသည် မျောက်ကျွန်းခါးကုန်း မုကျောင်းဟုန်း။

နောက်မြင်းပေါ်တွင် ယဲ့လင်စမ်း ဖြစ်နေသည်။

သူတို့နှစ်ယောက်ကို မြင်လိုက်ရသည့်အခါ အားလုံးအံ့အားသင့်သွား၏။

လင်းဟူစုန်းသည် ယဲ့လင်းစမ်းကို မြင်သဖြင့် ဝမ်းသာသွား၏။ သို့သော် သေသေချာချာ ကြည့်လိုက်သောအခါ ယဲ့လင်စမ်းကို လက်ပြန်ကြိုး တုပ်နှောင်ထား၏။

ယဲ့လင်စမ်း စီးလာသည့်မြင်း၏ ဇက်ကြိုးကိုလည်း မုကျောင်းဟုန်းက ချုပ်ကိုင်ထားသောကြောင့် ယဲ့လင်စမ်း အဖမ်းအဆီးခံရလာခြင်း ဖြစ်သည်။

လင်းဟူစုန်းသည် ဒေါသအလွန်ထွက်ပြီး ချက်ချင်းတိုက်ခိုက်ချင်စိတ် ဖြစ်ပေါ်မိသည်။

သို့သော် ...

"သူ့ယောကျ်ားကိုယ်တိုင် ရှိနေတော့ နွားရှေ့ထွန်ကျူးသလို ဖြစ်မယ်။ သူ့ယောကျ်ားက အလေးဂရမပြုတဲ့ အချိန်ရောက်မှ ဝင်ကယ်ရင်လည်း မိပါသေးတယ်"

ဤသို့ စဉ်းစားမိ၍ လင်းဟူစုန်းသည် အခြေအနေကို ဆောင့်ကြည့်နေသည်။

တောင်ငါးလုံးဂိုဏ်းချုပ် တင်မြောက်ပွဲတွင် ကျိလိန်းရှန်က မိမိကို မဖိတ်ကြားသောကြောင့် မုကျောင်းဟုန်း မလာဝံ့ချေ။

သို့သော် စုန်းစမ်းတောင်ခြေသို့ လာရောက်ပြီး တောင်ငါးလုံးအဖွဲ့သားများ တစ်ဦးချင်း ဆင်းလာပါက ချောင်းမြောင်းသတ်ကြရန် စောင့်စားနေခဲ့သည်။ သို့သော် တောင်ငါးလုံးအဖွဲ့သားများက အစုအသင်းနှင့် ဆင်းလာခဲ့သောကြောင့် မုကျောင်းဟုန်း အခွင့်အလမ်း မရခဲ့ချေ။

ဤအခွင့်အရေးကို ချောင်းမြောင်းနေစဉ် ယဲ့လင်စမ်း ရောက်လာခဲ့သဖြင့် မုကျောင်းဟန်းက လှမ်းပြီးတားဆီးသည်။

ယခုအချိန်တွင် ယဲ့လင်စမ်း၏ ပညာသည် မုကျောင်းဟုန်းထက် အနည်းငယ်မျှသာ နိမ့်သော်လည်း ယဲ့လင်စမ်း ဒဏ်ရာရထားသဖြင့် မုကျောင်းဟုန်း၏ ဖမ်းချုပ်ခြင်းကို ခံခဲ့ရသည်။

မုကျောင်းဟုန်းသည် ယဲ့လင်စမ်းအား လုံခြုံသည့် တစ်နေရာတွင် ဝှက်ထားပြီး မိစ္ဆာရှင်းဓားရေးကျမ်းနှင့် ယဲ့ပို့ချွင်ကို အလဲအလှယ် ပြုခိုင်းမည်ဟု စိတ်ကူးကာ ယဲ့လင်စမ်းကို ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ယဲ့လင်စမ်းသည်လည်း ဤနေရာမျိုးတွင် မုကျောင်းဟုန်း၏လက်မှ မရုန်းထွက်နိုင်လျှင် ရှေ့တွင် ကယ်သူဝေးတော့မည်ကို တွေးမိသောကြောင့် မြင်းပေါ်မှ အရဲစွန့် လှိမ့်ချလိုက်ခြင်း ဖြစ်သည်။

"တိရစ္ဆာန်မလေး"

မုကျောင်းဟုန်းက ဆဲဆိုပြီး မြင်းပေါ်မှ ခုန်ဆင်းကာ ယဲ့လင်စမ်း၏ နောက်ကျောအင်္ကျီစကို ဆွဲလိုက်သည်။

လင်းဖင်းကျည်သည် မုကျောင်းဟုန်းကို တွေ့လိုက်ရသောအခါ ကောင်းကင်မှ ရုတန္တာတစ်ပါးက မိမိလက်ထဲ ကျရောက်ခဲ့သည့်အလား ဝမ်းသာသွားပြီး စိတ်ထဲမှ ရေရွတ်မိသည်။

"ငါ့ဖေဖေနဲ့ မေမေကို သတ်တဲ့အထဲမှာ ဒီခါးကုန်းလည်း ပါတယ်။ ကုသိုလ်ကောင်းချင်တော့ အခန့်သင့်ပါ ငါ့ရဲ့မှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်"

မုကျောင်းဟုန်းသည် လင်းဖင်းကျည်ကို မှတ်မိခြင်း မရှိချေ။

ယခု လင်းဖင်းကျည်သည် ယခင်တစ်ချိန်က မုကျောင်းဟုန်းတွေ့ခဲ့သည့် လင်းဖင်းကျည်နှင့် လုံးဝကွာခြားနေသည်။

မုကျောင်းဟုန်းသည် စိမ်းကားအဖွဲ့နှင့် ဟင်စမ်းအဖွဲ့ကို တွေ့ရသောအခါ စိတ်ထင့်သွားပြီး ယဲ့လင်စမ်းကို ဖြတ်လုမည်စိုးသောကြောင့် ခရီးဆက်ရန် စိတ်ကူးလိုက်သည်။

"ကဲ ... သွားစို့"

မုကျောင်းဟုန်းက ပြောပြောဆိုဆို မြင်းကို ခြေဖြင့် "ဆတ်"ခနဲ ကန်လိုက်သည်။

ယဲ့လင်စမ်းသည် ရုတ်တရက် အသံတစ်ချက်ပြုရင်း မြင်းပေါ်မှ ကိုယ်ကို လှိမ့်ချလိုက်သည်။

ယဲ့လင်စမ်းသည် ဟုန်းစမ်းတောင်သို့ အပြန်တွင် မုကျောင်းဟုန်းနှင့်တွေ့ပြီး ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

မုကျောင်းဟုန်းသည် ယဲ့ပို့ချွင်က လင်းဖင်းကျည်ကို တပည့်လက်သားအဖြစ် သိမ်းသွင်းကာ မိစ္ဆာရှင်းဓားကျမ်းကို အပိုင်စီးသည်ဟု သဘောပိုက်ထားပြီး ယဲ့ပို့ချွင်ကို ရန့်ငြိုးထားခဲ့သည်။

မယားထိလျှင် ဓားကြည့်ဆိုသည့် စကားကို လင်းဟူစုန်း ကြားဖူးသည်။ လူအများရှေ့မှောက်တွင် မိမိ၏ကြင်စဉ်းမယား အား မုကျောင်းဟုန်း စော်ကားသည်ကို လင်းဖင်းကျည် ကြည့် ရက်မည် မဟုတ်ဟု လင်းဟူစုန်း တွက်ဆထားသည်။

သို့သော် လင်းဖင်းကျည်သည် အိတ်ထဲမှ ခေါက်ယပ်တောင် တစ်လက်ကို ထုတ်ယူဖြန့်လိုက်ပြီး စိတ်အေးလက်အေး ယပ်ခတ် နေလေသည်။ အေးချမ်းသည့် ရာသီဖြစ်သောကြောင့် ယပ်ခတ်ရန် အကြောင်းမရှိပေ။

အကြောင်းမရှိ အကြောင်းရှာ၍ သည်အချိန်မျိုးတွင် လင်း ဖင်းကျည် ယပ်ခတ်နေခြင်းသည် တမင်အရွဲ့တိုက်ခြင်းဖြစ်ကြောင်း ထင်ရှားနေသည်။

မုကျောင်းဟုန်းသည် ယဲ့လင်စမ်း၏ နောက်ကျောအင်္ကျီစ ကို ဆွဲကိုင်မြှောက်၍ မြင်းကုန်းနီးပေါ်သို့ ပြန်တင်လိုက်လေ သည်။

"တိရစ္ဆာန်မလေး သတိထား၊ ဒီတစ်ခါကျရင် ပိုနာမယ်"

မုကျောင်းဟုန်းသည် သူ့မြင်းပေါ် "လွှား"ခနဲ ပြန်တက် ပြီး ထွက်ခွာသွား၏။ သို့သော် လင်းဖင်းကျည်၏ လှမ်းပြောလိုက် သည့် အသံကြောင့် ဆိုင်းလိုက်သည်။

"မုကျောင်းဟုန်း ... ခင်ဗျားရဲ့ သိုင်းပညာက အလွန် အောက်တန်းကျတယ်တဲ့။ သည်မှာရှိတဲ့လူက ပြောနေကြတယ်၊ ဘယ်လိုသဘောရသလဲ"

မုကျောင်းဟုန်း ကြည့်လိုက်သောအခါ စိမ်းကားအဖွဲ့သား လည်း မဟုတ်၊ ဟင်စမ်းအဖွဲ့သားလည်း မဟုတ်ဘဲ တစ်ဦးတည်း

သီးသီးသန့်သန့် ခုံတစ်လုံးတွင် ထိုင်နေသည့် လင်းဖင်းကျည်ကို မြင်သည်။

"မင်းက ဘယ်သူလဲ"

"မေးနေစရာ မလိုဘူး။ ခင်ဗျား သိုင်းပညာအောက်တန်း ကျတယ်လို့ပြောတာ ကျုပ်မှ မဟုတ်ဘဲ"

လင်းဖင်းကျည်သည် ခေါက်ယပ်တောင်ကို ပြန်ခေါက်လိုက် ပြီး ရီစမ်းဟိုင်ကို သွန်ပြလိုက်သည်။

"ခင်ဗျားကို ပြောတာက စိမ်းကားဂိုဏ်းချုပ် ရီစမ်းဟိုင်ပဲ။ ခုနောက်ပိုင်းမှာ သူက လျှို့ဝှက်မြင့်မားတဲ့ သိုင်းပညာတစ်ရပ် ကို လေ့ကျင့်တတ်ကျွမ်းခဲ့တယ်လို့ ဆိုတယ်။ ဟိုသင်းဗျာ ... အင်း ... မိစ္ဆာရှင်းဓားရေးကျမ်း ဆိုလားပဲ"

မုကျောင်းဟုန်းသည် အားတက်ဝမ်းသာစွာဖြင့် ရီစမ်းဟိုင် ကို ကြည့်လိုက်သည်။

"ဂျပုရီစမ်းဟိုင် မိစ္ဆာရှင်းဓားကျမ်းကို ထားပါဦး၊ မင်း မိစ္ဆာရှင်းဓားကွက်ကိုရော မြင်ဖူးသလား"

မုကျောင်းဟုန်းက မေးလိုက်သည်။

"အစအဆုံး တစ်ကွက်မကျန် မြင်ဖူးတယ်"

မုကျောင်းဟုန်းသည် ဝမ်းသာသွားပြီး မြင်းပေါ်မှ ခုန်ဆင်း လိုက်သည်။

"ဂုစမ်းဂိုဏ်းချုပ် ရသွားတယ်လို့ ကြားတာပဲ၊ ခင်ဗျား က ဘယ်လိုလုပ် တွေ့တာလဲ"

"ဓားကျမ်းတော့ ကျုပ်မတွေ့ဖူးဘူး။ ဓားကွက်ကို သူများ သုံးတာတော့ တွေ့ဖူးတယ်"

"ဒီလိုကိုး။ မိစ္ဆာရှင်းဓားရေးက အတုနဲ့ အစစ် ရှိတယ်။ တစ်ချိန်က "ဖုဝေး"သယ်ယူပို့ဆောင်ရေးက သိုင်းသမားပေါက်စလေးသုံးတဲ့ မိစ္ဆာရှင်းဓားရေးကတော့ ရယ်ဖို့တောင် ကောင်းတယ်။ ခင်ဗျားမြင်ခဲ့တာ အစစ်ဖြစ်တန်ကောင်းပါတယ်"

"အစစ်လား အတုလား ဆိုတာ ကျုပ်မဝေခွဲတတ်ဘူး၊ အသုံးပြုတဲ့ လူငယ်ကတော့ ခင်ဗျားပြောသလို "ဖုဝေး"သယ်ယူပို့ဆောင်ရေးက သိုင်းသမားပေါက်စလေး တစ်ယောက်ပဲ"

မုကျောင်းဟုန်းက တဟားဟား ရယ်မောသည်။

"ခင်ဗျားက ဂိုဏ်းချုပ်တစ်ယောက် လုပ်နေပြီး ဓားကွက်မြင်ရုံနဲ့ အတုအစစ် မဝေခွဲတတ်ဘူးဆိုတော့ ရယ်စရာ မကောင်းဘူးလား။ "ဖုဝေး"သယ်ယူပို့ဆောင်ရေးက လင်းကျင်နန်းတို့ လင်မယားလည်း ခင်ဗျားရဲ့လက်ချက်မိပြီး သေသွားရတယ်နော်"

"ကျုပ်က အစစ်ကို မမြင်ဘူးတော့ အတုအစစ် မခွဲခြားတတ်ဘူး။ ခင်ဗျားကတော့ ဧရာမလူစွမ်းကောင်းကြီး ဆိုတော့ မြင်ရင် ခွဲခြားတတ်မှာပေါ့"

ရီစမ်းဟိုင်လို အဆင့်မြင့် သိုင်းသမားတစ်ဦးက ဤသို့ပြောခြင်းသည် ရိုးရိုးသားသား ပြောခြင်းမဟုတ်ကြောင်း မုကျောင်းဟုန်း သိသည်။

ဓားဘီသို့ လှမ်းကြည့်လိုက်ပြန်သောအခါ အနီးအနားရှိ လူများက မိမိကို ဝိုင်းကြည့်နေကြသည်ကို မုကျောင်းဟုန်းတွေ့ရ၏။

"ဘာပဲဖြစ်ဖြစ်လေ ဓားကွက်မြင်တာနဲ့ ကျုပ်ကတော့ အတုအစစ် ခွဲခြားနိုင်စွမ်းရှိပါတယ်"

"ဧရာမလူစွမ်းကောင်းကြီးက အတုအစစ် ခွဲခြားနိုင်မယ်ဆိုရင်တော့ အရန်သင့်ပါပဲ။ အဲဒီဓားကွက်ကို အသုံးပြုနိုင်တဲ့ သူက ခင်ဗျားရဲ့ရှေ့မှောက်မှာတင် ရောက်နေတယ်"

မုကျောင်းဟုန်းသည် ရုတ်တရက် ထိတ်လန့်သွားပြီး ပတ်ဝန်းကျင်ကို ကြည့်ပြန်သည်။

ထူးထူးခြားခြား မြင့်ရသည်က မည်သူ့ကိုမျှ အမှုမထားဘဲ အေးအေးဆေးဆေး ထိုင်နေသည့် လူရွယ် တစ်ယောက်ကိုပင် ဖြစ်သည်။

"ခင်ဗျား ပြောတာ သူ့ကိုလား"

"ဟုတ်တယ်၊ ချီးမွမ်းဖို့တော့ အကောင်းသားပဲ၊ ခင်ဗျားက တစ်ချက်ကြည့်ရုံနဲ့ သိနေပါလား"

လင်းဖင်းကျည်ကို မုကျောင်းဟုန်း ကြည့်လိုက်သောအခါ သူ့ဌေးသားကိုက် ဖမ်းနေပြီး သိုင်းလောကမှ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နှင့် လုံးဝမတူသောကြောင့် ရီစမ်းဟိုင်က အကြိန့်ပြောနေသည်ဟုပင် သံသယဝင်မိ၏။

"ဂျပုရီစမ်းဟိုင် မတွေ့တာကြာလို့ ခင်ဗျားက နောက်ပြောင်ကျီစယ်နေတယ် ဆိုပါတော့၊ ကဲ ... အရေးကြီးတဲ့ ကိစ္စလေးတစ်ခုရှိလို့ သွားလိုက်ဦးမယ်၊ မိစ္ဆာရှင်းဓားရေးပဲဖြစ်ဖြစ် မိစ္ဆာမရှင်းဓားရေးပဲဖြစ်ဖြစ် သည်အချိန်မှာ အမှုမထားနိုင်သေးဘူး၊ နောက်မှ အေးအေးဆေးဆေး တွေ့ကြတာပေါ့"

မုကျောင်းဟုန်းက ရီစန်းဟိုင်ကို နှုတ်စက်စကား ပြောနေစဉ် လင်းဖင်းကျည်သည် "ရိုပ်"ခနဲထ၍ သွက်လက်စွာ လှုပ်ရှား

"ဒီကောင်လေး တယ်စွာပါလား၊ ဒါပေမဲ့ သိုင်းပညာက တော့ ထိပ်တန်းပဲ။ ဂျပုရိစန်းဟိုင် ပြောသလို မိစ္ဆာရှင်းဓားရေး ထက်တယ် ဆိုတော့ ပြစမ်းပါဦး"

"ပြရမှာပေါ့၊ ခင်ဗျားက မိစ္ဆာရှင်းဓားရေးကျမ်းကို လိုချင် လို့ ကျုပ်မိဘကို သတ်ခဲ့တယ်။ ဒီအပြစ်ကြီး ဘယ်တော့မှ မပျောက်ဘူး။ ခင်ဗျားနဲ့ ရိစမ်းဟိုင် ဘာထူးတာမှတ်လို့"

မုကျောင်းဟုန်းသည် ဤစကားကို ကြားရတော့မှပင် စကားပြောနေသူသည် ယဲ့ပို့ခွင်၏သမက် လင်းဖင်းကျည် ဖြစ် မှန်း သိလိုက်သည်။

"အင်း ... ဟင်စမ်းတိရစ္ဆာန်မလေးတွေလည်း တောင်ငါး လုံးအဖွဲ့ကဆိုတော့ သူ့ဘက်ကို ဝိုင်းကူမှာပဲ၊ ဒါပေမဲ့ ဟိုတိရစ္ဆာန် မလေးကို ဓားစာခံ လုပ်ထားလိုက်ရင် ဒီကောင်လေး သူ့မိန်းမကို ငဲ့ပြီး လွှတ်ရဲမှာ မဟုတ်ဘူး"

ဤသို့ တွေးတောမိသောကြောင့် မုကျောင်းဟုန်းသည် လင်းဖင်းကျည်အား အလစ်မ ပေးဘဲ ကြည့်ရင်းက ယဲ့လင်စမ်း ကို လက်ပြန်ဖမ်းဆွဲလိုက်ပြန်သည်။

သို့သော် မုကျောင်းဟုန်၏နောက်မှ လေတိုးသံနှင့်အတူ မုကျောင်းဟုန်း အလစ်တွင် တိုက်ခိုက်ခံရသည်။ တိုက်ခိုက်သူမှာ ယဲ့လင်စမ်းပင် ဖြစ်နေသည်။ လင်းဖင်းကျည်နှင့် မုကျောင်းဟုန်း စကားအချိုအချဲ့ ပြောနေချိန်တွင် ယဉ်ယဉ်က ယဲ့လင်စမ်းဆီသို့ ကိုယ်ခန္ဓာပညာဖြင့် လွှားခနဲ ရောက်ရှိသွားပြီး လက်ပြန်ကြိုးကို ဖြေပေးလိုက်၏။ တစ်ချိန်တည်းတွင် ယဲ့လင်စမ်း၏ သွေးကြော

လိုက်ပြီး မူလနေရာတွင် ဟန်မပျက်ထိုင်ကာ ယပ်ခပ်နေလေ သည်။ လူတိုင်းက အံ့အားသင့်နေကြသည်။

ရိစမ်းဟိုင်နှင့် လင်းဟူစုန်းတို့ကဲ့သို့ တကယ့်အထွတ် အထိပ်ကျသော သိုင်းသမားများသာလျှင် လင်းဖင်းကျည်၏ "ရိုပ်"ခနဲ လှုပ်ရှားလိုက်ဒဲ့ အကွက်ကို ရှင်းရှင်းလင်းလင်း မြင်လိုက်သည်။

မုကျောင်းဟုန်းသည် မြင်းပေါ်ခုန်တက်ပြီး ဒုန်းစိုင်းထွက် သွားသည်။

သို့သော် မြင်းက တဲ့၏တိုင်ကို ခေါင်းဖြင့်ဝင်ဆောင့်မိပြီး တဲတစ်ခြမ်း ပြိုသွားသည်။ ရိစမ်းဟိုင်သည် ချက်ချင်းပင် တဲ၏ အပြင်ဘက်သို့ ခုန်လွှားထွက်သွားသည်။

မုကျောင်းဟုန်း မြင်းပေါ်မှ "လွှား"ခနဲ ခုန်ဆင်းလိုက်၏။ မုကျောင်းဟုန်း၏ မြင်းသည် သစ်ပင်ကြီးတစ်ပင်ကို ခေါင်းဖြင့် ဝင်ဆောင့်မိပြီး ထိုးလဲသွားတော့သည်။

မြင်း၏လှုပ်ရှားမှုမှာ မမြင်မကန်းနှင့် ရမ်းထိုးထွက်သည်ကို တွေ့ကြရတော့ လင်းဖင်းကျည်သည် မြင်း၏အနီးသို့ "ရိုပ်"ခနဲ ရောက်ရှိ၍ မျက်လုံးနှစ်လုံးကို ဒဏ်ရာရစေပြီး ပြန်ထိုင်နေလိုက် ခြင်းဖြစ်ကြောင်း ရိပ်မိကြသည်။

"လူမျက်ကန်းက မြင်းမျက်ကန်းကိုစီးပြီး ညဉ့်နက်သန်း ခေါင်မှာ ဘယ်နေရာကို သွားမှာလဲ၊ မသွားပါနဲ့ အန္တရာယ်ကြီး မားပါတယ်"

မုကျောင်းဟုန်းက တဟားဟား ရယ်လိုက်သည်။

မုကျောင်းဟုန်းသည် ဟင်စမ်းအဖွဲ့ပါ ပါဝင်တိုက်ခိုက်မည့် စိုးသောကြောင့် ရီစမ်းဟိုင်အား သွေးထိုးပေးလိုက်ခြင်းဖြစ်လေသည်။

လင်းဖင်းကျည်က ယပ်တောင်ဖြင့် ရှေ့သို့ တစ်ချက်လှမ်းထိုးပြီး တဲအပြင်သို့ထွက်ကာ မုကျောင်းဟုန်းထံသို့ ချဉ်းကပ်သွားသည်။

လင်းဖင်းကျည် ထလိုက်သည်နှင့် အမွေးနုံက တဆောင်းဆောင်း လွှင့်ထွက်သွားသည်။

"ဟာ ... အား"

ရုတ်တရက် ရီလင်းစောင်နှင့် ဒုမ်လင်ကျည်တို့ နှစ်ယောက်၏ ရင်ဝကို ဓားချက်ထိပြီး ရှေ့သို့ထိုးလဲသွားကြသည်။

ကျန်လူများက အထိတ်တလန့် အော်ဟစ်မိကြသည်။

လင်းပင်းကျည်သည် မုကျောင်းဟုန်းအား တိုက်ခိုက်ရန် ထွက်သွားသည်။ သို့သော် လမ်းခုလတ်တွင် ရုတ်တရက်ပြန်လှည့်ပြီး စိမ်းကားအဖွဲ့သား နှစ်ယောက်အား တိုက်ခိုက်လိုက်ပုံမှာ လျင်မြန်လွန်းသည်။

အားလုံး သတိထားမိချိန်တွင် လင်းဖင်းကျည်သည် ဓားကို ဓားအိမ်ထဲသို့ ပြန်သွင်းပြီးနေလေသည်။

ဤလူပ်ရှားမှုမျိုးကို လင်းဟူစုန်းကဲ့သို့ အထွတ်အထိပ်ကျသည့် ဓားသမားမျိုးသာလျှင် ဓားထုတ် ဓားထိုး ဓားနှုတ်ပုံကို ရှင်းရှင်းလင်းလင်း မြင်တတ်ပြီး ကျန်လူများအဖို့ "ဝင်း" ခနဲ "လက်" ခနဲလောက်သာ မြင်လိုက်ရသည်။

ကွက်များကိုပါ ပြန်ဖွင့်ပေးခဲ့သောကြောင့် ယဲ့လင်စမ်းသည် မုကျောင်းဟုန်းကို တိုက်ခိုက်နိုင်ခြင်း ဖြစ်လေသည်။

ယဉ်ယဉ်၏ လှုပ်ရှားမှုသည် လျှပ်ပြက်သကဲ့သို့ မြန်ဆန်စွာရှိ၏။ မုကျောင်းဟုန်က ရှေ့သို့ ခုန်ထွက်သွားသောကြောင့် ယဲ့လင်စမ်း၏ ဓားချက်မှာ လွဲထွက်သွားသည်။ ယဲ့လင်စမ်းသည် သွေးကြောပြန်ဖွင့်စ ဖြစ်သောကြောင့် ထုံထုံထိုင်းထိုင်း ဖြစ်နေသဖြင့် မုကျောင်းဟုန်းအား ဆက်လက်မတိုက်ဝံ့ချေ။

လင်းဖင်းကျည်က လှောင်ပြောင်ခနဲ့ကာ ရယ်လိုက်သည်။

"မုကျောင်းဟုန်း ... ခင်ဗျား လူ့လောကမှာ ဆက်ပြီး အသက်ရှင်သန်နေချင်သေးရင် လေးဖက်ထောက်ပြီး ကျုပ်ကို ဘိုးဘိုးလို့ သုံးခွန်းတိတိ ခေါ်ရမယ်။ ဒါဆိုရင် ခင်ဗျားကို ကျုပ် နောက်ထပ် တစ်နှစ် အသက်ရှင်ခွင့် ပေးသနားမယ်"

မုကျောင်းဟုန်းသည် လင်းဖင်းကျည်၏ စကားကို တဟားဟား ရယ်မောလိုက်သည်။

"ငါဒီလောက် အရွယ်ကြီးရင့်ခဲ့ပြီ၊ ငါ့တစ်သက်မှာ အကြီးကျယ်ဆုံးဆိုတဲ့ လူတွေနဲ့ တွေ့ဖူးကြုံဖူးပေါင်းလည်း မနည်းတော့ဘူး။ ငါ့ကို ဘိုးဘိုးလို့ ခေါ်ခိုင်းတဲ့လူ မရှိသေးဘူး။ မင်း အသက်အရွယ်လေးနဲ့ တော်တော်စော်ကားပါလား။ ငါခွင့်မလွှတ်နိုင်တော့ဘူး"

မုကျောင်းဟုန်းက ဓားကိုဆွဲထုတ်မှန်းမသိ ဆွဲထုတ်ရင်း

"ကျုပ်ရီစမ်းဟိုင်၊ ခင်ဗျားက ရသေ့မလေးတွေကို ရှင်းချင်ရင် ရှင်းတော့။ ဒီကောင်လေးကို ကျုပ်တာဝန်ပဲ ထားပါ"

ပွဲကြည့်ပရိသတ်များသည် အံ့သြစွာ ရေရွတ်လိုက်မိကြသည်။

မုကျောင်းဟုန်းသည် သေဘေးမှ သီသီကလေး လွတ်ခဲ့သော်လည်း ထိတ်လန့်ခြင်း မရှိဘဲ ရုတ်တရက် ခုန်ဝင်ကာ တိုက်ခိုက်ပြန်သည်။

လင်းဖင်းကျည်သည် ဓားချက်တစ်ချက်တည်းဖြင့် မုကျောင်းဟုန်းအား ကိစ္စပြတ်အောင် မစီရင်နိုင်သည့်အတွက် အံ့အားသင့်သွားသည်။

"ဒီခါးကုန်း နာမည်ကျော်လည်း ကျော်ထိုက်ပါတယ်။ တော်တော့်ကို လျင်တာပဲ"

ဤသို့ စိတ်ထဲကကျိတ်၍ ချီးမွမ်းမိပြီး လင်းဖင်းကျည်သည် ဓားချောနှစ်ချက် ဆင့်ထိုးလိုက်ပြန်သည်။

မုကျောင်းဟုန်းသည် ဓားချက် နှစ်ချက်စလုံးကို ချေဖျက်နိုင်ပြီး ပြန်လည်၍ တရစပ် တိုက်ခိုက်လိုက်၏။ ထိုအခါတွင်မှ မုကျောင်းဟုန်းသည် မတိုက်ခိုက်နိုင်တော့ဘဲ ဓားကို စကြာပတ်လှည့်ကာ "စကားလည်ဓားကွက်"ဖြင့် မိမိကိုယ်ခန္ဓာအနှံ့ကို ကာကွယ်ထားလေသည်။

မုကျောင်းဟုန်းသည် ဓားကို စကြာလည် လှည့်ထားသည်မှာ မြန်ဆန်လွန်းသောကြောင့် ရေပက်မဝင်အောင် ဖြစ်နေသည်။

ဓား,ဓားချင်း ထိမိတိုင်း လင်းဖင်းကျည်၏ လက်သည် ထုံကျင်သွားသောကြောင့် မုကျောင်းဟုန်း၏ အတွင်းအား ကောင်းအလွန်ကောင်းကြောင်း လင်းဖင်းကျည် သိလိုက်၏။

ခရီးလမ်းတစ်လျှောက်တွင် ထျန်းပက်ကွမ်း၊ မရောင်မခြစ် ကိုယ်တော်၊ ရောင်ကိုယ်တော်တို့ ပါဝင်စွက်ဖက်ခြင်း မရှိ။

ချန်းပက်ကွမ်း ကိုယ်တိုင်ပင် ဓားမြန်ထျန်းပက်ကွမ်းဟု ကျော်ကြားခဲ့သော်လည်း ယခု လင်းဖင်းကျည်၏ မြန်ဆန်လှသော လှုပ်ရှားမှုကြောင့် အံ့အားသင့်နေမိသည်။

မုကျောင်းဟုန်းသည် တဖြည်းဖြည်း ကိုယ်ကိုင့်ချလိုက်ရာ မြေပြင်နှင့် ကိုယ်ထိရန် နှစ်ပေခန့်သာ လိုတော့သည်။

လင်းဖင်းကျည်သည် ခနဲ့ပြုံး ပြုံးရင်း မုကျောင်းဟုန်းထံသို့ တစ်လှမ်းချင်း ချဉ်းကပ်သွားသည်။

မုကျောင်းဟုန်းသည် ဝံပုလွေတစ်ကောင်ကဲ့သို့ စူးရှစွာ အော်ဟစ်လိုက်ပြီး ခန္ဓာကိုယ်မှာ လေထဲသို့ မြောက်တက်၍ လင်းဖင်းကျည်၏ ရင်ညွန့်ဆီသို့ ဓားကောက်ဖြင့် ကန့်လန့်ဖြတ် ဆွဲချလိုက်သည်။

လင်းဖင်းကျည်သည် မည်သည့်အရာကိုမျှ မမူသည့်ပုံနှင့် ညာလက်မှ ယပ်တောင်ကို ဘယ်လက်သို့ ပြောင်းကိုင်လိုက်၏။

တစ်ဖန် ညာလက်ဖြင့် ဓားရှည်ကို ဆွဲထုတ်၍ မုကျောင်းဟုန်း၏ ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

လင်းဖင်းကျည်၏ ဓားချက်သည် မုကျောင်းဟုန်းထက် နောက်ကျပြီး ထိုးထုတ်လိုက်သော်လည်း မုကျောင်းဟုန်းသည် အော်ဟစ်ရင်း ခုန်ဆုတ်သွားသည်။

မုကျောင်းဟုန်း၏ သိုးမွေးထည်အင်္ကျီသည် ရှည်လျားစွာ စုတ်ပြဲသွားသည်။

လင်းဖင်းကျည်ကလည်း မုကျောင်းဟုန်းကို ထိထိမိမိ မတိုက်နိုင်ချေ။ သို့သော် မုကျောင်းဟုန်းသည် ခံစစ်အနေအထား တွင်ရှိပြီး ဤကဲ့သို့ ခန္ဓာကိုယ်အနှံ့ကို ဓားဖြင့် ဒေ့ယမ်းကာကွယ် ထားခြင်းသည် လက်အား အလွန်ဆုတ်ယုတ်လွယ်သည်။

ထို့ကြောင့် ဤသို့ ဆက်လက်ယှဉ်ပြိုင်သွားပါက မုကျောင်း ဟုန်း ရှုံးဖို့များနေသည်။

မုကျောင်းဟုန်းသည် ခံစစ်အနေအထားမှ ရုတ်တရက် အသံနက်ကြီးဖြင့် အော်ဟစ်လိုက်ပြီး လက်ရှိန်အပြည့်ဖြင့် ခုန်ဝင် တိုက်ခိုက်လာပြန်သည်။

လင်းဖင်းကျည်က တစ်ဖန် ပြန်ထိုးလိုက်သောကြောင့် မုကျောင်းဟုန်း ခုန်ဆုတ်သွားရပြန်၏။

မုကျောင်းဟုန်းသည် "စကြာလည်ဓားကွက်"ဖြင့် ပြန်လည် ၍ ခုခံနေရပြန်၏။

မုကျောင်းဟုန်း၏ လက်ရှိန်သည် တဖြည်းဖြည်း ကျဆင်း လာနေသည်။ ထို့ကြောင့် ရီစမ်းဟိုင်သည် ဓားရှည်ကို ဆွဲထုတ် ပြီး လင်းဖင်းကျည်၏ နောက်ကျောရှိ သေကွင်း သေကွက်ဆီ သို့ ထိုးထုတ်လိုက်၏။

သို့သော် လင်းဖင်းကျည်က လျင်မြန်သွက်လက်စွာ ရှောင် တိမ်းနိုင်ခဲ့၏။

ရီစမ်းဟိုင်ပါ ပါဝင်တိုက်ခိုက်လာသည်။ ထိုအခါကျမှ မုကျောင်းဟုန်းသည် ခံစစ်မှ တိုက်စစ်သို့ ပြောင်းပြီး တိုက်ခိုက် လေသည်။

မုကျောင်းဟုန်းနှင့် တစ်ဦးချင်း တိုက်ခိုက်နေရာမှ ရီစမ်း ဟိုင် ပါဝင်တိုက်ခိုက်လာခြင်းကို လင်းဖင်းကျည် ပိုသဘောကျ မိသည်။

လင်းဖင်းကျည်၏ ဆုတောင်း ပြည့်သွားသည်။ အကွက် ပေါင်း နှစ်ဆယ်ကျော်ခန့် တိုက်ခိုက်ကြပြီးနောက် လင်းဖင်းကျည် သည် ဘယ်လက်တွင် ကိုင်ဆောင်ထားသော ခေါက်ယပ်တောင် ကလေးကို ဖြန့်ထုတ်လိုက်သည်။

ယပ်တောင်၏ အရွက်ဘက်သို့ ပြောင်းကိုင်လိုက်သော အခါ ယပ်တောင်အရိုးများမှ တစ်လက်မခွဲခန့်ရှည်သော အပ် ချောင်းတစ်ချောင်း ထွက်ပေါ်လာသည်။

ရုတ်တရက် လင်းဖင်းကျည်၏ ညာလက်မှ ယပ်တောင် ရိုးသည် မုကျောင်းဟုန်း၏ ညာပေါင်ပေါ်ရှိ သွေးကြောကွက်ပေါ် သို့ ထိုးစိုက်လိုက်သည်။

မုကျောင်းဟုန်းသည် ပေါင်ပေါ်သို့ ကျရောက်လာသည့် ယပ်တောင်ရိုးကို ရုတ်တရက် ဓားဖြင့် ကန့်လန့်ဖြတ် ခုတ်လိုက် သော်လည်း မမီလိုက်ချေ။

တစ်ချိန်တည်းတွင် ဘယ်ပေါင်ပေါ်သို့ အပ်တစ်ချောင်း စူးဝင်သည်ကို ခံစားလိုက်ရပြီးနောက် မုကျောင်းဟုန်းသည် ဒူး ထောက်လျက်သား ကျသွား၏။

လင်းပင်းကျည်သည် တဟားဟား ရယ်မောလိုက်၏။

"ခင်ဗျား ခုအချိန်ကျမှ ဒူးထောက်ပြီး ကန်တော့ဦးချမယ် ဆိုတော့ ဘယ်မီတော့မှာလဲ"

လင်းဖင်းကျည်သည် မုကျောင်းဟုန်းအား ပြောဆိုရင်း တိုက်ခိုက်လာသည့် ရီစမ်းဟိုင်၏ ဓားချက်များကို တွန်းလှန်ရွှေ့ဖျက်ပြီး ပြန်လည်ထိုးနှက် တိုက်ခိုက်လိုက်သည်။

မုကျောင်းဟုန်းသည် လင်းဖင်းကျည်က မိမိအား မည်သို့မျှ ချမ်းသာပေး အနေအထားတွင် ခုခံခြင်းမပြုတော့ဘဲ အသေအကြေ တိုက်ခိုက်လေသည်။

လင်းဖင်းကျည်သည် ခနဲ့ပြုံး ပြုံးရယ်လိုက်သည်။ လင်းဖင်းကျည်၏ ရယ်မောသံ ဆုံးသည်နှင့်အတူ ရီစမ်းဟိုင်၏ မျက်လုံးနှစ်လုံးစလုံး စူးရှနာကျင်သွားကာ မှောင်ဆင်းသွားသည်။

တစ်ဆက်တည်းတွင် လက်နှစ်ဖက်လုံး၏ လက်မောင်းရင်းနေရာ မှ "အေး"ခနဲ ဖြစ်သွားသည်။

မျက်လုံးအစုံသည် သုံးမရတော့ သလို လက်နှစ်ဖက်သည်လည်း ကိုယ်ခန္ဓာကို အပြီးအပိုင် စွန့် ခွာသွားပြီ။

လင်းဖင်းကျည်၏ ဟားတိုက်ရယ်မောသံ ထွက်ပေါ်လာသည်။

"ကျုပ် ခင်ဗျားကို မသတ်ပါဘူး ရီစမ်းဟိုင်။ စိတ်ချ၊ တစ်ခုတော့ ရှိတယ်၊ ခင်ဗျားရဲ့ ဆွေမျိုးမှန်သမျှ လူ့လောက အပြင်ကို ပို့ထားလိုက်မယ်။ ခင်ဗျာတစ်ယောက်တည်း လောက အလယ်မှာ အထီးကျန်နေရတယ်ဆိုရင် ကျုပ် ကျေနပ်ပါပြီ"

ရီစမ်းဟိုင်သည် လက်မောင်းရင်းနှစ်ဖက်နေရာက အလွန်နာသော်လည်း အောင်အည်းမျိုသိပ်ထားနိုင်သည်။ သိုင်းသမားကောင်းတစ်ယောက်၏ အညှဉ်မခံသော စိတ်ဓာတ်မျိုးဖြင့် ကြိတ်ကြိတ်ခိုင်ထားသည်။

"လက်မရှိတဲ့ မျက်ကန်းဘဝ ရောက်မှတော့ သည်ဘဝကို ဘာတွယ်တာစရာ ရှိသေးလဲ"

ဤသို့တွေးတောပြီးနောက် ရီစမ်းဟိုင်သည် လင်းဖင်းကျည် ရှိမည် ထင်ရသည့် နေရာကို မှန်းပြီး ခေါင်းဖြင့်ဝင်ဆောင့်လိုက်သည်။

လင်းဖင်းကျည်သည် ရီစမ်းဟိုင် ခေါင်းဖြင့် ဝင်ဆောင့်သည်ကို လွတ်အောင် ရှောင်တိမ်းလိုက်သည်။

သို့သော် မိဘရန်ကြွေးကို အကျေပေးဆပ်နိုင်ခဲ့သောကြောင့် အောင်မြင်မှုတွင် ယစ်မူးမိသည်။

တဟားဟား ရယ်မောရင်း လင်းဖင်းကျည် ရှောင်တိမ်းလိုက်ရာ အမှတ်တမဲ့ မုကျောင်းဟုန်း အနီးသို့ ရောက်ရှိသွားလေသည်။

မုကျောင်းဟုန်းက ဒူးထောက်လျက် အနေအထားမှ လင်းဖင်းကျည်အား ဓားဖြင့်လှမ်းခုတ်လိုက်သည်။

လင်းဖင်းကျည် မုကျောင်းဟုန်း၏ ဓားချက်ကို ဓားရှည်ဖြင့် ဖယ်ရှားချေဖျက်လိုက်သည်။

သို့သော် ရုတ်တရက် ခြေထောက်တောင့်တင်းသွား၏။ မုကျောင်းဟုန်းက လင်းဖင်းကျည် ခြေထောက်ကို အမိအရ ဖမ်းဖက်ထားလိုက်ပြီ။

လင်းဖင်းကျည်သည် ထိတ်လန့်သွားပြီး နောက်သို့ အားကုန်ဆုတ်လိုက်သော်လည်း မုကျောင်းဟုန်း၏ သံကွင်းပမာ ခိုင်မြဲလွန်းသော လက်များမှ လွတ်အောင် မရုန်းထွက်နိုင်ချေ။

ထိုအခိုက် စိမ်းကားအဖွဲ့သားများက လင်းဖင်းကျည်ကို ဝိုင်းဝန်းလာသည်ကို တွေ့လိုက်သဖြင့် လင်းဖင်းကျည်သည် မကျောင်းဟုန်း၏ နောက်ကျောပြင်ကို ဓားဖြင့် ထိုးချလိုက်သည်။

"ဖွတ် ... ။း ..."

မြောက်ကျွန်းခါးကုန်း၏ ကျောတွင် ဖုနေသော ဘုကြီးကို ထိုးမိပြီး အသံမြည်ကာ အရည်တစ်မျိုး ပန်းထွက်လာသည်။

အလွန်ပုပ်စော်နံပြီး မည်းနက်နေလေသည်။

လင်းဖင်းကျည်သည် ရုတ်တရက် ခုန်ထွက်သော်လည်း မကျောင်းဟုန်းက ခြေနှစ်ဖက်စလုံးကို သံညှပ်ဖြင့် ညှပ်ထားသလို ခိုင်မြဲနေ၍ လင်းဖင်းကျည် ရှေ့သို့ ကိုင်းသွားသည်။

မကျောင်းဟုန်း၏ကျောမှ ပန်းထွက်သည့် အရည်များသည် လင်းဖင်းကျည်၏ မျက်နှာကို ပန်းမိပြီး နာကျင်စပ်ဖျင်းသွား၏။ လင်းဖင်းကျည် အလန့်တကြား ဟစ်အော်လိုက်သည်။

စင်စစ် မြောက်ကျွန်းခါးကုန်း မကျောင်းဟုန်းသည် ကျောတွင် အဆိပ်ရည်အိတ်ကို ဆောင်ထားခြင်း ဖြစ်ပြီး ထိုအဆိပ်ရည်အိတ်ကို ဓားဖြင့်ထိုးဖောက်မိလျက် အဆိပ်ရည်များ ပန်းထွက်လာပြီး ရန်သူကို အနိုင်တိုက်လေ့ရှိသည်။

လင်းဖင်းကျည်သည် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ညာလက်မှ ဓားရှည်ဖြင့် မကျောင်းဟုန်းကို လက်ရှိန်အပြည့်ဖြင့် ခုတ်ချလိုက်ပြန်သည်။

မကျောင်းဟုန်းသည် ဓားချက်ကို တိမ်းရှောင်နိုင်စွမ်း မရှိချေ။

တိမ်းရှောင်ရန်လည်း မရည်ရွယ်သောကြောင့် လင်းဖင်းကျည်၏ခြေအစုံကို အသေခံ၍ အတင်းအကျပ် ဖက်တွယ်ထားလေတော့သည်။

ရိုစမ်းဟိုင်သည် သွေးရူးသွေးတန်းဖြင့် အသံကြားရာသို့ ပြေးဝင်သွားသည်။ ထို့ကြောင့် သုံးဦးသား ပူးကပ်လုံးထွေးနေသည်။

စိမ်းကားအဖွဲ့သားများက ရုတ်တရက် ပြေးဝင်ပြီး လင်းဖင်းကျည်ကို တိုက်ခိုက်လိုက်သည်။

ထို့ကြောင့် လှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး အောက်တွင် ကျနေသော ဓားရှည်တစ်ချောင်းကို လင်းဟူစုန်း ကောက်ယူလိုက်သည်။

ရုတ်တရက် လင်းဟူစုန်း လှုပ်ရှားလိုက်သည်နှင့် စိမ်းကားအဖွဲ့သား၏ဓားနှင့် ထိမိ၍ တချွင်ချွင် အသံမြည်ကာ ဓားရှည်များ မြေပြင်ပေါ်သို့ လွင့်စဉ်ကျကုန်လေသည်။

ယိနင်၊ ယိဟို၊ စင့်ဝေါတို့ တစ်တွေသည် လင်းဟူစုန်းပါဝင်တိုက်ခိုက်သည်ကို မြင်ရသောအခါ ချက်ချင်းပင် စုဖြံ့ရောက်ရှိလာကြသည်။ စိမ်းကားအဖွဲ့သားများအား ရှေ့သို့မတိုးနိုင်ရန် ဟားဆီးလိုက်ကြသည်။

လင်းဟူစုန်းသည် ဒဏ်ရာပြင်းထန်သည့်ကြားက အားတင်းပြီး လင်းဖင်းကျည်ကို ဝင်ရောက်ကာကွယ်ပေးပြီးနောက် ကိုယ်ခန္ဓာမှာ ယိမ်းယိုင်သွားသည်။ ယိဟိုက လင်းဟူစုန်း၏ ကိုယ်ခန္ဓာကို အမြန်ဆွဲယူထားလိုက်ရသည်။

လင်းဖင်းကျည်သည် အသံနက်ကြီးဖြင့် ကျယ်လောင်စွာ အော်ရယ်လိုက်သည်။

"အမျိုးယုတ် ငါ့မိဘရဲ့ ရန်ကြွေးကို ငါ အကျေပေးဆပ်ပြီးပြီ"

ဟိဟိုသည် လင်းဟူစုန်းကို ဖေးထူကာ မြင်းလှည်းဆီသို့ တွဲခေါ်သွားသည်။

"အစ်ကို ... အစ်ကို ... အစ်ကို့မိဘရဲ့ ရန်ကြွေးကို ပေးဆပ်နိုင်တာ ဝမ်းသာစရာ ကောင်းပါတယ်"

ယဲ့လင်စမ်းသည် ငိုအံ့ပါကြီးဖြင့် ပြောရင်း လင်းဖင်းကျည်၏ အနှီးသို့ လျှောက်လှမ်းသွားသည်။

လင်းဖင်းကျည်သည် ဟားတိုက်ရယ်မောလိုက်ပြန်သည်။

"ငါ့မိဘရဲ့ ရန်ကြွေး ကျေပြီ"

လင်းဖင်းကျည်သည် မျက်လုံးနှစ်လုံးကို မှိတ်ထားရင်း အော်ပြောလိုက်သည်။ ယဲ့လင်စမ်းသည် လင်းဖင်းကျည်ကို လှမ်းမေးလိုက်သည်။

"ရှင့်မျက်လုံးထဲ အဆိပ်ရည်တွေ ဝင်ကုန်လို့လား။ မြန်မြန် ဆေးမှပဲ"

ယဲ့လင်စမ်း မေးသံကြားမှပင် လင်းဖင်းကျည်သည် ထိတ်လန့်သွားပြီး ခန္ဓာကိုယ် ယိမ်းယိုင်သွားသည်။

ယဲ့လင်စမ်းက လင်းဖင်းကျည်ကို ဆွဲထူပြီး တဲအတွင်းသို့ ဝင်သွားသည်။ ယဲ့လင်စမ်းသည် ရေတစ်ခွက် ခပ်လာပြီး လင်းဖင်းကျည်၏ ခေါင်းမှ လောင်းချပေးလိုက်သည်။

လင်းဖင်းကျည်တို့ သုံးဦးသား လုံးထွေးနေသဖြင့် ဟင်စမ်းအဖွဲ့သူများသည် ထိတ်ရွံ့၍ မည်သူမျှ ဝင်ရောက်ဖျန်ဖြေခြင်း မပြုဝံ့ချေ။

တစ်ခဏအကြာတွင် လင်းဖင်းကျည်က အားကုန်ဆောင့်တွန်းချ၍ ရီစမ်းဟိုင်သည် အဝေးသို့ လွင့်ထွက်သွားသည်။

တစ်ဆက်တည်းတွင် လင်းဖင်းကျည်၏ ပါးတွင် သွေးများ ဖြာစီးနေသည်။ လူချင်းလုံးထွေးနေစဉ် ရီစမ်းဟိုင်က ပါးစပ်ဖြင့် ကိုက်လိုက်ခြင်း ဖြစ်၏။

မုကျောင်းဟုန်းသည် အသက်ထွက်သွားသော်လည်း လင်းဖင်းကျည်အား ဖက်ထားသည့်လက်ကို မဖြုတ်သေးချေ။

လင်းဖင်းကျည်က စမ်းတဝါးဝါးနှင့် မှုန်ကာခုတ်ဖြတ်လိုက်တော့မှ မုကျောင်းဟုန်းလက်မှ ရုန်းထွက်နိုင်လေတော့သည်။

လင်းဖင်းကျည်၏ မျက်နှာအမူအရာမှာ ကြောက်စရာကောင်းအောင် အလွန်စိတ်ချောက်ချားဖွယ် ဖြစ်နေသည်။ ဟင်စမ်းအဖွဲ့သူများသည် နောက်သို့ ကပျာကယာ ဆုတ်ခွာသွားကြသည်။

စိမ်းကားအဖွဲ့သားများသည် ဆရာရီစမ်းဟိုင်ကို ပြေးထူနေကြသဖြင့် လင်းဖင်းကျည်ကို အလေးမမူကြချေ။

ရုတ်တရက် စိမ်းကားအဖွဲ့သားများ၏ အော်ဟစ်ငိုကြွေးသံကြီးဖြင့် ဖြောဆိုလိုက်သည်။

"ဆရာ ... ဆရာ မသေသင့်ပါဘူး"

"ဆရာ ... ဆရာ ... ဆရာ အသက်ဆုံးပြီ"

ကြီးမားတယ်။ ဒီတော့ ခု နင် သူ့နောက်ပဲ လိုက်သွားပါတော့ ငါ့ကို လာဂရုစိုက်ဖို့ မလိုတော့ဘူး”

လင်းဖင်းကျည်၏ စကားကို ကြားရသောအခါ ဟင်စမ်း တစ်ဖွဲ့လုံးသည် မျက်နှာပျက်သွားကြသည်။

ယိဟိုသည် ဒေါသကြီးသူဝီပီ မမျိုသိပ်နိုင်သောကြောင့် အော်ပြောလိုက်သည်။

“ရှင့်အသက်ကိုတောင် ကယ်ဆယ်ပေးခဲ့တာပဲ။ ရှင်ကဘယ် လိုစကားမျိုး ပြောလိုက်တာလဲ”

ယီချိန်းသည် ယိဟို၏ အင်္ကျီကို လှမ်းဆွဲပြီး ...

“အစ်မတော် ... သူ ဒီလောက် ထိခိုက်ဒဏ်ရာရထားမှ တော့ ဒေါသထွက်ပြီး ပြောတာ မဆန်းပါဘူး။ ဗွေမယူပါနဲ့”

“ထွီ ... ကျေးဇူးကန်းလွန်းလို့ ပြောတာ”

ယိဟိုက ပြောလိုက်သည်။

ယဲ့လင်စန်းသည် လင်းဖင်းကျည်၏ မျက်နှာပေါ်မှ ဒဏ်ရာ ဒဏ်ချက်များကို လက်ကိုင်ပဝါဖြင့် သုတ်ပေးနေသည်။ မမျှော်လင့်ဘဲ လင်းဖင်းကျည်က ဒေါသတကြီး ယဲ့လင်စမ်းကို ဆောင့် တွန်းလိုက်၏။

ယဲ့လင်စမ်း လွင့်ထွက်သွားပြီး နောက်ဘက်ရှိ မြေအင္ဂတွင် ဝင်ဆောင့်မိသွားသည်။

“မင်း ... မင်း”

လင်းဟူစုန်းသည် အလွန်ဒေါသထွက်ပြီး အပြစ်တင်ရန် ကြိုးစားလည်း လင်မယား အရေးကိစ္စဆိုသည့် အသိက ခေါင်းထဲ

လင်းဖင်းကျည်က အသံစူးစူးဝါးဝါး အော်ဟစ်လိုက်သော ကြောင့် စိမ်းကားအဖွဲ့သားများပင် ထိတ်လန့်သွားကြ၏။

“ညီမလေး ... ညီမလေး ... လင်းဖင်းကျည်ကို အနာစိမ်း ဒဏ်ကြေလိမ်းဆေး ထည့်ပေးလိုက်ပါ။ ပြီးတော့ အနားယူရ အောင် လှည်းပေါ်ခေါ်ဆောင်ခဲ့ပါ”

လင်းဟူစုန်း လှမ်းအော်ပြောလိုက်၏။

“ကျေး ... ကျေးဇူး ... တင်ပါတယ်”

ယဲ့လင်စမ်းက ကျေးဇူးတင်ကြောင်း ပြောလိုက်သည်ကို လင်းဖင်းကျည်က ...

“မလိုချင်ဘူး၊ မလိုချင်ဘူး၊ လင်းဖင်းကျည် သေတော့ကော ဘာဖြစ်သေးလဲ၊ သူနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ”

လင်းဖင်းကျည်၏ စကားကြောင့် လင်းဟူစုန်းသည် အံ့အား သင့်ပြီး ...

“ငါ မင်းကို ဘယ်တုန်းက ဘယ်မှာပြစ်မှားဖူးလို့ မင်းက ငါ့ကို နာကြည်းနေရတာလဲ”

လင်းဟူစုန်းက လင်းဖင်းကျည်ကို မေးလိုက်သည်။

“ဟင်စမ်းအဖွဲ့ရဲ့ အနာစိမ်းဒဏ်ကြေလိမ်းဆေးက သိပ် အစွမ်းထက်ပြီး ...”

ယဲ့လင်စမ်းကပါ ကြားဝင်ပြောလိုက်သည်။ လင်းဖင်းကျည် ချက်ချင်းဟန့်တားပြီး ပြောလိုက်သည်။

“တော်တော့၊ ဘာတွေ ညာတွေ ဆက်ပြောမနေနဲ့။ နင် သူ့အပေါ် မေတ္တာကြီးမားတယ်၊ သူလည်း နင့်အပေါ် ကရုဏာ

ဝင်ရောက်လာသောကြောင့် ပြောချင်သည့်စကားကို မျိုသိပ်ထားလိုက်ရသည်။

"ဂျပုရီးစမ်းဟိုင်နဲ့ မြောက်ကျွန်းခါးကုန်း မုချောင်းဟုန်းဟာ ငါ့ရဲ့မျိုးဆက်အမွေဖြစ်တဲ့ မိစ္ဆာရှင်းဓားရေးကျမ်းကို အချောင်လိုချင်ကြတယ်။ ငါ့မိဘကို သတ်ခဲ့ကြတယ်။ သူတို့ရဲ့ လက်ချက်က ရက်စက်ပေမဲ့ ပွင့်ပွင့်လင်းလင်း ရှိတယ်။ နင် ... နင့်အဖေလောက် မယုတ်မာဘူး၊ နင့်အဖေကို သမာဓိဓားဆိုတဲ့ နာမည်ကြီးတစ်လုံးနဲ့လူက ငါ့မျိုးဆက်ဓားရေးကို လိုချင်လို့ ကောက်ကျစ်စဉ်းလဲပြီး တိတ်တဆိတ် လုပ်ကြံတာမျိုးဟာ ကောင်းသလား၊ နင့်အဖေက လူယုတ်မာ"

ယဲ့လင်စမ်းသည် လင်းဖင်းကျည်၏ စကားကြောင့် မူးမေ့မတတ် ဖြစ်သွားပြီး ဖင်ထိုင်လဲကျသွားသည်။

"ဒါ ... ဒါ ... ဘယ်လိုမှ မဖြစ်နိုင်တာပဲ"

"တော် ... အရှက်မရှိတဲ့ မိန်းမ။ နင့်အဖေနဲ့ နင်နဲ့ အချိတ်အဆက်လုပ်ပြီး ဉာဏ်နဲဉာဏ်နက်နဲ့ ငါ့ကိုဆင်ကွက်ထဲဝင်အောင် ထိုးသွင်းတယ်။ ငါ့လို မှီခိုရာမဲ့တဲ့ လူတစ်ယောက်ကို ဝှာစမ်းဂိုဏ်းချုပ်က သူ့သမီးနဲ့ သဘောတူပြီး သူ့သမီးကလည်း ငါ့ကိုယူခဲ့တာ ဘာအတွက်ကြောင့်လဲ။ မိစ္ဆာရှင်းဓားကျမ်းကို ကောက်ကျစ်တဲ့နည်းနဲ့ အရယူပြီးတဲ့နောက်တော့ ငါ့လိုကောင်ကို ဘာအသုံးချစရာ ရှိသေးတော့လို့လဲ။ သွားစမ်း ... အမျိုးယုတ်သမီး၊ ငါနား မကပ်နဲ့"

ယဲ့လင်စမ်းသည် ရွံကြီးတင်ငိုကြွေးလေတော့သည်။

"ရှင် ... ရှင် ... အထင်မှားတာ၊ ငါ့မှာ ... ငါ့မှာ ရှင်ပြောသလို စီတ်ထားမျိုး ရှိခဲ့ရင် အသေဆိုးနဲ့ သေရပါစေ"

"နင်တို့သားအဖ ငါ့ကို ကြိစည်တာ ငါအစက မသိခဲ့ဘူး၊ ခု ငါ့မျက်လုံး ကန်းတော့မှပဲ နင်တို့ရဲ့ အကြံအစည်တွေကို သိလာရတယ်။ ဖအေနဲ့သမီး တစ်ကြိတ်တည်း တစ်ဉာဏ်တည်းပဲ။ ဘာဖြစ်လို့ ... ဘာဖြစ်လို့ ... နင်က အိမ်ထောင်ကျပြီး တို့အပေါ် ဒီလို ဖော်ပြစရာမလိုပါဘူး။ ဒါတွေ နင်သိပါတယ်"

လင်းဖင်းကျည်၏ စကားကြောင့် ယဲ့လင်စမ်း၏ မျက်နှာနီမြန်းသွား၏။

"ဒါက ငါ့ကို အပြစ်တင်ဖို့ မလိုပါဘူး၊ နင် ... နင် ... နင်ကိုယ်တိုင်က ..."

ယဲ့လင်စမ်းသည် လင်းဖင်းကျည် အနီးသို့ တိုးကပ်သွားသည်။

"တို့ ဝှာစမ်းတောင်ကို ပြန်ကြစို့။ နင့်ဒဏ်ရာနဲ့ မျက်လုံးကို ကုစားရအောင် ဘယ်လိုဖြစ်ဖြစ် နင့်အပေါ် ငါ စိတ်ထားမမှန်ခဲ့ရင် အသေဆိုးနဲ့ သေရပါစေ"

"ငါ့ကို အချိုသတ်လို့ ရမယ်မထင်နဲ့။ နင့်စိတ်ထဲမှာ ဘယ်လို ကောက်ကျစ် ဉာဏ်ဆင်ထားတယ် ဆိုတာ ငါ မသိနိုင်ဘူး"

လင်းဖင်းကျည်၏ စကားအဆုံးတွင် ယဲ့လင်စမ်းက ယဉ်ယဉ်ကို လှမ်းပြောလိုက်သည်။

"မမဆီက လှည်းတစ်စီး ငှားချင်ပါတယ်"

"ရပါတယ်၊ ဟင်စမ်းအဖွဲ့က အစ်မတော်နှစ်ယောက် လမ်းတစ်လျှောက် အစောင့်လိုက်ပေးရင်ကော"

"မလိုပါဘူး၊ ကျေးဇူး အလွန်တင်ပါတယ်ရှင်"

ယဉ်ယဉ်သည် မြင်းလှည်းတစ်စီး၏ မြင်းဇက်ကြိုးကို သွားဆွဲခဲ့ပြီး ယဲ့လင်စမ်းကို ပေးစီးလိုက်၏။

ယဲ့လင်စမ်းသည် လင်းဖင်းကျည်ကို အသာဖေးထူလိုက်သည်။

"လာ ... လှည်းပေါ်ထက်ကြရအောင်"

လင်းဖင်းကျည်သည် လိုက်သင့် မလိုက်သင့် အတန်ကြာအောင် ငေးငိုင်စဉ်းစားနေပြီးမှ မြင်းလှည်းပေါ် တက်လိုက်သည်။ ယဲ့လင်စမ်းသည် အားလုံးကို ခေါင်းညိတ်နှုတ်ဆက်ပြီး မြင်းလှည်းကို မောင်းထွက်သွားတော့သည်။

တဖြည်းဖြည်း ဝေးသွားသော မြင်းလှည်းကို ကြည့်ရင်း လင်းဟူစုန်း သက်ပြင်းကြီးချကာ ပြောလိုက်သည်။

"ညီတော် လင်းဖင်းကျည်ရဲ့ မျက်လုံး မမြင်တော့ဘူး။ ညီမလေးလည်း ဒဏ်ရာရထားတယ်။ စိမ်းကားအဖွဲ့သားတွေ လိုက်သွားပြီး ရန်ရှာမှာ စိုးရိမ်ရတယ်"

စိမ်းကားအဖွဲ့သားများကလည်း ရီစမ်းဟိုင်၏ အလောင်းကို သယ်ဆောင်ကာ ထွက်ခွာသွားကြတော့သည်။

လင်းဟူစုန်းသည် လင်းဖင်းကျည်နှင့် ယဲ့လင်စမ်းတို့၏ အပြောအဆိုနှင့် အမူအရာများကို မြင်ရ၍ စိတ်ထဲမှာ တစ်မျိုးဖြစ်နေ၏။ လင်မယား မသင့်မြတ်သည့်အတွက် စိတ်သောက ရောက်

မိသည်။ လင်းဟူစုန်းနှင့် ဟင်စမ်းအဖွဲ့သည် ခရီးဆက်ခဲ့ကြ၏။ ဆယ်မိုင်ခန့်သာ ခရီးဆက်နိုင်ပြီး မိုးချုပ်သောကြောင့် **စရမ်ပျက်**ကြီးတစ်ခုတွင် စခန်းချ နားခိုကြ၏။

သန်းခေါင်ယံအချိန်တွင် မိမိအား တီးတိုးခေါ်နေသည့် ယဉ်ယဉ်၏ အသံကို လင်းဟူစုန်း ကြားရ၏။

"အစ်ကို အပြင်ခဏ ထွက်ကြရအောင်၊ ပြောစရာရှိလို့"

လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် ကျောက်တုံးတစ်တုံးပေါ်တွင် အေးချင်းယှဉ်ထိုင်မိကြ၏။

"အစ်ကို ဆရာတူ ညီမလေးအတွက် သောကရောက်နေတယ် မဟုတ်လား"

"ဟုတ်တယ်၊ ပြဿနာတွေ မပြေလည်ကြသေးဘူးလို့ စိတ်ထဲက ထင်နေတာပဲ"

"သူ့ခင်ပွန်း နှိပ်စက်မှုကို အစ်ကို စိုးရိမ်နေတယ် မဟုတ်လား အစ်ကို"

"သူများလင်မယားရဲ့ အတွင်းရေးမှာ ဝင်မပါသင့်ဘူး မဟုတ်လား"

"ဒါဆိုရင် စိမ်းကားအဖွဲ့ လိုက်သွားပြီး ရန်ရှာမှာ အစ်ကို စိုးရိမ်နေတယ် ဆိုပါတော့။ ဘာဖြစ်လို့ လိုက်သွားပြီး ကယ်ဆယ်ဖို့ နည်းလမ်းကို မစဉ်းစားတာလဲ"

လင်းဟူစုန်းသည် သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

"ညီတော် လင်းဖင်းကျည်ရဲ့ စကားက ငါ့ကို တစ်လွဲထင်တဲ့ စကားပဲ။ ကိုယ်က ကူညီပါမှ ဝိုင်းပြဿနာကြီးမှာစိုးလို့"

သို့သော် လင်းဟူစုန်း စိတ်အားထက်သန်နေသဖြင့် မပြောသာချေ။ ဟင်စမ်းအဖွဲ့၏ အနာစိမ်းဒဏ်ကြောင့်ကို အထုပ်ကြီး ထုပ်ပေးပြီး မြင်းလှည်းတစ်စီးပေါ် တင်ပေးလိုက်သည်။ ယဉ်ယဉ်က မြင်းလှည်းကိုမောင်း၍ ထွက်ခွာသွားတော့သည်။ ယဉ်ယဉ်သည် မိမိတို့နောက်ကွယ်မှ အထောက်အကူအဖြစ် လိုက်ပါခဲ့သည်ကို ယဲ့လင်စမ်း မသိစေလို့ချေ။ ထို့ကြောင့် လယ်သမား တစ်ဦး၏ အိမ်သို့ ဝင်ရောက်ပြီး ဝတ်စုံများကို ခိုးခဲ့၏။

နှစ်ယောက်သား အဘိုးအို အဘွားအို အဖြစ် ရုပ်ဖျက်ကြသည်။ ယဉ်ယဉ်သည် လယ်သမားအိမ်မှ အဝတ်အစားများကို ဝင်ခိုးယူပြီး ငွေတုံးတစ်တုံးကို အစားပြန်ထားခဲ့၏။

❄ ❄ ❄

"နောက်တစ်ကြောင်းက ကျွန်မ အထင်လွဲမှာစိုးလို့ မဟုတ်ပူးလား"

လင်းဟူစုန်းသည် ခေါင်းညိတ်ပြလိုက်ပြီး ယဉ်ယဉ်၏ လက်ကို လှမ်းဆွဲလိုက်သည်။

"လောကမှာ ငါ့အဖို့ တွယ်တာစရာ နှစ်တစ်ယောက်ပဲ ရှိတော့တယ်။ နင်ကပါ တစ်လွဲထင်ရင် ငါ လူဆက်လုပ်ဖို့ မကောင်းတော့ဘူး"

ယဉ်ယဉ် ခေါင်းကို လင်းဟူစုန်း၏ ပခုံးတွင် မှီထားလိုက်သည်။

"အစ်ကို့စိတ်ထဲမှာ သည်လိုရှိတယ်ဆိုတာ သိထားရင် ကျွန်မတို့ချင်း အထင်လွဲစရာ မရှိပါဘူး၊ အစ်ကို ညီမလေးအတွက် သောကဖြစ်နေရင် လိုက်သွားကြမှ ဖြစ်မယ်။ တော်ကြာ ယူကျုးမရ ဖြစ်ရာ ဖြစ်ကုန်မယ်"

လင်းဟူစုန်းက တစ်စုံတစ်ရာ ပြန်ပြောခြင်း မရှိသော်လည်း ခန္ဓာကိုယ်က အနည်းငယ် တုန်လှုပ်သွားသည်။

"အချိန်က အရေးကြီးတယ် အစ်ကို၊ ကျွန်မ ယိဟိုနဲ့ ယိချန်းတို့ကို သွားနှိုးပြီး သူတို့ ဟင်စမ်းကို အရင်ပြန်နှင့်ဖို့ သွားပြောလိုက်မယ်။ အစ်ကိုနဲ့ ကျွန်မက အစ်ကို့ ညီမလေးကို သူမသိအောင် လမ်းတစ်လျှောက်မှာ စောင့်ရှောက်သွားကြတာပေါ့။ ပြီးမှပဲ ဟင်စမ်းကို ပြန်ကြမယ်"

ယဉ်ယဉ်သည် ပြောပြောဆိုဆိုပင် အစီအစဉ် ထလုပ်သည်။ ယိဟိုနှင့် ယိချန်းတို့တစ်တွေက လင်းဟူစုန်း၏ ဒဏ်ရာကြောင့် စိတ်မချ၍ မသွားစေချင်ပေ။

အခန်း(၅)

မွန်ရိမွန်ဝါး လရောင်အောက်။

လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ မြင်းလှည်းဖြင့် ခရီးဆက်ခဲ့ကြသည်။ မိုင်နှစ်ဆယ် ကျော်ခဲ့ပြီးနောက် မြင်းပြေးနှုန်း တဖြည်းဖြည်း လေးခဲ့၏။ လမ်းကွေ့ နှစ်ကွေ့ချိုးပြီးသည်တွင် လွင်ပြင်ကျယ်ကြီး တစ်ခုကို မျက်စိတဆုံး မြင်ကြရသည်။ လမ်းမကြီး၏ ဝဲယာနှစ်ဖက်တွင် ဂျုံခင်းပြင်ကျယ်ကြီး ရှိသည်။

မွန်မွားမွား လရောင်အောက်တွင် ပဝါစိမ်းကြီး တစ်ထည် လွင်ပြင်ကြီးတွင် လွှမ်းထားသည်သို့ ရှိသည်။ လမ်း၏တစ်ဖက် အေးတွင်လည်း လှည်းကြီးတစ်စီး ရပ်ထားသည်ကို လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ တွေ့လိုက်ရ၏။

"ညီတော်လင်းဖင်းကျည်တို့လှည်း ထင်တယ်"

"ကျွန်မတို့ ဖြည်းဖြည်းသွားကြည့်တာပေါ့"

ရွှေ့လှည်းကို ကောင်းကောင်းမြင်သာသည့် နေရာတွင် လင်းဟူစုန်းက လှည်းကို ရပ်ခိုင်းလိုက်သည်။ ရွှေ့လှည်းအောက်တွင် လူတစ်ယောက် လမ်းလျှောက်ထွက်လာသည်ကို လင်းဟူစုန်း

တွေ့ရသည်။ လမ်းလျှောက်နေသူမှာ လင်းဖင်းကျည် ဖြစ်ပြီး လှည်းမောင်းနေသော ယဲ့လင်စမ်း၏ နောက်ကျောကိုလည်း လှမ်းမြင်ရသည်။

သို့သော် ရွှေ့မှလှည်းသခွေ ဘီးလိမ့်ရုံကလေး သွားနေသည်ကို လင်းဟူစုန်း တွေ့မြင်ရ၏။

"သူတို့ ဘာလုပ်နေတာလဲ မသိဘူး"

"အစ်ကို ဒီမှာ စောင့်နေလေ။ ကျွန်မ သွားကြည့်လိုက်မယ်"

"နင့်အဖေက ငါတို့မျိုးဆက်ရဲ့ ဓားကျမ်းကို ရပြီးတဲ့နောက်တော့ နင်က ငါ့နောက်ကို ဘာလို့ဆက်လိုက်နေစရာ အကြောင်းရှိသေးလို့လဲ"

"နင်က ငါ့အဖေ နင့်ဓားကျမ်းကို အပိုင်စီးတယ်လို့ တစ်ထစ်ချ ယူဆထားတာကတော့ ထားပါတော့။ ဒါပေမဲ့ နင် ဂုဏ်စမ်းကို ရောက်စက နင့်မှာ ဘာဓားကျမ်းမှလဲ ပါလာတာ မဟုတ်ပါဘူး။ အဲဒီ အချိန်တည်းက နင့်အပေါ် ငါ ခင်တွယ်ခဲ့တာပါ။ လင်းဖင်ကျည် ... ငါ နင့်အပေါ်ထားတဲ့ စိတ်ထားဟာ တည်ကြည်ဖြောင့်မတ်တယ်လို့ ပြောနိုင်ပါတယ်"

"ငါတို့မျိုးဆက်ရဲ့ မိစ္ဆာရှင်းဓားရေးကျမ်းကို သိုင်းလောကတစ်ခွင်က လူတွေက အလူးအမူး လိုချင်နေကြတယ်။ လောကမှာ တကယ်လည်း ကျော်ကြားတဲ့ ဓားရေးဖြစ်လို့ ငါ့ဖေဖေ မေမေဆီမှာ သဲကြီးမဲကြီး ရယူဖို့ ကြိုးစားခဲ့တယ်။ သည်တော့ ငါ့ဆီကလည်း ရဖို့ကြိုးစားကြာမှာပဲ။ ဒါကတော့ မဆန်းပါဘူး၊

"နင်ပြောချင်တာက ငါနဲ့တွေ့လို့ တစ်ယောက်ပေါ် တစ်ယောက် တွယ်တာမိတဲ့ အချိန်ကစပြီး နှင့်မျက်စိကန်းတယ်လို့ ဆိုလိုတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ နင် ဖူကျိုးကို ရောက်လာခဲ့ပြီး စိမ်းကား အဖွဲ့က ကောင်တွေရဲ့ အစော်ကား ခံရတာကို ငါက နားမလည် ပါးမလည်နဲ့ ဝင်ရှုပ်မိတယ်။ အမှန်တော့ နင်က နှင့်အဖေရဲ့ အသည်းနှလုံးပဲ။ မိစ္ဆာရှင်းဓားရေးအတွက် ကြိုတင်ကြွရွယ်ချက်နဲ့ နှင့်အဖေ စေခိုင်းချက်အရ ဖုကျိုးမှာ အရက်ဆိုင် လာဖွင့်တာပဲ။ နင့်ကို စော်ကားတဲ့ကောင်ထက်လည်း နင့်ရဲ့သိုင်းပညာက အများကြီး ပိုပြီးမြင့်တယ်။ ဒါပေမဲ့ နင်က ရိုးရိုးအအ ဟန်ဆောင်ခဲ့တယ်၊ ငါက မျက်ကန်းမို့သာ ဝင်ကူခဲ့တာပေါ့။ နင်တို့ရဲ့ဝမ်းထဲက အကြံကို ငါ မရိပ်စားမိခဲ့ဘူး"

"အဲဒါတော့ မဟုတ်ဘူး။ ဖေဖေက အစ်ကိုလတ်ကို စေလွှတ်တယ်။ ငါက တမင်ကို ပျော်ချင်လို့ ဘာမသိ ညာမသိနဲ့ အစ်ကိုလတ်နဲ့ လိုက်ဖို့ ဖေဖေ့ကို နားပူနားဆာလုပ်ပြီး လိုက်သွားခဲ့တာပါ"

"နင့်အဖေအကြောင်း ငါ မသိသေးရင်တော့ နင်ပြောတာ ဟုတ်တယ်လို့ ထင်စရာဖြစ်မယ်။ နင့်အဖေက စည်းကမ်းကြီးတယ်၊ အကြံကြီးတယ်၊ နင် သုံးနှစ်လောက် သူ့ရှေ့ဒူးထောက်ချပြီး ငိုနေတာတောင် သူသဘောမတူရင် စေလွှတ်မယ်တဲ့လား"

"နင်မယုံတော့လည်း ဘယ်တတ်နိုင်မလဲ။ အမှန်တော့ စိမ်းကစားအဖွဲ့က အရှေ့ဘက်ကို အစုလိုက် အပြုလိုက် ခရီးထွက်

နှင့်အဖေနဲ့ အမေက နှင့်ကို ဘယ်လိုညွှန်ကြားပြီး ငါ့အကြိုက် ဆောင်ခိုင်းပြီး ငါ့နောက်ကို လိုက်ခိုင်းနေတာလဲ"

ယဲ့လင်စမ်း၏ ငိုရှိုက်သံ ထွက်ပေါ်လာသည်။

"နင် သည်လို အထင်လွဲတာ ငါ ဘယ်လို ဖြေရှင်းရမှာလဲ"

"ဩော် ... ငါက နှင့်ကို မတရား အပြစ်ဆိုနေတယ်ပေါ့၊ ဟုတ်လား။ နှင့်အဖေက ငါတို့မျိုးဆက်ရဲ့ မိစ္ဆာရှင်းဓားကျမ်းကို ရမသွားလို့လား။ ပြောစမ်းပါဦး။ ရိုစမ်းဟိုင်တို့ မုကျောင်းကုန်းတို့လည်း လိုချင်တယ်။ ဒါပေမဲ့ မရတော့ သူခိုးသူဌုက်လို့ ပြောစရာ ဖြစ်သွားတယ်။ ရသွားတဲ့ နှင့်အဖေကတော့ တောင်ငါးလုံး ဂိုဏ်းချုပ်တောင် ဖြစ်သွားသေးတယ်။ ဒါပေမဲ့ ဘာပဲပြောပြော ရိုစမ်းဟိုင်၊ မုကျောင်းဟုန်းတို့နဲ့ နှင့်အဖေက ဘာများ ကွာခြားလို့လဲ"

လင်းဖင်ကျည်၏ အသံက ဒေါသသံ ပါနေ၏။

"နင်က ငါ့ဖေဖေကို ဒီလို စော်ကားတော့ ငါကိုကော ဘယ်လို ထင်နေသလဲ"

ယဲ့လင်စမ်းသည်လည်း ဒေါသထွက်သွား၏။

လင်းဖင်ကျည်သည် ခြေလှမ်းကို ရပ်လိုက်ပြီး အသံကျယ်စွာ လှမ်းအော်ပြောလိုက်သည်။

"စော်ကားတော့ကော နင်က ဘာလုပ်ချင်သလဲ၊ လင်းဖင်းကျည်က မျက်လုံးနှစ်လုံး စုံကန်းနေပြီဆိုပြီး ဓားနဲ့ခုတ်သတ်ချင်လို့လား။ လင်းဖင်ကျည် မျက်စိကန်းတာ သည်နေ့မှ မဟုတ်ပါဘူး။ ကြာပြီ"

တာ သိရလို့ တို့အဖွဲ့ကိုများ အကြောင်းရှာမလားဆိုပြီး ဖေဖေက အစ်ကိုလတ်ကို စုံစမ်းထောက်လှမ်းခိုင်းတာ။ ငါက သူနဲ့အဖော်အဖြစ် လိုက်သွားတာပါ။ မိစ္ဆာရှင်းမားရေးအတွက်ဆိုပြီး တစ်ခါမှလည်း ပြောသံမကြားရဖူးပါဘူး"

"ထားပါတော့၊ ငါက နင် ဆင်ခြေအပေးကောင်းလို့ ထပ်ပြီး ယုံစားလိုက်ပြန်ပြီ ဆိုပါတော့။ ဒါပေမဲ့ နင်နဲ့ ငါနဲ့က လင်မယားဆိုပေမဲ့ နာမည်ခံ သက်သက်ပဲ။ လင်မယားအရာ မမြောက်သေးဘူး။ ခုထိ နင်လည်း အပျိုစင်သက်သက်ပဲ ရှိသေးတယ်၊ သည်တော့ နင် ဘာဖြစ်လို့ ငါ့နောက်ကို ထပ်လိုက်ရတာလဲ။ နင် လင်းဟူစုန်းဆီကိုပဲ ပြန်သွားဖို့ ကောင်းပြီ"

ဤစကားကို ကြားရသောအခါ ယဉ်ယဉ်၏ မျက်နှာထားသည် ရုက်သွေးရောင် လွှမ်းသွားလေသည်။ သူများလင်မယားကိစ္စကို ယခုကဲ့သို့ ခိုးကြောင်ခိုးဝှက် နားထောင်နေမိခြင်းအတွက် ယဉ်ယဉ် လိပ်ပြာမသန့် ဖြစ်မိ၏။

လင်းဖင်ကျည်နှင့် ယဲ့လင်စမ်း တို့နှစ်ယောက် အဘယ်ကြောင့် လင်ခန်း မယားခန်း မမြောက်သည်ကိုလည်း စဉ်းစားမတတ်အောင် ရှိနေသည်။

"ငါက နင်နဲ့ အိမ်ထောင်ကျပြီး သုံးရက်လောက်ကြာတာနဲ့ နင် ငါ့ကို မုန်းတီးနေမယ်ဆိုတာ သိရတယ်။ တစ်ခန်းတည်း အိပ်ပေမဲ့ တစ်ခုတင်တည်း မအိပ်ချင်လောက်အောင် နင် ဘာဖြစ်လို့ ငါ့ကို မုန်းတာလဲ"

"ငါ နင့်ကို မမုန်းပါဘူး"

"မမုန်းသာ မမုန်းတယ်၊ နံနက်ပိုင်းနဲ့ နေ့ခင်းပိုင်းတွေက နင်က အကြင်လင်မယားအတိုင်း တရင်းတနှီး ချစ်ချစ်ခင်ခင် ရှိချင်ဟန် ဆောင်တယ်။ ညဘက်ရောက်လို့ အိပ်ခန်းထဲလည်း ရောက်ရော နင့်အချိုးက တစ်မျိုးပြောင်းသွားတယ်။ ဖေဖေကတော့ ငါ့ကို မေးတယ်။ ဘယ်လိုအခြေအနေ ရှိကြသလဲတဲ့။ ငါက နင် ငါ့အပေါ် သိပ်ကောင်းပါတယ်လို့ပဲ ဖြေခဲ့တယ်"

ယဲ့လင်စမ်းသည် စကားအဆုံးတွင် ဝမ်းနည်းပက်လက် ငိုကြွေးပြန်သည်။

လင်းဖင်ကျည်က "လွှား"ခနဲ လှန်းပေါ်ခုန်တက်ပြီး တင်းမာသော လေသံဖြင့် မေးသည်။

"ဘာပြောတယ်၊ နင့်အဖေက နင်နဲ့ငါ ဘယ်လိုအခြေအနေ ရှိသလဲလို့ မေးတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ မေးတယ်။ ငါက မမေးပဲ မေးတယ်လို့ လိမ်ပြောမဲ့လူလား"

"ငါက နင့်အပေါ် မကောင်းခဲ့ဖူးဘူး။ တစ်ခါမှလည်း တစ်ခုတင်တည်း မအိပ်စက်ခဲ့ဘူး။ အဲဒါတောင် နင်က ဘာဖြစ်လို့ ကောင်းတယ်ဆိုပြီး ပြောရတာလဲ"

"ငါက နင်နဲ့ အိမ်ထောင်ကျပြီပဲ။ ဒီတော့ နင်တို့ မျိုးဆက်မျိုးနွယ်ထဲ ရောက်သွားပြီ။ ဒီတော့ နောင်တစ်ချိန် နင်စိတ်ပြောင်းပြီး လင်ချစ် မယားချစ် ချစ်လာမှာပဲလို့ ယုံကြည်တယ်။ ပြီးတော့ ယောကျ်ားမကောင်းကြောင်းကို ငါ ဘယ်ပြောသင့်မှာလဲ"

ယဲ့လင်စမ်းက ငိုရှိုက်ရင်း ပြောသည်။ လင်းဖင်ကျည်သည် ရုတ်တရက် စကားမပြောနိုင်သေးဘဲ အံ့ကို တင်းတင်းကြိတ်ထားပြီး ငိုင်နေသည်။

"လက်စသတ်တော့ နင်က ကြားကနေ ဖာထေးနေခဲ့တာကိုး။ ငါကတော့ နင့်အဖေ စိတ်ကောင်းဝင်နေတယ် ထင်နေခဲ့တာ။ နင်သာ ဖာထေးပြီး မပြောရင် တာစမ်းတောင်ပေါ်မှာ ငါ အသက်ဆုံးရတာ ကြာပြီ"

"လင်မယား မသင့်မြတ်တာနဲ့ ယောကျ်ားမက သမက်ကို သတ်တယ်ဆိုတာ ထုံးစံမရှိပါဘူး"

"သူ ငါ့ကို သတ်ချင်နေတဲ့ အကြောင်းက မိစ္ဆာရှင်းဓားရေးကို ငါလေ့ကျင့်နေတယ်လို့ ထင်နေတာပဲ။ နင့်အပေါ် ကောင်းတာ မကောင်းတာနဲ့ ဘာမှမဆိုင်ဘူး"

"ငါကတော့ မစဉ်းစားတတ်တော့ဘူး။ ဖေဖေနဲ့ နင်နဲ့ အသုံးပြုခဲ့တဲ့ ဓားချက်ဟာ သိပ်သွက်လက်လျင်မြန်တယ်။ ဖေဖေက တောင်ငါးလုံးဂိုဏ်းချုပ်နေရာကို အရယူနိုင်တယ်။ နင်ကလည်း အဲသည်ဓားကွက်နဲ့ ရိုစိမ်းဟိုင်နဲ့ မုကျောင်းဟုန်းတို့ကို သတ်ဖြတ်နိုင်ခဲ့တယ်။ အဲဒါ မိစ္ဆာရှင်းဓားသိုင်းလား"

"သိပ်ဟုတ်တာပေါ့။ အဲဒါ တို့မျိုးဆက်ရဲ့ မိစ္ဆာရှင်းဓားရေးပဲ။ တစ်ချိန်တုန်းက ငါ့ဘိုးတော် လင်းယန်းထူ အဲဒီမိစ္ဆာရှင်းဓားရေးနဲ့ သိုင်းလောကမိစ္ဆာကောင်တွေကို သုတ်သင်ဖယ်ရှားခဲ့ပြီး ဖုဝေးသယ်ယူပို့ဆောင်ရေးကို ကျော်ကြားအောင် လုပ်နိုင်ခဲ့တယ်။ သိုင်းလောက တစ်ခွင်က လူစွမ်းကောင်းတိုင်း အသိပဲ"

"နင် ငါ့ကိုပြောတော့ အဲဒီ ဓားရေးကို နင် မသင်ရသေးဘူးဆို"

"ဟုတ်တယ်။ ငါ မပြော်ဝံ့လို့၊ ဓားရေးကျမ်းက နင့်အဖေလက်ထဲကို အရင်ရောက်သွားတာ။ ဖုကျိုးမှာတုန်းက လင်းဟူစုန်းသင်္ကန်းကို လုလာခဲ့ပြီး မေ့မြောသွားတုန်းက နင့်အဖေလက်ထဲရောက်သွားတာပဲ"

"မဟုတ်နိုင်ဘူး။ မဟုတ်နိုင်ဘူး။ ဖေဖေ ပြောတော့ အစ်ကိုကြီး လင်းဟူစုန်း ယူသွားတာနဲ့ ဖေဖေက အတင်းတောင်းတယ်။ ပြန်ပေးခိုင်းတာ မပေးလို့တောင် ဖေဖေ ဒေါသထွက်နေသေးတယ်"

ယဲ့လင်စမ်းသည် အသံစူးစူးနှင့် ပြန်ပြောသည်။ လင်းဖင်းကျည်သည်လည်း ဒေါသတကြီး "ဟင်း" ခနဲ မကျေမနပ် ဖြစ်နေ၏။

"အစ်ကိုကြီး လင်းဟူစုန်းရဲ့ ဓားရေးက တစ်ရှိန်ထိုးထက်မြက်ခဲ့တာ ကြည့်ပါလား။ ဖေဖေတောင် သူ့ကိုမနိုင်တော့ဘူး။ အဲဒါ မိစ္ဆာရှင်းဓားရေး သူ့လက်ထဲ ရောက်သွားလို့ပေါ့၊ မဟုတ်ဘူးလား"

လင်းဖင်ကျည်သည် ခနဲ့ပြီး ပြုံးပြီးနောက် တစ်ချက်ရယ်လိုက်၏။

"လင်းဟူစုန်းက ကောက်ကျစ်ဉာဏ်များပေမဲ့ နင့်အဖေအိပ်နေသလောက်ပဲ ရှိသေးတယ်။ ပြီးတော့ သူ့ဓားကွက်က ရှုပ်ပွေတယ်။ မိစ္ဆာရှင်းဓားရေးနဲ့ တခြားစီပဲ။ ယှဉ်လို့မရဘူး။

တောင်ငါးလုံးဂိုဏ်းချုပ် ရွေးပွဲတုန်းက နင့်ကိုတောင် မယုဉ်နိုင်လို့ ဒဏ်ရာရသွားသေးတယ် မဟုတ်လား"

"အဲဒါ သူက ငါ့ကို တမင်လျှော့ပေးတာ"

လင်းဖင်ကျည်သည် ခနဲ့ပြီး ပြုံးပြန်သည်။

"သူက နင့်အပေါ် ဒီလောက်တောင် သစ္စာမဲ့တာ နက်ရှိုင်းနေတုန်းကိုး"

"အစ်ကိုကြီး အသုံးပြုတာက မိစ္ဆာရှင်းဓားကွက် မဟုတ်ဘူးဆိုရင်တော့ ငါ သူ့ကို အထင်မှားခဲ့ပြီပေါ့။ ဖေဖေက သူ့ကို ဂုစမ်းအမွဲ့က နှင်ထုတ်တဲ့ အဓိကအကြောင်းကတော့ မိစ္ဆာရှင်းဓားကျမ်းကို သူ တိတ်တဆိတ် အပိုင်စီးထားတယ်လို့ ယူဆတာကြောင့်ပဲ ဖြစ်တယ်"

လင်းဖင်းကျည်က ခနဲ့သံပြုပြီး ရယ်လိုက်သည်။

"နင့်အဖေက လင်းဟူစုန်းကို အပြစ်တင်တာလည်း မှားတယ်လို့ မပြောနိုင်ဘူး။ သူလည်း မိစ္ဆာရှင်းဓားရေးကို အပိုင်စီးဖို့ ကြိုးစားခဲ့တာပဲ။ မတတ်သာလို့သာ လက်လွှတ်လိုက်ရတာ။ သူ့လက်ထဲကနေ နင့်အဖေက ယူသွားတယ်။ တကယ်တော့ ဓားပြလက်ထဲက သူခိုး ခိုးသွားတာပဲ။ လင်းဟူစုန်းက ဒဏ်ရာရပြီး မေ့မြောနေတဲ့ အချိန်မှာ နင့်အဖေက သူ့အိတ်ထဲက နှိုက်ယူသွားတာ ဖြစ်တယ်။ လူအများသိမှာစိုးလို့ ဖုံးကွယ်တဲ့အနေနဲ့ လင်းဟူစုန်း ခိုးတယ်ဆိုပြီး အသံကောင်း ဟစ်တာဟေ့၊ သိပ်ဗြီလား"

ယဲ့လင်စမ်းသည် ဒေါသထွက်မိသည်။

"နင်က ဘာဖြစ်လို့ လူကြားမကောင်းအောင် ဖေဖေ့ကို သူခိုးဆိုပြီး ပြောနေရတာလဲ"

ယဲ့လင်စမ်းက သက်ပြင်းကြီး တစ်ချက်ချပြီး ငြိမ်သက်နေလိုက်သည်။ အတန်ကြာမှ သက်ပြင်းတစ်ချက် ထပ်ချပြီး ...

"စုန်းစမ်းအဖွဲ့က လူဆိုးနှစ်ယောက်ကို သတ်ပြီး ဒီဓားကျမ်းကို လုယူခဲ့တာဟာ အစ်ကိုကြီးက မောင်ပိုင်စီးဖို့ မဟုတ်ဘူး။ သူ့ဓားရေးက အလွန်ထက်မြက်ခဲ့လို့သာ ငါတစ်မျိုးထင်မိတာ။ ပြန်စဉ်းစားကြည့်တော့ အစ်ကိုကြီးဟာ သူများပစ္စည်းကို မက်မောတတ်သူ မဟုတ်ဘူး"

ယဲ့လင်စမ်း၏ စကားကို ကြားရသောအခါ ယုဉ်ယဉ်က စိတ်ထဲမှ ရေရွတ်ပြောဆိုမိသည်။

"ဩော် ... နင်က သည်စကားမျိုး ပြောဖော်ရသေးသကိုး"

"မိစ္ဆာရှင်းဓားရေးဟာ ရက်စက်လွန်းလို့ နင်တို့က လက်နှစ်ဖက်နဲ့ ကမ်းပေးတာတောင် အစ်ကိုက လက်ခံမယ်များ မှတ်နေသလား"

လင်းဖင်ကျည်၏ စကားသံက ထွက်ပေါ်လာပြန်သည်။

"နင့်လူက ဒီလောက် ကိုယ်ကျင့်သိက္ခာ ကောင်းတယ်ဆိုရင် နင် ခုဘာဖြစ်လို့ သူ့နောက်ကို လိုက်မသွားသေးတာလဲ"

"နင် ခုထိသဘောမပေါက်သေးဘူး။ အစ်ကိုကြီးနဲ့ ငါက ငယ်ငယ်ကလေးတည်းက အတူတူ ကြီးပြင်းလာကြတော့ ငါ့စိတ်ထဲမှာ အစ်ကိုရင်း တစ်ယောက်လိုပဲ သဘောထားတယ်။ နင်

သတ်ပစ်မယ် ဆိုတာကို နင်ယူဆတာ အဓိပ္ပာယ်မရှိဘူး။ နင့်စိတ်ကူးနဲ့နင် ပြောနေတာပဲ"

"နင့်အဖေက ဘယ်လိုလူစားဆိုတာ နင် သဘောပေါက်လို့ ဒီစကားမျိုး ပြောနေတာ။ ပြီးတော့ မိစ္ဆာရှင်းဓားရေး ဆိုတာလည်း ဘယ်လိုအရာဆိုတာ၊ နင့်မသိသေးဘူး"

"ငါက နင်ကို ချစ်တာပဲ သိတယ်။ နင့်စိတ်သဘောထားကို ငါဘောမပေါက်ဘူး"

"ဟုတ်တယ်၊ နင် သဘောမပေါက်ဘူး၊ နင် ဘယ်သဘောပေါက်မလဲ။ ဘယ်တော့မှလဲ သဘောပေါက်မှာ မဟုတ်တော့ဘူး"

စကားသံ တင်းမာလာသောကြောင့် ယဲ့လင်စမ်းသည် နောက်ထပ် တစ်စုံတစ်ရာ မပြောဝံ့ဘဲ ငြိမ်နေပြီးမှ ...

"ကဲ ... အစ်ကို၊ သွားကြရအောင်နော်"

"ဘယ်ကို သွားမှာလဲ"

"အစ်ကို သွားချင်တဲ့နေရာကိုပေါ့။ အစ်ကို ဘယ်သွားသွားတို့ လိုက်မယ်။ သေတဲ့အထိ မခွဲဘူး"

"နင် တကယ်ပြောနေတာကော ဟုတ်လို့လား။ နောက်တော့မှ နောင်တရနေလိမ့်မယ်"

"အစ်ကို့ကို တို့ သဘောကျလို့ အစ်ကို့ကို လက်ထပ်ခဲ့တာပဲ။ တို့စိတ်ထားကို ဘယ်တော့မှ မပြောင်းဘူး။ အစ်ကို့မျက်စိကို တို့ ကုရမယ်။ မပျောက်လို့ စုံလုံးကန်းနေရင်လည်း အစ်ကို ဘာမှမပူနဲ့။ တို့ အစ်ကို့အပါးမှာ ပြုစုမယ်။ အတူတူ နေကြမယ်။ သေမှပဲ တို့ခွဲကြမယ်"

ဝှာစမ်းကို ရောက်လာတော့မှ နင်နဲ့ငါ စိတ်တူကိုယ်တူဖြစ်ပြီး နင့်အပေါ် မေတ္တာထားခဲ့တာပါ။ ငါ့စိတ်ထားဟာ နင့်အပေါ် ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး"

"အေး... နင်က ဒီနေရာမှာတော့ နင့်အဖေနဲ့ သိပ်မတူချင်ဘူး၊ အမေနဲ့ ပိုပြီးတူတယ်"

ယဲ့လင်စမ်းက မိမိအပေါ် မေတ္တာထားရှိကြောင်း ပြောသံကြားရသောကြောင့် လင်းဖင်ကျည်သည် လေသံပျော့သွားသည်။ အတန်ကြာအောင် စကားမပြောဖြစ်ကြဘဲ ဆိတ်ဆိတ်နေ၏။

"အစ်ကို ... အစ်ကိုက ဖေဖေ့အပေါ် သိပ်ပြီးနာကြည်းနေတယ်ဆိုတော့ နောက်နောင်လည်း သင့်မြတ်မယ် မထင်ဘူး။ အစ်ကိုနဲ့ လက်ထပ်ပြီးပြီဆိုတော့ သွေ့ချောနောက် ဆဲထုံးပါရမှာပဲပေါ့။ တို့နှစ်ယောက် ဘယ်သူမှ ရှာလို့မတွေ့နိုင်တဲ့ အဝေးကြီးကို ထွက်သွားပြီး အတူတူ နေကြရအောင်နော်"

"နင်က စိတ်ကူးယဉ်တုန်းပဲ၊ ငါက ရိုစမ်းဟိုင်နဲ့ မုကျောင်းဟုန်းလို လူနှစ်ဖယောက်ကိုတောင် သတ်ပစ်လိုက်ပြီဆိုတဲ့ သတင်းဟာ ခုလောက်ရှိ သိုင်းလောကတစ်ခွင်မှာ တောမီးပြန့်သလို ပြန့်ကုန်နေရောပေါ့။ နင့်အဖေလည်း ကြားလောက်ပြီ။ ငါ မိစ္ဆာရှင်းဓားရေးကို လေ့ကျင့်တတ်ကျွမ်းပြီး ဆိုတာလည်း နင့်အဖေ သိလောက်ပြီ။ သိမှတော့ လောကမှာ ငါ့ကို နေခွင့်ပေးပါတော့မလား"

"မိစ္ဆာရှင်းဓားရေး ဆိုတာဟာ နင်တို့မျိုးဆက်ရဲ့ ဓားရေးပဲ။ ဒီဓားရေးကို နင် တတ်ကျွမ်းတာနဲ့ပဲ ငါ့ဖေဖေက နင့်ကို

လင်းဖင်းကျည်က ယဲ့လင်စမ်း၏ စကားကို ယုံကြည်ဟန် မပြဘဲ "ဟင်း" ခနဲ တစ်ချက်အသံပြုပြီး ခနဲ့မြှူး ပြုံးလိုက်သည်။ သိုင်းဝါစဉ်အရ လင်းဖင်းကျည်သည် ယဲ့လင်စမ်း၏ မောင်လေး ဖြစ်၏။

သို့သော် အသက်အရ လင်းဖင်းကျည်မှာ ယဲ့လင်စမ်း ထက်ပိုကြီးသည်။

ထို့ကြောင့် "အစ်ကို"နှင့် "တို့"ဟူ၍ ယဲ့လင်စမ်း ပြောင်းလဲ ခေါ်ဝေါ် သုံးစွဲလိုက်သည်။

"အစ်ကို ... တို့ကို သက််မကင်း ဖြစ်နေသေးလားဟင်၊ ဒီနေ့ည တို့ အစ်ကို့ကို တစ်ကိုယ်လုံး ပုံအပ်မယ်။ အမည်ခံ လင်မယားဘဝကနေ တကယ့်အကြင်လင်မယား ဖြစ်ကြပါစို့ အစ်ကိုရယ် ... နော်"

ယဲလင်စမ်း၏ အသံက တစ််စစ တိုးသွားသဖြင့် ယဉ်ယဉ် သည် မနည်း နားထောင်ရသည်။

"ဒီစကားမျိုးတွေ ပြောတဲ့အထိ ငါ ချောင်းနားထောင် နေဖို့ မကောင်းတော့ဘူး။ ဒီမိန်းမကလည်း လမ်းလယ်ကောင် မှာ လှည်းရပ်ပြီး အရှက်မရှိဘူး ... ထွီ"

ယဉ်ယဉ်သည် မျက်နှာနီမြန်းသွားပြီး ရှက်စိတ်မွန်သွား၍ စိတ်ထဲက ရေရွတ်လိုက်မိသည်။

"သွားစမ်း ... သွားစမ်း၊ ငါ့နားလာမကပ်နဲ့စမ်း၊ ဝေးဝေး နေ၊ ငါ နင်,အဖေသတ်လို့ သေချင်လည်း သေပစေ၊ နင် ငါ့ နောက်ကို မလိုက်နဲ့"

"နင် ... ဒီလောက်တောင် ငါ့အပေါ် စိမ်းကားရအောင် ငါ နင့်အပေါ် ဘယ်လိုပြစ်မှားကျူးလွန်ဖူးလို့လဲ"

ယဲ့လင်စမ်းက ရှိုက်ငင် ငိုကြွေးရင်းမှ ပြောလိုက်တော့ သည်။

"နင် ... နင် ... ငါ ..."

"နင် ငါ့ကို ခွင့်မလွှတ်နိုင်အောင် ခံစားချက်ရှိရင် နင်ငါ့ကို သတ်ဖို့မလိုပါဘူး။ ငါ့လက်နဲ့ ငါ အဆုံးစီရင်လိုက်ပါ့မယ်"

ယဲ့လင်စမ်းသည် ပြောရင်း ဓားရှည်ကို ဆွဲထုတ်လိုက် သည်။

လင်းဖင်းကျည်က သက်ပြင်းကြီး ချလိုက်၏။

"တကယ်တော့ နင်တင် မကောင်းတာ မဟုတ်ပါဘူး။ ငါ မကောင်းတာလည်း ပါပါတယ်"

ယဲ့လင်စမ်းသည် ရှက်လည်းရှက် နာလည်း နာကြည်းမိ သောကြောင့် ရှိုက်ကြီးတငင်ငိုရင်း ...

"နင် ငါ့ကို ရှင်းရှင်းလင်းလင်းပြော၊ ရိုက်ချင်လည်း ရိုက်၊ သတ်ပစ်ချင်လည်း သတ်ပစ်၊ ငါ့ကို နင် ဘာတွေမကျေ မနပ် ဖြစ်တယ်ဆိုတာတော့ ရှင်းရှင်းပြောပါ"

"အေး ... နင်က ငါ့အပေါ်ထားရှိတဲ့ မေတ္တာအတုအယောင် မဟုတ်ဘူး ဆိုရင်တော့ ငါ ရှင်းအောင်ပြောပြမယ်။ အဲဒီအခါ ကျရင် နင်လည်း သဘောပေါက်သွားမယ်။ စိတ်ထားလည်း ပြောင်းသွားမယ်"

"ဘာဖြစ်လို့လဲ"

"ငါတို့မျိုးဆက်မားရေးဖြစ်တဲ့ မိစ္ဆာရှင်းမားရေးဟာ ဘယ်လောက် အစွမ်းထက်တယ် ဆိုတာတော့ နင်မျက်မြင်ပဲ၊ ဒါပေမဲ့ ငါ့အဖေကတော့ မားရေးညံ့ပြီး သူများ အနိုင်ကျင့်တာကို ခံသွားရရှာတာ ဘာဖြစ်လို့လဲ"

"နင့်အဖေက အခြေခံမကောင်းလို့ ဖြစ်မှာပေါ့။ ဒါမှမဟုတ် ငယ်စဉ်က ကျန်းမာရေး ချို့ယွင်းလို့လည်း ဖြစ်နိုင်တယ်။ ဒါကြောင့် မိစ္ဆာရှင်းမားရေးရဲ့ အထွတ်အထိပ်ပိုင်းကို မတတ်ကျွမ်းတာဖြစ်မယ်။ အဖေက အထွတ်အထိပ်ဖြစ်တိုင်း သားက အထွတ်အထိပ် မဖြစ်တာ သိုင်းလောက တစ်ခွင်မှာ အများကြီး ရှိသားပဲ"

"မှားတယ်။ ငါ့အဖေဟာ အတွင်းအား အခြေခံလည်း နည်းတယ်။ ပြီးတော့ သူ ငါ့ကို ဆင်ကြားပေးခဲ့တဲ့ မိစ္ဆာရှင်းမားရေးကလည်း မိစ္ဆာရှင်းမားရေး မဟုတ်ဘူး။ ခု ငါတို့လေ့ကျင့်တာနဲ့ သိပ်ကွာတယ်။ တခြားစီပဲ"

"ဒါဆိုရင် အံ့သြစရာပဲ"

"ဘာမှ အံ့သြစရာ မရှိဘူး။ ငါ့ဘိုးတော်ကကော ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတာ နင် သိသလား"

"ဟင့်အင်း ... မသိဘူး"

"ဘုန်းကြီးလူထွက် တစ်ယောက်ပဲ။ သိုင်းလောကတစ်ခွင်မှာ ကျော်ကြားအောင်လုပ်ဖို့ အသက်ကြီးမှ လူဝတ်လဲလိုက်ရတာ"

"နင့်အဖေ ပြန်ပြောပြတာလား"

"ငါ့အဖေတောင် သိသလား မသိဘူးလား မပြောတတ်ဘူး၊ ဟိုညက နေမူလမ်းကြားထဲက အိမ်မှာ မိစ္ဆာရှင်းမားကျမ်းရှာကြတယ် မဟုတ်လား"

"ဟုတ်တယ်"

"သက်နှံပေါ်မှာ ရေးထားတာကိုက အကြောင်းရှိတယ်၊ မားကျမ်းကို တွေ့ရှိရချိန်မှာ သက်နှံဝတ်နဲ့ဖြစ်လို့ သက်နှံပေါ်ခိုးကူးလိုက်တာ ဖြစ်မယ်"

"သိုင်းပညာအဆင့် မြင့်မားတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးက သင်ကြားပေးတာကော မဟုတ်နိုင်ဘူးလား။ တိတ်တဆိတ် ခိုးကြောင်ခိုးဝှက် ကူးယူကာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တယ်။ ဘိုးတော်လင်းယန်းထုက တိတ်တဆိတ် ကူးယူထားလိုက်တာပဲ"

"ဟင် ... ဟုတ်လား"

ယဲ့လင်စမ်းက ပြန်မေးလိုက်သည်။

"ဟုတ်တယ်၊ မားရေးကျမ်းရဲ့ အဆုံးမှာ ဖော်ပြထားတယ်၊ အဲဒီ အချိန်က ဘိုးတော်က ဘုန်းကြီးပဲ ရှိသေးတယ်။ မထင်မှတ်ဘဲ တွေ့ရတော့ သက်နှံမှာကူးပြီး ယူထုတ်ခဲ့တာတဲ့၊ ဒီမားကွက်ဟာ အလွန် ရက်စက်တယ်။ ပြီးတော့ မျိုးဆက်လည်း တုံးသွားနိုင်တယ်။ သားစဉ်မြေးဆက် ထားရှိဖို့ မလိုလားအပ်တဲ့ ဘုန်းကြီးတို့ မယ်သီလရင်တို့ လေ့ကျင့်ဖို့ကျတော့လည်း ရက်စက်လွန်းလို့ မသင့်လျော်ဘူး၊ လူသာမန်လေ့ကျင့်ဖို့ကျပြန်တော့ မျိုးစဉ်မျိုးဆက် တုံးသွားနိုင်တယ်"

"ငါလည်း နင့်လိုပဲ စဉ်းစားကြည့်ဖူးတယ်။ သင်ကြားလေ့ကျင့်နေတုန်းမှာ ဘိုးတော်က မိန်းမယူခဲ့တာ ဖြစ်မယ်။ သားသမီးရပြီးတော့ ဒီမိစ္ဆာရှင်းဓားရေးကို အပြင်းအထန် လေ့ကျင့်ခဲ့တာပဲ ဖြစ်မယ်"

"ဟုတ်တယ်၊ မိန်းမယူ ကလေးမွေးပြီးမှ လေ့ကျင့်တာ ဖြစ်နိုင်တယ်၊ အဲဒီတော့ လူထွက်ပြီးရောပေါ့"

"မဟုတ်ဘူး၊ ငါ့အထင်တော့ လူမထွက်ခင် ပြဿနာပေါ်လို့ ဘိုးတော် လူထွက်လိုက်ရတယ် ထင်တယ်။ လူသိရှင်ကြားဖြစ်လာလို့ လူထွက်မိန်းမယူပြီး ဒီမိစ္ဆာရှင်းဓားကွက်ကို ဆက်လေ့ကျင့်တာ ဖြစ်မယ်။ ငါ့အဘိုးဟာ ဘိုးတော်ရဲ့ တရားဝင်သားဟုတ်သလား၊ မဟုတ်ဘူးလားတောင် မပြောနိုင်ဘူး"

"ဒါက အရေးမဟုတ်ပါဘူး။ ပြီးတော့ နင် ပြောသလို တိတ်တဆိတ် မိန်းရပြီး လူသိရှင်ကြားဖြစ်လို့ လူဝတ်လဲလိုက်ရတယ်ဆိုတာကတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်"

"ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ"

"ဘိုးတော်က လူစွမ်းကောင်းဆိုပေမဲ့ စိတ်မာတ်ခိုင်ခဲ့တယ်။ စောင့်စည်းနိုင်တယ်။ သူ့စိတ်ကိုလည်း သူနိုင်အောင် ထိန်းမှာပဲ"

"ငါ့ရဲ့ စောင့်စည်းနိုင်စွမ်းကကော ဘယ်လိုရှိသလဲ"

"ကောင်းပါတယ်"

"ဟိုအရှင်ကလို ကျင့်ဖုန်းရဲ့အိမ်မှာ ရွေခွက် လက်ဆေးမဂ််လာလုပ်မဲ့နေ့က ငါက ငါ့မိဘရဲ့ ရန်ကြွေးကိုဆပ်ဖို့ တာဝန်

ရှိလို့ ခါးကုန်းကြီးကို ဦးချပြီး မျက်နှာငယ်လေးနဲ့ ဘိုးဘိုးခေါ်ခဲ့ရဖူးတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါပေမဲ့ လူစွမ်းကောင်း ဆိုတာဟာ အဲဒီလိုပဲ ဖြစ်ရမယ် ဦးချရုံတင် မကဘူး၊ ကိုယ့်ရည်မှန်းချက်အောင်မြင်ရေးအတွက် ပေါင်အောက်ကနေ ခေါင်းလျှိုသွားကြရတဲ့ သူရဲကောင်းတွေတောင် သမိုင်းမှာ ရှိသေးတာပဲ"

"မိစ္ဆာရှင်းဓားရေးကျမ်း ငါ့လက်ထဲ ရောက်လာတော့ ငါက အိမ်ထောင်ပြုဖို့ ရက်သိပ်နီးနေပြီ။ ပထမ စိတ်ကူးထားတာက အိမ်ထောင်ပြုပြီးမှ လေ့ကျင့်ဖို့ပါပဲ။ ဒါပေမဲ့ မိစ္ဆာရှင်းဓားရေးကို သွားဖတ်မိပြီးတော့ မလေ့ကျင့်ဘဲ မနေနိုင်တော့ဘူး၊ ဆွဲဆောင်အားကို မတွန်းလှန်နိုင်တာနဲ့ပဲ ငါ လေ့ကျင့်ဖြစ်သွားရော။ လေ့ကျင့်တယ် ဆိုကတည်းက ငါ့ကိုယ်ငါပြန်ပြီး သင်းကွပ်ပစ်လိုက်ရတယ်"

လင်းဖင်းကျည်၏ စကားကြောင့် ယဲ့လင်စမ်းသည် ထိတ်လန့် အံ့သြသွားသည်။ သင်းပွပ်ပစ်လိုက်ပြီး ဆိုကတည်းက ယောကျ်ားတစ်ယောက်အနေနှင့် လိင်စိတ်လုံးဝကုန်ခန်းပြီး မျိုးဆက်လည်း ရနိုင်စရာအကြောင်းမရှိတော့သည်မှာ ထင်ရှားသည်။

"ဟင် ... နင် ... နင် ... နင့်ကိုယ်နင် သင်းပစ်တယ်"

"ဟုတ်တယ်၊ မိစ္ဆာရှင်းဓားရေး ကျင့်တော့မယ်ဆိုရင် ပထမဆုံး လိုက်နာပြုကျင့်ရတဲ့ စည်းကမ်းချက်ပဲ။ အရေးအကြီးဆုံး အချက်လည်း ဖြစ်တယ်။ သိုင်းပညာမှာ အထွတ်အထိပ်ဖြစ်ချင်ရင် ဒီလို စွန့်လွှတ်နိုင်ရမယ်"

"လက်စသတ်တော့ သည်လိုကိုး"

ယဲ့လင်စမ်း၏ လေသံက တိုးညင်းလွန်းသည်။

ယဉ်ယဉ်က တုန်ဒုမ်းပုပိုက် ပန်းထိုးအပ်ကိုင်ပြီး မိန်းက လေးတစ်ယောက်အသွင် ခြယ်သဖြီးလိမ်းထားသည်ကို ပြန်ပြောင်း မြင်ယောင်ရင်း အခုမှ သဘောပေါက်သွားသည်။ သင်းကွပ်ပြီး မိစ္ဆာရှင်းဓားရေးကို လေ့ကျင့်သောကြောင့် စိတ်ဓာတ်ပါ ပြောင်း သွားရခြင်း ဖြစ်သည်။

ယဲ့လင်စမ်း၏ ငိုရိုက်သံ ထွက်ပေါ်ပြန်သည်။

"ဒါဆိုရင် ဖေဖေလည်း နင့်လိုပဲ လုပ်လိုက်ရတာပေါ့ နော်"

"ဒါပေါ့။ ဒီဓားရေးကို လေ့ကျင့်မှတော့ သင်းကွပ်ပစ် ရတာချည်းပဲ။ နင့်အဖေက ငါ နင့်အပေါ် ဘယ်လိုသဘောထားရှိ သလဲလို့ မေးတာ အကောင်းမေးတာ မဟုတ်ဘူး။ အဲဒီ မိစ္ဆာ ရှင်းဓားရေးကို ငါလေ့ကျင့် မကျင့်ဆိုတာ သိရအောင်လို့ မေးတာ။ ပြီးတော့ သူ သင်းကွပ်လိုက်ရတာကို သိုင်းလောကတစ်ခွင်က လူတွေ မသိစေချင်ဘူး။ ကဲရဲ့ ရှုတ်ချစရာကြီးဖြစ်မယ်။ တခြားလူ ကိုလည်း မပေါက်ကြားစေချင်ဘူး။ ငါသိရင်လည်း ငါ့ကိုသတ် မယ်။ နင်က နင့်အပေါ် ကောင်းတယ်ဆိုတော့ မိစ္ဆာရှင်းဓားရေး နဲ့ ပတ်သက်လို့ ငါဘာမှ အတွင်းကျကျ မသိသေးတဲ့အပြင် မလေ့ကျင့်သေးဘူးလို့ သူက ထင်နေတယ်။ ဒါကြောင့်လည်း ငါ့အသက် ချမ်းသာရတာ"

"ခုလောက်ဆိုရင်တော့ ဖေဖေ သိရောပေါ့"

"ငါနဲ့ ရီစမ်းဟိုင်၊ မုကျောင်းကုန်းတို့ ပြဿနာကို နင့် အဖေတင်မကဘူး သိုင်းလောကတစ်ခွင်လုံး သိကုန်လောက်ပြီ။ ဒီတော့ နင့်အဖေက ငါ မိစ္ဆာရှင်းဓားရေးကို တိတ်တဆိတ် လေ့ကျင့်တယ်ဆိုတာလည်း သိသွားပြီ။ ပြီးတော့ သူသင်းကွပ် ပြီး လေ့ကျင့်ခဲ့တယ် ဆိုတာကို ငါသိသွားမှန်း သူလည်း အလိုလို သိနေရောပေါ့"

"နင် ပြောသလိုဆိုရင် ငါ့အဖေက နင့်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး၊ ဒီတော့ တို့ ဘယ်မှာသွားပြီး ပုန်းခိုနေကြရင် ကောင်းမလဲ"

"ငါဒီလောက် အခြေအနေ ဆိုးဝါးနေတာတောင် နင်က ငါ့နောက်ကို လိုက်ဦးမလို့လား"

"လိုက်မှာပေါ့၊ ကဲစိမ်လာတာပဲ ဘယ်တတ်နိုင်ပါ့မလဲ။ ရှေးခေတ်တုန်းက စုမာချန်း ဆိုတဲ့ အမတ်ကြီးတစ်ယောက်လည်း သင်းကွပ်ခံရဖူးတယ်။ ဒါပေမဲ့ စာပေလိုက်စားပြီး ကြိုးစားတော့ သမိုင်းတွင်အောင် ကျော်ကြားတဲ့ စာဆိုတော်ကြီးအဖြစ်တောင် ရောက်ခဲ့သေးတာပဲ၊ ငါ နင့်အပေါ် တကယ် မေတ္တာမှန်ထားပါ တယ်။ ဘယ်ဘဝရောက်ရောက် ဘယ်လိုအခြေအနေရောက်ရောက် လက်တွဲမဖြုတ်ပါဘူး"

စကားဆုံးသည်နှင့် ရုတ်တရက် ယဲ့လင်စမ်း၏ "အား" ခနဲ အော်လိုက်သံကို ယဉ်ယဉ် ကြားလိုက်ရသည်။ လင်းဖင်းကျည် သည် အနီးသို့ တိုးကပ်လာသော ယဲ့လင်စမ်းအား ဆောင့်တွန်း လိုက်ခြင်း ဖြစ်သည်။

"ငါ့ကို သနားသလိုလို စကားမျိုး မပြောနဲ့။ နင် သနားစရာမလိုဘူး။ ငါ လင်းဖင်းကျည်ဟာ ငါတို့မျိုးဆက်ရဲ့ မိစ္ဆာရှင်း ဓားရေးကို အထွတ်အထိပ်ရောက်အောင် အောင်အောင်မြင်မြင် လေ့ကျင့်နိုင်ခဲ့ပြီ။ ဘယ်သူ့ကိုမှ မူစရာမလိုတော့။ ယဲ့ပို့ချင်က ငါ့ကို သတ်ချင်ရင် ငါလက်ထဲက ဓားကို အရယူနိုင်ဖို့ပဲ ဖြစ်မယ်။ လွယ်မယ်တဲ့လား။ ငါမျက်စိနှစ်ကွင်းသာ အလင်းရကြည့်။ သိုင်းလောကတစ်ခွင်မှာ အထွတ်အထိပ်ကျတဲ့ ယဲ့ပို့ချင်၊ လင်းဟူစုန်း၊ ဝိုမ်းသိမ်းဆရာတော်နဲ့ ချူးရှိုးရသေ့တို့တောင် ဓားရေးမှာ ငါ့ကို ယှဉ်နိုင်စရာ အကြောင်းမရှိဘူး"

လင်းဖင်းကျည်၏ မောက်မောက်မာမာ စကားကို ကြားလိုက်ရသောကြောင့် ယဉ်ယဉ်သည် ဒေါသထွက်ပြီး တီးတိုးရေရွတ်မိလိုက်သည်။

"နင့်မျက်စိကကော ပြန်ကောင်းဦးမှာတဲ့လား"

ယဉ်ယဉ်သည် လင်းဖင်းကျည်၏ ဆိုးဝါးသော အကြောင်းကံကြောင့် လင်းဖင်းကျည်ကို သနားကရုဏာ သက်ခဲ့ဖူးသည်။ သို့သော် လင်းဖင်းကျည်သည် သူ့ကိုယ်သူ အထင်ကြီးလွန်းပြီး ယဲ့လင်စမ်းကိုလည်း ပစ်ပစ်ခါခါ ဆက်ဆံသည်ကို ကြားသိရသောအခါ ယဉ်ယဉ်သည် တစ်စစ မုန်းတီးရွံရှာခဲ့သည်။

ယဲ့လင်စမ်းက သက်ပြင်းရှည်ကြီးချပြီး ဆက်ပြောလေသည်။

"နင့်မျက်စိကို အရင်ကုစားဖို့ တို့ တစ်နေရာရာမှာ ရှောင်တိမ်းနေမှ ဖြစ်မှာပေါ့"

"မလိုဘူး၊ နင့်အဖေကို ရင်ဆိုင်ဖို့နည်းလမ်း ငါ့မှာရှိတယ်။ အကြောင်းမဟုတ်ဘူး"

"တကယ်တော့ ဒီကိစ္စကို နင်လည်း လျှို့ဝှက်ထားဖို့ကောင်းတယ်၊ ဖေဖေကလည်း နင့်ကို သတ်ဖို့မလိုဘူး"

လင်းဖင်းကျည်သည် "ဟင့်" ခနဲ မကျေနပ်သံ တစ်ချက်ပြုလိုက်သည်။

"နင့်အဖေအကြောင်း နင် သိတာထက် ငါပိုသိတယ်။ နင့်အဖေက လူသိမှာကြောက်တဲ့ ကိစ္စကြီးကို ငါက သိုင်းလောကတစ်ခွင်က လူတွေသိအောင် ထုတ်ဖော်ပြီး ဖွင့်ပြောရမှာပဲ"

"ဒါတော့ ... ဒါတော့ ... နင် ဘာဖြစ်လို့ ဒီလိုလုပ်ချင်ရတာလဲဟင်"

"နင့်အဖေကို ရင်ဆိုင်ဖို့ ငါ့အတွက် အကောင်းဆုံးနည်းလမ်း ဖြစ်တယ်၊ တစ်နည်းပြောရရင် ငါ့အသက်ကို အကာအကွယ်လုပ်ရတဲ့သဘောပဲ၊ နင့်အဖေက သူ သင်းကွပ်လိုက်တာကို ဖုံးထားချင်တယ်။ ငါ့ကို နှုတ်ပိတ်ချင်တယ်၊ နှုတ်မပိတ်ခင် ငါက လူသိနတ်ကြားဖြစ်အောင် လုပ်ထားလိုက်တော့ ပြီးရောမဟုတ်လား။ ငါ့ကိုလည်း သတ်စရာ နှုတ်ပိတ်စရာ မလိုတော့ဘူး"

"နင့်နည်းလမ်းဟာ ဆန်းပြားလွန်းပါတယ်"

"ဘာဆန်းပြားရမှာလဲ။ မဟုတ်ရင် နင့်အဖေက ဖုံးကွယ်နေဦးမှာပဲ။ နင့်အဖေက နှုတ်ခမ်းမွေးကျွတ်လည်း အတုတပ်တယ်၊ မုတ်ဆိတ်မွေးကျွတ်လည်း အတုတပ်တယ်။ ဒီတော့ တခြားလူရုတ်တရက်သိဖို့ဆိုတာ မလွယ်ဘူး။ ငါသတင်းဖြန့်မှပဲ သိကြမယ်။

မယုံကြည်ကြတာတောင် သက်သေကောင်းစိတ်တော့ ဖြစ်မှာပဲ။ သည်တော့ ငါ အကြောင်းမဲ့ သေတာတောင် နင့်အဖေ သတ်တာပဲ ဖြစ်မယ်လို့ အများက ယူဆမယ်။ ငါ့အတွက်ကို ကာကွယ်ဖို့ နည်းလည်းဟာ ဒီနည်းလမ်းပဲ ရှိတော့တယ်။ အဲဒီအခါမှာ ငါ့ကို မသတ်တဲ့အပြင် သူကတောင် ငါ့အသက်ကို အကွယ်အကာ ပေးရဦးမယ်"

ယဲ့လင်စမ်းသည် လင်းဖင်းကျည်၏ စကားကြောင့် အလွန် စိတ်ဆင်းရဲမိသည်။

ဖခင်၏ ဂုဏ်သိက္ခာများ ရေစုန်မျောမည့် အဖြစ်ကိုလည်း တွေးပူမိသည်။

လင်းဖင်းကျည်သည်လည်း သူ့ အသက်ကို ကာကွယ်ရန် အတွက် အကောင်းဆုံး နည်းလမ်းဟု ဆိုနေပြန်သောကြောင့် ယဲ့လင်စမီး အနေနှင့် မတားဆီးသာချေ။

"ငါ့မျက်စိနှစ်ကွင်း အလင်းပြန်မရလို့လည်း ငါဝမ်းမနည်းဘူး၊ နောင်တရစရာ မဟုတ်ဘူး၊ ငါတို့မျိုးဆက်ရဲ့ ပစ္စည်းကို ထိန်းသိမ်းပါ၊ ဖွင့်ပတ်မကြည့်ပါနဲ့လို့ သားစဉ်မြေးဆက် မှာခဲ့တာကို ငါ မလိုက်နာခဲ့ဘူး။ ဒါပေမဲ့ ငါ့မိဘရဲ့ ရန်ကြွေးကို ပေးဆပ်နိုင်ခဲ့ပြီ။ ပြီးတော့ မိစ္ဆာရှင်းစားရေးဆိုတာ ချောက်ချီးချောက်ချက် မဟုတ်ကြောင်း၊ သိုင်းလောကတစ်ခွင်က လူတွေသိအောင်လည်း ပြနိုင်ခဲ့ပြီ။ ဖုဝေးသယ်ယူပို့ဆောင်ရေးဆိုတာ အချောင်သက်သက် နာမည်ရခဲ့တာ မဟုတ်ဘူးဟော့ ဆိုတာလည်း လူသိအောင် ကြေညာနိုင်ခဲ့ပြီ"

"ဟိုတစ်ချိန်က နင့်အဖေ မှာကြားခဲ့တဲ့ စကားတွေဟာ တမင်သက်သက် အစ်ကိုကီး လင်းဟူစုန်း ထွင်ပြောခဲ့တယ်လို့ နင် စွပ်စွဲခဲ့တယ်နော်"

"ငါ အထင်မှားခဲ့တာပဲ။ အဲဒီတုန်းက နင်ကော ဘာထူးလို့လဲ။ အထင်မှားခဲ့တာပဲ မဟုတ်လား"

"အေး ... နင်က အစ်ကိုကြီးနဲ့ သိကျွမ်းပတ်သက်ရတဲ့ ကာလက သိပ်တိုတောင်းတော့ နင် အထင်မှားတာဟာ အပြစ်ပြောစရာ မကောင်းဘူး။ ဒါပေမဲ့ အစ်ကိုကြီးနဲ့ လက်ပွန်းတတီး နှစ်ရှည်လများ နေကြတဲ့ ငါနဲ့ဖေဖေကတော့ အစ်ကိုကြီးရဲ့ အကြောင်းကို နားလည်ကြဖို့ ကောင်းတယ်။ သံသယမဖြစ်သင့်ဘူး။ အစ်ကိုကြီး လင်းဟူစုန်းကို တကယ်တမ်း နားလည်သဘောပေါက်တာဟာ ငါ့မေမေ တစ်ယောက်တည်းပဲ ရှိတယ်"

ယဉ်ယဉ်သည် သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်သည်။ နောင်တစ်ချိန် လင်းကျုးချီနှင့် အကြောင်းတိုက်ဆိုင်၍ ကြုံဆုံခဲ့ရပါမူ ကျေးဇူးတင်စကား ပြောမည်ဟု စိတ်ကူးမိသည်။

လင်းဖင်းကျည်က ခနဲ့ပြုံး ပြုံးလိုက်ပြန်သည်။

"နင့်အမေကတော့လား လင်းဟူစုန်းမှ လင်းဟူစုန်း၊ လင်းဟူစုန်းကြောင့် နင့်အဖေနဲ့ မရေမတွက်နိုင်လောက်အောင် အကြိမ်ကြိမ် ခွန်းကြီးခွန်းငယ် စကားများခဲ့ကြရတယ်"

"ငါ့မေမေနဲ့ ဖေဖေဟာ သိပ်သင့်မြတ်ကြာ။ အစ်ကိုကြီး အတွက် ခွန်းကြီးခွန်းငယ် ပြောပြီး ပြဿနာဖြစ်တယ်လို့ နင် ဘယ်လိုကြောင့် ပြောနိုင်သလဲ"

"ရှင်းရှင်းလေးပဲ။ လင်းဟူစုန်းရဲ့ ကိုယ်ခန္ဓာမှာ သက်နှံးမရှိတော့ဘူး ဆိုကတည်းက နှင့်မိဘလက်ထဲ ရောက်သွားပြီပေါ့။ ငါက အကဲခတ်ကြည့်ပေမဲ့ နှင့်အဖေ ကြောင်သူတော်က ပိဝိရိရိရှိတယ်။ အကဲခတ်ဖို့ မလွယ်ဘူး။ မကြာခင်မှာ နှင့်အဖေ ဖျားတယ်။ အဲဒါလည်း သူ့ကိုယ်သူ ပြန်သင်းကွပ်ပြီး မိစ္ဆာရှင်ဓားရေးကို ကျင့်လို့ အဖျားဝင်တယ်ဆိုတာ နှောင်းတော့မှ ငါသိရတယ်။ ဖုကျိုးက အပြန်မှာ လမ်းတစ်လျှောက်လုံး နှင့်အဖေကို ငါ အကဲခတ်။ ချောင်းမြောင်း လေ့လာတယ်။ ဒါပေမဲ့ နှင့်အဖေက မှင်သေသေနေလို့ သဲလွန်စ မတွေ့နိုင်ခဲ့ဘူး။ ဒါနဲ့ ဝှာစမ်းကို ပြန်ရောက်ရော။ ဝှာစမ်း ပြန်ရောက်တော့လည်း ငါက နှင့်အဖေနဲ့အမေ အိပ်ကြတဲ့ အိပ်ခန်းဘေးကို သွားသွားပြီး ညညမှာချောင်းမြောင်း လေ့လာတယ်"

"ဘာပြောတယ်။ နင်က ညတိုင်း တောင်ချောက်ကြီးပေါ် တက်တက်ပြီး ချောင်းနားထောင်တယ်၊ ဟုတ်လား"

"သိပ်ဟုတ်တာပေါ့"

"ညတိုင်းပဲလား"

ယဉ်ယဉ်က လင်းဖင်းကျည်၏ စကားသံကို မကြားရသောကြောင့် ခေါင်းညိတ်ဖြေခြင်း ဖြစ်မည်ဟု ခန့်မှန်းမိသည်။

"နင် တကယ့်ကို ဇွဲကြီးတာပဲ"

"ဟင် ... ငါ့အဖေ အမေရဲ့ ရန်ကြွေးကြီးကို ဆပ်ရမဲ့တာဝန်ပဲ၊ ငါ့ခေါင်းထဲမှာ အမြဲရှိတယ်။ ဒါကြောင့် ငါ ဒုက္ခခံရတာ"

လင်းဖင်းကျည်က သရော်ပြုံး ပြုံးလိုက်ပြီး ...

"တခြားလူ မသိအောင် သင့်မြင်ဟန် ဆောင်နေခဲ့ကြတာ၊ ဒီအိမ်တွင်းရေး ကိစ္စလေးကိုတောင် နှင့်အဖေ ယဲ့ပို့ချင်ဟာ ကြောင်သူတော်ယောင် ဆောင်နေသေးတယ်။ ကွယ်ရာကျမှ စကားများကြတာ။ ငါကိုယ်တိုင် ငါ့နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတဲ့ ဥစ္စာပဲ"

"ဖေဖေနဲ့ မေမေ အချင်းများတယ်လို့ ငါတောင်မကြားပဲ နင်က ဘယ်လိုလုပ် ကြားခဲ့တာလဲ"

"အေးလေ ... ခုနေ ပြန်ပြောပြလို့ နင်သိသွားလည်း အရေးစိုက်စရာ မလိုတော့ပါဘူး။ ပြောမပြရဲစရာလည်း အကြောင်း မရှိဘူး။ လင်းဟူစုန်းက စုန်းစမ်းအဖွဲ့က လူနှစ်ယောက်ကို သတ်ပြီး သက်နှံးကို ယူလာခဲ့တယ်၊ ဒါပေမဲ့ သူလည်းပဲ ဒဏ်ရာကြောင့် မေ့မြောသွားတယ်။ ငါက သူ့အိတ်ထဲနဲ့ သူ့ကိုယ်ခန္ဓာအနှံ့ ရှာကြည့်တော့ သက်နှံးက အစအန ပျောက်နေတယ်။ မတွေ့ရတော့ဘူး"

"လက်စသတ်တော့ ဖုကျိုးမှာကတည်းက နင်က အစ်ကိုကြီးရဲ့ ကိုယ်ခန္ဓာအနှံ့ကို ရှာဖွေကြည့်ပြီးသား ကိုး"

ယဉ်ယဉ်သည် မိမိရောက်ရှိ နားထောင်နေခဲ့သည်မှာ ကြာမြင့်ပြီဖြစ်သောကြောင့် လင်းဟူစုန်း စိုးရိမ်နေမည်ကို တွေးမိသည်။

ထို့ကြောင့် ပြန်လှည့်ထွက်မည် အပြုတွင် လင်းဖင်းကျည်၏ စကားသံကို ယဉ်ယဉ် ကြားရပြန်သည်။

ယဲ့လင်စမ်းသည် လင်းဖင်းကျည်၏ ဇွဲကို အံ့အားသင့်ပြီး မေးခြင်းဖြစ်သည်။ ယဲ့ပို့ချွင်တို့ ဇနီးမောင်နံသည် ချောက်နက်ကြီး၏ နံဘေး တောင်ထိပ်ပေါ်တွင်ရှိသည့် အဆောက်အအုံတွင် သီးခြားအိပ်စက် နေထိုင်ကြသည်။ တောင်ထိပ်ပေါ် တက်ရောက်ရသည့်လမ်းသည် အလွန်ကျဉ်းမြောင်း မတ်စောက်သည်။ ဤလမ်းကို တခြားလူတက်ရန် မလွယ်ချေ။ လင်းဖင်းကျည်သည် ယဲ့လင်စမ်းနှင့် ယူမည့်သူ ဖြစ်သောကြောင့် လင်းဖင်းကျည်က ညဘက် ယဲ့ပို့ချွင်တို့ ဇနီးမောင်နှံ၏ အိပ်ဆောင်သို့ လာသည်ကို တခြား တာစမ်းတပည့်သားများက မြင်သော်လည်း ယောကျ်မလောင်းများထံသို့ အကြောင်းရှိသဖြင့် လင်းဖင်းကျည် သွားရောက်သည်ဟုသာ မှတ်သားထားကြ၏။ ထို့ကြောင့် အလေးမမူ ဂရုမပြုကြချေ။

တာစမ်းအဖွဲ့တွင် ဓားရေးအဓိကဂိုဏ်းနှင့် အတွင်းအားအဓိကဂိုဏ်းတို့ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြရာ၌ အတွင်းအားအဓိကဂိုဏ်းက အရေးသာခဲ့သည်။ ယဲ့ပို့ချွင်၏ ဆရာသမားက တာစမ်းဂိုဏ်းချုပ်အဖြစ် တာဝန်လွှဲပေးသော အချိန်တွင် ယဲ့ပို့ချွင်သည် ဓားရေးအဓိသမားများ ရုတ်တရက် လာရောက်တိုက်ခိုက်မည်ကို စိုးရိမ်ပူပန်မိသည်။

ထို့ကြောင့် အတက်အဆင်း ခက်ခဲသော တောင်ထိပ်ပေါ်တွင် အဆောက်အအုံတစ်ခု ဆောက်ပြီး လင်မယား နှစ်ယောက် သီးခြားနေထိုင်ကြသည်။ တာစမ်းတပည့်များမှာမူ ယဲ့ပို့ချွင်နှင့် ဇနီးသည် အေးချမ်းတိတ်ဆိတ်စွာ နေလိုပြီး သိုင်းပညာ လေ့ကျင့်

ရန်အတွက် ထိုနေရာမျိုးကို ရွေးချယ်ခြင်းဖြစ်သည် ဟု မှတ်ထင်ထားခဲ့ကြ၏။

"ငါ ဆယ်ညတိတိသွားပြီး ချောင်းနားထောင်ပေမဲ့ ဘာမှ အကြောင်းမထူးခဲ့ဘူး။ အဲ ... နောက်ပိုင်းတော့ ငါထင်တဲ့အတိုင်း ကြားရ သိရ မြင်ရတော့တာပဲ။ တစ်ညတော့ နင့်အမေက မေးတယ်။ အစ်ကို ... အစ်ကို့ကြည့်ရတာ အခြေအနေပြောင်းနေတယ်။ ခရမ်းရောင်ခြည်အတွင်းအား ကျင့်တာဟာ လွဲချော်နေလို့လား။ ဆန္ဒစောရင် ဒုက္ခဖြစ်နေပါဦးမယ်တဲ့။ နင့်အဖေကတော့ အေးအေးဆေးဆေးပဲ ပြန်ပြောတယ်။ ဘာမှမဖြစ်ဘူး ခရမ်းရောင်ခြည် အတွင်းအားကျင့်တာကလည်း အဆင်ချောမောပါတယ်တဲ့ ...

"အမှန်တော့ နင့်အမေက သိပြီးသား။ တမင် နင့်အဖေကို စိတ်စမ်းကြည့်တာ၊ နင့်အမေက ပြောတယ်၊ အစ်ကို ကျွန်မကို မညာချင်ပါနဲ့တဲ့။ အစ်ကို နောက်ပိုင်းမှာ စကားပြောရင် ဘာဖြစ်လို့ မိန်းမသံပေါက်ပြီး အသံစူးစူး ဖြစ်နေတာလဲတဲ့၊ နင့်အဖေက ဒေါသထွက်ရော၊ အရမ်းလျှောက်မပြောနဲ့၊ ငါ့အသံက ခါတိုင်းလိုပဲ၊ ဘယ်မိန်းမသံ ပေါက်ရမှာလဲတဲ့။ နင့်အမေက တစ်ဆင့်တက်ပြီး မေးရော။ အစ်ကို့မှာ ဘယ်လိုရှင်းလင်းရှင်းတဲ့ အကြောင်းတွေ ရှိနေတာလဲ။ ရှိရင်လည်း ကျွန်မကို ထုတ်ပြောပါ။ အစ်ကို ဘယ်လိုကွယ်ဝှက်ချင်ရတာလဲ။ ကျွန်မတို့အိမ်ထောင်သက်က နည်းတော့တာမှ မဟုတ်တာတဲ့ ...

"နင့်အဖေက တော်တော်ဉာဏ်များတယ်။ သူ မှုပျက်နေတာကို နင့်အမေ ရိပ်မိနေပြီ ဆိုတာကိုပဲသိရော၊ တစ်မျိုးလှည့်

ပြောတယ်။ စုန်းစမ်းတောင်မှာ တောင်ငါးလုံးဂိုဏ်းချုပ်နေရာ ပေးအပ်ပွဲက နီးကပ်လာလို့ ငါ အဲဒီကိစ္စနဲ့ ခေါင်းရှုပ်နေတာပါ၊ တခြားအကြောင်း ဘာမှမရှိဘူး၊ ကွယ်ဝှက်ထားတဲ့ အကြောင်းလည်း ဘယ်တစ်ခုမှ မရှိဘူးလို့ ပြန်ပြောတယ်၊ နှင့်အဖေက နှင့်အမေကိုတောင် အပြစ်တင်ကာ ပြောသေးတယ်၊ နင် ငါ့ကို သက်သက်သာသာမကင်း ဖြစ်နေတာတဲ့ ...

"ဒီတော့ နှင့်အမေက တစ်ဆင့်တက်ပြီး ပြောပြန်တယ်၊ ကျွန်မရင်ထဲမှာ ရှိတာကို ပြောထုတ်ရရင် အစ်ကို စိတ်မဆိုးနဲ့။ ကျွန်မ သိရသလောက်တော့ ရှင်က စုန်းကလေးကို မဟုတ်မတရား စွပ်စွဲတာပဲတဲ့။ နှင့်ဖေဖေက ဘာပြန်ပြောသလဲဆိုတော့ သူက ကုမ္ပာန်အဖွဲ့ဝင်တွေနဲ့ ဖက်လဲ့တကင်း ပေါင်းသင်းတယ်၊ ဂုမ္ဘာန်ဂိုဏ်းချုပ်သမီးနဲ့ ချစ်နေကြတယ်။ ဒါက သိုင်းလောက တစ်ခွင်မှာ ဖုံးကွယ်လို့မရတဲ့ သတင်းပဲ၊ အဲဒါ ငါက ဘယ်လို မဟုတ်မတရား စွပ်စွဲတယ်လို့ ဆိုနိုင်မှာလဲတဲ့ ...

"နှင့်မေမေက ဒါကို ကျွန်မ မငြင်းဘူး။ အဓိက ဒါကိုပြောတာလည်း မဟုတ်ဘူး။ ကျွန်မ ပြောချင်တာက စုန်းကလေးနဲ့ ဖင်းကလေးရဲ့ မိစ္ဆာရှင်ဓားရေးကို ခိုးယူသွားတယ်လို့ ရှင်ကစွပ်စွဲတာဟာ မတရားလုပ်ကြံစွပ်စွဲတာပဲတဲ့။ ဒါတောင် နှင့်အဖေက မလျှော့သေးဘူး ...

"ဘာပြောသလဲဆိုတော့ သူ့ဓားရေး ဒီလောက် တစ်ဟုန်ထိုး တိုးတက်လာတာဟာ မိစ္ဆာရှင်ဓားရေးကို ခိုးလေ့ကျင့်တာ မဟုတ်ရင် ဘာကြောင့် ဖြစ်နိုင်သလဲတဲ့ ...

"နှင့်အမေက ပြန်ပြောပြန်တယ်။ ဒါကတော့ ကံကောင်းထောက်မလို့ တခြားက နည်းကောင်းလမ်းကောင်းရပြီး လေ့ကျင့်တာ ဖြစ်မှာပါ။ ကျွန်မ သိရသလောက် ဆိုရင် စုန်းကလေးဟာ ဟော့ဟော့ရမ်းရမ်း ပြောဆိုပြုမူတတ်တာကလွဲလို့ ခိုးကြောင်ခိုးဝှက် မလုပ်တတ်ဘူး၊ ငယ်စဉ်က ကြီးတဲ့အထိ ဘွင်းဘွင်းပြောပြီး ဘွင်းဘွင်းပဲ လုပ်တတ်တဲ့ အကျင့်ရှိတယ် စမ်းကလေးကိုလည်း သူ သိပ်သံယောဇဉ်ရှိတယ်။ စမ်းကလေးက ဖင်းကလေးနဲ့ တွဲမိတော့ စုန်းကလေးအနေနဲ့ သိပ်လည်း ထိခိုက်တယ်။ ပြီးတော့ စုန်းကလေးဟာ မာန်မာနရှိသူဖြစ်တော့ ဖင်းကလေးရဲ့ မိစ္ဆာရှင်ဓားရေးကို ဘယ်နည်းနဲ့မှ နှစ်သက်လက်ခံမှာ မဟုတ်ဘူး။ ဖင်းကလေးက လက်နှစ်ဖက်နဲ့ စုံကမ်းပေးတောင် စုန်းကလေးဟာ လက်ခံမဲ့သူ မဟုတ်ဘူး။ ခိုးယူပြီး လေ့ကျင့်ဖို့ဆိုတာတော့ အဝေးကြီးဆိုပြီး နှင့်အမေက ပြောတယ် ...

"နှင်အဖေက ဘာပြောသလဲဆိုတော့ သူ့ကို ဇာစမ်းအဖွဲ့က နှင်ထုတ်လိုက်တဲ့အတွက် ညှိမ စိတ်မကောင်း ဖြစ်နေတာပါ။ ဒါကလည်း ဂိုဏ်းရဲ့စည်းကမ်းကို ဖောက်ဖျက်လို့ နှင်ထုတ်ရတာ ဖြစ်တော့ ငါ့မှာ အပြစ်မရှိပါဘူးလို့ ပြောတယ် ...

"ဒီတော့ နှင့်အမေက ဒါကတော့ ထားပါတော့ ဓား ကျမ်းကို သူ မခိုးဘဲနဲ့ ရှင်က သူ ခိုးပါတယ်ဆိုပြီး ဘာကြောင့် စွပ်စွဲရတာလဲ ဆိုပြီး မေးတယ်။ နှင့်အဖေ ဘာမှပြန်မပြောနိုင်ခင်မှာပဲ နှင့်အမေက ဆက်ပြောတယ်။ တကယ့်တကယ်မှာ ဖင်းကလေးရဲ့ ဓားကျမ်းကို စုန်းကလေး မယူဘူးဆိုတာကို ရှင်က

နှင့်အဖေက ကြားဖြတ်ပြီး ဝေ့လည်ကြောင်ပတ်ပြောဖို့ ကြိုးစားတယ်။ ဒါပေမဲ့ နှင့်အဖေက အားလျော့လိုက်တဲ့ ပုံပါပဲ ...

"နှင့်အမေက ဆက်ပြောတယ်၊ အစ်ကို ... ကျွန်မတို့ ဂုာစမ်းအဖွဲ့မှာလည်း ကိုယ့်ပညာရပ်နဲ့ကိုယ် ရှိပြီးသားပါပဲ။ ခရမ်းရောင်ခြည် အတွင်းအားကျင့်စဉ်ဆိုရင် တကယ် အထွတ်အထိပ် ပညာပါပဲ။ ကိုယ့်ဂုာစမ်းအဖွဲ့ရဲ့ ပညာရပ်ကို လေ့ကျင့်ပြီး သိုင်းလောကတစ်ခွင်မှာ ကျော်ကြားအောင် လုပ်နိုင်သားနဲ့ ဘာဖြစ်လို့ သည့်ပြင်ပညာကို လေ့ကျင့်ဖို့ လိုသေးလည်း၊ မလိုပါဘူး၊ တစ်ခုရှိတာက ကျိုလိန်းရှန်က တောင်လေးလုံးကို ဝါးမျိုပြီး တောင်ငါးလုံးအဖွဲ့ ဖွဲ့ဖို့ကြံစည်ပေမဲ့လည်း ကျွန်မတို့ ဂုာစမ်းဟင်စမ်းနဲ့ ချူးစမ်း အဖွဲ့သုံးဖွဲ့ သွေးစည်းလိုက်တာ ကျိုလိန်းရှန်ရဲ့ အကြံအစည် ပျက်ပြားသွားနိုင်တယ်။ တိုက်ကြခိုက်ကြရဦးတော့ ကျွန်မတို့ပဲ အနိုင်ရဖို့ များတယ်လို့ နှင့်အမေက ပြောတယ် ...

"နှင့်အဖေက ငြိမ်နားထောင်နေတယ်။ နှင့်အမေက ဘာဆက်ပြောသလဲဆိုတော့ အရေးကြီးတာက ဂုာစမ်းအဖွဲ့ဆိုတဲ့ နာမည်ကို သိုင်းလောကတစ်ခွင်က မပျောက်ကွယ်သွားအောင် ထိန်းသိမ်းနိုင်ဖို့ သိပ်ပြီး အရေးကြီးသတဲ့။ တကယ်လို့ တိုက်ရင်း ခိုက်ရင်း သေသွားမယ် ဆိုရင်တောင် မသေဝံ့စရာ အကြောင်းမရှိဘူး။ သေသွားရင်တောင် မြတ်သေးတယ်တဲ့"

ယဉ်ယဉ်သည် လင်းကျူးချဲ၏ စိတ်ကူးစိတ်သန်းနှင့် အယူအဆကို ကျိတ်၍ ချီးမွမ်းမိသည်။

ကျွန်မထက်တောင် ပိုသိပါသေးတယ်တဲ့။ နှင့်အဖေ အနာပေါ်တုတ်ကျသွားရော။ ဒေါသတကြီး အော်ပြောတယ်။ ငါက ဘယ်လိုလုပ်ပြီး နှင့်ထက် ပိုသိရမှာလဲ ပြောစမ်းတဲ့"

လင်းဖင်းကျည်က ယဲ့ပို့ချွင်၏ အသံနှင့် တစ်ထေရာတည်း တူအောင်ပင် အသံကိုမြှင့်ပြီး ပြောဆိုပြသောကြောင့် ယဲ့လင်စမ်းပင်လျှင် ကြက်သီးထမိသည်။

လင်းဖင်းကျည်က ဆက်ပြောပြန်သည်။

"နှင့်အမေကတော့ သာသာနဲ့ နာနာ နှက်တယ်။ စကားပြောတာ လေသံမပြောင်းဘူး။ အဲဒီ ဓားကျမ်းကို ဘယ်သူယူသွားတယ် ဆိုတာ ကျွန်မ မသိဘဲ နေမလား။ ယူသွားတဲ့သူက စုန်းကလေး မဟုတ်ဘူး၊ ရှင်ယူသွားတာတဲ့။ နှင့်အဖေက ယမ်းပုံမီးကျ ဖြစ်ရာ။ နင် ... နင် ... နင် ကစားပြောတာ ... နင်ဆိုပြီး ဆက်တောင် မပြောနိုင်တော့ဘူး ...

"နှင့်အမေက ဆက်ပြောတယ်။ ဟိုရက်က စုန်းကလေး မွေမြှောနေတော့ ကျွန်မက ဆေးထည့်ပေးတယ်။ အဲဒီတုန်းက ကျွန်မ သတိထားကြည့်မိတော့ စုန်းကလေးရဲ့ ရင်ဘတ်ကြားမှာ သင်္ကန်းခေါက်တစ်ခု တွေ့ရတယ်။ သင်္ကန်းပေါ်မှာ စာတွေရေးထားတယ်။ ရေးထားတဲ့ စာသားတွေကလည်း ဓားရေးနဲ့ ပတ်သက်တယ်။ အဲ ... ကျွန်မ သူ့အပါးက ခွာပြီး နောက်တစ်ခေါက် ပြန်ရောက်တော့ အဲဒီသင်္ကန်း မရှိတော့ဘူး။ စုန်းကလေးလည်း သတိပြန်ရသေးတာ မဟုတ်ဘူး။ ကျွန်မလည်း မယူဘူးဆိုတော့ စကားကို ခဏဖြတ်ထားပြီး နှင့်အမေက ဆက်မပြောသေးခင်မှာ

ဆိုတော့ ရှင် လေ့ကျင့်မကျင့် ကျွန်မနိုးကြည့်မှပဲ သိရတော့မှာ လားတဲ့။ နှင့်အဖေကတော့ မရမက မေးတယ်၊ ပြောစမ်း ဘယ်လိုလုပ် သိသလဲတဲ့ ...

"ရှင် စကားပြောတဲ့ လေသံတွေ ပြောင်းလာတာကို ရှင် ကိုယ်တိုင် သတိမထားမိဘူး မဟုတ်လားလို့ နှင့်အမေက ပြန်မေးတယ်၊ နှင့်အဖေကတော့ စွတ်ငြင်းတယ်၊ ငါ့အသံ ဘာမှမဖြောင်းဘူး ခါတိုင်းလိုပဲတဲ့။ သည်တော့ နှင့်အမေက ရှင် မနက်အိပ်ရာထသွားချင် ရှင့်မုတ်ဆိတ်မွေးတွေ တစ်ထွေးကြီး ကျွတ်ကျန်ရစ်ရယ် ဆိုပြီး ပြောလိုက်တာ နှင့်အဖေက ဗြောင်ငြင်းပြီး ဒေါသတကြီး အော်ပြောတယ်။ ဒါပေမဲ့ သူ့အသံက တုန်နေတယ် ...

"နောက်ဆုံးမှ နှင့်အမေက တစ်ဆင့်တက်ပြီး ပြောစယ်၊ ကျွန်မ အစောကြီးတည်းက သိပြီးသားပါ။ မသိချင်ယောင်ဆောင်နေတာတဲ့။ ရှင် မုတ်ဆိတ်မွေးတု နှုတ်ခမ်းမွေးတု တပ်ဆင်ထားတာကို အပြင်လူ မသိပေမဲ့ တစ်အိပ်ရာတည်းအိပ်တဲ့ ကျွန်မက မသိဘဲ နေမလားလို့ ပြောလိုက်တော့မှ နှင့်အဖေက မငြင်းသာတော့ဘူး။ ငြိမ်သွားရာက တခြားလူ ဘယ်သူသိသေးသလဲ ဆိုပြီး နှင့်အမေကို မေးတယ်။ နှင့်အမေက ဘယ်သူမှ မသိဘူးဆိုတော့ စမ်းကလေးကော သိသလားတဲ့။ နှင့်အမေက စမ်းကလေးလည်း မသိဘူးလို့ ပြောတော့မှ နှင့်အဖေက ဒါဆိုရင် လင်းဖင်းကျည်ဇည်း မသိသေးဘူးပေါ့ ဆိုပြီး ပြောတယ်။ နှင့်အမေလည်း ထောက်ခံတယ်။ ဖင်းကလေး သိနိုင်စရာအကြောင်း မရှိပါဘူးတဲ့ ...

"နင်ပြောတဲ့အတိုင်း ဆိုရင်တော့ မေမေပြောတဲ့ စကားက သင့်တော်တယ်၊ နည်းလမ်းကျတယ်"

"အေး ... နည်းလမ်းကျပေမဲ့ အဲသည်အချိန်မှာ နှင့်အဖေက မိစ္ဆာရှင်းစားရေးကို ခိုးလေ့ကျင့်ထားပြီးပြီ။ နှင့်အမေစကားကို လက်မခံဘူး၊ နှင့်အဖေက ဆင်ခြေတက်တယ်။ ဘယ်လိုပြောသလဲဆိုတော့ ဒါက မိန်းမတွေး တွေးတာပဲ။ မိုက်ရူးရဲဆန်တယ်၊ အကျိုးမဲ့ အသက်စွန့်လို့ ဘာလုပ်ရမှာလဲတဲ့ ...

"နှင့်အမေက ပြန်ပြောတာကတော့ ဗာစမ်းအဖွဲ့ကို မပျောက်ပျက်အောင် ရှင် ထိန်းသိမ်းတာ ဆိုရင်တော့ ကျွန်မ ဘာမှပြောစရာ အကြောင်းမရှိဘူးတဲ့။ ဒါပေမဲ့ မိစ္ဆာရှင်းစားရေးကို လေ့ကျင့်တာဟာ အကျိုးမရှိဘဲ ကိုယ့်ဒုက္ခ ကိုယ်ရှာတာပဲ ဖြစ်မယ်တဲ့။ တကယ်ကောင်းကျိုးပေးရိုးမှန်ရင် ဖုဝေးသယ်ယူပို့ဆောင်ရေးရဲ့ မျိုးရိုးစဉ်ဆက် သည်စားရေးကို မဖြစ်မနေ လေ့ကျင့်ကြာမှာပဲတဲ့။ နောက်ဆုံး သူများရဲ့ ရက်စက်မှုအောက်မှာ အသက်ဆုံးရှုံးသွားရတာကိုက ဒီမိစ္ဆာရှင်းစားရေးကို လေ့ကျင့်လို့ မသင့်ဘူးဆိုတာ စဉ်းစားစရာ ဖြစ်နေတယ်။ ဖုဝေးရဲ့ မျိုးရိုးစဉ်ဆက် လေ့ကျင့်တဲ့ အကြောင်းရင်းကို အရင်စူးစမ်းဖို့ သိပ်ကောင်းတယ်လို့ နှင့်အမေက ပြောတယ် ...

"နှင့်အဖေက သူဖုံးထားတာတွေ ပေါ်ကုန်ပြီဆိုတာ သိရတော့ ဒေါသတကြီးနဲ့ အော်ဟစ်မေးတယ်။ ငါ မိစ္ဆာရှင်းစားရေးကို လေ့ကျင့်တာကို နင် ဘယ်လိုလုပ်သိသလဲ။ နှင့်ဘယ်လိုလုပ် သိတာလဲဆိုပြီး အထပ်ထပ်မေးတယ်၊ နှင့်အမေက ဘာပြောသလဲ

"နင့်အဖေက ကောင်းပြီ ငါ နက်ဖြန်ကျရင် လင်းဖင်းကျည်ကို ပြန်ပေးလိုက်တော့မယ့်၊ ငါလည်း နက်ဖြန်ကစပြီး ဆက်မကျင့်တော့ဘူး၊ စုန်းကလေးကိုလည်း အပြစ်က လွတ်ငြိမ်းခွင့်ပေးလိုက်မယ်ဆိုပြီး ပြောတယ် ...

"နင့်အမေက သင်္ကန်းကို ငါ့ကို လက်ဆင့်ကမ်းမှာကို သဘောမတူဘူး၊ သည်လောက် ရက်စက်ပြီး ဒုက္ခကြီးမားတဲ့ ဓားရေးကို ဖင်းကလေးကို မပေးပါနဲ့။ ဖျက်ဆီးပစ်လိုက်တာဟာ အကောင်းပဲဆိုပြီး ပြောတယ်"

"အဲဒီတုန်းက ဖေဖေသာ လက်ခံလိုက်ရင် ကောင်းတာပေါ့နော်၊ ဒီကိစ္စမျိုးလည်း ပေါ့ပေါက်မှာ မဟုတ်ဘူး"

"နင်ထင်တာ မှားတယ်။ နင့်အဖေက နင့်အမေစကားကို နားထောင်တယ်။ ငါ ချက်ချင်းပဲ ဖျောက်ဖျက်ပစ်လိုက်တော့မယ်တဲ့။ ငါကတော့ ထိတ်လန့်တုန်လှုပ်သွားမိတယ်။ ကောင်းကျိုးပေးပေး ဆိုးကျိုးပေးပေး ဒါက ငါတို့မျိုးဆက်ရဲ့ ဘိုးဘွားအမွေစစ်ပဲ၊ နင့်အဖေက ပြတင်းပေါက်ဖွင့်ပြီး သင်္ကန်းကို လွှင့်ပစ်လိုက်တယ် ...

"အမှန်တော့ ငါမရှိရင် ချောက်နက်ထဲ ကျသွားဖို့ပဲ၊ ငါက ဘယ်အကျဉ်နိုင်မလဲ။ ငါ့မိဘရဲ့ ရန်ကြွေးကို ဆပ်ဖို့တာဝန် ငါ့ မှာရှိနေသေးတယ် ...

"ငါက ချောက်ကမ်းပါးလို လက်နဲ့ မြေမြှုတွယ်ရင်း ခြေနဲ့လှမ်းချိတ်လိုက်တော့ ချိတ်မိသွားတယ်။ ခြေနဲ့ ပြန်ကော့တင်လိုက်တော့ ပြန်ရတာပေါ့"

"ဒါဖြင့် မေမေကတော့ ဖေဖေ သင်္ကန်းကို တောင်ချောက်ထဲ လွှင့်ပစ်လိုက်ပြီး ဆက်မလေ့ကျင့်တော့ဘူးလို့ ထင်နေမှာပေါ့။ ဖေဖေကတော့ အကွက်တွေ မှတ်မိပြီး ဆက်လေ့ကျင့်တာဖြစ်မယ်"

"နင် ထင်တာ သိပ်ဟုတ်တာပေါ့"

"အေးလေ ... ကံကြမ္မာ ဖန်လာတော်လို့ပဲ ပြောရမလားနော်၊ ဘာပဲဖြစ်ဖြစ် နင့်မိဘ ရန်ကြွေကိုတော့ နင် ဆပ်လိုက်နိုင်တာပဲ"

"ဒါပေမဲ့ ငါ ဘယ်လိုမှ စဉ်းစားလို့ မတတ်တာတွေ ရှိတယ်။ စုန်းစမ်းဂိုဏ်းချုပ် ကျိုလိန်းရှန် သုံးသွားတာလည်း မိစ္ဆာရှင်းဓားကွက်ပဲ။ ဒါပေမဲ့ ရှေ့ပိုင်း သုံးဆယ့်ခြောက်ကွက်ကတော့ ဟုတ်သလိုလို ရှိသားနဲ့ နောက်ပိုင်း အကွက်တွေက တစ်မျိုးပဲ။ နင့်အဖေကိုလည်း အရှုံးပေးလိုက်ရတယ်။ ဒါတောင် ကျိုလိန်းရှန်က ဓားရေးမြင့်လို့ နောက်ပိုင်း ဓားကွက်တွေနဲ့ နင့်အဖေရဲ့ ဓားချက်တွေကို ချေဖျက်ဖယ်ရှားနိုင်ခဲ့တာ။ ကျိုလိန်းရှန်က သူ့ဓားကွက်ကို သုံးနိုင်တာ ငါ အံ့သြတယ်။ ဒါပေမဲ့ သူ့ရဲ့ စုန်းစမ်းဓားကွက်ကို သုံးရင်လည်း မရပါဘူး။ အစောကြီး သူ့ရဲ့စုန်းစမ်းဓားကွက်ကို ရှုံးမယ်။ မိစ္ဆာရှင်းဓားရေးကို ဘယ်သူမှ ယှဉ်နိုင်တာမှ မဟုတ်ဘဲ"

ယဉ်ယဉ်က စဉ်းစားတွေးတော ကြည့်မိသည်။

"ငါတို့ဂိုဏ်းထဲကရလို့ ခိုးသင်တာပဲ ဖြစ်မယ်။ ဒါပေမဲ့ ဟုန်းဝမ်းပုပိုက်ကို ဘယ်သူမှ မယှဉ်နိုင်ဘူး။ ယုံပို့ချင်ရော နင်

ပါ ဘယ်နည်းနဲ့မှ ဟုန်းဝမ်းပုပိုက်ကို ယှဉ်နိုင်မှာ မဟုတ်ဘူး။ ဟုန်းဝမ်းပုပိုက်ရဲ့ အကွက်ကို နင်မြင်ရရင် သိပ်အံ့အားသင့်သွားမယ်"

ထိုအခိုက် အလှမ်းဝေးမှ မြင်းအကောင် နှစ်ဆယ်ခန့် စီးနင်းလာခဲ့သည့် မြင်းခွာသံကို ယဉ်ယဉ် ကြားလိုက်ရသည်။ ထို့ကြောင့် ကိုယ်ဖော်ပညာဖြင့် ယဉ်ယဉ်က လင်းဟူစုန်းထံသို့ ပြန်လာခဲ့သည်။

"အစ်ကို ... လူတွေ လိုက်လာနေကြပြီ"

တက္ကသိုလ်ဝင်းကြွယ်

(ဒုတိယပိုင်း ပြီးပြီ)

ဝင်းကြွယ်-သိုင်းလောကပြက်လုံး

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၁၀၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၉၂၀၆၀၈

ထုတ်ဝေသူ - ဦးချစ်ညွန့် (ဇင်ရတနာစာပေ
အမှတ် (၂၀၅)၊
မြို့သစ် (၄)လမ်း၊ အင်းစိန်

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဒေါ်ခင်ကြွေ
ရတနာမန္တ္တပုံနှိပ်တိုက်
အမှတ် (၂၀၇)၊
ဝေယန္တာလမ်းမကြီး၊
သဃ်ိန်းကျွန်း။

အဖုံးပုံနှိပ်သူ - ဦးကျော်စိန်
(ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ် ၁၃၁၊ ၃၃ လမ်း။

စီစဉ်သူ - မောင်တင်ဌေး

မျက်နှာဖုံးပန်းချီ - သဲဇာ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၇၅၀ ကျပ်

ပထမအကြိမ် -စက်တင်ဘာလ၊ ၂၀၀၆။

တက္ကသိုလ်ဝင်းကြွယ်

သိုင်းလောကပြက်လုံး
(ဇာတ်သိမ်းပိုင်း)

ဘုရား ၊ တရား ၊ သံဃာ
အမိ ၊ အဖ ၊ ဆရာသမား
အာနန္တော အနန္တငါးပါးအား
ဦးထိပ်ထားလျက်

ရွှေဟာသ်စာပေ

(ရွှေဟာသ်စာပေ)
အမှတ်(၅)ဘဃသုဒ္ဓိလမ်း၊ ကျောက်မြောင်း
တာမွေ၊ ရန်ကုန်မြို့။

အခန်း(၁)

"သူများ သမီးရည်စားစကားပြောတာကို **သွားချောင်း**နားထောင်နေတာလား၊ ဒီလောက်တောင် **ကြာရတယ်လို့**"

"ထို ... သူတို့ဘာသာသူတို့ မိစ္ဆာရှင်းဓားရေး လေ့ကျင့်ဘဲ့အကြောင်း ပြောနေကြတာ"

လင်းဟူစုန်း ထိုင်ချလိုက်ပြီး ဆက်ပြောပြန်သည်။

"တို့ ဟိုဘက်မှာ သွားစောင့်ကြည့်ရအောင်"

ယဉ်ယဉ်က လင်းဟူစုန်း၏ ဒဏ်ရာကြောင့် သဘောမတူချင်သော်လည်း လင်းဟူစုန်းသည် ယဲ့လင်းစမ်း အတွက် အလွန်စိုးရိမ်ကြီးကြောင်း ယဉ်ယဉ် သိသည်။ ထို့ကြောင့် လင်းဟူစုန်း၏ ဆန္ဒအတိုင်း လိုက်လျောလိုက်ရ၏။

လင်းဟူစုန်းသည် မြင်းလှည်းကို လမ်းမကြီးပေါ်တွင် မထားတော့ပဲ ဂျုံခင်းထဲသို့ ဆွဲချထားလိုက်သည်။ ပြီးနောက် ယဉ်ယဉ်နှင့် လင်းဟူစုန်းသည် ဂျုံခင်းထဲသို့ဆင်းပြီး လင်းဖင်းကျည်တို့ **မြင်းလှည်းဆီသို့** တရွေ့ရွေ့ ချဉ်းကပ်သွားကြရန် စီစဉ်ကူးသည်။ သို့**သော်** လင်းဟူစုန်းက ဒဏ်ရာရထားသောကြောင့် ကိုယ်ဖော်သိုင်းပညာကို အသုံးမခံနိုင်ပေ။

ယဉ်ယဉ်သည် အခက်တွေ့နေသည်။ လင်းဟူစုန်းအား ပွေ့ချီပြီး သွားရန်ကိုလည်း တွေးပြီး ရှက်မိသည်။ ထို့ကြောင့် လင်းဟူစုန်း၏ ကုပ်ပိုးအင်္ကျီနှင့် နောက်ကျောကိုဆွဲကိုင်ပြီး မြှောက်ယူလိုက်သည်။

"အစ်ကို့ကို ကျွန်မ ပြစ်မှားရတော့မယ်"

ဤသို့ပြောဆိုရင်း ယဉ်ယဉ်သည် လင်းဟူစုန်း၏ ကိုယ်ကို မြှောက်ပင့်၍ ကိုယ်ဖော့ပနားကိုအသုံးပြုပြီး ဂျုံခင်းထဲမှ ဖြတ်ပြေး သွားလေသည်။ လင်းဟူစုန်းသည် ရယ်ချင်မိ၏။ ဟင်စမ်းဂိဏ်းချုပ် တစ်ဦးကို ယဉ်ယဉ်က ဤကဲ့သို့ ကိုင်မြှောက်ပြီး ပြေးနေသည်က တစ်ယောက်ယောက်ကသာ တွေ့ရှိသွားပါက သူတစ်ပါး ကဲ့ရဲ့ စရာ ဖြစ်နေသည်။

လင်းဖင်းကျည်တို့လှည်းနှင့် မလှမ်းမကမ်းသို့ ရောက်သော အခါ ယဉ်ယဉ်သည် လင်းဟူစုန်းကို ဂျုံပင်များအကြားတွင် ညင်ညင်သာသာ ချထားလိုက်သည်။

"ရှင် ငြိမ်ငြိမ်လေးနေနော်၊ မလှုပ်နဲ့"

ယဉ်ယဉ် စကားအဆုံးတွင်ပင် ယဲ့လင်းစမ်း၏ စကားသံက ထွက်ပေါ်လာခဲ့သည်။

"လူတွေ လိုက်လာကြပြီ၊ စိမ်းကားအဖွဲ့က လူတွေ ဖြစ်မယ်"

"နင်က ဘယ်လိုလုပ် သိသလဲ"

"တို့လင်မယား ဒဏ်ရာရထားမှန်းသိလို့ လိုက်လာတာ ဖြစ်မှာပေါ့၊ လက်ထဲမှာ မီးတုတ်ကိုယ်စီ ကိုင်ထားတယ်၊ အတော် ရဲပြီး လိုက်ခဲ့တာပဲ ဖြစ်မယ်"

"မီးတုတ်တွေ တော်တော်များလား"

"ဟုတ်တယ်"

လင်းဖင်းကျည်က စိမ်းကားဂိဏ်းအဖွဲ့သည် မိမိတို့၏ လှည်းကို မီးတင်ရှို့ရန် ကြံရွယ်ချက်ရှိကြောင်း ရိပ်စားမိလိုက်သည်။

"အမြန် လှည်းပေါ်ကဆင်း။ ဒါ လှည်းကို မီးတင်ရှို့ဖို့ အကြံနဲ့လာတာ"

ယဲ့လင်းစမ်းတို့ လှမ်းပေါ်မှ ခုန်ဆင်းလိုက်သည်။

များမကြာမီတွင် မြင်းစီးလာခဲ့ကြသည့်လူအုပ်သည် လင်းဖင်းကျည်တို့၏ လှည်းအနီးသို့ ရောက်ရှိခဲ့ကြသည်။

"ခွေးသူခိုး လင်းဖင်းကျည် လိပ်လိုမနေနဲ့၊ သတ္တိရှိရင် လှည်းအပြင်ကို ခေါင်းထုတ်စမ်း"

"ဆင်းပြေးသွားကြပြီနဲ့တူတယ်"

တစ်ယောက်က လှည်းထဲသို့ မီးတုတ်တစ်တုတ် ပစ်သွင်းလိုက်သည်။ ရုတ်တရက် လှည်းထဲမှ လက်တစ်ချောင်း ထွက်ပေါ်လာပြီး မီးတုတ်ကို ဖမ်းယူ၍ အပြင်ဘက်သို့ ပြန်ပစ်ထုတ်လိုက်သည်။

"ခွေးကောင် အထဲမှာ ရှိသားပဲ"

မီးတုတ်ကို မြင်းပေါ်မှ လူများက တစ်တုတ်ပြီး တစ်တုတ် လှည်းပေါ်ဆို့ ပစ်သွင်းသော်လည်း လှည်းပေါ်မှလူက ဖမ်းယူနိုင်ခဲ့ပြီး အပြင်သို့ ပြန်ပစ်ထုတ်ခဲ့သည်။ မီးတုတ်ရှစ်တုတ်ကို လှည်းပေါ်မှလူက ဖမ်းယူပြီး ပြန်လည်ပစ်ထုတ်လိုက်သည့် လက်မှာ အတော်ပြင်းထန်သောကြောင့် မြင့်မားသောသိုင်းသမားတစ်ယောက် ဖြစ်မည်ဟု လင်းဟူစုန်း ကောက်ချက်ချမိ၏။

စိမ်းကားအဖွဲ့သားများသည် လှည်းကို ဝိုင်းထားကြသည်။

"ခွေးသား လှည်းပေါ်က မဆင်းဝံ့တော့ဘူး ထင့်တယ်"

မီးတုတ်ကို ဖမ်းယူသည့်လက်သည် အရှေ့တွန့်နေပြီး လင်းဖင်းကျည်၏ လက်နှင့်မတူကြောင်း စိမ်းကားအဖွဲ့သား များကလည်း သတိထားမိကြ၏။ ထို့ကြောင့် ရုတ်တရက် လှည်းကို စုပြုံပြီး ဓားဖြင့် ထိုးသွင်းကြတော့သည်။

လှည်းအတွင်းမှ လူတစ်ယောက်သည် လှည်း၏ ခေါင်မိုးပေါ်သို့ ခုန်ထွက်လိုက်သည်။ **လက်ထဲတွင် ဓားရှည်တစ်လက်ကို ဆောင်ထားပြီး လျှပ်တပြက်အတွင်း ထိုးနှက်လိုက်ရာ စိမ်းကားအဖွဲ့သား နှစ်ယောက် မြေပေါ် လဲကျသွား၏။**

လှမ်းပေါ်မှလူသည် **အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ပဝါစိမ်းကို မျက်လုံးပေါ်ရံလောက်ဖော်၍ စည်းထား၏။** ထိုသူ၏ လှုပ်ရှားဟန်က သွက်လက်ပြီး **တခဏအတွင်းပင် နောက်ထပ် စိမ်းကားအဖွဲ့သား နှစ်ဦး မြေပေါ် လဲကျသွားပြန်သည်။**

လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် လက်ချင်းဆုပ်ကိုင်ထားရာက ညှစ်၍ အချက်ပေး ပြောဆိုလိုက်သည်။

"ဒါ မိန္ဓာရှင်း ဓားကွက်ပဲ"

ဤသို့ **မိန္ဓာရှင်းဓားကွက်ကို ယဲ့ပို့ချင်၊ ကျိုလိန်းရှန်း၊** လင်းဖင်းကျည်တို့အပြင် နောက်ထပ်တစ်ယောက်က အသုံးချလာပြန်သည်ကို တွေ့ရသောကြောင့် **လင်းဟူစုန်း**ရော ယဉ်ယဉ်ပါ ထိတ်လန့်အံ့သြမိကြ၏။

"သူ ... သူတို့ အသုံးပြုတဲ့ဓားကွက်က နင် အသုံးပြုတာနဲ့ **သိပ်ဆင်တာပဲ"**

ယဲ့လင်းစမ်းက **လင်းဖင်းကျည်ကို တီးတိုးပြောပြသည်။**

"ဘာ ငါ့ဓားကွက်နဲ့ဆင်တယ် ဟုတ်လား၊ နင် အကြည့်မှားလို့ ဖြစ်ပါလိမ့်မယ်"

လင်းဖင်းကျင်၏ စကားသံမဆုံးမီတွင် နောက်ထပ် စိမ်းကားအဖွဲ့သားနှစ်ယောက် မြေပြင်ပေါ်သို့ ထိုးလဲကျသွားပြန်သည်။

လင်းဟူစုန်းနှင့် ယဉ်ယဉ်က ထိုဝတ်စုံဝါဝတ်လူ၏ ဓားရေးကို အသေအချာ အကဲခတ်ကြည့်သည်။ ခြေနှတ်ခြေသိမ်းက တုန်ဝှမ်းပုပိုက်ထက် များစွာကွာခြားသည်။ **ယဲ့ပို့ချင်နှင့် လင်းဖင်းကျည်ကိုလည်း မမီနိုင်ကြောင်း လင်းဟူစုန်းနှင့် ယဉ်ယဉ် အကဲခတ်မိသည်။**

"မိန္ဓာရှင်းဓားကွက်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ခြေနှတ်ခြေသိမ်းအတက်အဆုတ် မလျင်သေးဘူး၊ ဒီလူက ဘယ်သူဖြစ်မလဲ"

လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ **တွေးတောစဉ်းစားနေခိုက်** နောက်ထပ် စိမ်းကား**အဖွဲ့**သားတစ်ယောက်၏ ရင်ဝသို့ ဓားချက်ထိမှန်ပြီး လဲကျသွားပြန်လေသည်။ တစ်ဆက်တည်းမှာပင် ဝတ်ရုံဝါနှင့်လူက စိမ်းကား**အဖွဲ့**သားတစ်ယောက်၏ ဓားကို ပိုင်းချလိုက်ပြန်လေသည်။ **စိမ်းကားအဖွဲ့**သားများသည် တုန်လှုပ်ချောက်ချားကုန်ပြီး ဖရိုဖရဲ ဖြစ်သွားကြ၏။

ဝတ်စုံဝါဝတ် အဘိုးအိုသည် ခေတ္တ **အံ့ဩ**ဖြေပြီးနောက် ဓားကို **ဓားအိမ်ထဲ** ပြန်သွင်းလိုက်၏။

"လူစွမ်းကောင်းလေး လင်းဖင်းကျည်နဲ့ **လူစွမ်းကောင်းလေးကတော်တို့ ကျူပ်က စုန်းစမ်းဂိုဏ်းချုပ် ကျိုလိန်းရှန်း၏ အမိန့်အရလာပြီး အကူညီပေးခြင်း** ဖြစ်ပါတယ်"

ဝတ်စုံဝါဝတ်ထားသည့် အဘိုးအိုက **အသံကိုဖျက်၍** လည် **ချောင်းသံအစစ်အစ်ဖြင့်** ပြောသည်။ လင်းဖင်းကျည်နှင့် **ယဲ့လင်းစမ်း**သည် **ဂျုံတောထဲမှ** ထွက်လာခဲ့ကြ၏။ လင်းဖင်းကျည်က **အသံ**ရှင်ဘက်သို့ **မျက်နှာမူပြီး** ...

"ခုလို လာရောက်ပြီး အကူအညီပေးတာကို ကျေးဇူးတင်ပါတယ်၊ နာမည် ဘယ်နှယ့်ခေါ်ပါသလဲ"

"လူစွမ်းကောင်းကလေးနဲ့ လူစွမ်းကောင်းကလေးကတော်တို့ မသမာသူတို့ရဲ့ လုပ်ကြံမှုကြောင့် ဒဏ်ရာရကြတယ်လို့ သတင်းကြားရတာနဲ့ စုန်းစမ်းဂိုဏ်းချုပ် ကျိုလိန်းရှန်းက စေလွှတ်ပြီး အကူအညီ ပေးခိုင်းလိုက်ပါတယ်၊ ဒဏ်ရာကို ကုသပေးဖို့လည်း ဖိတ်ခိုင်းလိုက်ပါတယ်၊ ခုလိုအချိန်မှာ လူစွမ်းကောင်းလေးရဲ့ ယောကျ်ားကိုရှာဖို့ မလွယ်သေးပါဘူး"

ဝတ်စုံဝါဝတ်လူက လင်းဖင်းကျည် မေးသည်ကို မဖြေပဲ သူ ပြောချင်သည့်စကားကိုသာ ဆက်လက်ပြောကြားသည်။ လင်းဖင်းကျည်နှင့် ယဲ့လင်းစမ်းတို့သည် သံသယမကင်းချေ။ ကျိုလိန်းရှန်း မည်ပုံမည်နည်း သိရှိသွားသည်ကို စဉ်းစားနေမိကြသည်။

"ခင်ဗျားရဲ့ စေတနာကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မျက်လုံးအတွက် ကျွန်တော့်ဘာသာ ဆေးကုပါ့မယ်၊ ခင်ဗျားတို့ကို ဒုက္ခမပေးလိုပါဘူး"

"လူစွမ်းကောင်းလေးရဲ့မျက်လုံးက မြောက်ကျွန်းခါးကုန်းရဲ့ အဆိပ်ရည်သင့်တာကြောင့် တော်တော်တန်တန်ဆေးဝါးနဲ့ ကုသလို့ မပျောက်ကင်းနိုင်ဘူး၊ ဂိုဏ်းချုပ် ကျိုလိန်းရှန်းသာ တတ်နိုင်တယ်၊ မဟုတ်ရင် အသက်တောင် ဆုံးနိုင်တယ်"

"ကျွန်တော်နဲ့ ဂိုဏ်းချုပ် ကျိုလိန်းရှန်းက သွေးမတော်မျိုးမစပ်ပဲ ကျွန်တော့်အပေါ် ဘာလို့ ဒီလောက် စေတနာထားတယ်ဆိုတာ မသိရတော့ ကျွန်တော် လက်မခံဝံ့ပါဘူး"

ဝတ်စုံဝတ်အဘိုးအိုသည် အသံထွက်အောင် ရယ်လိုက်သည်။

"ဘုံရန်သူကို စုပေါင်းတွန်းလှန်ရမယ်လေ၊ ဂိုဏ်းချုပ် ကျိုလိန်းရှန်းကလည်း ယဲ့ပို့ချွင်ရဲ့လက်ချက်ကြောင့် မျက်လုံးကန်းခဲ့ရတယ်၊ လူစွမ်းကောင်းလေး ဒီဘဝရောက်ခဲ့ရတာလည်း စဉ်းစားကြည့်ရင် ယဲ့ပို့ချွင်ကြောင့်ပဲ၊ ပြီးတော့ ယဲ့ပို့ချွင်က မိစ္ဆာရှင်းဓားရေးကို တတ်ကျွမ်းထားတဲ့ လူစွမ်းကောင်းလေးကို ဆက်လက်ပြီး အသက်ရှင်သန်ခွင့် မပေးမှာ သေချာတယ်၊ ဟဲ ... ဟဲ ပြီးတော့ ယဲ့ပို့ချွင်ရဲ့ သမီးအရင်းခေါက်ခေါက်က လူစွမ်းကောင်းလေးရဲ့အပါးမှာ နေ့ရောညပါ ရှိနေတဲ့အတွက် မြွေပွေးခါးပိုက်ပိုက်ထားသလို အန္တရာယ်ကို လွယ်ထားတာနဲ့ အတူတူပါပဲ၊ လူစွမ်းကောင်းလေးကို မလုပ်ကြံဘူးလို့ အာမခံနိုင်ပါ့မလား"

ဝတ်စုံအဝါဝတ် အဘိုးအို၏ စကားဆုံးသည်နှင့် ယဲ့လင်းစမ်းသည် အသံကျယ်လောင်စွာ အော်ဟစ်ပြီး ...

"အစ်ကိုလတ် လတ်စသတ်တော့ ရှင် သေမှ မသေပဲကို"

ဝတ်စုံဝါဝတ် အဘိုးအိုသည် အသံကိုဖျက်ပြီး စကားပြောနေခဲ့သော်လည်း ပိရိမှု မရှိသောကြောင့် လင်းဟူစုန်းပင်လျှင် မှတ်မိသွား၏။

"ကောင်မလေးက ဘယ်ဆိုးလို့လဲ၊ ငါ့အသံကို မှတ်မိနိုင်သားပဲ"

ဝတ်စုံဝါဝတ် အဘိုးအို ဟန်ဆောင်ထားသော လောင်းသက်လို့သည် အသံမှန်အတိုင်းပင် ဆက်လက်၍ ပြောဆိုသည်။

"အစ်ကိုလတ် ဖုကျိုးမှာ ခင်ဗျား အသတ်ခံရတာ မဟုတ်ဘူးဆိုတော့ အဌမအစ်ကို့ကို သတ်တာလည်း ခင်ဗျားပဲ မဟုတ်လား"

လောင်းသက်လို့သည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး လင်းဖင်းကျည် မေးသည်ကို ချက်ချင်း မဖြေချေ။

"သူ ... သူ ... လင်းဖင်းကျည်ရဲ့ နောက်ကျောကို ဓားနဲ့ ခုတ်ချတာလည်း သူပဲ ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား၊ ကျွန်မကတောင် အစ်ကိုကြီး လင်းဟူစုန်းကို သွားအထင်မှားမိသေးတယ်၊ သူက လူတစ်ယောက်ကိုသတ်ပြီး မျက်နှာကို ရုပ်ပျက်အောင် ဓားနဲ့ ခုတ်စင်းထားလိုက်တာ ဖြစ်မယ်၊ ပြီးတော့ သူ့ အဝတ်အစားတွေ ပြောင်းလဲဝတ်ထားပေးလိုက်ပြီး အသတ်ခံရသယောင်ယောင် အကွက်ဆင်တာပဲ ဖြစ်မယ်"

"ကောင်မလေး မှန်းဆတာ မမှားပါဘူး၊ ဒါပေမဲ့ လူစွမ်းကောင်းလေး လင်းဖင်းကျည်ကို ဓားနဲ့ အသေခုတ်ချတာကတော့ ငါ မဟုတ်ဘူး၊ နင့်အဖေကိုယ်တိုင် ခုတ်တာဖြစ်တယ်"

"ရှင် မဟုတ်တာတွေ့ မပြောနဲ့၊ ဘာဖြစ်လို့ လင်းဖင်းကျည်ကို ဖေဖေက ဓားနဲ့ ခုတ်သတ်ရမှာလဲ"

"နင့်အဖေက မိစ္ဆာရှင်းဓားရေးကျမ်းကို လင်းဟူစုန်းဆီက တိတ်တဆိတ် ဖြောင်သွားတယ်၊ မိစ္ဆာရှင်းဓားရေးကျမ်းဟာ လူစွမ်းကောင်းလေး လင်းဖင်းကျည်တို့ရဲ့ မျိုးဆက်ဓားရေး ဖြစ်နေလေတော့ သူ အသက်ရှင်နေရင် နင့်အဖေ လေ့ကျင့်ဖို့ဆိုတာ မသင့်တော်ဘူး၊ ဒါကြောင့်မို့ လူစွမ်းကောင်းလေး လင်းဖင်းကျည်ကို အပြတ်ရှင်းဖို့ ကြံစည်တာပဲ"

"ရှင် အရမ်းပြောမနေနဲ့၊ ကျွန်မဖေဖေသာ ခုတ်သတ်တာ ဆိုရင် တစ်ချက်တည်းနဲ့ မသေပဲ နေမယ်တဲ့လား"

"ဟုတ်တယ်၊ တကယ်တော့ ငါ့ကို ခုတ်တဲ့လက်ရာဟာ ယဲ့ပို့ချွင်ကိုယ်တိုင်ရဲ့လက်ရာပါပဲ၊ အစ်ကိုလတ်ပြောတာ မမှားဘူး"

"နင် ... နင် ဘာဖြစ်လို့ ဒီလို"

"နင့်အဖေ ယဲ့ပို့ချွင်က ငါ့နောက်ကျောကနေ ခုတ်ချလိုက်တာပဲ၊ ကံကောင်းထောက်မလို့ ငါ လဲကျသွားပြီး မသေတာ၊ ငါက သေချင်ယောင်ဆောင်နေလိုက်တော့ သူကလည်း သေပြီလို့ အောက်မေ့သွားတယ်၊ ငါ့ မေမြော်လုလု ဖြစ်နေချိန်မှာ အဌမအစ်ကိုက လှမ်းပြီး ဆရာလို့ခေါ်လိုက်တဲ့အသံကို ငါ သေသေချာချာ ကြားလိုက်မိသေးတယ်၊ ပြီးတော့ ငါ မေ့မြော်သွားရော"

"နင် ... နင် အဌမအစ်ကို့,ကိုလည်း ငါ့အဖေကပဲ သတ်တာယ်လို့ ဆိုလိုတာလား"

ယဲ့လင်းစမ်းက အသံတုန်ယင်စွာ မေးသည်။

"ဒါပေါ့ ဆရာလို့ ခေါ်သံကြားရပြီး သေခါနီးအော်လိုက်တဲ့အသံ ဖြစ်မှာပဲ၊ အဲဒါကို ငါ ကြားလိုက်ရပြီးမှ မေ့မြော်သွားတာပဲ"

"ယဲ့ပို့ချွင်က လူစွမ်းကောင်းလေး လင်းဖင်းကျည်ကို နောက်ထပ် ဓားချက်တစ်ချက်ထပ်ပြီး ခုတ်ချမယ် ကြံရွယ်သေးတယ်၊ ငါက အမှောင်ထဲကနေ ချောင်းတစ်ချက် ဟန့်လိုက်လို့ ယဲ့ပို့ချွင်ဟာ အိမ်ထဲကို ကပျာကယာ ပြန်ဝင်သွားတာ၊ နောင်ဘော်လေး လင်းဖင်းကျည် ငါ့ရဲ့ ချောင်းဟန့်သံတစ်ချက်နဲ့ မင်းရဲ့အသက်ကို ကယ်တင်နိုင်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်"

"လင်းဖင်းကျည် ဖေဖေကသာ နင့်ကို သတ်ချင်ရင် နောက်ထပ် အခွင့်အလမ်း ရှာမှာပေါ့၊ ဘာမှမလုပ်တော့တာကတော့ ရင် နင်ထင်သလို မဟုတ်ပါဘူး"

"နောက်ပိုင်းမှာ ဘယ်လွယ်တော့မှာလဲ၊ ငါကလည်း အစစ

အရာရာ သတိဝီရိယထားနေပြီ၊ သူ ငါ့ကို လုပ်ကြံဖို့ အခွင့်အလမ်းကို မရတော့ဘူး၊ ငါက နင့်အပါးက မခွာပဲနေလေလေ သူအခက်ကြုံလေလေပေါ့"

"လက်စသတ်တော့ နင်က ... နင်က ငါ့ကို လက်ထပ်ယူတာဟာ မြားကိုဆီးခံဖို့ ဒိုင်းလွှားအဖြစ် အသုံးချနိုင်ဖို့ပေါ့လေ"

လင်းဖင်းကျည်သည် ယဲ့လင်းစမ်း၏ စကားကို အမှုမထားတော့ပဲ လောင်းသက်လို့ဘက်သို့ လှည့်မေးလိုက်၏။

"အစ်ကိုလတ် ဘယ်အချိန်တုန်းတည်းက ဂိုဏ်းချုပ် ကျိုလိန်းရှန်းနဲ့ အချိတ်အဆက် ရှိနေခဲ့တာလဲ"

"ဂိုဏ်းချုပ် ကျိုလိန်းရှန်းဟာ ငါ့ရဲ့ ကျေးဇူးရှင် ဆရာပဲ၊ ငါက သူ့ရဲ့ တတိယတပည့်ပါပဲ"

"လက်စသတ်တော့ ခင်ဗျားက သေဟန်ဆောင်ပြီး စုန်းစမ်းအဖွဲ့မှာ ပြောင်းတပည့်ခံတာကိုး"

"မဟုတ်ဘူး၊ ငါက စုန်းစမ်းအဖွဲ့သား တစ်ယောက်ပဲ၊ ဂိုဏ်းချုပ် ကျိုလိန်းရှန်းရဲ့ အမိန့်အရ ဂုာစမ်းအဖွဲ့ထဲဝင်ပြီး ယဲ့ပို့ချွင်ရဲ့ သိုင်းပညာ အတိမ်အနက်နဲ့ ဂုာစမ်းအဖွဲ့ရဲ့ လှုပ်ရှားမှုအဝဝကို စုံစမ်းထောက်လှမ်းနေခဲ့တာပဲ"

လောင်းသက်လို့၏ စကားကို ကြားရတော့မှ လုတယိုအားသတ်ပြီး ခရမ်းရောင်ခြည် အတွင်းအားကျင့်စဉ်ကို ခိုးယူသွားခြင်းသည် အဆန်းမဟုတ်တော့ပေ။

"လက်စသတ်တော့ ဒီလိုကိုး၊ နောင်တော်ကြီး လောင်းသက်လို့က ဂုာစမ်းအဖွဲ့ထဲဝင်ပြီး ခရမ်းရောင်ခြည် အတွင်းအားကျင့်စဉ်နဲ့

ဖြာရှင်းဓားရေးကို ဂိုဏ်းချုပ် ကျိုလိန်းရှန်းကို တစ်ဆင့်ပေးပို့ခဲ့တာကိုး"

"နောင်တော် လင်းဖင်းကျည် ဒီကိစ္စတွေ ဖုံးကွယ်နေစရာမလိုဘူး အကြောင်းမဟုတ်တော့ပါဘူး၊ တကယ်တော့ ငါရယ် ငါ့ဆရာရယ် သုံးယောက်စလုံးဟာ ယဲ့ပို့ချွင်ရဲ့ ကောက်ကျစ်စဉ်းလဲမှုကို ခံခဲ့ရသူတွေချည်းပါပဲ၊ တို့တစ်တွေ သူ့ရဲ့ ဆင်ကွက်ထဲကို ခြင်သွားမိကြတာချည်းပဲ"

"အင်း ... အင်း ကျွန်တော် သိပြီ၊ နောင်တော်ကြီး လောင်းသက်လို့ ရသွားတဲ့ မိစ္ဆာရှင်း ဓားရေးကျမ်းဟာ တကယ်ဆာ အတုဖြစ်တယ်၊ အစစ်မဟုတ်ဘူး၊ ယဲ့ပို့ချွင်က ထင်ယောင်ထင်မှား ပြန်တုပရေးထားတာပဲ၊ ဂိုဏ်းချုပ် ကျိုလိန်းရှန်းနဲ့ နောင်တော်ကြီး လောင်းသက်လို့တို့ အသုံးပြုတဲ့ မိစ္ဆာရှင်းဓားရေးကွက်ဟာ ဒါကြောင့် ထိရောက်သင့်သလောက် မထိရောက်တာပဲ"

လောင်းသက်လို့သည် လင်းဖင်းကျည်၏ စကားအဆုံးတွင် အကို တင်းတင်းကြိတ်လိုက်သည်။

"ဒါပေါ့ ဓားကွက်က ဆန်းသလိုလိုရှိပေမဲ့ ထိရောက်မှုအပြည့်အဝ မရနိုင်တော့တာ"

လင်းဖင်းကျည်သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"အတွင်းအား လေ့ကျင့်နည်းကို မလေ့ကျင့်တော့တာကပဲ ကောင်းပါတယ်၊ ကောင်းကျိုးထက် ဆိုးကျိုးကိုပဲ ပေးတာပါ"

လင်းဖင်းကျည်သည်၏ စကားအဆုံးတွင် လောင်းသက်လို့သည် စိတ်မကျေမချမ်းဖြစ်လျက် ပြောပြန်သည်။

"ယဲ့ပို့ချင်ကလည်း အကင်းပါးတယ်၊ ငါ ဂွာစမ်းအဖွဲ့ထဲ ရောက်စမှာပဲ ငါ့ကို သူ ပြန်ထောက်လှမ်းနိုင်ခဲ့တယ်၊ ဒါကြောင့် ဓားကျမ်းအတု ရေးသားပြီး ငါ ခိုးယူရအောင် ဖန်တီးခဲ့တယ်၊ ငါ့ဆရာကိုပေးပြီး လေ့ကျင့်ခဲ့တော့ တကယ့် ပွဲကြီးပွဲကောင်းမှာ အတုနဲ့အစစ်တွေ့ပြီး ငါ့ဆရာ အရေးနိမ့်သွားရတာပဲ၊ မဟုတ်ရင် တော့လား တောင်ငါးလုံးအဖွဲ့ ဂိုဏ်းချုပ်နေရာကို ငါ့ဆရာက လွဲပြီး သူ ရနိုင်စရာအကြောင်း မရှိဘူး"

"ဟုတ်တယ်၊ ယဲ့ပို့ချင်ဟာ အလွန်ကောက်ကျစ်စဉ်းလဲတော့ ကျွန်တော်တို့ တစ်တွေ သူ့ရဲ့ ကြော့ကွင်းထဲ ဝင်မိတော့တာပေါ့"

"ငါ့ဆရာ ကျိုလိန်းရှန်းက အလွန် သဘောထားကြီးမြတ်တယ်၊ ငါက မဟာအမှားကြီးကို ကျူးလွန်မိလို့ သူ ဒုက္ခတွေ့ပေမဲ့ ငါ့ကို တစ်ခွန်းမှ အပြစ်မတင်ပါဘူး၊ ဒါပေမဲ့ ငါက ဘယ်ကျေချမ်းနိုင်ပါ့မလဲ၊ ငါ့ဆရာအတွက် ယဲ့ပို့ချင်ကိုသတ်ပြီး ရန်ကြွေးချေပေးရမှာပဲ"

လောင်းသက်လို့သည် စကားကို ခေတ္တဖြတ်ပြီးမှ ဆက်ပြောပြန်သည်။

"ငါ့ဆရာက မျက်လုံးစုံကန်းတော့ စုန်းစမ်းတောင်ရဲ့ အနောက်ဘက်က တောင်ထိပ်မှာနေတယ်၊ ဆရာနဲ့အတူ မျက်လုံးကန်းနေကြတဲ့ လူဆယ်ယောက်လောက်လည်း ရှိတယ်၊ အားလုံး ယဲ့ပို့ချင်နဲ့ လင်းဟူစုန်းရဲ့ လက်ချက်ကြောင့် ကန်းကြရတာချည်းပဲ၊ နောက်တော်လေး လင်းဖင်းကျည်လည်း ဆရာနဲ့အတူ သွားနေဖို့ သိပ်ကောင်းတယ်၊ နောင်တော်လေးရဲ့မျက်လုံး ပြန်ကောင်းသွားရင်

သိပ်ကောင်းမယ်၊ ယဲ့ပို့ချင်ကို ဘယ်လိုရန်ကြွေး ဆပ်ကြမယ်ဆိုတာကို စုစုစည်းစည်း တိုင်ပင်ကြရတာပေါ့၊ ဒါကြောင့် တစ်လမ်းလုံး အောက်ယောင်ခံပြီး လိုက်ခဲ့တာပဲ"

လင်းဖင်းကျည်သည် လောင်းသက်လို့၏ စကားကို စိတ်ဝင်စားမိသော်လည်း မိမိ၏ မျက်လုံး ပြန်လည်ကောင်းမွန်မည်ကို သေချာလင့်မိချေ။ လောင်းသက်လို့က မိမိကို နှစ်သိမ့်စကားပြောခြင်း ဖြစ်ကြောင်း ရိပ်စားမိ၏။

"နောင်တော် လင်းဖင်းကျည်နဲ့ ဂိုဏ်းချုပ် ကျိုလိန်းရှန်းကို သွေးသောက်ညီအစ်ကိုဖွဲ့ပြီး ယဲ့ပို့ချင်ကို သုတ်သင်နိုင်ဖို့ ကြံစားကြတာဟာ နည်းလမ်းအမှန်ကန်ဆုံးပဲ"

"ကျွန်တော်လည်း ခင်ဗျားတို့လိုပဲ ခင်ဗျားတို့နဲ့ တစ်စိတ်တစ်ဝမ်းတည်းပါပဲ၊ ပြီးတော့ မိစ္ဆာရှင်းဓားရေးအမှန်ကိုလည်း ခင်ဗျားတို့ တစ်တွေ အမှန်ရအောင် ကျွန်တော် ရွတ်ဆိုပြပါ့မယ်"

"ဘာပြောတယ် ဘယ်လို ရွတ်ဆိုပြမှာလဲ"

"မိစ္ဆာရှင်းဓားရေးကျမ်းက သင်္ကန်းပေါ်မှာ ရေးထားတာ၊ ယဲ့ပို့ချင်က ခိုးယူသွားတော့ သူ့လက်ထဲ ရောက်သွားတယ်၊ ကံအားလျော်စွာ ကျွန်တော့်လက်ထဲ ပြန်ရောက်ခဲ့တော့ ကျွန်တော်လည်း အလွတ်ကျက်မှတ်ထားလိုက်ရတယ်၊ ယဲ့ပို့ချင် သတ်မှာစိုးလို့၊ ပြီးတော့ သင်္ကန်းကိုလည်း ဖျက်ဆီးပစ်လိုက်ရတယ်၊ ဓားနာမှာ မယားကောင်း မယားထူးကလည်း ရှိနေတယ် မဟုတ်လား"

"နင် ... နင်"

လင်းဖင်းကျည်က တကယ်မုန်းတီးနာကြည်းစွာ ပြောနေခြင်းဖြစ်ကြောင့် လောင်းသက်လို့ သဘောပေါက်သွားသည်။

"ကဲ ... နောင်တော်လေး လင်းဖင်းကျည် စုန်းစမ်းတောင်ကို သွားကြစို့"

"ကောင်းတယ်လေ၊ ကဲ ... သွားကြမယ်"

"လှည်းကို ပစ်ထားခဲ့မှပဲဖြစ်မယ်၊ မြင်းစီးသွားရင် လမ်းသေးလမ်းမြောင်းကို ဝင်နိုင်တာယ်၊ ခုနေ ယဲ့ပို့ချင်နဲ့ သွားတိုးနေရင် ခုခံအား မရှိသေးဘူး"

လောင်းသက်လို့သည် လင်းဖင်းကျည်ကိုပြောရင်း ယဲ့လင်းစမ်းဘက်လှည့်ပြီး မေးလိုက်သည်။

"ညီမလေး နင်က နင့်အဖေကို ကူမှာလား၊ ဒါမှမဟုတ်ရင် နင့်ခင်ပွန်းဘက်က ရပ်တည်မလား"

"ကျွန်မ ကျွန်မ ဘယ်ဘက်ကိုမှ မကူဘူး၊ ကျွန်မဟာ ကံဆိုးမလေးတစ်ယောက်ပါ၊ မနက်ဖြန်ကျရင် သီလရှင်ပဲ သွားဝတ်တော့မယ်၊ ခင်ပွန်းသည်ကိုရော ဖေဖေ့ကိုရော အတွေ့ခံစရာ မလိုတော့ဘူး"

"အေး ... နင်က အကွက်ကောင်းကို စဉ်းစားမိသားပဲ၊ ဟင်စမ်းတောင်မှာ မယ်သီလရှင် သွားဝတ်ရင် နင့်အကြိုက်ပေါ့"

လင်းဖင်းကျည်၏ စော်ကားသောစကားကြောင့် ယဲ့လင်းစမ်းသည် လွန်စွာဒေါသထွက်သွားသည်။

"လင်းဖင်းကျည် ဟိုတစ်ချိန်က နင်ဟာ ခိုကိုးရာမဲ့ဘဝနဲ့ ငါ့အဖေကို ဆုံတွေ့ခဲ့ရတာ၊ ငါ့အဖေကသာ မကယ်ခဲ့ရင် မုကျောင်းဟုန်းရဲ့လက်ချက်နဲ့ နင် သေတာကြာလှပြီ၊ ငါ့အဖေက နင့်အပေါ်

ဖြစ်မှာတာရှိရင် ရှိမယ်၊ ငါက နင့်အပေါ် မပြစ်မှားဖူးဘူး၊ နင်ငါ့ကို ဘာဖြစ်လို့ စော်ကားချင်ရတာလဲ"

"အဲဒါကတော့ ဂိုဏ်းချုပ် ကျိုလိန်းရှန်းကို ငါ့ရဲ့ ခံစားချက်အမှန်ကို ဖော်ပြချင်လို့ပဲ"

လင်းဖင်းကျည်၏ လေသံက အလွန်စူးရှပြီး ခက်ထန်သည်။ ဤအခိုက်တွင် ယဲ့လင်းစမ်း၏ အားခနဲ အော်ဟစ်လိုက်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

"လင်းဖင်းကျည် ညီမလေးကို ဘာလုပ်လိုက်တာလဲ"

လောင်းသက်လို့သည် လင်းဟူစုန်း၏အသံကို ကျက်မိသောကြောင့် ထိတ်လန့်သွားသည်။ ထို့ကြောင့် လင်းဖင်းကျည်၏ သံလက်မောင်းကို လှမ်းဆွဲ၍ စိမ်းကားအဖွဲ့သားများကျန်ရစ်သော မြင်းတစ်ကောင်ပေါ်သို့ ဆွဲတင်ပြီး သူပါ ခုန်တက်လိုက်သည်။

မြင်းပေါ်ရောက်သည်နှင့် လောင်းသက်လို့သည် မြင်းကို ခြေနှိုးစိုင်းထွက်သွားလေတော့သည်။

လင်းဟူစုန်းသည် ယဲ့လင်းစမ်းတွက် စိတ်ပူပန်နေသောကြောင့် လင်းဖင်းကျည်နှင့် လောင်းသက်လို့နောက်သို့ လိုက်ရန် စိတ်မကူးမိပေ။ ယဲ့လင်းစမ်းအနီးသို့ ပြေးလွှားရောက်ရှိသွားသည်။ ယဲ့လင်းစမ်း ရင်ဝတွင် ဓားရှည်တစ်လက် စူးနေသည်ကို ရင်နာစွာ တွေ့ရ၏။

"ညီမလေး ... ညီမလေး"

"အစ် ... အစ်ကိုကြီးပါလား"

"ဟုတ်တယ် အစ်ကိုကြီးပါ"

လင်းဟူစုန်းက ယောင်ယမ်း၍ ဓားရှည်ကို နုတ်ယူမည် ပြုသောအခါ ယဉ်ယဉ်က လှမ်း၍ တားဆီးလိုက်သည်။

"ဆွဲနုတ်လို့ မဖြစ်တော့ဘူး"

ယဉ်ယဉ်ပြောတော့မှ လင်းဟူစုန်းသည် အခြေအနေကို ရိပ်စားမိသွားသည်။ ဓားရှည်ကို နုတ်လိုက်သည်နှင့် ယဲ့လင်းစမ်း သည် ချက်ချင်း အသက်ထွက်သွားနိုင်ကြောင်း လင်းဟူစုန်း သိရသဖြင့်ငိုကြွေးမိ၏။

"ညီ ... ညီမလေး"

"အစ်ကိုကြီး ကျွန်မဘေးမှာ နေပါနော်၊ မောင်လေးဖင်းကော သွားပြီလားဟင်"

လင်းဟူစုန်းသည် အံကို တင်းတင်းကြိတ်ထားမိ၏။

"ငါ နင့်အတွက် သူ့အသက်ကိုသတ်ပြီး ရန်ကြွေးဆပ် ပေးမယ်၊ ညီမလေး စိတ်ချ"

"မ ... မလုပ်ပါနဲ့၊ သူ ... သူ မျက်စိကွယ်ရှာပြီ၊ သူ မခုခံ နိုင်တော့ပါဘူး၊ ကျွန်မ ... ကျွန်မ မေမေ့ဆီကို သွားချင်တယ်"

"ဆရာကတော်ဆီကို အစ်ကိုကြီး ရောက်အောင်လိုက်ပို့ ပေးပါ့မယ်"

"အစ်ကိုကြီး ကျွန်မအပေါ် သေတဲ့အထိ ကောင်းခဲ့ပါတယ်၊ ကျွန်မ ... ကျွန်မ ပြစ်မှားမိတာကို ခွင့်လွှတ်ပါ၊ ကျွန်မ မနေရ တော့ပါဘူး အစ်ကိုကြီးရယ်၊ ကျွန်မ တစ်ခုတော့ တောင်းဆိုပါ ရစေ၊ ဘယ်လိုပဲဖြစ်ဖြစ် လက်ခံပါနော်"

ယဲ့လင်းစမ်းသည် လင်းဟူစုန်း၏ ဘယ်လက်ကို အသာ အယာ ဆုပ်ကိုင်ထားသည်။

"ညီမလေး စိတ်ချ၊ ညီမလေး ဖြစ်စေချင်တဲ့ အတိုင်း အစ်ကိုကြီး မဖြစ်မနေ ဆောင်ရွက်ပေးမယ်"

ယဲ့လင်းစမ်းသည် အသက်ကို ကြိုးကြိုးစားစား ရှူရှိုက်ရင်း အထူးအားတင်းပြီး ပြောရှာသည်။

"အစ်ကိုကြီး လက်ခံနိုင် ... နိုင်မှာ မဟုတ်ပါဘူး"

"စိတ်ချပါ ညီမလေးရဲ့ဆန္ဒအတိုင်း လက်ခံပါ့မယ်"

"အစ်ကိုကြီး ဘာပြောလိုက်တာလဲဟင်"

"ညီမလေး ခိုင်းချင်တာခိုင်း အစ်ကိုကြီး မဖြစ်မနေ လုပ် ပေးမယ်လို့ ပြောတာလေ"

"အစ်ကိုကြီး ကျွန်မခင်ပွန်း မောင်လေးဖင်း သူ မျက်စိ ခဲကန်းသွားတယ်၊ သိပ် ... သိပ်သနားစရာကောင်းတာ အစ်ကို ကြီး သိပါတယ်နော်"

"အေး ... ငါ သိပါတယ်"

"လောကကြီးထဲမှာ သူဟာ တစ်ယောကျ်တည်းပါ အစ်ကို ကြီး၊ တစ်ကောင်ကြွက်လေးပါနော်၊ လူတိုင်းက သူ့ကို အနိုင် ... အနိုင်ကျင့်ကြတယ်၊ ကျွန်မ ... ကျွန်မ မရှိတော့တဲ့နောက်မှာ သူ့ကို သူများတွေ အနိုင်မကျင့်အောင် အစ်ကိုကြီးက ကျွန်မ ကိုယ်စား အစွမ်းကုန် စောင့်ရှောက်ပေးပါ"

လင်းဟူစုန်းသည် ယဲ့လင်းစမ်း၏ တောင်းဆိုချက်ကြောင့် မျက်လုံးပြူးသွားမိသည်။ ယဲ့လင်းစမ်းက မိမိအား အသေထိုးနှက် သွားသည့် ခင်ပွန်းကိုပင် ကျေချမ်း ခွင့်လွှတ်နိုင်ရုံမျှမက ဆက် လက်၍ စောင့်ရှောက်ခိုင်းနေပြန်သောကြောင့် လင်းဟူစုန်း အံ့သြ မိသည်။

"ဒီလို ကိုယ်ကျိုးလောက်ပဲကြည့်ပြီး သစ္စာမေတ္တာ ခေါင်းပါးတဲ့ ခွေးတိရစ္ဆာန်တစ်ကောင်ကို ညီမလေးရဲ့ခေါင်းထဲမှာရော အသည်းနှလုံးမှာပါ နေရာပေးစရာ မလိုတော့ဘူး၊ စကားသိပ်မပြောနဲ့တော့ ညီမလေး"

"မတော့်တဆ လက်လွန်သွားတာပါ အစ်ကိုကြီး၊ သူ ... သူ ကျွန်မကိုသတ်ဖို့ စိတ်ကူးမရှိပါဘူး၊ သူ့ကို စောင့်ရှောက်ပါနော်"

လရောင်အောက်တွင် မြင်ရသော ယဲ့လင်းစမ်း၏ မျက်နှာကလေး တိုးလျှိုးအသနားခံသည့်အသွင်မှာ အထင်အရှား ဖော်ပြနေ၏။

လင်းဟူစုန်း ရင်နာစွာ ခံစားရမိသည်။ မကြာမီ လူ့ဘဝကို စွန့်ခွာပြီး လူ့လောကမှ အပြီးအပိုင် ထွက်သွားရတော့မည့် ယဲ့လင်းစမ်း၏ မျက်နှာအမူအရာကြောင့် လင်းဟူစုန်း ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်သည်။

"ညီမလေးဆန္ဒကို အစ်ကိုကြီး လက်ခံပါတယ်၊ စိတ်ချတော့နော်"

ယဲ့လင်းစမ်းသည် မျှော်လင့်တောင့်တချက်ဟစ်ရပ် ပြည့်သွားသောကြောင့် မျက်လုံးအရောင်တောက်လာပြီး အားတက်လာသလိုလို ရှိသည်။ လင်းဟူစုန်း၏ ဘယ်လက်ကို ယဲ့လင်းစမ်း ပိုမိုတင်းကျပ်အောင် ဆုပ်ကိုင်ထား၏။ ကျေးဇူးတင်ကြောင်းမှာ ပေါ်လွင်နေ၏။

"ကျေးဇူးတင်လိုက်တာ အစ်ကိုကြီးရယ်၊ ကျွန်မ ... ကျွန်မ စိတ်ချပါပြီ၊ အသေဖြောင့်ပါပြီ"

ယဲ့လင်းစမ်း၏ မျက်နှာက ပြုံးယောင်ယောင် သမ်းလာသည်။ နောက်ထပ် စကားမပြောတော့သော်လည်း ယဲ့လင်းစမ်း၏ **ဝိုးစပ်က** တလှုပ်လှုပ်ဖြင့် အသံတိုးညင်းစွာ ထွက်ပေါ်နေသည်။ **ဤကြောင့် ယဲ့လင်းစမ်း၏ နှုတ်ခမ်းနားသို့ တိုးကပ်ပြီး နားစွင့်** ဆောင်ကြည့်သည်။

"အမြဲအလုပ်ဆင်းရင်း **လက်ဖက်ခင်း**များဆီ၊ လက်ဖက်ခူးသွက်ကြမည်၊ သွားဖို့ **အချိန်တော်ပြီ**"

ယဲ့လင်းစမ်းသည် **ဖုကျိုးမြို့** လက်ဖက်ခူးချိန် တေးသီချင်းကို ရေရွတ်နေခြင်းဖြစ်ကြောင်း လင်းဟူစုန်း ရင်နင့်စွာ ကြားလိုက်ရ၏။ **ဆွဲဆွဲငင်ငင်နှင့် သီဆိုနိုင်ခြင်း**မရှိတော့သော်လည်း အသံထွက်ပုံမှုဖြင့် သီဆိုနေသေးသည်။ ယဲ့လင်းစမ်း၏ ရေရွတ်သံက **ဘစ်စတစ်စ** တိုးညင်း**သည်**ထက် တိုးညင်း**သွား**ပြီး လုံးဝ ရပ်ဆိုင်းသွား၏။ တစ်ခိုန်တည်းတွင် လင်းဟူစုန်း၏လက်ကို ဆုပ်ကိုင်ထားသည့် လက်သည်လည်း ပြေလျော့သွားလေသည်။ ယဲ့လင်းစမ်းသည် မျက်လုံးမှိတ်သွားကာ တစ်လောကလုံးအား ဥပေက္ခာပြုသွားပြီ။

လင်းဟူစုန်းသည် ဟစ်အော်ငိုမိသော်လည်း မျက်ရည်များက တစ်မှုတ်ချင်း ခန်းခြောက်သွားသည်။ စိုးဆင်းနိုင်စွမ်းအား မရှိတော့ချေ။

လင်းဟူစုန်းက ယဲ့လင်းစမ်း၏အလောင်းကို ပွေ့ယူလိုက်ပြီး **လေသံတိုးတိုးဖြင့်** ရေရွတ်ပြောဆိုလိုက်သည်။

"ညီမလေး နှင့်အမေဆီ သွားချင်တယ်ဆို၊ အစ်ကိုကြီး လိုက်ပို့ပေးမယ်လေ"

အခန်း(၂)

စောင်းသံသည် ကြည်နူးဆွတ်ပျံဖွယ် ကောင်း**နေသည်**။ ရင်ကို**အေး**စေပြီး စိတ်ကြည်လင်လန်းဆန်းစေသည့် **စောင်းသံပင်**။

လင်းဟူစုန်း၏ စိတ်အစဉ်သည် စောင်းသံ**နှင့်အတူ** လွင့်မြောနေ၏။ မျက်စိကို ဖွင့်မကြည့်ပဲ **စောင်း**သံကိုလည်း **လင်းဟူစုန်း**နား**စွင့်နစ်**မျောရုင်း လင်းဟူစုန်း အိပ်ပျော်သွားပြန်လေသည်။

မွေးကြိုင်သော ပန်းရနံ့များကိုလည်း ရှူရှိုက်မိသောကြောင့် လင်းဟူစုန်း မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

ဖြူနီပြာဝါ ခရမ်းစသော ရောင်မျိုးစုံပြေးနေသည့် ပန်းမျိုးစုံကို တွေ့ရသည်။

"ငါ ဘယ်နေရာကို ရောက်နေပါလိမ့်။ နတ်ဘုံနတ်နန်းများ **ရောက်**နေလေတော့သလား"

ပတ်ဝန်းကျင်ကို လင်းဟူစုန်း မျက်စိကစားပြီး ကြည့်လိုက်သည်။ ကျောက်ဂူတစ်ခုထဲသို့ ရောက်ရှိနေပြီး မိမိ၏ ကိုယ်ခန္ဓာသည် ပျော့ပျောင်းသော မြက်ပုံပေါ်တွင် ရှိနေသည်။

ဂူဝသို့ လှည့်ကြည့်လိုက်သောအခါ ယဉ်ယဉ်သည် ဂူထဲကို ကျော**ပေး**၍ မြေပြင်တွင်ထိုင်ကာ စောင်းတီးနေသည်။

လင်း**ဟူစုန်း**က ထထိုင်ရန် လှုပ်ရှားလိုက်သောကြောင့်

လင်းဟူစုန်း ရှေ့သို့ ဆယ်လှမ်းခန့် လှမ်းပြီးသောအခါ နောက်ကျောဒဏ်ရာမှ သွေးများ စိမ့်ဖြာစီးထွက်နေသည့်အခြေအနေမျိုး ယဉ်ယဉ် မြင်ရသည်။ သို့သော် ဤသို့ခံစားမှု ပြင်ထန်နေသည့်အချိန်မျိုး၌ ယဉ်ယဉ်သည် လင်းဟူစုန်းအား ဖျောင်းဖျပြောဆိုရန် မတတ်နိုင်ချေ။ နှလုံးသားက အက်ကွဲနာကျင်နေသော လင်းဟူစုန်းသည် ယဲ့လင်း**စမ်း**၏ ကိုယ်ခန္ဓာကို ပွေ့ချီရင်း လျှောက်လှမ်းသွား၏။ ဒဏ်ရာအရှိန်ကြောင့် ရုတ်တရက် ထိုးလဲကျသွားပြီး သတိလစ်သွားလေတော့သည်။

* * *

ယဉ်ယဉ်က ခေါင်းကို ခါယမ်းပြ၏။

"ကျေးဇူးတင်ဖို့မှ မဟုတ်တာ၊ လောကမှာ ဖူးစာဆိုတာ ရှိသလို ကံကြမ္မာဆိုတာလည်း ရှိတာပဲ အစ်ကို၊ ဘဝအကြောင်း ကံဆိုးရှာတဲ့ ညီမလေး ယဲ့လင်းစမ်းအတွက် ကျွန်မ မတတ်နိုင်လို့ ကြိုးစားပြီး ဆောင်ရွက်ထားခဲ့ပါတယ်"

"ညီမလေး ယဲ့လင်းစမ်းအပေါ် မေတ္တာကရုဏာထားသလို ငါ့အပေါ်လည်း တစ်လွဲမထင်တာကို ဝမ်းသာပါတယ်"

"ဘာများ တစ်လွဲထင်စရာရှိလို့လဲ၊ တကယ်တမ်းပြောကြရင် ညီမလေးယဲ့လင်းစမ်းက အစ်ကို့ရဲ့သည်းခံပန်း အစစ်ပါ အစ်ကို"

ယဉ်ယဉ်သည် စကားမပြောပဲ ခေတ္တတွေနေသည်။ ပြီးမှ လေသံတိုးတိုးဖြင့် ဆက်ပြောသည်။

"အစ်ကိုနဲ့ကျွန်မ စတွေ့တုန်းက ဝါစိမ်းတောမှာ မဟုတ်လား၊ ဝါးထရံတစ်ဖက်ကနေ အစ်ကို ညီမလေး ယဲ့လင်းစမ်းကို ချစ်မေတ္တာ ကြီးမားခဲ့တဲ့အကြောင်းတွေ ခရာရေရွတ် တတွတ်တွတ် ပြောပြခဲ့တယ် မဟုတ်လား"

လင်းဟူစုန်းသည် ခေါင်းကို ခါယမ်းပြလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ညီမလေးက ငါ့လို ပြောင်ချော်ချော် ပေါ့ရွတ်ရွတ် ပြောတတ်တဲ့လူမျိုးကို သဘောမကျဘူး၊ ငါ့ဆရာလို တည်ကြည်ခန့်ညားတဲ့ လင်းဖင်းကျည်လိုလူကိုမှ သဘောကျတာပါ၊ တကယ်တော့ ငါက ညီမလေးဖျင်းတဲ့အခါ သူ့အလိုကျလိုက်ပြီး အဖော်ပြုရတဲ့ စကားဖော် သက်သက်ပါ"

"လင်းဖင်းကျည်ဟာ တည်ကြည်ခန့်ညားတယ် ဟုတ်လား အစ်ကို၊ ရှင့်ဆရာနဲ့ တစ်ထေရာတည်းပဲ၊ တည်ကြည်သယောင်ယောင်နဲ့ တကယ့်ကို ကောက်ကျစ်ဉာဏ်လဲတဲ့ မြွေခွေးပဲ"

အသံမြည်သွားသည်။ စောင်းသံသည်လည်း ချက်ခြင်းပင် ရပ်တန့်သွားလေတော့သည်။ ယဉ်ယဉ်သည် ဂူအတွင်းဘက်သို့ သမင်လည်ပြန် လှန်ကြည့်လိုက်၏။ လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ အကြည့်ချင်း ဆုံမိသွားကြ၏။ ယဉ်ယဉ်မျက်နှာသည် ဝမ်းသာကြည်နူးသည့် အရိပ်အယောင်များ ယှက်သန်းသွားသည်။

ယဉ်ယဉ်၏ မျက်နှာဝန်းတွင် ကရုဏာလွမ်းသော အရိပ်အယောင်များ လွှမ်းနေ၏။

ယဉ်ယဉ်သည် လင်းဟူစုန်းအား မေတ္တာကရုဏာကြီးမားစွာဖြင့် ဂူအတွင်းသို့ သယ်ဆောင်လာခဲ့ခြင်း ဖြစ်၏။ အတန်ကြာသည့်တိုင် နှစ်ယောက်သား စကားမပြောဖြစ်ကြပဲ နေမိကြ၏။

လင်းဟူစုန်းသည် ယဉ်ယဉ်၏ လက်ဖမိုးကို ယုယုယယ ပွတ်သပ်ပေးနေမိသည်။ ထိုအခိုက်တွင် မွေးကြိုင်သော ပန်းပေါင်းရနံ့ကြောင့် ညှော်နံ့တစ်ခုက နာခေါင်းဝသို့ လွှင့်ပျံ့လာလေသည်။ ယဉ်ယဉ်သည် လင်းဟူစုန်း၏အပါးမှ ကပျာကယာ ဂူပြင်သို့ ပြေးထွက်သွား၏။ တစ်အောင့်မျှကြာသော် ယဉ်ယဉ်သည် ဖားကင်တစ်ခုကို ကိုင်ဆောင်ကာ ဂူအတွင်းသို့ ပြန်ဝင်လာခဲ့သည်။

"အစ်ကိုရေ တူးသွားပြန်ပြီ"

လင်းဟူစုန်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ တစ်ချိန်က စမ်းချောင်းလေးနံဘေးတွင် မိမိတို့နှစ်ယောက် ဖားကင်စားကြသည်ကို ပြန်ပြောင်းမြင်ယောင်မိသည်။ ဖားကင်နှင့် သစ်သီးဝလံများကို စားသောက်ပြီးနောက် ယဉ်ယဉ်က ဂူအပြင်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

"အစ်ကို ညီမလေး ယဲ့လင်းစမ်းရဲ့ဂူ အဲဒီမှာ ရှိတယ်"

"ကျေး ... ကျေးဇူးတင်ပါတယ်"

လင်းဟူစုန်းသည် အောပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ခဲ့သည်။ လင်းဟူစုန်းတို့ ရောက်နေသောနေရာသည် တောင်ခြေဒဏ္ဍမ်းတစ်ခု ဖြစ်သည်။ စိမ်းစိုလန်းဆန်းသော သစ်ပင်ပျိုအိုများဖြင့် ဝန်းရံထား၏။ စုံတောမြိုင်ဝန်ကျင်တစ်ခွင်သည်သာ နေမောဖွယ်ကောင်းနေ၏။

"အစ်ကို ကျွန်မတို့ အစ်ကို့ဒဏ်ရာကို ကုစားရင်း ဒီမှာပဲ ခဏနားနေကြရအောင်နော်"

"သိပ်ကောင်းတယ်၊ တောကြီးမျက်မည်းထဲမှာ ညီမလေး ဘစ်ယောက်တည်း ထားခဲ့ရမှာကို တွေးမိရင် စိတ်မကောင်းစရာပဲ"

လင်းဟူစုန်း၏ စကားကို ကြားရသောအခါ ယဉ်ယဉ်သည် သက်ပြင်းကြီး ချမိသည်။

ယဉ်ယဉ်နှင့် လင်းဟူစုန်းတို့နှစ်ယောက်သည် တောင်ချိုင့်ဝှမ်းကြီးကို ပန်းပေါင်းဝေဆာ မြစိမ်းသာဟု အမည်ပေးလိုက်ကြ၏။ ဤချိုင့်ဝှမ်းရှိ ကျောက်ဂူထဲတွင် နေထိုင်ရင်း လင်းဟူစုန်း၏ဒဏ်ရာကို ကုစားခဲ့သည်။ ယဉ်ယဉ်သည် နေ့စဉ်မပြတ် ဖားနှင့် သစ်သီးဝလံများရှာဖွေကာ လင်းဟူစုန်းကို ကျွေးမွေးစောင့်ရှောက်လေသည်။

စင်စစ် ပန်းပေါင်းဝေဆာ မြစိမ်းသာတွင် အနားယူ နေထိုင်ကြရသည့်ကာလသည် ယဉ်ယဉ်နှင့် လင်းဟူစုန်းတို့ အတွက် ဆိတ်ငြိမ်အေးချမ်းလှသည်။ ယဉ်ယဉ်က ဟင်စမ်းအဖွဲ့၏ အနာစိမ်းဒဏ်ကြေဆေးဖြင့် လင်းဟူစုန်း၏ဒဏ်ရာကို ဂရုတစိုက် ဆေးထည့်ပေးသည်။ အရက်နှစ်ဆယ်ခန့် ကြာသောအခါတွင် လင်းဟူစုန်း၏ဒဏ်ရာ ပျောက်ကင်းလုလုနီး ရှိလာ၏။

ယဉ်ယဉ်သည် လင်းဟူစုန်းကို နေ့စဉ် စောင်းတီးသင်ပေးသည်။ လင်းဟူစုန်းသည် ဉာဏ်ထက်မြက်ပြီး ကြိုးစားသောကြောင့်

လင်းဟူစုန်းသည် သက်ပြင်းကြီးတစ်ချက် ချလိုက်၏။

"ညီမလေးက သေခါနီးအချိန်လေးမှာတောင် လင်းဖင်းကျည်က သူ့ကို ဓားနဲ့အသေထိုးသတ်တာကို သဘောမပေါက်သွားဘူး၊ အေးလေ ... ဒါပဲ ကောင်းတယ်၊ သေခါနီးအချိန်လေးမှာ သူ့ကိုယ်သူ ချစ်ကံခေမလေးရယ်လို့ ယူကျုံးမရ ဖြစ်မသွားတာပဲ ကောင်းပါတယ်၊ ငါ သူ့မြေပုံကို ကြည့်ချင်တယ်"

ယဉ်ယဉ်သည် လင်းဟူစုန်း၏ လက်မောင်းတစ်ဖက်ကို တွဲထူပြီး ကျောက်ဂူအပြင်ဘက်သို့ လျှောက်လှမ်းထွက်ခဲ့သည်။ ယဉ်ယဉ်သည် ကျောက်တုံးကြီးငယ်များဖြင့် ညီညီညာညာစီကာ ယဲ့လင်းစမ်း၏ မြေပုံကို ဂူလေးတစ်လုံးသဖွတ် ကြိုးစားပမ်းစား ပြုလုပ်ထားသည်။ ဂူ၏ ခေါင်းရင်းဘက်တွင် အကိုင်းအခက်များကို သင်ထားသော တိုင်ကြီးတစ်တိုင် စိုက်ထူထားသည်။ တိုင်ပေါ်တွင် ယဉ်ယဉ် ဓားဖြင့် ထွင်းထားသည့် စာသားများက ...

"ဝှမ်းစမ်းအဖွဲ့ အမျိုးသမီးလူစွမ်းကောင်း ယဲ့လင်းစမ်း"

"ညီမလေးက သူ့ကို လင်းဖင်းကျည်ကတော်လို့ ခေါ်တာကို သဘောကျမယ် ထင်တယ်"

"လင်းဖင်းကျည်ဟာ ကောက်ကျစ်ယုတ်မာပြီး သစ္စာမေတ္တာခေါင်းပါးတဲ့ လင်ယောကျ်ားဓာစ်ယောက် ဖြစ်တယ် ဆိုတာကို တမလွန်ရောက်သွားတဲ့ ယဲ့လင်းစမ်းက သိသွားရင် လင်းဖင်းကျည်ကတော်လို့ အမည်တပ်ချင်မှာ မဟုတ်တော့ဘူး အစ်ကို"

ဤသို့ ပြောကြားပြီးနောက် ယဉ်ယဉ်သည် တစ်ကိုယ်တည်း စိတ်ထဲက ရေရွတ်လိုက်သည်။

"တကယ်တော့ သူတို့နှစ်ယောက်ဟာ လင်မယားအမည်ခံထားတဲ့ တကယ့်လင်မယားဘဝကို မရောက်နိုင်ခဲ့တဲ့ နှစ်ယောက်ပါ"

ဒဏ်ရာကုသနေစဉ်အတွင်း လင်းဟူစုန်းသည် စောင်းကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းခဲ့လေသည်။

တစ်နေ့နံနက်တွင် လင်းဟူစုန်းသည် ယဲ့လင်းစမ်း၏ ဂူကြားတွင် မြက်ပင်ပေါက်ကလေးများ ပေါက်နေသည်ကို တွေ့ရ၍ ...

"ညီမလေးဂူမှာ မြက်နုလေးတွေတောင် ပေါက်နေပြီ။ ညီမလေးတစ်ယောက် ဘယ်ဘဝကို ရောက်နေပြီလဲ"

ဤသို့ စဉ်းစားနေခိုက် နောက်ဘက်မှ ပလွေသံသာသာကို လင်းဟူစုန်း ကြားလိုက်ရ၏။ နောက်သို့ လှည့်ကြည့်လိုက်သောအခါ ယဉ်ယဉ်သည် ကျောက်တုံးတစ်တုံးထက်တွင်ထိုင်ကာ ဝါးပလွေတစ်ချောင်းကို မှုတ်နေသည်။ ယဉ်ယဉ် မှုတ်နေသည့် တေးသွားသည် နှလုံးအေးတဲ့ ဓမ္မတေး။ ယဉ်ယဉ်သည် ဝါးစိမ်းတစ်လုံးကို ခုတ်ပြီး လတ်တလော ပြုလုပ်လိုက်သည့် ဝါးစိမ်းပလွေ ဖြစ်သည်။

လင်းဟူစုန်းသည် အတန်ကြာမှာ ပလွေသံကို စူးစိုက်နားထောင်နေမိသည်။ ပြီးနောက် ဂူထဲသို့ဝင်၍ စောင်းဆိုကို ယူ၍တီလာခဲ့သည်။ လင်းဟူစုန်းသည် ဂူပေါက်ဝတွင်ထိုင်ကာ စောင်းကို စိတ်ပါလက်ပါ တီးခတ်လိုက်သည်။ လင်းဟူစုန်းသည် တီးနေသော စောင်းသံတွင် နစ်မျောသွားခဲ့၏။

ယဉ်ယဉ်သည် ဤရက်ပိုင်း၌ မိမိ၏ စိတ်ပျော်ရွှင်မှုကို အနည်းနည်း အဖုံဖုံ ဖန်တီးခဲ့ပေသည်။ ထို့ကြောင့်လည်း ယဉ်ယဉ် အပေါ် နောင်ဖွဲ့မိသော သမုဒယသံယောဇဉ်သည် ကြီးမားသည်ထက် ကြီးမားခဲ့လေသည်။

"နှလုံးအေးတဲ့ ဓမ္မတေး တေးသွားကို အစ်ကို တော်တော် ပိုင်ပိုင်နိုင်နိုင် တီးနိုင်နေပြီ၊ ဒီနေ့ကစပြီး ကျွန်မတို့ သိုင်းလောကပြက်လုံး တေးသွားကို လေ့ကျင့်ကြရအောင်နော်"

"သိပ်ပြီး ခက်ခဲနက်ရှိုင်းတဲ့ တေးသွားဖြစ်နေတော့ ငါ ဆော်တော်နဲ့ ဘယ်သဘောပေါက်နိုင်ပါ့မလဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ တချို့နေရာတွေမှာ ကျွန်မကိုယ်တိုင်တောင် သဘောမပေါက်တာတွေ ရှိတယ်၊ အဖြေရှာရသည်း ခက်တယ်၊ ဒါပေမဲ့ တကယ့်ကို ထူးခြားတဲ့ တေးသွားလည်းဖြစ်တယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့နှစ်ယောက် ညှိနှိုင်းပြီး အတူတီးမှုတ်ရင်း လေ့ကျင့်ကြတာပေါ့၊ ဖြည်းဖြည်းတော့ လိုချင်တဲ့ အဆင့်ကိုရောက်မှာ မလွဲပါဘူး"

"ကောင်းတယ်၊ တစ်ချိန်က ဦးလေး လျှို့ကျင့်ဖုန်းနဲ့ သူရိန်ချက်နာမူဂိုဏ်းက ဦးစီးတစ်ယောက်ဖြစ်တဲ့ ချိယန်တို့နှစ်ယောက်ဟာ တစ်ယောက်ကစောင်း၊ တစ်ယောက်ကပလွေနဲ့ ပေါင်းစည်းဒဲ့ တီးမှုတ်သွားကြတာ နားထဲမှာ စွဲနေသေးတယ်၊ ဦးလေး လျှို့ကျင့်ဖုန်း ပြောပြတာကတော့ ဒီ သိုင်းလောကပြက်လုံး တေးသွားဟာ စောင်းနဲ့ပလွေ တစ်ပြိုင်နက် ပေါင်းစပ်ပြီး တီးမှုတ်ဖို့ စီစဉ်ခဲ့တာတဲ့"

"ဒီလိုလုပ်လေ အစ်ကို စောင်းကိုတီး၊ ကျွန်မက ပလွေကိုမှုတ်မယ်၊ တစ်ပိုဒ်ချင်း လေ့ကျင့်သွားကြတာပေါ့ရှင့်"

ယဉ်ယဉ်သည် လင်းဟူစုန်းကို သိုင်းလောကပြက်လုံးတေးသွား၏ သံစဉ် အနိမ့်အမြင့်ပြ သင်္ကေတများကို ရှင်းပြသည်။ ဒဲ့နောက် တီးမှုတ်လေ့ကျင့်ကြလေသည်။

ဤသို့ နှစ်ဦးသား ဆယ်ရက်ခန့် လေ့ကျင့်ခဲ့သောအခါ အလွန် တိုးတက်အောင်မြင်ခဲ့လေသည်။

ပန်းပေါင်းဝေဆာ မြစိမ်းသာသည် လင်းဟူစုန်းနှင့် ယဉ်ယဉ်ဘို့အတွက် လောကနိဗ္ဗာန်ကလေးတမျှ အေးမြကြည်လင် လန်းဆန်းမှု

ရှိ၏။ ယခုလို နေရသောဘဝသည် ငြိမ်းချမ်းလှ၏။ သို့သော် လောကီ၏ ဓားရောင်ဖွေးဖွေးနှင့် သွေးရဲရဲမြင်ကွင်းကို ကြာလေလေ မမှုချင်လေလေဖြစ်မိသည်။ ရန်ကြွေးဆပ်ခြင်းများဖြင့်ကင်းပြီး ယခုကဲ့သို့ အေးချမ်းစွာ စိမ့်ကြီးမြိုင်ကြီးထဲတွင်သာ အမြဲတမ်း နေချင်စိတ် ဖြစ်မိပေါ်မိကြသည်။

သို့သော် ဆုတောင်းမပြည့်ဝနိုင်ခဲ့ချေ။

တစ်နေ့တွင် လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ တစ်နာရီကျော်တီးမှုတ်ခဲ့ပြီးသော်လည်း လင်းဟူစုန်း၏စိတ်သည် ပျံ့လွင့်နေပြီး စောင်ကြိုးကို ခတ်နေသည့်လက်က တစ်ချက်တစ်ချက် လွဲချော်သွားသည်။

"ရှင် စိတ်မပါဘူး ထင်တယ်၊ ပင်ပန်းလို့လား၊ ပင်ပန်းရင် နားကြတာပေါ့"

"ပင်ပန်းတယ်လို့ မဟုတ်ဘူး၊ စိတ်မပါလို့၊ ငါ သစ်သီးခူးသွားဦးမယ်၊ ညချမ်းချိန်ကျမှ ဆက်ပြီး လေ့ကျင့်ကြရအောင်"

ငါးမိုင်ခန့်အကွာထိ လျှောက်လှမ်းပြီးနောက် လိုအပ်သမျှ သစ်သီးကိုခူးယူရရှိသဖြင့် လင်းဟူစုန်း ပြန်လှည့်လာသည်။ ရုတ်တရက် လူသံကြားလိုက်ရသောကြောင့် လင်းဟူစုန်းသည် ကမန်းကတန်း တစ်နေရာတွင် ပုန်းအောင်းနေလိုက်၏။

အချိန်အနည်းငယ်အတွင်း လူနှစ်ယောက် လျှောက်လှမ်းလာသည့်အသံကို လင်းဟူစုန်း ကြားလိုက်ရသည်။ စကားပြောနေကြသည့် အသံလည်း ထွက်ပေါ်လာသည်။

"ယဲ့ဝိုရွှင် ဒီဘက်ကို ရောက်လာမယ်ဆိုတာ သေချာတယ်နော်"

"ဟုတ်တယ်၊ သူ့သမီးလေး ဒီအနီးတစ်ဝိုက်မှာ ရုတ်တရက်

ကြောက်ဆုံးသွားတာကိုး၊ ကုန်းလမ်းကော ရေလမ်းပါ အနှံ့ရှာပြီးမှ မတွေ့ဘူး၊ ဒီတော့ ဒီတောင်ချောက်ထဲမှာ ဒဏ်ရာလာကုစားနေတယ်လို့ယူဆပြီး ရောက်လာမှာ သေချာတယ်"

လင်းဟူစုန်းသည် ထိုလူနှစ်ယောက်၏ စကားသံကို ကြားသာအခါ စိတ်မကောင်း ဖြစ်မိသည်။

"ညီမလေး ဒဏ်ရာရတာလောက်ပဲ သူတို့သိတယ်၊ သေဆုံးသွားတာကို မသိသေးဘူး၊ ဒီအတိုင်းဆိုရင် ဆရာနဲ့ ဆရာကတော်သည်း ဒေါင်းတောက်အောင် ရှာဖွေနေကြမှာပဲ၊ ဆရာနဲ့ ဆရာကတော်အတွက် အန္တရာယ်ကလည်း ကြီးမားလွန်းတယ်"

လင်းဟူစုန်း စဉ်းစားနေခိုက် ပထမပြောသည့် အဘိုးအို၏ အသံက ထွက်ပေါ်ခဲ့ပြန်၏။

"လာမယ်ဆိုတာ သေချာရင် တောင်ချောက်ဝကနေပြီး တောင်ချောက်ဆင်ထားရင် အပိုင်ပဲ"

"မလာတော့လည်း မျှားပြီးခေါ်ရင် ရပါတယ်"

"ကောင်းတယ် နောင်တော် စုချုံးက ဉာဏ်ကြီးရှင် တစ်ယောက် ပီသပေတယ်"

"ဦးစီးကဲ့ ... ဦးစီးကဲ့ရဲ့ ကျေးဇူးတွေကို ပြန်ဆပ်တဲ့အနေနဲ့ ကျွန်တော် အစွမ်းကုန် ကြိုးစားပေးပါ့မယ်"

အမည်ဖော်ပြောလိုက်သောကြောင့် စကားပြောနေသူများသည် သူရိန်မျက်နှာမူဂိုဏ်းမှဖြစ်ကြောင်း လင်းဟူစုန်း သိလိုက်သည်။ ထိုအခိုက် အဝေးမှ လက်ခုပ်တီးသံသုံးချက် ထွက်ပေါ်လာ၏။

"ဟော ... ဦးစီးတို့လည်း ရောက်လာပြီ"

ဦးစီးကဲ့ဆိုသူက လက်ခုပ်သံ သုံးချက်ဖြင့် ပြန်လည်အချက်

ပေးလိုက်သည်။ တစ်ခဏအကြာတွင် နောက်ထပ် လူနှစ်ယောက် ထပ်မံ ရောက်ရှိခဲ့သည်။ ခြေသံလေးဖင့်သောကြောင့် တစ်စုံတစ်ရာ ကို သယ်ဆောင်လာမှန်း သိသာနေ၏။

"ဘယ်လိုလုပ်ပြီး ယဲ့ပို့ချွင်ရဲ့မိန်းမကို ဖမ်းဆီးမိတာလည်း ဦးစီးသူ"

လင်းဟူစုန်းသည် ဆရာကတော်ကို ထွက်ကယ်ချင်သော် လည်း လက်ထဲတွင် ဓားမပါရှိသောကြောင့် အောင့်အည်းမျိုသိပ် ပြီး စောင့်စားနားထောင်နေရသည်။

"အင်း ... စားရက်ကြိုလို့ မုတ်ဆိတ်ပျားစွဲတယ်လို့ပဲ ပြော ရတော့မှာပေါ့လေ"

"ဒီမိန်းမက ဓားရေး တော်တော်ကျွမ်းတယ်လို့ ကြားထား ရတော့ မေ့ဆေးသုံးရမယ် ထင်တယ်"

"ဦးစီးကဲ့ ထင်တာ မမှားပါဘူး၊ ဒီမိန်းမက ကြည့်တော့သာ လည်ပုံလည်ပန်းနဲ့ ဆိုင်ထဲရောက်လာတာနဲ့ ရေနွေးကြမ်းခွက်ကို စိတ်ချလက်ချ မော့ချလိုက်တယ်၊ ခပ်ထုံထုံ ခပ်အအပါပဲ"

"အေး ... ဒါကြောင့်လည်း ခုလို ဖမ်းလာနိုင်တာပေါ့"

လင်းဟူစုန်းသည် ဆရာကတော်ကို စော်ကားသောကြောင့် စိတ်ထဲမှ ရေရွတ်ဆဲဆိုလိုက်မိသည်။

"ယဲ့ပို့ချွင်မိန်းမကို မိထားပြီဆိုတော့ ယဲ့ပို့ချွင်ကိုမိဖို့လည်း သိပ်မခဲယဉ်းတော့ပါဘူး၊ ဦးစီးသူ စဉ်းစားပါဦး၊ ယဲ့ပို့ချွင်ကို ဘယ်လို မျှားခေါ်ရင် ကောင်းမလဲ"

"မျှားခေါ်လို့ လိုက်လာရင်ကော ဘယ်လိုသတ်မှာလဲ ဦးစီးကဲ့"

"သူ့မိန်းမကို ဓားစာခံထားပြီး အည့ဲခိုင်းလိုက်ရင်ကော"

"ဖြစ်တော့ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဒီလူက သိပ်ရက်စက်ပြီး သူ့မိန်းမအပေါ် တကယ်လို့ သစ္စာမေတ္တာထားသူ မဟုတ်ရင် ဆင်ထားတဲ့အကွက်ထဲ ဝင်မှာမဟုတ်ဘူး ဦးစီးကဲ့"

"ကဲ ... စုချုံး မင်း ပြောစမ်း၊ ဘယ်လို အကွက်ချရင် ကောင်းမလဲ"

"ဦးစီးကြီးနှစ်ယောက် ရှိမှတော့ ကျွန်တော် ပြောနေဖို့ ကောင်း ..."

စုချုံး၏ စကားမဆုံးမီတွင် နောက်ထပ် လက်ခုပ်သံသုံး ခွက် ထွက်ပေါ်ခဲ့ပြန်သည်။

"ဟော ... ဦးစီးဖောင်းတာ့ဆူလည်း ရောက်လာပြီ"

နောက်ထပ် အချက်ပေးသံနှင့်အတူ ခြေသံများ ကြားရ ပြန်သည်။

"ဦးစီးမိုးလည်း လာနေပြီ"

လင်းဟူစုန်းသည် လက်ထဲတွင် ဓား လက်နက် မရှိသည့် အတွက် အားမလို အားမရ ဖြစ်နေမိသည်။

"ဦးစီးဖောင်းတာ့ဆူနဲ့ ဦးစီးမိုးလည်း ရောက်လာပြီ၊ အတော်ပါပဲ၊ ဦးစီးကဲ့ကတော့ ယဲ့ပို့ချွင်ရဲ့မိန်းမကို လက်ရဖမ်းဆီး ထားခဲ့ပြီ"

ဦးစီးကဲ့ဆိုသူက ရောက်လာသူနှစ်ယောက်ကို ပြောပြသည်။

"ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အတိုင်း ဆောင်ရွက်တာဖြစ်တော့ ဂိုဏ်းချုပ်ကြီးရဲ့ ရှေးကပြုခဲ့တဲ့ မဟာကုသိုလ်ကြောင့် အောင်မြင် ပုံပဲ ပြောပါတော့"

နောက်ထပ် ရောက်ရှိလာသည့် နှစ်ယောက်အနက်မှာ တစ်ယောက်က ပြောလိုက်သည်။ ယခု ရောက်ရှိနေသည့် သူရိန်

မျက်နှာမူဂိုဏ်းမှ ဦးစီးလေးဦး၏ သိုင်းပညာများသည် အလွန်အဆင့်မြင့်မားသည်။

"ခင်ဗျားတို့ ဘာအကြံအစည် ရှိကြလဲ"

မေးလိုက်သည့် အဘိုးအိုတစ်ယောက်၏ လေသံက ဩဇာသံပါသည်။ ထိုအသံကို လင်းဟူစုန်း ကြားဖူးသလိုလိုရှိ၍ ဦးနှောက်ကိုလျင်မြန်စွာ အလုပ်ပေးလိုက်၏။

"ကျွန်တော်တို့ အကြံကောင်းဉာဏ်ကောင်း မရသေးခင်မှာ ဦးစီးဖောင်းနဲ့ ဦးစီးမိုးရောက်လာတာနဲ့ အကြံကောင်းရတော့မှာပဲ ဆိုပြီး ဝမ်းသာနေကြတာပါ"

"ယဲ့ပို့ချွင်က ကျိုလိန်ရှန်းရဲ့မျက်လုံးကို ထိုးဖောက်ပြီး တောင်ငါးလုံးဂိုဏ်းချုပ်နေရာကို ရယူသွားတယ်ဆိုတော့ ဒီလူကို ပေါ့ပေါ့တန်တန် သဘောထားလို့ မဖြစ်ဘူး၊ မိစ္ဆာရှင်းဓားတတ်တယ်လို့ ပြောတယ်"

"ဦးစီးမိုး ပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့လေးယောက် တစ်ပြိုင်နက် တိုက်ခိုက်ရင် သူ့ကို နိုင်ဖို့ကောင်းပါရဲ့၊ ဒါတောင် သေချာပေါက် မပြောနိုင်ဘူး"

"ကျုပ်သဘောကို ပြောရရင် အလွန်နက်တဲ့ ကျင်းတစ်ခုတူးထားချင်တယ်၊ အပေါ်ကနေ နဂိုမြေကြီးပုံစံအတိုင်း ထင်ရအောင် ပြန်ပြီး ဖုံးကွယ်မှု လုပ်ထားလိုက်မယ်၊ သူ့မိန်းမကို သွေးကြောပိတ်ပြီး အဲဒီနား ချထားလိုက်ရင် ဒီလူရောက်လာတာနဲ့ ကျင်းထဲရောက်သွားနိုင်တယ်"

"ဦးစီးဖောင်းရဲ့အကြံ သိပ်ကောင်းတယ်၊ ကျွန်တော်တို့လေးယောက် ပုန်းနေရာက ထွက်လာပြီး သူ ပြန်မတက်နိုင်အောင် ထိန်းချုပ်ထားလိုက်ရုံပဲ"

"အင်း ... ယဲ့ဖို့ချွင်ရဲ့ မိစ္ဆာရှင်း ဓားရေးက သိပ်ထက်မြက်ဘာ့ အထောက်အကူပြုရမဲ့ ဆေးဝါးတော့ လိုမယ်"

"ဦးစီးဖောင်းပြောတာ မှန်တယ်၊ ဒါပေမဲ့ ကျွန်တော့်ဆီမှာ ဆေးဝတ်မှုံဝိညာဉ်ဖျောက်မှုန့်တွေ အများကြီး ပါခဲ့တယ်"

"ဒါဖြင့်ရင် ဦးစီးသူ အချိန်ဆွဲမနေတော့ပဲ ကျင်းတူးကြအောင်"

ဦးစီးဖောင်းတို့လေးယောက်သည် မြေကြီးကို လက်နက်ဖြင့်ဘူးဆ၍ လက်ဖြင့် ကော်တင်ကြ၏။

"သူတို့ ကျင်းတူးနေတာ တော်တော်နဲ့ ပြီးဦးမှာ မဟုတ်ဘူး၊ ယဉ်ယဉ်ကို အကျိုးအကြောင်းပြောပြီး ငါ့ဆရာကတော်ရဲ့ အသက်ကို ကယ်မှပဲ"

ဤသို့ စဉ်းစားတွေးတောပြီး လင်းဟူစုန်းက ဓားပြန်ယူရန်ကြစည်ကြိုးစားသည်။ သို့သော် သူရိန်မျက်နှာမူဂိုဏ်းဝင် လေးဦးက လမ်းပိတ်ပြီး ကျင်းတူးနေ၍ လင်းဟူစုန်းသည် မည်သို့မျှ ဝင်ရောက်နိုင်တော့ချေ။ အသာပြန်၍ ပုန်းကွယ်နေလိုက်ရသည်။

"ဦးစီးဖောင်း ဆိုတာက ငါ ဆားငန်သီးဂေဟာမှာ တွေ့ဖူးခဲ့တဲ့သူကိုး"

ဦးစီးကဲ့ဆိုသူက တဟားဟားရယ်လိုက်ရင်း ...

"ယဲ့ပို့ချွင်အသက်က ငယ်တော့တာ မဟုတ်ဘူး၊ ယူထားတဲ့ခြံနံးမကတော့ နုနုငယ်ငယ် ချောချောကလေးပါလား ဟဲ ... ဟဲ"

"ကျွန်တော် ကြည့်ရတာ မငယ်တော့ပါဘူးဗျာ၊ လေးဆယ်ကျော်နေပြီ၊ ဦးစီးကဲ့ စိတ်ကြိုက်တွေ့ရင် ယဲ့ပို့ချွင်ကို ဖမ်းဆီးခဲ့တဲ့နောက်ပိုင်း ဂိုဏ်းချုပ်ကြီးကို တင်ပြပြီး စုလျားရစ်ပတ်ဒဲ့ကပေါ့၊ မကောင်းဘူးလား ဦးစီးကဲ့"

လင်းဟူစုန်းသည် အလွန် ဒေါသထွက်မိသည်။

"ခွေးတိရစ္ဆာန်တွေ၊ မင်းတို့အားလုံး ငါ့လက်ချက်နဲ့ ဘယ်လို သေရမယ်ဆိုတာ စောင့်ကြည့်ပေါ့!"

လင်းဟူစုန်းက စိတ်ထဲမှ ကြိုးဝါးလိုက်မိသည်။ ဦးစီးကဲ့ဆိုသူသည် တဟဲဟဲ ရယ်မောရင်း လင်းကျူးချဲ့၏ပါးကို လိမ်ဆွဲလိုက်သည်။ လင်းကျူးချဲက ဆွေးကြောအပိတ်ခံထားရသောကြောင့် စကားမပြောနိုင်ချေ။ ကျန်လူများက ဝိုင်းပြီးရယ်မောလိုက်ကြသည်။

"အစ်ကိုကြီးကဲ့ရဲ့ လက်ကတော့ ဝက်မြီးအတိုင်းပဲ၊ အတင့်ရဲတဲ့နေရာမှာ မဆိုးဘူး"

ဦးစီးသုက မြှောက်ပင့်လိုက်ပြန်၏။ လင်းဟူစုန်းသည် ဓားမပါသော်လည်း ပုန်းအောင်းနေရာမှ ခုန်ထွက်မိမတတ် ဖြစ်သွားသည်။

"ဒါပေမဲ့ ဂိုဏ်းချုပ်ရဲ့ကိစ္စက ရှိသေးတယ်၊ မအောင်မြင်ရင် ငါ့ခေါင်းတစ်လုံးတည်းနဲ့ မလုံလောက်ဘူး၊ ခေါင်းတစ်လုံးမပြောနဲ့ ခေါင်းတစ်ရာရှိတာတောင် လုံလောက်မှာ မဟုတ်ဘူး"

"ကဲ ... ဦးစီးသုနဲ့ ဦးစီးကဲ့တို့နှစ်ယောက်က ယဲ့ပို့ချွင်ကို သွားပြီး မျှားခေါ်ခဲ့ဖို့ ကောင်းပြီ၊ နောက်နှစ်နာရီလောက်ကြာရင် အားလုံး အဆင်သင့်ဖြစ်ပါပြီ"

လေးယောက်ထဲမှ လူနှစ်ယောက် ထွက်သွားကြ၏။

ကျန်နှစ်ယောက်သည် ဆက်လက်၍ မြေကျင်းတူးနေကြသည်။ လင်းဟူစုန်းသည် ယဉ်ယဉ် စိတ်ပူနေမည်ကို သိသော်လည်း မည်သို့မှ မတတ်သာပေ။ တဖြည်းဖြည်းနှင့် မိုးချုပ်ခဲ့သည်။ ၄ က်များ အိပ်တန်းတက်ကြပြီး တိတ်ဆိတ်သွားတော့၏။

အတန်ကြာပြီးနောက် အားခနဲ အော်လိုက်သည့် အမျိုးသမီး

ဟောက်၏အသံကို ကြားလိုက်ရ၏။ ယဉ်ယဉ်၏အသံပင် ဖြစ်၏။ ပြေးလွှားနေသည့် ခြေသံကိုကြားရခြင်းဖြင့် တစ်ဦးကိုတစ်ဦး ပြေးလိုက်နေခြင်းဖြစ်ကြောင်း ထင်ရှားသည်။

"အစ်ကို လင်းဟူစုန်း၊ အစ်ကို့ဆရာက အစ်ကို့ကို သတ်မလို့ လိုက်လာနေပြီ၊ မထွက်ခဲ့ပါနဲ့"

လင်းဟူစုန်းသည် ယဉ်ယဉ်၏ အော်ပြောသံကြောင့် မတွေးတတ်အောင်ဖြစ်ပြီး စဉ်းစားကြည့်မိသည်။

"ဆရာက ငါ့ကို ဘာဖြစ်လို့ သတ်မှာပါလိမ့်"

ယဉ်ယဉ်၏အသံကို ဆက်လက်ကြားရပြန်သည်။

"အစ်ကို လင်းဟူစုန်း ဘာပဲဖြစ်ဖြစ် မထွက်ခဲ့နဲ့၊ ရှင့်ကို သတ်ဖို့ လိုက်ရှာနေပြီ"

ယဉ်ယဉ်သည် မိမိအသက်ကို မငဲ့ကွက်ပဲ လင်းဟူစုန်း၏ အသက်ကိုသာ ငဲ့ကွက်သည့်သဘောနှင့် အော်ဟစ်ပြောဆိုနေသည်။ ဤအသံကို ကြားရသောကောင့် ယဲ့ပို့ချွင်သည် ယဉ်ယဉ်ရှိရာသို့ ရောက်ရှိသွားနိုင်ခဲ့သည်။ ယဲ့ပို့ချွင်က ယဉ်ယဉ်၏ နောက်ကျောကို ကုပ်ဖမ်းလိုက်ပြီး ကျန်လက်တဖက်ဖြင့် ယဉ်ယဉ်၏ လက်ကောက်ဝတ်ကို ဆုပ်ဖမ်း၍ လိမ်ဆွဲလိုက်သည်။ ယဉ်ယဉ် လက်ထဲမှ ဓားရှည်သည် မြေပြင်သို့ လွတ်ကျသွား၏။

ယဉ်ယဉ်သည် ယဲ့ပို့ချွင်၏ ဖမ်းချုပ်ခြင်းကို ခံလိုက်ရလေသည်။ သို့သော် အော်ဟစ်မြဲ အော်ဟစ်နေ၏။

"အမြန်ပြေးတော့၊ ရှင့်ဆရာက ရှင့်ကို သတ်လိမ့်မယ်"

လင်းဟူစုန်းသည် ယဉ်ယဉ်က သူ့အသက်ကိုမငဲ့ပဲ မိမိအသက်ကိုငဲ့၍ အော်ဟစ်နေသောကြောင့် မျက်ရည်ဝိုင်းမိသည်အထိ ခံစားမိ၏။

ယဲ့ပို့ချွင်က ယဉ်ယဉ်၏ သွေးကြောကွက်များကို ပိတ်ဆို့လိုက်သောကြောင့် ယဉ်ယဉ်သည် ပုံလျက်သား ခွေလဲကျသွားသည်။ ယဲ့ပို့ချွင်သည် လမ်းလယ်ကောင်တွင် လင်းကျုံးချဲ့ကို ပစ်လဲ့ထားသည်ကို တွေ့လိုက်ရသည်။ ဘေးပတ်ဝန်းကျင်သို့ အကဲခတ်ကြည့်လိုက်ရာ တစ်စုံတစ်ရာ ထူးခြားမှုမရှိပေ။ သို့သော်လည်း လင်းကျုံးချဲ့ကို ယခုကဲ့သို့ လမ်းလယ်ကောင်တွင် ချထားခြင်းသည် ရန်သူ၏ ဆင်ကွက်ဖြစ်မည်ဟု ပါးနပ်သော ယဲ့ပို့ချွင် ရိပ်မိသည်။

"ခွေးတိရစ္ဆာန် လင်းဟူစုန်းက ငါ့သမီးကို သတ်တော့နင်လည်း ကြဲရာပါ ဆိုပါတော့"

ယဲ့ပို့ချွင်၏စကားကြောင့် လင်းဟူစုန်းသည် ထိတ်လန့်ပြီး အံ့အားသင့်သွားသည်။

"ဆရာက ငါ ညီမလေးကို သတ်တယ်ဆိုပြီး စွပ်စွဲနေပြန်ပါလား"

ယဉ်ယဉ်သည် ယဲ့ပို့ချွင်၏မေးခွန်းကို ဒေါသတကြီး ပြန်ဖြေဆိုလိုက်သည်။

"ရှင်က လူရိုးကို သူခိုးထင်တတ်တဲ့လူ၊ ရှင့်သမီးကိုသတ်တာက လင်းဖင်းကျည်ရှင့် လင်းဖင်းကျည်"

ယဲ့ပို့ချွင်က တဟားဟား ရယ်မောလိုက်သည်။

"လင်းဖင်းကျည်ဟာ ငါ့သမက်ဆိုတာ နင် မသိဘူးလား၊ သူတို့က ကြင်စဦး ဇနီးမောင်းနှံဆိုတော့ လင်ယောကျ်ားက မယားကို ပြန်သတ်တယ်ဆိုတာ ရယ်စရာကြီး ဖြစ်မနေဘူးလား"

"လင်းဖင်းကျည်က စုန်းစမ်းအဖွဲ့နဲ့ ပေါင်းလိုက်ပြီ၊ ဒီတော့ရှင့်ကို ရန်သူဖြစ်ကြောင်း ကြေညာလိုက်တဲ့ သဘောပဲ"

ယဲ့ပို့ချွင်က တဟားဟား ရယ်မောပြန်သည်။

"နင့်စကားတွေက ပေါက်ပေါက်ရှာရှာ စကားတွေပဲ၊ စုန်းစမ်းအဖွဲ့ဆိုတာ မရှိတော့ဘူး၊ တောင်ငါးလုံးအဖွဲ့ထဲမှာ ပါသွားပြီ၊ ကျိုလိန်းရှန်းက ငါ့တပည့်လက်သား ဖြစ်သွားပြီ၊ လင်းဖင်းကျည်က ဂိုဏ်းချုပ်ဖြစ်တဲ့ ယောကျ်ားမနဲ့ မပေါင်းစည်းပဲ ကျိုလိန်းရှန်းလို မျက်ကန်းနဲ့ သွားပေါင်းစည်းဖို့ဆိုတာ လင်းဖင်းကျည်ပြောနဲ့၊ လူလောကမှာ အနုံအအဆုံးဆိုတဲ့ လူတောင် မလုပ်ဘူး"

"ရှင် မယုံရင် လင်းဖင်းကျည်ကို သွားရှာပြီး မေးကြည့်လား"

"ငါ ရှာရမှာက လင်းဖင်းကျည် မဟုတ်ဘူး လင်းဟူစုန်းပဲ၊ လင်းဟူစုန်းက မတော်မတရားလုပ်လို့သာ ငါ့သမီး အသက်ဆုံးတယ်လို့ သိုင်းလောကတစ်ခွင်မှာ လူတိုင်းပြောနေကြတယ်၊ နင်က ကြားဝင်ပြီး လင်းဟူစုန်းကို ကာဆီးနေတော့ နင်ဟာကြဲရာပါပဲ ဖြစ်ရမယ်"

ယဉ်ယဉ်က ခနဲ့ပြီး ပြုံးရယ်လိုက်သည်။

"နင့်အဖေက ကုမ္ပာဏီဂိုဏ်းချုပ်ဆိုတော့ ငါက လက်လွန်ခြေလွန် မလုပ်ချင်ပါဘူး၊ ဒါပေမဲ့ မတတ်သာတဲ့အဆုံးမှာတော့ နင့်လက်တစ်ဖက်နဲ့ နင့်ခြေတစ်ဖက်ကို ဖြတ်ရမယ်၊ ခွေးသား လင်းဟူစုန်းက နင့်ကို မေတ္တာရှိတယ်ဆိုရင် ထွက်လာခဲ့ဖို့ကောင်းတယ်"

"ရှင်လား ကျွန်မရဲ့ခြေလက်ကို ဖြတ်ဝံ့မှာ၊ ခြေလက်မပြောနဲ့ ဆံပင်မွေးတစ်ပင်လောက်ပဲ ဖြတ်ကြည့်စမ်းပါလား၊ တောင်ငါးလုံးဘစ်ဖွဲ့လုံး ကျွန်မ အဖေက ခွေးရော ကြွက်ပါမကျန် သုတ်သင်စ်လိမ့်မယ်"

"နင်က ငါ တကယ်မလုပ်ဝံ့ဘူး ထင်နေသလား"

လင်းဟူစုန်းသည် နောက်ထပ် ပုန်းကွယ်မနေနိုင်တော့ပဲ ပြေးထွက်လာ၏။

"ဆရာ လင်းဟူစုန်း ဒီမှာပါ"

ယဉ်ယဉ်က အလန့်တကြား အော်ဟစ်ပြောပြန်သည်။

"ရှင် မြန်မြန်ပြေး၊ သူ ကျွန်မကို ဘာမှ မလုပ်ပဲ့ဘူး"

လင်းဟူစုန်းသည် ခေါင်းကို ခါယမ်းပြီး ချဉ်းကပ်လာသည်။

"ဆရာ"

"ခွေးတိရစ္ဆာန်လေး မင်းကများ ငါ့ကို ဆရာခေါ်နေရသလား"

လင်းဟူစုန်းသည် မျက်ရည်ဝဲလျက် ခွူးထောက်ချလိုက်သည်။

"လင်းဟူစုန်းဟာ ယဲ့လင်းစန်းကို တစ်စက်ကလေးမှ မပြစ်မှားခဲ့ဖူးဘူးဆိုတာ ဘုရားသိပါတယ်၊ ခင်ဗျားတို့လင်မယားက ကျွန်တော့်ကို ကျေးမွေးခဲ့တဲ့ ကျေးဇူးရှိတော့ ကျွန်တော့်ကို သတ်ပစ်ရင်လည်း သတ်ပစ်လိုက်ပါ"

ယဉ်ယဉ်သည် လင်းဟူစုန်း၏ အပြုအမူကြောင့် အလွန်ပင် ထိတ်လန့်ပြီး စိုးရိမ်မိသွားသည်။

"ဒီလူက ယောကျ်ားမကျ မိန်းမ,မကျ ဖြစ်နေပြီး လူစိတ် ပျောက်နေပြီဆိုတာ ရှင် မစဉ်းစားမိဘူးလား"

ယဲ့ပို့ချွင်၏ မျက်နှာသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပြီး ယဉ်ယဉ်ဘက်သို့ လှည့်လိုက်သည်။

"နင့်စကားက ဘာအဓိပ္ပာယ်လဲ"

"ရှင်က မိစ္ဆာရှင်းဓားရေးကို လေ့ကျင့်တော့ ယောကျ်ား သဘာဝအတိုင်း မဟုတ်တော့ဘူး၊ ပြီးတော့ လူစိတ်လည်း

ကင်းမဲ့နေပြီ၊ အစ်ကို တုန်းဂမ်းပုပို့က်ကို ပြန်အမှတ်ရဖို့ ကောင်းတယ်၊ သူ့ကို လူသာမန်တစ်ယောက်လို သဘောမထားနဲ့တော့"

"အဲဒီစကားက ဘယ်သူ့ဆီက ကြားခဲ့ရတာလဲ"

"လင်းဖင်းကျည်ကိုယ်တိုင် ပြောပြတာ၊ ရှင်က မိစ္ဆာရှင်းဓားရေးကို ခိုးယူပြီး လေ့ကျင့်တာ၊ ရှင်က သူ မသိဘူးများ မှတ်နေသလား၊ ရှင်က သက်န်းကို တောင်ချောက်ကြီးထဲ ပစ်ချတော့ သူက ပြန်ပြီး ဖမ်းယူထားလိုက်တယ်၊ သူလည်း လေ့ကျင့်ခဲ့တယ်၊ မိစ္ဆာရှင်းဓားရေး လေ့ကျင့်ရင့် ဘယ်လိုလုပ်ရတယ်ဆိုတာ သူသိတော့ ရှင်လည်းပဲ ဘယ်လိုလုပ်ခဲ့ရတယ် ဆိုတာ သူ သိတာပဲ၊ သူက မိစ္ဆာရှင်းဓားရေးကို အောင်မြင်တဲ့အထိ လေ့ကျင့်ခဲ့လို့သာ ရိစန်းဘိုင်နဲ့ မုကျောင်းဟုန်းကို အသေသတ်နိုင်ခဲ့တာပေါ့၊ အစ်ကို... အစ်ကို နားထောင်ကြည့်ပါ၊ သူ့စကားပြောသံက မိန်းမသံစူးစူးဒို့ ဖြစ်နေတယ် မဟုတ်ဘူးလား၊ တုန်းဂမ်းပုပို့က်နဲ့ တစ်ထေရာတည်းပဲ၊ လူစိတ် မရှိတော့ဘူး"

ယဲ့ပို့ချွင်၏ မျက်နှာထား တင်းမာသွားပြီး ယဉ်ယဉ်ကို ရက်စက်လိုသည့် အရိပ်အယောင်များ ပေါ်ခဲ့သည်။

"စောစောကတော့ နင့်အသက်ကို ငါ ချမ်းသာပေးဖို့ပဲ၊ ခုတော့ ချမ်းသာမပေးနိုင်တော့ဘူး"

"အစ်ကို မြန်မြန်ပြေးလေ"

ယဲ့ပို့ချွင်သည် လက်ထဲမှ ဓားရှည်ကို ထုတ်လိုက်သောကြောင့် လင်းဟူစုန်းက အော်ပြောလိုက်သည်။

"သတ်ချင်ရင် ကျွန်တော့်ကိုပဲ သတ်ပါ၊ သူ့ကို မထိခိုက်နဲ့"

ယဲ့ပို့ချွင်သည် လင်းဟူစုန်းဘက်သို့ လှည့်လိုက်သည်။

ကြောင့် လင်းဟူစုန်းက ယဲ့ပို့ချွင်ကို မလွှဲသာ မရှောင်သာ တိုက်ခိုက်ရတော့သည်။

ယဲ့ပို့ချွင်က ကန်လန့်ဖြတ် ဓားချက်ဖြင့် လင်းဟူစုန်း၏ ဓားချက်ကို တားဆီးခံဆောင်လိုက်သည်။ လင်းဟူစုန်းက သူသေကိုယ်သေ ဓားချက်သုံးချက်ဖြင့် ယဲ့ပို့ချွင်ကို ဆက်လက်ထိုးနှက်သိုက်သည်။ ဓားဓားချင်းထိသံ မြည်သွားပြီး ယဲ့ပို့ချွင်၏ လက်မောင်းသည် ထုံကျင်သွားလေသည်။ ယဲ့ပို့ချွင်သည် ထိတ်လန့်အံ့ဩသွားပြီး နောက်သို့ ခုန်ဆုတ်သွားလေသည်။

ယဲ့ပို့ချွင်က နောက်သို့ ခုန်ဆုတ်သွားချိန်တွင် လင်းဟူစုန်းသည် ယဉ်ယဉ်၏ သွေးကြောကို ပြန်ဖွင့်ပေးရန် ပြေးသွား၏။

"ကျွန်မကို ဂရုစိုက်မနေနဲ့၊ ရှင် သတိထား"

ယဉ်ယဉ် အော်သံမဆုံးမီတွင် ယဲ့ပို့ချွင်၏ဓားက ဝင်းခနဲ လက်သွားပြီး လင်းဟူစုန်းထံသို့ ကျရောက်ခဲ့သည်။ ယဲ့ပို့ချွင်၏ ဓားချက် ရောက်လာသည်ကို ခုခံရန် အချိန်မရတော့သောကြောင့် လင်းဟူစုန်းသည် ယဲ့ပို့ချွင်၏ ဝမ်းဗိုက်ဆီသို့ ဓားထိုးသွင်းလိုက်ပြန်သည်။ ဤဓားချက်ကိုက သူသေကိုယ်သေ ဓားချက်ဖြစ်သောကြောင့် ယဲ့ပို့ချွင်သည် နောက်သို့ ခုန်ဆုတ်သွားရပြန်သည်။

"သိပ်ရက်စက်တဲ့ ခွေးတိရစ္ဆာန်လေး"

စင်စစ် လင်းဟူစုန်းသည် သူသေကိုယ်သေ ဓားချက်ဖြင့် ပြန်ထိုးစစ်ဆင်လိုက်သော်လည်း ယဲ့ပို့ချွင်၏ဝမ်းဗိုက်သို့ ဓားစူးဝင်မည့်အချိန်တွင် လက်မကျွံစေရန် သတိထားပြီး ဖြစ်သည်။

လင်းဟူစုန်းသည် တုန်ဂမ်းပုပိုက်၊ ယဲ့ပို့ချွင်နှင့် လင်းဖင်းကျည်တို့သုံးယောက်၏ ဓားကွက်ကို မြင်ဖူးထားရုံမက ဟာကွက်ကိုလည်း တွေ့မြင်ရသည့်အခိုက်အတံ့ကလေး ဓားချက်က လျင်မြန်

"ဟင်း ... မင်းက အတော့်ကို ဟန်ဆောင်ကောင်းတယ်၊ သူရဲကောင်းတောင်ကုန်းမှာလည်း ငါ့အရှက်ကိုခွဲလို့ မင်းကို ငါသတ်မိဖို့ ကြံမိသေးတယ်၊ ပြီးတော့ ဖုကျိုးမှာတုန်းကလည်း ငါ့လက်ထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလို့ သတ်ပစ်မယ် စိတ်ကူးတယ်၊ ငါ့ဇနီးက ကာဆီးကာဆီး လုပ်တာကြောင့် မင်းငရဲပြည်ကို မရောက်ခဲ့ဘူး၊ ငါ အဲဒီနှစ်ကြိမ် စိတ်ကူးလွဲမှားခဲ့လို့ ငါ့သမီးက မင်းလို မုဒိမ်းသမားရဲ့လက်ချက်နဲ့ ခုလို သေရတာ၊ သည်တစ်ကြိမ်တော့ ငါ ဘယ်နည်းနဲ့မှ အလွတ်ပေးမှာ မဟုတ်တော့ဘူး"

"ကျွန်တော် ... ကျွန်တော် မဟုတ်"

"ဟေ့ ... ဓားကို ကောက်ယူလိုက်စမ်း"

ယဲ့ပို့ချွင်က ဒေါသတကြီး အော်ပြောလိုက်၏။

"ဓားကို ကောက်ယူ၊ မင်းနိုင်ရင် ငါ့ကိုသတ်၊ ငါနိုင်ရင်လည်း မင်း အသေပဲ၊ အဲ ... ဒီတစ္ဆေမလေးကို အရင်ရှင်းပစ်ရလိမ့်မယ်"

ယဲ့ပို့ချွင်သည် ပြောပြောဆိုဆိုပင် ယဉ်ယဉ်၏ လည်ကုပ်ပေါ်သို့ ဓားဖြင့် ခုတ်ချလိုက်သည်။ လင်းဟူစုန်းက ကျောက်တုံးတစ်တုံးဖြင့် ယဲ့ပို့ချွင်၏လက်ကို လှမ်းပစ်လိုက်၏။ ကိုယ်ကို လိမ့်ထွက်၍ မြေပြင်ပေါ်တွင် ကျနေသော ယဉ်ယဉ်ကိုင်ဆောင်ခဲ့သည့်ဓားကို ကောက်ယူလိုက်သည်။ ဓားကို ကောက်ယူရရှိသည်နှင့် လင်းဟူစုန်းသည် ယဲ့ပို့ချွင်၏ ညာဘက်ချိုင်းကြားထဲသို့ ထိုးသွင်းလိုက်သည်။

လင်းဟူစုန်းသည် ယဲ့ပို့ချွင်က မိမိကို အသေခုတ်ပိုင်းချလိုက်ပါက အသက်ကို အဆုံးခံရန် ဆုံးဖြတ်ပြီးသား၊ သို့သော် ယဲ့ပို့ချွင်သည် ယဉ်ယဉ်ကို ဒေါသအလျောက် ခုတ်ချရန် ကြိစည်သော

လွန်းသောကြောင့် ဟာကွက်ကို တွေ့မြင်၍ ဓားဦးဖြင့် ထိုးသွင်းမည့်ကြံတိုင်း လိုရင်းသို့ မရောက်နိုင်ပဲ လွဲချော်သွားတတ်၏။

လင်းဟူစုန်းတစ်ယောက်တည်း၏ အသက်အတွက်ဆိုလျှင် ဆရာကို ဤသို့ ယှဉ်ပြိုင်တိုက်ခိုက်မည် မဟုတ်ချေ။ ဆရာကို သတ်ဖြတ်လိုသည့် စိတ်ဆန္ဒလည်း မရှိသောကြောင့် လင်းဟူစုန်းသည် ပြဿနာအေးရန် လည်စင်းပေးလိုက်မည်သာ ဖြစ်သည်။ ယခုသော် ယဲ့ပို့ချွင်ကို မတိုက်ခိုက်ခဲ့လျှင် ယဉ်ယဉ်၏ အသက်ဆုံးပါမည်။ ထို့ကြောင့်သာ လင်းဟူစုန်းက ယဲ့ပို့ချွင်ကို မဖြစ်မနေ ယှဉ်ပြိုင်တိုက်ခိုက်နေခြင်း ဖြစ်လေသည်။

အကွက်ပေါင်း တစ်ရာ့ငါးဆယ်ကျော် တိုက်ခိုက်ခဲ့သော်လည်း လင်းဟူစုန်းအား အနိုင်မတိုက်နိုင်သေးပေ။ ယဲ့ပို့ချွင် စိတ်ချောက်ချားစ ပြုလာသည်။

လင်းဟူစုန်းသည် တစ်ကိုယ်တော်ဓားကိုးကွက်ကို တတ်ကျွမ်းခဲ့ပြီးနောက် တစ်ကိုယ်တော်ဓားကွက်ပေါင်းများစွာကို စုပေါင်းပြီး ကွက်ပျောက်အဖြစ် အသုံးနိုင်ခဲ့သည်။ ထို့ကြောင့်လည်း တစ်ကိုယ်တော် ဓားကိုးကွက်၏ အထွတ်အထိပ်သို့ ရောက်ရှိနိုင်ခဲ့သောကြောင့် မိစ္ဆာရှင်း ဓားရေးနှင့် ယှဉ်ပြိုင်သော်မှ လင်းဟူစုန်းသည် အရေးမနိမ့်ခဲ့ချေ။

လင်းဟူစုန်း၏ ဓားရေးမှာ ရန်သူ၏ ဓားကွက်ပေါ် အခြေခံပြီး ထိုးစစ်ကို အခြေပြုသည့်ဓားရေး ဖြစ်သည်။ တစ်ဖက်သားက အကွက်ပေါင်း ရာထောင်ပြောင်းခဲ့လျှင်လည်း လင်းဟူစုန်း၏ ဓားချက်သည်လည်း ထိုအတိုင်းလိုက်၍ ပြောင်းလဲနေမည်သာ ဖြစ်သည်။ လင်းဟူစုန်း၏ ဓားချက်သည်လည်း ယဲ့ပို့ချွင်၏ ဓားချက်များထက်ရှုပ်ထွေးနက်ရှိုင်းသည်။

"ဟိုတစ္ဆေမလေးကလည်း ငါ သင်းကွပ်ပြီး ဓားရေးကျင့်ခဲ့ဘဲ လျှို့ဝှက်ချက်တွေကို သိထားပြီ၊ ဒီသတင်းသာ သိုင်းလောကဘစ်ခွင်မှာ ပျံနှံ့သွားရင် တောင်ငါးလုံးဂိုဏ်းချုပ်အနေနဲ့ ငါလူအများရှေ့ မျက်နှာပြဝံ့စရာ မရှိတော့ဘူး၊ တစ်သက်လုံး ငါကြိုးပမ်းထားခဲ့သမျှတွေဟာ ရေစုန်မျောတော့မယ်၊ ဒီခွေးတိရစ္ဆာန်လေးကို အနိုင်မတိုက်ရင်တော့ ငါ လူလုပ်နေဖို့ မကောင်းတော့ဘူး"

ယဲ့ပို့ချွင်သည် စဉ်းစားတွေးတောရင်း မိမိဘဝနှင့် နာမည်ကို အဖတ်ဆယ်နိုင်ရန်အတွက် ဓားချက်များကို မိုးသီးမိုးပေါက်ပမာ ခုတ်ထစ်ထိုးနှက်လေသည်။

လင်းဟူစုန်းသည် ယဲ့ပို့ချွင်၏ဟာကွက်ကို မြင်သော်လည်း ဓားချက်က လျင်မြန်လွန်းသောကြောင့် မိမိရရ အသုံးမချနိုင်ခဲ့ချေ။

အကွက်ပေါင်း နှစ်ရာခန့်တိုက်ခိုက်ခဲ့ပြီးနောက် ယဲ့ပို့ချွင်က ဓားချက်တစ်ချက် ဝှေ့ထုတ်လိုက်ချိန်တွင် ယဲ့ပို့ချွင်၏ ညာဘက်ချိုင်းကြားရှိ ဟာကွက်ကို လင်းဟူစုန်း မြင်လိုက်သည်။ ယဲ့ပို့ချွင်သည် ဤဓားကွက် ဒုတိယအကြိမ်ကို ပြန်လည်အသုံးပြုခြင်းဖြစ်၏။ ယဲ့ပို့ချွင်သည် ဓားကွက်အပြောင်းအလဲများသောကြောင့် ဓားကွက်တိုင်းကို နှစ်ကြော့ ပြန်လည်အသုံးချခြင်းမျိုး မဟုတ်သော်လည်း ဤဓားကွက်ကိုမူ နှစ်ကြိမ်မြောက် သုံးခဲ့သည်။

ယဲ့ပို့ချွင်သည် ဓားကွက်အမျိုးမျိုး ပြောင်းလဲပြီး တိုက်ခိုက်ခဲ့သော်လည်း ဓားကွက် နှစ်ကွက်သုံးကွက်ကို တစ်ကြော့ပြန်သုံးတတ်သည်။ လင်းဟူစုန်းသည် အားတက်မိပြီး မျက်နှာအမူအရာလည်း ပြုံးယောင်သန်းသွားသည်။

"ဟင်း ... ခွေးသားလေးက ပြုံးပုံထောက်တော့ ငါ့ကို အနိုင်တိုက်နိုင်မဲ့နည်းလမ်းကို ရှာတွေ့လို့များလား"

ဤသို့ တွေးမိပြီး ယဲ့ပို့ချွင်သည် အတွင်းအားကို ဖြည့်သွင်း၍ အဆုတ်အတက် အထိုးအခုတ် အရှိန်အဟုန် ပိုမြင့်လိုက်သည်။ တိုက်ပွဲကြည့်နေသော ယဉ်ယဉ်သည် ယဲ့ပို့ချွင်၏ လှုပ်ရှားမှုကို ရှင်းရှင်းလင်းလင်း မမြင်သာတော့ပဲ ရိပ်ခနဲ ရိပ်ခနဲသာလျှင် မြင်တော့သည်။ ယဉ်ယဉ်သည် ယဲ့ပို့ချွင်၏ လှုပ်ရှားမှုကိုကြည့်ရင်း ခေါင်းထဲမူးဝေကာ အော့အန်ချင်စိတ် ဖြစ်မိ၏။

နောက်ထပ် ဆယ်ကွက်ကျော် တိုက်ခိုက်ခဲ့ပြီးနောက် ယဲ့ပို့ချွင်သည် ဘယ်လက်တစ်ဖက်ကို ရှေ့သို့ထိုးထုတ်ပြီး ညာလက်ကို အနောက်သို့ အနည်းငယ် တိမ်းငဲ့ထားသည်။ ဤအကွက်သည် တတိယအကြောင်း ပြန်သုံးမည့်အကွက် ဖြစ်မည်။ ယဲ့ပို့ချွင်၏ ဓားချက်က မြန်ဆန်လွန်းသောကြောင့် ဓားချက်နှင့်အတူ လှုပ်ရှားပါက မိမိ၏ဓားချက်သည် ဟာကွက်ကို ထိထိရောက်ရောက် မလုပ်နိုင်ကြောင်း လင်းဟူစုန်း သိလိုက်သည်။ ထို့ကြောင့် ယဲ့ပို့ချွင်၏ဓားချက် အစပြုမည့်အချိန်လေးတွင် လင်းဟူစုန်းက ဦးစွာ ဟာကွက်ဖြစ်ပေါ်သည့် ယဲ့ပို့ချွင်၏ ချိုင်းကြားသို့ လှမ်းထိုးလိုက်သည်။

ယဲ့ပို့ချွင်က ဓားချက်ကို ထိုးထုတ်လိုက်သည့် အချိန်တွင် လင်းဟူစုန်း၏ ဓားဦးက ဟာကွက်သို့ တိုးဝင်ခဲ့သောကြောင့်ပဲ ယဲ့ပို့ချွင်သည် ပြန်လည်ဖာထေးရန် အခွင့်အလမ်း မရတော့ချေ။ ယဲ့ပို့ချွင်သည် ပြန်လာဖာထေးရန် အခွင့်အလမ်းမရတော့၍ ကြောက်ရွံ့ခြင်းနှင့် မချိတင်ကဲဖြစ်ခြင်းတို့ ပေါင်းစပ်ရာမှ ဖြစ်ပေါ်ခဲ့သည့် အသံကြီးနှင့် စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။

လင်းဟူစုန်းသည် ဆရာ၏ ချိုင်းကြားသို့ ဓားစူးဝင်သွားမှန်း သိလိုက်သောကြောင့် ချက်ချင်းပင် နောင်တရမိသည်။

"ဆရာ အရှုံးအနိုင် ပေါ်ပြီဆိုတော့ ကျွန်တော်တို့ ရပ်တန့်သင့်ဖို့ ကောင်းပါတယ်၊ ဆရာကတော်ကိုကယ်ဖို့ အရေးကြီးပါတယ်"။

ယဲ့ပို့ချွင်၏ မျက်နှာအမူအရာက သွေးဆုတ်ပြီး ဖြူရော်နေသည်။

"ကောင်းပြီ"

လင်းဟူစုန်းက ဓားကို လွှတ်ချပြီး ယဉ်ယဉ်ဘက်သို့ လှည့်လိုက်သည်။ ယဲ့ပို့ချွင်သည် သဲကုန်အော်ဟစ်ပြီး လင်းဟူစုန်း၏ ဘယ်ခါးစောင်းကို ဓားဖျားဖြင့် မြွေဆိုးတစ်ကောင်ပမာ ထိုးသွင်းလိုက်သည်။ လင်းဟူစုန်းသည် ထိတ်လန့်သွားပြီး မြေမြင်မှဓား ကမန်းကတန်း ကောက်သော်လည်း အချိန်မမီတော့ချေ။ လင်းဟူစုန်း၏ ခါးကြားသို့ ယဲ့ပို့ချွင်၏ဓားဦးက စူးဝင်သွားသည်။ လင်းဟူစုန်း နာကျင်စွာ ခံစားရသည်။

ယဲ့ပို့ချွင်သည် ဝမ်းသာအားရစွာ ဓားကို နှတ်ယူပြီးနောက် လင်းဟူစုန်းကို ခုတ်ချလိုက်ပြန်သည်။ လင်းဟူစုန်းက ဆယ်ပေခန့် ဆုတ်သွားအောင် ကိုယ်ကို လှိမ့်ထုတ်လိုက်သည်။ ယဲ့ပို့ချွင် ပြေးလိုက်သွားပြီး လင်းဟူစုန်းကို ခုတ်ချပြန်သည်။ ယဲ့ပို့ချင် ခုတ်ချလိုက်သော ဓားချက်သည်။ မြေပြင်ပေါ်ရှိ ကျောက်တုံးကြီးတစ်လုံးကို ခွဲမိကာ ချွမ်ခနဲ အသံမြည်သွားသည်။ ထိုဓားချက်သည် လင်းဟူစုန်း၏ ဦးခေါင်းနှင့် လေးလက်မခန့်သာ ကွာခြားပြီး သီသီလေး လွဲချော်သွားတော့သည်။

ယဲ့ပို့ချွင်သည် ဓားကို မြှောက်တင်ပြီး နားဝင်ဆိုးသော အသံမျိုးဖြင့် ရယ်မောကာ လင်းဟူစုန်း၏ ဦးခေါင်းကိုအားကုန် ခုတ်ချလိုက်သည်။ ထိုအခိုက် ယဲ့ပို့ချွင်၏ ခြေအစုံသည် ကျင်ထဲသို့

ကျွဲဆင်းသွား၏။ ယဲ့ပို့ချွင် ထိတ်လန့်တကြား ဖြစ်သွား၏ အတွင်းအားဖြည့်ပြီး ခုန်တက်ရန် အသက်ပြင်းပြင်း ရှူသွင်းလိုက်သည်။ သို့သော် တစ်မုဟုတ်ချင်းပင် မျက်စိထဲ ချာချာလည်ကာ ယဲ့ပို့ချွင်သည် သတိလစ်ပြီး ထိုးလဲသွားလေတော့သည်။

"သူရိန်နတ်ဒေဗီ"

ယဉ်ယဉ်၏ ဖခင်လင့်ဝေါစိမ်သည် သူရိန်မျက်နှာမူဂိုဏ်း ဂိုဏ်းချုပ်ဖြစ်သွား၍ ဂိုဏ်းသားများသည် ယဉ်ယဉ်အား သူရိန်နတ်ဒေဗီဟု ပြောင်းလဲခေါ်ဝေါ်လိုက်သည်။

လင်းဟူစုန်းသည် ယဉ်ယဉ်၏အနီးသို့ အတတ်နိုင်ဆုံး ကြိုးစားချဉ်းကပ်ခဲ့ပြီး မေးသည်။

"သူ နင့်ဘယ်သွေးကြောတွေကို ပိတ်သွားသလဲ"

"အစ်ကို ... အစ်ကိုက အရေးကြီးပါတယ်၊ ကျွန်မ ... ကျွန်မ အရေးမကြီးဘူး"

ယဉ်ယဉ်သည် လင်းဟူစုန်း၏ဒဏ်ရာအတွက် စိုးရိမ်တကြီး ဖြစ်ပြီး စကားပင် ထစ်ငေါ့နေသည်။

"ငါ မသေနိုင်ပါဘူး၊ မင်း စိုးရိမ်နဲ့"

"ရှင် ဒီလူဆိုးကြီးကို အသေသာ ခုတ်သတ်လိုက်စမ်းပါ"

"ကောင်းပါပြီ"

"သူ့အသက်ကို မထိခိုက်ပါစေနဲ့"

လင်းဟူစုန်းက စိုးရိမ်တကြီး ကန့်ကွက်လိုက်သည်။ ထို့ကြောင့် ယဉ်ယဉ်က ...

"ဒါဖြင့် မြန်မြန် ဖမ်းထားလိုက်စမ်း"

ယဉ်ယဉ်က မေ့ဆေးမှုန့်ဖြူးထားသည်ကို မသိသော်ကြောင့် စိုးရိမ်တကြီး အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။

ဖောင်းတော့ဆူသည် ယဲ့ပို့ချွင်ကို ထောင်ချောက်ဆင်ထားသောကြောင့် ရုတ်တရက် ထွက်လာပြီး ယဉ်ယဉ်ကို ကယ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြပြီး တောင်းပန်သည်။ ပြီးနောက် အသက်ရှူအောင့်ထား၍ ယဲ့ပို့ချွင်၏ ငယ်ထိပ်ပေါ်သို့ ဓားရိုးဖြင့် ခေါင့်ချလိုက်လေသည်။ တစ်ဆက်တည်းတွင် ဖောင်းတော့ဆူသည် ယဲ့ပို့ချွင်၏အင်္ကျီကို ဆွဲလှန်၍ အရေးကြီးသော သွေးကြောသည် ဆယ့်နှစ်ကွက်ကို ထိုးပိတ်ထားလိုက်လေသည်။ ပြီးမှ ဆေါသို့ ဆွဲတင်ယူပြီး ခြေနှင့်လက်ကို ကြိုးဖြင့် တုပ်နှောင်လိုက်လေသည်။

လင်းဟူစုန်းသည် ယဉ်ယဉ်၏ ပိတ်နေသော သွေးကြောများကို ပြန်ဖွင့်ပေးလိုက်သည်။ ရုတ်ရက် ဆရာကတော်တွင် လေနေသည်ကို သတိရမိသောကြောင့် လင်းဟူစုန်းက ခုန်းကတန်း သွားရောက်ပြီး သွေးကြောကွက်များကို ဖွင့်ပေးလိုက်ပြန်သည်။

ယခု အဖြစ်အပျက်များကို လင်းကျုံးချဲက ကြားခဲ့ မြင်ခဲ့သည်။

ယဲ့လင်းစမ်းအတွက် လင်းဟူစုန်းက အသက်စွန့်သည်ဟုဆို၍ လင်းကျုံးချဲ ယုံကြည်မည်။ သို့သော် လင်းဟူစုန်းက လင်းစမ်းအား စော်ကားသည်ကိုမူ လင်းကျုံးချဲ မည်သို့မျှ လက်မခံနိုင်ချေ။

ယခုလည်း ဓားရေးယှဉ်ပြိုင်ရာတွင် လင်းဟူစုန်းသည် ယဲ့ပို့ချွင်ကို အနိုင်ရရှိခဲ့သည်။ သို့သော် ယဲ့ပို့ချွင်သည် သစ္စာသမာဓိ လုံးဝခေါင်းပါးပြီး ကောက်ကျစ်ဉာဏ်သုံး၍ လူယုတ်မာ သဖွယ်အတိုင်း ကျင့်ကြံခဲ့သည်။ တိုက်ပွဲကို အစအဆုံး

လင်းကျူးချဲ့ မျက်မြင်ပင်။ တောင်ငါးလုံးဂိုဏ်းချုပ်ဟု ဆိုရသော်လည်း ကိုယ်ကျင့်သိက္ခာ သမာဓိ မရှိသောသူ လူယုတ်မာတစ်ယောက်ဖြစ်သဖြင့် လင်းကျူးချဲ့သည် ခင်ပွန်းသည် ယဲ့ပို့ချင်အပေါ် စက်ဆုပ်ရွံရှာမိ၏။ လင်းကျူးချဲ့သည် အဲကို တင်းတင်းကြိတ်ထားသော်လည်း စိတ်ဓာတ်ကိုမူ လျှော့ချပစ်လိုက်သည်။

"စုန်းကလေး စမ်းကလေးကို ဖင်းလင်းကျည် တကယ် သတ်တာလား"

လင်းဟူစုန်းသည် မျက်ရည်တွေ တွင်တွင်စီးကျမိ၏။

"တပည့် .... ကျွန်တော် .... ကျွန်တော်"

"သူက နင့်ကို တပည့်လို့ သဘောမထားနိုင်ပေမဲ့ ငါက တော့ တစ်သက်လုံး နင့်အပေါ် စိတ်သဘောထား မပြောင်းလဲခဲ့ပါဘူး၊ ငါ့စိတ်ဟာ ဟိုတုန်းကအတိုင်းပဲ၊ နင် လက်ခံနိုင်သေးရင် တော့ ငါက နင့်ဆရာကတော်ပါပဲ"

လင်းဟူစုန်းသည် လင်းကျူးချဲ့၏ စေတနာမေတ္တာ ကရုဏာကို လေးစားမိ၍ ဒူးထောက်ချလိုက်ပြီး လင်းကျူးချဲ့ကို ဦးခိုက်တော့လိုက်သည်။

"ဝါးစိမ်းနက်ဒေဝီ ပြောတာဟာ မမှားဘူး ဆိုပါတော့ လင်းဖင်းကျည်ဟာ မိစ္ဆာရှင်းဓားရေးကို လေ့ကျင့်ပြီး ကျိုလိန်းရှန်းဆီကို မှီခိုဖို့မသွားခင် စမ်းကလေးကို သတ်သွားတာပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ်"

"နင် ဟိုဘက်လှည့်စမ်း၊ နင့်ဒဏ်ရာ ငါ ကြည့်စမ်းမယ်"

လင်းဟူစုန်းက တစ်ဖက်သို့ လှည့်ပေးလိုက်သောအခါ လင်းကျူးချဲ့သည် လင်းဟူစုန်း၏ နောက်ကျော အင်္ကျီစကို ဆွဲ

ဖော်ပြီး ဒဏ်ရာပတ်လည်မှ သွေးစသွေးနများကို သုတ်ပေးလိုက်သည်။

"ဟင်စမ်းအဖွဲ့ရဲ့ အနာစိမ်းဒဏ်ကြေဆေးကော ပါလား"

"ပါပါတယ်"

ယဉ်ယဉ်က လင်းဟူစုန်း၏ အိတ်ထဲမှ အနာစိမ်းဒဏ်ကြေဆေးကို ထုတ်ယူပြီး လင်းကျူးချဲ့ကို ကမ်းပေးလိုက်သည်။ လင်းကျူးချဲ့သည် လင်းဟူစုန်း၏ ဒဏ်ရာကို ဆေးထည့်ပေးပြီး ဝတ်တွင်းမှ ပိုးပဝါကိုထုတ်ယူပြီး ဒဏ်ရာပေါ်သို့ အုပ်လိုက်သည်။ ထို့နောက် လင်းကျူးချဲ့က သူ့အင်္ကျီလက်မောင်းစကို ဆွဲဖြဲပြီး လင်းဟူစုန်း၏ ဒဏ်ရာကို ပတ်တီးစည်းပေးထားလိုက်၏။

"စုန်းကလေး စမ်းကလေးအတွက် လင်းဖင်းကျည်ကို သတ်ခဲ့ကြွးဆပ်ဖို့တာဝန် နင့်ကိုပဲ လွှဲခဲ့ရတော့မှာပဲ"

"ဆရာကတော့ ညီမလေး မသေခင် ကျွန်တော့်ကို တောင်းပန်သွားတယ်၊ လင်းဖင်းကျည်ကို စောင့်ရှောင်လိုက်ပါတဲ့၊ ကျွန်တော် ကျွန်တော် တပည့် လက်ခံလိုက်ရတယ်၊ ဒီတော့ ... ဒီတော့ ... သွေယ်တော့ဘူး"

လင်းကျူးချဲ့သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"လင်းဟူစုန်း နောက်နောင် လူတိုင်းအပေါ် အရမ်းစိတ်ချ ကြည့်မှု မထားနဲ့"

"ဟုတ်ကဲ့ ဆရာကတော်"

ထိုအခိုက် နွေးထွေးထွေး အရည်စက်များ လင်းဟူစုန်း၏ ပခုံးပေါ်သို့ ကျလာသည်။ နောက်သို့ ကပျာကယာ လှည့်ကြည့်လိုက်သောအခါ လင်းကျူးချဲ့၏ မျက်နှာသည် ဖြူဖြပ်ဖြူရော်နေပြီး ရင်ဝတွင် ဓားမြှောင်တစ်လက် စူးစိုက်နေသည်။

"ဆရာကဲ့တော် ... ဆရာကတော်"

အော်ခေါ်ရင်း ထခုန်လိုက်သည်။ လင်းကျုံးချဲအား ကမန်းကတန်း ဖေးထူလိုက်သော်လည်း နဲလုံးသားတဉ့်တဉ့်သို့ ဝူးဝင်နေသည့်မားချက်ကြောင့် အသက်ပျောက်သွားလေပြီ။

လင်းဟူစုန်းသည် အော်ဟစ်ငိုလိုက်ချင်သော်လည်း ရုတ်တရက် အသံလုံးဝမထွက်နိုင်တော့ချေ။ အတန်ကြာမှ လင်းဟူစုန်းသည် ချုံးပွဲချ ငိုကြွေးနိုင်တော့သည်။

ဖေဖောင်းတဲ့ဆူတို့ လူစုသည်လည်း အေးဒုက္ခကြီးတစ်ခုကို ကျော်လွှားခဲ့သည့် ချစ်သူနှစ်ဦး လွတ်လွတ်လပ်လပ် စကားပြောဆို နိုင်စေရန် ယဲ့ပို့ချွင်ကို ဆွဲထုတ်သွားကာ ခပ်လှမ်းလှမ်းသို့ ထွက်သွားကြသည်။

"သူ ... သူတို့ ဒါ ... ငါ့ ဆရာကို ဘယ်ကိုခေါ်သွားဦးမလို့လဲ"

"အစ်ကို ခုထိ သူ့ကို ဆရာခေါ်နေသေးသလား"

"နှုတ်ကျိုးနေလို့ပါ၊ ဆရာကတော်က ဘာဖြစ်လို့ သူ့ကိုယ်သူ အဆုံးစီရင်လိုက်တာလဲ မသိဘူး"

"ဒီလူယုတ်မာကြီး ယဲ့ပို့ချွင်ကြောင့် မဟုတ်ရင် ဘယ်သူကြောင့်မှမဟုတ်နိုင်တော့ဘူး၊ သစ္စာသမာဓိမရှိတဲ့ လူစား၊ အရှက်တရားမရှိတဲ့ လူစားမျိုးကို လင်တော်ပြီး အသက်ရှင်သန်နေမဲ့အစား ခုလို ကိုယ့်အသက်ကိုယ် အဆုံးစီရင်လိုက်တာကမှ မွန်မြတ်သေးတယ်၊ ကဲ ... ရှင့်ဆရာကတော်အတွက် ရန်ကြွေးချေရအောင် ယဲ့ပို့ချွင်ကို အမြန်သွားသတ်စို့"

"နင်က သူ့ကိုသတ်ချင်တာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူဟာ ဟိုတစ်ချိန်က ငါ့ရဲ့ဆရာသမားပဲ"

"ရှင့်ဆရာဖြစ်တာတော့ ဟုတ်ပါရဲ့၊ ရှင့်ကို ကျွေးမွေးစောင့်ရှောက်ခဲ့တာလည်း မှန်ပါတယ်၊ ကျေးဇူးရှိတယ်လို့လည်း ဆိုနိုင်ပါဘယ်၊ ဒါပေမဲ့ အကြိမ်ကြိမ် အဖန်ဖန် ရှင့်အသက်ကို နှုတ်ယူဒဏ်ကြီးစားတာကိုလည်း စဉ်းစားပါဦး၊ ခုလောက်ဆိုရင် ကျေးဇူးဘရားတွေကို ချေနိုင်ပါပြီ၊ ဒါပေမဲ့ ရှင့်ဆရာကတော်ကတော့ ရှင့်အပေါ် ကျေးဇူးတရား ကြီးမားတယ်၊ သူ့အတွက် ရှင် ရန်ကြွေးဆပ်ပေးဖို့ ကောင်းတယ်၊ သူ့ကိုယ်သူ အဆုံးစီရင်လိုက်ရတာ ယဲ့ပို့ချွင်ကြောင့် မဟုတ်လား"

"ငါ့ဆရာကတော်ရဲ့ ကျေးဇူးကြီးမားတာကိုလည်း ငါ မငြင်းပါဘူး၊ ဒါပေမဲ့ ယဲ့ပို့ချွင်နဲ့ ငါနဲ့က ကျေးဇူးနဲ့ ရန်ငြိုးကို ချေပလိုက်တယ်ပဲထား၊ ငါ သူ့ကိုတော့ မသတ်ဘူး"

"ဘယ်သူက ရှင့်ကို သတ်ပါလို့ ပြောနေလို့လဲ၊ ဦးစီးဖောင်းတဲ့ဆူ"

"သူရိန်နတ်ဒေဝီ အမိန့်ရှိပါ"

"ဖေဖေက ရှင်တို့ကို တာဝန်တစ်ခုထမ်းဆောင်ဖို့ စေလွှတ်လိုက်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကြီးရဲ့အမိန့်အရ ဦးစီးကဲ့၊ ဦးစီးမိုး၊ ဦးစီးသုနဲ့ ကျုပ်တို့က ဂိုဏ်းသားဆယ်ယောက် ခေါ်ပြီး ယဲ့ပို့ချွင်ကို ဖမ်းဆီးပြီး သစ်ကနက်တောင်ထိပ်ကို ခေါ်ယူသွားဖို့ ဘာဝန်ရှိပါတယ်"

"ဦးစီးကဲ့နဲ့ ဦးစီးသုတို့ကော မငြင်ပါလား"

"ယဲ့ပို့ချွင်ကိုရှာပြီး မျှားခေါ်လာဖို့ ထွက်သွားကြပါတယ် သူရိန်နတ်ဒေဝီ"

"ယဲ့ပို့ချွင်ရဲ့ကိုယ်မှာ ရှာကြည့်စမ်း"

ဦးစီးဖောင်းတာ့ဆူသည် ယဲ့ပို့ချွင်၏ ခါးပိုက်အိတ်ထဲတွင် ရှာဖွေကြည့်သည်။ တောင်ငါးလုံးအဖွဲ့၏ အမိန့်တော်အလံတစ်ခု၊ ပါးလွာသော စာအုပ်ငယ်လေးတစ်အုပ်နှင့် ရွှေငွေသုံးလေးဆယ်သားအပြင် ကြေးဒိုင်းပြားကလေးနှစ်ချပ်ကိုပါ တွေ့ရှိသည်။

"သူရိန်နဲတ်ဒေဝီ ဦးစီးကဲ့နဲ့ ဦးစီးသုတို့နှစ်ယောက်တော့ သူ့လက်ချက် မိသွားကြပြီ"

ဦးစီးဖောင်းတာ့ဆူသည် ယဲ့ပို့ချွင်ကို ခြေဖြင့် ဆောင့်ကန်လိုက်သည်။ ယဲ့ပို့ချွင်၏ လက်မောင်းရိုးတစ်ချောင်းကျိုးသံ ထွက်ပေါ်လာသည်။ ထို့ကြောင့် လင်းဟူစုန်းက လှမ်းအော်ပြောလိုက်သည်။

"သူ့ကို ရန်မရှာကြပါနဲ့တော့"

"ရေးအေးနဲ့ပက်ပြီး သတိရအောင် လုပ်ကြစမ်း"

ယဲ့ပို့ချွင်သည် ညည်းညူသံတစ်ချက်ထွက်လာပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။ လက်မောင်းရိုးကျိုးသည့်နေရာ နာကျင်သွားသောကြောင့် စုတ်သပ်လိုက်ပြန်သည်။

"ယဲ့ပို့ချွင် ... ရှင် ဦးစီးကဲ့နဲ့ ဦးစီးသုကို သတ်လိုက်ပြီ မဟုတ်လား"

ယဉ်ယဉ်က ယဲ့ပို့ချွင်ကို လှမ်းမေးစဉ် ဦးစီးဖောင်းတာ့ဆူသည် ကြေးဝိုင်းပြားကလေးနှစ်ချပ်ကို လက်တွင် မြှောက်တင်ပြလိုက်သည်။

"ဟုတ်တယ် ငါ သတ်လိုက်တယ်၊ ကုမ္ပဏီဂိုဏ်းသားဆိုတော့ လူတိုင်း သတ်သင့်တာပဲ"

"ဟင်း ... ရှင်က ရှင့်ကိုယ်ရှင် တည်ကြည်မှန်ကန်တဲ့အဖွဲ့သားဆိုပြီး ဝင့်ကြွားချင်သေးတယ်ပေါ့လေ၊ ရှင့်လုပ်ရပ်တွေဟာ

ရှင်တို့က မတည်ကြည် မမှန်ကန်ဘူးဆိုပြီး စွပ်စွဲနေကြတဲ့ သူရိန်နဲ့ကိုဏ်းထက်တောင် ရက်စက်တယ်၊ ယုတ်မာတယ်၊ လူဆန်ဘူး၊ ရှင့်လို အရှက်တရားကင်းမဲ့ပြီး သစ္စာသမာဓိမရှိတဲ့ လူယုတ်မာ ကြောင်သူတော်တစ်ယောက်ကို လင်မတော်ချင်တော့ဘူး ရှင့်ဇနီးတောင် သူ့ကိုယ်သူ အဆုံးစီရီသွားပြီ၊ ရှင်ကော လူ့လောကမှာ ဆက်ပြီး နေဖို့ကောင်းသေးလား"

"ငါ့ဇနီးကို နင်ပဲသတ်ဖြတ်ပြီးတော့ ဘာလို့ သူ့ကိုယ်သူ သတ်သေတယ်လို့ ပြောနေသလဲ"

"အစ်ကို ... ရှင်ပဲ နားထောင်ပြီး ဆုံးဖြတ်ပေတော့၊ ဒီလူဟာယ်လောက် ကောက်ကျစ်စဉ်းလဲပြီး အရှက်တရားကင်းမဲ့သလဲဆိုတာ"

"ယဉ်ယဉ် ငါ တစ်ချက်တော့ တောင်းဆိုချင်တယ် လိုက်လျောပါ၊ ဒီတစ်ကြိမ်တော့ နောက်ဆုံးပါ၊ ဒီနေ့ သူ့ကို လွှတ်ပေးဒိုက်ရင် သူနဲ့ငါ စာရင်းပြတ် အင်းပြတ်ပဲ၊ ဆရာတပည့်ဆိုတာသည်း မရှိတော့ဘူး၊ မွေးကျေးဇူး ကျွေးကျေးဇူးဆိုတာတွေလည်း ရင်းလင်းသွားပြီ။ ပြီးတော့ သူ့ဓားကွက်တွေကို ငါ အကုန်သိနေဒို့၊ သူ ရန်ရှာလာခဲ့ရင်လည်း ငါ မင်္ဂလာတော့ပဲ ပြန်ပြီး နဂါးန်းသိအောင် အမောက်ထောင် အကြောင်းပြလိုက်ရုံပေါ့"

ယဉ်ယဉ်သည် လင်းဟူစုန်း၏ ရှေ့မှောက်တွင် ယဲ့ပို့ချွင်အား မည်သည့်နည်းနှင့်မှ သတ်ဖြတ်ရန် မဖြစ်နိုင်မှန်း သိသည်။

"ကောင်းပြီလေ၊ ဒီနေ့တော့ ရှင့်ဆန္ဒကို လိုက်လျောတဲ့အနေနဲ့ သူ့ကို လွှတ်ပေးလိုက်မယ်"

ယဉ်ယဉ်သည် စားရှည်ကို ဆတ်ခနဲ ဝှေ့ယမ်းလိုက်သည်။ ယဲ့ပို့ချွင်ကို တုပ်နှောင်ထားသည့် ကြိုးများ ပြတ်ကုန်သည်။

ယဉ်ယဉ်သည် ယဲ့ပို့ချွင်၏ ဘေးသို့ တိုးကပ်သွားပြီး သွေးကြောကွက်တစ်ကွက်ကို ပြန်ဖွင့်ပေးလိုက်သည်။ ပြီးနောက် လင်းဟူစုန်းဘက်သို့ ကျောပေးပြီး အကာအကွယ်ယူကာ သွေးကြောကွက် ဖြေပေးသလိုလိုနှင့် ယဉ်ယဉ်၏ ညာလက်က သွက်လက်စွာ လှုပ်ရှားသွား၏။ ယဲ့ပို့ချွင်၏ ပါးစပ်ကို ညာလက်ဝါးဖြင့်အုပ်ထားပြီး ဘယ်လက်ဖြင့် နောက်စေ့ကို ဆတ်ခနဲ ရိုက်လိုက်သောကြောင့် ယဲ့ပို့ချွင်၏ ပါးစပ် ဟသွားသည်။ ယဉ်ယဉ်၏ ညာလက်ဝါးတွင်ရှိနေပြီးသော ဆေးလုံးကလေးကို ယဲ့ပို့ချွင်၏ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။ တစ်ဆက်တည်းတွင် ယဉ်ယဉ်က ယဲ့ပို့ချွင်၏ကို ဖမ်းညှစ်ထားလိုက်သဖြင့် ယဲ့ပို့ချွင်သည် အသက်ရှူရကျပ်ပြီး တံတွေးကို မျိုချလိုက်ရ၏။ ထို့ကြောင့် ဆေးလုံးပါ ဝမ်းထဲရောက်ရှိသွားတော့သည်။

ယဉ်ယဉ်သည် ယဲ့ပို့ချွင်ကို တုပ်နှောင်ထားသည့်ကြိုးကို ဖြတ်ပေးပြီးသွေးကြောတစ်ကွက်ကို ဖွင့်ပေးခြင်းမှာ စင်စစ်ပရိယာယ်ဆင်ခြင်းသာ ဖြစ်သည်။ လင်းဟူစုန်းကို အယုံသွင်ပြီး ယဲ့ပို့ချွင်၏ ပါးစပ်ထဲသို့ အာရုံကြောဖျက်ဆေးလုံးကို ဝမ်းထဲအရောက် သွင်းပေးလိုက်သည်။

ယဉ်ယဉ်၏ လှုပ်ရှားမှုက လျင်မြန်ပြီး ပိရိသောကြောင့် လင်းဟူစုန်း မသိလိုက်ပေ။ မိမိ၏ဆန္ဒကို လိုက်လျောပြီး မိမိဆရာကို လွှတ်ပေးသည့်အတွက် လင်းဟူစုန်းက ယဉ်ယဉ်ကို အထူးကျေးဇူးတင်မိသည်။

ယဲ့ပို့ချွင်သည် ဆေးလုံးပါးစပ်ထဲ ရောက်သည်ကို သိသည်။ ရုတ်တရက် အသက်ရှူရကျပ်ခဲ့သောကြောင့် တံတွေးမျိုချရင်း ထိုဆေးလုံးက ဝမ်းထဲရောက်သွားကြောင်းကိုလည်း သိသည်။

ဤဆေးလုံးသည် ကုမ္ဘာဏ်အဖွဲ့၏ ဒဏ်ခတ်ဆေးလုံး ဖြစ်သော အာရုံကြောဖျက်ဆေးဖြစ်မည်ကို ရိပ်စားမိသောကြောင့် ယဲ့ပို့ချွင်သည် လိပ်ပြာလွှင့်မတတ် ကြောက်ရွံ့သွားမိသည်။ တစ်နှစ်တစ်ကြိမ် ဖြေဆေးမှသောက်ခဲ့ပါမူ မည်သို့ဖြစ်မည်ကို သိရှိသောကြောင့် ယဲ့ပို့ချွင်သည် အကြီးအကျယ် တုန်လှုပ်မိသည်။

"အစ်ကို သူ့ကို သွေးကြောပိတ်ထားတာ လက်ဆပြင်းထန်တယ်၊ ခုနေ ပြန်ဖွင့်ပေးရင် အခံရခက်မယ်၊ ခဏလေးစောင့်လိုက်တာ ပိုကောင်းမယ်"

"ကျေးဇူးပဲ ယဉ်ယဉ်"

ယဉ်ယဉ်သည် လင်းဟူစုန်း၏ စကားကြောင့် ပြုံးမိသည်။

"ကျွန်မရဲ့ လှုပ်ရှားမှုတွေအားလုံးဟာ တကယ်တော့ ရှင့်အတွက်၊ ရှင် ကောင်းစားဖို့ချည်းပါပဲ"

ယဉ်ယဉ်က စိတ်ထဲမှ ရေရွတ်လိုက်သည်။

ယဲ့ပို့ချွင်သည် အတွင်းအားကို အထောက်အကူဖြစ်၍ ဆေးလုံးကို ပြန်အန်မထုတ်နိုင်တော့သည့် အချိန်ရောက်တော့မှ ယဉ်ယဉ်သည် ယဲ့ပို့ချွင်၏အနီးသို့ တိုးကပ်သွားပြီး လေသံတိုးတိုးဖြင့် ပြောသည်။

"နှစ်စဉ် နှစ်တိုင်း တစ္ဆေကြီးပွဲ ကျင်းပချိန်ရောက်ရင် သစ်ကနက်တောင်ထိပ်ကို လာခဲ့၊ ကျွန်မ ဖြေဆေးပေးမယ်"

ယဉ်ယဉ်က ပြောပြောဆိုဆို ယဲ့ပို့ချွင်၏ ကျန်သွေးကြောကွက်များကို ဖွင့်ပေးလိုက်သည်။

"ဒါ ... ဒါ အာရုံ"

ယဲ့ပို့ချွင်က အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသောကြောင့် ယဉ်ယဉ်ကတစ်ခစ်ခစ်ရယ်ပြီး အသံကျယ်လောင်စွာ ပြောသည်။

"ရှင်ထင်တာ မမှားဘူး၊ ရှင့်အတွက် ဒီဆေးလုံးကို သောက်ရတာ ဂုဏ်ယူစရာပါပဲ၊ အလွန် အစွမ်းအစ ထက်မြက်တဲ့ ဒီဆေးလုံးမျိုးကို ဖော်ဖို့ မလွယ်ဘူး၊ ဒီတော့ သောက်ချင်တဲ့ လူတိုင်းကို မကျွေးနိုင်ဘူး၊ ရှင့်လို သိုင်းပညာ အထွတ်အထိပ်ကျပြီး အထွတ်အထိပ် အဆင့်မြင့်ပုဂ္ဂိုလ်မျိုးကိုမှ ကျွန်မတို့ဂိုဏ်းက ဒီဆေးလုံးမျိုးကို တိုက်ကျွေးတာ ကျွန်မ ပြောတာ မဟုတ်ဘူးလား ဦးစီးဖောင်း"

ဖောင်းတဲ့ဆူသည် ဦးခေါင်းကိုညွတ်ပြီး ပြန်ဖြေဆိုသည်။

"ဟုတ်ပါတယ် သူရိန်နတ်ဒေဝီ၊ ဒီအထွတ်အထိပ်ဆေးလုံးကို ကျွန်တော်တို့စားပြီး ဂိုဏ်းချုပ်ရဲ့သစ္စာကို စောင့်သိရိုသေကြရလို့ ပေးအပ်တဲ့တာဝန်တွေကို မဖြစ်မနေ ထမ်းဆောင်ကြတဲ့အတွက် အောင်မြင်မှုရှိပါတယ်"

လင်းဟူစုန်း ထိုစကားများကို ကြားရ၍ အလွန် ထိတ်လန့်သွားမိ၏။

"နင် ... နင် ငါ့ဆရာ ... သူ့ကို အာရုံကြောဖျက်ဆေးလုံး ကျွေးလိုက်တယ်"

ယဉ်ယဉ်က လင်းဟူစုန်း၏ မေးခွန်းကို ရုတ်ခြည်းပြန် မဖြေသေးပဲ တစ်ခစ်ခစ် ရယ်နေသည်။

"ဟုတ်တယ်၊ သူ တော်တော် ဆာလောင်နေပုံ ရတယ်၊ ပါးစပ်အတင်းဟပြီး တစ်ခါတည်း မျိုချလိုက်တယ်၊ ယဲ့ပို့ချွင်နောက်နောင် အစ်ကိုနဲ့ ကျွန်မကို အန္တရာယ်မပေးပဲ ကာကွယ်စောင့်ရှောက်ရင် ရှင့်အတွက် သိပ်ပြီးတော့ အကျိုးရှိမှာ သေချာတယ်"

ယဲ့ပို့ချွင်သည် ယဉ်ယဉ်ကို အလွန်စက်ဆုပ်ရွံရှာသည့် အကြည့်ဖြင့် ကြည့်ကာ စဉ်းစားသည်။

"ဒီမှာ မှင်စာမလေး၊ တစ္ဆေကြီးပွဲ မတိုင်မီ သေများသွားရင် ငါတော့ ပြဿနာပဲ၊ ဒါမှမဟုတ် အကြောင်းတစ်စုံတစ်ရာကြောင့် အဲဒီအချိန် သူ သစ်ကနက်တောင်ထိပ်ကို **မရောက်ရှိ**ရင်လည်းပဲ"

လင်းဟူစုန်းသည်လည်း ယဉ်ယဉ်ကို လှမ်းကြည့်ပြီး စဉ်းစားသည်။

"ယဉ်ယဉ် ငါ့ကို လှည့်ကွက်ဆင်သွားတာပဲ၊ ဒါပေမဲ့ ငါ့အတွက် စိုးရိမ်လို့ လုပ်တာပဲ၊ အပြစ်တင်ဖို့ မလိုဘူး"

"ဦးစီးဖောင်း ... ရှင် သစ်ကနက်တောင်ထိပ်ကို ပြန်ပြီး အကြောင်းကြားလိုက်ပါ၊ တောင်ငါးလုံးဂိုဏ်းချုပ်ဆရာကြီး ယဲ့ပို့ချွင်ဟာ ကျွန်မတို့ရဲ့ သူရိန်မျက်နှာမူဂိုဏ်းထဲကို အည့်ခံ ဝင်ရောက်ပြီး ကျေးဇူးသစ္စာကို ခံယူလိုက်ပြီဖြစ်လို့ နောက်နောင် အာမခံမှာ မဟုတ်တော့တဲ့အကြောင်း ဖေဖေ့ကို တင်လျှောက်ပြပါ"

"ကောင်းပါပြီ သူရိန်နတ်ဒေဝီ"

ဦးစီးဖောင်းတဲ့ဆူက အလွန်ရိုကျိုးစွာပြောရင်း ကျေနပ်နှစ်သိမ့်နေပုံရသည်။

"ဆရာကြီး ယဲ့ပို့ချွင်ဟာ သိုင်းလောကတစ်ခွင်မှာ အလွန်ကျော်ကြားပြီး သစ္စာသမာဓိရှိသူ ဖြစ်တယ်၊ ဒါကြောင့်လည်း သမာဓိစားရယ်လို့ ကျော်ကြားခဲ့တယ်၊ သူက အည့်ခံပြီး ကျွန်မတို့ဂိုဏ်းထဲကို ဝင်ရောက်ခဲ့တာကို တခြားလူ မသိစေနဲ့၊ ဆေးလုံးသောက်သုံးတဲ့အကြောင်းကို ဘယ်သူမှမသိအောင် ဖုံးကွယ်ထားပေးရမယ်၊ ဒီပုဂ္ဂိုလ်က အလွန်ဉာဏ်ရည်ဉာဏ်သွေး ကောင်းပြီး သိုင်းပညာ မြင့်မားသူတစ်ယောက် ဖြစ်လေတော့ နောက်နောင် ဂိုဏ်းချုပ်ကြီးက သူ့ကို အသုံးချဖို့ လိုလိမ့်မယ်"

"သူရိန်နတ်ဒေဝီရဲ့ မှာကြားတဲ့အတိုင်း ဖြစ်ရပါ့စေမယ်"

"ကိုလင်းဟူစုန်း ဒဏ်ရာပျောက်ကင်းသွားရင် ကျွန်မတို့ သစ်ကနက်တောင်ထိပ်ကိုလာပြီး ကန်တော့မယ်နော်တဲ့ အကြောင်းပါ ပြောပေးပါ"

"ကောင်းပါပြီ သူရိန်နတ်ဒေဝီ"

ဦးစီးဖောင်းတာ့ဆူတို့က ယဉ်ယဉ်ကို ဦးညွှတ်ဂါရဝပြုပြီး ထွက်ခွာသွားကြသည်။ ယဲ့ပို့ချွင်သည် ရုတ်တရက် ထွက်ခွာမသွားသေးပဲ ရပ်နေသည်။

"ဆရာကြီး ယဲ့ပို့ချွင်လည်း သွားလိုရာ သွားနိုင်ပါပြီရှင့်၊ ရှင့်ဇနီးရဲ့အလောင်းကို ဂုဏမ်းတောင်ကို သယ်ယူပြီး ဂူသွင်းချင်တဲ့ဆန္ဒ ရှိလား"

"ကျေးဇူးပြုပြီး မင်းတို့နှစ်ယောက်ပဲ တောင်ဘေးမှာ မြှုပ်နှံထားပေးလိုက်ပါတော့"

ယဲ့ပို့ချွင်သည် စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သွားတော့သည်။ သစ်တောအုပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ယဉ်ယဉ်နှင့် လင်းဟူစုန်းသည် အကြည့်ချင်းဆိုင်ပြီး အပြုံးချင်း ဖြိုင်ကြသည်။ တစ်ယောက်ကိုတစ်ယောက် အသက်ပေးကယ်တင်ရင်း သေဘေးမှ သီသီကလေး လွတ်ထွက်သည့်အဖြစ်ကိုတွေးပြီး ၏တစ်ဦးအပေါ်တစ်ဦး အကြင်နာစိတ်ထား ဆပ္ပာခဲ့၏။ ယဉ်ယဉ်က လင်းဟူစုန်း၏ ရင်ခွင်သို့ တိုးဝင်သွားသဖြင့် လင်းဟူစုန်းသည် ယဉ်ယဉ်ကို တင်းတင်းကြပ်ကြပ် ဖက်ထားလိုက်လေသည်။

နောက်တစ်နေ့ နေထွက်ချိန်တွင် လင်းဟူစုန်း အိပ်ရာမှ နိုးသောအခါ ယဉ်ယဉ်က စောစီးစွာ နိုးနှင့်ပြီ။

"အစ်ကို ဒဏ်ရာ ဘယ်လိုနေသေးလဲဟင်"

"ဒီတစ်ကြိမ်တော့ သိပ်မပြင်းထန်ပါဘူး"

"ဒါဆိုရင် တော်ပါသေးတယ်၊ ကျွန်မတို့ ရက်ပိုင်းအတွင်း အစ်ကို့ ဒဏ်ရာသက်သာတာနဲ့ ဒီနေရာက ရှောင်ခွာဖို့ ကောင်းဘယ်၊ ဒီနရောကို လူသိသွားပြီ"

"ကောင်းပါတယ် ညီမလေးနဲ့ ဆရာကတော်ရဲ့ အလောင်းကို စိတ်တိုင်းကျ မြှုပ်နှံပြီးပြီ၊ ဒီတော့ ဒီနေရာကနေ ဆုတ်ခွာဖို့ ကောင်းနေပါပြီ"

ယဉ်ယဉ်သည် အိတ်ထဲမှ စာအုပ်ပါးလေး တစ်အုပ်ကို ဆုတ်ယူလိုက်သည်။ ဦးစီးဖောင်းတာ့ဆူက ယဲ့ပို့ချွင်၏ ခါးပိုက်အိတ်ထောင်ထဲမှ ဆွဲထုတ်ယူခဲ့သည့် စာအုပ်ကလေး ဖြစ်သည်။ ယဲ့ပို့ချွင်သည် မိစ္ဆာရှင်းဓားရေးကျမ်းကို သင်္ကန်းပေါ်မှ ကူးယူထားသည့် စာအုပ်ကလေး ဖြစ်၏။

"ဒီမိစ္ဆာရှင်းဓားရေးကျမ်းဟာ အစ်ကိုတို့ ဂုဏမ်းအဖွဲ့ဥကွဲ သိုက်ပျက်အောင် ဖန်တီးခဲ့တယ်၊ မိသားစုကြီးတစ်ခုလုံး ဒုက္ခကွဲခဲ့ရတယ်၊ ဒီတော့ တကယ့်ကို ကောင်းကျိုးမပေးတဲ့ အရာပဲ"

ယဉ်ယဉ်သည် ထိုစာအုပ်လေးကို အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲပစ်လိုက်သည်။ စာအုပ်ကလေးသည် အပိုင်းပိုင်း အပြတ်ဥတ်ဖြစ်ကာ လင်းကျုံးချဲ့နှင့် ယဲ့လင်းစမ်း၏ဂူဘက်သို့ လွင့်စဉ်သွက်ကုန်၏။

"ငါ့ဆရာဟာ တကယ်တော့ တစ်သက်လုံး သိက္ခာ သမာဓိဒဲ့ပဲ့ပဲ့ပ

တစ်ခုကို ဖျက်ဆီးပြီးပြီ၊ လင်းဖင်းကျည်ဟာ သူတို့မျိုးဆက်ရဲ့ ဓားရေးကို လွယ်လွယ်နဲ့တော့ သူများကို စုံစုံလင်လင် ပေးမှာ မဟုတ်ဘူး၊ နှုတ်က ရွတ်ဆိုပြရင်လည်း မစုံမလင်ရွတ်ပြမှာ သေချာပါတယ်"

"ဟုတ်တယ် လင်းဖင်းကျည်ရော ကျိုလိန်းရှန်းပါ မျက်စိကန်းနေတော့ လင်းဖင်းကျည်လည်း ရွတ်ပြရုံပဲ ရိုရွတ်ပြမယ်၊ ကျိုလိန်းရှန်းလည်း စိတ်နဲ့ပဲလိုက်ပြီး မှတ်ရမယ်၊ အင်း ... လောင်းသက်လို့ဟာ အတော်လောဘကြီးတဲ့လူပဲ၊ သူတို့သုံးယောက်ပေါင်းမိရင် ကျိုလိန်းရှန်းနဲ့ လောင်းသက်လို့ကတော့ ဆရာတပည့်ဆိုတော့ လင်းဖင်းကျည် ခံရဖို့များတယ်"

"ရှင်က လင်းဖင်းကျည်ကို စောင့်ရှောက်ချင်တယ် ဆိုပါတော့"

"ထွေးပြီးသားတံတွေးကို ပြန်မျိုချလို့ ဘယ်သင့်တော်ပါ့မလဲ၊ ညီမလေးက တမလွန်ကနေ ငါ့ကို မကျေမနပ် ဖြစ်နေပါဦးမယ်"

"ရှင့် ညီမလေးက အသက်ရှင်တုန်းက ဘယ်သူဖြင့် သူပေါ်ကောင်းတယ်၊ ဘယ်ဝါဖြင့် သူ့အပေါ်ဆိုးတယ်ဆိုတာကို ဝေခွဲတတ်တာမှ မဟုတ်ပဲ၊ ခုလို လူ့လောကက ထွက်ခွာသွားရတော့ သူ ဘာသိတော့မှာလဲ၊ လင်းဖင်းကျည်ကို စောင့်ရှောက်ဖို့ မလိုအပ်ပါဘူး"

"ညီမလေးက လင်းဖင်းကျည်ကို မကောင်းမှန်း မသိတာ မဟုတ်ဘူး၊ သိတယ်၊ ညီမလေးဟာ လင်းဖင်းကျည်ကို သိပ်အချစ်ကြီးတယ်၊ စင်စစ် သူ့ကိုလုပ်ကြံတော့မယ် ဆိုတာကို သိလျက်နဲ့ သူ့အသက်ကို အသေခံသွားတာပါ"

လင်းဟူစုန်း၏ စကားကြောင့် ယဉ်ယဉ် စိတ်ထဲမှ ရေရွတ်ချက်သည်။

"ကျွန်မလည်း ယဲ့လင်းစမ်းလိုပါပဲရှင်၊ ရှင်က သတ်ချင်လည်း ကျွန်မရဲ့အသက်ကို အသေခံဖို့ အသင့်ပါပဲ"

လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် ဆယ်ရက်ကြာမျှ ပန်းပေါင်းဆာ မြစိမ်းသာတွင် ဆက်လက်ခိုးနားသည်။ ပြီးနောက် လင်းကျိုးချဲ့နှင့် ယဲ့လင်းစမ်းတို့နှစ်ယောက်၏ ဂူတွင် လွမ်းသူ့ပန်းခွေးများ ထားခဲ့ပြီး ထိုနေရာမှ ထွက်ခွာခဲ့ကြသည်။

ယူနန်မြို့နယ် ဖြစ်သောကြောင့် လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် ပေါ်ပေါ်ထင်ထင် မသွားလာဝံ့ချေ။ လင်းဟူစုန်းသည် ဘယ်ယာလုပ်သားတစ်ယောက်၏အသွင် ရုပ်ဖျက်ပြီး ယဉ်ယဉ်ကလယ်သူမတစ်ယောက်အသွင် ရုပ်ဖျက်၍ ခရီးထွက်ခဲ့ကြသည်။

လင်းဟူစုန်းက ဟင်စမ်းအဖွဲ့သူများအတွက် စိုးရိမ်မိသည်။

"လင်းဖင်းကျည်ကိစ္စကို ရှင် ဘယ်လိုဖြေရှင်းမလဲ"

"ငါ ခေါင်းအရှုပ်ဆုံး ကိစ္စပဲ၊ နောက်တော့မှ အေးအေးဆေးဆေး စဉ်းစားပြီး ကြည့်စီစဉ်ရတာပေါ့"

ယဉ်ယဉ်က လှည်းတစ်စီး ငှားလိုက်သည်။ နှစ်ယောက်သားသည်းစီးပြီး ခရီးဆက်ခဲ့ကြ၏။ တစ်နေ့တွင် စမ်းစီးမြို့ကလေးသို့ ရောက်ခဲ့ကြသည်။ ဟင်စမ်းတောင်သို့ရောက်ရန် ခုနစ်ရက် ရှစ်ရက် ခရီးသာ "ခိုတော့၏။

ထိုနေ့ညတွင် စမ်းဖင်မြို့ကလေးသို့ ရောက်ရှိခဲ့သည်။ လင်းဟူစုန်း တည်းခိုစားသောက်ဆိုင် တစ်ဆိုင်တွင် အတူတကွ တည်းခိုရန် စီစဉ်သော်လည်း ယဉ်ယဉ်က ငြင်းဆိုသည်။ တစ်ယောက်တစ်နေရာစီ တည်းခိုရန် ယဉ်ယဉ်က အကြံပြုသည်။

ယဉ်ယဉ်သည် အရှက်ကြီးလွန်းသူဖြစ်သဖြင့် ဤသို့ တည်းခိုခန်း တစ်ခုတည်း၌ အတူတည်းခိုရန်ကို ငြင်းဆိုခြင်း ဖြစ်သည်။ ယဉ်ယဉ်၏ ဆန္ဒကို လိုက်လျောလိုက်သည်။ ထို့ကြောင့် လင်းတစ်ဖက် တစ်ချက်စီတွင်ရှိသည့် တည်းခိုစားသောက်ဆိုင်တွင် မျက်နှာချင်းဆိုင် တည်းခိုကြသည်။

ည၌နက်သန်းခေါင်အချိန်၌ လင်းဟူစုန်း အိပ်မောကျနေချိန်တွင် မျက်နှာချင်းဆိုင် တည်းခိုခန်းမှ အချင်းချင်း တီးတိုးအငြင်းအခုန် ပြောဆိုကြသံကို ရုတ်တရက် ကြားလိုက်ရသည်။ တစ်ဖက် တည်းခိုခန်းမှာ အချင်းချင်း ငြင်းခုန်နေကြသံကို လင်းဟူစုန်းသည် အတွင်းအားပြည့်ဝသောကြောင့် ခပ်သဲ့သဲ့ ကြားရ၏။ ငြင်းခုန် ပြောဆိုခြင်းကို လင်းဟူစုန်း စိတ်မဝင်စားလှသော်လည်း ဟင်စမ်း အဖွဲ့၏အမည်အား နှစ်ကြိမ်တိုင်တိုင် တစ်ယောက်က ဖော်ပြသံကို လင်းဟူစုန်း ကြားလိုက်ရသည်။ ထို့ကြောင့် အတွင်းအား ဖြည့်သွင်းပြီး နားစွင့်ထောင်ကြည့်သည်။

"ကျွန်မတို့လည်း ဟင်စမ်းအဖွဲ့ခွဲ ဆိုတော့ ဟင်စမ်းကို သွားရောက်တိုက်ခိုက်တာဟာ လင်းဟူစုန်းကို ပြစ်မှားတာနဲ့ မတူဘူးလား"

ထိုမိန်းမ၏စကားကို ကြားရသောကြောင့် ...

"ဟင်စမ်းအဖွဲ့ခွဲ ဟင်စမ်းအဖွဲ့ခွဲ၊ အင်း ... သူတို့က ဘာဖြစ်လို့ ဟင်စမ်းအဖွဲ့ကို သွားပြီး တိုက်ခိုက်ချင်ရတာလဲ"

လင်းဟူစုန်း အဖြေထုတ်နေစဉ် ယောကျ်ားသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"ခင်ဗျားတို့ မိန်းမသားတွေဟာ သည်အတိုင်းချည်းပဲ ဘာလုပ်လုပ် ဘယ်တော့မှ ပြတ်ပြတ်သားသား မရှိဘူး၊ ကျွန်တော်တို့က ဝှာစမ်းအဖွဲ့ဆိုပေမဲ့ အမည်ခံအဖွဲ့သာ ဖြစ်တယ်၊ တကယ် ခိုက်ခဲ့လည်း မဟုတ်ဘူး၊ အဆက်အသွယ်လည်း မရှိကြဘူး၊ လင်းဟူစုန်းကို ကျွန်တော်တို့ ခင်ဗျားတို့တစ်တွေ လေးစားရိသေခဲ့ကြတာလည်း ဝါးစိမ်းနတ်ဒေဝီရဲ့ မျက်နှာကြောင့် ဖြစ်တယ်၊ ခု သူက ယဲ့ပို့ချွင်ရဲ့သမီး ယဲ့လင်းစမ်းကို မတော်မတရားပြုကျင့်ဒြိုး သဲတ်ဖြတ်လိုက်တာကို သိုင်းလောကတစ်ခွင်လုံး သိသွားကြဒြိုး ဝါးစိမ်းနတ်ဒေဝီသာ ကြားသွားရင် ဘယ်လိုဖြစ်မယ်ဆိုတာ စဉ်းစားကြည့်ပေတော့"

လင်းဟူစုန်းသည် သူတို့အချင်းချင်း ငြင်းခုန်ပြောဆိုနေသည့်ကြားမှ အမည်နာမများကိုပါ ကြားရ၏။

"ဩော် ... လတ်စသတ်တော့ ဟိုတစ်ချိန်က မိစ္ဆာရှင်းခားရေးကျမ်းကို လုယူလို့ ရိုစန်းဟိုင်ကို အရက်ဆိုင်တစ်ဆိုင်ထဲမှာ ဝိုင်းပြီး အကြပ်ကိုင်ခဲ့ကြတဲ့ ထင်းရူးနဲ့ ချယ်ရီလင်မယား၊ ဒီးပေါင်းရသေ့မယ် သဲတုတ်စတဲ့ ခုနစ်ယောက်အုပ်စုကိုး၊ ရှောင်လင်ကျောင်းကို ဝိုင်းတုန်းကလည် သူတို့ ပါရှိခဲ့ကြသေးတာပဲ၊ နောက်ဆုံး ငါ ဂိုဏ်းချုပ်တာဝန် လက်ခံတဲ့နေ့မှာ ဟင်စမ်းအဖွဲ့ခွဲအဖြစ် သတ်မှတ်ခဲ့တဲ့ လူတွေပဲ"

လင်းဟူစုန်း ထိုသို့ စဉ်းစားဝေဖန်လိုက်သည်။ ပထမအမျိုးသမီး၏ စကားသံကို ကြားရပြန်သည်။

"သိုင်းလောကထဲက စကားတွေကို အကြွင်းမဲ့ ယုံကြည်သို့ ဘယ်ဖြစ်ပါ့မလဲရှင့်၊ လင်းဟူစုန်းဟာ ဟင်စမ်းအဖွဲ့ အမျိုးသမီးတွေကြားထဲမှာ နေတာတောင် ဘာပြဿနာမှ မပေါ်ခဲ့ပဲနဲ့ ယဲ့လင်စမ်းကို မတော်မတရားပြုကျင့်တယ်ဆိုတာ ယုတ္တိရှိနိုင်ပါ့မလား၊ ပြီးတော့ ဝါးစိမ်းနတ်ဒေဝီဟာ ယဲ့လင်းစမ်းထက် အဆ

တစ်ရာမက ပိုပြီး ချောမောလှပတယ်၊ ခုလိုကြားရတာ နားတောင်သနသေးတယ်”

ကျမ်းဟူးလင်း အမည်ရှိ အမျိုးသမီးက ပြောလိုက်ခြင်းဖြစ်သည်။ ချိုစုန်းလျံက ရယ်မောလိုက်ပြီး ...

“အဲဒါကြောင့် ခက်တာပေါ့၊ ခင်ဗျားတို့ မိန်းမတွေက ယောကျ်ားတွေရဲ့ အတွင်းစိတ်ကို သိတာမှ မဟုတ်ပဲ”

“ဘယ်လိုပဲ ဖြစ်ဖြစ်လေ ကျွန်မကတော့ လင်းဟူစုန်းရဲ့ လက်အောက်ငယ်သားတွေကို သွားသတ်ဖို့ကို သဘောမတူနိုင်ဘူး”

ကျမ်းဟူးလင်းက ပြန်ပြောလိုက်၏။

“ခင်ဗျား သဘောမတူတာကို ကျုပ်တို့လည်း အတင်းအကြပ်လုပ်ခိုင်းလို့ မရပါဘူး၊ ဒါပေမဲ့ ခင်ဗျား မမေ့ဖို့ ကောင်းတာက ဆရာယဲ့ပို့ချင်က သစ်ကနက်အမိန့်တော်ပြားကို ကိုင်ဆောင်ပြီး စေခိုင်းတယ်ဆိုတဲ့ အချက်ပဲ၊ ဆရာယဲ့ပို့ချင်ဟာ တောင်ငါးလုံး ဂိုဏ်းချုပ်ဖြစ်ပေမဲ့ တခြား လူမသိတဲ့ သူရိန်မျက်နှာမူဂိုဏ်းဝင် တစ်ယောက်ဖြစ်နေတယ်ဆိုတာ ထင်ရှားတယ်၊ ခု သူကိုင်ဆောင်ထားတာက ဂိုဏ်းချုပ်ကြီး လင့်ဝေါစိမ်ရဲ့ သစ်ကနက်အမိန့်တော်ပဲ”

မြွေနှစ်ကောင် သူဖုန်းစား၏ စကားသံ ပေါ်လာပြန်၏။

“အောင်မြင်ခဲ့ရင် မိစ္ဆာရှင်းဓားရေးကျမ်းကို ပေးမယ်ဆိုတဲ့ ဆရာယဲ့ပို့ချင်ရဲ့စကားကို ယုံစားရမှာပဲ၊ သူက စကားတည်ကြည်လို့သာ သိုင်းလောကတစ်ခွင်မှာ သမာဓိဓားဆိုပြီး ကျော်ကြားခဲ့တာ ဖြစ်တယ်”

ချိုစုန်းလျံ ကြားဝင်ပြောလိုက်သည်။

တစ်ခဏအကြာ တိတ်ဆိတ်နေပြီးနောက် ကျမ်းဟူးလင်းက ပြောလိုက်ပြန်၏။

“အင်းလေ ဒါဆိုရင် သေအတူ ရှင်အတူပဲပေါ့”

ကျန်ရှိသော ခြောက်ယောက်က ဝိုင်းထောက်ခံလိုက်ကြသည့် အသံကို လင်းဟူစုန်း ကြားလိုက်ရ၏။

“ခင်ဗျား ခုလို သဘောတူလိုက်တာ သိပ်သဘာဝကျတယ်၊ လင်းဟူစုန်းက ယဲ့လင်းစမ်းကို မတော်မတရား ကြဲစည်တာ ကြဲစည်တာကို ဘေးဖယ်ထားလိုက်၊ ပြီးတော့ ဝါစိမ်းနက်ဒေဝီ လင်းဟူစုန်းကို ဆက်လက်ပြီး မေတ္တာပျက်တာ မပျက်တာကိုလည်း ဘေးဖယ်ထားလိုက်၊ ဘာပဲဖြစ်ဖြစ် ဟင်စမ်းအဖွဲ့ ပျက်စီးသွားတဲ့အောက်တော့ လင်းဟူစုန်းဟာ သူရိန်မျက်နှာမူဂိုဏ်းသား, တစ်ယောက် အလိုလို ဖြစ်သွားရမှာပဲ၊ အဲ ... သူက အပြစ်တင်ချင်သည်း ကျွန်တော်တို့ကိုပဲ အပြစ်တင်မှာ မဟုတ်ဘူး၊ ဂိုဏ်းချုပ်နဲ့ ကြီးယဲ့ပို့ချင်တို့ကိုပဲ အပြစ်တင်လိမ့်မယ်”

ယိလိန်းရဲသေ့၏ စကားသံကို ကြားလိုက်ရသည်။

“ဆရာယဲ့ပို့ချင် ပြောပုံထောက်တော့ ဟင်စမ်းအဖွဲ့ကို သွတ်တာ လူရွေးချယ်ပြီး စေလွှတ်တာတဲ့၊ သောင်းပြောင်း သွတ်တာ မဟုတ်ဘူးလို့ ဆိုတယ်၊ ခုလောက်ဆိုရင် ပထမ ဆုံးသွားတဲ့ လူတွေတောင် ရောက်လောက်ရောပေါ့”

ချိုစုန်းလံ့၏ စကားကို ကြားရပြန်သည်။

“ဒါတော့ ဟုတ်မယ်၊ ဟင်စမ်းဂိုဏ်းခွဲထဲမှာ လူ ဒီလောက်ရှိနေတော့ ခုလို လူရွေးပြီး စေလွှတ်တာပဲ ကောင်းတယ်၊ မိစ္ဆာရှင်းဓားရေးကို တတ်ကျွမ်းရင်လည်း တို့အုပ်စုပဲ တတ်ကျွမ်းသည်၊ လူတိုင်း တတ်ကျွမ်းကုန်မှတော့ ဘာတန်ဖိုးရှိတော့မှာလဲ”

"ဒီလူတွေက အုပ်စုခွဲပြီး ဟင်စမ်းကို သွားရောက်စုစည်းပြီး တိုက်မယ်ဆိုတော့ ရှေ့လူက နောက်လူကို စောင့်ရမှာပဲ၊ လူမစုံမချင်းတော့ သူတို့ ဘာမှ လုပ်ကြဦးမှာ မဟုတ်ဘူး၊ ငါ ယဉ်ယဉ်ကို မနက်ကျမှပဲ ပြောပြတော့မယ်"

နောက်နေ့နံနက်တွင် လင်းဟူစုန်းသည် ယဉ်ယဉ် တည်းခိုသည့် တည်းခိုစားသောက်ဆိုင်သို့ သွားရောက်ပြီး နှစ်ယောက်အတူတူ နံနက်စာ စားသောက်ကြသည်။ စားသောက်ရင်း လင်းဟူစုန်းသည် ညက ကြားရသည့်စကားများကို ယဉ်ယဉ်အား ပြောသင့် မပြောသင့် ချိန်ဆနေသည်။

"ယဉ်ယဉ်ကို ပြောပြဖို့ မတော်ဘူး၊ ယဉ်ယဉ်က ငါ့ဆရာကို အန္တရာယ်ပြုမယ်၊ ခုလာကြတဲ့လူတွေက ယဉ်ယဉ် သြဇာညောင်းပြီး သားဖြစ်တော့ ယဉ်ယဉ်ကို သူတို့ ဒုက္ခပေးမှာလည်း မဟုတ်ဘူး"

ဤသို့ စဉ်းစားပြီးနောက် လင်းဟူစုန်းက ယဉ်ယဉ်ကို သူ့စိတ်ကူးအား ထုတ်ဖော်ပြောပြသည်။

"တို့ ဟင်စမ်းကို ရုပ်ဖျက်သွားပြီး သွားကြရအောင်၊ ဟင်စမ်းအဖွဲ့မှာ အုပ်ချုပ်မှုအခြေအနေကောင်းတာ တွေ့ရရင် ငါက ရုပ်ဖျက်ထားတာကို ပြန်ပြောင်းလိုက်မယ်၊ ပြီးတော့ ဂိုဏ်းချုပ်နေရာကို ယိချိန်းကို လွှဲအပ်လိုက်မယ်၊ နောက်တော့မှ တို့နှစ်ယောက် လျှို့ဝှက်ဆုံတွေ့ပြီး လူမသိအောင် ထွက်ခွာသွားကြရင် မကောင်းဘူးလား"

"သိပ်ကောင်းပါတယ်၊ ဒါပေမဲ့ ဟင်စမ်းတောင်ကိုသွားဖို့ ရုပ်ဖျက်မယ်ဆိုရင် ရသေ့မကလေးအတိုင်း ရုပ်ဖျက်မှပဲ သင့်တော်မယ်"

"ရသေ့မကလေး အယောင်ဆောင်ရင် တခြားလူ မသိရင်

ကောင် ဟင်စမ်းအဖွဲ့သူတွေ သိကုန်မှာပဲပေါ့၊ နင် မှတ်မိသေးသား၊ ဟိုလေ တောင်ထိပ်ပေါ်က ဇရပ်ဆောင်မှာ စောင့်နေတဲ့ အ အဘွားကြီးနဲ့တူအောင် ရုပ်ဖျက်လို့ဖြစ်နိုင်ရင် အကောင်းဆုံးပေါ့"

ယဉ်ယဉ်သည်လည်း သဘောတူလိုက်သောကြောင့် ဆံပင်နှင့် လိုအပ်သည့် ရုပ်ဖျက်ရန် ပစ္စည်းများကိုဝယ်ယူကာ ခရီးဆက်ခဲ့ကြလေသည်။

ခရီးတစ်လျှောက် လင်းဟူစုန်း ယောင်ယမ်းမထူးမိအောင် အလေ့အကျင့်ရစေရန် လေ့ကျင့်ပေးသည်။

ဟင်စမ်းတောင်ခြေသို့ ရောက်ခဲ့ကြသည်။ ယဉ်ယဉ်က လင်းဟူစုန်းအား ဆွဲ့အ၊ နားမကြားအဘွားအိုအသွင် ရုပ်ဖျက်ပြောင်ပေးသည်။

လင်းဟူစုန်းသည် ယဉ်ယဉ်ကို ဟင်စမ်းတောင်ပေါ်သို့ လိုက်ပါစေချင်ပေ။ ထို့ကြောင့် အမျိုးမျိုး လှည့်ပတ်ပြောဆိုပြီး ဘာင်ခြေတွင် စောင့်ဆိုင်းနေရန် မှာကြားသည်။ ခုနစ်ရက်ကြာလျှင် ြန်လည် ဆုံစည်းကြရန် ချိန်းဆိုပြီး လင်းဟူစုန်းသည် ဟင်စမ်းဘာင်ပေါ်သို့ တစ်ကိုယ်တည်း တက်ရောက်ခဲ့သည်။ နေ့ဝင်ချိန်ခန့်ွင် လင်းဟူစုန်းသည် ဟင်စမ်းတောင်ပေါ်ရှိ ကျောင်းဆောင်များ ှာသို့ ရောက်ရှိသွားသည်။

"ငါ ဒီအတိုင်း ပေါ်ပေါ်ထင်ထင်သွားလို့ မဖြစ်ဘူး၊ ယိချိန်း၊ ငှံဝေါနဲ့ ယိနင်တို့တစ်တွေက စေ့စေ့စပ်စပ် ရှိတယ်၊ သက်ံမကင်းြစ်ပြီး ရိပ်မိသွားနိုင်တယ်၊ ပုန်းလျှိုးကွယ်လျှိုးသွားတာပဲ ကောင်းယ်"

ဤသို့ စဉ်းစားမိသောကြောင့် လင်းဟူစုန်းသည် ချဲ့နွယ်

ပိတ်ပေါင်း ထူထပ်ရာနေရာတွင် ခိုအောင်းအိပ်စက်နေလိုက်သည်။ တစ်ရေးနိုးသောအခါ လဝန်းသည် ခေါင်းပေါ်တည့်တည့်သို့ ရောက်နေလေပြီ၊ တစ်နာရီခန့် စိတ်အေးလက်အေး တင်ပျဉ်ခွေအတွင်းအား လေ့ကျင့်လိုက်သည်။

လင်းဟူစုန်းသည် ဟင်စမ်းအဖွဲ့၏ ဗဟိုကျောင်းဆောင်သို့ ပြေးလွှားချဉ်းကပ်သွား၏။ အဆောင်အတွင်း၌ မီးရောင်မြင်ရသောကြောင့် ပြတင်းပေါက်တွင် ကာဆီးထားသည့် စက္ကူကို တံတွေးဖြင့် နူးပွစေပြီး ထိုးဖောက်လိုက်သည်။ အဆောင်အတွင်းသို့ လင်းဟူစုန်း ချောင်းမြောင်းကြည့်လိုက်သောအခါ သိမ်ရှန့်၊ သိမ့်ကျင်နှင့် သိမ့်ယီ ဆရာလေးတို့အား ပူဇော်ကန်တော့သည့်သဘောမျိုး ဆင်ယင်ထားရှိ၏။ ထိုအဖြစ်ကို တွေ့ရသောကြောင့် လင်းဟူစုန်း ရင်ထဲတွင် နှင့်ခနဲ ခံစားလိုက်ရ၏။

ရုတ်တရက် လက်နက်ချင်းထိတွေ့သံ ထွက်ပေါ်လာသောကြောင့် လင်းဟူစုန်း စိတ်ထဲ ထင့်သွားရပြန်သည်။ ရန်သူရောက်ရှိပြီး တိုက်ခိုက်ပြီ။ လင်းဟူစုန်းသည် အချိန်မီလေး ရောက်ရှိသဖြင့် တော်သေးတယ်ဟု ဝမ်းသာမိသည်။ အသံကြားရာသို့ ပြေးလွှားရောက်ရှိသွားသည်။ လင်းဟူစုန်း ရောက်နေသောနေရာနှင့် ပေတစ်ရာကျော်ခန့်အကွာ အဆောင်ကြီးတစ်ခုမှ ဖြစ်၏။ အဆောင်ကြီးအတွင်း၌ မီးလင်းနေသောကြောင့် လင်းဟူစုန်း တွေးထင်သလို မဟုတ်ပဲ ဟင်စမ်းတပည့်မများ ဓားရေးလေ့ကျင့်နေသည်။ ထိုအခါမှ လင်းဟူစုန်း စိတ်အေးသွားသည်။

လင်းဟူစုန်း သင်ကြားပြသထားသော သန့်စင်တောတောင်လိုဏ်ဂူကျောက်နံရံပေါ်မှ ဟင်စမ်းအဖွဲ့၏ အထွတ်အထိပ်ဓားကွက်ကို လေ့ကျင့်နေကြခြင်း ဖြစ်သည်။

ယိဟိုနှင့် ယိနင် နှစ်ယောက်စလုံး ဓားကွက်ကို အလွန်ကျွမ်းကျင်နေပြီ။ သို့သော် ယိဟိုက ပိုမို့သွက်လက်ပြီး ယိနင်ဘစ်ချက်ကလေးလစ်သည်နှင့် ယိဟို၏ ဓားဦးက ယိနင်၏ရင်ဝကို ဆောထောက်ပြီးသား ဖြစ်သွားသည်။ ယိနင်သည် ဆက်လက်ခုခံနိုင်ရန် အခြေအနေမရှိတော့သောကြောင့် အားခနဲ အော်လိုက်သည်။

"ညီမ ရှုံးပြန်ပြီ"

ယိနင်သည် ရုက်သွားပြီး ခေါင်းငုံ့လိုက်သည်။

"ညီမလည်း လေ့ကျင့်တာပါပဲ၊ ဒါပေမဲ့ တိုးတက်မှု နှေးဘယ်"

ယိနင်က သူ့ကိုယ်သူ အပြစ်တင်စကား ပြောလိုက်၏။

"အရင်ကနဲ့ လုံးဝ မတူတော့ပါဘူး အများကြီး တိုးတက်တယ်၊ ဆက်လေ့ကျင့်တာပေါ့"

ယိဟိုက ယိနင်ကို ပြန်လည် နှစ်သိမ့်လိုက်၏။

"ညီမလေးလည်း မောပန်းနွမ်းနယ်နေပါပြီ၊ စင့်ဝေါ်နဲ့ သွားအိပ်ချေတော့၊ နက်ဖန်မှ တစ်ခါလေ့ကျင့်တာပေါ့"

ယိချိန်းက ဝင်ရောက်ပြောဆိုလိုက်သည်။

"ဟုတ်ကဲ့"

ယိနင်သည် ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်ပြီး ယိဟို၊ ယိချိန်းတို့ကို နှုတ်ဆက်ဂါရဝပြုလိုက်သည်။ ပြီးနောက် စင့်ဝေါ်၏လက်ကိုဆွဲပြီး ထွက်သွားတော့သည်။ ယိနင် မျက်နှာသည် နွမ်းလျနေသည်။

"ညီမယိနင် တစ်ယောက်က အမြဲပျော်ရွှင်မှု မရှိနိုင်ရာလား"

"ငါ ကြည့်ရတာ ညီမလေး ယိနင်ဟာ စိတ်လှုပ်ရှားနေတယ်၊ ဘယ်လိုဆက်လုပ်ပြီး တရားအားထုတ်လို့ ရနိုင်တော့မလဲ၊ သူ့စိတ် တည်ငြိမ်အောင် ဘယ်လိုနှစ်သိမ့် ဖျောင်းဖျရမယ်ဆိုတာ မစဉ်းစားတတ်တော့ဘူး"

ယိဟိုက ယိချိန်းကို ပြောလိုက်သည်။

"ညီမလေးကို ဖျောင်းဖျဖို့ သိပ်မလွယ်ဘူး၊ သူကိုယ်တိုင် သူ့စိတ်ကိုသူ သဘောပေါက်မှ ဖြစ်မဲ့ကိစ္စပဲ"

ယိချိန်းက သူ့ထင်မြင်ချက်ကို ဖော်ပြ၏။

"သူ ဘာဖြစ်လို့ စိတ်မတည်ငြိမ် ဖြစ်နေတယ် ဆိုတာ ငါသိပါတယ်၊ သူ့စိတ်ထဲမှာ ထာဝရ စွဲလမ်းနေတာက"

"တရားအားထုတ်ကျင့်ကြံတဲ့ ဒီနေရာမျိုးမှာ အဲဒီစကားမျိုး ဆက်မပြောသင့်ဘူး၊ ဆရာကြီးတော်တို့ရဲ့ ရန်ကြွေးကို ဆပ်ဖို့ပဲ အရေးကြီးပါတယ်၊ သူ့စိတ်ကိုသူ တဖြည်းဖြည်း ပြင်ဆင်ပြောင်းလဲသွားရင်လည်း ဖြစ်နိုင်ပါတယ်"

ယိချိန်းကို ယိဟိုပြောမဲ့စကားကို လက်ကာပြီး တားတီးကန့်ကွက်လိုက်သည်။

"တစ်ချိန်တုန်းက ဆရာနဲ့ ကြီးတော်လည်း ပြောဖူးသားပဲ၊ လောကကြီးမှာ ဖူးစာနဲ့ ရေစက်ဆိုတာ ရှိတယ်တဲ့၊ အတင်းအဓမ္မ ပြုတိုင်းလည်း ဖြစ်ချင်မှဖြစ်တာတဲ့၊ တစ်ခုတော့ ရှိတယ်၊ ဖြည်းဖြည်းချင်း ပြောင်းလဲပြုဖြင့်မှလည်း စိတ်ကို နိုင်နင်းမယ်၊ ခု အပြင်ပမ်းကကြည့်ရင် ညီမလေးရဲ့စိတ်ဟာ အေးချမ်းသယောင်ယောင် ထင်ရပေမဲ့ ညီမလေးရဲ့ရင်ထဲမှာတော့ ဗလောင်ဆူနေပုံရတယ်၊ ညီမလေးက မေတ္တာတရားကြီးမားလွန်းတယ်၊ ဒီတော့ တရားအားထုတ်ဖို့ သိပ်မလွယ်ဘူး"

ယိဟိုး၏စကားအဆုံးတွင် ယိချိန်းက သက်ပြင်းရှည်ကြီးကို စချက်ချကာ ပြောပြန်သည်။

"အစ်ကိုကြီး လင်းဟူစုန်းကလည်း ဂိုဏ်းချုပ်တာဝန်ကို ဘယီပဲ ထမ်းဆောင်နိုင်မယ်လို့ ထပ်ခါတလဲလဲ ပြောဖူးတယ်၊ အင်းလေ အရေးအကြီးဆုံးက ဆရာကြီးနဲ့ ကြီးတော်တို့ကို သုပ်ကြံခဲ့တဲ့ လူယုတ်မာကြီး ယဲ့ပို့ချွင်ကို"

ယိချိန်း၏စကားကို ကြားရသောအခါ လင်းဟူစုန်း စိတ်နလုံး တုန်လှုပ်ချောက်ချားသွားသည်။

"ဆရာက ဘာဖြစ်လို့ သူတို့ဆရာကြီးဒေါ်ကို လုပ်ကြံခဲ့တာလဲ"

ယိချိန်း၏စကားသံကို လင်းဟူစုန်း ကြားလိုက်ရပြန်သည်။

"ဒီရန်ကြွေးကို မချေပနိုင်သရွေ့ ကျွန်မတို့တစ်တွေလည်း ဘဝန်မကျေဘူး၊ အိပ်မပျော် စားမဝင်နဲ့ တရားအားထုတ်ရတာလည်း မဖြောင့်ဘူး"

"ငါက နင့်ထက်တောင် စိတ်မြန်ဆန်သေးတယ်၊ ဒါပေမဲ့ ငါတ်လောကြီးတိုင်းလည်း ဖြစ်တာမဟုတ်ဘဲ၊ နက်ဖန်ကစပြီး သူ့ကို အပြင်းအထန် ဆက်လက်လေ့ကျင့်ပေးကြတာပေါ့"

"အတင်းအကြပ်လည်း မချုပ်ကိုင်တာ ကောင်းပါတယ်"

ယိဟိုနှင့် ယိချိန်းတို့သည် လက်နက်ကိုယ်စီ သိမ်းဆည်းပြီး အိပ်စက်ရန် မီးငြိမ်းလိုက်လေသည်။

လင်းဟူစုန်းသည် ပြတင်းပေါက်အောက်တွင်ရပ်ပြီး သဘောပေါက်နိုင်သောအချက်ကို စဉ်းစားနေမိ၏။

"ငါ့ဆရာက သူ့တို့ရဲ့ဆရာနဲ့ ကြီးတော်ကို လုပ်ကြံခဲ့တယ်ဟဲ့၊ ဘယ်လိုအကြောင်းကြောင့် ဖော်ပြနိုင်သလဲ၊ ပြီးတော့ ရန်ကြွေး

ချေဖို့ ညီမလေးယိနင်ကို ဓားရေးဖိလေ့ကျင့်ခိုင်းနေတဲ့သဘောက
ကော ဘယ်လိုအဓိပ္ပာယ်လဲ”

စဉ်းစားသော်လည်း သဘောမပေါက်နိုင်သောကြောင့် လင်း
ဟူစုန်းသည် တဖြည်းဖြည်းချင်း လျှောက်လှမ်းထွက်လာခဲ့သည်။
လျှောက်လှမ်းရင်း စဉ်းစားလာခဲ့ရာမှ ရုတ်တရက် တစ်စုံတစ်ခု
တွေးသောအကြောင်းကြောင့် ဟာခနဲ ရင်ထဲမှတုန်လှုပ်ကာ တစ်
ကိုယ်လုံးအေးစက်သွားသလို ခံစားရ၏။

“ဟာ ... ဟုတ်တာပေါ့၊ ငါ စောစောက စဉ်းစားမိဖို့ကောင်း
တယ်၊ သူတို့ကတောင် ငါ့ထက်စောပြီး သဘောပေါက်နိုင်ခဲ့တယ်”

လင်းဟူစုန်းသည် အဖြစ်အပျက်များကို တစိမ့်စိမ့် ပြန်လည်
တွေးကြည့်သည်။ ယဉ်ယဉ် ပြောပြဖူးသည့်စကားကို ပြန်ပြောင်း
ကြားယောင်မိ၏။ သိမ့်ရှန်ဆရာလေးနှင့် သိမ့်ယိဆရာလေးတို့၏
အဝတ်အစားများကို ဖယ်ရှားမြီး ယဉ်ယဉ် စစ်ဆေးသောအခါ
ရင်ညွန့်တွင် အပ်ပေါက်ရာတွေ့သည်ဟု ယဉ်ယဉ် ပြောဖူးသည်။
အဆိပ်လူးအပ်ဖြင့် ထိုးသတ်ခံရခြင်းဖြစ်မည်ဟု ယဉ်ယဉ် မှန်းဆ
ပြောခဲ့သည်ကိုလည်း မြန်လည်သတိရမိသည်။

လင်းဟူစုန်း အတွေးပေါင်းစုံ ဝင်လာသည်။

ဆရာလေးနှစ်ပါးဟာ သိုင်းပညာအဆင့် အလွန်မြင့်တယ်၊
ပြီးတော့ လက်နက်ပုန်းနဲ့ အတိုက်ခံရတာလည်း မဟုတ်ဘူး၊
ရင်ဆိုင်တိုက်ခိုက်ရင်း သေဆုံးရတဲ့ အခြေအနေမျိုး ဖြစ်တယ်၊
သည်တော့ သိုင်းပညာ အလွန်အထွတ်အထိပ်ကျတဲ့ အဆင့်မြင့်
သိုင်းသမားတစ်ယောက် တုန်ဝှမ်းပုပိုက်သုံးတဲ့ ထိုးအပ်သေးငယ်ချွန်
ထက်တဲ့ လက်နက်နဲ့ လျှပ်တစ်ပြက်ထိုးသွင်းတာကို ခံလိုက်ရတာ
မျိုးပဲ၊ အဲသည်အချိန်တုန်းက တုန်ဝှမ်းပုပိုက် မသေသေးဘူး၊

ပေမဲ့ အပြင်ထွက်ဖို့ အကြောင်းမရှိဘူး၊ လက်ရုကို မှန်းဆကြည့်
ဆရာလေးနှစ်ပါးကို သတ်နိုင်သူဟာ ပန်းနေကြာစွယ်စုံသိုင်း
ညာနဲ့ မိစ္ဆာရှင်းဓားရေးကို တတ်ကျွမ်းသူပဲ ဖြစ်ရမယ်။

တုန်ဝှမ်းပုပိုက် မဖြစ်နိုင်ဘူးဆိုတာ မိစ္ဆာရှင်းဓားရေး
တတ်ကျွမ်းသူထဲကပဲ ဖြစ်ရမယ်၊ ကျိုလိန်းရှန်း တတ်တဲ့ မိစ္ဆာရှင်း
ဓားရေးက အတုဖြစ်တယ်။ သည်တော့ ကျိုလိန်းရှန်း မဖြစ်နိုင်
ဘူး၊ လင်းဖင်းကျည်ကော ... လင်းဖင်းကျည်လည်း မဖြစ်နိုင်ဘူး၊
အဲသည်အချိန်က လင်းဖင်းကျည်သည် ဓားရေးကျမ်းကို ရခါစပဲ
ဦးမယ်၊ လေ့ကျင့်စ ဆိုတော့ သိုင်းပညာ ဒီလောက်လည်း
မပေါက်ရောက်နိုင်သေးဘူး၊ ပြီးတော့ ရှောင်လင်ကျောင်းတိုက်ပွဲ
က လင်းဖင်းကျည်နဲ့ ညီမလေး ယဲ့လင်းစမ်း စကားပြောနေတုန်းက
လင်းဖင်းကျည်ရဲ့အသံဟာ မပြောင်းလဲသေးဘူး၊ လင်းဖင်းကျည်
သည်း မဖြစ်နိုင်ဘူး၊ ဆရာလေးနဲ့ သိမ့်ယိဆရာလေးကို သတ်နိုင်
တဲ့လူဟာ ငါ့ဆရာတစ်ယောက်ပဲ ကျန်တော့တယ်။

ဟုတ်ပြီ၊ ငါ့ဆရာ ယဲ့ပို့ချွင်ဟာ သိုသိပ်လှုပ်ရှားတတ်တယ်၊
အကြံကြီးတယ်၊ အနေအထိုင် ပိရိတယ်၊ လောင်းသက်လို့ကိုတောင်
ကျိုလိန်းရှန်းရဲ့တပည့်မှန်းသိလျက်နဲ့ ဆယ်နှစ်ကျော်လွတ်ထားခဲ့
တယ်၊ ဓားကျမ်းအတုအပလုပ်ပြီး လောင်းသက်လို့ကို ခိုးယူစေခဲ့
တယ်၊ ငါ့ဆရာကိုယ်တိုင်က နောင်တစ်ချိန်မှာ တောင်ငါးလုံးကို
ခြေဖဝါးအောက်ထားဖို့ အကြံအစည်ရှိမယ်၊ တောင်ငါးလုံး
တစ်ဖွဲ့တည်း ဖွဲ့ချိန်မှာ သူ ဂိုဏ်းချုပ်ဖြစ်မယ်လို့လည်း အပိုင်တွက်
ထားပုံရတယ်၊ ဆရာလေးနှစ်ပါးက တောင်ငါးလုံးအဖွဲ့ ဖွဲ့စည်းဖို့ကို
ဦးဆန်းတော့ အနှောင့်အယှက် မပေးနိုင်အောင် လုပ်ကြံလိုက်တာ
ဖြစ်မယ်။

ဆရာက ငါ့ကို ဘယ်လောက်ပဲ သတ်ချင် သတ်ချင် ဆယ်နှစ်ကျော်ကျော် ကျွေးမွေးခဲ့တဲ့ ကျေးဇူးက ကြီးမားလှပါတယ် ငါကိုယ်တိုင် ငါ့လက်နဲ့ ဆရာ့ကို မသတ်ထိုက်ဘူး၊ ဟင်စမ်းအဖွဲ့သူတွေက သူ့ကို သတ်ချင်ရင် သူ့ထိုက်နဲ့သူ့ကဲ့ ရှိစေတော့။ ငါဝင်ရောက်ဟာဆီးဖို့ မသင့်တော်ဘူး။

ဆရာလေးနှစ်ပါးအား လုပ်ကြံသတ်ဖြတ်သွားသူသည် ဆရာယဲ့ပို့ချင်မှန်း လင်းဟူစုန်း အသေအချာ သိသွား၏။ တစ်ဖန် တွေးပူမိသောကြောင့် လင်းဟူစုန်းသည် ယခင်က ဟင်စမ်းအဖွဲ့ခွဲထားခဲ့ဖူးသည့် ထုံးချွင်တောင်ချောက်ဘက်သို့ ကိုယ်ဖော့ပညာဖြင့် ပြေးလွှားသွားလေသည်။

ထုံးချွင်တောင်ချောက်သည် ဟင်စမ်းတောင်မကြီးတွင် နှံ့သော်လည်း ဟင်စမ်းအဖွဲ့သူများ နေထိုင်သည့်နေရာနှင့် အတော်အလှမ်းကွာသည်။

ထုံးချွင်တောင်ချောက်သို့ လင်းဟူစုန်း ရောက်သည့်အချိန်တွင် မိုးလင်းနေပြီ၊ လင်းဟူစုန်းသည် စမ်းချောင်းလေးတွင် ရုပ်ဖျက်ထားသည့် လက္ခဏာများကို ပီပီရိရိရှိအောင် ပြင်ဆင်လိုက်ပြီး ဇရပ်ကြီးဆီသို့ ချဉ်းကပ်ခဲ့သည်။

ဇရပ်ကြီးပေါ်မှ များပြားသော လူသံသူသံများကို လင်းဟူစုန်း ကြားရ၏။ ဇရပ်အပေါ် ရောက်ရှိနေသူများသည် ယခင်တစ်ချိန်က မိမိနှင့် လက်ပွန်းတတီး သောက်စားပျော်ပါးခဲ့ပြီး တစ်ခရီးတည်း နှင်ခဲ့ဖူးသူများပင် ဖြစ်ကြသည်။ ဤလူများနှင့် ပြန်လည်တိုက်ခိုက်ပြီး သတ်ဖြတ်ရမဲ့အဖြစ်ကို တွေးမိပြန်သောကြောင့် လင်းဟူစုန်း စိတ်ထိခိုက်မိသည်။

ဇရပ်ကြီးအနီးသို့ရောက်သွားနှင့် ဆဲဆိုသံများ ညံစာနေသည်

"ဘယ်ခွေးတိရစ္ဆာန်ရဲ့ လက်ရာလဲ မသိဘူး"

"ဘယ်အချိန်က ဘယ်လိုလုပ်သွားမှန်းတောင် မသိလိုက်ဘူး ဆိုတော့ လက်ရာကလည်း သွက်ပေ့"

"လက်ရာသွက်ရုံတင် မဟုတ်သေးဘူး၊ သိုင်းပညာလည်း အတော်လေး မြင့်မားပုံရတယ်၊ အသံတောင် တစ်ချက်မထွက်ဘူး"

ကြားရသည့်အသံများကြောင့် ထူးထူးခြားခြား ဖြစ်ပျက်ခဲ့သည်ဟု မှန်းဆနိုင်၏။ လင်းဟူစုန်း ဇရပ်ကြီးအနီးသို့ ချဉ်းကပ်သွားသည်။ လူအများသည် သစ်ပင်ကြီး တစ်ပင်ပေါ်သို့ ဝိုင်းဖြိုပြီး မော့ကြည့်နေသဖြင့် လင်းဟူစုန်းလည်း ကြည့်လိုက်သည်။ လူရှစ်ယောက်ကို ခြေနှင့် လက်တွင် ကြိုးဖြင့် တုပ်နှောင်ပြီး သစ်ကိုင်းတစ်ခုတွင် မော်ကလျက်အနေအထားဖြင့် ချိတ်ဆွဲထားသည်။ ဆိုရှစ်ယောက်သည် ခုနစ်ဦးအဖွဲ့နှင့် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော ဆီစိမ်ငါးရှဉ့် ယိုစွင့်တို့ ဖြစ်နေသည်။

မြေနှစ်ကောင် သူဖုန်းစား၏ မြွေနက်နှစ်ကောင်သည် ထိုလူရှစ်ယောက်ပေါ်သို့ တလှုပ်လှုပ် တရွရွဖြင့် သွားလာနေကြသည်။ ရှစ်ယောက်စလုံးသည် သွေးကြောအပိတ်ခံထားရသဖြင့် မလှုပ်ရှားနိုင်သော်လည်း သူဖုန်းစားမှလွဲ၍ ကျန်လူများသည် ထိုမြွေနှစ်ကောင်ကို အလွန်အမင်း ထိတ်လန့်နေပုံ ရ၏။

လူအုပ်ထဲမှ ညဇီးကွက်က ထွက်ခဲ့ပြီး သစ်ပင်ပေါ်သို့ ခုန်လွှားတက်သွားသည်။ ထင်းရှူးနှင့် ချယ်ရိတို့အတွက် ချိတ်ဆွဲထားသော ကြိုးအား ဓားမြောင်ဖြင့် ဖြတ်ပေးလိုက်သည်။

လူတိုင်းက သူတို့ရှစ်ယောက်၏ မျက်နှာကိုကြည့်ပြီး ဖြိုးသူကဖြိုး၍ ရေရွတ်သူက ရေရွတ်ကြသည်။ ထိုလူရှစ်ယောက်၏ နဖူးတွင် စာလုံးတစ်လုံးစီ ဆေးနီဖြင့် ရေးထားသောကြောင့်

ရေစွတ်ပြီး ပြုံးနေကြခြင်း ဖြစ်သည်။ ကျူချန်းကျူးသည် ထိုလူ ရှစ်ယောက်၏ နဖူးပေါ်မှစာကို ဖတ်ရှုနိုင်ရန် အစဉ်အတိုင်း ရပ်ခိုင်းလိုက်သည်။

"အကြဲသိပြီ သတိထားနေ"

လူတိုင်းက ထိုဝါကျကို ဝိုင်းပြီး ရွတ်ဖတ်ကြသည်။

"ဘာအကြဲ သိတာလဲ၊ ဘာလို့ သတိထားနေရမှာလဲ၊ ဘာမို့လို့လဲ"

စီးပေါင်ရသေ့က ဒေါသတကြီး အော်ပြောလိုက်သည်။ ယိလိန်းရသေ့က လက်ဟန်ပြ၍ တားဆီးပြီးနောက် တံတွေးထွေး ပြီး သူ့နဖူးမှစာကို သူ့ဘာသာ ပြန်ပွတ်ဖျက်သည်။

လင်းဟူစုန်းသည် ထိုလူစု၏အဖြစ်ကိုကြည့်ပြီး စဉ်းစား သည်။

"တကယ့်ကို အထွတ်အထိပ် ကျသူတောင် သူ့တို့အကြံ ကိုသိလို့ ဖော်ထုတ်နေပြီဆိုတော့ ငါကိုယ်တိုင် ဝင်တိုက်ဖို့မလို ရင် အကောင်းဆုံးပဲ"

ကျူချန်းကျူး မေးသံပေါ်လာသည်။

"အစ်ကိုကြီး ယိုစွင့်၊ ခင်ဗျားတို့ရှစ်ယောက် ဘယ်လိုခံ လိုက်ရတယ်ဆိုတာ ပြောစမ်းပါဦး"

"ပြောရမှာ ရှက်ဖို့တောင် ကောင်းပါတယ်၊ ညက အိပ် ကောင်းတုန်း သွေးကြောအပိတ်ခံလိုက်ရပြီး အဲဒီသစ်ပင်ပေါ်မှာ ကြိုးနဲ့တုပ်နှောင်အဆွဲခံနေရတာပဲ၊ လုပ်ကြံတဲ့လူက မေ့ဆေးမှုန့် ကို အသုံးပြုပုံရတယ်၊ ကျုပ်ကတော့ ထားပါတော့၊ ကျုပ်ထက် ပညာသာတဲ့ လူတွေတောင် ခံလိုက်ရတာပဲ"

လူအုပ်သည် တစ်ယောက်တစ်မျိုး ဝေဖန်ပြောဆိုနေကြ

သည်။ ယိုစွင့် ပြောသည့်စကားသည် မဟုတ်မမှန်ဟု ဝေဖန်ပြော ဆိုကြ၏။

"လူတွေ ဒီလောက်များများ အိပ်နေတဲ့နောက်တော့ မေ့ဆေး နှုန့်သုံးရင် အားလုံး မေ့ရမှာပေါ့၊ သူတို့ရှစ်ယောက်မှပဲ မေ့ဆေး ကြောင့် မေ့ရသတဲ့လား"

အကြဲသိပြီဆိုခြင်းနှင့်ပတ်သက်၍ လူအများက တစ်ယောက် ဘစ်မျိုး ထင်မြင်ချက်ပေးပြီး ဝေဖန်ကြသည်။ လူအများ ပြောဆို ဝေဖန်ကြသည့် စကားများကို ထောက်ကြည့်ခြင်းအားဖြင့် ဟင်စမ်း အဖွဲ့ကို လုပ်ကြံရန် အကြဲအစည်အား လူစေ့တက်စေ့ သိပုံမရ ကြောင်း လင်းဟူစုန်း တွက်ဆမိသည်။

"ငါဆရာ စေခိုင်းချက်အရ ကြံစည်ကြတဲ့ လူတွေလည်း ရှိမယ်၊ သူ မသိ ဘမသိနဲ့ ရောညှပ်ပြီး ဒီအထဲပါနေတဲ့လူတွေ က ပိုပြီး များပုံရတယ်၊ ဘာပဲပြောပြော ခုရှစ်ယောက်ကို ဒီလို သွေးကြောဝိတ်ပြီး သစ်ပင်မှာ ဆွဲထားနိုင်တဲ့ ပုဂ္ဂိုလ်ဟာ သိုင်း ပညာ အဆင့်အတန်း မနိမ့်ဘူး၊ ပြီးတော့ အကြဲသိပြီလို့ ကြံစည် မှု မှာ တကယ်သိပြီး ပါဝင်တဲ့သူတွေစကတော့ ထိတ်လန့်သွား ကြမှာပဲ"

လင်းဟူစုန်းက ဤသို့ တွေးတောနေစဉ် လူတစ်ယောက်၏ အော်ပြောသံက ထွက်ပေါ်ခဲ့သည်။

"နတ်မင်းသားခြောက်ပါး မရှိလို့၊ နတ်မင်းသားခြောက် ပါးသာ ရှိရင်တော့ ပျော်စရာသိပ်ကောင်းမယ်"

"ဒီလို လူရှစ်ယောက်ကို သစ်ပင်ပေါ်မှာ ဆွဲထားတာဟာ နတ်မင်းသားခြောက်ပါး၏ လက်ချက်မဟုတ်လို့ ဘယ်သူပြောနိုင် မလဲ"

လူတစ်ယောက်က ထင်မြင်ချက်ပေးလိုက်သည်။

"ရှင်းရှင်းလေးပဲ နတ်မင်းသားခြောက်ပါးရဲ့ သိုင်းပညာက မြင့်မားတာတော့ မှန်တယ်၊ ဒါပေမဲ့ သူတို့က စာတတ်တတ် မဟုတ်ဘူး၊ လူရှစ်ယောက်ရဲ့နဖူးမှာ စာလုံးရှစ်လုံး အဓိပ္ပာယ်ပေါ်ရအောင် ရှင်းရှင်းလင်းလင်း ရေးနိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

အားလုံးသည် ကျူချန်းကျူး၏ ရှင်လင်းချက်ကို သဘောတူညီလိုက်ကြသည်။

လင်းဟူစုန်းက အံ့ဘွားအိုဟန် ဆောင်ထားသော ကြောင့် လူအများက အမှုမဲ့ အမှတ်မဲ့ သဘောထားကြသည်။ သို့သော် မသက်မည်စိုးသောကြောင့် လင်းဟူစုန်းသည် ဇရပ်ပေါ်တက် အဝတ်စုတ်တစ်ခုကို ရှာကြံ၍ သန့်ရှင်းရေပြုလုပ်သည်။

လူနည်းစုက ဟင်စမ်းအဖွဲ့ကို လုပ်ကြံရန် အားထုတ်ခဲ့ပါက လူများစုက သဘောမတူလျှင် လူနည်းစုကို ပြန်လည် ထိန်းသိမ်းနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် လင်းဟူစုန်းသည် ဟင်စမ်းအဖွဲ့သူများအတွက် ပူပန်စိတ် အတန်လျော့သွား၏။ မသမာသော အကြံရှိသူများက ဟင်စမ်းအဖွဲ့သူများကို တစ်ဦးချင်း သုတ်သင်မှာကိုမူ လင်းဟူစုန်း စိုးရိမ်မိသည်။

"လာကြည့်ကြစမ်း ဟိုမှာ ထူးထူးဆန်းဆန်း ဖြစ်နေပြန်ပြီ"

လူတစ်ယောက်၏ အော်ပြောသံကြောင့် အားလုံးက အပြေးအလွှား ကြည့်ရှုကြသည်။ လင်းဟူစုန်းသည် ထိုလူများနှင့်ရောယောင် လိုက်သွားပြီး ကြည့်သည်။ လူဆယ်ယောက်က နံရံကို မျက်နှာမူပြီး ထိုင်နေကြသည်။ ထိုလူဆယ်ယောက်သည် သွေးကြောအပိတ်ခံထား ရ၏။ တောင်နံရံတွင်လည်း ရှဲ့များဖြင့် စာ

ဘစ်ကြောင်း ရေးထားသည်။ ရှဲ့များက မခြောက်သေးသောကြောင့် များမကြာမီအချိန်က ရေးသားခြင်း ဖြစ်သည်မှာ ထင်ရှားနေသည်။

"အကြံသိပြီ သတိထားနေ"

ရေးသားထားသည့် စာကြောင်းက ခြိမ်းခြောက်သည့်သဘောပင် ဖြစ်၏။ သွေးကြောအပိတ်ခံထားရသည့် လူဆယ်ယောက်ကို သွေးကြော ပြန်ဖွင့်ပေးသင့်,မသင့် စဉ်းစားကြသည်။

အချို့က သွေးကြောအပိတ်ခံထားရသည့်လူများ၏ ကိုယ်ခန္ဓာကို လှည့်လိုက်၏။ သွေးကြောအပိတ်ခံရသူများအနက်တွင် မြောက်ကျွန်းဝက်ဝံညီနောင်နှင့် ကုမ္ပဏီဦးစီးနှစ်ယောက်ဖြစ်သည့် ဖောင်းတာ့ဆူနှင့် ဦးစီးမိုးတို့ ပါဝင်နေ၏။

"ငါ့ဆရာက သစ်ကနက်အမိန့်ပြားကို သူတို့နှစ်ယောက် ဆီကရတာ မဖြစ်နိုင်ဘူး"

ညဇီးကွက်သည် ထိုလူဆယ်ယောက်ထဲသို့ လျှောက်သွားသည်။ ညဇီးကွက်က မလှုပ်ရှားနိုင်သော သွေးကြောကွက်ကိုဖွင့် မပေးပဲချန်ထား၍ ကျန်သွေးကြောကွက်များကို ဖွင့်ပေးလိုက်သည်။

"ကျွန်တော် မသိလို့ မေးကြည့်ချင်တယ်၊ အကြံအစည်ဆိုတာ ဘာအကြံအစည်လဲ၊ ကျွန်တော်တင် မကဘူး၊ လူတိုင်း သိချင်နေကြတယ်၊ ခင်ဗျားတို့သိရင် ပြောပြစမ်းပါ"

"မှန်တယ် အကြံဆိုတာ ဘာအကြံလဲ ပြောကြစမ်း"

လူအများသည် ညဇီးကွက်၏မေးခွန်းကို ထောက်ခံကြ၏။

မြောက်ကျွန်းဝက်ဝံနက်က ဆဲဆိုပြီး ...

"အကြံဆိုတာ ဘာအကြံဖြစ်ဖြစ်ပေါ့"

"ခင်ဗျားတို့တစ်တွေ ဘယ်လိုဖြစ်ပြီး သွေးကြောပိတ်ခံရတာလဲ၊ သိရင် ရှင်းလင်းပြစမ်းပါ"

ကျူချုန်းကျူးက မေးလိုက်သည်။

"သိရင်တော့ ဟုတ်တာပေါ့ဗျ၊ တောင်တန်းဘေးမှာ လင်္ဂလျောက်နေတုန်း နောက်ကျောက ထုံကျင်သွားတာပဲ၊ ဘယ်နယ် လူစွမ်းကောင်းမှ မဟုတ်တာပဲ၊ ဘွင်းဘွင်းမတိုက်ခိုက်ဘဲ ခိုးကြောင်ခိုးဝှက် တိုက်ခိုက်တာ"

မြောက်ကျုန်းဝက်ဝံဖြူက ပြန်ပြောသည်။

"ခင်ဗျားတို့ ဘာအကြံရှိတယ်ဆိုတာ ပြောမပြချင်လည်း နေပေါ့၊ မင်းတို့အကြံကို လူတွေသိနေပြီ၊ နောက်ဆိုရင် လွယ်မှာ မဟုတ်တော့ဘူး"

ကျူချုန်းကျူးက ဝက်ဝံညီနောင်၏စကားကို မကျေနပ်သံဖြင့် ပြောလိုက်၏။

"အစ်ကိုကြီး ကျူချုန်းကျူး အကြံကို သူတို့ သိလျက်နဲ့ ဖွင့်မပြောရင် ပစ်ထားလိုက်ဗျာ၊ သွေးကြောကို ပြန်မဖွင့်ပေးနဲ့၊ သုံးနေ့ သုံးညလောက် ဒီအတိုင်း နေပေ့စေ"

လူအုပ်ကြားမှ တစ်ယောက်က အော်ပြောလိုက်၏။

"နောင်တော်ကြီးတို့အားလုံးကို ကျွန်တော်တို့ လက်ပိုက်ပြီး ကြည့်နေချင်တဲ့သဘော မရှိပါဘူး၊ ဒါပေမဲ့ ခင်ဗျားတို့ ဘာတွေ ကြံနေမှန်း မသိရဘူး၊ တစ်ဖက်လူကလည်း ပညာသိပ်မြင့်မားပုံရတော့ ကျွန်တော်တို့ ကြောက်လွန်းလို့ သွေးကြောကို ပြန်မဖွင့်ပေးဝံ့ပါ"

"ကဲ ... သွားကြစို့"

ညဇီးကွက်က ဦးစွာ ထွက်ခွာသွားသည်။ လူအများကလည်း ညဇီးကွက်၏နောက်မှ လိုက်ပါသွား၏။ လူအုပ်များအနက် မြောက်ကျုန်းဝက်ဝံညီနောင်နှင့် ခင်မင်ရင်းနှီးသူများ ပါရှိသော်လည်း

[illegible]း၏ဆန္ဒကို လွန်ဆန်ပြီး သွေးကြောကို ပြန်ဖွင့်မပေးဝံ့သောကြောင့် လူအများနှင့် ရောယောင်လိုက်ပါသွားသည်။

လင်းဟူစုန်းသည် ဇရပ်ကြီးဆီသို့ တဖြည်းဖြည်း ပြန်လည်လျှောက်လာခဲ့သည်။ ဇရပ်ကြီးအနီးသို့ ရောက်သောအခါ လူများ၏သဘောရယ်သံကို ကြားရသည်။ လင်းဟူစုန်း ကြည့်လိုက်သောအခါ မရှောင်ကိုယ်တော်ကြီးနှင့် မရှောင်မဖြစ်ကိုယ်တော်တို့ပင်ကွမ်းတို့အား သစ်ပင်တစ်ပင်တွင် ကြိုးဖြင့် စောက်ထိုးကြိုးဆွဲထားသည်။

လင်းဟူစုန်းသည် မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

"မရှောင်ကိုယ်တော်ကြီးက ယိနင်ရဲ့ဖခင် ဖြစ်တယ်၊ ပြီးတော့ မရှောင်မဖြစ် ကိုယ်တော်ထျန်းပက်ကွမ်းလည်း ယိနင်ရဲ့တပည့်ဖြစ်တယ်၊ သူတို့နှစ်ဦးက ဟင်စမ်းအဖွဲ့ ဒုက္ခတွေ့ရင် ဝင်ကူမဲ့လူအပေါ်၊ ဘယ်နယ်ဖြစ်လို့ ဒီလို လုပ်ကြံခံကြရတာပါလိမ့်"

မရှောင်ကိုယ်တော်ကြီးနှင့် ထျန်းပက်ကွမ်း၏လည်တွင် တစ်ခုစီ ဆွဲထားပြီး ပဝါပေါ်တွင် စာများ ရေးထားလေသည်။

မရှောင်ကိုယ်တော်ကြီး၏ လည်တွင်ဆွဲထားသော ပဝါပေါ်၌ ရေးထိုးထားသည်က ...

လောကမှာ မေတ္တာအခေါင်းပါးဆုံးလူ။

တဏှာအကြီးမားဆုံး ယောကျ်ား၊ ဟူ၍ ဖြစ်သည်။

မရှောင်မဖြစ် ကိုယ်တော် ထျန်းပက်ကွမ်း၏လည်တွင် ဆွဲထားသော ပဝါပေါ်တွင်မူ ...

လောကမှာ အတင့်အရဲဆုံးလူ။

အလုပ်လုပ်ရာမှာ ကိုယ်စွမ်း ဉာဏ်စွမ်း အသုံးဆုံးယောကျ်ား၊ ဖြစ်သည်။

"ဟာ ... ဒီပဝါတွေမှာ ရေးထားတဲ့စာတွေက ပဝါဆွဲထားသူနဲ့ လွဲချော်နေတယ်၊ ပဝါချင်းမှားပြီး စွပ်မိတာ ထင်ပါရဲ့"

လင်းဟူစုန်းသည် ဤသို့ စဉ်းစားပြီး ဆန်းစစ်ကြည့်လိုက်သောအခါ ပဝါနှစ်ထည်ကို ဖြစ်ကတတ်ဆန့်း ဆွဲထားခြင်းမဟုတ်ကြောင်း တွေ့လိုက်ရသည်။ ပဝါနှစ်ထည်ကို ချိတ်ဆွဲထားသူက သေသေချာချာပင် ချိတ်ဆွဲထားခြင်း ဖြစ်၏။ ယခုလို တွေ့ရပြန်သောအခါ မှားစွပ်သည်ဟု ပြောရန် ခက်နေပြန်သည်။

လူအများက တသောသော ရယ်မောကြ၏။ ထျန်းပက်ကွမ်းသည် မုဒိန်းသမားဟု ကျော်ကြားခဲ့သောကြောင့် မရှောင်ကိုယ်တော်ကြီးနှင့် ပဝါချင်း လွဲမှားသည်ဟု လူအများသည်လည်း လင်းဟူစုန်းနည်းတူ ယူဆကြသည်။

ညဇီးကွက်နှင့် ကျူချန်းကျူးတို့နှစ်ယောက်သည် ခေါင်းချင်းဆိုင်၍ တိုင်ပင်ဝေဖန်ကြ၏။

"ဖြစ်ပျက်ပုံကတော့ အတော့်ကို ဆန်းတာပဲ"

မရှောင်ကိုယ်တော်ကြီးနှင့် ထျန်းပက်ကွမ်းသည် လင်းဟူစုန်းနှင့် အတော်ရင်းနှီးသောကြောင့် ညဇီးကွက်သည် ကြာရှည်စွာ အချိန်ဆွဲမနေပဲ သစ်ပင်ပေါ်တက်ပြီး ကြိုးကို ဓားဖြင့် ဖြတ်ချပေးလိုက်သည်။

"မရှောင်ကိုယ်တော်ကြီး ဘယ်လိုဖြစ်ပြီး ဒီလိုအဖြစ်ဆိုးမျိုး ကြုံရတာလဲ"

ညဇီးကွက်က မေးမြန်းကြသ၏။

မရှောင်ကိုယ်တော်ကြီးသည် အဖြေမပေးပဲ ပဝါပေါ်မှ စာတမ်းကိုကြည့်ပြီး ခေါင်းကို တွင်းတွင်းသာ ခါယမ်းနေသည်။ ပြီးနောက် ချုံးပွဲချ၍ ငိုကြွေးလေတော့သည်။

ထျန်းပက်ကွမ်းသည် မရှောင်ကိုယ်တော်ကြီးအား နှစ်သိမ့်စကား ပြောကြားသည်။

"ဆရာဘိုးတော် ဝမ်းမနည်းပါနဲ့၊ တပည့်တော်တို့ သူတစ်ပါးက်ချက်ဦးလို့ ခုလို ခံလိုက်ရတာပါ၊ အဲဒီလူကို ပြန်ရှာပြီး ေတ်စိတ်အမွှာမွှာ"

စကားမဆုံးမီတွင် မရှောင်ကိုယ်တော်ကြီးက လက်ပြန်ဖြင့် ်ချလိုက်သောကြောင့် ထျန်းပက်ကွမ်း ဆယ်ပေခန့် ယိမ်းယိုင် လွင့်ထွက်သွားသည်။ ထျန်းပက်ကွမ်း၏ ပါးတစ်ခြမ်းသည် က်ချင်းပင် ရောင်ကိုင်းခဲ့သည်။

"ခွေးသူခိုး တို့ကို သစ်ပင်ပေါ်မှာ ချိတ်ဆွဲတယ်ဆိုကတည်း တို့မှာ အပြစ်ရှိလို့ပေါ့၊ မင်းကပဲ အတင့်ရဲပြီး အဲဒီပုဂ္ဂိုလ်ကို ားရှာသတ်မယ် စိတ်ကူးဝံ့သေးသလား"

မရှောင်ကိုယ်တော်ကြီး၏ စကားကြောင့် မိမိနှင့် မိမိဆရာကို ဒြစ်ဒဏ်ခတ်သူသည် အလွန် အဆင့်မြင့်သည့် ပုဂ္ဂိုလ်ဖြစ်မည်ဟု ထျန်းပက်ကွမ်း တွေးမိသည်။ ထို့ကြောင့် ငြိမ်သက်နေလိုက်သည်။

မရှောင်ကိုယ်တော်ကြီးသည် မချိတင်ကဲ ဝမ်းနည်းပက်လက် ငိုရင်ဘတ်ကို လက်သီးဆုပ်ဖြင့် ပြန်ထု၍ ငိုပြန်သည်။ ငိုနေရင်းမှ မရှောင်ကိုယ်တော်ကြီးသည် ထျန်းပက်ကွမ်း၏ ရင်ကို က်ဝါးဖြင့် လှမ်းရိုက်လိုက်သည်။ ဤတစ်ကြိမ်တွင် ကျန်းပက်ခံက ကပျာကယာပင် ရှောင်တိမ်းလိုက်သောကြောင့် လွတ်း၏။

မရှောင်ကိုယ်တော်ကြီးက ကျောက်ထိုင်ခုံကို လက်ဝါးဖြင့် ်ကာဆင့်ကာရိုက်ချသည်။ ဘယ်ညာလက်ဝါးဖြင့် တစ်ချက်ပြီး စ်ချက် ရိုက်ချလေရာ အရှိန်က ပြင်းလွန်းလှသည်။ ထို့ကြောင့်

မရှောင်ကိုယ်တော်ကြီး၏ လက်နှစ်ဖက်စလုံး သွေးများ ယိုစီးခဲ့ပြီး ကျောက်ထိုင်ခုံလည်း အက်ကွဲသွား၏။

လူအများက မရှောင်ကိုယ်တော်ကြီးကိုကြည့်ပြီး ထိတ်လန့်သဖြင့် နောက်သို့ ဆုတ်ခွာရှောင်တိမ်းသွားကြ၏။ မရှောင်မဖြစ် ကိုယ်တော် ထျန်းပက်ကွမ်းသည် မိမိ၏ ဘိုးတော်ဆရာကိုကြည့်ပြီး အခြေအနေမဟန်ကြောင်း ရိပ်စားမိ၏။

"ဘိုးတော်ဆရာကို ကြည့်ထားကြစမ်းပါဦး၊ ကျုပ်ဆရာကို သွားပြေးခေါ်လိုက်ဦးမယ်"

ထျန်းပက်ကွမ်းက ကျူချန်းကျူးတို့တစ်တွေအား မှာကြားပြီး သုတ်သီးသုတ်ပျာ ထွက်သွား၏။

လင်းဟူစုန်းသည် ထျန်းပက်ကွမ်းသွားခေါ်မည် ဆိုသည့် ဆရာသည် ယိနင်ပင် ဖြစ်မည်။ လင်းဟူစုန်းသည် ထိုလူအုပ်ကြီး ရိပ်မိမည်စိုးသောကြောင့် ဇရပ်ကြီးနောက်ဘက်သို့ ထွက်ခဲ့သည်။ ပြီးနောက် ထင်းပုံတစ်ခုတွေ့သဖြင့် အကွယ်အကာ ယူကာ လဲလျောင်းရင်း စဉ်းစားသည်။

"ညဇီးကွက်တို့က မြောက်ကျွန်းဝက်ဝံညီနောင်ကို သွေးကွက်ပြန်ဖွင့်မပေးပုံထောက်တော့ ဘာအကြံလဲဆိုတာကို ညဘက်မှာ စောင့်နားထောင်ကြည့်မဲ့ သဘောပဲ"

လင်းဟူစုန်းသည် မအိပ်စက်ရသေးသောကြောင့် မရှောင်ကိုယ်တော်ကြီး၏ အော်ဟစ်ဆူပူသံကြားမှပင် စိတ်အနည်းငယ် အေးသွားပြီး အိပ်ပျော်သွားလေတော့သည်။

အိုပ်ရာမှ နိုးသောအခါ လင်းဟူစုန်းသည် အလွန်ဆာလောင်သည်။

ရှာဖွေစားသောက်ပြီးသောအခါ လင်းဟူစုန်းသည် မြောက်

ကျွန်းဝက်ဝံညီနောင်တို့ရှိသောနေရာသို့ ဇရပ်နောက်ပေါက်မှ ထွက်ခွာခဲ့သည်။

လင်းဟူစုန်းသည် မြက်တောထဲတွင် ထိုင်ချပြီး နားထောင်ကြည့်သည်။ တခြားအသက်ရှူသံများကို ကြားရသဖြင့် လူအများသည် ဝက်ဝံညီနောင် ထုတ်ဖော်ပြောကြမည့် စကားကို ချောင်းနားထောင်နေကြကြောင်း လင်းဟူစုန်း သိရ၏။

ဝက်ဝံဖြူက ဆဲဆိုလိုက်သည်။

"ခြင်ကောင်တွေ ဒီလောက်များတော့ သွေးတွေ ခန်းကုန်မှာမယ် ထင်တယ်"

"မင်းကိုပဲ ကိုက်တယ်၊ ငါ့ကျတော့ ခြင်တောင် မကိုက်ဘူး"

ဝက်ဝံဖြူက ပြန်ပြောလိုက်၏။

"ဘယ်ကိုက်မလဲ၊ မင်းသွေးက ပုပ်စော်ဟောင်နေတာကိုး"

"အေး ... ပုပ်စော်နံနေတာပဲ ကောင်းတယ်၊ မဟုတ်ရင် ခင်းလို ခြင်ကိုက်ခံရပြီး သွေးတွေ ခန်းခြောက်ကုန်နိုင်တယ်"

"ဟင်း ... ငါ့သွေးကြော ပွင့်သွားရင် လက်သည်ရှာပြီး အစိမ်းလိုက် ကိုက်စားချင်တယ်"

"မင်း စိတ်ကူးလွဲတာပဲ၊ ငါ့အနေနဲ့ကတော့ ဟင်စမ်းအဖွဲ့က ရဲသေမလေးတွေရဲ့အသားက ပိုပြီး နူးညံ့မယ်လို့ ထင်တာပဲ"

ဝက်ဝံဖြူနှင့် ဝက်ဝံနက်စကားနိုင်လုပြောနေချိန်တွင် လင်းဟူစုန်းသည် မိမိနောက်ကျောဘက်မှ ခြေသံတစ်သံ ကြားလိုက်သည်။

လင်းဟူစုန်းဘေးတွင် ယဉ်လိုက်သောကြောင့် လင်းဟူစုန်း ဓါးတိတ်လန့်သွား၍ ခေါင်းမော့ပြီး ကြည့်လိုက်သည်။ လရောင်အောက်ဘွင် ဖြူဖွေးလှပသော မိန်းကလေးတစ်ယောက်၏ မျက်နှာကို လင်းဟူစုန်း မြင်လိုက်ရသည်။ ရဲသေမလေး ယိနင်ပင် ဖြစ်နေလေသည်။

"လက်စသတ်တော့ ငါ ရုပ်ဖျက်ထားပေမဲ့ သူ ငါ့ကို သိနေပါလား"

လင်းဟူစုန်း ဤသို့ တွေးတောနေစဉ် ယိနင်သည် လင်းဟူစုန်း၏ အင်္ကျီစကိုဆွဲပြီး ခေါ်သွားတော့သည်။ လင်းဟူစုန်းသည် ယိနင် ခေါ်ရာနောက်သို့ မလွဲသာမရှောင်သာ ငြိမ်သက်ပြီး လိုက်သွားရသည်။

ယိနင်သည် လင်းဟူစုန်း၏ အင်္ကျီစကို ဆွဲကိုင်ပြီး ကျဉ်းမြောင်းသော တောင်ကြားလမ်းအတိုင်း ခေါ်ဆောင်သွားသည်။

တဖြည်းဖြည်းနှင့် ထုံးယွင်တောင်ချောက်၏ အပြင်ဘက်သို့ ရောက်ရှိသွားကြသည်။

"ရှင်က သူများပြောတဲ့စကားကို ကြားရတာလည်း မဟုတ်ပဲနဲ့ အလကား သွားနားထောင်နေတာကိုး၊ အေးအေးဆေးဆေး နေတာ ကောင်းပါတယ်၊ ရှင့်အတွက် အန္တရာယ်ရှိတယ်"

ယိနင်၏စကားကြောင့် လင်းဟူစုန်းသည် အံ့အားသင့်သွားသည်။

"သူများပြောတဲ့စကားကို ကြားရတာလည်းမဟုတ်ပဲနဲ့တဲ့၊ သူ ငါ့ကို နောက်ပြောင်နေတာလား မသိဘူး"

လင်းဟူစုန်းသည် ယိနင် နောက်ပြောင် ပြောတတ်သူမဟုတ်ကြောင်း သိသဖြင့် တွေးရခက်ပြန်သည်။ တောင့်ချိုင့်တစ်နေရာတွင်ရှိသော စမ်းချောင်းကလေးတစ်ခုဘေးသို့ ရောက်လာခဲ့ကြသည်။ ယိနင်သည် လင်းဟူစုန်း၏အင်္ကျီစကို ဆွဲထားရင်းက ကျောက်တုံးရှည်ကြီး တစ်တုံးပေါ်တွင် ထိုင်ချလိုက်သည်။

"ကျွန်မတို့ ဒီနေရာလေးကို လာလာပြီး စကားပြောကြရတာကို ရှင် ငြီးငွေ့နေပြီလားဟင်"

လင်းဟူစုန်းက တစ်စုံတစ်ရာ ပြန်မပြောမီတွင် ယိနင်သည် ဆက်လက်၍ ပြောပြန်၏။

"ဘွားဘွားအ စကယ်တော့ ရှင်က ကျွန်မပြောတာလည်း ကြားတာ မဟုတ်ပါဘူး၊ တကယ်လို့ ဘွားဘွားအက နားကောင်းပြီး ကျွန်မပြောတာတွေ ကြားမယ်ဆိုရင် ကျွန်မလည်း ပြောချင်တာတွေကို မပြောတော့ပဲ ကျွန်မ နှလုံးသားထဲမှာပဲ သိမ်းထားလိုက်တော့မှာပေါ့၊ ကျွန်မလည်း ဘွားဘွားအကို ပြောထုတ်ဖြစ်မှာ မဟုတ်တော့ဘူး"

ဤစကားကို ကြားရတော့မှပင် လင်းဟူစုန်း ရုပ်ဖျက်ထားသည်ကို ယိနင် မသိရှိသေးကြောင်း ရိပ်မိသွားသည်။ ယိနင်ကယ်ပင် ဆွဲ့အနားမကြားသည့် အဘွားအို ထင်မှတ်နေသည်။

လင်းဟူစုန်းသည် ယိနင်က မိမိမျက်နှာကို မမြင်စေရန် သိမသာလေးကွယ်ပြီး ထိုင်နေသည်။

"ဘွားဘွားအ ရှင်ဟာ ကျွန်မအပေါ် သိပ်ကောင်းတာပဲနော်၊ ကျွန်မက ဒီနေရာကို ခေါ်ခေါ်လာပြီး ကျွန်မရဲ့ နှလုံးသားစကားတွေကို ဘွားဘွားအက စိတ်ရှည်ရှည်နဲ့ နားထောင်တယ်၊ ကျွန်မက ဘယ်လောက်ကြာကြာ မြွေပြော မငြိမ်မငြွေ့ ထိုင်နားထောင်နေရှာတာပဲ၊ တကယ်တော့ ကျွန်မ ဘွားဘွားအကို ဒုက္ခပေးသလို ဖြစ်နေတယ်၊ ကျွန်မလည်း သူများကို ဒုက္ခမပေးချင်ပါဘူး၊ ဒါပေမဲ့ ကျွန်မနှလုံးသားက ထွက်လာတဲ့စကားတွေကို ထိန်းပြဖို့ ကျွန်မမှာ မေမေ မရှိလို့၊ အင်လေ ... မေမေရှိရင်လည်း ဒီစကားမျိုးတွေ ပြောဝံ့ပြောထွက်မယ် မထင်ပါဘူး"

လင်းဟူစုန်းသည် နှလုံးသားထဲမှ ထွက်လာသည့် စကားကို ကြားလိုက်ရသည်နှင့် မလုံမလဲ ဖြစ်သွား၏။ မိန်းမပျိုလေး

တစ်ယောက်၏ နလုံးသားရေးရာနှင့်ပတ်သက်သော စကားများကို လင်းဟူစုန်းက ဆွဲ့အကြားဟန်ဆောင်ထားပြီး နားထောင်ရန် မသင့်သောကြောင့် ထိုင်ရာမှ ထလိုက်သည်။ သို့သော် ယိနင်က အင်္ကျီစကို ဖမ်းဆွဲထားလိုက်သည်။

"ဘွားဘွားအ ... ရှင် သွားချင်နေပြီလားဟင်"

ယိနင်၏ မျက်နှာက ညှိုးနွမ်းနေပြီး စကားသံက တောင်းပန်တိုးလျှိုးသံ ပါနေ၏။

"ညီမလေး ယိနင်ရဲ့မျက်နှာ ညှိုးနေတယ်၊ ပြီးတော့ ပြောချင်တဲ့စကားတွေ ရင်ထဲမှာ အပြည့်ရှိပုံရတယ်၊ ငါ နားထောင်နေပေမဲ့ ငါမှန်း သူမှန်း မသိရင် ပြဿနာ မရှိပါဘူး၊ ရင်ထဲမှာ ရှိတာတွေကို ပြောထုတ်လိုက်ရင် ဘာပဲပြောပြော သူ့ရင်ထဲမှာ ပေါ့သွားမှာပဲ"

ယိနင်သည် လင်းဟူစုန်း၏ အင်္ကျီစကို တင်းတင်းဆုပ်ကိုင်ထားပြီး ပြောပြန်သည်။

"ဘွားဘွားအ ပြန်ပြီး ထိုင်နားထောင်စမ်းပါ၊ ကျွန်မရင်ထဲမှာလေ ပြောစရာတွေ အများကြီး၊ ကျွန်မ ဘယ်လောက် စိတ်ညစ်နေတယ်ဆိုတာ ဘွားဘွားအကတော့ သိနိုင်မှာ မဟုတ်ဘူးပေါ့၊ ပြောထုတ်လိုက်ရင် ကျွန်မရင်ထဲမှာ ပေါ့သွားတယ် ဘွားဘွားအရယ်"

လင်းဟူစုန်းက စဉ်းစားလိုက်မိပြန်သည်။

"အင်း ... ငါ့ကဲ့သတာကလည်း ဘယ့်နယ်လဲ မသိဘူး၊ အဘားကြီး ဖြစ်လို့ဖြစ်။ အဘွားကြီးဟန်ဆောင်တဲ့ ငါ့ကို တကယ့် အဘွားကြီး ထင်လို့ထင်။ တစ်ချိန်က ငါ သူများကို ဘွားဘွား ခေါ်ခဲ့တယ်။

လင်းဟူစုန်း ရယ်ချင်စိတ်ကို မနည်းချုပ်တည်းထားလိုက်ရသည်။

"ဘွားဘွားအ ကျွန်မ ဖေဖေလေ ကဲကောင်းလို့ ဆွဲကြိုးချပြီး သေမလို့ဟာ ကဲကောင်းလို့ မသေတာ ဘွားဘွားအရယ်၊ ဘယ်သူက ဖေဖေ့ကို ကြိုးတွေနဲ့တုပ်နှောင်ပြီး သစ်ပင်ပေါ်မှာ ဆွဲထားလည်း မသိပါဘူး၊ ပြီးတော့ ပဝါကြိုးတစ်ခုမှာ စာတွေ ရေးထားတယ်၊ လောကမှာ မေတ္တာအခေါင်းပါးဆုံးလူ၊ တဏှာ အကြီးမားဆုံးလူဆိုပြီး စာရေးထားတယ်၊ သူတို့ရေးသလို ဟုတ်မယ် မထင်ပါဘူး၊ ကျွန်မဖေဖေဟာ မေတ္တာတရား သိပ်ကြီးမားနက်ရှိုင်းသူတစ်ယောက်ပါ၊ သူ့အသည်းနှလုံးထဲမှာ ကျွန်မ မေမေ တစ်ယောက်တည်းပဲ ရှိတယ်၊ ဒီတော့ တဏှာကြီးတယ် ဘယ်ပြောနိုင်တော့မှာလဲ"

"ဘွားဘွားအ ကျွန်မအထင်တော့လေ ဖေဖေနဲ့တွဲပြီး သစ်ပင်ပေါ်မှာ ကြိုးနဲ့ဆွဲခံရတဲ့ ထျန်းပက်ကွမ်းနဲ့ မှားတာပဲ ဆင်တယ်၊ အဲဒီလူရဲ့ လည်ပင်းမှာလည်း ဖေဖေလို့ပဲ ပဝါတစ်ထည်မှာ စာရေးပြီး အဆွဲခံရတယ်၊ ဒါပေမဲ့ ပဝါချင်းမှားတာပဲ ဖြစ်ရမယ်၊ မှားလဲမှားပေါ့၊ ပြန်ပြီး လဲလိုက်ရင် ရပါတယ်၊ ဖေဖေဒီလို ကြိုးနဲ့ဆွဲစရာမလိုပါဘူး၊ ဟုတ်တယ်မဟုတ်လား ဘွားဘွားအ"

လင်းဟူစုန်းက အဖြေထုတ်နေမိပြန်သည်။

"ညီမလေး ယိနင်လည်း တကယ့်ကို ကလေးလေးအတိုင်းပါလား"

လင်းဟူစုန်းက ခေါင်းညိတ်ပြပြီးမှ ဘွားဘွား မာန်ဆောင်ဟားသည်ကို သတိရပြီး ငြိမ်နေလိုက်သည်။

"ဘွားဘွားအရယ် မမယိဟိုက ဓားခုက်ခနစ်ခုက်ရစ်ခုက်

လောက် ခုတ်ထစ်ပြီးတဲ့ နောက်မှ ထျန်းပတ်ကွမ်း ပြောတာ
ရှင်းသွားတယ်၊ မမယိဟိုလည်းညှာပေလို့သာပေါ့ ကျွန်မကတော
ဖေဖေ့ကို ရှာရအောင် ပြေးထွက်သွားတာပေါ့၊ အနောက်ချို့ငံ
မှာ ဖေဖေက ဆွဲကြိုးချသေဖို့ လုပ်တာကို တွေ့ရတာနဲ့ ကျွန်မ
ပြေးသွားပြီး ကြိုးကိုဓားနဲ့ဖြတ်ပေးလိုက်တယ်၊ ဘွားဘွားအ ဖေ
လည်ပင်းမှာ ကြိုးကွင်းရာကြီးတောင် ထင်နေတယ်၊ ကျွန်မက ဖေ
ကို ဒုတိယအကြိမ် ကြိုးနဲ့ဆွဲတာလို့ ထင်တာကိုး၊ ပဝါများပြီး ဖေ
လည်မှာ ဆွဲတာကို ဘာလို့ ပြန်မပြောင်းသေးတာလဲလို့တော
ကျွန်မက ရေရွတ်အပြစ်တင်သေးတယ်၊ ဒီတော့ ဖေဖေကငိုပြီးပြော
တယ်၊ ငါကိုယ်တိုင် ငါ့ဘာသာ ဆွဲကြိုးချသေဖို့ လုပ်တာတဲ့"

"ဘွားဘွားအ ဖေဖေကပြောတယ်၊ ငါ လူ့ပြည်မှာ အသ
ရှင်မနေချင်တော့ဘူးတဲ့၊ ဒါနဲ့ ကျွန်မ ဖေဖေ့ကို ဒီလိုလုပ်သွား
လူ့ကို တွေ့အောင်ရှာပြီး နားလည်အောင် ပြောပြမယ်၊ နားမလည
ရင် သူ့ကိုလည်း ဖေဖေ ခံရသလို ပြန်ခံရအောင် လုပ်မယ်
ဖေဖေ့ကို ကျွန်မက နှစ်သိမ့်တယ်၊ အဲဒီလူကို ဒီပဝါနဲ့ သူ့လည်
ဆွဲပေးထားလိုက်မယ်လို့ ပြောလိုက်တယ်"

"ဘွားဘွားအ ဖေဖေက ပြောတယ်၊ ဘယ်ဖြစ်မလဲ သမီ
ငါက နင့်အမေကို စော်ကားမိဘူးတယ်၊ နင်မသိပဲ ဝင်မရှုပ်
ငါ ဆွဲကြိုးချပြီး သေပစ်လိုက်တော့မယ်တဲ့"

"ဖေဖေက ဝမ်းနည်းပက်လက်နဲ့ငိုနေတော့ ကျွန်မလည်
ငိုတော့တာပေါ့ ဘွားဘွားအ၊ ဖေဖေက ကျွန်မကို ပြန်ပြီး
သိမ့်တယ်၊ သမီး လိမ္မာကလေး မငိုနဲ့တော့၊ ဖေဖေ သေသွား
သမီးလေးကို ဘယ်သူမှ စောင့်ရှောက်မှာ မဟုတ်တော့ဘူး
ကျွန်မက ပိုဝမ်းနည်းပြီး ငိုတော့တာပေါ့ ဘွားဘွားအရယ်"

"ဘွားဘွားအ ဖေဖေက ပြောတယ်၊ ငါက နင့်အမေကို
အများကြီး ပြစ်မှားမိခဲ့တယ်တဲ့၊ ကျွန်မက ဘယ်လို ပြစ်မှားခဲ့တာ
လဲ ဖေဖေဆိုတော့ ငါက နင့်အမေ မယ်သီလရှင်ကြီးကို ဘုန်းကြီး
ဘတ်နဲ့ ဇွတ်ယူခဲ့တာ နင် သိတယ်မဟုတ်လား၊ နင့်အမေက
သည်း မယ်သီလရှင်ဘဝနဲ့ လင်ယူရင် ငရဲပြည်ရောက်မှာ စိုးတယ်၊
ငါလည်း ငရဲပြည်ရောက်လည်း အတူတူဖြစ်အောင်ဆိုပြီး ဘုန်းကြီး
ဘတ်နဲ့ပဲ ဇွတ်ယူခဲ့တာပဲလို့ ပြောတယ်"

"ဖေဖေက ပြောပြသေးတယ် ဘွားဘွားအရယ်၊ ကျွန်မက
သုံးနှစ်သမီးပဲ ရှိသေးတယ်တဲ့၊ ဖေဖေက ကျွန်မကို ပွေ့ချီထားပြီး
နေစာလှုံနေတာတဲ့၊ ဖြစ်ချင်တော့ အလွန်လှပတဲ့ အမျိုးသမီး
ဘစ်ယောက်က မြင်းတစ်စီး စီးလာပြီး အိမ်ရှေ့ဖြတ်သွားတာနဲ့
မြင်းပေါ်က မိန်းမက ဖေဖေ့လက်ထဲက ကျွန်မကို မြင်သွားတော့
သိပ်လှတာပဲနော်လို့ ချီးမွမ်းသတဲ့၊ ဖေဖေလည်း မြင်းပေါ်က
မိန်းမကို ငါကိုယ်တိုင် မွေးထားတာပဲလို့ ပြန်ပြောလိုက်တယ်
တဲ့ ဘွားဘွားအရယ်၊ နင်မယုံရင် ငါ ကလေးရအောင် မွေးပြ
ယ်ဆိုပြီး ပြောသတဲ့၊ မြင်းပေါ်က မိန်းမက သိပ်မြန်တာပဲ
ဘွားဘွားအ၊ ဖေဖေ့ကိုမားနဲ့ တစ်ခါတည်း ခုတ်တော့တာပဲတဲ့"

လင်းဟူစုန်းသည် မရောင်ကိုယ်တော်၏ အဖြစ်ကို သုံးသပ်
သည်။

"မရောင်ကိုယ်တော်ကြီးကတော့ အရှိကို အရှိအတိုင်း
ဘင်းဘွင်းပြောလိုက်တာပဲ၊ ဒါပေမဲ့ မြင်းပေါ်က မိန်းမက သူ့
ဘဒ်ကိုမသိတော့ တစ်လွဲအဓိပ္ပာယ်ကောက်တာပဲ"

ယိနင်က ဆက်ပြီး ပြောပြန်သည်။ လင်းဟူစုန်း ငြိမ်သက်
ထောင်နေလိုက်သည်။

"ကျွန်မက ဖေဖေ အဲဒီမိန်းမဟာ တကယ် ရက်စက်ကြမ်းကြုတ်တာပဲနော်လို့ ပြောမိတယ်၊ ဖေဖေက သိပ်ဟုတ်တာပေါ့၊ ငါ အမြဲန်ရှောင်ပေလို့၊ ငါက သူ့ကို မေးတယ်၊ နင် ဘာဖြစ်လို့ ဓားတဝင့်ဝင့် လုပ်ရတာလဲ၊ ငါမွေးတာမဟုတ်လို့ နင်မွေးတာလားလို့ ဖေဖေ ပြောပြတယ် ဘွားဘွားအ၊ ဖေဖေ ကြည့်လိုက်တော့ အဲဒီမိန်းက အသုံးပြုတဲ့ ဓားကွက်က ဗာစမ်းဓားကွက်ဖြစ်နေတယ်လို့ ဆိုတယ်"

"ဖေဖေက သူ့ဓားချက်ကို ငါက မမှုပေမဲ့ နင့်ကို ငါ ချီထားရတော့ မတော်တဆ နင့်ကို ထိခိုက်မှာစိုးတာနဲ့ ခြေပျံနဲ့ ကန်လိုက်တော့ အဲဒီမိန်းမလည်း တစ်ပတ်ကျွမ်းပစ်ပြီး လဲသွားတယ်လို့ ပြောတယ် ဘွားဘွားအရဲ့၊ အဲဒီ မိန်းမက ဖေဖေ့ကို ရစရာမရှိအောင် ဆဲရေးတိုင်းထွာတယ်တဲ့၊ အရှက်မရှိ ဘုန်းကြီးမိန်းမမြင်တိုင်း ကိုယ်ထင်သလို ဖြစ်မယ်ချည်း ထင်နေသလားဆိုပြီး ဖေဖေ့ကို ပြောတယ်တဲ့၊ အဲဒီအချိန်မှာ မေမေကလည်း ကမ်းနားက အဝတ်လျှော်ပြီး ပြန်ရောက်လာတော့ အဲဒီမိန်းမက ဖေဖေ့ကို ပြောဆိုတာတွေ မေမေ ကြားသွားတယ်တဲ့ ဘွားဘွားအရယ်၊ အဲဒီမိန်းမဟာ ထွက်ကျတဲ့ဓားကိုတောင် ပြန်မကောက်မြင်းစီးပြီး ထွက်သွားရောတဲ့၊ ဖေဖေက ပြောတယ်၊ သမီး ငါက နင့်အမေကို စကားပြောပေမဲ့ နင့်အမေက စကားပြန်ဖော်တောင် မရတော့ဘူး၊ မေမေ နောက်နေ့မှာ စာရေးထားခဲ့ပြီး ဘယ်ထွက်သွားမှန်း မသိတော့ဘူးတဲ့"

"မေမေ ရေးခဲ့တဲ့စာက ခု ပဝါမှာ ရေးထားတဲ့ အတိုင်းတဲ့၊ လောကမှာ မေတ္တာအခေါင်းပါးဆုံးလူ၊ တဏှာအရူးဆုံးလူဆိုပြီး ရေးသားခဲ့တာတဲ့၊ ဖေဖေက မေမေ့ကို နေရာအနှံ့ ရှာခဲ့ဘယ်လိုမှ ရှာမတွေ့တော့ဘူးတဲ့၊ မေမေဟာ အဲဟိုမိန်းမပြောတဲ့စကားတွေကိုကြားပြီး တလွဲထင်သွားတယ်လို့ ဖေဖေက ပြောပြတယ် ဘွားဘွားအရဲ့၊ ဖေဖေက ပြောတယ် သမီး ... သမီး မေမေ စာရေးသွားတာလည်း မှားတယ်လို့ မဆိုနိုင်ပါဘူး"၊

ယိနင်၏ မိခင်သည် အလွန် သဝန်တိုသည်ဟု လင်းဟူစုန်း ဝေဘဲထဲမှ ကောက်ချက်ချမိသည်။

"သမီးလေး ငါက နင့်ကိုချီပြီး မယ်သီလရှင်ကျောင်းတိုက်နဲ့သရွေ့ လိုက်ရှာတာကိုး၊ ဟင်စမ်းကျောင်းတိုက်ကို ရောက်သွားတော့ နင့်ဆရာလေး သိမ့်ယိက နင့်ကို အလွန်ချစ်စရာကောင်းတဲ့ကလေးမပဲဆိုပြီး သူ့ဆီမှာထားခဲ့ဖို့ ပြောတယ်၊ နင်လည်း အဲဒီအချိန်မှာ ဖျားနေတယ်၊ ငါ နင့်အမေကို မတွေ့တွေ့အောင်ရှာနေခဲ့ကလေးအသက် ဆုံးပါးသွားနိုင်တယ်လို့ ဆရာလေး သိမ့်ယိက ပြောတယ်တဲ့၊ ဒါကြောင့် ငါ နင့်ကို သူ့ဆီမှာ အပ်ထားခဲ့တာယ်လို့ ဖေဖေက ပြောပြတယ် ဘွားဘွားအရယ်"

ယိနင်သည် သိမ့်ယိဆရာလေးအကြောင်း ပါလာသောကြောင့် စကားပြောရာတွင် ငိုသံပါလာသည်။

"ကျွန်မဘဝ အဲဒီလိုဖြစ်တာ ဘွားဘွားအ၊ ကျွန်မမှာ ငယ်ငယ်လေးကတည်းက မေမေနဲ့ကွဲသွားရတာ၊ ကျွန်မ ဆရာကြီးတော်က ကျွန်မကို ကျွေးမွေးလို့ ကြီးပြင်းခဲ့ရတာပါ၊ ဒီကြားထဲ ဆရာနဲ့ကြီးတော်တို့ဟာ သူများလက်ချက်နဲ့ သေဆုံးရတော့ ကျွန်မပြီး ကံဆိုးပါတယ်၊ အစ်ကိုကြီး လင်းဟူစုန်းကို ကျွေးမွေးစောင့်ရှောက်လာခဲ့ရတာတဲ့၊ သူက ကျွန်မထက်တောင် ပိုဆိုးပါသေးတယ်၊ သူလဲ ကျွန်မလိုပဲ သူ့ဆရာနဲ့ ဆရာကတော်ကို

သိပ်ချစ်တာ၊ ကျွန်မက ကျွန်မဆရာအတွက် သူ့ဆရာကို သတ်လိုက်ရင် အစ်ကိုကြီး လင်းဟူစုန်းတစ်ယောက် ဘယ်လောက် ကြောက်မလဲ မသိဘူးနော်"

"ဖေဖေဟာ မေမေ့ကို လိုက်ရှာတာ မွန်ရိုးနဲ့ တိဘက်ကို တောင် ရောက်တာတဲ့၊ ဒါပေမဲ့ သတင်းအစအန မရအောင်ကို မေမေက ပျောက်ကွယ်သွားတယ်၊ မေမေဟာ ချစ်ရေးခင်ရေးတွေကို ရာသက်ပန် ရှောင်ရှားပါ့မယ်လို့ ဘုရားရှေ့မှာ သစ္စာပြုထားတာတဲ့၊ ဖေဖေနဲ့တွေ့တော့ ဖေဖေကလည်း သိပ်အစွဲကြီးလွန်းတော့ နောက်ဆုံး မေမေဟာ ဖေဖေနဲ့ ညားခဲ့ရတယ်တဲ့၊ အဲဟို မိန်းမက ဖေဖေ့ကို မှူချိုးမျှစ်ချိုး ချိုးချိုးနှိမ်နှိမ် ပြောလိုက်တဲ့ စကားတွေကို ကြားရတော့ မေမေဟာ သိပ်ရှက်ပြီး သိပ်နောင်တ ရသွားတာ ဖြစ်မှာပဲလို့ ဖေဖေက ပြောပါတယ် ဘွားဘွားအရယ်၊ မေမေဟာ သိပ်ရှက်လွန်းပြီး သူ့ကိုယ်သူတောင် အဆုံးစီရင်လိုက်ပြီလား မသိဘူးတဲ့"

"ကျွန်မက ဖေဖေ့ကို မေးကြည့်တယ်၊ အဲဒီ သိပ်စွာတဲ့ မိန်းမဟာ ဘယ်သူလဲ ဆိုတော့ ဖေဖေက အဲသည်လောက် ဒုက္ခပေးခဲ့တဲ့ မိန်းမကတော့ ယဲ့ပို့ချွင်ရဲ့ မိန်းမပဲ၊ ငါက သူ ကျန်ရစ်တဲ့ ဓားကို ကောက်ယူကြည့်လိုက်တော့ ဓားရိုးမှာ ဂုဏသိမ်းအဖွဲ့ လင်းကျူးချဲလို့ နာမည်ရေးထားတာ တွေ့တယ်၊ ဒါနဲ့ ငါက ဒေါသထွက်ပြီး အသေသတ်ဖို့ ဂုဏသိမ်းကို လိုက်သွားတယ်၊ ဟိုရောက်တော့ အဲဒီမိန်းမက အတော်လှတဲ့ နှင့်အရွယ် ကလေးမလေးကို ပွေ့ချီထားပြီး တေးဆိုသိပ်နေတာ တွေ့ရတယ်၊ ငါက နှင့်ကို ပြန်သတိရမိတာနဲ့ မသတ်တော့ပဲ လှည့်ပြန်လာခဲ့တယ်လို့ ဖေဖေက ပြောပြတယ် ဘွားဘွားအ"

"**ဘွားဘွားအ အဲဒီကလေးမက လေးဟာ အစ်ကိုကြီး လင်းဟူစုန်းရဲ့ ညီမလေး ယဲ့လင်းစမ်းပဲပေါ့**"

"ဖေဖေ ပြောပြတော့မှပဲ ကျွန်မ ရှင်းလင်းသွားတော့တယ်၊ မေမေက ဖေဖေ့ကို လောကမှာ မေတ္တာအခေါင်းပါးဆုံးလူ၊ ကုန်ကြီးမားဆုံးလူဆိုပြီး ပုတ်ခတ်ရေးသားထားခဲ့တာကို စာစ်ခါ ပြန်တွေ့ရတော့ ဖေဖေဟာ သိပ်ဝမ်းနည်းသွားတယ်၊ ဒီနေ့မက ဖေဖေ့ကို မေးကြည့်တယ် ဖေဖေ မေမေ ရေးသွားတဲ့ စာကို တခြားလူကိုကော ဖေဖေ ပြမိဖူးသေးလားဆိုတော့ ဖေဖေက ငြိမ်ရှက်ဖို့ကောင်းတဲ့စာကို ငါက ဘယ်သူ့ကို ပြရမှာလဲ၊ မပြရဘူးလို့ ဖေဖေက ပြောတယ် ဘွားဘွားအ"

"ဖေဖေက ထပ်ပြောတယ်၊ နှင့်မေမေရဲ့ ဝိညာဉ်ဟာ ဒီအောက်ကို လိုက်နေပြီထင်တယ်၊ ငါ့ကို သေစေချင်နေပြီ ထင်တယ်၊ ချစ်ကြောင့် ငါလည်း ငါ့အသက်ကို အဆုံးထားပြီးတော့တာပဲ၊ ဒါပေမဲ့ ပထမတစ်ခါ ဆွဲကြိုးချတော့ ကြိုးပြတ်သွားတယ်၊ မကျေနပ်လို့ နောက်တစ်ခါပြန်ပြီး ဆွဲကြိုးချတော့လည်း ပြတ်ပြန်တယ်၊ ကဲဟာ မထူးတော့ဖူးဆိုပြီး ဓားရှည်နဲ့ လည်ကို ခုတ်ချဦးမယ်ကြံတော့ ဘေးမှာ ချထားတဲ့ဓားတောင် ရှာမတွေ့ဘူး၊ ပျောက်ချင်တာတောင် သိပ်လွယ်တဲ့ကိစ္စ မဟုတ်ဘူး သမီးတဲ့"

"ဘွားဘွားအ ကျွန်မက ဖေဖေ့လည်မှာ ဆွဲထားတဲ့ပဝါဆွဲတဲ့သူက ထျန်းပက်ကွမ်းနဲ့မှားပြီး ဆွဲသွားတာဖြစ်မယ်လို့ ထင်တော့ ဖေဖေက မဟုတ်ဘူးသမီးလို့ ငြင်းပါတယ်၊ ထျန်းပတ်ကလေးက နှင့်ကို အခမဲ့ကြိုစည်တာဟာ အတင့်ရဲတာ မဟုတ်ဘူးပြီးတော့ ငါက လင်းဟူစုန်း နှင့်ကိုယူအောင် သူတို့ကိုယ်းလိုက်တုန်းက ကိုယ်စွမ်းဘဏ်စွမ်းညှဉ့်တဲ့ ယောကျ်ားမို့သာ

မအောင်မြင်တာလို့ ဖေဖေက အပြစ်တင်ခဲ့ပါတယ်၊ ဒါကြောင့် ထျန်းပတ်ကွမ်းရဲ့လည်မှာ ဆွဲထားတဲ့ ပဝါပေါ်က စာသားဟာ ထျန်ပတ်ကွမ်းအတွက်ပဲ ဖြစ်တယ်တဲ့"

"ကျွန်မက ဖေဖေ နောက်တစ်ခါ ထျန်းပတ်ကွမ်းကို အဲ့ကိစ္စမျိုး စေခိုင်းရင် ကျွန်မ စိတ်ဆိုးမှာပဲ၊ အစ်ကိုကြီး လင်းဟူစုန်းက ကျွန်မအပေါ် ကောင်းပါတယ်၊ ဒါပေမဲ့ သူ ဝါးစိမ်းနတ်ဒေဝီကို ချစ်မြတ်နိုးနေပြီဖြစ်တော့ သူ့နှလုံးသားမှာ ကျွန်မအတွက် နေရာ မပေးနိုင်တော့ပါဘူးလို့ ကျွန်မက ပြောလိုက်တယ် ဘွားဘွားအ

လင်းဟူစုန်း၏ စိတ်ထဲတွင် ဝေဒနာတစ်ရပ်ကို ထပ်ခံစားလိုက်ရသည်။ သိုင်းလောကတစ်ခွင်တွင် အမြဲတစေ အထွတ်ရှိနေသဖြင့် ယိန်နှင့် ကြုံကြိုက်ရန် အခွင့်အရေး နည်းခဲ့သည်

"ဘွားဘွားအ ကျွန်မက အဲဒီလိုပြောတော့ ဖေဖေက စိတ်ဆိုးတယ်၊ အစ်ကိုကြီး လင်းဟူစုန်းကိုလည်း ဆဲတယ်၊ ခွေးကောင်လေး လင်းဟူစုန်းဟာ မျက်လုံးမပါဘူး၊ တကယ် မျက်ကန်းတစ်ယောက်ပဲ၊ ထျန်းပတ်ကွမ်းကတောင် ငါ့သမီး ချောတာလှတာကိုသိတယ်၊ မြင်တယ်၊ ဒီခွေးကောင်လေး လင်းဟူစုန်းဟာ ငါ့သမီး ချောတာလှတာကို မမြင်ဘူး၊ ကျိုလိန်းရှန်းက မျက်ကန်းဖြစ်ပေမဲ့ လင်းဟူစုန်းကို မမီဘူး၊ ကျိုလိန်းရှန်းက ယဲ့ပို့ချွန်လက်ချက်ကြောင့် မျက်လုံးကန်းရတာ၊ လင်းဟူစုန်းကတော့ ကြောင်တောင်ကန်းလေးလို့ ပြောတယ် ဘွားဘွားအ"

"ဘွားဘွားအ ကျွန်မ ပြန်ပြောပါတယ်၊ ဖေဖေပြောတာမှားတယ်၊ ကျွန်ုက ချောတယ်လှတယ် ဆိုတာဟာ ညီမလေး ယဲ့လင်းစမ်းနဲ့ ဝါးစိမ်းနတ်ဒေဝီတို့နဲ့ နှိုင်းစာရင် အဆပေါင်းများစွာ ကွာခြားပါတယ်၊ ပြီးတော့ သမီးက တရားအားထုတ်

ဖြစ်တယ်၊ အစ်ကိုကြီး လင်းဟူစုန်းက သမီးကိုကယ်ခဲ့တာရှိပါတယ်လို့ ပြန်ပြောခဲ့ပါတယ် ဘွားဘွားအ"

"ဖေဖေက တရားအားထုတ်တော့ကော ဘာဖြစ်လဲ၊ နင့်အမေလည်း တရားအားထုတ်ပြီး ငါနဲ့ ညားခဲ့တာပဲတဲ့၊ ဘွားဘွားအ အမေက ဘာပြောသလဲ ဆိုတော့ လင်းဟူစုန်းကို မတွေ့တွေ့အောင်ရှာပြီး ငါ့သမီးနဲ့ မဖြစ်ဖြစ်အောင် ပေးစားရမယ်တဲ့၊ ကျွန်မက ဖေဖေ အဲဒီစကားမျိုးပြောရင် ကျွန်မ အစ်ကိုကြီး လင်းဟူစုန်းကို ဘယ်တော့မှ စကားမပြောတော့ဘူး၊ သူ ဟင်စမ်းဘာကို ပြန်လာရင်လည်း ကျွန်မ ဘယ်တော့မှ မသွားမတွေ့ဘူးဆိုပြီး ပြောလိုက်ပါတယ်၊ တကယ်လို့ ထျန်းပတ်ကွမ်းကို စေလွှတ်ပြီး ဒီစကားမျိုး ပြောခိုင်းရင်လည်း မမယိုဟို မမယိုချိန်းကိုပြောပြပြီး နောက်နောင် ထျန်းပတ်ကွမ်းကို ဟင်စမ်းတောင်ကို တက်ခွင့်မရအောင်လုပ်မယ်လို့ ပြောလိုက်ပါတယ် ဘွားဘွားအ"

"ဘွားဘွားအရယ် ဖေဖေဟာ အကြောကြီး ငိုင်သွားတယ်၊ ပြီးတော့မှ ထွက်သွားတယ်၊ နောက်နောင် ဘယ်တော့မှ ကျွန်မကို ထပ်လာတွေ့မယ် မထင်တော့ဘူး၊ ဘွားဘွားအ ကျွန်မက ဇာတ်ပူလွန်းလို့ ထျန်းပတ်ကိုရှာပြီး ဖေဖေ့ကိုလိုက်ကြည့်ဖို့ ထွက်လာခဲ့တာ၊ ဘွားဘွားအကို မြက်ပင်တွေကြားမှာတွေ့ရလို့ ကျွန်မ ခေါ်လာခဲ့တာ၊ ဘွားဘွားအက သူများလို ပြေးနိုင်လွှားနိုင်တာလည်း မဟုတ်ပဲနဲ့ ဘာလို့ သွားချောင်းကြည့်နေရတာလဲ၊ နောက်ကို သွားမကြည့်နဲ့နော် ဘွားဘွားအ"

"ခုရက်ပိုင်းမှာ ကျွန်မကို ခံားရေး ဖိဖိစီးစီး လေ့ကျင့်ခိုင်းနေကြတယ် ဘွားဘွားအ၊ ညီမလေး ချင်းကျွမ်းက ကျွန်မကို ပြန်ပြောပြတယ်၊ မမယိုဟိုတို့ ပြောနေကြတာ ညီမလေး ချင်းကျွမ်း

က ကြားလာရတာတဲ့၊ နောက်ပိုင်းမှာ အစ်ကိုကြီး လင်းဟူစုန်းက ကျွန်မတို့ ဟင်စမ်းအဖွဲ့ရဲ့ ဂိုဏ်းချုပ်လုပ်မှာ မဟုတ်တော့ဘူးတဲ့ ယဲ့ပို့ချွင်က အစ်ကိုကြီး လင်းဟူစုန်းရဲ့ ဆရာဖြစ်ပေမဲ့ ကျွန်မတို့ အဖွဲ့ထဲ မဝင်ဘူးလို့ ပြောကြတယ် ဘွားဘွားအ၊ အစ်ကိုကြီး လင်းဟူစုန်းကို ဂိုဏ်းချုပ်မလုပ်တော့တဲ့အခါကျရင် မမယိဟိုတို့က ကျွန်မကို ဂိုဏ်းချုပ်လုပ်ခိုင်း [illegible]၊ ညီမလေး ချင်းကျွမ်းပြောတာကို ကျွန်မက အစတုန်းကတော့ မယုံဘူး၊ ဘွားဘွားအ ညီမလေး ချင်းကျွမ်း က သူ တကယ်ကြားသိခဲ့တာပါလို့ ကျိန်ပြောတော့ ကျွန်မ ယုံတယ်”

“အစ်မတော်တွေရဲ့ စကားထဲမှာ ယိဆိုတဲ့ ဝါစဉ်မှာ အစ်ကိုကြီး လင်းဟူစုန်းက ကျွန်မကို အခင်တွယ်ဆုံး ဖြစ်တာနဲ့ အစ်ကိုကြီး လင်းဟူစုန်းရဲ့ဆန္ဒနဲ့လည်း ကိုကိုညီအောင်ဆိုပြီး ကျွန်မကို ဂိုဏ်းချုပ်နေရာ ဟင်ကြမှာလို့ ပြောသံ ကြားရတာတဲ့”

“ဘွားဘွားအ ညီမလေး ချင်းကျွမ်းက ပြောသေးတယ် ယဲ့ပို့ချွင်ကို သတ်ဖြတ်ပြီးတဲ့နောက်မှာ ကျွန်မကို ဟင်စမ်းဂိုဏ်းချုပ် စတင်ရင် ကန့်ကွက်မဲ့သူ မရှိနိုင်တော့ဘူးလို့ အစ်မတော်တွေက ပြောနေကြတယ်တဲ့၊ ဒါပေမဲ့ ဘွားဘွားအ ကျွန်မက ဂိုဏ်းချုပ်နေရာ **ဘယ်လုပ်တတ်ပါ့မလဲ**၊ ဓားရေးလည်း မကျွမ်းကျင်ဘူး၊ မမယိဟိုနဲ့ **ယိချိန်း**တို့ကိုလည်း မမီဘူး၊ ယဲ့ပို့ချွင်ကို သတ်ဖို့ကို စဉ်းတောင် **မစဉ်းစား**ရဲပါဘူး၊ ဘွားဘွားအရယ်၊ ကျွန်မစိတ်ထဲမှာ ရွှပ်ထွေးနေတာပဲ **ကျွန်မ** ဘယ်လိုလုပ်ရမှာလဲဟင်”

“ဘွားဘွားအ၊ ကျွန်မက ဘွားဘွားအကို ခဏခဏ ဒီနေရာကို ခေါ်ခေါ်ပြီး ပြောခဲ့ပေါင်းလည်း များပါပြီ၊ ခုလည်း ပြောရ

[illegible]ာပါပဲ ဘွားဘွားအ၊ ကျွန်မလေ အစ်ကိုကြီး လင်းဟူစုန်းကို သိပ်သတိရတယ်၌ နေ့ခင်းလည်း အစ်ကိုကြီးလင်းဟူစုန်း၊ ညကျရင်လည်း အစ်ကိုကြီးလင်းဟူစုန်း၊ အိပ်မက်ထဲမှာလည်း အစ်ကိုကြီးလင်းဟူစုန်း၊ အဲဒီလောက်ပဲ အစ်ကိုကြီး လင်းဟူစုန်းကို သတိရပါတယ် ဘွားဘွားအ”

“**ဘွားဘွားအ** တကယ်တော့လည်း ကျွန်မမှာ အစ်ကိုကြီးလင်း**ဟူစုန်းကို တမ်း**တသတိရစရာ အဖြစ်သနစ်တွေ အများကြီးရှိ**ပါတယ်၊ သူ** ဒဏ်ရာရတုန်းက ကျွန်မက သူ့ကို မွေ့ချိပြီး ပြေးခဲ့**ရတယ်၊ အစ်**ကိုကြီး လင်းဟူစုန်းက ပျော်ရာစကားလည်း သိပ်**ပြော**တတ်တယ်၊ ဟိုတုန်းက သူပြောခဲ့တာတွေ ကျွန်မ ဦးနှောက်ကြားယောင်မိပါသေးတယ်၊ ပြီးတော့ ဟို ... ဟို ချုံးစမ်းမြို့က ကောက်စီမီးစိုင်ဟာမှာ တစ်ခုတင်တည်းမှာ စောင်တစ်စောင်ထဲ အတူခြုံပြီး ခေတ္တခိုခဲ့ရတဲ့အဖြစ်ကို ကျွန်မ တစ်သက်မေ့မရနိုင်ပါဘူး၊ ဘွားဘွားအ ကျွန်မရဲ့ပါးစပ်က အစ်ကိုကြီးလင်းဟူစုန်းရဲ့ နာမည်ကို ထုတ်ခေါ်နေရရင် ကျွန်မ စိတ်ပျော်တယ်”

ယိနှင်၏စကားသံသည် အတန်ကြာအောင် တိတ်ဆိတ်သွားပြီး နောက်လေသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။

“ညီမလေး ယိနင်ဟာ ငါ့အပေါ် ဒီအထိအောင် ချစ်မေတ္တာရှိနိုင်းတာကိုး၊ ငါ့ဘဝမှာ ယဉ်ယဉ်သာ မရှိခဲ့ရင် ညီမလေးနှင်ကို ငါ ပစ်ခွာမသင့်ဘူး၊ ငါ့အပေါ် ဒီလောက် မေတ္တာနက်နိုးတဲ့လူကို ငါ ဘယ်လိုနှစ်သိမ့်ရပါ့မလဲ”

ယိနင်သည် စကားဆက်မပြောသေးပဲ တွေဝေငေးငိုင်နေသည်။

“ဘွားဘွားအ တကယ်တော့ ကျွန်မ ဇဖေဖေလည်း ကျွန်မရဲ့

ကျွန်မနှလုံးသားက သူ့အတွက် အလိုအလျောက် ဆုတောင်းမိပြီးသား ဖြစ်သွားပါတယ်၊ သူ အစ်ကိုကြီး လင်းဟူစုန်းတစ်ယောက် ဘယာဆေားအပေါင်းမှ ကွာဝေးပါစေလို့ ဆုတောင်းမိပါတယ် ဘွားဘွားအ၊ ပြီးတော့ အစ်ကိုကြီး လင်းဟူစုန်း တစ်ယောက် သူချစ်မြတ်နိုးတဲ့ ဝါးစိမ်းနက်ဒေဝီနဲ့ စုလျားရစ်ပတ်ပြီး ရာသက်ပန်ရိုးမြေကျ ပေါင်းဖက်ရပါစေလို့ ကျွန်မ ... ကျွန်မ ဆုတောင်းခဲ့ပါတယ် ဘွားဘွားအ”

“ဘွားဘွားအ ကျွန်မက မတောင်းအပ်တဲ့ ဆုမျိုး တောင်းမိတာကတော့ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မရဲ့ နှလုံးသားထဲက အလိုအလျောက် ထွက်ပေါ်လာတော့ ကျွန်မ မတတ်နိုင်တော့ဘူး၊ အစ်ကိုကြီး လင်းဟူစုန်းကို မနှံပ်စက်ပဲ အရာခပ်သိမ်း အစ်ကိုကြီး လင်းဟူစုန်းရဲ့ လိုအင်ဆန္ဒတွေကို လိုက်လျောပါရစေသားလို့ ကျွန်မ ဆုတောင်းမိပါသေးတယ် ဘွားဘွားအရယ်”

ယိနင်သည် လင်းဟူစုန်း၏ အင်္ဂျီစကို ဘွားဘွားအ အမှတ်ထင်ကာ ဆွဲကိုင်ထားရင်း လဝန်းကိုမော့ကြည့်ပြီး နှုတ်မှ တဖွဖွ ရေရွတ်ဆုတောင်းနေပြန်သည်။

“အစ်ကိုကြီး လင်းဟူစုန်း ရွှင်လန်းချမ်းမြေ့နိုင်ပါစေ”

“ဘွားဘွားအ ကျွန်မ ပြန်တော့မယ်၊ ဘွားဘွားအလည်း ပြန်တော့နော်”

ပေါက်စီနှစ်လုံးကို လင်းဟူစုန်းလက်ထဲသို့ ထည့်ပေးလိုက်သည်။

ယိနင်သည် တခဏမျှ ငေးငေးမောနေသည်။ ကောင်းကင်မှ လဝန်းကြီးကို ပြန်မော့ကြည့်နေသည်။

ထို့နောက် တရွေ့ရွေ့ ထွက်ခွာသွားသည်။

အတွင်းစိတ်ကို မသိနိုင်ပါဘူး၊ မမယိဟို ယိချိန်းတို့လည်း ကျွန်မရဲ့ အတွင်းစိတ်ကို မသိနိုင်ခဲ့ကြပါဘူး၊ ကျွန်မ သူ့ကို အမြဲတမ်း သတိရတမ်းတနေမိတာကတော့ အမှန်ပါပဲ၊ ဒါပေမဲ့ ကျွန်မလို တရားအားထုတ်နေတဲ့ လူတစ်ယောက်ဟာ ယောကျ်ားသားတစ်ယောက်ကို နှလုံးသား ဇဝေဖွာ ကြာကြာမထားရှိအပ်ဘူး တရားသဘောနဲ့ လုံးဝဆန့်ကျင်နေပါတယ်၊ ဒါကြောင့် ကျွန်မ ဘုရားရှိခိုးပြီးတိုင်း ဆုတောင်းပါတယ်၊ အစ်ကိုကြီး လင်းဟူစုန်းကို ကျွန်မ မေ့ပျောက်ပစ်လို့ ရနိုင်ပါစေလို့ ဆုတောင်းခဲ့ပါတယ်”

“ဘွားဘွားအ ဘုရားကျမ်းစာတွေလည်း ဖတ်ရပါတယ် မြင်မြင်သမျှ သခ်ါရချည့်ပါပဲတဲ့၊ နင်ယ်ပျိုပျစ်ပေမဲ့ ဇရာဏ် မလွန်ဆန်နိုင်ဘူးတဲ့၊ ဇရာကနေ မရဏာ ဆိုတာကို ဘယ်သူ့မကျော်လွှားနိုင်ဘူးတဲ့၊ စည်းစိမ်ဥစ္စာ ရွှေငွေရတနာ ပကာသနတွေဟာ အိပ်မက်လိုပါပဲတဲ့ ဘွားဘွားအ၊ ဘယ်အရာမှ မတည်မြဲဖောက်လွဲဖောက်ပြန် ရှိနေတယ်တဲ့၊ ဘုရားကျမ်းစာမှာ အနိုင်အမြဲမရှိ။ ဒုက္ခဆင်းရဲခြင်း၊ အနတ္တအလိုသို့ မလိုက်ကုန်လို့ ဆိုထားပါတယ် ဘွားဘွားအ”

“ဒါပေမဲ့ ကျွန်မရဲ့ နှလုံးသားက ဖြစ်ချင်တိုင်း မဖြစ်နိုင်မှန်းသိလျက်နဲ့ ဘာဖြစ်လို့ အစ်ကိုကြီး ကို တမ်းတစွဲလမ်းနေမိတာလည်း မသိပါဘူး ဘွားဘွားအရယ်၊ ကျွန်မ ဆရာသာ လူ့လောကမှာ ရှိနေသေးရင် သိပ်ကောင်းမှာ။ ကျွန်မ မရှင်းလင်းတာတွေ မေးကြည့်ချင်ပါတယ်”

“ဘွားဘွားအ ဒီနေ့မနက် ဘုရားဝတ်တက်ရင်း အစ်ကိုကြီး လင်းဟူစုန်းဆီ စိတ်အာရုံ လွင့်ပျံ့သွားမိတယ်၊ ဘွားဘွားအ

လင်းဟူစုန်း တကိုယ်တည်း ငေးကြောင်ကြောင်နှင် ကျန်ရစ်ခဲ့သည်။ ယိနင်၏ စကားများက လင်းဟူစုန်းနားထဲတွင်သာ မက နှလုံးသားတိုင်အောင်ပဲ ပဲ့တင်ထပ်နေခဲ့သည်။ လင်းဟူစုန်းက စိတ်မောပြီး အသည်းခိုက်အောင် ခံစားမိသည်ကတော့ အမှန်ပင်။

* * *

အခန်း(၃)

ချောင်းရေက ကြည်လင်လှသည်။

လဝန်းမှာမူ မလင်းတလှည့် လင်းတစ်လှည့်။

ချောင်းရေပြင်တွင် အရိပ်နှစ်ခု ထင်ဟပ်နေသည်။ အရိပ်နှစ်ခုသည် ပခုံးချင်း ထိနေသလို ရှိသည်။ အရိပ်နှစ်ခုသည် ဘစ်ထေရာတည်း ဆင်တူနေသည်။

တစ်စုံတစ်ယောက် လင်းဟူစုန်း နောက်ကျောမှ တစ်ပေနှစ်ပေခန့်အကွာတွင် ရောက်ရှိနေပြီ။ ဆန်းသည်က လင်းဟူစုန်း ဤမျှအတွင်းအားမြင့်မားပါလျက်နှင့် ထိုအရိပ်ရှင် အနီးသို့ ရောက်ရှိလာခြင်းကို မသိလိုက်ချေ။ ဤမျှ နီးကပ်သော အကွာအဝေးဘွင် မိမိ၏ ဝိညာဉ်ကို နုတ်ယူမည်ဆိုက အချိန်မရွေး ဖြစ်နိုင်သည့် အကွာအဝေးပင်။

လင်းဟူစုန်းသည် ရှေ့တိုးရန်နိုး ဘေးသို့ ခုန်ထွက်ရ ကောင်းနိုးနိုး ဖြစ်နေသည်။

အသံလုံးဝမကြားပဲ ယခုကဲ့သို့ ချဉ်းကပ်လာနိုင်သူသည် သိုင်းပညာ အလွန်မြင့်မားသူလည်း ဖြစ်နိုင်သည်။ ပြီးတော့ သရဲဘဈေလည်း ဖြစ်နိုင်သည်။ အရိပ်နှစ်ခုကလည်း ဆင်တူနေသည်။

ဤသို့ တွေးနေမိပြီး လင်းဟူစုန်း နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်၏။

နောက်ပါးတွင် ရပ်နေသူသည် တကယ်ပင် ဘွားဘွားအဖြစ်နေသည်။ လင်းဟူစုန်းသည် ကြောက်ရွံ့စိတ်ပျောက်ကင်းသွားသော်လည်း အံ့အားသင့်နေမိ၏။

"ဘွားဘွားအ လက်စသတ်တော့ ခင်ဗျားကိုး၊ ကျွန်တော်က တစ္ဆေထင်ပြီး လန့်သွားတာပဲ"

ဘွားဘွားအသည် မိမိနည်းတူ မီးခိုးရောင်အဝတ်အစားကို ဝတ်ထား၏။

"ဘွားဘွားအ စိတ်တော့ မရှိနဲ့၊ ကျွန်တော်က အမှုမဲ့အမှတ်မဲ့ပဲ၊ ယဉ်ယဉ်ကတော့ အမှတ်ပညာ ကောင်းတယ်၊ ခင်ဗျားရပ်အတိုင်း ကျွန်တော့်ကို ရပ်ဖျက်ပေးနိုင်ရဲ့ မကဘူး အဝတ်အဆင် အသွေးအရောင်ကအစ တူအောင် ဝတ်ဆင်ပေးနိုင်ခဲ့တယ်"

ဘွားဘွားအ၏ မျက်နှာထားက စိတ်ဆိုးခြင်း၊ ဝမ်းနည်းခြင်း၊ ခံမ်းသာခြင်းကင်းပြီး ပကတိ တည်ငြိမ်အေးဆေးနေသည်။

"ငါက သူနဲ့တူအောင် ရပ်ဖျက်ထားတော့ ဒီမှာ ကြာကြာနေဖို့ မသင့်တော်ဘူး"

ဤသို့ စဉ်းစားမိသောကြောင့် လင်းဟူစုန်းသည် ဘွားဘွားအကို ဂါရဝပြုလိုက်သည်။

"ညဉ့်လည်းနက်ပြီ၊ ကျွန်တော်တို့ ဒီကပဲ လမ်းခွဲကြရအောင်"

စကားဆုံးသည်နှင့် လင်းဟူစုန်းက လှည့်ထွက်သွားသည်။ ခုနစ်လှမ်းခန့် လှမ်းပြီးချိန်တွင် တစ်စုံတစ်ယောက်က မိမိရှေ့မှ

ဒိတ်ဆို့တားဆီး၏။ ကြည့်လိုက်သောအခါ ဘွားဘွားအပင် ဖြစ်နေသည်။ မည်သို့မည်ပုံ မည်နည်း လူပ်ရှားလိုက်သည်ဆိုသည်ကိုပင် အရိပ်အခြည်မမြင်ရပဲ ဘွားဘွားအက လင်းဟူစုန်းရှေ့မှောက်သို့ ရောက်နေသည်။ လင်းဟူစုန်း ထိတ်လန့်အံ့အားသင့်သွားသည်။

"တုန်ဂမ်းပုပိုက်ရဲ့ လူပ်ရှားမှုက လျှပ်ပြက်သလို မြန်ဆန်တယ်၊ ဒါပေမဲ့ အရိပ်အယောင် မြင်နိုင်သေးတယ်၊ ဒီဘွားဘွားအကတော့ အရိပ်အယောင်တောင် မမြင်နိုင်အောင်ကို မြန်တယ်၊ ရုတ်တရက် မြေအောက်ကနေ ဘွားခနဲ တိုးထွက်လာသလား ဆင်ရတယ်"

ဤသို့ တွေးမိပြီး လင်းဟူစုန်းသည် ဘွားဘွားအကို တောင်းပန်သမှု ပြုသည်။

"ဘွားဘွားအ ခုလို ပုံမှားရိုက်မိတာကို ခွင့်လွှတ်ပါ၊ ကျွန်တော် အဝတ်အစားသွားလဲပြီး ပြန်လာတောင်းပန်ပါဦးမယ်"

လင်းဟူစုန်းသည် ဘွားဘွားအ၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ စိတ်ဆိုးခြင်း၊ ဝမ်းသာခြင်း ကင်းနေကြောင်းတွေ့ရ။

"ဟာ ... ဟုတ်သားပဲ၊ ခင်ဗျားက ဆွဲ့အနားမကြားသူကိုး၊ ကျွန်တော် မေ့လို့"

ဤသို့ ရေရွတ်ပြောဆိုရင်းက လင်းဟူစုန်းသည် ဘွားဘွားအအား တောင်းပန်စကားကို မြေပြင်တွင် တုတ်တစ်ချောင်းဖြင့် စာရေးပြီး လက်ညွှန်ရင်း ...

"ကျွန်တော် ပြစ်မှားမိပါတယ်၊ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါ"

သို့သော် ဘွားဘွားအသည် မည်သို့မျှ မျက်နှာအမူအရာ အပြောင်းအလဲ မရှိပေ။

"ဟာ ... ဒုက္ခပဲ၊ စာလည်း မတတ်ဘူးထင်တယ်၊ သူ့ကို တမင်စော်ကားတယ်လို့ ယူဆတော့မှာပဲ"

လင်းဟူစုန်းက သူ့အဝတ်အစားကို ချွတ်လဲရန် ကိုယ်ဟန် လက်ဟန် ပြလိုက်သည်။ ဘွားဘွားအက မည်သို့မျှ မပြောင်းမလဲ မတုန်မလှုပ် ရပ်နေသည်။ လင်းဟူစုန်းသည် စိတ်ရှုပ်ပြီး ခေါင်းကို ကုတ်ခြစ်လိုက်ရင်း ...

"ခင်ဗျားမှ နားမလည်တော့ မတတ်နိုင်ဘူးဗျာ၊ ကျွန်တော် မတတ်နိုင်တော့ဘူး"

ပြောပြီး လင်းဟူစုန်း ဘွားဘွားအ၏ဘေးမှ ရှောင်ထွက်လိုက်သည်။ သို့သော် မိမိ ဘယ်ခြေလှမ်း စလိုက်ရုံရှိသေးသည် ဘွားဘွားအက သူ့ညာဘက်သို့တိုးပြီး ရှေ့မှ ကာဆီးထားလိုက်သည်။ လင်းဟူစုန်းသည် အကြိမ်ကြိမ် ရှောင်တိမ်းပြီး ထွက်ခွာသွားရန် အားထုတ်သော်လည်း ဘွားဘွားအက သူ့ရှေ့ ကာဆီးပြီးသား ရှိနေ၏။

မတတ်သာတော့သည့်အဆုံးတွင် လင်းဟူစုန်းက ဘယ်လက်ကို ဆန့်တန်းထုတ်ပြီး ဘွားဘွားအကို တွန်းဖယ်လိုက်သည်။ သို့သော် မထင်မှတ်ပဲ ပိန်ခြောက်သည့် လက်ဝါးစောင်းချက်က လင်းဟူစုန်း၏လက်ပေါ်သို့ ကျရောက်လာသည်။ လင်းဟူစုန်းက လက်ကို ပြန်ရုပ်လိုက်သော်လည်း ဘွားဘွားအ၏ လက်ဝါးစောင်းချက်က လျင်မြန်လွန်းသောကြောင့် လွတ်အောင် ရှောင်နိုင်ခြင်း မရှိတော့။

လင်းဟူစုန်း၏ လက်ဖမိုးပေါ်သို့ လက်ဝါးစောင်းချက် ကျလာသည်။ ဓားတစ်ချက်ဖြင့် ခုတ်ခံရသလို နာကျင်သွားသည်။

လင်းဟူစုန်းသည် ဘွားဘွားအကို တိုက်ခိုက်လိုစိတ် မရှိပေ။

သွားလိုရာသို့ ရှောင်ကွင်းထွက်ရန်သာ အာသီသ ထားရှိသည်။ သို့ကြောင့် ဘေးသို့ ခုန်လွှားပြီး ထွက်လိုက်၏။ လေတိုးသံတစ်ချက် ကြားရပြီး ဘွားဘွားအ၏ လက်ဝါးချက်က ခေါင်းပေါ်သို့ ရောက်လာသည်ကို ရိပ်ခနဲ မြင်လိုက်ရသည်။ လျှပ်တပြက် ရှောင်တိမ်းသို့သော်လည်း ဘွားဘွားအ၏ လက်ဝါးချက်သည် လင်းဟူစုန်း၏ ဘေးကြောဖျက်သိုင်းပညာ၏ အတွင်းအားကြောင့် ဘွားဘွားအ၏ ကိုယ်ခန္ဓာသည်လည်း ယိမ်းထိုးသွားတော့သည်။

ဘွားဘွားအ၏ ကြက်ခြေထောက်ကဲ့သို့သော ပိန်ရှည်ရှည် ဘယ်လက်သည် ဆန့်တန်းထွက်လာပြီး လင်းဟူစုန်း၏ မျက်လုံးနှစ်လုံးကို လက်ချောင်းဖြင့် လှမ်းထိုးလိုက်သည်။ လင်းဟူစုန်း ကပျာကယာ တိမ်းရှောင်လိုက်သောကြောင့် လွတ်ထွက်သွားသည်။ ဘွားဘွားအသည် လင်းဟူစုန်း၏ ဘေးကြောဖျက်သိုင်းပညာ၏ အစွမ်းအစကို ကြောက်ရွံ့သွားပုံပေါ်သောကြောင့် လက်ချောင်းများဖြင့် တိုက်ခိုက်ခြင်း ဖြစ်သည်။ လင်းဟူစုန်း ကံကောင်းသည်ဟု ဆိုးမိသည်။ သို့သော် ဘွားဘွားအ၏ ညာလက်ချောင်းများက လင်းဟူစုန်း မျက်လုံးများဆီသို့ တိုးဝင်လာသင်။

လင်းဟူစုန်းသည် ဘွားဘွားအ၏ တိုက်ချက်တိုက်ကွက်များက အလွန် လျင်မြန်သလောက် ရက်စက်ကြမ်းကြုတ်ကြောင်း သိမိသည်။ အကွက်အနည်းငယ်ခန့် တိုက်ခိုက်ခံခံရင်း လင်းဟူစုန်းက နောက်သို့ တစ်ဆုတ်တည်း **ဆုတ်နေရတော့**သည်။

လင်းဟူစုန်းသည် ဓားရေး **လုံရေးကျွမ်းဘော်**လည်း **လက်ဝါး**ဆိုင်းနှင့် လက်နက်မဲ့ ဗန်ဒိုပညာတွင် **ဤကဲ့သို့** အဆင့်မြင့်သည့် ဘွားဘွားအကို မယှဉ်နိုင်ချေ။ အကယ်၍ **ဘွားဘွားအက**သာ လင်းဟူစုန်း၏ **သွေးကြောဖျက်သိုင်းပညာ၏ အစွမ်းအစကို**

ကြောက်စိတ်မဝင်ခဲ့လျှင် အချိန်အနည်းငယ်အတွင်း အသက်အန္တရာယ် စိုးရိမ်သွားနိုင်သည်။

ဘွားဘွားအကို မည်သို့မှ မယှဉ်နိုင်ပေ။ ထို့ကြောင့် လင်းဟူစုန်းသည် ဓားရှည်ကို ဆွဲထုတ်ရန် ရန်ကြိမိသည်။ သို့သော် လင်းဟူစုန်း ဓားဆွဲမထုတ်မီတွင် ဘွားဘွားအသည် အဆက်မပြတ် တိုက်စစ်ဆင်လာသည်။ ထို့ကြောင့် လင်းဟူစုန်းသည် ဓားကိုပင် ဆွဲထုတ်နိုင်ရန် အချိန်မရတော့ချေ။

ဘွားဘွားအက လင်းဟူစုန်း၏ဆံပင်ကို စည်းဆုပ်ကိုင်၍ ဆွဲမြှောက်လိုက်သည်။ လင်းဟူစုန်း ကိုယ်ခန္ဓာသည် လေထဲတွင် ရောက်နေပြီ၊ ဘွားဘွားအက အဆက်မပြတ် ဝှေ့ယမ်းသောကြောင့် ချာရဟတ်ပမာ ချာချာလည်နေတော့သည်။

"ခင်ဗျားကြီး ဘာလုပ်တာလဲ၊ ဘွားဘွားအကြီး နားပြင်းကြီး ဒါ ဘာလုပ်တာလဲ"

လင်းဟူစုန်းက ကြောက်လန့်တကြား အော်ဟစ်ဆဲဆိုသည် လင်းဟူစုန်း အော်ဟစ်ရင်း ခြေလက်ဖြင့် တွန်းကန်တိုက်ခိုက်လေသည်။ သို့သော် ဘွားဘွားအကို ထိခိုက်အောင် မလုပ်နိုင်ပဲ လင်းဟူစုန်း၏ ဘယ်ချိုင်းအောက်တွင် ထုံကျင်သွားသည်။ ဆက်လက်၍ ရင်ဝရှိ သွေးကြောကွက်၊ လည်ကုပ်နောက်ကျောတို့တွင် ထုံကျင်သွားပြီး သွေးကြောအပိတ်ခံလိုက်ရသည်။

ဘွားဘွားသည် မလျှော့သေးပဲ လင်းဟူစုန်း၏ ခန္ဓာကို လေထဲတွင် အိုးထိန်းစက်ပမာလည်အောင် ဝှေ့ယမ်းနေပြန်သည်။

"ငါ့သက်တမ်းတစ်လျှောက်လုံး သိုင်းလောကမှာ ဝင်ထွက်ခဲ့တာ အတွေ့အကြုံလည်း စုံပါပြီ၊ ဒါပေမဲ့ ဒီလို အဘွားကြီးမျိုး မကြုံဖူးပါဘူး"

လင်းဟူစုန်း၏ မျက်လုံးအစုံတွင် မိုက်မှောင်သွားတော့မှ ဘွားဘွားအသည် လင်းဟူစုန်း၏ ကိုယ်ခန္ဓာကို မြေပြင်သို့ သွတ်ချလိုက်သည်။

ရန်ငြိုးလုံးဝမရှိပါပဲလျက် မိမိအား ဤသို့ ရက်ရက်စက်စက် ခံသေမရှင်ပြုသောကြောင့် လင်းဟူစုန်း ဒေါသထွက်ပြီး အော်ဆဲသည်။

"ယုတ်မာတဲ့ အဘွားကြီး၊ စောစောကတည်းက ဒီလိုလုပ်မှန်းသိရင် ခင်ဗျားကို ဓားနဲ့ထိုးပစ်လိုက်မယ်၊ ခုလောက်ဆို ခင်ဗျားကိုယ်မှာ ဆန်ခါပေါက် ဖြစ်နေလောက်ပြီ"

ဘွားဘွားအသည် မည်သို့မျှ ပြောင်းလဲသော မျက်နှာဖြင့် လင်းဟူစုန်းကို ကြည့်နေသည်။

"ယှဉ်ပြိုင်တိုက်ခိုက်ဖို့ကတော့ အခွင့်အရေး မသာတော့ဘူး၊ မဆဲပဲနေရင်လည်း အသားလွတ် ခံရရုံပဲ ရှိမယ်၊ ဒီတော့ ဆဲကို ဆဲရမယ်၊ တစ်ခုတော့ရှိတယ် သူ့ကိုဆဲမှန်းမသိမှ ဆဲမှန်းသိရင် ပိုပြီး နှိပ်စက်ခံရမယ်"

ထိုသို့ စဉ်းစားမိသောကြောင့် ဆဲသော်လည်း လင်းဟူစုန်းသည် မျက်နှာကို အတတ်နိုင်ဆုံး ပြုံးထားသည်။

"ခွေးသူခိုးမကြီး၊ မိန်းမဆိုးကြီး၊ ဆွဲ့အနားမကြားမကြီး၊ ခင်ဗျား စိတ်ယုတ်မာမွေးလို့ ခုလို ဆွဲ့အနားမကြား ဖြစ်နေတာ၊ တော့ ခင်ဗျား ဘာအသုံးကျသေးလဲ"

လင်းဟူစုန်းသည် မျက်နှာထားပြုံးပြုံးနှင့် အားရအောင် ဆဲဆိုသည်။ အားရလောက်အောင် ဆဲပြီးတော့မှ တဟားဟားနှင့် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

ဘွားဘွားအသည် လင်းဟူစုန်း၏အနီးသို့ ချဉ်းကပ်ခဲ့သည်။

"အင်း ... ငါဟာ ဟင်စမ်းဂိုဏ်းချုပ်ဆိုတာ ဒီအဘွားကြီးသိရဲ့လား၊ သူသိရင်သိပ်ကောင်းမှာပဲ သက်ညှာမှာပဲ၊ ဒါပေမဲ့မပေါ်ဘူး"

"ဟာ .... ဒုက္ခပဲ၊ သဘာဝပေါင်းကူးတံတားပေါ်မှာ တုပ်ခင်ခံရရင် ဘယ်သူမှ မရောက်တဲ့နေရာဖြစ်တော့ အစာရေစာပြတ်ပြီး ငတ်သေတော့မှာပဲ"

သို့သော် ဘွားဘွားအသည် လင်းဟူစုန်းအား သဘာဝပေါင်းကူးတံတားတစ်ဖက်ရှိ အဆောင်၏ အပေါ်ဆုံးထပ်သို့ ဆွဲတင်သွားသည်။ ပြီးနောက် လင်းဟူစုန်းတစ်ယောက်တည်း ထားရစ်ပြီး ဆောက်ထပ်သို့ ပြန်ဆင်းသွား၏။

"ဒီဆွဲ့အနားမကြားတဲ့ အဘွားကြီးက ဘယ်သူလဲ၊ ပင်စမ်းထဲက ယီးဆောင်းတို့လို ရသေ့အဝတ် မဝတ်ဘဲ ရှေးဆရာဖြစ်နေမလား၊ ဒါမှမဟုတ်ရင် ဆရာလေးသိမ့်ကျင့်နဲ့ သိမ့်ယိုကို ပြုစုပေးနေတဲ့ အဘွားကြီးများ ဖြစ်နေမလား၊ ငါက ဟင်စမ်းချုပ်ဆိုတာ သူသိရင် သက်သာမှာပဲ၊ ဒါပေမဲ့ ငါက မိန်းမပုံစံဆောက်ထားတော့ ရန်သူ၊ သူလျှိုလို့ ထင်နေရင်တော့ ပြဿနာပဲ"

လင်းဟူစုန်းက စဉ်းစားတွေးတောနေစဉ် လှေကားထစ်မှာလာသည့် ခြေသံကြားရပြီး ဘွားဘွားအ ပြန်လည်ရောက်ရှိလာသည်။ ဘွားဘွားအသည် ယူဆောင်လာသောကြိုးဖြင့် လင်းဟူစုန်းကို လက်ပြန်ကြိုးတုပ်လိုက်သည်။ ပြီးနောက် ပဝါစတစ်ခုကို ယူကာ လင်းဟူစုန်း၏ လည်ပင်းတွင် ချိတ်ဆွဲထားလိုက်သည်။ သို့ စာရေးသားထားသည်ကို သိလိုသောကြောင့် လင်းဟူစုန်းကြည့်လိုက်၏။ သို့သော် ဘွားဘွားအသည် လင်းဟူစုန်း၏ ခံအစုံကို ပိတ်စနက်တစ်ခုဖြင့် စည်းနှောင်လိုက်သည်။

ရုတ်တရက် ဘယ်လက်ကို ဆန့်ထုတ်လိုက်သည်နှင့် ဆံပင်ဆွဲဆုပ်မိပြီး ဖြစ်သွားသည်။ လင်းဟူစုန်း ကိုယ်ခန္ဓာကို ဒဂွတ်တိုင်ဆွဲသွားကြောင့် မျက်နှာတွင် ဒဏ်ရာဒဏ်ချက် မရချေ။

တစ်ခါက ရှောင်လင်ကျောင်းထိုင်ဆရာ ချန်းရှီးရသေ့တို့နှင့် လင်းဟူစုန်း စကားပြောဆို ဆွေးနွေးမှုသည့် **အဆောင်ဆိုး** ဆွဲခေါ်သွားနေခြင်း ဖြစ်မည်။

လင်းဟူစုန်းကိုယ်တိုင် ဘွားဘွားအ၏ **လက်ချက်ကို ထိထွေ့ခံစားရသောကြောင့်** မြောက်ကျွန်းဝက်ဝံညီနောင်တို့လူစုသည်လည်း ဘွားဘွားအ၏ လက်ချက်မခြင်းသာ ဖြစ်မည်ဟု ခန့်မှန်းမိသည်။

ဘွားဘွားအ၏ လှုပ်ရှားမှုသည် အလွန်သွက်လက် လျင်မြန်သည်။ ထို့ကြောင့် သိုင်းပညာအဆင့် အလွန်မြင့်မားသည်ကို လင်းဟူစုန်း တွက်ဆမိ၏။ ယခင်တစ်ချိန်က ဘွားဘွားအ ဆွဲ့အနားမကြားသည့် အဘွားအိုတစ်ယောက်အဖြစ်သာ လင်းဟူစုန်း မှတ်ထင်ထားခဲ့သည်။ ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးနှင့် ချန်းရှီးတို့ကိုယ်တိုင်ပင် ဘွားဘွားအကို သက်ဆိုးမကင်း မဖြစ်ခဲ့သောကြောင့် လင်းဟူစုန်းသည်လည်း မိမိကိုယ်မိမိ အပြစ်မတင်လိုချေ။

"ဒီအဘွားကြီးက မရှောင်ကိုယ်တော်နဲ့ ထျန်းပတ်ကွမ်းတို့လိုများ ငါ့ကို သစ်ပင်ထက်မှာ ချိတ်ဆွဲထားဦးမှာလား မပြောတတ်ဘူး၊ တကယ်လို့သာ အဲဒီအတိုင်းလုပ်ခဲ့ရင်တော့ ပြဿနာပဲ၊ ငါက ဟင်စမ်းဂိုဏ်းချုပ်တစ်ယောက်လည်း ဖြစ်တယ်၊ ပြီးတော့ မိန်းမအဝတ်အစားကို ဝတ်ထားတော့ တကယ့်ကို ကိုရဲ့စရာဖြစ်မယ်၊ အင်း ... တောင်ထိပ်ပေါ် ခေါ်လာခဲ့တယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ကံကောင်းတယ်၊ သစ်ပင်ပေါ်မှာတော့ **ဆွဲမှုံပုံမ**ပေါ်ဘူး"

လင်းဟူစုန်း၏ လက်ကောက်ဝတ်နှင့် ခြေကျင်းဝတ်နေ
တွင် တင်းကျပ်နာကျင်သလို ခံစားလိုက်ရပြီး ကိုယ်ခန္ဓာသည်လည်
လေထဲသို့ မြောက်တက်သွားသည်။ ဘွားဘွားအသည် လင်း
စုန်းအား ထုပ်တန်းတစ်ခုတွင် တွဲလည်းဆွဲထားလိုက်ခြင်း ဖြစ်
လင်းဟူစုန်းက အော်ဟစ်ဆဲဆိုလိုသော် မဆဲဖြစ်တော့။ စိတ်
မှ ကြိုးဝါးမိ၏။

"ငါတော့ လွတ်မြောက်ဖို့ တယ်မလွယ်တော့ဘူး၊
အတွင်းအားနဲ့ ပိတ်ဆို့ထားတဲ့သွေးကြောတွေကို ဖွင့်မယ်၊ ငါလ
ထဲ ဓားရောက်လာရင် အဘွားကြီးကို ဒီလို ကြိုးနဲ့ပြန်တုပ်ဆွဲ
ပဝါမှာ စာရေးချိတ်ဆွဲထားလိုက်မယ်၊ လောကပေါ်မှာ အယု
မာဆုံး မိန်းမဆိုးကြီး ဆိုပြီးရေးမယ်"

လင်းဟူစုန်းက စိတ်ထဲမှ ကြိုးဝါးနေခိုက် ဘွားဘွားအသ
လှေကားမှ ပြန်ဆင်းသွားသည်။ အချိန်ကြာမြင့်စွာ ထုတ်ထ
တွင် ချိတ်ဆွဲထားခံရသည်။ လင်းဟူစုန်းသည် အတွင်းအာ
စိုက်ထုတ်ပြီး သွေးကြောကွက်တွေကို ဖွင့်ကြည့်သည်။ သွေးကြော
များ ပွင့်လုပွင့်ဆွဲတွင် ရုတ်တရက် ကိုယ်ခန္ဓာကြီးသည် ကြမ်း
ပေါ်သို့ ပြုတ်ကျသွား၏။ ဘွားဘွားအက ကြိုးကို ဖြတ်ချလို
ခြင်း ဖြစ်သည်။ သို့သော် ဆင်းသွားသည်ကိုသာ သိလိုက်ရ
ပြန်တက်လာသံ မကြားရသောကြောင့် လင်းဟူစုန်း အံ့အား
၏။

ဘွားဘွားအသည် လင်းဟူစုန်း၏ မျက်လုံးကို ပိတ်
သည့် ပိတ်စနက်ကို ဖြေပေးလိုက်သည်။ သွေးကြောများက
သေးပဲ ပွင့်လုပွင့်ဆဲ ရှိသောကြောင့် ပဝါတွင် ရေးထား
စာသားကို ကြည့်ချင်သော်လည်း လင်းဟူစုန်း မမြင်နိုင်

ဘွားဘွားအသည် စားပွဲပေါ်မှ ပန်းကန်တစ်လုံးကို ယူဆောင်
လင်းဟူစုန်း အနီးသို့ ချဉ်းကပ်လာသည်။

"အင်း ... ငါ့ကို ရေတိုက်မယ်နဲ့ တူတယ်၊ ရေမတိုက်ပဲ
ရက်တိုက်ရင်တော့ သိပ်ကောင်း ... အမယ်လေး"

လင်းဟူစုန်း စိတ်ကူးနေခိုက်တွင် ရုတ်တရက် ခေါင်းပူ
သော်ငှာသွားသောကြောင့် ရေနွေးဖြင့် အပက်ခံလိုက်ရခြင်းဖြစ်
ကြောင့် သိလိုက်သည်။

"ခွေးသူခိုးမကြီး ဒါ ဘာလုပ်တာလဲ"

ဘွားဘွားအသည် အိတ်ထဲမှ ခေါင်းရိတ်တစ်လက် ထုတ်ယူ
ဒဲ့ကသည်။ **လင်းဟူစုန်း** အံ့အားသင့်ပြီး ထိတ်လန့်သွားမိ၏။
ဘွားဘွားအသည် **မဆိုင်းမတွပင်** လင်းဟူစုန်းခေါင်းမှ ဆံပင်
ားကို **ရိတ်ပစ်နေ**၏။

"**အင်း** ယဉ်ယဉ် ပြောသလို ဖြစ်နေပါရောလား၊ မယ်သီလ
ငှင်ဖြစ်**တော့မယ်** ထင်တယ်၊ မိန်းမဆိုးမကြီးက ငါ ဘယ်သူ
ဘယ်ဝါဖြစ်တယ်ဆိုတာကို သိထားပုံရတယ်၊ မိန်းမသားချည်းရှိတဲ့
ဟင်စမ်းအဖွဲ့မှာ ယောကျ်ားသားက ဂိုဏ်းချုပ်မလုပ်သင့်ဘူးလို့
နှတ်**ယူထားလေရော့**သလား၊ ဟင်စမ်းအဖွဲ့ရဲ့ ရှေးအဘွားကြီး
ဖြစ်**မှာပဲ**၊ **ခေါင်း**က ဆံပင်ကို ရိတ်တာကတော့ ထားတော့။
ဘိုဒင်း ... **အင်း** ... သင်းကွပ်ပစ်လိုက်ရင်တော့ ဒုက္ခပဲ၊ ဒီအဘွား
ကြီးကြည့်ရတာ မလုပ်ဘူးလို့ မပြောနိုင်ဘူး၊ အင်း ... မတတ်နိုင်
တော့ဘူး၊ **နောက်**ဆုံး ငါလည်း မိစ္ဆာရှင်းဓားရော ကျင့်ရုံပဲရှိတော့
အယ်"

ထိုအခိုက်တွင် လင်းဟူစုန်း၏ နောက်ကျောပခုံးနှင့် ဇက်ပိုး
နေရာများတွင် ထုံကျင်သွားပြီး နောက်ထပ် သွေးကြောပိတ်ခံလိုက်

ရ၏။ လင်းဟူစုန်းသည် ဆဲဆိုလိုစိတ်ပါ ပျောက်ကွယ်သွားပြီ ငြိမ်သက်နေလိုက်တော့၏။

ဘွားဘွားအသည် လင်းဟူစုန်း၏လည်တွင် ချိတ်ဆွဲထားသော ပဝါစကို ဆွဲယူကာ ဘေးတွင် ချထားသဖြင့် ပဝါလေး စာသားကို လင်းဟူစုန်း ဖတ်ကြည့်လိုက်သည်။

လောကပေါ်မှာ မျက်စိအကန်းတကာ့ အကန်းဆုံးလူ၊
ယောကျ်ားတစ်ပိုင်း မိန်းမတစ်ပိုင်း။
အယုတ်မာဆုံး မိန်းမဆိုးကြီး။

စာသားများကို ဖတ်ရှုလိုက်ရသည်နှင့်ပင် လင်းဟူစုန်းသည် ဘွားဘွားအ အကြောင်းကို ရိပ်စားမိလိုက်သည်။ ပါးစပ်မှ ပြောမထုတ်ဖြစ်သော်လည်း ...

"လက်စသတ်တော့ ဒီအဘွားကြီးက ဆွဲ့အနားမကြာ ယောင် ဆောင်နေတာကိုး၊ ဒါကြောင့်မို့သာ မရှောင့်ကိုယ်တော် ကြီးက ငါ့ကို အကန်းတကာ့ အကန်းဆုံးလို့ပြောတာကို တစ်ဆင့် သူ ပြန်ကြားနိုင်တာ၊ ယိုနင် ငါ့ကိုစကားပြောနေတုန်း သူ ဘေး နားမှာ ရှိနေတာပဲ ဖြစ်မယ်"

ဤသို့ စဉ်းစားပြီး လင်းဟူစုန်းက လှမ်းပြောလိုက်၏။

"ခင်ဗျား နားကန်းချင်ယောင် ဆောင်မနေနဲ့"

အဘွားအိုက လင်းဟူစုန်းအနီးသို့ ချဉ်းကပ်ခဲ့ပြီး လင်းဟူစုန်း၏အင်္ကျီကို ဆွဲချွတ်လိုက်သည်။ လင်းဟူစုန်းသည် ထိတ်လန့်တကြား အော်ဟစ်မိလိုက်၏။

"ခင်ဗျားကြီးနော် ကျုပ်အသားကို ထိဖို့စိတ်မကူးနဲ့၊ ကျုပ်ရဲ့ ဆံပင်မွေး တစ်ပင်ထိတာနဲ့ ကျုပ်အကြောင်း ကောင်းကောင်း"

ဤသို့ အော်ဟစ်ရင်း မိမိ၏ ဆံပင်တစ်ပင်မက တစ်ခေါင်း

ရဲ့ ဆံပင်များပင်လျှင် မရှိတော့သည့်အဖြစ်ကို တွေးမိသော ကြောင့် လင်းဟူစုန်းသည် စကားဆက်မပြောဖြစ်တော့ပဲ ရပ်တုံး မြားမိသည်။

အဘွားကြီးသည် **ဓားသွေးကျောက်ကလေး** ထုတ်ယူခဲ့ပြီး ခင်းရိတ်ဓားကို စိမ်ပြေနပြေ သွေးနေလေသည်။ လက်ဖြင့် သပ်ကြည့်ရင်း **ထပ်ပြီးသွေးရင်း**နှင့် စိတ်ကျေနပ်တော့မှပင် ဓားကို ဘေးတွင်**ချပြီး** အိတ်ထဲမှ ကြွေပုလင်းလေးနှစ်လုံးကို ထုတ်ယူလိုက်**သည်**။ ဒဏ်ရာစီးရန် ပိတ်စတစ်စပါ ထုတ်ယူလိုက်သည်။

ကြွေပုလင်းနှလုံးတွင် ရေးထားသည့်စာကို ဖတ်ရခြင်းအား ဖြင့် **ဟင်စမ်းအဖွဲ့**၏ အစိမ်းဒဏ်ကြေဆေးနှင့် ဝက်ဝံဖြူသည်းခြေ **ဆေးလုံးများ** ဖြစ်နေ၏။

အဘွားကြီး၏ လှုပ်ရှားမှု အဝဝကို ကြည့်ရခြင်းအားဖြင့် **ဒီမိကို သင်းကွပ်**တော့မည့် အရိပ်အယောင်က ထင်ရှားပေါ်လွင် **သော**ကြောင့် လင်းဟူစုန်းသည် မျက်စိပျက်မျက်နှာပျက် ဖြစ်နေ လေသည်။

အဘွားကြီးက လင်းဟူစုန်းကို တစ်ချက်စိုက်ကြည့်လိုက် ပြီး **စားပွဲပေါ်** မတင်ထားလိုက်၏။ လင်းဟူစုန်းသည် ကျောစိမ့် **အောင်** ကြောက်ရွံ့ခဲ့ပြီး ချွေးစေးများ ပြန်ခဲ့သည်။ သို့သော် **ခံကျူး**တစ်ခုရသည်နှင့် ပြောသင့်မပြောသင့် စဉ်းစားမနေတော့ပဲ **သွတ်ခန်** ပြောချလိုက်သည်။

"ခင်ဗျားက မရှောင်ကိုယ်တော်ကြီးရဲ့ ဇနီးပဲ"

အဘွားအိုသည် ရုတ်တရက် တုန်လှုပ်သွားပြီး ယောင်၍ **ခေါက်**တစ်လှမ်း ဆုတ်သွားသည်။

"ငါက ဘယ်တုန်းက ဘယ်ယောကျ်ားကို ကြည့်လို့လဲ"

အဘွားကြီးက ဒေါသတကြီး အော်လိုက်သည်။

"ခု ... ခင်ဗျားက ကျွန်တော့်ကိုကြည့်နေတာ မဟုတ်ဘူး ... ကျွန်တော်ကကော ယောကျ်ားမဟုတ်လို့လား၊ မရှောင်ကိုယ် ... ကြီးက ဟိုမိန်းမကို ခြေပျံကန်ရုံပဲ ကန်တယ်၊ ခင်ဗျားက ... ကျွန်တော့်ခေါင်းကို စိမ်ပြေနပြေတောင် ရိတ်ပေးသေး ... ယ်"

အဘွားကြီးသည် လင်းဟူစုန်း၏ စကားကြောင့် တဆတ် ... ဆတ်တုန်ယင်နေသောင် ဒေါသထွက်လေသည်။

"မင်း လျှာမရှည်နဲ့၊ ငါပြောတဲ့ လမ်းနှစ်သွယ်ကို ရွေးပေ ... ဟာ၊ ယိနင်ကိုပဲ ယူမလား၊ ဒါမှမဟုတ်ရင် ငါ သင်းကွပ်ပေး ... ာကို ကြိုက်သလား"

"ခင်ဗျားစကားကို ညီမလေးယိနင်ကြားရင် သိပ်စိတ်ဆိုး ... သိမ့်မယ်"

"မဟုတ်ဘူး၊ သူ သိပ်ဝမ်းသာမယ်"

"သူက တရားအား ထုတ်နေတဲ့လူ ဖြစ်တယ်၊ ကိလေသာ ... အညစ်အကြေးကိုစွန့်ဖို့ အခ်ိန်ဒါန ပြုထားပြီးပြီ"

"မင်းလည်း ဘုန်းကြီးဝတ်လိုက်ပေါ့"

"မရှောင်ကိုယ်တော်ကြီးနဲ့ ခင်ဗျားလို လုပ်ခိုင်းတာလား"

"ဟုတ်တယ်"

"ခေါင်းကိုပြောင်အောင် ရိတ်လိုက်တာနဲ့ပဲ ဘုန်းကြီးဖြစ် ... ွားရောတဲ့လား"

"လွယ်ပါတယ် မင်းခေါင်းမှာ အမွေးတိုင်ရာ ထင်အောင် ... လုပ်ပေးလိုက်ရုံပေါ့"

"မင်းက ဘယ်လိုလုပ်သိလဲ"

"လောကမှာ မေတ္တာအခေါင်းပါးဆုံးလူ၊ တဏှာအကြီးမား ... ဆုံးယောကျ်ား ဆိုပြီး ခင်ဗျားက စာရေးပြီး မရှောင်ကိုယ်တော် ... ကြီးကို ရှောင်ခွာပြေးသွားတယ်၊ မရှောင်ကိုယ်တော်ကြီးကလည်း ... ရှက်လို့ ဒီအကြောင်းကို ဘယ် ... ကိုမှ မပြောခဲ့ဘူး၊ ခုတစ်ခါ မရှောင်ကိုယ်တော်ကြီးကိုယ်ပေါ်မှာ ဒဏ်စာမျိုး ရေးဆွဲခဲ့တယ်ဆိုတော့ သူ ဆွဲကြိုးချသေမှာကိုတော့ ခင်ဗျားက ဘာဖြစ်လို့ ကြောက်သလဲ ... ကြီးကို ဖြတ်တယ်၊ ပြီးတော့ ဓားနဲ့ လည်မျိုကို လှီးမှာစိုးလို့ ဓား ... ကို သိမ်းထားလိုက်တယ်၊ မေတ္တာခေါင်းပါးပြီး တဏှာကြီးတဲ့ ... ယောကျ်ားဆိုရင် သေပါစေတော့လား"

အဘွားအိုက အေးစက်စက်လေသံဖြင့် ပြန်ပြောပြန်သည်။

"သူ့ကို ဒီလို လောလောလတ်လတ်နဲ့ လွယ်လွယ် ဘယ် ... ပေးသေလို့ ဖြစ်ဦးမှာလဲ"

"သိပါတယ် သူကတော့ မိုးအဆုံး မြေအနှံ့ ခင်ဗျားကို လိုက်ရှာနေခဲ့ရတယ်၊ ခင်ဗျားကတော့ ဒီမှာ အေးအေးဆေးဆေး ... လာပြီး ဇိမ်ကျနေတယ် မဟုတ်လား"

"ဒါကတော့ သူ့အပြစ်နဲ့သူပဲ၊ ကိုယ့်မှာ သားမယားရှိလျက်နဲ့ ... တခြားမိန်းမသားကို သွားစကားပြောစရာ မလိုဘူး၊ ကြည့်လည်းပဲ ... ကြည့်စရာမလိုဘူး"

လင်းဟူစုန်းက အဘွားကြီးသည် တစ်ယူသန်ကြီး ဖြစ်ပြီး စကားကို နည်းလမ်းတစ်ကျ ပြောခြင်းမဟုတ်ကြောင်း သိလိုက် သည်။

"ခင်ဗျားကျတော့ကော အိမ်ထောင်ရှိပြီး ဖြစ်လျက်နဲ့ ဘာလို့ တခြားယောကျ်ားသားတစ်ယောက်ကို ကြည့်ရတာလဲ"

"ဟုတ်ပါတယ် သူက ငွေနှင့်တော့်ကို စွန့်လွှတ်မှာ မဟုတ်သလို ကျွန်တော်လည်း သူ့ကို မစွန့်လွှတ်နိုင်ဘူး၊ အသက်ကိုပဲ စွန့်လွှတ်ကြမဲ့ လူတွေချည့်ပဲ"

"ငါလုပ်ရင် ဖြစ်တယ်၊ ဘာမှ မဖြစ်စရာမရှိဘူး၊ ဟင်စမ်းဘောင်မှာ ယောကျ်ားတွေ တစ်ပုံတစ်ခေါင်းကြီး ရှိတယ်၊ တစ်ယောက်ယောက်ကို လင်လုပ်ခိုင်းရင် ဖြစ်တယ်"

လင်းဟူစုန်းသည် အလွန်ဒေါသထွက်သွားသည်။

"ခင်ဗျား မတော်မတရားတဲ့စကား မပြောနဲ့"

"ငါ မလုပ်နိုင်ဘူးများ နင် မှတ်နေသလား"

အဘွားကြီးသည် ပြောပြီးသည်နှင့် ထွက်သွား၏။ အခန်းတစ်ခု၏တံခါးကို ဖွင့်သံပိတ်သံကြားပြီးနောက် ခြေနှင့်လက်တွင်းဖြင့်တုပ်နှောင်ထားသည့် ယဉ်ယဉ်ကို လင်းဟူစုန်းနှင့် မလှမ်းကမ်းသို့ ဆွဲထုတ်လာခဲ့သည်။ လင်းဟူစုန်းက ထိတ်လန့်သွားသော်လည်း ဒဏ်ရာဒဏ်ချက် မတွေ့ရသောကြောင့် စိတ်သက်မှုသည်။

"ယဉ်ယဉ် ... မင်းလဲ ရောက်နေတာကိုး"

"ဟုတ်တယ်၊ ကျွန်မအပေါ် သစ္စာမေတ္တာကြီးမားတာ သိရဲ့ ဝမ်းသာပါတယ်"

"ငါ့ရှေ့လာပြီး နားရွက်စရာတွေ ပြောမနေနဲ့၊ ညည်းဘန်းကြီးလိုချင်သလား၊ မိန်းမလှာ လိုချင်သလား"

ယဉ်ယဉ်၏ မျက်နှာထားသည် နီမြန်းသွား၏။

"ရှင်ပြောတာကမှ နားရွက်ဖို့ကောင်းတာ"

"ငါလည်း သဘောပေါက်ပြီ၊ ဒီကောင် လင်းဟူစုန်းဟာကိုစွန့်လွှတ်ပြီး ယိနင်ကို ယူခိုင်းဖို့ တယ် ... မလွယ်ဘူး"

"ဘုန်းကြီးဝတ်တယ်ဆိုတာ ကိုယ်တိုင်သဘောတူမှ ဖြစ်တာ၊ အတင်းအကျပ်ကိုင်ပြီး ဘုန်းကြီးဝတ်ပေးရိုး ထုံးစံမရှိဘူး"

"ဘုန်းကြီး မဝတ်ချင်လည်း သင်းကွပ်ပေးလိုက်ရုံပဲပေါ့"

လင်းဟူစုန်းသည် အဘွားကြီးက တစ်စွပ်ထိုးပြုနိုင်ကြောင်း စဉ်းစားမိသဖြင့် အချိန်ဆွဲရင်း မီးစဉ်ကြည့်ကရန် ကြံစည်ထားသည်။

"နောင်တစ်ချိန်မှာ ကျွန်တော်က ညီမလေး ယိနင်အပေါ် စိတ်တစ်မျိုးပြောင်းခဲ့ရင် ခင်ဗျားက ကျွန်တော့်ကို သင်းကွပ်ထားပြီးဖြစ်နေတော့ နှစ်ယောက်စလုံး ဒုက္ခမဖြစ်ပေဘူးလား"

"ဘွားဘွားကို ကျွန်တော် တစ်ခုမေးကြည့်ချင်တယ်၊ ယောကျ်ားတစ်ယောက်က မေတ္တာမတည်ပဲ ဖောက်ပြန်ရင် ကောင်းသလား မကောင်းဘူးလား"

"မေးနေစရာ လိုသေးသလား၊ မေတ္တာမတည်ရင် ခွေးတိရစ္ဆာန်လောက်တောင် တန်ဖိုးမရှိဘူး"

"ညီမလေးယိနင်က ချောမှန်းလှမှန်း ကျွန်တော် မသိတာ မဟုတ်ဘူး သိတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ ကြင်ဖက်လောင်းရှိပြီးသား ဖြစ်နေတယ်၊ ကျွန်တော့်အပေါ် အလွန်ကျေးဇူးကြီးဖူးသူပဲဖြစ်တယ်၊ ခင်ဗျားက ကျွန်တော့်ကို အရည်ခွဲခွာပြီး အသက်ပါလိုးထုတ်ဦးတော့ ကျွန်တော်က အဲဒီ မိန်းကလေးအပေါ် သစ္စာမဖောက်နိုင်ဘူး၊ ခင်ဗျားစကားကို ကျွန်တော် နားထောင်လိုက်ရင် ကျွန်တော်က မရှောင်ကိုယ်တော်ကြီးကို ခင်ဗျားပေးထားတဲ့ဘွဲ့ထူးကိုလုယူရာ ကျတော့မှာပေါ့၊ လောကမှာ **မေတ္တာအခေါင်းပါးဆုံး** လူလို့ ပြောစရာဖြစ်တယ်"

"အဲဒီမိန်းကလေးက ကုမ္ပဏီဂိုဏ်းသားတွေ မင်းကို ဝိုင်းတားတုန်းက ကယ်ခဲ့တဲ့ မိန်းကလေး မဟုတ်လား"

ဤသို့ တွေးမိသောကြောင့် လင်းဟူစုန်းက ဘယ်မျက်လုံးပြန်နီတ်ပြလိုက်သည်။ ယဉ်ယဉ်က ခေါင်းကို အသာအယာခါပြလိုက်ပြီး မျက်လုံးနှစ်လုံးစလုံး မှိတ်ပြပြန်သည် လင်းဟူစုန်းသည် မျက်နှာထားတည်တည်ထားပြီး ဘယ်မျက်လုံးတစ်လုံးတည်းကိုသာ မှိတ်ပြသည်။ ယဉ်ယဉ်တစ်ယောက်တည်းကိုသာ ယူမည်ဆိုသည့်သဘောမျိုးကို လင်းဟူစုန်း ပြောခြင်းဖြစ်သည်။

ဤအချိန်တွင် လေ့ကားထစ်မှ ခြေသံနှင့်အတူ ကြည်လင်အေးမြသည့် အမျိုးသမီးသံတစ်သံကို ကြားလိုက်ကြရ၏။

"ဘွားဘွားအ၊ ရှင် ကျွန်မကိုခေါ်တာ ဘာလုပ်မလို့လဲဟင်"

ယိနင်၏အသံဖြစ်ကြောင်း လင်းဟူစုန်း သိရသည်။ ယိနင်နှင့် အဘွားကြီးသည် အခန်းထဲသို့ဝင်ရောက်သွားကြောင်း ကြားလိုက်ရ၏။

"နင် ငါ့ကို ဘွားဘွားအလို့ မခေါ်စမ်းနဲ့ အလဲမအဘူးနားလည်း မကန်းဘူး"

ယိနင်သည် အလွန်အံ့အားသင့်သွားပြီး အသံတုန်ယင်စွာဖြင့် အော်ပြောသည်။

"ဒါ ... ဒါ ... ဒါဆိုရင် ရှင် ... ရှင် ကျွန်မပြောခဲ့တာတွေကို အကုန်ကြားတယ် ဟုတ်လား"

"ကလေးရယ် ဘာကြောက်စရာရှိတာမှတ်လို့ ဖြောတာတွေကြားရတော့ ကောင်းတာပေါ့"

"အို ... ဟင့်အင်း ... ဟင့်အင်း၊ ဒါဆိုရင် ကျွန်မ ... ကျွန်မ သွားတော့မယ်"

ယိနင်၏အသံသည် ထိတ်လန့်စိုးရွံ့ပြီး တုန်ယင်နေလေသည်။

"ခင်ဗျားပြောသမျှ စကားတွေထဲမှာ ခုပြောတာ အမှန်ဆုံးပဲ"

"အေး ... ဒါဆိုရင် ငါ တစ်ဆင့်လျှော့လိုက်မယ်၊ မင်းအတွက် အခွင့်အရေးကောင်းရတယ်မှတ်၊ တစ်ပြိုင်နက် မိန်းမနှစ်ယောက်ရမယ်၊ ယိနင်ကိုလည်းယူ၊ ငါ့သမီးကို အနိုင်တော့ မကျင့်နဲ့၊ မယားကြီး မယားငယ်တွေ အလိုမရှိဘူး၊ အဲ ... တစ်ခုထောက်ရှိတယ်၊ ယိနင်ကငယ်တော့ နင့်ကို မမလို့ ငါ အခေါ်ခိုင်းမယ်"

"ကျွန်တော်၊ ... ကျွန်"

လင်းဟူစုန်း၏အကြောကို အဘွားကြီးက ထိုးပိတ်လိုက်သဖြင့် ဆက်လက်၍ စကားမပြောနိုင်တော့ချေ။ တစ်ဆက်တည်းမှာပင် အဘွားကြီးက ယဉ်ယဉ်အကြောကိုပါ ထိုးပိတ်ထားလိုက်သည်။

"ငါ အကောင်းဆုံး စီစဉ်ပေးတာကို မင်းက ဘာငြင်းစို့လိုသေးသလဲ၊ မင်းက ဒီလောက် ချောမောလှပတဲ့ မယားနှစ်ယောက်ကို တစ်ပြိုင်နက်ရတာတောင် နာတယ်ထင်သေးသလား၊ ဟင်း ... မရှောင်သေနာကြီးကတော့ ဘာမှ အသုံးမကျဘူး၊ ကိုယ့်သမီးရင်ကွဲနာကျပြီး သေမှာကိုတော့ စိုးရိမ်တယ်၊ ဒါပေမဲ့ ပြီးပြတ်အောင် ဘာတစ်ခုမှမလုပ်နိုင်ဘူး၊ ခုတော့ ပြတ်ကရော မဟုတ်လား"

အဘွားကြီးက စကားဆုံးသည်နှင့် ခန်းမအပြင်ဘက်သို့ လွှားခနဲ ခုန်ထွက်သွားလေတော့သည်။

ယဉ်ယဉ်က ပြုံးပြီး လင်းဟူစုန်းကို ဘယ်မျက်လုံးတစ်ဖက် မှိတ်ပြသည်။ တစ်ဖန် ညာမျက်လုံးကို မှိတ်ပြပြန်သည်။

"ပြုံးပြီး မျက်လုံးနှစ်လုံး မှိတ်ပြတာက ဘာသဘောလဲ ဟုတ်ပြီ၊ ငါ့ကို မိန်းမနှစ်ယောက်ယူဖို့ ယဉ်ယဉ်က နောက်ပြောင်နေတာပဲ"

"နင် ခဏလောက် ထိုင်ပါဦး၊ နင် သိပ်ဝမ်းသာမဲ့စကား ကို ပြောစရာရှိလို့"

"ဟင့်အင်း၊ ရှင် ကျွန်မကို ဟန်ဆောင်တယ်၊ ကျွန်မက တကယ်ပဲ ဆွဲ့အနားမကြားဘူးလို့၊ ဟို ... ဟိုအကြောင်းတွေ ပြောပြမိခဲ့တယ်"

ယိနင်သည် စကားပြောရင်း ငိုသံပါလာခဲ့သည်။ အဘွား ကြီးက ယိနင်ပခုံးကို ညင်သာစွာပုတ်ပြီး လေပြည်ကလေးဖြင့် ပြောသည်။

"ကလေးရယ် ဟန်ဆောင်တာတော့ မဟုတ်ပါဘူး၊ နင့် ဝမ်းထဲရှိတာတွေ ပြောထုတ်စေချင်လို့ပါ၊ နင် ကြိတ်မှိတ်ပြီး ခံစားနေရရင် မကောင်းဘူး၊ ပြောချင်တဲ့စကားတွေကို ရင်မှာကွယ် ဝှက်ပြီး အောင့်အည်းထား့ရတာ အနေရခက်တယ်၊ နင် ရင်ကွဲနာ ကျတာကို ငါ မကြည့်ရက်ဘူး၊ ဒါကြောင့် ဟင်စမ်းတောင်ကို ရောက်ခဲ့ကတည်းက ငါ ဆွဲ့အနားမကြား ဟန်ဆောင်ခဲ့ရတာ ပါကွယ်"

ယိနင်သည် ရှိုက်၍ ရှိုက်၍ ငိုမိလေတော့သည်။

"ခုပြောရမှာက နင့်အစ်ကိုကြီး လင်းဟူစုန်းကိစ္စပဲ"

"တော်ပါပြီ ရှင် ... ရှင် သူ့အကြောင်း မပြောနဲ့တော့၊ ကျွန်မလည်း နောင်ကို သူ့အကြောင်း ရှင့်ကို ဘယ်တော့မှ ပြောပြတော့မှာ မဟုတ်ဘူး၊ ကျွန်မ ဘုရားဝတ်တက်ရဦးမယ်၊ သွားမယ်"

"နေဦး ငါပြောတာကို နားထောင်သွားဦး၊ နင့်အစ်ကိုကြီး လင်းဟူစုန်းက ပြောတယ်၊ နင့်ကို ဝါးစိမ်းနတ်ဒေဝီထက် ဆယ်ဆ မက ချစ်တယ်တဲ့"

ယိနင်သည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်၏။

"ရှင် ကျွန်မကို ချော့မော့နှစ်သိမ့်စကားတွေ ပြောမနေပါနဲ့တော့၊ အစ်ကိုကြီး လင်းဟူစုန်းအကြောင်းကို ကျွန်မ အသိဆုံးပဲ၊ ကျွန်မနဲ့ စသိတာက အစ်ကိုကြီး လင်းဟူစုန်းဟာ သူ့ညီမ လေး ယဲ့လင်းစမ်းကို သိပ်ချစ်မြတ်နိုးခဲ့တယ်၊ နောက်ပိုင်းကျတော့ သူ့ညီမလေး ယဲ့လင်းစမ်းက သူ့အပေါ် စိမ်းကားသွားခဲ့တယ်၊ ဒဒ္ဒိအချိန်မှာ ဝါးစိမ်းနတ်ဒေဝီကိုပဲ အသည်းစွဲ ချစ်ခဲ့တယ်ဆိုတာ ကျွန်မ သိပါတယ်"

"တကယ်တော့ သူက နင့်ကို အချစ်ဆုံးပါ၊ ခုတော့ နင့်ကိုပဲ သူ ယူဖို့ဆုံးဖြတ်လိုက်ပြီ၊ ခေါင်းတောင် တုံးထားပြီးပြီ၊ ဘုန်းကြီးဝတ်တော့မယ်တဲ့"

"မဖြစ်ဘူး ရှင် ... ရှင် သူ့ကို ဘုန်းကြီးမဝတ်ဖို့ ပြောပေးစမ်းပါ"

ယိနင်က ထိတ်လန့်တကြား အော်ပြောလိုက်သည်။

အဘွားကြီးက သက်ပြင်းကြီး ချလိုက်သည်။

"ခုမှပြောလည်း မမီတော့ဘူး၊ နင်နဲ့မှ မညားရင် သူ့ကိုယ် သူတောင် အဆုံးစီရင်မယ်တဲ့၊ ဘုန်းကြီးတောင် ဓတ်ပြီးပြီ"

"ကျွန်မ ဘယ်နည်းနဲ့မှ မယုံကြည်နိုင်ဘူး၊ နောင်တစ်ချိန် မှာ အစ်ကိုကြီး လင်းဟူစုန်းနဲ့ ဝါးစိမ်းနတ်ဒေဝီတို့ စုလျားရစ်ပတ် ကြမှာ မလွဲပါဘူး၊ အစ်ကိုကြီး လင်းဟူစုန်းရဲ့ နှလုံးသားထဲမှာ ဝါးစိမ်းနတ်ဒေဝီအတွက်သာ နေရာရှိပါတယ်"

"ဟဲ့ ငါပြောတာလည်း ရှင်းအောင်နားထောင်ဦး၊ သူက နင့်ကိုလည်း ယူမယ်၊ ဝါးစိမ်းနတ်ဒေဝီကိုလည်း ယူမယ်တဲ့"

"မဖြစ်နိုင်ပါဘူး၊ တကယ်သာချစ်ရင် စိတ်ထဲမှာ ထာဝရ

စွဲလမ်းတဲ့သဘော ရှိပါတယ်၊ စားလည်းပဲသူ့စိတ်၊ အိပ်လည်းသူ့စိတ်၊ ဒီတော့ နောက်တစ်ယောက်ကို အချိန်ပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ကျွန်မရဲ့ဖေဖေဟာ မေမေ့ကို နှစ်သွားတော့ လောကတစ်ခွင်မှာ ရှာလိုက်ရတာ အမောပဲ၊ ဖေဖေဟာ မေမေ့ကို စွဲလမ်းတမ်းတမှု ရှိလို့သာပေါ့၊ ဒီတော့ နောက် ဘယ်သူ့ကိုမှ မစဉ်းစားဘူး၊ ဖေဖေ့ စိတ်ထဲမှာ မေမေမှ မေမေရယ်လို့ ဖြစ်ခဲ့တယ်၊ တကယ်သာချစ်ရင် တစ်ယောက်ဆို တစ်ယောက်တည်းပဲ ရှိတတ်ပါတယ်”

“ဒါက သူ တစ်ချိန်က မှားထားတာတွေရှိလို့ နောင်တရတာပဲ ဖြစ်ရမယ်”

“ကျွန်မ သွားတော့မယ် ဘွားဘွား၊ တကယ်လို့ ရှင်ဟာ အစ်ကိုကြီး လင်းဟူစုန်း ကျွန်မကို ယူမယ်ဆိုတဲ့စကားကို ဒီဘဝ လူတွေကြားအောင် သတင်းလွှင့်ခဲ့ရင် ကျွန်မ အသက်ရှိမှာမဟုတ်တော့ဘူး”

“ဘာဖြစ်လို့လဲ သူက နင့်ကို မရအရ ယူမယ် ဆိုတာနဲ့ ဝမ်းမသာဘူးလား”

“ကျွန်မ အစ်ကိုကြီး လင်းဟူစုန်းကို မမျှော်လင့်ပါဘူး ဘုရားရှိခိုးပြီးတိုင်း အစ်ကိုကြီး လင်းဟူစုန်း ဘုန်းကြီးလို့ အသက်ရှည်ပါစေ၊ ပျော်ရွှင်နိုင်ပါစေ၊ ဝါးစိမ်းနတ်ဒေဝီနဲ့ စုလျားရစ်တော်ပါစေလို့ပဲ အမြဲဆုတောင်းပြီး မေတ္တာပို့သခဲ့ပါတယ်၊ ဘွားဘွား သဘောမပေါက်တာ ရှိတယ်၊ အစ်ကိုကြီး လင်းဟူစုန်း ပျော်ရွှင်ရွှင်ရှိတယ်ဆိုရင် ကျွန်မပါရောပြီး ပျော်ရွှင်ပါတယ်”

“နင်နဲ့မှ အကြင်လင်မယား မဖြစ်ရရင် သူပျော်ရွှင်နိုင်အကြောင်း မရှိတော့ဘူး”

“ကျွန်မက ရည့်မလေးတစ်ယောက်သာ ဖြစ်တယ်၊ အစ်ကို လင်းဟူစုန်းကတော့ တကယ့် လူစွမ်ကောင်းကြီး တစ်ယောက်ပြီးတော့ ရည့်မကိုမြင်တာနဲ့ လောင်ကစားလုပ်ရင်တောင် ကောက်အောင် ကဲဆိုးတာတဲ့၊ ဒီတော့ အစ်ကိုကြီး လင်းဟူစုန်းကို ဘယ်ယူနိုင်ပါ့မလဲ၊ ကျွန်မလည်း ကျွန်မကိုယ်ကျွန်မ ကောင်းမှာ လှူထားပြီး ဖြစ်ပါတယ်၊ ဒီကိစ္စမျိုးတွေ စဉ်းစားဖို့ ဆင်ခြင်တော်တော့ပါဘူး၊ ဘွားဘွား နောက်ထပ် ဒီစကားတွေ ပြောပါနဲ့၊ ကျွန်မ ... ကျွန်မ ရှင့်ကို နောက်ဘယ်တော့မှ လာ တွေ့မှာ မဟုတ်တော့ဘူး”

ယိနင်သည် သက်ပြင်းကြီးတစ်ချက် ချလိုက်ပြန်၏။

“ကျွန်မ မေမေကတော့ ရုပ်အဆင်းလည်း သိပ်ချောတာတဲ့၊ ဉာဏ်ကလည်းကောင်းတယ်၊ စိတ်နေ စိတ်ထားလည်း သိပ်ပြီး ဖြူစင်ဖြောင့်မတ်တာတဲ့၊ လောကမှာ မေမေ့ကို လိုက်မီသူ ရှားလို့တောင် ဖေဖေက ပြောဖူးတယ်၊ ဒီတော့ ဖေဖေ့ ပြောပြက်အရဆိုရင် ကျွန်မက မေမေနဲ့ မိုးနဲ့မြေလို ကွာခြားတယ်၊ မေမေ့ ခြေဖဝါးကိုတောင် မီနိုင်စရာ မရှိဘူးတဲ့”

လင်းဟူစုန်းသည် ရယ်ချင်မိ၏။

“နင့်အမေ ဉာဏ်ကောင်းတယ်၊ လှတယ်ဆိုတာ ဟုတ်ချင်မှ ဟုတ်မယ်၊ စိတ်သဘောထား ဖြူစင်ဖြောင့်မတ်တာကတော့ ငါတို့ လူတွေ့ပဲ၊ တစ်စက်ကလေးမှကို မမှန်ဘူး”

လင်းဟူစုန်းက စိတ်ထဲမှ ရေရွတ်လိုက်သည်။

“နင်က ဘယ်လိုလုပ်ပြီး သိသလဲ”

“ဖေဖေက အမြဲတမ်း ပြောပြတယ်၊ ကမ္ဘာပေါ်မှာရှိတဲ့ လူမတွေတဲ့ ကောင်းမြတ်တဲ့အင်္ဂါရုပ်တွေအားလုံး စုပေါင်းလိုက်

တာတောင် ကျွန်မမေမေ တစ်ယောက်တည်းကို မမီဘူး
မေမေက စိတ်သဘောထားလည်း အလွန်နူးညံ့တယ်တဲ့၊ ဆဲဆို
နေနေသာသာ ကြမ်းတမ်းတဲ့စကားတောင် ပါးစပ်က မထွက်ဘူး
တဲ့၊ သိပ်ပြီး သိမ်မွေ့တာတဲ့၊ သူများအသက်ကို သတ်ဖို့ဆိုတာ
ဝေးရော၊ ပုရွက်ဆိတ်တောင် မနင်းဘူးလို့ ပြောတယ်၊ ကျွန်တော်
ကျွန်မမေမေနဲ့ မယှဉ်နိုင်ပါဘူး"

"သူ ... သူ တကယ်ပဲ နင့်ကို အဲဒီလို ပြောတာလား
မင်းက သက်သက်ရွဲ့ပြီး ပြောနေတာထင်တယ်"

အဘွားကြီး၏ လေသံသည် ကတုန်ကယင် ဖြစ်နေတော့
သည်။

"တမင်သက်သက်ရွဲ့ပြီး ပြောတာ မဖြစ်နိုင်ဘူး၊ ကျွန်မက
သူ့သမီး အရင်းခေါက်ခေါက်ပဲ၊ ဖေဖေ တကယ့်ကို ခံစားမှုပါပါ
ပြောတာပါ"

အတန်ကြာ တိတ်ဆိတ်နေသောကြောင့် အဘွားကြီးသည်
တွေဝေနေခြင်းဖြစ်မည်ဟု လင်းဟူစုန်း မှန်းဆမိသည်။

"ဘွားဘွား ကျွန်မ သွားတော့မယ်၊ ဒီနေ့ကစပြီး ကျွန်
လည်း အစ်ကိုကြီး လင်းဟူစုန်းကို မတွေ့ပါဘူး၊ အစ်ကိုကြီး
လင်းဟူစုန်း ဘေးဘယ်ကင်းကွာပြီး ပျော်ရွှင်နိုင်ပါစေလို့ ကျွန်
ဘုရားမှာ အမြဲဆုတောင်းပါ့မယ်"

စကားပြောသံကြားရပြီးနောက် လှေကားမှ ဆင်းသွားသည့်
အသံ ကြားသဖြင့် ယိနင် ပြန်ဆင်းသွားကြောင့် လင်းဟူစုန်
သိလိုက်သည်။

"သူက ငါ့ကို လောကမှာ အကောင်းတကာ့ အကောင်းဆုံး
မိန်းမလို့ ပြောခဲ့တယ်တဲ့၊ ပြီးတော့ လောကတစ်ခွင်မှာ ငါ့ထက်

နှံ့ရှာဖွေခဲ့တယ်တဲ့၊ ဒါဆိုရင် ... ဒါဆိုရင် သူဟာ လောကမှာ
ဘွာအခေါင်းပါးဆုံးလူ ဘယ်နည်းနဲ့မှ မဟုတ်နိုင်တော့ဘူး"

ယိနင် ဆင်းသွားပြီး အတန်ကြာတော့မှ အဘွားကြီးသည်
ပဲရာမှ လန့်နိုးခဲ့သူပမာ တကိုယ်တည်း ရေရွတ်သည်။

"ယိနင် ... ဟော် ... ယိနင် နင် ဘယ်ကို ရောက်သွားတာလဲ၊
ဒီး ... ဒီကလေးမလေးက ခက်တော့တယ်"

ယိနင်၏ အသံကို မကြားရ၍ အဘွားကြီးသည် အပြေး
သွား ဆင်းလိုက်သွားလေသည်။

"အင်း ... အန္တရာယ်တစ်ခုကနေ ရှန်းထွက်နိုင်ပါပြီ"

လင်းဟူစုန်းက စိတ်ထဲမှ ရေရွတ်မိ၏။

ဤအချိန်တွင်ပင် အလှမ်းခပ်ဝေးဝေးဆီမှ စကားပြောသံ
များ ကြားလိုက်ရသည်။ အလှမ်းဝေးသောကြောင့် ပြောသည့်စကား
ကို သဲသဲကွဲကွဲ မကြားနိုင်ချေ။

"လူတွေ လာနေကြတယ်"

လင်းဟူစုန်း၏ နှုတ်မှ အသံထွက်သွားသည်။ လင်းဟူစုန်း၏
ဘွင်းအားက မြင့်မားလွန်းသောကြောင့် အကြောပိတ်ခံရခြင်းမှ
သင်မှတ်ပဲ ပွင့်သွားခဲ့သည်။ ယဉ်ယဉ်မှာမူ အကြောမပွင့်သေး
သောကြောင့် စကားမပြောနိုင်ပဲ ခေါင်းညိတ်ပြရုံသာ ညိတ်ပြ
သည်။

"ရန်သူဖြစ်လိမ့်မယ်၊ သွေးကြောအမြန်ပွင့်ရင် ကောင်းမှာ

ယဉ်ယဉ်သည် ခေါင်းသာ ညိတ်ပြနိုင်သည်။ လင်းဟူစုန်းမှာ
ဘွင့်လိုက်သည်။ အသံများကို နားထောင်ခြင်းဖြင့် ခုနစ်ယောက်
ယောက်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

"ဒီလူစု ဟိုဘက်အဆောင် အရင်တက်ရင် ကောင်းမယ် ဒါမှ ပိတ်ထားတဲ့ ငါ့သွေးကြောတွေ ပြန်ပွင့်ဖို့ အချိန်ရနိုင်တယ်"

လင်းဟူစုန်း၏ တောင့်တချက်သည် မပြည့်ဝနိုင်ခဲ့ရ။ ကြမ်းတမ်းခက်ထန်သည့် စကားသံတစ်သံကို ကြားလိုက်ရသည်။

"ဘာတစ္ဆေမှ မရှိဘူး၊ ဘာလို့ ရှာနေရဦးမှာလဲ၊ ဒီလောက်လည်း သတိဝီရိယထားဖို့ မလိုအပ်ပါဘူး"

စကားသံသည် လှေကားထစ်ပေါ် တက်လာနေသော ချိုစုန်းလျန်၏ အသံပင် ဖြစ်၏။ လင်းဟူစုန်းသည် ထိတ်လန့်တုန်လှုပ်သွားမိသည်။

"ဘာဖြစ်လို့ ဒီကို ကြဲကြဲဖန်ဖန် ရှာရှာဖွေဖွေ ရောက်လာကြတာပါလိမ့်၊ သူတို့ အကြံပိုင်သွားပြီလား"

လင်းဟူစုန်းက ဤသို့ တွေးတောနေစဉ် ဘုန်းကြီးစီးပေါင်၏ စကားသံက ထွက်ပေါ်ခဲ့ပြန်သည်။

"အထက်က အမိန့်အတိုင်း ဆောင်ရွက်ရမှာပဲပေါ့"

ထိုလူစု ဒုတိယထပ်သို့ ရောက်ရှိနေသည်။ လင်းဟူစုန်းသည် ပိတ်ထားသော အကြောကို အတွင်းအားဖြင့် ကြိုးစားဖွင့်ကြည့်သည်။ သို့သော် မပွင့်ချေ။

"ဆရာကြီး ယဲ့ပို့ချင်ကတော့ သူ့အကြံ အောင်သွားရင် မိစ္ဆာရှင်းခားရေးကို တို့တစ်တွေကို သင်ကြားပေးမယ် ပြောတာပဲ ဒါပေမဲ့ ဟင်စမ်းကို ရောက်လာတဲ့လူစုက အဆမတန်များနေတော့ သူဟာ အပြောပဲ ရှိတော့မယ်လို့ ငါ ထင်တယ်"

အခန်းတွင်း၌ လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ကို မြင်သွားကြလေသည်။ ထိုလူစု ဝမ်းလည်းဝမ်းသာ အံ့အားလည်းသင့်နေသဖြင့် တစ်ယောက်တစ်မျိုး ပြောဆိုကြ၏။

"ဝါးစိမ်းနတ်ဒေဝီက ဘယ်လိုဖြစ်ပြီး ဒီလို ရောက်နေတာလိမ့်"

ဆီစိမ်ငါးရှဉ့် ယိုစွင့်က ပြောလိုက်၏။

"ဝါးစိမ်းနယ်ဒေဝီကို ဒီလို အတင့်ရဲပြီး ပြုံ့ဝံ့တာတဲ့လဲ"

ကျင်းလူလင်းက ယဉ်ယဉ်အနီးသို့ ချဉ်းကပ်သွားပြီး ဘပ်နောင်ထားသည့်ကြိုးကို ဖြေပေးသည်။

"ကျန်းဟူလင်း နေဦး ... နေဦး၊ ဝါစိမ်းနတ်ဒေဝီ ဒီလို ကြိုးနဲ့အတုပ်အနောင် ခံထားရပုံထောက်ရင် တစ်ဦးတစ်ယောက်ရဲ့ သက်ချက်ပဲ၊ ဒါကို ကျုပ် စဉ်းစားကြည့်ဦးမယ်"

ယိုစွင့်က ကျန်းဟူလင်းကို တားဆီးလိုက်သည်။

"ဟင် ... ဒါ ... ဒါက ဂိုဏ်းချုပ် လင်းဟူစုန်း မဟုတ်သား"

ရသေ့ယိလိန်က ပြောလိုက်သဖြင့် လင်းဟူစုန်းကို ထိုလူစုက သေသေချာချာ ဝိုင်းကြည့်ကြသည်။ ထိုလူရှစ်ယောက်စလုံးသည် လင်းဟူစုန်းကို မှတ်မိသွားကြ၏။ လင်းဟူစုန်းကို လေးစားသည့်အပြင် အကြောက်အလန့် ရှိကြသောကြောင့် မည်သို့ပြုရမည်ကို ရုတ်တရက် စိတ်ကူးမရကြချေ။ အတန်ကြာပြီးမှ ..

"ဒါ ကောင်းကျိုးပေးမဲ့ အကွက်တစ်ကွက်ပဲ"

ရသေ့ချိုစုန်းလျန်၏စကားကို ယိလိန်ရသေ့ကပါ ထောက်ခံလိုက်သည်။

"သိပ်ဟုတ်တာပေါ့၊ သူတို့တစ်တွေက ရသေ့မလေးတွေကိုလူတွေကို ဖမ်းမိတာက ဘာဟုတ်သေးလို့လဲ၊ တို့ရဲ့ ဂိုဏ်းချုပ်ကိုယ်တိုင် ဖမ်းမိတယ်ဆိုတော့ ပြောနေစရာ မလိုတော့ဘူး"

"ဒါဆိုရင် ဘယ်လိုလုပ်မှာလဲ"

ကျန်းဟူလင်းက ကြိုးဖြေရင်းမှ ပြန်လှည့်မေးသည်။

"တကယ်လို့ ဝါးစိမ်းနက်ဒေဝီကို လွှတ်ပေးလိုက်ရင် လင်းဟုစုန်းကိုလည်း ဖမ်းမိနိုင်စရာအကြောင်း မရှိတော့ဘူး၊ ပြီးတော့ တို့ရဲ့ အသက်အန္တရာယ်အတွက်လည်း နောက်ကြောင်းအေးရမှာ မဟုတ်ဘူး၊ ဘယ်လိုလုပ်ကြမလဲ"

ယဉ်ယဉ်၏ အရိုန်အဝါနှင့် အဟိတ်အဟန်ကြောင့် လွှတ်ပေးရမှာလည်းခက်၊ မလွှတ်ပဲ ထားရမှာလည်း ခက်နေကြသည်။

"ဆိုရိုးစကားလည်း ရှိသားပဲ၊ စိတ်ထားနရင် သမာဓိသမား မဖြစ်နိုင်ဘူး၊ မရက်စက်ဝံ့ရင်လည်း ယောဂျံား မပီသနိုင်ဘူး သမာဓိသမား မဖြစ်ချင်ပေမဲ့ ယောဂျံားသား မပီသရင်တော့ လူဖြစ်ရတာ နှမြောစရာကောင်းတယ်"

ဆီစိမ်ငါးရှဉ့်ဘွဲ့ ရထားသည့် ယိုစွင့်က ပြောလိုက်သည်။

"အစ်ကိုကြီး ယိုစွင့် ဆိုလိုတာက အပြီးအပိုင် နှုတ်ပိတ်ဆိုလိုတာလို့ ပြောစမ်းပါ"

"ဝါးစိမ်းနတ်ဒေဝီဟာ ကျွန်မတို့အပေါ် အလွန်ကြီးမားတဲ့ ကျေးဇူးတရား ရှိတယ်၊ ဒီကျေးဇူးကို ကျွန်မ ထောက်ထားရမှာပဲ၊ တစ်ယောက်ယောက်က ဝါးစိမ်းနတ်ဒေဝီကို စော်ကားမော်ကားပြုရင်တော့ ကျွန်မ လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်ဘူး၊ ပထမဆုံး ရင်ဆိုင်ရမှာပဲ"

ကျန်းဟူလင်းက ယိုစွင့်ကို ဒေါသတကြီး အော်ပြောလိုက်သည်။

ဤသို့ပြောဆိုပြီးနောက် ကျန်းဟူလင်းသည် ယဉ်ယဉ့်ကို တုပ်နှောင်ထားသည့် ကြိုးကို သွားဖြေပေးသည်။

"ဖြေပေးနဲ့ ရုပ်စမ်း"

ချိုစုန်းလျန်က ကျန်းဟူလင်းကို လှမ်းအော်ပြောလိုက်၏။

"ဘာလဲ ခြိမ်းခြောက်တာလား"

ချိုစုန်းလျန်သည် ခါးကြားမှ ဓားကို ဆွဲထုတ်လိုက်သည်။ ကျန်းဟူလင်းသည် အလွန်သွက်လက်သူ ဖြစ်သဖြင့် ဓားချက်ချက်နှင့် ယဉ်ယဉ်အား တုပ်နှောင်ထားသည့်ကြိုးကို ပြတ်တောက်ချိုစုန်းလျန်ကို လှည့်ရင်ဆိုင်လိုက်သည်။ ချိုစုန်းလျန် ခုတ်ထစ်သည့် ဓားချက်ကို ကျန်းဟူလင်းက ဓားတိုကလေးဖြင့် ခုခံတစ်ဆတ်တည်း ဓားချက်သုံးချက်ဖြင့် ဆက်တိုက်တိုက်ခိုက်လာကြောင့် ချိုစုန်းလျန်သည် နောက်သို့ ခုန်ဆုတ်သွားရလေသည်။

ကျန်ရှိသည့် ခြောက်ဦးသည် ယဉ်ယဉ် ကြိုးပြေသွားသည်ကို တွေ့ရသောကြောင့် ရုတ်တရက် ထိတ်လန့်သွားကြပြီး ခန်းအပြင်ဘက်သို့ ပြေးထွက်ကုန်ကြသည်။

ယိုစွင့်က ပြုံးရယ်လိုက်ပြီး ...

"ကျုပ်ပြောတာကို နားထောင်ကြစမ်းပါဦး၊ အားလုံးဆောတွေချည်းပဲ၊ ဘာဖြစ်လို့ ဓားနဲ့ ဖြေရှင်းနေရတာလဲ၊ ခွင်းချင်း မေတ္တာပျက်တာ မကောင်းပါဘူး"

"ဝါစိမ်းနတ်ဒေဝီရဲ့ သွေးကြောပွင့်သွားရင် ကျုပ်တို့တစ်တွေ အသက်ကော ရှင်သန်နိုင်ပါဦးမလား"

ချိုစုန်းလျန်က အော်ပြောလိုက်၏။ စကားပြောရင်း ချိုစုန်းလျန်သည် ကျန်းဟူလင်းကို တရစပ် တိုက်ခိုက်လေသည်။ ချိုစုန်းလျန်က အားကောင်းမောင်းသန်တစ်ဦးဖြစ်ပြီး ဓားမောက် အသုံးပြုသည်။ သို့သော် ကျန်းဟူလင်းက ဓားတိုဖြင့် အနီးကပ်တိုက်ခိုက်သောကြောင့် ချိုစုန်းလျန်သည် အရေးသာခြင်း မရှိနိုင်ချေ။

တိုစွင့်က ရယ်လိုက်ပြီး ...

"တော်ကြစမ်း ... တော်ကြစမ်း၊ အေးအေးဆေးဆေး ဆွေးနွေးကြရင်လည်း ဖြစ်တာပါပဲ"

ယိုစွင့်သည် လက်တွင် ယပ်တောင်တစ်လက် ကိုင်ထား တိုက်ခိုက်နေသူနှစ်ဦး၏အနီးသို့ ဂျန်ဖြေလိုဟန်ဖြင့် ချဉ်းကပ်သွား လေသည်။

"သွားစမ်း ခြေလက် လာမရှုပ်နဲ့"

ချိုစုန်းလျှန်က ယိုစွင့်ကို အော်ဟစ်မောင်းထုတ်လိုက်သည်။ ယိုစွင့်က မျက်နှာ အပြုံးမပျက်ချေ။

"ကောင်းပါပြီ ... ကောင်းပါပြီ"

ရုတ်တရက် ယိုစွင့်၏လက်က လှုပ်ရှားသွားပြီး လက်တွင် ကိုင်ဆောင်တားသော သံမဏိယပ်တောင်သည် ကျန်းဟူလင်း၏ လည်မျိုသို့ ဝူးဝင်သွား၏။ သွေးများ ဖြာဆင်းခဲ့ပြီး ယိုစွင့်က ယပ်တောင်ကို ပြန်ရုပ်ချိန်တွင် ကျန်းဟူလင်းသည် ခွေလဲသွား၏။

"လက်စသတ်တော့ ဒီခွေးတိရစ္ဆာန်ကြီးက ငါ့ဘက်ထ ဝင်ကူတာကိုး"

ချိုစုန်လျှန်က ရေရွတ်ရင်း နောက်သို့ ဆုတ်ခွာသွား၏။

"မင်းဘက်က မကူလို့ ဘယ်ဘက်က ကူရမှာလဲ"

ယိုစွင့်က ချိုစုန်းလျှန်ကို ပြန်ပြောပြီး ယဉ်ယဉ်ဘက်သို့ လှည့်လိုက်သည်။

"ဝါစိမ်းနတ် ဒေဝီဆိုတာ အာရုံကြောဖျက်ဆေးလုံးရဲ့ ဖြေဆေးကြောင့် ကြောက်ရွံ့နေကြရတာ၊ ဖြေဆေးရထားပြီးတဲ့ နောက် နှင့်ကို ဘာများ အမှုထားစရာ လိုသေးတော့လို့လဲ"

ဝါးစိမ်းနတ်ဒေဝီကို မသုတ်သင်လျှင် မဖြစ်တော့ကြောင်း ကျန်ခုနစ်ဦးက တွေးတောမိသည်။ သို့သော် လင့်ဝေစိမ်းသာကြားသိသွားပါက မိမိတို့၏အသက်ကို ဖက်နှင့်ထုတ်ထားရမည်မှန်းလည်း သိကြသည်။ လင်းဟူစုန်းသည် အတွင်းအားကို အသုံးပြု၍ သွေးကြောကို ဖွင့်လိုသော်လည်း ပိတ်ထားသော သွေးကြောကို မပွင့်ချေ။

လင်းဟူစုန်းမှာ ယဉ်ယဉ်၏မျက်နှာကို စိုးရိမ်တကြီး လှမ်းကြည့်လိုက်သည်။ ယဉ်ယဉ်သည် လင်းဟူစုန်းအား စူးရှ တောက်ပြောင်သော မျက်လုံးအစုံဖြင့် ပြန်ကြည့်နေသည်။ ထို့ကြောင့် ယဉ်ယဉ်သည် တုန်လှုပ်ချောက်ချားခြင်းမရှိကြောင်း လင်းဟူစုန်း သိရ၏။ လင်းဟူစုန်း စိတ်အေးသွားသည်။

"အစ်ကိုကြီး ယိုစွင့်၊ ခင်ဗျားရဲ့ လက်စွမ်း လက်စကို ပြတော့လေဗျာ"

"ချိုစုန်းလျှန် ဆိုတာ နာမည်တစ်လုံးနဲ့ပါ၊ လူစွမ်းကောင်း ပီသတယ်၊ ပြတ်သားတယ်ဆိုပြီး နာမည်သတင်းကြီးသူမို့ ချိုစုန်း လျှန်နဲ့ လက်ရာကိုပဲ မြင်ချင်ပါတယ်"

"ဘာလဲ၊ ခင်ဗျား မရှင်းဝံ့ဘူးလား၊ မရှင်းဝံ့ရင် ကျုပ်က ခင်ဗျားကို အရင်ရှင်းပစ်ရလိမ့်မယ်"

ချိုစုန်းလျှန်က ယိုစွင့်ကို ဒေါသတကြီး ပြောလိုက်သည်။

"လူစွမ်းကောင်း ချိုစုန်းလျှန်က လက်ရွံ့နေရင် လူစွမ်း ကောင်းကြီး ယန်စမ်းစိမ်း တစ်ယောက်လုံး ရှိပါသေးတယ်၊ သူ့ကိုရှင်းခိုင်းလိုက်ရင် မကောင်းဘူးလား"

ယိုစွင့် တခြားတစ်ဖက်သို့ မြားဦးလှည့်ပေးလိုက်သော်လည်း ချိုစုန်းလျှန်က ယိုစွင့်ကို ဒေါသတကြီး လှမ်းကြည့်ရင်း ...

"ခွေးသူခိုးကြီး၊ ကျုပ်က ဘာဖြစ်လို့ လက်ရွံ့ရမှာလဲ၊ ရှင်းရှင်းပြောရရင် ဒီနေ့ ကျုပ် လူမသတ်ချင်လို့"

"ဘယ်သူပဲရှင်းရှင်း အပြစ်ကတော့ အတူတူချည်းပဲ၊ သတင်းပေါက်ကြားတာနဲ့ အားလုံး သေရမှာချည်းပဲ"

"ဒါဆိုရင် နောင်တော်ရဲ့သူ ယန်းစမ်းစိမ်းပဲ ကြည့်ရှင်းလိုက်ပါလား"

ဘုန်းကြီးစီးပေါင်က ယန်စမ်းစိမ်းကို တာဝန်လွှဲပေးလိုက်၏။

"တစ်ယောက်အပေါ် တစ်ယောက် လွဲချမနေနဲ့၊ အားလုံး လက်နက်ကိုယ်စီ ကိုင်ဆွဲပြီး တစ်ညီတစ်ညာတည်း ခုတ်ချလိုက်ကြရအောင်"

ယန်းစမ်းစိမ်းကလည်း ကျန်ခြောက်ဦးကို သေဖော်ညှိပြန်သည်။

"နေပါဦး ငါ သူ့ဆီက ဖြေဆေး အရင်ယူလိုက်ဦးမယ်" ယိုစွင့်က ပြောပြန်သည်။

"ခင်ဗျားက ဘာလို့ ယူချင်ရတာလဲ၊ ခင်ဗျားလက်ထဲရောက်ရင် သူတစ်ပါးကို ငွေညှစ်ပြီး အကျပ်ကိုင်နေဦးမယ်၊ ယူချင်ယူ ကျုပ်ပဲ ယူရမယ်"

"သူဖုန်းစား ချီစုန်းလျန် လက်ထဲကို ဖြေဆေးရောက်တော့ကော သူတစ်ပါးကို ငွေညှစ်ပြီး အကျပ်မကိုင်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ၊ ပိုတောင် ဆိုးဦးမယ်"

"ကဲ ... အချိန်ဆွဲမနေနဲ့၊ တော်ကြာ သူတို့ရဲ့ သွေးကြောပွင့်သွားရင် အကုန်ပြဿနာတက်မယ်၊ အရင်သတ်ပြီးတော့မှပဲ ဖြေဆေးကို ခွဲဝေယူကြရအောင်"

ယိလိန်ရသေ့က ဝင်ရောက်အကြံပြုလိုက်သည်။ စကားဆုံးသည်နှင့် ယိလိန်ရသေ့က ဓားကို ဆွဲထုတ်လိုက်သဖြင့် ကျန်လူများကလည်း လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်လေတော့သည်။ ချုခုနစ်ဦးသည် လင်းဟူစုန်းနှင့် ယဉ်ယဉ်ကို ဝိုင်းဝန်းထားလိုက်သည်။

ယဉ်ယဉ်သည် သေကံမကောင်းနိုင်တော့ကြောင်း တွေးမိသောကြောင့် လင်းဟူစုန်း၏ မျက်နှာကို မမှိတ်မသုန် ငေးစိုက်ကြည့်နေ၏။

"ကဲ ... ကျုပ်က တစ်နှစ်သုံး ရေတွက်ပေးမယ်၊ သုံးဆိုတာနဲ့ တစ်ပြိုင်နက်တည်း ခုတ်ကြမယ် တစ် ... နှစ် ... သုံး"

ယန်းစမ်းစိမ်း၏ နှုတ်မှ သုံးဟု ရေရွတ်ပြီးသည်။ လူခုနစ်ယောက်၏ လက်တွင် ကိုင်ဆောင်ထားသော လက်နက်များသည် အရောင်တဝင့်ဝင့်ထွက်ကာ ယဉ်ယဉ်ထံသို့ စုပြုံရောက်ရှိသွား၏။ သို့သော် ယဉ်ယဉ်၏ ကိုယ်ခန္ဓာနှင့် ထိတွေ့ရန် တစ်ပေခွဲခန့်အကွာတွင် လူခုနစ်ဦး၏ လက်နက်များသည် စည်းဝါးကိုက်ထားသည့်အလား ရပ်တန့်နေကြ၏။

"သတ္တိမရှိတဲ့လူတွေ၊ ဝါးစိမ်းနတ်ဒေဝီကိုတော့ မသတ်ရဲကိုယ့်အချင်းချင်း ချောက်တွန်းဖို့ပဲ ကြံစည်နေကြတယ်၊ ဘာခြစ်လို့ ထိအောင် မထိုးနှက်ကြတာလဲ"

ချီစုန်းလျန်က ဒေါသတကြီး မေးလိုက်၏။

"တယ် အပြောကောင်းတယ်၊ ဟုတ်တယ် မင်းကတော့ သတ္တိကောင်းလွန်းလို့ မင်း ဓားမောက်လည်း သူများတွေလိုပဲ ပစ်ထားတယ်ဆိုပါတော့"

ဘုန်းကြီးစီးပေါင်က ချီစုန်းလျန်ကို ခနဲ့လိုက်၏။

"ဒါ ... ဒါ မိစ္ဆာရှင်း ဓားရေးကျမ်းထဲကလား"

ချိုစုန်းလျန်က မေးလိုက်သည်။

"ဒါ မိစ္ဆာရှင်းဓားရေးကျမ်း မဟုတ်လို့ မိစ္ဆာဖြစ်ဓားရေးကျမ်း ခေါ်ရမှာလား၊ ဒီလောက် ရွတ်ပြတာတောင် မရိပ်မိဘူးလား"

"ဒါဖြင့် ဆက်ပြီး ရွတ်ပြစမ်းပါဦး"

ချိုစုန်းလျန်က တောင်းဆိုလိုက်သည်။

"အတွင်းအား အရှိန်အဟုန် ကျင့်စဉ်အတွေးကို စုစည်း၊ ဒဏ်အာရုံကိုစူးစိုက်၊ နှလုံးနှင့်ဝမ်းတွင်း သန့်ရှင်းစင်ကြယ်စေ"

ဤမျှ ရွတ်ပြီး လင်းဟူစုန်းက ဆက်မရွတ်ပဲ ရပ်ဆိုင်းထား လိုက်သည်။

"ဆက်ရွတ်စမ်းပါဦး"

ဘုန်းကြီးစီးပေါင် ပြောလိုက်သည်။

ယိလိန်ရသေ့မှာ နူတ်မှ တရွရွ ပြန်ရွတ်ရင်း မှတ်သားနေလေသည်။ စင်စစ် လင်းဟူစုန်းသည် မိစ္ဆာရှင်းဓားရေးကို ဖတ်ဖူးခြင်း မရှိချေ။ ပုထမဆုံး ရေရွတ်လိုက်သည်က ဂုဏ်စမ်းအဖွဲ့ ဓားရေးကျင့်စဉ် ဖြစ်သည်။ ဂုဏ်စမ်းဓားကွက်၊ ဓားဝင်ဓားထွက် သွက်လက်ဆိုသည့် သဘောတရားပင် ဖြစ်သည်။ သို့သော် ချိုစုန်းလျန်တို့လူစုသည် မိစ္ဆာရှင်းဓားရေးကို ကြားဖူးမြင်ဖူးသူများ မဟုတ်သလို၊ ဂုဏ်စမ်းအဖွဲ့ ဓားရေးကျင့်စဉ်ကိုလည်း ကြားဖူးမြင်ဖူးသူများ မဟုတ်ချေ။ ထို့ကြောင့် လင်းဟူစုန်းသည် မိစ္ဆာရှင်းဓားရေးကို ရွတ်ပြနေခြင်း ဖြစ်သည်ဟု စွဲမှတ်ကြလေသည်။ မိစ္ဆာရှင်းဓားရေးကျမ်းကို အသေအလဲ လိုချင်တောင့်တနေသူများ ဖြစ်သောကြောင့် ဟုတ်မဟုတ် ချင့်ချိန်စဉ်းစားရန် အချိန်မပေးနိုင်ပဲ ခေမ့ပျောက်မည်စိုး၍ နားစွန့်ထောင်ရင်း ကျက်မှတ်ကြလေသည်။

"ကောင်းပြီ နောက်ထပ် တစ်ကနေ ပြန်စရေမယ်၊ သုံးဆိုလို့ ထိအောင် မထိုးနိုင်ဘူးဆိုရင် အဲဒီလူဟာ လူကမွေးတာ မဟုတ်တော့ဘူး၊ တိရစ္ဆာန်လောက်တောင် တန်ဖိုးမရှိတဲ့လူလို့ သတ်မှတ်ရမယ်၊ တစ် ... နှစ်"

ချိုစုန်းလျန်က သုံးခု မရေတွက်နိုင်မီ လင်းဟူစုန်းက စိတ်ကူးအကြံတစ်ခုရ၍ လှမ်းပြောလိုက်သည်။

"မိစ္ဆာရှင်း ဓားရေးကျမ်း"

လင်းဟူစုန်း၏ စကားကို ကြားသောအခါ ခုနစ်ဦးသား ငြိမ်သက်သွားကြသည်။

"ဘာ ... ဘာလဲ"

ဤခုနစ်ဦးသည် မိစ္ဆာရှင်းဓားရေးကို မိမိတို့အသက်တန် စုံမက်နေကြ၏။ တောင်ငါးလုံးအဖွဲ့ ဂိုဏ်းချုပ် ပေးအပ်ပွဲတွင် ယဲ့ပို့ချင် ဓားရေးကျမ်းကို မက်မောခဲ့သည့် ဆန္ဒမီးသည် ပို၍ တည်းညီး တပြောင်ပြောင် တောက်လောင်ခဲ့သည်။ ယခု မိစ္ဆာရှင်းဓားရေးကျမ်းဟု လင်းဟူစုန်း၏ နူတ်ဖျားမှ ထွက်လာသော အခါ အားလုံး အာရုံပြောင်းသွားကြ၏။

"မိစ္ဆာရှင်းဓားရေးမှာ အထွတ်အထိပ်ကျဆုံး၊ ဓားရှိန်ကို ဦးစွာလေ့ကျင့်၊ ဓားဟုန်ကို ထပ်ဆင့်ပို့၊ အရှိန်အဟုန် ခိုင်မြဲရေး သည်အဓိက၊ ဓားရေးမှာ ပထမ၊ ဓားရှိန်ကို သည်သို့ပျိုး၊ ဓားဟုန်ကို သည်သို့ထိုး၊ သော့ချက်ကိုရှာ၊ အဓိကသဘောမှာ"

လင်းဟူစုန်းသည် မိစ္ဆာရှင်းဓားရေး ရွတ်အံ့ပြနေသည်ဟု ခုနစ်ဦးက မှတ်ထင်ကြသည်။ ထို့ကြောင့် မကြားမိမှာကို အလွန်စိုးရိမ်သည်။ လင်းဟူစုန်း၏ နူတ်မှ တစ်ခွန်းရေးရွတ်တိုင်း လင်းဟူစုန်း၏ အနီးသို့ တစ်ကြိမ် တိုးကပ်သွားသည်။

"မိစ္ဆာရှင်းဓားချက် အဆက်မပြတ် အပြတ်ရှင်း"

လင်းဟူစုန်းသည် ဗုဒ္ဓစမ်းဓားရေးကျင့်စဉ်ကို ချောချောမော မော ရွတ်ပြနိုင်သော်လည်း နောက်ပိုင်းတွင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်လာပြီး စိတ်ကူးမိရာရာ ရေရွတ်သောကြောင့် အဆီအလျော် မတည့်တော့ချေ။

"အိုးဗျာ ... ဟိုနောက်ပိုင်းမှာ ပါတာကတော့ အင်း ... ဟိုဒင်းသတ်ရန် မစွမ်း၊ ဓားရေးမကျွမ်း ဆိုလားပဲ၊ သိပ်တော့ မသေချာဘူး"

"ဒီကျမ်းက ဘယ်သူ့ဆီမှာ ရှိလဲ"

"ကျွန်တော့်ဆီမှာတော့ မရှိဘူး"

လင်းဟူစုန်းသည် စကားပြောရင်း မလုံမလဲ ဖြစ်သည့် သဘောမျိုးဖြင့် သူ့ဝမ်းဗိုက်ကိုသူ ပြန်ကြည့်သည်။

ချိုစုန်လျန်နှင့် ဘုန်းကြီးစီးပေါင်တို့နှစ်ဦးသည် ရုတ်တရက် လင်းဟူစုန်း၏ ခါးပိုက်အိတ်ထဲသို့ အလုအယက် ဝင်ရောက်နှိုက်ကြသည်။ နှစ်ဦးလုံး ယော်သံပါအောင် အော်ဟစ်ပြီး လဲကျသွားတော့၏။

ချိုစုန်းလျန်နှင့် စီးပေါင်တို့သည် ယန်စမ်းစိမ်းနှင့် ယိလိန်ရသေ့တို့၏ လက်ချက်မိသွားကြခြင်း ဖြစ်သည်။

"ဘယ့်နယ် အားလုံး အသက်စွန့်ပြီး ကြိုးပမ်းခဲ့ရတာကို များ သူတို့နှစ်ယောက်က အချောင်နှိုက်ချင်ရတယ်လို့"

ယန်းစမ်းစိမ်း မကျေမနပ်နှင့် ပြောလိုက်သည်။

"အဲဒီ မိစ္ဆာရှင်းဓားရေးကျမ်းနဲ့ အချင်းချင်း ဒီလို ပြုတာဟာ လောဘတွန်လွန်းရာ မရောက်ဘူးလား"

ယိုစွင့်က ပြောလိုက်သည်။

"ဘာပြောတယ် ခင်ဗျားကြီးကကော လောဘမရှိဘူးဟုတ်လား၊ တစ်ယောက်တည်း အပိုင်စီးချင်နေတယ် မဟုတ်လား"

ယန်စမ်းစိမ်းက ယိုစွင့်ကို မေးလိုက်သည်။

"တစ်ယောက်တည် အပိုင်စီးဖို့ ကျုပ်လည်း စိတ်မကူးပါဘူး၊ အားလုံး မျှမျှတတ ကြည့်ဖို့ပါပဲ"

လူငါးဦးစလုံးက မည်သူမျှ လင်းဟူစုန်းထံသို့ အတင့်ရဲဒြိုး ချဉ်းကပ်မသွားဝံ့ချေ။ ချဉ်းကပ်သွားသူသည် မုချအသက်စွန့်မည်ဟု ငါးဦးစလုံး တွက်ဆမိကြသည်။

"ကဲ ... အစ်ကိုကြီး ယိုစွင့်၊ ခင်ဗျားပဲ ဓားကျမ်းကို သွားနှိုက်ယူဗျာ"

ယမ်းစမ်းစိမ်းက ပြောလိုက်သည်။

"ကျုပ်တစ်ယောက်တည်း အပိုင်စီးဖို့လည်း စိတ်ကူးမရှိပါဘူး၊ ပြီးတော့ ကျုပ် အရင်ဆုံးကြည့်ဖို့လည်း မစဉ်းစားပါဘူး၊ ဒီတော့ နောင်တော် ယမ်းစမ်းစိမ်းပဲ သွားနှိုက်ယူပါ၊ ပြီးတော့ ဘစ်လှည့်စီ ကြည့်ကြတာပေါ့"

"ဒါဖြင့်ရင် နောင်တော် ယိလိန်းရသေ့ သွားနှိုက်ယူရင်လည်း ပြီးတာပဲ"

ယန်စမ်းစိမ်းက ပြောလိုက်သည်။

"နောင်တော် ယန်စမ်းစိမ်း ကိုယ်တိုင်ပဲ သွားနှိုက်ယူဖို့သင့်ပါတယ်"

ယိလိန်းရသေ့၏ စကားကြောင့် ယန်စမ်းစိမ်းသည် ထင်ရှူးနှင့်ချယ်ရီတို့အတွဲဘက်သို့ လှည့်ကြည့်လိုက်သည်။ ထင်ရှူးနှင့် ချယ်ရီသည်လည်း ခေါင်းကို ပြိုင်တူခါယမ်းပြကြ၏။ ထို့ကြောင့် ယန်စမ်းစိမ်းသည် အလွန် ဒေါသထွက်သွားသည်။

"ခင်ဗျားတို့လေးယောက် ဘယ်လို စိတ်ကူးရှိတယ်ဆိုတာ ကျုပ် ယန်စမ်းစိမ်း မသိပဲ နေပါ့မလား၊ လူအမှု မဟုတ်တာ ကျုပ် ဓားကျမ်းကို သွားနှိုက်တာနဲ့ နောက်ကနေ ဝိုင်းပြီးလုပ်ကြ ကြမလို့ မဟုတ်လား၊ အစ်ကိုကြီး ယိုစွင့် ခင်ဗျားပဲ သွားနှိုက် ယူပါဗျာ"

ယိုစွင့်သည် ယပ်တောင်ဖြင့် ယပ်ခတ်ရင်း ...

"အမိန့်တော် မနာခံနိုင်တာ ခွင့်လွှတ်ပါ"

ငါးဦးစလုံးသည် အတွေးကိုယ်စီဖြင့် ငြိမ်သက်နေသော ကြောင့် လင်းဟူစုန်းက ထိုငါးဦး ယဉ်ယဉ်ထဲသို့ စိတ်ကူးရမည်ကို စိုးရိမ်ပူပန်မိသည်။

"ခင်ဗျားတို့ စိတ်လောမကြီးပါနဲ့ဦး၊ ကျွန်တော် စဉ်းစား ကြည့်လိုက်ပါဦးမယ်၊ သတ်ရန်မစွမ်း၊ ဓားရေးမကျွမ်း၊ အရမ်းခုတ် ထစ် ... ဟာ ... မဟုတ်သေးပါဘူး၊ ပါးစပ်ဖျားတင်ပဲ ဓားရေး က နက်ရှိုင်းလွန်းတော့ မှတ်ရတာ ခက်တယ်"

လင်းဟူစုန်းသည် ပါးစပ်ထဲထင်ရာ စွပ်ရွတ်ပြောနေသော ကြောင့် အမှားမှား အယွင်းယွင်း ဖြစ်နေလေသည်။ သို့သော် ငါးဦးသားသည် မိစ္ဆာရှင်း ဓားရေးအတွက် အကြံအိုက်နေသော ကြောင့် လင်းဟူစုန်း၏ မှားကွက်ကိုပင် သတိမမူ မမြင်ဖြစ်နေ ကြ၏။

"လေးဦးစလုံးက ကျုပ်ကို ဓားကျမ်းနှိုက်ယူစေချင်ကြတယ် မဟုတ်လား၊ ဒါပေမဲ့ ဒီလိုတော့ မရဘူး၊ လေးဦးစလုံး အခန်း အပြင်ကို ခဏထွက်နေကြ၊ မဟုတ်ရင် ကျုပ်က ဓားရေးကျမ်းနှိုက် တာနဲ့ ဝိုင်းလုပ်ကြမဲ့ လူတွေချည်းပဲ"

ယန်စမ်းစိမ်းက ဓားမောက်ကို မြှောက်တင်ပြီး ပြောလိုက်

သည်။ ထင်းရှူးနှင့် ချယ်ရီသည် စကားတစ်ခွန်းမှ ပြောမနေတော့ပဲ အံ့ဆိတ်စွာ အခန်းအပြင်ဘက်သို့ ထွက်သွားကြ၏။ ယိုစွင့် လည်း ပြုံးလိုက်ပြီး အခန်းအပြင်သို့ ထွက်သွားသည်။ ယီလိန်း သော့မှာမူ အတော်အတန် ဆုတ်ခွာသွားသော်လည်း အခန်းအပြင် သို့ ရောက်သည်အထိ မဆုတ်ခွာချေ။

"ခင်ဗျားရဲ့ ခြေနှစ်ချောင်းကို တံခါးအပြင်ရောက်အောင် သတ်စမ်း"

ယန်စမ်းစိမ်းက ဒေါသတကြီး အော်ပြောသည်။

"မင်း ဘာအော်နေစရာ အကြောင်းရှိသလဲ၊ ငါ ထွက်ချင်မှ ထွက်မယ်"

သို့သော် ယီလိန်းရသော့သည် တံခါးအပြင်ရောက်အောင် ကဖြည်းဖြည်း ဆုတ်ခွာသွားသည်။ တံခါးတစ်ပေါက်တည်းသာ ရှိသဖြင့် ယန်စမ်းစိမ်းသည် ဤတံခါးပေါက်မှသာ ပြန်ထွက်ရမည် ဖြစ်သောကြောင့် လွတ်ထွက်ပြေးနိုင်စရာအကြောင်းမရှိဟု ယုံကြည် ပြီး ယီလိန်းရသော့ စိတ်အေးသွားကြသည်။

ယန်စမ်းစိမ်းသည် အခန်းအပြင်သို့ ထွက်သွားကြသည့် လေးဦးက ရုတ်တရက် ချဉ်းနင်းတိုက်ခိုက်မည်ကို စိုးရိမ်သည်။ သို့ကြောင့် အခန်းအပြင်သို့ မျက်နှာမူထားပြီး လင်းဟူစုန်း၏ ခါးပိုက်ထဲသို့ ဘယ်လက်ဖြင့် လက်ပြန်ထိုးနှိုက်ကြည့်လိုက်သည်။ ရုတ်တရက် စာအုပ်ကို မစမ်းမိသောကြောင့် ယန်စမ်းစိမ်းသည် ဒေါသထွက်လာသည်။ ထို့ကြောင့် ညာလက်မှ ဓားမောက်ကို ပါးစပ်တွင် ကိုက်လိုက်ပြီး ဘယ်လက်ဖြင့် လင်းဟူစုန်း၏ အင်္ကျီ ရင်ဝကို ဖမ်းဆုပ်၍ ညာလက်ဖြင့် အိတ်ထဲသို့ ထိုးနှိုက်ပြီး ရှာဖွေသည်။

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ရဲ့ နှလုံးသွေးကြောကို အတင်း ချုပ်နေရတာလဲ၊ စာအုပ်လဲရမယ်၊ မရှင်းတာကိုလည်း ရှင်းပြ ပါ့မယ်လို့ ပြောနေသားနဲ့"

ဤသို့ အော်ပြောပြီးနောက် လင်းဟူစုန်းက နှုတ်မှ တရွွေ့ ရေရွွတ်နေလေသည်။ ဤအဖြစ်ကို တွေ့မြင်ရသော ယိလိန်းရဇေ့ နှင့် ကျန်သုံးဦးသည် ယန်စမ်းစိမ်းက မရိုးမသား ပြုကျင့်နေသည်ဟု သဘောပိုက်ပြီး တဟုန်ထိုး ပြေးဝင်ခဲ့သည်။ ယိလိန်းရဇေ့က ဦးစွာ ရောက်ရှိပြီး ယန်စမ်းစိမ်းအား မတိုက်ခိုက်ပဲ လင်းဟူစုန်း၏ ခါးပိုက်အိတ်ကို လက်နှိုက်လေသည်။

"ဗျို့ ခင်ဗျားတို့နှစ်ယောက် အတင်းမလုပ်နဲ့လေ၊ စာအုပ် ပြဿွားရင် ဘယ်သူမှ ဖတ်မရပဲ ဖြစ်ကုန်မယ်"

ထင်းရှူးနှင့်ချယ်ရီက မျက်ရိပ်ပြလိုက်ကြပြီး ရွှေချိုင်းထောက် တစ်စုံက ဝင့်ခနဲ လှုပ်ရှား၏။ ယန်စမ်းစိမ်းနှင့် ယိလိန်းရဇေ့တို့ သည်ခွေလဲကာ အသက်ထွက်သွားကြလေသည်။ ထိုအခိုက် လင်း ဟူစုန်း၏ အတွင်းအားကြောင့် ပိတ်ဆို့ထားသည့် သွေးကြောများ ပွင့်ထွက်သွားသည်။ လင်းဟူစုန်းသည် အတွင်းအားဖြင့် ချည်နှောင် ထားသော ကြိုးကို ဖြတ်တောက်နိုင်ခဲ့၏။ ထို့ကြောင့် ခါးတွင်ထိုး ထားသော ဓားတို့ကို ဆွဲထုတ်ပြီး အသင့်ပြင်ထားလိုက်သည်။

"မိစ္ဆာရှင်းဓားရေးကျမ်းက ကျုပ်ဆီမှာ ရှိတယ်၊ ကဲ ... လို ချင်တဲ့လူ လာယူလှည့်"

ထင်းရှူးနှင့် ချယ်ရီသည် ယောင်ယမ်း၍ လက်ဆန့်မိသည် နှင့် လင်းဟူစုန်း၏ ဓားတိုသည် လက်ကောက်ဝတ်ကို ရိုက်ချလိုက် သည်။ နှစ်ဦးစလုံး ဆက်လက်မတိုက်ခိုက်ဝံ့ပဲ နောက်သို့ ခုန်ဆုတ် သွားကြ၏။

လင်းဟူစုန်းသည် ယဉ်ယဉ်၏ ရှေ့သို့သွားပြီး ရပ်ကာ နှင့်ဘက်သို့ လှမ်းပြောလိုက်သည်။

"မိစ္ဆာရှင်းဓားရေးရဲ့ ဓားရိုးကို သည်သို့ပြုဆိုတဲ့ ဓားကွက် ကြည့်ချင်ပါသလားခင်ဗျာ"

လင်းဟူစုန်း၏ မေးခွန်းကြောင့် အကင်းပါးသော ယိုစွင့် သည် မျက်စိမျက်နှာ ပျက်သွားလေသည်။

"ကျေး ... ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ... ကျွန်တော် ကြည့်ချင်တော့ပါဘူး"

"အားနာစရာမလိုပါဘူး၊ ကျွန်တော် ပြဿဖို့ ဝန်မလေး ပါဘူး"

လင်းဟူစုန်း စကားပြောရင်း ကျန်လက်တစ်ဖက်ဖြင့် ယဉ်ယဉ်၏ သွေးကြောများကို ဖွင့်ပေးလိုက်လေသည်။

"ဆရာ လင်း ... လင်းဟူစုန်း၊ လူစွမ်းကောင်းကြီး လင်း ဟူစုန်း ခင်ဗျား ... ခင်ဗျား"

ယိုစွင့်သည် အသံတုန်ယင်စွာပြောရင်း လင်းဟူစုန်း၏ ခြေနောက်တွင် ဒူးနှစ်ဘက် ထောက်ချလိုက်သည်။

"ကျွန်တော် ... ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဝါးစိမ်းနတ် ဘုရဲ့ လူစွမ်းကောင်း လင်းဟူစုန်းတို့ ခိုင်းသမျှကို ကျွန်တော် လုပ်ခဲ့ပါ့မယ်"

ယဉ်ယဉ်သည် သွေးကြောပွင့်သွားသဖြင့် မတ်တတ်ရပ်ပြီး ထင်းရှူးနှင့် ချယ်ရီဘက်သို့ လှမ်းကြည့်လိုက်သည်။ ထင်းရှူးနှင့် ချယ်ရီသည် လက်ကောက်ဝတ်ပြတ်သော်မှ မျက်စိမျက်နှာ မပျက် အောင်ကြောင့် စိတ်ထဲမှ ကျိတ်၍ ချီးမွမ်းမိ၏။

"ရှင်တို့နှစ်ယောက်က လင်းမယားလား"

ထင်းရှူးနှင့် ချယ်ရီသည် လင်းမယား မဟုတ်ကြသော်လည်း အမြဲတစေ ဒွန်တွဲနေကြသောကြောင့် သိုင်းလောကတစ်ခွင်မှ မိတ်ဆွေများက အမျိုးသမီးကိုချယ်ရီ၊ အမျိုးသား ကိုထင်ရှူး အမည်နာမပေးခဲ့ကြခြင်း ဖြစ်သည်။ နှစ်ပေါင်းနှစ်ဆယ်ခန့် တပူးတွဲတွဲ သိုင်းလောကတစ်ခွင်တွင် ကျင်လည်ကျက်စားလာခဲ့သည့် သူနှစ်ဦး ဖြစ်သည်။

"ထွေထွေထူးထူး မေးနေစရာမလိုဘူး၊ သတ်ချင်ရင် ခုသတ်၊ မျက်တောင် တစ်ချက်မခတ်ဘူး၊ မျက်စိတစ်ချက် မမှိတ်ဘူး"

"ရှင်တို့နှစ်ယောက်ကို လင်မယား ထင်လို့"

"ငါက သူ့ရဲ့တရားဝင်မယား မဟုတ်တာတောင် နှစ်ပေါင်း နှစ်ဆယ်လောက် အတူတူနေလာခဲ့ကြတော့ အတိအလင်း ပေါင်း သင်းနေတဲ့ လင်းမယားတွေထက်တောင် သစ္စာမေတ္တာ ခိုင်မြဲသေးတယ်"

ချယ်ရီက ပြန်ပြောသည်။

"ရှင်တို့ နှစ်ယောက်တည်းက တစ်ယောက်တည်းကို အသက်ရှင်ခွင့်ပေးမယ်၊ ကဲ ... အသက်ရှင်ချင်ရင် တိုက်ခိုက်ကြပေတော့"

"ကောင်းပါတယ်"

ထင်းရှူးနှင့် ချယ်ရီသည် ယဉ်ယဉ်၏ စကားကို တစ်ပြိုင်နက် သဘောတူလိုက်ပြီး ရွှေချိုင်းထောက်နှစ်ခုက ဝင်းလက်သွားသည်။

"နေကြဦး"

ယဉ်ယဉ်က အော်ဟစ်ရင်း လက်ထဲမှ ဓားနှစ်လက်ဖြင့် ရွှေချိုင်းထောက်နှစ်ခုကို တားဆီးခံဆောင်လိုက်သည်။ ယဉ်ယဉ်သည် ရွှေချိုင်းထောက်နှစ်ခု၏ ရိုက်ချက်ကို တားဆီးလိုက်နိုင်

သော်လည်း ဘယ်လက်ဖြင့် တားဆီးသည့်အရှိန်က လျော့နည်းသောကြောင့် ချယ်ရီ၏ ချိုင်းထောက်သည် သူ့နဖူးပြင်သို့ သူ့ခံရိုက်မိပြီး ချယ်ရီ၏ မျက်နှာမှ သွေးများဖြာဆင်းခဲ့၏။

"ငါက ငါ့ကိုယ်ငါ ပြန်သတ်မလို့ဟာ၊ ငါ သေသွားရင် ဒီစိမ်းနတ်ဒေဝီရဲ့ ကတိအတိုင်း မင်း အသက်ရှင်မှာပဲ၊ ဘာဖြစ်လို့ ဒီယ့်ကိုယ်ကိုယ် ဒီလိုလုပ်ရတာလဲ"

ထင်းရှူးက ချယ်ရီကို **ကရုဏာကြီးစွာ** မေး၏။

"ကျွန်မလည်း ရှင့်လိုပဲ **စိတ်ကူးမိလို့**လေ၊ သေချင်းသေရင် ဒွန်မသာ သေသင့်တာပေါ့"

"ရှင်တို့ နှစ်ယောက်စလုံးရဲ့ ချစ်မေတ္တာ သိပ်ကိုနက်ရှိုင်းတယ်၊ **ဒါ**ကြောင့် ရှင်တို့ နှစ်ယောက်စလုံးကို အသက်ရှင်ခွင့်ပေးပါ**တယ်**၊ ကဲ ... ဒဏ်ရာကို ပတ်တီးစည်းကြတော့"

ထင်းရှူးနှင့်ချယ်ရီတို့ **နှစ်ဦး**သည် စိတ်အားတက်စွာဖြင့် **နှစ်ဦး**၏ဒဏ်ရာကို **တစ်ဦးက** ပတ်တီးစည်းပေးလေသည်။ ယဉ်ယဉ်သည် ယိုစွင့်ဘက်သို့ **လှည့်**ပြီးမေးလိုက်သည်။

"ရှင်တို့က **ဘယ်သူ့အမိန့်**နဲ့ ဟင်စမ်းတောင်ကို လာတာလဲ၊ ဘာအကြံနဲ့လဲ"

"ဂုစမ်းဂိုဏ်းချုပ် ခွေးတိရစ္ဆာန် ယဲ့ပို့ချင်ရဲ့ လှည့်ဖြားမှုကိုလိုက်ကြရတာပါပဲ၊ **ဟင်စမ်းအဖွဲ့**က ရသေ့မတွေကို သစ်ကနက်ဘောင်ထိပ်ကို **ဖမ်းဆီးမေါ်ဆောင်** သွားရမယ်လို့ ဂိုဏ်းချုပ်ကြီးက ဆိုစိမ်က သစ်ကနက်**အမိန့်** ထုတ်တယ်လို့ပြောပြီး သစ်ကနက်**အမိန့်**ပြား ပြပါတယ်"

"ရှင်တို့ စောစောက အောင်မြင်မှု ရတယ်ဆိုတာ ဘာကိုပြောတာလဲ"

"ရေတွင်းထဲမှာ မေ့ဆေးခတ်လိုက်တယ်၊ ဟင်စမ်းအ သူတွေ မေ့ကုန်တယ်၊ ဟင်စမ်းဂိုဏ်းခွဲက ဘာမှန်းညာမှန်းမသိ လူတွေကိုလည်း အဲဒီလိုပဲ လုပ်လိုက်တယ်၊ ခုတော့ ပထမအသု ဟာ သစ်ကနက်တောင်ကိုတောင် ရောက်သွားနေကြပြီ"

"ဟင်စမ်း အဖွဲ့သူတွေ ထိခိုက်မှု ရှိသေးသလား"

"ဟင်စမ်း အဖွဲ့သူတွေတော့ ဘာမှမဖြစ်ပါဘူး၊ ဟင် အဖွဲ့ခွဲကတော့ အချင်းချင်း တိုက်ခိုက်ရင်း လူရှစ်ဦး သေတယ်

"အစ်ကို ကျွန်မတို့ သွားကြစို့"

"အေး ... မိန်းမဆိုးကြီးနဲ့လည်း တွေ့ချင်သေးတယ်၊ လာ စွမ်းလက်စလေး သိရအောင် ပြလိုက်ချင်သေးတယ်"

လင်းဟူစုန်းက စီးပေါင်၏ ဓားရှည်ကို ကြမ်းပြင်ပေ ကောက်ယူလိုက်သည်။

"ဝါးစိမ်းနတ်ဒေဝီနဲ့ လူစွမ်းကောင်း လင်းဟူစုန်းတို့ ကျွန်တော့် အသက်ကို ချမ်းသာပေးတဲ့ကျေးဇူးကို ကျွန် တစ်သက်မမေ့ပါဘူး"

"ဒီလောက်လည်း ကျေးဇူးတင်စရာ မလိုပါဘူးရှင်"

ယဉ်ယဉ်သည် ပြောပြောဆိုဆို ဘယ်လက်ကို ရုတ်တရ ဇော့ယမ်းထုတ်လိုက်သည်နှင့် ယဉ်ယဉ်၏ ဓားတိုတစ်လက်သည် ယိုစွင့်၏ ရင်ဝသို့ စူးဝင်သွားပြီး လဲကျသွားလေသည်။

လင်းဟူစုန်းသည် မိန်းမဝတ်အင်္ကျီကို ချွတ်လိုက်သည် ပြီးနောက် နှစ်ယောက်သား ဟင်စမ်း အဖွဲ့သူများကို ကယ်ဆယ် ဟင်စမ်းတောင်အောက်သို့ ဆင်းခဲ့ကြ၏။ လင်းဟူစုန်းသည် ယဉ်ယဉ့် လက်ကိုတွဲလိုက်၍ ...

"ယဉ်ယဉ်၊ တို့ ဟင်စမ်း အဖွဲ့သူတွေကို ကယ်ဆယ်ပြီးတာ

လက်ထပ်လိုက်ကြမယ်၊ နင်ရော ငါပါ သိုင်းလောကနဲ့ ကင်း ဆေးတဲ့ နေရာမှာ အေးအေးလူလူ သွားနေကြရအောင်၊ နောက်နောင် သိုင်းလောက အရှုပ်အထွေးတွေမှာ ဝင်မပါတော့ပဲ ကလေးပဲ မွေးကြစို့"

ယဉ်ယဉ်သည် လင်းဟူစုန်း၏ အစချီသော စကားကို **ကြားရသဖြင့် ကျေနပ်စွာ** နားထောင်နေခဲ့သော်လည်း နောက်ဆုံး **စကားကို** ကြားရသည်နှင့် ရုတ်တရက် လင်းဟူစုန်း လက်ကို **ခဲ ဆုတ်လိုက်**သည်။ ယဉ်ယဉ်၏ မျက်နှာသည် ရုတ်သွေးရောင် **သွေး**မ်း**သွား**လေသည်။ ယဉ်ယဉ်က စိတ်ဆိုးဟန်ဖြင့် ...

"ရှင်နော် ရှင်"

လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် ကိုယ်ဖော့ပညာကို အသုံး ၍ ဟင်စမ်း တောင်အောက်သို့ ဆင်းလာခဲ့ကြ၏။ တောင်ခြေ ရောက်သောအခါ စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက် စားသောက်ကြသည်။ ယဉ်ယဉ်သည် လင်းဟူစုန်း၏ ဝတ်ရုံစကို ဆာဖြဲပြီး လင်းဟူစုန်း၏ ပြောင်နေသောခေါင်းကို ခေါင်းပေါင်း သွယ် ပေါင်းပေးလိုက်၏။

"အေး ... မင်း စိတ်ကူးမဆိုးပါဘူး၊ မဟုတ်ရင် ငါ့လို ရုပ် ဆိုးကောင်က မိန်းမချောချော ခိုးလာပါတယ်ဆိုပြီး မတော်မတရား ကြဲကြဦးမယ်"

မျက်စောင်းတစ်ချက်ထိုးရင်း ယဉ်ယဉ်က လင်းဟူစုန်းကို ကြည့်လိုက်သည်။

ယဉ်ယဉ်နှင့် လင်းဟူစုန်းသည် သစ်ကနက် တောင်ထိပ်ကို ကူးရာလမ်းအတိုင်း နှစ်နာရီခန့်ကြာအောင် ခရီးပြင်းနင်းခဲ့ကြ၏။ ဘာအုပ်တစ်ခု၏ နောက်ဘက်မှ ဆဲဆိုအော်ဟစ်သံ ကြားရ

သောကြောင့် နှစ်ယောက်သားရပ်ပြီး နားစွင့်ထောင်ကြည့်လိုက်သည်။ နတ်မင်းသားခြောက်ပါး၏ အသံဖြစ်၏။

ယဉ်ယဉ်နှင့် လင်းဟူစုန်းသည် အသံရှိရာသို့ ရောက်သွားသောအခါ နတ်မင်းသားခြောက်ပါးသည် ဆွဲအနားမကြားဘဲ ဆောင်ခဲ့သော ယိနင်၏ အမေကို ပတ်ပတ်လည် ဝိုင်းထားပြီး အဘွားကြီးက သွက်လက်လျင်မြန်စွာ လှုပ်ရှားရင်း နတ်မင်းသားခြောက်ပါးကို တိုက်ခိုက်နေလေသည်။

"သံသရာတေ့ာ် တစ်ပတ်လည်ပြန်ပြီ"

အဘွားကြီးသည် နတ်မင်းသားခြောက်ပါးက ဝိုင်းဖမ်းဆီးသော်လည်း လက်ဝါးချက်ဖြင့် ရိုက်ထုတ်၍ ထွက်ခွာသွားသည်။

"ဘယ်ကိုပြေးဦးမှာလဲ ဘွားဘွားအ"

လင်းဟူစုန်း၏ ဓားဖျားမှာ အဘွားကြီး၏ လည်မျိုသို့ ရောက်ရှိသွား၏။ အဘွားကြီးက ထိတ်လန့်သွားပြီး ဓားဖမ်းလုလိုက်သည်။ သို့သော် လင်းဟူစုန်း၏ ဓားဦးက အဘွားကြီး၏ ပခုံးသို့ ပြောင်းလဲရောက်ရှိသွားပြန်သည်။ အဘွားကြီးသည် နောက်သို့ ခုန်ဆုတ်သွားလေသည်။ လင်းဟူစုန်းက နောက်ထပ် ဓားချက်ဖြင့် ခြောက်လှန့်လိုက်ပြန်သောအခါ အဘွားကြီးသည် နောက်သို့ငါးလှမ်း ဆုတ်သွားပြန်သည်။

လင်းဟူစုန်း၏ ဓားဦးက အဘွားကြီး၏ ရင်ဝသို့ ထိုးထောက်လိုက်ချိန်တွင် နတ်မင်းသားခြောက်ပါးသည် အလွှာလွှာ ရောက်ရှိလာကြသည်။ နတ်မင်းသားလေးပါးက ခုန်တင်ခဲ့ပြီး ခြေနှင့်လက်ကို ဆွဲကိုင်ကာ လေထဲတွင် မြှောက်ထားလိုက်ကြသည်။

"သူ့အသက်ကို မသတ်နဲ့"

လင်းဟူစုန်းက လှမ်းအော်ပြီး သတိပေးလိုက်၏။

"သူ့ကို ကြိုးနဲ့ တွဲလောင်းဆွဲချင် ဆွဲကြ"

လင်းဟူစုန်း၏ စကားအရ နတ်မင်းသားခြောက်ပါးက သက်ညှိုးဖြင့် ဝိုင်းထိုးပြီး အဘွားကြီး၏ သွေးကြောကွက်များကို ဖောက်ပစ်လိုက်ကြသည်။

လင်းဟူစုန်းက ဖြစ်ပုံပျက်ပုံကို နတ်မင်းသားခြောက်ပါးအား ပြန်ပြောပြသည်။

တို့ညီအစ်ကိုခြောက်ယောက် နောက်ဖေးသွားလို့ ဇိမ်ကျနေတုန်းမှာ ဒီအဘွားကြီးက ရောက်လာပြီး ရသေ့မကလေးတစ်ပါးဒီနားက ဖြတ်ပြေးသွားတာ မတွေ့ဘူးလားဆိုပြီး အလိုက်ကမ်းဆိုးမသိ လာမေးတယ်၊ တကတည်း နောက်ဖေးသွားရတာ **စည်းစိမ်**ပျက်သွားရောပေါ့"

ထောင်ကျိရှန်က ရှင်းပြသည်။

"တို့က သူမေးတာကို ဘယ်ဂရုစိုက်အားမှာလဲ၊ ကိုယ့်ပြဿနာနဲ့ကိုယ်၊ အဲဒါ ဂရုမစိုက်ရကောင်းလား ဆိုပြီး သူက အရင်စပြီး တိုက်တော့တာပဲ"

နတ်မင်းသားခြောက်ပါးသည် အဘွားအိုကို နွယ်ကြိုးဖြင့် ဘုပ်နှောင်ပြီး သစ်ကိုင်းတစ်ကိုင်းတွင် ချိတ်ဆွဲထားလိုက်သည်။ လင်းဟူစုန်းက အနီးရှိသစ်ပင်၏ ပင်စည်ကို အခေါက်ခွာချလိုက်သည်။ ပြီးနောက် ပင်စည်၏ အသားပေါ်တွင် ဓားရှည်ဖြင့် စာသားရေးထွင်း ထားလိုက်၏။

"လောကမှာ သဝန်အကြောင်ဆုံး မိန်းမဆိုးကြီး"

"နောင်တော် နတ်မင်းသားတို့ ယိနင်ကို တွေ့သလား"

မရှောင်ကိုယ်တော်ကြီးနှင့် မရှောင်မဖြစ် ကိုယ်တော်ဆွန်းပက်ကွမ်းတို့သည် ဟင်စမ်းအဖွဲ့သူများ ဖမ်းဆီးခေါ်ဆောင်ခံရသည်ကို လုံးဝမသိကြချေ။ လင်းဟူစုန်းသည် ယဉ်ယဉ်နှင့်အတူ ဟင်စမ်း တပည့်မလေးများအား ပြန်လည်ကယ်တင်သည်ကို လင့်ဝေါစိမ် မသိစေလိုပေ၊ ထို့ကြောင့်လည်း လင်းဟူစုန်းသည် ဟင်စမ်း တပည့်မလေးများ အကြောင်းကို လုံးဝ ထည့်မပြောဖြစ်တော့ချေ။

"မရှောင်ကိုယ်တော်ကြီး တပည့်တော်ကို ကိစ္စတစ်ခု ဆောင်ရွက်ပေးစေချင်တယ်"

"ဖြစ်ပါတယ်၊ မဖြစ်စရာအကြောင်း လုံးလုံးမရှိဘူး"

"တစ်ခုတော့ရှိတယ် ဒီကိစ္စက အလွန်ပိရိဖို့ လိုပါတယ်၊ ဒီတော့ ကိုယ်တော်ကြီးရဲ့တပည့် မပါဝင်ပဲ ကိုယ်တော်ကြီး တစ်ပါးတည်း ဆောင်ရွက်မှ တင့်တယ်ပါလိမ့်မယ်"

"ဒါလည်း မခဲယဉ်းပါဘူး၊ ငါက သူ့ကို ဝင်မရှုပ်နဲ့ ဝေးဝေးနေလို့ ပြောလိုက်ရင် ပြီးတာပါပဲ"

"ဒီကနေ အရှေ့ဆောင်ဘက်ရူးရူး ဆယ်မိုင်လောက် ပြန်သွားရင် သစ်ပင်ပေါ်မှာ လူတစ်ယောက် ကြိုးနဲ့တွဲလွဲချည်ထားတာ တွေ့ရလိမ့်မယ်"

မရှောင်ကိုယ်တော်ကြီးသည် မိမိအဖြစ်ကို တွေးမိပြီး ဒေါသဆွက်သွားလေသည်။

"နောင်တော်လေး၊ မင်းကိုယ်တိုင်က ဘာလို့ မကယ်ခဲ့ဘာလဲ"

"မှန်တာပြောရရင် အဲဒီလူဟာ မိန်းမသားတစ်ယောက်ဖြစ်နေတယ်၊ ပြီးတော့"

"မတွေ့ဘူး၊ ရသေ့မလေးရဲ့အဖေ ဘုန်းကြီးနဲ့ တပည့် ဘုန်းကြီးကိုတော့ တွေ့တယ်"

ထောင်ကျိရှန်က ပြန်ဖြေသည်။

"ခု ဘယ်မှာလဲ"

"ရှေ့က မြို့လေးမှာ ဘို့နဲ့ အရက်အတူတူသောက်ဖို့ ချိန်းထားတယ်"

"ကောင်းပြီ ကျွန်တော်တို့ အရင်သွားနှင့်မယ်၊ ခင်ဗျားတို့ အေးအေးဆေးဆေးမှ လိုက်ခဲ့ပါ"

"ရှင်က သူ့ကို ခေါင်းပြန်မတုံးတာဟာ ရှင့်ညီမလေးယိနင် မျက်နှာကို ထောက်လို့ မဟုတ်လား"

လင်းဟူစုန်းသည် ယဉ်ယဉ်၏ စကားကို ပြန်မဖြေချေ။ ယဉ်ယဉ် မေးလိုက်သည့်စကားမှာ အမှန်ပင်ဖြစ်၏။ ရှေ့တွင်ရှိသော မြို့ကလေးသို့ အလောတကြီး ခရီးဆက်ခဲ့ကြသည်။ ဆယ်မိုင် ကျော်ခန့် ခရီးပေါက်ခဲ့ပြီးနောက် မြို့ကလေးသို့ ယဉ်ယဉ်နှင့် လင်းဟူစုန်း ရောက်ရှိခဲ့ကြသည်။ မရှောင်ကိုယ်တော်ကြီးနှင့် မရှောင်မဖြစ် ကိုယ်တော်တို့သည် ဆိုင်တစ်ဆိုင်တွင် မှာယူစားသောက်နေကြသည်ကို လင်းဟူစုန်းတို့ တွေ့ရသည်။ မရှောင် ကိုယ်တော်ကြီးနှင့် ထျန်းပက်ကွမ်းတို့က လင်းဟူစုန်းတို့ကို တွေ့သဖြင့် အလွန်ဝမ်းသာပြီး အစားအသောက်များ ထပ်မံမှာကြားလိုက်သည်။

"ငါက ဟင်စမ်းတောင်မှာ ဒီလိုအရှက်တကွဲ အဖြစ်ခံလိုက်ရတော့ ရှေ့ဆက် မျက်နှာပြောင်တိုက်ဖို့ မကောင်းတော့ဘူး၊ ဒါနဲ့ ဆရာဘိုးတော်က အမြန်ထွက်ခွာကြဖို့ တင်ပြပြီး ထွက်လာခဲ့ကြတာပဲ၊ ထုံးချွင်ချောက်ကို နောင်ဘယ်တော့မှသွားဖို့ စိတ်မကူးတော့ဘူး"

လင်းဟူစုန်းသည် ယဉ်ယဉ်ဘက်သို့ မေးထိုးပြလိုက်ပြီး

"ဝါးစိမ်းနတ်ဒေဝီကလည်း တပည့်တော်နဲ့ အတူတာကွန် နေတော့ ကယ်ဆယ်ဖို့ မသင့်တော်ဘူး"

"ဝါးစိမ်းနတ်ဒေဝီက သဝန်ကြောင်မှာ မင်းက စိုးရိမ်လို့ ထင်တယ်"

လင်းဟူစုန်းက ပြုံးရယ်လိုက်သည်။

"အဲဒီ မိန်းမက သာပြီးတောင် သဝန်ကြောင်ပါသေးတယ် ဟိုတစ်ချိန်က သူ့ယောကျ်ားက မိန်းမတစ်ယောက်ကို ကြည့်မိပြီး ချောမောလှပတယ်လို့ ချီးမွမ်းမိတာနဲ့ အဲဒီမိန်းမက တိတ်တဆိတ် ရှောင်ခွာထွက်သွားတာပဲ၊ သူ့ယောကျ်ားက သူ့ကို နှစ်ပေါင်း နှစ်ဆယ်လောက် ရူးရူးမူးမူးလိုက်ပြီး မိုးမြေအနှံ့ ရှာဖွေနေခဲ့ရ တယ်တဲ့၊ ခုလည်း မတွေ့သေးဘူးလို့ ကြားရတယ်"

မရှောင်ကိုယ်တော်ကြီးသည် လင်းဟူစုန်း၏ စကားကို နားထောင်ရင်း မျက်လုံးက တစ်စတစ်စ ပြူးကျယ်ခဲ့ပြီး ...

"ဒါ ... ဒါ ... ဒါ"

မရှောင်ကိုယ်တော်ကြီးသည် ရှေ့ဆက်၍ မပြောနိုင်ပဲ အသက်ရှူ ပြင်းလာလေသည်။

"ခုထိတောင် သူ့ယောကျ်ားကို ဒုက္ခပေးတုန်းပဲတဲ့၊ ရှာမတွေ့ သေးဘူးလို့ ကြားရတယ်"

ထိုအခိုက် နတ်မင်းသားခြောက်ပါးသည် တခစ်ခစ် ရယ်မော ကာ ဆိုင်ပေါ်သို့ တက်လာကြ၏။ မရှောင်ကိုယ်တော်ကြီးသည် နတ်မင်းသားခြောက်ပါး ဝင်လာသည်ကိုပင် အရေးမမူနိုင်ပဲ လင်းဟူစုန်း၏ ပခုံးကိုဆုပ်ကိုင်ရင်း ...

"ဒါ ... တကယ် ... တကယ်မဲလား"

"သူက တပည့်တော်ကို ပြောတာတော့ သူ့ယောကျ်ားက သူ့ရှေ့ ဒူးထောက်ချပြီး တောင်းပန်တာတောင် သူ့ စိတ်ပြန်လည်မှာ မဟုတ်ဘူးတဲ့၊ ဒါကြောင့်မို့ သူ လွတ်သွားတာနဲ့ ထွက်ပြေးသွားမှာ သေချာတယ်၊ ဒီမိန်းမကြီးက ခြေကလည်း သိပ်သွက်ပါဘိနဲ့၊ နောက်တောင်တစ်ချက် ခတ်လိုက်တာနဲ့ပဲ မိန်းမကြီးက လိုက်လို့ မီတော့အောင် ပြေးသွားမှာအမှန်ပဲ"

"ငါ ... ငါ ... မျက်တောင်မခတ်ပါဘူး"

"တပည့်တော်က သူ့ကို ယောကျ်ားကို ဘာဖြစ်လို့ ပုန်း ရှောင်နေရတာလဲလို့ မေးကြည့်တယ်၊ သူပြောတာတော့ သူ့ ယောကျ်ားဟာ မေတ္တာအခေါင်းပါးဆုံးလူ၊ တဏှာအကြီးမား ဆုံးလူဖြစ်လို့ တွေ့ရင်လည်း သူ့အတွက် အချည်းနှီးပဲတဲ့"

မရှောင်ကိုယ်တော်ကြီးသည် အံ့အားလည်းသင့် ဝမ်းလည်း အလွန်သာပြီး ချက်ချင်းပင် လှည့်ထွက်သွားသည်။

လင်းဟူစုန်းက လှမ်းဆွဲထားပြီး နားနားကပ်၍ တီးတိုး ပြောသည်။

"သူ ထွက်ပြေးလို့မရအောင် စွမ်းဆောင်နိုင်တဲ့ လျှို့ဝှက် နည်းတစ်ခုကို တပည့်တော် ပေးမယ်"

မရှောင်ကိုယ်တော်ကြီးသည် အလွန်ဝမ်းသာသွားပြီး ...

"နောင်တော်လေး လင်းဟူစုန်း၊ မဟုတ်သေးပါဘူး ဦးလေး လင်းဟူစုန်း၊ ဟာ ... ဘိုးတော် လင်းဟူစုန်း၊ ဆရာ လင်းဟူစုန်း၊ မင်း ... မင်း ငါ့ကို အဲဒီ လျှို့ဝှက်နည်းလမ်းကို သင်ပြပေးစမ်းပါ၊ မင်းကို ငါ ဆရာတင်ပါတယ်"

လင်းဟူစုန်းသည် ရယ်ချင်သော်လည်း မျက်နှာကို တည် ဘည်ထားပြီး ...

"မရှောင်ကိုယ်တော်ကြီး၏ နားအနီးသို့ကပ်ပြီး နှစ်ကိုယ်ကြား ပြောပြသည်။

"ကိုယ်တော်ကြီးက သူ့ကို သစ်ပင်ပေါ်က ဖြေချပြီးရင် သူ့ကို ချည်နှောင်ထားတဲ့ ကြိုးတွေကိုဖြေပေးလို့ မဖြစ်သေးဘူး ဝိတ်ထားတဲ့ သွေးကြောကွက်တွေလည်း ဖွင့်မပေးနဲ့ဦး၊ တူည်းခိုခန်း တစ်ခုကို အမြန်ခေါ်ပြီး တည်းခိုနေပါ၊ ကိုယ်တော်ကြီး စဉ်းစားကြည့်လေ၊ မိန်းမသားတစ်ယောက် အခန်းထဲကနေ ထွက်မပြေးအောင် ဘယ်လိုနည်းလမ်း သုံးရမယ်ဆိုတာကို"

မရှောင်ကိုယ်တော်ကြီးသည် ခေါင်းကို ကုတ်ခြစ်ပြီး တခဏ စဉ်းစားသည်။

"ငါ မစဉ်းစားတတ်တော့ဘူး"

"ကိုယ်တော်ကြီးကလည်း ဘာခက်တာမှတ်လို့ သူ့အဝတ်တွေကို အကုန်ချွတ်ပစ်လိုက်ရင် သူ အခန်းအပြင်ကို ထွက်ပြေးဝံ့ဦးမယ်တဲ့လား"

မရှောင်ကိုယ်တော်ကြီးသည် သူ့နဖူးကို လက်ဝါးဖြင့် ပြန်ရိုက်လိုက်ပြီး ...

"ဟာ ... သိပ်ကောင်းတဲ့နည်းလမ်းပဲ၊ မင်းကို သိပ်ကျေးဇူးတင်တယ်"

စကားမဆုံးမီတွင်ပင် မရှောင်ကိုယ်တော်ကြီးသည် ပြတင်းပေါက်မှ အပြင်သို့ လှစ်ခနဲ ခုန်ထွက်သွားလေတော့သည်။

"ဟင်း ... ဒီကိုယ်တော်ကြီးက ဘယ်လိုဖြစ်သွားတာလဲ၊ ဒါ ... ဘာသွားလုပ်မလို့လဲ"

ထောင်ကန့်ရှန်က အံ့အားသင့်စွာ မေးသည်။

"ဆီးသွားတာကိုများ သူများသင်ပေးမှ တတ်ရသတဲ့လား" ထောင်ယဲ့ရှန်က ဝင်ပြောပြန်သည်။

နတ်မင်းသားခြောက်ပါးက ဆက်လက် ပြောကြားမည့် စကားများသည် စကားကောင်း မဖြစ်နိုင်တော့ကြောင်း ယဉ်ယဉ်စားမိသည်။ ထို့ကြောင့် လင်းဟူစုန်းကို မျက်ရိပ်ပြလိုက်သည်၊

"နောင်တော် နတ်မင်းသားခြောက်ပါးက လောကပေါ်မှာ ရက်သောက်တဲ့နေရာမှာ ပြိုင်စံရှားဖြစ်လို့ နောင်တော်တို့ပဲ ကြားနှင့်ပါ၊ ကျွန်တော် ဆက်မသောက်နိုင်တော့ဘူး သွားနှင့်တော့မယ်"

"အရက်ခြောက်အိုး အမြန်ပို့ပေးစမ်း"

"တို့က ဘယ်လောက်ကြာကြာ သောက်မယ်ထင်လို့လဲ"

"ကျွန်တော်တို့ သွားနှင့်တာပဲ ကောင်းပါတယ်၊ ခင်ဗျားတို့ သောက်ပြီးမှ သွားမယ်ဆိုရင် နက်ဖြန်ကူးသွားမှာ သေချာသည်"

လင်းဟူစုန်းသည် နောက်ဆုံးစကားဖြင့် နတ်မင်းသားခြောက်ပါးကို အရက်ဆိုင်တွင် အချိုသပ်၍ ထားရစ်ခဲ့နိုင်လေသည်။ လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် အရက်ဆိုင်ပေါ်မှ ဆင်းခဲ့ကြ၏။

"ရှင်က သူတို့လင်မယား ပြန်ပေါင်းထုတ်အောင် ပြုလုပ်နိုင်ရင် နည်းတဲ့ကုသိုလ် မဟုတ်ဘူး၊ ဒါပေမဲ့ ရှင်သင်ပေးတဲ့နည်းလမ်းက ဟိုဒင်း ... ဟို ... နည်းနည်းပါးပါး"

ယဉ်ယဉ်သည် ပြောရင်း မျက်နှာနီမြန်းကာ စကားကို ပိုင်းတုစ်စနှင့် ဖြတ်ထားလိုက်သည်။ လင်းဟူစုန်းက တဟဲဟဲရယ်ရင်း ယဉ်ယဉ်၏ ရှက်သွေးရောင်လွှမ်းနေသော မျက်နှာကို ငေးကြည့်နေလေသည်။

"ဘာကြည့်တာလဲ မမြင်ဖူးတာကျနေတာပဲ၊ ဘာလို့ရယ်တာလဲ"

"ငါ့ခေါင်းပေါ်မှာ ဆံပင်မရှိအောင် ခေါင်းတုံးရိတ်ပစ်တာ မဟုတ်လား၊ ငါက မိန်းမကြီးကို အပြင်မထွက်နိုင်အောင်လုပ်ပြီး သူ့ယောကျ်ားကို နည်းနာပေးလိုက်ပြီ ဆိုတော့ ခေါင်းတုံးအရိုင်ခံရတဲ့အတွက်လည်း ကျေသွားပြီ"

ယဉ်ယဉ်က တခစ်ခစ် ရယ်မောသည်။

"အဲဒါကို ရှင်က ကျေတယ်လို့ ပြောနိုင်လို့လား"

လင်းဟူစုန်း ယဉ်ယဉ်ကို ကြည့်ပြီး ဖြုံးနေလေသည်။

"ရှင်က ကျွန်မကို စေ့စေ့ကြည့်ပြီး ဘာလို့ဖြုံးနေတာလဲ"

"ဩော် ... မရှောင်ကိုယ်တော်ကြီးနဲ့ မိန်းမကြီး ပြန်တွေ့ကြရင် ဘာတွေဖြစ်ပျက်မယ်ဆိုတာ စဉ်းစားမိလို့ပါ"

"အဲဒါနဲ့ပဲ ရှင်က ကျွန်မကိုကြည့်ပြီး ဖြုံးရသတဲ့လား"

ယဉ်ယဉ် သဘောမပေါက်နိုင်ပဲ ပြောလိုက်ပြီးမှ မရှောင်ကိုယ်တော်ကြီးက အဘွားကြီးအား အပြင်မထွက်နိုင်အောင် လုပ်ထားမည်ကို စဉ်းစားမိသောကြောင့် လင်းဟူစုန်း မိမိကိုကြည့်ပြီး ဖြုံးသည့်အဖြစ်ကို ယဉ်ယဉ် သဘောပေါက်သွား၏။ လင်းဟူစုန်းအပြုံးသည် သာမန်အပြုံးမျိုး မဟုတ်ပဲ မရိုးဖြောင့်သော အပြုံးမှန်း ယဉ်ယဉ် သိလိုက်သည်။ ထို့ကြောင့် ယဉ်ယဉ်သည် တစ်ကိုယ်လုံး ပူထူသွားပြီး မျက်နှာတစ်ခုလုံး ရှက်သွေးရောင်လွှမ်းကာ နီမြန်းသွားသည်။

ထိုအခိုက် လေချွန်သံတစ်ချက် ကြားလိုက်ရသောကြောင့် ယဉ်ယဉ်က မိမိတို့ဂိုဏ်းမှ အချက်ပေးသံဖြစ်ကြောင်း သိလိုက်သည်။ ထို့ကြောင့် ယဉ်ယဉ်သည်လည်း ဘယ်လက်ညှိုးကို နှုတ်ခမ်းဆ

ဖြတ်တင်ပြီး လေချွန်သံ ပြန်ပေးလိုက်သည်။ တခဏအကြာတွင် စားပွဲထိုး အဝတ်အစား ဝတ်ထားသည့် လူတစ်ယောက်မှာ ယဉ်ယဉ်နှင့် လင်းဟူစုန်းထံသို့ အပြေးအလွှား ရောက်ရှိလာခဲ့သည်။

"ချင်းဖိတ်ဧေးက သူရိန်နတ်ဒေဝီကို ဂါရဝပြုပါတယ်"

ပထမ ရောက်ရှိလာခဲ့သူနှင့် မရှေးမနှောင်း ရောက်ခဲ့သည်။

ဦးစီးချင်းက ယဉ်ယဉ်ကို ဂါရဝပြုပြီး ပြောသည်။

"ဦးစီးချင်းလည်း ရောက်နေပေသကိုး"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ ဒီအနီးတစ်ဝိုက်မှာ သတင်းထောက်လှမ်းနေတာပါ၊ မိုးကြိုးဆောင် ရှင်ညီကျုံး ဘာသတင်းထူးသေးသလဲ"

ဦးစီးချင်းက ဝါးစိမ်းနတ်ဒေဝီကိုပြောရင်း စားပွဲထိုးအဝတ်ဝတ်ထားသူကို လှမ်းမေးလိုက်သည်။

"ဒီနေ့မနက် ဟင်စမ်းအဖွဲ့သားတွေကို ကျိုလိန်းရုန်းရဲ့သားက ဦးဆောင်ပြီး ဂုာစမ်းတောင်ကိုသွားတာ မြင်လိုက်ရပါတယ်"

"စုန်းစမ်း အဖွဲ့သားတွေက **ဂုာစမ်းတောင်**ကို ဘာသွားလုပ်ကြတာလဲ"

ယဉ်ယဉ်က ဦးစီးချင်းကို **မေး**သည်။

"ဂိုဏ်းချုပ်ကြီး သတင်းရရှိထားတာကတော့ တောင်ငါးလုံးဂိုဏ်းချုပ်နေရာကိုရသွားတဲ့ ယဲ့ပို့ချင်က သူရိန်မျက်နှာမူဂိုဏ်းကို အကြိတ်အနယ် တိုက်ခိုက်ဖို့ ပြင်ဆင်နေတယ်လို့ ဆိုပါတယ်"

ယဉ်ယဉ်သည် **ဦးစီး**ချင်းက ဟင်စမ်း အဖွဲ့သူများအား ခြမ်းဆီးခေါ်ဆောင်သွားသည့် သတင်းကို ပါးနပ်လိမ္မာစွာ ဖုံးဖိထားမှန်း သိလိုက်သည်။

"ထိုက်စမ်း၊ ချစမ်း၊ စုန်းစမ်း သုံးဖွဲ့စလုံး ဗာစမ်းတောင်ကို သွားပြီးဆိုတဲ့ သတင်းတော့ရပါပြီ၊ ဟင်စမ်းအဖွဲ့ကတော့ လူပ်ရှားမရှိသေးဘူး၊ ဦးစီး ဖောင်းတာ့ဆူနဲ့ ဦးစီးမိုးတို့ လက်အောက်ငယ်သား အချို့နဲ့ ဟင်စမ်းအဖွဲ့ကို သတင်း သွားထောက်လှမ်းခိုင်းထားပါတယ်၊ သတင်း စောင့်မျှော်နေတုန်းပါပဲ"

လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် တစ်ဦးမျက်နှာတစ်ဦး လှမ်းကြည့်မိပြီး ...

"**ဦးစီး** ဖောင်းတာ့ဆူနဲ့ ဦးစီးမိုးတို့ ဗာစမ်း**အဖွဲ့ခွဲ**ကို ရောက်ရှိပြီး သတင်းထောက်လှမ်းတယ် ဆိုတဲ့စကားဟာ **အမှန်** ဖြစ်နိုင်တယ်"

ဤသို့ စဉ်းစားနေစဉ် ဦးစီးချင်းက လင်း**ဟူစုန်း**ကို လက်အုပ်ချီ၍ ဂါရဝပြုလိုက်သည်။

"ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်မရပဲ ကျွန်တော်တို့ ဟင်စမ်း**အဖွဲ့**ထဲ ဝင်ပြီး သတင်းထောက်လှမ်းတာကို ခွင့်လွှတ်စေချင်ပါတယ်"

လင်းဟူစုန်းသည်လည်း လက်အုပ်ချီ၍ ဂါရဝပြုပြီး ...

"ကျွန်တော်တို့ နှစ်ယောက်က မကြာခင် လက်ထပ်ကြတော့မှာမို့ ဦးစီးချင်း ကျွန်တော့် ယောကျ်ားလောင်းရဲ့ အမိန့်အရဆိုတော့ ခွင့်မလွှတ်နိုင်စရာ မရှိပါဘူး"

ယဉ်ယဉ်၏ မျက်နှာက နီမြန်းသွားသည်။

ဦးစီးချင်းနှင့် မိုးကြိုးဆောင် ရှင်ညီကျုံးက ပြုံးပြီး ...

"ကြားရတာ မင်္ဂလာရှိတဲ့ သတင်းပါပဲ၊ ဘယ်လက်ရုံးကြီး ရှန်းဝုံထျန်းလည်း ကျွန်တော်တို့ကို ထပ်ခါတလဲလဲ မှာပါတယ်၊ သတင်းထောက်လှမ်းရုံ ထောက်လှမ်းပြီး ဟင်စမ်း အဖွဲ့သူတွေကို လုံးဝ မထိပါး မစော်ကားရဘူးလို့ မှာကြားပါတယ်"

ရုတ်တရက် ကြည်လင်ချိုသာသော အမျိုးသမီးသံ တစ်သံကို ကြားလိုက်ရသည်။

"ဆရာ လင်းဟူစုန်းရဲ့ **ဓားရေးက** သိုင်းလောကတစ်ခွင်မှာ အဆင့် နေရာမှာရှိတယ်၊ **ဘယ်လက်ရုံးကြီး** ယခုလို မှာကြားရှင်တို့အတွက် ကောင်းစေချင်**လို့**ပဲ"

အသံရှင်သည် သစ်တောထဲမှ ထွက်လာသူ ရတနာငါးသွယ်ချုပ် လန်းဟုန်ဟုမ့်ပင် ဖြစ်သည်။

"ဟာ ... ဂိုဏ်းချုပ် လန်းဟုန်ဟုမ့်ပါလား"

"ဟုတ်ကဲ့ အစ်ကိုကြီး ကျန်းမာတယ်နော်"

"ဟင်စမ်း အဖွဲ့သူတွေ အဖမ်းခံရတာ ရှင်တို့ သွားမကယ်သား"

"တို့လည်း တစ်လမ်းလုံး ကြည့်လာခဲ့တာပဲ၊ ဘာအရိပ်ယောင်မှ မမြင်ရဘူး"

"အစ်ကိုကြီးတို့ သွားနေတာ ဗာစမ်းကို သွားတဲ့လမ်းမှတ်တာ"

"ဘာ ... ဗာစမ်းကို **ဖမ်းသွား**တာလား"

"ဟုတ်တယ် ဦး**ဆောင်သူ**ကတော့ အစ်ကိုကြီးရဲ့ဆရာချွင်ပဲ၊ ရှင့်အသက်ကို **သူ** သတ်ဖို့ကြံစည်ဖူးတယ်၊ ခု ရှင်ချုပ်ဖြစ်တော့ ဗာပည့်**တွေ**ကို **ဖမ်း**ဆီးသွားတာပေါ့ ဟင်စမ်းကိုတိုက်ဖြို့တဲ့ သဘောပဲ၊ **ကျွန်မက** ရှင့်ဆရာကို အဆိပ်နဲ့ချက်ချင်းသတ်ပစ်မလို့၊ ဒါပေမဲ့ **အစ်ကိုကြီး**ရဲ့ မျက်နှာကို ပြန်ထောက်ထားတာနဲ့ ချမ်းသာပေးလိုက်တယ်"

"ငါ့မျက်နှာကို ထောက်ထားတာ ကျေးဇူးတင်ပါတယ်"

"အစ်ကိုကြီးသာရှိရင် တစ်ခါတည်း ဖမ်းသွားနိုင်မှာ
အချို့ကတောင် ပြောကြသေးတယ်"

"နင့်လို အားထားရတဲ့ ညီမတစ်ယောက်လုံး ရှိနေမှ
ငါ့ကို ဖမ်းဆီးလို့ ရနိုင်မယ်တဲ့လား"

"ဒါပေါ့ အစ်ကိုကြီးရဲ့၊ ဆံပင်တစ်ပင်ကို ထိပါး
ကျွန်မ လက်ချက်နဲ့ လူတစ်ရာကိုးဆယ် ချက်ချင်း လဲသွား
ဝါးစိမ်းနတ်ဒေဝီ နင် သဝန်မကြောင်နဲ့နော်၊ ငါက ငါ့အစ်ကို
အရင်းလို ခင်မင်လို့ပြောနေတာ"

ယဉ်ယဉ်၏ မျက်နှာသည် ရုတ်တရက် နီမြန်းသွား

"အစ်ကိုလည်း နင် သူ့အပေါ် ကောင်းတဲ့အကြောင်း
ငါ့ကို မကြာမကြာ ပြောပြဖူးပါတယ်"

လန်းဟုန်ဟုမ့်သည် ယဉ်ယဉ်၏ စကားကြောင့် အ
ကျေနပ်နှစ်သိမ့် သွားလေသည်။

"မသိပါဘူး ငါက နင့်ရှေ့မှာ အစ်ကိုကြီးက ငါ့နာ
ကိုတောင် ထုတ်ဖော်ပြောဝံ့မယ် မထင်ခဲ့ဘူး၊ ခုလိုကြားရ
ဝမ်းသာပါတယ်"

သုံးယောက်သား တိုင်ပင်ညှိနှိုင်းပြီး ဟင်စမ်း အဖွဲ့သူများ
ကယ်ဆယ်ရန် ဂုဘမ်းတောင်ဘက်သို့ ခရီးဆက်ခဲ့ကြသည်။

တစ်လမ်းလုံး လူစလူနနှင့် အရိပ်အယောင် မမြင်ခဲ့
လည်း တတိယရက်တွင် ချစမ်း အဖွဲ့သားလေးဦးနှင့် ထမင်း
တစ်ဆိုင်တွင် **ဆုံတွေ့**မိသည်။

လင်းဟူစုန်း၊ ယဉ်ယဉ်နှင့် လန်းဟုန်ဟုမ့်တို့ သုံးဦးသည်
ကိုယ်ဖော့ပညာကို အသုံးပြုပြီး **ချစမ်း အဖွဲ့**သားလေးဦးကို ခြ
ကျော်ခဲ့သည်။

ရက်ပေါင်းအနည်းငယ် ခရီးဆက်ခဲ့ရပြီး နောက်တစ်ရက်
နေဝင်ချိန်၌ ဂုဘမ်းတောင်သို့ လင်းဟူစုန်းတို့ သုံးယောက်
ရောက်ရှိခဲ့သည်။

လင်းဟူစုန်းသည် **ဂုဘမ်းတောင်**တွင် ကြီးပြင်းခဲ့သော
ဂုဘမ်းတောင်၏ **လမ်းကြောင်း**များကို ကောင်းစွာသိကျွမ်း

"တို့ **အနောက်ဘက်** လမ်းကျဉ်းကလေးကနေ တက်ကြ
ငါ၊ ဒါမှ **ဘယ်သူမှ** မမြင်နိုင်ဘူး"

သုံးဦးစလုံး၏ သိုင်းပညာက မြင့်မားသောကြောင့် ဂုဘမ်း
ထိပ်ပေါ်သို့ ချောချောမောမော တက်ရောက်နိုင်ခဲ့ကြသည်။

လင်းဟူစုန်းက ဦးဆောင်၍ ဂုဘမ်းအဖွဲ့၏ ခန်းမဆောင်သို့
ကြသည်။ မီးမထွန်းပဲ မှောင်မည်းနေသည်။ အသံဗလံဟူ
သည်း အလျဉ်း မကြားရချေ။

ဂုဘမ်း တပည့်များ၏ **အဆောင်**သို့ သွားရောက်ကြပြန်သည်။
ဆိပ်လူယောင်ပင် မမြင်ရချေ။ လင်းဟူစုန်းက အဆောင်တံခါးကို
ဦး မီးခတ်၍ မီးထွန်းညှိက ကြည့်သည်။ အဆောင်များ
ဦး၌ ဖုံအလိမ်းလိမ်းရှိသောကြောင့် ဂုဘမ်း တပည့်များ
ရောက်သည်မှာ ကြာပြီဖြစ်ကြောင်း ထင်ရှားသည်။

"ခွေးတိရစ္ဆာန်တွေ ကျွန်မကို တမင်ချောက်တွန်းပြီး ဂုဘမ်း
မယ်လို့ သတင်းလွှင့်တာများ ဖြစ်နေမလားပဲ"

လန်းဟုန်ဟုမ့်က စိတ်မရှည်စွာ ပြောသည်။

လင်းဟူစုန်းမှာမူ သက်မကင်း ဖြစ်မိသည်။ တစ်ချိန်က
ငါ့လင်ကျောင်းတိုက်ကိုဝိုင်းစဉ် ဤကဲ့သို့ လူရိပ်လူယောင်
ကင်းရှင်းပြီး အတိုက်ခံရသည်ကို ပြန်လည်သတိရမိသည်။

ဟင်စမ်း အဖွဲ့သူများအား ရှာဖွေရန် ခက်ခဲသည့်နေရာ
ဝှက်ထားမည်ကို လင်းဟူစုန်း တွက်ဆမိသည်။

"ကျွန်မတို့ လမ်းခွဲပြီး ရှာဖွေကြရအောင်"

လန်ဟုန်ဟုမ့်က အကြံပြု ပြောဆိုလိုက်သည်။ လန်း
ဟုမ့်သည် အဆိပ်သုံးရာ၌ အလ
စုန်းက လန်းဟုန်ဟုမ့်အတွက် စိုးရိမ်ပူပန်ခြင်း မဖြစ်
ထို့ကြောင့် လူခွဲရှာရန်**ကို သ**ဘောတူလိုက်သည်။

"တခြားလူနဲ့ တွေ့ရင်တော့ ကြောက်စရာမလိုဘူး၊ ဒါ
ငါ့ဆရာနဲ့ တွေ့ရင်တော့ သူ့ဓားချက်က မြန်ဆန်လွန်း
အထူးသတိထားပါ"

"အစ်ကိုကြီး မစိုးရိမ်ပါနဲ့"

လန်းဟုန်ဟုမ့်သည် အခန်းတံခါးကိုဖွင့်ပြီး ဦးစွာထွက်သွ
သည်။ လင်းဟူစုန်းက ယဉ်ယဉ်၏ လက်ကိုဆွဲ၍ ယဲ့ပို့ချွင်တို့
မောင်နှံနေထိုင်သည့် ချောက်ကမ်းပါးထိပ်ပေါ်ရှိ အဆောင်သို့သွ
ရောက်ကြည့်ရှုသည်။ သို့သော် လူရိပ်လူယောင် လုံးဝမမြင်ရ

"ဆန်းတော့ဆန်းတယ် ဟိုတုန်းကဆိုရင် ငါ့ဆရာ အဆောင်
မှာ တံမြက်စည်းလှည်းဖို့ အစောင့်တစ်ယောက်ယောက် အ
ထားတယ်၊ ခု ဘယ်သူမှ မတွေ့ရဘူး"

နောက်ဆုံးတွင် **လင်းဟူစုန်း**သည် ယဲ့လင်းစမ်း နေထိုင်သ
အခန်းသို့ ယဉ်ယဉ်နှင့် **လက်ကိုဆွဲပြီး** သွားသည်။ ယဲ့လင်းစမ်း
အခန်းသည် ယဲ့ပို့ချွင်တို့ **ဇနီးမောင်နှံ**၏ အဆောင်နှင့် မဝေးလှ
ဤနေရာ ဤဝန်းကျင်တွင် **မိမိနှင့်** ယဲ့လင်းစမ်းတို့ အတူတ
ကစားခဲ့ကြသည်ကို ပြန်ပြောင်း **သတိရမိ**သောကြောင့် လင်းဟူ
မျက်ရည်ဝဲမိ၏။

ဝင်းတံခါးကို တွန်းဖွင့်ကြည့်သောအခါ အတွင်းဘက်မှ
ခက်ထိုးထားသဖြင့် တွန်းဖွင့်၍မရချေ။ လင်းဟူစုန်းက ဝင်ကြည့်ရ
ကောင်းနိုးနိုး၊ မကြည့်ပဲလှည့်ထွက်ရ ကောင်းနိုးနိုး ဖြစ်နေစဉ်
ယဉ်ယဉ်က ဝင်းတံခါးကို ကျော်ဝင်သွားပြီး ချက်ကိုဖြုတ်လိုက်
လေသည်။

နှစ်ယောက်သား ယဲ့လင်းစမ်း၏ အခန်းတံခါးကို တွန်းဖွင့်ပြီး
ဝင်လိုက်သည်။

"ညီမလေးက လင်းဖင်းကျည်နဲ့ လက်ထပ်ပြီး ဒီအခန်းကနေ
ခွေ့ပြောင်း**သွား**တာ ဖြစ်မယ်"

လင်းဟူစုန်းက နှုတ်မှရေရွတ်ရင်း စားပွဲ၏ အံဆွဲကို ဆွဲဖွင့်
လိုက်သည်။ အံဆွဲတွင်း၌ ဝါးခြင်း၊ ကျောက်စရစ်ခဲ၊ ကျောက်ဆစ်ရုပ်
စသော ကစားစရာပစ္စည်းများကို အမှတ်မထင့် လင်းဟူစုန်း
တွေ့လိုက်ရသည်။ အချို့သော ပစ္စည်းများသည် မိမိက ယဲ့လင်းစမ်း
အတွက် ကိုယ်တိုင်ရှာဖွေ ပြုလုပ်ပေးထားသည့် ပစ္စည်းများဖြစ်၏။
အချို့သော ပစ္စည်းများသည် မိမိနှင့် ယဲ့လင်းစမ်းတို့ နှစ်ဦးအတူ
ကစားကြသည့် ကစားစရာပစ္စည်းများ ဖြစ်လေ၏။ ယဲ့လင်းစမ်းနှင့်
လင်းဖင်းကျည်တို့ လက်ထပ်ပြီး အခြားအခန်းသို့ ပြောင်းသွားပြီး
ဤအခန်းထဲရှိ ယဲ့လင်းစမ်း၏ပစ္စည်းကို မရွေ့မပြောင်းပဲ နေရာ
တကျ စီကာရီကာ ထားထားလျက်ရှိသည်။

အံဆွဲတွင်း၌တွေ့ရသည့် ကစားစရာ ပစ္စည်းများသည်
အစီအရီရှိပြီး သေသေသပ်သပ် ထားထားသည်။ အံဆွဲကို အသာ
အယာ ပြန်ပိတ်ပြီး အခန်းပြင်သို့ ထွက်မည်ပြုသောအခါ ယဉ်ယဉ်က
နံရံပေါ်တွင် ချိတ်ဆွဲထားသော စာရွက်ပေါ်မှ ကဗျာတစ်ပုဒ်ကို
ဖတ်ရှုနေသည်။

လင်းဟူစုန်းသည် ယဉ်ယဉ်၏ အနီးသို့လျှောက်သွားကြ
နံရံတွင် ချိတ်ဆွဲထားသော ကဗျာကို ဖတ်ကြည့်မိ၏။ လင်းဟူစုန်းက
ကဗျာတတ်ကျွမ်းခြင်း မရှိသော်လည်း အောက်ဆုံးပိုဒ်၏ အဓိပ္ပာယ်
ကို ရေးရေးတွေးမိ နိုင်စွမ်းရှိသည်။ ကဗျာ၏အမည် လနတ်သမီး၏
တမ်းချင်းဟု ဖော်ပြထားသည်။

လနတ်သမီး၏တမ်းချင်း

ကြယ်တမံ ခေါ်ကာသွားပြီမို့
မယ့်သက်နဲ့ မောင်မောင်ဘုရားငဲ့
ထားသစ္စာ သွေကာယွင်းရတယ်
မေတ္တာကင်းလို့ဟုတ်ပါဘူး။

ဖန်ရဝေ ရွှေရွှေနန်းဆီသို့
မြန်ပါ့လေ မောင်မောင်ဘုရားငဲ့
သက်ထား လနတ်သမီးမှာကွယ်
ရတက်မီးဖြာလို့ နေမရွှင်။

ခုမျှားလေ
ပြု**အား**ယေ ကြမ္မာမွေလို့
ခန္ဓာကြွေလောင်**ကာ**ကျွမ်းတောင်
လွမ်းစိတ်နှင့်ရူး။

လီစမ်းဝန်

"ဒီကဗျာစပ်တဲ့ လီစမ်းဝန်ဆိုတာ ဘယ်သူလဲ ယဉ်ယဉ်"

"လီစမ်းဝန်ဆိုတာ ထန်ခေတ်က နာမည်ကြီး ကဗျာဆရာ
စ်ယောက်ပါပဲ၊ ဒီကဗျာကလေးက ရာဇဝင်နဲ့လာတာ အစ်ကို၊
ဗျာကလေးက တိုတောင်းပေမဲ့ အနက်အဓိပ္ပာယ်**တွေက သိပ်**ထိ
ောက်တယ်၊ လနတ်သမီးဆိုတာက ရသေ့မကလေး**တစ်ပါး**ကို
ည်ညွှန်းတာပဲ၊ ဖန်ရဝေ ရွှေရွှေနန်း ဆိုတာကတော့ ဟန်**မင်း**သား
လေးနေတဲ့ နန်းတော်ကို ဆိုလိုတာဖြစ်တယ်၊ **ဟန်မင်း**သား
းက ရသေ့မကလေးကို ချစ်တယ်၊ ရသေ့မကလေး**ကလည်း**
ြန်ပြီး ချစ်ကြိုးသွယ်မိတယ်၊ ဒါပေမဲ့ ဘဝချင်းခြားလို့ **မည်း**နိုင်
ူး၊ ရသေ့မကလေးဟာ ခန္ဓာကြွေပြီး မီးလောင်ကျွမ်းတာတောင်
ွမ်း**နေ**မိတော့မယ်လို့ ဖော်ညွှန်းတာပါပဲ"

"အင်း ... ညီမလေးဟာလည်း သေကာနီးတောင် ဒီကဗျာ
အောက်ဆုံးပိုဒ်လို လွမ်းဆွေးကြေကွဲပြီး အရူးဘစ်ပိုင်း ဖြစ်သွား
ရတာပါပဲ၊ သူက သတို့သမီး ဖြစ်တော့မဲ့အချိန်မှာ ဘာလို့
ကဗျာကို သူ့**အိပ်**ခန်းမှာရေးပြီး **ဆွဲ**ထား**ရ**တာလဲ"

"ဒါ ... သူ့လက်ရေးလား"

"ဟုတ်တယ်"

"အစ်ကို ဝှာစမ်းတောင်ကိုရောက်တုန်း အစ်ကို့ ဘဝနဲ့
ာ်သက်ရာ ပတ်သက်ကြောင်းရှိတဲ့ အထိမ်းအမှတ် နေရာလေး
ွေဆီ သွားကြည့်**ရ**အောင်နော်"

"နင်ပြောတာ သန့်စင်တော်တောင် မဟုတ်လား သွားကြ
ာပေါ့"

သန့်စင်တော်တောင်သည် ဝှာစမ်း တောင်မကြီးမှ အတန်ပင်
ွမ်းသော်လည်း **လင်း**ဟူစုန်းက လမ်းကျွမ်းပြီး နှစ်ယောက်စလုံး
အတွင်းအား ပြည့်ဝကြသောကြောင့် များမကြာခင် ရောက်ခဲ့ကြ၏။

တောင်ထိပ်ပေါ်သို့ ရောက်သောအခါ လင်းဟူစုန်းသည် ယဉ်ယဉ်၏ လက်ကိုဆုပ်ကိုင်ပြီး ...

"ငါ အဲဒီဂူထဲ ..."

လင်းဟူစုန်း၏ စကားပင်မဆုံးလိုက်ရ ဂူထဲမှ လက်နက်ချင်း ထိတွေ့သံ **ညံသွားသည်**ကို ကြားလိုက်ကြရ၏။ ထို့ကြောင့် **နှစ်ယောက်သား** ဂူထဲသို့ အမြန်ပြေးဝင်သွားကြ၏။ ဒဏ်ရာ **သဖြင့် အော်ဟစ်**လိုက်သည့်အသံကို ဆက်လက်ကြားကြရ၏။ **ကြားသည့်အသံသည်** ချစမ်းအဖွဲ့မှ ရွှေမိုးပစ္စုပ္ပန် ဆရာကြီးမိုး**အသံဖြစ်**ကြောင်း လင်းဟူစုန်း ခန့်မှန်းမိ၏။

"ဟာ ... ဆရာကြီးမိုးရဲ့ အသံပဲ၊ လာ ... မြန်မြန်"

လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် လက်နက်ကိုယ်စီ ကိုင်ဆွဲကာ ဂူကလေးထဲသို့ ပြေးဝင်ခဲ့သော်လည်း အပြင်ဂူထဲတွင် မည်သူ တစ်ဦးတစ်ယောက်ကိုမှ မတွေ့ရချေ။ သို့သော် လိုဏ်ဂူထဲတွင် မီးရောင်တွေ့ရ၏။ လင်းဟူစုန်းသည် လိုဏ်ဂူအပေါက်ဝသို့ ပြေးသွားပြီး ချောင်းကြည့်လိုက်သည်။

လိုဏ်ဂူထဲတွင် မီးတုတ်ပေါင်းများစွာ ထွန်းညှိထားသောကြောင့် ထိန်ထိန်ညီးအောင် ထွန်းလင်းနေသည်။ လူတစ်ဦး ကျော်ခန့်သည် ကျောက်နံရံထက်မှ **ဓားကွက်များ**ကို စိတ်ဝင်တစားငေးစိုက်ကြည့်နေသောကြောင့် **လိုဏ်ဂူထဲမှ** လုံးဝ တိတ်ဆိတ်နေလေသည်။

လင်းဟူစုန်းသည် **ဆရာကြီးမိုး ဒဏ်**ရာရပြီးအော်သံနှင့် လက်နက်ချင်း ထိတွေ့သံကြား**သောကြောင့်** ပြေးဝင်ခဲ့သော်လည်း ယခုကဲ့သို့ ထိန်ထိန်ညီးနေသည့် **မီးရောင်**အောက်တွင် လူများနှစ်ဦးတိုက်သင်္ကန်းသည်ကို တွေ့ရသဖြင့် အံ့အားသင့်သွားရသည်။

လိုဏ်ဂူထဲဝင်လျှင် အန္တရာယ်ကြီးမားကြောင်း **လင်းဟူစုန်း**သိသည်။ ထိုကဲ့စမ်းအဖွဲ့နှင့် စုန်းစမ်းအဖွဲ့သည် လင်းဟူ**စုန်းကို** ပြဿနာရှာနိုင်သော ရန်ငြိုးရန်စရှိ၏။

"ယဉ်ယဉ် ... နင် လိုဏ်ဂူဝကစောင့်နေ ငါ အထဲဝင်**ကြည့်**လိုက်မယ်"

ယဉ်ယဉ်က ခေါင်းညိတ်ပြလိုက်သည်။

လင်းဟူစုန်း၏ လေသံက တိုးညှင်းသော်လည်း လိုဏ်**ဂူထဲမှ** လူများက **ကြားသွားပြီး** နောက်ဆုံး ဒေါသတကြီး လှည့်**ကြည့်**ကြသည်။ သို့သော် **နံရံပေါ်**မှ ဓားကွက်များက ထိုလူများ**၏** စိတ်အာရုံကို **ဖမ်းစားထား**သောကြောင့် ထိုလူစုသည် နံရံပေါ်သို့ ပြန်လည်**အာရုံစိုက်** သွားကြသည်။ လင်းဟူစုန်းသည် လိုဏ်ဂူထဲဝင်သွားပြီးနောက် လူများလွန်းသောကြောင့် ထိတ်ခနဲ ဖြစ်သွားသည်။

"နံရံပေါ်မှ တောင်ငါးလုံးအဖွဲ့ရဲ့ ဓားကွက်တွေကို ဖြိုခွင်းကွက် အားလုံးကို ငါ အကုန်နောက်ကြေနေပြီးသားပဲ၊ ဒီလူတွေက ခုမှမြင်ရ မှတ်သားရဆဲပဲ ရှိသေးတယ်၊ ပြီးတော့လည်း ငါ တတ်ကျွမ်းထားတဲ့ တစ်ကိုယ်တော် ဓားကွက်ကို သူတို့ ဘယ်နည်းနဲ့မှ ယှဉ်နိုင်ဖို့မရှိဘူး"

ဤသို့ တွေးမိပြန်သောအခါ ထိတ်ရွံ့စိတ် ပြေသွားပြီး လင်းဟူစုန်းသည် ခြေလှမ်းကျဲဖြင့် **လျှောက်**လှမ်းသွား၏။

လင်းဟူစုန်း လိုဏ်ဂူထဲရောက်**ပြီး** မကြာမီတွင် စုန်းစမ်းအဖွဲ့သားများက လူလတ်ပိုင်း**အရွယ် လူတစ်ယောက်**ကို ဝိုင်းထားသည်ကို တွေ့ရ၏။

"မင်းက စုန်းစမ်းအဖွဲ့သား **မဟုတ်ပဲနဲ့** စုန်းစမ်း ဓားကွက်ကို

ဖြိုခွင်းတဲ့အကွက်ကို ခိုးကြည့်တယ်ဆိုတော့ မင်းကို အရှင်ထားလို့ မဖြစ်တော့ဘူး"

စုန်းစမ်းအဖွဲ့မှ အဘိုးအို **တစ်ယောက်**က ပြော၏။

"စုန်းစမ်း အဖွဲ့ဆိုတာ **မရှိတော့ဘူး**ဗျ၊ တောင်ငါးလုံး တစ်ဖွဲ့တည်းဖွဲ့လို့တော့ **တောင်ငါးလုံး**အဖွဲ့ ဖြစ်သွားပြီ၊ **တောင်ငါးလုံး** တစ်ဖွဲ့တည်း မဖွဲ့ဖြစ်ရင် **ဆရာကြီး** ယဲပို့ချင်လည်း **ဒီဓားကွက်**တွေကို ခုလို ပေးကြည့်မယ်တဲ့လား"

"**မင်း** ပါးစပ်က **အတင့်ရဲပါကလား**"

ဤအချိန်တွင် **ထိုက်စမ်းအဖွဲ့**၏ ရသေ့တစ်ပါး၏ အော်ဟစ်မေးမြန်းသံကို လင်းဟူစုန်း **ကြား**ရပြန်သည်။

"မင်းက ဘယ**သူလဲ၊ ထိုက်**စမ်း ဝတ်စုံဝတ်ပြီး ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် **လာကြည့်**ရတာလဲ"

ထိုက်စမ်း **ဝတ်စုံ**ဝတ်ပြီး လာခိုးကြည့်သည့် **မျက်နှာစိမ်း**လူငယ်သည် **ထွက်**ပြေးသွားတော့သည်။ ချက်ချင်းပင် ထိုက်စမ်း **အဖွဲ့**သားများက ဝိုင်းထားလိုက်ပြီး ထိုလူလင်သည် လက်ဝါးချက်ထိ၍ လဲကျသွားသည်။

စုန်းစမ်း**အဖွဲ့**သား လေးယောက်သည်လည်း မိမိတို့ စုန်းစမ်း **အဖွဲ့** ဓားကွက်ဖြိုခွင်းကွက်အား ခိုးကြည့်သည်ဆိုသော မျက်နှာစိမ်းကို ဝိုင်းတိုက်ခိုက်ကြသည်။ ထိုလူလင်သည် တောင်ငါးလုံး **အဖွဲ့**ဝင် မဟုတ်သော်လည်း ဓားရေးမြင့်မားသောကြောင့် စုန်းစမ်း **အဖွဲ့**သားများသည် လေးယောက်နှင့်**တစ်ယောက်** ဖြစ်သော်လည်း ထိုလူလင်ကို အလွယ်မထိုးနှက်နိုင်ချေ။

တိတ်ဆိတ်နေခဲ့သော လိဏ်ဂူထဲတွင် ဓားဓားချင်း ထိသံညံနေတော့သည်။

"ငါ ဆရာကြီးမိုးကို ကယ်ဖို့ တွေ့အောင်ရှာရမယ်"

ရွှတ်တရက် မိုးပြိုသံတမျှ ပြင်းထန်သော အသံကြီး**တစ်သံ**ကြား**လိုက်ရ**သည်။ လူအားလုံးသည် ထိတ်လန့်တုန်လှုပ်သွားကြ၏။ လိဏ်ဂူ**ဝတွင်** ကျောက်မှန်ကျောက်စများ လွင့်စဉ်ပြီး ရှုပ်ထွေးသွားသည်။

လင်းဟူစုန်းသည် **ဆရာ**ကြီးမိုးအား မရှာနိုင်တော့ချေ။ ယဉ်ယဉ် ရှိရာသို့ တစ်ဟုန်**ထိုး** ပြေးသွားခဲ့၏။

"ဒုက္ခပဲ"

ကြီးမားသော ကျောက်တုံးကြီးတစ်တုံး လိဏ်**ဂူကို ပိတ်ဆို့**သွားပြီး ဟာကွက်ဟာပေါက် မတွေ့ရအောင်ပင် **စေ့**နေခြင်းဖြစ်သည်။

"ယဉ်ယဉ် ... ယဉ်ယဉ်"

နားထဲတွင် ယဉ်ယဉ်၏ ပြန်ထူးသံသဲ့သဲ့ကို ကြားလိုက်ရသလို ရှိသည်။ သို့သော် လူတစ်ရာကျော်က အော်ဟစ်ဆူညံနေပြီး အချင်းချင်း ခုတ်ထစ်နေသောကြောင့် ယဉ်ယဉ်၏ အသံဟုသာ ထင်မှတ်ရပြီး အသံကို သဲသဲကွဲကွဲ မကြားနိုင်ချေ။

"လိဏ်ဂူဝကို အသေပိတ်ခံလိုက်ရပြီ"

"**ခွေးတိရစ္ဆာန်** ယဲပို့ချင် လုပ်ကြံတာ"

"**ဟုတ်**တယ် သူ့အမေလင် ဓားကွက်တွေကို **ဖြားယောင်း**ပြီး **ကြည့်ခိုင်း**တာ"

လူပေါင်းများစွာက ကျောက်တုံးကြီးကို တွန်း**အော်လည်း** ကျောက်တုံးကြီးသည် နည်းနည်းကလေးမှ မရွေ့ချေ။

"လိဏ်ဂူထဲကနေ တခြား ထွက်ပေါက်တစ်ခုခုရှာပြီး အပြန်ထွက်ကြမှ"

လူဆယ်ယောက်သည် ယခင်အချိန်က ကုမ္ပဏီဦးစီး**ထွက်ပေါ်**က်ထွင်ထားသည့် အပေါက်တွင် ကျပ်ညပ်နေကြသည်။ **နောက်**မှလူများက အတင်းတိုးဝှေ့သောကြောင့် ရှေ့မှလူသည် ရှေ့လည်းမတိုးသာ နောက်လည်းမဆုတ်သာ ဖြစ်နေသည်။

ကုမ္ပဏီဦးစီး ဖောက်ထွင်းထားသည့် ဂူဝတွင် စုံပြိုတိုးရင်း တစ်ယောက်ကိုတစ်ယောက် ခုတ်ထစ်နေကြသေးသည်။ ထိုအဖြစ်ကို လင်းဟူစုန်း ကြည့်ရင်း စိုးရိမ်မိသည်။

"ငါနဲ့ယဉ်ယဉ် ဒီလိုဏ်ဂူထဲက ထွက်နိုင်ပါတော့မလား၊ **တစ်**ခုတော့ရှိတယ် အားလုံးကို သတ်ဖြတ်ပစ်မှ၊ ဒီတော့မှပဲ ငါနဲ့ယဉ်ယဉ်ရဲ့ အသက်ကို ကာကွယ်နိုင်မယ်၊ ယဉ်ယဉ်ကို လိုဏ်ဂူအပြင်မှာ နေခိုင်းခဲ့တာ သူဘယ်လိုဖြစ်လို့ အတွင်းထဲကို ရောက်လာတာလဲ၊ သြော် ... ဟုတ်ပြီ ကျောက်တုံးကြီးကျတော့ ငါ့အတွက် စိုးရိမ်ပြီး ပြေးဝင်လာခဲ့တာနဲ့ တူတယ်"

"ငါတို့တစ်တွေ ဘဝတူတွေပါလား၊ သူများလုပ်ကြံလို့ သေမယ်ရှင်မယ် မပြောနိုင်တဲ့ဘဝတူ အချင်းချင်းပဲ၊ တတ်နိုင်သမျှ ယိုင်းပင်းကြရမယ်၊ သွေးစည်းညီညွတ်ကြရမယ်"

လင်းဟူစုန်း **စိတ်ကူးတစ်မျိုး**ပြောင်းကာ ဓားကို ဓားအိမ်ထဲ ပြန်ထိုးသွင်းလိုက်သည်။

လူတိုင်းသည် **သွေးရူးသွေးတန်း** ဖြစ်နေကြသဖြင့် မီးတုတ်ကို လွတ်ချကြ၏။ မီးတုတ်**ပေါင်းများစွာ** ငြိမ်းသွားပြီး မီးတုတ်နှစ်တုတ်သာလျှင် မငြိမ်းသေးပဲ **အလင်းရောင်**ကို ပေးနေသည်။

"မီးတုတ်ကို **တစ်ယောက်**ကိုင်လိုက်"

လင်းဟူစုန်းက လှမ်းအော်လိုက်သည်။ သို့သော် ရသေ့ဝဝကြီး တစ်ပါးက တဟားဟား ရယ်မောလိုက်ရင်း မီးတုတ်

နဲ့ခေါ်ကို ခြေဖြင့်နင်းသတ်လိုက်သည်။ ဂူတွင်း၌မှောင်သွားပြီး ကျောက်နက်ချင်း ထိခိုက်သံညံသွားကာ ငိရိုက်သံများနှင့်လည်း ဆူညံနေ၏။

"ဒီကနေ့ ထွက်ပေါက်မမြင်တော့ဘူး၊ ကံကောင်းထောက်မ ငါနဲ့ယဉ်ယဉ် **တစ်**နေရာတည်း အတူသေကြဖို့ ဖြစ်လာတာပဲ"

လိုဏ်ဂူ**တွင်း၌ ကောက်**နံရံကို ဓားထိသံများနှင့် **ဓား**ခုတ်သက လေထိုး**ခွင်းသံများ အဆက်မပြတ် ထွက်ပေါ်နေခဲ့သည်။** ဓားချို့က ကိုယ့်ကိုယ်ကိုယ် **ကာကွယ်သည့်သဘောဖြင့် ဓား**ကို ဆွဲယမ်းနေခဲ့သည်။ အတွေ့အကြုံ **ရင့်ကျက်ပြီး ခေါင်းဆေး**သူများက အေးအေးဆေးဆေး စဉ်းစား၍ **ထွက်ပေါက်**ရှာလိုသာလည်း ဝှေ့ယမ်းနေကြသည့် လူများ၏ ဓားချက်ထိမည်စိုးသောကြောင့် ရောပြီး ဓားကို ဝှေ့ယမ်းရလေတော့သည်။

လင်းဟူစုန်းသည် ဓားရှည်ကို ဝှေ့ယမ်းပြီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရင်း နံရံကိုကပ်၍ ယဉ်ယဉ်၏ အသံကြားရာဘက်သို့ သွားကာလှမ်းခဲ့၏။

"သိုင်းလောကတစ်ခွင်က တကယ့်ကို မြင့်မားတဲ့ ပုဂ္ဂိုလ်တစ်ဦး**တစ်ယောက်**ရဲ့ ဓားချက်နဲ့ သေသွားရတာက ဂုဏ်ယူစရာတယ်၊ **ဘာမဟုတ်တဲ့**လူတွေရဲ့ အရမ်းဝှေ့ယမ်းနေကြတဲ့ ဓားချက်နဲ့ သရမှာတော့ **ငါ့အသက်**ကို နှမြောတယ်၊ ဒီလို အမိုက်မှောင်ကြီးနေတဲ့ လိုဏ်ဂူ**ကြီးထဲမှာ**ဆိုရင် ငါလိုကောင်မပြောနဲ့ ရှေးဆရာကြီး တစ်ကိုယ်တော် ဓားကိုးကွက်ပုဂ္ဂိုလ်တောင် ဘာမှဘတ်နိုင်မှာ မဟုတ်ဘူး"

ဤသို့ စဉ်းစားပြီးနောက် လင်းဟူစုန်းသည် **တစ်**မျိုးလှည့် ဟားမိပြန်သည်။

"ဘုမသိဘမသိနဲ့ သေရမဲ့အစား တစ်ယောက်ကိုသတ်ရ
တစ်ရန်ကင်းတယ်လို့ပဲ သဘောထားရတော့မှာပဲ"

လင်းဟူစုန်းသည် တစ်ကိုယ်တော် ဓားကိုးကွက်ကို အသုံး
ပြု၍ အရှေ့အနောက် ဘယ်ညာသို့ ခုတ်ထစ်ထိုးနှက်လိုက်
သောကြောင့် ငယ်သံပါအောင် အော်ဟစ်သံများ ထွက်ပေါ်လာခဲ့
မြေပြင်ပေါ် လဲကျသွားကုန်၏။ လင်းဟူစုန်း နောက်ထပ်
ဓားချက်တစ်ချက် ထိုးထုတ်လိုက်သောအခါ အမျိုးသမီး
တစ်ယောက်၏ စူးစူးဝါးဝါး အသံထွက်ပေါ်လာသဖြင့် လက်ရ
ဓားကိုပင် လွတ်ကျလုလု ဖြစ်သွားရ၏။

"ယဉ်ယဉ် နင်လား"

နောက်ထပ် ထို့အမျိုးသမီး၏ **အသံ**ကို မကြားရတော့ချေ။
လင်းဟူစုန်း၏ ဓားချက်ထိုး **ငြိမ်သက်**သွားပြီ၊ ယဉ်ယဉ်၏
အသံကို မှတ်မိသော်လည်း **ဆူညံစွာ အော်**ဟစ်သံများကြားတွင်
ထိုအမျိုးသမီး အသံကို **ယဉ်ယဉ်၏ အသံ**ဟုတ်မဟုတ် လင်းဟူစုန်း
မဝေခွဲတတ်ချေ။

"ယဉ်ယဉ် ... **ယဉ်ယဉ်**"

လင်းဟူစုန်းသည် အော်ဟစ်လိုက်သော်လည်း အသံပင်
မထွက်ချင်တော့ချေ။

"ယဉ်ယဉ် ငါ့ဓားချက်ကို ထိသွားပြီလား၊ ယဉ်ယဉ်
သေပြီထင်ပါရဲ့"

ဤသို့ တွေးမိသောကြောင့် လင်းဟူစုန်းသည် စိတ်ကူး
တစ်မျိုးပေါက်လာပြီး နောက်ထပ် ဓားရှည်ကို ထိုးထုတ်ခုတ်ထစ်
လိုက်ပြန်သောကြောင့် လူအနည်းငယ် ဓားချက်ထိသွားပြန်
လေသည်။

"ထျန်း ... ထျန်း"

စောင်းကြိုးခတ်သံနှစ်ချက် ကြားလိုက်ရသောကြောင့်
လင်းဟူစုန်း ဝမ်းသာသွားသည်။ စောင်းသံလာရာသို့ လင်းဟူစုန်း
ဓားကိုဂွေ့ယမ်းပြီး ပြေးသွားသည်။ သို့သော် ထင်သလောက်
လွယ်ချေ။ စောင်းသံသည် အတန်ငယ် အလှမ်းဝေးမှ ထွက်ပေါ်
ခဲ့ခြင်း ဖြစ်သည်။ အနည်းဆုံး လူတစ်ရာကျော်ခန့် ဖြတ်ကျော်
ခြေမှရောက်မည်။ **အကွာအဝေးမှာ** ပေတစ်ရာကျော်လောက်ရှိ
သော်လည်း မိုင်ပေါင်း **သောင်းသိန်းချီ၍** ရှည်လျားသောခရီးကို
လျှောက်လှမ်းရသည်**ထက်ပင် ခက်ခဲပြီး** အန္တရာယ် ကြီးမားနေ
သည်။

ယဉ်ယဉ် **မသေသေးကြောင်း** သိရသဖြင့် လင်းဟူစုန်း
အားတက်သွားသည်။ လူတစ်ရာကျော်ကို သုတ်သင်ရှင်းလင်းရန်
လွယ်ကူမှန်းသိ၍ နံရံတွင် ကျောကပ်ပြီး ဓားဂွေ့ယမ်းပြီး
ကာကွယ်လိုက်သည်။

"အမှောင်ထဲမှာ ငါ့ရဲ့ တစ်ကိုယ်တော် ဓားကိုးကွက်လည်း
ဘာမှအသုံးကျမှာ မဟုတ်ဘူး၊ အခွင့်အခါကို စောင့်ဆိုင်းနေတာ
ကောင်းတယ်"

လင်းဟူစုန်း ငြိမ်သက်နေစဉ် လက်နက်ချင်းထိသံနှင့်
အော်ဟစ်သံ၊ ညည်းညူသံများ ကြားလိုက်ရပြန်သည်။

တခဏကြာသောအခါတွင် လက်နက်သံ၊ အော်ဟစ်သံများ
အတော်လျော့သွား၏။ တစ်ချက်တစ်ချက် ညည်းညူသံနှင့်
ကျောက်နံရံကို ဓားချက်ထိသံ ပေါ်လာတတ်သည်။

"ယဉ်ယဉ် ... နင် ဘယ်မှာလဲ"

"ထျန်း ... ထျန်း"

စောင်းသံကြားရာသို့ လင်းဟူစုန်း လျှောက်လှမ်းလိုက်သည်။ ရုတ်တရက် ပျော့အိအိ လူသေအလောင်း တစ်လောင်းပေါ်သို့ နင်းမိပြန်သည်။ တဆက်တည်းတွင် လေတိုးသံ ပေါ်လာသောကြောင့် ဘယ်ခြေအားပြုပြီး မူလမှီရပ်နေသည့် နံရံသို့ ပြန်ဆုတ်လိုက်သည်။ ကံကောင်းထောက်မ၍ အသက်ဘေးမှ လင်းဟူစုန်း သီသီကလေး လွတ်ခဲ့သည်။

"လူတွေဒီလောက် မြေပြင်မှာ အတုံးအရုံး လဲနေမှတော့ ငါ လျှောက်သွားလို့ ဘယ်လွယ်မလဲ"

လင်းဟူစုန်းက ကျောက်နံရံတွင် ပြန်မှီကာ ဓားရှည်ကို ဝှေ့ယမ်းပြီး မိမိကိုယ်ကို ကာကွယ်ထားပြန်သည်။

ရုတ်တရက် လူတစ်ယောက်၏ အော်ပြောသံက ထွက်ပေါ်လာသည်။

"အားလုံးနားထောင်၊ ငါတို့ ယဲ့ပို့ချင်ရဲ့ လုပ်ကြံမှုကို ခံကြရတာပဲ၊ ဓားကို အရမ်းဝှေ့ယမ်းနေမဲ့အစား ရပ်တဲ့ထားကြရင်ကောင်းမယ်၊ ကိုယ့်အချင်းချင်း ထိခိုက်မှု မဖြစ်ကြပါနဲ့၊ ကိုယ့်လူတွေ ပြန်မသတ်မိကြဖို့ အရေးကြီးတယ်၊ ကျုပ်ကတော့ **ထိုက်စမ်းအဖွဲ့**ရဲ့ ယဲ့ကျုံးကျည်ပဲ၊ အားလုံး ကိုယ့်လက်နက်ကို ပြန်သိမ်းပါ၊ **မိတ်ဆွေ**တို့ လက်ခံပါသလား"

"လက်ခံပါတယ်"

လက်နက်ဝှေ့ယမ်းသံများ ရပ်စဲပြီး ဓားအိမ်ထဲသို့ **ဓားထိုး**သွင်းသံများနှင့် ဆူညံသွား၏။

"လူတိုင်း ကျမ်းသစ္စာ ကျိန်ဆိုကြရမယ်၊ **နောက်ထပ်**သေဖော်သေဖက် အချင်းချင်းကို မထိခိုက်စေပါဘူး၊ ထိခိုက်စေပါက လိုဏ်ခေါင်းထဲမှာ မထွက်နိုင်ပဲ သေချင်းဆိုးနဲ့ သေရပါစေ"

ယဲ့ကျုံးကျည်က ရှေ့မှကျိန်ဆိုသည်ကို ကျန်လူများကလည်း ကျိန်ဆိုကြသည်။

"ကဲ ... တစ်ဦးချင်း ကိုယ့်နာမည်ကို ကိုယ်ဖော်ထုတ်ကြ"

အသက်မသေပဲ ကျန်ရှိသည့်လူများက မိမိတို့အမည်ကို အသီးသီး ထုတ်ဖော်ပြောကြ၏။ လင်းဟူစုန်း၏ အလှည့်သို့လည်း ရောက်လာ၏။

"ကျွန်တော်ကတော့ လင်းဟူစုန်းပဲ"

"ဟာ ... လူစွမ်းကောင်းကြီး လင်းဟူစုန်း ဒီထဲရောက်နေတော့ ကောင်းတာပေါ့"

လင်းဟူစုန်း စိတ်ထဲမှရေရွတ်မိ၏။

"ငါတောင် ကြိုးရခက်နေတာ ဘာကောင်းတာလဲ"

"ဂိုဏ်းချုပ် လင်းဟူစုန်း၊ ဟင်စမ်းအဖွဲ့ကနေ ဘာဖြစ်လို့ ခံဗျား တစ်ယောက်တည်း လာရတာလဲ"

ယဲ့ကျုံးကျည်က လင်းဟူစုန်းသည် ယဲ့ပို့ချင်၏ တပည့်ခံသည့်အပြင် ဟင်စမ်းအဖွဲ့သူများအား မမြင်တွေ့ရသောကြောင့် သက်သာမကင်းသဖြင့် မေးခြင်းဖြစ်၏။

"ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါဘူး၊ နှောက်ထပ်ဖော်"

လင်းဟူစုန်းသည် ယဉ်ယဉ်၏အမည်ကို ဖော်ပြရန် မသင့်ကြောင်း တွေးမိသဖြင့် ရပ်ဆိုင်းလိုက်ရ၏။

"ဘယ်သူ မီးခတ်ကျောက်ပါလဲ၊ မီးခတ်ပြီး မီးတုတ်ပြန်ငြှန်းပါ"

မီးထွန်းညှိကြသည်။ မီးရောင်အောက်တွင် လူအများအပြား ကျောက်နံရံကို မှီရပ်၍ လက်တွင်ဓားကိုယ်စီ ကိုင်ထားသည်။

လင်းဟူစုန်းသည် ယဉ်ယဉ်ကို ရှာဖွေရန် ထွက်လာ၏။ ရုတ်တရက် လူတစ်ယောက်၏ အသံထွက်ပေါ်လာ၏။

"တိုက်ခိုက်ကြတော့"

လူခုနစ်ယောက်၊ **ရှစ်ယောက်က** လိုဏ်ဂူဝမှ ထိုးနှက် တိုက်ခိုက်ပြန်သောကြောင့် **ကျန်လူများသည်**လည်း ပြန်လည် တိုက်ခိုက်ကြရပြန်သည်။ **ဂူထဲ၌ ပြန်မှောင်သွားပြန်**၏။

လင်းဟူစုန်းသည် **ကျောက်နံရံ**ကို လွှားခနဲ ခုန်တက် လိုက်သည်။ လေခွင်းသံများ ဆူညံနေသောကြောင့် လင်းဟူစုန်း သည် မြေပြင်ပေါ်သို့ ထိုင်ချလိုက်သည်။ လင်းဟူစုန်းအား မှန်း၍ခုတ်လိုက်သော ဓားချက်များသည် ကျောက်နံရံကို ထိသွား၏။

"ဒီခွေးတိရစ္ဆာန်တွေ အရှင်မထားနဲ့ အကုန်**သတ်ပစ်**"

အော်ဟစ်သူ၏ အသံကို မှတ်မိသောကြောင့် **လူတစ်စုမှာ** ရေရွတ်လိုက်ကြ၏။

"ဟာ ... ကျိုလိန်းရှန်းပဲ"

"ဆရာ ... တပည့် ဒီမှာလေ"

လင်းဟူစုန်း စဉ်းစားစရာ ဖြစ်လာသည်။

ဒီလူ ဘယ်လိုလုပ်ပြီး ဒီထဲကို ရောက်လာတာလဲ၊ ဒီပုံအတိုင်း ဆိုရင် ငါ့ဆရာရဲ့ အကြံအစည် ဟုတ်ဟန်မတူဘူး၊ ကျိုလိန်းရှန်းရဲ့ အကြံအစည်ပဲ ဖြစ်ရမယ်။

ကျိုလိန်းရှန်း၏ အေးစက်စက် လေသံက ထွက်ပေါ်ခဲ့လေသည်။

"ဘာကွ၊ ဆရာ ဟုတ်လား၊ မင်း ငါ့ကို ဆရာလို့ **ခေါ်ခဲ့**ပေးလား၊ ငါ့ကို အကြောင်း**မကြားပဲ** ဂုာစမ်းတောင်ကို တက်လာခဲ့တာဟာ ဆရာ့ကို ကာပြန်တာပဲ"

"ဆရာ ကျွန်တော်က သတင်းကြားကြားချင်း ကျွန်တော်တို့ ဝန်းစမ်းအဖွဲ့ရဲ့ ဓားကွက်တွေကို ကျောက်**နံရံမှာ** ထွင်းထားတယ်ဆိုလို့ လာလေ့လာတာပါ၊ ဆရာ့ကို **အကြောင်း**ကြားရင် အချိန်မီမှာစိုးလို့ ပြန်ရောက်တော့မှပဲ **ရှင်းပြဖို့ စဉ်း**စားထားပါတယ်၊ ဓားကွက်တွေကို သူများ **ဖျက်ဆီးပစ်မှာ စိုး**ရိမ်မိလို့ပါ"

"ထို ... ငါက **မျက်ကန်း**ဆိုတော့ ဆရာလို့ကော သင်မှတ်သေးလို့လား၊ **ယဲ့ပို့ချင်အပေါ်** သစ္စာရှိပါ့မယ်လို့ မင်းတို့ ကျမ်းသစ္စာဆိုပြီး**တော့မှ ဒီတောင်**ပေါ်ကို တက်ခွင့်ရကြတာ ဟုတ်ဘူးလား၊ **ဒီဓား**ကွက်တွေကို ကြည့်ခွင့်ပေးတာ မဟုတ်ဘူးလား"

"**ဟုတ်တော့**ဟုတ်ပါတယ် ဒါပေမဲ့ အခြေအနေအရပါ၊ **သူက တောင်ငါးလုံး**ကို ဂိုဏ်းချုပ်ဆိုတော့ သူ့အမိန့်ကိုလည်း နာခံရပါ**တယ်၊ မထင်**မှတ်ပဲ ဒီခွေးတိရစ္ဆာန်က လုပ်ကြံတယ်"

"**ဆရာ** ကျွန်တော်တို့ကို ဦးစီးပြီး အဲဒီ ခွေးတိရစ္ဆာန် **ယဲ့ပို့ချင်ကို** သုတ်သင်ပါ ဆရာ"

စုန်းစမ်း တပည့်တစ်ယောက်က တောင်းဆိုလိုက်သည်။

"တယ်ဟုတ်ပါလား လင်းဟူစုန်း၊ မင်း ဒီကို ဘာလာလုပ်တာလဲ"

"ဒါက ကျွန်တော် နေထိုင်လာတဲ့နေရာပဲ၊ ခင်ဗျားကကော ဘာလာလုပ်တာလဲ"

"မင်းက ငါ့လိုဝါရင့်တဲ့ လူကြီးတစ်ယောက်ကို မိုက်မိုက်ရိုင်းရိုင်း ပြောဝံ့သလားကွ"

"ခင်ဗျားက ကောက်ကျစ်စဉ်းလဲတဲ့နည်းနဲ့ လူစွမ်းကောင်းတွေကို လုပ်ကြံတော့ ခင်ဗျားကို သုတ်သင်ပစ်ရမယ်"

"အမယ် သေခါနီးတောင် မလျော့သေးပဲကိုး၊ လင်းဖင်းကျည် သွားသတ်စမ်း"

လင်းဖင်းကျည်သည် လင်းဟူစုန်း အသံကိုမှန်းဆပြီး လင်းဟူစုန်းထံသို့ တစ်လှမ်းချင်း ချဉ်းကပ်ခဲ့လေသည်။

ရုတ်တရက် လူအုပ်ကြားထဲမှ အသံတစ်သံ ထွက်ပေါ်ခဲ့သည်။

"နေဦး၊ ငါ့မျက်လုံးကို ဖောက်ခဲ့တော့ ဒီနေ့ ငါ့ကို ပေးသတ်"

အသံရှင်သည် စုန်းစမ်းတောင်တွင် ဂိုဏ်းချုပ်ရွေးပွဲ ကျင်းပသည့်နေ့က လင်းဟူစုန်းကို လမ်းမှဆီးစောင့် တိုက်ခိုက်ရန်ကြိုးခဲ့သည့် မျက်ကန်းထဲမှ တစ်ယောက်ဖြစ်၏။

"ဟုတ်တယ် ... ဟုတ်တယ် ... တို့ကို ပေးသတ်"

လူဆယ်ယောက်ကျော်ကျော်ခန့် ထောက်ခံလိုက်ကြသည်။ လင်းဟူစုန်း၏ နားထဲတွင် ခြေသံများ ရှုပ်ထွေးနေသည်ကို အခွင့်ကောင်းယူကာ ရုတ်တရက် ဘယ်ဘက်သို့ ရွေ့လျားသွားသည်။

တဆက်တည်းပင် မားရှည်များက ကျောက်နံရံကို ထိတွေ့သည်။ လင်းဟူစုန်းက မြေပြင်တွင်ကျနေသော မားတစ်လက်ကို ကုန်းကောက်ပြီး လူအုပ်ထဲသို့ ပစ်လွှတ်လိုက်သည်။ အားခန့် အော်သံတစ်ချက် ကြားလိုက်ရသည်။ လူအုပ်သည် အော်သံနောက်သို့ ပြေးလိုက်သွားပြီး ခုတ်ထစ်ကြ၏။ လူခြောက်ယောက် ခုနစ်ယောက်ခန့် လဲကျသွားကြ၏။

မျက်ကန်းအုပ်စုသည် အမှောင်ထဲတွင် နားကို မျက်စိသဖွယ် အသုံးချပြီး တိုက်ခိုက်နေကြ၏။ အမှောင်တွင်း၌ လင်းဟူစုန်းသည် မျက်ကန်းအုပ်စုကို မယှဉ်နိုင်။

"ကျိုလိန်းရှန်းဟာ မျက်ကန်းတွေခေါ်လာပြီး ငါတို့ကို သတ်ကြိသတ်ဖြတ်ခိုင်းတာပဲ၊ လိုဏ်ဂူရှိတယ်လို့ သူ ဘယ်လိုလုပ် သိသလဲ၊ ဪ ... ဟုတ်ပြီ တောင်ငါးလုံးဂိုဏ်းချုပ် ရွေးပွဲတုန်းက သူက နံရံပေါ်က တောင်ငါးလုံးအဖွဲ့ရဲ့ ဓားကွက်တွေကို အသုံးချသွားတယ်၊ လိုဏ်ဂူထဲ ရောက်ခဲ့လို့နေမှာပေါ့၊ ညီမလေး ရောက်တဲ့နောက် လင်းဖင်းကျည်လည်း ရောက်မှာပဲ၊ လင်းဖင်းကျည် ဘယ်နေ ပေါက်ကြားသွားတာပဲ ဖြစ်ရမယ်"

လင်းဟူစုန်း၏ အတွေးမပြတ်မီတွင် လင်းဖင်းကျည်က ညှိမ်းအော်ပြောလိုက်သည်။

"ဟေ့ ... လင်းဟူစုန်း၊ နင် ယောကျ်ားပီသရဲ့လား၊ ဘာလို့ ထွက်မလာရဲတာလဲ"

လင်းဟူစုန်း ငြိမ်သက်နေခိုက် ကျိုလိန်းရှန်း၏ အော်ပြောသံ ဝင်ပေါ်လာခဲ့ပြန်သည်။

"ဂူထဲရှိတဲ့လူတွေ အကုန်သတ်၊ လင်းဟူစုန်းကော ဘာကောင်မို့ ထွက်ပြေးနိုင်မှာလဲ"

ရုတ်တရက် လက်နက်ချင်းထိတွေ့သံ၊ အော်ဟစ်သည်းညူသံများ ဆူညံသွားပြန်၏။

လင်းဟူစုန်းက ငုတ်တုတ်ထိုင်နေရင်း အခြေအနေကို နားစွင့်နေသည်။ လူအုပ်ကြားမှ အော်ဟစ်သံတစ်သံကို ကြားရသည်။

"မင်းအဘွားနဲ့"

တစ်ယောက်က ဆဲဆိုလိုက်ခြင်း ဖြစ်၏။ သို့သော် အမေနှင့်သာ ဆဲဆိုသည်ကြားဖူးပြီး အဘွားနှင့် ဆဲဆိုခြင်းကိုမူ မကြားဖူးချေ၊ ဆဲဆိုရီးလည်း မရှိသဖြင့် လင်းဟူစုန်းအဖို့ ထိုလူများမှာ

"လင်းဖင်းကျည် ကမ္ဘာမှာ မင်း **မျက်မုန်းအကျိုးဆုံး** ကောင်ကို သုတ်သင်ဖယ်ရှားနိုင်ဖြီဆိုတော့ **မင်း ကျေနပ်ဖို့**ကောင်း ဖြ"

"ဟုတ်ပါတယ် နောင်တော်ကြီး ကျိုလိန်းရှန်း**ရဲ့ သြဝါဒကို** ခံယူလျက်ပါ"

လင်းဖင်းကျည်၏ စကားကြောင့် လင်းဟူစုန်း စိတ်ထဲ **ရေရွတ်မိ**သည်။

"ကျိုလိန်းရှန်းက တကယ် အရှက်နည်းပါလား၊ လင်းဖင်း ကျည်**လို** ပေါက်စလေးတစ်ကောင်နဲ့ ညီတော်နောင်တော်ဖွဲ့ပြီး **ဒီစွာရှင်း**ဓားရေးရဖို့ စည်းရုံးခဲ့တယ်"

ကျိုလိန်းရှန်း၏ စကားပေါ်လာပြန်သည်။

"ဒီလို ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေချိန်မှာ လင်းဟူစုန်းကို ကျုပ်လက်ချက်နဲ့ မသတ်ရတာကို မကျေနပ်ဘူး"

"လင်းဖင်းကျည် ဘယ်သူပဲသတ်သတ် သေဖို့သာ အဓိကပဲ၊ ဒီလို အမှောင်ထဲက ဂူအပြင်ထွက်လို့ ယဲ့ပို့ချွင်နဲ့တွေ့ရင် ငိုင်မနေနဲ့၊ ဒီကို့အားလုံး တစ်ပြိုင်နက် ဝိုင်းတိုက်ကြရမယ်"

"ဟုတ်ကဲ့"

မျက်ကန်းများက ကျိုလိန်းရှန်းကို **ထောက်ခံလိုက်ပြီး** ဂူပေါက်ဝဆီသို့ **ထွက်သွားကြ**သည်။ တခဏ**အကြာတွင် လိုဏ်ဂူ** ထဲ၌ အပ်ကျသံ **မကြား**အောင်ပင် တိတ်ဆိတ်**နေတော့သည်။**

"ယဉ်ယဉ် ... နင် ဘယ်မှာလဲ"

လင်းဟူ**စုန်းက** လေသံအုပ်အုပ်ဖြင့် ခေါ်**ကြည့်၏**။

"ရှူး ... ကျွန်မ ဒီမှာ အသံမထွက်နဲ့"

ယဉ်ယဉ်သည် အပေါ်ဆင့်မှအောက်သို့ ခုန်ဆင်းလာသည်။

အထူးအဆန်း ဖြစ်နေသည်။ တစ်ယောက်က ဆဲဆိုရေရွတ်တိုင်း နောက်တစ်ယောက်ကလည်း ပြန်လည်ဆဲဆို ရေရွတ်လိုက်သည်။ ထိုအခါကျမှ လင်းဟူစုန်း သဘောပေါက်သွား၏။

"သြော် ... လက်စသတ်တော့ မျက်ကန်း အချင်းချင်း အချက်ပေးတဲ့ စကားဝှက်ကိုး"

လိုဏ်ဂူထဲတွင် လူသံသူသံ **များ** လုံးဝ ငြိမ်သက်**သွား**သည်။ ကျိုလိန်းရှန်းက လိုဏ်ဂူထဲရှိ လူအပေါင်းကို သုတ်သင်ရှင်း**လင်း**ပြီဟု မှတ်ထင်ပုံရသည်။

"အားလုံး လိုဏ်ဂူပေါက်ဝက်ကို ခုတ်ထွက်ကြ"

ကျိုလိန်းရှန်း အမိန့်ပေးလိုက်သည်။ မျက်ကန်း**များ**သည် လေခွင်းသံ တဖှဲ့ဖှဲ့မြည်အောင် ဓားတွေ့ယမ်းလိုက်ကြ၏။ လင်းဟူစုန်း၏ အနီးသို့ ဓားချက်နှစ်ချက် ရောက်လာသည်။

"မင်းအဘွားနဲ့"

လင်းဟူစုန်းက မျက်ကန်း**များ**၏ စကားဝှက်အတိုင်း ဆဲဆိုရေရွတ်ရင်း ဓားချက်နှစ်ချက်ကို ခုခံချေဖျက်လိုက်သည်။ လင်းဟူစုန်း၏ အသံကို မျက်ကန်းက အမှတ်မထားမိသောကြောင့် တော်သေးသည်။

"ရှိသမျှ လောက်ကောင်တွေနဲ့ ငါ့ကို ဆန့်ကျင်တဲ့ကောင် အားလုံးကို သုတ်သင်လိုက်ပြီ၊ အရှက်မရှိတဲ့ကောင်တွေ ယဲ့ပို့ချွင် ဆီမှာ ကျမ်းသစ္စာကျိန်ပြီး အညံ့ခံခဲ့တဲ့ကောင်တွေ အကြောင်းသိရော မဟုတ်လား၊ လင်းဟူစုန်း ဆိုတဲ့ကောင်လည်း ဘာကောင်မို့လို့ မသေပဲနေမှာလဲ၊ ဟား ... ဟား ... ဟား ... လင်းဟူစုန်း မင်း သေပြီလား၊ မသေသေးဘူးလား"

လင်းဟူစုန်းသည် အသက်ရှူ အောင့်ထားမိသည်။

"စောစောက ကျွန်မ ကြောက်လိုက်တာ မပြောနဲ့တော့"

"နင် ဒဏ်ရာတစ်ချက်မှ မရဘူးလား"

"မရဘူး၊ အစ်ကိုက မင်းအဘွားနဲ့လို့ ဆဲလိုက်တာ ကျွန်မအစ်ကို့ အသံကို မှတ်မိလိုက်တယ်"

"အမျိုးသမီး **တစ်ယောက်**ကို ငါက ဓားနဲ့ထိုးမိတော့ စိုးရိမ်သွားတယ်"

"ကျွန်မ အစောကြီးထဲက ကျောက်နံရံမှာ ငေါထွက်နေတဲ့ အင္ဂကြီးပေါ် **တက်နေတာ၊ အစ်**ကို စိုးရိမ်တကြီး ခေါ်နေတာနဲ့ မြေပြင်ပေါ် ကျကျန်ရစ်တဲ့ စောင်းကောက် ကြေးပြားကလေးတွေနဲ့ မှန်းပစ်ချပြီး ပြန်အချက်ပေးခဲ့တာပဲ"

"နောက်တော့ ဘာဖြစ်လို့ ကြေးပြားနဲ့ ဆက်မပစ်တော့တာလဲ"

"ကြေးပြားတွေ ကုန်သွားတယ်ရှင်၊ နောက်ပိုင်း လက်ဝတ်**လက်စားတွေ**ချွတ်ပြီး ပစ်ခဲ့သေးတယ်၊ မျက်ကန်းတွေ ရောက်လာပြီး လူသတ်တော့ ကျွန်မလည်း မလှုပ်ဝံ့တော့ဘူး"

ရုတ်တရက် လိုဏ်ဂူပေါက်ကလေးဘက်မှ ခနဲ့ပြီးရယ်**လိုက်သည့်** အသံထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

"လူစွမ်းကောင်းကြီး လင်းဟူစုန်း လာပါ"

အေးတိအေးစက် ပြန်ဖြေလိုက်သည့် အသံရှင်သည် လင်းဖင်း**ကျည်ပင်** ဖြစ်၏။ တစ်ချိန်တည်းတွင် ခြေသံအများအပြား**ကြားရ**သောကြောင့် မျက်ကန်းတစ်စု ပြန်လှည့်လာကြောင်း**ထင်ရှား**၏။ ယဉ်ယဉ်က လင်းဟူစုန်း နားနားကပ်ပြီး လေသံတိုးတိုးဖြင့် ...

"အပေါ်ကိုတက်"

ယဉ်ယဉ်သည် နေရာမှတ်မိနေသောကြောင့် လှမ်းခုန်တက်သွက်သည်။ လင်းဟူစုန်းလည်း မှန်းဆခုန်တက်သဖြင့် ခြေချော်ကျသွားသည်။ သို့သော် ယဉ်ယဉ်က ကပျာကယာ ဆွဲတင်သဖြင့် အပေါ်ရောက်သွားသည်။ ကျောက်ဂူ အင္ဂစွန်းသည် အကျယ်သုံးပေခန့်ရှိသောကြောင့် နှစ်ယောက် ကြာရှည်မရပ်နိုင်။

"ဟေ့ ... အပေါ်ကို ခုန်တက်သွားကြပြီ"

ကျိုလိန်းရှန်း လှမ်းပြောလိုက်၏။

"ဟုတ်တယ်"

လင်းဖင်းကျည်ကလည်း သိကြောင်းပြန်ဖြေသည်။

"လင်းဟူစုန်း မင်း အဲဒီအပေါ်မှာ တစ်သက်လုံး **ရှောင်ပုန်း**နေလို့ ရမယ်တဲ့လား"

ကျိုလိန်းရှန်းက မေးသည်ကို လင်းဟူစုန်း **ပြန်မဖြေချေ**။ လင်းဟူစုန်းနှင့် ယဉ်ယဉ်က လက်တစ်ဖက်စီဖြင့် **တစ်ယောက်ကို** တစ်ကိုတစ်ယောက် ဖက်ထားပြီး ကျန်လက်**တစ်ဖက်နှင့် ဓား**ကိုယ်စီကို ဆွဲကိုင်ထား၏။ သေပွဲဝင်ရလျှင်လည်း **အတူတူဟု** နှလုံးပိုက်သောကြောင့် ကြောက်ရွံ့စိတ် အလျဉ်း**မရှိကြချေ**။

"မင်းတို့ရဲ့ မျက်လုံးတွေကို လင်းဟူစုန်း **ထိုးဖောက်ခဲ့**တာကို မခုနေကြပြီလား"

ကျိုလိန်းရှန်း၏ သတိပေးမှုကြောင့် **မျက်ကန်းတစ်စု**သည် စက်ထင်ရာမှန်းဆပြီး အရှမ်းခုတ်ထစ်ကြ၏။ **မျက်ကန်းတစ်ဦး**မှာ လင်းဟူစုန်းနှင့် ယဉ်ယဉ် ရှိရာသို့ ရောက်လာသဖြင့် **လင်း**ဟူစုန်းသည် ဓားရှည်ဖြင့် မှန်းထိုးလိုက်ရာ ထိုမျက်ကန်း အော်ဟစ်ပြီး လဲကျသွားသည်။

ထိုမျက်ကန်း အော်သံကြောင့် လင်းဟူစုန်း ရှိရာသို့ ကျန်မျက်ကန်းများက **မှန်းဆသွားမိ**၏။ ထို့ကြောင့် စုပြုရောက်ရှိကြတစ်ပြိုင်နက် ထိုးနှက်တိုက်ခိုက်လေသည်။ ရန်သူက ခုန်ပြီးခုတ်ထစ်ရသောကြောင့် လင်း**ဟူစုန်း**နှင့် **ယဉ်ယဉ်**က မမြင်ရသော်လည်း အသံဖြင့် ရန်သူ၏ **လှုပ်ရှား**မှုကို ကြိုတင်သိရ၏။ မျက်ကန်းနှစ်ယောက် လဲကျ**သွား**ပြန်သည်။ ကျန်မျက်ကန်းများသည် မဝင်းတော့ပဲ နောက်ခုန်ဆုတ်သွားကြ၏။

ရုတ်တရက် လေတိုးသံတစ်ချက် ကြား**ရ**သောကြောင့် ယဉ်ယဉ်နှင့် လင်းဟူစုန်းက လက်ထဲမှမြားဖြင့် ခုခံတားဆီးလိုက်သည်။ လက်နက်ချင်းထိသံ ထွက်ပေါ်လာ၍ လင်းဟူစုန်း၏ လက်မောင်းတစ်လျှောက် ထုံကျင်**သွား**၏။ ကျိုလိန်းရှန်း၏ လက်ချက်ပင် ဖြစ်၏။ ယဉ်ယဉ်၏ **ပခုံး**ဘွန်းကို မားထိသွားကာ အားခနဲ **အော်**လိုက်မိသည်။

ဒုတိယအကြိမ် လေတိုးသံ **ကြား**ရပြန်၏။ ရန်သူနှစ်ဦး **ပြိုင်တူခုန်၍ ခုတ်ထစ်**ခြင်းဖြစ်၏။ **တိုက်ခိုက်**လာသူ နှစ်ယောက်**သည် ကျိုလိန်း**ရှန်းနှင့် လင်း**ဖင်း**ကျည်ပင် ဖြစ်သည်။ လင်း**ဖင်း**ကျည်၏ မိစ္ဆာရှင်း မားချက်က အလွန်သွက်လက် မြန်ဆန်**သောကြောင့်** လင်းဟူစုန်းသည် ယဉ်ယဉ်အတွက် စိုးရိမ်ပူပန်မိ၏။

ကျိုလိန်းရှန်း၏ **ခနဲ့ပြီး** ရယ်မောလိုက်သည့် အသံနှင့်အတူ **မား**မား**ချင်း**ထိမိပြီး ကျိုလိန်းရှန်း၏ အေးစိမ့်အတွင်းအား**ကြောင့်** လင်း**ဟူစုန်း** လက်သည် တစ်ချက်အေးစိမ့် ထုံကျင်**သွား**၏။ လင်းဟူစုန်းသည်လည်း အတွင်းအားကို ဖြည့်သွင်းလိုက်သည့် အချိန်တွင် ကျိုလိန်းရှန်း၏ မားနှင့် မားမားချင်းထိပြီး လင်းဟူစုန်း၏ မားရှည်သည် လွင့်ထွက်သွားလေသည်။

လင်းဟူစုန်း **ထိုင်**ချလိုက်ပြီး မြေ**ကြ**င်တွင် မားတစ်ချောင်း**ချောင်း** ရလိုရင်း**ရာဖွေ**ကြည့်သည်။ သို့သော် လူသေအလောင်း**ပေး**နှင့် **သွေး**များကိုသာစမ်းမိပြီး မားကို စမ်းမရသောကြောင့် **ပြန်**ထလိုက်သည်။ ယဉ်ယဉ့် ခါးကိုဖက်ပြီး နှစ်ယောက်သား**ပျော**က်သို့ ခုန်ဆုတ်လိုက်သည်။ မားမားချင်းထိသံ တစ်ချက်**ကြား**ခဲ့ရသည်။ ယဉ်ယဉ်က ရောက်လာသည့်မားချက်ကို တားဆီးခဲ့၏။ ယဉ်ယဉ်၏ မားတိုသည်လည်း လက်မှလွတ်ထွက်**သွား**ခဲ့ဘဲသည်။

လင်းဟူစုန်းသည် နောက်တစ်ကြိမ် ခါးကုန်းပြီး မြေပြင်တွင် ဝမ်းသပ်ရှာဖွေကြည့်ပြန်သည်။ တုတ်ဟုယူဆရသည့် အရာတစ်ခု**သော** တွေ့ရသဖြင့် စိတ်ဓာတ်ကျ**သွား**သည်။ **သို့သော်** စဉ်းစားနေတော့ပဲ ကောက်ယူလိုက်သည်။ ရုတ်တရက် **လေ**တိုးသံ**ကြား**ရသောကြောင့် လင်းဟူစုန်း ကိုင်ဆောင်ထား**သော** တုတ်သည် မား**ချက်**ထိပြီး ပြတ်ထွက်**သွား**၏။ တုတ်ကို ငုံ့ကြည့်လိုက်သော အခါ အမှောင်တွင်း၌ အလင်းရောင် ပြေးနေသည်ကို အံ့**အား**သင့်စွာ တွေ့မြင်လိုက်သည်။ မှေးမှိန်သော အလင်းအား**ဖြစ်သော်လည်း** အမှောင်တွင်း၌ ဤတုတ်သည် အလွန်အဖိုးတန်နေသဖြင့် **လင်းဟူ**စုန်း အားတက်**မိ**၏။ ရန်သူ၏ လက်နက်ရောက်ရှိရာသို့ **ခန့်မှန်းနိုင်**လောက်အောင် **အထောက်**အကူပြုနိုင်သည့် အလင်းဓာတ်ပါ**သော** တုတ်ဖြစ်နေသည်။

လင်းဟူစုန်း**ရော ယဉ်ယဉ်**ပါ ဝမ်းသာမိကြသည်။ ကျိုလိန်းရှန်း၏ **ဓား**ချက်တစ်**ချက် ရောက်**လာသော**အခါ** လင်းဟူစုန်းက တုတ်ဖြင့် ကျိုလိန်း**ရှန်း၏** လည်မျိုကို လှမ်းထိုးလိုက်သည်။ ကျိုလိန်းရှန်းသည် မျက်ကန်း **ဖြစ်**နေသော်လည်း ခြေထိုး၊

ခြေနှုတ် အလွန်မြန်ဆန်သောကြောင့် နောက်သို့ ခုန်ရောင်သွားနိုင်၏။

ယဉ်ယဉ်သည် မြေပြင်မှ ရုတ်တရက် **ဓားရှည်**တစ်လက်ကို စမ်းမိ၍ ကောက်ယူပြီး လင်းဟူစုန်းကို ကမ်းပေးလိုက်သည်။ လင်းဟူစုန်း၏ လက်မှတုတ်ကို ယဉ်ယဉ်က လှမ်းယူလိုက်၏။ အမှောင်တွင်း၌ ဂေ့ယမ်းသောကြောင့် အလင်းဓာတ်က လင်းဟူစုန်းအား များစွာအထောက်အကူ ပြုလေသည်။

"မင်းအဘွားနဲ့"

လင်းဟူစုန်းက တစ်ခွန်းဆဲဆိုပြီးသည်နှင့် မျက်ကန်းတစ်ယောက် ဓားချက်ထိပြီး မြေပြင်ပေါ်သို့ လဲသွား၏။ နောက်ထပ် ခြောက်ခွန်း ဆဲဆိုပြီးသောအခါ မျက်ကန်းခြောက်ယောက် အသက်စွန့်သွားကြရပြန်၏။

ကျိုလိန်းရှန်းနှင့် လင်းဖင်းကျည်သည် ထိတ်လန့်တကြားတစ်ပြိုင်နက် အော်ဟစ်မိကြ၏။

"သူတို့မှာ မီးတုတ်ရှိနေသလား"

"သိပ်ရှိပေါ့ဗျာ"

လင်းဟူစုန်းသည် ယဉ်ယဉ် ကိုင်ထားသောတုတ်မှ ထွက်ပေါ်သည့် အလင်းဓာတ်ကလေးကို အားထားပြီး ရှေ့သို့ တရွေ့ရွေ့ တိုးသွားသည်။ လင်းဖင်းကျည်သည် လက်နက်လေတိုးသံကို နားစွင့်ထောင်နေသော်လည်း ကိုယ်ဖော့ပညာဖြင့် ချဉ်းကပ်လာသော လင်းဟူစုန်း၏ ခြေသံကိုမူ မကြားနိုင်ချေ။

လင်းဟူစုန်း၏ ဓားဖျားသည် လင်းဖင်းကျည်၏ ညာဘက်လက်မောင်းနှင့် ခြောက်လက်မခန့်အကွာမှ ဆတ်ခနဲ ထိုးသွင်းလိုက်သည်။ လင်းဖင်းကျည်၏ လက်မောင်းအရိုးတိုင်အောင်

ဝင်သွားသောကြောင့် ယဉ်သပါအောင်အော်ပြီး လက်ထဲမှ ဓားလွတ်ကျသွားသည်။ လင်းဖင်းကျည်သည် လင်းဟူစုန်းထံသို့ ခုန်ဝင်ပြန်သောကြောင့် လင်းဟူစုန်းသည် လင်းဖင်းကျည်၏ ဆင်နှစ်ဖက်ကို ဓားချက်နှစ်ချက် ထိုးသွင်းလိုက်ပြန်သဖြင့် လင်းဖင်းကျည် လဲကျသွား၏။

ယဉ်ယဉ်၏ လက်မှအလင်းဓာတ်ကြောင့် ကျိုလိန်းရှန်းကို မြင်ရသည်။ လင်းဟူစုန်းသည် ဓားချက်ကို အဆက်မပြတ် ဆင်းထုတ်လိုက်၏။ ကျိုလိန်းရှန်း၏ မျက်ခုံး၊ လည်မျိုနှင့် ရင်ဝသို့ ဓားချက်သုံးချက် ရွှဝင်သွားလေသည်။ လင်းဟူစုန်း နောက်သို့ ခုန်ခုန်ဆုတ်ခဲ့၏။

ကျိုလိန်းရှန်းသည် ခေတ္တမျှတွေဝေပြီး ဓားဦးကို **မိမိဘက်**သို့ လှန်လှည့်ကာ ဝမ်းဗိုက်ကိုထိုးသွင်းပြီး လဲကျသွားလေ**တော့**သည်။ ကျိုလိန်းရှန်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုက်ခြင်း **ဖြစ်**သည်။

လိုဏ်ဂူထဲတွင် ပြန်လည်တိတ်ဆိတ် ငြိမ်**သက်သွား**ပြန်သည်။ လင်းဟူစုန်းသည် ယဉ်ယဉ့် လက်ထဲမှတုတ်**ကို သေသေ**ချာ ကြည့်သော်လည်း မည်သည့်အရာဖြစ်မှန်း မဝေခွဲ**တတ်ချေ**။

လင်းဟူစုန်းက လူသေအလောင်းများထံမှ မီးခတ်ကျောက်**ကို** ကောက်စမ်းပြီး မီးခတ်၍ မီးတုတ်ကို ထွန်းညှိလိုက်သည်။ မီးရောင်အောက်တွင် တွေ့မြင်လိုက်ရသည့် အရာကြောင့် ယဉ်ယဉ်သည် ဝမ်းတွင်ကိုင်ထားသော အရာသည် တုတ်တစ်ချောင်းမဟုတ်ပဲ ဓားတစ်၏ ပေါင်ရိုးတစ်ချောင်း ဖြစ်နေလေသည်။ ထိုပေါင်ရိုးမှ မီးခတ်ထွက်ပြီး အလင်းရောင် အထောက်အကူရခဲ့၏။

"ယဉ်ယဉ် တို့နှစ်ယောက်ရဲ့အသက်ကို သူရိန်မျက်နှာမူးရဲ့ ရှေးဦးစီးတစ်ယောက်က ကယ်တင်လိုက်တာပဲ"

ယဉ်ယဉ်က အံ့အားသင့်သွားပြီး ပြန်မေးသည်။

"ဘယ်လို ဘယ်လိုပြောလိုက်တာလဲ အစ်ကို"

"ဟိုတစ်ချိန်က သူရိန်မျက်နှာမူဂိုဏ်းရဲ့ ဦးစီးဆယ်ယောက် ဒီလိုဏ်ဂူထဲမှာ ပိတ်သတ်ခံရတယ်၊ ခု ဦးစီးတစ်ယောက်ရဲ့ ပေါင်ရိုးကို လက်နက်အဖြစ်သုံးရာက မထင်မှတ်ပဲ မီးစုန်းဓာတ် ထွက်ခဲ့လို့ တို့နှစ်ယောက် အသက်ဘေးက ချမ်းသာရာရခဲ့တာ မဟုတ်လား"

ထိုအခါကျမှ ယဉ်ယဉ်က သဘောပေါက်**သွားပြီး** မိမိ **လွှင့်ပစ်**လိုက်သော ပေါင်ရိုးကို လက်အုပ်ချီ၍ ဂါရဝပြု**လိုက်သည်**။

"ကျွန်မတို့ဂိုဏ်းရဲ့ ရှေးဆရာကြီးတွေကို **ပြစ်မှားမိတာ** တောင်းပန်ပါတယ်"

"ကဲ ... သွားကြရအောင်"

လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် လိုဏ်ဂူပေါက်**ဝကလေး**သို့ လျှောက်လှမ်းသွားကြ၏။ အမှတ်တမဲ့ **ချစမ်းဂိုဏ်းချုပ် လွှင်**ပစ္စုပ္ပန် ဆရာကြီးမိုး၏ အလောင်းကို တွေ့**လိုက်ကြရ၏**။ ဆရာကြီးမိုးသည် ဘယ်လက်ဖြင့် တယောကိုကိုင်ထားပြီး ညာလက်ဖြင့် ပါးလွှာသော ဓားရှည်ကို ဆုပ်ကိုင်ထားလျက်ရှိ၏။ နဖူး၊ မျက်နှာ ရင်ဝ၊ ဝမ်းဗိုက် စသည့်နေရာအနှံ့တွင် ဓားချက်များ ထိမှန်ထားသည်။ ထို့ကြောင့် ဆရာကြီးမိုးသည် လိုဏ်ဂူ၏ လျှို့ဝှက်ပေါက်ဝတွင် ဝိုင်းဝန်းတိုက်ခိုက်ခံရခြင်း ဖြစ်သည်မှာ ထင်ရှားသည်။

လင်းဟူစုန်းသည် မိမိအပေါ် စိတ်ကောင်းထားခဲ့သော ဆရာကြီးမိုးအတွက် ရင်နာမိသည်။ ဆရာကြီးမိုး၏ အလောင်းကို သန့်ရှင်းသောနေရာသို့ ပြောင်းရွှေ့လိုက်ပြီး ဂါရဝပြု၍ ထွက်ခွာခဲ့၏။

ယဉ်ယဉ်သည် မိမိ၏ ဓားတိုတစ်လက်ကို ပြန်ရှာပြီး ကောက်ယူလိုက်သည်။

လိုဏ်ဂူပေါက်ကို ပိတ်ဆို့ထားသော ကျောက်တုံးကို အတွင်းနှင့် အားကုန်ဆောင့်တွန်း လိုက်သောအခါ အပေါက်ပွင့်သွား၏။ ပြင်ပမှ အလင်းရောင်ကို တွေ့မြင်ရသည်။

မိုးသောက်ချိန် ရောက်ခဲ့ပြီ။ လျှို့ဝှက်လိုဏ်ဂူပေါက်သည် ဘဏ်ဦးစီးတစ်ယောက် ရဲဒင်းဖြင့် ထွင်းဖောက်ထားရင်း ပေါက်သူအချိန်တွင် အသက်ဆုံးရှုံးသွားသည့် နေရာပင်ဖြစ်သည်။

လိုဏ်ဂူပေါက်မှ ထွက်ခဲ့သောအခါ တစ်ချိန်က လင်းဟူစုန်း ကျဉ်းကျခံခဲ့ရသည့် ဂူကလေးထဲသို့ ရောက်ရှိခဲ့သည်။ လင်းဟူစုန်းသည် လေကောင်းလေသန့်ကို အားရပါးရ ရှူသွင်းပြီးနောက် ဂူကျည်ကို ဓားအိမ်ထဲသို့ သွင်းလိုက်သည်။ ပြီးနောက် ယဉ်ယဉ်၏ ဓားကိုဆွဲပြီး ဂူအပြင်သို့ ထွက်ခဲ့လေသည်။

လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ ဂူဝသို့ရောက်သည်နှင့် ရိပ်ခနဲ့ ပေးသည်ရိပ်တစ်ခု ဖုံးအုပ်သွားသည်။ လင်းဟူစုန်းရော ယဉ်ယဉ်ပါ ငေါင်မြန်စွာ ခုန်လွှားရောင်ရှားလိုက်သော်လည်း နောက်ကျသွားသည်။ နှစ်ယောက်သား ပိုက်ကွန်တစ်ခုတွင် အမိခံလိုက်ရသည်။

လင်းဟူစုန်းက ဓားကို ကမန်းကတန်း ဆွဲထုတ်ပြီး ခုတ်ဖောက်သော်လည်း ပိုက်ကွန်ကို ဓားသွားမတိုးနိုင်ချေ။ ဆက်လက် နောက်ထပ် ပိုက်ကွန်တစ်ခု ဖုံးအုပ်လိုက်ပြန်သည်။ လူတစ်ယောက် ဂူပေါ်မှခုန်ဆင်းခဲ့ပြီး ပိုက်ကွန်ကြိုးကို ဆွဲလိုက်သောအခါ ပိုက်ကွန်သည် စုစည်းဖြစ်သွား၏။ လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် ပိုက်ကွန်ထဲတွင် ချုပ်နှောင်ခံလိုက်ရသည်။ ဂူပေါ်မှ ခုန်ဆင်းခဲ့သည့် လူမှာ ယဲ့ပို[illegible]၏ လင်းဟူစုန်း အံ့အားသင့်သွား၏။

"ဆ ... ဆရာ"

လင်းဟူစုန်း၏ မျက်နှာကို ယဉ်ယဉ် လှမ်းကြည့်လိုက်သော အခါ ပြုံးယောင်သမ်းနေ၏။

"သူက လွတ်မြောက်နိုင်တဲ့ လမ်းစကို စဉ်းစားမိလို့ နေ တယ်"

ယဉ်ယဉ် ထိုသို့ အဖြေထုတ်လိုက်သည်။ ယဲ့ပို့ချွင်သည် အကျည်းတန်သော အပြုံးကိုပြုံးရင်း ...

"တိရစ္ဆာန်လေး မင်း အားရဝမ်းသာ လိုဏ်ဂူထဲက ထွက် နိုင်ခဲ့ပေမဲ့ ဘေးတွေ့တော့မယ်ဆိုတာ မစဉ်းစားမိဘူး မဟုတ်လား"

"ကျွန်တော်က ကျွန်တော့်ဇနီးနဲ့ ခုလိုဖက်ပြီး သေသွား မယ်ဆိုရင် ဆယ်ခါပြန်သေရလည်း သေရဲပါတယ်"

ယခုမှ ယဉ်ယဉ်သည် လင်းဟူစုန်း၏ မျက်နှာ ပြုံးယောင် ယောင်သမ်းနေသည့် အဓိပ္ပာယ်ကို သဘောပေါက်သွား၏။

"ခင်ဗျား ကျွန်တော်တို့ နှစ်ယောက်ကို သတ်ချင်ရင် တကွဲတပြားစီ မသတ်နဲ့၊ ခုလို တစ်ခါတည်းသတ်ပါ၊ သေအတူ ရှင်အတူဆိုတော့ ဝမ်းသာစရာပဲပေါ့"

"တိရစ္ဆာန်လေး သေခါနီးတောင် ထင်ရာစွပ်ပြောနေသေး လား"

"ကျွန်တော်တို့နှစ်ယောက် မခွဲချင်မှန်း ခင်ဗျား သိပုံရ တယ်၊ ခုလို နှစ်ယောက်သား ပူးပူးကပ်ကပ်နဲ့ သေသွားရရင် နောင်ဘဝကျရင် အမြွာပူးဖြစ်ဦးမှာ၊ ခင်ဗျားကိုတောင် ကျေးဇူးတင် ရဦးမယ်၊ ခင်ဗျားက ကျွန်တော့်ကို ငယ်ငယ်ကတည်းက ကျွေးမွေး ပြုစု လာခဲ့တဲ့လူဆိုတော့ ကျွန်တော့် အကြိုက်ကို ခင်ဗျား အသိ ဆုံးပါပဲ၊ မဟုတ်ဘူးလား ဆရာကြီး ယဲ့ပို့ချွင်"

"တိရစ္ဆာန်လေး မင်းပါးစပ် ခုထိပေါက်ကရပြောတဲ့ အကျင့် မပြင်သေးဘူးလား၊ သေပဲသေရတော့မယ်"

ယဲ့ပို့ချွင်သည် လင်းဟူစုန်း၏ ခါးမှအကြောကို ခြေဖြင့် ဆိုက်သောကြောင့် လင်းဟူစုန်း နောက်ထပ်ပြီး စကားမပြော ဘဲနေ၏။

"ဝါးစိမ်းနတ်ဒေဝီ၊ မင်း အရင်သေချင်သလား၊ သူ့ကို သတ်စေချင်သလား"

"သတ်ချင်တဲ့လူကို အရင်သတ် အကြောင်းသိပ်မထူးပါဘူး၊ ကြောဖျက်ဆေးရဲ့ ဖြေဆေးလုံးက ကျွန်မဆီမှာ သုံးလုံးပဲ ရှိတော့တယ်"

ယဉ်ယဉ်တွင် ဖြေဆေးသုံးလုံးသာ ကျန်ရှိတော့သည်။ ဒီသည်မှာ ယဲ့ပို့ချွင်သည် လူ့ဘဝတွင် ယဉ်ယဉ် မရှိတော့သည့် နောက်သုံးနှစ်သာ ဆက်၍အသက်ရှင်သန်ခွင့် ရှိတော့မည့် သဘော ဖြစ်နေသည်။ ထို့ကြောင့် ယဲ့ပို့ချွင်သည် စိတ်တုန်လှုပ်ချောက်ချား မှုးလေသည်။

"ကောင်းပြီ၊ အပေးအယူတစ်ခု လုပ်ကြရအောင်၊ ဖြေဆေး တစ်စပ်နဲ့ဦးပေးရင် ငါက နင်တို့နှစ်ယောက်ကို အသက်ချမ်းသာ ပေးမယ်"

"ကျွန်မက အတွေ့အကြုံနည်းပေမဲ့ သမာဓိ ဆိုတာကိုတော့ ဘာပေါက်ထားပါတယ်၊ ရှင်သာ စကားတည်ရင် ဘယ်သူမှ ကို သမာဓိခားဆိုပြီး ခေါ်ကြမှာမဟုတ်ဘူး"

"ဖြေဆေး ဖော်စပ်နည်းကို မလဲနိုင်ဘူး ဆိုပါတော့"

"ဘယ်လဲနိုင်ပါ့မလဲရှင် ကျွန်မနဲ့ အစ်ကိုလင်းဟူစုန်းက ပြည်ရဲ့ တံခါးဝမှာ ရှင့်ကို သွားစောင့်နေမှယ်၊ ကျွန်မ စိုးရိမ်

တာက အဲဒီအချိန်မှာ ရှင်က ရုပ်ပျက်ဆင်းပျက် ဖြစ်လာ
မှတ်မိနိုင်ပါ့မလားလို့”

ယဉ်ယဉ်၏ စကားမှာ အဆိပ်ကြောင့် ခန္ဓာကိုယ်တစ်ခု
ပုပ်ရိသွားနိုင်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ ယဲ့ပို့ချွင် ထိုစကား
အဓိပ္ပာယ်ကိုရိပ်မိပြီး ပို၍စိတ်ချောက်ချား သွားမိလေသည်။

“ငါလည်း နင်တို့ရဲ့နှာ၊ မျက်စိ၊ နှာခေါင်း၊ မျက်နှာ
တွေကို အကောင်းမထားပဲ ရုပ်ဆိုးအောင် လုပ်ပေးလိုက်ပါ့မယ်”

ယဲ့ပို့ချွင်သည် ပြောပြောဆိုဆို ဓားရှည်ကို ဆွဲထုတ်လိုက်
လေသည်။ ရုတ်တရက် ယဉ်ယဉ်သည် ကြောက်လန့်စွာ အော်ဟစ်
လိုက်သည်။ ယဉ်ယဉ်သည် သေရမည်ကို မကြောက်သော်လည်း
မိမိမျက်နှာကို အမြင်ရဆိုးအောင် အဖျက်အဆီး ခံရမည့်အဖြစ်ကို
စိုးရိမ်မိသည်။

လင်းဟူစုန်းသည် စိတ်ကူးတစ်ခုပေါ်လာ၍ လက်နှိပ်
ချောင်းဖြင့် သူ့မျက်လုံးနှစ်လုံးကို ထိုးဖောက်ရန် ရွယ်လိုက်
သောကြောင့် ယဉ်ယဉ်က အလန့်တကြား လှမ်းအော်လိုက်သည်။

“အစ်ကို မလုပ်နဲ့”

ယဲ့ပို့ချွင်သည် ဖြေဆေးဖော်စပ်နည်းကို မရမက ယူရန်
အကြံအစည်ရှိသောကြောင့် လင်းဟူစုန်း မျက်လုံးကန်းသွားလျှင်
ယဉ်ယဉ်၏ အလှကို ဖျက်ဆီးပစ်မည်ဟု ခြိမ်းခြောက်လျှင်
အချည်းအနှီးပင် ဖြစ်မည်။ ထို့ကြောင့် လင်းဟူစုန်း၏ လက်ကို
အပြေးအလွှား ဖမ်းဆွဲထားလိုက်မိသည်။ ဤအကွက်သည် လင်းဟူ
စုန်း မျှော်လင့်တောင့်တနေသော အကွက်ဖြစ်လေသည်။

ယဲ့ပို့ချွင်သည် လင်းဟူစုန်း လက်ကိုဖမ်းလိုက်သည်နှင့်
လင်းဟူစုန်းသည် အတွင်းအားကို ဖြည့်သွင်းကာ ယဲ့ပို့ချွင်၏

ဝဲကို အမိအရ ပြန်လည်ဆုပ်ကိုင်ထားလိုက်သည်။ လင်းဟူ
သည် သွေးကြောဖျက် သိုင်းပညာကိုထုတ်သုံးပြီး ယဲ့ပို့ချွင်၏
ကြောကိုဖျက်ဆီး၍ အတွင်းအားကို ဆုတ်ယုတ်အောင်
လိုက်သည်။

ယဲ့ပို့ချွင်၏ အတွင်းအားသည် တမဟုတ်ချင်း ကြောက်ခမန်း
ဒဲ့ ဆုတ်ယုတ်သွားလေသည်။ ယဲ့ပို့ချွင်သည် အလွန်အမင်း
ကဲလန့်သွားပြီး ကျန်လက်တစ်ဘက်မှ ဓားရှည်ဖြင့် လင်းဟူ
၏ လက်ကို ခုတ်ပိုင်းချသည်။ သို့သော် လင်းဟူစုန်းက
ဆားသောလက်ကို ဆောင့်ဆွဲလိုက်သောကြောင့် ဓားချက်သည်
ချော်ထွက်သွားလေသည်။

ယဲ့ပို့ချွင်၏ အတွင်းအားသည် စမ်းရေစီးသလို စိမ့်စီးထွက်
သလို ခံစားနေရ၍ အလွန်ထိတ်လန့်နေသည်။ ထို့ကြောင့်
ဦးဖြင့် လင်းဟူစုန်း၏ မျက်လုံးနှစ်လုံးကြားသို့ ထိုးသွင်းရန်
ကိုမျှော်လိုက်သည်။ သို့သော် လက်မှာ အားပြတ်သလို
ယင်နေပြီး လင်းဟူစုန်း၏ မျက်လုံးနှစ်လုံးကြားသို့ ကြိုးစား
စား ဓားဖျားဖြင့် ထိုးသွင်းလိုက်သည်။

သို့သော် နောက်ကျောမှ ရောက်ရှိလာသော ယိန်၏
ဦးသည် ယဲ့ပို့ချွင်၏ နောက်ကျောသို့ လက်ရှိန်အပြည့်ဖြင့်
သွင်းဝင်သွားလေသည်။

“အစ်ကိုကြီး လင်းဟူစုန်း၊ ရှင် ... ရှင် ... ဘာမှမဖြစ်ဘူး
ဘဲ”

“ညီမလေး အစ်ကိုကြီး လင်းဟူစုန်း ဘာမှမဖြစ်ပါဘူး၊
ညီမလေးက ညီမလေးရဲ့ ဆရာကိုသတ်ခဲ့တဲ့ ရန်သူကြီးကို
ကြွေးဆပ်လိုက်နိုင်ပါပြီ၊ ပိုက်ကွန်ကြီးကို ဖြေပေးပါ”

ယဉ်ယဉ်က ပြောလိုက်သည်။

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ယိနင်သည် ကတုန်ကယင်ဖြင့် ပိုက်ကွန်ကြိုးကို ခြေ
နေစဉ် ရုတ်တရက် လူတစ်ယောက်၏ အော်သံထွက်လာ

"ရသေ့မကလေး၊ နင့် အလှည့်ရောက်ပြီ"

အော်ပြောသံနှင့်အတူ ဝတ်စုံဝါဝတ်ထားသော လောင်း
လို့သည် ဓားကိုကိုင်ရင်း ပြေးလာခဲ့၏။ လင်းဟူစုန်း
ယိနင်အတွက် စိုးရိမ်ပူပန်မိ၏။

"ဒုက္ခပဲ ညီမလေး ယိနင်ဟာ ဒီမွေးသူခိုးကို ဘယ်
ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး"

ယိနင်သည် ကြောင်တက်တက် ဖြစ်နေသည်။

"ညီမလေး ဟိုဓားကိုဆွဲနှုတ်ပြီး ခုခံလေ"

ယဉ်ယဉ် အော်ဟစ်သတိပေးလိုက်မှ ယိနင်သည် ဟ
ချွင်၏ ကျောမှဓားရှည်ကို ဆွဲထုတ်ပြီး လောင်းသက်လို့
ဓားသုံးချက်ကို တားဆီးခုခံလိုက်သည်။ သို့သော် လောင်းသ
လို့၏ ဓားချက်မှာ ယိနင်၏ ပခုံးစောင်းကို ရှပ်ထိသွား၏

လောင်းသက်လို့၏ ဓားချက်သည် စုန်းစမ်း၊ ဗာစင်
မိစ္ဆာရှင်း ဓားရေးများကို ရောမွေပေါင်းစပ်ထားသည့် ဓားကွက်
ဖြစ်၍ အလွန်သွက်လက်လျင်မြန်သည်။

ယိနင်သည် လောင်းသက်လို့၏ တတိယဓားချက်
ခက်ခက်ခဲခဲ ခုခံတားဆီးပြီးနောက် ...

"ငါ သေသွားတာ အကြောင်းမဟုတ်ဘူး၊ အစ်ကို
လင်းဟူစုန်းနဲ့ မမတို့ပါ အသတ်ခံရမယ်"

ဤသို့ စဉ်းစားမိသည်နှင့် ယိနင်သည် ခုခံကွက်ထက်
ကွက်ကို ဦးစားပေးအသုံးချပြီး သူသေကိုယ်သေ တိုက်ခိုက်
လာတော့သည်။ ယဉ်ယဉ်သည် ယဲ့ပို့ချင်က လင်းဟူစုန်းအား
ဖော်ထားသည့် ခါးမှအကြောကို ဖွင့်ပေးလိုက်သည်။

ယိနင်သည် လောင်းသက်လို့အား မည်သည့်နည်းနှင့်မှ
ကြာရှည်မတိုက်ခိုက်နိုင်သဖြင့် လင်းဟူစုန်းသည် အထူးပူပန်မိ၏။
ဒီအခိုက်တွင်ပင် အားဟု ရုတ်တရက် အော်လိုက်ပြီး ယိနင်၏
ဘယ်ပခုံးကို ဓားချက်တစ်ချက် ထိမှန်သွားပြန်သည်။

"ဟာ ... အတော်ပဲ၊ ညီတော် လုတယုံရဲ့ မျောက်ကလေး
အမြန်ခုန်ချပြီး ကိုက်စမ်း၊ အဲဒီလူဟာ မင်းသခင်ကို သတ်တဲ့လူပဲ"

လောင်းသက်လို့ စိတ်ချောက်ချားသွားရန် လင်းဟူစုန်းက
စိတ်ကူးတစ်ခုရပြီး ကောက်အော်လိုက်သည်။ လောင်းသက်လို့သည်
လုတယုံအား သတ်ပြီး ခရမ်းရောင်ခြည် အတွင်းအားကျင့်စဉ်ကို
ခိုးယူခဲ့သဖြင့် လင်းဟူစုန်း၏ စကားကို မယုံသော်လည်း ကြောက်
အားလန့်အားနှင့် နောက်ဘက်သို့ ဓားဖြင့်တစ်ချက် လှမ်းတွက်
လိုက်မိသည်။

ဤအချိန်အခါတွင် ယဉ်ယဉ်က ပိုက်ကွန်တွင်းမှ လက်လျှို
ပြီး ဓားတိုကို လောင်းသက်လို့ထံသို့ လက်ရှိန်အပြည့်ဖြင့်
ပစ်လွှတ်လိုက်သည်။ လောင်းသက်လို့သည် မိမိထံသို့ ရောက်ရှိ
လာသော ယဉ်ယဉ်၏ ဓားကို ငုံ့ရှောင်ပေးလိုက်သည်။ လောင်းသက်
လို့ ဓားအန္တရာယ်မှ ကင်းလွတ်သွားသည်။ သို့သော် လောင်းသက်
လို့၏ ခြေနှစ်ဖက်မှာ တင်းသွားပြီး မှောက်ထိုးလဲသွားသည်။
လင်းဟူစုန်းက ပိုက်ကွန်ကြိုးဖြင့် လောင်းသက်လို့၏ ခြေအစုံကို
လှမ်းပစ်၍ ရစ်ပတ်ဆွဲလိုက်သောကြောင့် ဖြစ်လေသည်။

"အမြန်သတ်စမ်း"

လင်းဟူစုန်းနှင့် ယဉ်ယဉ်က တစ်ပြိုင်နက် အော်ဟစ်သတိ ပေးလိုက်သည်။ ယိနင်သည် ယဲ့ပို့ချွင်အား သတ်ခဲ့ခြင်းအ လင်းဟူစုန်း သေမည်စိုးသောကြောင့် ထွေထွေထူးထူး စဉ်းစားခွင့ မရပဲ ဓားဖြင့်ထိုးခဲ့ခြင်း ဖြစ်သည်။ ယဲ့ပို့ချွင် သေပြီးကတည်းက ယိနင်၏ စိတ်သည် တုန်လှုပ်ချောက်ချားနေ၏။ ယခု လောင်းသက် လို့အား သတ်ရန် အခွင့်အရေးရသော်လည်း သတ်ရန်ရွံ့နေ၏ ယိနင်သည် တုံ့တုံ့ဆိုင်းဆိုင်းဖြင့် လောင်းသက်လို့၏ ဇက်ပိုးကို ဓားဖြင့် ခုတ်ချလိုက်သည်။ လောင်းသက်လို့က ရှောင်လိုက် သောကြောင့် ဦးတည်ချက်လွဲပြီး လောင်းသက်လို့၏ ပခုံးစောင် ရိုးကို ခုတ်မိသွားသည်။ လောင်းသက်လို့သည် ဓားမကိုင်နိုင်တော့ သဖြင့် တောင်အောက်သို့ ကမန်းကတန်း ပြေးဆင်းသွားလေသည်။

ရုတ်တရက် မရှောင်ကိုယ်တော်ကြီးနှင့် အဘွားကြီးသည် တောင်ကမ်းပါးမှ အပေါ်သို့ တက်ခဲ့ကြသည်။

"ဟဲ့ကောင် ... ငါ့သမီးကို နင်"

အဘွားကြီးက စကားဆုံးအောင် မပြောတော့ပဲ လောင်းသက် လို့၏ ပါးပြင်ကို လွဲရိုက်ချလိုက်သည်။

"သူ့ကို ဖမ်းထားလိုက်စမ်း"

"တိရစ္ဆာန်လေး နင် ဖမ်းခိုင်းရင် ငါ လွှတ်ပေးလိုက်မယ်"

အဘွားကြီးက ပြောပြောဆိုဆို ကိုယ်ကို တိမ်းပေးလိုက် သောကြောင့် လောင်းသက်လို့သည် တောင်အောက်သို့ ဆက်ပြေး ဆင်းသွားလေသည်။

"ဟင်း ... ဆော့စရာနေရာရှားလို့ ပိုက်ကွန်ထဲဝင်ပြီး ဆော့ ရသတဲ့လား ဟား ... ဟား ... ဟား"

မရှောင်ကိုယ်တော်ကြီးက လင်းဟူစုန်းနှင့် ယဉ်ယဉ်ကို ကြည့်ပြီး တဟားဟား ရယ်မောသည်။

"ဖေဖေ အစ်ကိုကြီး လင်းဟူစုန်းတို့ကို ပိုက်ကွန်ကြီး ဖြေပေးလိုက်ပါ ဖေဖေ"

"နေဦး ဒီတိရစ္ဆာန်လေးနဲ့ ငါနဲ့ စာရင်းရှင်းလို့ မပြီးသေးဘူး၊ လွှတ်ပေးလို့ မဖြစ်ဘူး"

အဘွားကြီးက ပြောလိုက်သည်။ လင်းဟူစုန်းက အားရပါးရ ရယ်လိုက်ပြီး ...

"ခင်ဗျားတို့ လင်မယားကို ခုတင်ပေါ်အရောက် ထမ်းမတင် ဖေးရံတမယ်ပဲ ရှိတယ်၊ ဒီကျေးဇူးကို ထည့်မစဉ်းစားတော့ဘူးလား"

အဘွားကြီးက လင်းဟူစုန်း နောက်ပြောင်ပြောလိုက်သည့် စကားကြောင့် ရှက်ရမ်းရမ်းပြီး လင်းဟူစုန်းကို ခြေဖြင့်လှမ်းကန် လိုက်သည်။

"အေး ... အဲဒါကျေးဇူးတင်လို့ ကျေးဇူးဆပ်တာ"

"နတ်မင်းသားခြောက်ပါး အမြန်လာကယ်ပါဦး"

လင်းဟူစုန်း၏ အော်ဟစ်သံကြောင့် အဘွားကြီးသည်ပျာယာ ခတ်သွားပြီး နောက်သို့ပြန်ကြည့်သည်။ အဘွားကြီးသည် နတ်မင်း သားခြောက်ပါးကိုမူ အလွန်ရွံ့ကြောက်ပုံရသည်။ အဘွားကြီးသည် နတ်မင်းသားခြောက်ပါးကို သစ်တောတစ်ခုတွင် အမှတ်မထင်ဆုံ မိပြီး နတ်မင်းသားခြောက်ပါး၏ အကြောင်းကို ကောင်းကောင်း သိသွား၏။ ထိုအဖြစ်ကို လင်းဟူစုန်းသိ၍ ခြောက်လှန့်လိုက်သည်။

လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ ပိုက်ကွန်အပြင်သို့ ထွက်လာ သည့်အချိန်ထိ အဘွားကြီးသည် လင်းဟူစုန်းအား ရန်ငြိုးမပြေ သေးချေ။

"ငါ ဂုာစမ်းတောင်မှာ ငယ်ရာကကြီးလာတာ ဟင်စမ်းအဖွဲ့သူတွေကို ဘယ်နေရာက ဘယ်ဂူမှာ ချုပ်တယ်ဆိုတာ ငါတောင် စဉ်းစားလို့မရဘူး၊ မရှောင်မဖြစ် ထျန်းပက်ကွမ်းက ဘယ်လိုကြောင့် သိနိုင်လဲမသိဘူး"

လင်းဟူစုန်းသည် မရှင်းလင်းသည့် အချက်ကိုမေးရန် ထျန်းပက်ကွမ်းအား ခပ်လှမ်းလှမ်းသို့ လက်တို့ခေါ်သွား၏။

"တပည့်တော်က ဟင်စမ်းတောင်မှာ ကြီးပြင်းလာခဲ့တယ်၊ ဒါပေမဲ့ ကိုယ်တော့်လောက်တောင် အသုံးမကျ ဖြစ်နေတယ်၊ ဟင်စမ်း အဖွဲ့သူတွေကို ချုပ်နှောင်တဲ့ လျှို့ဝှက်လိုဏ်ဂူကို ကိုယ်တော် သိတာတော့ ချီးမွမ်းဖို့ကောင်းနေပြီ"

မရှောင်မဖြစ် ကိုယ်တော်၏ မျက်နှာသည် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။

"ဒါကတော့ အင်း ... ဒါကတော့ မပြောသင့်လို့ မပြောတာပဲ ကောင်းပါတယ်"

"ကိုယ်တော်နဲ့ တပည့်တော်ကြားမှာ အာမများ လျှို့ဝှက်စရာအကြောင်း ရှိသေးလို့လား"

"ငါပြောရင် အပြစ်မတင်နဲ့နော်"

"ပြောသာပြောစမ်းပါ ဟင်စမ်းအဖွဲ့သူ လေဉီးကို ကယ်တင်ပေးခဲ့တဲ့ကျေးဇူးက မသေးပါဘူး"

"မင်း သိတဲ့အတိုင်းပါပဲ၊ ငါက ဟိုဘက်မှာ တော်တော်ထူးချွန်တယ် မဟုတ်လား၊ ပါရမီလို့ပဲ ပြောရမလား မသိဘူး"

"အင်းလေ မုဆိုးတောကျွမ်းဆိုတဲ့ စကားလည်းရှိသားပဲ၊ ကိုယ်တော်ရဲ့ မကောင်းတဲ့ အရည်အသွေးက ဒီလိုနေရာမျိုးကျတော့လည်း ကောင်းကျိုး အပြုသားပဲ"

"အချင်းချင်းတွေပဲကွာ"

"တော် ... ရှင်ဝင်ပြီး လျှာမရှည်နဲ့"

အဘွားကြီးက မရှောင်ကိုယ်တော်ကြီးကို ဟန့်လိုက်သောကြောင့် မရှောင်ကိုယ်တော်ကြီး ငြိမ်သွားသည်။

"ညီမလေး အချိန်မီ ရောက်လာလို့သာပေါ့၊ ညီမလေးက ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ"

ယဉ်ယဉ်က ယိနင်၏ လက်ကိုဆုပ်ကိုင်ပြီး မေးသည်။

"ကျွန်မနဲ့ အစ်မတော်တွေ သူ့ရဲ့ လုပ်ကြံမှုကြောင့် ဖမ်းဆီးခံရတယ်၊ ကျွန်မနဲ့ အစ်မတော်သုံးယောက်ကို ဂူတစ်ဂူထဲမှာ ပိတ်ထားတုန်း ဖေဖေနဲ့မေမေ ရောက်လာပြီး ကယ်လို့ လွတ်လာခဲ့တာပါ၊ မရှောင်မဖြစ် ကိုယ်တော်လည်း လမ်းခွဲပြီး အစ်မတော်တွေကို ဝိုင်းရှာနေကြတယ်၊ ကျွန်မကတော့ အစ်ကိုကြီး လင်းဟူစုန်းရဲ့ အသံကိုကြားလို့ တောင်ပေါ်ကို ပြေးတက်လာခဲ့တာပါ"

ယိနင်က ယဲ့ပို့ချွင်၏အလောင်းကို တစ်ချက်ကြည့်သည်။

"စောစောက ထွက်သွားတဲ့ ဝတ်စုံဝါနဲ့လူဟာ တကယ့်လူဆိုး မကျေနပ်နိုင်ဘူး"

လင်းဟူစုန်းသည် ပြောပြောဆိုဆို လောင်းသက်လို့နောက်သို့ ပြေးလိုက်သွား၏။ ကျန်လူများသည်လည်း လင်းဟူစုန်းနောက်သို့ ပြေးလိုက်သွားကြသည်။

တောင်အောက်ဆင်း လမ်းကျဉ်းလေးတွင် လင်းဟူစုန်းသည် မရှောင်မဖြစ် ကိုယ်တော်နှင့် ပက်ပင်းတိုးသည်။ ထျန်းပက်ကွမ်းနှင့် အတူ ယိချိန်းနှင့် ဟင်စမ်း တပည့်မနှစ်ဦးကိုလည်း တွေ့ရ၏။ အားရဝမ်းသာစွာ နှုတ်ဆက်လိုက်သည်။ လင်းဟူစုန်း တစ်စုံတစ်ခုကို တွေးမိလိုက်သည်။

လင်းဟူစုန်းသည် ဆရာယဲ့ပို့ချင် ဤမျှ ရက်စက်ယုတ်မာလိမ့်မည်ဟု မထင်မိခဲ့ချေ။

"မရှောင်မဖြစ်ကိုယ်တော်ရဲ့ ပညာက တကယ့်ကို အစွမ်းအစဆက်မြက်ပါပေတယ်၊ အပေါက်ပိတ်ပြီး လှောင်ထားတာတောင် အနုံခံနိုင်တယ်ဆိုတော့ တကယ့် အထွတ်အထိပ်ကျတဲ့ အနုံခံပညာရပ်ပါပဲ"

"တော်သေးတာပေါ့ ပိတ်လှောင်ခံရတဲ့ လူတွေထဲမှာ ရသေ့မတွေချည်းပဲ မဟုတ်ပဲ လူဝတ်နဲ့ ကြီးတော်၊ အဒေါ်တွေ ပါတာသိပ်ကံကောင်းတယ်မှတ်"

မရှောင်မဖြစ် ကိုယ်တော်၏ စကားကြောင့် လင်းဟူစုန်း အံ့အားသင့်သွား၏။

"ဘာလဲ ကြီးတော် အဒေါ်ဆိုတာက၊ သြော် ... ဟုတ်သားပဲ ကိုယ်တော်က ညီမလေး ယိနင်ရဲ့ တပည့်ဆိုတော့ အင်းကြီးတော် အဒေါ်၊ ဒါပေမဲ့ ရသေ့ဝတ်နဲ့ သာမန် လူဝတ်ဝတ်တဲ့ လူက ဘယ်လိုကွာခြားလို့လဲ ကိုယ်တော်"

"အဟမ်း ... ဒါကတော့ ရှင်းပါတယ်၊ ရသေ့မဆိုတော့ အမွေးနုံသာ ဘယ်လိမ်းမလဲ၊ လူဝတ်နဲ့ ဟင်စမ်းအဖွဲ့ ကြီးတော် အဒေါ်တွေက အမွေးနုံသာလိမ်းတော့ အနုံခံတဲ့နေရာမှာ အများကြီး လွယ်တယ်"

မရှောင်မဖြစ်ကိုယ်တော် ရှင်းပြလိုက်တော့ လင်းဟူစုန်း သဘောပေါက်သွားသည်။

"ဒါနဲ့ မရှောင်မဖြစ်ကိုယ်တော် သန့်စင်တော် တောင်ထိပ်ကို လာတုန်းက ရထားတဲ့ဒဏ်ရာ ဘယ်လိုပျောက်သွားတာလဲ"

"ဒီအနီးတစ်ဝိုက်မှာ မင်းတို့ ဟင်စမ်းတပည့်မတွေ ရှိသေးတယ် ထင်တာပဲ"

ထျန်းပက်ကွမ်းသည် ပြောရင်းဆိုရင်း လေကို ပြင်းပြင်းရှူသွင်းကာ အနုံခံကြည့်ပြန်သည်။

"ဟုတ်တယ် မလွဲဘူး၊ ဒီနားလေးတင်ပဲ ရှိရမယ်"

မရှောင်မဖြစ်ကိုယ်တော် ထျန်းပက်ကွမ်းသည် တောင်ခြေကျောကလေးအတိုင်း ဆင်းသွားပြီး မိမိ အထူးကျွမ်းကျင်သော ပညာရပ်ကို အသုံးပြု၍ အနုံခံကြည့်သည်။ တခဏအကြာတွင် ဝမ်းသာအားရ အော်ပြောမိသည်။

"ဟောဒို့ အနားမှာပဲ"

မရှောင်မဖြစ်ကိုယ်တော်က ကျောက်တုံးများ ပုံထားရာသို့ လက်ညှိုးထိုးပြသည်။ အချိန်တစ်ရာကျော်လေးမည့် ကျောက်တုံးကြီး ဆယ်တုံးကျော် ပုံထားသည်ကို တွေ့ကြရသည်။ ကျောက်တုံးကြီး ဆယ်တုံးကျော်ကို ဖယ်ရှားလိုက်သောအခါ ကျောက်ပြားဝိုင်းကြီး တစ်ပြားကို တွေ့ကြရ၏။ ထိုကျောက်ပြားဝိုင်းကြီးကို ဖယ်ရှားလိုက်သည်နှင့် အပေါက်ကြီးတစ်ပေါက်ကို မြင်ရသည်။ ဟင်စမ်းအဖွဲ့သူများအား စုပြုံဖမ်းချုပ်ထားသည်ကို မြင်ရ၏။

ယိချိန်းသည် အပြင်သို့ လွှားခနဲ ခုန်တက်လာပြီး ဟင်စမ်းအဖွဲ့သူများအား တစ်ယောက်ပြီးတစ်ယောက် အပေါ်သို့ တင်ပေးကြသည်။ ဟင်စမ်း အဖွဲ့သူများသည် မှေးမျောနေကြ၏။ ယိဟို၊ စင့်ဝေါ်နှင့် ချင်းကျွမ်းတို့ အပါအဝင် ဟင်စမ်း တပည့်မသုံးဆယ်ကျော် ကယ်တင်နိုင်ခဲ့သည်။ အကယ်၍ ယခုအတိုင်း ဆက်လက် ပိတ်လှောင်ထားပါက သေဆုံးကြကုန်မည်မှာ သေချာပေသည်။

အော်ဟစ်သံများသည် အနည်းဆုံး လူနှစ်ထောင်ကျော် သုံးထောင်ခန့် ရှိမည်။ တောင်တန်းတစ်ခုလုံး တုန်လှုပ်သွားသလို ဖြစ်သွား၏။ အော်ဟစ်သံများ ရပ်စဲသွားပြီးနောက် အတန်ကြာ ဘိတ်ဆိတ်သွားပြန်၏။ ပြီးနောက် တစ်ယောက်တည်း အော်ဟစ်ပြောဆိုသံကို ကြားလိုက်ရပြန်သည်။

"လူသတ္တဝါဝေနေယျ အကျိုးအတွက် သူရိန်မျက်နှာမူ ဂိုဏ်းချုပ်ကြီး အမိန့်တော်၊ တောင်ငါးလုံးဂိုဏ်းချုပ်နဲ့ တပည့်ငယ်သားတွေ နေမူတောင်ထိပ်မှာ လာရောက်စုရုံးကြရမယ်"

ဤအတိုင်း သုံးကြိမ်တိုင်တိုင် အော်ပြီးနောက် ...

"တစ်ဆယ့်ရှစ်ဆောင်ရှင်တွေက မိမိတို့ အဖွဲ့သားတွေကို ဦးစီးပြီး တောင်ထိပ်မှာ စစ်ဆေးကြရမယ်၊ အရေးကြီးတဲ့ လမ်းကြောင်းတွေကို စောင့်ကြပ်ရမည်၊ တစ်ဦးတစ်ယောက်မှ လွတ်ထွက်မပြေးစေရ၊ အမိန့်မနာခံသူ အသေသတ်စေ၊ သူရိန်မျက်နှာမူ ဂိုဏ်းချုပ်ကြီး အမိန့်တော်"

လင်းဟူစုန်းက ရင်ခုန်စွာ စဉ်းစားမိသည်။

"သူက ယဉ်ယဉ်ဦ အဖေဆိုတော့ ငါက ယဉ်ယဉ်နဲ့ လက်ထပ်မှာမို့ သွားတွေ့မှဖြစ်မယ်"

လင်းဟူစုန်းသည် ယိဟိုနှင့် ယိချိန်းတို့ကို လှည့်ပြောသည်။

"ညီမတော်တွေ အစ်မတော်တွေ အများကြီး ကျန်သေးတယ်၊ မရောင်မဖြစ် ကိုယ်တော်ကို လမ်းပြအဖြစ် ခေါ်သွားပြီး သွားရှာဖွေကြပါ၊ ဂိုဏ်းချုပ်လင့်ဝေါစိမ်က ဝါးစိမ်းနတ်ဒေဝီရဲ့ အဖေဆိုတော့တို့ ဟင်စမ်းအဖွဲ့ကို ဘာပဲပြောပြော ဒုက္ခပေးမှာ မဟုတ်ဘူး၊ ညီမတော်၊ အစ်မတော်တွေကို ကယ်ဆယ်ပြီးသွားရင် နေမူတောင်ထိပ်ကိုတက်လာခဲ့ကြပါ၊ ငါနဲ့ ဝါးစိမ်းနတ်ဒေဝီ အရင်သွားနှင့်မယ်"

"အင့် ... ဟိုတစ်ခါ ငါပြောခဲ့တဲ့ ရုက်ဖို့ကောင်းတဲ့အဖြစ်နဲ့ ပတ်သက်နေတာပေါ့၊ ငါ မရောင်မဖြစ်ဘွဲ့ကို လက်ခံပြီး ဘုန်းကြီးဝတ်လိုက်တယ် မဟုတ်လား၊ ဘုန်းကြီးဝတ်ပြီးမှ မရောင်ကိုယ်တော်က ငါ့ကို ဖြေဆေးပေးတယ်၊ ဒဏ်ရာကို ဆေးထည့်ပေးပြီး သူကိုယ်တိုင် ကုသပေးလို့ ပြန်ကောင်းသွားတာ"

ဟင်စမ်း တပည့်မများအား ရေအေးဖြင့် ပက်ဖျန်းပေးသည်။ ရေများ တိုက်ကွေးပြုစုကြသည်။

ရုတ်တရက် ခရသင်းမှုတ်သံနှင့် ဗုံသံများကို ကြားလိုက်ရသည်။ ထောင်ပေါင်းများစွာသော စစ်သည်တော်များ စစ်ချီသည့် အသံမျိုးဖြစ်၏။ လင်းဟူစုန်း မတွေးတတ်အောင် အံ့အားသင့်နေစဉ် အတွင်း ယဉ်ယဉ်သည် လင်းဟူစုန်း အနီးသို့ တိုးကပ်သွားပြီး လေသံတိုးတိုးဖြင့် ...

"အစ်ကို ကျွန်မ ဖေဖေ ရောက်လာပြီ"

ယဉ်ယဉ်၌ စကားကြောင့် လင်းဟူစုန်း အံ့အားသင့်နေပြန်သည်။

"သူရိန်မျက်နှာမူဂိုဏ်းချုပ်ကြီး လူသတ္တဝါဝေနေယျကို ကယ်တင်ဖို့ ကြွရောက်လာပြီ"

အတွင်းအား နက်ရှိုင်းသူများ ဖြစ်သောကြောင့် အော်ဟစ်သံသည် ပဲ့တင်ဟီးသွားသည်။ အတန်ကြာ တိတ်ဆိတ်သွားပြီးနောက် လူပေါင်းများစွာ၏ အော်ဟစ်သံ ပြန်လည် ထွက်ပေါ်လာပြန်၏။

"သူရိန်မျက်နှာမူဂိုဏ်းကြီး အစွန့်ရှည်ကြာပါစေ၊ ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပြီး ဘုန်းမီးနေလ တောက်ပပါစေ၊ သိုင်းလောကတစ်ခွင်တွင် ကောင်းကျိုးပြုနိုင်ပါစေ"

"ငါ မရှင်းတာက ငါ့ဆရာ ဘာဖြစ်လို့ ဟင်စမ်း အဖွဲ့သူ
ကွေကို တပင်တပန်း ခေါ်ဆောင်ပြီး ဝှာစမ်း တက်သွားရတာလဲ၊
အချက်ကို ငါ လုံးဝမရှင်းဘူး၊ တကယ်လို့ သူ သုတ်သင်ပစ်
ခံရင် ဟင်စမ်းတောင်မှာတင် ဖြစ်တာပဲ"

"ကျွန်မ တွက်လို့ရတာကတော့ အစ်ကို့ကို ထောင်ဖမ်း
လိုပဲ၊ ဒါမှ အာရုံကြောဖျက် ဆေးလုံးရဲ့ဖြေဆေး ဖော်စပ်နည်းကို
သူ ရနိုင်မှာကိုး၊ ဒါကြောင့် ဟင်စမ်း အဖွဲ့သူတွေကို ဖမ်းထားပြီး
အစ်ကို့ကို သူ အကြပ်ကိုင်မယ်၊ ဒီတော့ ကျွန်မက မလွဲမရှောင်သာ
ရတော့မယ်၊ သူ့ အဓိက ရည်ရွယ်ချက်ကတော့ အာရုံကြောဖျက်
ဆေးရဲ့ ဖြေဆေးဖော်စပ်နည်းလို့ပဲ ထင်တယ်"

လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် စကားတပြောပြောနှင့်
လာခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် သူရိန်မျက်နှာမူ ဂိုဏ်းသား
များက ယဉ်ယဉ်နှင့် လင်းဟူစုန်းကို တွေ့ရသောအခါ ဂါရဝပြု
ကြသည်။ အချက်ပြ အလံများဖြင့် တစ်ဆင့်တစ်ဆင့် ဆက်သွယ်
သတင်းပို့၏။ တောင်အောက်မှ တောင်ထိပ်အထိ လူနှစ်ထောင်ခန့်
စောင့်ကြပ်နေ၏။

တောင်ငါးလုံး၏ အထွတ်အထိပ်ပုဂ္ဂိုလ်များ သေဆုံးခြင်း
ရှိခဲ့လျှင်လည်း ဤမျှ များပြားသော သူရိန်မျက်နှာမူ ဂိုဏ်းသား
များကို ခုခံနိုင်မည်မဟုတ်။

လင့်ဝေါစိမ်က တောင်ငါးလုံးအဖွဲ့သားများအား သုတ်သင်
သည်ဆိုပါက မိမိက ပြန်လည် တိုက်ခိုက်ရတော့မည်ဟု လင်းဟူစုန်း
ဆင်ကူးထားသည်။

ယဉ်ယဉ်လည်း ဖခင်နှင့် ချစ်သူကြားတွင် ပြဿနာဖြစ်ခဲ့
က မည်သို့ဖြေရှင်းရမည်ကို စဉ်းစားအဖြေရှာနေသည်။

ယိနင်၊ ယိဟိုနှင့် ယိချိန်းတို့ တစ်တွေသည် ထျန်းပက်
ကွမ်း၏ နောက်သို့ လိုက်သွားကြ၏။

လင်းဟူစုန်းနှင့် ယဉ်ယဉ်က ဝှာစမ်း တောင်ထိပ်တွင်ရှိ
သော နေမူတောင်ထိပ်သို့ ထွက်လာခဲ့ကြသည်။

"နင့်အဖေက တောင်ငါးလုံး အဖွဲ့သားတွေကို နေမူတောင်
ထိပ်မှာ စုရုံးခိုင်းထားတာက တောင်ငါးလုံး အဖွဲ့သားတွေအားလုံး
ဝှာစမ်းတောင်ကို ရောက်ရှိနေလို့လား"

"တောင်ငါးလုံး ဂိုဏ်းချုပ်တွေရဲ့အဖြစ်က အစ်ကို့ မျက်မြင်ပဲ
မဟုတ်လား၊ ယဲ့ပို့ချွင် မရှိတော့ဘူး၊ ထိုက်စမ်း အဖွဲ့မှာလည်း
ဂိုဏ်းချုပ် မတင်မြောက်ရသေးဘူး၊ တောင်ငါးလုံးအဖွဲ့မှာ ဂိုဏ်းချုပ်
ဆိုလို့ အစ်ကို တစ်ယောက်ပဲ ရှိတော့တဲ့ဥစ္စာ"

"အေးလေ ဟင်စမ်း အဖွဲ့သူတွေကလည်း နည်းနည်းလေးပဲ
ရှိတော့တယ်၊ တောင်ငါးလုံးအဖွဲ့ရဲ့ အကျော်အမော် ပုဂ္ဂိုလ်တွေ
ဟာ မရှိတော့တာ အမှန်ပဲ"

"အစ်ကို ဖေဖေကို အခွင့်ကောင်းယူပြီး တောင်ငါးလုံးကို
မျိုးဖြုတ်မယ် ထင်နေလို့လား"

လင်းဟူစုန်းက ခေါင်းညိတ်ပြီး သက်ပြင်းချလိုက်သည်။

"တကယ်တော့ တိုက်ခိုက်စရာတောင် မလိုတော့ပါဘူး၊
တောင်ငါးလုံးဂိုဏ်းဆိုတာ ပြိုကွဲနေပါပြီ"

"အမှန်တော့ ကျွန်မ ဖေဖေလည်း တွက်ကိန်းရှိမှာပါ၊
တကယ့် အဖြစ်အပျက်အမှန်ကိုတော့ ကျိုလိန်းရှန်းနဲ့ ယဲ့ပို့ချွင်တို့
နှစ်ယောက်သား အသိဆုံးပဲ"

လင်းဟူစုန်းသည် စိတ်မချမ်းမြေ့စွာဖြင့် ခေါင်းညိတ်ရဲ့
ညိတ်လိုက်သည်။

လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ တောင်ထိပ်ပေါ် ရောက်ကာနီးတွင် ခရုသင်းမှုတ်သံနှင့် ဗျောက်အိုးဖောက်သံများ ကြားရသည်၊ ကြိုဆိုသည့် အထိမ်းအမှတ်ပင် ဖြစ်သည်။

"ယောကျ်ားမကြီးကတော့ သမက်လောင်းကို ကြိုဆိုနေပြီ"

ယဉ်ယဉ်သည် လင်းဟူစုန်းအား မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"သူရိန်နတ်ဒေဝီနဲ့ ညီတော် လင်းဟူစုန်းကို ဂိုဏ်းချုပ်ကြီး မျှော်နေတာကြာပြီ"

ခရမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိုးရာဇာ ရှုန်းဝံ့ထုန်းက လျှောက်လာပြီး လင်းဟူစုန်း၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်၍ တရင်းတနှီး နှုတ်ဆက်သည်။

"အစ်ကိုကြီး ရှုန်းဝံ့ထုန်း ကျန်းမာတယ်နော်၊ ကျွန်တော် အမြဲသတိရနေပါတယ်"

"ငါလည်း သစ်ကနက် တောင်ထိပ်ပေါ်ကနေ သိုင်းလောကနောင်တော်လေးရဲ့ ဂုဏ်ယူဝင်ကြွားစရာ သတင်းတွေကြားရတိုင်း မင်္ဂလာပွဲကျင်းပပြီး အရက်သောက်ခဲ့တာ အရက်စဉ့်အိုးကြီး ဆယ်အိုးတောင် ပြောင်သွားပြီ၊ ကဲ ... ဂိုဏ်းချုပ်ကြီးနဲ့သွားပြီး တွေ့လိုက်ပါဦး"

ရှုန်းဝံ့ထုန်းသည် ယဉ်ယဉ်နှင့် လင်းဟူစုန်းတို့ကို လက်ဆွဲ၍ ကျောက်တုံးကြီးများဖြင့် သဘာဝအတိုင်း တည်ဆောက်ထားသော တိုက်အိမ်ကြီး တစ်အိမ်ပမာရှိနေသည့် နေရာသို့ ခေါ်ဆောင်သွား၏။ သဘာဝ ကျောက်တိုက်ကြီး၏ အရှေ့ဘက်တွင် သဘာဝအတိုင်း ဖြစ်နေသော နတ်လက်ဝါးဟု အမည်တွင်သည့် ကျောက်လက်ဝါးကြီး ရှိသည်။ ကျောက်လက်ဝါးကြီး၏ လက်ချောင်းများသည်

အမြင့်ပေ သုံးဆယ်ခန့်ရှိသည်။ ထိုကျောက်လက်ဝါးကြီး၏ လက်ခလယ်ထိပ်တွင် ကျောက်ထိုင်ခုံတစ်လုံးရှိပြီး ထိုင်ခုံပေါ်တွင် ဂိုဏ်းချုပ်ကြီး လင့်ဝေါစိမ် ထိုင်နေသည်။

"ဖေဖေ"

ယဉ်ယဉ်က နတ်လက်ဝါးကြီးပေါ်သို့ မျှော်ကြည့်ရင်း ခေါ်လိုက်သည်။

"ကျွန်တော် လင်းဟူစုန်းက ဂိုဏ်းချုပ်ကြီးကို လာရောက်ဂါရဝပြုပါတယ်"

"ညီတော်လေး ရောက်လာတာ အတော်ပဲ၊ နေတတ်သလိုအားမနာပဲ သက်သောင့်သက်သာနေပါ၊ ကိုယ့်မိသားစုတွေပဲ၊ သိုင်းလောကရဲ့ လူစွမ်းကောင်းတွေကို ကြိုဆိုပြီးတော့မှ မိသားစုကိစ္စကို ပြောကြတာပေါ့"

လင်းဟူစုန်းသည် မိမိအား မိသားစုတွေဟု လင့်ဝေါစိမ်သုံးနှုန်းလိုက်ရုံမက မိသားစုကိစ္စကိုဟု ဆိုပြန်သောကြောင့် အလွန်ဒေါသဖြစ်မိသည်။

"ညီတော်လေး လင်းဟူစုန်း၊ ငါ လှမ်းခေါ်လိုက်တာနဲ့ ခင်း ချက်ချင်း ရောက်လာတာ သိပ်ကောင်းတယ်၊ ကျန်တဲ့ဂိုဏ်းလေးဂိုဏ်းက လူတွေကော မလာကြသေးပါလား"

လင့်ဝေါစိမ်၏ လေသံမှာ မကျေနပ်ကြောင်း ထင်ရှားပေါ်လွင်နေသည်။

"ကျွန်တော် ထပ်ပြီး အမိန့်ဆင့်လိုက်ပါ့မယ်"

ရှုန်းဝံ့ထုန်းက စကားဆုံးသည်နှင့် လက်ကိုဝှေ့ယမ်းလိုက်သည်။ အဘိုးအိုရှစ်ဦးသည် တောင်ထိပ် တောင်ကမ်းပါးတွင် ဘန်းစီပြီး တစ်ပြိုင်နက်တည်း အော်ပြောကြသည်။

"သူရိန်မျက်နှာမူဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီးက လူသတ်ဝါဝေနေယျတို့ရဲ့ ကောင်းကျိုးအတွက် အမိန့်တော်၊ ထိုက်စမ်းအဖွဲ့ ဌာစမ်းအဖွဲ့၊ စုန်းစမ်းအဖွဲ့ တို့က အဖွဲ့သူအဖွဲ့သား အပေါင်း နေမှ တောင်ထိပ်ကို အမြန်ဆုံး လာရောက်စုရုံးဖို့ ဆော်သြလိုက်တယ်။ နောင့်နှေးကြန့်ကြာခြင်း မရှိစေရ"

လူပေါင်းများစွာ တစ်ပြိုင်နက် အော်ဟစ်လိုက်ပြန်သည်။

"သူရိန်မျက်နှာမူဂိုဏ်းကြီး အခွန့်ရှည်ပါစေ၊ ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ၊ သိုင်းလောကတစ်ခွင်မှာ ဘုန်းမီးနေလ တောက်ပါစေ၊ သိုင်းလောကကို အခွန့်ရှည်ကြာစွာ ဦးဆောင်နိုင်ပါစေ"

လင့်ဝေါစိမ်က ပြောပြီး တစ်နေရာကို လက်ညှိုးညွှန်ပြရင်း လင်းဟူစုန်းကို ပြော၏။

"ဂိုဏ်းချုပ် လင်းဟူစုန်း၊ ဟိုမှာသွားထိုင်ပါ"

လင်းဟူစုန်း လှမ်းကြည့်လိုက်သောအခါ နတ်လက်ဓား၏ ညာဘက်မြေကွက်လပ်တွင် ထိုင်ခုံငါးလုံး ချထားသည်ကို တွေ့ရ၏။ ထိုင်ခုံငါးလုံးတွင် ကတ္တီပါခင်းထားပြီး အရောင်ခွဲခြားထားသည်။ အဝါ၊ အစိမ်း၊ အနီ၊ အဖြူ၊ အနက် အရောင်ငါးမျိုး ခွဲခြားထားပြီး ကတ္တီပါပေါ်တွင် တောင်ငါးလုံး တောင်ထိပ်ပုံကို ပန်းထိုးပြီး ဖော်ထား၏။ ကတ္တီပါ အနက်ရောင်ပေါ်တွင် အဖြူရောင်ဖြင့် ပန်းထိုးပြီး ဖော်ထားသည်က ဟင်စမ်း တောင်ထိပ်ပုံဖြစ်ပြီး အမြင့်ဆုံးသဘောမျိုး ဖော်ကျူးထားသည်။

စင်စစ် တောင်ငါးလုံးတွင် စုန်းစမ်းတောင်သည် အကြီးဆုံးဖြစ်ပြီး ဟင်စမ်းတောင်သည် အသေးဆုံးဖြစ်သည်။ သို့သော် ထိုင်ခုံစီထားသည့် အနေအထားကို ကြည့်လိုက်သောအခါ ဟင်စမ်းတောင်သည် ပထမနေရာတွင် ထားထားလျက်ရှိသည်။ ဤအပြုအမူသည် မိမိအား မြှင့်တင်ပြီး ကျိုလိန်းရှန်းကို နှိမ့်ချခြင်းဖြစ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် လင်းဟူစုန်းသည် ထွေထွေထူးထူး ဥဩစားမနေတော့ပဲ ဟင်စမ်းအဖွဲ့၏ ထိုင်ခုံတွင် သွားရောက်ထိုင်လိုက်သည်။

အဘိုးအို ရှစ်ဦးအား အော်ဟစ် ဆင့်ခေါ်ခိုင်းသော်လည်း အကြောင်းမထူးချေ။

"ဒီလောက်ကြာနေရင် ကိုယ့်လူတွေကို တက်ခိုင်းတော့"

အဘိုးအိုရှစ်ဦးက အော်ပြီးပြောပြန်သည်။

"သိုင်းလောကတစ်ခွင်က ကျွန်းရှင်၊ ဂူရှင်နှင့် ဂိုဏ်းအဖွဲ့အသီးသီးက အကြီးအကဲတွေ ဂိုဏ်းချုပ်ကို လာရောက်တွေ့ဆုံပါရစေဗျား"

"အမိန့်တော်အတိုင်းပါ ခင်ဗျား"

တောင်အောက်မှ ပြန်လည်ပြောဆိုသံကို ကြားရသောအခါ လင်းဟူစုန်းသည် ထိတ်လန့်သွားမိသည်။ ပြန်ထူးသည့်အသံမှာ သူနှစ်သောင်းကျော် သုံးသောင်းခန့်ရှိမည်ဟု ခန့်မှန်းရ၏။

မကြာမီအတွင်း ကျွန်းရှင်၊ ဂူရှင်၊ တောင်တန်းရှင်၊ ဂိုဏ်းချုပ်၊ ဓားပြဗိုလ် အစရှိသော သိုင်းလောကအဖွဲ့ ဂိုဏ်းအသီးသီးမှ ဦးဆောင်များ၊ အဖွဲ့သားများ ရောက်ရှိလာကြသည်။ သူရိန်မျက်နှာမူဂိုဏ်းမှ တပည့်များက တောင်ခါးပန်းတွင် စောင့်နေကြသည်။ လင်းဟူစုန်း ကြည့်လိုက်သောအခါ စုစုပေါင်းလူဦးရေသုံးထောင်ကျော်ခန့်ရှိမည်။ ယဉ်ယဉ်ကို ကြိုဆိုစဉ်က ရှောင်လင်ကျောင်းတော်သို့ သွားရာတွင် ပါဝင်ခဲ့ကြသည့် လန်းဟုန်ဟုမ်၊ ကျူးချန်းကျူး၊ အဘိုးကြီးနှင့် ညဇီးကွက်တို့လည်း ပါဝင်ကြသည်။

ရှုန်းဝဲထျန်း လက်တစ်ချက် ဒေ့ယမ်းလိုက်သည်နှင့် လူထုကြီးသည် ဒူးထောက်ထိုင်ချလိုက်ကြသည်။

"သိုင်းလောကရဲ့ နောင်လာနောက်သားတွေ လူသတ္တဝါတွေရဲ့ ကောင်းကျိုးကိုသယ်ပိုးတဲ့ သူရိန်မျက်နှာမူ ဂိုဏ်းချုပ်ကြီးက် ကန်တော့ပါတယ်၊ ဂိုဏ်းချုပ်ကြီး သိုင်းလောကတစ်ခွင်ကို အစွန့် ရှည်ကြာစွာ ဦးဆောင်နိုင်ပါစေ၊ ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော် ရှည်ပါစေ"

"ကဲ ... အားလုံး ပင်ပန်းလှပါတယ် ထကြစေ"

"ဂိုဏ်းချုပ်ကြီးကို ကျေးဇူးတင်ပါတယ်"

ဤမြင်ကွင်းကိုကြည့်ပြီး လင်းဟူစုန်း စိတ်ပျက်သွားမိသည်။

"လင့်ဝေါစိမ်လည်း တုန်းဂမ်းပုပိုက် အတိုင်းပါပဲလား သိုင်းသမားတွေရဲ့မာန်ကို ချိုးနှိမ်ပစ်ရာရောက်တယ် ဒါ ... မသင့်တော်ဘူး"

ဤသို့ တွေးတောနေခိုက် ရုတ်တရက် လင်းဟူစုန်းသည် ဝမ်းတွင်းမှ ပြင်းထန်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်၊ အလွန်နာကျင်ပြီး မျက်လုံးများ ပြာဝေသွား၏။ မိမိ လေ့ကျင့်ခဲ့သော သွေးကြောဖျက်သိုင်းပညာ၏ အတွင်းအား ချွတ်ချော်မှု ဖြစ်ကြောင်း လင်းဟူစုန်း သိလိုက်သည်။ သို့သော်လည်း မည်သို့မှ မတတ်နိုင်ချေ။

လင်းဟူစုန်းသည် ထိုင်ခုံလက်တန်းကိုကိုင်ကာ နှုတ်ခမ်းကို ခပ်တင်းတင်းစေ့၊ အသံမထွက်ပဲ ကြိတ်မှိတ်ခံစား၏။ လင်းဟူစုန် ဝေဒနာတစ်ရပ်ကို အပြင်းအထန်ခံစားနေရကြောင်း အားလုံးတွေ့ကြသည်။ ကျူးချန်းကျူးတို့ လူစုက အထူးကရဏာသက်စွာကြည့် နေကြသည်။ ယဉ်ယဉ်သည် လင်းဟူစုန်းအနီးသို့ရောက်ရှိလာ၏။

"အစ်ကို ကျွန်မ အစ်ကို့နားမှာ ရှိပါတယ်"

ယဉ်ယဉ်သည် လူပေါင်းများစွာ ရှေ့မှောက်တွင် ဖြစ်နေသောကြောင့် လင်းဟူစုန်းအား ကိုယ်ဖိရင်ဖိပြုစုရန် အခက်ကြုံနေလေသည်။

"ဂိုဏ်းချုပ်ကြီးကို တင်ပြပါတယ်၊ ဟင်စမ်းအဖွဲ့ရဲ့ တပည့်တွေ ရောက်ရှိခဲ့ကြပါပြီ"

မရှောင်ကိုယ်တော်ကြီး၊ ယိနင်၊ အဘွားကြီးနှင့် ထျန်းပက်ကွမ်းတို့လည်း ဟင်စမ်း အဖွဲ့သူများ၏ နောက်မှ လိုက်ပါခဲ့ကြ၏။

"ကြွရောက်လာကြတဲ့ မိတ်ဆွေများ ခင်ဗျား၊ ဂိုဏ်းချုပ်ကြီးကို သွားရောက်တွေ့ဆုံပါ"

ယိချိန်းတို့ လူစုသည် လင်းဟူစုန်း ထိုင်ခုံတစ်လုံးတွင် ထိုင်နေသည်ကိုတွေ့ရ၍ နတ်လက်ဝါးရှေ့သို့ သွားရောက်၍ လူကြီးတစ်ယောက်အား ဂါရဝပြုသည့် သဘောမျိုးဖြင့် ဂါရဝပြုကြ၏။

"ဟင်စမ်းအဖွဲ့ရဲ့ နောင်လာနောက်သားများက ဂိုဏ်းချုပ်ကြီးကို လာရောက်တွေ့ဆုံပါတယ်"

"ဒူးထောက်ကန်တော့ကြ"

ဦးစီးတစ်ယောက်က လှမ်းအော်ပြောလိုက်၏။

"ကျွန်မတို့ တရားအားထုတ်ကျင့်ကြံခဲ့သူတွေ ဖြစ်ပါတယ်၊ ဘုရားနဲ့ ဆရာကိုသာ ကန်တော့ရိုးထုံးစံ ရှိပါတယ်၊ သာမန်လူကို ကန်တော့တဲ့ အစဉ်အလာ မရှိပါဘူး"

မရှောင်ကိုယ်တော်ကြီးက တဟားဟား ရယ်မောလိုက်သည်။

"ပြောတာသိပ်မှန်တယ် သိပ်သဘာဝကျတယ်"

ကုမ္ဘာဏ်ဂိုဏ်းက ပိုင်တဲ့တောင် မဟုတ်ဘူး၊ ကျုပ် လာချင်ရင် လာမယ်၊ ဆင်းချင်မှလည်း ဆင်းမယ်၊ ဂုတစမ်း အဖွဲ့ကလွဲပြီး ဘယ်သူမှ ကျုပ်ကို တားဆီးပိုင်ခွင့်၊ နှင်ချပိုင်ခွင့် မရှိဘူး"

ကုမ္ဘာဏ်ဂိုဏ်းဟူသော နာမည်ကို ရန်ငြိုးရန်စကြောင့် ကွယ်ရာတွင်သာ သုံးလေ့ရှိပြီး ယခုလို နေရာမျိုးတွင် အသုံးပြုရန် မသင့်ချေ။ သို့သော် မရှောင်ကိုယ်တော်ကြီးသည် လူဖြောင့်စိတ်တို့ဖြစ်သောကြောင့် သူရိန်မျက်နှာမူဂိုဏ်းသားများ မည်မျှများပြားသည်ဖြစ်စေ၊ အရေးမစိုက်နိုင်တော့ပဲ စိတ်ထဲမှရှိသည့်အတိုင်း ကုမ္ဘာဏ်ဂိုဏ်းဟူ၍သာ ခေါ်ဝေါ်သုံးစွဲလိုက်သည်။

ကုမ္ဘာဏ်ဂိုဏ်းဟု လူအများရှေ့တွင် ခေါ်ဝေါ်သုံးစွဲလိုက်သည့်အတွက် ရှန်းဝုံထျန်း အလွန်ဒေါသထွက်သွားသည်။ သို့သော် လင်းဟူစုန်းနှင့် ပတ်သက်နေသဖြင့် ဒေါသကိုထိန်းချုပ်ပြီး ...

"ညီတော် လင်းဟူစုန်း၊ ဒီလူကြီးက ဟင်စမ်းအဖွဲ့နဲ့ ဘယ်လိုပတ်သက်မှုရှိလဲ"

လင်းဟူစုန်းသည် ဝမ်းဗိုက်နှင့်ရင်တွင်း၌ ပြင်းထန်သော ဝေဒနာကို ခံစားနေရသောကြောင့် ရှန်းဝုံထျန်း၏ မေးခွန်းကို ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်ခြင်း မရှိပေ။

"ဒီမရှောင် ... ဒီမရှောင်"

ကုမ္ဘာဏ်ဂိုဏ်းဟု သူရိန်မျက်နှာမူဂိုဏ်းသားများ ရှေ့မှောက်တွင် ခေါ်ဝေါ်သုံးစွဲခဲ့သောကြောင့် မရှောင်ကိုယ်တော်ကြီးအား ရှန်းဝုံထျန်းက သုတ်သင်ရှင်းလင်း ပစ်ချင်နေသည်။

"ဒီကိုယ်တော်ကြီးကို ကွပ်မျက်ပစ်လိုက်ကြ"

"အမိန့်တော်အတိုင်းပါ"

ဦးစီးရှစ်ယောက်က ပြန်ပြောလိုက်သည်။

"ကိုယ်တော်ကြီးက ဘယ်အဖွဲ့ကလဲ၊ ဒီမှာ ဘာလာလုပ်တာလဲ"

ရှန်းဝုံထျန်းက ဒေါသတကြီး လှမ်းမေးလိုက်၏။ ရှန်းဝုံထျန်းသည် လိမ္မာပါးနပ်စွာ မြားဦးကို တခြားဘက်သို့ လှည့်လိုက်သည်။

"ကျုပ်က ကျောင်းကြီးလက်ခါ၊ ကျောင်းငယ် လက်မခံတဲ့ မရှောင်ကိုယ်တော်ကြီးပဲ၊ ဘယ်အဖွဲ့ ဘယ်ဂိုဏ်းဝင်မှ မဟုတ်ဘူး ဒီမှာ လူစည်ကားတယ်လို့ ကြားရတာနဲ့ လာကြည့်တာပဲ"

"ဒီနေ့ သူရိန်မျက်နှာမူဂိုဏ်းက တောင်ငါးလုံးအဖွဲ့နဲ့ တွေ့ဆုံဖို့ပဲ ဖြစ်တယ်၊ မဆီမဆိုင်တဲ့လူက ဝင်စွက်ဖို့အကြောင်း မရှိဘူး၊ ပြန်ဆင်းသွားပါ"

မရှောင်ကိုယ်တော်ကြီးသည် ဟင်စမ်းအဖွဲ့နှင့် ရောယောင်လိုက်ပါလာခြင်း ဖြစ်သောကြောင့် ရှန်းဝုံထျန်းသည် လင်းဟူစုန်း၏ မျက်နှာကို ထောက်ထားပြီး သက်သက်ညှာညှာ ပြောဆိုသည်။

ယိချိန်းက အသံကျယ်လောင်စွာဖြင့် အော်ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီးဟာ သာမန်လူသား မဟုတ်ဘူး နေနတ်ဘုရားပဲ"

ယိချိန်းသည် လင်းဟူစုန်းအား လှမ်းကြည့်လိုက်သည်။ လင်းဟူစုန်းက ယိချိန်းကို ခေါင်းပြန်ခါပြလိုက်၏။

"သတ်ချင်သတ်၊ ဟင်စမ်း တပည့်မတွေက ရိုးရိုးလူကို ဦးခိုက်ကန်တော့ရိုး ထုံးစံမရှိပါဘူး"

မရှောင်ကိုယ်တော်ကြီးက တဟားဟား ရယ်မောလိုက်သည်။

"နေမူတောင်ဆိတာ ဂုတစမ်းတောင် သုံးလုံးထဲကတစ်လုံးပဲ၊

"အရှက်မရှိကြတော့ဘူးလား"

အတွားကြီးက အော်ပြောပြီး မရှောင်ကိုယ်တော်ကြီးနှင့် ကျောချင်းကပ်ထားလိုက်ပြီး ဦးစီးရှစ်ဦးကို ယှဉ်ပြိုင်တိုက်ခိုက်တော့သည်။ ဦးစီးရှစ်ဦး၏ သိုင်းပညာက မရှောင်ကိုယ်တော်ကြီးတို့နှစ်ဦးနှင့် လက်ရည်တူလောက် ရှိသောကြောင့် လူအင်အားများသူက မကြာမီအတွင်း အရေးသာခဲ့၏။

ယိန်သည် စောစောက ဒဏ်ရာရထားသဖြင့် မကြာခင်တွင် မောပိုက်လာပြီး ခုခံနိုင်ရည် မရှိတော့ချေ။

လင်းဟူစုန်းသည် ခါးကုန်းပြီး ဘယ်လက်က ဗိုက်ကိုနှိပ်ထားရင်း ညာလက်က ဓားရှည်ကို ဆွဲထုတ်ကာ ...

"နေ ... နေကြဦး"

လင်းဟူစုန်းသည် လှမ်းအော်ရင်း ဓားရှည်ဖြင့် တစ်ကိုယ်တော် ဓားကိုးကွက်၏ ဓားကွက်ရှစ်ကွက်နှင့် တိုက်ခိုက်ထိုးနှက်လိုက်သည်။ ဦးစီးလေးယောက်သည် ရှောင်ဖယ်ထွက်သွားရ၏။ လင်းဟူစုန်းသည် နောက်ထပ် တစ်ကိုယ်တော် ဓားကိုးကွက်မှ ရှစ်ကွက်ကို ထပ်မံအသုံးပြုလိုက်သောအခါ ဓားဦးဓားဖျားများသည် ဦးစီးများ၏ သေကွင်းသေကွက်များကို ထိုးဝင်ရောက်ရှိသွားသဖြင့် ဦးစီးလေးဦးသည် မယှဉ်သာပဲ တိမ်းရှောင်ထွက်သွားပြန်သည်။

လင်းဟူစုန်းသည် အတွင်းအား ဖောက်ပြန်သည့်ဒဏ်ကြောင့် မြေပေါ်တွင် ငုတ်တုတ်ထိုင်ချလိုက်ပြီး လင့်ဝေါစိမ်ကို ပြောသည်။

"ဂိုဏ်းချုပ်ကြီး ကျွန်တော် ... ကျွန်တော့် မျက်နှာကို ထောက်ထားပြီး သူတို့ကို လွှတ် ... လွှတ်"

လင်းဟူစုန်းသည် စကားဆက်လက် မပြောနိုင်တော့ချေ။ လင်းဟူစုန်း၏ သွေးကြောဖျက်သိုင်းပညာ အတွင်းအားဖောက်ပြန်

နေမှန်း လင့်ဝေါစိမ်က မြင်ရုံနှင့်သိသည်။ သမီးဖြစ်သူသည် လောကတွင် လင်းဟူစုန်းမှ လင်းဟူစုန်း ဖြစ်နေသည်ကိုလည်း လင့်ဝေါစိမ် သဘောပေါက်သည်။ မိမိကိုယ်တိုင်လည်း လင်းဟူစုန်း၏ အစွမ်းအစကို သဘောကျပြီး သားယောကျ်ားလည်း မထွန်းကားသောကြောင့် သမက်တော်ချင်စိတ် ပြင်းပြလျက်ရှိသည်။ ထို့ကြောင့် အကြောင်းကြောင်းကိုထောက်၍ လင့်ဝေါစိမ် ခေါင်းညိတ်လိုက်၏။

"ဂိုဏ်းချုပ် လင်းဟူစုန်း တောင်းဆိုတော့လည်း တစ်နည်းတစ်ဖုံ လိုက်လျောပြီး ခွင့်လွှတ်လိုက်ရတာပေါ့"

ရှန်းဝံ့ထျန်း၏ သွေးကြောပိတ်ခြင်းကို မတားဆီးနိုင်ပေ။ ဆက်လက်၍ မရှောင်မဖြစ် ကိုယ်တော်နှင့် ယိန်တို့ပါ သွေးကြောပိတ်ခံလိုက်ကြရသည်။

ဤအဖြစ်အပျက်ကို မြင်လိုက်ရသောကြောင့် လင်းဟူစုန်း ထိတ်လန့်သွားသည်။

"ရှန်း ... ရှန်း"

"ညီတော် လင်းဟူစုန်း၊ မင်း စိတ်ချလက်ချ နေစမ်းပါ၊ ဂိုဏ်းချုပ်ကြီးက တစ်နည်းတစ်ဖုံ လိုက်လျောပြီး ခွင့်လွှတ်ရတာပေါ့လို့ ပြောပြီးပြီပဲ"

ရှန်းဝံ့ထျန်းက လင်းဟူစုန်းကို ပြောပြီး တစ်ဖက်သို့လှည့်၍ ...

"လူရှစ်ယောက် လာခဲ့စမ်း"

ချက်ချင်းပင် ဂိုဏ်းသားရှစ်ယောက် ရောက်ရှိပြီး ရှန်းဝံ့ထျန်းအား ဦးညွှတ်ဂါရဝပြုကြသည်။

"ဘယ်လက်ရုံးကြီးရဲ့ အမိန့်ကို နာခံပါတယ်"

ထိုအခိုက် ဝတ်စုံဝါဝတ်ထားသော ဦးစီးတစ်ယောက်သည် ခေါ်လက်ဝါးရှေ့သို့ အပြေးအလွှားသွားကာ လင့်ဝေါစိမ်ကို ရဝမ်းပြုလိုက်သည်။

"ဂိုဏ်းချုပ်ကို တင်ပြပါတယ်၊ ကျွန်တော် ခုပဲ သန့်စင်တော်ဘောင်က ပြန်လာတာပါ၊ ဗာစမ်းရဲ့ သန့်စင်တော်တောင်ထိပ်က သိုဏ်ဂူထဲမှာ စုန်းစမ်း၊ ထိုက်စမ်း၊ ချံစမ်း အဖွဲ့သားတွေ ရာကျော်သေနေကြပါတယ်၊ အဖွဲ့တွေထဲက အကြီးအကဲတချို့လည်း ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပုံရပါတယ်၊ ချံစမ်းအဖွဲ့က ဆရာကြီးမိုးရဲ့ အလောင်းကိုလည်း တွေ့ခဲ့ရပါတယ်"

"ဩော် ... ချံစမ်းအဖွဲ့က ဆရာကြီးမိုးလည်း ကွယ်လွန်နေပြီကိုး၊ မင်း လူကြည့်မမှားပါဘူးနော်"

"မမှားနိုင်ပါဘူး ထိုက်စမ်းအဖွဲ့က ရသေ့ ယဲစမ်းကျည်နဲ့ ယဲကျုံးကျည်တို့ရဲ့ ရုပ်ကလာပ်လည်း တွေ့ခဲ့ပါတယ်"

လင့်ဝေါစိမ်သည် စိတ်ထဲက အတော်ပင် မကျေမနပ် ဖြစ်သွားမိ၏။

"ဒါက ဘယ်လိုဖြစ်ပျက်တာလဲ"

"လိုဏ်ဂူအပြင်မှာလည်း အလောင်းတစ်လောင်း တွေ့ရပါသေးတယ်"

"ဘယ်သူ့အလောင်းလဲ"

"ကျွန်တော် စစ်ဆေးကြည့်တော့ ဗာစမ်းဂိုဏ်းချုပ် ယဲပို့ချင်ရဲ့ အလောင်းဖြစ်နေပါတယ်"

လင့်ဝေါစိမ်သည် ယဲပို့ချင် လူ့လောကတွင် မရှိတော့ပြီဟုကြားလိုက်ရသောအခါ ဦးနှောက်ထဲ၌ ရှုပ်ထွေးသွားတော့၏။

"ဘယ်သူသတ်တာလဲ"

"အမျိုးသားလေးယောက်၊ အမျိုးသမီးလေးယောက် လိုချင်တယ်"

ချက်ချင်းပင် အမျိုးသားလေးဦး ပြန်ထွက်သွားသည်၊ ထို့နောက် မရွေးမနှောင်း အဖွဲ့သူလေးဦး ရောက်ရှိခဲ့သည်။

"ဒီလေးယောက်က စကားပြောပုံမဟုတ်လို့ သတ်ပစ်ဖို့ကောင်းတယ်၊ ဒါပေမဲ့ ဂိုဏ်းချုပ်ကြီးက သဘောထားကြီးပြီး ဂိုဏ်းချုပ် လင်းဟူစုန်းရဲ့ မျက်နှာကိုလည်း ထောက်ထားတာကြောင့် အပြစ်ဒဏ် မပေးတော့ဘူး၊ ကဲ ... ကျောပိုးပြီး ဗောဒင်ခြေအရောက် ပို့လိုက်၊ တောင်ခြေရောက်မှ သွေးကြောကို ပြန်မွှင့်ပေး"

ရှန်းဝံ့ထျန်း၏ အမိန့်အတိုင်း သူရိန်မျက်နှာမူဂိုဏ်း အဖွဲ့သားရှစ်ဦးက မရှောင်ကိုယ်တော်ကြီးတို့ လေးဦးကို ကျောပိုးလိုက်ကြသည်။ ရှန်းဝံ့ထျန်းက အဖွဲ့သားများအနီးသို့ ချဉ်းကပ်ပြီး တီးတိုးမှာကြားသည်။

"ဒါက လင်းဟူစုန်းရဲ့ မိတ်ဆွေတွေ ဖြစ်တယ်၊ မိုက်မိုက်ကန်းကန်း မပြုကျင့်နဲ့"

မရှောင်တို့ လေးဦးအား ထိုရှစ်ယောက်က ကျောပိုးပြီး တောင်ခြေအောက်သို့ ဆင်းသွားကြ၏။

ယဉ်ယဉ်နှင့် လင်းဟူစုန်းသည် ရင်ထဲမှအလုံးကြီး ကျသွားတော့သည်။

"ညီတော်လေး သိပ်အခံရခက်နေသလား"

"ကျွန်တော် သက်သာသွားပါပြီ"

"တောင်ငါးလုံးအဖွဲ့ထဲမှာ ဟင်စမ်းအဖွဲ့သာလာပြီး ကျန်လေးဖွဲ့က ရောက်မလာဘူးဆိုတော့ တို့ သက်ညှာစရာအကြောင်း မရှိတော့ဘူး"

လင့်ဝေါစိမ်၏ အသံက အားလျော့စိတ်ပျက်သွားသည့် အသံမျိုးဖြစ်သည်။

ရှန်းဝံ့ထျန်းနှင့် ဦးစီးများသည် တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ သူရိန်မျက်နှာမူဂိုဏ်းသည် ဘစမ်းတောင်သို့ သွားခဲ့ခြင်းမှာ ကြီတင်ပြင်ဆင်ချက်နှင့် ကြီးမားသော ရည်မှန်းချက်ရှိသည်။ တောင်ငါးလုံးအဖွဲ့ကို အညံ့ခံခိုင်းပြီး သူရိန်မျက်နှာမူဂိုဏ်း၏ အရှိန်အဝါကို သိုင်းလောကတစ်ခွင်တွင် ကျော်ကြားစေဖို့ပင် ဖြစ်သည်။ သို့သော် ယခုကဲ့သို့ တောင်ငါးလုံးဂိုဏ်းချုပ်များနှင့် သိုင်းပညာမြင့်မားသည့် ပုဂ္ဂိုလ်များက အချင်းချင်း ပြန်တိုက်ခိုက်ရင်း သေဆုံးသွားကြပြီဟု သိရသဖြင့် သူရိန်မျက်နှာမူဂိုဏ်း မျှော်မှန်းထားသော ကြီးမားသည့်ရည်မှန်းချက်သို့ မရောက်ရှိနိုင်တော့ချေ။

လင့်ဝေါစိမ်သည် မှန်းချက်အတိုင်း ဖြစ်မလာသောကြောင့် တွေးလေလေ ဒေါသထွက်လေလေ ဖြစ်ခဲ့ရသည်။

"အဲဒီ မသေပဲကျန်ရှိတဲ့ ခွေးတိရစ္ဆာန်တွေကို တောင်ပေါ် ဆွဲခေါ်လာခဲ့စမ်း"

လင့်ဝေါစိမ်၏ အမိန့်အတိုင်း ဦးစီးများက ဆက်လက် သွန်ကြားလိုက်၏။

လင်းဟူစုန်း၏ အတွင်းအားဖောက်ပြန်မှု အခြေအနေသည် တဖြည်းဖြည်း ပြန်လည်တိုးတက် ကောင်းမွန်လာ၏။ လင်းဟူစုန်းသည် လင့်ဝေါစိမ် ပြောစကားများကို သဘောမကျဖြစ်မိသည်။

ထိုက်စမ်း၊ စုန်းစမ်းနှင့် ချံစမ်း အဖွဲ့ဝင်များသည်လည်း ဆယ်ဦးတွင် ကိုးဦးခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။ ခေါ်ဆောင်ခဲ့သော နှစ်ဆယ့်သုံးယောက်သည်လည်း ဒဏ်ရာအသီးသီး ရရှိထားပြီး

"ကျွန်တော် ရောက်သွားတဲ့အချိန်မှာ လိုဏ်ဂူအပြင်ဘက် တစ်ဝိုက်ကိုကြည့်လိုက်တော့ ဂုာစမ်းအဖွဲ့နဲ့ ထိုက်စမ်းအဖွဲ့သားတွေ တိုက်ခိုက်နေကြစာ တွေ့ပါတယ်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့က သူတို့ရဲ့ အကြီးအကဲကို လုပ်ကြံသတ်ဖြတ်တယ်လို့ အပြန်အလှန်စွပ်စွဲပြီး တိုက်ခိုက်နေကြတာ တွေ့ရပါတယ်၊ တော်တော်များများ သေကုန်ပြီး ဒဏ်ရာရကုန်ပါတယ်၊ ကျန်တဲ့လူတွေကိုတော့ ဖမ်းဆီးခေါ်ဆောင်ခဲ့ပါတယ်၊ တောင်ခြေအောက်မှာ ရှိပါတယ်၊ ဆက်လက်ဆောင်ရွက်ဖို့ ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို တောင်းခံပါတယ်"

"ယဲ့ပို့ချွင်ကို ထိုက်စမ်းအဖွဲ့ကသတ်တာ မဖြစ်နိုင်ဘူး၊ ထိုက်စမ်းအဖွဲ့မှာ ယဲ့ပို့ချွင်ကို သတ်နိုင်တဲ့လူ တစ်ယောက်မှ မရှိဘူး"

လင့်ဝေါစိမ်၏ စကားအဆုံးတွင် ယိချိန်းက အသံကျယ်လောင်စွာ အော်ပြောသည်။

"ဂိုဏ်းချုပ် တွေးထင်တာ မမှားပါဘူး၊ ယဲ့ပို့ချွင်ကို သတ်ဖြတ်လိုက်တဲ့လူဟာ ဟင်စမ်းအဖွဲ့က ညီမတော်တစ်ယောက် ဖြစ်ပါတယ်"

"သူက ဘယ်သူလဲ"

"သူ ဒီမှာမရှိပါဘူး၊ ယဲ့ပို့ချွင်ဟာ ကျွန်မတို့ရဲ့ဆရာ သိမ့်ရှန်နဲ့ ကြီးဒေါ် သိမ့်ယိတို့ကို သတ်ဖြတ်ခဲ့ပါတယ်၊ ဒီနေ့ ကံကောင်းထောက်မလို့ သိုင်းပညာနဲတဲ့ ညီမတော်လေး တစ်ယောက်ရဲ့လက်ချက်နဲ့ ယဲ့ပို့ချွင် သေရလို့ ဆရာနဲ့ကြီးတော်ရဲ့ ရန်ကြွေးကို ပေးဆပ်နိုင်ခဲ့ပါတယ်"

"ဩော် ... လက်စသတ်တော့ ဒီလိုကိုး၊ ဒါဆိုရင်တော့ သဲသရာလည်တာပဲ"

ကျွပ်တို့ရဲ့ သူရိန်မျက်နှာမူဂိုဏ်းဟာ သွေးမကွဲပဲ တစ်စိတ်တစ်ဝမ်း
တည်း ဖြစ်သွားပြီ၊ ဂိုဏ်းချုပ်ကြီးလည်း အစွမ်းအစအလွန်ရှိတဲ့
သူတော်လေး လင်းဟူစုန်းလို လူငယ်လူစွမ်းကောင်း တစ်ယောက်
ကို လက်ထောက်အဖြစ်ရရှိတာ မင်္ဂလာကိစ္စရပ်ကြီး တစ်ခုပါပဲ”

ရှန်းဝံ့ထျန်း၏ စကားကို ကြားရသဖြင့် လင်ဝေါစိမ်က
ဟားဟား ရယ်မောလိုက်၏။

“ဘယ်လက်ရုံးကြီး ပြောတာမှန်တယ်၊ ညီတော်လေး
လင်းဟူစုန်း ဒီနေ့ကစပြီး မင်းတို့ ဟင်စမ်းအဖွဲ့ကို သီးခြားအဖွဲ့
အနေစရာ မလိုတော့ဘူး၊ ရှိတဲ့လူနဲ့ သစ်ကနက်တောင်ထိပ်ကို
တက်ခါတည်း ပြောင်းလာချင်ရင်လည်းရတယ်၊ ဟင်စမ်းမှာပဲ
နေချင်ရင်လည်း ဖြစ်တာပဲ၊ မင်း ဦးစီးရင် အတူတူပဲပေါ့၊ တို့
သူရိန်မျက်နှာမူဂိုဏ်းရဲ့ ဂိုဏ်းခွဲတစ်ခု ဆိုပါတော့ကွာ ဟား ...
ဟား ... ဟား”

လင်ဝေါစိမ်၏ ရယ်မောသံ ဟိန်းထွက်သွား၏။

လူတိုင်း အော်ဟစ်ပြီး သြဘာပေးကြ၏။ တောင်ထိပ်
တစ်ခုလုံး မိုးထစ်ချုန်းသံနှင့်မခြား ကျယ်လောင်လှသည်။

“ဂိုဏ်ချုပ်ကြီး သက်တော်ရာကျော်ရှည်ပြီး ဘုန်းမီးနေလ
တောက်ပပါစေ၊ လက်ထောက်ဂိုဏ်းချုပ်လည်း သက်တော်ရာကျော်
ရှည်ပြီး ဘုန်းမီးနေလ တောက်ပပါစေ”

ရှန်းဝံ့ထျန်းသည် လင်းဟူစုန်းနှင့် အတူတကွ သေဖော်
ရွင်ဘက် ဖြစ်ခဲ့သောကြောင့် လင်းဟူစုန်းကို အလွန်ခင်မင် လေး
စားသည်။ ထို့ကြောင့် လင်းဟူစုန်းအား လှိုက်လှဲသောအပြုံးဖြင့် ...

“လက်ထောက်ဂိုဏ်းချုပ် မင်္ဂလာပါ၊ ကျုပ်တို့ သူရိန်မျက်နှာ
မူဂိုဏ်းကြီးရဲ့အဖွဲ့သားအဖြစ် ဝင်ရောက်တဲ့ မင်္ဂလာကိစ္စကို ကြိုဆို

ပုတ်တီးများ စည်းနှောင်ထားကြရ၏။ အကယ်၍ တွဲခေါ်သူရဲ့
ပါက နေမူတောင်ထိပ်သို့ တက်ရောက်လာနိုင်စရာ အကြောင်း
မရှိချေ။

လင့်ဝေါစိမ်သည် စိတ်လည်းပျက် ဒေါသလည်းထွက်သွား
ပြီး ...

“ဒီခွေးတိရစ္ဆာန် အကျိုးအကန်းတွေကို ဘာသွားသုံးလို့
ရမှာလဲ၊ အောက်ကို ပြန်ဆွဲချသွားစမ်း”

“အမိန့်တော်အတိုင်းပါ”

ဦးစီးနှစ်ယောက်က အဖွဲ့လေးဖွဲ့မှ ဒဏ်ရာရထားသူများအား
တောင်အောက်သို့ ပြန်လည်ဆွဲခေါ်သွား၏။

လင့်ဝေါစိမ်သည် ဒေါသထွက်ပြီး ရေရွတ်ဆဲဆိုရာမှ တဟား
ဟား ရယ်မောလိုက်သည်။

“ကောင်းတယ် ဟား ... ဟား ... ဟား ... သိပ်ကောင်း
တယ်၊ တောင်ငါးလုံးအဖွဲ့က မကောင်းကြံလေတော့ ကိုယ့်ကြမ္မာ
ကိုယ် ဖန်တီးသွားကြတာပဲ၊ ငါတို့တစ်တွေရဲ့လက်နက်နဲ့ တိုက်
ခိုက်စရာတောင် မလိုတော့ပဲ သူတို့အချင်းချင်း ပြန်သတ်ပြီး
သေကုန်ကြပြီ၊ နောက်ဆို တောင်ငါးလုံးဆိုတာ သိုင်းလောကမှာ
ပျောက်ကွယ်သွားပြီ မရှိတော့ဘူး”

“ဂိုဏ်းချုပ်ကြီးရဲ့ ဘုန်းရှိန်ကံရှိန်ကြောင့် မိစ္ဆာကောင်တွေ
ရှင်းလင်းသွားရခြင်း ဖြစ်ပါတယ်”

ရှန်းဝံ့ထျန်းနှင့် ဦးစီးဆယ်ယောက်က ပြောလိုက်ကြသည်။

“တောင်ငါးလုံး အဖွဲ့ထဲမှာ ဟင်စမ်းတစ်ဖွဲ့ပဲ အထွတ်
အထိပ် ဖြစ်တယ်၊ ညီတော် လင်းဟူစုန်းရဲ့ ဦးဆောင်မှုကောင်းတာ
ကြောင့် ဒီလိုဖြစ်တာပဲ၊ နောက်နောင်လည်း ဟင်စမ်းအဖွဲ့နဲ့

သည်။ ထို့ကြောင့် ခနဲ့ပြုံးပြုံး၍ ရယ်လိုက်သည်ကို လူတိုင်း ရိပ်မိကြ၏။ ထို့ကြောင့် နေမူတောင်ထိပ်တွင် အတန်ကြာအောင် ဘိတ်ဆိတ်ငြိမ်သက်နေလေသည်။

"ဂိုဏ်းချုပ်ကြီးက ညီတော်လေး လင်းဟူစုန်းကို ဒုဂိုဏ်းချုပ်နေရာ အပ်နှင်းလိုက်တော့ ညီတော်လေးက သိုင်းလောကတစ်ခွင်မှာ လူတစ်ဦးရဲ့လက်အောက် လူတစ်သောင်းကျော် အထက်ကိုရောက်ရှိနေပါပြီ၊ **ဒီတော့** ဂိုဏ်းချုပ်ကိုသွားရောက်ပြီး ကျေးဇူးတင်စကားပြောကြားပါ"

ရှန်းဝံ့ထျန်းက ပြောလိုက်သည်။

လင်းဟူစုန်းသည် အဖြေကို ရှာဖွေစဉ်းစားပြီး ဖြစ်သောကြောင့် ချက်ချင်းပင် ထိုင်ရာမှ ထရပ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီး လင့်ဝေါစိမ် ကျွန်တော် ကိစ္စရပ်နှစ်ခုကို တင်ပြချင်ပါတယ်"

"တင်ပြပါ၊ တင်ပြချင်တာ တင်ပြနိုင်ပါတယ်"

"ပထမကိစ္စကတော့ တစည့်ငယ်သားအနေနဲ့ ဟင်စမ်းဂိုဏ်းချုပ်တာဝန် ထမ်းဆောင်ရတာဟာ ရှေးဂိုဏ်းချုပ် သိမ့်ရှန်ဆရာလေးရဲ့ တောင်းဆိုချက်ကြောင့် ဖြစ်ပါတယ်၊ *ဟင်စမ်းအဖွဲ့ကို* ဆွန်းပြောင်အောင် မဆောင်ရွက်နိုင်ခဲ့ပေမဲ့ ဟင်စမ်းအဖွဲ့ကို ပျောက်ပျက်အောင် လုပ်ဖို့တော့ မသင့်တော်ပါဘူး၊ တကယ်လို့ ဟင်စမ်းအဖွဲ့ကို သူရိန်မျက်နှာမူဂိုဏ်းရဲ့ ဂိုဏ်းခွဲအဖြစ် လက်ခံလိုက်ရင် ကျွန်တော့်အနေနဲ့ သေရင်တောင် အသေဖြောင့်မှာ မဟုတ်ပါဘူး၊ ဒါက ကိစ္စရပ်တစ်ခု ဖြစ်ပါတယ်"

"နောက်ကိစ္စရပ် တစ်ခုကတော့ ကျွန်တော်ဟာ ယောကျ်ားပီပီ စကားတစ်ခုကို ပြတ်ပြတ်သားသား ပြောတတ်ပါတယ်၊

တဲ့အရက် သောက်သုံးကြရအောင်၊ တဆက်တည်းမှာပဲ လင်ထောက်ဂိုဏ်းချုပ်ရဲ့ စုလှားရစ်ပတ် မင်္ဂလာအတွက် မင်္ဂလာအရင်ကို သောက်ကြပါစို့"

လင်းဟူစုန်း စိတ်ထဲတွင် တွေဝေရွှပ်ထွေးနေသည်။ လက်ခံရန် မသင့်လျော်ကြောင်း စဉ်းစားမိသော်လည်း မည်သို့သင့်တင့်အောင် ပြောရမည်ကို အဖန်တလဲလဲ စဉ်းစားနေမိ၏။

"ငါငြင်းဆိုလိုက်ရင် ငါနဲ့ယဉ်ယဉ် မပေါင်းရတာ အကြောင်းမဟုတ်ဘူး၊ လင့်ဝေါစိမ်က ဒေါသထွက်ပြီး ဟင်စမ်းအဖွဲ့သူတွေကို တစ်ယောက်မကျန် သတ်ဖြတ်ပစ်ရင်တော့ သွေးချောင်းစီးမှာပဲ၊ ယာယီလက်ခံပြီး အခွင့်အခါရမှ ငြင်းဆန်ရင် ကောင်းမလား"

ဤသို့ စဉ်းစားပြီး ဟင်စမ်း အဖွဲ့သူများ၏ မျက်နှာကို လင်းဟူစုန်း လှမ်းကြည့်လိုက်သည်။

"ကျုပ်တို့ သူရိန်မျက်နှာမူဂိုဏ်းကြီးကို ဒုဂိုဏ်းချုပ်ကြီး ဦးစီးပြီးတဲ့နောက် ရှောင်လင်ကျောင်းနဲ့ ဂူတန်းဂိုဏ်းအဖွဲ့ကို မဖြိုနိုင်စရာအကြောင်း မရှိတော့ပါဘူး၊ တဆက်တည်းမှာ ခွန်းလွန်အဖွဲ့၊ ဝေမေအဖွဲ့၊ စိမ်းကားအဖွဲ့ တို့တစ်တွေဟာ အလိုလို ပြိုကွဲသွားရမှာပဲ၊ ဂိုဏ်းချုပ်ကြီး သိုင်းလောကတစ်ခွင်မှာ ဘုန်းမီးနေလ တောက်ပပါစေ၊ ဒုဂိုဏ်းချုပ် သိုင်းလောကတစ်ခွင်မှာ ဘုန်းမီးနေလ တောက်ပပါစေ၊ သိုင်းလောကတစ်ခွင်ကို အခွန့်ရှည်ကြာစွာ လွှမ်းမိုးနိုင်ပါစေ"

ဦးစီးတစ်ဦးက အသံကျယ်လောင်စွာ ပြောလိုက်သည်။ လင်းဟူစုန်းသည် ခပ်စောစောပိုင်းတွင် စဉ်းစားရခက်ပြီး ကြံရာမရ ဖြစ်ခဲ့သည်။ သို့သော် ဦးစီး၏ စကားကိုကြားရသောအခါ လင်းဟူစုန်း၏ ဦးနှောက်သည် ကြည်လင်လန်းဆန်း သွားတော့

နားနဲ့မနာ ဖဝါးနဲ့နာပါ၊ ဂိုဏ်းချုပ်ကြီးရဲ့ သမီးကို ကျွန်တော်နဲ့ လက်ထပ်ခွင့်ပြုပါ"

လင်းဟူစုန်း၏ သဘောထားကို လူတိုင်း အစဉ်းစားရကြပ်သွားသည်။

လင့်ဝေါစိမ်သည် တဟားဟား ရယ်မောလိုက်ပြီး ...

"ပထမကိစ္စကတော့ လွယ်ပါတယ်၊ မင်းက ဟင်စမ်း ဂိုဏ်းချုပ် တာဝန်ကို ဆရာလေး တစ်ပါးပါးကို လွှဲပေးလိုက်ရင် ဖြစ်တယ်၊ မင်းကိုယ်တိုင်သာ သူရိန်မျက်နှာမူဂိုဏ်းထဲ ပါဝင်ရင်လည်း ပြီးတာပဲ၊ ဟင်စမ်းအဖွဲ့ ငါတို့ဂိုဏ်းထဲ ပါဝင်ဖို့ဆိုတာတော့ ဖြည်းဖြည်းမှ စဉ်းစားလည်းရပါတယ်၊ အင်း ... ဒုတိယကိစ္စနဲ့ ပတ်သက်လို့ပြောရရင် မင်းနဲ့ယဉ်ယဉ်ဟာ တစ်ဦးအပေါ် တစ်ဦး ဘယ်လောက် မေတ္တာကရုဏာ ကြီးမားကြတယ် ဆိုတာကို သိုင်းလောကတစ်ခွင်ကတောင် သိပြီးသားဖြစ်နေပြီ၊ ငါ့အနေနဲ့ သဘောမတူနိုင်စရာအကြောင်း မရှိပါဘူး၊ မင်းရဲ့ တောင်းဆိုချက်ကို သဘောတူပါတယ်၊ ဒါ ... ဘာစိုးရိမ်စရာရှိလို့လဲ ဟား ဟား ဟား"

လင်းဟူစုန်းသည် ယဉ်ယဉ်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ယဉ်ယဉ်၏ မျက်နှာသည် ရှက်သွေးရောင်လွှမ်းပြီး နီမြန်းကာ ခေါင်းငုံ့နေ၏။ သို့သော် ဝမ်းသာသည့် အရိပ်အယောင်များက ယဉ်ယဉ်၏ မျက်နှာတွင် မဖုံးသာအောင် ပေါ်လွင်ထင်ရှားနေသည်။

ရယ်မောသံများ တိတ်ဆိတ်သွားတော့မှ လင်းဟူစုန်းက အသံကျယ်စွာ ပြောပြန်သည်။

"ဂိုဏ်းချုပ်ကြီးက စေတနာမေတ္တာထားပြီး ကျွန်တော့်ကို သူရိန်မျက်နှာမူဂိုဏ်းကြီးထဲ ပါဝင်ခွင့်ပေးရုံတင် မကသေးပါဘူး

ကျွန်တော့်ကို မြင့်မားတဲ့နေရာမှာ ထားရှိတာကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က စည်းကမ်းကောင်းသူ တစ်ယောက် မဟုတ်တဲ့အတွက် ကျွန်တော့်ကြောင့် ဂိုဏ်းချုပ် မျက်နှာပျက်စရာ အကြောင်းတွေက တစ်ပုံတစ်ခေါင်းကြီး ရှိလာနိုင်ပါတယ်၊ ဒါကြောင့် ဂိုဏ်းချုပ်ရဲ့အမိန့်ကို ပြန်လည်ရုပ်သိမ်းဖို့ ကျွန်တော့် တောင်းဆိုပါတယ်"

လင့်ဝေါစိမ် အလွန်ဒေါသထွက်သွားသည်။

"မင်း စကားဟာ မင်းက သူရိန်မျက်နှာမူဂိုဏ်းထဲ မဝင်ချင်ဘူးဆိုပါတော့ ဟုတ်လား"

"ဟုတ်ပါတယ်"

လင်းဟူစုန်း၏ ဖြေကြားချက်က တိကျပြတ်သားလွန်းသောကြောင့် လင့်ဝေါစိမ် သာမက သူရိန်အဖွဲ့သားအားလုံး မျက်နှာကွက်ခနဲ ပျက်သွားကုန်၏။

"မင်းရဲ့ ကိုယ်ခန္ဓာထဲမှာ သွေးကြောဖျက်အတွင်းအားက ဒီကနေ့ ဖောက်ပြန်နေပြီ မဟုတ်လား၊ နောက်လည်း ဖောက်ပြန်ဦးမှာပဲ၊ မြန်ရင်သုံးလ နေးရင်ခြောက်လပဲ၊ ပိုပိုပြီး ဆိုးရွားလာဖို့ပဲရှိတယ်၊ ဖြေဖျောက်နိုင်တဲ့ နည်းကိုသိတာ ငါ တစ်ယောက်ဘည်းပဲ ရှိတယ်"

"ဟုတ်ပါတယ် တစ်ချိန်တုန်းက ဆားငန်သီးဂေဟာမှာ ဂိုဏ်းချုပ် ပြောပြခဲ့ဖူးပါတယ်၊ ခံစားရတာလဲ ကိုယ်တွေ့ပါပဲ၊ ဒါပေမဲ့ ယောကျ်ားပီပီ အသက်ရှင်ရေး သေရေးကို ကျွန်တော် မမှုပါဘူး"

"မင်း စကားပြော တယ်လည်းမာတာကိုး၊ ဒီနေ့ မင်းတို့ ဟင်စမ်းအဖွဲ့ဟာ ငါ့ လက်ခုပ်ထဲက ရေပဲ၊ ငါ သွန်လိုသွန်

"သူရိန်မျက်နှာမူဂိုဏ်းကြီး အခွန်ရှည်ပါစေ၊ ဂိုဏ်းချုပ်ကြီး ဘုန်းမီးနေလ တောက်ပပါစေ၊ သိုင်းလောကတစ်ခွင်ကို အခွန်ရှည် ကြာစွာ လွှမ်းမိုးနိုင်ပါစေ၊ ဟင်စမ်းအဖွဲ့ကို ခွေး၊ ကြောင်၊ ကြွက်၊ ကြွက် မကျန်အောင် သုတ်သင်ရှင်းလင်းနိုင်ပါစေ"

လက်ရှိအနေအထားတွင် သူရိန်မျက်နှာမူဂိုဏ်းနှင့် ဟင်စမ်းအဖွဲ့ကို နှိုင်းစာသော် သမုဒ္ဒရာရေထုနှင့် ကျွဲခြေရာခွက်လို ကွာခြားသည်။ သူရိန်အဖွဲ့က ချေမှုန်းမည်ဆိုပါက ဟင်စမ်းအဖွဲ့သည် အမှုန့်ဖြစ်သွားနိုင်သည်။ အကယ်၍ ဟင်စမ်းတောင်သို့ ပြန်ပြီး ကြိုတင်ပြင်ဆင်မှု ပြုသည့်တိုင်အောင် ဟင်စမ်းအဖွဲ့ အနေနှင့် သူရိန်မျက်နှာမူဂိုဏ်းအား မည်သို့မှ ခုခံနိုင်အား မရှိနိုင်ချေ။

စင်စစ် လင့်ဝေါစိမ်၏ အဓိကရည်မှန်းချက်သည် လင်ဟူစုန်း ဦးစီးသော ဟင်စမ်းအဖွဲ့ကို ချေမှုန်းရန်မဟုတ်ချေ။ လင့်ဝေါစိမ်၏ ရည်မှန်းချက်သည် တောင်ငါးလုံးကို ဖြိုခွင်းပြီး ရှောင်လင်၊ ဥတန်း ဂိုဏ်းကြီးနှစ်ဂိုဏ်းကို ချေမှုန်းရန်ဖြစ်သည်။ သို့သော် လင်းဟူစုန်း၏ ပြောစကားကို မကျေနပ်သောကြောင့် ဒေါသ အလျောက် ပြောလိုက်ခြင်းသာ ဖြစ်လေသည်။

လင်းဟူစုန်းသည် သူရိန်မျက်နှာမူဂိုဏ်းထဲသို့ မဝင်နိုင်ကြောင်း ဖြောင်ထုတ်ဖော်ပြောပြီးနောက် ဤနေရာတွင် ဆက်လက်၍ နေထိုင်ရန် မသင့်တော်မှန်း သိသည်။ ထို့ကြောင့် ယဉ်ယဉ်ကို လှမ်းပြောလိုက်၏။

"ယဉ်ယဉ် ... မင်း ငါ့နောက်ကိုလိုက်ဖို့ မသင့်တော့ဘူး"

ယဉ်ယဉ်သည် မျက်ရည်မဆည်နိုင်တော့ချေ။

"ကျွန်မ ခု အစ်ကိုနဲ့ ဟင်စမ်းကို လိုက်ခဲ့ရင် မိဘကို ကျေးဇူးကန်းရာရောက်မယ်၊ အစ်ကို့ပေါ်လည်း မေတ္တာမပျက်ချင်

မှောက်လိုမှောက် လုပ်လို့ရတယ်၊ ပြန်လွှတ်ဖို့ မလွှတ်ဖို့ဆိုတာ လက်ဝါးကို မှောက်ချည်လှန်ချည် လုပ်ရသလောက်တောင် ခဲယဉ်းတဲ့ကိစ္စ မဟုတ်ဘူး"

"ဟင်စမ်းအဖွဲ့ဆိုတာ အမျိုးသမီးတွေ ဖြစ်ပေမဲ့ သေရမှာ ကြောက်ကြသူတွေ မဟုတ်ဘူး၊ ဂိုဏ်းချုပ်က သတ်ချင်ဖြတ်ချင်ရင် ကျွန်တော်တို့ကလည်း အသေအကြေ ကာကွယ်တိုက်ခိုက်ရမှာပါဗျ"

"တို့အားလုံး ဂိုဏ်းချုပ်ရဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာကြရမယ်၊ သေရမှာကို ကြောက်စရာမဟုတ်ဘူး"

ယိချိန်းက ဟင်စမ်း တပည့်မကလေးများကို ပြောကြား လိုက်သည်။ ဟင်စမ်း အဖွဲ့သူများသည်လည်း ယိချိန်း၏ စကားကို ပြန်လည်ဟစ်ကြွေးကြ၏။

"ဟုတ်တယ် ဟင်စမ်းအဖွဲ့ သေရမှာကြောက်စရာ မလိုဘူး"

လင့်ဝေါစိမ်သည် အလွန် ဒေါသထွက်သွားသည်။ သို့သော် ကောင်းကင်သို့မော့ကာ အသံနက်ကြီးဖြင့် တဟားဟား ရယ်မော လိုက်သည်။

"ဒီငနဲ့ မင်းတို့ကို သတ်ဖြတ်ရင် ငါ ကြိုတင်ပြီး အကွက်ချ ထားရာ ရောက်မယ်၊ မင်းကိုယ်တိုင် ဟင်စမ်း အဖွဲ့သူတွေကို ပြန်ခေါ်သွား၊ အေး ... ငါကိုယ်တိုင် ဟစ်လအကွင်းမှာ ဟင်စမ်းကို လာခဲ့မယ်၊ လူ့အသက်မပြောနဲ့ ဟင်စမ်း တောင်ခြေမှာရှိတဲ့ ခွေး၊ ကြောင်၊ ကြွက်၊ ကြွက် တစ်ကောင်တစ်မြီးမှ အသက်မရှင်စေရဘူး၊ စိတ်ချ၊ ငါပြောတဲ့အတိုင်း မလုပ်ခဲ့ဘူးဆိုရင် မင်းတို့က ငါ့ကို လူမဟုတ်ဘူး တိရစ္ဆာန်လို့ ကဲ့ရဲ့ရှုတ်ချနိုင်တယ်"

သူရိန်မျက်နှာမူ ဂိုဏ်းသားများ၏ တခဲနက် အော်ဟစ်သံကြီးက တောင်တန်းတစ်ခွင်လုံး ပဲ့တင်ဟီးသွားတော့သည်။

"ကျွန်တော် ဟင်စမ်းဂိုဏ်းချုပ် လင်းဟူစုန်းနဲ့ ဟင်စမ်းအဖွဲ့သူတွေက ခင်ဗျားတို့ ဟင်စမ်းတောင်ကို ရောက်လာမဲ့ရက်ကို ကြိုဆိုမျှော်လင့်နေပါ့မယ်"

"နေဦး ... နေဦး ညီတော်လေး လင်းဟူစုန်းနဲ့ကျုပ် ဒီနေ့ အရက်မူးအောင် မသောက်ရရင် နောင်သောက်ဖို့ အခွင့်အလမ်းရတော့မှာ မဟုတ်ဘူး"

ရှန်းဝံ့ထျန်းက လင်းဟူစုန်းကို လှမ်းပြောလိုက်သည်။

"သိပ်ကောင်း ... သိပ်ကောင်း အစ်ကိုကြီး ရှန်းဝံ့ထျန်းနဲ့ ကျွန်တော်ဟာ ဘဝတစ်လျောက်လုံး နှလုံးသားချင်း အကျွမ်းတဝင်ရှိပါတယ်"

လင်းဟူစုန်းက ရှန်းဝံ့ထျန်းကို ပြန်ပြောလိုက်သည်။

"သူရိန်မျက်နှာမူဂိုဏ်းသည် အရက်နှင့် စားသောက်ဖွယ်ရာများကို အပြည့်အစုံ ယူတက်ခဲ့ကြသည်။ ထို့ကြောင့် ရှန်းဝံ့ထျန်းသည် လင်းဟူစုန်းအား အရက်သောက်ရန် ဖိတ်ခေါ်လိုက်သည်နှင့် ဂိုဏ်းသားများက စားဖွယ်သောက်ဖွယ်များနှင့် အရက်စဉ့်အိုးကြီးများကို အပြေးအလွှား ယူဆောင်လာပေးကြသည်။

လင်းဟူစုန်းနှင့် ရှန်းဝံ့ထျန်းသည် အရက်ခွက်ကြီး တစ်ခွက်စီကို မော့ချလိုက်သည်။ လူအုပ်ကြီးကြားမှ ပုပ၀ဝ အဘိုးအို တစ်ယောက်က လင်းဟူစုန်းတို့ အနီးသို့ ချဉ်းကပ်ခဲ့၏။

"ညီတော်လေး လင်းဟူစုန်း၊ ငါ့ တစ်သက်တာမှာ မင်းကို လေးစားလို့ မဆုံးပါဘူး၊ ဒါကြောင့် လေးစားတဲ့ အရက်စာစ်ခွက်ကို မင်းနဲ့အတူ လာသောက်ခြင်းပါပဲ"

အဘိုးအိုက ပြောပြောဆိုဆို မည်သူ့ကိုမှ ဂရုမစိုက်ပဲ အရက်ခွက်တစ်ခွက်ကို ကောက်ယူပြီး မော့ချလိုက်သည်။ အဘိုး

ပါဘူး၊ ဒါပေမဲ့ လက်ရှိအခြေအနေအရ ကျွန်မလည်း မဆုံးဖြတ်တတ်တော့ဘူး၊ အစ်ကို ခုချိန်ကစပြီး ကျွန်မကို အစ်ကို့ဦးနှောက်နဲ့ နှလုံးသားထဲက အပြီးသာ ထုတ်ပစ်လိုက်ပါတော့"

"ဘာပြောတာလဲ ယဉ်ယဉ်"

"အစ်ကိုလည်း လူ့ဘဝမှာ ကြာကြာနေရမှာ မဟုတ်တော့ဘူး၊ ကျွန်မလည်း အစ်ကို့ထက် လူ့ပြည်မှာ တစ်ရက်ပိုပြီးနေလိုတဲ့ဆန္ဒ မရှိပါဘူး"

လင်းဟူစုန်းက ပြုံးလိုက်သည်။

"ဟ ... မင်း ဖေဖေက ပေးစားမယ် သဘောတူပါတယ်ဆိုပြီး လူရှေ့သူရှေ့မှာ ပြောပြီးသားပဲ၊ ဂိုဏ်းချုပ်ကြီး တစ်ယောက်အနေနဲ့ သူ့သဘောထားကို သူချက်ချင်း ပြန်ပြောင်းလို့ ဘယ်သင့်တော်ပါ့မလဲ၊ လာ ... ငါတို့ ခုပဲဒီမှာ လက်ထပ်လိုက်ကြရအောင် မကောင်းဘူးလား ယဉ်ယဉ်"

လင်းဟူစုန်း၏ စကားကို ကြားရသောအခါ ယဉ်ယဉ်သည် ကြောင်တက်တက် ဖြစ်သွားသည်။

"ဘယ် ... ဘယ်ဖြစ်ပါ့မလဲ အစ်ကို"

လင်းဟူစုန်းက တဟားဟား ရယ်မောလိုက်သည်။

"ဒါဆိုရင် လမ်းခွဲကြတာပေါ့"

လင်းဟူစုန်းသည် ယဉ်ယဉ်၏ မိမိအပေါ်ထားရှိသောချစ်မေတ္တာ အတိမ်အနက်ကို သိပြီးဖြစ်သည်။ ထို့ကြောင့် နောက်ထပ် ရှည်ရှည်ဝေးဝေး ပြောရန်အကြောင်း မရှိတော့ဟု ယူဆမိလေသည်။

လင်းဟူစုန်း ထရပ်လိုက်ပြီး ပတ်ပတ်လည်ကို လက်အုပ်ချီဂါရဝပြုလိုက်သည်။

ဟင်စမ်းတောင်ခြေမှာ အကောင်းဆုံး အရက်ခွက်တွေ့ဲ့ပြီး သောက်ကြရသေးတာပေါ့"

လင်းဟူစုန်းသည် စကားဆုံးသည်နှင့် လက်ထဲမှအရက်ကို မော့ချလိုက်သည်။

"ဂိုဏ်းချုပ် လင်းဟူစုန်းဟာ စိတ်သဘောထားလည်း ပြတ်သားတယ်၊ စကားပြောလည်း အလွန်ပြတ်သားပါတယ်"

"အဲဒီအချိန်မှာ မူးမူးရူးရူးနဲ့ ဘာမသိညာမသိ တိုက်ခိုက်ကြတာ အကောင်းဆုံးပါပဲ"

လင်းဟူစုန်းသည် အရက်ခွက်ကြီးကို ပစ်ချလိုက်ပြီး တောင်ခြေအောက်သို့ ဒယိမ်းဒယိုင်နှင့် လျှောက်သွားသည်။ ယိခိုန်း၊ ယိဟို စသော ဟင်စမ်း တပည့်မကလေးများက လင်းဟူစုန်း၏ နောက်သို့လိုက်သွားကြ၏။

ထိုအဖြစ်ကိုကြည့်ပြီး လင့်ဝေါစိမ် ပြုံးနေလေသည်။ လင့်ဝေါစိမ်က မည်ပုံမည်နည်းနှင့် ဟင်စမ်းအဖွဲ့ကို ချေမှုန်းရန်ဟန်ဆောင်လျှင် ရှောင်လင်ဂိုဏ်းနှင့် ဝူတန်းဂိုဏ်းတို့မှ ပုဂ္ဂိုလ်များက ဟင်စမ်းကို မည်သို့သွားရောက် အထောက်အကူပြုမည်ကို တွေးတောကြည့်နေလေသည်။ ရှောင်လင်အဖွဲ့နှင့် ဝူတန်းအဖွဲ့တို့မှ အထွတ်အထိပ်ပုဂ္ဂိုလ်များ ဟင်စမ်းသို့ မသွားရောက်နိုင်မီ ရှောင်လင်ကျောင်းတိုက်နှင့် ဝူတန်းဂိုဏ်းကို မည်သို့ အလစ် ဝင်ရောက်တိုက်ခိုက်လျှင် သင့်တော်မည်ကို လင့်ဝေါစိမ်က အကွက်ချနေ၏။

လင်းဟူစုန်း ထွက်သွားသည်နှင့် ယဉ်ယဉ်သည် တသိမ့်သိမ့် ငိုကြွေးတော့သည်။ နောက်နောင် မိမိနှင့် လင်းဟူစုန်းသည် မည်သို့မှ ပြန်လည်ဆုံဆည်းစရာလမ်းစ မရှိနိုင်တော့သည်ကို ယဉ်ယဉ်တွေးမိ၍ ဝမ်းနည်းပက်လက် ငိုကြွေးနေ၏။

အိုသည် သူရိန်မျက်နှာမူဂိုဏ်း၏ ဩဇာကို မလွန်ဆန်နိုင်သူတစ်ယောက် ဖြစ်သည့်အပြင် ရှန်းဝံ့ထျန်းနှင့်လည်း အခြေအနေချင်းလုံးဝ ကွာခြားသည်။ လင်းဟူစုန်းနှင့် ယခုကဲ့သို့ လေးစားသည့် အရက်တစ်ခွက် သောက်ခြင်းသည် လင့်ဝေါစိမ်ကို ပြစ်မှားစော်ကားရာ ရောက်သောကြောင့် ချက်ချင်းပင် အသက်ထွက်သွားနိုင်သည်။ သို့သော် ခင်မင်လေးစားမှုကို အရေးထားသူတစ်ယောက် ဖြစ်သောကြောင့် အဘိုးအိုက သေဘေးကို လျစ်လျူရှုထားသည့် သဘောမျိုးပင်။

အဘိုးအို၏ အပြုအမူကိုကြည့်ရင်း ကျန်လူများက အဘိုးအိုကို စိတ်ထဲမှကျိတ်၍ ချီးမွမ်းမိကြသည်။

နောက်ဆုံးတွင် ညဇီးကွက်၊ ကျူးချန်းကျူး၊ လန်းဟုန်ဟုမ့်နှင့် ဝမ်းပဲ့လျှို့ စသော လင်းဟူစုန်းကို ချစ်ခင်လေးစားကြသူများသည် လူအုပ်ကြားမှ လင်းဟူစုန်းထံသို့ တစ်ယောက်ပြီးတစ်ယောက် လျှောက်ထွက်လာခဲ့ကြလေသည်။ လင်းဟူစုန်းနှင့်အတူ လေးစားသည့် အရက်ခွက်များကို သောက်၏။

"ဒီလောက်များပြားတဲ့ လူတွေက ငါ့အပေါ် မေတ္တာစေတနာထားတာ သိရတော့ ငါ့တစ်သက် လူဖြစ်ရကျိုးနပ်ပါပြီ၊ ငါ သေပျော်ပါပြီ"

ဤသို့ စဉ်းစားမိသောကြောင့် လင်းဟူစုန်းသည် အရက်ခွက်တစ်ခွက်ကို တောက်ကိုင်လိုက်ရင်း ...

"မိတ်ဆွေအပေါင်းတို့ ခင်ဗျားတို့တစ်တွေရဲ့ ချစ်ခင်လေးစားခြင်းကိုခံရတဲ့ ကျွန်တော် လင်းဟူစုန်းဟာ ဒီနေ့အဖို့တော့ အရက်ကို ဆက်သောက်နိုင်စွမ်း မရှိတော့ပါဘူး၊ ဒါပေမဲ့ ဟင်စမ်းတောင်ကို ခင်ဗျားတို့တစ်တွေ လာရောက်တိုက်ခိုက်တဲ့အချိန်မှာ

သူရိန်မျက်နှာမူ ဂိုဏ်းသားများနှင့် သြဇာခံများက ပြိုင်တူ အော်ဟစ်လိုက်သည်။ ကောင်းချီးစကားသံက တောင်တန်း တစ်ခွင်လုံး ဟိန်းထွက်သွားပြန်သည်။

"သူရိန်မျက်နှာမူဂိုဏ်းကြီး သိုင်းလောကမှာ အခွန့်ရှည်ကြာပါစေ၊ ဂိုဏ်းချုပ်ကြီး ဘုန်းမီးနေလ တောက်ပပါစေ၊ သိုင်းလောက တစ်ခွင်ကို အခွန့်ရှည်ကြာစွာ လွှမ်းမိုးနိုင်ပါစေ"

လင့်ဝေါစိမ်သည် ထိုင်ရာမှထလိုက်ပြီး ပတ်ပတ်လည်ရှိ တောင်တန်းတစ်ခွင်ကို လှည့်ကြည့်လိုက်သည်။ အလွန်နှစ်ထောင်း အားရ ဖြစ်မိသည်။

"တကယ်လည်း အခွန့်ရှည်ကြာပြီး ဒီလိုအမြဲ ..."

ရုတ်တရက် သွေးလည်ပတ်မှု ဖောက်လွဲဖောက်ပြန် ရှိလာသောကြောင့် လင့်ဝေါစိမ်သည် စကားကိုဆက်ပြောရန် အားထုတ်သော်လည်း မရချေ။ ရင်ထဲမှ လှိုက်တက်လာပြီး သွေးများက လည်မျိုမှ ပါးစပ်ထဲသို့ ရောက်ရှိလာသည်။ လင့်ဝေါစိမ်က သွေးများကို အားတင်း၍မျိုချလိုက်သည်။ ရုတ်တရက် ခေါင်းထဲမှ မူးဝေပြီး မျက်လုံးများပြာဝေကာ မြင်ကွင်းတစ်ခုလုံး အမိုက်မှောင်ဖုံးသွားလေသည်။

လင့်ဝေါစိမ် စကားမဆက်နိုင်သောကြောင့် ဂိုဏ်းသားများက နတ်လက်ဝါးထိပ်တွင်ရှိသော လင့်ဝေါစိမ်ကို မော့ကြည့်ကြသည်။ လင့်ဝေါစိမ်သည် မျက်နှာရှုံ့မဲ့နေပြီး အခံရဆိုးသည့် ဝေဒနာတစ်ရပ်ကို ကြိတ်မှိတ်ခံစား နေရသည်ကို မြင်လိုက်ကြသည်။ တဖန် လင့်ဝေါစိမ်သည် ပေသုံးဆယ်ခန့်မြင့်သော နတ်လက်ဝါး၏ လက်ချောင်းထိပ်ပေါ်သို့ ခေါင်းငိုက်စိုက်ကျပြီး အောက်သို့ ထိုးဆင်းလာလေသည်။

"ဂိုဏ်းချုပ်ကြီး ... ဂိုဏ်းချုပ်ကြီး"

ရှန်းဝံ့ထျန်းက စိုးရိမ်တကြီး လှမ်းအော်သည်။

"ဖေဖေ ... ဖေဖေ"

ယဉ်ယဉ်နှင့် ရှန်းဝံ့ထျန်း တစ်ပြိုင်နက် အော်ဟစ်ရင်း လင့်ဝေါစိမ်၏ ကိုယ်ခန္ဓာကြီးကို ပြေးဖမ်းလိုက်ကြသည်။

* * *

ဟင်စမ်းတောင်သို့ ရောက်သောအခါ လင်းဟူစုန်းနှင့် ဟင်စမ်း အဖွဲ့သူများသည် လင့်ဝေါစိမ်၏ ထိုးစစ်ကို ဝေဖန်သုံးသပ်ကြသည်။ သို့သော် လင့်ဝေါစိမ်၏ ထိုးစစ်အား တားဆီးမခုခံနိုင်ဟူသော အဖြေကိုသာလျှင် ရှာတွေ့သည်။

ဟင်စမ်းအဖွဲ့သူများက အမိ ဟင်စမ်းတောင်ကို စွန့်ခွာ၍ မပြေးလိုကြချေ။ ရဲရဲတောက် ခုခံတိုက်ခိုက်ရင်း အမိ ဟင်စမ်းတောင်တွင် ကျဆုံးရခြင်းက မွန်မြတ်သည်ဟု တညီတညွတ်တည်း သဘောတူကြ၏။

ဟင်စမ်းအဖွဲ့သူတို့၏ ကြမ္မာဆိုးသည် မကြာမြင့်သော ကာလတွင် ရောက်ရှိတော့မည်ဟု တွက်ဆမျှော်လင့်ထားကြ၏။ ထို့ကြောင့် ခါတိုင်းကဲ့သို့ ဘုရားကျမ်းစာဖတ်ခြင်း၊ ဓားရေးလေ့ကျင့်ခြင်း မပြုကြကော့ချေ။ နီးကပ်လာသော နောက်ဆုံးအချိန်မရောက်မီ ပျော်သလိုသာ နေတော့မည်ဟု စိတ်ပိုင်းဖြတ် ထားလိုက်ကြသည်။

သို့သော် ရန်သူ့ထိုးစစ် ရောက်ရှိချိန်တွင် အမိ ဟင်စမ်းအဖွဲ့၏ဂုဏ်ကို အသက်စွန့်ပြီး ထိန်းသိမ်းမည်ဟု ဟင်စမ်းအဖွဲ့သူတိုင်း သန္နိဋ္ဌာန်ချပြီးသား ဖြစ်ကြ၏။

အရက်ကြိုက်သော လင်းဟူစုန်း၊ မရှောင်ကိုယ်တော်ကြီးနှင့် မရှောင်မဖြစ် ကိုယ်တော်တို့မှာမူ နေ့ည အရက်ကိုသာ အဖော်ပြုနေကြသည်။

တစ်ရက်ပြီးတစ်ရက် အချိန်ကုန်သွားခဲ့၏။ ဆယ်ရက်ကျော်လွန်ပြီးနောက် ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ဘုန်းကြီးဆယ်ပါးခန့် ဟင်စမ်းတောင်သို့ ကြွရောက်လာသည်။လင်းဟူစုန်းက အရက်နံ့ တထောင်းထောင်းဖြင့် ဆီးကြိုဂါရဝပြုပြီး နှုတ်ဆက်သည်။

"ဆရာတော်ကြီး ကြွရောက်လာမှာကို တပည့်တော်တို့

အခန်း(၄)

သန်းခေါင်ယံ ကျော်ပြီ။

လွင်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် ညဉ့်လေသည် လင်းဟူစုန်း၏ မျက်နှာကို တိုးဝှေ့သွား၏။

လင်းဟူစုန်း အိပ်ရာမှ လန့်နိုးလာသည်။

ဘေးပတ်ပတ်လည်ကို ကြည့်လိုက်သောအခါ လွင်ပြင်ကြီး တစ်ခုတွင် ရောက်ရှိနေကြောင်း လင်းဟူစုန်း သိရ၏။ ဟင်စမ်းအဖွဲ့သူများက ကင်းချပြီး စောင့်ကြပ်နေကြသည်။

ခေါင်းတစ်ခုလုံး ကိုက်ခဲနာကျင်နေသည်။ လင်းဟူစုန်းသည် ယဉ်ယဉ်နှင့် ထာဝရ လမ်းခွဲကြရပြီဟူသော အသိက ခေါင်းထဲသို့ လွှစ်ခနဲ ဝင်လာသည်။ တစ်ချိန်ထဲတွင် နှလုံးသားထဲက နင့်ခနဲ နာကျင်သွားသည်။

ဟင်စမ်းအဖွဲ့သူများသည် ဗာစမ်းတောင်ခြေတွင် မရှောင်ကိုယ်တော်ကြီးတို့ လေးဦးကို တွေ့ရသဖြင့် တစ်ပါတည်း ခေါ်ဆောင်လာခဲ့သည်။

လွင်ပြင်ကြီးမှ ဟင်စမ်းတောင်ဆီသို့ ခရီးထွက်ခဲ့ကြသည်။

ကြိုတင်မသိရလို့ ဆင်းမကြိုတာကို ခွင့်လွှတ်ပါဘုရား၊ ဆရာတော် ဝှမ်းစင်းပါ ကြွရောက်လာတဲ့အတွက် တပည့်တော် အထူးဝမ်းသာပါတယ်”

ဆရာတော် ဝှမ်းစင်းက လင်းဟူစုန်းအား အပြုံးဖြင့် ပြန်လည်နှုတ်ဆက်သည်။ ဆရာတော်ကြီး နှစ်ပါးနှင့်အတူ ဘုန်းတော်ကြီးများ အချို့ပါ လိုက်ပါလာသည်။ ဘုန်းတော်ကြီးများသည် လည်း သိက္ခာကြီးရင့်ကြောင်း ဖြူနေသည့်မုတ်ဆိတ်မွေးက ဖော်ပြနေသည်။ လင်းဟူစုန်း လျှောက်ထားကြည့်သောအခါ သိုင်းလောက သမ္ဘာရင့် ဆရာတော်ကြီးများပင်ဖြစ်ကြောင်း သိရ၏။

လင်းဟူစုန်းသည် ဆရာတော်ကြီး ဝှမ်းသိမ့်နှင့် ဆရာတော် ဝှမ်းစင်းကို ကျောင်းခန်းမဆောင်သို့ ပင့်သွားသည်။ မူလက သိမ့်ရှန်ဆရာတော် သီတင်းသုံးသည့် အဆောင်ဖြစ်သည်။ ယခင် တစ်ချိန်က ဖုန်မှုန့်ကင်းစင်ပြီး သန့်ရှင်းသည့် အဆောင်သည် ယခုအခါ အရက်အိုး၊ အရက်ခွက်များဖြင့် ရှုပ်ပွ၍ မြင်မကောင်း အောင် ဖြစ်နေသည်။ လင်းဟူစုန်းက မျက်နှာနီသွားပြီး ဆရာတော် ကြီးနှစ်ပါးကို လျှောက်ထားသည်။

“တပည့်တော် မြင်မကောင်း ရှုမကောင်းအောင် မသင့်မတော် ပြုထားမိတဲ့အတွက် ခွင့်လွှတ်ပါဘုရား”

“ကိစ္စမရှိပါဘူး ဒီနေရာကို လာရတာလဲ အရေးကြီးတဲ့ ကိစ္စတစ်ရပ်ကို ဆွေးနွေးဖို့ပါပဲ၊ ဂိုဏ်းချုပ်လင်းဟူစုန်း အားနာမှု မရှိပါနဲ့”

ဝှမ်းသိမ့် ဆရာတော်ကြီးက ခေတ္တ စကားဖြတ်ထားပြီးမှ ဆက်လက်ပြောပြန်သည်။

“ဂိုဏ်းချုပ်လင်းဟူစုန်းက အသက်စွန့်ရမှာကိုမမှုပဲ သူရိန်

ကန်နာမူဂိုဏ်းရဲ့ ဒုဂိုဏ်းချုပ်နေရာကို အပ်နှင်းတာ လက်မခံတဲ့ အပြင် သေဖော်ရှင်ဘက်ဖြစ်တဲ့ ဝါးစိမ်းနတ်ဒေဝီကိုပါ စွန့်ခဲ့တယ်၊ အဲဒီသတင်းကို ကြားရတဲ့အတွက် ဂိုဏ်းချုပ် လင်းဟူစုန်းကို သိုင်းလောကလူတွေ လေးစားကြည်ညိုပါတယ်”

လင်းဟူစုန်းသည် ဆရာတော်ကြီး၏ စကားကြောင့် အံ့အား သင့်သွားပြီး စဉ်းစားတွေးတောသည်။

“ရှောင်လင်နဲ့ ဝူတန်းကို ဒီပြဿနာထဲ မပါဝင်စေချင်လို့ ဟာစစ်မိုးအဖွဲ့ လူတွေအား ဤသတင်း မပေါက်ကြားရန် အတန်တန် ဆာကြားထားတာပဲ၊ ဘယ်လိုလုပ် သတင်းပေါက်ကြားသွားတာလဲ”

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးက ဆက်လက်၍ ခဲနှံ့ကြားသည်။

“လင့်ဝေါစိမ်က ဟင်စမ်းအဖွဲ့ကို ချေမှုန်းဖို့ အတိအလင်း ကြေညာထားတဲ့ သတင်းကို ဒကာလေးက ကျုပ်တို့ ရှောင်လင် ကျောင်းတိုက်ကို သတင်းမပေးခဲ့ဘူး၊ ဒါဟာ ရှောင်လင်ကျောင်းက ဘုန်းကြီးတွေ အသက်စွန့်ရမှာကြောက်ပြီး သိုင်းလောကရဲ့သစ္စာကို မစောင့်ထိန်းနိုင်ဘူးလို့ မှတ်ထင်ထားလို့လား ဒကာလေး”

“မဟုတ်ရပါဘူး ဘုရား၊ တပည့်တော် တစ်ချိန်တုန်းကလည်း ရှောင်လင်ကျောင်းတိုက်ကို ပြစ်မှားခဲ့ဖူးပြီ၊ ခုတစ်ခါ ရှောင်လင်ကျောင်းတိုက်နဲ့ ဝူတန်းအဖွဲ့ကို အကူအညီတောင်းပြီး ဒုက္ခပေးဦးမယ်ဆိုရင် မသင့်တော်ပါဘုရား”

“ဒကာလေး သဘောမပေါက်သေးလို့၊ ကုမ္ပဏီအဖွဲ့က ကုန်လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်ကတည်းက ကျုပ်တို့ ရှောင် လင်ကျောင်းတိုက်ကို ဖြိုခွင်းဖို့အကြံအစည် ရှိခဲ့ဖူးတယ်၊ အင်း... ဟိုတုန်းက ကျုပ်တောင် လူ့ဘဝကို မရောက်သေးဘူး”

"ဘိုးတော် ဖုန်းချင်းယန်က ဘယ်လိုအကြောင်းကြား သွေးကြောက်ထားပါသလဲ ဘုရား"

"ဒကာလေးက သူရိန်မျက်နှာမူဂိုဏ်းရဲ့ လက်ထောက် ဂိုဏ်းချုပ်နေရာကို ငြင်းဆန်လိုက်တော့ ဆရာကြီး ဖုန်းချင်းယန် သည် အတော်ကို စိတ်ကြိုက်ဖြစ်သွားတယ်၊ ကျုပ်ကို ဒကာလေးကို စောင့်ရှောက်သမှုပြုဖို့ မှာကြားလိုက်တယ်၊ တကယ်တော့ ဒကာ လေးရဲ့ သိုင်းပညာဟာ ကျုပ်ထက် ဆယ်ဆလောက် ပိုမြင့်မားတော့ စောင့်ရှောက်ဖို့ မလိုအပ်ပါဘူး"

လင်းဟူစုန်းက ဆရာတော်ကြီးကို ဦးညွတ်ဂါရဝပြုလိုက် သည်။

"စင်စစ် ဆရာတော်ကြီးက တပည့်တော်ကို စောင့်ရှောက်ခဲ့ ဘဲ့အကြိမ် မနည်းတော့ပါဘူး"

"ဒကာလေး ဖုန်းချင်းယန် မစောင့်ရှောက်ခိုင်းလည်း ကျုပ်က လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး၊ သူရိန်မျက်နှာမူ ဂိုဏ်းကလည်း ဟင်စမ်းအဖွဲ့ကို အရင်ဦးဆုံး ဖြိုခွင်းပြီးရင် ရှောင်လင်နဲ့ ဝူတန်းတို့ကို ချန်လှပ်ထားမှာ မဟုတ်ဘူး၊ ဒါနဲ့ ကျုပ်က ကမ်းလှမ်းပြီး တခြားအဖွဲ့တွေကို လာစောင့်ကြည့်ခိုင်း ရတာပဲ၊ သူရိန်မျက်နှာမူ ဂိုဏ်းနဲ့ ဒီတစ်ပွဲမှာတော့ အကြိတ်အနယ် နဲ့ဖို့ ပြင်ဆင်ထားကြတာပဲ"

"ဒကာလေး တရားအားထုတ်နေတဲ့ လူကတော့ သွေးထွက် သံယိုမှုနှင့် အသတ်အဖြတ်ကို ရှောင်ကြဉ်ရတာပဲ၊ ဖြစ်နိုင်ရင်တော့ လူမသေ သွေးမထွက်ပဲ ကိစ္စပြီးသွားရင် အကောင်းဆုံးပေါ့၊ ဒါပေမဲ့ လင့်ဝေါစိမ်က တစ်လှမ်းဆုတ်ပေးရင် တစ်လှမ်းရှေ့တိုး ဘယ်၊ တည်ကြည်မှန်ကန်တဲ့ သိုင်းလောကတစ်ခွင်က ပုဂ္ဂိုလ်တွေ

"တင့်ပါ့ဘုရား"

"သူရိန်မျက်နှာမူဂိုဏ်းက တစ်လအတွင်း ဟင်စမ်းကို ပြီး မယ်ဆိုတော့ ခု ရှောင်လင်၊ ဝူတန်း၊ ဝေါမေ၊ ခုန်းတဲ့ အဖွဲ့သားတွေနဲ့ အထွတ်အထိပ် ပုဂ္ဂိုလ်တွေအားလုံး ဟင်စမ်းတောင်ခြေအောက်မှာ ရောက်လာပြီး စောင့်ကြပ်နေကြပြီ"

"အလို တပည့်တော် လုံးဝမသိခဲ့တာကို ခွင့်လွှတ်ပါဘုရား သူရိန်မျက်နှာမူဂိုဏ်းက ဟင်စမ်းကို ချေမှုန်းမဲ့သတင်းကို ဆရာ တော်ကြီးတို့ ဘယ်ကနေ ဘယ်လိုရရှိပါသလဲ"

"ဒကာလေးကို ဓားရေးသင်ပေးခဲ့တဲ့ ဂုစမ်းရဲ့ ရှေးဆရာကြီး ဖုန်းချင်းယန်ဆီက စာရလို့ သိရတာပါ၊ ဒကာလေးရဲ့ မိတ်ဆွေ ဆိုလား၊ အဲဒီဒကာကြီး ခြောက်ယောက်ကို စေလွှတ်လိုက်တယ် သူတို့ အလုအယက် ပြောတာကို သဘောပေါက်အောင် ကျုပ် တော့်တော်ကို စိတ်ရှည်လက်ရှည် နားထောင်ယူရတယ်"

ဝမ်းသိမ့် ဆရာတော်ကြီးက အသံထွက်ပြီးရယ်သည်။

"နတ်မင်းသားခြောက်ပါး ထင်ပါတယ်"

"ဟုတ်တယ် နတ်မင်းသားခြောက်ပါးပဲ"

"တပည့်တော် ဂုစမ်းတောင်ကို ရောက်ခဲ့ပေမဲ့ ဘိုးတော် ဖုန်းချင်းယန်ကို ဦးချကန်တော့ခွင့် မကြုံခဲ့ပါဘူး၊ မထင်မှတ်ပဲ သူက ဒီအကြောင်းတွေကို သိနှင့်နေတာကိုး"

"ဆရာကြီးကို တွေ့ဖို့ကလည်း နတ်သိကြားကိုတွေ့ဖို့လို ခက်ခဲတယ် မဟုတ်လား၊ အဲဒီ နတ်မင်းသား ခြောက်ပါးကတော့ ဂုစမ်းတောင်ပေါ်မှာ မဖွယ်မရာ ပြုလုပ်နေလို့ ဆရာကြီး ဖုန်းချင်း ယန်က သူတို့ကို ခေတ္တ ထိန်းသိမ်းထားခဲ့ပြီး ရှောင်လင်ကျောင်း တိုက်ကို စေလွှတ်လိုက်တာပါပဲ"

က သူ့ကို ဦးချပြီး ဘုရင်အဖြစ် မတင်မြှောက်ရင် အားလုံးကို မျိုးဖြုတ်မလား မပြောတတ်ဘူး၊ ဒီတော့ အများသတ္တဝါတွေကို ကယ်ရမှာပဲ"

"ဆရာတော် အမိန့်ရှိတာ မှန်ပါတယ်၊ သိုင်းလောကကို လွှမ်းမိုးအုပ်စိုးလိုတဲ့ဆန္ဒ သူ့မှာ ရှိပါတယ်၊ အရက်ခွက်ကြီး သုံးဆယ်သောက်တာတောင် မမူးတဲ့ တပည့်တော်တောင် သူတို့ ဂိုဏ်းသားတွေ ရွတ်ဖတ်သချ္ဂာယ်တဲ့ သိုင်းလောကို အခွန့်ရှည်ကြာစွာ ဦးဆောင်နိုင်ပါစေဆိုတဲ့ အသံကြားတာနဲ့ တပည့်တော် မူးပြီး လဲချင်လာပါတယ်"

"အိမ်း ... သူတို့ ရွတ်ဖတ်သချ္ဂာယ်တဲ့ ဂါထာက တယ်စွမ်းပေသကိုး"

ဝှမ်းသိမ့် ဆရာတော်ကြီးက ခေတ္တရပ်နားပြီးမှ ...

"ဒကာကြီး ဖုန်းချင်းယန်က နတ်မင်းသားခြောက်ပါးကို အတွင်းအား ကျင့်စဉ်တစ်ခုလည်း ကျုပ်ဆီ အပို့ခိုင်းလိုက်တယ်၊ ကျုပ်က တစ်ဆင့် ဒကာလေးကို သင်ကြားပေးစေဖို့ မှာလိုက်တယ်၊ နတ်မင်းသားခြောက်ပါးက စကားသာ အပေါက်လမ်းတည့်အောင် မပြောတတ်ကြပေမဲ့ ဆရာကြီး ဖုန်းချင်းယန် ခိုင်းစေတဲ့အတိုင်း အတွင်းအားကျင့်စဉ်ကို ကောင်းကောင်းမွန်မွန် ချောချောမောမော ရွတ်ပြနိုင်ခဲ့တယ်၊ ဒကာလေး အဲဒီ ဖုန်းချင်းယန်ရဲ့ အတွင်းအားကျင့်စဉ်ကို နားထောင်ပါ"

လင်းဟူစုန်းသည် ဝှမ်းသိမ့် ဆရာတော်အား တိတ်ဆိတ်သော အခန်းတစ်ခန်းတွင်းသို့ ခေါ်ဆောင်သွားသည်။

"ဒီအတွင်းအားကျင့်စဉ်က ဘိုးတော် ဖုန်းချင်းယန် သင်ကြားပေးတာလို့ပဲ ပြောနိုင်တယ်"

ဤသို့ တွေးတောပြီး လင်းဟူစုန်းသည် ဝှမ်းသိမ့် ဆရာတော်ကြီးရှေ့တွင် ဒူးထောက်ချလိုက်သည်။

"ဘိုးတော် ဖုန်းချင်းယန်ရဲ့ ကျေးဇူးက တပည့်တော်အပေါ် မြင့်မိုရ်တောင် ထူထည်မက ကြီးမားပါတယ် ဘုရား"

"ဒကာကြီး ဖုန်းချင်းယန်က ဒကာလေးကို လေ့ကျင့်ဖို့ အလွန်မျှော်လင့်ပါတယ်၊ ဒီတော့ ဒကာလေး အမြန်ကြိုးစား လေ့ကျင့်စေချင်ပါတယ်"

"တင်ပါ့ဘုရား၊ တပည့်တော် လေ့ကျင့်ပါ့မယ်"

"ဆရာကြီး ဖုန်းချင်းယန်ရဲ့ အတွင်းအား ကျင့်စဉ်ကတော့ ရှောင်လင်ကျောင်းရဲ့ အတွင်းအားကျင့်စဉ်နဲ့ မတူဘူး၊ ဒါပေမဲ့ သိုင်းပညာဆိုတာက ဆက်နွယ်မှုရှိလေတော့ ဆင်တူရိုးမှား ရှိပါတယ်၊ ဒကာလေးက ဓားရေးမြင့်မားပေမဲ့ အတွင်းအား လေ့ကျင့်မှုနည်းတော့ သဘောမပေါက်နိုင်တဲ့ အချက်တွေကို ကျုပ် ရှင်းလင်းအောင် ပြသပေးနိုင်ပါတယ်"

"ဆရာတော်ကြီး သင်ကြားပေးမယ်လို့ ကြားရတော့ တပည့်တော် ဝမ်းသာပါတယ် ဘုရား"

ဆရာတော်ကြီး ဝှမ်းသိမ်းသည် အတွင်းအားကျင့်စဉ်ကို လင်းဟူစုန်းအား နှုတ်ဖြင့်ရွတ်ပြသည်။ လင်းဟူစုန်းက လိုက်မှတ်သည်။ မရှင်းလင်းသည့် အချက်များအား ဆရာတော်ကြီးက စိတ်ရှည်လက်ရှည် ရှင်းပြသောကြောင့် လင်းဟူစုန်းသည် ဘိုးတော် ဖုန်းချင်းယန် ချိုးမြှင့်လိုက်သည့် အတွင်းအားကျင့်စဉ်ကို နားလည်၍ လေ့ကျင့်နိုင်သွားသည်။

"အတွင်းအား လေ့ကျင့်တယ်ဆိုတာ နှစ်ပေါင်းကြာမှ ခရီးရောက်ပေမဲ့ တစ်နေ့လေ့ကျင့်ရင် တစ်နေ့အတွက် အကျိုးရှိ

လင်းဟူစုန်းသည် ကျန်ရသေ့နှစ်ပါးကို အကဲခတ်ကြည့်လိုက်သည်။ တစ်ချိန်က ဂူတန်းတောင်ခြေတွင် တွေ့ခဲ့ရသည့် ဘင်းထမ်းလာသူနှင့် ဟင်းသီးဟင်းရွက် ထမ်းလာသူ ဟန်ဆောင်ခဲ့သည့် လူနှစ်ယောက် ဖြစ်သည်။

"ဒါကတော့ ညီတော် ချိန်းရွီး ဖြစ်တယ်"

ချန်းရွီးရသေ့က ထင်းထမ်းလာသူကို မိတ်ဆက်ပေးသည်။ ပြီးနောက် ဟင်းသီးဟင်းရွက် ထမ်းသူအား ...

"ဒါကတော့ တူတော်မောင် ပေါင်ချင်ကောင်းပဲ၊ ညီတော်ကတော့ ငယ်စဉ်ကတည်းက ထောက်ချောက်မျိုးစုံ ဆင်တဲ့ပညာကို သင်ကြားတတ်ကျွမ်းထားတယ်၊ တူတော်မောင်ကတော့ ခဲယမ်းမီးကျောက် ဖောက်ခွဲတဲ့ ပညာရပ်ကို တတ်ကျွမ်းတယ်၊ သူတို့နှစ်ယောက်ကိုခေါ်ခဲ့တာ အကြောင်းရှိတယ်၊ ဆင်ကွက်ကို ဖန်တီးဖို့ပဲ၊ ကဲ ... ညီတော်မောင်နဲ့ တူတော်မောင် ဂိုဏ်းချုပ် လင်းဟူစုန်းကို မင်းတို့ ပစ္စည်းတွေပြကြစမ်း"

ချိန်းရွီးရသေ့ ထွက်သွားပြီး မကြာမီတွင် ဟင်းသီးဟင်းရွက် ထမ်းလာသူ လေးယောက်ကို ခေါ်လာခဲ့သည်။ ဟင်းသီးဟင်းရွက်များ ကြားထဲမှ ပစ္စည်းမျိုးစုံ နှိုက်ထုတ်ယူလိုက်သည်။ သစ်သားထည်၊ သံထည်၊ ဝက်အူ၊ စပရိန်နှင့် အခြား အမျိုးအမည်မသိသော ပစ္စည်းများ၊ ကိရိယာ အစုံအလင်များ ဖြစ်နေသည်။ ထိုလေးယောက်သည် ပစ္စည်းများကို အသီးသီး ကောက်ယူတပ်ဆင်လိုက်သောအခါ ခုံကြီးတစ်လုံး ဖြစ်သွား၏။

ထိုင်ခုံကြီးကို အဝါရောင်ဖျော့ဖျော့ အကောင်းစားပိုးသားဖြင့် ပြုလုပ်ထားသော အစွပ်ဖြင့် ဖုံးစွပ်လိုက်သည်။ ထိုင်ခုံအစွပ်တွင် သူရိန်နေမင်းကြီးအား ပင်လယ်ထဲမှ ထွက်ပေါ်ခဲ့သော နဂါးကို

ပါတယ်၊ ကျုပ်လည်း ဒီရက်ပိုင်းမှာ ရှိနေမယ်ဆိုတော့ ဒကာလေးလေ့ကျင့်ရင် အထောက်အကူ ပေးနိုင်ပါတယ်၊ ကဲ ... ချန်းရွီးရသေ့ကြီးလည်း ခုလောက်ဆို ရောက်နေလောက်ပြီ ထင်တယ် အပြင်ထွက်ကြစို့"

လင်းဟူစုန်းသည် ဆရာတော်ကြီးထံမှ အတွင်းအားလေ့ကျင့်စဉ်ကို ရှစ်နာရီခန့်ကြာအောင် သင်ကြားရသည်။ အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ တစ်မိုးပင် ချုပ်သွားသည်။

အခန်းအပြင်ဘက်တွင် ရသေ့သုံးပါးက တင်ပျဉ်ခွေထိုင်၍ စကားပြောနေကြသည်။ သုံးဦးအနက် တစ်ဦးသည် ချန်းရွီးရသေ့ကြီး ဖြစ်နေလေသည်။

"ဟင်စမ်းအဖွဲ့ ဒုက္ခရောက်ချိန်မှာ ရသေ့ကြီးများ မေတ္တာရှေ့ထားပြီး လာရောက်ကူညီတာကို ဟင်စမ်းအဖွဲ့ကိုယ်စား အလွန်ကျေးဇူးတင်ပါတယ်"

လင်းဟူစုန်းက ဂါရဝပြုပြီး နူတ်ဆက်လိုက်၏။

"ကျုပ်တို့ ရောက်တာတောင် အတော်ကြာသွားပြီ၊ အတွင်းအား ကျင့်နေကြလို့ ဒီမှာပဲ စောင့်နေကြတာ၊ ဓားရေး နက်ရှိုင်းမှုမှာ အတွင်းအား ဖြည့်စွက်လိုက်ရင် လင့်ဝေါစိမ် ထိတ်လန့်စရာ ဖြစ်သွားမယ် ထင်တယ်"

"အတွင်းအားကျင့်စဉ်က အလွန်နက်ရှိုင်းတော့ အတော်ကို ကြိုးစားရမဲ့ သဘောရှိပါတယ်၊ ဒုါထက် ဝေါမေ၊ ခွန်လွန်၊ ခုန်းတို့အဖွဲ့တွေနဲ့ ဆရာကြီးတွေလည်း ရောက်နေတယ်ဆိုတော့ ဒီကိုပင့်ပြီး တိုင်ပင်ဆွေးနွေးကြရင် ကောင်းမယ်ထင်ပါတယ်"

"ရန်သူ့ သူလျှိုတွေ ရိပ်မိသွားမှာစိုးလို့ မဖိတ်ခေါ်ခဲ့တာပါပဲ၊ သူတို့ တောင်ပေါ်တက်တာတောင် ရုပ်ဖျက်ပြီး တက်ခဲ့တယ်"

ထိုနေ့ညတွင် ဝှမ်းသိမ့် ဆရာတော်ကြီးနှင့် ချန်းရွိး ရသေ့ကြီးတို့သည် ဟင်စမ်းအဖွဲ့၏ ကျောင်းခန်းမဆောင်တွင် ကျိန်းစက်ရင်း သူရိန်မျက်နှာမူဂိုဏ်းအား ခုခံတွန်းလှန်ရေး အစီအစဉ်များကို စနစ်တကျ ရေးဆွဲကြသည်။

ချန်းရွိး ရသေ့ကြီး၏ တပည့်တစ်ရာခန့်သည် အထမ်းသမားဟန်ဆောင်ကာ ဟင်စမ်းတောင်ပေါ်သို့ ခဲယမ်းမီးကျောက်များ သယ်ယူခဲ့ကြ၏။

ရန်သူတက်ရောက်နိုင်သည့် လမ်းကြောင်းများတွင် ထောင်ချောက်ဆင်ခြင်း ဖောက်ခွဲရန် ခဲယမ်းသေတ္တာများထောင်ခြင်း ကိစ္စအဝဝတို့ကို ချန်းရွိးရသေ့ကြီး၏ ဦးဆောင်မှုဖြင့် သုံးရက်အကြာတွင် လုံးဝ ပြီးစီးသွား၏။

ကျန်ရက်ပိုင်းများတွင် လင်းဟူစုန်းသည် တင်ပျဉ်ခွေထိုင်ကာ အတွင်းအားကျင့်စဉ်ကို ဝှမ်းသိမ့်ဆရာတော်ကြီး၏ အထောက်အကူဖြင့် လေ့ကျင့်ခဲ့၏။ ဟင်စမ်းတပည့်များကိုလည်း ဓားရေးပြန်လည်လေ့ကျင့်စေသည်။

အားလပ်ချိန်များတွင် လင်းဟူစုန်းသည် ဟင်စမ်းတပည့်များကို ဓားရေးများ သင်ပြပေးလေ့ရှိသည်။ တစ်နေ့တွင် ဓားရေးလေ့ကျင့်နေစဉ် လင်းဟူစုန်းသည် ချင်းကျမ်းအား ဓားရေးနှင့် ပတ်သက်၍ ပညာပေးပြုပြင်သည်။

"ညီမလေး ချင်းကျမ်းက သိပ်ဉာဏ်ကောင်းတယ်၊ ဓားကွက်ရဲ့ အကူးအပြောင်း အချိတ်အဆက်တွေကိုလည်း သဘောပေါက်နေပြီ၊ တစ်ခုလိုနေတာ"

စကားမဆုံးမီတွင် လင်းဟူစုန်း၏ ဝမ်းဗိုက်တွင်းမှ အခဲရှခက်သည့် ဝေဒနာတစ်ခု ချက်ချင်း ပေါ်ပေါက်လာသည်။

စီးက ဖေးကူထားသည့်ဟန် ရွေချည်မျှင်ဖြင့် ဇာပန်းထိုးထားသည်။ တစ်ဖက်တွင် သူရိန်မျက်နှာမူဂိုဏ်းကြီး သိုင်းလောက အခွန့်ရှည်ကြာစွာ လွှမ်းမိုးနိုင်ပါစေဟုလည်းကောင်း၊ တခြားတစ်ဖက်တွင် သူရိန်မျက်နှာမူဂိုဏ်းကြီး လူသတ္တဝါအပေါင်းကို ကောင်းကျိုးချမ်းသာ ဖန်တီးနိုင်ပါစေဟု စာသားရေးထိုးထားသည်။ စာသားများကို ပုလဲနှင့် ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားလေသည်။

"ဒီတိုင်းဆိုရင်တော့ ဂိုဏ်းချုပ် လင့်ဝေါစိမ်ဟာ ဒီထိုင်ခုံကြီးမြင်တာနဲ့ မထိုင်ပဲနေနိုင်မှာ မဟုတ်ဘူး"

"ဟုတ်တယ် အစီအစဉ်ကတော့ အမွေးတိုင်တစ်တိုင်လောက် အကုန်မှာ ခဲယမ်းမီးကျောက်ပေါက်ကွဲဖို့ပဲ၊ လင့်ဝေါစိမ်က အကင်းပါးတော့ သူ မထိုင်ပဲ တစ်ယောက်ယောက်ကို အရင်ထိုင်ခိုင်းမှာ စိုးလို့ အဲဒီလို စီစဉ်ထားတာ၊ ထိုင်ထိုင်ချင်း ဘာမှမဖြစ်သေးဘူး၊ တဖြည်းဖြည်း မီးကြိုးကိုထိပြီး ထပေါက်အောင် စီစဉ်ထားတယ်"

"ရသေ့ကြီးရဲ့ အစီအစဉ် အတော်ကို စေ့စေ့ငှဉ် ရှိလှပါတယ်၊ ကျွန်တော်ဟာ အတွေ့အကြုံ နုငယ်သူတစ်ယောက်ဖြစ်လို့ အစစအရာရာ ရသေ့ကြီးသာ ဦးစီးပါ၊ ကျွန်တော် လိုက်နာပါ့မယ်"

"ဒါက ဟင်စမ်းတောင်ဖြစ်တော့ ကျုပ် ဦးစီးဖို့ မသင့်တော်ပါဘူး"

"ဂိုဏ်းချုပ် ဒကာလေးက စိတ်ရင်းနဲ့ပြောတာပါ၊ ဒကာကြီး ချန်းရွိးလည်း ငြင်းဆန်မနေပါနဲ့၊ ကျုပ်တို့သုံးဦး တိုင်ပင်ညှိနှိုင်းပြီး ရသေ့ကြီးရဲ့ အစီအစဉ်အတိုင်း ဆောင်ရွက်သွားကြတာပေါ့"

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဂိုယ်တိုင် ဝင်ပြောလိုက်သောကြောင့် ချန်းရွိး ရသေ့ကြီးသည် အတန်ကြာ စဉ်းစားပြီးမှ လက်ခံလိုက်လေသည်။

ခေါင်းတစ်ချက်ညိတ်ပြီး ထွက်သွားတော့၏။ ယိဟိုသည် ခေါင်းလောင်းစင်ပေါ်သို့တက်ပြီး အချက်ပေးခေါင်းလောင်းကို သုံးချက် ဆက်တီးလိုက်၏။ မကြာသောအချိန်တွင် ထုံးချွင်တောင်ချောက်နှင့် အခြား ဟင်စမ်းဆောင်များမှ ခေါင်းလောင်းသံများ ဆက်လက် ထွက်ပေါ်လာလေသည်။

ဟင်စမ်းအဖွဲ့၊ ရှောင်လင်အဖွဲ့၊ ဝူတန်းအဖွဲ့တို့မှ မြင့်မားသည့် ပုဂ္ဂိုလ်များက ကြိုတင်စီစဉ်ထားသည့်အတိုင်း သတ်မှတ်ထားသည့် နေရာအသီးသီးတွင် လူစုခွဲကာ စောင့်ကြပ်နေကြသည်။

တောင်တက်လမ်းတစ်လျှောက်တွင် အစောင့်အကြပ် မထား ရှိပဲ သူရိန်မျက်နှာမူအဖွဲ့သားများ တောင်ပေါ်ရောက်တော့မှပင် ဝေါမေ၊ ခွန်လွန်၊ ခုန်းတုံ့အဖွဲ့တို့ အပါအဝင် အားလုံးက လမ်းပေါက်များပိတ်ဆို့ပြီး အသေအကြေ တိုက်ခိုက်ရန် ပြင်ဆင်ထားလေသည်။

ခေါင်းလောင်းသံများ ရပ်ဆိုင်းသွားသည်။ ခွန်လွန်၊ ဝေါမေ၊ ခုန်းတုံ့ အဖွဲ့များက တောင်ခြေတွင် ပုန်းလျှိုးနေ၏။ သူရိန်မျက်နှာမူအဖွဲ့ တောင်ပေါ်တက်သည့် လမ်းဖွင့်ပေး၍ အားလုံး တောင်ပေါ်ရောက်ပြီးမှ လမ်းကြောင်းများကို ပိတ်ဆို့ဖြတ်တောက်ပြီး တိုက်ခိုက်ရန် အကြံဖြင့် ငြိမ်သက်နေကြ၏။

ခေါင်းလောင်းသံများ ဆူညံသွားသောကြောင့် လက်တစ်ဖက်ဖြင့် ဝမ်းဗိုက်ကိုဖိရင်း ကြမ်းပေါ်တွင် လူးလိမ့်နေလေသည်။

ယိနှင်နှင့် ချင်းကျွမ်းတို့ နှစ်ယောက်သည် မည်သို့ပြုရမည်ကို မသိပဲ မျက်စိမျက်နှာ ပျက်နေကြ၏။

"တို့တစ်တွေ ဂိုဏ်းချုပ်အစ်ကိုကြီး လင်းဟူစုန်းကို ကျောင်းခန်းမဆောင်ဘက် မသွားကြရအောင်၊ ဒါမှ ဆရာတော်ကြီးဝမ်းသိမ့်နဲ့ ချန်းရှီး ရသေ့ကြီးတို့ရဲ့ ညွှန်ကြားချက်ကိုလည်း ရနိုင်တယ်"

လင်းဟူစုန်း သတိထား ထိန်းထားသော်လည်း မျက်စိထဲတွင် ချာချာလည်ကာ ထိုးလဲသွားလေသည်။ ဟင်စမ်း အဖွဲ့သူများက လင်းဟူစုန်းအား အပြေးအလွှား ဖေးထူလိုက်ကြသည်။

"ဂိုဏ်းချုပ်ကြီး ဘယ်လိုဖြစ်သွားလို့လဲ"

သွေးကြောဖျက် အတွင်းအားသိုင်း၏ ဖောက်ပြန်ချက်ကို ခံစားရခြင်း ဖြစ်၏။ စကားပြောလိုသော်လည်း စကားမပြောနိုင်ချေ၊ ဟင်စမ်းတပည့်မများ ပျာယာခတ်နေသည်။

ထိုအခိုက် ခိုနှစ်ကောင်သည် သိုင်းလေ့ကျင့်သည့် ခန်းမဆောင်ကြီးထဲသို့ ပျံသန်းလာလေသည်။ ခို၏ ကျောပေါ်တွင် အနီရောင် သုတ်လိမ်းထားသည်ကို မြင်လိုက်ကြရသောကြောင့် သူရိန်မျက်နှာမူဂိုဏ်း ရောက်ရှိလာကြောင်း ဟင်စမ်းအဖွဲ့သူများ သိလိုက်သည်။

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ချန်းရှီးရသေ့ကြီး ကိုယ်တိုင် ကြွရောက်လာပြီး ခံစစ်ကြောင်းကို စနစ်တကျ ပြင်ဆင်ထားသောကြောင့် ဟင်စမ်းတပည့်မများသည် အားတက်မာန်တက် ဖြစ်နေခဲ့ကြသည်။ သို့သော် ယခုကဲ့သို့ အရေးကြီးချိန်တွင် ဂိုဏ်းချုပ်လင်းဟူစုန်းက အခြေအနေ မလှသောကြောင့် ဟင်စမ်း တပည့်မများ ကြံရာမရ ဖြစ်ကြရ၏။

"ယိကျိ၊ ယိဝန်း ဆရာတော်ကြီးနဲ့ ရသေ့ကြီး ချန်းရှီးကို အမြန်သွားသတင်းပို့"

ယိချိန်း၏ စကားကြောင့် ယိကျိနှင့် ယိဝန်းတို့နှစ်ယောက် ကပျာကယာ ထွက်ခွာသွားကြလေသည်။

"အစ်မ ယိဟို၊ အစ်မ အမြန် ခေါင်းလောင်းသွားထိုးပါ"

ယိချိန်းက ဆက်လက်၍ တာဝန်ခွဲလိုက်၏။ ယိဟိုသည်

ယိဆောင်နှင့် ရသေ့မကြီးတစ်ပါးက လင်းဟူစုန်းအား ကျောင်းခန်းမဆောင်တွင် ချပေးထားပြီးသည်နှင့် အချက်ပေးသော ယမ်းဖောက်ခွဲသံများ ထွက်ပေါ်ခဲ့သည်။ ယမ်းပေါက်ကွဲသံ ရပ်သွားသည်နှင့် မောင်းသံနှင့်ဗုံသံ ဆူညံစွာ ထွက်ပေါ်ခဲ့သည်။ လူတိုင်းက သူရိန်မျက်နှာမူအဖွဲ့၏ ထိုးစစ်ရောက်ရှိခဲ့ပြီဟု တွက်ဆနေကြသည်။

ဝမ်းသိမ့် ဆရာတော်ကြီးနှင့် ချန်းရွီး ရသေ့ကြီးတို့သည် လင်းဟူစုန်း၏ အဖြစ်ကို မြင်ရသောအခါ အပြေးအလွှား ရောက်ရှိပြီး ကြည့်ရှုကြသည်။

"ညီတော်လေး လင်းဟူစုန်း စိတ်မပူပါနဲ့၊ ညီတော်လေးရဲ့ ဟင်စမ်း အဖွဲ့သူတွေအတွက် ဆုတ်ခွာရေးလမ်းကြောင်းကိုလည်း စီစဉ်ထားပါတယ်၊ အစစအရာရာ ကျုပ် ကြည့်ပြီး တာဝန်ယူပါ့မယ်"

ချန်းရွီး ရသေ့က အားပေးနှစ်သိမ့်သည်။ လင်းဟူစုန်း ခေါင်းညိတ်ရုံသာ ညိတ်ပြနိုင်သည်။

"ဂိုဏ်းချုပ် လင်းဟူစုန်းလည်း ထောင်ချောက်ဆင်ထားတဲ့ ခံစစ်ကြောင်းဘက်ကို ဆုတ်ခွာသွားပါ"

ရှောင်လင်ဆရာတော်ကြီးက လင်းဟူစုန်းကို အကြံပေးသည်။

"ဘယ်နည်းနဲ့မှ တပည့်တော် မဆုတ်ခွာနိုင်ဘူး၊ ဓား ... ဓားကို ယူပေးပါ"

ချန်းရွီးရသေ့နှင့် ရှောင်လင်ဆရာတော်ကြီးက ဖျောင်းဖျ ပြောဆိုသော်လည်း လင်းဟူစုန်း လက်မခံပေ။ ထို့ကြောင့် ဆရာတော်ကြီးနှင့် ချန်းရွီးရသေ့ကြီးတို့သည် အတင်းအဓမ္မ တိုက်တွန်းခြင်း မပြုကြတော့ချေ။

မောင်းသံနှင့် ဗုံသံဆိုင်းသံများ ရပ်စဲသွားပြီး လူအများအပြား၏ ဟစ်ကြွေးသံ ထွက်ပေါ်လာသည်။

"ဂိုဏ်းချုပ်ကြီး သိုင်းလောကတစ်ခွင် ဘုန်းမီးနေလတောက်ပပါစေ၊ အခွန့်ရှည်ကြာ သိုင်းလောကတစ်ခွင်ကို အုပ်စိုးနိုင်ပါစေ"

ဝမ်းသိမ့် ဆရာတော်၊ ချန်းရွီး ရသေ့နှင့် လင်းဟူစုန်းတို့သည် သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိကြ၏။

ဟင်စမ်း တပည့်မလေး ယိမင်းသည် ဓားရှည်တစ်လက်ကို လင်းဟူစုန်းအား လှမ်းပေးသည်။ လင်းဟူစုန်း စိတ်ဓာတ်ပြင်းပြနေသော်လည်း ဓားရှည်ကို လှမ်းမယူနိုင်ချေ။ ထို့ကြောင့် ယိမင်းက ဓားရှည်ကို လင်းဟူစုန်း၏ ခါးစည်းကြိုးထဲသို့ ထိုးသွင်းပေးထားလိုက်သည်။

လူအများအပြား၏ အော်ဟစ်သံများ တိတ်ဆိတ်သွားပြန်သည်။ တဖန် မောင်းသံ၊ ဗုံသံများ တေးသီချင်းသံများက ဟင်စမ်းတောင်ပေါ်သို့ ပျံ့လွင့်လာသည်။ ထူးခြားသည်မှာ ရဲစိတ်ရဲမာန် တက်ကြွစေသော တေးသီချင်းမဟုတ်ပဲ သူရိန်မျက်နှာမူဂိုဏ်းကြီး၏ မင်္ဂလာအခါတော်ပေးဘွဲ့ ဖြစ်လေသည်။

တေးသံ၊ ဆိုင်းသံများ ရပ်ဆိုင်းသွားပြီးနောက် လူအုပ်ကြီး၏ တစ်ပြိုင်နက် အော်ပြောလိုက်သံကို ကြားရပြန်သည်။

"သူရိန်မျက်နှာမူဂိုဏ်းချုပ်က ဟင်စမ်းတောင်ပေါ် ကြွရောက်ပြီး ဟင်စမ်းဂိုဏ်းချုပ် လင်းဟူစုန်းကို တွေ့ဆုံလိုပါတယ်"

သူရိန်မျက်နှာမူဂိုဏ်း၏ ဦးစီးဆယ်ယောက်၏ အသံမှန်း လင်းဟူစုန်း သိသည်။

ဖျားကိုသာ စူးစိုက်ကြည့်နေ၏။ ဘယ်လက်ဖြင့် ရင်ဝကိုဖိထားပြီး ညာလက်ဖြင့် ဝမ်းဗိုက်ကို ဖိထားသည်။ ဝေဒနာ ပျောက်ကင်းသွားသော်လည်း လင်းဟူစုန်း အတွင်းအား ဆက်ကျင့်နေသည်။ လင်းဟူစုန်း၏ စိတ်အာရုံသည် တစ်နေရာတည်းတွင် စုစည်းမိသွားပြီး ဆူညံသော အသံဗလံဟူသမျှကို ကြားနိုင်ခြင်း မရှိတော့ချေ။ ပကတိ အေးချမ်းဆိတ်ငြိမ်သွားတော့၏။

ဤအတွင်းအားကျင့်စဉ်ကို လင်းဟူစုန်း လေ့ကျင့်သည်မှာ ရက်ပိုင်း မကြာသေးပေ။ သို့သော်လည်း အတွင်းအားကျင့်စဉ်၏ နည်းနာနိဿရည်းကို ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ကိုယ်တိုင် ကြိုးကြိုးစားစား ကြပ်မတ်သင်ကြားပေး၏။ နည်းမှန်လမ်းမှန် ဖြစ်သောကြောင့် ရက်ပိုင်းအနည်းငယ် အတွင်း၌ အတော်အတန် တိုးတက်ခဲ့၏။

ဝမ်းသိမ့် ဆရာတော်ကြီးက လင်းဟူစုန်း စိတ်တစ်စိတ်တည်း ဖြစ်သွားပြီး သမာဓိ ရရှိနေကြောင်း မြင်ရသောအခါ အလွန်ဝမ်းသာသွားသည်။

သီဆိုတီးမှုတ်သံများနှင့်အတူ သူရိန်မျက်နှာမူဂိုဏ်းချုပ်သည် ဟင်စမ်းတောင်ပေါ်သို့ တက်လာနေပြီဖြစ်ကြောင်း ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ကြားနေရ၏။

ဟင်စမ်း တောင်ပေါ်သို့တက်ရောက်ရာ လမ်းကြောင်းသည် ရှည်လျားကျဉ်းမြောင်းသည်။ ထို့ကြောင့် သူရိန်မျက်နှာမူ ဂိုဏ်းသားများသည် ခြေအလွန်သွက်သော်လည်း တောင်ခါးလယ်လောက်သာ ရောက်သေးသည်။

ဟင်စမ်းအဖွဲ့အား လာရောက်ကူညီ တိုက်ခိုက်ရန် စောင့်ကြပ်နေသည့် လူများက လက်ယားနေကြသည်။ မူလက သူရိန်

"သူတို့က ယဉ်ကျေးမှုကို အခြေခံပြီး တိုက်ခိုက်ကြမဲ့ သဘောရှိတယ်၊ ကျုပ်တို့ဘက်ကလည်း သဘောထားကြီးကြောင်း ပြသဖို့ကောင်းတယ်၊ ဂိုဏ်းချုပ် ဒကာလေးက သူတို့ကို တက်လာခွင့် ပေးလိုက်ပါ"

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး ဝှမ်းသိမ့်က လင်းဟူစုန်းကို ပြောကြားသည်။

လင်းဟူစုန်းသည် ဗိုက်နှင့်ရင်ခေါင်း အတွင်း၌ ပြင်းပြသော ဝေဒနာကို ခံစားနေရသောကြောင့် ဘိုးတော် ဖုန်းချင်းယန်၏ အတွင်းအားကျင့်စဉ်နှင့် ထိန်းချုပ်ရန် စတင်လေ့ကျင့်သည်။ လေ့ကျင့်စတွင် ထူးခြားမှုမရှိချေ။ ဝမ်းတွင်း၌ ဓားအစင်းပေါင်းများစွာ မွေနှောက်သလို ခံစားရသည်။ သို့သော် ဆက်လက်၍ လေ့ကျင့်သောအခါ ဝေဒနာသည် တဖြည်းဖြည်း လျော့ပါးသွား၏။ ဝမ်းတွင်း၌ ကပြောင်းကဆန် ဖြစ်နေသော အရှိန်အဟုန်များသည် မုန်တိုင်းစဲသကဲ့သို့ ငြိမ်သက်သွား၏။ ချောင်းရေစီးသည့်နယ် သွေးကြောများထဲသို့ စီးဝင်သွားသည်ဟု ခံစားရပြီး နာကျင်မှုဟူသမျှ ပျောက်ကင်းသွားလေသည်။

"ဟင်စမ်းဂိုဏ်းချုပ်၊ ဂူတန်းဂိုဏ်းချုပ်နဲ့ ရှောင်လင်ကျောင်းထိုင် ဆရာတော် ဝှမ်းသိမ့်တို့က သူရိန်မျက်နှာမူဂိုဏ်းချုပ် ရောက်ရှိလာတာကို ကြိုဆိုပါတယ်"

ဝှမ်းသိမ့်ဆရာတော်ကြီး တစ်ပါးတည်း၏ အသံ ဟိန်းထွက်သွားသည်။ အတွင်းအား နက်ရှိုင်းသောကြောင့် ကုမ္ဘာဏ်ဦးစီးဆယ်ယောက်၏ အသံထက်ပင် ပိုမိုပြတ်သား လေးနက်စူးရှလေသည်။

လင်းဟူစုန်းသည် တင်ပျဉ်ခွေထိုင်ကာ မျက်စိက နှာသီး

ဓားအိမ်ထဲကဓားကို ဆွဲနုတ်ကိုင်ဆောင်ထားခြင်း မရှိသေး ထို့ကြောင့် လင့်ဝေါစိမ်သည် တောင်ပေါ်သို့ ရောက်ရှိမလာသေး သဖြင့် လင်းဟူစုန်းက တဟားဟား ရယ်မောလိုက်ပြီး ဓားရှည်ကို ဓားအိမ်ထဲသို့ ထိုးသွင်းလိုက်၏။

တောင်ခါးလယ်မှ ကြွေးကြော်သံများ တိတ်ဆိတ်သွားပြီးနောက် ဆိုသံ၊ တီးမှုတ်သံများ ထွက်ပေါ်လာပြန်သည်။

"ဂိုဏ်းချုပ်ကြီး လင့်ဝေါစိမ်ကလည်း အတော့်ကို ဟိတ်ကြီးဟန်ကြီး ထုတ်ပါလား၊ လူကိုယ်တိုင် တောင်ထိပ်ပေါ် ရောက်လာမယ်နဲ့တူတယ်"

ထိုသို့ တွေးတောရင်း လင်းဟူစုန်း မကျေမနပ်ဖြစ်နေစဉ် သူရိန်မျက်နှာမူဂိုဏ်းသားများသည် နှစ်တန်းစီကာ တောင်ပေါ် တက်လာကြ၏။ ဂိုဏ်းသားများသည် အသစ်ကျပ်ချုတ် ဝတ်စုံစိမ်းများကို ကိုယ်စီ ဝတ်ဆင်ထားသည်။ ခါးတွင် အဖြူရောင်ခါးစည်းကို စည်းထားသောကြောင့် ရှင်းလင်းမြင်သာ၏။

ရှေ့ဆုံးမှ ရောက်ရှိလာသည့် လူလေးဆယ်သည် လင်ဗန်းကိုယ်စီ ကိုင်ထားသည်။ လင်ဗန်းပေါ်တွင် ပိုးပဝါ ခင်းထားသည်ကို တွေ့ရ၏။ လင်ဗန်းထဲ၌ မည်သည့်အရာပါမှန်း မသိနိုင်ချေ။ လူလေးဆယ်သည် လုံးဝ လက်နက်ပါရှိခြင်းမရှိပဲ အလှမ်းဝေးသည့် နေရာတွင် တညီတညွတ်တဲ့ည် ရပ်တန့်လိုက်သည်။

ဆက်လက်၍ သီဆိုတီးမှုတ်သံများ ထွက်ပေါ်လာသည်။ သီဆိုတီးမှုတ်ကြသည့် အဖွဲ့သည် ဟင်စမ်းတောင်ပေါ်သို့ ရောက်ရှိလာကြသည်။ လင်းဟူစုန်း အတွေးတစ်မျိုး ပေါက်ခဲ့၏။

"အင်း ... ဆိုင်းသံဗုံသံ တည်ညံနဲ့သာ တိုက်ခိုက်ကြရင်တော့ ဇာတ်စင်ပေါ်က တိုက်ခန်းခိုက်ခန်းအတိုင်း ဖြစ်နေတော့မှာပဲ"

မျက်နှာမူဂိုဏ်းသည် ဟင်စမ်းတောင်သို့ ရောက်သည်နှင့် တိုက်ခိုက်မည်ဟု တွက်ထားခဲ့သော်လည်း ယခုကဲ့သို့ ဆိုင်းသံဗုံသံ တည်ညံနှင့် တေးတကြော်ကြော် ရှိနေသောအခါ စောင့်ကြပ်နေကြသူများက စိတ်မရှည်ချင်ကြတော့ချေ။

အချိန်အတန်ကြာစွာ မည်သည့်အသံကိုမှ မကြားနိုင်တော့သည်အထိ စိတ်အာရုံစုစည်းနေသော လင်းဟူစုန်းသည် ရုတ်တရက် နားထဲတွင် အသံများ ပြန်လည်ကြားရပြီး ပတ်ဝန်းကျင်ကို ပြန်လည် သတိထားမိသည်။ သတိပြန်ရလာသည်နှင့် လင်းဟူစုန်း၏ ဦးခေါင်းထဲသို့ ဖျတ်ခနဲ အတွေးတစ်ခု ဖြတ်သန်းဝင်ရောက်လာသည်။

"ဟာ ... ဂိုဏ်းချုပ်ကြီး လင့်ဝေါစိမ် တောင်ထိပ်ပေါ် ရောက်ရှိလာတော့မှာပါလား"

လင်းဟူစုန်း ထထိုင်လိုက်သည်။

"ဒကာလေး ... ဒကာလေးရဲ့ ဝေဒနာ ပျောက်ကင်းချမ်းသာသွားပြီလား"

"တိုက်ခိုက်ကုန်ပြီလား ဆရာတော်ကြီး ဘုရား"

လင်းဟူစုန်းက ဆရာတော်ကြီး မေးခွန်းကို ပြန်မဖြေပဲ အလောတကြီး မေးလိုက်သည်။

"ရောက်မလာကြသေးဘူး"

လင်းဟူစုန်းက ဓားရှည်ကို ယောင်ယမ်း၍ ဆွဲထုတ်လိုက်မိသည်။ သို့သော် ဒုမ်းသိမ့် ဆရာတော်ကြီးကို ကြည့်လိုက်သောအခါ ပကတိ အေးဆေးတည်ငြိမ်လျက် ရှိနေသည်။ ယိဟို၊ ယီချိန်း တို့တစ်တွေကို လင်းဟူစုန်း ကြည့်လိုက်သောအခါတွင် ဟင်စမ်းအဖွဲ့၏ သိုင်းဟန်ဖြင့် အသင့်နေကြသော်လည်း မည်သူမှ

သီဆိုတီးမှုတ်ရေးအဖွဲ့က ဆက်လက်၍ သီဆိုတီးမှုတ်နေစဉ် သူရိန်မျက်နှာမူ ဂိုဏ်းသားများ တစ်စုပြီးတစ်စု တောင်ပေါ်တက် ရောက်ခဲ့ကြ၏။ အဝါရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အနီရောင်၊ အဖြူရောင် အရောင်ငါးမျိုး ခွဲခြားပြီး ဝတ်စားထား၏။

ဟင်စမ်း တောင်ထိပ်ပေါ်သို့ ရောက်ရှိလာသော သူရိန်မျက်နှာမူ ဂိုဏ်းသားများသည် သုံးထောင်ဝန်းကျင်ခန့် ရှိမည်။

"ခုနေ သူတို့တစ်တွေ ဟန်ရေးပြနေတုန်း တိုက်ခိုက်ရင်တော့ တို့ဘက်က ပစ်ပန်းသမှာ အမှန်ပဲ၊ ဒါပေမဲ့ သူတို့က ယဉ်ကျေးဖွယ်ရာ ပြုနေတုန်းမှာ တို့က စတင်တိုက်ခိုက်ရင် စိတ်နေစိတ်ထား သေးသိမ်ရာကျမယ်"

ဤသို့ စဉ်းစားမိသော လင်းဟူစုန်းသည် ဂွမ်းသိမ့် ဆရာတော်နှင့် ချန်ရှိး ရသေ့ကြီးကို လှမ်းကြည့်လိုက်သည်။ ဆရာတော်နှင့် ချန်ရှိး ရသေ့တို့သည် လုံးဝ အမူအရာ ပြောင်းလဲခြင်း မရှိ။

သူရိန်မျက်နှာမူဂိုဏ်းသားများသည် စည်းကမ်းတကျ မိမိတို့နေရာတွင် ရပ်လိုက်ကြသည်။ ဦးစီးဆယ်ဦးသည် ဘယ်ညာငါးယောက်စီခွဲပြီး ရပ်နေကြ၏။

"သက်ရှိသတ္တဝါ အပေါင်းတို့ ကောင်းကျိုးချမ်းသာပေးဖို့ သူရိန်မျက်နှာမူဂိုဏ်းချုပ် ကြွရောက်ခဲ့ပါပြီ"

ဦးစီးဆယ်ယောက်သည် တစ်ပြိုင်နက် အော်ပြောလိုက်ကြသည်။ မကြာမီအတွင်း အနီရောင်ကတ္တီပါ အုပ်ထားသော ဝေယာဉ်ကြီးတစ်ခုကို လူဆယ့်ခြောက်ယောက် ထမ်းတက်လာသည်။ ဝေါထမ်းသမား ဆယ့်ခြောက်ဦး သွက်လက်သော အပြုအမူကြောင့် ကိုယ်ဖော့ပညာ မြင့်မားသည့် သိုင်းသမားများ ဖြစ်

ကြောင်း လင်းဟူစုန်း သေသေချာချာ ကြည့်လိုက်သည်။ ဝေါယာဉ်ထမ်းသူများအနက် မိမိနှင့် အတော်ရင်းနှီးသော ကျူးချန်းကျူးနှင့် ညဇီးကွက် တို့တစ်တွေလည်း ပါရှိလာသည်ကို တွေ့ရသည်။

ကျူးချန်းကျူးနှင့် ညဇီးကွက်တို့ တစ်တွေက ဝေယာဉ်ကို ထမ်းလာသည်ကို တွေ့ရသောအခါ လင်းဟူစုန်း ဒေါသထွက်ပြီး စိတ်ထဲမှ ရေရွတ်မိသည်။

"ထွီ ... ကျူးချန်းကျူး၊ ညဇီးကွက်တို့လို သိုင်းပညာအထွတ်အထိပ်ကျတဲ့ သိုင်းသမားတွေကိုတောင် လင့်ဝေါစိမ်က ဝေါထမ်းခိုင်းတာတော့ လွန်တယ်၊ ဒါ ... လူစွမ်းကောင်းတွေကို ကျွန်လို သဘောထားပြီး တမင်မာန်ချိုး ဦးနှိမ်တာပဲ"

ဝေယာဉ်၏ တစ်ဖက်တစ်ချက်စီတွင် လူနှစ်ဦး လိုက်ပါလာသည်။ ဝေယာဉ်၏ ဘယ်ဘက်တွင် လိုက်ပါလာသူသည် ထွန်းလင်း ဘယ်လက်ရုံးကြီး ရှုန်းဝံ့ထျန်းဖြစ်ပြီး ဝေယာဉ်၏ ညာဘက်တွင် လိုက်ပါလာသူကို လင်းဟူစုန်း မြင်ဖူးသယောင် ရှိသည်။ တခဏကြာမှ လင်းဟူစုန်း ပေါင်ကို ယောင်ယမ်းပုတ်မိသည်။ ညာဘက်တွင် လိုက်ပါလာသူမှာ ဝါးစိမ်းအဘိုးအို ဖြစ်သည်။ လင်းဟူစုန်းအား စောင်းတီးအတတ်ကို ပတမဆုံး သင်ကြားပေးခဲ့သည့် ဝါးစိမ်းအဘိုးအိုသည် ထွန်းလင်း ညာလက်ရုံး အဖြစ် ပါရှိခဲ့၏။

ထိုလူနှစ်ယောက်ကို မြင်လိုက်ရသည်နှင့် လင်းဟူစုန်းသည် ရှေ့သို့ လျှောက်လှမ်းသွားသည်။

"အစ်ကိုကြီး ရှုန်းဝံ့ထျန်း ဝါးစိမ်းနတ်ဒေဝီကော"

"ညီတော်လေး လင်းဟူစုန်း ကောင်းကောင်းမွန်မွန်ပဲနော်"

"ဝါးစိမ်းနတ်ဒေဝီ ဘာလို့ လိုက်ပါမလာတာလဲ"

"တော်ကြာ မင်း သိရမှာပေါ့"

လင်းဟူစုန်းသည် မိမိ ရပ်နေရာသို့ ပြန်လည်ဆုတ်ခွာပြီး ရပ်နေလိုက်သည်။

တောင်ထိပ်ပေါ်သို့ လူများစွာ ရောက်ရှိခဲ့သော်လည်း စည်းကမ်းတကျရှိပြီး ငြိမ်ငြိမ်သက်သက် သေသေပပ်ပပ် ရှိကြ၏။ ဝေါကြီးကို ထမ်းလာသူများသည်လည်း ရပ်တဲ့နေပြီး လူအပေါင်းက ဝေါအတွင်းမှ လင့်ဝေါစိမ် ဆင်းသက်လာမည်ကို မျှော်လင့်စောင့်စား နေကြ၏။ ထိုအချိန်တွင် ကျောင်းခန်းမဆောင်ထဲမှ နတ်မင်းသား ခြောက်ပါး၏ ငြင်းခုန်သံ အဆက်မပြတ် ထွက်ပေါ်ခဲ့သည်။

"မင်းဖယ်စမ်း၊ မင်းဖယ်စမ်း၊ ငါ ထိုင်ကြည့်ဦးမယ်"

"လုထိုင်စရာမလိုဘူး ကြီးစဉ်ငယ်လိုက် ထိုင်ရမယ်၊ ဒီနဂါး ကိုးစီးကိုးနဝင်းရတနာထိုင်ခုံကြီးကို အကြီးက အရင်ထိုင်သင့်တယ်"

ထောင်ဖာရုန်နှင့် ထောင်ကျိရုန်တို့ နှစ်ယောက်၏ စကား များကို ကြားရသောအခါ လင်းဟူစုန်းသည် မျက်နှာကွက်ခနဲ ပျက်သွားသည်။ နဂါးကိုးစီးကိုးနဝင်း ရတနာထိုင်ခုံကြီး၏ အောက်တွင် ခဲယမ်းမီးကျောက်များ မြှုပ်နှံထားသဖြင့် နတ်မင်းသား ခြောက်ပါးက ဘုမသိဘမသိ အလုအယက် ထိုင်နေကြသောကြောင့် ပေါက်ကွဲပြီး အစီအစဉ် ပျက်စီးကုန်မည်ကို လင်းဟူစုန်း စိုးရိမ်သည်။ စင်စစ် လင့်ဝေါစိမ်အတွက် သီးသန့်စီစဉ် ပြင်ဆင်ထားခြင်း ဖြစ်လေသည်။

ချန်းရွှီး ရသေ့ကြီးကလည်း မျက်စိမျက်နှာပျက်နှင့် ကျောင်း ခန်းမဆောင်ထဲသို့ အရေးတကြီး ပြေးဝင်သွား၏။

"မြန်မြန်ထကြစမ်း ဒါ ... ဂိုဏ်းချုပ်ကြီး လင့်ဝေါစိမ် တစ်ယောက်တည်းထိုင်ဖို့ စီစဉ်ထားတာ၊ မင်းတို့ထိုင်ဖို့ မဟုတ်ဘူး"

ချန်းရွှီးရသေ့ကြီး၏ စကားကြောင့် နတ်မင်းသားခြောက်ပါး တစ်ယောက် တစ်ပေါက် ပြောဆို ငြင်းခုန်ကြပြန်၏။

"လင့်ဝေါစိမ်တော့ ထိုင်ဖို့သင့်တယ်၊ ကျုပ်တို့ကျတော့ ဘာလို့ ထိုင်ဖို့မသင့်ရမှာလဲ"

"ကဲ ... မင်း ထစမ်း၊ ငါ အရင်ထိုင်မယ်"

"ဟေ့ဟေ့ ... ဒီထိုင်ခုံကြီးက ပျော့အိနေတယ် ထိုင်ရတာ သိပ်ဇိမ်ရှိတာပဲ၊ လူဝဝကြီး တစ်ယောက်ရဲ့ ပေါင်ပေါ်တက်ပြီး ထိုင်ရသလိုပဲ"

"မင်းက လူဝဝကြီး ပေါင်ပေါ်တက်ထိုင်ဖူးလို့လား"

အသံများကို ဆက်လက်ကြားရသောကြောင့် လင်းဟူ စုန်းသည် နတ်မင်းသားခြောက်ယောက် ထိုင်ခုံတွင် အလုအယက် လုထိုင်နေကြကြောင်း သိရသည်။ သွားရောက် တားဆီးချင်စိတ်တွေ ပေါ်လာပြီးနောက် ချက်ချင်းပင် တားဆီးချင်စိတ် ပျောက်ကွယ်သွား ပြန်သည်။ ဤထိုင်ခုံကြီးအောက်တွင် ချန်းရွှီး ရသေ့ကြီး၏ တပည့်တစ်ရာကျော် ဟင်းသီးဟင်းရွက်ထမ်းဖြင့် ထမ်းခဲ့သည့် ခဲယမ်းမီးကျောက်များစွာ ထားရှိသည်။ ထိုင်ခုံမှ စပရိန်ခလုပ်ကို ထိမိသည့်အချိန်တွင် ထပေါက်နိုင်သည်။ အားလုံး သေရတော့မည့် အတူတူ ထပေါက်လျှင်လည်း ပေါက်ပါစေတော့ဟု လင်းဟူစုန်း တွေးတောပြီး မတားဆီးတော့ခြင်း ဖြစ်သည်။

ရုတ်တရက် ယိနင်၏ မျက်နှာကို လှမ်းမြင်လိုက်ရသောအခါ လင်းဟူစုန်းသည် အတွေးတစ်မျိုး ဝင်ပြန်သည်။

"ညီမလေးက နနငယ်ငယ်လေး ရှိသေးတယ်၊ ခုလိုအချိန်မှာ ပြဿာဒ ရောက်သွားမယ်ဆိုရင် နမြောစရာပဲ၊ အို ... လူဆိုတာ သေမျိုးတွေချည်းပါပဲ၊ အနေးနဲ့အမြန် သေရတာချည့်ပဲ၊ အသေ

ဘက်တော့မည်ဟု ရှောင်လင် ဆရာတော်ကြီး အထူးစိုးရိမ် ပူပန်မိသည်။ စင်စစ် ယမ်းဘီလူးအားချိန်က အဆမတန် မြှုပ်ထားသောကြောင့် ဟင်စမ်း ကျောင်းခန်းမဆောင်သာမက ဟင်စမ်းတောင်တစ်ခြမ်းခန့် ပြိုသွားနိုင်စရာရှိကြောင်း ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီး သိသည်။

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးသည် မိမိတို့ စီစဉ်ထားသည့် အစီအဉ်ကြီးကို လင့်ဝေါစိမ် ရိပ်မိသွားမည်ကိုလည်း စိုးရိမ်သည်။ ထို့ကြောင့် ကပျာကယာ ထသွားလေသည်။

နားစည်ကို အဆက်မပြတ် တုန်ဟီးစေပြီး သတိပင်မေ့မြောသွားနိုင်လောက်သော ရှောင်လင်ကျောင်းတိုက်၏ ကေသရာဇာဟိန်း အတွင်းအားသိုင်းပညာကို မလွဲမရှောင်သာ အသုံးပြုရတော့သည်။ ဤကေသရာဇာဟိန်း အတွင်းအားသိုင်းပညာသည် ရှောင်လင်ကျောင်းတိုက်၏ အထွတ်အထိပ် သိုင်းပညာဖြစ်ပြီး နှစ်ကာလရှည်ကြာစွာ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မပြတ်လေ့ကျင့်လျှင် အောင်မြင်နိုင်သည်။ ခံနိုင်ရည်မရှိပါက နားစည် အဆက်မပြတ် တုန်ဟီးပြီး သတိလစ်သွားနိုင်၏။

"အထူးဧည့်သည်တော်ပေါ့ ရောက်နေတယ် မင်းတို့ ဆူဆူညံညံ မလုပ်ပါနဲ့"

အသံက စူးရှကျယ်လောင်လွန်းပြီး နားကွဲမတတ် ခံစားလိုက်ရကာ နတ်မင်းသားခြောက်ပါးသည် သတိလစ်သွားကြ၏။ အတွင်းအား အလွန်မြင့်မားသော ချန်းရှီး ရသေ့ကြီးပင်လျှင် ခေါင်းထဲမူးဝေပြီး ထိုးလဲမတတ် ဖြစ်သွားလေသည်။

ခဏမျှဆိုင်းနေပြီးနောက် ချန်းရှီးရသေ့ကြီးသည် နတ်မင်းသားခြောက်ပါးအား နဂါးကိုးစီး ကိုးနဝင်း ရတနာထိုင်ခုံကြီးမှ

စောတာနဲ့ အသေနောင်းတာပဲ ကွာတယ်၊ နောင်နှစ်ပေါင်း တစ်ရာကျရင် ခုမြင်နေရတဲ့ လူတွေလည်း တစ်ယောက်မှရှိတော့မှာ မဟုတ်ဘူး၊ မသေသေးလို့ ကျန်တာတောင် အသားအရေ ခန်းခြောက်ပြီး အရိုးပေါ်အရည်တင် အဘိုးအို၊ အဘွားအိုပဲ ဖြစ်မယ် ရှိစေတော့၊ **စောစောသေရတော့**လည်း အမှုကိစ္စနည်းတာပေါ့"

နတ်မင်းသားခြောက်ပါး ငြင်းခုန်သံ ဆက်လက် ထွက်ပေါ်လာသည်။

"မင်း နှစ်ခါရှိပြီထိုင်တာ၊ ငါ တစ်ခါမှ မထိုင်ရသေးဘူးဖယ်"

"ငါက ခုလေးတင် ထိုင်ရတာ၊ ချက်ချင်း ဆွဲမဖယ်နဲ့ဦး၊ အို ... ဒါက ဘာလုပ်တာလဲ"

"ရှည်ရှည်ဝေးဝေး ပြောမနေကြနဲ့ တို့ညီအစ်ကို ခြောက်ယောက်လုံး တစ်ပြိုင်နက် ထိုင်ကြရအောင်"

"အေး ... ဒီအကြံကောင်းတယ်၊ ကဲ ... လာကြ"

"မင်း အရင်ထိုင်"

"ဘာလို့ ထိုင်ရမှာလဲ မင်း အရင်ထိုင်၊ ငါက အပေါ်က ထိုင်ရမှာ"

"အကြီးဆုံးက အပေါ်ဆုံးက ထိုင်ရမယ်၊ အငယ်ဆုံးက နောက်ဆုံးမှ အပေါ်ဆုံးက ထိုင်ရမယ်"

"မဖြစ်ဘူး ငါက အပေါ်ဆုံးက ထိုင်ရမှဖြစ်မယ်"

ချန်းရှီးရသေ့ တစ်ဦးတည်းနှင့် နတ်မင်းသားခြောက်ပါးကို မတားဆီးနိုင်တော့ကြောင်း၊ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးက ရိပ်မိသည်။ ဒီအတိုင်းကြည့်နေပါက များမကြာမီ ပြဿနာ

ချန်းရွိုး ရသေ့ကြီး နောက်တစ်ကြိမ် ထပ်မံဖိတ်ကြား သော်လည်း ဝေါအတွင်းမှ မည်သည့်တုံ့ပြန်သံကိုမှ ကြားရခြင်း မရှိချေ။

ရှန်းဝံ့ထျန်းသည် ဝေါအနီးသို့ ချဉ်းကပ်သွားပြီး ခေါင်းတ ညိတ်ညိတ်ဖြင့် နားထောင်သည်။ ချန်းရွိုး ရသေ့ကြီးတို့တစ်တွေ တွေ့မြင်ကြရ၏။ ပြီးနောက် ရှန်းဝံ့ထျန်းက တစ်ဆင့်ပြန်လည် ပြောကြားသည်။

"သူရိန်မျက်နှာမူ ဂိုဏ်းချုပ်ကြီး ပြောကြားတာက ရှောင်လင် ကျောင်းထိုင်ဆရာတော်နဲ့ ဝူတန်းဂိုဏ်းချုပ်တို့ ယခုကဲ့သို့ ဆီးကြို တာ မသင့်တော်ပါဘူးတဲ့၊ နောင်တစ်ချိန်ကျမှ ရှောင်လင်ကျောင်း တိုက်နဲ့ ဝူတန်းဂိုဏ်းကို ကိုယ်တိုင်ရောက်ရှိပြီး တောင်းပန်မယ်တဲ့"

ရှောင်လင် ဆရာတော်ကြီးနှင့် ချန်းရွိုး ရသေ့ကြီးတို့ ဟင်းခနဲ မကျေနပ်သံတစ်ချက် ပြုလိုက်ကြသည်။ ဘယ်လက်ရုံးကြီး ပြောလိုက်သည့်စကားက အားနာသည့်သဘောကို ဖော်ကျူးသော်လည်း နောင်တစ်ချိန်ကျကာမှ ရှောင်လင်နှင့် ဝူတန်းဂိုဏ်း တို့ကို လာရောက်တိုက်ခိုက်မည်ဟု ရှောင်လင်ကျောင်းထိုင် ဆရာ တော်ကြီးနှင့် ချန်းရွိုး ရသေ့တို့က တွက်ဆမိကြ၏။

"တပည့်တော်တို့ ဂိုဏ်းချုပ် အမိန့်ရှိတာက ဒီနေ့ ဟင်စမ်း တောင်ထိပ်ကို ရောက်ရှိခဲ့တာဟာ ဟင်စမ်းဂိုဏ်းချုပ် လင်းဟူစုန်း တစ်ယောက်တည်းကို တွေ့ဆုံရန် ဖြစ်ပါတယ်၊ ဒါကြောင့် ကျောင်းခန်းမဆောင်ထဲမှာ ဟင်စမ်းဂိုဏ်းချုပ် တစ်ဦးတည်းနဲ့သာ တွေ့ဆုံချင်ပါတယ်"

ဘယ်လက်ရုံးကြီး ရှန်းဝံ့ထျန်းက ပြောပြောဆိုဆို လက်ဟန် ပြလိုက်သောကြောင့် ဝေါထမ်းသူများက ဝေါကြီးကို ကျောင်းခန်းမ

ဆွဲဖယ်ချပြီး သွေးကြောများကို ထိုးပိတ်လိုက်သည်။ ပြီးနောက် နတ်မင်းသားခြောက်ပါးကို ခန်းမဆောင်နှင့်ကပ်လျက် အခန်း တစ်ခန်းထဲသို့ ဆွဲသွင်းကာ ပိတ်လှောင်ထားလိုက်၏။

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီး၏ မျက်နှာအမူအရာ အေးဆေးတည်ငြိမ်သော်လည်း ချန်းရွိုးရသေ့ကြီး၏ မျက်နှာတွင် ခဲယမ်းမီးကျောက်များ ထပေါက်မည်ကို စိုးရိမ်မိသောကြောင့် ချွေးစေးများ စို့နေ၏။

ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့် ချန်းရွိုး ရသေ့ကြီး တို့သည် ယှဉ်တွဲကာ ကျောင်းခန်းမဆောင်၏ အပြင်ဘက်သို့ ပြန်ထွက်လာခဲ့ကြသည်။

"သူရိန်မျက်နှာမူ ဂိုဏ်းချုပ်ကြီး ကျောင်းခန်းမဆောင်တွင်း ဝင်ပြီး ရေနွေးကြမ်း သုံးဆောင်ပါ"

ချန်းရွိုးရသေ့ လှမ်းပြောလိုက်သည်။ သို့သော် မည်သို့မှ ပြန်လည်တုံ့ပြန်သံ မကြားရသောအခါ ချန်းရွိုး ရသေ့ကြီးသည် ဒေါသထွက်ပြီး စိတ်ထဲမှ ရေရွတ်မိသည်။

"တယ်လည်း ဘဝင်မြင့်တဲ့ လင့်ဝေါစိမ်၊ တကယ်ဆိုရင် သိုင်းလောကတစ်ခွင်မှာ အမြင့်မားဆုံးဖြစ်တဲ့ ရှောင်လင်ကျောင်း ထိုင် ဆရာတော်နဲ့ ဂိုဏ်းချုပ် လင်းဟူစုန်းနဲ့ ငါတို့ကို အလေးဂရု ပြုဖို့ ကောင်းတယ်၊ ခုလိုနေတာက မမှုတဲ့သဘောပဲ"

ချန်းရွိုး ရသေ့ကြီးသည် နဂါးကိုးစီး ကိုးနဝင်း ရတနာထိုင် ခုံဖြင့် ထောက်ချောက်ဆင်ထားခြင်း မရှိလျှင် ချက်ချင်းပင် ဓားဆွဲထုတ်ပြီး တိုက်ခိုက်မည်သာ ဖြစ်သည်။ ထောင်ချောက် ထောင်ထားသည့် အဖြစ်ကို ပြန်တွေးမိသောကြောင့် ဒေါသကို မျိုသိပ်ထားလိုက်ရ၏။

ဆောင်တွင်းသို့ တန်းဝင်သွားကြပြီး ချစ်ဘားကာ အပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

ဝေထမ်းသူများနှင့် ဘယ်လက်ရုံးရော ညာလက်ရုံးပါ ကျောင်းခန်းမဆောင်အတွင်းမှ ထွက်ခွာသွားကြသော်လည်း ချန်ရွီးရသေ့ကြီးသည် သက်ာမကင်း ဖြစ်သည်။

"ဒါ ... ဆင်ကွက်တစ်ခုခု ဖြစ်ရမယ်၊ ဝေကြီးထဲမှာ တစ်ခုခုတော့ ဝှက်ထားတာဖြစ်မယ်၊ ဘယ်လို အကြံအစည်လဲမသိဘူး"

ဤသို့ တွေးတောမိသော ချန်ရွီး ရသေ့ကြီးက လင်းဟူစုန်းနှင့် ဝှမ်းသိမ့် ဆရာတော်ကြီးတို့၏ မျက်နှာကို လှမ်းအကဲခတ်လိုက်သည်။ ထိုနှစ်ဦး၏ မျက်နှာအမူအရာမှာ မည်သို့မှ ပြောင်းလဲခြင်း မရှိပေ။

"ဂိုဏ်းချုပ်ကြီးက တပည့်တော် တစ်ဦးတည်းကို တွေ့ဆုံချင်တယ်ဆိုရင် ဆရာတော်ကြီးနဲ့ ရသေ့ကြီးတို့ အပြင်ဘက်မှာ ခေတ္တ ရှောင်ပေးစေချင်ပါတယ်"

"ညီတော်လေး မပေါ့နဲ့နော် သတိထား"

ချန်ရွီး ရသေ့ကြီးက လင်းဟူစုန်းအတွက် စိုးရိမ်ပြီး သတိပေးစကားကို တီးတိုးပြောကြား၍ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးနှင့်အတူ ကျောင်းခန်းမဆောင်၏ အပြင်ဘက်သို့ ထွက်သွားကြ၏။

ကျောင်းခန်းမဆောင်သည် ကျယ်ဝန်းသည် မဟုတ်သောကြောင့် အသံထွက်၍ပြောဆိုလျှင် ကြားနိုင်ပြီး အပြင်မှလည်း လှမ်းမြင်နေရ၏။

"ကျုပ် ဟင်စမ်းဂိုဏ်းချုပ် လင်းဟူစုန်းက ဂိုဏ်းချုပ် လင်ဝေါစိမ်ကို တွေ့ဆုံဖို့ အသင့်ပါပဲ"

လင်ဝေါစိမ်၏ အသံကိုမကြားရပဲ လင်းဟူစုန်း ဟာခနဲ အော်လိုက်မိသည်။ ချန်ရွီး ရသေ့ကြီးသည် စိုးရိမ်တကြီးဖြစ်သွားမိသည်။ ရုတ်တရက် ရှေ့သို့ တိုးကပ်သွားသည်။ သို့သော် အခြေအနေ မသင့်သေးကြောင်း ပြန်လည် စဉ်းစားမိသောကြောင့် ရသေ့ကြီး၏ ခြေလှမ်းသည် ရပ်တန့်သွားလေသည်။

"ညီတော်လေး လင်းဟူစုန်းရဲ့ ဓားရေးက သိုင်းလောကတစ်ခွင်မှာ ယှဉ်ဘူမဲ့လောက်အောင် အထွတ်အထိပ် ကျပါတယ်၊ ချက်ချင်း အရေးမနိမ့်နိုင်ပါဘူး၊ သူ အရေးနိမ့်တော့မှ ဝင်ကူရင်လည်း အချိန်မနှောင်းသေးပါဘူး၊ ခုနေ တို့ဝင်သွားရင် နဂါးကိုးစီးကိုးနဝင်း ထိုင်ခုံကြီးမှာ လင့်ဝေါစိမ် ထိုင်ဖို့ အစီအစဉ် ပျက်သွားနိုင်တယ်"

တဖန် ချန်ရွီး ရသေ့ကြီးသည် တစ်နည်းစာစ်ဖုံလှည့်၍ စဉ်းစားပြန်သည်။

"လင့်ဝေါစိမ်က ရုတနာထိုင်ခုံကြီးမှာ ထိုင်လိုက်လို့ ခလုတ်ကိုထိပြီး ယမ်းဘိလူးတွေ ထပေါက်ရင် သူတင်မကဘူး ကျောင်းခန်းမဆောင်ကြီးပါ တစ်စစီ ဖြစ်သွားမယ်၊ ငါကော လွတ်ပါ့မလား၊ ခုနေ ရှောင်ထွက်သွားရင်လည်း သူရဲဘောကြောင်ရာကျမယ်၊ ဘယ်လိုလုပ်ရရင် အကောင်းဆုံး ဖြစ်မလဲ"

ဤအခြေနေကို ဝှမ်းသိမ့် ဆရာတော်ကြီးပါ သိရှိကြောင်း ချန်ရွီးရသေ့ကြီး သိသည်။ ရှောင်လင် ဆရာတော်ကြီးဘက်သို့ ကြည့်လိုက်သည်။ စိုးရိမ်ပူပန်ခြင်း အလျဉ်းကင်းမဲ့ပြီး ပကတိတည်ငြိမ် အေးဆေးစွာရှိသည်။ ချန်ရွီးရသေ့ အလွန်အမင်း အံ့သြသွား၏။

ချန်ရွီး ရသေ့ကြီးသည် အတွင်းအားကို ဖြည့်သွင်းပြီး ကျောင်းခန်းမဆောင်တွင်းသို့ နားစွင့်ထောင်ကြည့်လိုက်သည်။

လင်းဟူစုန်း၏ အသံကို တိုးညှင်းစွာ ကြားရသောကြောင့် လင်းဟူစုန်း မသေသေးမှန်း သိ၏။ မူလအတိုင်း ပြန်နေလိုက်သောအခါ ကျောင်းခန်းမဆောင်ထဲမှ စကားပြောသံကို မကြားရတော့ချေ။

တခဏကြာသောအခါ လင်းဟူစုန်း၏ အသံကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"အစ်ကိုကြီး ရှုန်းဝံ့ထျန်း၊ ဂိုဏ်းချုပ်ကိုအဖော်ပြုပြီး ခန်းမဆောင်အပြင်ကို ပြန်ပို့ပါ"

"ကောင်းပါပြီ"

ရှုန်းဝံ့ထျန်းသည် ဝါးစိမ်းအဘိုးအိုကို လက်ဟန်ပြ၍ ဝေယာဉ်ထမ်းသမားများအား ဝေကြီးကို ကျောင်းခန်းမဆောင်၏ အပြင်ဘက်သို့ ပြန်လည် ထမ်းထုတ်ခိုင်းလိုက်သည်။ ဝေကြီးကို မူလနေရာတွင် ပြန်ချထားလိုက်ကြ၏။

သူရိန်မျက်နှာမူ ဂိုဏ်းသားများ၏ တခဲနက် အော်ဟစ်သံများက ဟိန်းထွက်သွား၏။

"ဂိုဏ်းချုပ်ကြီးကို ကြိုဆိုပါတယ်"

"ဂိုဏ်းချုပ်ကြီးက ရှောင်လင်ကျောင်းထိုင် ဆရာတော်ကို ပေးကမ်းမဲ့လက်ဆောင်ကို ယူလာခဲ့"

ဝတ်စုံသစ် ဝတ်ထားသူ နှစ်ယောက်က ရှုန်းဝံ့ထျန်း၏ စကားအဆုံးတွင် ဌမ်းသိမ့်ဆရာတော်ကြီးထံသို့ လင်ဗန်းတစ်ခုကိုင်ဆောင်ကာ ချဉ်းကပ်သွားကြ၏။ လင်ဗန်းပေါ်တွင် အကောင်းစား အနီရောင်ကတ္တီပါပဝါကြားမှ နံ့သာပုတီးတစ်ကုံးနှင့် အိန္ဒိယတိုင်းရင်းသား ဘာသာစကားဖြင့် ရေးထားသည့် ဘုရားကျမ်းစာအုပ်တစ်အုပ်ကို ရှောင်လင်ဆရာတော်ကြီး တွေ့မြင်ရသည်။

ကျမ်းစာအုပ်ကို မြင်သောအခါ ရှောင်လင်ကျောင်းထိုင် ဆရာတော်ကြီးသည် မိမိ နှစ်ပေါင်းများစွာ ရှာဖွေတောင့်တနေခဲ့သော ဘုရားကျမ်းစာအုပ်ဖြစ်သောကြောင့် အလွန် ဝမ်းသာပြီး လက်ခံယူလိုက်သည်။

"သာဓု ... သာဓု ... သာဓု ရတနာကျမ်းကိုရတာ အလွန်ကျေးဇူးတင်ပါတယ်"

"ဂူတုန်းဂိုဏ်းချုပ်အတွက် လက်ဆောင်ကို ယူခဲ့ကြ"

လူနှစ်ယောက်က ချန်းရွိုးရသေ့ကြီးထံသို့ လင်ဗန်းနှစ်ခုကို ရိုရိုသေသေ ယူသွားသည်။ လင်ဗန်းထဲတွင် အဖိုးတန် အစိမ်းရောင်ကတ္တီပါပေါ်တွင် ဓားရှည်တစ်လက်ကို အကျအန တင်ထား၏။ ဓားအိမ်သည် ကြေးညှိကွက်ထနေပြီး နှစ်ပေါင်းများစွာ ကြာမြင့်ပြီကို ဖော်ပြလျက် ရှိ၏။ ဓားရိုးပေါ်တွင် ရေးထိုးထားသည့် ကျန်းဂူဟူသော အမည်ကို တွေ့ရသောကြောင့် ချန်းရွိုးရသေ့သည် ဟာခနဲ့ဖြစ်သွားမိသည်။

ကျန်းဂူဓားသည့် ဂူတန်းဂိုဏ်းတည် ဘိုးတော်ဆရာ ကျန်းဖမ်းဟုမ်း အသုံးပြုသည့် ရတနာဓား ဖြစ်၏။ ဂူတန်းအဖွဲ့တွင် အမြဲ ထာဝရ တရိတသေ ထားရှိခဲ့သော ရတနာဓား ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ရှစ်ဆယ်ခန့်က သူရိန်မျက်နှာမူဂိုဏ်းမှ အဆင့်မြင့် သိုင်းသမားများက ဂူတုန်းဂိုဏ်းကို ညဉ့်အချိန်တွင် ဝင်စီးပြီး ယူငင်သွားခြင်း ဖြစ်သည်။

နှစ်ပေါင်း ရှစ်ဆယ်အတွင်း ဂူတုန်းဂိုဏ်းချုပ်နေရာ ရောက်ရှိသူများက ထိုဓားမြတ်နှင့်အတူ ယူငင်သွားခြင်း ခံရသည့် ဘိုးတော်ဆရာ ကျမ်းစမ်းဟုမ်း ပြုစုရေးသားခဲ့သော ထိုက်ကျိုချမ်း လက်ဝါးသိုင်းကျမ်း စာအုပ်ကို ပြန်လည်ရရှိရေးအတွက် အနည်းနည်း

အဖုံဖုံ ကြိုးပမ်းခဲ့ကြသည်။ သို့သော် သစ်ကနက်တောင်ထိပ်သည် မြင့်လွန်းပြီး အဆင့်မြင့် သိုင်းသမားများ စောင့်ကြပ်နေသောကြောင့် ရည်မှန်းချက်သို့ မရောက်ခဲ့ချေ။

ကျန်လူတစ်ယောက်၏ လက်ထဲတွင် လင်ဗန်းကိုကြည့်လိုက်၏။ အဖြူရောင် ပိုးသားစစ်စစ်ပေါ်တွင် ဟောင်းနွမ်းနေသော စာအုပ်တစ်အုပ် တွေ့လိုက်ရပြန်သည်။ ချန်းရွိုးရသေ့ မျက်လုံးပြူးကျယ်စွာ အံ့အားသင့်သွားပြန်၏။ ဟောင်းနွမ်းသော စာအုပ်မှာ ထိုကျိုချွမ်း လက်ဝါးသိုင်းကျမ်းပင် ဖြစ်၏။

ယခု ထိုဓားမြတ်နှင့် ထိုက်ကျိုချွမ်း လက်ဝါးသိုင်းကျမ်းအား အမှတ်မထင် ပြန်လည်ရရှိသောကြောင့် ချန်းရွိုးရသေ့ကြီးသည် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ သက််မကင်းစိတ်ဝင်နေသောကြောင့် ရတနာဓားမြတ်နှင့် လက်ဝါးသိုင်းကျမ်း စာအုပ်ကို အသေအချာ လေ့လာကြည့်၏။ အတုအပများမဟုတ်ပဲ ဘိုးတော်ဆရာ၏ ပစ္စည်းစစ်များ ဖြစ်သဖြင့် အတိုင်းမသိ ဝမ်းသာ သွား၏။

"ဂိုဏ်းချုပ်ကြီးရဲ့ သဘောထားကြီးမြတ်ခြင်းကြောင့် ဝူတန်းဘိုးတော်ရဲ့ ရတနာဓားမြတ်နဲ့ သိုင်းကျမ်းကို ပြန်လည်ရရှိတဲ့အတွက် ဖော်မပြတတ်အောင် ကျေးဇူးတင်ပါတယ်"

"ဟင်စမ်းဂိုဏ်းချုပ်အတွက် လက်ဆောင်ပစ္စည်းတွေကို ယူခဲ့ကြ"

ရှောင်လင်ဆရာတော်ကြီးနှင့် ချန်းရွိုးရသေ့ကြီးတို့က လင်းဟူစုန်းအား ပေးမည့်လက်ဆောင်သည် မိမိတို့ထက် အဆမတန် တန်ဖိုးကြီးမြင့်မည်ဟု တွေးထင်ကြ၏။

လူဆယ်ယောက် လက်ဆောင်ပစ္စည်းများကို လင်းဟူစုန်းထံသို့ သယ်ဆောင်ခဲ့ကြ၏။ ဝတ်ရုံ၊ ဝတ်စုံ၊ ဦးထုပ်၊ ဖိနပ်၊ အရက်

ကရား၊ အကြမ်းပန်းကန်လုံး စသော နေ့စဉ်သုံးပစ္စည်းများသာလျှင် ဖြစ်၏။ တန်ဖိုးရှိသောပစ္စည်းအဖြစ် ကျောက်စိမ်းပလွေတစ်လက်နှင့် အလွန် ရှားကျပုံရသော စောင်းအိုတစ်လက် ပါရှိသည်။

လင်းဟူစုန်းစသည် ကျေးဇူးတင်စကားပြောပြီး ဟင်စမ်းအဖွဲ့သူများအား သိမ်းဆည်းခိုင်းလိုက်သည်။

"ဂိုဏ်းချုပ်က ဟင်စမ်းအဖွဲ့ရဲ့ ဆရာလေးတွေအတွက် ဝတ်စုံသစ်တစ်စုံစီနဲ့ ဓားရှည်တစ်လက်စီ လက်ဆောင်အဖြစ် ပေးကမ်းခိုင်းပါတယ်၊ အရပ်ဝတ်တတ်တဲ့ ဟင်စမ်းအဖွဲ့သူများအတွက် လုံဝတ်လက်စားတစ်စုံစီ လက်ဆောင်ပေးခိုင်းပါတယ်၊ ဟင်စမ်းတောင်ခြေက လယ်ကေသုံးထောင်ကျော်ကို ဝယ်ယူပြီး ဟင်စမ်းအဖွဲ့ကို လှူဒါန်းပါတယ်၊ လက်ခံပါ သွားခွင့်ပြုပါ"

ရှန်းဝံ့ထျန်းသည် ဝှမ်းသိမ့်ဆရာတော်၊ ချန်းရွိုးရသေ့ကြီးနှင့် လင်းဟူစုန်းတို့အား ဂါရဝပြုပြီး လှည့်ထွက်လိုက်သည်။

"ခင်ဗျားတို့ ဂိုဏ်းချုပ်က ကျုပ်တို့ကို လက်ဆောင်ပေးတာကို တုန့်ပြန်ကျေးဇူးမဆပ်နိုင်တဲ့အတွက် အားတဲ့အားနာဖြစ်ဖို့ကောင်းပါကယ်၊ ဘာအတွက်ကြောင့်"

မည်သည့်အတွက်ကြောင့် မိမိအား လက်ဆောင်ပေးခြင်းဖြစ်သည်ဟု မေးချင်သော်လည်း ပြောမထွက်သဖြင့် ချန်းရွိုးရသေ့ကြီးက စကားမဆက်နိုင်ပဲ ရုပ်တန့်ထားလိုက်၏။

"ပိုင်ရှင်ရဲ့ပစ္စည်းကို ပိုင်ရှင်လက်ဆဲ ပြန်အပ်နှင်းတာဟာ သင့်တော်ပါတယ်၊ ရသေ့ကြီး ဘယ်လိုမှ သဘောမထားပါနဲ့"

ရှန်းဝံ့ထျန်းက ချန်းရွိုးရသေ့ကြီး၏ မေးခွန်းကို ပြန်လည်ဖြေကြားပြီး ဂိုဏ်းသားများကို လက်ဝှေ့ယမ်းပြ၍ ဝေါကို ထမ်းစေကာ ဟင်စမ်းတောင်အောက်သို့ ဆင်းသွားကြလေသည်။

ဆရာတော်ကြီးနှင့် ချန်းရွိးရသေ့ကြီးတို့သည် လင့်ဝေါစိမ်၏ စိတ်ဆန္ဒ မည်သို့မည်ပုံ ပြောင်းလဲသွားသည်ကို မတွေးတတ်အောင် ရှိ၏။ လင်းဟူစုန်းအား ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ လင်းဟူစုန်း၏ မျက်နှာသည် ဝမ်းနည်းဝမ်းသာခြင်းကို မဖော်ပြသောကြောင့် ဆရာတော်ကြီးနှင့် ချန်းရွိးရသေ့ကြီးတို့နှစ်ဦး မတွေးတတ်တော့ချေ။

လင့်ဝေါစိမ်သည် စိတ်သဘောထား ပြောင်းလဲသွားသည်ဟု ရှောင်လင်ဆရာတော်ကြီးနှင့် ချန်းရွိးရသေ့ကြီးတို့ ကောက်ချက်ချကြသည်။ ဂိုဏ်းချုပ်ကြီး အခွန့်ရှည်စွာ သိုင်းလောကတစ်ခွင်ကို လွှမ်းမိုးနိုင်ပါစေဟူသော ဂိုဏ်းသားများ၏ ဟစ်ကြွေးသံကို မကြားရတော့ခြင်းက စဉ်းစားစရာအချက် ဖြစ်နေ၏။

"တပည့်တော်တို့ ကြိုတင်ပြင်ဆင်ပြီး ပြန်တိုက်ဖို့ စီစဉ်ထားတဲ့သတင်းကို လင့်ဝေါစိမ် သိသွားပုံရတယ်၊ ဒါကြောင့် အလျော့ပေးပြီး ဆုတ်သွားတာပဲ ဖြစ်ရမယ်၊ နောင်တစ်ချိန်အလစ်မှာ ပြန်တိုက်မှာတော့ သေချာပါတယ်"

ချန်းရွိးရသေ့ကြီးက မိမိ၏အယူအဆကို ထုတ်ဖော်ပြောကြားသည်။

"အင်း ... ဒါကတော့ ... ဒါကတော့ လူ့စိတ်ဆိုတာကို မှန်းဆလို့ ခက်တယ်မဟုတ်လား၊ နောက်နောင်လည်း သတိဝိရိယရှိမယ်ဆိုရင် မမှားပါဘူး"

ရှောင်လင်ဆရာတော်ကြီးသည်လည်း မှတ်ချက်ချ၏။

လင်းဟူစုန်းသည် ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ ဖြစ်နိုင်စရာအကြောင်း မရှိပါဘူး"

"မဖြစ်နိုင်ကြောင်း အသေအချာသိရင် ကောင်းတာပေါ့"

ချန်းရွိးရသေ့ကြီးသည် ထောင်ချောက်များနှင့် ခံစစ်အစီအစဉ်များကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

လင်းဟူစုန်းသည် ဆရာတော်ကြီး ဝှမ်းသိမ့်နှင့် ချန်းရွိးရသေ့ကြီးတို့အား ကျောင်းခန်းမဆောင်ထဲသို့ ဝင်ရောက်အနားယူရန် လျှောက်ထားသည်။ ရှောင်လင်ဆရာတော်ကြီးနှင့် ချန်းရွိးရသေ့တို့ ကျောင်းခန်းမဆောင်ထဲသို့ ဝင်ရောက်ခဲ့ကြသည်။

ရှောင်လင်ဆရာတော်ကြီးက ဘုရားကျမ်းစာအုပ်ကို စိတ်ဝင်တစား ဖတ်နေသည်။ ချန်းရွိးရသေ့ကြီးမှာမူ ဘိုးတော်ဆရာ၏ ကျန်းဝူ ရတနာဓားမြှောင်ကို ထုတ်ကြည့်လိုက် ထိုက်ကျိုးမှုံးလက်ဝါးကျမ်းကို ဖတ်ကြည့်လိုက်နှင့် ပီတိဖြစ်နေ၏။ ထိုအချိန်တွင် ဘုရားစင်အောက်မှ နတ်မင်းသားခြောက်ပါး၏ တစ်ယောက်တစ်မျိုးပြောသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"ဟာ ... ယဉ်ယဉ် နင် ... နင်လား"

"အစ်ကို ... ရှင် ... ရှင် ... ရှင်"

နတ်မင်းသားခြောက်ပါး၏ အသံကို ကြားရသောအခါ လင်းဟူစုန်းသည် ထိတ်လန့်ပြီး ထခုန်မိမတတ် ဖြစ်သွားသည်။

"အစ်ကို ကျွန်မဖေဖေ ဆုံးသွားပြီ"

"ဟင် ... ဘယ်တုန်းက ဆုံးတာလဲ"

"ဟိုရက်ပဲပေါ့ ဂွာစမ်းနေမူတောင်ထိပ်ပေါ်မှာပဲ၊ အစ်ကိုတို့တောင်အောက်ဆင်းသွားပြီး သိပ်မကြာပါဘူး၊ ဖေဖေ နတ်လက်ဝါးကြီးထိပ်ဖျားပေါ်ကနေ အောက်ကို ထိုးကျလာတယ်၊ ကျွန်မနဲ့ ဦးဦး ရှန်းဝံ့ထျန်းတို့က ကမန်းကတန်း ဖမ်းယူထားလိုက်တယ်၊ ဒါပေမဲ့ ... ဒါပေမဲ့ ဖေဖေ အသက်မရှိတော့ဘူး"

ကြား၍၍ နတ်မင်းသားခြောက်ပါးသည် အသံမပေးပဲ ငြိမ်၍ နားထောင်နေကြသည်။ ထို့ကြောင့် ယခုကဲ့သို့ ပြန်လည်ဖော်ပြောနိုင်ခြင်း ဖြစ်၏။ ထိုအခါမှ ချန်းရွီးရသေ့ကြီးနှင့် ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီး သဘောပေါက်သွားသည်။ နတ်မင်းသားခြောက်ပါးက မဆုံးသေးပဲ ဆက်ပြောပြန်သည်။

"အစ်ကို ဒီနေ့ ကျွန်မ ဟင်စမ်းတောင်ပေါ်တက်လာပြီး အစ်ကိုကို လာတွေ့တာ တခြားလူသိရင် ကဲ့ရဲ့စရာ ဖြစ်မယ်နော် အစ်ကို"

"ဒါက ဘာအရေးလဲ၊ နင်က အမြဲ၏တမ်း ရုက်တတ်တဲ့ အကျင့်မပျောက်သေးပဲကိုး"

"ဟင်အင်း၊ ကျွန်မ ... ကျွန်မ ဘယ်သူ့ကိုမှ မသိစေချင်ဘူး"

"ကောင်ပြီလေ၊ နင် ပေးမသိစေချင်လည်း ငါ နှုတ်လုံထားပါ့မယ်"

"ပြီးတော့ ... ပြီးတော့ ကျွန်မတို့ဂိုဏ်းနဲ့ ရှောင်လင်ဂိုဏ်း ဝူတန်းဂိုဏ်းဟာ ထာဝရရန်သူဖြစ်ကနေ မိတ်ဆွေဖြစ်သွားတာကို ကျွန်မရဲ့သဘောနဲ့ လုပ်တယ်လို့ တခြားလူတွေသိသွားရင် အစ်ကိုနဲ့ကျွန်မရဲ့ ချစ်ဇာတ်လမ်းကြောင့် မေတ္တာလမ်း ပေါက်သွားတယ်လို့ ပြောကြမယ်၊ ကျွန်မ ရှက်တယ်"

"အဟင်း ... အဟင်း ငါကတော့ အဲဒီလို ပြောတာကို မကြောက်ပါဘူး"

"ရှင့် မျက်နှာအရည်ထူပြီးသားကိုး၊ ဘယ်လာကြောက်ပါ့မလဲ၊ ဒီကိစ္စ သူများမသိရင် ကျွန်မဖေဖေ လုပ်တာထင်ပြီး နာမည်ကောင်း ရနိုင်တယ်၊ ကျွန်မ သစ်မနက်တောင်ထိပ်မှာ ပြန်ရောက်ရင် ဖေဖေ ရုပ်ကလာပ်ကို သင်္ဂြိုဟ်ရဦးမယ်"

ရှောင်လင်ဆရာတော်ကြီးနှင့် ရသေ့ချန်းရွီး ယခုမှ လင့်ဆေစိမ် ကွယ်လွန်အနိစ္စ ရောက်သွားမှန်း သိရသည်။

"ဒါ ... ဒါ ဘယ်သူ လုပ်ကြံတာလဲ"

"မိုဟုတ်ပါဘူး အစ်ကို၊ ဖေဖေက အသက်အရွယ်ကြီးပြီး ပြီးတော့လည်း ဆီးဝူကန်ကြီးအောက်မှာ ဆယ့်နှစ်နှစ်ကျော်ကျော် အချုပ်ခံရတော့ ကျန်းမာရေးမကောင်းတော့ဘူး၊ လွန်ခဲ့တဲ့ရက်ပိုင်းမှာ အလွန်ပြင်းထန်တဲ့ အတွင်းအားကျင့်နည်းတစ်မျိုး ကျင့်လို့ ဒဏ်ဖြစ်တာလည်းပါတယ်၊ မူလအတွင်းအား ရုတ်တရက် ဖောက်လာတော့ ဖေဖေ ဘယ်ခံနိုင်တော့မှာလဲ"

"အင်း ... ဘယ်လိုမှ မထင်မိခဲ့ဘူး"

"ဟိုရက်မှာလည်း နေမူတောင်ထိပ်ပေါ်မှာ အစ်ကိုကြီး ရှန်းဝံ့ထျန်းက ဦးစီးဆယ်ယောက်နဲ့ ညှိနှိုင်းပြီး ကျွန်မကို ဂိုဏ်းချုပ်အဖြစ် တင်မြှောက်လိုက်ကြတယ်"

"လတ်စသတ်တော့ ဂိုဏ်းချုပ်က ငါ့အချစ်တုံးကလေးကို"

ဤစကားများကို နတ်မင်းသားခြောက်ပါးက တစ်ယောက်တစ်လှည့် ပြောနေသည်။ ထိုစကားများကြောင့် ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးနှင့် ချန်းရွီးရသေ့တို့သည် အံ့အားသင့်မိ၏။ ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီး၏ ကေသရာဇာဟိန်းအတွင်းအားဒဏ်ကြောင့် နတ်မင်းသားခြောက်ပါး မေ့မျောသွားခဲ့ကြပြီး ချန်းရွီးရသေ့ကြီးက သွေးကြောပိတ်၍ ခန်းမဆောင်နှင့် ကပ်လျက် အခန်းလေးတစ်ခန်းထဲသို့ ထိုးသွင်းပိတ်ထားခဲ့သည်။ နတ်မင်းသားခြောက်ပါးသည် အတွင်းအား အခြေခံကောင်းသူများဖြစ်သဖြင့် မကြာမီပင် ပြန်လည်သတိရရှိပြီး လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့ တီးတိုးပြောသံကို အစဆုံးကြားခဲ့ကြ၏။ စကားသံများ

ယုတ်သော အပြုအမူအမျိုးမျိုး လုပ်ခဲ့သည်မှာ အမှန်ပင်။ သို့သော်လည်း ရှောင်လင်ဆရာတော်ကြီးတို့သုံးဦးသည် ကရုဏာသက်သွားမိကြ၏။

နတ်မင်းသားခြောက်ပါးက အတွင်းရေးများကို ဖော်ထုတ်ပြောကြားလျှင် လင်းဟူစုန်းသည်းခံနိုင်မည်မဟုတ်ကြောင်း ချန်းရှီးရသေ့ကြီးက ရိပ်မိသည်။

"ညီတော်နတ်မင်းသားခြောက်ပါး ခင်ဗျားတို့ စကားပြောတာ များပြီ၊ ဂိုဏ်းချုပ် လင်းဟူစုန်းက ရာသက်ပန်အကြောကို စိတ်ဆိုးပြီး ထိုးပိတ်လိုက်ရင် ခင်ဗျားတို့ ဒုက္ခရောက်မယ်"

ချန်းရှီးရသေ့ကြီးက ခြောက်လှန့်လိုက်သည်။

"ဘာလဲ ရာသက်ပန် အကြောဆိုတာက"

"အဲဒီ အကြောကို ထိုးပိတ်လိုက်တာနဲ့ တစ်သက်လုံး စကားပြောမရတော့ဘူး၊ ပါးစပ်က ထမင်းစားရုံ၊ ရေသောက်ရုံလောက်ပဲ အသုံးကျတော့မယ်"

"ဟာ ... ဒါဆိုရင် မဖြစ်ဘူး၊ ထမင်းစား ရေသောက်တာက အရေးမကြီးဘူး၊ ခဏလေးနဲ့ပြီးမဲ့ ကိစ္စပဲ၊ စကားမပြောနိုင်ရင်တော့ မဖြစ်ဘူး"

"ဟုတ်တယ် စကားမပြောရရင် ဘာအရသာ ရှိတော့မာလဲ"

"ဒါဆိုရင် စောစောက စကားမျိုးတွေကို နောက်ထပ် မပြောနဲ့တော့၊ ညီတော်လေး လင်းဟူစုန်း ကျုပ်တို့ရဲ့မျက်နှာကို ထောက်ထားပြီး နတ်မင်းသားခြောက်ပါးရဲ့ ရာသက်ပန်အကြောကို ထိုးမပိတ်ပါနဲ့၊ ကျုပ်နဲ့ ရှောင်လင်ကျောင်းထိုင်ဆရာတော်ကြီးက အာမခံပါတယ်၊ ညီတော်လေးနဲ့ ဝါးစိမ်းနတ်ဒေဝီ ပြောကြားတဲ့

"ငါ့လို သမက်တစ်ယောက်က မဖြစ်မနေ ရောက်လာပြီး ကန်တော့ရမှာပေါ့"

"ရှင် ဃာနိုင်ရင် အကောင်းဆုံးပေါ့၊ ဟိုရက်က ဗာစမ်းနေမှ တောင်ပေါ်မှာ ကျွန်မ ဖေဖေက ကျွန်မတို့ရဲ့ မင်္ဂလာကိစ္စကို သဘောတူတယ်လို့ ပြောခဲ့တယ်မဟုတ်လား အစ်ကို၊ ဒါပေမဲ့ မင်္ဂလာကိစ္စကို ဖေဖေ သေဆုံးရတဲ့အတွက် ထုံးစံအတိုင်း သုံးနှစ် ပြည့်တော့မှပဲ"

နတ်မင်းသားခြောက်ပါးက လင်းဟူစုန်းနှင့် ယဉ်ယဉ်ကို ပြောခဲ့သည့်စကားကို ခရေစေ့တွင်းကျ ပြန်လည်ဖော်ထုတ်နိုင်သည်။ ထို့ကြောင့် လင်းဟူစုန်း အထူးအံ့သြမိ၏။ သို့သော် မိမိတို့နှစ်ဦး၏ အတွင်းရေးများကို ရှောင်လင်ဆရာတော်ကြီးနှင့် ချန်းရှီးရသေ့ကြီးတို့ရှေ့တွင် ဆက်လက်ဖော်ထုတ်ပြောဆိုမည်ကို စိုးရွံ့သောကြောင့် ဒေါသတကြီး လှမ်းပြောလိုက်သည်။

"နတ်မင်းသားခြောက်ပါး ခင်ဗျားတို့ ဆက်ပြောရင် ခင်ဗျားတို့ကို အရည်ခွဲဆုတ်ပြီး အကြောထုတ်ပစ်မယ်"

ထောင်ကန့်ရှန်သည် ဖြည်းဖြည်းညင်သာစွာ သက်ပြင်းကလေးချရင်း ယဉ်ယဉ်၏ အသံအတိုင်းတူ၍ ဆက်ပြောသည်။

"အစ်ကို ကျွန်မ အစ်ကို့အတွက် စိုးရိမ်မိတယ်၊ ဖေဖေက အစ်ကို့ကို အတွင်းအား ဖောက်ပြန်တဲ့အချက်ကို ဖာထေးပြုပြင်ဖို့ နည်းလမ်းကို မပေးသွားခဲ့ဘူး မဟုတ်လား၊ အင်းလေ ... ပေးခဲ့ရင်လည်း အသုံးမကျပါဘူး၊ ဖေဖေကိုယ်တိုင်လည်း ဟင်း"

ထောင်ကန့်ရှန်က ယဉ်ယဉ်အသံအတိုင်း လေယူလေသိမ်းအတိုင်း ဝမ်းနည်းသံဖြင့် သက်မကြီးချပြီး အဆုံးသတ်လိုက်၏။

လင့်ဝေါစိမ်သည် သိုင်းလောကတစ်ခွင်တွင် ရက်စက်ဆိုး

စကားတွေကို နောက်နောင် နတ်မင်းသားခြောက်ပါးက ဘယ်သူ့ကိုမှ ပြောမှာမဟုတ်တော့ပါဘူး”

“မဟုတ်သေးဘူး ကျုပ်တို့က ချောင်းပြီး ခိုးနားထောင်နေတာဆိုရင် ထားတော့၊ ခုဟာက ခိုးနားထောင်တာမှ မဟုတ်ပဲ”

ထောင်ဗ်ာရှန်က ဆင်ခြေတက်လိုက်သည်။

“ဟုတ်တယ် ခိုးနားထောင်တာ မဟုတ်ဘူး၊ သူတို့စကား ပြောသံက နားထဲကို အတင်းတိုးဝင်လာတာ၊ ဘာတတ်နိုင်မှာလဲ”

ထောင်စုရှန်ကလည်း မကျေမနပ် ပြောပြန်သည်။

“သူတို့ကကော ဘာဖြစ်လို့ ကြားအောင် ပြောရတာလဲ”

ထောင်ကင်းရှန်က ဆင်ခြေတက်လိုက်ပြန်၏။

“ကဲ ... ကဲ ကြားပြီးသားကို ကြားတဲ့အတိုင်းပဲ ထားလိုက်၊ နောက်နောင် မပြောရင် ပြီးတာပဲ”

ချန်းရွီးရသေ့က ပြောပြန်သည်။

“ဒါဖြင့်ရင် သူရိန်မျက်နှာမူဂိုဏ်းချုပ်ကို ကောင်းချီးစကား ပြောတာကို ပြုပြင်ထားတာကို ပြောလို့ရနိုင်မလား”

ထောင်ယဲ့ရှန်က ထပ်ကွန့်လိုက်သည်။

“ဟုတ်တယ် ဒီတစ်ခွန်းတည်း ပြောမှာ၊ ပြောလိုက်ရတော့မလား”

ထောင်ကန့်ရှန်က မေးပြန်သည်။ လင်းဟူစုန်းက ဒေါသတကြီး အော်ဟစ်ပြီး ပြောလိုက်သည်။

“ပြောလို့မဖြစ်ဘူး မပြောနဲ့”

“ဩော် ... ဝါးစိမ်းနတ်ဒေဝီကျတော့ ပြောလို့ရတယ်၊ တို့ကျတော့ ပြောလို့မရဘူးလား”

ထောင်ကျိရှန်က မကျေမနပ်နှင့် ပြောပြန်သည်။

သူရိန်မျက်နှာမူဂိုဏ်းချုပ်အား ကောင်းချီးစကားပြောကြားသည်ကို ပြုပြင်ထားသည်ဟု ကြားရသဖြင့် ချန်းရွီးရသေ့ကြီးကို ပြုပြင်ထားသည့် သီချင်စိတ် အလွန်ပြင်းပြမိ၏။

ခပ်စောစောက နတ်မင်းသားခြောက်ပါး၏ နောက်ဆုံးစကားကြောင့် သူရိန်မျက်နှာမူဂိုဏ်းချုပ် ဟင်စမ်းတောင်ပေါ်သို့ အတက်အဆင်းတွင် ဂိုဏ်းချုပ်ကြီး အခွန့်ရှည်ကြာစွာ သိုင်းလောကတစ်ခွင်ကို လွှမ်းမိုးနိုင်ပါစေဟူသော ကောင်းချီးပြုမင်္ဂလာစကားကို မကြားရတော့ကြောင်း ပြန်လည်သရီရမိ၏။

မည်သို့ ပြုပြင်ထားသည်ကို သီချင်စိတ် ပြင်းပြသော်လည်း ချန်းရွီးရသေ့ကြီးသည် မျိုသိပ်ထားရန်သာ ရှိတော့သည်။

* * *

ပခုံးလွဲပြောင်းပေးလိုက်သည်။ ရှန်းဝံ့ထျန်းသည် စိတ်ဓာတ်ထန်ကြမ်းကြုတ်သူမှန်သော်လည်း သိုင်းလောကတစ်ခွင်လုံးကို လွှမ်းမိုးအုပ်စိုးလိုစိတ် မရှိသောကြောင့် ယဉ်ယဉ်၏ လိုရင်းဆန္ဒနှင့် တိုက်ညီခဲ့၏။ ရှန်းဝံ့ထျန်း ဂိုဏ်းချုပ်ဖြစ်ပြီးနောက် သိုင်းလောကတစ်ခွင်သည် အေးငြိမ်းခဲ့သည်။

ဂုဏ်အဆောင်အယောင်များကို လင်းဟူစုန်းနှင့် ယဉ်ယဉ်က စွန့်လွှတ်ခဲ့ပြီး ဖြစ်သော်လည်း ခင်မင်လေးစားသူများကြောင့် ဟန်ကျိုးမြို့တစ်မြို့လုံးသည် မင်္ဂလာပွဲလာပရိသတ်များဖြင့် ကြက်ပျံမကျ စည်ကားနေလေသည်။

ညစာစားပြီးနောက် မင်္ဂလာပွဲလာပရိသတ်များက သတို့သမီးနှင့် သတို့သားအား ပွဲတောင်းကြသည်။ သတို့သမီးနှင့် သတို့သား ဓားရေးယှဉ်ပြိုင်သည်ကို မြင်ချင်ပါသည်ဟု ပရိသတ်က တောင်းဆိုသည်။ မင်္ဂလာပွဲလာပရိသတ် တစ်ဝက်ကျော်ကျော်သည် လင်းဟူစုန်း၏ ဓားရေးမြင့်မားနက်ရှိုင်းကြောင်း သိရသော်လည်း မြင်ဖူးကြခြင်း မရှိသေးချေ။

"ဒီနေ့က မင်္ဂလာရှိတဲ့ မင်္ဂလာနေ့ထူးနေမြတ် ဖြစ်ပါတယ်၊ မင်္ဂလာပွဲလာပရိသတ်ကို ကျွန်တော်တို့ ဇနီးမောင်နှံက အလွန်အလွန် ကြားခဲ့ရတဲ့ သိုင်းလောကပြက်လုံး ထေးသွားကို တီးမှုတ်ပြီး ဖြေဖျော်ပါ့မယ်၊ လောကမှာ နေနဲ့လ၊ နေ့နဲ့ည၊ မီးနဲ့ရေ၊ မိုးနဲ့မြေ၊ ဖိုနဲ့မဆိုတဲ့ ဆန့်ကျင်ကွဲလွဲချက်တွေဟာ ပေါင်းစပ်မှုရှိပြီး ပေါင်းစည်းမှုရှိခဲ့ရင် အကျိုးဖြစ်စွန်းနိုင်ပါတယ်၊ မီးလည်း မီးအလျှော်က်၊ ရေလည်း ရေအလျှော်က် ကောင်းကျိုးပေးနိုင်သလို ဆိုးကျိုးလည်း ပေးနိုင်ပါတယ်၊ သိုင်းလောကပြက်လုံးရဲ့ ထေးသွားသံစဉ် အနိမ့်အမြင့် အကူးအပြောင်းက ခံစားမှုအမျိုးမျိုးကို

အခန်း(၅)

သုံးမိုး သုံးနွေ သုံးဆောင် ပြောင်းခဲ့ပြီ။

ဟန်ကျိုးမြို့ ဆီးဝူကန်ကြီး၏ အနီးတွင်ရှိသော ဆံးငန်သီးဂေဟာတွင် မီးရောင်စုံ ထိန်ထိန်လင်းနေ၏။

သည်နေ့သည် လင်းဟူစုန်းနှင့် ယဉ်ယဉ်တို့၏ မင်္ဂလာနေ့ထူးနေမြတ် ဖြစ်သည်။

လင်းဟူစုန်းနှင့် ယဉ်ယဉ်သည် အဆောင်အယောင် ပကာသနများကို စွန့်လွှတ်ဖက်ရှားခဲ့သည်။ လင်းဟူစုန်းက ဟင်စမ်းဂိုဏ်းချုပ်နေရာကို စွန့်လွှတ်ခဲ့၏။ ထို့အတူ ယဉ်ယဉ်သည်လည်း သူရိန်မျက်နှာမူဂိုဏ်း၏ ဂိုဏ်းချုပ်နေရာကို စွန့်လွှတ်ခဲ့သည်။

လင်းဟူစုန်းသည် ဟင်စမ်းဂိုဏ်းချုပ်တာဝန်ကို ယိချိန်းအားအပ်နှင်းသည်။ ယိချိန်က ယိနင်သည်သာ မိမိတို့၏ဆရာနှင့် ကြီးဒေါ်ကို သတ်သူအား ရန်ကြွေးဆပ်နိုင်ခဲ့သူဖြစ်သဖြင့် ယိနင်သာလက်ခံသင့်ကြောင်း ပြောဆိုကာ ယိနင်သို့ လွှဲပြောင်းအပ်သည်။ ယိနင် ငြင်းဆန်သောကြောင့် လင်းဟူစုန်း၏အလိုကျ ယိချိန်းသည် ဟင်စမ်းဂိုဏ်းချုပ်တာဝန်ကို လက်ခံလိုက်ရသည်။

ယဉ်ယဉ်က မိမိ၏ ဂိုဏ်းချုပ်နေရာကို ရှန်းဝံ့ထျန်းအား

ဘယ်ပုံဘယ်နည်း ပေးစွမ်းနိုင်တယ် ဆိုတာကို ဧည့်ပရိသတ်နားသောတဆင်ကြပါ"

လင်းဟူစုန်းသည် ကျောက်စိမ်းပလွေကို ထုတ်ယူ၍ ယဉ်ယဉ်ကို ကမ်းပေးလိုက်ပြီး မိမိက စောင်းအိုကို ကောက်ကိုင်လိုက်သည်။ ယဉ်ယဉ်သည် ဇာပဝါခြုံလွှာကိုပင် မဖယ်ရှားတော့ပဲ ပလွေကို မှုတ်သည်။ လင်းဟူစုန်းက စောင်းကိုတီးသည်။

ဧည့်ပရိသတ်သည် သိုင်းလောကပြက်လုံး၏ တေးသွားနှင့် အတူ စိတ်အာရုံအမျိုမျိုး ပြောင်းလဲဖြစ်ပေါ်ခဲ့၏။ သံစဉ်က နိမ်းဆင်းသွားသောအခါ လွမ်းဆေးတမ်းတချင်းစိတ်မျိုး ဖြစ်ပေါ်၍ သံစဉ်က ပြေပြေပြစ်ပြစ် ရှိသောအခါ ကြည်နူးရွှင်ပျော်ပြီး သံစဉ်က သွက်လက်သောအခါ မြူးကြွလာကာ သံစဉ်က မြင့်တက်သွားသောအခါတွင်မူ ရဲစိတ်ရဲမာန် တက်ကြွစိတ် ဖြစ်ပေါ်လာခဲ့လေသည်။

လူတိုင်းသည် တေးသွား၏ ရသကို ခံစားကြသည်။ သံစဉ်အပြောင်းအလဲကလည်း မြန်ဆန်ပြီးဆန်းကျယ်သည်။ မြန်သယောင်ယောင်ရှိရာမှ နိမ့်ဆင်းသွားပြီး နိမ်းဆင်းသယောင်ယောင် ရှိရာမှ မြင့်တက်သွားသည်။ ဤသံစဉ်အရ သိုင်းလောကကို ထင်ဟပ်ခံစားကြည့်ပါကလားဟု သဘောပေါက်သွားကြ၏။

သိုင်းလောကပြက်လုံး တေးသွားကို စောင်းနှင့်ပလွေတွဲ၍ သတို့သားနှင့် သတို့သမီးက တီးမှုတ်ပြသောအခါ ဧည့်ပရိသတ်က တစ်ခဲနက် ညဘာပေးကြ၏။

စင်စစ် ရာထူးဂုဏ်သိန်ကို မက်မောပြီး သတ်ကြဖြတ်ကြ နာမည်ကျော်ကြားသူကို မနာလို မုန်းတီးရန်ငြိုးသိုခြင်း၊ တစ်ဦးအပေါ် တစ်ဦးက ကတုံးပေါ် ထိပ်ကွက်လိုခြင်းမှာ မကောင်းသောအပြုအမူ ဖြစ်သည်။ နောက်ဆုံးတွင် မကောင်းသူများ၏ သွားရာ

လမ်းအတိုင်း ဇာတ်သိမ်းမကောင်းကြသည်ကို ဖော်ကျူးထားသောပြက်လုံးတစ်ခု မဟုတ်ပါလား။

ဧည့်ပရိသတ်စဲသွားပြီးနောက် အပျိုရဲက နှုတ်ဆက်ထွက်ခွာသွားကြပြီ။ လင်းဟူစုန်းသည် ယဉ်ယဉ်၏ ခေါင်းဆောင်းဇာပဝါကို ဆွဲဖယ်လိုက်သည်။ ယဉ်ယဉ်၏အလှတွင် လင်းဟူစုန်း မိန်းမောနေမိ၏။

"ထွက်ခဲ့စမ်း"

ယဉ်ယဉ်က ရုတ်တရက် လှမ်းအော်ပြော၏။ လင်းဟူစုန်းသည် ယဉ်ယဉ်၏ စကားကြောင့် အံ့အားသင့်သွားသည်။

ယဉ်ယဉ်သည် ဖြိုးပြီး ထပ်ပြောပြန်သည်။

"မြန်မြန်ထွက်ခဲ့နော် မထွက်ရင် ရေပူနဲ့ လောင်းချလိုက်မယ်"

ထိုအချိန်ကျမှ နတ်မင်းသားခြောက်ပါးသည် သတို့သားသတို့သမီး အိပ်စက်ရန် ခုတင်အောက်မှ အလုအယက် ထွက်လာကြ၏။ နတ်မင်းသားခြောက်ပါးသည် သတို့သမီးနှင့် သတို့သားပြောကြားသည့် စကားများကို နားထောင်၍ လူပုံအလယ်တွင် ပြန်ပြောပြီး ပြက်လုံးထုတ်ရန် ရည်ရွယ်ပြီး ပုန်းအောင်းနေခြင်းဖြစ်သည်။ လင်းဟူစုန်းက ယဉ်ယဉ်၏အလှတွင် မိန်မောနေမိသောကြောင့် သတိမထားမိသော်လည်း ယဉ်ယဉ်သည် နတ်မင်းသားခြောက်ပါး၏ စုစုပေါင်း ခြောက်ယောက်၏အသက်ရှူသံ ပြင်းပြင်းကို ကြားလိုက်ရသည်။

နတ်မင်းသားခြောက်ပါးသည် ရယ်မောရင်း ညီညာစွာ လက်မောင်းတန်းကာ အသံကျယ်လောင်စွာ တစ်ဖြိုင်တည်း အော်ဟစ်၍ အခန်းအပြင်သို့ ချီတက်သွား၏။

မင်္ဂလာဦးညမှ ရေတွက်သော် လေးလပြည့်သည့်နေ့။

ရာသီက စိုပြည်ပြီး ပန်းပေါင်းစုံ ဖူးဝေသည့်အချိန်။

လင်းဟူစုန်းသည် ကျေးဇူးရှင် ဘိုးတော်ဖုန်းချင်းယန်အား ကန်တော့ရန် သန့်စင်တောင်ထိပ်သို့ ယဉ်ယဉ်နှင့် အတူရောက်ရှိခဲ့သည်။ သို့သော် နေရာအနှံ့ ရှာဖွေသော်လည်း ဖုန်းချင်းယန်၏ အရိပ်အယောင်ကိုပင် မမြင်နိုင်ပေ။

လင်းဟူစုန်းသည် သက်ပြင်းရှည်ကြီး ချမိ၏။

"ဘိုးတော်ဆရာရဲ့ ခေးရေးက လောကမှာ ပြိုင်ဘက်ကင်းသလို အတွင်းအားကျင့်စဉ်ကလည်း တကယ့်ကို အထွတ်အထိပ်ကျတယ်၊ ဘိုးတော်ကို တွေ့ဆုံပြီး ဦးချမကန်တော့ရတာ စိတ်မကောင်းစရာပဲ"

"ရှောင်လင်ဆရာတော်ကြီးကို ကျေးဇူးတင်ရမယ်၊ ဘိုးတော်ဖုန်းချင်းယန်ကို မတွေ့ရရင် နက်ဖြန် ရှောင်လင်ကျောင်းတိုက်သွားပြီး ရှောင်လင်ဆရာတော်ကြီးကို ကန်တော့ရအောင်"

"ဟုတ်တယ် ဘိုးတော်ရဲ့ အတွင်းအား ကျင့်စဉ်ကြောင့် ငါ အသက်မသေတာပဲ၊ ဒါပေမဲ့ ရှောင်လင်ဆရာတော်ကြီးက တစ်ဆင့် သင်ကြားခိုင်းတယ်ဆိုတော့ ဆရာတော်ကြီးလည်း ငါ့ဆရာတစ်ပိုင်းပါပဲ"

ယဉ်ယဉ်က လင်းဟူစုန်းကိုကြည့်ပြီး ပြုံးသည်။

"အခွန့်ရှည်ကြာစွာ အကြင်လင်မယား ပြုရပါစေ"

နတ်မင်းသားခြောက်ပါး၏ အော်ဟစ်သံကို ကြားလိုက်ရသောအခါတွင်မှ ဆရာတော်ကြီး ဝမ်းသိမ့်နှင့် ချန်ရှီးရသေ့ကြီးတို့နှစ်ဦးသည် ကုန်လွန်ခဲ့သည့် သုံးနှစ်ကာလက သိချင်စိတ် ပြင်းပြခဲ့သော အကြောင်းအရာကို သိခွင့်ရခဲ့သဖြင့် နှစ်သိမ့်မိကြသည်။ သူရိန်မျက်နှာမူဂိုဏ်းချုပ်က အခွန့်ရှည်စွာ သိုင်းလောကကို ဩဇာလွှမ်းနိုင်ပါစေဆိုသည့် ကောင်းချီးပြုမင်္ဂလာစကားကို မည်သို့ ပြင်ဆင်ပြောင်းလဲခဲ့သည်ကို သဘောပေါက်မိကြလေသည်။

* * *

"ဟာ ... ဟုတ်ပြီ၊ ဒါဆိုရင် နက်ဖန် ရှောင်လင်ကျောင်းတိုက်ကို ခရီးဆက်ကြရအောင်၊ ငါ တစ်ခါတည်း ဘုန်းကြီးဝတ်လိုက်တော့မယ်"

"အစ်ကိုသာ ရှောင်လင်ကျောင်းတိုက်မှာ ဘုန်းကြီးဝတ်ရင် နေ့တစ်ဝက်နဲ့ ထွက်ပြေးရမယ်၊ အသက်သက်လွတ်လည်းမစား၊ အရက်မရှောင်၊ ပါးစပ်ကလည်း ထင်ရာပြော"

ယဉ်ယဉ်သည် စကားပြောရင်း မျက်စိက ဂနာမငြိမ်ပဲ ဟိုဟိုသည်သည် လိုက်လံရှာဖွေနေ၏။

"နင် ဘာကို လိုက်ရှာနေတာလဲ"

"မတွေ့သေးလို့ မပြောသေးဘူး၊ တွေ့ရင် အစ်ကို ဇာစမ်းတောင်ကို လာရကျိုးနပ်တယ်လို့ ယူဆသွားလိမ့်မယ်"

"ဘာပြောတယ် တို့က ဇာစမ်းတောင်မှာ တစ်ယောက်ယောက်ကို တွေ့ဖို့ ရှိသေးလို့ ဟုတ်လား"

"ရှင် လင်းဖင်းကျည်ကို ဆားငန်သီးဂေဟာရဲ့ မြေတိုက်အောက်မှ ထားလိုက်တာ သိပ်သဘာဝကျပါတယ်၊ ရှင့် စိတ်ကူးစိတ်သန်း တကယ် မဆိုးဘူး၊ ရှင့်ညီမလေးရဲ့ တောင်းဆိုချက် အတိုင်း လင်းဖင်းကျည်ကို စောင့်ရှောက်ရာ ရောက်ပါတယ်၊ နေစရာလည်း မပူရတော့ဘူး၊ စားစရာလည်း မပူရတော့ဘူး၊ ပြီးတော့ သူတစ်ပါးရန်မှမှာကိုလည်း မှူစရာမရှိတော့ဘူး၊ ကျွန်မလည်း ရှင့်ရဲ့ လိုရင်းဆန္ဒတစ်ခုကို ကွက်လပ်ဖြည့်တဲ့အနေနဲ့ စိစဉ်ထားတယ်၊ ရှင့်မိတ်ဆွေတစ်ယောက်ကို ဆန်းပြားတဲ့စိတ်ကူးနဲ့ စောင့်ရှောက်ထားပါတယ်"

ယဉ်ယဉ်၏စကားကို တွေးတောစဉ်းစားသော်လည်း လင်းဟူစုန်း အဖြေရာမရချေ။

"အစ်ကို ... အစ်ကို ခုထိ သဘောမပေါက်သေးပဲကိုး၊ အစ်ကို လေ့ကျင့်ခဲ့တဲ့ အတွင်းအားကျင့်စဉ်ဟာ ရှောင်လင်ကျောင်းတိုက်ရဲ့ အထွတ်အထိပ်ကျတဲ့ သွေးကြောပြောင်း အတွင်းအားကျင့်စဉ်ပဲ၊ အစ်ကိုက တစ်ချိန်က လေ့ကျင့်ဖို့ငြင်းဆန်ခဲ့တော့ ခုတစ်ခါ အစ်ကို မလေ့ကျင့်မှာစိုးလို့ ရှောင်လင်ဆရာတော်ကြီးက စေတနာနဲ့ ဘိုးတော်ဖုန်းချင်ယန်ကပဲ လေ့ကျင့်ခိုင်းတဲ့သဘောမျိုးသက်ရောက်အောင် စီစဉ်ခဲ့တာပါ၊ အစ်ကို ရန်သူအများကြီးနဲ့ ရင်ဆိုင်ရမှာမို့ အစ်ကို့ကို ဖြစ်တဲ့နည်းနဲ့ သင်ပေးတာပါ"

"နတ်မင်းသားခြောက်ပါးကို ဘိုးတော် ဖုန်းချင်းယန်က ရေရွတ်ပြီး ရှောင်လင်ကျောင်း ဆရာတော်ကြီးဆီ စေလွှတ်တာဆို၊ မဟုတ်ဘူးလား"

"အစ်ကို စဉ်းစားကြည့်လေ၊ နတ်မင်းသားခြောက်ပါးဟာ ဘာကိုမှ လေးလေးနက်နက် ထားတာမှ မဟုတ်ပဲ၊ နည်းနည်းလေး လေ့ကျင့်မှုနည်းလမ်း တိမ်းစောင်းသွားတာနဲ့ အသက်သေဆုံးတဲ့အထိ အန္တရာယ်ကြီးမားတဲ့ အတွင်းအားကျင့်စဉ်ပဲ၊ ဒါကြောင့် နတ်မင်းသားခြောက်ပါးကို ဘိုးတော် ဖုန်းချင်းယန်က လွယ်လွယ်ပဲ ပါးစပ်နဲ့ စိတ်ချလက်ချ ရေရွတ်ပြပြီး ရှောင်လင်ဆရာတော်ကြီးဆီ စေလွှတ်မယ်တဲ့လား၊ နတ်မင်းသားခြောက်ပါးရဲ့ ပါးစပ်ကထွက်တဲ့ အတွင်းအားကျင့်စဉ်ကို ရှောင်လင်ဆရာတော်ကြီးကလည်း အစ်ကို့ကို စိတ်ချလက်ချ လေ့ကျင့်ခိုင်းဝံ့ပါ့မလား။ ကျွန်မ နတ်မင်းသားခြောက်ပါးကို အမျိုးမျိုး အစ်အောက် မေးပြီးပြီ၊ ပေါက်ကရလေးဆယ်တွေ လျှောက်ဖြေတယ်၊ ပြန်လည်း မရွတ်ပြနိုင်ဘူး"

ယဉ်ယဉ်ကို မေးခွန်းလည်း ပြောမည် မဟုတ်မှန်း သိသောကြောင့် မမေးပဲ ထားလိုက်သည်။

ထိုနေ့ညတွင် လင်းဟူစုန်း တစ်ချိန်ကနေခဲ့သော ဂုဏ်စမ်းတောင်ပေါ်ရှိ အခန်းတွင်းပင် တစ်ညတာ တည်းခိုကြ၏။

လင်းဟူစုန်းသည် ချစ်ဇနီးလေး ယဉ်ယဉ်နှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး အရက်တမြွမြွ သောက်နေမိသည်။ သို့သော် လင်းဟူစုန်း၏အတွေးသည် လွင့်မြောနေ၏။ ယဉ်ယဉ်ထံတွင် မရှိချေ။ သေးလံသော အတိတ်မှ အရိပ်များသည် လင်းဟူစုန်း ခေါင်းထဲသို့ ဖြတ်သန်းဝင်ရောက်ခဲ့သည်။ လင်းဟူစုန်း၏ နလုံးသားသည် နာကျင်ခဲ့၏။

ပတ်ဝန်းကျင်မြင်ကွင်းသည် တမ်းတ လွမ်းဆွတ် ဖွယ်ရာချည်း ဖြစ်နေ၏။ ထို့ကြောင့် လင်းဟူစုန်း အရက်လေးငါးခွက်ကို ဆင့်သောက်ချလိုက်သည်။

ယဉ်ယဉ်၏ မျက်နှာအမူအရာသည် တမဟုတ်ချင်း ဝင်ထိန်သွားသည်။

"အစ်ကို တွေ့ပြီ၊ ကျွန်မတို့ သွားကြရအောင်"

တစ်ဖက်တောင်ကုန်းတွင် မျောက်သံက ဆူညံနေ၏။ လင်းဟူစုန်းသည် စိတ်မပါတပါနှင့် ယဉ်ယဉ် ဆွဲခေါ်ရာသို့ လိုက်ပါလာခဲ့သည်။

ထိန်ထိန်သာသော လရောင်အောက်တွင် တစ်ဖက်တောင်ကုန်း၌ မျောက်ခုနစ်ကောင်ရှစ်ကောင် စုရုံးနေသည်။ ဂုဏ်စမ်းတောင်တွင် မျောက်အလွန်များသောကြောင့် ထိုမြင်ကွင်းသည် လင်းဟူစုန်းအဖို့ မဆန်းပေ။ သို့သော် ရုတ်တရက် မျောက်များအကြားမှ လူ

တစ်ယောက်ကို လင်းဟူစုန်း တွေ့မြင်လိုက်ရသည်။ သေချာအောင် ကြည့်လိုက်ပြီးသောအခါ လင်းဟူစုန်း၏ ရင်ထဲတွင် ခံစားချက်နှစ်ရပ်ကို တစ်ပြိုင်နက် ခံစားလိုက်ရ၏။ မျောက်များအကြားတွင် တွေ့ရသောလူကို သေချာကြည့်ပြီး လင်းဟူစုန်း ဝမ်းလည်းသာသည်။

ဒေါလည်း ထွက်မိသည်။

လင်းဟူစုန်းက ဓားရှည်ကို သွားယူရန် ရုတ်တရက် လှည့်ထွက်လိုက်သည်။ သို့သော် ယဉ်ယဉ်က လင်းဟူစုန်း၏လက်ကို အတင်းဆုပ်ကိုင်ထား၏။

"အစ်ကို လောမကြီးစမ်းပါနဲ့၊ ချဉ်းကပ်သွားပြီး သေသေချာချာလည်း ကြည့်စမ်းပါဦး"

သူတို့နှစ်ယောက် ပေတစ်ရာကျော်ခန့် အပြေးအလွှားချဉ်းကပ်သွားကြသည်။ ချောက်ခြားနေသော တစ်ဖက်တောင်ကုန်းတွင် လောင်းသက်လို့သည် မျောက်ကြီးနှစ်ကောင်ဆွဲရာသို့ လိုက်ပါနေရသည်။

လင်းဟူစုန်း အံ့အားသင့်သွား၏။

လောင်းသက်လို့၏ သိုင်းပညာသည် အတော်အတန် မြင့်မားသောကြောင့် မျောက်ကြီးနှစ်ကောင်၏ ဆွဲခေါ်ခြင်းကို ခုခံတွန်းလှန်နိုင်အောင် မရှိသည်ကို တွေ့ရသောအခါ လင်းဟူစုန်း မယုံကြည်နိုင်အောင် အံ့အားသင့်သွားသည်။

"အဲဒါ ... အဲဒါ ဘယ်လိုဖြစ်တာလဲ"

"အစ်ကို သေသေချာချာ ကြည့်လေ၊ စိတ်မလောပါနဲ့ ဖြည်းဖြည်းကြည့်ရင် အဖြေပေါ်လာပါလိမ့်မယ်"

"သူဘဝနဲ့သူ ရှိပါစေတော့၊ ဒီလူက တကယ့်ကို ကောက်ကျစ်စဉ်းလဲပြီး ရက်စက်တဲ့လူ၊ လင်းဖင်းကျည်လည်း သူ့ကို မမီဘူး၊ ဂှာစမ်းတောင်ထိပ်မှာ နင် ငါ့ကို ပြစရာရှိတယ် ဆိုတာ သူလား"

"သိပ်ဟုတ်တာပေါ့၊ ဟိုရက်က ဖေဖေ နေမူတောင်ထိပ်ကို လာတော့ သူက ဖေဖေ့ကို လာပြီး တွေ့ဆုံတယ်၊ သူက ဖေဖေကို အမျိုးမျိုး အကြိုက်ဆောင်ပြီး မြှောက်ပင့်ပြောဆိုတယ်၊ သူ မိစ္ဆာရှင်းဓားရေးကျမ်းကို ရထားတယ်ဆိုပြီး ဖေဖေ့ကို ပေးတယ်၊ ဖေဖေက သူ့ရဲ့ လိုအင်ဆန္ဒကိုမေးတော့ သူက သူရိန်မျက်နှာမူ ဂိုဏ်းထဲမှာ သူ့ကို ဦးစီးတစ်နေရာ ခန့်ထားစေချင်တယ်တဲ့၊ ဖေဖေက သူနဲ့ စကားကြောရှည်နေလို့လည်း အချိန်မရတော့ သူ့ကို ဖမ်းချုပ်ခိုင်းလိုက်တယ်၊ နောက် ဖေဖေ ဆုံးသွားတော့ သစ်ကနက်တောင်ထိပ်ကို ရောညှပ်ပြီး ပါသွားခဲ့တယ်"

"သစ်ကနက်တောင်ထိပ်မှာလည်း ကိစ္စအရပ်ရပ်က ရှုပ်ထွေးနေတော့ ကျွန်မတောင် သူ့ကို မေးနေတယ်၊ သတိရလို့ သွားခေါ်ခိုင်းပြီး ဆန်းစစ်ကြည့်တော့ သူ့သိုင်းပညာက အလကားဖြစ်နေပြီ၊ မိစ္ဆာရှင်းဓား အတွင်းအားကျင့်စဉ်အမှားကို လေ့ကျင့်မိလို့ သွေးလှည့်ပတ်မှု မှားယွင်းပြီး ချိနဲ့နေတယ်၊ သူက အစ်ကို့ညီတော် လုတယိုကို သတ်တဲ့လူ ဆိုတော့ လုတယိုကလည်း မျောက်ကိုချစ်မှန်းသိတာနဲ့ ကျွန်မက မျောက်ကြီးနှစ်ကောင်ကို ရှာဖွေခိုင်းလိုက်တယ်၊ ရှာလို့လဲရရော မျောက်တစ်ကောင်စီရဲ့ လက်နဲ့ သူလက်တစ်ဖက်စီကို လက်ထိပ်ခတ်ပြီး ဂှာစမ်းတောင်မှာ လာလွှတ်လိုက်တာပဲ"

မျောက်ဆိုသည်က အငြိမ်မနေတတ်သော သတ္တဝါဖြစ်သည် အလျောက် အပေါ်ခုန်တက်၊ အောက်ခုန်ဆင်း ပြုလုပ်နေပေရာ လောင်းသက်လို့သည် မျောက်ဆွဲရာ ပါနေရ၏။ မျောက်နှစ်ကောင်က တောင်ခုန်,မြောက်ခုန် ခုန်လိုက်သောကြောင့် လောင်းသက်လို့သည် အော်ဟစ်မိ၏။

မျောက်နှစ်ကောင်က လောင်းသက်လို့၏ မျက်နှာကို ကုတ်ခြစ်ကြလေသည်။

သေသေချာချာ ကြည့်တော့မှပင် လောင်းသက်လို့၏ ဘယ်ညာလက်တစ်ဖက်ချက်စီတွင် မျောက်တစ်ကောင်စီ၏ လက်နှင့် တွဲလျက် လက်ထိပ်ခတ်ထားသည်။

"ဒါ ... ဒါ နင်ရဲ့ ဆန်းပြားတဲ့စိတ်ကူးနဲ့ လောင်းသက်လို့ရဲ့သိုင်းပညာကို ဖျက်ဆီးပစ်လိုက်တာဆိုပါတော့"

"မဟုတ်ဘူး အစ်ကို၊ သူ့ဘာသာသူ ဖျက်ဆီးပစ်လိုက်တာပါ"

လူသံကြားသောကြောင့် မျောက်များသည် တစ်ဖက်တောင်ကုန်းသို့ ခုန်ထွက်သွားကြ၏။ လောင်းသက်လို့လည်း မျောက်ကြီးနှစ်ကောင်၏ အလိုအတိုင်း လိုက်ပါသွားရလေသည်။

လင်းဟူစုန်းသည် မျောက်များအကြားတွင် လောင်းသက်လို့အား တွေ့ရစက သတ်ချင်စိတ် တဖွားဖွား ဖြစ်ပေါ်လာခဲ့သည်။ ညီတော် လုတယိုအား ရက်ရက်စက်စက် သတ်ခဲ့ခြင်းအတွက် ရန်ကြွေးဆပ်ချင်သည်။ သို့သော် လောင်းသက်လို့၏ အခြေအနေမှန်ကို သိရသောအခါ လင်းဟူစုန်းသည် သတ်ချင်စိတ်များ ပျောက်ကွယ်သွားလေတော့၏။

ယဉ်ယဉ်သည် ငေးငိုင်နေသော လင်းဟူစုန်း၏ လက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားလိုက်၏။

"အင်း ... ကျွန်မလည်း အမှတ်မထင် မျောက်ကြီးတစ်ကောင်နဲ့ လက်ထပ်ခတ်မိနေပြီ၊ ဘယ်တော့ ဘယ်တော့မှ ခွဲနိုင်မှာ မဟုတ်တော့ပါဘူးရှင်"

ယဉ်ယဉ်သည် စကားပြောပြီး လင်းဟူစုန်း၏ မျက်နှာကို ချစ်ခင်မြတ်နိုးစွာ ပြုံး၍ကြည့်နေလေသည်။ လင်းဟူစုန်းသည်လည်း ကရုဏာ မေတ္တာအပြည့်လွှမ်းသော အကြည့်ဖြင့် ပြန်လည်ပြုံးပြနေလေသည်။

မေတ္တာအနှစ်ဖြင့်

တက္ကသိုလ်ဝင်းကြွယ်